www.burmeseclassic.com

လာဘ်မိုးစွေ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။


မဂ္ဂပစ္စယော

# ရောင်ဖြိုင်

မဂ္ဂဇင်း

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်
နှစ်သစ်ကူးအထူးထုတ်

မြန်မာနိုင်ငံအထက်ပိုင်း၊
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ကနီမြို့နယ်ရှိ
အရှင်မဟာကဿပရုပ်ပွားတော်




- မြန်မာနိုင်ငံဒေသအသီးသီးရှိ ထူးခြားသောဆရာတော်ကြီးများနှင့် ရဟန္တာပုဂ္ဂိုလ်ကြီးများ
- မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ခုနှစ်ရက်သားသမီးများအတွက် အထူးယတြာ
- တက္ကသိုလ်ဝင်တန်း ကျောင်းသားများအတွက် ရွှေဂုဏ်ထူးတွေရစေဖို့
- အလောင်းတော်ကဿပ ဘုရားရှိခိုးနှင့် ဆန်းကြယ်ပေစွ အလောင်းတော်ကဿပ
- အလောင်းတော်ကဿပ ကိန်းဝပ်စံမှာယ်ရာဒေသမှ အံ့ဖွယ်နေရာထူးများ

Graphic: Aung Myo Thant

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

[illegible] အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
[illegible] တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ[illegible]အား ဆန့်ကျင်ကြ။
[illegible] ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား [illegible]
[illegible]

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် [illegible]

### စီးပွားရေးဦးတည်ချက်(၄)ရပ်

[illegible]ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေး
[illegible]ရေးတဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
[illegible]စနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
[illegible] အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုး[illegible]အောင် တည်ဆောက်ရေး။
[illegible] စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား [illegible] လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

---

# မဂ္ဂပစ္စယော ရောင်ပြန် မဂ္ဂဇင်း

**လာဘ်မိုးစွေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနသေဟိ စ။
အာဘတော နန္ဒလာဘော မေ၊
သဒါ ဟောတု ဘဝါဘဝေ။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

[illegible]လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
[illegible]ဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သက်ကျော်။
အယ်ဒီတာရုံးအဖွဲ့ - ကေလတ်

---

**၂၀၁၃-ခုနှစ်၊ ဧပြီလ၊ အမှတ်(၂၃၁)၊ နှစ်သစ်ကူးအထူးထုတ်**

[illegible] - ဦးမောင်မောင်မြင့်အေး(မြ-၃၄၆၁)၊ အမှတ်-၂၀၅(က)၊ ဝိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ [illegible](မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။ အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၅၀၀ ကျပ်
[illegible] - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - အောင်နိုင်လတ်၊ စကျွ၊ ဖိုးအောင်၊ ပညတ်၊ ကေလတ်၊ သန့်ဇော်သစ် တို့က [illegible] မျက်နှာဖုံးဂရပ်ဖစ်ကို အောင်မျိုးသန့်မှ ဖန်တီးသည်။

### ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

[illegible]ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကို [illegible] ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့်[illegible] ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာ[illegible] [illegible] ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် [illegible]ပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ [illegible]တို့၏ ဓမ္မဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရှုမဝ မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ ဧပြီလ၊ အမှတ် (၂၃၁)



မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နှစ်သစ်ကူးအထူးထုတ်

## မာတိကာ

### ရောင်ပြန် ကဗျာ

ဒေါင်းနွယ်ဆွေ၊ သက်ဝေကိုကို၊ ဘုန်းလျှံ၊
မိုးပန်းမွှန်(ရာမည)၊ ကိုကိုလွင်၊ မောင်သုဆွေ(သပြေရုံ)၊
မင်းထက်အောင်(ရေဝေ)၊ မောင်သာယာ။

### သင်္ကြန်အထူးယတြာ


၁၃၇၅(အောင်စည်တွန်းပြောင်)ခု၊
နှစ်သစ်ကူး အထူးဟောကိန်းပဒေသာ ယတြာများ
**မိုးသောက်ကြယ်** ———————— ၃၁၉
နှစ်သစ်ချိန်ခါ ဆောင်ရွက်ပါ
**သဒ္ဒါကျော်ဆရာတော်** ———————— ၃၂၅
မြန်မာသက္ကရာဇ် ၁၃၇၅ အထူးယတြာ
**မင်္ဂလာဦးရွှေအိုး** ———————— ၃၅၃


### ရောင်ပြန် အခန်းဆက်ရသ



ဘိုးတော်ကင်း(၂)
**ကျော်မြသန်း** ———————— ၁၃၄
လူထဲကဘဝ ဘဝထဲကလူ(၅၇)
**လင်းရောင်တင်** ———————— ၂၄၄


### ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


ပြည်တွင်း ပြည်ပဝိညာဉ်လောက ယုံကြည်ချက်များ
**လုတိုး(စိတ်ပညာ)** ———————— ၁၄၅
ထူးထွေဆန်းပြားသော ဝါသနာ
**လုမိုး(ပညာရေး)** ———————— ၁၇၁



ဓာ - ၉၉



ထင်ရှားကျော်ကြား
ဘုရားစေတီတော် ရှိခိုးပူဇော်ကန်တော့နည်းများ
ဂျို့ရ ဆရာထူးမျိုး(B.Sc)

ဗိုလ်ဝင်းတောင်မှ အံ့ဖွယ်အထွေထွေ



ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၆၁၀၇၈၁၁၁၊ ၀၉ - ၄ ၂၁၀၀၀၈၉ ၂၈

www.burmeseclassic.com

## ရောင်ပြန် ရသ


အမေကို စားနင့်လိုက်၍ မြေမျိုခံရသူ မောင်ချစ်ဖေ
မောင်နိုင်ခန့်(အမျိုးသားစာပေဆု) ---------- ၁၄၈

နှင်းလူရှာပုံတော်
မနုဿကျော်ဝင်း ---------- ၁၅၇

ထူးဆန်းသော ပန်းအိုးကလေး
ဘိုဘို(ရွှေကံကူ) ---------- ၁၉၆

တစ္ဆေမ လုမဥ္ဇူ ပြဿနာ
ဒါရိုက်တာမျိုးဇော်အောင် ---------- ၂၁၄

လူဝင်စားမဟုတ်သော လူဝင်စား
ဝသုန်ဟိန်းထက် ---------- ၂၃၄

ပြန်ချိန်တန်တော့ ပြန်ရပြီ
နေယုည ---------- ၂၄၀

တွေ့ကြုံခဲ့ရ ထိုလောက
မောင်မြင့်မား(ဘိုကလေး) ---------- ၂၅၆

တမလွန်ဘဝမှ မွေးမေမေ၏မေတ္တာ
မြန်နန်းရှင် ---------- ၂၆၀

လက်ဝင်စား
ကျော်သီဟ(ဟသ်ာတ) ---------- ၂၆၆

ဆန်လမ်းတို့ ဆန်တက်ရင်း
မြင့်ဝင်းနီ ---------- ၂၇၅

ဝင့်ကြွေးကျိန်စာ
မောင်အောင်မြင်(မိတ္ထီလာ) ---------- ၂၈၀

ထူးခြားအံ့မခန်း အရှင်ကောဏ္ဍည၏ ပရိနိဗ္ဗာန်ဝင်စံတော်မူခန်း
ရိရိငွေ ---------- ၂၉၈


## ရောင်ပြန် အထူးယာတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------- ၃၉၈



**ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅




## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ---------- ၄၀၁


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၃၇၉


## ရောင်ပြန်ရှေ့လအတွက် ဖတ်စရာ မှတ်စရာ


၂၀၁၃ မေလ ဖတ်စရာ မှတ်စရာ ---------- ၂၇၉




www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ


သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ———— ၆၆
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———— ၆၀
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ———— ၆၉
စိုက်ပျိုးရေးရာ သည့်လမှာ
တောကကိုရင် ———— ၇၀
အလုပ်အကိုင် အောင်မြင်စေရန်
မဟီဒွိကျော်ခေါင် ———— ၇၁
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ———— ၇၂
ကိုယ်တွေ့ကြုံမှ ယုံပါရ
မနသသကျော်ဝင်း ———— ၇၃
ဘုရားရှင်၏ မဟာကရုဏာတော်
ခင်မောင်အေး(မန္တလေး) ———— ၈၁
ပထွန်းတန်ခိုး အကျိုးအနန္တ(၅)
သူတော်စင်မင်းအောင် ———— ၁၀၄
တစ်လအတွင်း ကောင်းခြင်းမင်္ဂလာ ဒိုင်ယာရီ
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ———— ၁၀၆
တရုတ်နက္ခတ္တဗေဒင်ပညာ
ကေတီအောင်သိန်း ———— ၁၁၃







တရုတ်ဂမ္ဘီရဆရာကြီးကြူကုံး၏ အိမ်မက်အဖွင့်ကျမ်း
တက္ကသိုလ်မောင်တံခွန် ———— ၁၁၆
သဲပုံစေတီခြောက်သောင်းနှင့် ဒေါင်းစကြာအဟော
ဒေါင်းစကြာ ———— ၁၂၃
ကြီးပွားအောင်မြင်ရေးအတွက် အကြံပြုချက်
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ———— ၁၃၀
တကာယ်ဖြစ်ချင်လျှင် အဓိဋ္ဌာန်တင်
ကျော်မင်းနိုင် ———— ၁၅၃
ဘဝတွင် အနိုင်ပိုင်းတတ်သူ
အောင်ချိန်ဘွား ———— ၁၆၃
ဖော်မဲ့တစ်ကိုယ်
တက္ကသိုလ်သခ် ———— ၁၆၉
ထူးထူးခြားခြား ပုံပြင်များ(ထူးခန်းတဲ့သာမထော)
စိုးဝင်းထွဏ်း(တာမွေ) ———— ၁၈၀
ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ ညွှန်ပြစောင်မမှု ရှိပုံ(၂)
ဖိုးသန်းကျော်(ရေကြည်သား) ———— ၁၈[illegible]
သင့်အား ငါပေးအပ်သည်
သက်လုံ ———— ၁၈၇
ကမ္ဘာ့အံ့ဖွယ်တပ်(ဂျ)မဟာနှင့် မြန်မာမှုမတ်နှစ်မျိုး
တင်နိုင်တိုး ———— ၁၈၉


www.burmeseclassic.com

www.burmeseclassic.com


...ချက်ကို ပရမတ်ဖြင့် ရှုမှတ်ခြင်း(၃၄)
... ———— ၁၉၂
... အတားအဆီး
...ချိန်မောင် ———— ၂၃၂
...ရှာဟာသများ
... ———— ၂၇၀
... နယ်လွန်သည့်အတ္တ
...(ကြူတော) ———— ၂၇၃
...---သုရသတိ
...အောင်ပင်လယ်) ———— ၂၈၁
...ကြိုရတနာ လာဘ်လာဘအမြားမြားနှင့် ပြည့်စုံစေသတည်း
... ———— ၂၉၅
...ဆင့်လက်ဆောင်
...မှတ်စည် ———— ၃၀၂
...အတာမင်္ဂလာ
...ကြယ် ———— ၃၁၃
...ရ သကြံနိ်ခါ
...အောင်သိန်း ———— ၃၁၅
...ဖြင့် နစ်သစ်ကိုကြိုစေချင်
...စိုးအောင် ———— ၃၂၀
...သာဌ်နကွတ်ဖွားများအတွက်
...(မြန်မာပြည်) ———— ၃၈၁


## ရောင်ပြန် ယတြာ


ဗုဒ္ဓမြစ်စဉ် ဓာတ်သက်အမြင်နှင့် ကျင့်စဉ်ယတြာများ(၂၄)
ဘုန်းပြည့်တေဇာဟိန်း ———— ၉၂
ကြံစည်ထားသော အကြံများ ပြီးမြောက်အောင် ကြံရည်လှူ
နှင်းအဥ္စလီ ———— ၁၆၈
နန်းစဉ်သုံးယတြာမှ ဤသို့ပြုပါ
ဆရာမင်းသုန္ဒြ ———— ၂၉၇
အေးချမ်းသောကမ္ဘာ ယတြာဆန်းလေး
မော်တင်-သိန်းဇော်ဇ ———— ၃၇၆


## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


အလောင်းတော်ကဿပသမိုင်း ဘုရားရှိခိုး ———— ၃၂၉
အလောင်းတော်ကဿပအရှင်၏ ဆုကြီးပန်ဇာဒိတ်ခံရာ
ဘဝဖြစ်စဉ်အကျဉ်း
သူတော်စိန် ———— ၃၃၀
အလောင်းတော်ကဿပ ကိန်းဝပ်စံမွယ်တော်မူရာ ၃၃၃
အညတရဘိက္ခု ———— ၃၃၃
ဖိုးဝင်းတောင်နှင့် အံ့ဖွယ်အထွေထွေ
မကွေးလှမြင့် ———— ၃၃၈
ထူးခြားကြည်ညိုခဲ့ရ အလောင်းတော်ကဿပ
ရေကျော်စိုးအောင် ———— ၃၄၆
ထူးခြားအံ့ဖွယ် ဆန်းကြယ်စွ အလောင်းတော်ကဿပ
ဂန္ဓာရီဆြာအံ့ ———— ၃၄၈





www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၃-ခုနှစ် (၁၀ တန်းစာမေးပွဲ ဖြေသူများအတွက် အစီအရင်)


ရွှေဂုဏ်ထူးတွေ တစ်ပွေ့ကြီးယူရအောင်
ဒေါက်တာစောယုနွယ် ———————— ၃၇၂


## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်နှင့် ကျင့်စဉ်ယတြာများ(၂၄)
ဘုန်းပြည့်တေဇာဟိန်း ———————— ၉၂
ကြံစည်ထားသော အကြံများ ပြီးမြောက်အောင် ကြံရည်လှူ
နှင်းအဥ္ဇလီ ———————— ၁၆၈
နန်းစဉ်သုံးယတြာမှ ဤသို့ပြုပါ
ဆရာမင်းသုဓ္ဓ ———————— ၂၉၇
အေးချမ်းသောကမ္ဘာ ယတြာဆန်းလေး
မော်တင်-သိန်းဇော်ဇ ———————— ၃၇၆



**ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးစွေ စာပေ**

အမှတ်-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅


## မြန်မာ့ရေးရာ


ရွှေဟင်္သာဆရာတော်ကြီး၏ ဩဝါဒကထာ ———————— ၇
မြန်မာနိုင်ငံအရပ်ရပ်ရှိ ထူးခြားသောဆရာတော်ကြီးများနှင့်
ရဟန္တာပုံဂ္ဂိုလ်ကြီးများ
ကျော်ဇေယဟိန်း(နံ့သာ) ———————— ၁၇
မေ့၍ မရသော
မကြွယ်ကြွယ် ———————— ၇၇
မဗ္ဗိုမဒေသ ဗုဒ္ဓဂယာ(၆)
မောင်စိုးထိုက်(သုံးဆယ်) ———————— ၈၄
အရှင်မဟာဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိ
မာမက(သုတေသီ) ———————— ၉၅
ထင်ပေါ်ကျော်ကြားဘုရားစေတီတော် ရှိခိုးပူဇော်ကန်တော့နည်းများ
ဂမ္ဘီရဆရာလှမျိုး(B.Sc) ———————— ၉၉
တွံတေးတောကြီးတန်းမှ ဖောင်းတော်ချုပ်ဆရာတော်ကြီး
ကောင်းမြတ်(ခရာတော) ———————— ၁၁၈
မြတ်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ပူဇော်ရခြင်းကြောင့်
သိအပ်သောအကျင့်နှင့် ရနိုင်သောအကျိုးထူးများ(၇)
ဖိုးသန်းကျော်(ရေကြည်သား) ———————— ၁၇၅
နေရာလွှဲနေသေးသော ပုဂံသားကြီး၏ကမ္ဘည်းကျောက်စာတစ်ချပ်
မင်းရွှေသိန်း(ဇင်းကျိုက်) ———————— ၂၀၉
ရတနာဘုမ်ကျော်ကျောင်းမှသက်တော်ရှည်ဘဒ္ဒန္တပဏ္ဍိတဆရာတော်
ကျော်ဇေယဟိန်း(နံ့သာ) ———————— ၂၁၉
ပခုက္ကူခေါ်တွင် သမိုင်းဝင် ရွှေကူမြတ်စွာဘုရားကြီး
ပန်းတမာ(ပခုက္ကူ) ———————— ၂၅၀
ငါးဆူရိပ်သာ သတ္တဝဂ္ဂါနဘုရား(သို့မဟုတ်)ငါးဆူကျောင်း
ရန်နိုင် ———————— ၃၀၄


ဇာ - ၂၅၆



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဟင်္သာ ဆရာတော်ကြီး၏
# ဩဝါဒကထာ

လူကစ၍ သတ္တဝါတွေမှာ ပထမအရေးကြီးဆုံး
ရှိသင့်သောအရာမှာ ကျင့်ဝတ်တရားများဖြစ်သည်။ လူမှာ လူ့ကျင့်ဝတ်၊
နတ်မှာ နတ်ကျင့်ဝတ်၊ တိရစ္ဆာန်တို့မှာလည်း သက်ဆိုင်ရာ
တိရစ္ဆာန်ကျင့်ဝတ် ရှိကြရသည်။ လူတို့၌ လူ့ကျင့်ဝတ်ရှိရာတွင် လူမျိုးအလိုက်၊
ဘာသာအလိုက် ကျင့်ဝတ်အသီးသီးရှိသည်။ ဤကျင့်ဝတ်တရားတို့က
စောင့်စည်းထိန်းသိမ်းပေးကြသောကြောင့်သာလျှင် လူတို့သည် လူနှင့်တူကြ၍
ယဉ်ကျေးသိမမွေ့ခြင်း ရှိကြပေသည်။ အကယ်၍ လူ့ကျင့်ဝတ်တရားတို့သာလျှင်
မရှိကြမူကား လူတို့သည် ရိုင်းစိုင်း၍ လူ့လောကကြီးသည် ကြောက်မက်ဖွယ်ရာ၊
စက်ဆုပ်ဖွယ်ရာ ပွေလီရှုပ်ထွေးနေသော လောကကြီး ဖြစ်နေပေလိမ့်မည်။
သတ္တဝါတို့၌ ပစ္စုပ္ပန်ကံ၊ အတိတ်ကံဟူ၍ ကံနှစ်မျိုးရှိ၏။
ကံဆိုသည်မှာ အလုပ်ပင်ဖြစ်၏။ ကံတည်းဟူသော အလုပ်နှစ်မျိုးတွင်
ဘိအေ၊ အမ်အေဘွဲ့ကို ရရှိပြီးသောသူ၌ ယင်းဘွဲ့ကို ရရှိအောင် သူငယ်တန်းကစ၍
ပညာသင်ယူခဲ့ခြင်းသည် အတိတ်ကံဖြစ်သည်။ (အတိတ်ကံ အလုပ်ဖြစ်သည်)။
ရရှိသောဘွဲ့ အားလျော်သောအလုပ်ကို ဆက်လက်လုပ်ကိုင်ခြင်းသည်
ပစ္စုပ္ပန်ကံဖြစ်သည်။ (ပစ္စုပ္ပန် အလုပ်ဖြစ်သည်)။ ဤကဲ့သို့ ပစ္စုပ္ပန်ကံတည်းဟူသော
အလုပ်ကို ဆက်ကာ ဆက်ကာ နေ့စဉ်၊ လစဉ်နှင့်အမျှ ပြုမူဆောင်ရွက်သွားပါမှ
စားဝတ်နေရေး ချောင်လည်ချမ်းသာစွာ အသက်မွေးနိုင်ပေမည်။ ယင်းသို့လျှင်
ပစ္စက္ခမျက်မှောက်ဘဝ၌ပင်လျှင် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ(ဝါ)အတိတ်ကံအလုပ်၊
ပစ္စုပ္ပန်အလုပ် ရှိသည်ကို သတိပြု၍ အတိတ်က ပြုလုပ်ခဲ့သော(အလုပ်)ကို
အားကိုးမျှော်လင့်၍မနေကြဘဲ နေ့ရက်ရှိသမျှ ပစ္စုပ္ပန်ကံ(ပစ္စုပ္ပန်အလုပ်)ဖြင့်
ဆက်ကာ ဆက်ကာ ပြုလုပ်အားပေးမှသာလျှင် မိမိတို့အလိုရှိအပ်သော
ကောင်းကျိုးချမ်းသာ အကျိုးကျေးဇူးကို ရရှိကြပေမည်။ သူတစ်ပါးကို
အားမကိုးကြဘဲ နတ်များက၊ ဗိဇ္ဇာများက ချမ်းသာအောင်
ပြုလုပ်ပေးနိုင်သည်ဆိုသော လူလိမ်ဆရာများကို အားမကိုးကြဘဲ မရရှိသေးသော
ပညာ၊ ဥစ္စာပစ္စည်းများကို ရရှိစေရန် မိမိကိုယ်သာလျှင် မိမိအားကိုးအားထားပြု၍
မိမိနှင့်သက်ဆိုင်ရာကံတည်းဟူသော အလုပ်ကိုသာလျှင် ဉာဏ်၊ ဝီရိယတို့နှင့်ယှဉ်ကာ
အားထုတ်ပြုလုပ်ကြရမည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒေါင်းနွယ်ဆွေ
# ခုတ်လေပွင့်လေ ပိတောက်တဆွေ



◆ ပိတောက်ကိုင်းသည်
ကွေးတိုင်းမလှ၊ ဖားလျားကျ၍
စုန်းမပဝါ၊ ညရုပ်လွှာဖြင့်
လေမှာတစ္ဆေ ခြောက်လှန့်နေသတဲ့။

◆ မန်ကျည်းပင်ကိုင်း
ရှုတ်တွဆိုင်းလည်း၊ သီးတိုင်းညွတ်တွဲ
ဝါမှည့်ရဲဘိ၊ စိမ်းရောင်ရှိစဉ်
ငါးပိနှင့်ဖထောင်း။ ဟင်းကောင်းတစ်ခွက်
ရှက်နုဆိတ်ချိုး၊ ဟင်းချိုအိုးမှာ
ရသာစိမ့်အီ၊ ကော်ဖီတံဆိပ်
ပုလင်းနှိပ်ကာ၊ မြစ်ဆိပ်လေယာဉ်
ရောင်းကုန်တင်၏။

BURMESE CLASSIC .com

ပိတောက်ပွင့်ချိန်၊ ပင်လုံးထိန်သော်
ပုဆိန်နှင့်ခုတ်၊ လက်ပြုတ်ခြေကျိုး
ကံဆိုးသူမှာ ပိတောက်သာတည့်။

◆ တစ်ခါတုန်းက
စုန်းမပဝါ၊ ကြောက်ပါသလေး
ဆိုရေးတင်စား၊ ထိုလူများပင်
ယူငင်လုယက်၊ ပိတောက်ခက်တွေ
ချိုးချေဖျက်ခဲ့ပြီ။ သွေးစီးစိမ့်ဖြာ
လူသာဖြစ်လျှင်၊ ပိတောက်ပင်လည်း
ရှိုက်ငင်ကျိန်ဆဲ၊ ရွှေရင်ကွဲ၍
သေပွဲဝင်တော့မည်သာတည်း။

◆ ခြော် . . . ပိတောက်ပွင့်တုန်း။ လူတွေပြုံးရွှင်
မန်ကျည်းပင်လောက်၊ ဂုဏ်မမောက်လည်း
ဘုံပျောက်ခမန်း။ ပန်းပိတောက်ပင်
မားတင်ခုတ်ထစ်၊ တစ်နှစ်ပြီးလေ
တစ်နှစ်ဝေရ၊ သူ့ဘဝသည်
အလှဆင့်ကာ၊ ဒဏ်ရာပြည့်နေ
ပင်လုံးဝေလျက်၊ သည်မြေမဆုံးပွင့်မည်တည်း။

[ဆေးရုံပေါ်တွင်ရေးသားခဲ့သော နောက်ဆုံးကဗျာစုမှ]

www.burmeseclassic.com

www.burmeseclassic.com

# ပိတောက်လပ်းသို့ အလွမ်းတေးချာ

သက်ဝေကိုကို

◆ ထိန်ဝေလဲ့ဖြာ
စိန်ပန်းပြာနဲ့ ငုဝါပိတောက်
ကြိုင်လှောက်လွင့်ဝေ လွမ်းသူ့မြေမှာ
တစ္ဆေလိုလို မျက်ရည်စိုအောင်
ရင်ဖိုခြောက်လှန့်နေပြီကွယ်။

◆ ဥသြ . . . ဥသြ
တမောလျလျ တသတမ်းတမ်း
တကျွမ်းမြေ့မြေ့ တသွေ့သွေ့နွမ်း
တလွမ်းငင်ငင် မျက်ရည်လွင်ပေါ့
တေးတစ်ကျော့လည်း မကြားရဲဘူး
ကြေကွဲတိတ်ဆိတ် နားကိုပိတ်လျက်
မျိုသိပ်နေလည်း ကြေကွဲရင်ပန်း
ကိုယ်ပဲလွမ်းပေါ့။

◆ သဲမြေနီလမ်း
ပိတောက်တန်းမှာ လျှောက်လှမ်းနေခိုက်
တဖြိုက်ဖြိုက်ကြွေ လှိုင်လှိုင်ဝေသော
တစ္ဆေမျက်လုံး ခင့်အပြုံးလား
နွမ်းချုံးသွေ့ခြောက် နွေပိတောက်ကြွေ
လွမ်းသက်သေလား ဝိုးတဝါးနဲ့
ယိုးမှားဖျာပါ အသည်းနာပေါ့။

◆ တစ်သက်တစ်ယောက်
တစ်ယောက်တစ်မျက်နှာ
တစ်ကမ္ဘာလည်း မခွာခဲ့ကြေး
ခင်ခင်ပေးသော တစ်ရံရော်မှာ
ချစ်ကဗျာလို သစ္စာချိုမြ
တေးတစ်စလည်း တသစူးနစ်
အရှုံးဖြစ်အောင် ကိုယ့်ကိုလှောင်ပေါ့။

◆ ပိတောက်ကြွေလား
မျက်ရည်လား . . .
တစ္ဆေလှန့်ခြောက် သည်နွေရောက်လျှင်
သစ္စာကြင်ဖက် ခင့်အတွက်လေ
ပိတောက်တွေလို ဝေချင်တယ်
ပိတောက်တွေလို ကြွေချင်တယ် . . .။




www.burmeseclassic.com

www.burmeseclassic.com



ပန်းချီအောင်နိုင်လဝဉ်

ဘုန်းလျှို

# ငွေဇတ်ဝင်ဘုန်း

◆ 'ဖက်ဆွတ်မိုး' . . . တဲ့
'သကြန်မိုး' . . . တဲ့
ဘယ်မိုးပဲ ဖြစ်ပစေ
ရေချိုသန့်စင်
မွှေးနံ့သာ တလွင်လွင်ပေါ့
မိုးအောက်မြေပြင်အဝှမ်း
အစွမ်းကို ပွင့်ပြလိုက်တဲ့အခါ . . .။

◆ အို . . .
သူ့အကိုင်း သူ့အခက်
သူ့အရွက် သူ့အညှာ
ဒဏ်ရာတွေ ရကုန်ပါရောလားကွယ် . . .။

www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်တာန်

## မိုးပန်းမွှန်(ရာမည)

- အဖူးမှာ ရင်ခုန်
  အငုံမှာ စွဲနှစ်
  အပွင့်ဖြစ်တော့ နမ်းရှိုက်
  ပန်းမကိုင်မှ ... အဝါခြယ်။

- နေပြင်းပူပူ
  ဖုန်ထူရိုက်နှက်
  မိုးတစ်ဖြိုက်နှစ်ဖြိုက်ကြား
  ကိုင်းဖျားအဆုံး
  ပင်လုံးကျွတ်မွှေး
  ရနံ့လေးသင်းသင်း ... ဝင်းဝင်းစိုစို။

- ပန်းပိတောက်လေ ...
  ဝေလည်းမွှေးမွှေး
  ကြွေလည်းမွှေးရင်း
  ဝေခြင်းကြွေခြင်း၊ သောကကင်းစွာ
  မာန်တင်းလည်မော့၊ ယိမ်းနှော့ဝတ်ဆံ
  ရဲရင့်ဟန်နှင့်၊ သကြိန်ရနံ့လွှမ်း
  ပန်းသီချင်းဆို၊ နွေကိုကြိုလျက်
  နေကို အံတုပွင့်ရဲသည် ...။

www.burmeseclassic.com

www.burmeseclassic.com



# ဖောင့်ဘာဝမှတ်တမ်း
# တစ်ထောင့်တစ်ညဇာတ်လွမ်း

## ကိုကိုလွင်

◆ ဝိတောက်လမ်းမှာ၊ လျှောက်လှမ်းလာပြီး
ကဗျာရေးနည်းသင်သွားသူ . . . ရေ၊

◆ ငွေဖလားနဲ့၊ ရေကစားတဲ့
မင်းရဲ့အပြုံးကြား၊ နှလုံးသားငြိ
မြှူးမိသွားရင်း
သီချင်းရေးဖြစ်ပြန်ပါပြီ။

◆ ကဗျာနဲ့သီချင်း
ငါနဲ့မင်းလို၊ ဉာဉ်လိုငေး
တေးဆိုလွမ်းမော၊ နွေတစ်ကြောမှာ
ချစ်သောပုံပြင်၊ ဆက်ခုံမင်တုန်း
မျက်လုံးချင်းဆုံ၊ ရွှေရင်ခုန်လို့
မလုံမလဲ၊ ဇာတ်လမ်းအတွဲရှည်
'ဆက်ရန်'တွေနဲ့၊ ချစ်ရေ . . . ကိုယ်တော့
ကိုရီးယားဇာတ်ညွှန်း ဆက်ရေးနေမယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ငွေသူရဲကောင်း

မောင်သုဆွေ(သပြေရုံ)

◆ ပန်းဘာဝပေမဲ့
နှမ်းလျစွာ အကြွေမကြောက်ပါဘဲ
နွေအောက်မှာ အနေရင့်ပါလို့
ရွှေအပွင့်တွေ တဝေဝေ။

◆ လေတိုးအကြမ်း
နွေမိုးအဖျန်းကြောင့်
ဗျန်းခနဲ အကိုင်းကျိုး
ဂျိုးခနဲ ပြတ်တာပြတ်
မနာတတ်သလိုပေ။

◆ မပြည့်လည်း အနားမယူ
ထိဆဲ အားပြုလို့
အများလူအတွက် ဖူးသမျှရွှေ
ခူးကြလေ ပိတောက်ပွင့်ပြီတဲ့ . . . ။

◆ တစ်ပိုင်တစ်နိုင်သာမက
နှစ်ပိုင်နှစ်နိုင်မို့
ပြိုင်လို့သာ အယူကြမ်းလေတော့
လူသရမ်းတွေ အချိုးအဖျက်ကြားမှာ
(ပိတောက်ဟာလေ . . . )
မျိုးမပျက်ခဲ့ . . . ။




www.burmeseclassic.com

www.burmeseclassic.com

# ပိတောက်


မင်းထက်အောင်(ရေဝေ)

◆ မင်းဝါချင်လည်း 'ဝါ'လိုက်ပါ
မင်းစိမ်းချင်လည်း စိမ်းစမ်းလေ ...
ဒါပေမဲ့ ...
နှုတ်ခမ်းနီတွေတော့ ဆိုးမလာနဲ့
ငါ့ ... သံချပ် ပျောက်မှာစိုးလို့ပါ။ ။




www.burmeseclassic.com

www.burmeseclassic.com




# နွေသို့

## မောင်သာယာ

◆ ပန်းပိတောက်တို့
လွှမ်းလောက်အောင်ပင်၊ ကကြိုးဆင်ကြ
မွှေးမြသင်းထုံ၊ ရဂုံသာသွေ
မူးယစ်ဝေသော၊ ရွှေအိုရောင်တော
တောင်တစ်ကြောမှာ၊ ဥဩသံချို
ဖွဲ့ဆိုသီချင်း၊ ရင်တွင်းစူးရှ
နွေဂီတသည်၊ ငါ့အားနှုတ်ဆက်
လမ်းခွဲထွက်၏။

◆ မေလယ်နွေ၏
မိုးရေစက်များ၊ လက်ဝါးဖြန့်ခင်း
ရင်တွင်းအေးမြ၊ မထိရှဘူး
သူ့မနှုတ်ခမ်း၊ အနမ်းနှင်းဆီ
မသင်းကြည်နိုင်၊ ပတ္တမြားရည်နု
သွေးခြည်ဥသည့်၊ ချစ်သူ့မျက်လုံး
နွဲ့အပြုံးကို၊ နှလုံးမွှေ့လျော်
တို့မပျော်နိုင်၊ တောမြိုင်သွေးချာ
လွမ်းသူ့ရွာ၏၊ ညင်သာနွဲ့ပျောင်း
သာသည့်စောင်းကို၊ ဖယောင်းနွယ်ခက်
လက်နှင့်ဖက်ပွေ့၊ အတွေ့အာရုံ
ခုံမင်ထိရှ၊ နွေဂီတသည်
ငါ့အားနှိုပ်စက်နေခဲ့ပါတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

23 FEB 2013

# နှစ်သစ်မင်္ဂလာ

ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသော မိမိတို့မြန်မာနိုင်ငံ၌ ထူးခြားဆန်းပြားသော ရဟန္တာ ပုဂ္ဂိုလ်ပေါင်း မြောက်မြားစွာ ပေါ်ထွန်းခဲ့ပါသည်။ သံဃာ့ဂုဏ်တော်အလုံးစုံနှင့် ပြည့်စုံတော်မူသည့် ရဟန္တာပုဂ္ဂိုလ်များအား ဖူးမြော်ခွင့်ရခြင်းမှာ လွန်စွာကုသိုလ်ထူးကဲလှပါသည်။

ဤ၌ သက်ရှိထင်ရှား ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးများအား ဖူးမြော်ခွင့် မကြုံသော်လည်း အမှန်တကယ် ဖူးမြော်ရသည့်အလား ဖူးမြော်ကြည်ညိုနိုင်စေခြင်းငှာ စာရေးဆရာ ကျော်ဇောဟိန်း(နံ့သာ)၏ လေ့လာပြုစုမှုဖြင့် ရောင်ပြန်မဂ္ဂဇင်းအဖွဲ့မှ စီစဉ်တင်ဆက်လိုက်ခြင်း ဖြစ်ပါသည်။ မိမိတို့ ရောင်ပြန်မဂ္ဂဇင်းသည် နှစ်စဉ် ဧပြီလ ကျရောက်တိုင်း ထူးခြားသော အစီအစဉ်တစ်ရပ်အနေဖြင့် စာဖတ်ပရိသတ်အကျိုးအတွက် ကြိုးပမ်းတင်ဆက်မြဲဖြစ်ရာ ယခင်နှစ်ကဆိုလျှင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ဆရာတော်၊ သံဃာတော်ကြီးများ၏ ပုံလွှာတို့အား ဂါရဝတရားဖြင့် တင်ဆက်ခဲ့ပါသည်။ ယခုလည်း ဂါရဝတရားဖြင့် ထူးခြားဆန်းပြားသော ရဟန္တာသူမြတ်ကြီးများ၏ ထေရပ္ပတ္တိနှင့်တကွ ထူးခြားဖြစ်စဉ် အကြောင်းရပ်များကို စုစည်းဖော်ပြလိုက်ပါသည်။

ဤသို့ဖော်ပြရာဝယ် ရဟန္တာအရှင်သူမြတ်ကြီးများ၏ ပုံလွှာတော်တို့မှာ ကြည်လင်ပီသမှု မရှိဘဲ မှုန်ဝါးဝါးဖြစ်နေသည့် အားနည်းချက် ရှိပါသည်။ ရဟန္တာအရှင်သူမြတ်ကြီးများမှာ လောကီကိစ္စကို စက်ဆုပ်၍ လောကုတ္တရာနှင့်သာ မွေ့လျော်ကြစမြဲ ဖြစ်ပါသည်။ ပုံတော်အရိုက်ခံလိုစိတ်လည်း ကင်းကြပါသည်။ သည့်အတွက် ရရှိသော ပုံတော်များမှာ ရှားတောင့်ရှားပါးဖြစ်၍ အခြေအနေပေးသလောက်သာ ရရှိသည့်အပေါ် တင်ပြခြင်းဖြစ်ရာ အဆိုပါ အားနည်းမှုအပိုင်းကို ခွင့်လွှတ်စေလိုပါသည်။

ရောင်ပြန်ပရိသတ်အပေါင်း နှစ်သစ်မင်္ဂလာအခါသမယ၌ ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့ကြပါစေဟု တောင်းဆုခြွေလျက်...

(အယ်ဒီတာအဖွဲ့)




www.burmeseclassic.com

www.burmeseclassic.com



# ရဟန္တာမြွတ်ကြီး ထွင့်ခေါင်ဆရာတော်



ဆရာတော်ကြီးသည် သက်တော် ၂၁ နှစ်ရှိရာ ၁၁၈၁ ခုနှစ်တွင် သီရိပဝရတိလောက မဟာရာဇိန္ဒာရတာနာဒေဝီ၏ ပစ္စယာနုဂ္ဂဟဖြင့် ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။ ထိုအချိန်တွင် မိခင်ကြီး ခေါ်မေလည်း ကွယ်လွန်ပြီး ဖြစ်လေသည်။ ရဟန်းဖြစ်ပြီးနောက် ၈ ဝါပြည့်မြောက်သည့်တိုင် ၁၁၈၉ ခုအထိ မန်ကျည်းတော ဆရာတော်ဘုရားကြီးထံ၌ ပိဋကတ်သုံးဖြာပါဠိ အဋ္ဌကထာဋီကာကျမ်းတို့ကို တစ်ဖက်ကမ်းခတ် တတ်မြောက်အောင် သင်ယူခဲ့လေ၏။ ပိဋကတ်ကျမ်းဂန်အရပ်ရပ်တို့၌ ကျော် မြောက်ကျွမ်းကျင်သူတို့၏အဖြစ်သို့ ရောက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အံ့ဖွယ်ဖြစ်ရပ်ဆန်းများနှင့် ကြည်ညိုဖွယ်ရာ

ထွင့်ခေါင်တောရမှ မြန်မာနှစ်တိုင်ခန့် ကွာလှမ်းလှသော မြင်မွေးတောရကျောင်း၊ လက်လုပ်တောရကျောင်း၊ ပေါက်တောကန်တောရကျောင်း၊ ပဲကတိုင်းတောရကျောင်းတိုက်၊ သီတင်းသုံး၍ တရားကျင့်တော်မူခဲ့ကြောင်း သိရပါသည်။ ထိုအခါ အံ့ဖွယ် ဖြစ်ရပ်ဆန်းများနှင့် ကြည်ညိုဖွယ်ရာ သိရှိရပါသည်။

## ဆင်များဦးနှိပ်ဝပ်တွားရှိခိုးကြခြင်း

တစ်ခါက ထွင့်ခေါင်ဆရာတော်ဘုရားကြီး တောကျောင်းမှ ဂေါစဂါမ်ရွာသို့ ဆွမ်းခံအကြွတွင် လမ်းခရီးကြား၌ ဆင်တစ်အုပ်နှင့် ခရီးရင်ဆိုင်တွေ့လေ၏။ ထိုအခါ ဆရာတော် [illegible] လက်ဝဲကို ဖြန့်တော်မူကာ မေတ္တာဘာဝကို ပွားများလျက်

"ငါက မင်းတို့ကို မညှဉ်းဆဲ၊ မင်းတို့ကလည်း ငါ့ကို [illegible]ခဲကြကုန်လင့်"

ဟု မိန့်ကြားတော်မူ၏။ ထိုအခါ ဆင်တို့သည် တိမ်းရှောင်ခဲ့သွားကြကုန်၏။ အချို့ဆင်တို့သည် ဝပ်တွားဦးနှိပ်ကြကုန်၏။

## ကျားကြီး မူးမေ့သွားခြင်း

တစ်ခါတွင် ပေါက်တောကန်တောရကျောင်း၌ သီတင်းသုံးတော်မူခိုက် တောချုံပုပ္ပောင်းထူထပ်ရာသို့ကြွ၍ နေသန့်တော်မူစဉ် ဖိုးတက်ခါးအမည်ရှိသော မုဆိုးသည် ထွင့်ခေါင်ဆရာတော်ကို တောသတ္တဝါအမှတ်ဖြင့် သေနတ်ဖြင့်ပစ်မည်ပြု၍ မူးမေ့သွား[illegible]၏။ နောက်တွင် ဖိုးတက်ခါးသည် ဆရာတော်ထံ၌ ရဟန်းဖြစ်သွားသည်။

## နန်းမတော်မယ်နု ကိုးကွယ်တော်မူခြင်း

ထွင့်ခေါင်ဆရာတော်ဘုရားကြီးလက်ထက်သည် နန်းမတော်မယ်နုလက်ထက်ဟု ပြောလျှင် မျက်စိထဲတွင် မြင်[illegible]ပေါက်ပါသည်။ ထိုခေတ်တွင် နန်းမတော်မယ်နုသည် [illegible]ကျည်းတောဆရာတော်ကြီးကို ကိုးကွယ်လေသည်။ ထွင့်ခေါင်ဆရာတော်ကား ထိုဆရာတော်ကြီး၏ တပည့်ဖြစ်၏။

## ဆရာတော်ကြီး၏ ဇာတိ

ဆရာတော်ကြီး၏ ဇာတိမှာကား ဟင်္သာတမြို့နယ်၊ လေးမျက်နှာမြို့အနီး၊ မြင်းကကုန်းရွာ ဖြစ်၏။ မိဘ ဦးလူကြီး၊ ဒေါ်မေတို့မှ ၁၁၆၀ ပြည့်နှစ်၊ တပေါင်းလပြည့်၊ အင်္ဂါနေ့ နေတက်ချိန်၌ဖွားသည်။ ငယ်မည်မှာ မောင်စိုး၊ သားချင်းမှာ အစ်မ မငွေ တစ်ဦးသာရှိသည်ဟု မှတ်တမ်းရှိ၏။

မောင်စိုး အသက် ၁၃ နှစ် ရောက်သောအခါ ရှင်သာမဏေပြု၏။ ဘွဲ့တော်မှာ ရှင်ဉာဏဝံသ ဖြစ်၏။ ရှင်ဉာဏဝံသသည် ရှင်သာမဏေဘဝဖြင့် ပိဋကသင်ရိုးပေါက်ကာ သုခမ္မာ ပထမပြန်ပွဲကြီး၌ ဝင်ရောက်၍ မှတ်ကျောက်တင်ရာ ပထမကျော်ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့၏။ ပထမကျော်အောင်ပြီး ၁၁၈၁ ခုနှစ်တွင် ထိုကျောင်း၊ ထိုဆရာ၊ ထိုဒကာတို့၏ တရားပစ္စည်း ချီးမြှောက်ခြင်းကို ခံယူ၍ ရှင်ဉာဏဝံသ ရဟန်းအဖြစ်သို့ ရောက်၏။

## ရတနာထွင့်ခေါင် ဘုန်းကြီးလေးဟု အမည်တွင်

နောက်များ မကြာမီ ရတနာထွင့်ခေါင်စေတီတော်ကြီးအနီးသို့ ရွှေ့ပြောင်း၏။ ထိုမှစ၍ ရတနာထွင့်ခေါင်ဘုန်းကြီးဟု အမည်တွင်၍ ခေါ်ကြ၏။ ဆရာတော်သည် အခြေခံဖြစ်သော ရဟန်းသိက္ခာကို မြဲမြံလုံခြုံစွာ ဖြည့်ဆည်း၍ ဓုတင် ၁၃ ပါးကိုလည်း အလျဉ်းသင့်သလို ဆောင်တော်မူ၏။

ထွင့်ခေါင်ဆရာတော်ကား အနှစ် ၂၀ ကျော်လုံးလုံး ဘဝဇာတ်မြှုပ်၍ တရားအားထုတ်ခဲ့၏။ တွေ့သမျှ သစ်ပင်သည် ဆရာတော်၏ ကျောင်းများဖြစ်ကြ၏။ ကျေးငှက်များ အိပ်တန်းတက်ချိန်မှစ၍ ညဉ့်ဦးယံ ကမ္မဋ္ဌာန်းအလုပ်ကို စတင်အားထုတ်၏။ ညမှောင်လျှင် ဘုရားဝတ်တက်၏။ မေတ္တာပွား၏။ အမျှဝေ၏။ မအိပ်မနေ နေ့စဉ်ပွားများ အားထုတ်၏။

## ခန္ဓာဝန်ချတော်မူခြင်း

ထွင့်ခေါင်ဆရာတော်ကြီးသည် ၁၈၈၀ ခု၊ ဇွန်လ ၇ ရက်၊ တနင်္လာနေ့(သက္ကရာဇ် ၁၂၄၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်နေ့) နံနက် မြန်မာ ၁ နာရီတွင် သက်တော် ၈၁ သိက္ခာတော် ၆၁ ဝါအရ ဓမ္မိကချောင်ရှိ ဂျာမနီဆရာဝန်ကြီးမာဘိ၏ ကျောင်း၌ပင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူ၏။




www.burmeseclassic.com

www.burmeseclassic.com



# ဘုန်းတော်ကြီး ဦးသီလ





www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာအရှင်သူမြတ်ကြီး၏ အလေ့အထများမှာ မည်သည့်ခေတ်မဆို အတုယူကြည်ညိုသင့်သည်သာ ဖြစ်ပါသည်။ အပိုပစ္စည်း မသိမ်းသော ဓလေ့တော်ကို လေ့လာတွေ့ရပါသည်။ ထို့အတူ ကျိုက်ထို၊ သထုံ၊ မော်လမြိုင်၊ မုဒုံ၊ ဘီလူးကျွန်း စသည်နှင့် ညောင်လေးပင်၊ ဖြူး၊ ရွှေကျင်၊ တောင်ငူ စသည်တို့တိုင်အောင် သတ္တဝါတို့ကို ချီးမြှင့်ရင်း စိတ်ချမ်းသာမှုနှင့် အားထုတ်မှုကိုသာ အဓိကထား၍ တောတန်း တောင်တန်း သုသာန် စသည်တို့၌ ပျော်ပါးသော အသက်မွေးမှု ကေစာရီဖြင့် အမြဲနေလေ့ရှိပါသည်။ ကိုယ်၌အသုံးပြုသော သပိတ်၊ သင်္ကန်း၊ ခေါင်းရိတ်ဓား စသည်မှတစ်ပါး ဝတ်ရုံသုံးစွဲနေသော ပရိက္ခရာမှတစ်ပါး အခြား အပိုပစ္စည်းဟူ၍ ဘယ်အခါကာလမှ မထားခဲ့၊ မရှိခဲ့။ ရလာတိုင်းသော ပစ္စည်းများကို နီးရာကျောင်း နီးရာသံဃာတော်များသာ လှူနိုင်းလေ့ ရှိသည်ဟူ၍ သိရပါသည်။

## ရေဆွမ်းကိုသာ ဘုဉ်းပေးခြင်း

ရဟန္တာအရှင်မြတ်ကြီးသည် ရေဆွမ်းကိုသာ အကြောင်းအားလျော်စွာ ဘုဉ်းပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုစဉ်က ရဟန်း ၉ ဝါ ရှိပြီဖြစ်ပါသည်။ ဘုန်းတော်ကြီးသည် ရဟန်း ၉ ဝါအရ တောထွက်တော်မူစတွင် အသိမရှိ သတင်းလည်း မကြား။ ထိုအခါ လာကမို့၊ ညောင်လေးပင်၊ ကျိုက်ပဒိုင် စသော တောတို့၌နေရန် ကြွလာ၏။ ဤကြွလာနေထိုင်စတွင် တစ်နေ့သောအခါ တောထဲမှထွက်၍ ဆွမ်းခံဝင်ခဲ့ရာ တစ်ဆုပ်မျှသော ဆွမ်းကိုသာ ရ၏။ ထိုနေ့၌ ရရှိသောဆွမ်းကို အကုန်(အားလုံး)ဆွမ်းတော်တင်ပြီး ရေကိုသာသုံး၍ ပီတိဖြင့်သာ မျှတစေလျက် ရဟန်းတရားကို အားထုတ်လေ၏ဟူ၍ သိရပါသည်။

## မည်သည့်အကြောင်းကြောင့်မှ လျောင်းစက်၍ မအိပ်

ဆရာတော်ကြီးသည် မိုလျက် ထိုင်လျက်သာ အစဉ်အမြဲ သီတင်းသုံးတော်မူကြောင်းကိုလည်း ကြည်ညိုဖွယ်ရာ တွေ့ရှိရပါသည်။ ထိုစဉ်က ဆရာတော်ကြီးမှာ အာခံတွင်း၌ အနာတစ်ခုပေါက်နေကြောင်း သိရှိသည်။ သို့သော်လည်း မည်သည့်အခါမျှ ဓုတင်များကို မဖျက်ခဲ့ပေဟု အံ့ဖွယ်ကြည်ညိုရပါသည်။

## တစ်နေ့တစ်ကြိမ်သာ ဘုဉ်းပေး

ဆရာတော်ကြီး၏ ကျင့်စဉ်များမှာ တစ်နေ့တစ်ကြိမ်သာ ဘုဉ်းပေးတော်မူခြင်း ဖြစ်ပါသည်။ တပည့်များအား မျက်ကွယ်၍သော်လည်းကောင်း၊ မည်သည့်အကြောင်းသော်ကြောင့်လည်းကောင်း၊ တစ်ကြိမ်ထက်ပို၍ ဘုဉ်းပေးတော် မမူခဲ့ပေ။ တစ်ရံရောအခါက ထိုအချက်ကို မသိသေးသော အလှူဒကာတစ်ဦး၏ သဒ္ဓါကိုငဲ့ကွက် အုန်းရည်စိမ်းကိုသာ ဘုဉ်းပေးခဲ့ရသည်။ ထိုနေ့အဖို့ တစ်ကြိမ် ဥပဒေတော်အရ ထိုနေ့အဖို့ အုန်းရည်ဖြင့်သာ မျှတခဲ့ရကြောင်း ကြည်ညိုစရာ လေ့လာတွေ့ရှိရပါသည်။

## သက်သတ်လွတ်စားသော အလေ့အထ မမွေးခင်က

ဘုန်းတော်ကြီးလောင်းလျာ မောင်ရွှေသာ ပဋိသန္ဓေတည်နေစဉ်အခါက မယ်တော်ကြီး ဒေါ်ချို၏ အာသာဆန္ဒတို့မှာ သီလသီတင်း စောင့်ထိန်းလို၏ဟုလည်းကောင်း၊ သက်သတ်လွတ် အမြဲစားလို၏ ဟူ၍လည်းကောင်း အမြဲဖြစ်လေ၏။

## မောင်ရွှေသာ

မောင်ရွှေသာသည် ၁၀ နှစ်သားတွင် ပဲခူးအနောက်မြောက် ကျိုက်ဒေးယျုံရွာအနီး ကော့ပြင်းရွာ၊ ဘုန်းကြီးမှူးထံ အပ်နှံပညာသင်စေသည်။ အသက် ၁၂ နှစ်တွင် ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။ ၁၂၁၃ ခုနှစ်၊ တပို့တွဲလတွင် ကျိုက်ဒေးယျုံရွာ ဘုရားကုန်းရှိ မင်္ဂလာခဏ္ဍာသိမ်တော်၌ ဝိလခတ်ရွာဦးဘုန်းတော်ကြီး ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။ ဘုန်းတော်ကြီး ဦးသီလသည် ပရိယတ္တိစာများ သင်ပြီးနောက်တွင် ဆက်၍နေရာအနှံ့အပြား တစ်တောဝင် တစ်တောထွက်၊ တစ်တောင်တက် တစ်တောင်ဆင်းဖြင့် ဓုတင်အကျင့်များကို ကျင့်ပါသည်။

ဤသို့ကျင့်ရာတွင် ကျားရိုင်းများ၊ ဆင်ရိုင်းများ၊ နွားရိုင်းများ၊ မြွေဆိုးများ၊ မှဆိုးများ၊ ဥစ္စာသမား၊ နုနာရောဂါသည်တို့နှင့် ထူးခြားဆန်းကြယ်စွာ တွေ့ကြုံခဲ့ရပါသည်။

## ခန္ဓာဝန်ချခြင်း

၁၂၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့ နံနက် ၇ နာရီတွင် သတိသမ္ပဇည ခန့်တည်ပြည့်ဝသဖြင့် တစ်ချက်မျှ သတိမလစ်ဘဲ ခန္ဓာဝန်ကို အပြီးဝိုင် စွန့်တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ရဟန္တာဟု ကျော်စောသော ဆရာတော်ဦးဩည်



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံအရပ်ရပ်ရှိ ထူးခြားသော ဆရာတော်ကြီးများနှင့် ရဟန္တာမုဂ္ဂိုလ်ကြီးများ

တစ်ရံရောအခါက ပခုက္ကူနယ်တွင် ဘုန်းတော်ကြီးတစ်ပါးကို ပြန်ပေးဆွဲသည်ဟူသော သတင်းအထူးအဆန်းတစ်ခုကို ကြားခဲ့ဖူးရပါသည်။ ထိုဆရာတော်မှာ ပခုက္ကူ သံပုံစေတီတောရ ဦးကိတ္တိဖြစ်ကြောင်း သိရှိရပါသည်။ ထိုဆရာတော်ကြီးမှာ ရဟန္တာဟု ကျော်ကြားတော်မူသော အရှေ့ဝါသီ ဆရာတော် ဦးကြည် ဖြစ်ကြောင်း သိရှိရပါသည်။

တစ်ရံရောကာလ လူဆိုးလေးငါးယောက် တောရကျောင်းတိုက်တွင်းသို့ မဝံ့မရဲ ဝင်ရောက်လာကြ၏။ ဝေါယာဉ် (ထမ်းထင်)တစ်ခုကိုလည်း ယူလာကြသည်။ အလွန်အကြံကြီးသူများ ဖြစ်ကြ၏။ ဆရာတော်ကား ညနေချမ်း လူသူရှင်းချိန်ဖြစ်သဖြင့် သစ်တစ်ပင်ရင်း၌ အေးအေးစွာ ကမ္မဋ္ဌာန်း ထိုင်နေခိုက်ဖြစ်သည်။ ထိုအခါ ဒကာတစ်ဦးက ဆရာတော်အား ယုံကြည်လောက်အောင် တစ်စုံတစ်ခု အကြောင်းပြလျှောက်ထား၍ ဝေါယာဉ်ဖြင့် ပင့်ကြသည်။

"အေး…အေး မင်းတို့ လိုရာပင့်တာပေါ့"

ဟု မိန့်ကာ ဝေါပေါ်သို့ တက်တော်မူ၏။ လူဆိုးများမှာ အကြံပိုင်ပြီဟု ဝမ်းမြောက်စွာထမ်း၍ ပင့်ကြသည်။

အကြောင်းမှာ ဆရာတော်အား ပခုက္ကူတစ်မြို့လုံးမှ သူဌေးသူကြွယ်များ အသက်တမျှ ကိုးကွယ်ဆည်းကပ်ကြရာ ပြန်ပေးဆွဲလျှင် ရွှေ ငွေ လိုသလောက် ရမည်ဟု ကိန်းသေတွက်၍ ပြန်ပေးဆွဲကြခြင်း ဖြစ်သည်။ လေးယောက်သား မမောနိုင်မပန်းနိုင် ချွေးဒီးဒီးကျအောင် ထမ်းကြရ၏။ တစ်နာရီကျော်ကျော် ကြာလာသောအခါ မိမိတို့ ကြိုတင်စီစဉ်ထားသော လုံခြုံသည့်စခန်းသို့ ရောက်ပြီဟု ယူဆ၍ ဝေါကို မြေပြင်၌ ချကြသည်။ ဝေါကိုချပြီး ပတ်ပတ်လည် တောင်မြောက်လေးပါး စိတ်ချလောက်သော အခြေအနေ ရှိ,မရှိ အကဲခတ်ရင်း ကြည့်လိုက်ကြ၏။ တစ်နာရီကျော်ကျော် ချွေးဒီးဒီးကျအောင် ထမ်းခဲ့သော်လည်း ဆရာတော်၏ တောရကျောင်းဝင်းကလေးမှ အပြင်မရောက်၊ ကျောင်းအတွင်းမှာပင် ချာချာလည်နေကြကြောင်း သိကြရလေတော့၏။ ထိုအခါ လူဆိုးများ သက်ပြင်းချ၍ ချွေးသုတ်ရင်း ဝန်ချကန်တော့ကာ ထွက်ပြေးကြလေတော့သည်။

ဆရာတော် ဦးကြည်မှာ ညောင်ဦးမြို့ဇာတိ ဖြစ်သည်။ အဖ ဦးပေချွေး+အမိ ဒေါ်မင်းဘူး ဖြစ်၏။ ၁၂၀၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့ ညနှစ်နာရီကျော်အချိန် ဖွားမြင်၏။ ၁၂ နှစ်သားအရွယ်တွင် ပခုက္ကူမြို့ ပုထိုးကျောင်းတိုက်၊ ခင်ကြီးတိုး ခေါ် ဆရာတော် ဦးသုမထံ အပ်နှံ၏။ ၁၅ နှစ်သားအရွယ် ရှင်သာမဏေ ဖြစ်၏။ ဘွဲ့တော်မှာ "ဦးကိတ္တိ" ဖြစ်၏။ ၁၂၂၃ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်နေ့တွင် ထိုပုထိုးကြီးကျောင်းတိုက် ခဏ္ဍသိမ်တော် ဦးသုမနကို ဥပဇ္ဈာယ်ပြု မြင့်မြတ်သော ရဟန်းဘဝအဖြစ်သို့ ရောက်ရှိ၏။ ဆရာတော်ထံတွင် ၂ ဝါ ရသည်အထိ ပညာသင်ကြား၏။ ၃ ဝါ ရသည့်အခါ မန္တလေးသို့ ကြွရောက်၍ စံကျောင်းတိုက်ကြီး၌ စာပေသင်ယူခဲ့၏။

၁၂၃၂ ခုနှစ်၊ ရဟန်း ၉ ဝါ ရသည့်တိုင်အောင် ပုထိုးတိုက်တွင် စာပေပို့ချခဲ့၏။ တစ်ဖက်ကလည်း ဝိပဿနာ အားထုတ်ခဲ့၏။ ၁၂၃၃ ခုနှစ်၊ ရဟန်း ၁၀ ဝါ ရသောအခါ သံပုံစေတီတောရသို့ ဝင်တော်မူ၏။ ဆရာတော်၏ ဘဝတစ်သက်တာတွင် လူဆိုးများ၊ မြေဆိုးများ၊ ဆင်ရိုင်းများ ထူးခြားဆန်းကြယ်စွာ တွေ့ကြုံခဲ့ရသည်တွင် အားလုံးက ရှိသေကိုင်းရှိုင်းသွားကြလေသည်။ ဆရာတော်ကြီးသည် သက်တော် ၇၈ နှစ်တိုင်တိုင် တောရဆောက်တည်၍ အမြဲဆွမ်းခံ၏ဟု သိရပါသည်။ အတူနေ တပည့်ကြီးကပင် ဆရာတော် တစ်ခါမျှ လဲလျောင်းသည်ကို မမြင်ဖူးဟု ဆိုကြပါသည်။

## ဆရာတော် ခန္ဓာဝန်ချ

၁၂၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၆ ရက်နေ့ ည ၂ နာရီအချိန်တွင် ညောင်စောင်းပေါ်၌ထိုင်လျက် ဇာတ်တော်ကမ္မဋ္ဌာန်း ချုပ်တော်မူသည်ဟု သိရပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး





www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ နံနက် ၁ ချက်တီးကျော်အချိန်တွင် ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်မှာ ဦးထွန်းသာ၊ မယ်တော်မှာ ဒေါ်ကြံ ဖြစ်သည်။ မောင်တက်ခေါင်ဟု အမည်တွင်လေသည်။ မောင်တက်ခေါင် ၁၀ နှစ်သားအရွယ်တွင် စိုင်ပြင်ရွာ ကျောင်းမကျောင်း ခတ္တာသိမ်တွင် ဆရာတော် အရှင်နန္ဒကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ၁၂၂၉ ခုနှစ်၊ နယုန်လဆန်း ၅ ရက်နေ့တွင် မန္တလေးနေပြည်တော်သို့တက်၍ ပညာသင်ယူရန် မိမိရပ်ရွာမှ ထွက်ခွာတော်မူကြောင်း သိရပါသည်။

## လယ်တီလောင်းလျာ ပဉ္စင်းကျော်

ဦးဉာဏဓဇသည် ဝါဆိုအမီ မန္တလေးရှိ မဟာဇောတိကာရာမကျောင်းသို့ ရောက်တော်မူလေသည်။ ဆရာတော်ဉာဏဓဇသည် ၁၄ ဝါအရတွင် စံကျောင်းဆရာတော်ဘုရားကြီး၏ အမေးပုစ္ဆာ ၂၀ ထွက်ပေါ်လာသည်။ နိကာယ်ငါးရပ် ပိဋကတ်ကို မွှေနှောက်ချောက်ချားပြီး ယင်းအမေးပုစ္ဆာ ၂၀ ကို ပါဠိလို ရေးသားဖြေဆိုကာ စံကျောင်းဆရာတော်ကြီးအား ဆက်ကပ်လိုက်သည်။

## လယ်တီဆရာတော်ဟူသော အမည်ထင်ပေါ်

၁၂၄၈ ခုနှစ်တွင် မုံရွာမြို့အနီး လယ်တီတောအုပ်ကြီး၌ ကျောင်းတိုက်တည်ထောင်ကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေသင်ကြား ပို့ချခဲ့ရာ ထိုအခါမှစ၍ လယ်တီဆရာတော် ဟူသော အမည်ဖြင့် ထင်ပေါ်ကျော်ကြားလာသည်။(လယ်တီဒီပနီကျမ်းစာအုပ်အဖြစ် ထွက်ပေါ်လာသော ၁၂၆၂ ခုနှစ်မှ ၁၂၉၇ ခုနှစ်လောက်အထိ ၃၅ နှစ်တိုင်တိုင် မြန်မာနိုင်ငံ၌ ဒီပနီကာစစ်ပွဲကြီး ဖြစ်ပွားခဲ့သည်။ ယင်း ၃၅ နှစ်တာ အချိန်ကာလအတွင်း ထွက်ပေါ်လာသော ဒီပနီကျမ်းများမှာ ၄၀ ခန့် အရေအတွက် ရှိသည်ဟု စာရင်းအရ သိရပါသည်။

## မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ကြွရောက်

၁၂၅၇ ခုနှစ်လောက်မှ စတင်ကာ မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ကြွရောက်တော်မူပြီး ဖါဆိုသင့်သော အရပ်ဒေသများတွင် ဝါဆိုလျက် ကျွတ်ထိုက်သူ ဝေနေယျတို့အတွက် နိယျာနိကာအစစ် ဗုဒ္ဓဘုရားရှင် အလိုလားဆုံးလည်းဖြစ်၊ အနှစ်သာရလည်းဖြစ်သော ဝိပဿနာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူခဲ့သည်။

## ပျံလွန်တော်မူ

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံအရပ်ရပ် မြို့နယ်ပြည်ရွာ ဒေသများနှင့် နိုင်ငံခြားများပါမကျန် လှည့်လည်၍ သာသနာပြုတော်မူရင်း ၁၂၈၅ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၁၅ ရက်၊ လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့ ၂ နာရီ ၃၀ မိနစ်အချိန်တွင် ပျဉ်းမနားမြို့၌ သီတင်းသုံးတော်မူစဉ် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

## မြေလျှောင်လျှပ်ခြင်း

ဆရာတော် နာမကျန်းဖြစ်၍ ၇ ရက်အကြာ လက်ဖက်ရည်ကြမ်း ဘုဉ်းပေးနေစဉ် မြေလျှင်လျှပ်သဖြင့် လူ့ပြည်လောကမှာ တရားဓမ္မလောက ဟောရတာ အားရလောက်ပါပြီ။ နတ်တွေ ဗြဟ္မာတွေကို တစ်လှည့်ဟောရန် အချိန်တော်ပေပြီ။ ဆရာတော်ဘုရားက အမိန့်ရှိတော်မူသည်။ ပျံလွန်တော်မူခါနီးတွင်လည်း ဒုတိယအကြိမ် မြေလျှင်လှုပ်ပြန်သည်။ ဆရာတော်ဘုရား ပျံလွန်တော်မူပြီး ၇ ရက်မြောက်သောနေ့တွင် ဦးလန်းတိုက်မှ ပျဉ်းမနားမြို့ ရန်အောင်ကုန်းမြင့်ရှိ(ယခုဆရာတော် ဦးဥက္ကဿ သီတင်းသုံးနေထိုင်သော ဒုတိယစံကျောင်းကုန်းမြေ) စံကျောင်းသို့ ပင့်ဆောင်သည်တွင်လည်း တတိယအကြိမ် မြေလျှင်တစ်ကြိမ် လှုပ်ပြန်သည်။

## ဆရာတော်ကြီး မှာကြားချက်

"ငါ ပျံတော်မူလို့ ၇ ရက်ပြည့်လျှင် မီးသင်္ဂြိုဟ်၊ ဘယ်သူ့ကိုမှ မတိုင်ပင်နှင့်၊ မင်းတစ်ဦးတည်းလုပ်"

ဟု ဆရာတော် ဘုရားကြီးက မှာကြားခဲ့၍ လုပ်လိုက်ရတာပဲ ၇ ရက် ပြည့်တဲ့နေ့ကတည်းက လုပ်မလို့ ကြံစည်သေးတယ်။ မအောင်မြင်တာနဲ့ နောက်မှ လုပ်ရတာပဲဟု ဘုန်းကြီးဦးနက ဖြေကြားသည်။ အခြားဆရာတော်တွေက ဝိုင်းမေးကြသည်။

"မီးသင်္ဂြိုဟ်ရာမှာ ကိုယ်တော်နှင့်အတူ မည်သူတွေပါသေးသလဲ" ဟု မေးမြန်းရာ-

"ဘယ်သူမှ မပါဘူး။ သမ္မာဒေဝနတ်များ အကူအညီနှင့် လုပ်လိုက်တာပဲ" ဟု ဖြေသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ် ထားရှိရာ အုတ်ဂူမှ အုတ်အချို့ ပြိုကျနေပြီး နတ်များ၏ ကူညီမှုဖြင့် အလိုအလျောက် တေဇောဓာတ် လောင်ကျွမ်းလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# လူ့ခန္ဓာကိုယ်မရှိတဲ့ အပေါ်ခြုံထည် သတ္တလစ်သက်န်းတော်ကြီးသာ ကြွင်းကျန်တော်မူခဲ့သော အံ့ဖွယ်ထူးခြား မုဒုံမြို့ ချုံးချုံးကျတောရ ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံအရပ်ရပ်ရှိ ထူးခြားသော ဆရာတော်ကြီးများနှင့် ရဟန္တာပုဂ္ဂိုလ်ကြီးများ

ဂျုံးဂျုံးကျ ဆရာတော်ကြီးသည် အံ့ဖွယ်တစ်မျိုး ထူးခြားနေသည်။ ဆရာတော်ကြီး ပျံလွန်တော်မမူခင်က စာတစ်စောင် ရေးသားထားခဲ့၏။ ဤစာမှာ အောက်ပါအတိုင်း ဖြစ်သည်။

"ဆရာသည် ဣရိယာပုတ်ပြောင်း၍ အသံခဓာတ် ပရမတ္ထမမ္မ အေးမြသော အရသာထူးကို ခံစားတော့သည်။ တပည့် သံဃာတို့နှင့်တကွ ဥပါသကာ ဥပါသိကာကြီးငယ်တပည့်တို့ ဤတရားလမ်းကို အားကိုးအားထားပြု၍ အာရုံရစ်ကြလေ မှာတမ်းစာ ပေးခဲ့သည်။ မပူဆွေးရစ်ကြနှင့်၊ စိတ်ကိုမြဲနိုင်ကြစေ"

ဟူသော မှတ်တမ်းတော် စာရေးသားကာ အပေါ်ခြုံထည် သင်္ကန်းလပ် သင်္ကန်းတော်ကို ကျိန်းစက်နေသည့်ဟန် အဓိဋ္ဌာန် ဖန်ဆင်းတော်မူပြီး မိမိခန္ဓာကိုယ်ကို ကိုယ်တော်တိုင် သိမ်းဆည်းကြွသွားတော်မူသော အစဉ်ကို ရေးသားဖော်ပြပေအံ့ ဟူ၍ ဆရာတော်ကြီး တပည့်ရင်းဖြစ်သော အရှင်ဝါယမက မှတ်တမ်းတင် ဖော်ပြခဲ့ပါသည်။

အလွန်အံ့ဖွယ်ကောင်းပါသည်။ ထိုအခါမှစ၍ ဂျုံးဂျုံးကျ ဆရာတော်ကြီး၏ သတင်းသည် မြန်မာပြည်ထက်အောက် တစ်ခွင် ကျော်ကြားခဲ့သည်မှာ ယခုထက်တိုင်ပင် ဖြစ်ပါသည်။ ယခုအခါမှာ ယခင်က သင်္ကန်းတော် မရှိတော့ပါ။ ဒုတိယကမ္ဘာစစ် အတွင်း ဂျပန်ခေတ်စစ်သားများ အဆောင်ကောင်းသည်ဟု ဆိုကာ ဖြတ်ညှပ်ယူသွားကြကြောင်း တစ်ဆင့်စကား သိရပါသည်။

## ထူးခြားဆန်းကြယ် အံ့ဖွယ်အတိ

ထူးခြားဆန်းကြယ် အံ့ဖွယ်အတိဖြစ်သော ဂျုံးဂျုံးကျ ဆရာတော်ကြီး၏ အကျဉ်းချုပ်မှာ ၁၂၅၃ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့တွင် တောထွက်တော်မူကြောင်း သိရှိရပါသည်။ ၁၂၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့တွင် အကြည်ဓာတ်တစ်မျိုး ချမ်းအေးလှစွာသော တရားထူးကို ရရှိတော်မူကြောင်း သိရပါသည်။ ၁၂၈၅ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့တွင် ထွက်ကြွတော်မူကြောင်း သိရှိရပါသည်။

ဖခမည်းတော် ဦးသာအေးနှင့် မယ်တော် ဒေါ်ဇာလီ တို့သည် မိမိတို့၏ ဇာတိရင်းနေရပ် အညာဒေသချောင်းဦးရွာမှ မွေးဖက်များရှိရာ ရန်ကုန်မြို့သို့ ခေတ္တနေထိုင်ရန်နှင့် ရွှေတိဂုံ စေတီတော်မြတ်ကို ဖူးမြော်ပူဇော်ရန် စုန်ဆင်းလာကြစဉ် ရန်ကုန် မြို့တွင် ဖွားမြင်ခြင်းဖြစ်သည်။ မယ်တော် ဒေါ်ဇာလီမှ သက္ကရာဇ် ၁၂၁၅ ခု ပြာသိုလပြည့်ကျော် ၈ ရက်နေ့ ညဉ့် ၂ ချက်တီးကျော် သောကြာနေ့သို့အဝင် မွန်းတည့်မတ်သောအခါတွင် ဖွားမြင်သန္ဓ စင်လေ၏။

## ငယ်မည် မောင်ရွှေပြား

မယ်တော် ခမည်းတော်တို့က "မောင်ရွှေပြား" ဟု အမည်သညာ ပေးကြလေသည်။ နောင်အခါ ဂျုံးဂျုံးကျတောရ မဟာထေရ်မြတ်ကြီး ဖြစ်လာပေတည်း။

ထိုသို့ မထေရ်မြတ်လောင်းလျာကို ဖွားမြင်ပြီးနောက် မယ်တော် ခမည်းတော်တို့သည် မောင်ရွှေပြားသူငယ် သင့်တင့် သောအရွယ်သို့ ရောက်သောအခါ အထက်အညာဒေသသို့ ဆန်တက်ပြီး ကနီမြို့ ဆင်စွယ်ရွာ၌ နေထိုင်ကြလေသည်။ မောင်ရွှေပြား ခုနစ်နှစ်အရွယ်သို့ ရောက်လတ်သော် ဆင်စွယ်ရွာ သို့ ဂေါစရဂါမ်(ဆွမ်းခံရွာ)ပြု၍ တောကျောင်း၌ သီတင်းသုံးနေ တော်မူသော ဆင်စွယ်ရွာ၊ ဆရာတော်ဘုရားကြီးထံ အပ်နှံခဲ့လေ သည်။ အသက် ၁၂ နှစ်သို့ ရောက်သောအခါ ဆင်စွယ်ရွာ ဆရာတော်ဘုရားကြီးထံတွင် ရှင်သာမဏေအဖြစ်သို့ ချီးမြှောက် တော်မူသဖြင့် သာမဏေအဖြစ်သို့ ရောက်ပေသည်။(သာမဏေ ရှင်သုဇာတသည် စာသင်သားတို့အား စာချရုံမျှဖြင့် တင်းတိမ် မနေဘဲ ရာဇဂုရုဆရာတော်ကြီးထံတွင် လျှို့ဝှက်သိပ်သည်း နက်နဲ ဆန်းကြယ်လှစွာသော နည်းနာနိဿယျများကို သင်ကြလေ သည်။ မန္တလေးမြို့၌ ရှင်ဝတ်နှင့် လေးဝါရရှိပြီးနောက် ရန်ကုန်မြို့ သို့ ရဟန်းခံရန် ကြွလာတော်မူခဲ့ပြီး မြေပိုင်ရှင် ဒါယကာ ကိုလွန်း ဒါယိကာမ မလှဆင်တို့၏ ပစ္စယာနုဂ္ဂဟ ကုသိုလ်တော်ကို ခံယူ ကာ သက္ကရာဇ်(၁၂၃၅)ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ကြာသပတေး နေ့ နံနက် စက်နာရီ ၉ နာရီနှင့် မိနစ် ၃၀ အချိန်၊ ရန်ကုန်မြို့ အင်းယားဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ရဟန်း အဖြစ်သို့ ရောက်ရှိခဲ့လေသည်။




www.burmeseclassic.com

www.burmeseclassic.com



# ရဟန္တာအရှင်မြတ်ကြီး ညောင်လွန့်တောရ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံအရပ်ရပ်ရှိ ထူးခြားသော ဆရာတော်ကြီးများနှင့် ရဟန္တာပုဂ္ဂိုလ်ကြီးများ

ညောင်လွန့်ဆရာတော်ကြီးသည် ရဟန္တာအရှင်မြတ်ကြီးဖြစ်ကြောင်း မျက်မှောက်ခေတ် သာသနာ့သမိုင်းတွင် မော်ကွန်းထိုးကြပါသည်။

၁၂၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်နေ့ နံနက် ၃ နာရီအချိန် ညောင်လွန့်တောရဝတ်ရုံကျောင်းကြီးပေါ်ရှိ ကြိမ်ထုလားထိုင်ခေါ်းတွင်(ပထမ မဂ်ဖိုလ်ရတော်မူ၏)။

၁၂၈၂ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်နေ့ ညဦး ၁၁ နာရီအချိန် အဆိုပါ ဝတ်ရုံကျောင်းပေါ်ရှိ စာချသော အခန်းတွင်းတွင် (ဒုတိယ မဂ်ဖိုလ်ကို ရတော်မူသည်)။

၁၂၈၂ ခုနှစ်၊ နယုန်လဆုတ် ၅ ရက်နေ့ နံနက်အရုဏ်တက်ခါနီး ၄ နာရီခန့်အချိန် အရှေ့ဘက်၊ ကမ္မဋ္ဌာန်းချောင် ယခုရုပ်ပွားတော်ကြီး၏ အရှေ့ဘက်၌ရှိသော ရုံပိုင်ကြီးကျောင်း(ခေါ်)ဖန်ခါးပင်ကျောင်းပေါ်တွင် (တတိယမဂ်ဖိုလ်ကို ရတော်မူသည်)။

၁၂၈၂ ခုနှစ်၊ နယုန်ဆုတ် ၇ ရက်နေ့ နံနက်အရုဏ်တက် ၄ နာရီခွဲခန့် ပထမ မိုးနံကုန်းဆရာတော်ဘုရားကြီး၏ အရိုးအိုးစေတီတော်ရှေ့ရှိ အာရုံခံတန်ဆောင်း အုတ်နံရံကိုမှီ၍ ခြောက်လုည့်လျက် (စတုတ္ထမဂ်ဖိုလ်ကို ရတော်မူ)၍ ရဟန်းကိစ္စပြီးဆုံးတော်မူသည်။

## မြင်းခြံစွန်းလွန်းဂူကျောင်းဆရာတော် ဦးကဝိ၏ တစ်ထစ်ချ ဆုံးဖြတ်ချက်

ညောင်လွန့်တောရ ဆရာတော်ကြီး ပရိနိဗ္ဗာန်ဝင်စံတော်မူစဉ်ကာလ ၁၂၉၅ ခုနှစ်၊ နယုန်လ၊ ညောင်လွန့်တောရသို့ ရှာပနက်စွတွင် ကြွရောက်လာသော မြင်းခြံ စွန်းလွန်းဂူကျောင်းဆရာတော် ဦးကဝိနှင့် အကြောင်းအရာ ဆွေးနွေးတိုင်ပင်စဉ်က တစ်ကြိမ်။ ထို့နောက် ၁၂၉၅ ခုနှစ်၊ တပေါင်းလတွင် မြင်းခြံ စွန်းလွန်းဂူကျောင်း အလည်အပတ်ကြွရောက်၍ ဆရာတော် ဦးကဝိနှင့် ညောင်လွန့်တောရဆရာတော်၏ အကြောင်းအရာကို ဆွေးနွေးတိုင်ပင်စဉ်က တစ်ကြိမ်၊ ဆရာတော် ဦးကဝိကိုယ်တိုင်ပင် ကျေးဇူးတော်ရှင် ညောင်လွန့်တောရဆရာတော်ဘုရားကြီးသည် ကေန်အမှန်စင်စစ် ရဟန်းကိစ္စပြီးကြောင်းကို တစ်ထစ်ချ ဆုံးဖြတ်ပြောဆိုတော်မူခဲ့ဖူးလေသည်ဟု သိရပါသည်။

## ခြေဖဝါးတော်မှ စက်လက္ခဏာတော်

ဆရာတော်အား ၁၂၂၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့ ညဦးတစ်ချက်တီးကျော် ၄ နာရီအချိန်တွင် မိဗ္ဗီလာပြီး အနောက်ဘက်အိုင်ရွာတွင် ခမည်းတော်ဦးမှတ်၊ အမိ မယ်တော်ခေါ်ကိုတို့၏ ကြာဝမ်းတိုက်မှ မီးရှူးသန့်စင်ဖွားမြင်တော်မူပါသည်။ ခြေဖဝါးတော်မှ စက်လက္ခဏာတော်၊ မျက်မြင်သက်သေ ညောင်လွန့်ဆရာတော်ဘုရားကြီး၏ ခြေဖဝါးတော်က စက်လက္ခဏာကွက်ကြီးကို မျက်မြင်ကိုယ်တွေ့ ကြုံရသည့်အတိုင်း မှတ်တမ်းတွင် ပါရှိပါသည်။ ဆရာတော်လောင်းလျာအရွယ်ရောက်လာသော် ဆရာတော်ကြီး ဦးကေသသာရအထံတော်၌ပင် ရဟန်းတို့၏ ကျင့်ဝတ်ဖြစ်သော ဒွေမာတိကာ၊ ခုဒ္ဒသိက္ခာ စသော ဝိနည်းကျမ်းငယ်များကို သင်ယူကုန်ဆုံး တတ်မြောက်တော်မူလေသည်။ ရဟန်း ၅ ဝါအရွယ် ပျော်ဘွယ်မြို့ အရှေ့တောင်တစ်မိုင်ခန့်အကွာ မိုးနံကုန်းရွာကျောင်း မိုးနံကုန်းဆရာတော်ဘုရားကြီးအထံတော်သို့ ကြွရောက်သီတင်းသုံး နေထိုင်တော်မူလေသည်။ ညောင်လွန့်ဆရာတော်သည် မိုးနံကုန်း ဆရာတော်ကြီးထံတွင် စာပေကျမ်းဂန်များ ပေါက်မြောက်အောင်မြင်တတ်သိတော်မူခဲ့ကြောင်း သိရပါသည်။

## တောထွက်တော်မူ

ညောင်လွန့်ဆရာတော်ကြီးသည် ရဟန်းသိက္ခာဝါတော် ၂၀ ရရှိပြီးသည့်နောက် ရှမ်းရွာအနောက် မင်းလိုတောင်ပေါ်သို့ တောထွက်တော်မူခဲ့ကြောင်း သိရပါသည်။

## ခန္ဓာဝန်ချတော်မူ

၁၂၉၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်နေ့ ညဦး ၁၁ နာရီတွင် ဇုတ်တုတ်ထိုင်တော်မူရင်း ပုတီးကိုင်တော်မူကာ အနုပါဒိသေသ နိဗ္ဗာန်ဓာတ်ဖြင့် ချုပ်ငြိမ်း၍ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်စံတော်မူလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# သေကျွတောင် ဆရာတော် ဦးတိလောက





www.burmeseclassic.com

www.burmeseclassic.com



သမာဓိအလွန်ရင့်ကျက်လာသော ဦးတိလောကသည် သက္ကရာဇ် ၁၂၅၉ ခုနှစ်မှစ၍ လယ်တီတောရကျောင်းတိုက်မှ ထွက်ခဲ့သည်။ ၎င်းနောက် အထက်အညာချင်းတွင်းမြစ်ဖျားအရပ် သို့ ကြွရောက်၍ တရားအားထုတ်ခဲ့သည်။ ၎င်းနောက် ငှက်ဖျားထူသောအရပ်များကို စွန့်ခွာလျက် တစ်တောဝင် တစ်တောင် ထွက်ဖြင့် ကျင့်ကြံအားထုတ်ခဲ့ရာ နောင်သောအခါတွင် ကျိုက်ထိုမြို့၏ အရှေ့မျက်နှာစာ မနီးမဝေးတွင်တည်ရှိသော "သေကျွပဗ္ဗတ" မည်သော သေကျွတောင်သို့ ရောက်လာသော အခါမှာလည်း သုံးစံအတိုင်းပင် ဦးတိလောကသည် နေ့မသိ ညမသိ တရား ကိုသာ တွင်တွင်ကြီး အားထုတ်ခဲ့လေသည်။ ထိုတောင်ပေါ်တွင် သက်ကယ်မြက်မိုး ဝါးကျောင်းကလေးတစ်ဆောင် ဆောက်လုပ် ခဲ့ကြောင်း။ ထိုဝါးကျောင်းမှာပင် ထူးထူးကဲကဲ အားထုတ်ခဲ့ကြောင်း သိရပါသည်။ ဆွမ်းအာဟာရကိုဖြတ်လျက် မတ်မတ်မှ လဲလုမျှ ကျင့်ကြံအားထုတ်ခဲ့ကြောင်း သိရပါသည်။

## ဤအုတ်ဂူထဲမှ ရှာန်တန်နိုးဖြင့် ထွက်အံ့ဟု ကြုံးဝါးတော်မူ

ထိုတောရတွင် နှစ်ခန်းကျောင်း အုတ်တိုက်တစ်တိုက် ရှိ၏။ ထိုအုတ်တိုက်၏ ဝင်ပေါက်ထွက်ပေါက် တံခါးပေါက်ကို အုတ်အင်္ဂတေဖြင့် အသေပိတ်ပြီးလျှင် ငါသည် ဈာန်ရမှ ဤအုတ်ဂူထဲမှ ဈာန်တန်ခိုးဖြင့် ထွက်အံ့ဟု ကြုံးဝါးတော်မူခဲ့ကြောင်း သိရပါသည်။ ထိုကျောင်းတွင် ဆွမ်းတစ်နပ်မျှသာ ဘုန်းပေးကြောင်း၊ သိရပါသည်။ ညောင်းညာလျှင်လည်း ထိုကျောင်းတွင် စင်္ကြံလျှောက်၏။ ထိုကျောင်းတွင်ပင် ဆွမ်းအုပ်သွင်းရန် အပေါက် တစ်ခု ရှိ၏။ ၎င်းပြင် ကျင်ကြီးကျင်ငယ်စွန့်ရန် အပေါက်တစ်ခု ရှိ၏။ အခြားအပေါက် မရှိဟု သိရပါသည်။ ဤသို့ တစ်နှစ်တိတိ ကျင့်ကြံအားထုတ်ခဲ့ကြောင်း သိရပါသည်။ ထိုသို့အားထုတ်၍ တစ်နှစ်ကြာသောအခါ မုံရွာမြို့ လယ်တီဆရာတော်ဘုရားထံသို့ စာတစ်စောင် ရေးသားလျှောက်ထားခဲ့ပါသည်။

ထိုစာတွင် "တပည့်တော်သည် ယခုနေအခါ အမှီသဟဲ ရခဲ့ပါလျှင် ရဟန်းကိစ္စ ချောမောပါတော့မည်" ဟု ပါရှိကြောင်း သိရပါသည်။ လယ်တီဆရာတော်ဘုရားကြီးသည် ဦးတိလောက၏ လျှောက်လွှာအရ လယ်တီတောရတိုက်မှ တပည့် နှစ်ဦးနှင့်အတူ ကျိုက်ထိုမှတစ်ဆင့် "သေကျွတောင်" ပေါ်သို့ ကြွလာ၏။ ထိုတောင်မှာပင် လယ်တီဆရာတော်ကြီးကလည်း တရားအားထုတ်ပြတော်မူသည်။ ထိုသို့ တရားအားထုတ်ရာတွင် တစ်နေ့သောအခါ ကြမ်းပေါ်မှ နှစ်တောင်လောက်မြင့်တက်လျှင် ဈာန်ပျံနေသည်ကို မျက်ဝါးထင်ထင် ဖူးတွေ့ရခဲ့သည့် မှတ်တမ်း ရှိလေသည်။ ဆရာတော် ဦးတိလောက တောရဆောက်တည် ရာတွင် ဆင်ရိုင်းများ၊ မြွေဆိုးများ၊ သရဲမကြီးများတို့နှင့် တွေ့ကြုံခဲ့၍ မေတ္တာဖြင့် အောင်မြင်ခဲ့လေသည်။

## ဆရာတော်၏ဇာတိ

ဆရာတော်လောင်းလျာကို သန္တိရွာမှ ခမည်းတော် ဦးတက်ဖြိုး၊ မယ်တော် ဒေါ်သီတို့မှ သက္ကရာဇ် ၁၂၃၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ စနေနေ့ ညနေ ၃ ချက်တီး အချိန်၌ မွေးဖွားသန့်စင်ခဲ့ပါသည်။ ငယ်မည်မှာ မောင်ထွန်းဝ ဖြစ်သည်ဟု သိရပါသည်။ သက္ကရာဇ် ၁၂၅၃ ခုနှစ်၊ နယုန်လတွင် ငှက်ပျောတောဆရာတော် ဦးဇဝနအား ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းဖြစ် လေသည်။ ဦးဇဝနသည် တိပိဋကပုဂ္ဂိုလ်ထူး ဖြစ်သည်ဟု ဆိုပါသည်။ ၁၂၅၃ ခုနှစ်၊ ဝါဆိုလတွင် ပညာရှာဖွေရန် ထွက်ခဲ့ရာ လယ်တီဆရာတော်ဘုရားကြီးရှိရာ မုံရွာသို့ ထိုနှစ်တွင် ရောက်ခဲ့ကြောင်း သိရလေသည်။ လယ်တီရောက်ပြီး ဦးတိလောကသည် ပဒရူပသိဒ္ဓိ၊ သဒ္ဒနီတိ စသော ဗျာကရဏ်းကျမ်းကြီးများနှင့်တကွ နိကာယ်ငါးရပ်တို့ကို သင်ကြား၍ ကျမ်းကြီးပေါက်ခဲ့သည်။

## ခန္ဓာဝန်ချခြင်း

ဆရာတော် ဦးတိလောကသည် တောအရပ်ရပ် တောင်အရပ်ရပ်သို့ လှည့်လည်၍ တရားအားထုတ်တော်မူရင်း သက္ကရာဇ် ၁၂၉၃ ခုနှစ် ကျိုက်ထိုမြို့နယ် သေကျွတောင်၌ပင် ပျံလွန်တော်မူသွားလေသည်။




www.burmeseclassic.com

www.burmeseclassic.com



# မိုးညှင်းသမ္ဗုဒ္ဓေ ကိုယ်တော်မြတ်ကြီး





www.burmeseclassic.com

www.burmeseclassic.com



မုံရွာမှ ၆ မိုင်အကွာလောက်တွင် မြွေဆိုးထူထပ်လှသော ကျောင်းဟောင်းကြီးတစ်ခု အောင်သာရွာနှင့် မြေနဲရွာ အကြားတွင် တည်ရှိလေသည်။ လယ်တီဆရာတော်ကြီးက ပို့လိုက်သဖြင့် ဦးသုမနသည် ထိုနေရာသို့ ရောက်ရှိလာလေသည်။ ထိုနေရာသည် မိုးညှင်းတောရဟု နောင်အခါ ဟိုးဟိုးကျော်ကြား လာမည့်နေရာ ဖြစ်လေသည်။ ထိုနေရာတွင် တစ်ပါးတည်း နေရ၏။ လွင်တီးခေါင်၌ အမိုးအကာမရှိ နေရသည်။ နေ့ရောညပါ အိပ်စက်ခြင်းမပြု။ ကျောခင်း၍ပင် ကိုယ်မဆန့်၊ စကားမပြောရ။ အဓိဋ္ဌာန် ၇ ရက်လီ လီ၍ လီ၍ အဓိဋ္ဌာန်၏ ၁၀ နှစ်တိတိ မိဋ္ဌာန်၏။

## နွားရိုင်းနှင့်တွေ့ခြင်း

တစ်နေ့သောအခါ ရွာထဲတွင် ဆွမ်းခံကြွတော်မူရာ နွားသိုးရိုင်းတစ်ကောင်သည် ရှေ့တည့်တည့်မှ ရင်ဆိုင်ပြေးလာသောကြောင့် လူအများမှာ ထိတ်လန့်လျက် "မိုးညှင်းကိုယ်တော်လေး…နွား နွားတိုက်ပါလိမ့်မယ် ဖယ်ပေးတော်မူပါဘုရား" ဟု ဝိုင်းအော်ကြလေသည်။ ထိုအခါ ကိုယ်တော်လေးက ဒီဝတ်ကို အပျက်ခံပြီး ထွက်ပြေးလျှင် သေတာနဲ့အတူတူပဲဟု ဆုံးဖြတ်ကာ ဆက်လက်၍ ကြွမြဲ ကြွသွားလေသည်။ နွားရိုင်းကြီးသည် ရှေ့တည့်တည့်သို့ ရောက်သောအခါမှာ တစ်ယောက်က ဆီး၍ ရိုက်လိုက်ဘိသကဲ့သို့ ချာခနဲလှည့်ကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့လေသည်။

## မြွေဆိုးနှင့်တွေ့ခြင်း

တစ်နေ့သောအခါ ဆွမ်းခံကြွလာပြန်ရာ မြွေဆိုးတစ်ကောင်သည် ခေါင်းထောင်လျက် စောင့်နေလေသည်။ လူအများက မောင်းနှင်သော်လည်း မရသဖြင့် "ရှေ့မှာ မြွေဆိုးကြီးပါဘုရား။ နောက်ဆုတ်တော်မူပါ" ဟု လျှောက်ထားသော်လည်း ကိုယ်တော်က ရှေ့သို့တိုး၏။ ရှေ့တည့်တည့် တစ်တောင်လောက်အကွာတွင် မြွေကပင် လမ်းရှောင်ပေးရပြန်သည်။

## လယ်တီဆရာတော်၏ အမိန့်တော်

လယ်တီဆရာတော်ကြီး၏ လမ်းညွှန်သည့်အတိုင်း ထိုကိုယ်တော်သည် ဝိပဿနာစရဏကို မနားမနေ အားထုတ်တော်မူလေသည်။ ၁၂၈၃ ခုနှစ်၊ ဝါဆိုလတွင် ၁၀ နှစ် အဓိဋ္ဌာန်ပြည့်တော်မူ၏။ တရားထူးလည်း ပေါက်တော်မူ၏။ ထိုနှစ် သီတင်းကျွတ်လတွင် လယ်တီဆရာတော်ကြီးကို သွားရောက်ကန်တော့သောအခါ ဆရာတော်ကြီးက သာဓုသုံးကြိမ် ခေါ်တော်မူလေသည်။ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသည်။ ထိုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကို ရန်ကုန်မြို့ကြီး ပထမဆုံးအကြိမ် ခံလိုက်ရလေသည်။ ထိုအခါ မိုးညှင်းတောရကျောင်းကြီးတွင် စစ်ခိုနေသော ယောဂီများ၊ တစ်ထောင် နှစ်ထောင်မက ရှိနေလေသည်။ ဗုံးကျင်းမတူးရ၊ တံရားကို ကြပ်ကြပ်နှလုံးသွင်းရမည်။ ဒါမှ ဘုရားတပည့်အရိယာသာဝက ဖြစ်မည်ဟု ကိုယ်တော်ကြီးက ဆုံးမတော်မူလေသည်။ ထိုအခါ သမ္ဗုဒ္ဓေစေတီကလည်း တည်နေဆဲကာလပင် ဖြစ်လေသည်။ ဗုံးသုံးလုံးတိတိကျ၏။ မပေါက်မကွဲ သဲထဲစိုက်လျက် နစ်နေလေသည်။

## ဆရာတော်၏ ဇာတိ

ဆရာတော်သည် ဟံသာဝတီခရိုင်၊ သန်လျင်မြို့နယ်ရှိ ဖားကူးရွာဝင်းခရွာအနီးက ဂုံညှင်းစုအမည်ရှိသော ရွာသားဇာတိဖြစ်သည်။ ၁၂၃၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ သောကြာနေ့ နံနက် ၈ နာရီတွင် ဖွားတော်မူသည်။

မိုးညှင်းသမ္ဗုဒ္ဓေလောင်းလျာ အရှင်သုမနကိုယ်တော် ပထမဆုံး တောရဆောက်တည်သောအခါ သိက္ခာ(၁၇)ဝါ ရပြီးဖြစ်ကြောင်း သိရပါသည်။ ထိုအချိန်၌ မန္တလေးနေပြည်တော်ကြီးကို ကျောခိုင်း၍ မြစ်ငယ်မြို့မှတစ်ဆင့် အဲဗျမကွရာတောရစခန်းဆီသို့ တစ်ပါးတည်း လှမ်းထွက်တော်မူခဲ့ပါသည်။ ဆရာတော်ကြီးသည် သာသနာပြုတော်မူရင်း ၁၃၂၆ ခုနှစ်၊ တော်သလင်းလဆုတ် ၈ ရက်နေ့၊ ညနေ ၆ နာရီတွင် ပျံလွန်တော်မူသွားပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# အင်းလေး ရွှေဥဒေါင်းတောင် ဆရာတော်ဘုရားကြီး





www.burmeseclassic.com

www.burmeseclassic.com



ရွှေဥဒေါင်းတောင်ဆရာတော် ဦးကုမာရသည် ရဟန္တာအရှင်မြတ် ညောင်လွန့်ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်ခြင်း ဟူသောဂုဏ်၊ ထိုညောင်လွန့်တောရကျောင်းဆရာတော်ထံတွင် မေတ္တာကမ္မဋ္ဌာန်းပွားနည်း၊ သမထဝိပဿနာတရား ကျင့်ကြံ အားထုတ်နည်းတို့ကို ၈ လကြာမျှ နည်းနာခံယူခဲ့လေသည်။ သမထဝိပဿနာကမ္မဋ္ဌာန်းတရား ကျင့်ကြံအားထုတ်ပုံ အားထုတ် နည်းနှင့် စပ်လျဉ်း၍လည်း ညောင်လွန့်တောရ ဆရာတော်ဘုရားကြီးက မည်ကဲ့သို့ သင်ကြားပေးကြောင်းကို ရွှေဥဒေါင်းတောင် ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း နောင်လာနောက်သားများအား နည်းပေးခဲ့ပါသည်။

## ရှုမှတ်နည်းတစ်နည်း

ဦးပဥ္စင်း ဦးကုမာရ ဝိပဿနာရှုပွားတဲ့အခါ အမြန်ဆုံး ဉာဏ်ပွင့်နိုင်တာက ခန္ဓာငါးပါးထဲက တစ်ပါးပါးကိုသာ အာရုံစိုက် ရှုမှတ်တဲ့ ဘုံကျဉ်းဖြစ်တယ်။ ခန္ဓာငါးပါးထဲက နှစ်ပါး သုံးပါး ရှုမှတ်လျှင် ဘုံလတ်ဖြစ်တယ်။ ခန္ဓာငါးပါးစလုံး ရှုမှတ်လျှင် ဘုံကျယ်ဖြစ်သွားတယ်။ တရားရှုမှတ်တယ်ဆိုတာ မိမိဉာဏ်နှင့် အံဝင်ခွင်ကျဆန်ခတ်အဖြစ် အမြန်ဆုံး ဉာဏ်ပွင့်နိုင်သည်ဟူ၍ ဆရာ့ရှင် ညောင်လွန့်တောရဆရာတော်ကြီးက အမိန့်ရှိခဲ့သည်။

## သက်န်းအပြင်ကို သစ်စေးများသုတ်၍ နိုးရေထဲ တရားထိုင်

ဆရာတော်သည် တရားထိုင် ဘာဝနာပွားသည့်အခါ ထိုင်းလိုလို မှိုင်းလိုလို မိုးနှင့်တိုးပြီး ရွဲရွဲစိုနေသောအခါ ကျန်းမာရေးငဲ့ပြီး မိုးတွင်းကာလတစ်လျှောက်လုံး တရားဆက်ထိုင်ရန် နည်းလမ်း ရှာရလေသည်။ မိမိသင်္ကန်းတစ်ဖက်(အပြင်)ပိုင်းကို သစ်စေးများ သုတ်၍ တစ်ကိုယ်လုံး လွှမ်းခြုံပြီး တရားထိုင်ရလေသည်။

## မှက်၊ ခြင်တို့ကြောင့် မယားခြင်းအံ့ဖွယ်

အင်းလေးတစ်ကြောမှ ခြင်ကောင်မှာ အကောင်ကြီး အစင်းပြင်းသော ခြင်မျိုးဖြစ်သည်။ ကိုက်တွယ်ခံရလျှင် အသည်း နှိုက်လောက်အောင် နာကျင်သည်။ ဤသို့တိုင်အောင် ဆရာ တော်က မလှုပ်၊ မပုတ်၊ မခြောက်၊ မလှန့်ဘဲ မိမိအမိဋ္ဌာန် အတိုက်မခံပေ။ အကောင်မျိုးစုံတို့သည် ဆရာတော်၏ လက်ဖျား ခြေဖျားနှင့် မျက်နှာ၊ လည်ပင်းတို့တွင် သည်းသည်းမည်းမည်း ကိုက်တွယ်တတ်ကြပေသည်။ တရားရှုမှတ်နေစဉ် ကိုက်တွယ် ကြသော်လည်း၊ တရားထိုင်ပြီးသည့်အချိန်တွင် နာသည်မရှိ၊ ယားယံခြင်းမရှိ၊ ဒဏ်ရာအနာတရလည်း မဖြစ်ပူးကြောင်း သိခဲ့ ရသည်။

## ရွှေဥဒေါင်းတောင်ဆရာတော်ကြီး၏ ၂၄ နာရီလုံး အသုံးချနည်း

ညနေ ၆ နာရီမှ ၉ နာရီတိတိ ဘုရားဝတ်ပြု မေတ္တာ ဘာဝနာပွား၍ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည်။ ညဉ့်ဦးယံ ၉ နာရီမှ သန်းခေါင်ယံ ၁၂ နာရီအထိ သုသာန် (သင်္ချိုင်း)သို့သွား၍ အသုဘကမ္မဋ္ဌာန်း ထိုင်တော်မူသည်။ သန်းခေါင်ယံ ၁၂ နာရီမှ အရုဏ်ဦး ၃ နာရီထိ ရွှေဥဒေါင်းတောင် သို့ ပြန်ကြွ၍ ကျိန်းစက်အနားယူတော်မူသည်။ အရုဏ်ဦး ၃ နာရီထိ ရွှေဥဒေါင်းတောင်သို့ ပြန်ကြွ၍ ကျိန်းစက်အနားယူတော် မူသည်။ အရုဏ်ဦး ၃ နာရီမှ နံနက် ၆ နာရီ ဘုရားဝတ်ပြု၍ မေတ္တာဘာဝနာပွား၍ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်တော် မူသည်။ ဆရာတော်ကြီး တောရဆောက်တည်ရာတွင် ကျားရဲ၊ ကျားသစ်၊ ဥဒေါင်းများ၊ တစ္ဆေသရဲများနှင့် ထူးဆန်းသော ကလေးငိုသံ စသည်တို့ တွေ့ကြုံခဲ့ရပြီး မေတ္တာကမ္မဋ္ဌာန်းဖြင့် အောင်မြင်ခဲ့လေသည်။

## ဆရာတော်၏ဇာတိ

အောင်ပန်းမြို့ မြောက်ဘက် နောင်ရဲကျေးရွာ ရှမ်းတရဲ အမျိုးသား ဦးခိုင်နှင့် ဒေါ်အွတ်တို့မှ သက္ကရာဇ် ၁၂၅၃ ခု၊ ပြာသိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့အကူး ညဉ့်သန်းခေါင်လွန် ၂ ချက်တီးကျော်အချိန်တွင် မွေးဖွားသန့်စင်၍ သားသမီး ၉ ယောက်ထဲမှ အငယ်ဆုံးသား ဖြစ်လေသည်။ ဆရာတော် လောင်းလျာ အရွယ်ရောက်လာသော် ခင်ပင်ကျောင်းဆရာတော် ဦးသာဂရထံ အပ်နှံပြီး ကိုရင်ဝတ်၍ ပရိယတ္တိအခြေခံစာပေများ သင်ကြားပါသည်။ သက္ကရာဇ် ၁၂၇၃ ခုနှစ် အသက် ၂၀ ပြည့် သောအခါ မိဘများနှင့် ဒကာဖူး စသော ဒါယကာလေးဦးတို့က စတုပစ္စယဒါယကာများအဖြစ် ခံယူကြပြီးလျှင် ဦးနန္ဒိယမထေရ် ကြီး ဦးပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့အမည်မှာ အရှင်ကုမာရ ဖြစ်လေသည်။ ဆရာတော်သည် အနှစ် ၆၀ ကျော်ကျော် သာသနာပြုတော်မူ၍ သက္ကရာဇ် ၁၃၄၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်နေ့ ညဉ့်(၁၀း၄၅)နာရီအချိန်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားလေသည်။




www.burmeseclassic.com

www.burmeseclassic.com



# ရာကျော်ဆရာတော်ဘုရားကြီး ဦးဒေဝသဒ္ဓမ္မကိတ္တိ ထွဋ္ဌာသယလွယ်အိတ်တစ်လုံးဖြင့် စေတီဘုရားများတည်



www.burmeseclassic.com

www.burmeseclassic.com



ရာကျော်ဆရာတော်ဘုရားကြီးသည် မူလက အင်းစိန်ကြို့ကုန်းရှိ ကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်လျက် ရှိပါသည်။ လွတ်လပ်ရေးရပြီး နှစ်နှစ် သုံးနှစ်လောက်က သောင်းကျန်းသူအချို့သည် အင်းစိန်အထိ ရောက်ရှိနေသောအချိန်ဖြစ်သည်။ ဆရာတော်ဘုရားကြီးက ရင်ကပ်သား ၉ ချောင်း ရှာခိုင်းကြောင်း။ ၄င်း ၉ ချောင်း ရသောအခါ ထိုရင်ကပ်သား ၉ ချောင်းကို ချွန်ခိုင်းကြောင်း ဓာတ်ဘုရားတည်မည်ဟုဆိုကြောင်း။ ထို့နောက် ဆရာတော်ကြီးသည် ဉာဏ်တော် ၉ တောင် ၉ ထွာ ၉ လက်မ ရှိသော ဓာတ်ဘုရားကို တည်တော်မူကြောင်း၊ နံနက် ၉ နာရီ ၉ မိနစ် ၉ စက္ကန့်တွင် ပန္နက်ရိုက်ရန်မှာကြောင်း သိရှိရပါသည်။ ထိုအခါ ရာကျော်ဆရာတော်ဘုရားကြီး၏ အံ့စီအမံအတိုင်း အုတ်သား ဘိလပ်မြေတို့ဖြင့် ဉာဏ်တော် ၉ တောင် ၉ ထွာ ၉ လက်မ ရှိသော စေတီဘုရားတည်၍ ထီးတော်တင်ခဲ့ကြောင်း သိရပါသည်။

ဤဓာတ်စေတီဘုရား တည်ပြီးနောက်တွင် ရန်ကုန် အင်းစိန်တွင် သောင်းကျန်းနေသော သူပုန်များ တဖြည်းဖြည်း ပျောက်သွားပါသည်။ ရာကျော်ဆရာတော်ဘုရားကြီး လက်ထက်က ဓာတ်ပန္နက်စိုက်ထူခဲ့ရာ နေရာများနှင့် ရာကျော်ဆရာတော်ဘုရားကြီးလက်စွဲ အောင်ထူးဆန်း ဂါထာတော်မြတ်ကြီး အကြောင်းကိုလည်း တပည့်များက အသေအချာ ဖော်ထုတ်သဖြင့် ကျင့်စဉ်လက်စွဲများလည်း မှတ်သားရပါသည်။

## မြန်မာပြည်အနှံ့တွင် ဣစ္ဆာသယလွယ်အိတ်တစ်လုံးဖြင့် စေတီဘုရားများတည်

ရာကျော်ဆရာတော်ဘုရားကြီးသည် မြန်မာပြည် အနှံ့အပြားတွင် ဣစ္ဆာသယ လွယ်အိတ်တစ်လုံးဖြင့်(ထူးခြားစွာ) စေတီဘုရားပေါင်းများစွာကို တည်ထားပြီး သာသနာပြုခဲ့ပါသည်။

ကုန်းဘောင်ခေတ်ဦးပိုင်းက လောကီပညာများ ထွန်းကားတွင်ကျယ်ခဲ့ရာတွင် ကုန်းဘောင်ခေတ်ဖွား ရာကျော်ဆရာတော်ကြီးသည် လောကီပညာဘက်၌ တစ်ဖက်ကမ်းခတ် နှံ့စပ်ခဲ့သည်။ ဆရာတော်ကြီးနှင့် တွေ့ကြုံခဲ့ရသော တပည့်သာဝကအပေါင်းတို့သည် ဆရာတော်ကြီး၏ အံ့ဖွယ်ထူးခြားသော သာဓကများစွာတို့နှင့် တွေ့ကြုံသူများ များစွာရှိလေသည်။

ရာကျော်ဆရာတော်ဟု ခေါ်ဆိုကြသော်လည်း ဘယ်နရာကျော်မှန်း မည်သူမှ မသိချေ။ ရာကျော်ဟုကျော်၍ အသေအချာ မေးမြန်းစစ်ဆေး မှတ်သားသူတို့ကောင်းမှုကြောင့် ရာကျော်ဆရာတော်ဘုရားကြီး၏ မွေးသက္ကရာဇ်ကို အထောက်အထားတို့ဖြင့် မှတ်သားရပါသည်။ ရာကျော်ဆရာတော်ဘုရားကြီးကိုယ်တိုင်မိန့်တော်မူချက်ဖြစ်၏။

အေဒီ ၁၉၄၆ ခုနှစ်က ကြို့ကုန်းလမ်းဆုံ၊ အနောက်ဘက်ခြမ်းရှိ ဘုရား(စေတီငယ်)ကလေးများဖြင့် ဝန်းပတ်လည်ထားသော ရာကျော်ဆရာတော်ကြီးကျောင်းတွင် တစ်နေ့သော နံနက်၌ ဆရာတော်ကြီးအခေါ် မောင်အောင်မင်းခေါင်ကြီးတို့နှင့် ဆရာတော်ကြီး တွေ့ဆုံကြရာတွင် မိန့်ကြားတော်မူသော စကားတော်အရ အင်းဝခေတ်က မောင်အောင်၊ မောင်ဝိုင်း(ဘိုးတော်ဝိုင်း)တို့နှင့် ငယ်သူငယ်ချင်း သုံးယောက်ရှိခဲ့ကြောင်း။ တစ်ဦးက ရဟန်းဘဝနှင့်ဖြစ်ကြောင်း ထိုရဟန်းမှာ မိမိ(ဆရာတော်ကြီး)ဖြစ်ကြောင်းဖြင့် ရှင်းလင်းမိန့်ကြားတော်မူခဲ့သည့် မှတ်တမ်းရှိပါသည်။

ရာကျော်ဆရာတော်ဘုရားကြီး ဦးသဒ္ဓမ္မဒေဝကိတ္တိသည် မြန်မာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ခရစ်နှစ် ၁၉၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီ ၁၈ မိနစ်တွင် ပျံလွန်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# နတ်စင်တစ်ရာ ဆရာတော် ဦးဒေဝံတောမိဇ
# သက်တော် ၁၀၉ နှစ်၊ ဝါတော် ၉၀ သက်တော်ရှည်





www.burmeseclassic.com

www.burmeseclassic.com



နတ်စင်တစ်ရာ ဆရာတော်ကြီး၏ မွေးသက္ကရာဇ်ကို အတိအကျ မသိရပေ။ ဆရာတော်ဘုရားကြီး၏ မွေးဖွားရာသည် [illegible]ဟူ၍သာ သာမန်သိရှိရပါသည်။ သို့သော် သက်တော် ၁၀၉ နှစ်တွင် ပျံလွန်တော်မူသဖြင့် ဆရာတော်ကြီး ၏ [illegible]မှာ အေဒီ ၁၈၆၃ ဖြစ်ကြောင်း သိရှိနိုင်ပါသည်။ ဆရာတော်ဘုရားကြီး၏ ခမည်းတော်နှင့် မယ်တော်များ၊ ဆရာ [illegible] သာသနာ့ဘောင်သို့ ရောက်ရှိလာပုံများကိုလည်း မသိရပါ။

ဆရာတော်ကြီး၏ တပည့်အရင်းများမှာ အလွန်လူသိ များသော ရဟန်းထူး ပုဂ္ဂိုလ်ထူးများ ဖြစ်ပါသည်။ နာမည်ကြီး [illegible]ပြုပုဂ္ဂိုလ်အကျော် ဆေးဝက်ပါဆရာတော် ဦးသုရိယ၊ အလွန်နာမည်ကြီးသော ခမဲပြင်ဆရာတော်ကြီး၊ ၎င်း အပြင် [illegible]တော်ချုပ် ဆရာတော်ဘုရားကြီးတို့ ဖြစ် ကြသည်။

နတ်စင်တစ်ရာ ဆရာတော် ဦးဒေဝတေမိဇကို သန်လျင်မြို့ မနောမယ နံပါတ်တစ် ဆရာတော်ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ [illegible]ဆရာတော်ဘုရားကြီးသည် တစ်ခေတ်တစ်ချိန်က မြန်မာနိုင်ငံဝယ် သာသနာပြုပုဂ္ဂိုလ်ကျော် ဖြစ်ပါသည်။ ဆရာတော်ကြီးသည် [illegible]ဆရာတော်ဟူ၍ လည်းကောင်း၊ သန်လျင် နတ်စင်တစ်ရာ ဆရာတော် ဟူ၍ လည်းကောင်း၊ ဒေဝတေမိဇ ဆရာတော် [illegible]ကောင်း ဘွဲ့တော်အမျိုးမျိုး ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဆရာတော်ကြီးသည် ရန်ကုန်မြို့ ရွှေဘုန်းပွင့်စေတီ တော်ရှိ ငုက်မြတ်နားတွင် ရွှေသားဝိဇ္ဇာရုပ်တုငယ်တစ်ခုကို ခရစ်နှစ် [illegible] ခုနှစ် ထီးတော်အသစ်တင်ရာတွင် ထည့်သွင်း လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ထိုဝိဇ္ဇာရုပ်တုငယ်မှာ အင်္ဂရစ် [illegible]ဖြင့် ပြုလုပ်ထားသော ဓာတ်သားရုပ်တုသာ ဖြစ်သည်။ထို့ကြောင့် ထိုခေတ် ထိုအခါက ရွှေအကဲဖြတ်သော ရွှေဘုံသာ [illegible] ပညာရှင်များက ရုပ်တုလက်ရာနှင့်တကွ အဆိုပါ ဓာတ် သားကို ငွေ ၂၀၀ ကျပ်ကျော်ကျော်ဖြင့်သာ သတ်မှတ်ခဲ့လေသည်။

## [illegible]ယ် ဓာတ်သားဝိဇ္ဇာရုပ်တုမှ [illegible]ရုပ်တု ပြောင်းလဲ

သို့သော် ရွှေဘုန်းပွင့်စေတီ၏ ထီးတော်ကို အသစ် [illegible]မွမ်းမံသောအခါ ဂေါပကအဖွဲ့ဝင်အားလုံး အံ့ဩကြရ [illegible]။ ဖြစ်ပုံမှာ အဆိုပါဝိဇ္ဇာဓာတ်သားရုပ်တုကလေးသည် [illegible]ယ်ကောင်းစွာ ပြောင်းလဲသွားခဲ့ပါသည်။ ပြောင်းလဲသွားပုံမှာ [illegible] ဓာတ်သားဝိဇ္ဇာရုပ်တုမှသည် ယခုရွှေသား စစ်စစ် ဝိဇ္ဇာရုပ် [illegible]သောကြောင့်ပင်တည်း။ ရွှေဘုန်းပွင့်စေတီမြတ်၏ ငုက် [illegible]တွင် တစ်မူဆန်းသစ်သော ရှေးက လှူဒါန်းခဲ့သည့် ဝိဇ္ဇာ [illegible]တုကလေးဖြင့် ပန်းတင့်လျက်ရှိသည်။

## [illegible]သတ်လွှတ်ဆွမ်း ဘုဉ်းပေး

ဆရာတော်ကြီးသည် အစဉ် သက်သတ်လွှတ်ဆွမ်း [illegible] ဘုဉ်းပေးသည်။ ထိုသို့သက်သတ်လွှတ်ဆွမ်း ဘုဉ်းပေး [illegible] နံနက် အရုဏ်ဆွမ်း တစ်နပ်တည်းကိုသာ ဘုဉ်းပေးခြင်း [illegible]သည်။ မနောမယဆရာတော်ကြီးသည် ရှေးဟောင်းဘုရား များကို ပြုပြင်ရာတွင် ချမ်းသာကြွယ်ဝသော သူဌေးများကို လိုက်လံရှာဖွေနေသော ပုဂ္ဂိုလ်မဟုတ်။ မိမိစရဏ(ဝါ)ကျင့်ကြံ အားထုတ်မှု အဓိဋ္ဌာန်အပေါ်တွင်သာ အားကိုးအားထားပြုသူ ဖြစ်သည်။

ရှေးဟောင်းစေတီပုထိုး တစ်ရာကျော်တို့ကို ပြုပြင် မွမ်းမံခဲ့ကြောင်း သိရပါသည်။ ဆရာတော်ဘုရားကြီး၏ကျောင်း မှာ သန်လျင်မှာရှိ၍ နတ်စင်တစ်ရာကျောင်းဟု ခေါ်ပါသည်။ ရှေးအခါက နတ်စင်ကလေးများ တစ်ရာရှိသောကြောင့် နတ်စင် တစ်ရာကျောင်းဟု ခေါ်ဝေါ်ကြပါသည်။

သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူခဲ့သော မနောမယဆရာတော်ကြီးသည် သက္ကရာဇ် ၁၃၃၅ ခုနှစ်၊ ဝါခို လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့၊ ည ၈ နာရီ ၂၀ မိနစ် အချိန်တွင် သန်လျင်မြို့ မနောမယကျောင်းတိုက်၌ ပျံလွန်တော် မူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# လဝ္ဗတ္တာမြို့ ဝိတ္တာလေးကျေးရွာမှ ရေပေါ်လမ်းလျှောက်ကြွသည့် မတော့ချောင်းဆရာတော် ဦးဝါသဝ





www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်မတိုင်မီတုန်းက ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှာ အလွန်ထူးဆန်းတဲ့ ဖြစ်ရပ်တွေ ဖြစ်ခဲ့ပါတယ်။ ပိတ္တာလေးဆိုတဲ့ရွာမှာ ရေပေါ်လမ်းလျှောက်သွားတဲ့ ဆရာတော်ကြီးကို အားလုံးမြင်ဖူးခဲ့ကြပါတယ်ဟု အသေးစိတ်ဖော်၍ ကျွန်ုပ်မှာလည်း စာတွေ့ ငါတွေ့ ညီကာ စာရှာရပါတော့သည်။ ထိုဆရာတော်၏ အမည်မှာ ဦးဝါသဝ ဟု ခေါ်ပါသည်။

ဆရာတော်လောင်းလျာကို မကွေးတိုင်းဒေသကြီး၊ မကျီးကန်ကျေးရွာ၊ အဖ ဦးစံမင်း၊ အမိ ဒေါ်ငြိမ်းအေး တို့မှ သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မွေးချင်း ၃ ဦးတွင် အစ်ကိုအကြီးဆုံး ဦးနန္ဒမာလကို အဘိုးကြီးဟူ၍လည်းကောင်း၊ ညီအလတ် ဦးလာဘကို အဘိုးလတ်၊ ညီအထွေးဆုံး ဦးဝါသဝကို အဘိုးလေး ဟူ၍ အသီးသီး ခေါ်တွင်ကြလေသည်။

ဆရာတော် ဦးဝါသဝမှာ ငယ်ဆရာများ ဖြစ်ကြသော ဦးအာဒိစ္စနှင့် ဦးနန္ဒမာလာထံတွင် စာပေပညာများကို ကြိုးစားသင်ယူခဲ့သည်။ ထို့နောက် သက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် ရဟန်းအဖြစ်ပြုတော်မူပြီး ဒုတ်ပိုကျောင်းဆရာတော် ဦးကောဏ္ဍထံတွင် စာပေပရိယတ္တိပညာများကို နှံ့စပ်အောင် သင်ယူခဲ့သလို ပဋိပတ်အလုပ်များကိုလည်း ကျင့်ကြံအားထုတ်တော်မူခဲ့သည်။

ဆရာတော် ဦးဝါသဝသည် သံသရာစခန်းမှ လွတ်မြောက်ရန်လမ်းကို ရှာကြံ၍ မိမိဇာတိရွာမှနေ၍ အောက်ပြည်အောက်ရွာသို့ စုန်ဆင်းတော်မူခဲ့သည်။ ဆရာတော်ဦးဝါသဝသည် အောက်ပြည်အောက်ရွာသို့ ဆင်းသက်လာရာတွင် ရေးဦးစွာ တံတားကြီးကျေးရွာအနီး တောကြီးအတွင်းရှိ မတော့ပင်ကြီးကို မှီခိုမေတ္တာကမ္မဋ္ဌာန်းစီးဖြန်း၍ သီတင်းသုံးနေထိုင်တော်မူသည်။ မတော့ပင်ကို အမှီပြု၍ တရားအလုပ်များကို ကျင့်ကြံအားထုတ်တော်မူသောကြောင့် မတော့ချောင်ဆရာတော် ဦးဝါသဝ ဟူ၍ အထူးတလည် နာမည်ကြီးလုသည်။

## ရေပေါ်မှာ လမ်းလျှောက်ကြွ

ဆရာတော်သည် သဲဖြူတောအတွင်း ကန်ငယ်တစ်ခု အနီးတွင် ယာယီဝါးကျောင်းငယ်ကလေး ဆောက်လုပ်၍ သီတင်းသုံးနေတော်မူသည်။ ထိုကဲ့သို့ ဆရာတော် သီတင်းသုံးနေထိုင်စဉ် အတွင်း ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော တစ်ဖက်ကမ်းသို့ ဆွမ်းခံထွက်လေ့ရှိသည်။ ဆွမ်းခံထွက်ရာတွင် ကုလားပိုင် မော်တော်ကလေးဖြင့် အခမဲ့ သွားလာမှုကို ပြုလုပ်ရသည်။ ဆရာတော် ဆွမ်းခံထွက်သည့်တစ်နေ့တွင် မော်တော်ပိုင်ရှင်မှ "ခဏ ခဏစီးပြီး ပိုက်ဆံလည်း တစ်ပြားမှမပေးဘူး မလိုက်နဲ့" ဟု ပြောဆိုသဖြင့် ဆရာတော်မှ မည်သို့မျှ ပြန်လည်ပြောဆိုခြင်း မပြုဘဲ မော်တော် ပေါ်မှဆင်း၍ ရေပေါ် ကြွသွားသည်ကို မော်တော်ပေါ်တွင် ပါသူ အားလုံး မြင်တွေ့ကြရသဖြင့် ဖူးမြော်မဆုံး၊ ကြည်ညိုမဆုံး ဖြစ် ကြရသည်ဟု ဆိုသည်။

ဆရာတော် ဦးဝါသဝ သဲဖြူတောတွင် ၃ နှစ်ခန့် တရားအလုပ်များ ကျင့်ကြံအားထုတ်နေစဉ်အတွင်း ပိတ္တာလေးကျေးရွာတွင် ဝမ်းရောဂါဖြစ်ပွားသဖြင့် တပည့်များမှ လိုက်လံ၍ ဆရာတော်ကြီးကို ပင့်တော်မူကြသည်။ ပိတ္တာလေးကျေးရွာသို့ ဆရာတော်ကြီး ဖြန်လည်ကြွရောက်လာပြီး ရောဂါဘယဖြစ်သူများအား မေတ္တာရေများ တိုက်ကျွေးသဖြင့် ရောဂါဘယဘေးမှ ပျောက်ကင်းချမ်းသာရာ ရကုန်ကြသည်။ ဆရာတော်ကြီးမှာလည်း ပိတ္တာလေးကျေးရွာတွင် အသက်ထက်ဆုံး နေထိုင် သီတင်းသုံး နေထိုင်သွားလေသည်။

သက္ကရာဇ် ၁၃၀၄ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်နေ့တွင် ခန္ဓာဝန်ချ ဘဝနတ်ထံ စံမြန်းတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ထားဝယ်မြို့ ဇေယျဝတီကျောင်း ဦးသီလမထေရ်၏ တရားထူးရ၍ တစ်တောလုံး လင်းထိန်



www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ မင်းရပ်ရွာ ခမည်းတော်လေှသူကြီး ဦးဖိုးထွေး မယ်တော်ဒေါ်မွေးအုံတို့မှ ကောဇာသက္ကရာဇ် ၁၂၃၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။ ငယ်မည် မောင်ချစ်ရင် ဖြစ်သည်။ ဆရာတော်သည် ဦးသီလအကြောင်း အပြည့်အစုံကိုကား ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်ကြီး အဋ္ဌုပ္ပတ္တိကျမ်း၌ အကျယ်တဝင့် တွေ့ရှိရပါသည်။

ဆရာတော်ဦးသီလ၏တပည့် တောင်ပွားဆရာတော်အကြောင်းကိုလည်း တွေ့ရပါသည်။ တောင်ပွားဆရာတော် တရားထူးရကြောင်း အတိအလင်း ဖွင့်ဆိုထား၏။ တောင်ပွားဆရာတော်၏ ဓာတ်ပုံကိုလည်း တွေ့ရ၏။ ဆရာတော်ဦးသီလက နာယက တရားပြဆရာဖြစ်၏။ တောင်ပွားဆရာတော်က တိုက်အုပ်ဆရာတော်တပည့် ဖြစ်၏။

သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် ထားဝယ်မြို့မှ ဒကာ၊ ဒကာမတို့၏ ပင့်လျှောက်ချက်အရ ရွှေတောင်စားဘုရားကြီး၏ အရှေ့မြောက်ဘက်တွင် ဇေယျဝတီကျောင်းတိုက်ကို တည်ထောင်ကာ ပရိယတ္တိ သာသနာထွန်းကားစေရန် ကြိုးစားအားထုတ်တော်မူခဲ့လေသည်။ ဆရာတော်သည် ၂၅ နှစ်ကာလမျှ နေ့ဝါ ညဝါများကို သင်ကြားပို့ချတော်မူ၍ ၁၂၈၂ ခုနှစ်တွင် မင်းရပ်ချောင်(ခေါ်)ပရိယတ္တိရိပ်သာတစ်ခုကို တည်ထောင်တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်တွင် လောင်းလုံမြို့နယ်၊ ကာဒတ်ကြီးရွာ၊ ရန်ကင်းတောင် ပရိယတ္တိရိပ်သာတစ်ခုကို တည်ထောင်တော်မူခဲ့သည်။ သက္ကရာဇ် ၁၃၁၃ ခုနှစ်၊ ဇေယျဝတီပရိယတ္တိရိပ်သာကို တည်ထောင်တော်မူ၍ ယောဂီပုဂ္ဂိုလ်တို့အား ဟောပြော၍ တရားပြခဲ့ပါသည်။

## တရားထူးရ၍ တစ်တောလုံး လင်းထိန်

ရေးမြို့တွင် ရန်ကင်းတောင်ဟူ၍ ရှိ၏။ ရန်ကင်းတောင်တွင် ဘုန်းတော်ကြီး ဦးသီလသည် တရားထူး ရတော်မူ၏။ ပေါက်မြောက်၏။ ထိုပုဂ္ဂိုလ်တို့သည် တစ်ချိန်တည်း တစ်နေရာတည်းတွင် တရားထိုင်ကြရာ တစ်တောလုံး လင်းနေ၏။ ရပ်ဝေးမှ မြင်ရသူများက မီးလောင်နေသည်ထင်၍ လာကြည့်ကြ၏။ မဟုတ်ချေ။ ဆရာတော်ကြီးများ အကျင့်စရဏမှ တရား၏ တန်ခိုးအာနုဘော်ကြောင့် အမှောင်ခွင်း၍ အရောင်လင်းခြင်း ဖြစ်၏။

ထိုရန်ကင်းတောင်၌ တရားထူးရပြီးနောက် ဘုန်းတော်ကြီးဦးသီလသည် ထားဝယ်မြို့ ဇေယျဝတီတိုက်သို့ ကြွတော်မူ၏။ ထိုအခါ တောင်တော်ကို တပည့်ကြီးဖြစ်သူ ဦးပညာဇောတအား လွှဲအပ်ထားခဲ့၏။ (ထူးခြားသော)ရန်ကင်းတောင်ကိုယ်တော်ကြီးသည် နောင်သောအခါ ထားဝယ်ဇေယျဝတီကိုယ်တော်ကြီးအဖြစ် လူသိများလာတော်မူလေသည်။

ဆရာတော်ကြီး မကွယ်လွန်မီ လေးလအလို ညနေ ၆ နာရီတွင် ဝတ်ကြီးဝတ်ငယ်ပြုစုသူ ဝေယျာဝစ္စတာနှင့် တပည့်တို့အား

"ငါ့ဦးခေါင်းပေါ်က သမ္ဗာသနဥဏ်၊ ဥဒယဥာဏ်စသည်ဖြင့် ဥာဏ်စဉ်မနေမနား တစ်နေ့လုံး ရွတ်နေကြတယ်၊ နင်တို့ မကြားဘူးလား"

လို့ ခဏခဏ မေးပါသည်။ တပည့်တို့က "ထိုအသံတွေဟာ လူတွေမဟုတ်ပါဘူးဘုရား။ နတ်တွေက ဆရာတော်ကြီးအား ပူဇော်နေတဲ့အသံဖြစ်ကြောင်း" လျှောက်ထားတော့ ဆရာတော်ကြီးက "နင်တို့ ပါရမီနဲ့ ကွာသတဲ့"

ဆရာတော်ကြီးသည် သာသနာပြုတော်မူရင်း သက္ကရာဇ် ၁၃၁၉ ခုနှစ်၊ ကဆုန်လဆုတ် ၁၄ ရက်နေ့ ၆ နာရီ သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# မိုးတားမြို့မှ အဘိညာဉ်ရ ဆရာတော် ဦးဥေယျဓမ္မ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးကို ဗြိတိသျှခေတ် ကသာခရိုင်၊ မိုးတားမြို့ ရေးအခေါ် ရေလဲပိုင်း ယခုအခေါ် အရှေ့အရပ်၌ ခမည်းတော် အမည် မမှတ်မိ။ မယ်တော် ဒေါ်ဂျုန်တို့မှ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက် အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူပါသည်။ မွေးချင်းညီအစ်ကိုတော် နှစ်ယောက်ရှိသည်။ အစ်ကိုကြီးမှာ ဦးခွဲဖြစ်ပြီး ဆရာတော်ကြီး၏ ငယ်မည်မှာ မောင်မြ ဖြစ်ပါသည်။

ငယ်စဉ်ကာလမှာပင် မိုးတားတောင်ပေါ်ကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေဘဝဖြင့် စာပေပရိယတ္တိ သင်ကြားခဲ့ပြီး သက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် ရဟန်းဖြစ်တော်မူပါသည်။ သက်တော် ၆၀၊ သိက္ခာတော် ၄၀ အရတွင် မိုးတားအထက် ဂိုဏ်းကျောင်းတိုက် ၂၃ တိုက်တို့၏ ဂိုဏ်းချုပ်ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရ၏။

ဆရာတော်ကြီးမှာ ရပ်ရေးရွာတာ ကျောင်းတိုက်တာတို့၏ ကိစ္စအဝဝတို့ကို ငြိမ်းငွေ့တော်မူသည့်အတိုင်း ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဂိုဏ်းချုပ်တာဝန်တို့ကို ငြင်းပယ်တော်မူပြီး မိမိ၏ လက်ရင်းတပည့်ဆရာတော် ဦးမာဃိန္ဒထံ ကျောင်းတိုက်တာ တစ်ခုလုံးအား လွှဲအပ်ကာ မိုးတားမြို့မှ တစ်မိုင်ကွာ ဆိပ်သာ အိုင်တလူဘုရားသို့ တစ်ပါးတည်း ကြွတော်မူခဲ့လေသည်။

## တရားအားထုတ်တော်မူခြင်း

မြန်မာနိုင်ငံမှာ ခေတ်ဆိုး စနစ်ဆိုးတို့၏ သားကောင်ဖြစ်နေရသော အချိန်ဖြစ်၏။ အင်္ဂလိပ်တစ်လှည့်၊ ဂျပန်တစ်လှည့်၊ မဟာမိတ်တပ်တို့ကတစ်လှည့်ဖြင့် အလှည့်အပြောင်းတွေ မြန်ဆန်လွန်းလှ၏။ စိမ့်မြိုင်ကြီး၊ ရိပ်ကြီးတောတောင် နေရောင်မခ အိုင်တလူဆိပ်သာဒေသသည် လူသူအရောက်အပေါက် နည်း သလောက် သစ်၊ ကျား၊ ဆင်၊ ပြောင် စသော တောကောင်ကြီးများ ကြီးစိုးသည့်ဒေသဖြစ်၏။ အသက်ကို ပဓာနမထားဘဲ အာနာပါန ကျင့်စဉ်များကို တစိုက်မတ်မတ် အားထုတ်နေခဲ့သော ဆရာတော်ကြီး၏ ဂုဏ်သတင်းမှာ ကသာ၊ ဗန်းမော်၊ ရွှေကူ၊ မံစီနယ်များအထိ ပျံ့နှံ့နေခဲ့၏။

## ဆင်သံ၊ ကျားသံများအကြားတွင် တရားဟောခြင်း

ခရစ်နှစ် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးကာလနောက်ပိုင်း ဆရာတော်ကြီးကို ဖူးမြော်ရန် လာရောက်ကြသည့် ဒကာ၊ ဒကာမများကို မကြာ မကြာ တရားဟောကြားတော်မူလေ့ရှိသည်။ တောတွင်းမှ ဆင်သံ၊ ကျားသံများ ကြားနေကြရလျှင်လည်း မည်သို့မျှ အန္တရာယ်မပြုကြောင်း ကြောက်ရွံ့ ထိတ်လန့်ခြင်း မဖြစ်ကြရန် ပြောကြားပြီး အာနာပါန အခြေခံသည့် သမထဝိပဿနာ တရားများကို အစဉ်တစိုက် ဟောကြားတော်မူ၏။

နွေခေါင်ခေါင် တပေါင်းလဖြစ်သောကာလ၌ အိုင်တလူ မြတ်စွာဘုရားပွဲအတွက် ရေအခက်အခဲကို ဒကာ၊ ဒကာမများက လျှောက်ထားကြရာ ဆရာတော်ကြီးကိုယ်တိုင် ရောဝတီမြစ် ကမ်းပါးထိပ်မှ အရှေ့ဘက်သို့ မျက်နှာမူ၍ "ရေလိုချင်တယ်ဟေ့" ဟု သုံးကြိမ်ဟစ်အော်လိုက်ရာ မကြာမီ သောင်ပြင်ပေါ်သို့ ရေများ လွှမ်းတက်လာကြသည်ကို ယခုသက်ရှိထင်ရှား ဦးရိန်နှင့်တကွ နယ်သူနယ်သားများ အံ့ဩမဆုံးနိုင်အောင် မြင်တွေ့လိုက်ကြရပေ၏။

"ဆရာတော်ဘုရား ရေတွေရောက်လာတာတော့ ဟုတ်ပါပြီ၊ ဘုရားတပည့်တော်တို့လှေတွေအားလုံးလည်း ရေထဲ မျောပါကုန်ပြီဘုရား" ဆရာတော်ကြီးက "ဟေ အေးအေး၊ မင်းတို့ လှေတွေ မမျောပါဘူးကွယ်၊ နူညှပ်လျှိုဆိပ်မှာ သွားယူလိုက်ကြ" ဟု အမိန့်ရှိ၍ လှေပိုင်ရှင်များ သွားကြည့်ကြရာ နူညှပ်လျှိုဟု အမည်တွင်သော ယခု ဒဂုန်သစ်ဆိပ်တွင် လူများ ချည်ထားသည့်အတိုင်း အစီအရီ ရှိနေသော လှေများကို အံ့ဩစွာ တွေ့လိုက်ရလေ၏။

မြန်မာသက္ကရာဇ် ၁၃၁၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် အင်္ဂါနေ့တွင် ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူခဲ့လေသည်။ ယခု မိုးတားမြို့ တောင်ပေါ်ကျောင်း ဆရာတော်ကြီးကိုယ်တိုင် ဦးစီး ပြုပြင်ထားသော သမိုင်းဝင် အိုင်တလူဆိပ်သာ စေတီတော်မြတ်ကြီး၏ အနီး၌ ဆရာတော်ဘုရားကြီး၏ အုတ်ဂူတော်မှာ မပျက် မစီး ထင်ရှားစွာ ရှိနေပါသေး၏။




www.burmeseclassic.com

www.burmeseclassic.com



# ညာဘက်မျက်လုံးကိုဖောက်၍ ဘုရားမှာ ဌာပနာထည့်သွင်း လှူဒါန်းသော သက်တော် ၁၀၉ နှစ်ရှိ မြစ်သားသိမ်တောင် ဦးသံဝရဗုဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ အံ့ဖွယ်သက်တော်ရှည်မှုသည် စံချိန်ဖြစ်၏။ သက်တော် ၁၁၀ အထိ နေရ၏။ ထို့ကြောင့် ဆရာတော်ကြီး၏ တပည့်တို့သည် အောင်မြေနန်း အောင်သိဒ္ဓိဂါထာတို့ကို ညာအမွေ ဆက်ခံကာ အဆင့်ဆင့် မှတ်တမ်းတင်ကြ၏။ ဆရာတော်ကြီး၏ အံ့ဖွယ်တစ်ရပ်မှာ မျက်မှန်အမြဲတပ်ထားခြင်းဖြစ်၏။ အကြောင်းရင်းကို တစေ့တစောင်း သိရသောအခါ ပို၍ပို၍ ကြည်ညိုစရာ ဖြစ်ပါသည်။ ညာဘက်မျက်လုံးကိုဖောက်၍ ဓာတ်ထိတ်တားအနီးတွင် စေတီတည်သောအခါ ဌာပနာတော်မူခဲ့ကြောင်း လေ့လာတွေ့ရှိရသောအခါ ခေတ်ပြိုင်မှတ်တမ်းအဖြစ် မှတ်တမ်းတင်ရပါသည်။

ဆရာတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၄၉ ခု၊ တန်ခူးလဆန်း ၂ ရက်၊ သောကြာနေ့မှာ မွေးဖွားသန့်စင်ခဲ့ပါသည်။ ခမည်းတော် မယ်တော်တို့ကတော့ ဦးရွှေနှစ်၊ ဒေါ်ဇာငြိမ်းတို့ မွေးချင်းငါးယောက်အနက် တတိယမြောက် သားရတနာပါ။

## အသက်ရှည်စေသောနည်း

လောကရဲ့ ရှုပ်ထွေးမှုအဖုံဖုံကို မြင်ရတဲ့ သံဝေဂကို အရင်းတည်ပြီး ရဟန်းဘောင်မှာ မြဲသွားကြောင်း မိန့်ပါတယ်။ အသက်ရှည်လိုမှုတိုက်ပွဲမှာ မရေရာလှတဲ့ သက်တမ်းတိုကလေးနဲ့ပဲ ကျဆုံးသွားကြရပါတယ်။ ဒီအကြောင်းကို ဆရာတော်ကြီး လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက "လောဘဟာ လူကို နှိမ်စေတယ်၊ ဒေါသက အသက်ကို တိုစေတယ်၊ မောဟကို ဘုရား မကြိုက်ဘူး" လို့ လိုရင်းအနှစ်ကို မိန့်ပါတယ်။

## တစ်နေ့ဆွမ်း သုံးလုပ် ဘုဉ်းပေး

ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးတဲ့အခါ နေ့စဉ်ဆွမ်း သုံးလုပ်၊ အများဆုံး ခုနစ်လုပ်ပဲ ဘုဉ်းပေးကြောင်း သိရပါတယ်။ ဘုဉ်းပေးတဲ့နေရာမှာ သက်သတ်လွတ်ပဲ ဘုဉ်းပေးပါတယ်။ ဆရာတော်ကြီးရဲ့ ဆုံးမသြဝါဒထဲမှာ ခြိုးခြံတရား ပါ,ပါတယ်။

## တစ်နေ့ ဂုဏ်တော်တစ်ထောင် ပွားများ

"မြင့်မြတ်တာကိုကြံ၊ မှန်ကန်တာကိုပြော၊ စိတ်သဘောလည်းကြီး၊ စောစောကြီးလည်းထ၊ ရှိသမျှနဲ့ရောင့်ရဲ၊ သည်းခံမှုကို လက်စွဲ၊ ဤသူ ချမ်းသာမြဲ" လို့ မိန့်ထားပါတယ်။ ဆရာတော်ကြီးသည် တစ်နေ့ကို ဂုဏ်တော်တစ်ထောင် ပွားများတယ်လို့ သိရပါတယ်။

## မေတ္တာများများပို့

"အသက်ရှည်ပြီး ရောဂါကင်းချင်ကြတယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟရဲ့ သဘောကို သိအောင်လုပ်ပြီး နှိမ်နင်းပေတော့၊ အချိန်ရတိုင်းလည်း သတ္တဝါတွေကို မေတ္တာပွား" လို့ မိန့်တော်မူပါတယ်။ သက်တော်ရှည်ဆရာတော်ကြီးသည် လွန်ခဲ့တဲ့ နှစ်,နှစ်ကျော်လောက်ကတည်းက ရေမချိုးတော့ဘူးလို့ သိရပါတယ်။ အပြင်လည်း မထွက်တော့။ ကျောင်းတော်ပေါ်မှာ ဆရာတော်ကြီး အမြဲသီတင်းသုံးတဲ့နေရာ သုံးခုရှိပါတယ်။ အဲဒါတွေကတော့ (၁)ခုတင်ပေါ် (၂)ကုလားထိုင်ပေါ် (၃)ကပျဉ် (ကပြင်)ပေါ်တို့ပါပဲ။ ပြုံမလိုဖြစ်နေတဲ့ ခနိမိုး ဝါးထရံကာ ကျောင်းဟောင်းကြီးမှာပဲ ရောင့်ရောင့်ရဲရဲနဲ့ သီတင်းသုံးနေခဲ့ပါတယ်။

## တစ်နေ့ ၁၅ မိနစ်သာ ကျိန်းစက်

ဆရာတော်ကြီးသည် အိပ်စက်ချိန်မှာလည်း တစ်နေ့တစ်နေ့လျှင် ၁၅ မိနစ်လောက်သာ ကျိန်းစက်လေ့ရှိကြောင်း သိရသည်။

## ကိုယ်သင်းနံ့

ဆရာတော်ကြီးသည် ကိုယ်နံ့မှာ သင်းပျံ့လျက်ရှိကြောင်း သိရပါသည်။ အသားအရေ တွန့်ခြင်းလည်း မရှိ၊ တွဲကျခြင်းလည်း မရှိ၊ ရေမချိုးသည်မှာလည်း ကြာပြီဖြစ်ကြောင်း သိရပါသည်။ လွန်ခဲ့သော သုံးနှစ်လောက်က တစ်ကြိမ်သာ ရေချိုးကြောင်း သိရပါသည်။ ထိုအတောအတွင်း ရေမချိုးမှု သိရပါသည်။

ခရစ်နှစ် ၁၉၉၈ ခုနှစ်၊ သက်တော် ၁၁၀ နှစ်၌ ခန္ဓာဝန် စွန့်တော်မူပါသည်။ ထိုအခါ ဝါတော် ၉၀ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ပြည် ရွှေဥမင်တောရဆရာတော် ဦးတ္တန္ဒိယ





www.burmeseclassic.com

www.burmeseclassic.com



ရွှေဥမင်ဆရာတော်များသည် ဘွဲ့နာမည် ကွဲလွဲ၍ သိမှတ်နိုင်၏။ ရွှေဥမင်ဟူသော နာမည်ဆင်တူ များလေသည်။ ရွှေဥမင်ဆရာတော် ဟူ၍ ရန်ကုန်မှာလည်း ရှိ၏။ ၎င်းအပြင် မဟာမြိုင်တောကြီးအနီးတွင်လည်း ရွှေဥမင်တောရှာ ဟူ၍လည်း ရှိသေး၏။ ၎င်းအပြင် မန္တလေးအနီး စစ်ကိုင်းတောင်တော်ကြီးတွင်လည်း တောင်ဖီလာဆရာတော်ကြီးနှင့် ခေတ်ပြိုင် ရွှေဥမင် ဟူ၍လည်း ရှိ၏။ ယခု ရွှေဥမင်ဆရာတော်က အမည်တူသော်လည်း သီးခြားဂုဏ်ထူး ရှိ၏။ မူလက ရွှေဥမင်ဟု လူသိများသော်လည်း...

## နတ်များပေးသောဘွဲ့

ဤဓမ္မသိဒ္ဓိ ပါရဂူ လေးကျွန်းပိုင်ဆရာတော်ကြီး ဘွဲ့တော်မှာ မဟာမြိုင်တောကြီးထဲတွင် တရားအားထုတ်ပြီး နောက် မဟာမြိုင်တောကြီးထဲမှာ နတ်များက အသံကျယ်လောင် စွာဖြင့် ပေးအပ်ခဲ့သော နတ်များက သမုတ်ပေးလိုက်သော ဘွဲ့တော်ဖြစ်သည်ဟု သိမှတ်ကြရ၏။

## လေးကျွန်းပိုင် ဆရာတော် ပေါ်ပေါက်ခြင်း

ပြည် ရွှေဥမင်ဆရာတော်ကား ပြည်သမိုင်းဝင် အသနာဝင်၊ ဂန္ထဝင်၊ ဒွတ္တဘောင်လက်ထက်က ရွှေဥမင် ကျောင်းမှုတော် ဥမင် ၉ ခု ရှိခဲ့၏။ ထိုဥမင်များမှာ ဂန္ဓာမာဒန ဥမင်၊ ဘုရားနီဥမင်၊ ဘွတ်တွင်းဥမင်၊ ခဲလူးဥမင်၊ အာနန္ဒာဥမင်၊ အမျှော်ဥမင်၊ ကျောက်တံခါးဥမင်၊ ရသေ့ဥမင်၊ ရွှေဥမင် တို့ဖြစ်၏။ ယခင်အခါ ထိုနေရာတွင် ရွှေဥမင်ဆရာတော်ဟူ၍ ပေါ်ပေါက် လာခဲ့မှုခဲ့၏။ ထိုဆရာတော်ကြီးအကြောင်းအရာ အချက်အလက် များကို ပြည်မြို့ ဦးဝေပုလ္လအကျော်ဆရာတော်ထံမှ သိခဲ့ရသည်။

ရွှေတောင်မြို့နှင့် ပြည်မြို့ကြားတွင် လေးကျွန်းဆီမီး ကုန်းတော်တစ်ခုရှိသည်။ ထိုလေးကျွန်းဆီမီးကုန်းတော်တွင် အဘထံတရား၊ ပဓာနလုပ်ငန်းများကို ကြိုးစားအားထုတ်ရင်း ထိုလေးကျွန်းဆီမီးကုန်းတော်တွင် လေးကျွန်းဆီမီးဆရာတော်ဟု လည်း ဘွဲ့တော်ရှိခဲ့ဖူး၏။ ရွှေဥမင်တောရဆရာတော်ကြီးသည် မဟာမြိုင်တောတောင်ကြီးထဲတွင် ၇ နှစ်တိုင်တိုင် သမ္မုဒ္ဒေဂါထာ တော်ကြီးအား သာသနာနှစ် ၅၀၀၀ နှင့်အညီ နေ့စဉ် ညစဉ် အကြိမ် ၅၀၀၀ မရ,ရအောင် ဥဿုံအကျင့်မြတ်ကို ကျင့်ဆောင် တော်မူခဲ့ပါသည်။

## ဆန်၊ ဆီ၊ ဆေး၊ ဆား လိုသောအခါ လုပ်ပုံလုပ်နည်းများ

တစ်နေ့တွင် ဒေါ်သုတက လက်အုပ်ချီ၍(ဆရာတော် ကြီးဘုရား တပည့်တော်မတို့ ဆွမ်းစားကျောင်းမှာ ဆန်ရော၊ ဆီရော ကုန်နေပါတယ်ဘုရား။ အခြား ငရုတ်၊ ကြက်သွန်၊ ပဲလည်း မရှိတော့ပါဘုရား)ဟု လျှောက်ထားပါသည်။ ဤတွင် ဆရာတော်ကြီးက "မနက်ဖြန် ချက်ပြုတ်ဖို့ တစ်ရက်စာလောက် ရှိနေသေးသလား"ဟု မေးပါသည်။ ဒေါ်သုတက "မနက်ဖြန် တစ်ရက်စာလောက်တော့ ကြံဖန်ခြစ်ချုပ်ပြီး ချက်ပြုတ်ကျွေးမွေး ရင်တော့ ရနိုင်ပါသေးတယ်ဘုရားဟု လျှောက်ထားပါသည်"

ထို့နောက် ဆရာတော်ကြီးသည် "ဆန်၊ ဆီ၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲအမျိုးမျိုးတွေ လာခဲ့ကြပေ့" ဟု နှုတ်မှ အမိန့်ရှိပြီး ဆရာတော် သီတင်းသုံးနေကျကျောင်းသို့ ပြန်ကြွသွား၏။

တစ်ညအိပ်ပြီး နံနက်အရုဏ်ဆွမ်း စားသောအခါ ဤသို့ မိန့်ကြား၏။ "ဟဲ့ သုတ ယနေ့နံနက်(၉း၀၀)နာရီမှာ လှည်း ၆ စီး၊ ဆီပုံးက ၄ ပုံး။ ကုလားပဲက ၂ အိတ်၊ အာလူး က ၂ အိတ်၊ ကြက်သွန်က ၂ အိတ်အပြင် တခြားဘူးသီး၊ ဖရုံသီးတွေ ပါလာလိမ့်မယ်၊ ဒီတော့ လှည်းသမား ၁၂ ယောက် စာအတွက်ပါ ပိုပြီး နင် ချက်ထားပါ။ ကြားလား" ဟု မိန့်ကြား ပါသည်။

သမ္မုဒ္ဒေဂါထာတော်ကို လပေါင်း နှစ်ပေါင်းများစွာ ကျင့်ဆောင်တော်မူ၍ တန်ခိုးအမျိုးမျိုး၊ စွမ်းအားသတ္တိအမျိုးမျိုး၊ သိဒ္ဓိအမျိုးမျိုးတို့ကို ပိုင်ဆိုင်ပြီးစီးနေသော ဆရာတော်ကြီးသည် ခရစ်နှစ် ၁၉၇၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့တွင် ရွှေဥမင်ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# တောင်ပွားဆရာတော် တရားအားထုတ်ရာ တစ်တောင်လုံးလင်းနေ





www.burmeseclassic.com

www.burmeseclassic.com



တောင်ပွားဆရာတော်သည် မြိတ်မြို့ဇေယျဝတီတိုက်၊ ဦးသီလကျောင်းတိုက်တွင် မူလပထမတိုက်အုပ်အဖြစ် ဆောင်ရွက်တော်မူ၏။ ဦးသီလလက်ထက်က တိုက်အုပ် တောင်ပွားဆရာတော်ဟု လူသိများ၏။ တောင်ပွားဆရာတော် အမွေအနှစ်အဖြစ် တရားတိပ်ခွေ ၄ ခွေ ကျန်ခဲ့ကြောင်း သိရှိရပါသည်။ နှစ်ပေါင်း ၁၀၀ ကျော် ကြာခဲ့သည် ဖြစ်ပါသည်။

တောင်ပွားဆရာတော်နှင့် တရားကျင့်ဘက်မှာ မြိတ်မြို့ ဦးနန္ဒိယဖြစ်ပြီး ဈာန်အဘိညာဉ် ရတော်မူ၏။ ထိုအကြောင်းကို ဇေယျဝတီ မြို့မဆရာတော် ဦးသီလကိုယ်တော်တိုင် ဖော်ထုတ်ခဲ့သည်။ ဘုန်းတော်ကြီး ဦးသီလ မဟုတ်သော အခြားတစ်ပါး ဖြစ်သည်။ ထားဝယ်ဇေယျဝတီကျောင်းတိုက်၊ ဆရာတော် ဦးသီလ၊ ဘုန်းတော်ကြီး ဦးဒိုက်နှင့် ဘုန်းတော်ကြီး ဦးစီပိုတို့ ၃ ပါးဆိုင်၍ ရေးမြို့ ရန်ကင်းတောင်တွင် တရားအားထုတ်ရာ တစ်တောင်လုံး လင်းနေသည်ကို အနီးအနားရွာများမှ မြင်ရ၏။

ထားဝယ်မြို့ ကူးတို့တောရဂိုဏ်းကြီး၏ နာယက တစ်ပါး အပါအဝင် ဖြစ်တော်မူသော ဇေယျဝတီကျောင်းတိုက်၊ တိုက်အုပ်တောင်ပွားဆရာတော်သည် သက္ကရာဇ် ၁၂၄၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် စနေနေ့တွင် ထားဝယ်မြို့ ကရင်ပြင်ရင်၌ မွေးဖွားခဲ့သည်။ ခမည်းတော်၊ မယ်တော်တို့၏ အမည်မှာ ဦးရွှေလူနှင့် ဒေါ်သွန်း တို့ဖြစ်ကြသည်။ သူတို့သည် လယ်ယာကိုင်းကျွန်းအလုပ်ဖြင့် အသက်မွေးကြသည်။ တစ်မိဝမ်းတွင်း သားသမီး ၇ ယောက်အနက် ဆရာတော်သည် တတိယမြောက်သားရတနာ ဖြစ်သည်။

ဆရာတော်သည် ၁၀ နှစ်အရွယ်တွင် အစိုးရမူလတန်းကျောင်း၌ စတုတ္ထတန်းအောင်ပြီး ကျောင်းမှထွက်ခဲ့သည်။ ထားဝယ်မြို့မှ အရှေ့ဘက် ၃ မိုင်ခန့်ဝေးသော ပေါက်တိုင်းရွာ တောင်ပွားကျောင်းဆရာတော် ဦးဂုဏထံတွင် အပ်နှံခဲ့သည်။ ရှင်သာမဏေဝတ်၍ လောကုတ္တရာ အခြေခံပညာရပ်များကို သင်ပြီး သက္ကရာဇ် ၁၂၇၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်နေ့တွင် ထားဝယ်မြို့ ကညွှံ့ရပ်မြေတိုက်ကျောင်းခဏ္ဍာအိမ်၌ ဇလွန်အရှေ့ ကျောင်းဆရာတော် ဦးဝဏ္ဏကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘဝသို့ ရောက်ခဲ့သည်။ ရဟန်းဘွဲ့အမည်မှာ ဦးတေဇိန္ဒ ဖြစ်သည်။

ပိဋကတ်တိုက်ဆရာတော် ဦးဣန္ဒဝံသ တိုက်တွန်းနှိုးဆော်ချက်အရ ဦးတေဇိန္ဒသည် ရဟန်းတစ်ဝါ၌ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်ဆရာတော် ဦးသီလထံတွင် ပညာသင်ယူရန် ကြွရောက်သီတင်းသုံးခဲ့သည်။ ဆရာတော် ဦးသီလထံ၌ နိကာယ်ငါးရကို ပါဠိတော် အဋ္ဌကထာ ဋီကာနှင့်-သင်ရိုးပေါက်ခဲ့သည်။

ကျမ်းတတ်၍ ဝိပဿနာ မကျင့်လျှင် သူကန်းမျှသာ ဖြစ်၏ဟု ဆို၏။

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် တောင်ပွားဆရာတော်သည် ကျမ်းဂန်သာတတ်၍ ဝိပဿနာအကျင့်မပါလျှင် သူကန်းသာ ဖြစ်သေးသည်။ မိမိ၏ဘဝမှ လွတ်မြောက်ရေး မဂ်ဖိုလ်ရရှိရေးအတွက် ရဟန်းပြုခဲ့ပုံကို နှလုံးသွင်း၍ ဇေယျဝတီဆရာတော် ဦးသီလထံတွင် ကမ္မဋ္ဌာန်း သင်ယူပြီး ဆရာတော်ဦးသီလ တည်ထောင်ထားသော ထားဝယ်မြို့မှ အနောက်ဘက် ၄ မိုင်ခန့်ဝေးသော မင်းရပ်ကမ္မဋ္ဌာန်းကျောင်းသို့ တရားအားထုတ်ရန် ကြွခဲ့သည်။

ထိုချောင်တွင် ဝိပဿနာတရားအားထုတ်ခြင်း၊ ပတ်ဝန်းကျင်မြို့နယ်များမှ ယောဂီများအား တရားအလုပ်ပေးခြင်း၊ တရားစစ်ခြင်း၊ တရားဟောခြင်းတို့ဖြင့် မိမိသူတစ်ပါးအကျိုးများကို ကျင့်ခဲ့သည်။ ၁၃၂၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၅ ရက်နေ့သည် ဥပုသ်နေ့ဖြစ်၍ ပရိသတ်ကို နံနက်ပိုင်းတရားဟောပြီး နေ့ဆွမ်း ဘုဉ်းပေးတော်မူသည်။ ထို့နောက် သီတင်းသုံးတော်မူရာ စံကျောင်း၌ တစ်ပါးတည်း ကိန်းအောင်းတော်မူနေစဉ် ညနေ ၄ နာရီအချိန်တွင် ပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူသည့် အချိန်တွင် သက်တော် (၈၂)၊ ဝါတော် (၅၅)ဝါ ဖြစ်ခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



# ချက်စိန္ဒစ်တွင်း အလင်းမရသည့်အဖြစ် ဝေါဝ်ကျိုးနေသော်လည်း တရားထူးရသည့် မြောက်ဂူကျောင်းဆရာတော်ကြီး အရှင်ဉာဏုတ္တ





www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံအရပ်ရပ်ရှိ ထူးခြားသော ဆရာတော်ကြီးများနှင့် ရဟန္တာပုဂ္ဂိုလ်ကြီးများ

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျောက်ပန်းတောင်း ညောင်ဦးသွားသော ကားလမ်း၏ အရှေ့မြောက်ဘက်တွင် တံခါးကြီးကျေးရွာ ကပ်လျက်တည်ရှိသည်။ ထိုတံခါးကြီး ကျေးရွာ၏ မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် မြောက်ဂူကျောင်း တည်ရှိသည်။

### မြောက်ဂူကျောင်းရဟန္တာဟု ကျော်စောခြင်း

မြောက်ဂူကျောင်းဆရာတော် အရှင်ဉာဏုတ္တရသည် ပျံလွန်တော်မမူမီ ဆယ်နှစ်ကျော်ကပင် ရဟန္တာဟု ကျော်ကြားခဲ့သည်။

မပျံလွန်မီကပင်လျှင် ညအခါ တစ်ကျောင်းလုံး လင်းထိန်နေသည်ကို မြင်ရခြင်း အုံ့ဖွယ် ကားလမ်းမှ လှမ်းမြင်ရသည်။ ဆရာတော်ကြီး ပျံလွန်တော်မူ၍ မီးထွန်းထားခြင်းလောဟု သွားရောက်ကြည့်ရှုကြသည်။ မြောက်ဂူကျောင်းမှာ ဆီမီးထွန်းထားခြင်းပင် မရှိပေ။ ဆရာတော်ကြီး၏ ထူးခြားသော အချက်တစ်ရပ်မှာ ဆရာတော်အား လာရောက်၍ ပူဇော်ကြခြင်းဖြစ်သည်။ ဆရာတော်ကြီးအား ရှဉ့်၊ မြွေ စသော တောသတ္တဝါများ ကျီး၊ ချိုး၊ ဒါ စသော ကျေးငှက်များ လာရောက်ချဉ်းကပ်ပူဇော်ကြသည်ကို ကိုယ်တိုင်တွေ့မြင်ခဲ့ကြသောသူ များစွာပင်ရှိခဲ့သည်။

### လူမရှိဘဲ တရားဟောခြင်း လျှို့ဝှက်ချက်

တစ်ခါတစ်ရံတွင် ဆရာတော်သည် နံနက်စောစောကြီးတွင် တရားနာသူ မရှိဘဲ တရားဟောနေသည်ကို တွေ့ရတတ်သည်။ ဤအခါတွင် ကပ္ပိယ ဦးသာဆွေက ဆရာတော်ကြီးမှာ မျက်စိမမြင်သောကြောင့်သာ လင်းမှန်း မှောင်မှန်း မသိ။ တရားနာသူရှိမှန်း၊ မရှိမှန်း မသိဘဲ မှန်းဆပြီး တရားဟောနေသည်ဟု ထင်မိသည်။

မျက်စိမမြင်သော်လည်း နတ်များက တရားလာ၍ နာကြခြင်း

ကပ္ပိယဦးသာဆွေက "အရှင်ဘုရား မိုးမလင်းသေးဘူးဘုရား၊ တရားနာမည့်သူလည်း မရှိဘူး၊ တရားဟောမနေပါနှင့်ဘုရား" ဟု လျှောက်ထားသည်။ ဆရာတော်ကြီးက "ဟာ သာဆွေရ မင်းကသာ မမြင်တာ၊ ငါ့မှာ တရားနာမယ့်သူတွေ တစ်ပုံကြီးကွ၊ သူတို့က တရားဟောရန် တောင်းပန်လို့ ငါ တရားဟောနေတာ" ဟု မိန့်တော်မူသည်။

### ဇာတိရပ်ရွာ

ဆရာတော်အရှင်ဉာဏုတ္တရသည် ကျောက်ပန်းတောင်းမြို့မှ နှစ်မိုင်ခန့်ဝေးသည့် တံခါးကြီးကျေးရွာတွင် အဖဦးစော၊ အမိ ဒေါ်မြကောင်းတို့မှ ၁၂၆၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့ နံနက်တွင် ဖွားမြင်တော်မူခဲ့သည်။ သားသမီးလေးယောက်အနက် ဒုတိယမြောက် သားရတနာ ဖြစ်သည်။ ငယ်မည်မှာ မောင်လှတင် ဖြစ်သည်။ မောင်လှတင် ၅ နှစ်သားအရွယ်တွင် ကျောက်ပန်းတောင်းမြို့နယ်၊ ရွာတန်းရှည်ကျေးရွာ၊ ရပ်စုံကျောင်း ဘုန်းတော်ကြီး ဦးနန္ဒထံ ပညာသင်ကြားခဲ့သည်။ ၁၀ နှစ်သားအရွယ်တွင် သာမဏေဝတ်ခဲ့သည်။

### ရဟန်းဖြစ်တော်မူခြင်း

၁၂၈၃ ခုနှစ်တွင် သက်တော် ၂၀ ပြည့်သဖြင့် ရှင်ဉာဏုတ္တရသည် ကျောက်ပန်းတောင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုတော်မူခဲ့သည်။

### ပထမကြီးအောင်

ညောင်ဦးမြို့ ကျောက်ပန်းတောင်း စာသင်တိုက်၊ ကျောက်တန်းမြို့ မဟာဝိသုဒ္ဓါရာမတိုက်၌ ပညာကို ဆက်လက်ဆည်းပူးတော်မူခဲ့သည်။ ထိုနှစ်တွင် ပထမကြီးကို အောင်မြင်သည်။

### တောထွက်တော်မူ

ဆရာတော် ဦးဉာဏုတ္တရသည် သက်တော် ၅၃ နှစ်၊ ဝါတော် ၃၃ ဝါအရတွင် သံတံခါး ဖလေးတောရကျောင်းသို့ ဦးလက္ခဏ၊ ဦးဝါယမတို့နှင့်အတူ ကြွရောက်၍ တောရဆောက်တည်လျက် ဝိပဿနာတရားကို ပွားများအားထုတ်တော်မူသည်။ မျက်စိကွယ်တော်မူသော်လည်း အလွန်ထူးဆန်းသည်။ မျက်စိမမြင်ပါလျက်နှင့် တရားထူးရအောင် ကျင့်ကြံအားထုတ် ပေါက်မြောက်တော်မူသဖြင့် ဝီရိယအရာတွင် စံနမူနာတင်ရပေသည်။

ဆရာတော်ကြီးသည် သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါအရ ၁၃၅၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ကြာသပတေးနေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် ပျံလွန်တော်မူခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်တော်များ ရက်ခြား ရက်ခြား ထူးဆန်းစွာ ကျတော်မူသော
# သဲတော ဦးနန္ဒဝံသ





www.burmeseclassic.com

www.burmeseclassic.com



သဲတောဆရာတော်ဘုရားကြီး ဦးနန္ဒဝံသ ခန္ဓာဝန်စွန့် ပျံလွန်တော်မူပြီးမှ ဓာတ်တော်ကျလို့ ရဟန္တာမှန်း သိရတယ်။ တောရကျောင်းကလေးကို ဦးရေအေးနှင့် ဦးစိမ္မေးတို့ တည်ထောင်ခဲ့တဲ့ တောရကျောင်းပါ။ တောရကျောင်း ဆိုပေမယ့် မွေ့လျော်ဖွယ် ကောင်းလှပါ။ သာသာယာယာ မရှိပါ။ မြေက မညီမညာ။ အမိုက်ခွေးတွေက ဟိုတစ်ပုံ သည်တစ်ပုံ။ ကျင်းချိုင့်တွေက အပြည့်။ …တာဖောင်းပင်တွေက ခပ်ကျဲကျဲ၊ တမာပင်လေး နှစ်ပင်မျှသာရှိတဲ့ ကျပ်တီးကုန်းကလေးဖြစ်လို့ သာမောဖွယ် မရှိပါဘူး။ အဲဒီ ကျောင်းကလေးဟာ ဆရာတော်ကြီး တရားအားထုတ်ခဲ့တဲ့ ကျောင်းကလေး ဖြစ်ပါတယ်။ အဲဒီကျောင်းမှာ ဆရာတော်ကြီး ကြွင်းကျန်ရစ်သော ဓာတ်တော်များကို ဓာတ်ပုံတွင် ထင်ရှားစွာ ဖူးတွေ့ရသောအခါ ပို၍ကြည်ညိုခဲ့ရပါသည်။ သာသနာ့မော်ကွန်းတွင် အရိယာဆရာတော်ကြီးတစ်ပါးကို မှတ်တမ်းတင်နိုင်၍ ဝမ်းမြောက်ရပါသည်။

## ဇာတိရပ်ရွာ

သဲတောမြို့နယ်၊ ခင်ကြီးရွာတွင် ခမည်းတော် ဦးပေါ် မယ်တော် ဒေါ်မယ်အုံတို့မှ မြန်မာသက္ကရာဇ် ၁၂၆၆ ခု၊ ပထမ ဝါဆိုလဆန်း ၇ ရက်၊ စနေနေ့ နံနက် ၁ နာရီတွင် ဖွားမြင်တော် မူခဲ့ပါသည်။

## ရဟန်းဖြစ်တော်မူခြင်း

ကျေးဇူးရှင်တောရဆရာတော်ကြီးသည် မိဘများရဲ့ …ယာနုဂ္ဂဟနဲ့ သက္ကရာဇ် ၁၂၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်မှာ ဝမ်းတွင်းမြို့နယ်၊ ခင်ကြီးကျေးရွာ၊ အရှေ့တောင် ကျောင်းဆရာတော် ဦးဉာဏိန္ဒအား ဥပဇ္ဈာယ်ပြုပြီး ခင်ကြီး ကျေးရွာ ငါးပဥ္စင်းကျောင်း ခဏ္ဍသိမ်မှာ မြင့်မြတ်သော ရဟန်း ဘဝ ရောက်ရှိခဲ့ပါသည်။ ရဟန်းဖြစ်ချိန် သက်တော် ၂၁ နှစ်ခွဲ ဘွဲ့တော် အရှင်နန္ဒဝံသ ဖြစ်ပါသည်။

## မန္တလေးသို့ရောက်

ဆရာတော်လောင်းလျာသည် မန္တလေးတောင်ပြင် ဆီးသင်းတိုက်မင်္ဂလာစံကျောင်း ဆရာတော်ထံမှာ စာဝါများကို နေ့မနေ ကြိုးစားသင်ယူခဲ့ပါသည်။

## နေ့မှာစာသင် ညမှာ သုသာန်

နေ့မှာ စာသင်ပြီး ညအခါ ကျောင်းမှာမအိပ်ဘဲ မန္တလေးအနီးက အုန်းတောကျောင်းနဲ့ ကပ်နေတဲ့ သုသာန်ဇရပ် မှာ တရားသွားကျင့်လေ့ရှိသည်။ ဝိနည်း(၅)ကျမ်း၊ သုတ်(၃)ကျမ်း၊ အဘိဓမ္မာ(၇)ကျမ်းတို့ကို သင်ရိုးကုန် တတ်မြောက်ခဲ့ပါသည်။

သဲတောမြို့ ရွှေဘုံသာ တောရကျောင်းသို့ သက္ကရာဇ် ၁၃၀၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်နေ့မှ စတင်ရောက်ရှိခဲ့ပါသည်။

ဆရာတော်ကြီးသည် ရဟန်းသိက္ခာ (၂)ဝါ၊ (၃)ဝါ ကတည်းက သုသာန်စုတင်ဆောင်ခဲ့လေရာ ရွှေဘုံသာတောရ ပြောင်းရွှေ့လာပြီးနောက်ပိုင်းမှာလည်း ညအခါ သုသာန်သချိုင်း များသို့သွား၍ တရားအားထုတ်လေ့ရှိသည်။

## ကုလားထိုင်ပေါ်ထိုင်လျက် ခန္ဓာဝန် စွန့်တော်မူ

ဆရာတော်ကြီးသည် သက်တော် ၈၇၊ ဝါတော် ၆၅ဝါ အရ မြန်မာသက္ကရာဇ် ၁၃၅၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ သောကြာနေ့ နံနက် ၇ နာရီ ၁၅ မိနစ်မှာ သဲတောမြို့ ရွှေဘုံသာ တောရကျောင်းမှာ ကုလားထိုင်ပေါ်ထိုင်လျက် ခန္ဓာဝန်စွန့် ပျံလွန်တော်မူခဲ့ပါသည်။

## ဓာတ်တော်ကျခြင်း

ဆရာတော်၏ ရုပ်အလောင်းတော်ကို (၁၇-၂-၁၉၉၀) သက္ကရာဇ် ၁၃၅၂ ခု၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့ ညနေ ၃ နာရီမှာ နံ့သာအမွှေးတိုင်များ၊ သနပ်ခါးတုံးများနှင့် မီးသင်္ဂြိုဟ်ပူဇော်ခဲ့ကြပါသည်။ ဓာတ်တော်က ချက်ချင်းကျခဲ့ခြင်း မဟုတ်ပါ။ မီးသင်္ဂြိုဟ်ပြီး ၁၇ ရက်အကြာမှာ ဓာတ်တော် ၅ ဆူ၊ တပေါင်းလဆုတ် ၈ ရက်နေ့မှာ ၅ ဆူအပြင် အားလုံး ၁၂ ဆူ ကြွင်းကျန်ရစ်သည်ကို ယခုတိုင် ပူဇော်ထားလျက် ရှိပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# စကြဲ့ကြွရာ မြေပြင်မှ တစ်တောင်ကွာသည်ဟု ဆိုကြသော ရန်ကုန်တိုင်းဒေသကြီး ရွှေဥမင်ဆရာတော်





www.burmeseclassic.com

www.burmeseclassic.com



ရွှေဥမင်တောရ၌ တိုက်ကျောင်းကြီးငယ်များကို အလှူရှင်များမှ သဒ္ဓါကြည်ဖြူ ဆောက်လုပ်လှူဒါန်းကြသော်လည်း ထိုခမ်းခမ်းနားနားကျောင်းကြီးပေါ်တွင် ဆရာတော်သည် သီတင်းသုံးလေ့ မရှိ။ ၁၂ ပေသာသာ ကျယ်ဝန်းသော တစ်ထပ်ကျောင်းသင်္ခမ်းတွင်သာ သီတင်းသုံးတော်မူ၍ ညဥ့်အခါကာလ၌ ကျိန်းစက်လေ့ မရှိကြောင်း။ အနယ်နယ်အရပ်ရပ်မှ လာလှူသမျှ တစ်ခုမကျန် ချိုတဲ့နွမ်းပါး ကျောင်းတိုက်များသို့ ပြန်လှူဒါန်းလေ့ရှိကြောင်း သိရပါသည်။

## ဓာရိသတ်နှင့်ဝေးရာ

ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ညာဂုဏ်တို့သည် အလွန်တရာ ကျော်ကြားလှ၍ ကြည်ညိုသူ များလှ၏။ များလှသော ဒေ့ပရိသတ်ကို အမြဲညေ့ခံနေရ၍ အချိန်ကုန် လူပင်ပန်းလျက် တရားဘာဝနာကိစ္စအဖြာဖြာတွင် အနှောင့်အယှက် အတားအဆီးသဖွယ် ဖြစ်လာသောအခါ ဆရာတော်သည် ဒေ့ပရိသတ်နှင့်ဝေးရာ ဆိတ်ငြိမ်အေးချမ်း တောရစခန်းများတွင် လူမသိ သူမသိ တရားနှင့် မွေ့ပျော်နေ တတ်၏။

## မကြာခဏ ပျောက်ပျောက်နေ

ထင်ပေါ်ကျော်ကြား လူသိများမှုကို အလွန်တရာ စိုးရိမ်မှုနှင့်အတူ မကြာခဏ ရွှေဥမင်တောရမှ ပျောက်ခြင်းမလှ ပျောက်ပျောက်နေတတ်လေသည်။ ဆရာတော် တရားအားထုတ်ရာနေရာများ တစ်ခါတစ်ရံမှာ မြောက်ဥက္ကလာပနှင့် အလွန်အလှမ်းကွာဝေးလှသော ပေါင်မြို့နယ်၊ ဘန့်ဘွေးကုန်းကျောက်အိုင်၊ မေ့သုခတောရကျောင်းသင်္ခမ်းတွင် ဖူးခွင့်ရကြ၏။ ရေးမြို့နယ် အစင်ကျေးရွာ မွန်ထိန်တောရ၊ ဒေးစွန်ပါ ဆင်ပုန်းတောရ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ညောင်ကုက္ကိုင်းတောရ၊ ပဲခူးမြို့နယ် ဘုရားသုံးဆူရွာ နာရဏီတောရ၊ ပဲခူးမြို့နယ် ကျောက်တန်းတောရများသည် ရွှေဥမင်ဆရာတော်ဘုရား တရားကျင့်ကြံပွားများရာ ဌာနများ ဖြစ်ကြလေသည်။

## မြေပြင်မှ တစ်တောင်ကွာနေခြင်း ကိုယ်တွေ့

တစ်နေ့သောအခါတွင် ရဟန်းအစ်မကြီး ဒေါ်တင်အေးသည် ဆွမ်းချက်ဆောင်မှ ဆွမ်းချက်နေရင်း ရွှေဥမင်ဆရာတော် ကြွကြွသွားသည်မှာ မြန်ဆန်လွန်းလှသဖြင့် ဘယ်လိုပါလိမ့်ဆို ပြီး နောက်မှ ကမန်းကတန်း လိုက်ကြည့်ရာ မြေပြင်ပေါ် တစ်တောင်အကွာမှ ဆရာတော် ကြွကြွသွားသည်ကို အံ့ဩခြင်း များစွာဖြင့် ဖူးတွေ့လိုက်ရလေ၏။ ကြက်သီးမွေးညင်းများ ထလာသည်အထိ ရဟန်းအစ်မကြီး ဒေါ်တင်တင်အေးမှာ အတိုင်းအဆ မရှိ ဝမ်းသာနေလေတော့သည်ဟု ဆို၏။

## မွေးသက္ကရာဇ်နှင့် ဇာတိရပ်ရွာ

ရွှေဥမင်တောရ ဆရာတော်လောင်းလျာအား မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုကွမ္မကျေးရွာ၌ ခမည်းတော် ဦးဟန်၊ မယ်တော် ဒေါ်သိုင်းခြုံတို့မှ ၁၂၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်း ငါးယောက်အနက် သားဦးရတနာဖြစ်သည်။ ဆရာတော်သည် အသက် ၉ နှစ်အရွယ်ကပင် မုကွမ္မကျေးရွာ မွန်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထံတွင် ရှင်သာမဏေပြုခဲ့၍ ၁၂၉၅ ခုနှစ်၊ ညောင်လေးပင် တောရဆရာတော် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဆရာတော်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို နေ့ဝါ ညဝါများ လေ့လာသင်ယူ ဆည်းပူးခဲ့ပါသည်။ ဆရာတော်ကြီးသည် ဓမ္မ ရိပ်သာများကို တည်ထောင်၍ သာသနာပြုလုပ်ငန်းများကို ပြုလုပ်ခဲ့ပါသည်။

## ခန္ဓာဝန်ချတော်မူခြင်း

ရွှေဥမင်ဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာနစရိယ အဖြစ် သာသနာ့ဝန် ထမ်းဆောင်ရင်း ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ(၃း၃၀) နာရီအချိန်တွင် ပတ္တမြားမြို့သစ်၊ ဓမ္မသုခတောရ၌ ခန္ဓာဝန် ချတော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# တရားထိုင်ရာတွင် မီးမထွန်းတဲ့ လင်းနေသော
# ကြာအင်းရွာဆရာတော် ဦးသီဟ





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ ဇာတိမှာ ဇလွန်မြို့ ဘောသွန်ဇာတိ ဖြစ်ပါသည်။ ဆရာတော် ၁၄ နှစ်အရွယ်မှာ ရှင်သာမဏေပြုပြီး ဆရာတော် ဦးသောမ(ကြာအင်းဒုတိယဆရာတော်)ထံမှာ လောကီပညာတွေ သင်ယူပါတယ်။ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ ဓနုဏ္ဏူဒေသတွေမှာ ပရိယတ္တိစာပေကို ပထမကြီးတန်း အောင် မြင့်တဲ့အထိ သင်ယူခဲ့ပါတယ်။

**ဝိပဿနာ ၅ နှစ်**

မိတ္ထီလာ မလှိုင် ပန်းအိုင်ဒေသမှာ ဝိပဿနာ ၅နှစ် အားထုတ်ပြီး ကြာအင်းရွာကို ပြန်ကြွလာတယ်ဟု မှတ်တမ်း ရှိ၏။

**မဟာစည်သတိပဋ္ဌာန်နည်း**

ဆရာတော်၏ ထူးခြားချက်များကတော့ မဟာစည် သတိပဋ္ဌာန်နည်းကို စင်္ကြံလျှောက်ပြီး အားထုတ်တယ်။ နံနက် ၄ နာရီကနေ ကျောင်းရဲ့ အနောက်မြောက် ၁ မိုင်ကျော်ဝေးတဲ့ ကျိုက်သာ ခပေါင်းဘုရားကို စင်္ကြံလျှောက်သွားပြီး တရားအား ထုတ်တယ်။ အရုဏ်ဆွမ်းအမီ ပြန်ကြွတယ်။ အရုဏ်ဆွမ်းစားပြီး အချိန်ကနေ နေ့ဆွမ်းစားချိန်အထိ စကားမပြောတော့ဘဲ စင်္ကြံ လျှောက်ရင်း တရားအားထုတ်ပြန်တယ်ဟု မှတ်တမ်းရှိပါသည်။

**ဆရာတော်၏ဓလေ့**

ဆရာတော်၏ အလေ့အထမှာ စင်္ကြံလျှောက်ရင်း တရားအားထုတ်မှု ဖြစ်ပါတယ်။ ဝိနည်းကိုလည်း လေးစားတယ်။ နေပူပူ၊ မိုးရွာရွာ တရားအလုပ်ကို မလစ်ဟင်းစေရဘူး။ စင်္ကြံ လျှောက်ရင်း ခြေထောက်မှာ ကျွတ်တွယ်ရင် ဆက်မလျှောက် တော့ဘဲ ရပ်နေတယ်၊ ကျွတ်ပြုတ်ကျမှ ဆက်လျှောက်တယ်ဟု မှတ်တမ်းရှိ၏။

**မီးမထွန်းဘဲ လင်းသောအရောင်များ**

ဆရာတော်သည် ညဥ့်အခါမှာ သီတင်းသုံးပုံမှာ အလွန်ထူးဆန်းပါသည်။ ကျောင်းကြီးပေါ်မှာ သီတင်းမသုံးဘဲ ဘုရားတန်ဆောင်းထဲမှာ ကောက်ရိုးခင်းပြီး ဝါးခြမ်းခေါင်းအုံးနဲ့ စောင်၊ ခြင်ထောင် မယူဘဲ သီတင်းသုံးလေ့ရှိသည်။ ညအခါ မိုးမှောင်မှောင်တွင် ဘာမီးမှ မထွန်းဘဲ ထူးခြားသော အလင်း ရောင်များ ဝင်းဝင်းထိန်နေတတ်ပါသည်။ ခြင်တွေ၊ ကြမ်းပိုးတွေ ပေါ်များသော်လည်း ခြင်ဖှ၊ ကြမ်းပိုးကိုက်ရာ လုံးဝမတွေ့ကြဘူး။ မိုးရာသီ ညဘက် မိုးသည်းထန်ချိန်မှာ တော်လည်းသံကြီးတွေ မြည်ဟည်းလို့ ဆရာတော် သီတင်းသုံးတဲ့ အဆောင်ဘက်မှာ လင်းထိန်နေတယ်။ ထူးခြားတဲ့ အလင်းရောင်ကြီးတွေ ကိုယ်တိုင် မြင်ခဲ့ရဖူးသည်ဟု မှတ်တမ်းရှိပါသည်။

**ဘုရားမျက်နှာတော်လှည့်**

နံနက်လင်းလို့ သွားကြည့်ရင် သော့ခတ်ထားတဲ့ အခန်းထဲက ဗုဒ္ဓရုပ်ပွားတော်တစ်ဆူသည် ဆရာတော်တန္ဒရှိသီဟ ရှိရာဘက်ကို ထူးဆန်းစွာ လှည့်နေတာ ဖူးမြင်ရတယ်ဟု သိရပါ သည်။ ၎င်းရုပ်ပွားတော်မှာ ဉာဏ်တော် ၁ မိုက်ခန့်သာ ရှိသည်။ ကြာအင်းသူကြီးလက်ထက်တွင် အမှုအခင်း စစ်ဆေးသောအခါ တရားခံသက်သေ တရားလိုတို့မှ ဤရုပ်ပွားတော်ကို ဦးခေါင်းပေါ် ရွက်ပြီး ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြကြောင်း သိရသည်။

**ထူးဆန်းသော မှတ်တမ်းများ**

ဆရာတော်သည် သတိပဋ္ဌာန်တရားအားထုတ်စဉ် အတွင်း စာရွက်များပေါ်၌ ဂဏန်းသင်္ချာများ ရေးမှတ်လေ့ရှိသည်။ စာရွက်တစ်ရွက်ရှိ ဂဏန်းများအောက်၌ ၎င်းဟာ တာဝတိံသာချိန် ၁၃၄၉ ခုနှစ်၊ တပေါင်းလဆန်း(၁၀)၊ ၄-ဟူးနေ့ဟု ရေးသား ထားသည်။

**ခန္ဓာဝန်ချတော်မူခြင်း**

ဆရာတော်သည် ၁၃၅၉ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ နံနက်အချိန်တွင် ပျံလွန်တော်မူခဲ့ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကင်တွင် ရှာန်ပျံနေသည်ကို ချင်းတိုင်းရင်းသားတို့ ဖူးမြော်ရသော အရှင်အရိယာဝံသ မဟာထေရ်





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးသည် ခန္ဓာဝန်ချခါနီးကာလ အဖြစ်အပျက်များကို ဆရာတော် ဦးဆန္ဒာဓိကအား ဤသို့ ဆက်၍ပြောပြသည်။ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလဆန်း ဒုတိယပတ်လောက်မှာ ခုနကပြောခဲ့သလို မိုးခိုဖို့အတွက် မန္တလေးကို ကြွတယ်။ ဘုန်းကြီးက အလုပ်အကျွေးသံဃာအနေနဲ့ လိုက်ပါပြုစုရတယ်။ မန္တလေးရောက်ရောက်ချင်း "ငါသေတော့မှာ တစ်ခါတည်း ကျောင်းအပ်မယ်၊ လက်ခံမလား"လို့ မိန့်ပါတယ်။ "ဆရာတော်ဘုရား အကောင်းကြီးပဲ၊ ဝမ်းချုပ်တာ ဝေဒနာကြီးမှ မဟုတ်တာ မဖြစ်နိုင်သေးပါဘူး" ပြန်လျှောက်တော့ ပြုံးနေတယ်ဟု မှတ်တမ်း ရှိပါသည်။

## ခန္ဓာဝန်ချတော်မူခြင်း

ဆေးရုံမှာ တစ်လလောက်ကြာတယ်။ အထူးဆရာဝန်ကြီးတွေက စက်ကိရိယာ အစုံအလင်နဲ့ စမ်းသပ်စစ်ဆေးပေးကြတယ်၊ ဘာရောဂါမှ ရှာမတွေ့ဘူး။ သက်တော်ကြီးရင့်တာမို့ ကိုယ်ခံအားကောင်းမည့် အားဆေးတွေပဲ ဆက်ကပ်ကြပါတယ်။ ပျံလွန်တော်မူမည့်နေ့ နံနက် ၇-နာရီလောက်မှာ(၁၀-၃-၂၀၀၇)နေ့မှာ ဖြစ်သည်။ "ငါ အိပ်ချင်တယ် မောင်ပဥ္စင်း"၊ "ကျိန်းတော်မူပါ အရှင်ဘုရား"၊ "တကယ်အိပ်ရမှာလား" အဲဒီလိုပြောပေမယ့် တကယ်မအိပ်ပါဘူး။ ခွမ်းချိန်မှာ ပုံမှန်ဘုဉ်းပေးပြီး တစ်ပါးတည်း ငြိမ်ငြိမ်သက်သက် သီတင်းသုံးနေတယ်။ တရားအာရုံပြုနေတာ သိရလို့ ဘယ်သူမှ အနှောင့်အယှက် မပေးကြပါဘူး။ အဲဒီနေ့ နေ့လယ် ၂ နာရီ ၁၅ မိနစ်မှာ ပကတိ ကျန်းမာနေရာကနေ ထွက်သက် ဝင်သက် ရပ်စဲပြီး ခန္ဓာဝန် ချတော်မူပါတယ်။

## အရိုးပြာများ မဏိပူရမြစ်ထဲမှာ ရေမျှောခဲ့

ဆရာတော် ရုပ်ကလာပ်တော်ကို မန္တလေး ပြည်သူ့ဆေးရုံကြီးကနေ ကျော်ရှာတောရ(မေဝတီ)ကျောင်းကို ပြန်ပင့်ပြီး (၁၇-၃-၂၀၀၇)နေ့မှာ အန္တိမအဂ္ဂိရှာပန မီးသင်္ဂြိုဟ်ပွဲ ဆင်နွှဲပါသည်။ လောင်တိုက်နေရာ အောက်ခံအင်္ဂတေခင်းပြီး တေဇောရှာပနပြီးတဲ့အခါ အရိုးပြာတွေကို (၁၈-၃-၂၀၀၇)နေ့မှာ မဏိပူရမြစ်ထဲ ရေမျှောဥဒကပူဇာမင်္ဂလာ ဆင်နွှဲပူဇော်ပါတယ်။

## (၇)ရက်အတွင်းမှာ ဓာတ်တော်များပေါ်လာ

(၂၅-၃-၂၀၀၇)နေ့တိုင်အောင် (၇)ရက်တိတိ ကောက်ယူပူဇော်ခွင့်ရကြပြီး (၇)ရက် လွန်သောအခါ ထွက်ပေါ်တာခြင်း မရှိတော့ပါ။ နီညိုရောင်အလုံးကလေးများအချို့ကို ဓာတ်ဆောင်းကာ ကျွမ်းကျင်သူထံ တင်ပြပေးသည်။ ဓာတ်တော်ဖြစ်ကြောင်း သိရသည်။ ရဟန္တာဓာတ်တော်များမှာ အဖြူရောင်ပဲစေ့အရွယ်ခန့် အလုံးကြီးသာ မြင်ရလေ့ရှိကြောင်း ပြန်လည်လျှောက်ထားရာ ဤဓာတ်တော်များမှာ အသွေးတော်မှဖြစ်သော ဓာတ်တော်ဟု ကြားသိရပါသည်။

## ကောင်းကင်တွင် ရှာန်ပျံနေသည်ကို ချင်းတိုင်းရင်းသားတို့ ဖူးမြော်ကြရခြင်း

ဆယ်တောရွာ၊ သံဖိုရွာတွေဆိုတာ ချင်းတိုင်းရင်းသားတွေ မိရိုးဖလာခလေ့နဲ့ ဘာသာခြား ကိုးကွယ်သူတွေပါ။ သူတို့တွေက ကျော်ရှာတောရကျောင်းဆရာတော် လေမှာ ပျံနေတယ်လို့ ခဏခဏ လာပြောကြတယ်။ ကျော်ရှာတောကျောင်းဘုန်းကြီးကို တောင်ပေါ်မှာ ပျံနေတာ တွေ့ရသတဲ့။ ၂၀၀၆ ခုနှစ် မိုးတွင်းမှာ တွေ့ရတယ်လို့ ပြောကြပါတယ်။ ဆရာတော် ကျင့်ပုံကျင့်နည်း တင်ပျဉ်ခွေ ဣရိယာပုတ်တစ်ခုတည်းကို ၆ နာရီ ၇ နာရီကြာအောင် မလှုပ်မယှက် ကျင့်ကြံနိုင်တယ်။ သိမ်းတာနဲ့ ညောင်းကိုက်ထုံကျဉ်တာ မရှိ။ ချက်ချင်း ထနိုင် သွားနိုင်တယ်ဟု ဆိုပါသည်။

## ဆရာတော်ကိုယ်တိုင်ရေးမှတ်တမ်း

ဆရာတော်လောင်းလျာကို ၁၂၇၇ ခု၊ နတ်တော်လဆုတ် ၈ ရက် ညနေအချိန် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကန်လှကျေးရွာနေ ဦးအောင်ရှ ဒေါ်မိုးတို့မှ ဖွားမြင်သည်။ ၁၂၉၀ ပြည့်နှစ်တွင် မိခင်ကြီးက သင်္ကန်းဆီးပေးသဖြင့် ပရိယတ္တိစာပေများကို သင်ယူပါသည်။ ၁၃၀၁ ခုနှစ်တွင် ကုက္ကိုင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်သည်။ ဆရာတော်သည် သာသနာရေး လူမှုရေး ပရဟိတ ကိစ္စအဝဝ ပြုလုပ်ပြီး၍ ၁၃၂၀ ပြည့်နှစ်တွင် မိမိဘဝ လွတ်မြောက်ရေးအတွက် မနီးမဝေးတောအုပ်တွင် တောထွက်ကျင့်ကြံတော်မူသည်။ ဆရာတော်ကြီးသည် သက်တော် ၉၁ နှစ်အထိ သာသနာအကျိုး သယ်ပိုးခဲ့ရာ ကြယ်ပွင့်ပုံ ကျေးပြားဆု၊ မြန်မာပြည်မြေပုံပါ မြို့နယ် ပရဟိတတံခွန်ဆု၊ ရွှေကျင်ဂိုဏ်းကြီးမှ ရတ္တညုမဟာနာယကဘွဲ့တံဆိပ်တော် စသည်ခံခဲ့ရ၏။ ၁၉၈၈ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ၂၀၀၃ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်အလှူခံ ရရှိခဲ့လေသည်။




www.burmeseclassic.com

www.burmeseclassic.com



# ရဟန္တာဟု သမုတ်ကြသော ကာနီဆရာတော်ကြီး၏နည်းဖြင့် ကျင့်ကြံ၍ ဟိုးဟိုးကျော်သော မောင်းထောင် မြေဇင်းဆရာတော်





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ရေကန်ရွာ ခမည်းတော် ဦးဖိုးကဲ၊ မယ်တော် ဒေါ်ပျော့တို့မှ ၁၂၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့ ဖွားမြင်တော်မူသည်။ သာသနာပိုင်ကြီး၏ ခြေတော်စပ်၊ မင်းတုန်းမင်းတရားကြီးလက်ထက် ဒုတိယ မောင်းထောင်သာသနာပိုင် ဆရာတော်ကြီး ဥဿျှမမ္ဘ၏မြေးတော် ဖြစ်သည်။

## ရဟန်းဖြစ်သောနှစ်

မောင်းထောင်ရွာ၊ ယွန်းဆက်ကျောင်းတိုက်တွင် ဦးလေးတော် ဦးရာဇိန္ဒထံ ပရိယတ္တိစာပေ သင်ယူ၍ ၁၃၀၁ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်နေ့တွင် သုဓမ္မာဂိုဏ်းထောက် တောရဆရာတော်ကြီး ဦးဇနိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ပထမတန်းသို့ရောက်လျှင် စာမေးပွဲ ဆက်၍မဖြေဆိုတော့ဘဲ ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ နိကာယ်ပါဠိတော်ကြီးများကို ကျမ်းရိုးပေါက် သင်ယူတော်မူခဲ့သည်။

## ၂၇ နှစ်တိုင်တိုင်

ပခုက္ကူမြို့၌နေစဉ် နေ့အခါ စာလိုက်၍ ညအခါ ပခုက္ကူမြို့ မဟာစည်ရိပ်သာ၌ ညပိုင်းယောဂီအဖြစ် တရား ဘာဝနာရှုပွား၍ ပရိယတ်နှင့် ပဋိပတ် တွဲစပ်အားထုတ်တော်မူသည်။ ထို့နောက် ယွန်းဆက်တိုက်၌ ၄၀ ခန့်ရှိသော စာသင်သား များအား မူလဓမ္မာစရိယ စာချဆရာတော်အဖြစ်လည်းကောင်း၊ ကျောင်းထိုင်ဆရာတော်အဖြစ်လည်းကောင်း ပရိယတ္တိ ၂၇ နှစ် တိုင်တိုင် သာသနာပြုတော်မူခဲ့သည်။

## တောထွက်

၁၃၃၁ ခုနှစ် ဝါဆိုဦးတွင် မောင်းထောင် ယွန်းဆက် စာသင်တိုက်ကြီးကို တပည့်ဖြစ်သည့် သာသနဓဇ သီရိပဝရဓမ္မာ စရိယ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလာစာရအား လွှဲပြောင်းအပ်နှံ၍ မောင်းထောင်တောင် ကျွန်း ၈ ရွာ၊ ဂေါစရဂါမ်နယ်အတွင်း မြေဇင်းတောရသို့ တောရဝါ ကပ်တော်မူခဲ့သည်။

## ရွှေသိမ်တော် တောရဆရာတော်ထံ တပည့်ခံ

၁၃၂၅ ခုနှစ်တွင် ကမ္မဋ္ဌာန်းကျမ်းပြု အင်ချောင်ဆရာ တော်ထံ နည်းခံဝါကပ်၍ ဝါကျွတ်လျှင် ကနီ(ကမ်းနီ)တောင်ပေါ် ရှိ ယောဂီပါရဂူကျမ်းပြု ရွှေသိမ်တော်တောရ ဆရာတော်ကြီးထံ မှာ နည်းခံသီတင်းသုံးသည်။

## မဟာကမ္မဋ္ဌာနာစရိယဘွဲ့

၁၃၅၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ မဟာကမ္မဋ္ဌာနာ စရိယ ဘွဲ့တော်တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်း ခံယူတော် မူရသည်။

## ပရိနိဗ္ဗာန်ပြုတော်မူ

သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၆ ဝါအရ ၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်(၁-၉-၂၀၀၆) သောကြာနေ့မှာ ဘဝနတ်ကျောင်း ရွှေပြောင်းတော်မူခဲ့သည်။

## ရုပ်ကလာပ်တော် မပုပ်မသိုး

ကြားကာလ သုံးလအတွင်း ရုပ်ကလာပ် မပုပ်မသိုး တည်ရှိတော်မူပါသည်။

## ဓာတ်တော်များ တဖွားဖွားကျ

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်(၁-၁၂-၂၀၀၆)နေ့ ညနေ ၆ နာရီ အဂ္ဂိစျာပနကို ကျင်းပသောအခါမှာ မယုံနိုင်လောက်အောင် ဓာတ်တော်များ တဖွားဖွား ကျတော်မူ ပါသည်။

## သွားတော်၊ ဆံတော်များ ဓာတ်တော်ဖြစ်တော်မူခြင်း

နတ်တော်လဆန်း ၁၃ ရက်နေ့မှာတော့ ရသလောက် မျက်ခုံးတော်၊ သွားတော်၊ ဆံတော် စတဲ့ဓာတ်တော်တွေကို မှန်ဘူးနဲ့ထည့်ထားတဲ့ ရုပ်တုရဲ့ဘေးပတ်လည်မှာ အများပြည်သူ ပူဇော်နိုင်ဖို့ ခေတ္တထားရပါတယ်။ ဓာတ်တော်များ ပိုးစုန်းကြူးများ ကဲ့သို့ မှန်ပုံးထဲတွင် အထက်အောက် ရှာန်ပျံနေခြင်း၊ အဲဒီနေ့ည (၈း၄၅)နာရီလောက်မှာ အရိုးတော်တွေက ဖျတ်ခနဲ ဖျတ်ခနဲ လက်ပြီး အသေးအသား ဓာတ်တော်တွေကတော့ ပိုးစုန်းကြူးလို မှန်ပုံးထဲမှာပဲ အပေါ်တက် အောက်ဆင်း အရောင်တောက် ပါတယ်။

မီးမသင့်ပြိုဟ်မီ နတ်တော်လဆန်း ၅ ရက်နေ့မှာ မုံရွာမြို့ ရွှမဝတိုက်မှာ အင်္ဂတေနဲ့ ထုလုပ်ထားတဲ့ ဆရာတော် ကြီး၏ ရုပ်တုကို အခမ်းအနားဖြင့် ပင့်ဆောင်၍ ပူဇော်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်တော် တဖွားဖွားကျတော်မူသော ရဟန္တာအရှင်သူမြတ်ကြီး ရွာမွန်သုသာန် ဆရာတော်ကြီး ဦးဝိစာရ



ဇာတိရပ်မှာ ရွာမွန်သုသာန်ဆရာတော်ဘုရားကြီး ဦးဝိစာရကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ ဝိတ်ချင်းတောရွာ၌ အဖ ဦးကျော်၊ အမိ ဒေါ်ဖွားသိန်းမှ သက္ကရာဇ် ၁၂၈၅ ခုနှစ်တွင် ဖွားသန့်စင်ပါသည်။

## ငယ်မည် မောင်မှန်တင်

သားသမီး ၇ ယောက်အနက် ပဥ္စမမြောက်သားရတနာဖြစ်ပြီး ငယ်မည်မှာ မောင်မှန်တင် ဖြစ်ပါသည်။

## သစ်ခွဲသမားဘဝ

ဒီပဲယင်းမြို့နယ် အိုင်ရှည်ရွာသူ ဒေါ်လှတင်နှင့် အိမ်ထောင်ပြုပြီး သားသမီး ၂ ဦး မွေးဖွားသော်လည်း ငယ်စဉ်မှာပင် ဆုံးပါးသွားကြပါသည်။

## မှဆိုးဘဝ

အားလပ်သောအချိန်တွင် တောလိုက်မုဆိုးအလုပ်ကို ဝါသနာအရ လုပ်ကိုင်လေ့ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သံဝေဂ

တစ်နေ့တွင် ကိုမှန်တင် ဟောလိုက်ထွက်ခဲ့ရာ ချေမကြီးတစ်ကောင် ကလေးမွေးဖွားလိုက်သောအခါ ချေပေါက်စကလေးကို ပြေး၍ကောက်ယူ သတ်ဖြတ်ပစ်လိုက်ပါသည်။ ထိုနေ့မှာ တောချေကလေးကို ချက်ပြုတ်စားသောက်လိုက်ကြပါသည်။

ကိုယ်ချင်းစာတရား

နောက်တစ်နေ့မှာတော့ ချေမကြီးအလာကိုချောင်း၍နေနိုက် ချေမကြီးမှာ သားဖောဖြင့် သားသေရာမြေကို နှုတ်ခမ်းဖြင့်နမ်းလိုက်၊ ခွာဖြင့်ယက်လိုက်၊ မြေပေါ်တွင် ဘယ်ညာလူးလိုမ့်လိုက်ဖြင့် အမှုမီးတွေ တောက်နေရှာပါသည်။ "သြော် တိရစ္ဆာန်ပင် ဖြစ်သော်လည်း သားသမီးဇောကြောင့် သူ့အသက်အန္တရာယ်ကို မသိမမြင်ရှာပါကလား။ ငါ့သားသမီးတွေ သေတုန်းက ငါ ပူပင်လိုက်ရသလို သူလည်း ပူပင်နေရှာတာ၊ ငါ မှားသွားပြီ၊ ဒီချေမကြီးအသက်ကိုတော့ ငါ မသတ်တော့ပါဘူး" လို့ ဆုံးဖြတ်ပြီး သံဝေဂတရား ရသွားပါသည်။

တရားစခန်းသို့ဝင်

မုံရွာမြို့ ဇေတဝနကျောင်းတိုက်မှ စာချဆရာတော် ဦးကုလ္လာဘိဝံသထံ ချဉ်းကပ်လျက် တရားအားထုတ်မှုများကို မေးမြန်းလျှောက်ထားပြီး လွှတိုက်(သစ်ခွဲ)နေစဉ်မှာပင် တရားအလုပ်ကို စတင်လုပ်ဆောင်ပါတော့သည်။ တရားစခန်းတွင် တရားအားထုတ်ပြီး အိမ်ပြန်ရောက်သောအခါ ပါရမီပြည့်ဘက်ဖြစ်သူ ဝနီးသည် မလုတင်အား ခွင့်တောင်း၍ သာသနာ့ဘောင်သို့ အပြီးတိုင် ဝင်ရောက်လိုက်ပါတော့သည်။

နွားများကို အိမ်ပြန်လွှတ်

သာသနာ့ဘောင်သို့ မဝင်မီ သစ်ခွဲလွှတိုက် အလုပ်လုပ်ရင်း တရားရှုမှတ်ခြင်းအလုပ်ကိုသာ အချိန်ရတိုင်း ကျင့်ကြံအားထုတ်ပြီး ခွဲပြီးသစ်များကို လှည်းဖြင့်ပို့ဆောင်၍ အပြန်တွင် လှည်းနွားများကို ဖြုတ်လျက် အိမ်ပြန်လွှတ်လိုက်ပါသည်။

ငါးရက်မြောက်သောနေ့မှာ တရားထူးရ

ဆုံကုန်းရွာကျောင်းတွင် ကိုရင်ကြီးဝတ်၍ တရားအားထုတ်လျက် ၅ ရက်မြောက်သောနေ့မှာပင် အတိတ်ပါရမီအရ တရားထူးကို ရရှိသဖြင့် ဉပနိဿယ ဆရာ ဦးကုလ္လာဘိဝံသက ရဟန်းဘောင်ဘက်ရန် တိုက်တွန်းတော်မူပါသည်။

ရဟန်းဘောင်သို့ဝင်

ဆရာတော်လောင်းလျာ ကိုမှန်တင်သည် ၁၃၀၉ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့တွင် ပလ္လင်တိုက်ရွာကျောင်း၊ ခဏ္ဍသိမ်တွင် ဆရာတော် ဦးပညာအား ဦးပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ စတင်ဝင်ရောက်လိုက်ပါတော့သည်။

အချိန်ပြည့်အားထုတ်

အိုင်ရှည်ရွာကျောင်းတွင် ၉ ဝါ သီတင်းသုံးနေစဉ် နေစဉ် ဆွမ်းခံကြွတော်မူသောအချိန်မှလွဲ၍ တရားကိုသာ အချိန်ပေးအားထုတ်တော်မူပါသည်။

ရွာမွန်သို့ပြောင်း

တောရဆောက်ကည်စဉ် ကျန်းမာရေးချို့ယွင်းလာသဖြင့် ရွာမွန်ရွာ(မြောက်ကျောင်း)သာသနာ့ဟိတကာရီကျောင်းတိုက်သို့ ၁၃၁၅ ခု၊ ကဆုန်လဆန်း ၁၀ ရက်မှ စတင်၍ ၈ ဝါတိုင်တိုင် သီတင်းသုံးတော်မူခဲ့ပါသည်။

ရွာမွန်ရွာ သုသာန်ဇရပ်သို့ပြောင်း

၁၃၃၃ ခု၊ ကဆုန်လပြည့်နေ့တွင် ရွာမွန်ရွာ သုသာန်ဇရပ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူပါသည်။

၈ ရက်မြောက်နေ့မှာ ခန္ဓာဝန်ချ

၇ ရက်ပြည့်၍ ၈ ရက်မြောက် (၂-၂-၀၈)နေ့တွင် တပည့်သာဝကများ ဖူးမြော်ကြည်ညိုရန် စောင့်ဆိုင်းနေကြရာ ဆရာတော်မှ အပေါက်မဖွင့်၍ တပည့်သာဝကများမှ တံခါးဖွင့်ကြည့်သောအခါ ရပ်ကလာပ်တော်သည် တောင်အရပ်သို့ ဦးခေါင်းပြုလျက် လက်ျာနံထောင်းစောင်းကာ အရှေ့အရပ်သို့ မျက်နှာမူပြီး ခန္ဓာဝန်ထုပ်ပြီး ချသွားတော်မူသည်ကို ဖူးတွေ့ရလေသတည်း။

မျက်လုံးတော် မီးမခံ

မျက်လုံးတော်တစ်ဖက် မီးမခံဘဲ ဓာတ်တော်အဖြစ် ရွှေရောင် ရောင်ခြည်တော် ကွန့်မြူးခြင်း၊ အသွေးတော် အရိုးတော်တို့မှ ရွှေရောင်များဖြင့် ကျန်ရှိနေသည်ကို ဖူးမြော်တွေ့ရှိရပါသည်။

ကျော်ဇေယျဟိန်း(နှံ့သာ)



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၃-ခုနှစ်၊ ဧပြီလအတွက်

### နွယ်သာကီအောင်

မြန်မာတို့၏ ရိုးရာပွဲတော် အသည်းနှလုံးဖြစ်သည့် သင်္ကြန်ကာလသို့ ရောက်ခဲ့ပါပကော။ လတန်ခူးဆိုသည် မြန်မာနှစ်သစ်တာကာလပဲဖြစ်သည်။ သည်ကာလဝယ် ပိတောက်ပင်ထက်ဆီမှ မြအဖူးတို့ သစ်သစ်ဝေဆာကြပေရော့မည်။ သည်မြအဖူးတို့သည် ဖက်ဆွတ်ရေတိုး သင်္ကြန်မိုးနှင့် တွေ့ထိသည့်သမယ၌ လင်းလက်ဝင်းပြက်ကာ အဝါရောင်တွေ ကြဲပက်လာပေဦးတော့မည်။ ပိတောက်ဝါဝါ၊ ငုဝါဝါတွေက အတာတေးသွားကို မျှောနစ်အောင်ခံစားရင်း ရေကစားပွဲတော်၌ မော်ပေဦးတော့မည်။ နှစ်ဟောင်းကုန်ကျူး နှစ်သစ်ကူးသည့်ကာလ အညစ်အဟောင်းတို့ကို ဆေးလျှော်ရင်း အသစ်အကောင်းတို့ကိုထွေးပွေ့လျက် ကမ္ဘာလောကကြီးတစ်ခုလုံး လှပစေပေဦးတော့မည်။

ဤတွင် မိမိတို့ လောကီလူသားအပေါင်းမှာလည်း ...

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

ဧပြီလ (၁၀)၊ (၁၁)၊ (၁၉)၊ (၂၀)၊ (၂၁) စသော ရက်များသည် နေအိမ်တိုက်တာများဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

ဧပြီလ (၆)၊ (၇)၊ (၁၈)၊ (၂၆) စသောရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၃။ **ရေသတ္တဝါဖမ်းဖို့ရာ**

ဧပြီလ (၁၄)၊ (၁၈)၊ (၂၁) စသောရက်များသည် ရေသတ္တဝါများအားဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ရွှေတွင်း၊ ကျောက်တွင်း တူးဖို့ရာ**

ဧပြီလ (၁)၊ (၉)၊ (၁၀)၊ (၁၉)၊ (၂၁)၊ (၂၄) စသောရက်များသည် ရွှေတွင်းများ၊ ကျောက်တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

ဧပြီလ (၃)၊ (၁၀)၊ (၁၂)၊ (၁၉)၊ (၂၄)၊ (၂၅) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **ကျောင်း/အိမ် ဆောက်ဖို့ရာ**

ဧပြီလ (၁)၊ (၄)၊ (၇)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၉)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **ပွဲင်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာ ဆောင်ရွက်ဖို့ရာ**

ဧပြီလ (၁)၊ (၂)၊ (၃)၊ (၇)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၆) စသောရက်များသည် ပွဲင်းခံခြင်း၊ ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်ဆောက်ရာ**

ဧပြီလ (၁)၊ (၄)၊ (၉)၊ (၁၁)၊ (၂၃) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်တက်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဧပြီလ (၁)၊ (၆)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၂၁) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **လက်ထပ်မင်္ဂလာကျင်းပရာ**

ဧပြီလ (၄)၊ (၉)၊ (၁၀)၊ (၁၆)၊ (၂၁)၊ (၂၃)၊ (၂၄)၊ (၂၆) စသောရက်များသည် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **ခရီးသွားလာ ကောင်းဖို့ရာ**

ဧပြီလ (၁)၊ (၁၃)၊ (၂၁)၊ (၂၄) စသောရက်များသည် ခရီးသွားလာခြင်း ကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

ဧပြီလ (၁)၊ (၁၂)၊ (၁၃)၊ (၂၁)၊ (၂၄) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

၁၃။ **ရောင်းပန်းဝယ်ပန်းပွင့်ဖို့ရာ**

ဧပြီလ (၁)၊ (၁၂)၊ (၁၃)၊ (၂၁)၊ (၂၄) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဧပြီလ (၁)၊ (၁၂)၊ (၁၃)၊ (၂၁)၊ (၂၄) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ရေတွင်းရေကန်တူးဖို့ရာ**

ဧပြီလ (၁)၊ (၂)၊ (၇)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၂၄) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **ပညာစတင်သင်ကြားလျှင်**

ဧပြီလ (၇)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၅)၊ (၂၆) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **အောင်ဘာလေထီထိုးဖို့ရာ**

ဧပြီလ (၁)၊ (၁၂)၊ (၁၅)၊ (၂၂) စသော ရက်များသည် အောင်ဘာလေထီကံစမ်းခြင်းအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com




# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၃-ခုနှစ်၊ ဧပြီလအတွက်

ဆရာမိုးဟန်ကြွယ်

ဉာဏ်ကစား၍ စွန့်စားလုပ်ဆောင်ရသော ကိစ္စများနှင့် ပတ်သက်၍ အထူးပင် အကျိုးပေးပါလိမ့်မည်။ အထူးသဖြင့် အလုပ်အကိုင်စီးပွားရေး ဝင်ငွေကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှု၊ အပင်ပန်းခံဆောင်ရွက်မှုများကို ပြုလုပ်ပါက ပို၍အဆင်ပြေကောင်းမွန်လာပါလိမ့်မည်။ တစ်ခါတစ်ရံ၌ တဇွတ်ထိုးဆိုသလို လုပ်ကိုင်တတ်သည်။ ထိုသို့လုပ်ကိုင်ပါက နစ်နာမှုများရှိတတ်သည့်အတွက် သတိပြုသင့်ပါသည်။ အရာရာကို စည်းစနစ်ကျနစွာ လုပ်ကိုင်ခြင်း၊ စိတ်ရှည်သည်းခံခြင်းတို့ဖြင့် အောင်မြင်မှုကို ရယူဖို့ လိုအပ်ပါလိမ့်မည်။

အိမ်ထောင်ရေးကိစ္စတွင်လည်းကောင်း၊ လုပ်ငန်းစပ်တူကိစ္စတွင်လည်းကောင်း၊ နားလည်မှုလွဲခြင်း၊ အထင်လွဲခြင်းများ ကြုံရတတ်သည်။ နိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုသောစကားကို သတိရဖို့ လိုပါလိမ့်မည်။ သတိရသည်နှင့်အမျှ ခံယူကျင့်သုံးတတ်ပါက အစစအရာရာ အဆင်ပြေလာပါလိမ့်မည်။ ငွေကြေးများ ဝင်လာပါလိမ့်မည်။ လုပ်ငန်းသစ်များ ရရှိလာပါလိမ့်မည်။ လူမှုရေးအသိုင်းအဝိုင်း ကျယ်ပြန့်လာပါလိမ့်မည်၊ တပည့်ကောင်းများရရှိလာတတ်သကဲ့သို့ အဆက်အသွယ်များလည်း ရရှိလာပါလိမ့်မည်။ အလှူဒါနများ ပြုလုပ်ရတတ်သည်။ ရပ်နီး၊ ရပ်ဝေးခရီးများ သွားရတတ်သည်။ ဤ၌ အစားမှားခြင်း၊ ရေချိုးမှားတတ်ခြင်းကိုလည်း သတိပြုဖို့လိုပါလိမ့်မည်။ အကြောင်းမဲ့အောက်ခြေလွတ်ကာ ကြားဝါခြင်းကြောင့် မိမိအကျိုးပျက်ပြားတတ်သည်ကိုလည်း သတိပြုဖို့ လိုပါလိမ့်မည်၊ စေတနာဝန်ထမ်းလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများကြောင့် ဂုဏ်သတင်း ထင်ရှားတတ်ပါသည်။ မည်မျှပင် ပင်ပန်းသည်ဆိုသော်လည်း ဤနှစ်ကာလသည် အောင်မြင်မှုများ ဝန်းရံနေပါလိမ့်မည်။

ဤကာလ၌ ဘာသာရေးကိစ္စကို အကြောင်းပြု၍သော်လည်းကောင်း၊ လူမှုရေးကို အကြောင်းပြု၍သော်လည်းကောင်း ခရီးများထွက်ရတတ်ပါသည်။ ကောင်းသောခရီးဖြစ်ပါသည်။ လက်ထပ်မင်္ဂလာကိစ္စများကိုလည်း ဆောင်ရွက်ရတတ်သည်။ မိခင်ထံမှ အမွေသော်လည်းကောင်း၊ ငွေကြေးဥစ္စာသော်လည်းကောင်း ရရှိတတ်သည်။ အလုပ်နှင့် ပတ်သက်၍ သတင်းကောင်းကြားရတတ်သည်။ အိမ်၊ ပုလဲ၊ ရတနာ၊ စိန်၊ နီ့ထွက်ပစ္စည်းတို့နှင့်ပတ်သက်သော အလုပ်များကို လုပ်ကိုင်ပါက အကျိုးထူးခံစားရပါလိမ့်မည်၊ အအိပ်မက်ခြင်းရောဂါ၊ အစာမကြေသောရောဂါများ ကျရောက်လာတတ်သည်။ မိတ်ဆွေသူငယ်ချင်းတို့အပေါ် ငွေကြေးအကူအညီများ ပေးရတတ်သည်။ အိမ်ထောင်ဘက်နှင့်ပတ်သက်၍ စိတ်နှလုံးချမ်းမြေ့ရတတ်ပါသည်။ မိသားစုအလိုက် အပျော်ခရီး၊ အပန်းဖြေခရီးများ ထွက်ရတတ်သည်၊ လုပ်ငန်းကိစ္စရပ်တစ်ခုအတွက် ပြည်ပသို့ ခရီးထွက်ရကိန်းကြုံမည်။ ချပ်ဝေးမှ သားသမီးများ ရောက်ရှိလာတတ်သည်။ ငွေကြေးသော်လည်းကောင်း၊ အဖိုးတန်ပစ္စည်းတစ်ခုခုသော်လည်းကောင်း အခိုးခံရကိန်း၊ အလိမ်ခံရကိန်းရှိနေပါသည်၊ အပြောကြီးသူများကို သတိထား၍ ပေါင်းပါ။

ယတြာပြုလိုပါက ဘုရားကျောင်းကန်သို့သွား၍ အမှိုက်လှည်းခြင်း၊ ဘုန်းကြီးကုဋ္ဌီဆေးကြောခြင်းတို့ ပြုလုပ်ပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com



# သည်တစ်လမှာဆောင်ရွက်ပါ

## ၂၀၁၃-ခုနှစ်၊ ဧပြီလအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ ဧပြီလ (၂)၊ (၆)၊ (၁၁)၊ (၁၇)၊ (၂၂)၊ (၂၆) စသော ရက်များသည် '**နန္ဒာတိထိ**'တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား,ဂူ,ကျောင်း,ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ မျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဧပြီလ (၇)၊ (၁၂)၊ (၁၈)၊ (၂၃)၊ (၂၇) စသောရက်များ သည် '**ဘဒြာတိထိ**'တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာ ဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဧပြီလ (၃)၊ (၈)၊ (၁၃)၊ (၁၉)၊ (၂၄)၊ (၂၈) စသော ရက်များသည် '**ဇယာတိထိ**'တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်ဘက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ နံစပ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဧပြီလ (၄)၊ (၉)၊ (၁၄)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် '**ရိတ္တာတိထိ**'တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးသိုးခြင်း၊ လက်ဖွဲ့သိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လေကားထောင်ခြင်း စသော အမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ ဧပြီလ (၁)၊ (၅)၊ (၁၀)၊ (၁၆)၊ (၂၁)၊ (၃၀) စသောရက်များသည် '**ပုဏ္ဏာတိထိ**'တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပွဲသွင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဧပြီလ (၇)ရက်နှင့် (၂၆)ရက်နေ့တို့သည် 'အမြိတ္တစုတ်' တွင် ကျရောက်လေရာ ထိုရက်၌ မည်မျှပင် မကောင်းကြုံေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ ဧပြီလ (၇)၊ (၁၀)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၄) စသော ရက်များသည် 'ရက်ရာဇာ'တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေးကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တပါ ကောင်းသောကမ္ဘာမြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိ မြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

■ နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



# စိုက်ပျိုးရေးရာသည်လမှာ

## ၂၀၁၃-ခုနှစ်၊ ဧပြီလအတွက်

■တောက်ကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်ပေ၏။ စိုက်ပျိုးရေးမှရရှိလာသော နိုင်ငံခြားငွေတို့ဖြင့် တိုင်းပြည်ထူထောင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စအဝဝကို လုပ်ဆောင်လျက်ရှိပေ၏။ ဤသို့ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများအဖို့ မိမိတို့လုပ်ငန်းခွင်အတွက် အထောက်အကူပြုသည့် လောကီလုပ်ငန်းရပ်များကို သိရှိထားဖို့ လိုပါသည်။ လုံ့လဝီရိယကို အခြေတည်၍ လောကီပညာရပ်များနှင့် ပေါင်းစပ်လိုက်သည်ရှိသော် ပဒေသာမြေကပေါက်လာသည့်အလား ဝေဆာသေ အကျိုးတို့ကို ခံစားရလိမ့်မည်ဖြစ်ကြောင်း တင်ပြရင်း ...

၁။ သီးနှံမျိုးစေ့များကြဲရန်အတွက်

ဧပြီလ (၁)၊ (၁၂)၊ (၁၃)၊ (၂၁)၊ (၂၄) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်

ဧပြီလ (၁)၊ (၄)၊ (၇)၊ (၁၅)၊ (၁၈)၊ (၂၅) စသောရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်

ဧပြီလ (၄)၊ (၅)၊ (၈)၊ (၁၆)၊ (၁၉)၊ (၂၆) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊အမြစ်များ တူးရန်အတွက်

ဧပြီလ (၆)၊ (၇)၊ (၉)၊ (၁၇)၊ (၁၉)၊ (၂၇)၊ (၂၈) စသောရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊အမြစ်များ တူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောက်ကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်စေရန်

## ၂၀၁၃-ခုနှစ်၊ ဧပြီလအတွက်

မဟာဒွိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

ဧပြီလ (၂)၊ (၃)၊ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဧပြီလ (၁)၊ (၂)၊ (၅)၊ (၇)၊ (၈)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင် အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဧပြီလ (၁)၊ (၅)၊ (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၁၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဧပြီလ (၁၁)၊ (၁၇)၊ (၂၀)၊ (၂၂)၊ (၂၄)၊ (၂၅) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဧပြီလ (၄)၊ (၅)၊ (၉)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဧပြီလ (၃)၊ (၄)၊ (၅)၊ (၈)၊ (၁၁)၊ (၁၄)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဧပြီလ (၂)၊ (၃)၊ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဧပြီလ (၁၁)၊ (၁၃)၊ (၁၇)၊ (၂၃)၊ (၂၅)၊ (၂၇) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

---

မဟာဒွိကျော်ခေါင်



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၄-၇၅ ခုနှစ်၊ တပေါင်းလ - တန်ခူးလ

## 2013 APRIL

| | | |
|---|---|---|
| တနင်္လာ Monday | 1 ၆ | |
| အင်္ဂါ Tuesday | 2 ၇ အမြိတ္တစုတ်ရက် | |
| ဗုဒ္ဓဟူး Wednesday | 3 ၈ ရက်ရာဇာ | |
| ကြာသပတေး Thursday | 4 ၉ | 18 ၈ |
| သောကြာ Friday | 5 ၁၀ | 19 ၉ ရက်ရာဇာ |
| စနေ Saturday | 6 ၁၁ | 20 ၁၀ |
| တနင်္ဂနွေ Sunday | 7 ၁၂ ရက်ရာဇာ | 21 ၁၁ |
| တနင်္လာ Monday | 8 ၁၃ | 22 ၁၂ |
| အင်္ဂါ Tuesday | 9 ၁၄ | 23 ၁၃ |
| ဗုဒ္ဓဟူး Wednesday | 10 ၁၅ ရက်ရာဇာ တပေါင်းလကွယ် | 24 ၁၄ ရက်ရာဇာ |
| ကြာသပတေး Thursday | 11 ၁ | 25 ၁၅ တန်ခူးလပြည့် |
| သောကြာ Friday | 12 ၂ ရက်ရာဇာ | 26 ၁ ရက်ရာဇာ အမြိတ္တစုတ်ရက် |
| စနေ Saturday | 13 ၃ သင်္ကြန်အကြိုနေ့ | 27 ၂ |
| တနင်္ဂနွေ Sunday | 14 ၄ သင်္ကြန်အကျနေ့ | 28 ၃ |
| တနင်္လာ Monday | 15 ၅ မဟာရက်ကြမ်း သင်္ကြန်အကြတ်နေ့ | 29 ၄ |
| အင်္ဂါ Tuesday | 16 ၆ ရက်ရာဇာ သင်္ကြန်အတက်နေ့ | 30 ၅ မဟာရက်ကြမ်း |
| ဗုဒ္ဓဟူး Wednesday | 17 ၇ ရက်ရာဇာ နှစ်ဆန်းတစ်ရက်နေ့ | |



၁. ၄. ၂၀၁၃ စန်းပြောင်းရက်စွဲ ၁၄. ၄. ၂၀၁၃

<u>၂၀၁၃ ခုနှစ်၊ ဧပြီလအတွင်း ဂြိုဟ်ပြောင်းချိန်</u>

တနင်္ဂနွေသည် - ၁၄. ၄. ၂၀၁၃ တနင်္ဂနွေနေ့ နံနက်(၄) နာရီ (၆)မိနစ် (၀၀)စက္ကန့်တွင် မိဿရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၁၂. ၄. ၂၀၁၃ သောကြာနေ့ ည(၈)နာရီ (၇)မိနစ် (၂၉)စက္ကန့်တွင် မိဿရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၁. ၄. ၂၀၁၃ ဗုဒ္ဓဟူးနေ့ နံနက်(၂) နာရီ (၃၅)မိနစ် (၁၉)စက္ကန့်တွင် မိန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၈. ၄. ၂၀၁၃ တနင်္ဂနွေနေ့ ည(၇)နာရီ (၁၅)မိနစ် (၃)စက္ကန့်တွင် မိဿရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁၀. ၄. ၂၀၁၃ ဗုဒ္ဓဟူးနေ့ ည(၆)နာရီ (၁၂)မိနစ် (၂၅)စက္ကန့်တွင် မိဿရာသီသို့ ပြောင်းသည်။

<u>၂၀၁၃ ခုနှစ်အတွက် မနေသိင်္ကြန်ကျဟန်နှင့် စန်းယှဉ်ချိန်</u>

(၅. ၄. ၂၀၁၃) သောကြာနေ့၊ ည(၉)နာရီ (၁၉)မိနစ် (၄၀)စက္ကန့်။

(၂. ၄. ၂၀၁၃)နှင့်(၂[illegible]. ၄. ၂၀၁၃)ရက်တို့သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက[illegible]ဖြစ်သည်။

<u>အမြိတ္တစုတ်ရက်မှာ လုပ်ဆော[illegible]များ</u>

**တနင်္ဂနွေသားသမီးသည်** မြောက်အ[illegible]တွင် ပုန်းညက်ပင် စိုက်ပါ။

**တနင်္လာသားသမီးသည်** အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

**အင်္ဂါသားသမီးသည်** အရှေ့အရပ်တွင် ဆီးဖြူပင် စိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးသည်** အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

**ကြာသပတေးသားသမီးသည်** အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

**သောကြာသားသမီးသည်** အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။


**စနေသားသမီးသည်** တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ကြုံမှ ယုံပါရ

မနသဿ ကျော်ဝင်း



ဝေဘူဆရာတော်

"လွန်ခဲ့တဲ့နှစ်ပေါင်း အတော်ကြာကြာကတည်းက ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့ပြီဖြစ်တဲ့ ဒီဆရာတော်ဘုရားရဲ့ဓာတ်ပုံကို ခင်ဗျားက ဘယ်လိုရည်ရွယ်ချက်နဲ့ ဘုရားစင်ပေါ်တင်ပြီး ကိုးကွယ်ထားရတာလဲ။ ခင်ဗျားအတွက် ဘာအကျိုးရှိမှာမို့လဲ ..."

နယ်မှ မိတ်ဆွေတစ်ဦးက စာရေးသူ၏နေအိမ်သို့ လာလည်စဉ် ဘုရားစင်ပေါ်၌ တွေ့ရှိရသော ဓာတ်ပုံများအနက် ဓာတ်ပုံတစ်ပုံကို ထောက်ပြရင်း အထက်ပါအတိုင်း မေးခွန်းထုတ်လိုက်ခြင်းဖြစ်၏။ သူရည်ညွှန်းသော ဓာတ်ပုံမှာ ဆရာတော်ဘုရားကြီး၏ ဓာတ်ပုံဖြစ်သည်။ သူ့ကို ပြန်လည်ရှင်းပြနိုင်ရန်အတွက် စာရေးသူသည် လွန်ခဲ့သော နှစ်ပေါင်း(၄၀)ခန့်မှ ဖြစ်ရပ်ဖြစ်စဉ်များအကြောင်း ပြန်ပြောင်းဆင်ခြင်စဉ်းစားလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ အတိတ်မှ ကိုယ်တွေ့ဖြစ်ရပ်တို့က စာရေးသူ၏ အတွေးအာရုံထဲတွင် ရုပ်ရှင်ပြသလို ပြတ်ပြတ်ထင်ထင် ပြန်လည်ပေါ်လွင်လာကြကုန်၏။

* * *

၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ နှောင်းပိုင်းတွင် ဖြစ်၏။ ထိုစဉ်က စာရေးသူသည် ရန်ကုန်တက္ကသိုလ်၌ မဟာဝိဇ္ဇာတန်း နောက်ဆုံးနှစ်တွင် ပညာဆည်းပူးနေစဉ် ဖြစ်ပါသည်။ ကျောင်းပိတ်ရက်ကာလတွင် မိဘရပ်ထံ မိုးညှင်းမြို့သို့ ခေတ္တပြန်ရောက်နေချိန်ဖြစ်၏။ အကြောင်းကြောင်းကြောင့် ထိုနှစ်က ဆန်စပါးရှားပါးပြီး ဆန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်နေချိန်ဖြစ်၏။ ဝေဘူဆရာတော်ဘုရားကြီး မိုးညှင်းမြို့သို့ ကြွရောက်လာမည်ဆိုသော သတင်းကို ရုတ်တရက်ကြားလိုက်ရသည့်အခါ စာရေးသူသည် စိတ်ထဲ စနိုးစနောင့် ဖြစ်သွားပြီး –

''အင်း ... ဆန်ရှားနေချိန်မှာ ဒီဘုန်းကြီးက တို့မြို့ကိုလာပြီး ဆန်အလှူခံဦးမယ်။ ရသမျှဆန်အိတ်တွေ သူ့ကျောင်းကို သယ်သွားဦးမယ်။ ကောင်းလိုက်လေကွာ''ဟု မချိတင်ကဲ ရေရွတ်မိ၏။ ထိုစဉ်က စာရေးသူသည် ဝေဘူဆရာတော်ဘုရားကြီးအကြောင်းကို အထိုက်အလျောက် ကြားဖူးထားသော်လည်း ယုံကြည်လေးစား ကြည်ညိုမှုရှိခဲ့သည် မဟုတ်။ လူတွေ၏ ချဲ့ကားမှုသာဖြစ်မည်ဟု တစ်ဖက်သတ် ယူဆမိခဲ့၏။

ကချင်ပြည်နယ်ရှိ မိုးညှင်းမြို့သို့ ဝေဘူဆရာတော်ဘုရားကြီး ကြွရောက်ချီးမြှင့်မည့်နေ့သို့ ရောက်ရှိလေပြီ။ ထိုနေ့တွင် နံနက်စောစောပိုင်းကတည်းက နေသည် ခြစ်ခြစ်တောက်ပူပြင်းလျက်ရှိ၏။ ဆရာတော် စီးနင်းလိုက်ပါလာမည့် မီးရထားသည် မွန်းလွဲ ၂ နာရီခန့်တွင် မိုးညှင်းဘူတာသို့ ဆိုက်ရောက်မည်။ ဘူတာရုံမှ နားခါရပ်မြောက်ပိုင်း ဓမ္မာရုံဆီသို့ ခြေလျင်ကြွရောက်၍ ယာယီသီတင်းသုံးမည်။ တရားဓမ္မဟောကြားမည်။ နောက်တစ်နေ့ နံနက်စောစောတွင် မီးရထားဖြင့် အောက်အရပ်သို့ ပြန်ကြွမည်ဟု ကြားသိရ၏။

ထိုနေ့တွင် နေအလွန်ပူပြင်းလှသဖြင့် မြို့လယ်ကောင် ကတ္တရာလမ်းမကြီးသည် အငွေ့များပျံနေပြီး ကတ္တရာတွေက ပျော့နေသည်။ အရည်ပျော်တော့မလို ဖြစ်နေ၏။ ဆရာတော်က ဒီလမ်းပေါ်မှ ခြေလျင်ကြွလိမ့်မည်။ ဆွမ်းဆန်စိမ်းအလှူခံရင်း ကြွရောက်မည်ဖြစ်ရာ ဖိနပ်တော်စီးလိမ့်မည်မဟုတ်။ ဤအခြေအနေကို သိရှိထားကြသော မိုးညှင်းမြို့သူမြို့သားများက ကတ္တရာလမ်းမကြီးပေါ်တွင် ဖျာများ၊ ကော်ဇောများ၊ မွေ့ရာခင်းများ၊ စောင်များကို နေရာမလပ်စေဘဲ ခင်းပေးထားကြ၏။

''အမေတို့ပြောတော့ ဝေဘူဆရာတော်က ရဟန္တာဖြစ်နေပြီဆို။ ရဟန္တာဖြစ်ရိုးမှန်ရင် ကတ္တရာလမ်းပေါ်မှာ ခြေထောက်နဲ့မလျှောက်ဘဲ ရာန်နဲ့ပျံပြီး ကြွပါစေလား ...''

စာရေးသူ၏ ခနဲ့လိုက်သောစကားကြောင့် မိခင်ကြီးခမျာ မျက်နှာညှိုးငယ်သွားရှာပြီး –

''ကိုယ်မယုံကြည်ရင်လည်း မကန်တော့နဲ့ပေါ့ကွယ်။ အကုသိုလ်ဖြစ်မယ့် စကားမျိုးတွေကိုတော့ မပြောသင့်ပါဘူး''ဟု ပြောဆိုပြီး စာရေးသူ၏အနားမှ ထွက်ခွာသွားလေ၏။

ထိုနေ့ မွန်းတည့်ချိန် (ဝါ) နေ့လယ် ၁၂ နာရီတိတိအချိန်၊ ရုတ်တရက် လေပြင်းများ တိုက်ခတ်လာပြီး ကတ္တရာလမ်းများပေါ်၌ခင်းထားသော ဖျာများ၊ စောင်များ၊ အခင်းများအားလုံး လွင့်စင်သွားကြလေရာ စာရေးသူက ကျိတ်၍ပြုံးလိုက်မိ၏။ ခြေလျင်ကြွမည့် ဆရာတော်၏ ခြေဖဝါးများကို အကာအကွယ်ပြုပေးမည့် ပစ္စည်းများ လုံးဝမရှိတော့ပြီမို့ ခြစ်ခြစ်တောက်ပူပြင်းနေသည့် ကတ္တရာလမ်းပေါ်ဝယ် မည်သို့လျှောက်လှမ်းလာပါမည်နည်း။ စောင့်၍ကြည့်ရဦးတော့မည်။

ထိုစဉ်ခဏ၌ပင် မိုးတိမ်မိုးသားများ ရုတ်တရက် စုရုံးတက်လာပြီး မိုးကြီး သဲသဲမဲမဲ ရွာချလေတော့သည်။ မိုးရွာသွန်းချိန်မှာ တစ်နာရီခန့် ကြာမြင့်၏။ ရေအလွန်ပါသည့် မိုးကြီးမျိုးဖြစ်၏။ ကတ္တရာလမ်းမကြီးတစ်ခုလုံး ရေဆေးချလိုက်သလို ဖြစ်သွားပြီး အလွန်ပင်သန့်စင်၍သွား၏။ တစ်နာရီကျော်မျှ ရေလောင်းချပေးလိုက်သလို ဖြစ်ရသောကြောင့် ကတ္တရာလမ်းမကြီးသည် အေးမြ၍သွား၏။ မိုးအုံ့နေပြီဖြစ်သော်လည်း စောစောက ခြစ်ခြစ်တောက်ပူပြင်းတောက်လောင်ခဲ့သော နေမင်းကြီးကို လုံးဝမတွေ့မြင်ကြရတော့။ မိုးလည်း လုံးဝတိတ်သွားပါပြီ။

မွန်းလွဲ ၂ နာရီတိတိအချိန်တွင် မီးရထားဆိုက်ပြီး ဆရာတော်နှင့်အတူ နောက်လိုက်နောက်ပါ သံဃာတော်များသည် ဆွမ်းဆန်စိမ်းအလှူခံရင်း ယာယီသီတင်းသုံးမည့် နားခါရပ်မြောက်ပိုင်း ဓမ္မာရုံဆီသို့ ကြွချီတော်မူလာကြ၏။ ကတ္တရာလမ်းမကြီးတစ်လျှောက်မှ ဆရာတော်အား ဖူးမြော်ကြသူများ၊ ဆွမ်းဆန်စိမ်းလောင်းလှူကြသူများကား များပြားလွန်းလှသဖြင့် တိုး၍မပေါက်နိုင်အောင် ဖြစ်ခဲ့ရသည်။ ဆရာတော်သည် ဓမ္မာရုံ၌ ခေတ္တသီတင်းသုံးပြီး မိုးညှင်းမြို့သူမြို့သားတို့အား အမြိုက်တရားရေအေး တိုက်ကျွေး၏။ ဆန်ရှားပါးနေချိန်ဖြစ်သော်လည်း စေတနာရှင်တို့ လှူဒါန်းကြသည့် ဆွမ်းဆန်စိမ်းများကို စုပေါင်းလိုက်သောအခါ ဆန်အိတ် (၈၇)အိတ်ရရှိ၏။ ဆရာတော်သည် ထိုအလှူအတွက် ရေစက်ချ

www.burmeseclassic.com

www.burmeseclassic.com

ပေးပြီးနောက် အလှူခံရရှိခဲ့သမျှ ဆန်များအားလုံးကို မိုးညှင်းမြို့ရှိ ခွမ်းပါးသော ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များသို့ ခွဲဝေလှူဒါန်းပေးသွားခဲ့လေသည်။ မိမိအတွက် ဆန်တစ်စေ့မျှ မယူဆောင်သွားခဲ့ပေ။

ထိုဖြစ်ရပ်ကို အစအဆုံး တွေ့မြင်သိရှိရသောအခါ စာရေးသူသည် ယူကျုံးမရ ဖြစ်ခဲ့ရ၏။ ဝေဘူဆရာတော်ဘုရားကြီးအပေါ်တွင် မနော,ဝစီ ဤနှစ်လီတို့ဖြင့် ပြစ်မှားစော်ကားမိခဲ့သည့်အမှုများအတွက် ဘုရားဝတ်ပြုသည့်အခါတိုင်း ပန်ကြားဝန်ခံကာ အပြစ်မှ ခွင့်လွှတ်ပါရန် စိတ်မှန်းဖြင့် လျှောက်ထားခဲ့မိ၏။ ရင်းနှီးသူ မိတ်ဆွေတစ်ဦးထံမှ တောင်းခံရရှိခဲ့သော ဝေဘူဆရာတော်ဘုရားကြီး၏ ပုံတော်ကိုလည်း မိမိနှင့်မကွာ ထားရှိကာ နေ့စဉ်ပူဇော်ကန်တော့ခဲ့၏။

အငယ်တ.ုံးအရာရှိဘဝဖြင့် လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ချိန်မှစ၍ ထိုပုံတော်ကို မိမိ၏အလုပ်စားပွဲပေါ်တွင် ထားရှိပြီး နေ့စဉ်ပူဇော်ကန်တော့ခဲ့သည်။ သို့ရာတွင် ဝေဘူဆရာတော်ဘုရားကြီးကိုမူကား ၁၉၇၅ ခုနှစ်မတိုင်မီအထိ အနီးကပ်တွေ့ကြုံပူဇော်ကန်တော့ခဲ့ဖူးခြင်းမရှိချေ။ ပုံတော်ကိုသာ နေ့စဉ်ပူဇော်ကန်တော့ခြင်း မိမိမပြေရှင်းနိုင်လောက်သော အခက်အခဲပြဿနာများနှင့် ကြုံတွေ့ရသည့်အခါ စိတ်မှန်းဖြင့် ဆရာတော်အား လျှောက်ထားတိုင်တည်ဆုတောင်းခြင်းများ ပြုခဲ့ရ၏။ တိုင်တည်ဆုတောင်းခဲ့သမျှလည်း ပြည့်ဝခဲ့ရသဖြင့် တိုး၍တိုး၍ အားကိုးကြည်ညိုလာခဲ့မိ၏။

၁၉၇၄ ခုနှစ်တွင်မူကား ထူးခြားလှသော အခွင့်အလမ်းတစ်ရပ်နှင့် ကြုံကြိုက်ခဲ့ရ၏။ ဝါပကာလတွင် ဝေဘူဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့သို့ ခေတ္တခဏကြွလာကာ အင်းလေးဓမ္မာရုံတွင် သီတင်းသုံးတော်မူနေ၏။

ထိုသတင်းစကားကို ကြားလျှင်ကြားချင်း စာရေးသူသည် ဆရာတော်ဘုရားကြီး၏ပုံတော်ကို ကန်တော့ကာ–

"တပည့်တော်သည် အရှင်ဘုရားကို တစ်ကြိမ်တစ်ခါမျှ အနီးကပ်ဖူးမြော်ခွင့် မရခဲ့ဖူးပါ။ ယနေ့တွင် အနီးကပ်ဖူးမြော်ခွင့်ရရှိရန် စောင်မတော်မူပါဘုရား" ဟု တောင်းဆုပြုလိုက်မိ၏။ ထိုနေ့နံနက် (၈)နာရီတွင် သမဝါယမဆိုင်မှ မဲဖောက်ပြီး ဝယ်ယူရရှိထားသော 'ဂလူးကို့စ်' ဆေးသကြားထုပ်ကလေးကို ယူဆောင်ကာ အင်းလေးဓမ္မာရုံဆီသို့ အပြေးအလွှားသွားရောက်ခဲ့၏။

စာရေးသူ ရောက်ရှိချိန်၌ အင်းလေးဓမ္မာရုံတစ်ဝိုက်တွင် ဝေဘူဆရာတော်ဘုရားကြီးကို ဖူးမြော်ရန်၊ ဆွမ်းကပ်ရန် စောင့်မျှော်နေကြသည့် လူအုပ်ကြီးပြည့်နေလေပြီ။ ထိုအချိန်၌ ဆရာတော်ဘုရားကြီးသည် အင်းလေးဓမ္မာရုံတွင် မရှိ၊ ကျောက်မြောင်းရပ်ကွက်ဘက်ဆီသို့ ဆွမ်းခံကြွနေ၏။

"အင်း ... ဒီလူအုပ်ကြီးနဲ့ဆိုရင် ဒီနေ့ ငါဟာ ဆရာတော်ဘုရားကြီးကို အနီးကပ်ဖူးမြော်ခွင့်ရနိုင်ဖို့ မလွယ်တော့ဘူးထင်တယ်" လို့ တွေးရင်း အားငယ်သွားမိသော်လည်း –

"အို ... ဒီကိုလာခါနီး ဆရာတော်ဘုရားကြီးရဲ့ ပုံတော်ကို ကန်တော့ပြီး ဆုတောင်းခဲ့တာပဲလေ။ ငါ့ရဲ့ဆုတောင်း ပြည့်ပါလိမ့်မယ်" ဟုတွေးကာ အားတင်းမိလိုက်ရပေသည်။

ထိုအချိန်၌ ဆလွန်းကားကြီးတစ်စီးက စာရေးသူရပ်လျက်ရှိသော ပလက်ဖောင်းအနီးတွင် ကပ်၍ရပ်လိုက်၏။ ကားပေါ်တွင်ပါလာသူတစ်ဦးက,ကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်ရာ ရဟန်းတော်တစ်ပါး သပိတ်ပိုက်၍ ဆင်းလာ၏။ ထိုရဟန်းတော်သည်ကား ဝေဘူဆရာတော်ဘုရားပင် ဖြစ်နေတော့သတည်း။

ဆရာတော်ဘုရားက သူပိုက်လာသော သပိတ်တော်ကို စာရေးသူ၏လက်သို့ ကမ်းပေးလိုက်သဖြင့် ထိုသပိတ်ကို

ထိုဖြစ်ရပ်ကို အစအဆုံး တွေ့မြင်သိရှိရသောအခါ စာရေးသူသည် ယူကျုံးမရ ဖြစ်ခဲ့ရ၏။ ဝေဘူဆရာတော်ဘုရားကြီးအပေါ်တွင် မနော-ဝစီ ဤနှစ်လီတို့ဖြင့် ပြစ်မှားစော်ကားမိခဲ့သည့်အမှုများအတွက် ဘုရားဝတ်ပြုသည့်အခါတိုင်း ပန်ကြားဝန်ခံကာ အပြစ်မှခွင့်လွှတ်ပါရန် စိတ်မှန်းဖြင့် လျှောက်ထားခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆလွန်းကားကြီးတစ်စီးက စာရေးသူရပ်လျက်ရှိသော ပလက်ဖောင်းအနီးတွင် ကပ်၍ရပ်လိုက်၏။ ကားပေါ်တွင်ပါလာသူတစ်ဦးက ကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်ရာ ရဟန်းတော်တစ်ပါး သပိတ်ပိုက်၍ ဆင်းလာ၏။ ထိုရဟန်းတော်သည်ကား ဝေဘူဆရာတော်ဘုရားပင် ဖြစ်နေတော့သတည်း။

ပိုက်ပြီး နောက်ပါးဆီမှ အနီးကပ်လိုက်ပါလာခဲ့ရလေသည်။ ဓမ္မာရုံအပေါ်ထပ်တွင် ဆရာတော်ဘုရားကြီး သီးသန့်သီတင်းသုံးတော်မူသည့် အခန်းထဲအထိ လိုက်ပါခွင့်ရခဲ့ရုံမက ခြေတော်အစုံကိုခိုက်၍ ပူဇော်ကန်တော့ခွင့်ရခဲ့၏။

လှူဖွယ်ပစ္စည်းယူဆောင်သွားခဲ့သော ဂလူးကို့စ်ဆေးသကြားထုပ်ကိုလည်း ကပ်လှူပူဇော်ခွင့်ရခဲ့၏။ အခိုက်အတန့်အတွင်း ဟောကြားသည့် တရားတော်ကိုလည်း ကြားနာခွင့်ရခဲ့၏။ တံကယ့်ကို ဆုတောင်းပြည့်ခဲ့ရပါ၏။

* * *

ဝေဘူဆရာတော်ဘုရားကြီးနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ ဖြစ်ရပ်ဖြစ်စဉ်တွေကို ကျွန်တော့်ဘဝမှာ အများကြီးကိုယ်တွေ့ကြုံခဲ့ရတာတွေ ရှိပါတယ်။ ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီးနောက်ပိုင်းကာလတွေ အထိပေါ့ဗျာ။ အဲဒီဖြစ်ရပ်တွေထဲက အထူးခြားဆုံး ဖြစ်ရပ်တစ်ခုအကြောင်း ပြောပြရဦးမယ်။

၂၀၀၃ ခုနှစ်တုန်းက ဖြစ်ရပ်တစ်ခုပါပဲ။ ကျွန်တော့်မှာ သိပ်ပြီးရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်။ သူက သိပ်ပြီး လောင်းကစားဝါသနာပါတယ်ဗျာ။ အဲဒီတုန်းက သိပ်ပြီးခေတ်စားလှတဲ့ နှစ်လုံးထီကို ဖော်င်းလိုက်တာ ရှိသမျှကုန်ပြီး မိသားစုတစ်ခုလုံး ဘဝပျက်တော့မလိုဖြစ်သွားခဲ့ရတယ်။ အဆိုးဆုံးကတော့ သူများက ယုံကြည်စိတ်ချလို့ သူ့ကို အပ်နှံထားတဲ့ငွေတွေကို သုံးမိလိုက်တာကြောင့် အလွဲသုံးစားမှုနဲ့ ထောင်ကျရတော့မယ့် အခြေအနေမျိုးမှာ သူက ကျွန်တော့်ဆီကို ပြန်လာပြီး ငိုတယ်။ သူ့ကိုကယ်ဖို့ အကူအညီတောင်းခံတယ်။ ကျွန်တော်က

"မင်းတစ်သက်လုံး လောင်းကစားမှုတွေကို မပြုလုပ်တော့ဘူးလို့ ဘုရားမှာ သစ္စာဆိုရင် ငါကူညီမယ်" ဆိုပြီး အပေးအယူလုပ်ဖို့ စကားဆိုတယ် ..။ မိသားစုတစ်ခုလုံး ဘဝပျက်တော့မယ့် အခြေအနေမို့ နောက်ဆုံးမှာ သူက ဘုရားမှာ သစ္စာဆိုတယ်။ ကျွန်တော့်ကိုလည်း ကတိပေးတယ်။ ဒါနဲ့ ကျွန်တော်က သူ့ကို ဝေဘူဆရာတော်ဘုရားကြီးရဲ့ ဓာတ်ပုံရှေ့မှာ ဆီမီးပူဇော်ပြီး ကန်တော့စေတယ်။ တစ်သက်လုံး လောင်းကစားမှု မလုပ်တော့ပါဘူးဆိုတဲ့ သစ္စာကို ထပ်ပြီး ဆိုစေတယ်။

တိုက်ဆိုင်တာပါဗျာလို့ ခင်ဗျားပြောချင်ပြောလိမ့်မယ်။ အဲဒီလူဟာ လပိုင်းအတွင်းမှာ အောင်ဘာလေထီဆုကြီး ပေါက်သွားခဲ့တယ်ဗျာ။ သိန်းရာဂဏန်းနဲ့ ချီပြီး ရလိုက်တော့ သူ့ဘဝ အဆင်ပြေသွားခဲ့ရတယ်။

သူ သစ္စာဆိုထားခဲ့တဲ့အတိုင်း နှစ်လုံးတွေ၊ သုံးလုံးတွေအပါအဝင် ဘယ်လိုလောင်းကစားမှုမျိုးတွေကိုမှ မလုပ်တော့ဘူး။ ဒါ့အပြင် ဝေဘူဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်တုန်းက ဟောကြားခဲ့တဲ့ တရားစာပေတွေကို ပြန်ရှာပြီးဖတ်တယ်။ ဝိပဿနာတရားကို လင်ရော မယားပါ အားထုတ်လာကြတာတွေ့ရတော့ ကျွန်တော်လည်း ဝမ်းသာကြည်နူးမဆုံး ဖြစ်ရမိတယ်ပေါ့ဗျာ။

ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့ပြီဖြစ်ပေမဲ့ သက်ရှိထင်ရှားရှိစဉ်က ကျင့်ကြံအားထုတ်တော်မူခဲ့တဲ့ ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ မေတ္တာနဲ့ ဘာဝနာတရားတွေဟာ ဒီကနေ့အထိ အမြဲရှင်သန်နေတယ်လို့ ကျွန်တော် လေးလေးနက်နက် ယုံကြည်ထားတယ်။ ဒါကြောင့်လည်း ဒီပုံတော်ကို ဘုရားစင်မှာ ထားတယ်။ ဘုရားဝတ်ပြုတိုင်း ကန်တော့တယ်။ အမျှအတန်းပေးဝေတယ်လေ။

**မနုဿကျော်ဝင်း**

www.burmeseclassic.com

# မေ့၍မရသော

မကြွယ်ကြွယ်


စက်တင်ဘာလ ၂၂ ရက်၊ ၂၀၁၂ ခုက ကျွန်မသည် ဗဲရူးမြို့နယ်၊ ဝမ်းဘဲအင်းရွာသို့ ရောက်သွားခဲ့ပါသည်။ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်နေ့ဖြစ်ပါသည်။

ထိုနေ့တွင် ကျွန်မ၏အစ်မ၊ အစ်ကိုတို့က ဝမ်းဘဲအင်းရွာ ဘာဝနာရုံကျောင်းတွင် သီတင်းသုံးတော်မူကြသည့် သံဃာတော် ၄၀ ကျော်နှင့် ကျောင်းသားများ၊ ဆွေမျိုးများ၊ မိတ်ဆွေများကိုပါ လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းမည်၊ ကျွေးမွေးညှော်ခံမည့် အလှူကို ကျင်းပမည့်ဖြစ်သောကြောင့် ထိုအလှူသို့ ရောက်သွားခြင်း ဖြစ်ပါသည်။

ထိုရွာကား ကျွန်မတို့ဖွားမြင်ခဲ့ရာ ဇာတိရွာဖြစ်ပါသည်။ ဗဲရူးခရိုင် ဂေဇက်တီးယားစာအုပ်တွင် အင်းဟူသောစာလုံး မပါဘဲ ဝမ်းဘဲရွာဟူ၍ ရေးထားပါသည်။ အိမ်ခြေ ၇၀ ခန့်ရှိသော ထယ်သမားရွာဟူ၍ ဖော်ပြထားခဲ့၏။ ရန်ကုန်နှင့် ၆၄ မိုင်ခန့်ဝေး၏။ ရန်ကုန်–မန္တလေး ကားလမ်း၊ ရထားလမ်းတို့ ဖြတ်သွားသော ရွာဖြစ်ပါသည်။ ရွာ၏အနောက်ဘက်တွင် ဒေးစွန်ပါစေတီတော် တည်ရှိပါသည်။ ကားလမ်းနှင့် သုံးမိုင်ခန့် ဝေး၏။

ဒေးစွန်ပါတောင်၏ ထူးခြားချက်မှာ တောင်ဝန်းကျင်ရှိ စမ်းချောင်းတို့တွင် ရွှေထွက်သော သဲတို့ရှိကြ၏။ ဝမ်းဘဲအင်းရွာ ထယ်မှ ချောင်းသို့ စီးဆင်းပါလာသော သဲတို့တွင်လည်း ရွှေမှုန်ပါသော သဲတို့ ပါဝင်ကြ၏။ ရွာရှိ သက်ကြီးပုဂ္ဂိုလ်များက 'ရွှေရေစိမ့်ဆင်း ဝမ်းဘဲအင်း'ဟူ၍ သူတို့၏ ရွာကို တင်စားခဲ့ကြပါသည်။ ရွာ၏ ဂုဏ်ကိုပြောရာတွင် '**ရွာလယ်မှာချောင်း။ အိမ်ကြားမှာမြောင်း။ တောဖမှာကျောင်း။ ဘုမ္မိမှာအလောင်း။ ရွာမြှတ်ရွာကောင်း**'ဟူ၍ ဂုဏ်တင်ကြတတ်ပါသည်။

ယနေ့ခေတ် လူတွေ၊ ရွာသားတွေ ပြောတာမဟုတ်ပါ။ ရွာတည်ဦးစက လူကြီးများ ပြောခဲ့သော စကားဖြစ်ပါသည်။ ရွာလယ်တွင် ချောင်းဖြတ်စီးနေ၏။ စစ်မဖြစ်မီက ချောင်းရေသည် နွေအခါတွင် ပေါင်ရင်းခန့်အထိ နက်၏။ မိုးတွင်းတွင် ခါးထိ နက်တတ်ပါသည်။ စစ်ပြီးကာလ သောင်းကျန်းသူများခေတ်တွင် တောမှသစ်တွေ တရားမဝင်ခုတ်ကြခြင်း၊ ရွှေရှာသူ



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ပဲခူးမြို့မဆရာတော်ဘုရားကြီး (၄.၅.၁၉၈၀)တွင် ရိုက်ကူးထားသောပုံ

တို့ စက်ဖြင့်ရွှေရှာကြခြင်းကြောင့် တောင်ပြို၊ သဲတွေနှင့်မြေတွေ ပြိုဆင်းလာပြီး ချောင်းရေတိမ်သွားပါသည်။

ရွာ၏ တောဖအရပ်တွင် ဘုန်းတော်ကြီးကျောင်းရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှေးအခါက ကျောင်းကြီးဟုပင်ခေါ်ခဲ့၏။ ယခုနေ့လက်ရှိ ကျောင်းထိုင်ဆရာတော်က ကျောင်းကြီး ရွှေမြင်းမိုရ်ဟု အမည်သစ်ပေးထားကြောင်း သိခဲ့ရပါသည်။

ဘုမ္မိအရပ်တွင် သုသာန်ရှိပါသည်။

ရှေးမြန်မာကြီးတို့ မြို့ရွာတည်ကြသောအခါ ဤသို့ အရပ်အနေကို ရွေးပြီးမှ ကျောင်းတည်ရမည့်နေရာ၊ သုသာန်ထားရမည့်နေရာတို့ကို ရွေးကြပြီးမှသာ ရွာတည်ကြပါသည်။

ဤနေရာတွင် ကြားဖြတ်ပြောလိုသည်မှာ ပဲခူးမြို့၏ မူလသုသာန်မှာ မြို့၏ သီရိအရပ်တွင် ဖြစ်နေပါသည်။ ပဲခူးမြို့ရှိ ရှေးအခါက ရှိခဲ့ကြသော သက်တော်ဝါတော်ကြီးသည့် ဆရာတော်ကြီးများ၊ ပညာရှိလူကြီးများက နယ်ချဲ့တို့သည် မြန်မာတို့ ယုံကြည်ကြသော ဗေဒင်၊ ယတြာတို့ကို သိကြသည်။ ပဲခူးမြို့ကြီးသည် မြတ်စွာဘုရား ဗျာဒိတ်တော်သတ်မှတ်ခဲ့သော မြို့ဖြစ်၏။ ဤမြို့တွင် ရာဇာဓိရာဇ်ကဲ့သို့ကဲ့သို့ တပင်ရွှေထီး ဘုရင့်နောင်ကဲ့သို့ ဘုန်းတန်ခိုးကြီးသူတွေ ထီးနန်းစံခဲ့ကြသည်။ ရှင်စောပုကဲ့သို့ ငြိမ်းချမ်းရေးလိုလားသူ ဘုရင်မ၊ ဓမ္မစေတီမင်းတရားကဲ့သို့ ဘာသာသာသနာကို အားပေးသော ဘုရင်တို့ ထွန်းကားခဲ့ကြသည်။ ဤမြို့သားတို့ ထက်မြက်ကြသည်၊ တော်ကြမည် မလွဲဟူ၍ ခံယူပြီး နာမ်နှိမ်သည့်သဘောနှင့် သုသာန်ကို မြို့၏ သီရိအရပ်တွင် တမင်ရွေးနေရာချပေးသည်ဟု တွေးဆပြောခဲ့ကြ၏။

ဤသို့ ဖြစ်ခဲ့၍ ပဲခူးတွင် ရှေးအခါက ကြီးစွာသော ကပ်ရောဂါတွေ ဖြစ်ခဲ့၏။ ရုတ်တရက် အသေအပျောက်တွေများခဲ့၏။ တစ်အိမ်တည်းမှ တစ်ရက်တည်း နှစ်ဦး၊ သုံးဦး ကွယ်လွန်သည့်အိမ်တွေ ရှိခဲ့၏။ လျှော်ဘေးကြီးစွာ ဖြစ်ခဲ့၏။ ၁၉၃၀၊ မေလ ၅ ရက်၊ ၁၂၉၂ ခုနှစ်က၊ ကဆုန်လဆန်း ၉ ရက်၊ တနင်္လာနေ့က ခံစားခဲ့ရသော လျှော်ဒဏ်မှာ သမိုင်းဝင်ဖြစ်ပါသည်။ ၁၂၇၄ ခုနှစ်ကလည်း လျှော်ကြောင့် ပဲခူးရွှေမော်ဓော စေတီပြိုခဲ့ရာ ငှက်ပျောဖူးကြီး တနင်္ဂနွေထောင့်တွင် ကျခဲ့၏။ ယနေ့တိုင် ထိုအတိုင်းတွေ့နေရပါသေးသည်။

လျှော်ဘေးကပ်ရောဂါဘေးကဲ့သို့ပင် မီးဘေးကြီးကလည်း အခြားမြို့ရွာတွေထက် ကြီးခဲ့ပါသည်။ ရွှေမော်ဓောပွဲကစဉ်ပင် မီးလောင်၍ ဇာတ်ရုံတွေ မီးထဲပါတာ ကြုံဖူးခဲ့၏။ ဂျပန်ခေတ်က ပဲခူးကို ဗုံးမကျဖူးပါ။ ကံကောင်းလှချည့်ဟု တွေးနေဆဲ ဂျပန်ပြေးခါနီး ကြဲသည့်ဗုံးကား တစ်မြို့လုံး ပြောင်လုနီးပါး ဖြစ်ခဲ့ရပါသည်။

ဤအဖြစ်များကား ရှေးလူကြီးများ၏ သုံးသပ်ချက်ကို ထောက်ခံသကဲ့သို့ ဖြစ်နေပါသည်။

ဝမ်းဘဲအင်းရွာကို စတင်တည်ထောင်သူတို့မှာ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌအဖြစ် ပထမဆုံး တင်မြှောက်ခံရသော ပဲခူးမြို့မဆရာတော်ဘုရားကြီး၏ အဘိုးတော်စပ်သည့် ဘိုးဖုန်းက စတင်ခဲ့သည်ဟူ၍ သိမှတ်ခဲ့ရပါသည်။

ပဲခူးမြို့မဆရာတော်ဘုရားကြီးရှိစဉ်က မမေ့အပ်သည့် အရပ်သုံးပါးကို မှာကြားခဲ့ပါသည်။

ဖွားမြင်ရာအရပ်၊ ပညာသင်ရာအရပ်၊ အောင်မြင်မှုရရှိသည့်အရပ်ဟူ၍ ဖြစ်ပါသည်။ သည်အရပ်တွေကို မမေ့နှင့်ဟု မှာလေ့ရှိပါသည်။

ကျွန်မတို့ဖခင်သည် ဝမ်းဘဲအင်းရွာဇာတိ မဟုတ်ပါ။ အလုပ်ရ၍ ဝမ်းဘဲအင်းကို ပြောင်းခဲ့ပြီး ကျွန်မတို့မိခင်နှင့် အိမ်ထောင်ကျသဖြင့် ကျွန်မတို့ ထိုရွာတွင် ဖွားမြင်ခဲ့ပါသည်။

ပဲခူးမြို့မဆရာတော်၊ ဥက္ကဋ္ဌဆရာတော်ဟူ၍ ထင်ရှားသော ဆရာတော်ဘုရားကြီး အရှင်ကုန္ဒါစာရသည် ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းရွာလယ်ပိုင်းတွင် ဖွားမြင်ခဲ့ပါသည်။

ဆရာတော်၏ ခမည်းတော်မှာ ဦးရွှေအေးဖြစ်ပြီး မယ်တော်မှာ ဒေါ်လုငြိမ်းဖြစ်ပါသည်။ ပဲခူးမြို့ဆရာတော်–ဥက္ကဋ္ဌဆရာတော်လောင်းလျာကို ၁၂၅၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ ညနေ သုံးနာရီခန့်တွင် ဖွားမြင်ခဲ့၏။ ဖွားသည့်နေ့တွင် ဒေါ်လုငြိမ်း၏အစ်ကို လူပျိုကြီး ဦးစံဖိုးက အိမ်ခေါင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

...တွင် ထန်းပင်နှစ်ပင် စိုက်ခဲ့ပါသည်။ ယခုတိုင်ရှိသေးသည်။

ဒေါ်လှငြိမ်းသည် သားဦးအဖြစ်ဖွားမြင်မည့်သူကို ပဋိ...လွယ်စတွင် အိပ်မက်ပုံမှာ ကောင်းကင်မှ ဆင်းတုတော် ...ကြွလာပြီး သူ၏ရင်ခွင်တွင် သီတင်းသုံးကြောင်း ဖြစ်ပါ...။ မိုးလင်းသောအခါ သူတို့အိမ်နှင့် ၄–၅ အိမ်ခြားတွင်နေ...ဒေါ်လှငြိမ်း၏ညီမ ဒေါ်သာယာနှင့် ဒေါ်ဒွေးဖြူတို့ ရောက် ...ကြ၏။ အိပ်မက်ကိုပြောပြသောအခါ ညီမနှစ်ဦးရယ်ကြ၏။

"မက်စရာ အိပ်မက်ရှားလို့လားဟယ်။ ဘုရားက နင့် ...တ်ပေါ် တက်ထိုင်မတဲ့လား"ဟု ပြောကြပါသည်။

၎င်းကား ဆရာတော်လောင်းလျာအတွက် ကောင်း...နိမိတ် ဖြစ်ပေသည်။ ဆရာတော်လောင်းလျာအား ...အောင်သိန်းဟု အမည်မှည့်ကြ၏။ အသက် ၅ နှစ်ပြည့် ...အခါ ရွာရှိဆရာကြီး ဦးစံအေးကျောင်းတွင် စာသင်ရပါ...။ ကျွန်မမိခင်နှင့် အတန်းတူ၏။ မိခင်က ဆရာတော်ထက် ...နှစ်ခန့်ကြီးပါသည်။ လူကျောင်းမှ လေးတန်းအောင်ပြီး ဘုန်း...ကျောင်းတွင် အပ်နှံပြီး စာသင်စေပြန်သည်။



ပဲခူးမြို့မဆရာတော်ကြီး၏
ဖခမည်းတော်ဦးရွှေအေး၊ မယ်တော်ဒေါ်လှငြိမ်း

အသက် ၁၃ နှစ်တွင် တစ်ကြိမ်၊ ၁၇ နှစ်တွင် တစ်ကြိမ် ကိုရင်ဝတ်ခဲ့၏။ သင်္ကန်းဝတ်ပြီးတိုင်း ရောဂါကြီးတွေဖြစ်ရ၏။ သို့နှင့် လူဝတ်လဲရသည်။ အသက် ၂၀ တွင် ရဟန်းဘောင်တက်ပြီး စာပေသင်ကြားခဲ့ရာ အခက်အခဲပေါင်းများစွာ တွေ့ခဲ့ရ၏။ အထက်မြန်မာပြည်တွင် ချောင်းဦး၊ မန္တလေး၊ ပခုက္ကူ၊ ဆည်တွင်းချောင်၊ ယင်းတော်၊ ဖက်ပင်အိုင် စသော အရပ်တို့တွင် စာပေသင်ယူသည်မှာ ၁၃ နှစ် ကြာခဲ့၏။

ချောင်းဦးတွင် စာသင်စဉ်က ပလိပ်ရောဂါဖြစ်သောကြောင့် သေမည်ထင်ပြီး သုသာန်တွင်ထားခဲ့၏။ ထူးနီဆရာတော်ကုသပေး၍ ပျောက်ကင်းခဲ့ရ၏။ မန္တလေးတွင် စာသင်စဉ်က ပလိပ်ရောဂါ၊ ဝမ်းရောဂါတို့ ဖြစ်သောကြောင့် ဘေးလွတ်မည်ထင်သော ရွာတွေဘက် ထွက်ခဲ့ရ၏။ ထိုရွာတို့မှာ ဆင်းရဲလှသဖြင့် ဆွမ်းသာလှူနိုင်၏။ ဟင်းမပါ။ ဆရာတော်သည် ကြက်သွန်နီတစ်ဥ၊ သံပရာသီးတစ်ခြမ်းကို ဆားနှင့်တို့ပြီး ဘုဉ်းပေးခဲ့ရ၏။ တောင်သာတွင်နေစဉ်က ရေတွင်းမှာ အတောင် ၂၀ မက နက်၏။ ကိုရင်က ကြိုးကိုဆွဲပြီးပြေး၊ ဆရာတော်က ရေတွင်းနားကပ်ပြီး ရေပုံးကို ဆွဲတင်ရ၏။ ၄–၅ ပုံးရဖို့ နာရီနှင့်ချီကြာသော ပင်ပန်းမှုကို ခံခဲ့ရ၏။ ပခုက္ကူတွင် စာသင်စဉ်ကလည်း ကပ်ရောဂါဖြစ်၍ စာသင်ရပ်ပြီး ဆီမီးခုံသို့ ထွက်ခဲ့ရ၏။

အခက်အခဲတို့ကို ဖြတ်သန်းပြီး ၁၂၉၅ ခုနှစ်တွင် ပဲခူးမြို့မကျောင်းတိုက်ကို တည်ထောင်ပြီး စာချပေးခဲ့ပေသည်။ ကျည်ထောင်စက ဝါးကျောင်းသာ ရှိခဲ့၏။ ပဲခူးစည်ပင်က ဈေးသည်တွေကို အခွန်တိုးတောင်းသောကြောင့် ဈေးသည်တွေက အခွန်မပေးဘဲ မြို့မကျောင်းဝိုင်းထဲတွင် ဈေးလာရောင်းကြ၏။ ငါးသည်၊ အသားသည်တွေပါ၍ အနံ့အသက်မကောင်း၊ ဆူညံသံတို့ကြောင့် စည်ပင်က ဆရာတော်များကိုငဲ့ပြီး ဈေးသည်တွေကို အလျှော့ပေးမှ ဈေးသည်တွေ ဈေးထိပြန်ရောက် ရောင်းကြရာ သူတို့ဆောက်ခဲ့သော ဈေးတဲတွေကို ဖျက်ပြီး ၃ ပင်၊ ၄ ခန်း ဝါးကျောင်းကို ဆောက်လှူခဲ့ကြ၏။ ငါးစိမ်းသည်ကျောင်းဟု အများက ခေါ်ခဲ့ကြပေသည်။


ပဲခူးမြို့မဆရာတော်ဘုရားကြီးသည် ၁၂၉၅ ခုနှစ်မှ ၁၃၄၂ ခုနှစ်အထိ ပဲခူးမြို့၏ ဘာသာရေး၊ သာသနာရေးကိစ္စရပ်တို့တွင် အတက်ကြွဆုံး ပါဝင်ဆောင်ရွက်ခဲ့ပေ၏။ ၁၉၈၀ ပြည့်၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အစိုးရမှ ဘွဲ့ထူး၊ ဂုဏ်ထူးများ ဆက်ကပ်ရာတွင် ဆရာတော်ဘုရားအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ထိုနှစ်တွင်ပင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ပေါ်ထွန်းလာခဲ့ရာ ပဲခူးမြို့မဆရာတော်ဘုရားကြီးသည် ပထမဦးစွာ ဖွဲ့စည်းသည့် သံဃာ့ဂိုဏ်းပေါင်းစုံ၏ နိုင်ငံတော်သံဃမဟာ



www.burmeseclassic.com

www.burmeseclassic.com



**ဆရာတော်ကြီးလှူဒါန်းခဲ့သော
ဝမ်းဘဲအင်းကျေးရွာဆေးခန်း**

နာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသည်။

ထိုနှစ်တွင်ပင် ဆရာတော်ဘုရားက ဗမ္မူဒီပကျောင်းဆောင်တွင် ကျွန်မကို မိန့်ကြားပါသည်။

''မွေးတဲ့ရွာကို ကျေးဇူးဆပ်ရမယ်''ဟူ၍ ဖြစ်၏။

ထိုရက်များမတိုင်မီက ဆရာတော်ဘုရားသည် ရန်ကုန်ဆေးရုံကြီးတွင် ဆေးဝါးကုသမှု ခံရပါသေးသည်။ ဆေးဖိုးအဖြစ် ဒကာ၊ ဒကာမများလှူငွေသည် ၇၀၀၀ ကျန်နေကြောင်း၊ ထိုငွေဖြင့် ရွာတွင် ဆေးခန်းဖွင့်ပေးချင်ကြောင်း ပြောပါသည်။

ဆရာတော်သည် ထိုငွေ ၇၀၀၀၊ ရန်ကုန်ရောက် ပဲခူးသားတို့ပူဇော်ပွဲမှ ရရှိသောငွေများပါပေါင်းပြီး ရွာမှ ဦးချစ်ထွန်း၊ ဒေါ်နှင်းကြည်တို့လှူသော မြေပေါ်တွင် ဆေးခန်းဆောက်ပါသည်။ ဆရာဝန်တစ်ဦးငှားပြီး ဝမ်းဘဲအင်းရွာနှင့် ဝန်းကျင်ရွာများကပါ လာရောက်ကုသမှု ခံယူကြပါသည်။

ထိုဆေးခန်းနှင့် မဝေးလှသောနေရာမှာပင် ယိုယွင်းနေသော ဘုရားဝင်းပေါင်းကြီးကိုရှင်းပြီး ဓမ္မစကြာ ဆုတောင်းပြည့် မြတ်စွာဘုရားအမည်နှင့် ပဋ္ဌာဝဂ္ဂီပုံတော်များပါ ထုလုပ်ပူဇော်သော ရုပ်ပွားတော်များကို ကျွန်မက တည်ထားပူဇော်ပါသည်။ ဆရာတော်ကား ထိုဘုရားကိုဖူးပြီး ''ကောင်မလေးပိုက်ဆံအတော်ကုန်တော့မှာ''ဟူ၍ မိန့်ကြောင်း ကျွန်မကြားမိပါသည်။ ကျွန်မရှေ့မှာပြောတာ မဟုတ်ပါ။

ပဲခူးမြို့မဆရာတော်ဘုရားကြီးသည် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာဇောတိက စသော ဘွဲ့တံဆိပ်တော်၊ သာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ စသော သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း ၁၉၉၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး မရှိသည့်နောက်တွင် ရွာကလူများ သွေးအေးသွားသလားမသိ။ ဆေးခန်းလည်း ပိတ်သွားပါတော့သည်။ အမှန်မှာ ဆေးခန်းကို ကျေးရွာသမဝါယမအသင်းမှ ဦးဆောင်ရမှာ ဖြစ်ပါသော်လည်း သမဝါယမအသင်း၏ ဦးဆောင်မှုလည်း မရရှိဟု ထင်ရပါသည်။

၂၀၁၁ ခုနှစ်တွင် ဝမ်းဘဲအင်းရွာဇာတိဖွား ပြည်မြို့ ရွှေပေါက်ပင်ဆရာတော်ဘုရားကြီးက ဤဆေးခန်းကို ပြန်လည် အသက်သွင်းပါသည်။ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူလည်း ပါဝင်ပါသည်။ သူတို့သည် ဆရာကြီးဦးသုခကို ဦးထိပ်ထားချင်မည်ဟု ကျွန်မထင်ပါသည်။ ယခုအခါတွင် ဝမ်းဘဲအင်းဆေးခန်းပြန်ဖွင့်နေပါပြီ။ အမည်က 'ကုန္တနိမ္မိတ္တ+သုခ'ဟူသော အမည်ဖြစ်ပါသည်။ ကုန္တနိမ္မိတက ပဲခူးမြို့မဆရာတော်၊ သုခက တော့ ဆရာကြီးဦးသုခ။

မည်သို့အမည်တပ်စေ၊ မြို့မဆရာတော်ဘုရားကြီး စတင်ခဲ့သော ဆေးခန်းဖြစ်ပါသည်။

ခန္ဓာကိုယ်မည်သည် ပျက်ယွင်းရသည့်သဘောရှိသော်လည်း အသက်ရှိစဉ်က ဆောင်ရွက်ခဲ့သော သတ္တိအထူးဂုဏ် ကျေးဇူးတို့ကား ကမ္ဘာကုန်ဆုံးသော်လည်း ပျက်ပြုန်းမှုမရှိ။ တည်နေဘိ၏ဟူသောစကားကဲ့သို့ပင် ဝမ်းဘဲအင်းရွာသား ပဲခူးမြို့မဆရာတော်ဘုရားကြီးအဖြစ် အသက်ထင်ရှားရှိစဉ်က ဆောင်ရွက်ခဲ့သော ဘာသာသာသနာ စသည့်ဂုဏ်တို့သည်လည်းကောင်း၊ ရပ်ရွာကျေးဇူးမမေ့သည့် အဖြစ်သည်လည်းကောင်း တည်ရှိနေဆဲ ဖြစ်ပါသည်။

ထိုကဲ့သို့ ဖွားရာဇာတိ၏ ကျေးဇူးကိုသိသော ရွှေပေါက်ပင်ဆရာတော်သည် ပြည်မြို့တွင် သီတင်းသုံးပါသော်လည်း ဝမ်းဘဲအင်းရွာရှိ ဆေးခန်းဆက်လက်ရှင်သန်ရန် အားထုတ်ပံ့ပိုးလျက်ရှိကြောင်း သိရ၍ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ကျွန်မအစ်ကိုနှင့် အစ်မတို့သည် သားသမီးများ လိမ္မာကြပါသည်။ တတ်နိုင်ကြပါသည်။ မိဘများသုံးရန် ပံ့ပိုးကြပါသည်။ ထို့ကြောင့် အစ်ကိုတို့၊ အစ်မတို့သည် ပညာတွေတတ်၊ ရာထူးတွေရပြီး နိုင်ငံအနှံ့ ရွှေ့ပြောင်းနေခဲ့ကြသော်လည်း ယနေ့အငြိမ်းစားဘဝတွင် တစ်နှစ်တစ်ခါ ရွာသို့ပြန်ပြီး ကျွန်မတို့ဘိုးဘွားများ စတင်လှူဒါန်းခဲ့သော ဘဝနာရုံကျောင်းတွင် ကွယ်လွန်ကုန်ပြီးသော ဘိုးဘွားမိဘ၊ ဆရာသမား၊ ဆွေမျိုးအားလုံးတို့အတွက် အမျှပေးဝေပွဲ အလှူဒါနကို ပြုခြင်းဖြင့် မွေးဖွားရာဇာတိကို ကျေးဇူးဆပ်ကြရာတွင် ကျွန်မသွားခဲ့ခြင်း ဖြစ်ပါသည်။

မိမိရွာမှမက မိမိနိုင်ငံ၊ မိမိနိုင်ငံသား၊ မိမိကိုးကွယ်သည့် ဘာသာအတွက် တာဝန်သိသော၊ တာဝန်ယူတတ်သူတို့ တိုးပွားပါစေဟူ၍ ဆန္ဒပြုပါ၏။

**မကြယ်ကြွယ်**



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားရှင်၏ မဟာကရုဏာတော်

## ခင်မောင်အေး(မန္တလေး)

ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူပြီးနောက် မြတ်စွာဘုရားသခင် တရားရှင်သည် ဘုရားစစ်စစ် သဗ္ဗညု အဖြစ်သို့ ရောက်ရှိတော်မူလေသည်။ ဘုရားအဖြစ်သို့ ရောက်ရှိလာသည့်အချိန်၌ ပဥ္စဝဂ္ဂီငါးဦးတို့ကို ဦးစွာပထမ ဟောကြားတော်မူသော တရားသည်ကား ...

''ရဟန်းတို့၊ အယုတ်တရား၊ အလွန်တရား နှစ်ပါးကို မမှီဝဲအပ်၊ မပြုအပ်ပေ။ ထိုအယုတ်တရား၊ အလွန်တရား နှစ်ပါးဟူသည်ကား ကာမဂုဏ်၌သာ ကပ်ငြိတွယ်တာ လိုက်စားခြင်းမှတစ်ပါး မိမိခန္ဓာကိုယ်နှင့် စိတ်ကို ပင်ပန်းဆင်းရဲအောင် ပြုလုပ်ခြင်းမှတစ်ပါး ယင်းနှစ်ပါးသည် ပညာမျက်စိမရှိသော လူသာမန်တို့၏ အကျင့်ဖြစ်သည်။ စင်ကြယ်သန့်ရှင်းမြင့်မြတ်သော အကျင့်မဟုတ်။ သူတော်စင်တို့ လိုက်နာပြုအပ်သောအကျင့်မဟုတ်။

''ရဟန်းတို့၊ ကာမချမ်းသာခံစားမှုနောက်သို့လည်း မလိုက်၊ ခန္ဓာကိုယ်ကို အလွန်ညှဉ်းဆဲသော လမ်းစဉ်နောက်သို့လည်း မလိုက်ဘဲ အလယ်အလတ်ကျကျ ကျင့်ကြံလိုက်နာရသော လမ်းစဉ်သည်သာ ဘုရားရှင်တို့ လမ်းစဉ်ဖြစ်သည်။

''ရဟန်းတို့၊ ထိုလမ်းစဉ်၏ လုပ်ငန်းများသည်ကား ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာအသက်မွေးခြင်း၊ ကောင်းစွာလုံ့လပြုခြင်း၊ ကောင်းစွာအောက်မေ့ခြင်း၊ ကောင်းစွာတည်ကြည်ခြင်းဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးတရားတည်း''ဟု ဟောကြားတော်မူလေသည်။ ယင်းကား ဓမ္မစကြာဒေသနာတော်ပေတည်း။

ဒေါက်တာတင်အုံးကျော်နှင့် ဒေါ်စန္ဒာတင်တို့ ဇနီးမောင်နှံ စစ်ကိုင်းမှ ခရိုင်ဆရာဝန်ကြီး တာဝန်ထမ်းဆောင်နေရာမှ ရန်ကုန်မြို့သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ရ၏။ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၏ ကြည့်ရှုစောင့်ရှောက်စီစဉ်ပေးမှုကြောင့် ဇေတဝန်ဆောင်ရှိ ဆရာဝန်များအိမ်ရာတွင် အခန်းတစ်ခန်း ရရှိလျက် မိသားစုဆေးရုံပရိဝုဏ်အတွင်း၌ပင် နေထိုင်ခဲ့ရ၏။ သူတို့ဇနီးမောင်နှံက လိုက်ဖက်ညီလှ၏။ ဒေါက်တာတင်အုံးကျော်ကလည်း သူ့အလုပ်ကိုသူ စိတ်ဝင်စားလေးစားသလို၊ စန္ဒာတင်ကလည်း လင်တစ်ထမ်း မယားတစ်ရွက် ဆိုသည့်အလား ခင်ပွန်း၏အလုပ်တွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည်။ သမီးနှစ်ယောက်ရှိသည်။ သမီးကြီးက အိမ်ထောင်ကျသွားပြီး ခင်ပွန်းသည်နှင့် အတူ မန္တလေးတွင် နေထိုင်ကြ၏။ သမီးကလေးတစ်ယောက်၊ သားကလေးတစ်ယောက် မွေးထားသည်။ ဒေါက်တာတင်အုံးကျော်တို့ မြေးနှစ်ယောက် ရနေပြီ။ သမီးငယ်က ပြည်တွင်းဘဏ်တစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး မိဘတို့နှင့် အတူတကွ နေထိုင်သည်။

ဒေါက်တာတင်အုံးကျော်တို့၏အလုပ်က လခစားဟုဆိုစေကာမူ ပရဟိတလုပ်ငန်းဖြစ်ပါသည်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝလုပ်ငန်းဖြစ်၏။ မကျန်းမာသော သံဃာတော်များကို ကုသပေးရသည်။ စေတနာပါပါ ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါချေသည်။ ရဟန်းရှင်လူ မည်သူမည်ဝါ မခွဲခြား၊ ဆင်းရဲချမ်းသာမရွေး ပရဟိတသက်သက် ကြည့်ရှုစစ်ဆေး ကုသပေးသည့် ဆေးရုံဖြစ်ပါသည်။ ပြည်သူအများ လှူဒါန်းကြသည်ကလည်း နေ့စဉ်မပြတ် ရှိနေသည်။ ဆက်လက်၍လည်း ပေးလှူနေကြသည်။ သို့ဖြစ်၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဆက်လက်တိုးတက်လျက် ရှိနေလေသည်။ အမျိုးသား၊ အမျိုးသမီး လူနာများကို ဂရုမမူမိုက်ထုတ် ကြည့်ရှုကုသပေးသည်။ ဝတ်ကျေတန်းကျေမဟုတ်။ စေတနာရှေ့ထား ကြည့်ရှုကုသပေးသဖြင့် လာရောက်ကုသကြသည့် ရဟန်းများနှင့် လူပုဂ္ဂိုလ်များ ကျန်းမာချမ်းသာကြသည်။ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ပါရဂူများ၊ အထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကုဆရာဝန်ကြီးများ အားလုံးပင် စေတနာအရင်းခံဖြင့် စစ်ဆေးကြည့်ရှု ကုသပေးကြသည်။ ဂီလာနတို့ အားကိုးအားထားရာ ကျန်းမာရေးစောင့်ရှောက်ရာ ဌာနကြီးတစ်ခုပင် ဖြစ်ပါသည်။ ဆေးရုံကြီး၏ သက်တမ်း (၇၂)နှစ် ရှိနေချေပြီ။

သုံးလူ့ထွတ်ထား မြတ်စွာဘုရားရှင်သည် ဥရုဝေဲလတောအုပ်မှ ခွာလာခဲ့ပြီးနောက် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ လှူဒါန်းသည့် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူခဲ့သည်။ ထိုအချိန်တွင် ရာဇဂြိုဟ်သို့ ရောက်ရှိနေသည့် အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားရှင်ကို လာရောက်ဖူးမြော်လေသည်။ ယင်းသို့ ဖူးမြော်ရသည့် တစ်ခဏာတွင် မြတ်ဘုရား၏ ဝန်းကျင်တွင် အလင်းတန်းရောင်ခြည်တော်များ ကွန့်မြူးလျက် အနာထပိဏ်သူဌေး၏ နှလုံးစိတ်ဝမ်းအေးငြိမ်းချမ်းသာ ပီတိဖြာလျက် ရှု၍မဝ၊ ဖူးမြော်၍မဝ ဖြစ်ရသည်။ ထို့နောက် ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ရှင်အား ကြည်ညိုလွန်းသဖြင့် အနီးသို့ကပ်ကာ ဖူးမြော်ရင်း မိမိနေထိုင်ရာ သာဝတ္ထိတွင် ဘုရားရှင်သီတင်းသုံးရန် ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းလိုသော ဆန္ဒများ ပေါ်ပေါက်လာခဲ့၏။

သို့ဖြစ်၍ အနာထပိဏ်သူဌေးသည် သာဝတ္ထိတွင် ဇေတမင်းသားပိုင်ဆိုင်သော ဇေတဝန်ကို ရွှေဒင်္ဂါးတစ်ဆယ့်ရှစ်ကုဋေဖြင့် ဝယ်ယူကာ ကျောင်းတော်ကိုလည်း ရွှေဒင်္ဂါးသန်းပေါင်း တစ်ရာ့ရှစ်ဆယ်ပင် အကုန်အကျခံလျက် တည်ဆောက်လှူဒါန်းခဲ့သည်။ ဘုရားရှင်သည်လည်း ရာဇဂြိုဟ်မှ ယူဇနာလေးဆယ့်ငါးမျှ ဝေးကွာသည့် သာဝတ္ထိသို့ ကြွတော်မူကာ အနာထပိဏ်သူဌေးလှူဒါန်းသည့် ဇေတဝန်ကျောင်းတော်သို့ ကြွရောက်၍ သီတင်းသုံးတော်မူလေသည်။

ဘုရားရှင်သည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသည့် ဇေတဝန်ကျောင်းတော်တွင် နှစ်ဆယ့်ငါးဝါတိုင်အောင် သီတင်းသုံးတော်မူလေသည်၊ သာသနာတော်ကြီးသည်လည်း ထက်ကောင်းကင်တွင် ငွေစင်ကြယ်လ ထွန်းသစ်စနယ် တင့်တယ်လွန်းလှစွာ ထည်ထည်ဝါဝါ ထွန်းလင်းတောက်ပနေလေသည်။ ဇေတဝန်ကျောင်းတော်ကြီးမှ ရဟန်းသံဃာတော်များ၊ ကောသလမင်းကြီး၏ မင်းကျောင်းမှ ရဟန်းသံဃာတော်များ၊ ကျောင်းအမကြီးဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်မှ ရဟန်းသံဃာတော်များသည် နံနက်ချိန်တွင် သလုံးမြင်းခေါင်းအရင်းပြု၍ ဆွမ်းခံထွက်ကြသည်။ ကျောင်းသို့ပြန်ရောက်သည့်အခါ ဘုရားရှင်အား ဦးစွာ ဆွမ်းဆက်ကပ်ပူဇော်လှူဒါန်းကြပြီး ဆွမ်းဘုဉ်းပေးသုံးဆောင်ကြ၏။ နေ့လယ်ချိန်တွင် စာဝါတက်ခြင်း၊ ဝတ်ရွတ်ခြင်း၊ တရားတော်များကို အခါအားလျော်စွာ နာယူခြင်း စသည်ဖြင့် မအားမလပ်နိုင်အောင်ပင်။

ဇေတဝန်ကျောင်းတော်တွင် သာဝကကြီးများဖြစ်ကြသည့် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ စသည့် ရဟန်းတော်ကြီးများနှင့် မြောက်မြားစွာသော ရဟန်းသံဃာတော်များ သီတင်းသုံးလျက်ရှိကြ၏။ သံဃာတော်များ များပြားလှသည်ဖြစ်၍ ယင်းသံဃာပရိသတ်တို့ကို စည်းကမ်းတကျဖြစ်အောင်၊ ဝိနည်းသိက္ခာတို့နှင့် အညီအညွတ်ဖြစ်အောင် ထိန်းသိမ်းကွပ်ကဲရန်ကား စင်စစ်မလွယ်ကူလှပချေ။ ဘုရားရှင်သည် ယင်းသံဃာပရိသတ်တို့ကို အနန္တတန်ခိုးတော်ရှင် ဖြစ်သည့်အားလျော်စွာ ကောင်းစွာထိန်းအုပ်နိုင်ပေသည်။ သည့်အပြင်လည်း ရဟန်းသံဃာတော်များ စည်းကမ်းပိုမိုရှိစေရန် ဝိနည်းသိက္ခာပုဒ်များကို အလေးထားလိုက်နာအောင် သတိဝီရိယထားခဲ့၏။

သည့်အပြင်လည်း ညနေပိုင်းအချိန်များတွင် ဇေတဝန်ကျောင်းတော် ပရိဝုဏ်အတွင်းရှိ သံဃာတော်များ သီတင်းသုံးရာ ကျောင်းများသို့လည်း လှည့်လည်ကြည့်ရှုတတ်သည်။ ကစ်ညနေဖြစ်၏။ ဘုရားရှင်သည် ပြုမြဲအတိုင်း လှည့်လည်ကြည့်ရှုနေစဉ် ကျောင်းတစ်ကျောင်းအတွင်းမှ သံဃာတော်တစ်ပါး၏ ညည်းတွားနေသံတစ်ခုကို ကြားလိုက်ရ၏။

တစ်စုံတစ်ဦး၏ ဝေဒနာခံစားနေရသဖြင့် ညည်းညူနေသည့် အသံဖြစ်နေသည်။ သို့ဖြစ်၍ ဘုရားရှင်သည် ထိုကျောင်းပေါ်သို့ တက်ရောက်ကြည့်ရှုစဉ် ကျောင်းပေါ်တွင် သံဃာတော်များ တစ်ပါးကိုမျှမြင်ရ၊ သံဃာတစ်ပါးနှစ်ပါး ရှိနေသည့်တိုင် သံဃာတစ်ပါး လဲလျောင်းလျက်ရှိသော ခုတင်တစ်ခုအနီးမှ အတော်အတန်ဝေးသော နေရာတွင်သာ မသိကျိုးကျွန်ပြုနေကြ၏။ ထိုခုတင်ပေါ်တွင်ကား ရဟန်းတစ်ပါး ဝေဒနာကြီးစွာ ခံစားနေရဟန်ဖြင့် ညည်းညူနေလျက်ရှိ၏။ ခုတင်ထက်တွင် လဲလျောင်းနေသော ရဟန်းကား ဝေဒနာကို အပြင်းအထန် ခံစားနေရပုံရ၏၊ ခန္ဓာကိုယ်ကို ဘယ်ညာလှည့်ပြောင်း ငါးဖယ်ပုံသည့် နှယ် တွန့်လိမ်လှုပ်ရှားလျက်ရှိ၏။

ခံစားနေရသော ဝေဒနာပြင်းထန်လှဟန်တူ၏။ လဲလျောင်းအိပ်စက်နေရာ ခုတင်ထက်တွင် ဘယ်မှညာ၊ ညာမှဘယ်သို့ ကိုယ်စောင်းအပြန်အလှန် လူးလိမ့်နေရရှာသည်။ ရောဂါကား သွေးဝမ်းသွန်သောရောဂါ ဖြစ်ဟန်တူသည်။ ဝမ်းများ မထိန်းနိုင်မသိမ်းနိုင် သွားထားသဖြင့်လည်း ခုတင်ထက်တွင် ညစ်ပတ်ပေရေလျက်ရှိ၏။ ဝေဒနာခံစားနေရရှာသည့် ရဟန်း၏ တစ်ကိုယ်လုံး ခန္ဓာကိုယ်တွင်ရော သင်္ကန်းပေါ်တွင်ပါ မစင်နှင့် ကျင်ကြီးကျင်ငယ်များ ပေကျံကပ်ငြိလျက်ရှိရာ ထိုရဟန်းအနီးတွင် ဂရုစိုက်ပြုစုပေးမည့်သူ တစ်ဦးမျှမရှိ၊ အတူနေရဟန်းများကလည်း ဝေးရာသို့ ရှောင်ရှားနေကြပုံပင်။ ကျောင်းသခ်မ်းအတွင်းတွင် ကျင်ကြီးကျင်ငယ်နံ့များ တထောင်းထောင်းထလျက် နံစော်ညှီဟောင်လျက်ရှိလေသည်။ အနံ့အသက်များ ဆိုးရွားလျက်ရှိသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ အပါးတွင် မနေကြ ရှောင်ရှားနေကြ၏။

ဘုရားရှင်သည် ဝေဒနာခံစားနေရရှာသည့် ရဟန်း၏ အပါးသို့ ချဉ်းကပ်သွားသည်။ မြတ်စွာသခင်ဘုရားရှင် မိမိအပါးသို့ ရောက်ရှိနေသည်ကိုပင် မသိနိုင်လောက်အောင် ဝေဒနာခံစားနေရရှာသော ရဟန်းသည် ဝေဒနာကြောင့် လူးလိမ့်လျက်ရှိကာ နှုတ်မှလည်း မပြတ်ညည်းညူနေလေသည်။ ဘုရားရှင်သည် ရဟန်း၏ နဖူးပြင်ပေါ်သို့ လက်တော်ကိုတင်လျက် စမ်းသပ်ကြည့်၏။ တော်ပေသေးသည်။ ရဟန်း၏ ဝေဒနာသည် ထင်ထားသည်လောက် မပြင်းထန်။ ဂရုတစိုက်ပြုစုပေးလိုက်လျှင် သက်သာပျောက်ကင်း ကျန်းမာလာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်သည် ရှင်အာနန္ဒာကို ရေတစ်ပုံး သွားခပ်ခိုင်းလိုက်သည်။ ပြီးနောက် ကိုယ်တော်တိုင် ရေလောင်းပေးသည်။ ရှင်အာနန္ဒာက သက်နှ်းဟောင်းတစ်ခုဖြင့် ပွတ်သပ်သုတ်သင်ပေးသည်။ ရဟန်းတစ်ကိုယ်လုံး ဆေးကြောသုတ်သင်ပေးပြီးနောက် သင်္ကန်းအသစ်တစ်ထည်ဖြင့် ဝေဒနာခံစားနေရရှာသည့် ရဟန်းအား ထွေးထွေးနွေးနွေးဖြစ်အောင် ရစ်ပတ်ဝတ်ဆင်ပေးသည်။

စောစောက တညည်းညည်း တညူညူ ဖြစ်လျက်ရှိသောရဟန်း ဝေဒနာမှ သက်သာသွားပုံ ငြိမ်သက်သွား၏။ ရှင်အာနန္ဒာကို ဝေဒနာခံစားနေခဲ့ရသည့် ရဟန်း၏ ပေကျံညစ်ပတ်နေသည့် သင်္ကန်းကို အသေအချာ လျှော်ခိုင်းလိုက်သည်။ ဘုရားရှင်ကိုယ်တော်တိုင် ယင်းကဲ့သို့ ကြပ်မတ်ပြုစုလျက်ရှိနေသည်ကို မသိကျိုးကျွန်ပြုနေကြသည့် ရဟန်းများမြင်ကြရပြီး မျက်နှာပင်မထားတတ်အောင် ရှက်ရွံ့ကြောက်လန့်နေကြ၏။

သို့သော် တစ်ခဏအကြာတွင်ပင် ဘုရားရှင်ကိုယ်တိုင် ရဟန်းအား ပြုစုနေသည်ကို မြင်တွေ့ရသည့်အတွက် လျစ်လျူရှုမနေနိုင်ကြတော့။ ရဟန်းများ ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်လာကြလေသည်။ မကြာမြင့်မီပင် ကျောင်းသခမ်းအတွင်း ရဟန်းပရိသတ်များဖြင့် ပြည့်လျှံသွား၏။ သည်အခါမှ ဘုရားရှင်သည် ...

''ရဟန်းတို့၊ ဤဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးလျက်ရှိကြသော သင်တို့တွင် အမိအဖ၊ အဆွေအမျိုးတို့ တစ်ဦးတစ်ယောက်မျှ မပါရှိကြချေ။ သင်တို့သည် တစ်ကိုယ်တည်းချင်းသာ သာသနာ့ဘောင်သို့ ဝင်ရောက်လာကြခြင်း မဟုတ်လော။ ဤကျောင်းတော်တွင် သီတင်းသုံးနေစဉ် ကာလပတ်လုံး သင်တို့အချင်းချင်းသာ အားထားစရာ ရှိနိုင်ပေလိမ့်မည်။ သင်ရဟန်းတို့အချင်းချင်းမှ လွဲ၍ သင်တို့အားပြုစုမည့်သူ မရှိနိုင်။ သို့ဖြစ်၍ သင်ရဟန်းများ နာမကျန်းဖြစ်သည့်အခါ ငါဘုရားကို ပြုစုမည့်အစား မကျန်းမာသောသူကိုသာ ပြုစုကြလော့''

ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေထိုင်ကြသည့် ရဟန်းအပေါင်း ဘုရားရှင်၏ဩဝါဒကို ရိုသေစွာနာကြားလျက် တိတ်ဆိတ်ငြိမ်သက်သွားကုန်သည်။ အလေးထားမှတ်သားနေကြဘိသည့်အလား။ မြတ်ဘုရားဟောကြားတော်မူသော တရားတော်ကား ...

''ယော ဘိက္ခဝေ မံ ဥပဋ္ဌ ဟေယျ
ယော ဂိလာနံ ဥပဋ္ဌ ဟေယျ''
''ငါဘုရားကို လုပ်ကျွေးပြုစုလိုသောပုဂ္ဂိုလ်သည်
နာမကျန်းသော ရဟန်းကို လုပ်ကျွေးပြုစုလော့။''

မဟာကရုဏာရှင် မြတ်စွာသခင် ဘုရားရှင်၏ အတိုင်းမသိ စံပြုမရ မေတ္တာတော် အနန္တကြောင့် ဘုရားရှင်၏ သာသနာတော်သည် နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာတိုင်ခဲ့ပြီ။ သာသနာတော်ကြီး၏ အောင်သီးအောင်ပွင့်များသည်လည်း ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်များနှင့်တကွ လူပုဂ္ဂိုလ်ကျားမကျွန် လူသားအားလုံးတို့၏ နှလုံးအိမ်တွင် ထာဝစဉ်စွဲထင်လျက် ရှိနေလေပြီ။

ဗိဝိတဒါနသံဃာ့ဆေးရုံကြီးကို တည်ထောင်ခဲ့သည်မှာ ခုနစ်ဆယ့်နှစ်နှစ်မျှ ရှိခဲ့လေပြီ။ ဆေးရုံကြီးတွင် အောက်ပါကမ္ပည်းမော်ကွန်း ရေးထိုးထားသည်။ အဆောင်သစ် တိုးချဲ့ထားခြင်း ဖြစ်ပါသည်။

**ဇေတဝန်ဆောင်**

**ကမ္ပည်းမော်ကွန်း**

ဗိဝိတဒါနသံဃာ့ဆေးရုံကြီး ဇေတဝန်ဆောင် (၆)ထပ်
အဆောက်အအုံကို ၁၉-၁၀-၂၀၀၆ ရက်နေ့တွင်
ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက
အုတ်မြစ်တော်တင် မင်္ဂလာပြုလုပ်ခဲ့ပြီး ၂၅-၁-၂၀၀၇
ရက်နေ့၌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ဖွင့်လှစ်ပေးခဲ့သည်။

ဘုရားရှင်၏ ဂုဏ်တော်အနန္တ၊ မေတ္တာတော်အနန္တကို ကြည်ညိုရှိသေကြသူတို့သည် ဘုရားရှင်ထားရှိသည့်မေတ္တာကို သေသေချာချာ သိရှိနားလည်ထားရန် အမှန်လိုအပ်လှပါသည်။ စင်စစ် မေတ္တာသည် လူသားအားလုံး၊ လူမျိုးဘာသာမရွေး လူသားတိုင်း သိရှိနားလည် လိုက်နာသင့်သကဲ့သို့ ဒွန်တွဲလျက်ရှိသော သစ္စာကိုလည်း ကျင့်သုံးလိုက်နာသင့်ပါသည်။ မေတ္တာနှင့် သစ္စာသည်သာ လူသားတို့အတွက် အားထားရာ၊ မှီခိုရာ ဖြစ်ပါချေသည်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အစဉ်အမြဲ ကိုးကွယ်ခြင်း၊ သတိရခြင်း ရှိနေခြင်းအားဖြင့် နည်းအမျိုးမျိုး၊ လမ်းအစုံစုံဖြင့် ဘေးဒုက္ခအန္တရာယ် အသွယ်သွယ်မှ အံ့သြလောက်အောင် လွတ်မြောက်နိုင်ကာ ကောင်းကျိုးချမ်းသာအဖြာဖြာကိုလည်း ရရှိလိမ့်မည်ကား မလွဲအမှန် ကေန်ဖြစ်ပါသတည်း။

**ခင်မောင်အေး(မန္တလေး)**

ကျမ်းကိုး

'ရတနာသုံးပါးဂုဏ်ကျေးဇူး' ဓမ္မာစရိယဦးဌေးလှိုင်၊
'ဗုဒ္ဓစာပန်းချီ' ခင်ဥဒေါင်း။



www.burmeseclassic.com

www.burmeseclassic.com



# မဇ္ဈိမဒေသ ဗုဒ္ဓဂယာ

**မောင်စိုးထိုက်(သုံးဆယ်)**

( ယ ခ င် လ မှ အ ဆက် )

## လုမ္ဗိနီဥယျာဉ်တော်

ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဓနမင်းကြီးနှင့် မိဖုရား မာယာဒေဝီတို့၏ သားတော်ဂေါတမမြတ်စွာဘုရားသည် ဘီစီ ၆၂၃ (ဝါ) ၅၆၃ ခုတွင် လုမ္ဗိနီဥယျာဉ်တော်၌ ဖွားမြင်တော်မူခဲ့၏။ ယင်း လုမ္ဗိနီဥယျာဉ်တော်သည် ယခုအခါ နီပေါနယ်အတွင်းသို့ ကျရောက်နေပေသည်။

လုမ္ဗိနီဥယျာဉ်၏ တည်နေရာဌာနကို ၁၈၉၆ ခုနှစ်က အိန္ဒိယကျောက်စာဝန် ဆာအလက်ဖန္ဒားကန်နင်ဂဟန်သည် ရှာဖွေတွေ့ရှိပြီး သေသေချာချာ သတ်မှတ်ပိုင်းခြားထားခဲ့၏။ ယင်းလုမ္ဗိနီဥယျာဉ်တော်သည် ဟင်းသီးဟင်းရွက်ပင်များ ထူထပ်ပေါများသည့် ကုန်းမြင့်တစ်ခုပေါ် တည်ရှိ၏။

ထိုကုန်းမြင့်၏ ပတ်ဝန်းကျင်၌ ကြည့်၍မဆုံးနိုင်အောင် ကျယ်ပြန့်သော လယ်ကွင်းကြီးများ ရှိနေကြ၏။ အဝေးမှနေ၍ မြင်ရသောအခါ လုမ္ဗိနီဥယျာဉ်တော် တည်ရှိရာအရပ်သည် လယ်ကွင်းများအလယ်၌ ကျွန်းသဖွယ်ဖြစ်သော တောအုပ်ကလေးနှင့်တူနေ၏။

ဤနေရာဌာနကို နီပေါအစိုးရက တောများကိုရှင်း၍ တူးဖော်ခဲ့၏။ ဤနေရာအနီး၌ ဘုရားဖူးများ အခမဲ့တည်းခိုနိုင်ရန် ဓမ္မသာလာတစ်ခုကို နီပေါအစိုးရကပင် ဆောက်လုပ်ထား၏။

လုမ္ဗိနီဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်မှာ ၁၉၆၇ ခုနှစ်တွင် ဗုဒ္ဓဘာသာကိုင်းရှိုင်းသူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မြန်မာပြည်သား ဦးသန့်သည် ဤလုမ္ဗိနီသို့ ဘုရားဖူးလာရောက်ပြီးနောက်ပိုင်းတွင် ဦးသန့်ကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ရန် ဆုံးဖြတ်ပေးခဲ့သည်။

## အသောကကျောက်တိုင်

တစ်ခုတည်းသော အဆောက်အအုံဖြစ်သည့် (မယ်တော်မာယာနတ်ကွန်း)၏ အတက်အဆင့်၌ ထီးမားသော

www.burmeseclassic.com

ကျောက်တိုင်တစ်ခုရှိ၏။ ယင်းကို အသောကမင်းသည် နန်းစံနှစ်နှစ်ဆယ်မြောက် ဘီစီ ၂၄၉ တွင် ဘုရားဖူးရောက်စဉ် စိုက်ထူခဲ့ခြင်းဖြစ်၏။ အမြင့် ၁၃ ပေခွဲ၊ လုံးပတ် ၇ ပေ၊ ၃ လက်မရှိကာ မြေ၌ ၁၀ ပေ မြှုပ်၍ စိုက်ထူထား၏။ ဦးထိပ်ပိုင်းမြင်းရုပ်မှာ မရှိပေ။

## မယ်တော်မာယာ သားဖွားခန်းကျောက်ရုပ်

မယ်တော်မာယာ သားဖွားခန်းထုလုပ်ထားသော ကျောက်ရုပ်တစ်ခုရှိသည်။ မယ်တော်မာယာသည် အင်ကြင်းကိုင်းကိုကိုင်လျက် ဘုရားအလောင်းမင်းသားငယ် မယ်တော်ဘေး၌ မတ်တတ်ရပ်လျက်ရှိသည်။ ထိုကျောက်ရုပ်ကို ဖျက်ဆီးထားကြသဖြင့် တစ်ခြမ်းမျှသာ ကျန်ရှိတော့သည်။

ထိုဒေသရှိလူများက နတ်သမီးရုပ်အဖြစ် ကြက်သွေး၊ ဆိတ်သွေးများ သုတ်လိမ်း၍ ပူဇော်ပသနေခဲ့ကြသည်။ ကျောက်စာဌာနက အသောကမင်းကြီး၏ကျောက်တိုင်ကို တွေ့ပြီးနောက် ယင်းရုပ်တုကို မယ်တော်မာယာရုပ်တုဖြစ်ကြောင်း ဖော်ထုတ်ကြေညာခဲ့သည်။

## စေတီငယ်များ

အနောက်ဘက်တွင်လည်းကောင်း၊ မြောက်ဘက်တွင်လည်းကောင်း စေတီငယ် အုတ်ခုံများကို ဘုရားအလောင်းတော် ဖွားတော်မူပြီးလျှင်ပြီးခြင်း မြောက်အရပ်သို့ ခြေခုနစ်လှမ်းကြွသွားသည့်အထိမ်းအမှတ်အဖြစ် တည်ထားသော စေတီငယ်များဖြစ်သည်ဟု ဆိုကြသည်။ ယခုအခါ စေတီအုတ်ခုံလေးခုသာ တွေ့ရှိရသည်။

## ရေကန်ငယ်

တောင်ဘက်တွင် လေးထောင့်ကန်ငယ်တစ်ခုရှိသည်။ ဘုရားအလောင်းတော် ဖွားမြင်သောအခါ ကောင်းကင်ယံမှ ရေပူနှင့်ရေအေး စမ်းနှစ်သွယ် စီးဆင်းလာပြီး မယ်တော်နှင့်သားတော်ကို ရေသပ္ပာယ်၍ သန့်ရှင်းစင်ကြယ် နွေးထွေးစေခဲ့သည်။ ထိုရေများ စီးဆင်းကျလာမှုကြောင့် ရေကန်ငယ်တစ်ခုဖြစ်ခဲ့ရသည်ဟု ဆိုကြသည်။

## ကပိလဝတ်မြို့

ယခုအခါ (ပိပါဒရီးယား)ဟု ခေါ်ကြသည်။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် ၆ နှစ်မှ ၂၉ နှစ်သားအထိ ထီးနန်းစည်းစိမ်ခံစားရာနေရာဖြစ်သည်။ ဖခင်ဘုရင် သုဒ္ဓေါဒနမင်းကြီးသည် သားတော်မွေးစကပင် ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟူသော ဟောကြားချက်ကြောင့် နန်းတွင်းနန်းပြင်နေရာတို့၌ သံဝေဂထိတ်လန့်စရာမရှိအောင် စီမံထားရှိသည်။

သားတော်အား ထီးမွေနန်းမွေဆက်ခံပြီး စကြဝတေးမင်းဖြစ်စေလိုသည်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီအလိုက် နန်းမ (၃)ဆောင် ဆောက်လုပ်၍ ဒေဝဒဟမြို့မှ ယသော်ဓယာဒေဝီနှင့် လက်ထပ်ပြီး ရံရွေတော်များဖြင့် နန်းစည်းစိမ်ကို ခံစားစေသည်။

သို့ရာတွင် ဘုရားလောင်းသည် လောကစည်းစိမ်ဆိုသည်မှာ ဒုက္ခများသာဖြစ်ကြောင်း ကောင်းကောင်းကြီး နားလည်ထားသူဖြစ်သည်။ ဘုရားလောင်း၏ တစ်ခုတည်းသောရည်မှန်းချက်မှာ –

'ဘုရားဖြစ်ရန်နှင့် သတ္တဝါတို့ကိုကယ်ချွတ်ရန်' သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ တစ်နေ့သော် နိမိတ်ကြီးလေးပါးဖြစ်သည့် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့ကို မြင်တွေ့ရသောကြောင့် ထိုနေ့ည သန်းခေါင်ယံအကျော် ဖွားဖက်တော် မောင်ဆန် (ဆန္နအမတ်)ကိုခေါ်၍ ဖွားဖက်တော် ကဏ္ဍကမြင်းကို စီးပြီး အရှေ့ဘက်မုခ်မှ တောထွက်ခဲ့သည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင်လျှင် ဝိဋူဋဘ (ကောသလ + ကျွန်မ၏သား)၏ ရက်စက်စွာ သတ်ဖြတ်ဖျက်ဆီးခြင်းကြောင့် သကျသာကီဝင်မျိုးများ ပျက်ဆီးဆုတ်ယုတ်လာခဲ့ရာ ယခုအခါ လူနေအိမ်ခြေကင်းမဲ့ကာ လုံးဝပျက်စီးဆိတ်သုဉ်းနေပေသည်။

နန်းတော်တို့မှာလည်း မြေပြင်တွင် အုတ်ခုံ၊ အုတ်ကျိုး၊ အုတ်ပုံများဖြစ်နေပြီး လူသံတိတ်ဆိတ်ကာ တရားသံဝေဂ ရစရာကောင်းနေပါသည်။

## ဖြစ်ရပ်ပေါင်းစုံ နိဂြောဓာရုံ

ကပိလဝတ်မြို့၏ အရှေ့တောင်ဘက်တွင် ရှိသည်။ တစ်ဆက်တည်း လေ့လာခဲ့ကြသည်။ ဘုရားရှင် ဝါတော် တစ်နှစ်တင်းတင်းပြည့်သော မဟာသက္ကရာဇ် ၁၀၄ ခု၊ ကဆုန်လပြည့်နေ့တွင် ခမည်းတော်၊ မိထွေးတော်ဂေါတမီနှင့် ဆွေတော်မျိုးတော်အပေါင်းတို့ကို ပြန်လည်တွေ့ဆုံရန် ရဟန္တာနှစ်သောင်းခြံရံလျက် ကပိလဝတ်သို့ ကြွတော်မူခဲ့သည်။

ဘုရားမြတ်စွာသည် ဤနိဂြောဓာရုံကျောင်းတော်၌ –

(၁) မဟာဗုဒ္ဓဝင်ကို ဟောကြားတော်မူခြင်း။

(၂) ပေါက္ခရဝဿမိုး ရွာသွန်းစေခြင်း။ (စိုလိုသူစို၍ မစိုလိုသူ မစိုသောမိုး)



www.burmeseclassic.com

www.burmeseclassic.com

(၃) သားတော်ရာဟုလာအား ဖခမည်းတော် အမွေ အစစ်အမှန်ဖြစ်သော ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခြင်း။

(၄) ညီတော် နန္ဒမင်းသား (ညီတော်မင်းနန်)အား တရားပြ၍ ချွတ်ပြီး ရဟန်းဘောင်သို့ ဝင်စေခြင်း။

(၅) ဆွေတော်မျိုးတော်တို့အား တရားဓမ္မဟောကြားခြင်း စသည့်ဖြစ်ရပ် ပေါင်းစုံသည့် နိဂြောဓာရုံကျောင်းတော်ရာကို လှည့်လည်ကြည့်ရှု ကြည်ညို ပူဇော်နိုင်ကြပါသည်။

ဝိဋူဋုပမင်း၏ ရက်စက်စွာသတ်ဖြတ်ခြင်းခံရသော သကျသာကီဝင်တို့အတွက် အောက်မေ့မြင်ယောင်နိုင်ပါသည်။ လုမ္ဗိနီနှင့် ကပိလဝတ်မှာ ၁၀ မိုင်မျှသာ ဝေးပါသည်။ မြန်မာနိုင်ငံ ပြည်သူပြည်သားများ ကောင်းမှုတော်ဖြစ်သည့် လောကမဟာဇိရ္ဇုဋ္ဌာစေတီတော်မြတ်သို့ တစ်ဆက်တည်း သွားရောက်ဖူးမြော်နိုင်ကြပါသည်။

## ကြွေးကြော်သံ (၃) ခု

(၁) အဂ္ဂေါဟ မသ္မိ လောကဿ၊ ငါသည် လူသုံးပါးထက် မြတ်သူဖြစ်၏။ (တစ်နည်း) ငါသည် လူသုံးပါးတွင် အမြတ်ဆုံးဖြစ်၏။

(၂) ဇေဋ္ဌောဟ မသ္မိ လောကဿ၊ ငါသည် လူသုံးပါးထက် ကြီးကဲသူဖြစ်၏။ (တစ်နည်း) ငါသည် လူသုံးပါးတွင် အကြီးကဲဆုံးဖြစ်၏။

(၃) သေဋ္ဌောဟ မသ္မိ လောကဿ၊ လူသုံးပါးထက် ချီးမွမ်းအပ်သူဖြစ်၏။ (တစ်နည်း) ငါသည် လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံးဖြစ်၏။

× × ×

## ကုသိနာရုံ မြေမြတ်မဟာသို့

လုမ္ဗိနီသာမော အင်ကြင်းတော ကုသိနာရုံ မြန်မာရွှေကျောင်းတော်တွင် တစ်ညတာ အိပ်စက်အနားယူ (၂၁-၄-၂၀၁၂) ယနေ့နံနက် (၅း၃၀) နာရီထ၊ ရေမိုးသန့်စင်၊ နံနက်စာစားကြသည်။ (ကြက်သားထမင်းကြော်၊ ကြက်ဥကြော်၊ လက်ဖက်ရည်သောက်)

(၂၁-၄-၂၀၁၂)နေ့ နံနက်(၆း၃၀)နာရီ ရှေ့ခရီးဆက်ကြရပါသည်။ နီပေါနိုင်ငံရှိ မြန်မာရွှေကျောင်းတော်သည် မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် တည်ဆောက်ခြင်းဖြစ်သည်ဟု သိခွင့်ရပါသည်။

နံနက် (၇း၃၀) နာရီဝန်းကျင် နီပေါနိုင်ငံနယ်စပ်ဂိတ်သို့ ပြန်လည်ရောက်ရှိပါသည်။ ယနေ့ Bus, B ကြီးကြပ်သူ မောင်ဖိုးလပြည့် Bus, A ကားကို ကြီးကြပ်လိုက်ပါ၍ Bus, B ကားအား ကုမ္ပဏီကိုယ်စား ကြီးကြပ်သူတစ်ယောက်မှ မပါဝင်ဘဲ ခရီးဆက်ကြခြင်း ဖြစ်ပါသည်။

နီပေါနယ်စပ်ဂိတ်တွင် မောင်ဖိုးလပြည့်ကို တွေ့ရသည်။ သူ့တာဝန်ကိုသူ ကျေအောင်ထမ်းခြင်း ဖြစ်ပါသည်။ မနေ့က (ယမန်နေ့က)လို နီပေါနယ်စပ်ဂိတ်တွင် ကြန့်ကြာမှုမရှိစေရန် ရှေ့ကားနှင့် ကြိုတင်သွားပြီး ရုံးလုပ်ငန်းဆိုင်ရာ ကြိုတင်ဆောင်ရွက်ဖွယ်ရှိသည်။ နီပေါနယ်စပ်ဂိတ်တွင် ဆုံကြတော့ စာရေးသူက –

"ကားတစ်စီးစီမှာ ရဟန်း (၂)ပါးအနက် တစ်ပါး၊ ကုမ္ပဏီဝန်ထမ်းများအနေနဲ့ အနည်းဆုံးတစ်ယောက်၊ လိုက်ပါသင့်ကြောင်း" အကြံပေးမိပါသည်။ ဆရာတော် (ဦးသုဟဒယ) နှင့် မောင်ဖိုးလပြည့်တို့ Bus, B ကားသို့ ပြန်လည်ပြောင်းရွှေ့လိုက်ပါလာပါသည်။

နံနက် (၈း၀၀) နာရီခန့်တွင် နီပေါနယ်စပ်ဂိတ်မှ ရှေ့ခရီးဆက်ကြပါသည်။ နံနက်(၁၁း၀၀)နာရီတွင်၊ ကုသိနာရုံ မြန်မာကျောင်းသို့ ရောက်ရှိပြီး စာရေးသူမိသားစု အဆောင်အပေါ်ထပ် အခန်း အမှတ်(၁၂၈)တွင် နေရာယူ၊ နေ့လယ်စာ (မြန်မာထမင်းဟင်း)သုံးဆောင်ကာ ခေတ္တအနားယူဖြစ်ကြသည်။ ညနေ (၃း၀၀)နာရီတွင် ကျောင်းဝန်း၌တည်ရှိသော –

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူရာ မဟာပရိနိဗ္ဗာနစေတီ၊ ပရိနိဗ္ဗာနရုပ်ပွားတော်၊ တေဇောဓာတ်လောင်ကျွမ်းရာ အင်္ဂါရစေတီ၊ နောက်ဆုံး ရေကြည်တော်သပ္ပာယ်သောနေရာ၊ စုန္ဒ၏ အိမ်နေရာဒေသများကို လေ့လာဖူးမြော်ကြည်ညိုခဲ့ကြပါသည်။

ည(၇း၀၀)နာရီတွင် ညစာ(မြန်မာထမင်း/ဟင်း) သုံးဆောင်ကြပါသည်။ ည(၇း၃၀)နာရီ ဆရာတော်အား ကန်တော့လှူဒါန်းခဲ့ကြပါသည်။

ဤဆရာတော်ကန်တော့ပွဲတွင် ဆရာတော်ကြီးက ထူးခြားသော ဒေသန္တရဗဟုသုတ၊ ဆောင်ရန်ရှောင်ရန်နှင့် သတိပြုဖွယ် ဩဝါဒပါ ထည့်သွင်းဟောကြားပေးပါသည်။

✦ မြန်မာဗုဒ္ဓဘာသာဝင်များ ဗုဒ္ဓကိုကြည်ညိုဖို့ အချိန်/ငွေကိုစွန့်လွှတ်ပြီး လာကြတဲ့အတွက် ဝမ်းမြောက်ကြောင်း၊

✦ အကျိုးရှိအောင် အသိဖြင့် ပူဇော်သွားကြစေလိုကြောင်း၊

✦ ကျန်းမာရေး ဂရုစိုက်ရန်လိုကြောင်း၊

✦ ကုမ္ပဏီတွေ ကြော်ငြာကောင်းလို့ လိုက်ခဲ့တာမျိုး



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘဲ မိမိအတွက် မိမိနဲ့အသင့်လျော်ဆုံး ကုမ္ပဏီကိုသာ လေ့လာစုံစမ်းပြီးမှ လိုက်ပါသင့်ကြောင်း။

✦ ကုမ္ပဏီကြော်ငြာကောင်းလို့ လိုက်လာရင်း ကျန်းမာရေး ချို့တဲ့ဖောက်ပြန်သည့်အခါ ခရီးစဉ်မပျက်ဖို့အတွက် လူနာကို ဆရာတော်တွေ ကျောင်းထားခဲ့သဖြင့် အခက်အခဲမျိုးစုံဖြင့် ဆေးရုံပို့ကြပေမဲ့ သူ့နိုင်ငံ၊ သူ့စည်းကမ်းနဲ့မို့ လူနာကို ကုသဖို့ဝေး လက်မခံဟုငြင်းဆိုကြသဖြင့် မြန်မာသံဃာတော်များ၏ မေတ္တာရပ်ခံမှုဖြင့် အသက်ကယ်ဆေးထိုးပြီး မြန်မာပြည်ပြန်ပို့ရဖူးကြောင်း။

✦ အခြားအခြားသော အန္တရာယ်များလည်း ကြုံဖူးသည်များ ရှိခဲ့ပါကြောင်း (သာဓကအချို့ ထည့်ပြောပြပေးပါသည်)။

✦ ယခုနှစ် ဗုဒ္ဓဂယာသို့ ဘုရားဖူးများ ပိုလာကြောင်း၊ နီလာဘုရားဖူးအဖွဲ့ ပိုမိုများကြောင်း ကြော်ငြာကောင်းလို့ ပိုများတာဖြစ်နိုင်ကြောင်း၊ ဘုရားဖူးလိုက်လိုသည့် ခရီးသည်များများရတိုင်း မပို့သင့်ကြောင်း၊ ဤနိုင်ငံ(အိန္ဒိယနိုင်ငံ)ရှိ မြန်မာဘုန်းကြီးကျောင်းများအနေနှင့် မြန်မာဘုရားဖူးအပေါ် တာဝန်မကျေမှုများ ရှိလာကြောင်း၊ အားနာကြောင်း၊ ထည့်သွင်းဟောပြောပေးပါသည်။ ဤဟောပြောမှုကို စာရေးသူ အထူးနှစ်သက်မိပါသည်။ ဘုရားဖူးများ ကြော်ငြာကောင်းရုံနှင့် ယုံကြည်မလိုက်မိဖို့ အမှန်လိုအပ်ပါသည်။

(စာရေးသူမိသားစုသည် ကြော်ငြာကောင်း၍ လိုက်ခဲ့ခြင်း မဟုတ်ပါ။ မိသားစုငါးဦးအနက် (၃)ဦးက ဝန်ထမ်း၊ စာရေးသူက NGO၊ တစ်ဦးက စီးပွားရေးလုပ်ငန်းနှင့် စာပေထုတ်ဝေသူ)မို့ သကြြန်ရုံးပိတ်ရက်နှင့်တွဲပြီး သွားရောက်ကြမည့် ကုမ္ပဏီများအနက် အဆင်ပြေမည်ဟု ထင်မိသည့်အတွက် ရွေးသွင်းပြီး လိုက်ခဲ့မိခြင်းဖြစ်သည်။)

✦ စာရေးသူကိုယ်တိုင်က မြန်မာနိုင်ငံ စာရေးဆရာများ အသင်းဖြစ်မြောက်ရေးနှင့် မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူများအသင်း ဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦး ဖြစ်သည်မို့ ရွေးကောက်ပွဲဆိုင်ရာဆောင်းပါးအား မြဝတီသတင်းစာ(၂၆-၅-၂၀၁၂)တွင် ရေးသားဖော်ပြခဲ့ဖူးပါသည်။ ရွေးချယ်ရန်လိုအပ်သည့်အခါ စံထိုးကြည့်ဖို့ . . .

✦ ကြော်ငြာကောင်းသလို ပစ္စည်းလည်း ကောင်းတတ်ပါသည်။

✦ ကြော်ငြာကောင်းပြီး ပစ္စည်းညံ့တာတွေလည်း တစ်ပုံကြီးပင်ရှိပါသည်။

✦ ကြော်ငြာအားနည်းသော်လည်း ပစ္စည်းကောင်းတွေ ရှိတတ်ပါသည်။

✦ ကြော်ငြာလုံးဝမရှိ သို့သော် သုံးခွင့်ကြုံလို့ သုံးကြည့်လိုက်တော့ သူ့ပစ္စည်းက အကောင်းဆုံး ဖြစ်နေတတ်သည်ဟု ဆောင်းပါးထဲတွင် နိမိတ်ပြအယူအဆအဖြစ် တင်ပြခဲ့ပါသည်။

(နောင်နှစ်နောင်နှစ် ဘုရားဖူးများအတွက် အထောက်အပံ့ တစ်စုံတစ်ရာရရှိစေရန် ဆောင်ရန်ရှောင်ရန်ဆောင်းပါးထဲမှ ကောက်စာအဖြစ် ဤစာစုကို ပြန်လည်ထည့်သွင်း ဖော်ပြတင်ပြခြင်းဖြစ်ပါသည်။)

× × ×

## ကုသိနာရုံသမိုင်း

ကုသိနာရုံမှာ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူရာဌာနဖြစ်သည်။ မြောက်ဘက်သို့ ဦးခေါင်းတော်လှည့်၍ အနောက်ဘက်သို့ မျက်နှာမူကာ ထုလုပ်ထားသော လျောင်းတော်မူပုံများကို ကုသိနာရုံပုံတော်ဟု ခေါ်ကြသည်။

ကုသိနာရုံ၌ အသောကမင်းကြီး၏ ကျောက်တိုင်များကို ရှာဖွေမတွေ့ရသေးချေ။ သို့ရာတွင် အသောကကျောက်တိုင်များ ရှိကြောင်းကို တရုတ်ရဟန်းတော် ဟူယင်ဆန်က မှတ်တမ်းတင်ခဲ့သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မကြာမီ မလ္လနိုင်ငံကို အဇာတသတ်မင်းက သိမ်းပိုက်၍ မာဂဓတိုင်းအတွင်းတွင် သွတ်သွင်းခဲ့သည်။

အေဒီ ၅ ရာစုက တရုတ်ရဟန်းတော် ဖာဟီယန်က ပျက်စီးနေသော ဘုန်းကြီးကျောင်းများ တွေ့ရှိရကြောင်း မှတ်တမ်းတင်ခဲ့သည်။ ထို့ပြင် အေဒီ ၅ ရာစုတွင် ဟရိဗလသာမိက စေတီတော် တည်ဆောက်ခဲ့ကြောင်း မှတ်တမ်းတွေ့ရှိရသည်။

၁၈၅၂ ခုနှစ်၌ ကျောက်စာဌာနက စတင်တူးဖော်သည်။ ဘုန်းကြီးကျောင်းများအတွင်း၌ မီးလောင်ထားသော ပစ္စည်းများနှင့် လူ့ရိုးများ တွေ့ရသည်ကို ထောက်ထား၍ ရန်သူများက ရဟန်းတော်များကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်လိုက်ကြောင်း အထောက်အထားဖြစ်သည်။

ဤအဖြစ်ဆိုးမှာ ၁၂ ရာစုအတွင်းက အိန္ဒိယတစ်နိုင်ငံလုံး ဗုဒ္ဓဘာသာရဟန်းတော်များ ညီတူညီမျှ ခံစားခဲ့ခြင်းပေတည်း။ တူးဖော်ခြင်းမပြုမီက ထိုဒေသကို သစ်ပင်ချုံနွယ်များ ဖုံးအုပ်လျက်ရှိသည်။

ဤကုသိနာရုံကို ပထမဦးဆုံး စောင့်ရှောက်ခဲ့သူမှာ အိန္ဒိယတိုင်းရင်းသား ဘုန်းတော်ကြီး မဟာဝီရဖြစ်သည်။ မဟာဝီရသည် ၁၈၅၇ ခုနှစ်၊ ဗြိတိသျှတို့ကိုပုန်ကန်သော သူပုန်ကြီး ကွန်ဝါးဆိုင်း၏ ဆွေမျိုးဖြစ်၍ ပုန်ကန်မှု၌ ပါဝင်ခဲ့သည်။

ကွန်ဝါးဆိုင်း ကျဆုံးသွားသောအခါ မဟာဝီရသည်

www.burmeseclassic.com

www.burmeseclassic.com

ကြေးစားနပန်းသမားအဖြစ် အသက်မွေးနေထိုင်ခဲ့သည်။ ထိုမှ တစ်ပန် သီဟိုဠ်ကျွန်းသို့ရောက်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းပြီးလျှင် ရဟန်းခံခဲ့သည်။ ရဟန်းခံပြီးနောက် ကုသိနာရုံသို့ လာရောက်နေထိုင်၍ သာသနာပြုရန် ကြိုးပမ်းခဲ့သည်။

, အိန္ဒိယနိုင်ငံသား ရခိုင်လူမျိုးကြီး ဒီဖာရီဆိုသူက ဘုရားကျောင်းတော်၏ မြောက်ဘက်တွင် မြေကွက်တစ်ခုဝယ်ယူ၍ ဇရပ်ဆောက်လုပ်လှူဒါန်းခဲ့သည်။

ရခိုင်ပြည်မှ ရခိုင်အမျိုးသား ဆရာတော်ဦးစန္ဒြမုနိသည် ကုသိနာရုံ၌ ရဟန်းတော် မဟာဝီရနှင့်တွဲဖက်၍ ဒီဖာရီ၏ ဇရပ်ဆောက်လုပ်မှုကို ကူညီဆောင်ရွက်ခဲ့သည်။ မဟာဝီရကွယ်လွန်သောအခါ ဦးစန္ဒြမုနိက ဆက်လက်တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

ဦးစန္ဒြမုနိသည် ဘာသာရေးပွဲတော်များကို ကျင်းပပြုလုပ်၍ တိုင်းရင်းသားတို့ကို ဗုဒ္ဓဘာသာဘက်သို့ ဆွဲဆောင်ခဲ့သည်။ မြတ်စွာဘုရားဖွားတော်မူသောနေ့ ဝိသာခါပွဲတော်ကို တစ်လတိတိကျင်းပ၍ တိုင်းရင်းသားထောင်ပေါင်းများစွာကို ကုသိနာရုံသို့ ဘုရားဖူးလာရန် သွေးဆောင်ခဲ့၏။ ထို့ပြင် ဦးစန္ဒြမုနိသည် မူလတန်းကျောင်းတစ်ခုကို တည်ထောင်ခဲ့သည်။

ယခုအခါ ဦးစန္ဒြမုနိ၏ သာသနာပြုမှုကြောင့် အိန္ဒိယတိုင်းရင်းသား ငါးသိန်းခန့် ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံ တရားရေးဝန်ကြီး ဒေါက်တာအမ်ဘေဒကာသည် ဦးစန္ဒြမုနိ၏အထံ၌ သရဏဂုံနှင့် သီလကို ခံယူဆောက်တည်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့သည်။

ဦးစန္ဒြမုနိ ရဟန်းခံပေးခဲ့သော အိန္ဒိယနိုင်ငံသားနှင့် နီပေါနိုင်ငံသား ရဟန်းတော်ပေါင်း ၅၀ ကျော် ရှိပေသည်၊ နာမည်ကျော်ကြားသော စာရေးဆရာ.ရာဟုလာ သံကစ္စည်းသည် ဦးစန္ဒြမုနိထံသို့ ရဟန်းပြုခဲ့သည်။

## ဘုရားကျောင်းတော်

ဘုရားကျောင်းတော်သည် မဟာပရိနိဗ္ဗာနစေတီ၏ဘေး၌ ရှိသည်၊ အတွင်း၌ ရုပ်ပွားတော်မှာ ခြေဖဝါးမှ ဦးသျှောင်တော်အထိ ပေ ၂၀ ရှိသည်။ မြောက်ဘက်သို့ ဦးခေါင်းတော်ပြု၍ အနောက်ဘက်သို့ မျက်နှာမူကာ ကုသိနာရုံပုံ ,ဖြစ်သည်၊ ပခုံးတော် ၅ ပေ၊ ၆ လက်မရှိ၏။ ညောင်စောင်းတော်မှာ ၂၃ ပေ၊ ၉ လက်မ × ၂ ပေ၊ ၁ လက်မ ရှိ၏။ ရုပ်ပွားတော်ကို သဲကျောက်ဖြင့် ထုလုပ်ထားသည်။

၁၈၃၃ ခုနှစ်က ရုပ်ပွားတော်ကို တစ်ပိုင်းတစ်စစီ တွေ့ရှိရသဖြင့် ပြန်လည်၍ ဆက်စပ်မွမ်းမံထားပြီး ညောင်စောင်းတော်၌ ဆရာဗိဝကပုံ၊ အရှင်အာနန္ဒာပုံ၊ သုဘဒ္ဒရဟန်းပုံ၊ သိကြားမင်းပုံ၊ မာရ်နတ်မင်းပုံတို့ကို ထုလုပ်ထားသည်။ ရုပ်ပွားတော်၏ ကောင်းမှုရှင်ကို တိတိကျကျ မသိရပါ။

တွေ့ရှိရသော ကျောက်စာအရ ဤရုပ်ပွားတော်သည် မဟာဝိဟာရကျောင်း၌နေသော ဟရိဗလရဟန်းတော်၏ ကောင်းမှုဖြစ်သည်၊ ဤရုပ်ပွားတော်ကို မထုရာပြည်သား ဒိနာဆိုသူက ထုလုပ်သည်ဟု သိရပါသည်။ အက္ခရာနှင့် စာရေးသားဟန်အရ အေဒီ ၅ ရာစုကဖြစ်သည်ဟု ယူဆရသည်။

ထိုရုပ်ပွားတော်ကြီးအား မဏ်တော်ဘက်ကဖူးပါက ပြုံးနေသည့်ဟန်၊ မျက်နှာတော်တည့်တည့်ဖူးပါးက ကျိန်းစက်နေသည့်ဟန်နှင့် ခြေရင်းဘက်မှ ဖူးပါက ဝေဒနာခံနေရသည့်ဟန် သုံးမျိုး ဖူးမြင်ရသည်ဟု ဆိုပါသည်။

လျောင်းတော်မူ တန်ဆောင်းအရှေ့ဘက်တွင် ပရိနိဗ္ဗာနစေတီတော် ရှိပါသည်။ ထိုမဟာပရိနိဗ္ဗာနစေတီအား ၁၉၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၊ ဟသ်ာတမြို့မှ ဦးဘိုးကျူးက ပြင်ဆင်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ထီးတော်တင်ခဲ့သည်။

## မဟာပရိနိဗ္ဗာနစေတီတော်

ဤစေတီတော်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ နေရာ၌ တည်ထားခြင်းဖြစ်သည်။ စေတီဒါယကာကို မည်သူဟူ၍ မသိရချေ။ အဆင့်ဆင့် ထပ်ကာထပ်ကာ တည်ဆောက်ခဲ့ကြသည်။

အေဒီ ,၅ ရာစုကတစ်ကြိမ် ပြင်ဆင်ခဲ့ကြသည်။ ကျောက်စာဌာနက တူးဖော်သောအခါ စေတီအတွင်းမှ ကြေးအိုးကြီးတစ်လုံး တွေ့ရှိရသည်။ ထိုကြေးအိုးကြီးအတွင်း၌ အဖိုးတန်ပစ္စည်းများ ပါဝင်သည်။ ၎င်းတို့အနက် အရေးကြီးသော အဖိုး တန်ဆုံးပစ္စည်းတစ်ခုမှာ ကြေးပုရပိုက်တစ်ဆူဖြစ်သည်။

ထို့ပြင် ကုမာရဂုတ္တ(၄၁၃–၄၅၅)ခေတ်က ဒင်္ဂါးခြောက်ပြားတွေ့ရသည်။ ကြေးပြားပေါ်၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို သက္ကတဘာသာဖြင့် ရေးထိုးထားသည်။ အဆုံး၌ 'ဤကား ဟရိဗလသာမိ၏ ကောင်းမှုဖြစ်သည်၊ ဤကြေးပြားကို ပရိနိဗ္ဗာန စေတီအတွင်း၌ ဌာပနာခဲ့သည်'ဟု ရေးထိုးထားသည်။

စေတီတော်ဒါယကာ ဟရိဗလနှင့် ရုပ်ပွားတော့်ဒါယကာ ဟရိဗလတို့သည် တစ်ဦးတည်းပင်ဖြစ်သည်ဟု ယူဆရပါသည်။ တရုတ်ရဟန်းတော် ဟူယင်ဆန်သည် ဤစေတီကို ဖူးခဲ့ရကြောင်း မှတ်တမ်းတင်ခဲ့သည်။

စေတီတော်ကြီးကို ကျောက်စာဌာနက ထွင်းဖောက်ခဲ့ ဖွေပြီးနောက် ၁၉၁၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဟသ်ာတမြို့သား



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုးကျူးက ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်။ ဉာဏ်တော်အမြင့် ၁၆၇ ပေ ရှိသည်။ ထိုခေတ်က ရှုပီးငွေ ၁၈၀၀၀ ကုန်ကျသည်။

၁၉၂၇ ခုနှစ်တွင် ထီးတော်ကို နေရောင်ဟပ်သောအခါ ရွှေရောင်တလက်လက် တောက်ပလျက်ရှိသည်ကို ဖူးတွေ့နိုင်ပါသည်။

သို့ရာတွင် လွန်ခဲ့သည့် ၁၅ နှစ်ခန့်က လျှပ်စစ်ပြတ်သဖြင့် ထောင်းရစ်မှစ၍ ပြိုကျ ပျက်စီးခဲ့သည်။ အတွင်းရှိ ရွှေဆင်းတုတော်အစရှိသော အဖိုးတန်ဌာပနာပစ္စည်းများ မပျောက်ပျက်စေရန် မြန်မာဆရာတော် ဦးစန္ဒမုနိက စောင့်ရှောက်ထားသည်။ အိန္ဒိယကျောက်စာဌာနက စေတီတော်ကို ပြန်လည်တည်ဆောက်ခဲ့ပါသည်။

## ကျောင်းတော်ရာ အုတ်ခုံများ

မဟာပရိနိဗ္ဗာနစေတီတော်၏ အနောက်ဘက်၌ ကျောင်းတော်ရာဟောင်း အုတ်ခုံများတွေ့ရှိရသည်။ စေတီ၏ တောင်ဘက်တွင် ရဟန္တာဓာတ်တော်ဌာပနာသည့် စေတီငယ်များ တွေ့ရပါသည်။

စေတီတော်၏မြောက်ဘက်တွင်လည်း ကျောင်းတော်ရာများအနက် ကျောင်းတော်ရာတစ်ခုတွင် အလယ်၌ ရေတွင်းတစ်ခုရှိသည်။ ထိုရေတွင်းမှရေကို ဂျပန်၊ ယိုးဒယား စသောနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များက ဆေးဖက်ဝင်သည်ဟုယူဆ၍ ခပ်ယူသွားလေ့ရှိကြသည်။ ကျောင်းတော်ရာအုတ်ခုံများဘေး၌ တွေ့ရှိရသော စာတန်းများအရ –

'မဟာပရိနိဗ္ဗာနဝိဟာရ၊ သီရိဝိရုနဒီပဝိဟာရ၊ ဘဒ္ဒန္တသုဝီရဝိဟာရ' စသဖြင့် အမည်ပေးထားကြောင်း တွေ့ရှိရသည်။

## အင်္ဂါရစေတီ (မကုဋဗန္ဓစေတီ)

မဟာပရိနိဗ္ဗာနစေတီတော်မှ အရှေ့ဘက် ၆ ဖာလုံအကွာ၌ မကုဋဗန္ဓစေတီတော် တည်ရှိသည်။ မလ္လမင်းတို့ ဦးသျှောင်ထုံးသည့်နေရာ၌ စေတီတည်ခြင်းဖြစ်၍ မကုဋဗန္ဓဟုခေါ်သည်။ (မကုဋ=ဦးသျှောင်+ဗန္ဓ =ထုံးဖွဲ့ခြင်း)မြတ်စွာဘုရားအလောင်းတော်ကို ဘေဓောဓာတ်လောင်ကျွမ်းသည့်နေရာ၌ မီးသွေးများ ကျန်ရစ်သည်။ ထိုမီးသွေးများကို ဌာပနာ၍ စေတီတည်သောကြောင့် အင်္ဂါရ(မီးသွေး)စေတီဟုခေါ်သည်။

ထိုဒေသရှိလူများက သီတာဒေဝီမီးဖွားခဲ့သောနေရာဖြစ်၍ ရာပ်ဘာရ်ဟု ခေါ်ခြင်းဖြစ်သည်။ မီးလှုံ၍ကျန်ရှိသော မီးသွေးများဟု ပြောဆိုကြသည်။ ဗုဒ္ဓဘာသာဆိုင်ရာ အထွတ်အမြတ်ထားသည့် နေရာတိုင်းကို အခြားဘာသာများက အမည်အမျိုးမျိုးဖြင့် ပြောင်းလဲ၍ ခေါ်ဝေါ်နေကြသည်။

ဤစေတီတော်ကို သိုက်တူးသူများက ဖြိုဖျက်တူးဆွထားသည်။ အသောကမင်းတရားကြီးတည်ဆောက်ခဲ့သည်ဟု ယူဆသည်။ ဤစေတီတော်အပေါ်၌ ညောင်ပင်ကြီးတစ်ပင် ပေါက်လျက်ရှိသည်။

သာသနာ ၂၅၀၀ ပြည့်ပွဲတော်တက်ရောက်သောအခါ ယင်းစေတီပေါ်၌ သီတင်းသုံးနေထိုင်သော တရုတ်ဘုန်းကြီးကို အိန္ဒိယအစိုးရကျောက်စာဌာနက ကျောင်းဆောက်လုပ်ပေး၍ ဖယ်ရှားစေသည်။ ညောင်ပင်ခုတ်ပယ်ပြီးနောက် နောက်ထပ်သစ်ပင်၊ မြက်ပင်မပေါက်စေရန် အင်္ဂတေများ ဖို့ထားသည်။

## ရေသဗ္ဗာယ်ရုဌာန

အင်္ဂါရစေတီမှ မဟာပရိနိဗ္ဗာနစေတီတော်သို့ အပြန်လမ်း၌ အုတ်တိုက်ငယ် တစ်ခုအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကို ဝင်ရောက်ဖူးမြော်ကန်တော့ကြပါသည်။ ရုပ်ပွားတော်မှာ အေဒီ တစ်ရာစု(ကနိရှခေတ်) လက်ရာဖြစ်သည်။ ဉာဏ်တော် ၅ ပေ ၆ လက်မရှိပြီး (ဈာနမုဒြာ) (ဝါ) ဈာနဗုဒ္ဓခေါ် ဈာန်ဝင်စားဟန် ထုလုပ်ထားပါသည်။

မြတ်စွာဘုရားသည် ပါဝါပြည်မှ ကုသိနာရုံသို့ ပရိနိဗ္ဗာန်ပြုရန် ကြွတော်မူရာတွင် ဤနေရာ၌ နောက်ဆုံးရေသဗ္ဗာယ်သောနေရာဖြစ်ပါသည်။ အလွန်ဆုတောင်းပြည့်သည်ဟု သိရပါသည်။ မြန်မာနိုင်ငံမှ အရေးပိုင် ဦးဖိုးကျူးမိသားစုမှ ရုပ်ပွားတော်နှင့် တိုက်ကျောင်းတော်အား ပြုပြင်မွမ်းမံခဲ့ကြောင်း မိန့်ဆိုပါသည်။

## ဗုဒ္ဓမြတ်စွာနှင့် ကုသိနာရုံ

ကုသိနာရုံမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူရခြင်း အကြောင်းမှာ –

(၁) ကုသိနာရုံသည် မြတ်စွာဘုရား အတိတ်ခုနစ်ဘဝ၌ ဦးခေါင်းချခဲ့သော နေရာဖြစ်ခြင်း၊

(၂) မဟာသုဒဿနသုတ်ကို ဟောတော်မူလိုခြင်း၊

(၃) သုဘဒ္ဒပရိဗိုဇ်အား တရားဟောချွတ်လိုခြင်း (ဘုရားလက်ထက် နောက်ဆုံးကျွတ်တန်းဝင်သူ)

(၄) ဘုရင်တို့၏ ပါမောက္ခ ဆရာဒေါနပုဏ္ဏားကြီးရှိခြင်း (ဓာတ်တော်ဝေရာတွင် ဖြန့်ဖြူးပေးနိုင်မည့်သူ) စသည်တို့ကြောင့် ပါဝါပြည်မှ ကုသိနာရုံသို့



www.burmeseclassic.com

www.burmeseclassic.com

ခြောက်မိုင်ကွာဝေးသောခရီးကို (၂၅)ကြိမ်နားလျက် ပရိနိဗ္ဗာန်စံဝင်ရန် ကြွချီတော်မူခြင်းဖြစ်သည်။

ပါဝါပြည်တွင် မြတ်စွာဘုရားသည် ရွှေပန်းတိမ်သည် စုန္ဒ၏ သရက်ဥယျာဉ်၌ တစ်ညမျှ နားနေသည်။ စုန္ဒသူကြွယ် ဆက်ကပ်သော ဝက်ပျို့သားဟင်းနှင့် ဆွမ်းဘုဉ်းပေးတော်မူသည်။ စုန္ဒအား တရားဟောပြောတော်မူသည်။

စုန္ဒသူကြွယ်ဆက်ကပ်သောဆွမ်းမှာ မြတ်စွာဘုရား နောက်ဆုံးဘုဉ်းပေးသော ဆွမ်းဖြစ်သည့် ဝက်ပျို့သားဟင်းတွင် နတ်ဗြဟ္မာတို့က နတ်ဩဇာများထည့်ထားသည့်အတွက် မြတ်စွာဘုရားမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ အစာကြေနိုင်မည်မဟုတ်ခြင်းကြောင့် မည်သူ့ကိုမျှ မစားစေဘဲ မြေတွင်ကျင်းတူး၍ မြှုပ်စေသည်။

မြတ်စွာဘုရားသည် သုဇာတာ၏ ယနာနို့ဆွမ်းကို ဘုဉ်းပေးပြီးနောက် အမြတ်ဆုံး သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခဲ့သကဲ့သို့ စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးရခြင်းကြောင့် ကုသိနာရုံသို့ ခြောက်မိုင်ဝေးသောခရီးကို ကြွတော်မူနိုင်ခြင်းဖြစ်သည်။ ဝမ်းတော်လားခြင်းဖြစ်ရသည်မှာ စုန္ဒ၏ ဝက်ပျို့သားဟင်းကြောင့် မဟုတ်ပေ။

ဘုရားလောင်းနှင့်က ဆေးဆရာဘဝ၌ ဆေးဖိုးငါးခ မပေးလိုသော သူဌေးသားတစ်ဦးအား ဝမ်းသွားသောဆေးကို တိုက်ကျွေးဖူးခဲ့သည်။ ထိုအကုသိုလ်ကံ အကြွင်းအကျန်က နောက်ဆုံးဘဝ၌ အကျိုးပေး၍ ဝမ်းတော်ဆိုက်ခြင်းဖြစ်သည်။

စုန္ဒ၏ဆွမ်းကို မဘုဉ်းပေးရသော်လည်း အချိန်ကျလျှင် ဝမ်းတော်လားပြီးမှ ပရိနိဗ္ဗာန်ဝင်ရမည်ဖြစ်သည်။


ထိုအခါ အင်အားကုန်ခန်းအားပြတ်၍ သွားနိုင်သည်။ ယခု စုန္ဒသူကြွယ်၏ ဆွမ်းကြောင့် ကုသိနာရုံသို့ အရောက်ကြွနိုင်ခြင်းဖြစ်သည်။

ပါဝါနှင့် ကုသိနာရုံကြား (၂၅)ကြိမ် ရပ်နားတော်မူရသည်။ ကုသိနာရုံ မလ္လမင်းတို့၏ အင်ကြင်းတောသို့ရောက်သောအခါ အင်ကြင်းပျိုနှစ်ပင်တို့၏ကြားတွင် သလွန်ညောင်စောင်းတော်ကို မြောက်အရပ်သို့ ဦးခေါင်းပြုကာ နေရာခင်းစေသည်။

ညောင်စောင်းပေါ်၌ လက်ျာနံတောင်းဖြင့် လဲလျောင်းတော်မူ၏။ ထိုအခါ ခေါင်းရင်းနှင့်ခြေရင်းရှိ အင်ကြင်းပင်ပျိုအစုံတို့သည် အခါမဲ့ တစ်ပင်လုံး ပွင့်ကြကုန်၏။ နတ်တို့သည် မြတ်စွာဘုရားသခင်အား နတ်ပန်းနံ့သာတို့ဖြင့် ပူဇော်ကြသည်။ ငိုသူငိုကြကုန်၏။ ထိုစဉ်အခါ ညီတော်အာနန္ဒာသည်လည်း အသံထွက်အောင်ငိုကြွေးသဖြင့် ဘုရားရှင်က –

'သင်္ခါရတရားတို့၏ ပြိုကွဲပျက်စီးခြင်း' သဘောကို ဆင်ခြင်ရန် တရားပြလေသည်။ ထို့နောက် ရှင်အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပါလျှင် ဘုရားဖူးများ၊ ရဟန္တာများ လာရောက်ကြတော့မည့်မဟုတ်သဖြင့် အဘယ်နေရာ၊ အဘယ်ဌာနတို့၌ ရဟန်းကောင်း၊ ရဟန်းမြတ်တို့ကို ဆည်းကပ်ဖူးမြော်ခွင့်ရရှိပါမည်နည်းဟု လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် –

"ချစ်သားအာနန္ဒာ ... မစိုးရိမ်လင့်၊ ငါဘုရားမရှိသည့်



www.burmeseclassic.com

နောက်၌ ဤလေးဌာနတို့သည်ကား သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးသားကောင်းတစ်ဦးအတွက် သွားရောက်ဖူးမြော်သံဝေဂယူသင့်သောဌာနတို့ ဖြစ်ကုန်၏။

ချစ်သားအာနန္ဒာ . . . နောင်အခါ၌ သဒ္ဓါတရားရှိသော ရဟန်းယောကျ်ားများ၊ ရဟန်းမိန်းမများ ဥပါသကာ ဒါယကာများ၊ ဥပါသိကာ ဒါယိကာမများသည် ဤလေးဌာနသို့ လာကြလတ္တံ့။"

၁။ မြတ်စွာဘုရားဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်။ (ဖွား)
၂။ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်။ (ပွင့်)
၃။ ပဉ္စဝဂ္ဂီငါးဦးတို့အား မြတ်စွာဘုရား တရားဦး ဓမ္မစကြာ ဟောမြွက်ရာ မိဂဒါဝုန်။ (ဟော)
၄။ မြတ်စွာဘုရားအား ပရိနိဗ္ဗာန်စံတော်မူရာ မလ္လာမင်းတို့၏ ကုသိနာရုံ အင်ကြင်းရုံ။ (စံ)

"ချစ်သားအာနန္ဒာ အကြင်သူတို့သည် ဘုရားဖူးခရီးလှည့်လည်မှုကိုပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။ ထိုသူအားလုံးတို့သည် ဤခန္ဓာကိုယ် ပျက်စီးသေလွန်ပြီးနောက်၌ နတ်ရွာသုဂတိသို့ ရောက်ကြကုန်လတ္တံ့"ဟု ဟောတော်မူခဲ့ပါသည်။ (မဟာပရိနိဗ္ဗာနသုတ်တော်)

ထို့ကြောင့် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်တို့သည် ဤသံဝေဇနိယ လေးဌာနနှင့် ဘုရားရှင်တို့ မစွန့်ပယ်အပ်သော အဝိဇဟိတလေးဌာနတို့သို့ ကြည်ညိုသံဝေဂယူလိုကြခြင်း ဖြစ်ပေသည်။ အဝိဇဟိတလေးဌာနတို့သည်ကား -

၁။ သဗ္ဗညုတဉာဏ်တော်ရရှိရာဌာန၊ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်။ (ပွင့်)
၂။ တရားဦးဟောရာ မိဂဒါဝုန်။ (ဟော)
၃။ မြတ်စွာဘုရား လျှောင်းစက်တော်မူရာ ဇေတဝန်ကျောင်းတော်ရှိ ဂန္ဓကုဋီတိုက်။ (မြဲနေ)
၄။ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ဆင်းသက်ရာ သင်္ကဿနဂိုရ်ပြည်။ (ဆင်းနတ်ပြည်)

## ပတ္တနားသမိုင်းအကျဉ်း – ပါဋလိပုတ်မြို့တော်

ပတ္တနားမြို့သည် ဗိဟာပြည်နယ်၏မြို့တော်ဖြစ်သည်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက မဂဓတိုင်းကြီးသခင် ဘုရင်အဇာတသတ်မင်းသည် ဝိဒေဟတိုင်း၊ လစ္ဆဝီမင်းတို့ကိုတိုက်ခိုက်၍ ဝေသာလီပြည်ကို သိမ်းယူရန်အတွက် ဂင်္ဂါမြစ်ကမ်းရှိ ပါဋလိရွာကို ခံတပ်မြို့အဖြစ် တည်ဆောက်ခဲ့သည်။

မြို့တည်စဉ်က မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် အခမ်းအနားဖွင့်ပွဲတွင် ဆွမ်းအနုမောဒနာတရား ဟောကြားခဲ့သည်။

ပါဋလိပုတ်မြို့တော်သည် ဇမ္ဗူဒိပ်ကျွန်းတွင် အကြီးအကျယ်ဆုံးဖြစ်လိမ့်မည်။ ရေ၊ မီးနှင့် အချင်းချင်း ကွဲပြားမှုသုံးမျိုးကြောင့် မြို့ပျက်မည်ဟု ဗျာဒိတ်တော်ထားခဲ့သည်။

ယင်းပါဋလိပုတ်မြို့သည် ကာလာသောကမင်း လက်ထက်မှစ၍ မဂဓတိုင်း၏ မြို့တော်ဖြစ်ခဲ့ပါသည်။ ပါဋလိပုတ်၌ နန်းစံသောဘုရင်များသည် အိန္ဒိယ အနောက်ပိုင်းတက္ကသိုလ်ပြည်အထိ အရှေ့ဘက်တွင် ဘင်္ဂလားပင်လယ်အော်အထိ အာဏာစက်ဖြန့်ခဲ့ကြသည်။

စန္ဒဂုတ်မင်းကြီးနှင့် သီရိဓမ္မာသောကမင်းကြီးတို့ လက်ထက်၌ နိုင်ငံချဲ့ထွင်ခဲ့ကြသည်။ မောရိယမင်းဆက်၊ သုင်္ဂမင်းဆက်၊ ဂုတ္တမင်းဆက်ဟူ၍ မင်းဆက်သုံးဆက် နန်းစိုက်ခဲ့ကြသည်။

သာသနာနှစ် ၂၃၅ နှစ်တွင် ပါဋလိပုတ်မြို့တော်၌ အသောကမင်းကြီးသည် ဓမ္မက္ခန္ဓာ ၈၄၀၀၀ ကို အထိမ်းအမှတ်ပြုသောအားဖြင့် ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀၊ ကျောင်းပေါင်း ၈၄၀၀၀ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ပတ္တနားမြို့သည် ဂင်္ဂါမြစ်ကမ်း၌တည်ရှိ၍ ကာလကတ္တားမြို့မှ ၅၃၃ ကီလိုမီတာ ဝေးကွာသည်။ ဗာရာဏသီမြို့မှ ၁၄၂ ကီလိုမီတာဝေးကွာသည်။ ရာဇဂြိုဟ်နှင့် ၈၈ ကီလိုမီတာ ဝေးသည်။ မီးရထား၊ မော်တော်ကား၊ လေယာဉ်တို့ဖြင့် သွားရောက်ဖူးမျှော်နိုင်သည်။

အသောကကျောင်းတော်ရာကို ရာဇကုမာရ်ဟုခေါ်ကြသည်၊ ကျောင်းတော်ရာအုတ်ခုံများကို တူးဖော်ပြသထားသည်။

မူလကျောင်းတော်ကြီး၏နေရာကို တူးဖော်ထားရာ ရေကန်ငယ်တစ်ခု ဖြစ်နေသည်။

ကျောင်းတိုင်ပြုလုပ်ထားသော ကျောက်တိုင်ငုတ်ကြီးများကို တွေ့ရသည်။ ထိုကျောင်းတော်ကြီးအနီးတွင် ကျောက်စာတိုင်ကြီး ထက်ပိုင်းကျိုးသည်ကို ပြသထားသည်။

တတိယသင်္ဂါယနာတင်ခဲ့သည့်နေရာဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့က ကျောင်းတော်ရာကို အမြတ်တနိုးထားကြသည်။ တစ်ချိန်က ဂင်္ဂါမြစ်ရေလွှမ်းမိုးခဲ့သဖြင့် ကျောင်းတော်ရာများ မြေအောက် နစ်မြုပ်လျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**မောင်စိုးထိုက်(သုံးဆယ်)**



www.burmeseclassic.com

www.burmeseclassic.com




# ဗုဒ္ဓဖြစ်စဉ် ဇာတ်သက်အမြင်

နှင့်

# ကျင့်စဉ်ယတြာများ(၂၄)

## ၂။ အာဠဝကဘီလူးကို အောင်ခြင်း ပုဒ္ဓဖြစ်စဉ်

ဘုန်းပြည့်တေဇာဟိန်း

အာဠဝကဘီလူးသည် အာဠဝီပြည်အနီး ညောင်ပင်ကြီးတစ်ပင်၌ နေ၏။ ဒေါသ၊ မာနကြီး၍ အလွန်ကြမ်းကြုတ်၏။ သူသည် နေမွန်းတည့်ချိန် ညောင်ပင်ရိပ်ကျရာ အရပ်အကွင်းသို့ ခိုဝင်လာသူတို့အား သတ်ဖြတ်စားသောက်ခွင့်ကို ဝေသဝဏ် နတ်မင်းထံမှ ရရှိထား၏။

အာဠဝီမင်းကြီးသည် သမင်လိုက်ရာမှ အဖော်ကွဲပြီး ထိုညောင်ပင်ရိပ်၌ နားခိုမိရာ ဘီလူးကြီး စားမည်ပြု၏။ "ကျွန်ုပ်ကိုလွှတ်ပေးလျှင် လူတစ်ယောက်နှင့် ထမင်းတစ်အိုး နေ့စဉ်ပို့ပါမည်"ဟု ကတိစကားဆိုသဖြင့် လွှတ်လိုက်၏။

နန်းတော်ရောက်လျှင် မင်းကြီးသည် မြို့ဝန်မင်းနှင့် တိုင်ပင်၍ ထောင်တွင်းရှိ သေဒဏ်ချထားခံရသူတို့ကို ဘီလူးကြီးထံ နေ့စဉ်ပို့၏။ ထောင်သားများကုန်သောအခါ လမ်းမှ ရွှေငွေချထားစေ၍ ကောက်ယူသူတို့ကို ဖမ်းစေကာ ဘီလူးထံပို့၏။ နောက်ပိုင်းတွင် လမ်းမှာချထားသော ရွှေ ငွေကို ကောက်ဝံ့သူမရှိ၍ ပုခက်တွင်းအရွယ် ကလေးများကို ပို့၏။

ကိုယ်ဝန်ဆောင်မိခင်များသည် အခြားတိုင်းပြည်သို့ ရှောင်တိမ်းမွေးဖွားပြီး ကလေးကြီးမှ ပြန်လာကြလေ၏။ တစ်ဆယ့်နှစ်နှစ် ကြာသောအခါ နောက်ဆုံး ဘီလူးစာပို့ရန် တစ်မြို့လုံးရှာမရ၍ မင်းကြီးသည် သားအရင်းဖြစ်သော အာဠဝကမင်းသားလေးကို အတင်းလုယူကာ နောက်တစ်ရက်စာအတွက် ဘီလူးကြီးထံပို့ရန် အမိန့်ချ၏။

ထိုနေ့ညနေချမ်း၌ မြတ်စွာဘုရားသည် ဘီလူးကြီးကို ဆုံးမကယ်ချွတ်ရန် တစ်ပါးတည်း ကြွတော်မူ၏။ ဘီလူးကြီး၏ ဗိမာန်ရှိ ပလ္လင်ထက်၌ နေတော်မူ၏။ ထိုအချိန်၌ ဟိမဝန္တာတော၌ နတ်ဘီလူးတို့ အစည်းအဝေးလုပ်နေ၏။ ဘီလူးကြီးလည်း ထိုအစည်းအဝေးမှာ ရှိနေ၏။ တံခါးစောင့် ဂဒြဘဘီလူးက ဘီလူးကြီးထံ သွားရောက်သတင်းပို့သည်။ ဟေမဝတနှင့် သာတာဂိရိနတ်ဘီလူးတို့ကလည်း အစည်းအဝေးသို့လာစဉ် အာဠဝကဘီလူးဗိမာန်၌ အခြေအရံဘီလူးမများကို တရားဟော နေသော မြတ်စွာဘုရားကို ဖူးတွေ့ခဲ့ရသည်။ အစည်းအဝေးမှာ

www.burmeseclassic.com

အာဠဝကဘီလူးအား ''သင့်ဗိမာန်၌ မြတ်စွာဘုရားရောက်နေသည်။ သွားရောက်ဖူးမြော်ချေ''ဟု ပြောဆိုကြ၏။

ဘီလူးကြီးသည် ဒေါသထွက်ကာ သူ၏ဗိမာန်သို့ ပြန်၏။ မြတ်စွာဘုရားထံ၌ သူ၏ ယက္ခမယ်များ ဝန်းရံနေသည်ကို တွေ့ရသောအခါ ပို၍ဒေါသထွက်၏။ ဘီလူးကြီးသည် လေမုန်တိုင်း မိုးကြိုး ကျောက်တုံးမိုး ဓားလှံလက်နက်မိုး မီးကျီးခဲမိုး ပြာပူမိုး သဲမိုး ရွံ့ညွန်မိုးများ တစ်ခုပြီးတစ်ခု ပြုလုပ်ကာ မြတ်စွာဘုရားရှင်ကို တိုက်ခိုက်၏။ မရချေ။ အမှောင်ထုကြီး ချပြန်သော်လည်း မတုန်လှုပ်။ မြတ်စွာဘုရားနှင့် ဘီလူးကြီးတို့၏ တိုက်ပွဲကို ကြည့်ရှုသော နတ်များလည်း ကောင်းကင်မလပ် ပြည့်နှက်နေ၏။

သန်းခေါင်ကျော်အထိ နည်းအမျိုးမျိုးဖြင့် တိုက်ခိုက်သော်လည်း မအောင်မြင်သဖြင့် နောက်ဆုံး ဘွဲ့ဖြူလက်နက်ဖြင့် ပစ်လွှတ်လေ၏။ ဘွဲ့ဖြူလက်နက်၏ အစွမ်းကား ကောင်းကင်သို့ ပစ်လွှတ်လျှင် တစ်ဆယ့်နှစ်နှစ် မိုးခေါင်စေနိုင်သည်။ မြေပြင်သို့ ပစ်လွှတ်လျှင် တစ်ဆယ့်နှစ်နှစ် မိုးခေါင်စေ၏နိုင်သည်။ မြေပြင်သို့ ပြစ်လွှတ်လျှင် သစ်ပင်များ ခြောက်သွေ့ပြီး တစ်ဆယ့်နှစ်နှစ်အတွင်း တစ်ဖန်ပြန်လည်မပေါက်နိုင်။ သမုဒ္ဒရာတွင်းသို့ ပစ်ခတ်ပါက သမုဒ္ဒရာရေများအားလုံး ခန်းခြောက်စေသည်။ မြင်းမိုရ်တောင်ကဲ့သို့သော တောင်မျိုးကို ပစ်ခတ်လျှင် အပိုင်းပိုင်းပြတ်ကြွေကျသွားစေနိုင်သော အစွမ်းရှိ၏။

ဘီလူးသည် ထိုမျှအစွမ်းထက်သော ဘွဲ့ဖြူလက်နက်ဖြင့် ပစ်ခတ်ပါသော်လည်း မြတ်စွာဘုရားအနီးသို့ရောက်လျှင် စွမ်းရည်ကင်းမဲ့သွားလေ၏။ ဘီလူးသည် နောက်ဆုံး လက်မှိုင်ချကာ မြတ်စွာဘုရား၏ မေတ္တာစိတ်ထားကြောင့် တိုက်ခိုက်၍ မရခြင်းဖြစ်လိမ့်မည်ဟု စဉ်းစားမိကာ မေတ္တာပျက်အောင် ပြုလုပ်ရန် ကြံစားလေ၏။

''အို ... ရဟန်းဂေါတမ၊ အဘယ်ကြောင့် ကျွန်ုပ်ခွင့်ပြုချက်မရဘဲ ဗိမာန်အတွင်းသို့ ကျူးကျော်ဝင်ရောက်သနည်း။ ဗိမာန်တွင်းမှ ယခုထွက်လော့''ဟု ဆို၏။

မြတ်စွာဘုရားသည် ဗိမာန်မှထွက်တော်မူ၏။

''ပြောရဆိုရလွယ်သော ရဟန်းဂေါတမကို စစ်ဆိုးမိလေပြီ''ဟု ဘီလူး၏စိတ်ဓာတ် နူးညံ့လာ၏။ အာဠဝကဘီလူးက သုံးကြိမ်တိုင်တိုင် ဗိမာန်တွင်းသို့ ဝင်ခိုင်းထွက်ခိုင်းပြီးနောက် ဆိုသို့ပင်ပန်းအောင် တစ်ညလုံး လှုပ်ခိုင်းပြီး ခြေထောက်နှစ်ချောင်းကိုင်ကာ ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ပစ်ရန်ကြံ၏။ ထိုအကြံကို ဘုရားရှင်သိတော်မူ၍ စတုတ္ထအကြိမ် ဗိမာန်မှ ထွက်ခိုင်းသောအခါ ဗိမာန်မှ မထွက်တော့ပေ။

ထိုအခါ ဘီလူးသည် ရဟန်းဂေါတမကို ပြဿနာမေး၍ မဖြေနိုင်မှ ခြေထောက်ကိုဆွဲကိုင်ကာ ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ပစ်မည်ဟု ကြံစည်ပြန်၏။ ဘီလူးကြီး၏ မိဘများသည် ကဿပဘုရားရှင်ထံမှ တရားဓမ္မ အမေးအဖြေကို သင်ယူခဲ့၏။ အာဠဝကအားလည်း ပြန်လည်သင်ကြားပေးခဲ့၏။ အမေးကိုသာ မှတ်မိတော့သည်။ အဖြေကိုမူ မမှတ်မိတော့ပေ။ သူ၏ ဗိမာန်သို့ ချဉ်းကပ်လာသော ရသေ့ရဟန်းတို့ကို ထိုပုစ္ဆာအားမေး၍ မဖြေနိုင်လျှင် ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ခြေထောက်မှဆွဲကာ ပစ်ဖူးလေ၏။ ဤနည်းအတိုင်းပင် မြတ်စွာဘုရားရှင်အား ပုစ္ဆာမေးရန် တောင်းဆိုလိုက်၏။ မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မူ၏။

## အမေးပုစ္ဆာ (အာဠဝကမေးသည်။)

အို ... ရဟန်းဂေါတမ၊

- လောက၌ မြတ်သောဥစ္စာကား အဘယ်နည်း။
- အဘယ်အရာကို ကောင်းစွာကျင့်လျှင် ချမ်းသာစေနိုင်သနည်း။
- အဘယ်အရသာသည် အကောင်းဆုံးဖြစ်သနည်း။
- အဘယ်အသက်မွေးခြင်းကို အမြတ်ဆုံးဟု ဆိုရသနည်း။

## အဖြေ (ဘုရားရှင် ဖြေတော်မူသည်။)

အာဠဝက ...

- လောက၌ မြတ်သောဥစ္စာကား ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားတည်း။
- ချမ်းသာစေနိုင်သော တရားကား ကုသိုလ်ကမ္မပထ တရားဆယ်ပါးတည်း။
- မုသားမပါ မှန်ရာကိုပြောဆိုခြင်းသည် အကောင်းဆုံး အရသာတည်း။
- ပစ္စုပ္ပန်သံသရာကို မြော်မြင်သော ပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံးတည်း။

ဆက်လက်ပြီး အာဠဝကမေးသမျှ ဘုရားရှင်မှ ဆက်လက်ဖြေ၏။ တရားနာရင်း ဒေါသအမျက်ပြေကာ သောတာပတ္တိမဂ်ဉာဏ်အလင်းကို ရရှိသွားလေ၏။

နံနက်မိုးသောက်၌ တရားပွဲပြီး၏။ မင်းချင်းက အာဠဝီမင်းကြီး၏သားငယ်ကို ဘီလူးစာပို့ရန် ရောက်လာ၏။ ဘီလူးက သူငယ်ကို ဘုရားရှင်အား လှူလိုက်၏။ ထိုသူငယ်ကြီးပြင်း



www.burmeseclassic.com

www.burmeseclassic.com

သော် သင်္ဂဟတရားလေးပါးဖြင့် သာသနာတော် ထွန်းကားပြန့်ပွားအောင် ဟောပြောသော ဟတ္ထာဠဝက သူကြွယ်ဖြစ်လာခဲ့၏။

ဤနည်းအားဖြင့် မြတ်စွာဘုရားရှင်သည် အာဠဝက ဘီလူးကို အောင်တော်မူလေ၏။

## ဓာတ်သက်အမြင်နှင့် အကျိုး

အာဠာဝကဘီလူးသည် ဒေါသခက်ထန် ကြမ်းကြုတ်သူဖြစ်၏။ အမျိုးမျိုးသောနည်းဖြင့် ဘုရားရှင်ကို တိုက်ခိုက်၏။ နောက်ဆုံး အကျွတ်တရားရရှိသွားလေ၏။ အာဠဝီမင်း၏ သားငယ်နှင့်တကွ အာဠဝီတစ်ပြည်လုံး ထိတ်လန့်ကြောက်ရွံ့ပြီး အစားခံရမည့်ဘေးမှ ကင်းလွတ်ရလေ၏။

ဤဗုဒ္ဓဖြစ်စဉ်အရ ဓာတ်သက်အမြင်နှင့် အကျိုးများမှာ

၁။ မိမိအား အမျက်ဒေါသရှိသူတို့ကို အမျက်ပြေစေ၏။

၂။ မိမိအား ရန်ပြုသူတို့ကို အောင်နိုင်၏။

၃။ အသက်ဘေးမှ ကင်းဝေးရ၏။

၄။ တရားကျင့်သုံးလျှင် တရားအသိ ရရှိစေ၏။

၅။ သာသနာ၏အကျိုးကို ဟတ္ထာဠဝကသူကြွယ်ကဲ့သို့ သယ်ပိုးဆောင်ရွက်နိုင်၏။

## အာဠဝကဘီလူးကို အောင်ခြင်းဂါထာ

မာရာတိရေကမဘိယုဇ္ဈိတ သဗ္ဗရတ္တိံ
ယောရံ ပနာဠဝကမက္ခမ ထဒ္ဓ ယက္ခံ။
ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော–အကြင် သေက္ခ အသေက္ခ အာဂါရိက အနဂါရိက ပစ္စေကမုနိအားဖြင့် ငါးပါးသော မုနိတို့၏ အထွတ်ရတနာ သမ္မာသမ္ဗုဒ္ဓ မဟာမုနိဖြစ်တော်မူသော သုံးလူ့သခင်နှင်းရဟန်းမင်းသည်။ မာရာတိရေကံ-ခေါင်းမာန်ကြီးကြွား မာရ်နတ်သားထက် အမျက်ပြင်းထန် ငြူးထားမာန်နှင့် အလွန်အားထက်ခြင်းရှိထသော၊ သဗ္ဗရတ္တိံ–ညဉ့်ဦးသန်းခေါင် သောက်ရောင်လင်းလျှံ ညဉ့်သုံးယံပတ်လုံး။ အဘိယုဇ္ဈိတံ–အလွန်အကဲ အနဲနဲဖြင့် သဲပူ ညွန်ပူ ပြာပူ ကျောက်ခဲ လေကြီးမှောင်မျိုး လက်နက်မိုးတို့ဖြင့် ထစ်ကြိုးသည်းစွာ ရွာလတ်စေလျက် ကြောက်မက်ဖွယ်သော စစ်ထိုးခြင်းရှိထသော၊ ယောရံ–ဟောဝန်သမုဒ္ဒရာ အဖြာဖြာ၌ များစွာနေကြ ယက္ခရက္ခသာ နတ်တကာတို့၏ ပြင်းစွာကြောက်လန့်ခြင်းကိုလည်း ပြုတတ်ထသော၊ အက္ခမံ–လူနတ်နဂါး သူတစ်ပါးတို့သည် သည်းခံခြင်းငှာ ခဲယဉ်းစွာထသော၊ ထဒ္ဓံ–ကြမ်းကြောခက်ထန် စောင်းမာန်လွန်ကျူးခြင်းရှိထသော၊ အာဠာကံ–အာဠဝကရွာစား နတ်မင်းသားဖြစ်၍ အာဠဝက အမည်ရသော၊ ယက္ခံ ပန–လေးထောင့်သုံးရာ သုံးဆယ်သာအောင် များစွာလူသား လူရိုးစားသည့် သနားကင်းကြူး နတ်ဘီလူးကိုလည်း။ ခန္တီသုဒန္တဝိဓိနာ–နှစ်သိမ့်းလေးလီ ဤမြေထပ်ရှိ သည်းခံချိလျက် ဆိုဘီရာရာ လိုက်နာ၍ ကောင်းစွာယဉ်ကျေးသော အစီအရင်ဖြင့်။ ဇိတဝါ–မျက်ငြိုးမဖန်၊ ဓားလုံမပြင် လေးမငင်ဘဲ အောင်မြင်တော်မူလေပြီ။

တံတေဇသာ–ထိုအာဠဝက နတ်ယက္ခကို ချမ်းမြလွယ်ကူ အောင်တော်မူသော အောင်သူများထီး စောဘုန်းမိး၏ ကြီးမြတ်တေဇော် အာနုဘော်ကြောင့်။ မေ–အကျွန်ုပ်အား။ အဂ္ဂံ–မြတ်သော၊ ဇယမင်္ဂလံ–ရောဂါဘေးဒဏ် ရန်မာရ်ခပင်း ရှိခဲ့လျှင်းကို နှိမ်နင်းအောင်တင် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

## ကျင့်စဉ်ယတြာ

မိမိတို့ကို ခိုးသားဓားပြ မြွေဘေး ဘီလူး သဘက်ဘေးစသည်တို့ဖြင့် အသက်ဘေးအန္တရာယ်မှ ကင်းဝေးစေရန်။

မိမိ၏ စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်း၊ ဘာသာသာသနာရေးလုပ်ငန်း၊ တရားအားထုတ်ကျင့်ကြံခြင်းလုပ်ငန်းတို့၌ အနှောင့်အယှက်အန္တရာယ်များ ကင်းဝေးစေရန်။

အသိဉာဏ်ပညာ တိုးတက်ကြွယ်ဝလာစေရန်။

ရန်သူကို မှန်ကန်သောနည်းလမ်းဖြင့် အမျက်ပြေစေရန်။

တရားအထူး ရရှိစေရန်။

သာသနာရေး စည်းရုံးရေးလုပ်ငန်းများကို အောင်မြင်စေရန် အာဠဝကဘီလူး အောင်ခြင်းဂါထာတော်မြတ်ကို နေ့ညပူဇော်ရွတ်ပွားသင့်ပါသည်။

အထူးသဖြင့် သီလဆောက်တည်၍ သပ္ပာယ်ဒိဗ္ဗာန်ပြု၍၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းခဲဖွယ်ပူဇော်၍ ရွတ်ပွားပူဇော်လျှင် ထက်မြက်သော အကျိုးအာနိသင်ကို ခံစားရရှိစေပါသည်။

ရှင်လန်းချမ်းမြေ့ကြပါစေ ...

**ဘုန်းပြည့်တေဇာဟိန်း**



www.burmeseclassic.com

www.burmeseclassic.com



# အရှင်မဟာဗုဒ္ဓဃောသ
# အတ္ထုပ္ပတ္တိ

မ ၁ မ က [ သုတေသီ ]

ယခုနေ့ထုတ်နေသော မဂ္ဂဇင်းတစ်စောင်တွင် အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ၏ အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ ယနေ့တိုင် စမ်းတဝါးဝါး ရှိနေကြကြောင်း၊ (၁) အဋ္ဌကထာဆရာကြီးကိုယ်တိုင် ပြုစုခဲ့သော အဋ္ဌကထာများမှ နိဂုံးစကားများနှင့် နိဒါန်းစကားများ (၂) မဟာဝံသ သမ္ဗန်သမ ခံရွှေ၊ (၃) ဂါထာများဖြင့် ဘည့်ရှိသော ဗုဒ္ဓဃောသုပ္ပတ္တိ (မဟာဝံသနှင့်အဆိုတူ)၊ (၄) သာသနာဝင်၊ (၅) ဗုဒ္ဓဃောသုပ္ပတ္တိ(မှတ္တိယ)နှင့်ပျို့၊ (၆) ဦးကုလားမဟာရာဇဝင်ကြီး၊ (၇) ကွမ်းသောင်းမင်းကြီး၏ မဟာရာဇဝင်သစ် (၈) မှန်နန်းမဟာရာဇဝင်နှင့် သာသနာလင်္ကာရ ...ဤကျမ်းဂန်များမှာ အရှင်မဟာဗုဒ္ဓဃောသ၏ အတ္ထုပ္ပတ္တိများကို ပြဆိုထားသည့် ကျမ်းဂန်များ အနက် အထင်ရှားဆုံးကျမ်းဂန်များဖြစ်ကြောင်း၊ ယင်းတွင် အမှတ်(၁) နှင့် (၂)တို့သည်သာလျှင် အရင်းအမြစ် အကျဆုံး ကျမ်းများ ဖြစ်ကြောင်း။

အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ၏ မွေးရပ်ဇာတိကား မဇ္ဈိမဒေသဗုဒ္ဓဂယာ မဟာဗောဓိပင်၏အနီး ဃောသအမည်ရှိသော ရွာဖြစ်သည်ဟု မဟာဝင်အဋ္ဌကထာနှင့် ဗုဒ္ဓဃောသုပ္ပတ္တိတို့၌ ပြဆိုခဲ့ကြောင်း၊ အင်္ဂလိပ်ဘာသာရေး အရှင်မဟာဗုဒ္ဓဃောသအတ္ထုပ္ပတ္တိများ၌သည်း ဤမဟာဝင်နှင့် ဗုဒ္ဓဃောသုပ္ပတ္တိအဆိုများကိုသာ ယူငင်ရေးသားကြောင်း၊ Our Heritage စာအုပ်၊ စာမျက်နှာ(၇၇)၌ ကျွန်ုပ်တို့ကိုယ်တိုင် ဗုဒ္ဓဂယာသို့ ဘုရားဖူးရောက်ပြီအခါကလည်း ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်ရှိရာ ကုန်းတော်ပေါ်မှနေကြည့်လျှင် အနောက်ဘက်၌ မာစ်တိုင်ခန့်ခေါ် ရွာကြီးကို အရှင်ဗုဒ္ဓဃောသ မွေးဖွားရာ ရွာကြီးဖြစ်သည်ဟု ထိုနယ်ရှိ ပုဂ္ဂိုလ်များ ညွှန်ပြသည်ကို သွမ်းမြှော်တွေ့မြင်ခဲ့ရကြောင်း။

သာသနာရာဇဝင်ပေါ်ကပ်ဖယ်၊ ဗုဒ္ဓဃောသုပ္ပတ္တိ(ရာဇ္ဇိယ) ဦးကုလားနှင့် မှန်နန်းရာဇဝင် စသည်တို့၌ မြန်မာနိုင်ငံ သထုံ



www.burmeseclassic.com

www.burmeseclassic.com

သားဖောတိကဲ့သို့ ရေးသားကြသည်များကို တွေ့ရကြောင်း။ အရှင်ပညာနန္ဒ အစရှိသော သီဟိုဠ်ဆရာတော်အချို့ကမူ အိန္ဒိယမြောက်ပိုင်းသား မဟုတ်နိုင်၊ တောင်ပိုင်းသားဖြစ်ရမည်ဟု ယူဆကြကြောင်း။ ဤအယူအဆအမျိုးမျိုးတွင် ယောသရွာသား ဖြစ်သည်ဟူသော အယူအဆသာလျှင် အခိုင်လုံဆုံးဖြစ်ရပေမည်ဖြစ်ကြောင်း၊ သထုံရာဇဝင်၊ ဗုဒ္ဓဃောသုပ္ပတ္တိ(စုလ္လဂန္ဓိယ) ဦးကုလားရာဇဝင် စသည်တို့သည် ယောသရွာသား ဖြစ်သည်ဟူသော မဟာဝင်၏ အဆိုကို တွန်းလှန်နိုင်မည် မဟုတ်ကြောင်း။

လူမျိုးအားဖြင့်လည်း ကေသီပုဏ္ဏားကြီးနှင့် ကေသိနီပုဏ္ဏေးမကြီးတို့၏ သားဖြစ်သည်ဟု မဟာဝင်နှင့် ဗုဒ္ဓဃောသုပ္ပတ္တိဂါထာ စသည်တို့၌ ဆိုကြောင်း။ ဦးခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်းကြီး ဦးရန်ကလည်း ထိုအဆိုအတိုင်းပင် ပိဋကတ်သမိုင်းစာတမ်း စာမျက်နှာ (၁၉)၌ အတည်ပြုရေးသားထားကြောင်း။ သထုံရာဇဝင်ဟောင်းများနှင့် အခြားမွန်ရာဇဝင်၊ မြန်မာရာဇဝင်များ၌ကား အဋ္ဌကထာဆရာကြီးကို မွန်ကိုင်းရင်းသားဟူ၍လည်းကောင်း၊ ပုဏ္ဏားလူမျိုးဟူ၍လည်းကောင်း၊ မြန်မာလူမျိုးဟူ၍လည်းကောင်း အမျိုးမျိုးရေးသားကြသည်ကို တွေ့ရကြောင်း၊ သီဟိုဠ်သားပညာရှိအချို့ကမူ ဒမိဠခေါ် တမေလ်လူမျိုးပေါင်းများစွာတွင် တစ်မျိုးအပါအဝင်ဖြစ်သော တေလဂူလူမျိုးအတွင်းမှ အန္ဓကပုဏ္ဏားမျိုးဖြစ်သည်ဟု ဆိုကြကြောင်း။ အထက်ပါ အယူအဆအရပ်ရပ်တို့တွင် မဟာဝင်နှင့် ဗုဒ္ဓဃောသုပ္ပတ္တိ(ဂါထာ)ကျမ်းတို့၏ အဆိုများကိုသာ အရင်းခံ၍ ပုဏ္ဏားလူမျိုးဖြစ်သည်ဟု ယူဆဖွယ်ရှိကြောင်း ရေးသားထားသည်ကို တွေ့ရှိရသည်။

မဟာဝင်ဝတ္ထုကား သတ္တိံသတိမကဏ္ဍတွင် အဆုံးသတ်ထားသည်။ သို့သော်၊ သတ္တိံသတိမကဏ္ဍ၏ နောက်ဂါထာ (၅၀)ကိုလည်း စကားပြေအဖြစ် ဆက်၍ဖော်ပြထားသည်။ ၎င်းနောက် ကျမ်းပြီးနိဂုံးကို ဖော်ပြပြီး နောက်ဆက်တွဲကို ဆက်လက်ဖော်ပြထားသည်။ နောက်ဆက်တွဲမှာ မဟာဝင်ဝတ္ထု (သီဟိုဠ်ရာဇဝင်)စာကိုယ်တွင် (၁/၂) စသည် ဖော်ပြထားသော အချက်အလက်များကို ရှင်းလင်းဖော်ပြထားမှု ဖြစ်သည်၊ မဟာဝင်ဝတ္ထု စာကိုယ် စာမျက်နှာ ၃၃၉ ၌ ပေထက်အက္ခရာတင် ဖော်ပြထားမှုနှင့် ပတ်သက်၍ နောက်ဆက်တွဲအဖြစ် ရှင်းလင်းဖော်ပြရာ၌ ဒီပဝံသအဋ္ဌကထာ ဒီပဝံသဋီကာပါဠိတို့၌ မည်သည့်ဘာသာ၊ မည်သည့်စာလုံးအက္ခရာတို့ဖြင့် ပေထက်အက္ခရာတင်ထားသည်ဟု မဆိုကြောင်း။ သို့သော် အရှင်မဟာဗုဒ္ဓဃောသမဟာထေရ်စီရင်တော်မူသော အဋ္ဌကထာ၊ ဂန္ထရမ္ဘဂါထာတို့၌ 'တန္တိနယာနုစ္ဆဝိတံ'ဟူ၍လည်းကောင်း၊ 'တန္တိဘာသံ မနောရမံ'ဟူ၍လည်းကောင်း၊ 'တသ္မာဣမံ ပါဠိနယာနုရူပံ'ဟူ၍လည်းကောင်း၊ 'ဘာသတန္တိနယာနုဝံ'ဟူ၍လည်းကောင်း ဆိုတော်မူသောကြောင့် ပါဠိဘာသာဖြင့် တင်သည်ဟု ဆိုသော်သင့်ကြောင်း၊ အက္ခရာစာလုံးကိုမူ ရတနာပုံမန္တလေးမြို့တော်၌ ပဥ္စမသင်္ဂါယနာတင်သောအခါ အဘယ်စာလုံးမျိုးတို့ဖြင့် ကျောက်ထက်တင်ထားသည်ဟု ရာဇဝင်တို့၌ မဆိုသော်လည်း မြန်မာပြည်၌ မြန်မာစာလုံးဟု ယုံမှားဖွယ် မရှိဘိသကဲ့သို့ သီဟိုဠ်ကျွန်း၌ သီဟိုဠ်စာလုံးဟု သန္နိဋ္ဌာန်ကျသိသင့်ကြောင်း ဖော်ပြထားသည်။

ဤမဟာဝင်ဝတ္ထု(သီဟိုဠ်ရာဇဝင်)ကို ကျီးသဲလေးထပ်ဆရာတော်က မြန်မာပြန်ရေးသားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ပေထက်အက္ခရာတင်မှုနှင့် ပတ်သက်၍ နောက်ဆက်တွဲ၌ ရှင်းပြပြီးနောက် ဆရာတော်က အရှင်မဟာဗုဒ္ဓဃောသနှင့် အဋ္ဌကထာ ခေါင်းစဉ်တပ်၍ ဆက်၍ရေးသားခဲ့ပါသည်။ မဟာနာမမင်း၏ လက်ထက်၌ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မဟာဗောဓိပင်အနီးတောရွာနေ ကေသီပုဏ္ဏား၊ ကေသနီပုဏ္ဏေးမတို့၏သား အရှင်မဟာဗုဒ္ဓဃောသထေရ် သီဟိုဠ်ကျွန်း အနုရာဓမြို့တော် မဟာမေဃဝန်ဥယျာဉ်၌တည်သော မဟာဝိဟာရအမည်ရှိသော ကျောင်းတိုက်သို့ရောက်၍ သင်္ဃပါလမဟာထေရ်၊ ဗုဒ္ဓမိတ္တမဟာထေရ်တို့၏ အထံ၌ သီဟိုဠ်ဘာသာ၊ မဟာအဋ္ဌကထာ၊ မဟာပစ္စရိအဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာ (၃)စောင်ကို ထေရဝါဒ ဝိနိစ္ဆယနှင့်တကွ ကောင်းစွာသင်ကြားနာယူပြီးလျှင် ဆရာဖြစ်သော သင်္ဃပါလမထေရ်၏ တောင်းပန်တိုက်တွန်းခြင်းကို အရင်းပြု၍ (၅၈)သာထာဝါရ စာမျက်နှာနံပါတ်(၉၅၇)ရှိ ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိကို စီရင်တော်မူသည်။ သုမင်္ဂလပရိဝုဏ်၌ နေသော ဒါဌာနာဂသံဃာ့ထေရ်တောင်းပန်၍ (၈၀) ဘာဏဝါရ စာမျက်နှာ(၈၇၄)ရှိ သုမင်္ဂလဝိလာသိနီ အမည်ရှိသော ဒီဃနိကာယ်အဋ္ဌကထာပါဠိကို စီရင်တော်မူသည်။ ဝသည်ဖြင့် မထေရ်မြတ်စီရင်သော အဋ္ဌကထာကျမ်းများကို တောင်းပန်သူနှင့်တကွ ဖော်ပြထားသည်။

တစ်ဖန် စူဠဗုဒ္ဓဃောသထေရ်တောင်းပန်၍ အဘိဓမ္မာ (၇)ကျမ်း အဖွင့်အဋ္ဌကထာပါဠိတို့ကို စီရင်တော်မူ၏။ ၎င်းတို့တွင် ဓမ္မသင်္ဂဏီအဖွင့် အဋ္ဌကထာ၌ (၃၉)ဘာဏဝါရ စာမျက်နှာ(၄၀၆)ရှိ အဋ္ဌသာလိနီ၊ ဝိဘင်းကျမ်းအဖွင့်အဋ္ဌကထာ၌ (၄၁) ဝါရစာမျက်နှာ(၄၅၄)ရှိ သမ္မောဟဝိနောဒနီ၊ ၎င်းအထက် (၅)ကျမ်း အဋ္ဌကထာကို အမည်မမှည့်ခဲ့ဘဲ ပဥ္စပကြိုဏ် အဋ္ဌကထာပါဠိဟု ခေါ်ကြ၏။ ဓာတုကထာ အဋ္ဌကထာ၌ (၂)



www.burmeseclassic.com

www.burmeseclassic.com

ဘာဏဝါရ ပုဂ္ဂလ ပညတ်အဋ္ဌကထာ၌ (၇) ဘာဏဝါရ၊ ပဋ္ဌာန်းအဋ္ဌကထာ၌ (၁၄)ဘာဏဝါရ ရှိကြကုန်၏။ ၎င်းအဋ္ဌကထာတို့ကို စီရင်တော်မူပြီး၍ ဗုဒ္ဓဃောသ မဟာထေရ်ကို ဖူးမြော်ခြင်းငှာ မေမျှော်ဝိသို့ ကြွတော်မူ၍ အသက်၏အဆုံး၌ တုသိတာနတ်ပြည်၌ နတ်သားဖြစ်၍ မေတ္တေယျဘုရားလက်ထက်တော်အခါ၌ ဗုဒ္ဓဃောသအမည်ရှိသော သာဝကမြတ်ဖြစ်၍ ခုနစ်ကြိမ် မေတ္တေယျမြတ်စွာဘုရားက တေဒဂ်ထားတော်မူလတ္တံ့။ ဤမျှသာ မဟာဝင် သတ္တိသတိမပရိစ္ဆေဒ၌ ၃၂ ဂါထာ ဗုဒ္ဓဃောသုပ္ပတ္တိပါဠိတော်၌ အင်္ဂလိပ်လာချေသည်ဟူ၍ ဆက်၍ ဖော်ပြထားသည်။

တစ်ဖန် ပထမအုပ်၌ စာမျက်နှာ နံပါတ်(၆၁၇)၊ ဒုတိယအုပ်၌ စာမျက်နှာနံပါတ် (၆၄၄)၊ နှစ်ရပ်ပေါင်း စာမျက်နှာ (၁၂၆၁)၊ မာဘိကာဦးရေ (၂၉၅)ရှိ သက္ကရာဇ် ၁၁၃၄ ခုနှစ်က ဒိပဲရင်းမြို့ အနောက်တောင်အရပ်၌ ဓေယာပနအမည်ရှိသော မြို့သူကြီး၏ သုံးထပ်ကျောင်း၌ သီက္ခာတော် (၃၈)ဝါရ သီရိသဒ္ဓမ္မာဘိလင်္ကာရ ဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော ဘာဏဝါရဂတညဒါနဒီပနီကျမ်းစာအုပ် စာမျက်နှာ နံပါတ်(၆၂၃)၊ ဒုတိယတွဲ ၁ မှစ၍ ဂါထာ ၁၂ ၌ ဗုဒ္ဓဒါသမင်းလွန်လျှင် ထိုမင်း၏သား ဥပတိဿ(၄၂)နှစ် မင်းပြု၏။ ဥပတိဿလွန်လျှင် ဥပတိဿညီ မဟာနာမမင်းပြု၏။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည့်နှစ်မှသည် အနှစ်(၉၄၃)နှစ် မင်းဆက်(၆၆)ဆက်မြောက် မဟာနာမမင်းလက်ထက်ရောက်သောအခါ ဇမ္ဗူဒိပ်၌ မဇ္ဈိမဒေသ၏ အရှေ့တောင် ရာမညတိုင်း မွန်လူမျိုးတို့၏ နေရာသုဝဏ္ဏဘူမိဖြစ်သော သထုံပြည်၌ မြတ်စွာဘုရားသာသနာ (၃၁)နှစ်အခါက သာသနာပြုလာသော အရှင်သောဏ အရှင်ဥတ္တရထေရ်တို့၏ အနွယ်အဆက်ဖြစ်သော အရှင်ဗုဒ္ဓဃောသမထေရ်သည် သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်မှ သီဟိုဠ်ကျွန်းသို့ သင်္ဘောဖြင့် ကူး၍ သီဟိုဠ်ဘာသာအက္ခရာဖြင့် ပေ၌ရေးတင်၍ရှိသော ပိဋကတ်သုံးပုံကို မြန်မာအက္ခရာဖြင့် မာဂဓဘာသာရေးကူး၍ ရာမညတိုင်း သုဝဏ္ဏဘူမိသို့ ဆောင်ခဲ့သတည်းဟူ၍ ဆိုလေ၏ဟု ဆက်၍ရေးသား ဖော်ပြထားသည်။ သာသနာတော် ၂၄၄၂ ခုနှစ်၊ ခရစ် ၁၈၉၈ ခု၊ ကောဠမ္ဗိုမြို့ နိဒါလင်္ကာရ စာပုံနှိပ်တိုက် ပုံနှိပ်ရိုက်အပ်သော အဘိဓမ္မသတ္တ သင်္ဂဟပကာသနီနှင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာတို့၏ ဝိသုဒ္ဓိ ...ခေါ်သော ပါဠိဘာသာ သီဟိုဠ်စာနိဒါန်း၌ အရှင်မဟာ ဗုဒ္ဓဃောသထေရ်သည် ဒက္ခိဏဇမ္ဗူဒီပိကာမိဋ္ဌ လူမျိုးတို့၏ ...သော တေလင်္ဂုဟူ၍ ခေါ်ဝေါ်ခြင်းသို့ရောက်သော အန္ဓက ...ဏာ ဇာတိဋ္ဌဖြစ်ကြောင်း ဗုဒ္ဓဃောသုပ္ပတ္တိကထာ ပကာရဏ စသည်တို့၌ လာသောအတိုင်း ဥတ္တရဇမ္ဗုဒီပိက မဟုတ်ကြောင်းကို ဝါလုကာတိတ္ထဂါမိက ပညာနန္ဒထေရ် သီဟိုဠ်ဆရာတော်ဆိုသည်ဟု ဆက်၍ ရေးသားဖော်ပြထားသည်။

ဗိနဋ္ဌပကာသနီကျမ်းပြု ကျီးသဲလေးထပ်ဆရာတော်က မဟာဝင်ဝတ္ထု၌ နောက်ဆက်တွဲအဖြစ် ဖော်ပြထားသော အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်၏ အကြောင်းအရာအတ္ထုပ္ပတ္တိကို ပင် ယူငင်ပြီး ဆရာဟာယက သင်္ဂါယနာတင်ချိန်က ပြန်လည်ရေးသားဖော်ပြခဲ့ပြီး ယခုတစ်ဖန် သူ့ရှေ့မဂ္ဂဇင်းတွင် ပြန်လည်ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။ ကျီးသဲလေးထပ်ဆရာတော်ရေးသားဖော်ပြထားသော ဘာဏဝါရဂတညဒါနဒီပနီ ဖော်ပြချက်ကို ပယ်ထားသဖြင့် ရှင်မဟာဗုဒ္ဓဃောသမထေရ် သီဟိုဠ်ကြွသည့် အချိန်ကာလကို ဖော်ပြမှုမရှိဖြစ်နေသည်။ ကျီးသဲလေးထပ်ဆရာတော်က ရှင်မဟာဗုဒ္ဓဃောသအကြောင်းကို မဖော်ပြမီ မဟာနာမမင်းအကြောင်းကို ဖော်ပြထားသည်။ မဟာသေနမင်း(သာသနာဖျက်မင်း)၏ သားတော် ကိတ္တိသိရိမင်းသားသည် သာသနာတော် (၈၄၆)နှစ်၌ နန်းတက်၍ (၂၈) နှစ် နန်းစံ၏။ ၎င်းလွန်သော် ညီတော် ဇေဋ္ဌတိဿမင်းသည် သာသနာတော် (၈၇၄)ခုနှစ် နန်းတက်၍ (၉)နှစ် နန်းစံသည်။ ထိုမင်းလွန်သော် ထိုမင်း၏သားတော် ဗုဒ္ဓဒါသမင်းသည် သာသနာတော် (၈၈၃)ခုနှစ် နန်းတက်၍ (၂၉)နှစ် မင်းပြုသည်။ ထိုမင်းလွန်၍ ထိုမင်း၏ညီတော် မဟာနာမမင်းသားသည် သာသနာတော် (၉၅၄)ခုနှစ်၌ နန်းတက်၍ သီရိပါလဟူသော အဲ့ကိုးဆိုင်မယ်ကို ခံယူ၍ (၂၂)နှစ် မင်းပြု၏ဟု ဖော်ပြထားသည်။ ဤမဟာနာမမင်း နန်းတက်နှစ် သာသနာတော် ၉၅၄ ခုကိုသိလျှင် ရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်ကြွသည့် သာသနာခုနှစ်ကိုလည်း ခန့်မှန်းသိရှိနိုင်ပြီဖြစ်သည်။ သို့ရာတွင် ကျီးသဲလေးဆယ်ဆရာတော် ဖော်ပြထားသော ဘာဏဝါရဂတညဒါနဒီပနီတွင် မဟာနာမမင်း နန်းတက်နှစ်ကို သာသနာတော်(၉၄၃)ခုဟု ဖော်ပြထားသည်။

မည်သို့ပင်ဖြစ်စေ ရှင်မဟာဗုဒ္ဓဃောသသည် ဤမဟာနာမမင်းလက်ထက်၌ သီဟိုဠ်သို့ ကြွရောက်တော်မူခဲ့သည်မှာ ထင်ရှားသည်။ ကြွရောက်သည့်ခုနှစ်နှင့် ပတ်သက်၍ အဆိုကွဲပြားမှုရှိနေသည်။ မှန်နန်းမဟာရာဇဝင်၌ (၉၄၆)ခုနှစ်၊ စွယ်စုံကျော်ထင်ကျမ်း၌ (၉၃၀)ခုနှစ်၊ မွေပဒမဟာဋီကာ၌ (၉၂၇)ခုနှစ်၊ အင်္ဂလိပ်လူမျိုး ရှာဘတ်စ်ဝတောင်ဆန် မှတ်တမ်း၌ (၉၄၃)ခုနှစ်ဟု ဖော်ပြထားကြသည်။ ယင်းဖော်ပြမှုခုနှစ်များမှာ သာသနာတော်ခုနှစ်များပင် ဖြစ်သည်။ ယင်းသာသနာနှစ်... ကိုးရာနှင့် တစ်ထောင်ကြားကာလတွင် အိန္ဒိယတွင် ထေရဝါဒဗုဒ္ဓ...



www.burmeseclassic.com

www.burmeseclassic.com

နာ မရှိတော့ပါ။ ဂိုဏ်းကွဲဗုဒ္ဓဘာသာဂိုဏ်း (မဟာယန-ဟီနယာန)သံဃာများသာ ကြီးစိုးလျက်ရှိနေသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် သာသနာသက္ကရာဇ် (၆၀၀) အေဒီ(၁)ရာစုခန့်ကပင် အိန္ဒိယတွင် ပျောက်ကွယ်ခဲ့ပြီး ဖြစ်ပါသည်။ ဂရိကုသျှန်မင်း ကနစ္စကဘုရင် (အေဒီ ၁၂၀-၁၆၂)က ဂန္ဓာရကသို့ဂိုဏ်းကွဲနေသော သံဃာများ ရင်ကြားစေ့ပေးရန်နှင့် ဗုဒ္ဓသာသနာတော် ချီးမြှောက်ရန် သင်္ဂါယနာတင်မှု ပြုရာတွင် ဂိုဏ်းကွဲဖြစ်သော သဗ္ဗတ္ထိဝါဒဂိုဏ်းသံဃာများကသာ ဦးစီးဦးဆောင်ပြုခဲ့သည်။ ထေရဝါဒသံဃာ လုံးဝမပါဝင်ပါ။ ထို့ကြောင့် အိန္ဒိယတွင် ထေရဝါဒသာသနာသည် သာသနာနှစ်(၆၀၀)ခန့် အေဒီ(၁)ရာစုခန့်ကပင် ကွယ်ပျောက်ခဲ့ပြီးဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။

သာသနာနှစ် (၉၀၀)နှင့် (၁၀၀၀)နှစ်အတွင်း၌ အိန္ဒိယတွင် မဟာယာနဗုဒ္ဓဘာသာ အထွတ်အထိပ်ရောက်နေသော အချိန်ကာလဖြစ်သည်။ ထိုအချိန်ကာလတွင် သီဟိုဠ်နှင့် သုဝဏ္ဏဘူမိတို့၌သာ ထေရဝါဒဗုဒ္ဓသာသနာတည်တံ့နေသည်။ သုဝဏ္ဏဘူမိဌာနတွင် ရှေးအခါက မွန်ခမာလူမျိုးတစ်မျိုးတည်း နေထိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ၊ ဂျွမ်း/ရှမ်းနွယ်များက ကြား၌ဝင်ရောက်တိုင်းပြည်တည်ထောင် နေထိုင်ခဲ့သောကြောင့် ကမ္ဘောဒီးယား၊ လော(လာအို)၊ ထိုင်း(ယိုးဒယား)နှင့် မြန်မာဟူ၍ သုဝဏ္ဏဘူမိ(၄)ဌာန ကွဲသွားခဲ့သည်။ သို့သော် မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသာ သီဟိုဠ်နှင့်လည်းကောင်း၊ အိန္ဒိယနှင့်လည်းကောင်း ရေလမ်းသင့်လျက်ရှိသည်။ ထိုအချိန်ထိုအခါက ရေလမ်းဆက်သွယ်မှုရှိသော အခါကာလဖြစ်သည်။ အင်္ဂုတ္တရ အဋ္ဌကထာ၌လည်း သီဟိုဠ်နှင့် မြန်မာသုဝဏ္ဏဘူမိတို့ ရေလမ်းသင်္ဘောလမ်းသင့်သည်ဟု ဖော်ပြထားသည်။ ပါရာဇိကကဏ်အဋ္ဌကထာတွင်မူ သယုံရာဇဝင်အကြောင်းအရာများကိုပင် ဖော်ပြထားသည်။ ထိုအချိန်ထိုအခါက သုဝဏ္ဏဘူမိတွင် ထေရဝါဒဗုဒ္ဓသာသနာတစ်ခုတည်းသာ တည်တံ့နေသော်လည်း သီဟိုဠ်တွင် မဟာဝိဟာဝါသီဂိုဏ်း(ထေရဝါဒ)အဘယဂီရိဝါသီဂိုဏ်း (မဟာယာန)ဇေတဝနဝါသီဂိုဏ်း(မဟာယာန)တို့ အပြိုင်အဆိုင် တည်ရှိနေသည်။

ရှင်မဟာဗုဒ္ဓဃောသသည် ထေရဝါဒရဟန်းတော်ဖြစ်သည်။ ထို့ကြောင့် သီဟိုဠ်ရောက်သောအခါ ထေရဝါဒဖြစ်သော မဟာဝိဟာရဝါသီဂိုဏ်းသံဃာများထံ သွားခဲ့ခြင်းဖြစ်သည်။ ရှင်မဟာဗုဒ္ဓဃောသသည် ထေရဝါဒကွယ်ပျောက်နေပြီဖြစ်သော အိန္ဒိယမှ သီဟိုဠ်သို့ ကူးသွားခြင်း၊ ထေရဝါဒဖြစ်သော သုဝဏ္ဏဘူမိ(မြန်မာနိုင်ငံ)မှ ကူးသွားခြင်း နှစ်မျိုးတွင် မည်သည့် နိုင်ငံမှ ကူးသွားခြင်းဖြစ်နိုင်သည်ကို စဉ်းစားသင့်သည်။ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိမှ ကူးသွားခြင်းသာ ယုတ္တိရှိနိုင်သည်။ တစ်ဖန် အဘိဓမ္မာအဖွင့်ကို ရေးသားပြုစုရန် တောင်းပန်သော ရှင်ဗုဒ္ဓဃောသသည် မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ ရာမညတိုင်းသားစစ်စစ် ဖြစ်သည်။ ဤရှင်ဗုဒ္ဓဃောသမထေရ်ကပင် အစစအရာရာ ကူညီမှုပြုခဲ့ပြီး ပိဋကတ်တော်များ၊ အဋ္ဌကထာများကို သယ်ဆောင်၍ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ ရာမညတိုင်းသို့ အတူတကွ ပြန်ကြွလာခြင်းဖြစ်သည်။ အဘိဓမ္မာအဖွင့်ကျမ်းများကို ရေးသားပြုစုပြီးနောက် ဗောဓိမဏ္ဍိုင်ကို ရှိခိုးပူဇော်ရန် အိန္ဒိယသို့ ကူးခဲ့သည်ဟု ရှင်ဥဝင်၌ ဆိုထားသည်။ ကျီးသဲလေးထပ်ဆရာတော်ကလည်း ဤမဟာဗောဓိကို ဖူးမြော်ခြင်းငှာ ဇမ္ဗူဒိပ်(အိန္ဒိယ) ကြွတော်မူခဲ့သည်ဟူ၍ အဆုံးသတ်ထားသည်။ အိန္ဒိယဗုဒ္ဓဂယာမှ အမှန်ဖြစ်လျှင် ပြုဖွယ်ကိစ္စပြီးဆုံးပြီးနောက် ဇမ္ဗူဒိပ်(အိန္ဒိယ)သို့ ပြန်ကြွသည်ဟုဆိုရမည် ဖြစ်ပါသည်။ အိန္ဒိယနေ ဆရာတော် မဟုတ်သောကြောင့် မဟာဗောဓိကိုဖူးမြော်ရန်ဟု ဆိုထားခြင်းဖြစ်သည်မှာ ထင်ရှားသည်။

ကျီးသဲလေးထပ်ဆရာတော်က မဇ္ဈိမဒေသဗုဒ္ဓဂယာ မဟာဗောဓိပင်အနီး ဃောသရွာဟုဆိုထားသော်လည်း အမှန်မှာ ရှင်ဥဝင်နှင့် ဗုဒ္ဓဃောသုပ္ပတ္တိကျမ်းတို့တွင် မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မဟာဗောဓိပင်အနီး ဃောသရွာဟု မဆိုဘဲ ဗောဓိမဏ္ဍိုင်အနီး ဃောသရွာဟူ၍သာ ဆိုထားပါသည်။ မည်သို့ဖြစ်စေ အရှင်မဟာဗုဒ္ဓဃောသသည် အိန္ဒိယနှင့် သုဝဏ္ဏဘူမိ ဌာနနှစ်ခုတွင် သုဝဏ္ဏဘူမိမှ သီဟိုဠ်သို့ ကြွသွားတော်မူခြင်းဖြစ်ပြီး သုဝဏ္ဏဘူမိ မြန်မာနိုင်ငံရာမညတိုင်းသို့သာ ပြန်လည်ကြွတော်မူလာခြင်းဖြစ်မှုသာ အကြောင်းအခြင်းအရာများစွာ ရှိနေသည်။ မြန်မာနိုင်ငံတွင် ယနေ့တိုင်တည်ရှိနေသော ပိဋကတ်ပါဠိ အဋ္ဌကထာများသည် ရှင်မဟာဗုဒ္ဓဃောသ၊ ရှင်ဗုဒ္ဓဃောသ အရှင်မြတ်တို့ သယ်ဆောင်ခဲ့ခြင်းကြောင့်သာလျှင် တည်ရှိနေခဲ့ရခြင်းဖြစ်သည်မှာ ထင်ရှားသည်။ အရှင်မဟာဗုဒ္ဓဃောသ၏ မျိုးရိုးဇာတိ မည်သို့ဖြစ်သည်ဟု ကောက်ကောက်ကန်ကန် မဆိုနိုင်သော်လည်း မြန်မာနိုင်ငံ သုဝဏ္ဏဘူမိမှ သီဟိုဠ်သို့ ကြွတော်မူခြင်းသာ ဖြစ်သည်ကို မုချပြောနိုင်သည်။ ရှင်မဟာဗုဒ္ဓဃောသအကြောင်းနှင့် ပတ်သက်၍ မွန်တို့ဌာနေ ရာမညစာအုပ်တွင် ကျွန်တော် အကျယ်တဝင့် ရေးသားဖော်ပြထားပြီးဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

မာမက(သုတေသီ)

www.burmeseclassic.com

www.burmeseclassic.com



# ထင်ပေါ်ကျော်ကြား

# ဘုရားစေတီတော် ရှိခိုးပူဇော်ကန်တော့နည်းများ

ဂမ္ဘီရ ဆရာလှမျိုး(B.Sc)

### ✦ ရွှေတိဂုံစေတီတော်ဘုရားရှိခိုး ✦

အောင်ကြောင်းမင်္ဂလာ အောင်ဖေယျာတည်း၊ မဟာမုနိ၊ တုမရှိလျှင်၊ ဗောဓိညောင်ရွှေ၊ ပလ္လင်မြေမှ၊ လှည့်ခြေစိုးစံ၊ သတ္တာဟံတွင်၊ ခက်လျှံညွန့်စေ၊ လင်းလွန်းမြေဝယ်၊ နေစဉ်အခါ၊ ဥက္ကလာမှ၊ သမ္ဘာထူးလှ၊ တဖုဿနှင့်၊ ဘလ္လိကမောင်၊ ညီနှင့်နောင်တို့၊ ဘုန်းခေါင်ထံပါး၊ ရောက်လာကြသော်၊ နှစ်ပါးမွေးထုံ၊ သရေဆံနှင့်၊ ရှစ်ဆုံဆံမြတ်၊ သရီဓာတ်ကို၊ ရလတ်သောအခါ၊ မင်းမြတ်စွာနှင့်၊ ဒေဝါအများ၊ မိုးသိကြားတို့၊ ကြီးစွာမယုတ်၊ လွန်အားထုတ်၍၊ သိင်္ဂုတ်တောင်တွင်၊ တိဂုံရှင်ကို၊ ဖူးမြော်စေငှာ၊ ဌာပနာ၏၊ ရှေးခါရိပ်မြို၊ စံကြွတုံသည်၊ သံ-ဂုံ-ပ-ရှစ်-ထွက်တော်မူစဉ်၊ ခေါင်လျှင်မြော်ဆ၊ ဂေါင်းကျိုးရဖို့၊ မွှေကာရိုက်၊ ခြောက်ရောင်ဆိုင်နှင့် သင့်းပိုင်ရေသည်၊ ဆန်းစွာလုပ်သည့်၊ လက်ဆုပ်တောင်ဝေ၊ ဂုဏ်ရောင်ပြေးလျက်၊ ကြိုင်မွှေးပျံ့သင်း၊ ဤဘောင်မင်း၌၊ သီတင်းသုံးရာ မှန်ခဲ့ပါ၏၊ လေးဖြာစုံပုံလေးဓာတ်စုံသော၊ တိဂုံဆံရှင်၊ မြတ်သခင်ကို၊ အိပ်လျှင်ရှိခိုး၊ နိုးလျှင်ဖိဌာန်၊ ပြည်နိဗ္ဗာန်ကို၊ အမှန်ရောက်ရပါလိုသော မြတ်ရှင်စော။ ဩကာသ၊ ဩကာသ၊ ဩကာသ ...။

••• ••• •••



www.burmeseclassic.com

www.burmeseclassic.com

## ✦ ကျိုက်ထီးရိုးဘုရားရှိခိုး ✦

မင်္ဂလာမဏ္ဍိုင်၊ မြောက်ရောင်ဆိုင်သား၊ ဘုန်းလှိုင်သိဒ္ဓိ၊ မပွင့်မီက၊ မဟီရောင်ဟုန်၊ သာမျိုးစုံသည့်၊ သထုံနဂရ၊ ထိုဌာန ဝယ်၊ နာမထင်စွာ၊ သုပိန္နာဟု၊ အောင်ချာပြည်ကြီး၊ လွှမ်းအုံးချီး လျက်၊ စည်ထီးဆင်ဂိုဏ်၊ အုပ်ချုပ်ပိုင်သည့်၊ ရန်နိုင်စိုး၀၊ မင်းတိဿ ၏၊ တိဿသားတော်၊ ရသေ့ကျော်လျှင်၊ တော်ပျော်ခန်း၀ိ၊ ဘုန်းသမ္ဘာကြောင့်၊ မြတ်စွာဖိန့်၊ အာကာယံမှ၊ ယာဉ်ပျံ့ပရတ်၊ စိန်ပြာသာဒ်နှင့်၊ ထိန်လျှပ်ဝါဝင်း၊ ဆိုက်လာခြင်းဖြင့်၊ ၁ပ်စင်း ကော်ရော်၊ တောင်းပန်သော်လျှင်၊ ဆံတော်မြနှစ်၊ ရသည့်ဖြင်၍၊ ဆယ့်နှစ်ဝသဘင်၊ ထိပ်ထက်တင်မျှ၊ နတ်ရှင်သနင်း၊ သိကြား မင်းနှင့်၊ လူမင်းရသေ့၊ သူ့တော်လေ့ဖြင့်၊ ချမ်းမြေ့သာစည်၊ ဘုရားတည်သား၊ အမည်ကျော်ဟိုး၊ ကျိုက်ထီးရိုးဟု၊ တန်ခိုး လျှမ်းပတ်၊ စေတီမြတ်ကို၊ မပြတ်နေ့ည၊ သတိရလျက်၊ ဦးချ ကြိမ်ဖန်၊ အဟန်ဇာန်ကြောင့်၊ နိဗ္ဗာန်ထုတ်ပေါက်၊ ကောန်ရောက် ၍ မျက်မှောက်ပြုရပါလိုသော မြတ်ရှင်စော၊ ဩကာသ၊ ဩကာ သ၊ ဩကာသ ...။

... ... ...

## ✦ ရွှေစက်တော်ဘုရားရှိခိုး ✦

မင်္ဂလာဇဟ်၊ လေးရောင်စိုသား၊ မြင်းမိုရ်ရှင်ဌာန်၊ သဋ္ဌ ရဘာန်နှင့်၊ မှတ်ဉာဏ်နိုင်းဆ၊ တိုင်းမရ၍ ဂုဏာတော်၊ ဟိုးဟိုး ကျော်သား၊ ရှင်တော်ဖိန့်၊ အမိတလျှင်၊ ပုဏ္ဏမထေရ်၊ တောင်းပန် သည့်ကြောင့်၊ ရွှေပြည်သာလွန်၊ တိုင်းမြတ်မွန်ဝယ်၊ ဖဲ့ခွန်မှန် ကင်း၊ ဂုဏ်ကောင်းကင်း၍ သဘင်းကျော်လှ၊ ဝါဏိဇ္ဇဟု၊ ဂါမ ရပ်သာ၊ ကဥ္စနာဟု၊ ဒေဝါပန်တီး၊ ဂြာသာဒ်စီး၍ ခရီးဝေဟင်၊ ကြွခဲ့နှင်သော်၊ ညီခင်ရှုပုဏ်၊ သဒ္ဒါဟုန်ဖြင့်၊ ကြည်ယုံမျိုးစပ်၊ လက်လေးသစ်လျှင်၊ အနှစ်ကျော်နှံ့မ်း၊ ဗိုးတစ်သိန်းဟု၊ ကွက် ကိန်းမှန်လ၊ စန္ဒနတည်း၊ လှုံ့ကြွန်ုံ့ထူး၊ သင်းတုံ့မြူးသည့်၊ ဇမ္ဗူကူး ဝိဟာ၊ ကျောင်းတော်သာကို၊ လှူဒါပူည၊ ကံကြွေးချ၍ ပြန်ကြွ မည့်ခါ၊ ပူဇော်ရာသို့၊ ငြောကုန်ဂါ။ တောင်းပန်ငြားကြောင့်၊ မြစ် နားနမ္မဒါ၊ ခြေတော်ရာကို၊ ဘဂဝါလူ့ဘာ၊ တစ်ဆူချ၏၊ ထိုမှတင် ဖန်၊ မြန်းကြွပြန်သော်၊ သစ္စပန်ထေရ်၊ တောင်းပန်သည်နှင့်၊ လျှံစည်ပြုနှမ်၊ ဖျူရစ်သို့၊ သမ္မဗန္ဓ ပပ္ပတ၌ ဂဏပါဒါ၊ တစ်ဆူ လာဟည့်၊ ဇိဇင်ပိတောက်၊ ပန်းကြာက်မောက်နှင့်၊ ညွန့်ပြောက် စွယ်တော်၊ မြတ်ကုံကော်တို့၊ ပြိုင်ပေါ်ထုံသင်း၊ ရော့တွင်းဝယ်၊ ချက်ချင်းညွတ်လေ၊ စမ်းနှင့်ရေလည်း၊ ရမ်ဓွေလက်ယာ၊ တိမ် သောတို့၊ ရှိန်ပြာပတ်ဝိုက်၊ မိုးပြိုက်ပြိုက်နှင့်၊ အလိုက်ရစ်ဦးစီ၊ ငွေနှင်းချီသော် ရီရီမောင်းမောင်း၊ ပြာသာဒ်ကျောင်းဝယ်၊ ကိန်း အောင်းမွေ့လျော်၊ မန်းစက်တော်ကို၊ ညဉ့်သော်မမေ့၊ ပူဇော် လေ့ဖြင့်၊ နေ့ခါမြတ်နိုး၊ ရှိလျှင်ခိုးသည့်၊ ဘေးမျိုးမသန်း၊ ရွှေပြည်နန်းသို့၊ ဖြောင့်တန်းမသွေ၊ ရောက်စေသော မြတ်ရှင် စော၊ ဩကာသ၊ ဩကာသ၊ ဩကာသ ...။

*(ဗုဒ္ဓဘာသာလက်စွဲ (ခ) ဘုရားရှိခိုးအမျိုးမျိုး၊ ဒုတိယ ကျမ်းပြုမှူး ဦးညွန့်ဖေ၏ ပူဇော်သောကျမ်းမှ ထုတ်နုတ်ပူဇော် သည်။)*

... ... ...

## ✦ ဇလွန်ပြည်တော်ပြန်ဘုရားကြီး ဘုရားရှိခိုး မမွခလာဂါထာ ✦

"ဣတိပိ ပိဋကတ္တံ အနိစ္စံ ဒုက္ခံ အနတ္တံ
သတ္တမောဇ္ဈင်္ဂ အဋ္ဌင်္ဂိကောမဂ္ဂေါ စတုပဋ္ဌာန်
သမ္ဗုဒ္ဓ ဣန္ဒြေ သဟဿ သုရိယော
ခြောင်း နမောဗုဒ္ဓါနံ၊ ရာဇဘယံ၊ စောရဘယံ
ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တုဘယံ၊ သဗ္ဗဘယံ၊
ဓယောဓယေတု မင်္ဂလံ၊
အနိစ္စံ၊ သခ်ဂံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊
ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ ပဋ္ဌိတာ၊ ခမန္တို(ခမတိ)"

ဣတိပိ ပိဋကတ္တယံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ – ဤသို့ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိသောကြောင့် အနိစ္စ၊ ဤသို့ မပြတ်နှိပ်စက်ခြင်း သဘောရှိသောကြောင့် ဒုက္ခ၊ ဤသို့ မိမိ အလိုသို့မလိုက်ခြင်း သဘောရှိသောကြောင့် အနတ္တမည်၏။

သတ္တမောဇ္ဈင်္ဂ–ခုနစ်ပါးသော ဗောဇ္ဈင်ကိုသည်လည်း ကောင်း၊ အဋ္ဌင်္ဂိကော–အင်္ဂါရှစ်ပါးသော၊ အရိယာမဂ္ဂေါ– အရိယာမဂ်သည်လည်းကောင်း၊ စတုဝီသတိပဋ္ဌာန်–မဟာဗုဒ္ဓ အာဒေ့ဗ္ဗာ စသည့် ၂၄ ပစ္စည်းဟူသော ပဋ္ဌာန်းသည်လည်း ကောင်း၊ သမ္ဗုဒ္ဓဿ ဣန္ဒြေ–တရားအလုံးစုံကို အစိုးသော မြတ် စွာဘုရားသည်လည်းကောင်း၊ သဟဿသုရိယော–ရောင်ခြည် တစ်ထောင်ဆောင်သော နေမင်းသည်လည်းကောင်း၊ ဣတိပိ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ–(သည်) ဤသို့ ဖြစ်ခြင်း၊ ပျက်ခြင်း စသည့် သဘောရှိသောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တမည်၏။

*(ရှေ့ဂိုဏ်းအစဉ်အဆက်ရေးသားသည့်အတိုင်း ယူထားပါ။)*

ခြောင်း(ဗုဒ္ဓါနံ)–အထူးသဖြင့် မြတ်သော ပူဇော်ထိုက်သော၊ နမောဗုဒ္ဓါနံ–ဘုရားရှင်တို့အား ရှိခိုးပါ၏။ ကောင်းသော–သော ဝေ– (သည်) ထိုဘုရားရှင်တို့၏ တန်ခိုးတော်တော် အာနုဘော်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ရာဇဘာယံ–မင်းဘေးကိုလည်းကောင်း၊ စောရဘာယံ–ခိုးသူဘေးကိုလည်းကောင်း၊ ဥဒကဘာယံ–ရေဘေးကိုလည်းကောင်း၊ အဂ္ဂိဘာယံ–မီးဘေးကိုလည်းကောင်း၊ သတ္တဘာယံ–လက်နက်ဘေးကိုလည်းကောင်း၊ ဇယော–အောင်မြင်နိုင်ပါစေသတည်း။ ဇယတုမင်္ဂလံ–ကောင်းသောမင်္ဂလာဟူသမျှ အောင်မြင်ပါစေသတည်း။ အနိစ္စံသခ်တံပဋိစ္စသမုပ္ပန္နံ–အကြောင်းကျိုးစွဲ၍ဖြစ်သော အကျိုးတရားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရားလေးပါးတို့ ပြုပြင်အပ်သည်ဖြစ်၍ အမြဲမရှိပေ။

ခယဓမ္မံ–ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မံ–ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မံ–ရာဂကင်းခြင်းသဘောရှိသော၊ နိရောဓဓမ္မံ–ချုပ်ငြိမ်းခြင်းသဘောရှိသော နိဗ္ဗာန်ကို၊ ပဏ္ဍိတ–ပညာရှိတို့သည်၊ ခမန္တိ–နှစ်သက်တော်မူကြကုန်၏။

*(သစ္စာကာရ ဒီပကကျမ်း (ဘဒ္ဒန္တဉာဏဓဇ)မှ ကောက်နုတ်ပူဇော်သည်။)*

••• ••• •••

## ✦ ပုဂံရွှေစည်းခုံ ဘုရားရှိခိုး ✦

"အာကာသေ အနိလပထေ၊ သောဘမာနော အယံ ထူပေါ။

မာဃေန မုာပိတော ဟုတွာ၊ ဝရ ရာဇေန ကာရိတော"

အနိလပထေ–လေ၏ ခရီးကြောင်းလည်း ဖြစ်သော၊ အာကာသေ–အထက်ကောင်းကင်ပြင်၌ သောဘမာနော–တင့်တယ်တော်မူသော၊ အယံထူပေါ–အကြင်ရှင်ပင် ရွှေစည်းခုံဘုရားကို၊ မာဃေန–သိကြားမင်းသည်၊ မာပိတော–စီရင်အပ်သည်၊ ဟုတွာ–ဖြစ်၍၊ ဝရရာဇေန–မြတ်သော အနော်ရထာမင်းစောသည်၊ ကာရိတော–တည်ထားတော်မူ၏။

"ဝရ ရာဇာ ကတံ
ဇိန ဓာတု ဝရံ
သတ္တလောက နေတ္တံ
ဝရ ဒီပ ဓဇံ
ပထဝီ အသမံ
အဥ္စရေ မဟံ နမေ"

ဝရ ရာဇာကတံ–မြတ်သော အနော်ရထာမင်းစောသည် တည်တော်မူထသော၊ ဇိနဓာတုဝရံ–မြတ်စွာဘုရား ဓာတ်တော်မြတ်လည်း ဖြစ်တော်မူသသော၊ သတ္တလောကနေတ္တံ–သတ္တဝါတို့၏ မျက်စိသဖွယ်လည်း ဖြစ်တော်မူထသော၊ ဝရဒီပ–မြတ်သော ဇမ္ဗူဒိပ်ကျွန်း၏ တံခွန်အလံကြီးသဖွယ်လည်း ဖြစ်တော်မူထသော၊ ပထဝီအသမံ–မြေကြီးပေါ်၌ အတုလည်း

မရှိထသော၊ အဥ္စဝရံ–မြတ်စွာထသော ရှင်ပင် ရွှေစည်းခုံဘုရားကို၊ အဟံ–အကျွန်ုပ်သည်၊ နမေ နမာမိ–ရှိခိုးပါ၏။

••• ••• •••

## ✦ ရွှေစာရံ ဘုရားရှိခိုး ✦

"ဥရဇာတိ နဒီတီရေ၊ မာဃာ ဒေဝေန မာပိတော။
ဝရ ဓာတု နမာမဟံ၊ အမ္ဗိနာမံ ဌပေသီတိ"

ဥရဇာတိ–ဘုရားလောင်း ရှင်နိုးဖြစ်ခဲ့ဖူးသော၊ နဒီတီရေ–အလွန်တိုသော ချောင်းလျှိုမြစ်ငယ်နား၌၊ မာဃဒေဝေန–သိကြားမင်းသည်၊ မာပိတော–စီရင်သည်ဖြစ်၍၊ ဝရဓာတု–မွေတော်ဓာတ်မြတ်ကို၊ အမ္ဗိနာမံ–အမ္ဗိအမည်ရှိသော ရှင်မွန်လုသည်၊ ဌာပေသ–ဌာပနာ၏။

ဣတိဝရဓာတု–ဤသို့သော မွေတော်ဓာတ်မြတ်ကို၊ အဟံ–အကျွန်ုပ်သည်၊ နမာမိ–ရှိခိုးပါ၏။

"ဥဒ္ဓ သကုဏာ သော ဝဏ္ဏံ
မာဃဒေဝေန မာပိတော
ဝရ ဓာတု နမာမဟံ
အမ္ဗိဂတော ဌပေသီတိ"

အမ္ဗိ–အမ္ဗိအမည်ရှိသော ရှင်မွန်လုသည်၊ မာဃော–သွားလေသော်၊ ဥဒ္ဓံ–အထက်ကို ကြည့်လတ်သော်၊ သကုဏော–ဝဏ္ဏ–ရွှေစာရံစေတီတော်၌ တည်လျက်ရှိသော ဓာတ်တော်မြတ်ကို၊ ပဿိ–မြင်၏။ မာဃဒေဝေန–သိကြားမင်းသည်၊ မာပိတော–စီရင်သည်ဖြစ်၍၊ ဝရဓာတု–မွေတော်ဓာတ်မြတ်ကို၊ ဌာပေသိ–ဌာပနာ၏။ ဣတိဝရဓာတု–ဤသို့သော မွေတော်ဓာတ်မြတ်ကို၊ အဟံ–အကျွန်ုပ်သည်၊ နမာမိ–ရှိခိုးပါ၏။

••• ••• •••

## ✦ ပဲခူးရွှေမော်ဓော ဘုရားရှိခိုး ✦

(သိကြားမင်းလျှူသော ဘွဲ့တံဆိပ် ဝ၊ ရ၊ ဂု၊ ဏ။)

"ဝ ရံ မာဓ ဝိဒိ ဟိပိ
ရ တနေ ဟိပိ မာနိတံ
ဂု ဏေန ဟတုလံ နာထံ
ဏ မာမိ သိရသာ သဒါ
ပုညေ နာနေန သဗ္ဗမ္ပိ
သမိဇ္ဈတု ယထိစ္ဆိတံ"

မာဓဝိဒိဟိပိ–ပီသနိုးအစရှိသော နတ်မင်းတို့ထက်လည်း၊ ဝရ–မြတ်ထသော၊ ရတနေဟိပိ–ရတနာခုနစ်ပါးတို့ထက်

www.burmeseclassic.com

လည်း၊ မာနိတံ-မြတ်နိုးအပ်ထသော၊ ဂုဏောန-ဂုဏ်ကျေးဇူး ဖြင့်၊ အတုလံ-အတုမရှိထသော၊ နာထံ-ကိုးကွယ်ရာဖြစ်တော်မူ သော မြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း။ သိရသာ-ဦးခေါင်း ဖြင့်၊ ဏမာမိ-ရှိခိုးပါ၏။

အနေန ပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့်၊ သဗ္ဗမ္ဗိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

••• ••• •••

## ✦ ငင်းကျိုက် ဘုရားရှိခိုးဂါထာ ✦

(စေ၊ အာ၊ မာ၊ သော ဘွဲ့တံဆိပ်တော်ရ)

"စေ တနာမဂ္ဂမ္ဗိ ဖလံ၊
အာ ကိလေ သကၡယာ ဗဟု
မာ ရဇ္ဇယ ဂုဏာဒိမ္ဗိ
သော ဘဂ္ဂေ ယသဝံ နမေ
ပုညေ နာနေန သဗ္ဗမ္ဗိ
သမိဇ္ဈတု ယထိစ္ဆိတံ"

ယသဗုဒ္ဓသ-အကြင်မြတ်စွာဘုရား၏၊ သောဘဂ္ဂေ-ကောင်းမြတ်စွာသော၊ မာရဇ္ဇယ ဂုဏာဒိမ္ဗိ-မာန်ငါးပါးကိုအောင် မြင်ခြင်း ဂုဏ်ကျေးဇူး အစရှိသည်၌၊ စေတနာမဂ္ဂမ္ဗိ-စေတနာ ဖြစ်ခြင်းမှုသည်လည်း၊ အာကိလေသကၡယာ-ကိလေသာကုန် သည့်တိုင်အောင်၊ ဗဟု-များစွာ၊ ဖလံ-အကျိုးရှိပေ၏။ တံဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေန ပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့်၊ သဗ္ဗမ္ဗိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း။ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

••• ••• •••

## ✦ ကျိုက်ပွန် ဘုရားရှိခိုးဂါထာတော် ✦

(အ၊ ဟံ၊ ဘ၊ မန္တ ဘွဲ့တံဆိပ်တော်ရ)

"အ ရဟတံ စတုန္နမ္ဗိ၊ ဟန္တာနံ ကိလေသာရယော
ဘ ဂဝတံ သဒါ ဝန္ဒေ၊ တေ ဇသိနံ ယသသိနံ
ပုညေ နာနေန သဗ္ဗမ္ဗိ သမိဇ္ဈတု ယထိစ္ဆိတံ"

အရဟတံ-ပူဇော်သက္ကာအထူးကို ခံထိုက်ကုန်ထသော၊ ကိလေသာရယော-ကိလေသာဟူသော ရန်သူတို့ကို၊ ဟန္တာနံ-ဖျက်ဆီးတတ်ကုန်ထသော၊ ဘဂဝတံ-ဘုန်းတော်ခြောက်ပါးနှင့် [illegible]ကုန်ထသော၊ တေဇသိနံ-တန်ခိုးအရှိန်အဝါကြီးကုန်ထ သော၊ ယသသိနံ-အခြံအရံများကုန်ထသော၊ စတုန္နမ္ဗိ-ဘုရား လေးဆူတို့အားလည်း၊ သဒါ-အခါခပ်သိမ်း၊ ဝန္ဒေ-ရှိခိုးပါ၏။

အနေန ပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့်၊ သဗ္ဗမ္ဗိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

••• ••• •••

## ✦ ပြည်ရွှေဆံတော် ဘုရားရှိခိုးဂါထာတော် ✦

(သု၊ သု၊ ဓာ၊ ဂံ ဘွဲ့တံဆိပ်တော်ရ)

"သုဓနာန ဟိတံ ဒိတွာ၊ သုန္ဒရံ ကေသဓာတုယာ
ဓာတိဇရာ မုတ္တိကာရံ၊ ဂန္ဓ ဝိမောစနံ နမေ၊
ပုညေ နာနေန သဗ္ဗမ္ဗိ သမိဇ္ဈာတု ယထိစ္ဆိတံ"

သုဓနာန-သူတော်ကောင်းတို့၏၊ သုန္ဒရံ- ကောင်းမြတ်သော၊ ဟိတံ-အကျိုးစီးပွားကို၊ ဒိသွာ၊ ရှုတော်မူ၍၊ ကေသဓာတုယာ-ဆံတော်ဓာတ်ဖြင့်၊ ဓာတိဇရာ မုတ္တိကာရံ-ပဋိသန္ဓေနေခြင်း အိုခြင်းမှ လွတ်အံ့သော အကြောင်းကို ပြုတတ်ထသော၊ ဂန္ဓ ဝိမောစနံ-သံသရာ၌ အနှောင်အဖွဲ့ကို ဖြေပေတတ်သော မြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေန ပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့်၊ သဗ္ဗမ္ဗိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

••• ••• •••

## ✦ ကြီးကိုးကြီး ဘုရားရှိခိုး ✦

(ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး မြတ်စွာဘုရား)

ငါးထပ်ကြီး မြတ်စွာဘုရား၊ ပြောင်းဘုန်းကြီး မြတ်စွာဘုရား၊ ရွှေခေါင်းလောင်းကြီး မြတ်စွာဘုရား၊ မဟာမင်္ဂလာ ဆုတောင်းပြည့် မြတ်စွာဘုရား၊ နောင်တော်ကြီး စေတီတော် မြတ်ကြီး၊ ချမ်းသာကြီး မြတ်စွာဘုရား၊ ရဟန္တာသိမ်တော်ကြီး မြတ်စွာဘုရား တစ်ဆူဆူကို ပူဇော်နိုင်သည်။

"နမောတေသံ ဘာဝန္တာနံ အရဟန္တာနံ
နဝန္နံ သမ္မာ သမ္ဗုဒ္ဓါနံ"

ဘဂဝန္တာနံ-ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟူသည့် ခြောက်ဘုန်းတော်နှင့် ပြည့်စုံတော်မူကုန်သော။

(ဝါ)

လူ့ပြည်၊ နတ်ရပ်၊ ခေတ်သုံးထပ်ကို၊ အုပ်ကွပ်စိုးပိုင် နိုင်တော်မူခြင်းတည်းဟူသော၊ ဣဿရိယ ဘုန်းတော်၊ လော



www.burmeseclassic.com

www.burmeseclassic.com

ရာ တရားမြတ်ကိုးပါးကို ထင်ရှားစွာ ရောက်တော်မူခြင်း ည်းဟူသော ဓမ္မဘုန်းတော်။

နရက်ဘဝဂ် အောက်ထပ်ပျံ့လိုင်း သုံးခရိုင်၌ အဆုံးတိုင် စောတော်မူခြင်းတည်းဟူသော ယသဘုန်းတော်။

၃၂ ပါး သမိုက်ထားသော ယောက်ျားမြတ်တို့၏ ရောင်ဝါမြူတေ ကျက်သရေအပေါင်းနှင့် ပြည့်စုံတော် ခြင်းတည်းဟူသော သိရီဘုန်းတော်။

အလိုတော်ရှိသမျှ တစ်ခဏချင်းဖြင့်သာ ပြည့်စုံတော် ခြင်းတည်းဟူသော ကာမဘုန်းတော်။

နိဗ္ဗာန်ရောက်ရာ ဒေသနာဖြင့် ဗြဟ္မာနတ်လူ သုံးဘုံ တို့ကို ကြည်ဖြူစွာလှ သင်ဆုံးမသောကြောင့် တစ်လောက ကိုးကွယ်ရာ ဆရာအဖြစ်သို့ ရောက်တော်မူခြင်းတည်းဟူ သော ပယတ္တဘုန်းတော်။

ဤဘုန်းတော်ခြောက်ရပ် ဂုဏ်သကတ်ဖြင့် လောက တ်အလုံး ညွတ်ရုံးပူဇော်ရာ၊ အာဂါရမုနိ၊ အနာဂါရမုနိ၊ ကွမုနိ၊ အသေက္ခမုနိ၊ ပဒ္ဓေကမုနိ တည်းဟူသော မုနိငါးဦး ထက် ကဲတက်လွန်မြတ်စွာ မုနိန္ဒာဘိပဝရ အတုလမုနိလည်း တော်မူကြကုန်သော။

အရဟန္တာနံ–လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော် ထူးကို ခံတော်မူထိုက်သော၊

သမ္မာသမ္ဗုဒ္ဓါနံ–သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား င်ထင် ကိုယ်တော်တိုင် သိမြင်ထွင်းဖောက် အလင်းရောက် တော်မူပြီးကုန်သော။

နဝန္နံ–ကိုးထပ်ကြီးမြတ်စွာဘုရား၊ ခြောက်ထပ်ကြီး မြတ်စွာဘုရား၊ ငါးထပ်ကြီးမြတ်စွာဘုရား၊ မဟာမင်္ဂလာဆု ောင်းပြည့်မြတ်စွာဘုရား၊ ကြေးသွန်းကြီးမြတ်စွာဘုရား၊ ခေါင်းလောင်းကြီးမြတ်စွာဘုရား၊ နောင်တော်ကြီးစေတီတော် ကြီး၊ ချမ်းသာကြီးမြတ်စွာဘုရား၊ ရဟန္တာသိမ်တော်ကြီး မြတ်စွာဘုရားတည်းဟူသော ကိုးပါးကုန်သော (ဝါ) ကိုးပါးဂုဏ် ဂေါတမမြတ်စွာဘုရားရှင်တို့၏ ကိုယ်ပွားပူဇော် ကိုးဆူကုန် သော ရှင်တော်မြတ်ဘုရား။

တေသံ–ထိုတထာဂတ မြတ်ဗုဒ္ဓကိုယ်ပွားတော်တို့အား၊

နမော–ရှိခိုးကော်ရော် ပူဇော်ဦးတင် ဖူးမြင်ကန်တော့ င်းသည်၊

အတ္ထုဘာဂတု–ဖြစ်ပါစေသတည်း။

••• ••• •••

## ✦ ကျိုက်ဒေးအပ်(ပိုလ်တထောင်) ဘုရားရှိခိုး ✦

မင်္ဂလာညွှန့်ဝေ၊ သာ့မျိုးခြွေသား၊ အောင်မြေရပ်ရှုန်၊ တည်ထောင်ဖန်သည့်၊ သုဝဏ္ဏဘုံ၊ ပြည်သတုံဝယ်၊ လွှမ်းခြုံ အာဏာ၊ ကြီးတေဇာဖြင့်၊ ပိုင်လျာစိုးရ၊ စက်နှယ်ရှုလျက်၊ မင်းမျှော မျှားခေါင်၊ သမ္မာပြောင်၍၊ ဘုန်းရောင်ဉာဏ၊ ထွန်းလင်းလှသည့်၊ သီဟဒီပ၊ ရာဇာရွှေမှောက်၊ စက်တော်အောက်တွင်၊ ဝင်ရောက်ခစား၊ ရဲမာန်အားဖြင့်၊ သိကြားကိုယ်ရံ၊ ပမာဟန်သို့၊ အားအင် တောင့်တင်း၊ ရန်အောင်ရှင်းသည့်၊ ဗိုလ်မင်းတစ်ထောင်၊ ညွှတ် အောင်စုံပုံ၊ ညီမျှစု၍၊ တိဂုံဆံရှင်၊ ရွှေတောင်ခွင်ဝယ်၊ ဇာလျှင် ထောင်ကွာ၊ မြကမ်းသာ၌၊ မြန်မာအသုံး၊ သီးချင်ကုန်းနှင့်၊ မွန်ထုံးစွဲမှတ်၊ ဒေးအပ်မည်သာ၊ မြေအောင်ချာဝယ်၊ မာရတင် ထွတ်၃လူ၊ သဗ္ဗညူ၏၊ နှစ်ဆူဆံမြတ်၊ သရီဓာတ်ကို၊ သွင်းလတ် ဌာပနာ၊ ပြုပြီးကာလျှင်၊ စေတီရှင်ကို၊ နှောင်ခွင်လူသား၊ အကျိုး များစေ၊ တည်ထားပေ၏၊ မွေသရီဓာတ်၊ ဆံတော်မြတ်တို့၊ ကိန်းဝပ်စံရာ၊ ဝင်းဝါရွှေရောင်၊ ထွန်းလင်းပြောင်သည့်၊ ဗိုလ် တထောင်မြတ်၊ ကျိုက်ဒေးအပ်ကို၊ မပြတ်သဒ္ဓါ၊ ကြည်လင်စွာ ဖြင့်၊ ပဏာအဥ္စလီ၊ ဦးတင်ချီလျက်၊ မနသိစိတ်သန်၊ အဓိဋ္ဌာန် သည်၊ နိဗ္ဗာန်အောင်မြို့၊ ရောက်လိုသော် •••မြတ်ရှင်စော။ ဩကာသ၊ ဩကာသ၊ ဩကာသ •••။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**

**ကျမ်းကိုး**

- ''ဂါထာမန္တန် ကျမ်းမြတ်မဟာ''
  (ရှင်ဝါယမာဘိဝံသ)။
- ''ခုနစ်ရက်သားသမီးများအတွက် နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး''
  (နှစ်ကျိပ်ရှစ်ဆူ ခန္တီးဆရာတော်)
- ''တို့မြန်မာဝတ်ရွတ်စဉ်''
  (ဆရာကြီး သခင်ကိုယ်တော်မှိုင်း)
- ''ကြီးကိုးကြီးဘုရားရှိခိုး''။





www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌာန်းတန်ခိုး အကျိုးအာနိသင် (၅)

## မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းဒေသနာတရားတော်

### သူတော်စင်မင်းအောင်

ကောဇာသက္ကရာဇ် ၁၃၅၀ ပြည့်နှစ်၊ သာသနာသက္ကရာဇ် ၂၅၃၁ ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်နေ့ မိုးကုတ်မြို့နယ်၊ ဘောပတန်းကျေးရွာ၌ ဆရာတော်ဘုရားကြီး အမှူးပြုသော ဒကာ၊ ဒကာမများ ဗုဒ္ဓပါဠိကျွင်းပပြုလုပ်ကြ သော ခုနှစ်ကြိမ်မြောက် အဘိဓမ္မာဒေသနာ ပဋ္ဌာန်းရွတ်ဆိုပွဲ ဓမ္မပူဇော်ကောင်းမှုနှင့် မိုးကုတ်မြို့နယ် ဘောပတန်းကျေးရွာ တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သာသနာပြုအကျိုးတော်ဆောင် ရာသက်ပန်အဖွဲ့ဝင် ဖွဲ့စည်းတဲ့ ကောင်းမှုကုသိုလ်ပွဲမှာ ဘုန်းကြီးများ ပဋ္ဌာန်းဒေသနာတော်ရဲ့ တန်ခိုးရှိန်စော်ကို နည်းနည်းပြောလိုပါတယ်။

### သက်ပန်းဆရာတော်ကြီး၏ ပဋ္ဌာန်းတန်ခိုးတော်

ပဋ္ဌာန်းဒေသနာတော်သည် သဘာဝဘေးဒဏ်အန္တရာယ်ကို ကာကွယ်နိုင်တာ လက်တွေ့အနေဖြင့် တော်တော်များခဲ့သည်။ တစ်ဆင့်စကား တစ်ဆင့်ကြားအနေဖြင့် ကြားဖူးတာပြောရရင် ...

တစ်ချိန်က သက်ပန်းဆရာတော်ဘုရားအမှူးပြုတဲ့ ဘုရားဖူးအဖွဲ့ သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာ)ကို သွားကြတယ်။ အဲဒီအချိန်တုန်းက လေယာဉ်ပျံ မပေါ်သေးဘူး။ မရှိတော့ ဘိလပ်(အင်္ဂလန်)သွားတဲ့ သင်္ဘောကြီးနဲ့ သွားကြတယ်။ အဲဒီလို သွားတဲ့အခါကျတော့ ပင်လယ်တွင်းကိုရောက်တော့ သင်္ဘောအမှုထမ်းများက ခရီးသည်တွေကို အသက်ကယ်ဘောတွေ ယုံကြည်ပေးနေတယ်။ အဲဒီလိုပေးတော့ သက်ပန်းဆရာတော်ကြီးက "ဘာဖြစ်လို့လဲကွဲ့"လို့ မေးတယ်။ "ဒီသင်္ဘောကို ဦးတည်ပြီးတော့ လေမုန်တိုင်းလာနေတယ်၊ ဒါကြောင့် အန္တရာယ်ရောက်မှာမြင်လို့ အသက်အန္တရာယ်အကာအကွယ်ဖြစ်တဲ့ အသက်ကယ်ဘောကို လိုက်ပေးရတာပါ"ဟု ပြောပြပါတယ်။

ဆရာတော်ကြီးသည် အသက်ကယ်ဘောကို ယူထားပြီးတော့ "အေး ... အကယ်၍ လေမုန်တိုင်းဘေးသင့်လို့ရှိရင် သင်္ဘောပျက်သွားလို့ ဒီဘောနဲ့ ရေထဲဆင်းသွားရင်လည်း တော်တော်ကြာ နေထဲကျတော့ ငါးဘေး၊ ငါးမန်းဘေးအန္တရာယ်တွေ တွေ့နိုင်သေးတယ်။ အင်း ... မဖြစ်ဘူး" ဤသို့ဆိုပြီး သင်္ဘောဦးပိုင်းသို့သွားကာ ဆရာတော်ကြီးက အသက်ကယ်ဘောကို ဘေးမှာချထားပြီး ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်နေပေတော့တယ်။

ဟေတုပစ္စယော အစရှိတဲ့ ပစ္စယုဒ္ဒေသ၊ ပြီးတော့ ပစ္စယနိဒ္ဒေသ၊ ပြီးတဲ့အခါကျတော့မှ ပုစ္ဆာဝါဒကို ဆက်ရွတ်တယ်။ တစ်နာရီခန့်ကြာတော့ ရွတ်မိတဲ့အခါမှာတော့ အသက်ကယ်ဘောကို သင်္ဘောအမှုထမ်းများက လာသိမ်းတယ်။

"ဘာဖြစ်လို့ သိမ်းတာလဲကွဲ့"လို့ ဆရာတော်က မေးတယ်။

"ဒီလေမုန်တိုင်းဟာ ခေါင်းပေါ်ကို ဦးတည်လာတဲ့ လမ်း လွဲသွားပြီ။ အန္တရာယ်ကင်းသွားလို့ ပြန်လည်လိုက်သိမ်းတာပါ"လို့ သင်္ဘောသားက ပြောပါတယ်။ ဒီလို ... သက်သေတစ်ခု အထင်အရှားဖြစ်တာကို ဘုန်းကြီးတို့ တစ်ဆင့်စကား တစ်ဆင့်နား ကြားဖူးထားတဲ့ သဘာဝဘေးအန္တရာယ်ကို ပဋ္ဌာန်းဒေသနာတော်က 'လွှဲဖယ်ပေးတဲ့' သက်သေတစ်ခုကို ပြောတာ ဖြစ်ပါတယ်။

### မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပဋ္ဌာန်းလက်တွေ့အကျိုး

ကိုယ်တိုင်တွေ့ရသကဲ့သို့ ဖြစ်ရတဲ့ သက်သေတစ်ခု ပြောရအောင်။ ဘုန်းကြီးများ တိပိဋကစာမေးပွဲမှာ ဖြေပြန်တုန်း



www.burmeseclassic.com

www.burmeseclassic.com

တာ အစ ၁၃၁၁ ခု၊ ၁၃၁၂ ခု၊ ၁၃၊ ၁၄၊ ၁၅ ခုနှစ်ထိ ဒီလို နှစ်စဉ် ဆက်လို့ စာပြန်ဖြေဆိုရပါတယ်။ ၁၃၁၂ ခုနှစ်မှာ ဘုန်းကြီးများ ဝိနည်းပိဋကကို ပြန်ဆိုပါတယ်။ ၁၃၁၃၊ ၁၃၁၄ ခုနှစ်မှာကျတော့ အဘိဓမ္မာပိဋက ရှေ့ပိုင်းနှင့် နောက်ပိုင်း ပြန်ပါတယ်။ ၁၃၁၃ ခုနှစ်မှာ အဘိဓမ္မာပိဋက ရှေ့ပိုင်း ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထုလို့ ရှေ့အဘိဓမ္မာကျမ်းများ ဖြစ်ပါတယ်။ ၁၃၁၄ ခုနှစ်ကျတော့ အဘိဓမ္မာပိဋက နောက်ပိုင်းဖြစ်တဲ့ ယမိုက်ပဋ္ဌာန်း ပြန်ရပါတယ်။

(ဒီနေရာမှာ စာဖတ်သူလူငယ်များ နားလည်သဘောပေါက်အောင် ရှင်းပြပါမည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်သည် မြန်မာနိုင်ငံတွင် ပိဋကသုံးပုံကို ပထမဆုံး ဖြေဆိုအောင်မြင်တော်မူတဲ့ ဆရာတော်ကြီး ဖြစ်ပါတယ်။ ဆရာတော်က 'စာပြန်တာကို' ပြန်ရတယ်ဟု အတိုသုံးပြောခြင်း ဖြစ်ပါတယ်။ အမှန်က စာမေးပွဲစစ်တဲ့ ဆရာတော်ကြီးများက ပိဋကကျမ်းစာအုပ်ကြီးများဖွင့်ပြီးကြည့်လျက် ဆရာတော်ဦးဝိစိတ္တက အလွတ်ရွတ်ဆိုစာပြန်တာကို စစ်ဆေးနေကြခြင်း ဖြစ်ပါသည်။ ထိုသို့ အလွတ်ရွတ်ဆိုစာပြန်ရတာကို ပြန်ရပါတယ်ဟု အတိုသုံးပြောပြနေခြင်း ဖြစ်ပါသည်။)

အဲဒီလို ယမိုက်ပဋ္ဌာန်းပြန်တဲ့နှစ်မှာ ပဋ္ဌာန်းဒေသနာတော်ပြန်ဆိုနေတဲ့အချိန်ဖြစ်လို့ ဘုန်းကြီးများအနေနှင့်တော့ ဘာမှမကြားရ၊ မသိရပါဘူး။ စာပြန်တဲ့အချိန်၊ အဲဒီအချိန်မှာ ဘာဖြစ်သလဲဆိုတော့ တစ်နာရီ မိုင်(၁၀၀)နှုန်းနှင့် လေသင်တုန်း (လေမုန်တိုင်းကြီး)တစ်ခုဟာ ရန်ကုန်မြို့ကို ဦးတည်ပြီးတော့ တိုက်လာနေတယ်။ မိုးလေဝသဌာနက အရေးပေါ်ကြေညာတယ်၊ မိုးလေဝသဌာနက တစ်နာရီ မိုင်(၁၀၀)နှုန်း လေသင်တုန်းတိုက်လာနေတဲ့အတွက် "မိမိအိမ်သို့ နာရီဝက်(မိနစ် ၃၀)အတွင်းမှာ ရောက်အောင်ပြန်နိုင်လျှင် ပြန်ကြပါ။ မပြန်နိုင်လျှင် အနီးဆုံးအသိမိတ်ဆွေအိမ်မှာ ဝင်ပြီးတော့ ခိုလှုံကြပါ။ တစ်ယောက်နဲ့တစ်ယောက်ကိုလည်းပဲ အကြောင်းအကျိုးသတင်းကြားတဲ့သူများက လမ်းပေါ်မှာ သွားလာနေကြတဲ့ပုဂ္ဂိုလ်များကို သိအောင် တစ်ဆင့်ပြောကြားပေးကြပါ"လို့ ကြေညာပေးနေပါတယ်။ ထိုအရေးပေါ်ကြေညာချက်အရ ရန်ကုန်မြို့ပေါ်မှာဆိုရင် နာရီဝက်(မိနစ် ၃၀)အတွင်းမှာ အရပ်သားတွေ အသွားအလာ ရှင်းပြီး လူသူ လမ်းမတွေမှာ ရှင်းသွားတယ်။

အဲဒီအချိန်မှာ အန္တရာယ်ရောက်ရင် ကာကွယ်စောင့်ရှောက်ရန်အတွက် တာဝန်ချထားတဲ့ ကိုးသုံးလုံး ရဲကားတွေက လမ်းမတွေပေါ်မှာ အစုန်အဆန်မောင်းပြီး လှုပ်ရှားနေကြတယ်။ နောက်တစ်နာရီပြည့်သွားတဲ့အခါကျတော့ အဲဒီတစ်နာရီ မိုင်(၁၀၀)နှုန်းတိုက်တဲ့ လေသင်တုန်းဟာ ရန်ကုန်မြို့ကိုလာတဲ့ ဦးတည်ချက်လွဲသွားပြီ(ခေါင်းလွဲသွားပြီ)၊ ဖိလစ်ပိုင်ဘက်ကို ခေါင်းလှည့်သွားပြီ။ ဘေးအန္တရာယ်ကင်းသွားပြီလို့ ကြေညာတယ်။ အဲဒီလို ကြေညာတော့မှ ဘတ်စကားတွေလည်း ပြန်ထွက်၊ လူတွေလည်း လမ်းပေါ်ပြန်ထွက်ဝံ့ကြတယ်ဆိုပါတော့။

အဲဒီအချိန်မှာ ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာပြတဲ့ ကထိကဓမ္မပါလ(ပထမကျော်) ကိုခင်မောင်ကြီးက တက္ကသိုလ်ကျောင်းသားတွေကို အားလုံးကြောက်ရွံ့တုန်လှုပ်နေကြတဲ့အချိန်မှာ အားပေးစကား ပြောပါတယ်။ "တပည့်တို့ မကြောက်ကြနဲ့။ ဆရာတို့ ငယ်စဉ်က သက်ပန်းဆရာတော်ဘုရားကြီးနဲ့ သီဟိုဠ်(သီရိလင်္ကာ)ကို ဘုရားဖူး၊ စွယ်တော်ဖူးရအောင် လိုက်ပါခဲ့ဖူးတယ်။ အဲဒီအခါက လေယာဉ်ပျံမပေါ်သေးတဲ့အခါဖြစ်လို့ ပင်လယ်ကူးသင်္ဘော ဟင်ပရှိုင်းယား (Hempshiere)သင်္ဘောနဲ့ သွားတဲ့အခါ လေမုန်တိုင်းဘေးရောက်တဲ့အကြောင်း အခုနဘုန်းကြီးပြောပြခဲ့တဲ့အတိုင်း သက်ပန်းဆရာတော်ကြီးက ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုလို့ ထိုလေမုန်တိုင်း သဘာဝဘေးအန္တရာယ်က လွတ်ခဲ့ပုံကို ပထမကျော် ကိုခင်မောင်ကြီးက သူ့တပည့်တွေကို ပြောပြပါတယ်။

ယခုလည်းပဲ သာသနာ့ရိပ်သာမှာ မင်းကွန်းဆရာတော် ဦးဝိစိတ္တက ပဋ္ဌာန်းဒေသနာ ပြန်ဆိုနေတာကို ဆရာသွားပြီး နာခဲ့တယ်။ ဒါကြောင့် ယခုမိုးလေဝသဌာနက ကြေညာနေတဲ့ လေသင်တုန်း(လေမုန်တိုင်း)ဘေးက တို့တစ်တွေ ကင်းဝေးမှာ အမှန်ပဲလို့ တပည့်တွေကို အားပေးစကားပြောရတဲ့အကြောင်း။ နောက်တစ်နေ့မှာ ဓမ္မပါလ ကိုခင်မောင်ကြီးက ဘုန်းကြီးများထံ ရောက်လာပြီး ပြောပြလို့ ကြားသိရပါတယ်။

ဖိလစ်ပိုင်နိုင်ငံဘက်ကို ဦးတည်တိုက်ခတ်သွားပြီဆိုတဲ့ လေသင်တုန်း(လေမုန်တိုင်း)ဟာ ဘယ်လောက်ပြင်းထန်သလဲဆိုတာ ထိုနေ့ညပိုင်းမှာ ဘီဘီစီက အသံလွှင့်တယ်။ နေ့လယ်တုန်းက ဖိလစ်ပိုင်မှာ တိုက်သွားတဲ့ တစ်နာရီမိုင်(၁၀၀)နှုန်း လေမုန်တိုင်းဦးတည်တိုက်ခတ်တဲ့ လမ်းကြောင်းမှာရှိတဲ့ တိုက်တွေဆိုရင် လွှနဲ့တိုက်ဖြတ်ထားသလိုပဲတဲ့၊ တစ်ခါတည်း တိတိနဲ့ ပြတ်ကျန်ခဲ့တယ်တဲ့။ ကြောက်ခမန်းလိလိပဲနော်။

အဲဒီလို သဘာဝဘေးဒဏ်ဖြစ်တဲ့ သဘာဝဥတု၊ သဘာဝမလေ့ အန္တရာယ်များကို ပဋ္ဌာန်းဒေသနာတော်က ကာကွယ်လိုက်တယ်ဆိုတာ ဘုန်းကြီးများ ကိုယ်တွေ့ဖြစ်ခဲ့ပါတယ်။

သတ္တဝါများ ချမ်းသာကြပါစေ ...။

(ဆက်လက်ဖော်ပြပါမည်။)

**သူတော်စင်မင်းအောင်**




www.burmeseclassic.com

www.burmeseclassic.com

# တစ်လအတွင်း ကောင်းခြင်းမင်္ဂလာနိုင်ငံယာရီ


၁.၃.၂၀၁၃ မှ ၃၁.၃.၂၀၁၃ ထိ

ဆရာရွှေ (နက္ခတ္တဗေဒပညာရှင်)





**၁.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ သောကြာနေ့**

သမားဖြူရက် ၁ ရက်၊ ရက်ပုပ် ၁ ရက်၊ မဟာရက်ကြမ်း ၁ ရက် မကောင်းဝဲ့ရက် ၃ ရက်မိထား၍ မည်သည့်လုပ်ငန်းမျှ စတင်မလုပ်အပ်ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ဆီးညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၆–၄–၃–၇–၈)




**၂.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ စနေနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဒ္ဓာအလှူသိဒ္ဓိဝါဝေစိပုဂ်ရှ၍ အလူကောင်း၏။ မည်သည့်လုပ်ငန်းသစ်မဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ရွှက်လှညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၇–၆–၈–၇–၈)





**၃.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့**

ပြဿဒါးရက်–၁ ရက်နှင့် နဂါးပေါ်ရက် ၁ ရက် မကောင်းရက် ၂ ရက်မိထား၍ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ခြင်း မပြုအပ်ပါ။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း– သပြေညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၁–၆–၅–၇–၈)




www.burmeseclassic.com

www.burmeseclassic.com





**၄.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့**

ပြဿဒါးရက် ၁ ရက်၊ ရှမ်းရက် ၁ ရက် မကောင်းရက် ၂ ရက်မိထားသဖြင့် လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင် ပန်း–သီဟိုဠ်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၂–၃–၇–၇–၈)





**၅.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့**

သမားညိုရက် ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက် မကောင်းရက် ၂ ရက်မိထားသဖြင့် လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ခြင်း မပြုအပ်ပါ။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင် ပန်း–ခွယ်တော်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၃–၃–၄–၇–၅)




**၆.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့**

သမားညိုရက် ၁ ရက်၊ ဝါရမိတ္တုငယ် ၁ ရက်၊ ရက်ပုပ် ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက် မကောင်းရက် ၄ ရက်မိထားသဖြင့် မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေး စတင်ထွက်ခြင်း များ မပြုအပ်။ ဆောင်ပန်း–အုန်းညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၄–၅–၉–၇–၅)




**၇.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၏။ သဗ္ဗအတ္တသိဒ္ဓိတိထိယှဉ်ရသဖြင့် ကောင်းလှ၏။ မည်သည့် လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ခရီး မသွားအပ်ပါ။ ဆောင်ပန်း–ကံ့ကော်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅–၅–၆–၇–၅)





**၈.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၏။ သဗ္ဗအတ္တသိဒ္ဓိတိထိယှဉ်ရ၍ ကောင်း၏။ မည်သည့်လုပ်ငန်း မဆို ဆောင်ရွက်ပါ။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင် ပန်း–ဆီးညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၆–၇–၁–၇–၅)




www.burmeseclassic.com

www.burmeseclassic.com




**၉.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ စနေနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်လည်းရ၍ အထူးကောင်း၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-ရွှက်လှညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၇-၇-၂-၇-၅)




**၁၀.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့**

ပြဿဒါး ၁ ရက် မိ၏။ ကျန်မကောင်းရက်များလွတ်၍ သင့်၏။ မလုပ်မဖြစ် လုပ်ရမည့်လုပ်ငန်းများ လုပ်နိုင်ပါသည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-သပြေညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၁-၇-၃-၇-၅)




**၁၁.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပို့တွဲလကွယ်၊ တနင်္လာနေ့**

ပြဿဒါး ၁ ရက် မိ၏။ မလုပ်မဖြစ် လုပ်ငန်းများသာလုပ်ပါ။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-သီဟိုဠ်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၂-၇-၈-၇-၅)



**၁၂.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၁ ရက်၊ အင်္ဂါနေ့**

သိကြားပြည်ပြဿဒါး ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်နိုင်ပါသည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-စွယ်တော်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၃-၇-၅-၅-၅)




**၁၃.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့**

ပြဿဒါး ၁ ရက်၊ သမားဖြူ ၁ ရက်၊ ရက်ပုပ် ၁ ရက် မကောင်းရက် ၃ ရက် မိထား၍ မည်သည့်လုပ်ငန်းမျှ စတင်မလုပ်သင့်ပါ။ ခရီးဝေးသွားလာခြင်းများ ရှောင်အပ်၏။ ဆောင်ပန်း-အုန်းညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၄-၅-၇-၅-၇)




www.burmeseclassic.com

www.burmeseclassic.com





**၁၄.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၃ ရက်၊ ကြာသပတေးနေ့**

သမားညို ၁ ရက်၊ သမားဖြူ ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင် မလုပ်သင့်ပါ။ အရှေ့တောင်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ကံ့ကော်ညွှန့် ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅-၅-၄-၅-၇)





**၁၅.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၄ ရက်၊ သောကြာနေ့**

သမားညို ၁ ရက်၊ သမားဖြူ ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင် မလုပ်သင့်ပါ။ အနောက်တောင်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ဆီးညွှန့် ဆောင်ပါ။ ကံကောင်းသောဂဏန်း (၃-၆-၃-၅-၇)





**၁၆.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၅ ရက်၊ စနေနေ့**

မဟာရက်ကြမ်း ၁ ရက်မိ၏။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်လည်းရ၍ ကောင်းပါသည်။ လုပ်ငန်းသစ်များ လုပ်နိုင်ပါသည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ တောင်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း– ရွက်လှုညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၇-၃-၆-၅-၇)




**၁၇.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ ရဝိယုဂ်လည်းရသဖြင့် မည်သည့်လုပ်ငန်းမဆို အပြစ်ဒေါသမှလွတ်၍ ကောင်း၏။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သပြေညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၁-၆-၁-၅-၇)





**၁၈.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၇ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်လည်းရ၏။ မည်သည့် လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သီဟိုဠ်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၂-၆-၂-၅-၇)




www.burmeseclassic.com

www.burmeseclassic.com





**၁၉.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၈ ရက်၊ အင်္ဂါနေ့**

ပြဿဒါး ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ မလုပ်သင့်ပါ။ ခရီးမထွက်သင့်ပါ။ အနောက်မြောက်အရပ်ယောဂနိသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-စွယ်တော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၃-၆-၃-၅-၇)





**၂၀.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့**

ပြဿဒါး ၁ ရက်၊ ဝါရမိတ္တုငယ် ၁ ရက်၊ ရက်ပုပ် ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက် မကောင်းရက် ၄ ရက် မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်။ ခရီးမထွက်သင့်ပါ။ ဆောင်ပန်း-အုန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၄-၄-၈-၅-၇)





**၂၁.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့**

သမားညိုရက် ၁ ရက် မိထား၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ လုပ်နိုင်ပါသည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ်ယောဂနိသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-ကံ့ကော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅-၄-၅-၅-၇)




**၂၂.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်၊ သောကြာနေ့**

သမားညိုရက် ၁ ရက်မိ၏။ သဗ္ဗအတ္ထသိဒ္ဓိယုဂ်ရသဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များလုပ်ပါ။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနိသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-ဆီးညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၆-၂-၅-၅-၇)





**၂၃.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၁၂ ရက်၊ စနေနေ့**

မကောင်းသောရက် [illegible] ပါး လွတ်၍ ကောင်း၏။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနိသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-ရွက်လှညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၇-၂-၇-၅-၇)




www.burmeseclassic.com

www.burmeseclassic.com




**၂၄.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ [illegible] ၁၃ ရက်၊ တနင်္ဂနွေနေ့**

မကောင်းသောရက် ၁၀ ပါး လွတ်၍ ကောင်းပါသည်။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သပြေညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၁–၂–၄–၅–၄)





**၂၅.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလဆန်း ၁၄ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါး လွတ်၍ ကောင်း၏။ အလုပ်အကိုင်များ ဆောင်ရွက်ပါ။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သီဟိုဠ်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၂–၁–၉–၅–၄)





**၂၆.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလပြည့်၊ အင်္ဂါနေ့**

သိကြားပြည်ပြသဒါး ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်တင့်ကောင်းမွန်ပါသည်။ လုပ်ငန်းသစ်များ လုပ်နိုင်၏။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ထန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၃–၁–၆–၅–၄)




**၂၇.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့**

လူ့ပြည်ပြသဒါး ၁ ရက် မိ၏။ မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းမျိုးလုပ်ပါ။ သင့်တင့်ကောင်းမွန်ပါသည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ခုန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၄–၄–၁–၅–၄)





**၂၈.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့**

သမားညိုရက် ၁ ရက်၊ သမားဖြူရက် ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ကံ့ကော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅–၄–၂–၅–၄)




www.burmeseclassic.com

www.burmeseclassic.com





**၂၉.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ သောကြာနေ့**

သမားညိုရက် ၁ ရက်၊ သမားဖြူရက် ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက် မကောင်းရက် ၃ ရက် မိထားသဖြင့် မည်သည့်လုပ်ငန်းမျှ စတင်မလုပ်သင့်ပါ။ ခရီးဝေးသွားခြင်းများ ရှောင်အပ်၏။ ဆောင်ပန်း–ဆီးညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၆–၆–၃–၅–၄)




**၃၀.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ စနေနေ့**

ရှမ်းရက် ၁ ရက်မိ၏။ သဗ္ဗအတ္ထသိဒ္ဓိယုဂ်ရသဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ ကောင်းပါသည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ရွက်လှုညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၇–၆–၈–၅–၄)




**၃၁.၃.၂၀၁၃ ခု၊ ၁၃၇၄ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့**

မဟာရက်ကြမ်း ၁ ရက်မိ၏။ ကျန်ရက်များ လွတ်၍ သင့်ပါသည်။ မလုပ်မဖြစ်လုပ်ကိုင်ရမည့် လုပ်ငန်းသစ်များ စတင်လုပ်ပါ။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သပြေညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၁–၃–၇–၅–၄)

**မှတ်ချက်**

၁–၃–၂၀၁၃ ခုမှ ၁၄–၃–၂၀၁၃ အထိ ဗုဒ္ဓဟူးသားသမီးများနှင့် သောကြာသားသမီးများ လဒဏ်သင့်၍ အားနည်း၏။ ခရီးဝေး မသွားသင့်ပါ။ ရေကြောင်းခရီး ရှောင်ပါ။

၁၅–၃–၂၀၁၃ မှ ၃၁–၃–၂၀၁၃ အထိ အင်္ဂါသားသမီးများနှင့် ဗုဒ္ဓဟူးမွန်းလွဲမွေးသူ ရာဟုသား သမီးများ လဒဏ်သင့်၍ အားနည်း၏။ ခရီးဝေးမသွားသင့်ပါ။ ရေကြောင်းခရီးရှောင်အပ်၏။

**ပြုအပ်သောယတြာ**

ဗုဒ္ဓဟူးသားသမီးများအနေဖြင့် ခရေညွန့် ၁၇ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်မှဘုရားကို ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သောကြာသားသမီးများအနေဖြင့် သီဟိုဠ်ညွန့် ၆ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်မှဘုရားကို ကပ်လှူပါ။ လိုရာဆုတောင်းပါ။

အင်္ဂါသားသမီးများအနေဖြင့် ဆီးညွန့် ၈ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်မှဘုရားကို ကပ်လှူပါ။ လိုရာဆုတောင်းပါ။

ဗုဒ္ဓဟူးညနေပိုင်းမွေး ရာဟုသားသမီးများအနေဖြင့် ရှောက်ညွန့် ၈ ညွန့်ကို မွေးနေ့တွင် ဆီမီး ရေချမ်းတို့ဖြင့် အိမ်မှဘုရားကို ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအတ္တာနံ ပရိဟရန္တု ... လိုရာဆန္ဒပြည့်ဝပါစေ။

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)



www.burmeseclassic.com

www.burmeseclassic.com




# တရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၃ ခုနှစ်၊ ဧပြီလ**

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်, ရှောင်ရန်နှင့်သတိပြုရန်အချက်များ

**မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

လမ်းခင်း၊ တံတားခင်း၊ မြို့ရွာ(ရပ်ရွာ)သန့်ရှင်းရေး ကုသိုလ်ကောင်းမှု အလှူအတန်းများ ကောင်းကောင်းလုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

**ရှောင်ကြဉ်ရန်အချက်များ**

စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်မှု၊ ရင်းနှီးမြှုပ်နှံမှု ခဏခေတ္တ ရပ်ဆိုင်းထားပေးပါ။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းကိုလည်း ရွှေ့ဆိုင်းထားပါ။ ဖွတ်မလုပ်ရ။ အကျိုးမဲ့ ဖြစ်တတ်ပါသည်။ ရေကြောင်းခရီးရှောင်ပါ။ လေ၊ သင်္ဘောမစီးကြရ။ သတိနှင့် ရှောင်ကြဉ်ပါလေ။ အနောက်အရပ်၊ အနောက်တောင်အရပ်၊ အနောက်မြောက်အရပ်သို့ မသွားရ။ စီးပွားရေးလုပ်ငန်း ခရီးမထွက်ရ။ ခိုက်တတ်၏။ အရှေ့အရပ် သွားနိုင်ပါသည်။

**ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

စီးပွားရေးလုပ်ငန်းအနေဖြင့် လိုင်စင်ခံပြီး အရက်ချက်လုပ်ငန်း လုပ်နိုင်ပါသည်။ မိတ်ဆုံခွေးနွေးခြင်းအားဖြင့် အကျိုးရှိမည်။ ငွေထုတ်ချေးနိုင်၏။ အကျိုးရှိ၏။

**ရှောင်ကြဉ်ရန်အချက်များ**

ရေတွင်းရေကန် မတူးဖော်ရ။ ရေမြောင်းမဖောက်ရ၊ ခိုက်တတ်ပါသည်။ အိမ်ရာမဆောက်ရ။ မီးဖိုဆောင်မပြုပြင်ရ

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

www.burmeseclassic.com

ပါ။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ လှေ၊ သင်္ဘောမစီးကြရ။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်ကံကောင်းနေ၏။ တောအမဲလိုက်နိုင်ပါသည်။ ဆံသ၊ ခေါင်းလျှော်နိုင်၏။ ပြေ(၃)ရက်နေ့၊ (၁၅)ရက်နေ့နှင့် (၂၇)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်သည်။ သစ်ဖောင် မျှောနိုင်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးသွားနိုင်ပါသော်လည်း လေကြောင်းခရီးကိုရှောင်ပါ။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းမပြုရ၊ အလုပ်နှင့် အိမ်ရာ မပြောင်းရွှေ့ကြရ။ အကျိုးမဲ့ဖြစ်တတ်၏။ ခိုက်တတ်၏။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်၏ကံကြမ္မာသည် ယခုလတွင် ကံနိမ့်နေရှာ၏။ စီးပွားရေးလုပ်ငန်းကို ခဏခေတ္တရပ်နားထားပြီး ဘာသာရေး လုပ်ငန်း၊ ကုသိုလ်ကောင်းမှုကို များများလုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

အနောက်အရပ်၊ မြောက်အရပ်သို့ မသွားကြရ၊ တောင် အရပ်၊ အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ သွား နိုင်ပါသည်။ ရေကြောင်းခရီးကို ရှောင်ပါ။ ဘေးအန္တရာယ်များ စောင့်ကြိုနေ၏။ သတိနှင့် ဆင်ခြင်ပါ။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရှီးရာကန်တော့ပွဲလုပ်လျှင် အကျိုးထူး မည်။ လုပ်ပေးပါ။ ဘိုးဘွားအုတ်ဂူ၊ သင်္ချိုင်းမြေရှင်းပေးပါ။ အကျိုးရှိ၏။ ကံကောင်းလာဖွယ်ရှိနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

မိတ်ဆုံဆွေးနွေးခြင်း၊ ငွေထုတ်ချေးခြင်း၊ လှေသစ်၊ သင်္ဘောအသစ် ရေမလွှတ်နိုင်သေး။ ခဏစောင့်ပါဦး။ အလုပ် နှင့်အိမ်ရာ မပြောင်းရွှေ့သင့်သေး။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဝက်နှစ်မွေးသူများသည် ကံနိမ့်နေရှာ၏။ စီးပွားရေး လုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်းမပြုသင့်သေးပါ။ ရင်းနှီးမြှုပ်နှံမှု ခဏခေတ္တရပ်ဆိုင်းထားပါ။ စေ့စပ်နိုင်၏။ ခရီးသွားနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း လက်ထပ်ခြင်းမပြုသင့်သေးပါ။ ခဏစောင့်ဆိုင်းပါ။ မစောင့်နိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။ ခရီးသွားနိုင်ပါသော်လည်း လေကြောင်းခရီး၊ ရေကြောင်းခရီး ကို ရှောင်ပါ။ ထို့ပြင် ဆံသ၊ ခေါင်းလျှော်ခြင်းမပြုကြရ။ ခိုက် တတ်၏။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ပြေလ (၇)ရက်နေ့၊ (၁၉)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ ခရီး ထွက်နိုင်၏။ ဈေးဆိုင်သစ်ဖွင့်နိုင်၊ တည်နိုင်၏။ ငွေထုတ်ချေး နိုင်၏။ အကျိုးရှိ၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ လှေ၊ သင်္ဘောမစီးရ၊ ဘေးများ၏။ စိုက်ပျိုးရေးနှင့် မွေးမြူရေး မလုပ်ရ၊ အကျိုးပေးမည်မဟုတ်ပါ။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်ကံကောင်းနေ၏။ တောအမဲလိုက်နိုင်၏။ ငွေထုတ် ချေးပါ။ အကျိုးရှိ၏။ ဆုတောင်းပွဲ၊ ရှီးရာကန်တော့ပွဲလုပ်လျှင် အကျိုးထူးပါမည်။ မိမိကြိုက်နှစ်သက်ရာ စီးပွားရေးလုပ်ငန်း တည်ထောင်လုပ်ကိုင်ပါ။ မိမိလုပ်သမျှ အကျိုးရှိမည်။ မိုးရွာ တုန်းရေခံပါ။ ငွေဝင်တုန်း စုဆောင်းထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

အနောက်အရပ်စူးစူး၊ တောင်အရပ်စူးစူး၊ အရှေ့တောင် အရပ်သို့ မသွားသင့်ပါ။ ရှောင်ပါ။ မရှောင်နိုင်ပါက အကျိုး ယုတ်ရပါလိမ့်မည်။ အိမ်ရာ၊ မီးဖိုချောင်မပြုပြင်သင့်သေး။ ခဏ စောင့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စိုက်ပျိုးရေးလုပ်နိုင်၏။ လက်ထပ်နိုင်၏။ အခန်း၊ ခုတင်နေရာချနိုင်၏။ ဧပြီလ (၉)ရက်နေ့နှင့် (၂၁)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်၏။ ခရီးထွက်နိုင်၏။ ရေတွင်းရေကန်တူးဖော်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးသွားနိုင်ပါသော်လည်း ရေကြောင်းခရီးကိုရှောင်ကြဉ်ပါ။ ဘေးအန္တရာယ်များလှ၏။ ရေတွင်း၊ ရေကန်တူးဖော်နိုင်ပါသော်လည်း ရေမြောင်းမဖောက်ရ။ ခိုက်တတ်၏။ မွေးမြူရေးလုပ်ငန်းမလုပ်ရ။ အကျိုးမပေးပါ။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းလုပ်လျှင် အထည်ချုပ်လုပ်ငန်း လုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ သင်္ချိုင်းမြေနင်းနိုင်ပါသည်။ မိမိ၏ ဘိုးဘွား၊ မိဘ အုတ်ဂူ၊ သင်္ချိုင်း သန့်ရှင်းရေးလုပ်ငန်းလုပ်ပေးပါ။ ကံမြင့်လာပါလိမ့်မည်။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

အနောက်မြောက်အရပ်၊ တောင်စူးစူးအရပ်၊ အနောက်အရပ်သို့ မသွားကောင်း။ ကျန်အရပ်များသို့ သွားနိုင်၏။ မြောက်အရပ်စူးစူး ခရီးထွက်နိုင်၏။ စေ့စပ်နိုင်ပါသော်လည်း လက်ထပ်ခြင်းခဏရှောင်ပါ။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိ၏ ရပ်ရွာသန့်ရှင်းရေးလုပ်ပေးပါ။ ကုသိုလ်ရယူပါ။ တရားကျင့်ပါ။ အလှူအတန်းများများလုပ်ပေးပါ။ စီးပွားရေးလျှော့လုပ်ပါ။ ဘာသာရေးလုပ်ငန်း ပိုလုပ်ပေးပါ။ ကံတိုးလာပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

အရှေ့တောင်အရပ်၊ အရှေ့အရပ်၊ တောင်အရပ်သို့ မသွားကောင်း။ ကျန်အရပ်သို့ သွားနိုင်သည်။ အရှေ့အရပ်နှင့် အနောက်အရပ်သို့ သွားနိုင်ပါသည်။ လေကြောင်းခရီးရှောင်ပါ။ ဘေးအန္တရာယ်များရှိ၏။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အလုပ်နှင့် အိမ်ရာမြေ ပြောင်းရွှေ့နိုင်၏။ ပြောင်းရွှေ့လျှင် ကောင်းမည်။ တိုးတက်ချမ်းသာမည်။ အနောက်အရပ်စူးစူး၊ အနောက်မြောက်အရပ်၊ မြောက်အရပ်စူးစူးသွားပြီး စီးပွားရေးလုပ်ငန်း၊ ကုသိုလ်ကောင်းမှုလုပ်ငန်း လုပ်ပါ။ အကျိုးရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

အနောက်တောင်အရပ်၊ တောင်အရပ်သို့ မသွားကောင်းပါ။ ခိုက်တတ်ပါသည်။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ အခန်း၊ခုတင်နေရာရွှေ့၊ နေရာချထားခြင်း မပြုလုပ်ကြရ၊ ခဏခေတ္တရှောင်ရှားပါလေ။ ထို့ပြင် ခရီးဝေးသွားရောက်ပြီး ကုန်သွယ်မှု၊ ဖောက်ကားရောင်းဝယ်မှု မပြုရ။ အရှုံးပေါ်တတ်၏။ သတိနှင့် ဆင်ခြင်ပါ။ ဈေးဆိုင်သစ်မတည်ရ။ မဖွင့်ရပါ။

**ဇောတိ–အောင်သိန်း**
**(ရန်ကုန်တက္ကသိုလ်)**

**Ref:-**
တရုတ်နက္ခတ္တဗေဒင်ပညာ
၂၀၁၃ ခုနှစ်၊
**Hong Kong (China)**





www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ဂမ္ဘီရဆရာကြီးကျူကုံး၏ အိပ်မက်အဖွင့်ကျမ်း

တက္ကသိုလ်မောင်တံခွန်

## (၁) စပျစ်(သပျစ်)ပင်ကို မြင်မက်ခြင်း

(က) အမျိုးသားက စပျစ်(သပျစ်)ပင်ကို မြင်မက်လျှင် အလုပ်ကိစ္စ ထမြောက်အောင်မြင်ပါလိမ့်မည်။

(ခ) သမီးပျိုက စပျစ်ပင်စိုက်နေသည်ကို မြင်မက်လျှင် ချမ်းသာကြွယ်ဝသော လင်ယောကျ်ားကောင်း ရရှိပါလိမ့်မည်။ အိမ်ထောင်စု၊ မိသားစုဘဝကို သုခချမ်းသာနှင့် ပြည့်စုံကုံလုံမည်။

(ဂ) သက်ကြီးပိုင်းအဘိုးအိုက စပျစ်ပင်ကို မြင်မက်လျှင် သက်ရှည်ကျန်းမာရပါလိမ့်မည်။

(ဃ) ကုန်သည်က သူတစ်ပါးသည် စပျစ်ပင်စိုက်ပျိုးနေသည်ကို မြင်မက်လျှင် ဈေးရောင်းရာတွင် အခက်အခဲ၊ အတားဆီးများနှင့် ကြုံတွေ့မည်။

(င) အကျဉ်းသားက သူများသည် စပျစ်ပင်စိုက်ပျိုးနေသည်ကို မြင်မက်လျှင် ထောင်ကျရက် ရှည်လျားရပါလိမ့်မည်။

(စ) တရားခံက သူများသည် စပျစ်ပင်စိုက်ပျိုးနေသည်ကို မြင်မက်လျှင် အကျဉ်းထောင်ပြောင်းကာ ဆက်လက်ထောင်ကျကိန်းရှိမည်။

(ဆ) လူနာက စပျစ်သီးအခြောက်ပင်ကို မြင်မက်ရပါလျှင် ရောဂါအခြေအနေ ဆိုးလိမ့်မည်။

(ဇ) ဈေးသည်က စပျစ်သီးအခြောက်ပင်ကို မြင်မက်လျှင် အရှုံးပေါ်လိမ့်မည်။

## (၂) အခြေအနေအမျိုးမျိုးကို မြင်မက်ခြင်း

(က) သူများ ဝမ်းသာပီတိဖြစ်နေကြသည်ကို မြင်မက်လျှင် မကြာမီ မကောင်းသတင်းကြားရပါလိမ့်မည်။

(ခ) အိမ်ထောင်ရှင်အမျိုးသမီးက သူများဝမ်းမြောက်ဝမ်းသာပီတိဖြစ်နေကြသည်ကို မြင်မက်လျှင် အငြင်းပွားမှု အနိုင်ရရှိမည်။

(ဂ) သူတစ်ပါးက ဝမ်းနည်းကြေကွဲနေကြသည်ကို မြင်မက်လျှင် မိမိမိသားစု သုခချမ်းသာနှင့် ပြည့်စုံရပါလိမ့်မည်။

(ဃ) ကိုယ်ဝန်ဆောင်အမျိုးသမီးက ပျော်ရွှင်မြူးထူးစွာ ကစားနေကြသော ကလေးများကို မြင်တွေ့လျှင် သားယောကျ်ားလေး မွေးဖွားရပါလိမ့်မည်။

(င) လူနာက သူများဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်နေကြသည်ကို မြင်မက်လျှင် ရောဂါဆိုးသွမ်းနေဦးမည်။

## (၃) တွေ့ဆုံရသည်ကို မြင်မက်ခြင်း

(က) ကုန်သည်က မိမိထက်အသက်ကြီးသူကို တွေ့ဆုံရပါလျှင် ဈေးရောင်းထိုင်း၍ အရှုံးပေါ်လိမ့်မည်။

(ခ) အိမ်ထောင်ရှင်မက မိမိထက် အသက်ကြီးသူကို မြင်မက်လျှင် အိမ်တွင်းရေးရှုပ်ထွေးရပါလိမ့်မည်။

(ဂ) ဘုရားဖူးသွား၍ လူကြီးကို မြင်တွေ့ရပါလျှင် စိတ်သောကရောက်ရပါလိမ့်မည်။

(ဃ) ပျော်ပွဲစားခရီးထွက်ပြီး မိတ်ဆုံကြရသည်ကို မြင်မက်



www.burmeseclassic.com

www.burmeseclassic.com

လျှင် ဂုဏ်သတင်းကြီးလိမ့်မည်။ နာမည်ကျော်ကြား မည်။
(င) ဆွေမျိုး၊ မိတ်ဆွေနှင့် ဆုံတွေ့ရကြောင်း မြင်မက်လျှင် အငြင်းပွားမှု ပြဿနာနှင့် ကြုံတွေ့ရပါလိမ့်မည်။
(စ) အထက်အရာရှိက လက်အောက်ငယ်သား၊ ဝန်ထမ်းကို သွားရောက်စစ်ဆေးကြောင်း မြင်မက်ရပါလျှင် မိမိမကြာမီ ရာထူးလျှော့ကျရပါလိမ့်မည်။ သို့မဟုတ် ရာထူးရပ်စဲခြင်းခံရမည်။

## (၄) မီးတောင်ကို မြင်မက်ခြင်း

(က) အမျိုးသားက မီးတောင်ပေါက်ကွဲနေသည်ကို မြင်မက်လျှင် စိတ်ပျက်စရာ ကြုံတွေ့ရပါလိမ့်မည်။
(ခ) အိမ်ထောင်ရှင်မ အမျိုးသမီးက မီးတောင်ပေါက်ကွဲနေသည်ကို မြင်မက်လျှင် အနာရောဂါဟောင်း ပြန်ထရပါလိမ့်မည်။
(ဂ) လူနာက မီးတောင်ပေါက်ကွဲနေသည်ကို မြင်မက်ရလျှင် ရောဂါပျောက်ကင်းချမ်းသာရပါလိမ့်မည်။
(ဃ) အကျဉ်းသား၊ တရားခံက ထောင်ကျော်ကြောင်း မြင်မက်ရပါလျှင် ထောင်ကျရက်ရှည်လိမ့်မည်။
(င) ကုန်သည်က မီးတောင်ပေါက်ကွဲနေသည်ကို မြင်မက်လျှင် ဈေးရောင်းထိုင်းကာ အရှုံးပေါ်လိမ့်မည်။
(စ) မီးတောင်အသေကို မြင်မက်လျှင် မိတ်ကောင်းဆွေကောင်းအသစ်ကို ဆုံတွေ့ပေါင်းသင်းရပါလိမ့်မည်။ စပ်တူလုပ်လျှင် ကြီးပွားမည်။
(ဆ) မိမိသည် မီးတောင်အောက်၌ လမ်းလျှောက်နေကြောင်း မြင်မက်လျှင် အလုပ်အကိုင် အတည်တကျမဖြစ်ပါ။

## (၅) ပျို့အန်၊ အော့အန်နေသည်ကို မြင်မက်ခြင်း

(က) အမျိုးသားက အခြားသူ ပျို့အန်၊ အော့အန်နေသည်ကို မြင်မက်လျှင် မိမိ၏အလုပ်ကိစ္စ၊ အကြံအစည် ထမြောက်အောင်မြင်ရပါလိမ့်မည်။
(ခ) အိမ်ထောင်ရှင်အမျိုးသမီးနေသည်ကို မြင်မက်လျှင် ကိုယ်ဝန်ရရှိပါလိမ့်မည်။
(ဂ) ကိုယ်ဝန်ဆောင်အမျိုးသမီးက ပျို့အန်နေသည်ကို မြင်မက်လျှင် လွယ်ကူစွာ မွေးဖွားရပါလိမ့်မည်။
(ဃ) လူနာက အော့အန်နေသည်ကို မြင်မက်လျှင် မကြာမီ ရောဂါပျောက်ကင်းချမ်းသာမည်။
(င) သူများက အော့အန်နေသည်ကို မြင်မက်လျှင် မကြာမီ နာဖျားကာ ရောဂါရရှိမည်။
(စ) ရန်သူ၊ မုန်းသူ အော့အန်နေသည်ကို မြင်မက်လျှင် မိမိက ရန်သူအား အရှုံးပေးရပါလိမ့်မည်။

## (၆) မဲဆန္ဒပေးခြင်းကို မြင်မက်ခြင်း

(က) မိမိက သူများသည် မဲဆန္ဒပေးသည်ကို မြင်မက်လျှင် ကံဆိုးမိုးမှောင်ကျပါလိမ့်မည်။
(ခ) အိမ်ထောင်ရှင်အမျိုးသမီးက သူများ မဲဆန္ဒပေးနေသည်ကို မြင်မက်လျှင် လင်မယား မသင့်မမြတ်ဖြစ်လိမ့်မည်။ အချင်းများမည်။ အငြင်းပွားမည်။
(ဂ) သူများက မိမိအား မဲဆန္ဒပေးနေသည်ကို မြင်မက်လျှင် နာမည်ကြီးမည်။ ဂုဏ်သတင်းများ ကျော်ကြားမည်။
(ဃ) သူများက မိမိ(အမျိုးသမီး)ဖြစ်သူအား မဲဆန္ဒပေးနေသည်ကို မြင်မက်လျှင် မိမိ၏ဂုဏ်သတင်း ကျဆင်းဖွယ်ရှိမည်။
(င) ကုန်သည်က မိမိမဲဆန္ဒအပေးခံရသည်ကို မြင်မက်လျှင် စီးပွားရေးပြိုင်ဘက်နှင့် တွေ့ရဆုံရ ပြိုင်ရပါလိမ့်မည်။ မိမိအနိုင်ရ၍ ငွေကြေးများ ပြောက်မြားစွာဝင်မည်။ လက်ထဲ၌ ငွေရွှင်မည်။ ဈေးရောင်းကောင်းမည်။ စိတ်ချမ်းသာမည်။
(စ) လူအုပ်စုက မဲဆန္ဒပေးနေကြသည်ကို မြင်မက်လျှင် မိမိကုန်ကျစရိတ်များမည်။ ထွက်ငွေများမည်။
(ဆ) မိမိအား ကန့်ကွက်မဲပေးကြောင်း ကြားသိမြင်မက်လျှင် အစော်ကားခံရပါလိမ့်မည်။
(ဇ) လူနာက မဲဆန္ဒပေးနေသည်ကို မြင်မက်ရပါလျှင် မကြာမီ ရောဂါပျောက်ကင်းချမ်းသာရပါလိမ့်မည်။
(ဈ) အကျဉ်းသား၊ တရားခံက မဲဆန္ဒပေးနေသည်ကို မြင်မက်လျှင် မကြာမီ ထောင်မှလွတ်မြောက်ရပါလိမ့်မည်။ ကံကောင်းလိမ့်မည်။

တက္ကသိုလ်မောင်တံခွန်

Ref:- တရုတ်အိပ်မက်အဖွင့်ကျမ်း
(ဟိုင်နန်မြို့၊ တရုတ်ပြည်)၊ ၁၉၉၃ ခုနှစ်။





www.burmeseclassic.com

www.burmeseclassic.com

# တွံတေးတောကြီးတန်း (မှ) မောင်းတော်ချုပ်ဆရာတော်ကြီး

## ကောင်းမြတ်(ခရာတော)



မောင်းတော်ချုပ်ဆရာတော်ကြီးရုပ်ထုတော်

တွံတေးတောကြီးတန်းအကြောင်း ရေ မည်ဆိုလျှင် လုံးဝချန်လှပ်၍မရသော ဆရာ တော်ကြီးတစ်ပါး ရှိခဲ့လေသည်။ ထိုဆရာတော် ကြီးမှာ မောင်းတော်ချုပ်ဆရာတော်ကြီးဟု လူ သိများခဲ့သော ဆရာတော်ကြီးဘဒ္ဒန္တနန္ဒပင် ဖြစ် လေသည်။ တွံတေးတောကြီးတန်း မောင်းတော် ချုပ် သက်သတ်လွတ်နယ်မြေနှင့် ဆရာတော် ကြီး၏ ကြိုးပမ်းစွမ်းဆောင်ချက်များသည် အံ့ဖွယ်ဘနန်းရှိခဲ့သည်ကို လေ့လာသူများအ ဖြင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် အလျဉ်းသင့်သ ရေးသားတင်ပြခဲ့သည်ကိုလည်း လေ့လာဖတ် ခဲ့ရလေသည်။

ဆရာတော်ကြီး၏ သာသနာပြု ဆော ရွက်မှုများသည် ပြောစမှတ်ဖြစ်အောင် ကျန်ရ ခဲ့သည်သာမက မျက်မြင်ဒိဋ္ဌတွေ့မြင်နေရသော သာသနိကအဆောက်အဦများအပြင် မောင်း တော်ချုပ်အဝင်မုခ်ဦးမှ မောင်းတော်ချုပ် သက် သတ်လွတ်နယ်မြေအထိ ယခင်လူသွားလမ်း (ယခု ကားလမ်း၊ ဆိုင်ကယ်ကယ်ရီလမ်း ကို ဖောက်လုပ်ပေးခဲ့သလို၊ မောင်းတော်ချု ကျောင်းမှတစ်ဆင့် အလံအုပ်ကျေးရွာကို ဖြတ် ကျော်၍ ကျိုက်ပါစေတီတော်မြတ်အထိ လူသွား လမ်းများ ဖောက်လုပ်ပေးခဲ့သည်။ (ယခု ကာ လမ်းဖြစ်နေပြီ။)

ကိုးကြိမ် မောင်းတော်ချုပ်သက်သတ် လွတ်နယ်မြေတွင် သတ္တဌာနစေတီတော်များ အား ဗုဒ္ဓဂယာပုံစံအတိုင်း တည်ထားပူဇော်

www.burmeseclassic.com



မင်္ဂလာကန်ပေါ်အေး စေတီမုခ်ဦးနှင့် စေတီတော်

လေသည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ သွားရောက် မဖူးမြော်နိုင်သူများအတွက် ည်ရုံးကာ ပုံတူထုလုပ် ပူဇော်ပေးထားခဲ့ လေသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသို့ သွားရောက်နိုင်သူများအဖို့ ဗောင်းတော် ချုပ်သတ္တဌာနတွင် စေတီတော်များကို ဖူး မြော်နိုင်ကြပြီဖြစ်လေသည်။ ဆရာတော် ကြီးသည် စတုရန်းပုံသဏ္ဌာန် မင်္ဂလာ ကန်ပေါ်အေးစေတီတော်နှင့် သောက်ရေ ကန်ကြီးကိုလည်း ကြီးကျယ်ခမ်းနားစွာ ခြင်း မည်သည့် အင်ဂျင်နီယာ၊ မည်သည့် စက်ယန္တရားမှမပါဘဲ တင့်တယ်လှပပြီး မြင်ရသူတိုင်း ကျက်သရေအပေါင်းနှင့် ပြည့်စုံသော မင်္ဂလာကန်တော်နှင့် အချိုး ကျသော ရေလယ်စေတီတော်တို့ကို ဆောက်ပူဇော်ထားရှိခဲ့လေသည်။ စေတီ တော်နှင့် လူသွားစကြံလမ်း(ကွန်ကရစ် လမ်း)သည် အရှေ့နှင့်အနောက်၊ တောင် နှင့်မြောက် ကမ်းစပ်မှ ရေလယ်စေတီ တော်သို့ ဖောက်လုပ်ထားသည်မှာလည်း ထူးခြားလှပေသည်။ ထိုသို့ဖောက်လုပ် ထားသဖြင့် ရေကန်တော်နှင့် တံတား စေတီတော်တို့သည် လွန်စွာမှ ပန်ရလှပေ သည်။

ထိုသို့သော စေတီကျောင်းကန် လမ်းများနှင့်အတူ ဆရာတော်ကြီး တူး ဖော်ပေးခဲ့သော မင်္ဂလာကန်နှင့် ကန်ပေါ် အေးစေတီတော်၏ ဂန္ဓကုဋိတိုက်အတွင်း ရှိ မြတ်စွာဘုရားရုပ်ပွားတော်နှင့် မဟာ ဗောဓိပင်ရုပ်တုအတွင်း၌ နှစ်စဉ်မပြတ် စဉ်ဆက်ပေါက်ဖွားနေသော စပါးကြီး၊ စပါးအုံး မြွေအကောင်ရေ (၂၁)ကောင် ခန့် ခိုလှုံနေကြသည်ကို တွေ့မြင်ခဲ့ရလေ သည်။ ထိုမြွေကြီးများသည် ဘုရားဖူးများ အား လုံးဝရန်ပြုခြင်းမရှိသည့်အပြင် ထို ဗောဓိပင်ရုပ်တု၏ အကိုင်းများတွင် အေး ငြိမ်းစွာ နေထိုင်ကြသည်ကို တွေ့မြင်ခဲ့ရ သည်။

ဗောင်းတော်ချုပ်ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒအား ၁၂၆၁ ခု၊ တပို့တွဲလဆန်း (၁၂)ရက်နေ့ (၁၀–၂–၁၉၀၀)နေ့ စနေ နေ့တွင် ညောင်တုန်းမြို့နယ်၊ ချောင်းကြီး ကျေးရွာတွင် ခမည်းတော် ဦးပန်းဖြူ၊ မယ်တော် ဒေါ်လှအေးတို့မှ ဖွားသန့်စင် ခဲ့သည်။ မွေးချင်း(၃)ဦးအနက် ဒုတိယ မြောက်သားဖြစ်သည်။ ငယ်နာမည်မှာ မောင်ထွန်းစိန်ဖြစ်သည်။ အရွယ်ရောက် ၍ ပညာသင်ကြားရာ ရန်ကုန်မြို့၊ အလုံ ကျူရှင်ကျောင်း၌ သတ္တမတန်းအထိ ပညာ သင်ကြားခဲ့သည်။

ကျောင်းမှထွက်ပြီး အစိုးရမြေ စာရင်းဌာနတါင် အမှုထမ်းစဉ် မျက်စိ ဝေဒနာစွဲကပ်၍ ကျန်းမာရေးချို့ယွင်းလာ သဖြင့် အလုပ်မှအနားယူခဲ့ရသည့် အသက် (၂၅)နှစ်အရွယ် ၁၂၈၆ ခုနှစ်တွင်၊ ညောင် တုန်းမြို့နယ်၊ ဂံကျောင်းကျေးရွာ၊ ဂံ ကျောင်းဆရာတော်၊ ဦးအဂ္ဂစာရိတ္တဝဏ္ဏ အား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခဲ့သည်။ ဘွဲ့ တော်မှာ အရှင်နန္ဒဖြစ်သည်။ ရဟန်း သိက္ခာ (၁၅)ဝါအထိ လှည့်လည်တရား အားထုတ်ခဲ့သည်။ တရားဓာတ်ခံရရှိလာ သောအခါ ကျိုက်ထီးရိုးတောင်တွင် တောရဆောက်တည်ရန် ခရီးထွက်ခဲ့စဉ် တွံတေးတောကြီးတန်းတာဝဆိပ်ကမ်းတွင် ပါရမီဓာတ်ခံတို့က နှိုးဆော်လာ၍ ဆိပ် ကမ်း၌ ဆင်းသက်ခဲ့ပြီး ခြေလျင်ခရီးဖြင့် စတင်ခဲ့ရာ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံ ကုန်းမြို့နယ်အစပ်ရှိ ကသစ်ကုန်းကျေးရွာ သို့ ၁၃၀၁ ခု၊ ဝါဆိုလပြည့်ကျော် (၁)ရက် နေ့ရောက်ရှိခဲ့လေသည်။ ထိုကာလသည် ရဟန်းတော်များ ဝါကပ်ရန် အချိန်ဖြစ်နေ ၍ ဝါကပ်ရန် တောတွင်းသို့ဝင်ရောက်ခဲ့ လေသည်။ ထို့နောက် လူမရှိသော တဲ ငယ်တစ်လုံးကို တောင်ကမူပေါ်တွင် တွေ့ မြင်သဖြင့် အရှင်ရှိလျှင် ခွင့်ပန်၍ ဝါကပ် မည်ဟု နှလုံးသွင်းလျက် ပုရိမဝါကို ဝါ ကပ်တော်မူ၏။

ထိုညတွင် ဥယျာဉ်ခြံပိုင်ရှင် ဦးပုည တို့ဇနီးမောင်နှံသည်လည်း ထူးခြားသော အိပ်မက်ကို မြင်မက်သည်။ သူတော်တစ်ပါးဟာ မိမိတို့ခြံအတွင်းသို့ ရောက်လာပြီး ဆွမ်းကပ်ရန် တိုက်တွန်းနိုးဆော်ပြီး




www.burmeseclassic.com


www.burmeseclassic.com

ပျောက်ကွယ်သွားသည်ဟု မြင်မက်သည်။ ထို့ကြောင့် နံနက်လင်းသည်တွင် ဥယျာဉ်ခြံသို့ သွားရောက်ကြည့်ရှုရာ ဆရာတော်ကို ဖူးတွေ့ရလေသည်။ ထိုအခါ ဦးပုညတို့ ဖနီးမောင်နှံမှ ဆရာတော်အား ဝါတွင်း (၃)လ ကာလပတ်လုံး ဆွမ်းမပြတ် ဆက်ကပ်လှူဒါန်းကြသည်။ ထိုအချိန်မှစ၍ ဆရာတော်ကြီးသည် သက်သတ်လွတ် ဘုဉ်းပေးခဲ့သည်။ ဤသည်ကား ဆရာတော်ကြီး၏ သာသနာပြုခရီးအစဟု ပြောရပေလိမ့်မည်။

ဝါကျွတ်လျှင် တောကြီးတန်း အတွင်း လှည့်လည်တရားအားထုတ်ခဲ့ပြီး တလုက္ကော်ကျေးရွာအနီး၊ ဘာလီကုန်းကျေးရွာသို့ ရောက်ခဲ့လေသည်။ ထိုရွာတွင် ဒကာမများ လျှောက်ထားမှုကြောင့် တစ်ဝါဆိုခဲ့ရသည်။ ဗောင်းတော်ချုပ်စေတီတော်ရှိရာ ဒေါက်ရစ်ကုန်းအရပ်၌ ဒကာ၊ ဒကာမများအား တစ်ဆုပ်ဆန်ကို ဖယ်ထားစေ၍ ဗောင်းတော်ချုပ်စေတီကို ၁၃၀၃ ခုနှစ်တွင် ထီးတော်တင်လှူနိုင်ခဲ့သည်။ ဘုရားပရဝုဏ်အနီးတွင် ဝါးကျောင်းလေးဖြင့် သီတင်းသုံးနေစဉ်



ဆရာတော်ကြီး ပြုပြင်ခဲ့သည့် ကျိုက်ဖူး ကျိုက်ပါ စေတီတော်



မင်္ဂလာကန်ပေါ်အေးစေတီ

ကျောင်းဝင်းအတွင်း (အောင်)စေတီ[...] တည်ထားပူဇော်ခဲ့သည်။ ထို့နောက် [...] ယွင်းပျက်စီးနေပြီဖြစ်သော ကျိုက်ဖူ[...] ကျိုက်ပါစေတီတော်နှစ်ဆူအား ပြုပြင်[...] ခဲ့လေသည်။ ထို့အပြင် ကော့မှူးငု[...] အော်စမ်းကျေးရွာအနီး စေတီ(၃)ဆူ၊ [...] တေးမြို့နယ်၊ ရွှေပေါက်ခုပ်ကျောင်းအတွ[...] ရှိ စေတီတော်တစ်ဆူ၊ နန်းတော်ကု[...] သီလရှင်ကျောင်းတိုက်အတွင်းရှိ [...] ဟောင်းစေတီတော်တစ်ဆူ၊ သဝန်း[...] ရွာ၊ ပြည်တော်သာစေတီတစ်ဆူ မှ[...] တည်ထားပေးခဲ့သည်။


ဆရာတော်ကြီးသည် တွံ[...] တောကြီးတန်းသာမက မြန်မာပြ[...]

www.burmeseclassic.com

www.burmeseclassic.com

အလယ်ပိုင်း မိတ္ထီလာမြို့ ရှမ်းတဲလေတပ်စခန်းအနီးတွင် စေတီတော်တစ်ဆူအား အဓိဋ္ဌာန်အရ သွားရောက်တည်ခဲ့ပြန်သည်။ တွံတေးမြို့နယ်၊ ကံပဲကျေးရွာအနီး ရွှေနံ့သာကုန်းမြေဧက(၃၀)ခန့် မြေနေရာတွင် ၁၃၂၉ ခု၊ ဝါခေါင်လပြည့် (၂၁-၇-၆၇) မဟာဗောဓိစေတီတော်ကို အုတ်မြစ်ချခဲ့ပြီး သတ္တဋ္ဌာနစေတီတော်များကို ဆက်လက်တည်ထားဆောင်ရွက်တော်မူပါသည်။ မြောက်ဘက်၌ ဂန္ဓကုဋိတိုက်တော်စေတီကိုလည်း တည်ထားသည်။ အနောက်ဘက်တွင် မင်္ဂလာကန်ဒေါ်အေးစေတီနှင့် မဟာမင်္ဂလာကန်ကို တူးဖော်၍ တည်ထားပေးခဲ့လေသည်။ ထိုရေကန်တူးစဉ်က ကျေးရွာအသီးသီးမှ လုပ်အားပေးများသည် မိမိထမင်းထုပ်ဖြင့် ချက်ပြုတ်ကာ လာရောက်လုပ်အားပေးကြခြင်းဖြစ်သည်။ ထို့နောက် ဗုဒ္ဓဂယာသိမ်တော်ကြီးနှင့် ဓမ္မာရုံများ၊ ကျောင်းများ၊ သီလရှင်ဇရပ်များ များစွာကို တည်ဆောက်ပေးခဲ့လေသည်။

ထို့အပြင် မအူပင်မြို့ စိမ်းမြကန်သာစေတီ၊ ကျိုက်လတ်မြို့နယ်ဥယျာဉ်ဝရွာတွင် မဟာဗောဓိ၊ သတ္တဋ္ဌာနစေတီတော်၊ ညောင်တုန်းမြို့နယ်၊ ချောင်းကြီးကျေးရွာတွင် ဆရာတော်ကြီး၏ ဩဝါဒဖြင့် မဟာဗောဓိစေတီတော်ကို တပည့်ဒါယကာ၊ ဒါယိကာမများဖြင့် တည်ထားပေးခဲ့ပြန်သည်။ ဆရာတော်ကြီးသည် ပယောဂဝေဒနာရှင်များနှင့် စိတ္တဇဝေဒနာရှင်များအား မေတ္တာစွမ်းဖြင့် ကုသပေးကာ ဆရာတော်ကြီး၏ မေတ္တာရေစင်များ သောက်သုံးခြင်းဖြင့် ရောဂါဝေဒနာများ ပျောက်ကင်းစေခဲ့သည်။ ဆရာတော်ကြီးသည် ဘုရားကျောင်းကန်စေတီပုထိုး ရေတွင်း ရေကန် တူးဖော်ခြင်း အစရှိသော သာသနာရေးဆောင်ရွက်မှုများ ကြိုးပမ်းဆောင်ရွက်တော်မူသည်သာမက ခုနစ်ရက်သားသမီးများအား တရားအားထုတ်ရှုမှတ်စေခြင်း၊ ဝေဒနာများလည်း ပျောက်ကင်းအောင်ကုသပေးနိုင်ခြင်းတို့ကြောင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို မျှတအောင် ထမ်းဆောင်ကြိုးပမ်းတော်မူခဲ့သော ဆရာတော်ကြီးပင် ဖြစ်ပါသည်။




ယခုအခါ ဆရာတော်ကြီး ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သော သာသနာ့အဆောက်အအုံများနှင့် စေတီပုထိုး ကန်ကျောင်းများသည် တွံတေးတောကြီးတန်းတွင် အထင်ကရပင် မျက်ဝါးထင်ထင် ဖူးတွေ့နေရဆဲဖြစ်၏။ အထူးသဖြင့် ဆရာတော်ကြီး ဂူဗိမာန်တွင် အလွန်ထူးခြား၍ ဂမ္ဘီရဆန်သော အင်းကွက်များ၊ စများဖြင့် ထုံမွမ်းနေသည်ကို တွေ့မြင်ရဆဲ ဖြစ်သည်။ ဗောင်းတော်ချုပ်မုခ်ဦးမှ ကားလမ်းအတိုင်း ဝင်ရောက်လာလျှင် ဆရာတော်ကြီး၏ ရုပ်တုတော်နှင့် ထေရုပ္ပတ္တိအကျဉ်း ကမ္ပည်းကျောက်စာကို ဖူး





www.burmeseclassic.com

www.burmeseclassic.com



တွေ့ရမည် ဖြစ်ပါသည်။ ဆရာတော်ကြီး သည် ရုပ်တုတော်၏ မျက်နှာချင်းဆိုင် တွင် ဗုဒ္ဓဂယာ သတ္တဌာနစေတီတော်များ ကို ဖူးတွေ့ရသည်။ ရုပ်တုတော်၏ လက်ျာဘက်လမ်းတိုင်းသွားပါက ဆရာ တော်ကြီး၏ ရုပ်ကလာပ်တော် ဂူသွင်း' ထားရာ သိမ်တော်ကြီးကို ဖူးတွေ့ရမည် ဖြစ်ပါသည်။

ဆရာတော်ကြီး၏ ရုပ်တုတော် အနောက်မှ ကားလမ်းအတိုင်း ဆက် လက်သွားပါက ဝဲဘက်တွင် ဘုန်းတော် ကြီးကျောင်းများကို မြင်တွေ့ရပြီး ကွန် ကရစ်တံတားသည် စမ်းချောင်းလေးအား ဖြတ်ကျော်တည်ဆောက်ပေးထားသည်။ ထိုတံတားလွန်သည်နှင့် မင်္ဂလာကန်ပေါ် အေးစေတီတော်ကို ရေကန်အလယ်၌ သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်သည်။ ကန် ပေါ်အေးစေတီမှခ်ဝမှ ကားလမ်းအတိုင်း ကုန်းကမူအတက်လမ်းအတိုင်း တက် သွားပါက လက်ျာဘက်တွင် လှပစိမ်းဆို သော လယ်ကွင်းပြင်များကို တွေ့မြင်ရ ပြီး ထိုမြင်ကွင်းကျော်လွန်သွားသည်နှင့် ညို့မှိုင်းအုံ့ဆိုင်းနေသော ဝါးရုံတောကြီးကို တွေ့မြင်ရပြီး ထိုဝါးရုံတောကြီးများ၏ မျက်နှာချင်းဆိုင်တွင် ဆရာတော်ကြီး သီတင်းသုံးခဲ့သော ဗောင်းတော်ချုပ် ကျောင်းတော်ကြီးကို ကြီးကျယ်ခမ်းနား စွာ တွေ့မြင်ရသည်။ ထိုကားလမ်းအတိုင်း ဆက်လက်သွားပါက အလံအုပ်ရွာနှင့် ဆရာတော်ကြီးပြုပြင်ခဲ့သော ကျိုက်ပါ စေတီတော်အား သွားရောက်ကြည်ညိုနိုင် မည်ဖြစ်ပါသည်။

ယခုအခါ ဆရာတော်ကြီး၏ ကြိုး ပမ်းဆောင်ရွက်မှုများကြောင့် ဗောင်းတော် ချုပ် သက်သတ်လွတ်သာသနာ့နယ်မြေ သည် အလွန်ပင်စည်ကားသာယာလျက် ရှိပြီး နှစ်စဉ်သင်္ကြန်ကာလများတွင် ဗောင်း တော်ချုပ်သာသနာ့နယ်မြေတွင် ဒုလ္လဘ ရဟန်းခံပျူသူများ အနယ်နယ်အရပ်ရပ်မှ လာရောက်သက်နှင်းဝတ်သဖြင့် လွန်စွာ စည်ကားသည်ကို တွေ့ရသည်။ ထို့အပြင် အခါကြီးရက်ကြီးများ၊ ဥပုသ်နေ့များတွင် လည်း ဗောင်းတော်ချုပ်သာသနာနယ်မြေ နှင့် ကျိုက်ပါစေတီတော်မြတ်အား လာ ရောက်ဖူးမြော်သူ ဘုရားဖူးယာဉ်များဖြင့် စည်ကားလှသည်ကို တွေ့ရှိရပေသည်။

ဆရာတော်ကြီး၏ မေတ္တာငွေ့ကို လာရောက်ခိုလှုံနေထိုင်ကြသော မြွေကြီး များကိုလည်း ကန်ပေါ်အေးမင်္ဂလာစေတီ လိုဏ်အတွင်း မဟာဗောဓိပင်ရုပ်ထုတော် တွင် တွေ့မြင်ကြရမည် ဖြစ်သည်။ ထို ကန်ထဲတွင် များစွာသောငါးများ မွေးမြူ ထားသဖြင့် အလုပ်ပိတ်ရက်တွင် အနား ယူရင်း ကုသိုလ်ယူကြသူများ ငါးစာကျွေး သူများကိုလည်း တွေ့မြင်ရလေ၏။

ဤကဲ့သို့ တွံတေးတောကြီးတန်းမှ ဗောင်းတော်ချုပ်သက်သတ်လွတ်နယ်မြေ ကြီး ယခုကဲ့သို့ သာသနိက အဆောက် အဦများ၊ စေဆီပုထိုးများ တည်ထားပေ ခဲ့သော ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒသည် ဒါန၊ သီလ၊ ဘာဝနာပွားများ ကိုယ်တ တိုင်အားထုတ်ပြီး ဒကာ၊ ဒကာမများအား လည်း တရားရေအေးတိုက်ကျွေး၊ အကျင့် သီလဆောက်တည်စေခဲ့ပြီး သက်တော် ၈၅၊ သိက္ခာတော် ၆၀ အရွယ်တွင် ၁၃၄ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ အင်္ဂါနေ့ တွင် ၂၂–၁–၈၅ ခုနှစ်တွင် ခန္ဓာဝန်ချ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပေသည်။

စာရေးသူသည် ဗောင်းတော်ချုပ် သက်သတ်လွတ် သာသနာ့နယ်မြေ အတွင်းသို့ သွားရောက်ဖူးမြော်ကြည်ညို နေရင်းက ဆရာတော်ကြီး၏ ကြိုးပမ်းမှု များကို ဝမ်းသာပီတိဖြစ် လှိုက်လှဲစွာ နှိုး ဦးခိုက်ပူဇော်မိရင်း ဆရာတော်ကြီး၏ အဆုံးမစကားဆောင်ပုဒ်များကို တီးတိုး ရွတ်ဆို ပူဇော်နေမိသည်။ ဆရာတော်ကြီး အဆုံးအမများမှာ –

ခန္ဓီမူလ မာန်ကိုချ
ဒေါကိုပယ် မေတ္တာလွယ်
သတ္တဝါများ မေတ္တာထား
သားစားရှောင်ကြဉ်ပါ။

လောကုတ္တရာဆိုတာ ကိုယ်ကျင့် တရားဟာ အဓိက။

လောကခံသဘော ကြုံတွေ့ရင် သတ္တိရှိရှိ သည်းခံပါ။

**ထောင်းမြတ်(ခရာဧဒေ)**



www.burmeseclassic.com

www.burmeseclassic.com

သဲပုံစေတီ (၆၀၀၀၀) ခြောက်သောင်းနှင့်

# ဒေါင်းစကြာ အမေဟာ



ယခင်အပတ်မှအဆက်

ဝန်ကြီးချုပ်ဦးနု ညွှန်ကြားချက်အရ တပြည်လုံး၌ သဲပုံစေတီ (၆၀၀၀၀) တည်ခဲ့ရာ မန္တလေးမြို့ဘုရားကြီး (၄၅)တာအတွင်း ၁၃၂၃ ခု၊ နတ်တော်လဆန်း(၂)ရက် စနေနေ့ နံနက်က တည်ခဲ့သော သဲပုံစေတီ



www.burmeseclassic.com

www.burmeseclassic.com


(၆၀၀၀၀)ဟောကိန်းကို သတင်းစာများက ဤသို့ဖေါ်ပြခဲ့၏။

Regd.No 193

မြန်မာ့လမ်းစဉ်

THE MYANMA LANZIN

သပုံစေတီနှင့် နတ်ကွန်းယတြာချေပပေမည်

ဝန်ကြီးချုပ် ဦးနု ပြဇာတအာဏာ ကျဆင်းရမည် မဟုတ်ဟု ဆိုခြင်း

တပါးသူ မယား ချစ်တင်း နှောမရလို လင်ကို ဓိုင်းရိုက် ကြံသည့် ရန်ကုန်သားများ

ဥက္ကဋ္ဌရောဂါ ပ ထ စ ချင်း လုကြမည်

၆၀၀၀၀ မျှ အရေအတွက်ရှိသော သပုံစေတီများကို ၁၃၂၃-ခု နတ်တော်လဆန်း (၂)ရက်နေ့ နံနက် (စနေနေ့)က မကြုံစဖူး ထူးကဲလှစွာ မြို့ရွာအနှံ့အပြား တပြည်လုံးတွင် ဝန်ကြီးချုပ် ဦးနု၏ ညွှန်ကြားချက် ဆန္ဒအရတည်ခဲ့သည့် (သံ)ယတြာ နှင့်ပတ်သက်၍ လောကီပညာရှင်များ သတင်းစာ ဆရာများနှင့် တိုင်းရေးပြည်ရေးကို စိတ်ဝင်စားကြကုန်သော ပုဂ္ဂိုလ်များက နေ့စဉ်နှင့်အမျှ စုံစမ်း မေးမြန်းကြခြင်းများအား လောကီပညာများကို အခြေခံ၍ ဒေါင်းစကြာလှလင်သည် ၁၉၆၂-ခု၊ ဒီဇင်ဘာလ (၂၆)ရက်နေ့က အောက်ပါအတိုင်း ထုတ်ဖော်ဟောကြား လိုက်လေသည်။

ဒေါင်းစကြာလှလင် ဖြေကြားဟောဆိုသည်မှာ ယတြာပြုလုပ်ခြင်းသည် မိမိတို့၏ အကျိုးအတွက်ဖြစ်စေ၊ တိုင်းပြည်အကျိုးအတွက်ဖြစ်စေ နည်းလမ်း မှန်ကန်သော ယတြာဖြစ်လျှင် အကျိုးများ၍ မိမိတို့လိုရာ ရည်ရွယ်ချက် အောင်မြင်ရမည်ဖြစ်သည်။ လွန်ခဲ့သော အတိတ်ရာဇဝင်များကို ပြန်လှန်သုံးသပ်လျှင် ရှေးမင်းများသည် ပညာရှိများနှင့် တိုင်ပင်၍ မိမိတို့လိုရာအတွက် ယတြာများပြုလုပ်သည်ကိုတွေ့ နိုင်သည်။

သက္ကရာဇ် (၇၄၅)ခုနှစ်တွင် ရခိုင်ဆရာတော်ကြီးသည် မသူတော်စိတ်ဖြင့် ညွှန်ကြားချက်အရ မင်းကြီးစွာစော်ကဲအား ယတြာပြုလုပ်စေရာ ထိခိုက်သော ယတြာဖြစ်သဖြင့် ထိုယတြာပြုလုပ်ရန် နေရာရှင်းလင်းစဉ် တွင်ပင် တိုင်းပြည်မြို့ရွာ ချောက်ချားခဲ့ရသည်ကို တွေ့ခဲ့ရသည်။ ယခု ဦးနု၏ သပုံစေတီ (၆၀၀၀၀)ခြောက်သောင်း ယတြာကို မိမိ၏အမြင် ဆန္ဒဂတိ မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်အမှန်အတိုင်း ဝေဖန်ဟောဆိုရပါမူ ဦးနုသည် စနေသား ဖြစ်ခြင်းကြောင့် (သဲ)သောကြာနံသည်(ဘုမ္မိ)ဖြစ်သဖြင့် ထိုသဲပုံစေတီ ယတြာထက်ဆိုးဝါးထိခိုက်သည့် ယတြာမရှိ၊ ဦးနု သည် အံ့ဘွယ်ရာ မမြော်လင့်သော အကြောင်းများ ပေါ်ပေါက်လာသည့် ဘေးဒဏ်များကို ရင်ဆိုင်ခဲ့ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com




ယင်းသို့ မှားယွင်းထိခိုက် နစ်မွန်းစေနိုင်သည့် သဲပုံစေတီယတြာကြောင့် နတ်ကွန်းတည်ဆောက်ခြင်း ဗလိနတ်စာကျွေးခြင်းများဖြင့်လည်း တိုင်းပြည်တည်ငြိမ်ပြီး တိုးတက်စည်ပင်လာမည်မဟုတ်၊ နန်းသက်လည်းရှိ၍ ရှည်မလာနိုင်၊ ထိုမှားယွင်းသော ယတြာကို ကုစား၍လည်း ရလိမ့်မည်မဟုတ်ဟု ပြောဆိုပြီး အောက်ပါအတိုင်း ဟောဆိုလိုက်ကြောင်း။

(၁) ဦးနုသည်၁၉၆၄-ခုနှစ်ပါလီမန်တွင် ဝင်ရောက်အရွေးမခံတော့ ဟု အတိအလင်း ကျေညာထား၏။ အမှန်မှာ သူဝင်ရောက် အရွေးခံလျှင်လည်းဖြစ်လိမ့်မည် မဟုတ်သည့် အပြင်ယခုလက်ရှိပါလီမန် သက်တမ်းမကုန်မီ ဦးနု သည် ရာထူးလက်လွှတ် ဩဇာအာဏာ ကျဆုံးမည့်သူ ဖြစ်သည်။

(၂) ယခုလက်ရှိ (ပထစ)ဗိုလ်လုပွဲတွင် ဦးဗိုလ်နိုင် သည်ဖြစ်စေ၊ သခင်နိုင်သည်ဖြစ်စေ၊ တိုင်းပြည် အတွက် အကျိုးမများ၊ အချည်းနှီးပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တိုင်းပြည်တွင် မျက်မှောက်ဖြစ်ပေါ်နေသော အရေးအခင်း ပြဿနာများကို ပြေလည်အောင် ဖြေရှင်းမပေး နိုင်သည့်အပြင် အချင်းချင်းဗိုလ်လုပြီး (၆၂) ခုနှစ် အတွင်း၌ ပြိုလဲယိုင်ကွဲမည့်အဖွဲ့ ဖြစ်သည်။

(၃) တိုင်းပြည်တွင် ဖြစ်ပေါ်နေသည့် အရေးအခင်းများကို တည်ငြိမ်အောင်(ထိန်းသိမ်း)ပြီး မပြေမလည် ဖြစ်ပေါ်နေသော အရေးအခင်းများကို ဖြေရှင်းပေးရန်နှင့် ကျရောက်လတ္တံ့သော ဘေးဒုက္ခ အန္တရာယ်များကို ကာကွယ်ပြီး တိုင်းပြည်စည်ပင်သာယာတိုးတက်စေရန်အတွက် တတိယအင်အားစုသည် မလွှဲမသွေ ကေန်အမှန် မုချပေါ်ပေါက်ရမည် ဖြစ်သည်။

ထိုတတိယ အင်အားစု မပေါ်ပေါက်ရန် ယတြာချေသောအားဖြင့် အစိုးရအဖွဲ့ကို (၆၂) ခုနှစ် အတွင်း၌ အခြားနိုင်ငံရေးအဖွဲ့နှင့် ပူးပေါင်း၍ (ညွန့်ပေါင်း) အစိုးရ အဖြစ်ပြောင်းလဲ၍ ဖွဲ့စည်းသော်လည်း ကေန်အမှန်ပင် ထို တတိယ အင်အားစုသည် တိုင်းပြည်အတွက် ပေါ်ပေါက်ရမည်ဖြစ်သည် ဟု ဒေါင်းစကြာလုလင်က ထုတ်ဖော် ဟောကြားလိုက်သည်။

ဤဟောကိန်းသည် ဂါဒီယန်း သတင်းစာ ရန်ကုန်ရက်စွဲ(၂၇-၁၂-၆၁) နေ့ထုတ် မျက်နှာဖုံးတွင် လည်းကောင်း။ (၂၇-၁၂-၆၁)နေ့ထုတ် မြန်မာ့အလင်းစဉ် စာမျက်နှာ (၄)တွင်လည်းကောင်း၊ ဟံသာဝတီသတင်းစာ(၂၉-၁၂-၆၁) နေ့စွဲပါ စာမျက်နှာ (၈)တွင် လည်းကောင်း။ (၂၉-၁၂-၆၁) နေ့စွဲပါ ဗိုလ်တထောင် သတင်းစာစာမျက်နှာ(၇)တွင်လည်းကောင်း ဟောကိန်း ပြည့်စုံစွာပါရှိပြီး (၂၈-၁၂-၆၁) နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၇)တွင် လည်းကောင်း တစိတ်တဒေသ ပါရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

### ဒေါင်းစကြာ အဟော
### မိုးကြိုးရေးသားချက်များ လုံးဝမမှန်

. ၁-၁-၆၂ နေ့စွဲပါ ကျွန်ုပ်တို့ သတင်းစာ စာမျက်နှာ (၇)တွင် မန္တလာမှ နိုင်ငံရေးဗေဒင်ဆရာ မြေပေါ်မှာ ရွှေ ကြော်ငြာထုတ်ချင်၍ ဟုတ်ဟုတ် မဟုတ်ဟုတ် ဟောစာတမ်းတွေထုတ်၍နေခြင်းဟူသောခေါင်းစဉ်ဖြင့် -

(၁) ဝန်ကြီးချုပ် ဦးနုသည် ရာထူးမှ မဆင်းလျှင်လည်း ရာထူးပြန်ရတော့မည်မဟုတ်။

(၂) ဟောစာတမ်းထုတ်သူမှာ တည်မြဲ ဖ-ဆ-ပ-လကို ယုံကြည်နေသူ တစ်ဦးဖြစ်သည်ဆို၏။

(၃) အဆိုပါ ဗေဒင်ဆရာမှာ တည်မြဲ သန့်ရှင်းကွဲစဉ်က တည်မြဲနိုင်ရမည် ဟူ၍လည်းကောင်း။

(၄) အင်္ဂလန်နိုင်ငံ ရွှေမင်းသမီးအား တောင်ဆင်းနှင့်သာ မုချရရှိမည်ဟုဟောကိန်းထုတ်ခဲ့သူဖြစ်ရာ ဟောကိန်း မှန်မမှန် စောင့်ကြည့်ရမည်ဟု ဖော်ပြပါရှိခဲ့ကြောင်း။

အထက်ပါသတင်းနှင့်ပတ်သက်၍ ဒေါင်းစကြာ လုလင်က မန္တလေးတွင် ခေတ္တရောက်ရှိနေသော မိုးကြိုး ဦးအုံးခင် အား မိုးကြိုးသတင်းစာပါများ လုံးဝမမှန်ကြောင်း ဖြင့် အောက်ပါအတိုင်း ရှင်းလင်းသွားကြောင်း။

ဒေါင်းစကြာက မိမိသတင်းစာတိုက်များသို့ ပေးပို့ ဟောဆိုခဲ့သည်မှာ မိုးကြိုးတွင် ဖော်ပြခဲ့သည့်အတိုင်း မဟုတ်။

(၁) အမှန်ဟောဆိုခဲ့သည်မှာ ဦးနုသည် ၁၉၆၄ ခုနှစ် ပါလီမန်တွင် ဝင်ရောက်အရွေးမခံဟု အတိအလင်း ကျေညာထားသော်လည်း အမှန်မှာ သူဝင်ရောက် အရွေးခံလျှင်လည်း ဖြစ်လိမ့်မည်မဟုတ်သည့်ပြင် (၁၉၆၄-ခု)ပါလီမန် သက်တမ်းမကုန်မီ ဝန်ကြီးချုပ် ဩဇာအာဏာကျဆုံးမည့်သူဖြစ်သည်ဟုဟောဆိုခဲ့၏။

(၂) ဒေါင်းစကြာသည် တည်မြဲတို့နှင့်မည်သို့မှ မပတ်သက် ၎င်းတို့၏ ဝါဒကိုလည်းမယုံကြည်သည့်ပြင် အဝါ သမားလည်းမဟုတ် အပြာလည်းမဟုတ် မည်သည့် နိုင်ငံရေးသမားနှင့်မှ မပတ်သက် ၎င်းတို့၏ ဝါဒကို လည်း မယုံကြည်။



THE MOGYO DAILY

မန္တလာမှ နိုင်ငံရေးဗေဒင်ဆရာ
မြေပေါ်မှာ ရွှေကြော်ငြာထုတ်ချင်၍ ဟုတ်-ဟုတ်
မဟုတ်ဟုတ်ဟောစာတမ်းတွေထုတ်နေခြင်း

မန်း၊ သတင်းထောက်

မန္တလေးမြို့ ဒေါင်းစကြာ [illegible] ဝန်ကြီး ချုပ်ဦးနုရာထူးမှမဆင်းလျှင်လည်းရာထူး ပြန်ရတော့မည်မဟုတ်။ [illegible]

[illegible] ရေးသားသောသူ ဖြစ်နေရာ ဟောစာတမ်း ထုတ်သူမှာ တည်မြဲ ဖ-ဆ-ပ-လ ကို ယုံကြည် နေသူတစ်ဦးဖြစ်သည်ဆို၏။

အဆိုပါ ဗေဒင်ဆရာမှာ တည်မြဲ သန့် ရှင်းကွဲစဉ်က တည်မြဲနိုင်ရမည်ဟူ၍လည်း။ အင်္ဂလန်နိုင်ငံ ရွှေမင်းသမီးအား တောင် ဆင်းနှင့်သာ မုချရရှိရမည်ဟု ဟောကိန်း ထုတ်ခဲ့သူဖြစ်ရာ ယခုဟောကိန်းမှန်မမှန် စောင့်ကြည့်ရမည်ဟု ဆောင်နေကြသည် ဆို၏။

လူမှုဝန်ဆောင်း
ပြည်လုံးကျွတ်ညီလာခံ

(၃) တည်မြဲသန့်ရှင်းကွဲစဉ်က မည်သူနိုင်ရမည်ဟု လုံးဝ မဟော ဆိုခဲ့။

(၄) ၁၉၅၅-ခု နိုဝင်ဘာလ ၁ ရက်နေ့က ဗိုလ်တာတောင်ဆင်းကို အသင် တရားဝင်ထိမ်းမြားမှု မပြုသည့်တိုင်အောင် ဗိုလ်တာ တောင်ဆင်းနှင့် သင်သည် လင်မယားအရာမြောက်သည် အထိဖြစ်လိမ့်မည်ဟူသော ဟောခဲ့ခြင်းဖြစ်၏။ မုချရရှိမည် ဟု မပါ။ မာဂရက်ထံ ရိုက်သော ကြေးနန်းမိတ္တူဖြင့် လာရောက် ရှင်းလင်းသွားကြောင်း။

အောင်ကျော်


*ဤဆောင်းပါးကို တိုက်သို့ပို့လိုက်ပါ။ တည်းဖြတ်ပြီး ထည့်ရန်ဖြစ်သည်။*

အုံးခင် - ၃၀/၁၂/၆၁



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိုးကြိုး သတင်းစာတွင်မှ အမှန်အတိုင်းထည့်သွင်း ဖော်ပြခဲ့ကြသည့်သတင်းစာပါ ဟောကိန်းများနှင့် မတူ တမူထူးခြား၍ နေသော ဟောကိန်းသတင်းကို တွေ့မြင်ဖတ်ရှုရပေလိမ့်မည်။

ယင်းကဲ့သို့ ဤစာရေးသူ ဟောဆိုခဲ့သည့် မူရင်းအတိုင်း မထည့်သွင်းဘဲ သူထည့်ချင်သလို ထည့်သွင်းခဲ့ခြင်းကြောင့် ၎င်း မိုးကြိုး သတင်းစာတွင်ဟောကိန်း ပါရှိလာသည့် (၃၀-၁၂-၆၁)နေ့က မန္တလေး ၈၅-လမ်း မလွန်ရပ်တွင် ဦးမိုလ်အုပ်စု စည်းရုံးရေးအတွက် ခေတ္တရောက်ရှိနေသော မိုးကြိုးဦးအုံးခင်အား ဤစာရေး သူက တွေ့ဆုံရှင်းလင်းခဲ့သည်။

ဦးအုံးခင် သည် လူကြီး လူကောင်း ဝိသစွာ ယဉ်ကျေး သိမ်မွေ့သော အမူအရာများဖြင့် မိမိခရီးထွက်၍ လာသည်မှာ ကြာပြီဖြစ်ကြောင်း။ ထိုသတင်းကို မိမိသိလည်း မသိ ထည့်လည်း မထည့်ရကြောင်း ဤသို့

## ခေါင်းစဉ်ကလေး ယဉ်စစဖြင့်
## တမူထူးခြားစွာ ဖော်ပြခဲ့သည့် မိုးကြိုး

သဲပုံစေတီ(၆၀၀၀၀)ဟောကိန်းကို ၁၉၆၁-ခုနှ ဒီဇင်ဘာလ(၂၆)ရက်နေ့က ထုတ်ဖော်ဟောဆို လိုက်ရာ ...လမ်းစဉ် ဟံသာဝတီ ဗိုလ်တထောင်၊ ဂါဒီယန်း စသော သတင်းစာ များက ဤစာရေးသူ ...ဖော်ဟောဆိုသည့် မူရင်းအတိုင်း ထည့်သွင်းကြသဖြင့် တမူတည်းရှိ၍နေသည်ကို ...မြင်ဖတ်ရှုရမည်ဖြစ်ပေသည်။




www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရခြင်းကို မိုးကြိုးသတင်းစာတွင် အမှန်သို့ရောက်အောင်ပြန်လည်ရှင်းလင်းချက်ကို ထည့်သွင်းပေးမည်ဖြစ်ကြောင်း။

သို့အတွက်ရှင်းလင်းချက်ရေးပါ မိမိတာဝန်ယူပါကြောင်းစသည်ဖြင့် ပြောဆိုခြင်းကြောင့်မိုးကြိုးသတင်းစာပါသတင်းအား ကောက်ချက်ချ၍ ခွဲခြားလိုက်သော် အချက်(၄)ချက်ကို တွေ့ရသဖြင့် ယင်းအချက်(၄)ချက်အား တစ်ချက်စီရှင်းလင်းရေးသားပြီးမိုးကြိုးသတင်းစာတွင်ပြန်လည်ထည့်သွင်း ဖော်ပြရန် ဦးအုံးခင်လက်မှတ်ရေးထိုး၍ မန်းမိုးကြိုး သတင်းထောက်ကိုအောင်ကျော်၏ လက်သို့ ပေးအပ်ခဲ့သော်လည်း ယခုစာအုပ်ရိုက်၍နေသည့် အချိန်တိုင်ထည့်သွင်း ဖော်ပြခြင်းမရှိခဲ့သဖြင့် ထိုရှင်းလင်းချက်မပေးမီ ရှင်းလင်းချက်အား ဓါတ်ပုံရိုက်၍ထားခဲ့သည်။

၎င်း ဓါတ်ပုံအား ဘလောက်လုပ်၍ ဖော်ပြလိုက်ခြင်း ဖြစ်သည်။



## အောင်ပွဲရအုပ်စုက သာမန်အသင်းသား ဦးနုအား ဂါရဝပြုစဉ်

**အောင်ပွဲရ အုပ်စုက**
**သာမန်အသင်းသား ဦးနုအား ဂါရဝပြုစဉ်**

ဦးဗိုလ်အုပ်စုအား မဲအပြတ်အသတ်ဖြင့် အောင်ပွဲရသခင်အုပ်စု၏ ပ ထ စ ဌာနချုပ်ဥက္ကဋ္ဌဝန်ကြီး ဒေါက်တာဦးမောင်နှင့်ဌာနချုပ်အလုပ်အမှုဆောင်သစ်များသည် ဝင်ဒါမီယာဝင်းအတွင်းရှိ နိုင်ငံတော်ဝန်ကြီးချုပ်၏ နေအိမ်သို့ (၂-၂-၆၂)နေ့ နံနက်(၉)နာရီက သွားရောက်၍ (ပ-ထ-စ)၏ သာမန်အသင်းသားဖြစ်သူ (ဦးနု) အား ဂါရဝပြုအပြီး အမှတ်တရ ဤသို့ ဓါတ်ပုံရိုက်ခဲ့ကြ၏။

**မှတ်ချက်။** ယင်းသို့ ဂါရဝပြုခဲ့သည့် သတင်းကို နိုင်ငံရေးလက်ဟောင်းကြီးဖြစ်သော(ဘကြီးဘဖေ)က သာမန် အသင်းသားဖြစ်သူအား ဌာနချုပ်ဥက္ကဋ္ဌ နှင့် အမှုဆောင်များ၏ ဂါရဝအပြုခံခြင်းမှာ သဘာဝမကျသည့်ပြင် ဦးနု အာဏာစွန့်တော[illegible] မည် ဆိုခြင်းကိုလည်း မည်သို့မျှ မယုံကြည်ပ[illegible] ထိုစဉ်က သတင်းထောက်များအား ထုတ်ဖော်[illegible] ပြောဆိုခဲ့၏။

သခင်အုပ်စုက ဦးဗိုလ်အုပ်စုတို့ အာ[illegible] (အောင်ပွဲ) ခံရသည့်နေ့ကို ပြန်လည်ဖော်[illegible] ရသော်....

ကမ္ဘာအေးကုန်းမြေတွင် ပ-ထ-စ တို့[illegible] ပြည်လုံးကျွတ် ညီလာခံကို (၂၇-၁-၆၂)နေ[illegible] နံနက် ၉ နာရီအချိန်စတင်ကျင်းပပြီး ၁၁ နာ[illegible] အချိန်တွင် (ပ-ထ-စ)ခေါင်းဆောင်အဖြ[illegible] ဦးဗိုလ်ခေါင်းဆောင် (ဦးဝင်း)က (သခင်တ[illegible] အား တင်သွင်းရာ သခင်အုပ်စု ခေါင်းဆော[illegible] (ဦးမောင်)က ထောက်ခံပြီး ညီလာခံဦး[illegible] ကိုယ်စားလှယ်အားလုံး တညီတညွတ်တည[illegible]



www.burmeseclassic.com

www.burmeseclassic.com

သဘောတူ တင်မြှောက်ကြသည်၊ ယင်းသို့ခေါင်းဆောင်အဖြစ် တင်မြှောက်သည်နှင့် ဦးနုကစ၍ တပြိုင်နက် အားလုံး ဩဘာလက်ခုပ်ပေးပြီး ခေါင်းဆောင် သခင်တင်အား လက်ဆွဲနှုတ်ဆက်၍ ဦးနုက သဘာပတိ နေရာကို လွှဲ၍ပေးလိုက်လေသည်။

ထို့နောက် ခေါင်းဆောင်အဖြစ် မိန့်ခွန်းပြောဆိုရန် အသံချဲ့စက်ရှေ့ မတ်တတ်ရပ်လိုက်ရာ ဦးဗိုလ်သခင် အကွဲအပြဲကြောင့် ဝမ်းနည်းပက်လက် ဖြစ်ပြီး သခင်တင်မှာ မျက်ရည်များ ထွက်၍လာသဖြင့် (၂)မိနစ်ခန့် စကား မပြောနိုင်ဘဲ ဖြစ်၍နေသည်ကို တွေ့ရသည်။

ထိုသို့ ဖြစ်ပြီးနောက်မှ မိန့်ခွန်းကို ဆက်လက်၍ပြောဆိုရပြီး မွန်းလွဲ (၁)နာရီအချိန်တွင် ဌာနချုပ် အလုပ်အမှုဆောင် ရွေးကောက်ပွဲ စတင်ကျင်းပရာ ခေါင်းဆောင် သခင်တင် ကိုယ်တိုင်ကြီးမှူး၍ (ဥက္ကဋ္ဌ)မဲ ဒု-ဥက္ကဋ္ဌမဲ အတွင်းရေးမှူးမဲ တွဲဘက်အတွင်းရေးမှူး မဲ ဘဏ္ဍာရေးမှူးမဲဟု အရောင် (၅) ရောင် ခွဲခြားသတ်မှတ်ပြီး ကျင်းပ၏။

မဲပေးခြင်းကို (၁း၃၅)မိနစ် အချိန်တွင် စစ်ကိုင်းတိုင်းမှ စတင် မဲပေးခဲ့သည်၊ မဲပေးခြင်းကို ညနေ (၄း၄၅) မိနစ်အချိန်တွင် ပြီးစီး၍သွားရာ (၅)နာရီ အချိန်တွင် ရေတွက်ရရှိသော မဲများမှာ အောက်ပါ အတိုင်းဖြစ်ကြောင်း။

ဦးဗိုလ်အုပ်စု

| | |
|---|---|
| ဦးဝင်း | ၃၀၂၊ |
| ဦးချမ်းသာ | ၃၀၅၊ |
| ဦးဘကြည် | ၃၀၈၊ |
| ဗိုလ်မင်းခေါင် | ၃၀၆၊ |
| ဗိုလ်ဗလ | ၃၀၆၊ |
| | ၁၅၂၇၊ |

သခင်အုပ်စု


| | |
|---|---|
| ဒေါက်တာဦးမောင် | ၄၀၄ |
| သခင်ပန်းမြိုင် | ၄၀၂ |
| ဦးသက်ထွန်း | ၃၉၉ |
| သခင်ကျော်ဒွန်း | ၄၀၁ |
| ဗိုလ်တင်မောင်ကြီး | ၄၀၁ |
| | ၂၀၀၇ |

အထက်ပါအတိုင်း ဦးဗိုလ်အုပ်စုမှ (၁၅၂၇)မဲ သခင်အုပ်စုမှ (၂၀၀၇)မဲ အသီးသီးရရှိကြသဖြင့် ဦးဗိုလ်အုပ်စုအား သခင်အုပ်စုတို့က မဲပေါင်း (၄၈၀) အပြတ်အသတ်ဖြင့် အောင်ပွဲခံပြီး (ပ-ထ-စ) ဥက္ကဋ္ဌအဖြစ် ဒေါက်တာ ဦးမောင်ဒု-ဥက္ကဋ္ဌ အဖြစ် သခင်ပန်းမြိုင် အတွင်းရေးမှူး သခင်ကျော်ဒွန်း တွဲဘက် ဗိုလ်တင်မောင်ကြီး ဘဏ္ဍာရေးမှူးအဖြစ် ဦးသက်ထွန်းတို့ အရွေးခံရလေသတည်း။

ဦးဘကြည်နှင့် ဦးသက်ထွန်း တို့မှာ မန္တလေးမှ ဖြစ်ကြသည်။

**အဆင့်ကိုကျော်လွှန်ပြီး**
**ဟောခဲ့ခြင်းကြောင့် မဟောလို။**

ဦးဗိုလ်နှင့် သခင်တို့၏ အုပ်စု တိုက်ပွဲသည် တပြည်လုံး စိတ်ဝင်စားခဲ့ကြသဖြင့် သတင်းစာဆရာ (ရဲဘော်ချမ်း‌ဧ) (ဘီအောဘီအယ်လ်) မြန်မာ့အလင်းနှင့်(နိုင်ငံသစ်) အယ်ဒီတာ ဦးမြင့်သိန်း တို့က မန္တလေးသူရိယ ဦးသန်းမောင်၏ တိုက်တွင် ဗမာပြည် အနာဂတ်ဟောကိန်း ပေးအပ်လိုက်သည့် (၁၄-၁-၆၁)နေ့က မည်သူနိုင်ရမည်နည်းဟု ဤ စာရေးသူအား မေးမြန်းရာ ကျွန်တော့်အနေဖြင့် ကိန်းခန်းအရ ဦးဗိုလ်နှင့်သခင်အရေးတို့ကို သံပုံစေတီ (၆၀၀၀၀)ဟောကိန်းဖြင့် (၂၆-၁၂-၆၁) နေ့က ဟောဆိုပြီးဖြစ်သဖြင့် သူတို့အား မည်သည့် အုပ်စုနိုင်ရမည်ဆိုခြင်းကို (သိသော်လည်း) မဟော ဆိုလိုပါ (၁) မည်သူနိုင်မည်နည်း (၂) နိုင်သော အုပ်စုသည် တိုင်းပြည်အတွက် အကျိုးများ မများရှိရာတွင် နံပါတ်(၁)အဆင့်ကို ကျော်လွှန်ပြီး နံပါတ် (၂)ကို ဟောဆိုပြီး ဖြစ်ခြင်းကြောင့် မည်သူနိုင်ရမည်ကို ဟောဆိုရန် မလိုတော့ပါဟု ပြောဆိုခဲ့၏။





www.burmeseclassic.com

www.burmeseclassic.com


နှစ်သစ်ကူးအထူးထုတ်

# ကြိုးပွားအောင်မြင်ရေးအတွက် အကြံပြုချက်

**၁၄.၃.၂၀၁၃ မှ ၁၃.၄.၂၀၁၃ အထိ**

## ကျန်းမာရေး၊ စီးပွားရေးအကြံပြုချက်

ဆရာရွှေ (နက္ခတ္တဗေဒပညာရှင်)




ဓေယျတု သဗ္ဗမင်္ဂလာ၊ ကောဇာသက္ကရာဇ် ၁၃၇၄ ခု၊ တပေါင်းလဆန်း ၃ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၃ ခု၊ မတ်လ ၁၄ ရက်၊ ကြာသပတေးနေ့ ညနေ ၁၇ နာရီ ၃၂ မိနစ် ၃၀ စက္ကန့်အချိန် တနင်္ဂနွေဂြိုဟ်နေမင်းသည် ကုံရာသီမှ မိန်ရာသီသို့ သိဟ်ရာသီလဂ်၊ မိဿရာသီစန်း။ သောကြာနဝင်းလက်စီးလျက် ပြောင်းခဲ့ပါသည်။

တနင်္ဂနွေဂြိုဟ် စူဠသင်္ကြန်ပြောင်းအရ လဂ်–စန်း ဂြိုဟ်နေများအရ ဖြစ်ပေါ်လာနိုင်သော စီးပွားရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်တို့ကို အကြံပြုသွားပါမည်။

### ကျန်းမာရေးနှင့် ဘေးအန္တရာယ်

လဂ်သခင် တနင်္ဂနွေရာသီအားဖြင့် မိန်ရာသီရပ်လျက် စန်းအား စနေနှင့် ရာဟုတို့ မြင်ထားခြင်းသည် အပူအပြင်းများစေတတ်၏။ စန်းနှင့် စနေရာဟုတို့ ဆက်သွယ်နေမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အအေးပတ်၍ ကျန်းမာရေးအားနည်းတတ်ပါသည်။ သတိထားပါ။ ၈ တန့်တွင် ရပ်တည်နေသော အင်္ဂါဂြိုဟ်သည် နိုင်ငံတော်တွင် တိုက်ခိုက်မှုများ မတည်ငြိမ်မှုများ ဖြစ်တတ်ပါသည်။ ထိခိုက်ရှနာမှုများလည်း ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဤကာလအတွင်း အသွားအလာ၊ အနေအထိုင်များ ဂရုစိုက်သွားအပ်ပါကြောင်း အကြံပြုအပ်ပေသည်။

## အလုပ်အကိုင်နှင့် စီးပွားရေး အကြံပြုချက်

အလုပ်အကိုင်၊ စီးပွားရေးအနေအထားများကို စစ်ဆေးရာတွင် အောက်ပါအချက်များအရ စီးပွားရေး တိုးတက်ကောင်းမွန်မှု ရှိမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၀ တန့် အလုပ်အကိုင် လုပ်ငန်းရှင် ဘာဝတွင် ကြာသပတေး စီးပွားရေးဂြိုဟ် ရပ်တည်နေခြင်းသည် စီးပွားရေးလုပ်ငန်းများ တိုးတက်မှုရှိလာမည်ကို ဖော်ပြနေပါသည်။ ကြာသပတေးအိမ်တွင် အင်္ဂါဂြိုဟ်ရပ်တည်နေခြင်းက စက်ရုံ၊ အလုပ်ရုံများ၊ နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုမျး တိုးတက်မှုရှိလာမည်ဖြစ်ကြောင်း ဖော်ပြနေပါသည်။

၁၀ တန့်တွင် သောကြာနှင့် ၂ တန့် ၁၁ တန့်သခင် စီးပွားရေးဂြိုဟ်တို့ ပူးယှဉ်နေခြင်းကလည်း စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်းများ ကောင်းမွန်မှုရှိမည်ကို ဖော်ပြနေပါသည်။ ထို့ကြောင့် ဤကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအနေအထား တိုးတက်မှုရှိသွားမည် ဖြစ်ပါသည်။

### ၁။ စက်မှုလက်မှုလုပ်ငန်းများ

စက်မှုလက်မှုကို အကျိုးပြုသော အင်္ဂါနှင့် စနေတို့ အခြေခံကောင်းမွန်မှုရှိသဖြင့် စက်မှုလုပ်ငန်းများ ကောင်းမွန်မှုရှိမည်။ ကုန်ထုတ်လုပ်သော စက်ရုံ၊ အလုပ်ရုံများလည်း ကောင်းမွန်မှုရှိသော ကာလဖြစ်၏။ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သင့်၏။

### ၂ လယ်ယာလုပ်ငန်း

မိုးလေဝသ မမှန်တတ်သော ကာလမျိုးဖြစ်၏။ မိုးလေဝသကို အကျိုးပြုသော တနင်္ဂနွေနှင့် တနင်္လာတို့ အနေအထား မကောင်းခြင်း၊ စိုက်ပျိုးရေးကိုအကျိုးပြုသော သောကြာတို့ အနေအထားအားနည်းသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းနည်းတတ်ပါသည်။ ဂရုစိုက်ရန် လိုအပ်၏။

### ၃။ မွေးမြူရေးနှင့် ရေလုပ်ငန်း

မွေးမြူရေးကို အကျိုးပေးသော ကြာသပတေးနှင့် သောကြာဂြိုဟ်တို့ အနေအထား သင့်တင့်မှုရှိသဖြင့် မွေးမြူရေးလုပ်ငန်းများ သင့်တင့်ကောင်းမွန်ပါသည်။ ရေလုပ်ငန်းကတော့ ရေဂြိုဟ် တနင်္လာအားနည်းသဖြင့် အခက်အခဲရှိနိုင်ပါသည်။ မုန်တိုင်းများရှိနိုင်၍ သတိထားအပ်၏။

### ၄။ ဆေးဝါးလုပ်ငန်းနှင့် ဆေးပစ္စည်း

ဆေးဝါးလုပ်ငန်းများအနေဖြင့် တနင်္ဂနွေ၊ အင်္ဂါတို့ ၈ တန့်တွင် ပူးနေခြင်းက လုပ်ငန်းများ အခက်အခဲရှိသော်လည်း လုပ်ငန်းများ ကောင်းမည်။ ဆေးများအရောင်းသွက်နိုင်ပါသည်။ အဖျားဓာေးများ ရောင်းကောင်းနိုင်ပါသည်။

### ၅။ အချိုရည်နှင့် အအေးစုံလုပ်ငန်း

အချိုရည်နှင့် အအေးစုံလုပ်ငန်းကိုအကျိုးပြုနိုင်သော ကြာသပတေး၊ သောကြာနှင့် စနေတို့ အနေအထားကောင်းမွန်မှုရှိသဖြင့် အလုပ်အကိုင်၊ အရောင်းအဝယ်များ ကောင်းမွန်မှုရှိပါမည်။ ဤကာလအတွင်း လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သင့်၏။

### ၆။ အထည်အလိပ်လုပ်ငန်း

အထည်အလိပ်ကို အကျိုးပြုသော ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်တို့ ပူးယှဉ်လျက်ရှိနေခြင်းသည် အထည်အလိပ်လုပ်ငန်းများ ကောင်းမွန်မှုရှိပြီး၊ အရောင်းအဝယ်များ ကောင်းပါမည်။ ယုဘ်ငန္ဓာ့မှုများလည်း ကောင်းမွန်မှုရှိပါမည်။

### ၇။ အလှကုန်လုပ်ငန်း

အလှကုန်လုပ်ငန်းကိုအကျိုးပြုသော သောကြာသည် ဗုဒ္ဓဟူးနှင့် ယှဉ်နေ၍ အလှကုန်လုပ်ငန်းများလည်း ကောင်းမွန်မှုရှိမည်ဖြစ်ကြောင်း တွေ့ရပါသည်။ အလှကုန်အားလုံးလိုလိုပင် ကောင်းမွန်မှုရှိပါမည်။

### ၈။ စာပေနှင့် စာပုံနှိပ်စက်လုပ်ငန်း

စာပေနှင့် စာပုံနှိပ်စက်လုပ်ငန်းကို အကျိုးပြုနိုင်သော ဗုဒ္ဓဟူးနှင့် ကြာသပတေးတို့ အနေအထားကောင်းပြီး သောကြာပါဝင်နေ၍ စာပေလုပ်ငန်းများ ကောင်းမွန်မှုရှိပါမည်။ အထူးအားဖြင့် ယဉ်ကျေးမှုနှင့် အနုပညာနှင့်ပတ်သက်သော စာပေများ ပိုကောင်းပါမည်။

### ၉။ ရုပ်ရှင်၊ ဂီတ အနုပညာလုပ်ငန်း

ရုပ်ရှင်၊ ဂီတ၊ အနုပညာကိုအကျိုးပေးသော ဗုဒ္ဓဟူးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဧသာကြာတို့ ပူးယှဉ်နေပြီး အနုပညာကို အကျိုးပေးသော ၅ တန့်ဘာဝသခင် ကြာသပတေး ၁၀ တန့်တွင် ရပ်တည်နေသဖြင့် ရုပ်ရှင်၊ ဂီတ၊ အနုပညာလုပ်ငန်းများ ကောင်းမွန်အောင်မြင်မှု ရမည်ဖြစ်၏။ ရာဟုမြင်ထားသဖြင့် အခက်အခဲအနည်းငယ် ရှိနိုင်ပါသည်။

## ခုနစ်ရက်သားသမီးများအတွက် အကြံပြုချက်

တနင်္ဂနွေသားသမီးများ ကျန်းမာရေး ဂရုစိုက်ပါ။ မတော်တဆထိခိုက်မှုလေးများရှိတတ်၍ အသွားအလာများ ဂရုစိုက်ပါ။ အလုပ်အကိုင်များ အဆင်မပြေနိုင်ပါ။ စိတ်ရှည်ရှည်ထား၍ လုပ်ပါ။ စိတ်မြန်ကိုယ်မြန် ဆောင်ရွက်မှုမျိုးရှောင်ပါ။ ပြုအပ်သောယတြာ – အုန်းညွန့် ၆ ညွန့်ကို သက်စေ့ရေချမ်းတွင် စိုက်၍ မွေးနေ့၌ အိမ်ကဘုရားတွင် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

တနင်္လာသားသမီးများအနေဖြင့် မတော်တဆ ထိခိုက်မှုများ ရှိတတ်သဖြင့် အလုပ်အကိုင်၊ အသွားအလာများ ဂရုစိုက်အပ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဝမ်း၊ ရင်တို့တွင် ဥပဒ်ပေးနိုင်၍ အစားအသောက်ဂရုစိုက်သွားအပ်၏။ ပြုအပ်သောယတြာ –ထန်းညွန့် ၃ ညွန့်၊ ဆီးညွန့် ၃ ညွန့်၊ သီဟိုဠ်ညွန့် ၃ ညွန့်၊ ပေါင်း ၉ ညွန့်ကို ကြိမ်ကြိုးဖြင့် နှစ်ပတ်စည်း၍ ဖန်ခွက်တွင် နွှန်းဖြင့် ရေသက်စေ့ထည့်ပြီး ပန်း ၉ ညွန့်ကိုစိုက်၍ မွေးနေ့တွင် အိမ်မှဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

အင်္ဂါသားသမီးများအနေဖြင့် မတော်တဆထိခိုက်မှုဖြစ်တတ်သလို၊ ခိုက်ရန်ဒေါသဖြစ်တတ်သဖြင့် အပြောအဆို၊ အလုပ်အကိုင်များ သတိထားပါ။ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုမျိုး ရှောင်ပါ။ ပြဿနာလေးများ ဖြစ်တတ်၏။ ကျန်းမာရေးကိုလည်း ဂရုစိုက်သွားအပ်ပါသည်။ ပြုအပ်သောယတြာမှာ အုန်းညွန့် ၃ ညွန့်၊ ရွက်လှညွန့် ၃ ညွန့်၊ စွယ်တော်ညွန့် ၃ ညွန့်၊ ပေါင်း ၉ ညွန့်ကို ဆီးပင်မှလျှော်ဖြင့် သုံးပတ်စည်းပါ။ ဖန်ခွက်တွင် နွှန်းဖြင့် ရေသက်စေ့ထည့်ပြီး ဆီးလျှော်ဖြင့်စည်းထားသော ပန်း ၉ ညွန့်ကိုစိုက်၍ မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

ဗုဒ္ဓဟူးသားသမီးများအနေဖြင့် အလုပ်အကိုင်များ ကောင်းမွန်မှုရှိမည်။ စပ်တူရှယ်ယာလုပ်ငန်းများ ပိုကောင်း၏။ ကျန်းမာရေးအနေအထားလည်း ကောင်းနေပါမည်။ ဝန်ထမ်းများအနေဖြင့် ရာထူးတိုး၍ ဝင်ငွေပိုလာနိုင်၏။ ပြုအပ်သောယတြာမှာ ခရေညွန့် ၁၇ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရားတွင် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

ကြာသပတေးသားသမီးများအနေဖြင့် အခြေအနေအရပ်ရပ် တိုးတက်ကောင်းမွန်မှုရှိနိုင်သော ကာလတစ်ရပ်ဖြစ်၏။ ကျန်းမာရေးအနေအထားကတော့ အနည်းငယ်ဂရုစိုက်ပါ။ ဝမ်း၊ ရင်တို့တွင် ဥပဒ်ပေးနိုင်ပါသည်။ စိုးရိမ်စရာ အနေအထားတော့ မရှိပါ။ အစားအသောက် ဂရုစိုက်သွားပါ။ ပြုအပ်သောယတြာ–သပြေညွန့် ၁၉ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်မှဘုရားတွင် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သောကြာသားသမီးများအနေဖြင့် အခြေအနေအရပ်ရပ် တိုးတက်မှုရှိသော ကာလဖြစ်၏။ မည်သည့်လုပ်ငန်းမဆို ကောင်းမွန်မှုရှိပါသည်။ ရုပ်ရှင်၊ ဂီတ၊ အနုပညာနှင့်ဆိုင်သော လုပ်ငန်းများ ပိုကောင်း၏။ ကျန်းမာရေးအနေအထားလည်း ကောင်းပါသည်၊ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေပေးနေ၏။ ပြုအပ်သောယတြာ–သီဟိုဠ်ညွန့် ၂၁ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပေးပါ။ လိုရာဆုတောင်းပါ။

စနေသားသမီးများအနေဖြင့် အခြေခံအားဖြင့် ကောင်းပါသည်။ ခရီးသွားလာမှုများ ရှိနိုင်၏။ ကိုယ်စားလှယ်လုပ်ငန်း၊ ပွဲရုံလုပ်ငန်းများ ကောင်းမွန်မှုရှိမည်။ ကျန်းမာရေးအနေအထား အနည်းငယ် အားနည်းမှုရှိနိုင်ပါသည်၊ အအေးပတ်၊ အစားမှား၍ ကျန်းမာရေး အားနည်းစေနိုင်၏။ ပြုအပ်သောယတြာ–ထန်းညွန့် ၁၀ ညွန့်ကို အဖျားတွင် လက်နှစ်သစ်ခန့် ထုံးသုတ်ပြီး မွေးနေ့တွင် ဘုရားတစ်ဆူဆူ၏ စနေထောင့်တွင် သွားရောက်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအတ္တာနံ ပရိဟရန္တု
လိုရာဆန္ဒ *ပြည့်ဝကြပါစေ* . . .

---

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)

---





www.burmeseclassic.com

www.burmeseclassic.com

# ခင်ပွန်းကြီးဆယ်ပါး ကမ္မဋ္ဌာန်းရိပ်သာ
# ဝတ္တကသာသနမြေနှင့် အဆောက်အဦအတွက် လှူဒါန်းလိုသူများအား
# အသိပေးနှိုးဆော်ဖိတ်ခေါ်ခြင်း

ရေးနှစ်ပေါင်း(၃၀)ကျော် တိမ်မြုပ်ပျောက်ကွယ်နေသော ရခိုင်ပြည်နယ်၊ သံတွဲမြို့ ကျောက်ကလပ်ကျေးရွာအုပ်စု၊ သပြုချိုင် (မေရီးဘေး)ဆိပ်ကမ်းအနီးရှိ ဆုတောင်းပြည့် သဒ္ဒါကျောက် တောရမဟာအောင်မြေ သာသနာတော်ကြီးအား ပြည်တွင်း/ပြည်ပ ဆွေတော်မျိုးတော်အများကောင်းမှုဖြင့် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၂)ရက်၊ ၁၆-၂-၁၉၉၅ (ကြာသပတေးနေ့)မှ ယနေ့တိုင် တည်ထားဆောင်ရွက်တော်မူခဲ့သည့် "ဦးအာစရလင်္ကာသီရိ" (ပင်မသဲအင်းဂူအဖွဲ့ချုပ် တိုက်ခွဲအမှတ်-၂၁)၊ သဒ္ဒါကျောက် ဆရာတော်အရှင်သူမြတ်သည် ထပ်မံ၍ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဘောင်စံပြကျေးရွာ (မြောက်ပိုင်း)၊ ရွှေအင်ကြင်းလမ်းသွယ်၊ အမှတ်-၅၈၀/ဘီ၊ ဦးပိုင်-၅/၁ စတုရန်းကုပေ (၁၇၄၄၀) ဝတ္တကမြေပေါ်၌ ခင်ပွန်းကြီးဆယ်ပါး ကမ္မဋ္ဌာန်း ရိပ်သာခွဲတွင် ၁၃၇၄ ခုနှစ်၊ ဝါတွင်းအချိန်မှ စတင်၍ နေထိုင်သီတင်းသုံးလျက် လစဉ်မပြတ် ယောဂီသူတော်စင်များ တရားဘာဝနာ အားထုတ်တော်မူနိုင်ရန် သာသနိကအဆောက်အဦများကို ဆောက်လုပ်နိုင်ရန် အောက်ပါလှူဖွယ်ပစ္စည်းများကို တသီးပုဂ္ဂလိကဖြစ်စေ၊ အသင်းအဖွဲ့နှင့်ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

**လှူဒါန်းနိုင်သောဝတ္ထုပစ္စည်းများ —**

| | | |
|---|---|---|
| ၁။ | ၁၅ ပေ အကျယ် ၁၂ ပေ အမြင့် ဝင်ပေါက်မုခ်ဦး | သိန်းနှစ်ဆယ်ကျပ် |
| ၂။ | အရိယာမွေ့ရာဓမ္မာရုံတော်ကြီးအတွက် မတည်ငွေ | ငါးသိန်းကျပ် |
| ၃။ | ရေချိုးခန်းနှင့် အိမ်သာနှစ်ခန်းတွဲပါ အပြီး | ငါးသိန်းကျပ် |
| ၄။ | အဝီစိစက်ရေတွင်း ခန့်မှန်း | ငါးသိန်းကျပ် |
| ၅။ | လျှပ်စစ်မီတာတပ်ဆင်မှုအပြီး ခန့်မှန်း | နှစ်သိန်းကျပ် |
| ၆။ | စတုရန်းကုပေ ၁၇၄၄၀ ပေ ဧရိယာအတွင်း ၁၀ ပေ ပတ်လည်အတွက် | ရှစ်သောင်းကျပ် |
| ၇။ | မြေအုတ်တံတိုင်းကာရံမှု ၁၀ ပေ တစ်ခန်းအတွက် | ရှစ်သောင်းကျပ် |

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ —**

1. ဦးအာစရလင်္ကာသီရိ (နာယကဆရာတော်) ☎ ၀၉ ၇၃၁၃၉၃၃၆
2. ဗိုလ်မှူးကျော်သူထိုက် (တပ်မတော်ရေ-ငြိမ်း) ☎ ၀၉ ၅၁၃၉၄၀၇၊ ၀၁ ၅၂၄၀၀၃
3. ကိုဇော်မင်း + မတင့် ရတနာထွန်းရွှေဆိုင်၊ ရတနာသင်္ဂီဈေး၊ မ/ဥက္ကလာပမြို့နယ်။ ☎ ၀၉ ၇၃၁၀၆၅၁၃
4. ဒေါ်နန္ဒရီ၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်။ ☎ ၀၉ ၄၉၃၁၃၁၆၇
5. ဦးသန်းလွင် (ရွှေတောင်ရေခဲစက်)၊ တောင်ကုတ်မြို့။ ☎ ၀၉ ၇၅၃၀၃၇၅၊ ၀၉ ၅၃၁၀၅၆၀၊ ၀၉ ၇၃၁၄၀၀၄၈

ဆရာတော်၏ ဩဝါဒ ။ ။ "အဆောက်အဦလှူဒါန်းခြင်း အကျိုး(၇)ပါး"

၁။ နတ်နှင့်လူတွင် သန္ဓေတည်၍ ၂။ လိုဖွယ်မတ ဆောက်အုံရ၏။ ၃။ မထကြွက်သီး ကိုယ်လည်းမလှုပ် ကြောက်ရှပ်မထင် ဒိတ်လန့်စင်၏။ ၄။ ခြင်္သေ့နှင့်ကင်းက အသင်းဖောက်ပြန်၊ ကူမှုကျက်ရက်ရှိသည် နတ်မိုက်ရန်ပေါင်း ဘေးလွတ်ရှောင်၏။ ၅။ မကောင်းအိပ်မက် မြင်မက်ရန်။ ၆။ ထင်လျက်သတိ နိုင်မြဲဘိရန် ဝိပရိတာ ဖောက်ပြန်စိတ်ရင်း ရူးသွပ်ခြင်းမှ ကင်းရှင်းလွတ်ရှောင် ကျိုးဆက်ကောင်း၏။ ၇။ နောက်နောင်ဘဝ မစ္ဆိမဝယ် ကရုဏာကဲပို အရဟတ္တဖိုလ် ထိုထိုကျေးဇူး လွန်ပြန့်ပြူးသည် ဆောက်ဦးအကျိုး (၇)မျိုးတည်း။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဘိုးတော်ကောင်း

ယခင်လမှ အဆက်-၃

ကျော်မြသန်း

**ဘိုးတော်ရှိသလား**

ကျွန်တော်တို့ ဘိုးတော်ကင်းဇာတ်လမ်းကိုမဆက်မီ ဘိုးတော်ကင်းဇာတ်လမ်းကို ပိုင်ပိုင်နိုင်နိုင် သဘောပေါက်စေရန်အတွက် ဝိဇ္ဇာကျင့်စဉ်(ဝါ) ဘိုး တော်လမ်းစဉ်အကြောင်း တင်ပြရမည်သာ။

ဝိဇ္ဇာဆိုသည် မရှိဘူးလား၊ ဘိုးတော်ဆိုသည် မရှိဘူးလား၊ အထက်ဂိုဏ်းဆရာကျင့်စဉ်တွေ မရှိဘူးလားဟု မေးလာသော် ရှိပါသည်ဟု ကျွန်တော်က ရဲရဲဝံ့ဝံ့ ဝန်ခံမည် ဖြစ်ပါသည်။

သို့သော်··ထွက်ရပ်ပေါက် ဝိဇ္ဇာစခန်းကျင့်စဉ်များ၊ ကျင့်ကြံအားထုတ်နေကြသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များသည် ဒေါသ၊ လောဘ၊ မောဟ အဝိဇ္ဇာတဏှာမျှင်များ လေးဘက်လေးတန်ယှက်သန်းနေသည့် ညစ်ညမ်းသောလူသားများကြားတွင် နေကြမည်မဟုတ်ပေ။ နေ၍လည်း ရမည် မဟုတ်ပေ။ ထွက်ရပ်ပေါက်လမ်းအထိ ကျင့်ကြံအားထုတ်ရန် ရည်ရွယ်မှန်းချက်ရှိသော ပုဂ္ဂိုလ်သည် တဏှာပေမ သောက်တိုင်းမဝနိုင်သည့် အိမ်ထောင်သားမွေး အရပ်မြေတွင် မှန်မြတ်သော လမ်းစဉ်ကို ကျင့်၍မရနိုင်ပေ။ မဖြစ်စကောင်းသောအရာ ဖြစ်၏။

မိမိတို့ခံယူသည့် ကျင့်စဉ် လမ်းအတိုင်း လူ့သူကင်းဝေးရာ တောရိပ်၊ တောင်ရိပ်ကို နိန္နားလျက် ဖြူစင်သန့်ရှင်းသောကိုယ်၊ ကြည်လင်အေးမြသည့်စိတ်ဖြင့် ကျင့်ကြံအားထုတ်နေကြမည် ဖြစ်၏။ ထွက်ရပ်ပေါက်သွားသည့် ပုဂ္ဂိုလ်များသည်လည်း ပြီးမြောက်ခဲ့သော သိဒ္ဓိအားကို အခြေခံလျက် ဈာန်လမ်းမှ ဉာဏ်လမ်းသို့ ကူးပြောင်းရေးအတွက် ဝိပဿနာခန်းဖြင့် နိဗ္ဗာန်ကို ရည်မှန်းလျက် သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်၊ ရဟန္တာဘဝများတွင် ရှိနေကြမည်သာ။

ဤပုဂ္ဂိုလ်ထူး၊ ဤပုဂ္ဂိုလ်မြတ်များသည် ကျွန်တော်တို့၏ အညစ်အကြေးလောကကြီးထဲသို့ မည်သို့လျှင် တစ်ဖန်ပြန်ဝင်နိုင်မည်နည်း။ မည်သို့လျှင် တစ်ပတ်ကြော့လာပါမည်နည်း။

မလာသည်မှာ မလာရေးချ မလာပါ။

သမထလမ်းစဉ်ကို မိုးကုတ်ဆရာတော်ဘုရားကြီးက စွန်နှင့်ရစ်လုံးကြိုးကို ဥပမာပေး၍ တင်စားခဲ့ပေသည်။ စွန်လွှတ်ရာတွင် ရစ်လုံးထဲတွင် ကြိုးရှိသလောက် လေအဟုန်စီးနေသည့် စွန်သည် အမြင့်သို့ တက်လိမ့်မည်၊ ရစ်လုံးထဲရှိ ကြိုးကုန်သွားလျှင်မူ နောက်ထပ်အမြင့်သို့ တက်နိုင်တော့မည်မဟုတ်။ အောက်သို့သာ ပြန်ကျပေလိမ့်မည်ဟု ညွှန်ပြခဲ့၏။

ထို့အတူ သမထကျင့်စဉ် ကျင့်နေသူသည်လည်း ကျင့်အားရှိသလောက် သမာဓိအားကောင်းနေမည် ဖြစ်၏။ ကျင့်အားလျော့သွားသည်နှင့်အမျှ သမာဓိအားလည်း လျော့သွားပေမည်သာ။ စွန်တည်းဟူသောလူသည် ကျင့်ကြံအားထုတ်ခြင်းတည်းဟူသော ကြိုးဖြင့် သမာဓိစခန်းတည်းဟူသော အမြင့်သို့ တက်ရမည်ဖြစ်၏။ ကျင့်ကြံအားထုတ်ခြင်းကြိုး ကုန်သွားလျှင်၊ လျော့သွားလျှင် နောက်သို့သာ ပြန်ကျမည်ဖြစ်၏။

အကြင်သူ တစ်ဦးသည် သမထအားကြောင့် သမာဓိရသည်ဆိုကြပါအံ့။ ထိုသမထအားကို အနည်းငယ် ကျင့်၍သော်လည်းကောင်း မရနိုင်ပေ။ ဖြတ်လိုက်၊ လျော့လိုက်သည်နှင့် သမာဓိအားလည်း နည်းသွားမည် ဖြစ်ပေသည်။

သို့ဆိုပါက တစ်နေကုန် ဗေဒင်ဟော၊ တစ်နေကုန် လာသမျှလူတွေကို ဆေးကုပေး



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ကုန် လာသမျှလူတွေကို ဧည့်ခံပြီး ယတြာချေပေးရ၊ ဓာတ်ရိုက်ရသည်နှင့် အလုပ်ရှုပ်နေခဲ့သည်။ ယနေ့ ဘိုးတော်များသည် မည်သို့လျှင် သမထကျင့်စဉ်ကို ကျင့်ကြံအားထုတ်နိုင်ပါမည်နည်း။ ကျင့် ကြံ အား မ ထုတ် နိုင် သော် သမာဓိအား မည်သို့ရှိနိုင်ပါမည်နည်း။

ဆိုပါတော့ တစ်နေ့ ၂၄-နာရီရှိသည့်အနက် အနည်းဆုံး အိပ်ချိန် ၆-နာရီထားပြီး နုတ်လျှင် ၁၈-နာရီကျန်မည်ဖြစ်ရာ ဆေးကု၊ ဓာတ်ဆင်၊ ဓာတ်ရိုက် အဟောအပြောလုပ်သည်မှာ ၁၂-နာရီထား။ နားနေချိန် ၂-နာရီ ပေါင်းလိုက်လျှင် ၄-နာရီလောက် အချိန်ကြာမည် ဆိုပါစို့၊ ဤကျန်သောအချိန်ကလေးနှင့် သမထကျင့်စဉ်ဝင်ခဲ့သော် မည်သို့သော ဝိဇ္ဇာ၊ မည်သို့သော ဘိုးတော်ဖြစ်မည်မှာ စဉ်းစားစရာပင် ဖြစ်သည်။

သမထအကျင့် ကျင့်အားမှာ တစ်နေ့ ၂-နာရီလောက်လုပ်ရုံဖြင့် စခန်းပေါက်လောက်သည့် အဆင့်မြင့်မြင့် သမာဓိအားကို မရနိုင်ပေ။ အချိန်နှင့်အမျှ နေ့စဉ်နှင့်အမျှ အိပ်ချိန်ကို ၄-နာရီခန့်လောက်ထား၍ တအားကုန်ပြနေအောင်၊ မောနေအောင် ကျင့်ကြံနိုင်ပါမှ၊ လုပ်နိုင်ပါမှ တော်ကာကျရုံ ရှိပေမည် ဖြစ်၏။

ထို့ပြင် ရှာန်လမ်းကိုဖြစ်စေ၊ ဉာဏ်လမ်းကိုဖြစ်စေ ကျင့်ကြံအားထုတ်သူများသည် သားမယားနှင့် တွေ့ဆုံနေခြင်းဖြင့်လည်း ကောင်း၊ လောကီဗာဟီရများ ပြွန်းတီးရာတွင် ဘဝကိုမြှုပ်နှံ၍ ကျင့်ကြံအားထုတ်မည်ဆိုပါလျှင် ပေါက်ပေါက်မြောက်မြောက် ဖြစ်နိုင်မည် မဟုတ်ပေ။ ပါရမီ အထုံအဆက်ပါရုံ၊ အောက်လွတ်ရုံသာ ပေါက်ရောက်မည် ဖြစ်ပေသည်။

အကြောင်းအကျိုးတရားကြီး အထင်အရှားရှိနေပါလျက်၊ မငြင်းနိုင်သော တရားလည်းမှန်ပါလျက် မည်သို့လျှင် ဖန်တီးပေး၍ ရနိုင်မည်ဆိုသည်မှာ စဉ်းစားစရာ ဖြစ်နေ၏။

ရာထူးတိုးဖို့၊ စီးပွားတက်ဖို့၊ အမှုကလွတ်ဖို့ဆိုသည့် အလုပ်များမှာ လောကီရေးအလုပ်များသာ ဖြစ်၏။ လောကဓမ္မတရားတစ်ပိုင်းနွယ်သည့် ဝိဇ္ဇာကျင့်စဉ်လမ်း။ ထွက်ရပ်ပေါက်စခန်းနှင့် လားလားမျှ မအပ်စပ်ပေ။ ကျင့်၍လည်း မရနိုင်၊ မဖြစ်နိုင်ပေ။

ရာထူးတိုးလိုလျှင် အလုပ်ကို ကြိုးစားရမည်၊ ရိုးသားရမည်၊ အလုပ်ခွင်တွင် သစ္စာရှိရမည်၊ စည်းကမ်းရှိရမည်၊ ကျွမ်းကျင်မှုရှိရမည်။

စီးပွားရေးတိုးတက်လိုလျှင် မိမိ၏ အကြံဉာဏ်အားဖြင့် လုံ့လဝီရိယအားဖြင့် ကြိုးစားရမည်။

အမှုကလွတ်လိုလျှင် တရားဥပဒေအရ ကြိုးစားရမည်၊ အမှုမဖြစ်အောင် ကြိုတင်ရှောင်ရှားရမည်၊ ဝိသမလောဘ၊ အာဃာတဒေါသ တွေဝေမိုက်မှားသော မောဟများကို သတိတရားဖြင့် ထိန်းသိမ်းရပေမည်။

မမှန်သည်ကို ရှောင်၍ မှန်သည်ကို ဆောင်နိုင်ရမည်ဖြစ်၏။

ဤမည်သော လောကီရေးရာတွင် ကျင့်ဝတ်များကို သိနားလည်ကြပါ၏၊ သဘောပေါက်ကြပါ၏။ သို့သော် လက်တွေ့တွင် မ,စမည့်သူ၊ ဖန်ဆင်းမည့်သူကို ရှာဖွေရင်း ဟလွဲဆံပင်ကောင်း နေကြပေသည်။ မ,စမည့်ဘိုးတော်ကို မရှာကြပါနဲ့၊ လုံးဝမရှိပါ။ ထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းသို့ ဦးတည်နေသူများသည် မိမိအား တစ်ပါးသူက ကြည်ညိုလာလည်း လုပ်လိမ့်မည် မဟုတ်ပေ။ ကိုးကွယ်လာအောင်လည်း တန်ခိုးသတ္တိတွေ ပြလိမ့်မည်လည်း မဟုတ်ပေ။ မိမိအား တစ်ပါးသူက ပေးကမ်းလှူဒါန်းအောင်လည်း ဆွယ်တရားဟောခြင်း၊ လာဘ်လာဘပြခြင်းကိုလည်း လုပ်လိမ့်မည် မဟုတ်ပေ။ မိမိ၏ အပုပ်ကောင်ခန္ဓာကို လွတ်မြောက်ရန်လမ်းအတွက် ကျင့်ကြံအားထုတ်သောအကျင့်မြတ်ကိုသာ ဦးတည်လိမ့်မည် ဖြစ်ပေသည်။

မိမိ၏ ချစ်လှပါသည်ဆိုသော၊ ခင်တွယ်လှပါသည်ဆိုသော၊ သေမှသာ ခွဲပါမည်ဆိုသော ဇနီး သားသမီးများကိုပင် ခေါ်သွားလို၍ ရသည်မဟုတ်ပေ။

ရှာန် လမ်း သည် လည်းကောင်း၊ ဉာဏ်လမ်းသည်လည်းကောင်း မိမိကျင့်မှ၊ မိမိလုပ်မှရသော အလုပ်ဖြစ်၏။

မျက်လှည့်ပြစရာ တန်ခိုးဂုဏ်ပြဒ် ပြစရာမလိုပေ။ ပန်းသီးပေး၊ မာလကာသီးပေး၊ ငှက်ပျောသီးပေး[illegible] လုပ်မည်မဟုတ်ပေ။ [illegible]ကိုင်းလည်း ကြွလာမည် မဟုတ်ပေ။ [illegible]

ကြောင်းခြင်းရပ်လည်း မရှိပေ[illegible]

ထို့ပြင် တစ်ဦးတစ်ယောက်[illegible] ကောင်းစားရေးအတွက် တစ်ဦး[illegible] တစ်ယောက်ပျက်စီးစေရန် ဓာတ်[illegible] ဆင်၊ ဓာတ်ရိုက်လုပ်ပေးသည့်[illegible] အလုပ်မှာ အထက်ဂိုဏ်းဝင်[illegible] ပုဂ္ဂိုလ်များအနေဖြင့် မည်သို့[illegible] လုပ်လိမ့်မည်မဟုတ်။ ဤအလု[illegible] သည် ဗေဒင်ဆရာများအလု[illegible] သာ ဖြစ်သည်။ ကျွန်တော် [illegible] ကြီးဆိုပါရစေ၊ တစ်ဦးတစ်ယော[illegible] အကျိုးပျက်စီးရေးကို မည်သ[illegible] အထက်ဂိုဏ်းဝင်၊ မည်သည့်ဝိ[illegible] လမ်းစဉ်ဝင်ပုဂ္ဂိုလ်များက လု[illegible] လိမ့်မည် မဟုတ်ပေ။ အကြော[illegible] က ရုပ်၊ နာမ်ရှိသမျှ သတ္တ[illegible] အားလုံးအပေါ်တွင် အမြဲတ[illegible] မေတ္တာထားနေကြသည့် မေတ္တ[illegible] ဓူးရောက်စေရမည့်ပုဂ္ဂိုလ်တ[illegible] က တစ်ပါးသူများ ပျက်စီး[illegible] မည့်လုပ်ငန်းများကို လုပ်လိမ့်[illegible] မဟုတ်ပေ။ ဆိုပါမည်၊ မလုပ်[illegible] မလုပ်ရေးချ မလုပ်ပါ။

အကယ်၍များ လုပ်[illegible] သည်၊ လုပ်ပေးမည်ဆိုပါက [illegible] မှချ ဘော်ကိုးအဖြစ် မှတ်ယူ[illegible] ပါသည်။ ဘိုးတော် အတု[illegible] ယောင်အဖြစ် ဝေးဝေးက ရှော[illegible] ရှားကြပါကုန်။

မရှောင်ရှားနိုင်ဘဲ [illegible] ထိပ်တိုက်တိုးလျှင် သတင်း[illegible] များတွင် မကြာခဏပါနေသ[illegible] ရွှေလိမ်ဘိုးတော်၊ သမီးကညာ[illegible] အသစ်သုတ်သည့် အမည်ခံ[illegible] တော် (ဝါ) ဘော်တိုးများနှင့်[illegible] ကြမည် ဖြစ်ပေသည်။

ဘိုးတော် အစစ်အမှန်[illegible] သည် တရားစခန်းကျင့်စဉ်[illegible]

www.burmeseclassic.com

လှည့်၍ လောကီရေးရာစကားများကို အချိန်ကုန်ခံ၍ ပြောလိမ့်မည် မဟုတ်ပေ။ ဘန်းစကားများကိုလည်း တီထွင်လိမ့်မည် မဟုတ်ပေ။

အထက်ဂိုဏ်း ဘန်းစကားဆိုရာတွင် ဥပမာ- လင်ပန်းနှင့် ...မြင်လျှင် တစ်ခုခုထည့်လျှင် 'ပန်း'တတ်သည်။ ဒန်အိုး ဒန်ခွက်နှင့် ရေသောက်လျှင် 'ခွက်' တတ်သည်။ ကြိုးဖလား (ကြေးဖလား)နှင့် ရေသောက်မှ ကြီးမြင့်သည်။ ချာပါတီစားလျှင် ချာတတ်သည်။ နံပြားစားလျှင် ပြားတတ်သည်။ ဘယာကြော်စားမှ ...ဘယာအားလုံး ကျော်လွှားသည် စသော စိတ်ကူးယဉ်ဘန်းစကားတီထွင်မှုမျိုး ဖြစ်ပေသည်။

တစ်သက်လုံး ဤပစ္စည်းများသုံး၍ ဤအစားများစားခဲ့ရာ ဘာမှမဖြစ်ခဲ့ဘဲ ဘော်တိုးတွေထက်ထက်ကျမှ မစားရဖြစ်နေသည်။ ရွှေလင်ပန်းနှင့် အချင်းဆေးသည်ပင် ပျက်ပြုန်းရတော့မလို ဖြစ်နေ၏။

အလျဉ်းသင့်သဖြင့် ဘော်တိုးအမည်ခံ [illegible] ...ယောက်၏အကြောင်းကို ဖော်ပြမည်။ ၂၂-၉-၇၄ နေ့ထုတ် ...ရုပ် သားနေ့စဉ်သတင်း... သတင်း တစ်ပုဒ် ဖြစ်ပါသည်။

**လိမ်နေသူ ဘိုးတော်လှူမြတ်**

**ရန်ကုန် စက်တင်ဘာ ၂၁**

ဦးအေးမောင်(ဒိုက်ဦးမြို့)က ...ထံမှ ငွေနှစ်သောင်းငါးထောင် ...သမ္မတဟိုတယ်တွင် ခေတ္တတည်းခိုနေသူ ဘိုးတော်လှူမြတ် (ခေါ်) ဦးဝင်းမြင့်က လိမ်လည်ယူကြောင်းဖြင့် ၄-၉-၇၄ ရက်နေ့က ရန်ကုန်မြို့ ကျောက်တံတားရဲစခန်းသို့ တိုင်ကြားရာ ကျောက်တံတားပြည်သူ့ရဲစခန်းက အရေးယူပြီး ဘိုးတော်လှူမြတ် (ခေါ်) ဦးဝင်းမြင့်နှင့်သူ၏တပည့် အောင်ကြည်တို့အား ဖမ်းဆီးကာ ပုဒ်မ ၄၀၆ ဖြင့် အရေးယူထားပြီ။

**ပတ္တမြားရမည်**

ဘိုးတော်လှူမြတ်သည် ဒေးစွန်ပါတောင်တွင် ကမ္မဋ္ဌာန်းပြဆရာအဖြစ်လုပ်ပြီး ဦးအေးမောင်အား တရားကိစ္စဆွေးနွေးရန် ရန်ကုန်သို့ ခေါ်ယူလိုက်ပြီး ဆူးလေဘုရားလမ်း၊ ရွှေမြို့တော်တည်းခိုခန်း၌ နေရာချထားခဲ့သည်ဆို၏။ ယင်းနောက် ၂၂-၈-၇၄ ရက်နေ့တွင် ငွေကျပ် ၂၅၀၀၀-ပေးရင် ၃၅၀၀၀-တန် ပတ္တမြားရမည်။ အထက်ဆရာကြီးများက အမိန့်ချပြီးပြီဟု တောင်းဆိုသဖြင့် ဦးအေးမောင်က မိမိပါလာသော ဂျစ်ကားကို ၁-၈-၇၄ နေ့က ကျပ် ၂၅၀၀၀ [illegible]ပြီး ဘိုးတော်လှူမြတ်ကို ပေးခဲ့၏။ ထိုနောက် သမ္မတဟိုတယ်မှ ဘိုးတော် ပျောက်ဆုံးသွား၏။ [illegible] ပြည်သူ့ရဲစခန်းသို့ တိုင်ကြားခဲ့ခြင်း ဖြစ်၏။

**အိပ်မက်မက်သည်**

ထိုသို့ ဦးအေးမောင်ထံမှ ငွေ ၂၅၀၀၀ ကိုလိမ်အပြီး ၆-၉-၇၄ နေ့တွင် ဘိုးတော်လှူမြတ်၏တပည့် အောင်ကြည်ဆိုသူသည် အမှတ်(၃၇)၊ ၈-လမ်းနေ ဦးသန်း၊ ဒေါ်ရွှေကြည်တို့နေအိမ်သို့ သွား၍ ဘိုးတော် အိပ်မက်မက်သည်ဟုပြောပြီး လိမ်လည်ရန် ကြိုးစားနေစဉ် ဦးသန်း၊ ဒေါ်ရွှေကြည်တို့ကလည်း ဘိုးတော်လှူမြတ်အကြောင်းကို သတင်းစာတွင် ဖတ်ထားရှူးသဖြင့် လမ်းမတော်ပြည်သူ့ရဲစခန်းသို့ အကြောင်းကြားခဲ့၏။ လမ်းမတော်မှ ကျောက်တံတားပြည်သူ့ရဲစခန်းသို့ ထပ်ဆင့်အကြောင်းကြားပြီး ဘိုးတော်လှူမြတ်အား မင်္ဂလာတောင်ညွန့်၊ ဖိုးမြေမမွှာရုံလမ်း၊ အမှတ်(၁၉)တွင် သွားရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်၏။

**ကားကက်ဆက်**

ဘိုးတော်လှူမြတ်၏အပေါ်တွင် ညောင်ပင်လေးမှ ဦးဖန်ကလည်း မိမိထံမှ ကားဝယ်ရန် အကြောင်းပြ၍ ငွေ ၇၀၀၀ တစ်ကြိမ်၊ ရန်ကုန်မြို့တွင် ငွေကျပ် ၁၅၀၀-နှင့် ၄၀၀၀-ခန့်တန် စတီရီယိုကက်ဆက်၊ ရေဒီယိုတစ်လုံး လိမ်ယူသွားကြောင်းဖြင့် ဒဂုံပြည်သူ့ရဲစခန်းတွင် တိုင်ကြား၍ တစ်ဆက်တည်း [illegible] သွား၏။ [illegible] သည် [illegible] ပြုမှုတွင် ကျပ်တစ်သိန်း ကျော်လိမ်လည်မှုဖြင့် အမှုရင်ဆိုင်နေဆဲ ဖြစ်ရ၏။

သတင်းမှာ ဤမျှသာ။

သို့သော် ထိုသတင်းကို ဖတ်ကြည့်ပြီးနောက် အထက်ကရေးပြခဲ့သည်များနှင့် နှိုင်းယှဉ်ကြည့်လျှင် အဖြေမှန်ကို လယ်ပြင်တွင် ဆင်သွားဘိသကဲ့သို့ ထင်ရှားစွာ မြင်ရမည် ဖြစ်ပေသည်။ ယနေ့ ခေတ်စားနေသော "အကြားအမြင်" ဆိုသည့်စကားလေးလုံးမှာ ဘိုးတော်တို့လက်စွဲဖြစ်သလို မတရားသဖြင့် အခွင့်အရေးလိုချင်သူများ၊ စီးပွားဖြစ်ချင်သူများအတွက် သည်းခြေကြိုက်စကားလုံး ဖြစ်နေသည်။

အကြားအမြင်သည် သည်းခြေကြိုက်သွားလျှင် ဘိုးတော်လှူမြတ်တို့နှင့် တွေ့တော့မည် မှာ မလွဲတော့ပေ။

ဗုဒ္ဓရှင်တော်ဘုရားက မဂ္ဂင်ရှစ်ပါးတရားတွင် သမ္မာဒိဋ္ဌိတရားကို ရှေ့ဆုံးမှ တင်ထားခဲ့၏။ အမှတ်မှား၊ အယူမှား မဖြစ်စေရန်ပင်၊ အမှတ်မှား၊ အယူမှား ဖြစ်လျှင် အစဉ်တစိုက် လမ်းလွဲကုန်တော့မည်ဖြစ်သောကြောင့် ဖြစ်၏။

ပုတီးစိပ်ခြင်းသည် ကောင်းသောအလုပ်၊ မွန်မြတ်သောအလုပ်၊ များများစိပ်နိုင်လေ များများကောင်းလေဟု ရဲရဲကြီး ဆိုပါမည်။ ပရိတ်တရားတော်များ ရွတ်ဖတ်ရခြင်းသည် ရွတ်သူမှာရော မေတ္တာထားခံရသူ၊ ရည်စူးခံရသူများပါ အလွန်အကျိုးများပါ၏။ သို့သော် စိတ်ထားသန့်စင်ဖို့ အလွန်လိုအပ်၏။

မေတ္တာတရားကို ရင်ဝယ်ပိုက်လျက် သတ္တလောကကြီးတွင် ရှိရှိသမျှသော ရုပ်၊ နာမ်ရှိသမျှ သတ္တဝါတို့ ချမ်းသာသုခပြည့်ဝပါစေဟူသော ရည်စူးထား၍ ပုတီးစိပ်လျှင် အလွန့်အလွန်ကောင်းပါသည်။ ပြောဖွယ်ရာမရှိ ကောင်းပါသည်ဟု ပြောရပေမည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ မိမိက တစ်ပါးသော သတ္တဝါတို့အပေါ်တွင် ကြီးမားသော မေတ္တာဓာတ် ဖြည့်ဆည်းမှု၏ရောင်ပြန်ကြောင့် မိမိထံသို့လည်း ကောင်းသောရောင်ပြန်ထင်ဟပ်ခြင်း ခံရမည်သာလျှင် ဖြစ်၏။

မိမိ တစ်ဦးတစ်ယောက်ကောင်းစားပါစေ၊ ရာထူးတိုးပါစေ၊ စီးပွားရေး တိုးတက်ပါစေဟူသော မမှန်ကန်သည့်သဘောကို ဆောင်မိလျှင် မိမိထံသို့ပြန်လည်ထင်ဟပ်မည့် ရောင်ပြန်မေတ္တာသည် ကောင်းသောရောင်ပြန် မဖြစ်နိုင်ပေ။

## အခန်း(၄)

### ရထားပေါ်မှ ဘိုးတော်ကင်း

တအိအိ တပ့ုပ့ ခုတ်မောင်းလာသည့် မန္တလေးအစုန်ရထားကြီးမှာ ဝေလီဝေလင်းမနက် ၅-နာရီတွင် ကောင်ဋ္ဌဘူတာသို့ ဝင်လာခဲ့၏။

ဆန်ပြုတ်ပူပူကလေးရမယ်၊ မလိုင်နံ့ပြားရမယ်၊ ပလာတာရှရှကလေးရမယ်ဟူသော ဈေးသည်များ၏ ဆူညံသော အော်ဟစ်သံများက ကျွန်တော်တို့အား အိပ်ရာမှထစေရန် ဆွဲဆောင်နေပါပြီ၊ အိပ်ရေးမဝသေးစေကာမူ ထလိုက်ရ၏။ တစ်ညလုံး လေးကန်ပြီး ဘာမှ မစားရသေးသဖြင့် ဗိုက်ကလည်း အစာတောင်းလာပြီ။ အိပ်ရာမှ လူးလဲထပြီး မျက်နှာမသစ်ရသေးသော်လည်း ရထားပေါ်မှ ဆန်ပြုတ်ဆိုင်ဆီသို့ အပြေးအလွှားသွားလိုက်ရသည်။ မရှိသောမျက်ချေးကို အတင်းဖယ်ပြီး ဆန်ပြုတ်ဆိုင်တွင် ထိုင်လိုက်သည့်အခါ အငွေ့တထောင်းထောင်းထနေသည့် အိုးကြားကြွေးဖြူးထားသည့် ဆန်ပြုတ်ပန်းကန်လေးများက အသင့်ဆီးကြိုနေပါသည်။

ဆာဆာနှင့် ဆန်ပြုတ်တစ်ပန်းကန်ကို ဒရောသောပါးသောက်လိုက်ပြီး ဒုတိယပန်းကန်ကျမှသာ အရသာခံ၍ အေးအေးဆေးဆေး သောက်ရ၏။ ဆန်ပြုတ်ကျဲကျဲနှင့် အာသာပြေပြီးနိုင်လွန်လက်ဖက်ရည်။ ပန်းကန်ဖင်ကို ဒိုးယိုပေါက်မြင်ရသဖြင့် နိုင်လွန်လက်ဖက်ရည်ဟု ကင်ပွန်းတပ်ထားသော လက်ဖက်ရည်ကို အပြေးအလွှားသောက်ပြီး စီးကရက်ဖွာရင်း ဘိုးတော်ကင်းရှိရာသို့ အကဲခတ်ထွက်ခဲ့သည်။

ကျွန်တော်တို့က လူညစ်ပတ်ဆိုတော့ မျက်နှာမသစ်ဘဲ ဆန်ပြုတ်နှင့် လက်ဖက်ရည်ကို အပြေးအလွှား သောက်ခဲ့ရ၏။ ဘိုးတော်ကင်းကြီးကတော့ စနိုးအဖွေးသားနှင့် စမတ်ကျကျလေး ထိုင်နေသည်။ ညက အိပ်ရေးဝပြီလား၊ မသိ။ မျက်နှာကြီးကလည်း အစ်နေသည်။

သူကတော့ ခပ်အေးအေး ထိုင်နေသည်။ သူက ကျွန်တော်တို့လို အပြေးအလွှားစားသောက်ရမည့် လူ့အလွှာစာရင်းထဲတွင် ပါဝင်သူမဟုတ်ပေ။

မည်သို့ပင်ဆိုစေ၊ ကျွန်တော်က သူ့ကို တွေ့ရမည်။ ဘယ်လိုနည်းနှင့် တွေ့ရမည်ဖြစ်စေ၊ တွေ့ရမည် ဖြစ်သည်။

ထို့ကြောင့် ခပ်တည်တည် သူ့တွဲဘေးကပ်သွားပြီး အတင်းနသားဘာရာလုပ်ပြီး နှုတ်ဆက်လိုက်ရသည်။

"ဟော့- ဂျစ်တူးကြီးပါလား ကွ"ဟု ငယ်မူအတိုင်း အားရပါးရကြီး နှုတ်ဆက်ပစ်လိုက်၏။

ကျွန်တော်က ငယ်မူအတိုင်း အော်ကြီးဟစ်ကျယ် အားရပါးရကြီး နှုတ်ဆက်သဖြင့် သူက အံ့ဩသွားသောမျက်နှာထားနှင့် တစ်ချက်စူးစိုက်ကြည့်လိုက်ပြီးမှ . . .

"ဟာ . . . လန်ဘားပါလားဟေ့၊ လာ . . လာ၊ အပေါ်တက်ခဲ့ပါအုံးကွ"ဟု ဖိတ်ခေါ်လိုက်ပါသည်။

ပထမတော့ ဘိုးတော်ကင်းဆိုသည့် နာမည်ကို အမြဲကြားနေသူတစ်ယောက်အဖို့ ငယ်နာမည် ဂျစ်တူးကြီးဆိုသည့်အသံကို ကြားလိုက်ရသည့်အခါ အံ့ဩသွားဟန် ရှိပါသည်။ နောက်မှ ကျွန်တော့်ကို တွေ့လိုက်ရသဖြင့် အံ့ဩဟန်ပျောက်၍ ငယ်မူဟန်အတိုင်း ပြန်နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။ သူက မှတ်မှတ်မိမိခေါ်လိုက်သဖြင့်ကျွန်တော်ကလည်း ပေါ့ပေါ့ပါးပါး တွဲပေါ်ရောက်သွားသည်။ လေးယောက်စီးရမည့် တွဲကြီးပေါ်တွင် သူတို့နှစ်ယောက်တည်း။ အခန်းမရနိုင်သဖြင့် ကျန်ရစ်ခဲ့သူများရှိသော်လည်း သူတို့ကတော့ နှစ်ယောက်တည်းအခန့်သားပင်။ နောက်မှ သိရသည်မှာ ရုံးပိုင်ကြီးစီစဉ်ပေးချက်အရ ဤလေးယောက်ခန်းတွဲကို သူတို့နှစ်ယောက်က အပိုင်စီးထား[...]
ဖြစ်၏။

တွဲပေါ်ရောက်သည့်အ[...]
နဂိုအံ့ဩနေသည်များထက် [...]
အံ့ဩစရာကောင်းသောမြင်ကွ[...]
ကို တွေ့လိုက်ရ၏။

သူတို့နေသည့် ဆိုဖာ[...]
တွင် ဖြန့်၍ခင်းထားသည့် ကြ[...]
သွေးရောင်ကတ္တီပါအခင်းကြီ[...]
ရဲရဲတောက်နေသည်။ အ[...]
ရောင် ကတ္တီပါမှီအုံးကြီးက[...]
အခန့်သား။ ဒီမြင်ကွင်းအ[...]
ကြည့်လိုက်တော့ ခမ်းနား[...]
တောက်ပြောင်လွန်းနေသ[...]
မြန်မာပြည်က မီးရထားမှ[...]
ပါလေစဟု ထင်ရသည်။

ချိုင့်ကြီးချိုင့်ငယ်၊ ခြင်[...]
ခြင်းငယ် အသွယ်သွယ်က[...]
အစီအရီ ခွက်တင်စရာခုံ[...]
ပေါ်တွင် တင်ထားသော [...]
တထောင်းထောင်းထနေ[...]
ဟောလစ်နှင့် ပေါင်မုန့်[...]
ပန်းကန်လေးများမှာ ကို[...]
ရာမရှိအောင် လုပနေ[...]
ကဖော်ပစံနှစ်ခုတွဲ ဖန်ခွ[...]
လေးထဲ်ငွှင်မှု ကြက်ဥပြု[...]
ဝိဝိကလေးနှင့်သုံးမှာ [...]
တောက်ကလေး။ စားချင့်[...]
ရှိသလိုမြင်ကွင်းက လုပ[...]

ဒါက ခရီးသွားနေ[...]
ထားပေါ်ကမြင်ကွင်း။ အိမ်[...]
လျှင်တော့ ဘယ်သို့ ရှိ[...]
တွေးကြည့်ချင်စရာပင်။

ထိုထက်ပို၍ ထူးဆန်[...]
က ကြိမ်ခြင်းလှလှက[...]
ဗက်စစ်စတီးနိုင်း [...]
ကိုတော့ မတွေ့ရ၊ ခြင်းနှင့်[...]
ကို [...]ကစိကစားမိသ[...]



www.burmeseclassic.com

www.burmeseclassic.com

အမှန်။

ဒီအပိုင်းအထိတော့ သူ့ကို ရှာနိုင်ရသည်ဟု မဆိုသေးပါ။ ဘိုး ဆော်နှင့် ဗက်စစ်စတီးနိုင်း တွဲ ထွက်ရှိနေသည်ကတော့ အံ့ဩ စရာပါ။

သူနှင့်အတူရှိနေစဉ် အဖော် (ဘယ့်ဖြစ်ဟန်တူသည်)က ပြင် ဆင်ထားသော အစားအသောက် များပေါ်တွင် ပိုးမွှားတိရစ္ဆာန် ကလေး မနားရအောင် နံ့သာဖြူ ယပ်တောင်ကလေးနှင့် တရစပ် ခပ်ပေးနေသည်။

ယပ်ခပ်နေသူကို လက်ဝါး ဖြင့်ထိုက်ပြီး လက်ညှိုးညွှန်လိုက် သည့်အခါ ခြင်းထဲမှပစ္စည်းအချို့ ထွက်လာပြီးနောက် သူ့ရှေ့တွင် [illegible]သည့် စားသောက်ဖွယ်ရာ [illegible]အတိုင်း ကျွန်တော့်ရှေ့သို့ ရောက်လာသည်။ ဘိုးတော်ကင်း [illegible] ကျွန်တော့်ကို သူနှင့် မျက်နှာ ချင်းဆိုင်သို့ ရွှေ့ထိုင်နိုင်ပြီး [illegible]တင်းစားနိုင်း၏၊ ကျွန်တော်က [illegible]ခဲ့ပြီဖြစ်ကြောင်း အတင်း [illegible]သော်လည်း မရ။

ခင်မောင်ဦးကို ခင်မင်စရာ [illegible]သောအချက်ထဲတွင် ဤ [illegible]လည်း ပါဝင်သည်။ ယပ် [illegible]များကိုတွေ့လျှင် ဘယ်နေ [illegible] ဘယ်အခြေအနေမှာဖြစ်ဖြစ် [illegible]ိုက်လျှောလျှော ရှိ၏။ [illegible]အသင်းများ၏ ဆန္ဒကို [illegible]အဝ ဖြည့်စွမ်းတတ်၏။ [illegible]က သူယယ်ယက်အကျင့် [illegible]အထိ မပျောက်။

[illegible]ခဲ့သော ဟောလစ် [illegible] ခင်မန့်ထောပတ်သုတ် [illegible]…

"ဒါနဲ့ နေပါအုံး၊ မောင်ရင်က ဘယ်ရောက်ပြီး ဘာလုပ်နေသလဲ"ဆိုသည့်အမေးကို သူက မဖြေဘဲ ပြုံးပြုံးကလေးလုပ်နေသည်။

ကျွန်တော့်အမေးကို မဖြေဘဲ သူကပင် ပြန်၍ မေးခွန်း ထုတ်လာသည်။

"မောင်ရင်ကကော ဘယ်ရောက်ပြီး ဘာလုပ်နေသလဲ၊ ပြောစမ်းပါအုံး"

"ကိုယ်ကတော့ အရင်အလုပ်ပါပဲ၊ ရန်ကုန်မှာပဲ နေတယ်လေ၊ ကြည့်မြင်တိုင်မှာတော့မဟုတ်တော့ဘူး၊ ရေကျော်ဘက် ရောက်နေတယ်"

"အိမ်ထောင်ကော ကျပြီလား၊ ကလေးဘယ်နှယောက်လဲ"

"အေး…အိမ်ထောင်တော့ ကျနေပြီ ကလေးတော့ မရသေးဘူး"ဟု ပြောရင်း…

"နေပါအုံး၊ မောင်ရင်က ကိုယ်မေးတာတော့ မဖြေသေးဘဲ ကိုယ့်ကိုပြန်ပြီး မေးခွန်းထုတ်နေတာကိုး"

"ကိုယ့်အကြောင်း မောင်ရင်ကြားရင် ဆန်းနေမှာပေါ့၊ ကိုယ့်အလုပ်နဲ့ နေတာကတော့…"ဟုပြောပြောဆိုဆို အမေရိကန်လက်ကိုင်သားရေအိတ်ကို ဖွင့်လိုက်ပြီး ကတ်ပြားကလေးတစ်ခု ကျွန်တော့်ထံသို့ ထိုးပေးပါသည်။

ဗီစီတင်းကတ်ခေါ် မိတ်ဆက်ကတ်ပြားလေး။

အခြား ကတ်ပြားများလို သေးသေးလေးမဟုတ်။ အလျား ၄-လက်မ၊ အနံ ၃-လက်မပေါ်တွင် ကနုတ်ပန်းများ ပတ်ပတ်လည်ဝိုင်းထားသည့် ဖောင်းကြွစာလုံး လုလုပပလေးများဖြင့် ရိုက်နှိပ်ထားသည့် မိတ်ဆက်ကတ်ပြားကလေး။

အပေါ်စာကြောင်းနှစ်ကြောင်းကတော့ စာလုံးသေးသေးလေး။

ဦးခင်မောင်ဦး
ဘီ-အေ-ဘီ-အယ်လ်

နောက် တစ် ကြောင်း ကတော့ ခပ်ဆန်းဆန်း စာလုံးကကြီးကြီး။

ဘိုးတော်ကင်း

လိပ်စာ စာလုံးကလေးကတော့ အသေးဆုံးပင်။

အမှတ်( )၊ ပြည်လမ်း၊ ရန်ကုန်ဟု ဖော်ပြထားသည်။

ကျွန်တော်က ကတ်ပြားကလေးကို ယူကြည့်ရင်း…

"နေပါအုံး သူငယ်ချင်းရဲ့ စီးပွားရေးအလုပ်ကကော…"

"မင်း တော်တော်တုံးတဲ့အကောင်ပါလား၊ ဘိုးတော်ကင်း ဆိုတာ အလုပ်ပေါ့ကွ"တဲ့။

ကျွန်တော် ဘာဆက်ပြောရမှန်း မသိတော့ပါ။ သူကလည်း ဘာမှဆက်မပြောသဖြင့် လက်ကျန်အစားအသောက်များကို ဆက်ရှင်းလိုက်ရ၏။

စားသောက်ပြီး သူနှင့်အတူပါသူက ကမ်းပေးသည့် ငါးသုံးလုံးစီးကရက်သံဘူးထဲက စီးကရက်တစ်လိပ် ပါးစပ်တွင် တပ်မိသည်နှင့် ပြာလဲ့လဲ့ မီးတောက်ကလေးက စီးကရက်ထိပ်ဖျားတွင် အဆင်သင့်၊ ကျွန်တော်က လောကဝတ်အရ ထိုပုဂ္ဂိုလ်အား ကျေးဇူးတင်ကြောင်း ခေါင်းညိတ်ပြလိုက်ရသည်။

သူ့မျက်နှာက မပြုံးမရယ်၊ သူ့ဆရာ ဘိုးတော်ကင်း၏အမိန့်ကို အမြဲတမ်း နားစွင့်နေဟန်ရှိသည်။

"ဒါနဲ့ နေပါအုံး၊ မရီနဲ့ ကလေးတွေကော…"ဟု သူ့အိမ်ထောင်အကြောင်းမေးလိုက်သည့်အခါ သူကတော့ ခပ်ပြုံးပြုံးကလေးပင် အဖြေပေးပါသည်။

သူပေးလိုက်သည့် အဖြေစကားလုံးမှာ စိမ်းကားလွန်းနေသည်ဆိုရလေမလား မသိပေ။ သူနှင့် ငယ်ပေါင်း ဇနီးအကြောင်း အဖြေပေးပုံမှာ ခပ်အေးအေး။

"သူမိဘတွေအိမ်မှာပဲ နေကြတယ်လေ"

"မောင်ရင်ကကော…"

သူက မဖြေ၊ ပြုံးနေသည်။

"ခင်မောင်ဦးရာ၊ မင်းနဲ့တွေ့ရတာ ငါတော့ မျက်စိရော၊ နားရောလည်ကုန်ပြီကွ သူငယ်ချင်းရ"

ထိုစဉ် ပထမအချက်ပေး ဥဩသံ ထွက်လာသဖြင့် တွဲသို့ ပြန်ရန် ထလိုက်ရသည်။

"အေးလေ… ရန်ကုန်ရောက်ရင် ကိုယ်ပေးထားတဲ့ လိပ်စာအတိုင်း ဆက်ဆက်လာခဲ့ပေါ့ သူငယ်ချင်း၊ လည်နေတဲ့ နားတွေ ပြန်တည့်သွားပါလိမ့်မယ်"တဲ့။

ထိုစဉ် ဂါတ်ဗိုလ်၏ခရာသံထွက်လာသဖြင့် ကျွန်တော့်တွဲဆီသို့ ခပ်သုတ်သုတ် ပြန်ခဲ့ရ၏။

တွဲပေါ် ရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ပင်မထိုင်ရသေး။ "ဘယ်နှယ်လဲ၊ ခင်ဗျားနဲ့ ဘိုးတော်ကင်းနဲ့ ကြည်နေကြပါကလား၊ လုပ်စမ်းပါအုံး အတွေ့အကြုံကလေးတွေ . . ." ဆိုသည့်စကားဖြင့် ဆီးကြိုလိုက်ပါသည်။

"ကြည်ဆို.. ရထားတွက်စက် ပြောသလိုပါပဲ၊ သူနဲ့ ကျွန်တော်နဲ့က တေဖော်တေဘက်၊ ကစားဖော်ကစားဘက် ငယ်သူငယ်ချင်းတွေဆိုတော့ ကျွန်တော်နှုတ်ဆက်လိုက်တာနဲ့ သူလည်း မှတ်မိသွားတယ်လေ၊ သူကလည်း အားရဝမ်းသာနဲ့ တွဲပေါ်ကို ဖိတ်ခေါ်တာနဲ့ လေမိသွားတာပါ"

"အဲဒီတော့ ထူးခြားချက်ကလေးတွေက . . ."

ကိုအောင်မြင့် အမေးကို ကျွန်တော်က မဖြေတော့၊ မိတ်ဆက်ကတ်ပြားကလေးကို လှမ်းပေးလိုက်သည်။

ကိုအောင်မြင့်နှင့် ဦးဘခင်တို့မှာ မိတ်ဆက်ကတ်ပြားကလေးကိုကြည့်ရင်း ခေါင်းညိတ်သူက ညိတ်၊ မျက်လုံးကလေးကလယ်ကလယ် ဖြစ်နေသူကဖြစ်နေသဖြင့် "ခင်ဗျားတို့ တွဲပေါ်က အခြေအနေမြင်ရင် ဒီထက်အံ့ဩသွားမှာပါ"ဟု ပြောရင်း ကတ္တီပါအခင်းကြီးနှင့် ကတ္တီပါမှီအုံးကြီး၊ ပောလစ်၊ ကြက်ဥနှင့် ဗက်စစ်စတီးနိုင်း မြင်ကွင်းကို ဖောက်သည်ချလိုက်ရသည်။

သူတို့မျက်နှာများကတော့ ခပ်ပြုံးပြုံး။

"ဦးပြောတဲ့ ဘိုးတော်အောင်မင်းစိန်ထက် သာသွားပြီပေါ့"

"သာဆို . ဦးကလဲ၊ သူ့နာမည်ကို ကြည့်အုံးလေ၊ ဘိုးတော်ကင်းတဲ့၊ ကင်းဆိုတော့ ဘုရင်ပေါ့၊ ဘိုးတော်ဘုရင်၊ ဖဲကစားရာမှာတော့ ဂျက်၊ ကွင်း၊ ကင်း၊ ကင်းက အကြီးဆုံးပဲ၊ သူကလည်း ဘိုးတော်တွေထဲမှာ အကြီးဆုံးပေါ့"

အကယ်၍များ သူ့အကြောင်းကို ပြောနေသည့်စကားများကို ဘိုးတော်ကင်း နောက်လိုက်များ၊ သူ့ကိုကြည်ညိုနေသူများ၊ သူ့ကို ကိုးကွယ်နေသူများ ကြားခဲ့မည်ဆိုသော် "တက်သေသွားမည်လား မသိပေ။

သို့သော်လည်း သတင်းစာများတွင်ပါလာသည့် ဘိုးတော်လှူမြတ်အကြောင်း ဖတ်လိုက်ရတော့ ဘိုးတော်တွေ၏ အပြစ်လား၊ ကိုးကွယ်နေသူတွေ၏ အပြစ်လား၊ မည်သူ့အပြစ်လဲဟု မေးရမလောက်ပင်။

ဆိုပါမည်။ ငွေနစ်သောင်းငါးထောင်ပေးရင် သုံးသောင်းငါးထောင် ရမည်ဆိုတော့ တစ်သောင်းကြီးများတောင် မြတ်နေပါကလား။ ဒီလိုသာ မြတ်နေလျှင် သူဟာသူ ယူမှာပေါ့။ သူများကို ပေးပါ့မလား။ သူက ဘုရားလောင်းမှ မဟုတ်ဘဲ။ ဝေဿန္တရာမှ မဟုတ်ဘဲ။ သို့ဆိုသော် ပေးသူအပြစ်လား၊ ယူသူ့အပြစ်လား။

ကမ္ဘာ့ဒွန်းပြ ဆရာဘိုးတော်ကြီးတည်းခိုသည်က သမ္မတဟိုတယ်တဲ့။ တော်သေးတာပေါ့။ အင်းလျားလိပ်ဟိုတယ်မှာ မတည်းသေးလို့။ သမ္မတဟိုတယ်ပေါ်က တစ်သောင်းမြတ်အောင် လုပ်ပေးနိုင်လျှင် အင်းလျားလိပ်ဟိုတယ်ပေါ်က နှစ်သောင်းမြတ်အောင် လုပ်ပေးနိုင်လိမ့်မည်လားမသိ။

သမ္မတဟိုတယ်ထက် အင်းလျားလိပ်ဟိုတယ်က ဈေးကြီးသကိုး။

ဒီအဖြစ်မျိုးနှင့် နှိုင်းယှဉ်ကြည့်လျှင် ဘိုးတော်ကင်းနှင့် ပောလစ်၊ ကြက်ဥ၊ ဗက်စစ်စတီးနိုင်းတို့ တွဲနေသည်မှာ မဆန်းပါဘူးဟု ပြောရပေတော့မည်လား။

"ခင် ဗျား သူ ငယ် ချင်း က ပညာတတ်တစ်ယောက်ပဲဗျာ၊ ဘယ့်နှယ်ကြောင့် ဒါမျိုးတွေကို ကိုယ်တိုင်နာမည်ခံပြီး လုပ်နေတာလဲ မသိဘူးနော်"

"ဩော်...ကိုအောင်မြင့်ကလဲ၊ စားသာလို့ပေါ့ဗျ"

"သူက ပညာတတ်ဘိုးတော်ဆိုတော့ ပိုအဆင့်မြင့်မှာပေါ့လေ"ဟု ဦးဘခင်က ဝင်ထောက်ငိုက်ရာ ကျွန်တော်တို့တွဲထဲတွင် ရယ်သံများလွှမ်းသွားတော့၏။

ဘိုးတော် အောင်မင်းစိန်၊ ဘိုးတော်လှူမြတ်၊ ဘိုးတော်ကင်းတို့မှာကား ကျွန်တော်တို့ခရီးသွားဖော်တစ်သိုက်၏ လူရွှင်တော်ကြီးများပါကလား။

\+ + +

ဘိုးတော်ကင်း၏ ငယ်စဉ်ဘဝ

ခင်မောင်ဦး အဖေက မြေပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်သူဌေး။

သူငယ်နေထိုင်သည့်တိုက်က ကျွန်တော်တို့အရပ်ထဲမှာ အကြီးဆုံး ထည်ထည်ဝါဝါ၊ ခမ်းခမ်းနားနားကြီး။ ပြတင်းပေါက်တိုင်းမှာ ဖန်ချေ ဆည်းလည်းခန်းဆီးတွေ တပ်ထား၏။ လေတိုက်သည့်အခါ တချွင်ချွင်မြည်သည့်အသံမှာ နားထောင်၍ အင်မတန်ကောင်းသည်။

ဧည့်ခန်းတွင် ရှိနေသည့် ဆည်းလည်း မီးပန်းဆိုင်ကြီးကလည်း လှမှလှပါဘိခြင်း။ သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ရက်များတွင် တစ်တိုက်လုံးဝိုင်းပတ်ထွန်းထားသည့် ရောင်စုံမီးလုံးများ၏အလှကို ကလေးသူငယ်လူကြီးပါမကျန် ကြည့်ကြရသည်။

ခင်မောင်ဦးမွေးနေ့ကျလျှင် ကျွန်တော်တို့ကလေးတွေမှာ မုန့်မျိုးစုံလည်း စားရသည်၊ အရုပ်ကလေးတွေလည်း မဲဖောက်ပေးသည်။ ကျွန်တော်တို့ကတော့ ခင်မောင်ဦးမွေးနေ့ ခဏခဏရောက်ပါစေ၊ လှည့်ပါစေ ဆုတောင်းလိုက်ရသည်မှာ အမော

ကျွန်တော်တို့က ကာကီဘောင်းဘီတိုများ နေ့တိုင်းဝတ်၍ ကုန်းကြောင်းတစ်လှည့်၊ မြေလျှင်တစ်လှည့် ကျောင်းတက်ရစဉ် ခင်မောင်ဦးက သက္ကလပ်ဘောင်းဘီ၊ ပိုးအင်္ကျီ နေ့စဉ်ထည်လဲနှင့် ကြော့ကြော့ကလေး ကျောင်းသို့ လာရသည်။ ကျွန်တော်တို့လို မြေလျှင်တစ်လှည့် ကုန်းကြောင်းတစ်ခါမှာတ်။ အိမ်က ကားလေးနှင့် ကျောင်း ရောက် ငြိမ့်ငြိမ့်ကလေး လိုက်လာရုံသာ။ ကျောင်း ကားရပ်လျှင်သည်း လွယ်အိတ် ကိုင်စရာမလို၊ အိမ်ကပါလာ

www.burmeseclassic.com

သည့် မိန်းမကြီးက လွယ်အိတ် လွယ်ပြီး သူထိုင်ခုံအရောက် ပို့ပေးရသည်။

တစ်ရပ်ကွက်လုံးမှာမှ ရေဒီယိုသုံးလေးလုံးရှိသည့်ခေတ်တွင် သူတို့က လုပသောကားအမည်းလုံးလုံးကလေးကိုပင် စီးနိုင်ခဲ့နေကြသည်။

သူ့ဘဝမှာ မွေးလာစဉ်ကပင် ရွှေလင်ပန်းနှင့် အချင်းဆေး၍ ရွှေဇွန်းကိုက်၊ ရွှေမှုန့်စားပြီး မွေးလာလေသလားဟု ပြောစမှတ်ပြုရပေမင်။

ကျွန်တော်တို့က အိမ်ကပေးလိုက်သော မုန့်ဖိုးကြေးပြားလေးနစ်ပြားကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်နေစဉ် ခင်မောင်ဦးက ငွေမတ်စေ့သုံးလေးစေ့နေ့စဉ်ကိုင်နိုင်သူဖြစ်သည်။ အမေတို့လက်ထဲတွင်သာ ကိုင်လေ့ရှိသည့် ငွေမတ်စေ့ကိုမြင်ရုံသာမြင်ရဖူးသည့် ကျွန်တော်တို့မှာ [illegible]မတ်စေ့လေးကို ခဏခဏ [illegible]တောင်းယူ၍ ကိုင်ကိုင်ကြည့်ရသည်မှာ အမော။

ကျွန်တော်တို့ အိပ်မက်ပင် [illegible]မက်ဖူးသည့် မတ်စေ့ကလေး[illegible] သူက တစ်ခါတလေ အလ[illegible]ပေးတတ်သည်။ ထိုသည့်[illegible] ကျွန်တော်တို့မှာ ဝမ်းသာ[illegible]သည့်ဖြစ်ခြင်း။ သို့သော် [illegible]ဖြင့် မုန့်ဝယ်စားတတ်[illegible] ကျွန်တော်တို့မှာ မတ်စေ့[illegible] ဘယ်လိုမုန့်ဝယ်စားရမှန်း[illegible]။

ခင်မောင်ဦးက ကျောင်းမှ[illegible] အိမ်မှာဖြစ်စေ၊ ကျွန်[illegible]ယောက်သာ ကစားတတ်၏။ မကစား၍လည်းမဖြစ်၊ သူတို့လို လူအလွှာက ကျွန်တော်တို့အရပ်ထဲတွင် အပြေးအလွှား ရှေနိုင်ပါမှ သုံးလေးအိမ်သာရှိသည့်ကြောင့်။

ကျောင်းမှာတော့ ငယ်ငယ်ကစပြီး ခင်မောင်ဦးကို အတန်းထဲတွင် အမြဲတမ်းထိပ်က၊ ပညာကလည်းတော် ပိုက်ဆံကလည်းရှိတော့ ဆရာများ၏ အချစ်တော်ပေါ့။ သူက ပညာရေးမှာ ဉာဏ်ရှင်သူ၊ ဒီကြားထဲ သူ့အိမ်က ဆရာပတွေထား၍ သူတို့မောင်နမကို စာသင်ပြစေသဖြင့် ပို၍တော်နေသလား မသိပေ။

ကျူရှင် မရှိခင်ခေတ်က ကျူရှင်နှင့် လက်တွဲခဲ့ရသူ ဆိုရပါမည်။

ဤသည်က စစ်မဖြစ်မီ အခြေအနေ။

စစ်ပြီးခေတ် ဒီဘက်ပိုင်းတွင်လည်း သူတို့အခြေအနေက ဘာမှမပျက်၊ တစ်ခုထူးခြားသည်ကတော့ စစ်ပြီးခေတ် ဒီဘက်တွင် ကျွန်တော်တို့က ကစား၍ကောင်းတုံး သူက အဝတ်အစားစမတ်ကျကျဝတ်ပြီး ပေါင်ဒါလေးတသသ ဖြစ်နေပေပြီ၊ မိန်းမပိုးတတ်နေပြီ။ ကျွန်တော်တို့နှင့်တော့ အတွဲမပျက်၊ စီးကရက်ကိုနှုတ်ခမ်းဖျားတွင် တွဲလွဲခိုအောင် ဟန်ပန်လုပ်တတ်သည့် မြာစွန်သော ဖိုးခင်မောင်ဦးကို ဒီမှာဘက်တွင် ကျွန်တော်တို့ ဆရာတင်ထားကြပေသည်။

ကျွန်တော်တို့က ဘောလုံးကစားဖို့လောက်သာ အာရုံပြုနေချိန်တွင် သူက အလှအပများကို မျက်စေ့စားပွဲထိုင်နေပြီ ဖြစ်သည်။ ပွေသည့်နေရာတွင် နီးတူ။ သူ့စာမပေးဖူးသည့် အပျိုချောချောက မရှိသလောက်၊ ကျောင်းမှာလည်း ကျောင်းမို့၊ အရပ်ထဲမှာလည်း အရိပ်ထဲမို့။ ပိုက်ဆံကိုဖောဖောသီသီ သုံးနိုင်သည်ဆိုတော့ မျက်နှာကလည်း ပွင့်သပေါ့။ တချို့မိန်းကလေးတွေကလည်း သူမစခင် သူ့ကို မျက်စပစ်တတ်ကြသည်။ သူကတော့ အပျိုချောမှန်ရင် လက်မရှောင် ပေါက်ကောင်ဖွင့်နေသူပင်။

ကျွန်တော်တို့က ရည်းစားစာရေးနည်း၊ ပိုးနည်း၊ ပန်းနည်းများကို သူ့ထံက သင်ကြားရ၏။ သူ့ဒေသနာကို ကြားနာရ၏။ အားကျရ၏။ သို့သော် ကျွန်တော်တို့က သူလိုလုပ်နိုင်သည့် အခွင့်အရေးမရှိ၊ လေသံကြား တရားဖမ်းနာရုံမျှသာ။

ထူးခြားသည်မှာ သူ့တွင် သမီးရည်းစားရယ်လို့ တိတိကျကျမရှိ။ သတ်သတ်မှတ်မှတ်မထား။ တစ်ချိန်တည်းတွင် အမျိုးသမီးလေးငါးဦးထံမှ ရည်းစားစာတွေ ဝင်လာမဆဲ ရှိသည်။

တစ်ခုတော့ ပြောစရာ ရှိသည်။ မည်မျှလောက် ပွေပါစေ၊ ရည်းစားတွေ မှိုလိုပေါက်အောင်ထားပါစေ၊ စာမေးပွဲကျလျှင်တော့ တစ်နှစ်တစ်တန်း မှန်မှန်အောင်သည်။ ဤသည်က ခင်မောင်ဦးတွင်ရှိသည့် ချစ်စရာကောင်းသည့် အရည်အချင်း။ သူများစာတွေကျက်ချိန်တွင် သူက ပွေလို့လည်လို့ ကောင်းတုန်း။ စာမေးပွဲနီးသည့် ၁၅-ရက်လောက်တွင် အပြင် လုံးဝမထွက်တော့၊ စာဖိကျက်သည်၊ ဝင်ဖြေသည်၊ အောင်လည်း အောင်သည်။

သူက ဉာဏ်ကောင်းသည်၊ ဉာဏ်နီဉာဏ်နက် ရှိသည်။

မကောင်းတာလုပ်ဖို့ဖြစ်စေ၊ ကောင်းတာလုပ်ဖို့ဖြစ်စေ ဉာဏ်ကစားတတ်သည့်အကျင့် ငယ်ငယ်ကပင် ရှိနေသည်။

ခင်မောင်ဦးသည် ကျောင်းမှာ လူဆိုး။ ကျွန်တော်တို့လည်း ဆိုးပါသည်။ ကျွန်တော်တို့ဆိုးသည်က ကြဲကြဲဖန်ဖန်ဆော့ခြင်း။ သူဆိုးသည်က မိန်းမကိစ္စရှုပ်ပွေခြင်း။ ကျွန်တော်တို့ကို ဆရာကြီးရုံးခန်းကခေါ်လျှင် ကျောင်းပြေးမှု၊ ကတ်သီးကတ်သတ်ဆော့သည့်အမှုသာဖြစ်၍ သူ့ကိုခေါ်လျှင် ရည်းစားစာပေးမှု၊ ကျောင်းသူကလေးတွေကို မဖွယ်မရာ နှောက်ပြောင်မှု ဖြစ်၏။

အမှုတစ်ခုခုကြောင့် ဆရာကြီးရှေ့မှောက်ရောက်လျှင် သူ့မျက်နှာမှာ သနားစရာကောင်းလောက်အောင် ညှိုးငယ်နေတတ်သည်။ ဆရာကြီး ဆူသမျှ ကြိမ်းသမျှကိုလည်း လည်စင်းခံတတ်သည်။ ရိုက်လျှင်လည်း မတန်တဆအော်ဟစ်ပြီး အသနားခံတတ်သည်။ ထို့ကြောင့် ဆရာကြီးက . . .

"ခင်မောင်ဦး မင်းကတော့ ငါ့ကျောင်းမှာ ဂျစ်တူးကလေးပဲ" ဟု ကင်ပွန်းတပ်ပေးလိုက်သည်ကစ၍ သူ့နာမည်ရင်းပျောက်ပြီး အားလုံးက "ဂျစ်တူး" ဟု ခေါ်ကြ၏။ အတန်းပိုင်ဆရာ ဆရာဦးဘစိန်ကမူ စာပေးစာ[illegible]၍ ခင်



www.burmeseclassic.com

www.burmeseclassic.com

မောင်ဦးအလှည့်ရောက်လျှင် နာမည်မခေါ်ဘဲ "ကဲ- ဆိုးပေ"ဟု မျက်စိပစ်တတ်၏။ ဆရာဦးဘစိန်၏ ဆိုးပေနှင့် ဆရာကြီး၏ ဂျစ်တူးတို့ အပေါင်းလက္ခဏာပြသည့်အခါ သူ့နာမည်ရင်းပျောက်ပြီး "ဂျစ်တူးဆိုးပေ"ဟူသော သရေပါနာမည်တစ်လုံး ရခဲ့သည်။

သို့သော် ဆိုးသည့်ဘက်တွင် ဆိုးသလောက် ပညာတော်သည့်ဘက်တွင် သူ့ပတူသဖြင့် ဆရာ၊ ဆရာမများက သူ့ကို မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရပေသည်။

စစ်ပြီးခေတ်တွင် ကျွန်တော်တို့အုပ်စုထဲမှ တက္ကသိုလ်သို့ ပထမဆုံးသွားသူမှာ ခင်မောင်ဦးဖြစ်၏။ အောက်တန်းကျောင်းသားဘဝက သူ့တွင်ရှိခဲ့သည့်အခါဖိဇမှာ လွတ်လပ်သော တက္ကသိုလ်ကျောင်းသားဘဝရောက်သည့်အခါ ပွင့်ထွက်သွားတော့၏။

လူကလည်း လူချော၊ ဝတ်တတ်၊ စားတတ်သည်။ ဝတ်နိုင်၊ စားနိုင်သည်။ ငွေကို ဖောဖောသီသီသုံးနိုင်သည့်ပြင် ကိုယ်ပိုင်ကားနှင့် ကျောင်းတက်နိုင်သည်မို့ မကြာမီ ခေတ်ဆန်သည့် ကျောင်းသူကလေးများအသိုင်းအဝိုင်းတွင် ခင်မောင်ဦးနာမည် ရေပန်းစားလာသည်။ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်လာသည်။ တက္ကသိုလ်ရောက်တော့ သူ့ကားကို ကိုယ်တိုင်မောင်းသည်။ သူ့ကားမောင်းထွက်သွားတိုင်း ဘေးထိုင်ခုံတွင် မျက်စေ့အေးစရာ ပျိုကညာတို့ ပါစမြဲ။

ည လက်ဖက်ရည်တွင်စုမိသည့်အခါ ငယ်ငယ်က သူ့ဩဝါဒမှာ သဘောတရားအဆင့်တွင်သာရှိ၍ ယခုပြောလာသည့် ဩဝါဒ ချစ်အဘိဓမ္မာမှာ လက်တွေ့ခန်းများပါလာသဖြင့် ပို၍ နားထောင်ချင့်စဖွယ် ဖြစ်လာသည်။ သူ မလာသည့်နေ့တွင် ကျွန်တော်တို့စကားဝိုင်းမှာ ဟာတာတာ ပျင်းခြောက်ခြောက်၊ သူလာမှ စိုပြည်သည်။

ဘယ်နေ့က ဘယ်မှာဆိုသည့် လက်တွေ့ဓာတ်လှမ်းကလေးများသည် ကျွန်တော်တို့ လူပျိုပေါက်စကလေးများအတွက် အားကျစရာ၊ စိတ်ကူးယဉ်စရာကြီးတွေ ဖြစ်နေ၏။ သူပြောသမျှ ကျွန်တော်တို့အတွက် အံ့ဩစရာအပြည့်။

ခင်မောင်ဦးမှာ ကျွန်တော်တို့နှင့် ရွယ်တူဖြစ်သော်လည်း မိန်းမလိုက်စားသည့်နေရာတွင် ကျွန်တော်တို့ထက် နှစ်နှစ်ဆယ်ကြီးနေသည်။

ငယ်ငယ်ကလည်း မွှေသည်။ ကြီးတော့ ပို၍မွှေသည်။

ငယ်ငယ်က စွံသည်။ ကြီးတော့ ပို၍စွံသည်။

ဘီအေပထမနှစ်တွင် "ရီ" ဆိုသော အမျိုးသမီးနှင့် အိမ်ထောင်ကျသည်။ "ရီ"နှင့် တက္ကသိုလ်တွင် တွေ့ကြသည်၊ ချစ်ကြသည်။ ခင်မောင်ဦးကတော့ သူ့ထုံးစံအတိုင်း မိန်းကလေးတွေ့လျှင် ချစ်လိုက်မည်၊ ပျော်လိုက်မည်။ နောက်တော့ တစ်ယောက်ပြောင်းလိုက်မည်။ သူ့ဝါဒနှာ၊ သူ့စရိုက်အတိုင်း မိန်းကလေးတွေကို အရုပ်လို သဘောထားသည်။ ရီနှင့်တွေ့တော့ သူ ကျွတ် သွားသည်။

ရီတို့က ဆွေကြီးမျိုးကြီး၊ ပိုက်ဆံချမ်းသာရုံမက ရီ့အဖေက ခင်မောင်ဦးတို့အဖေနှင့် ရင်းနှီးသည်။ ခင်မောင်ဦးတို့အဖေပေါ်တွင် ဩဇာလည်း ညောင်းသည်။ သူ ရှောင်၍မရတော့၊ မင်္ဂလာဆောင် တော် ရွေးလိုက်ရသည်။

နှစ်ဖက်မိဘများက ချမ်းသာသဖြင့် ခင်မောင်ဦးက ကျောင်းဆက်တက်မြဲ ဆက်လက်၍ မွှေမြဲ တေပြပင်။ မိန်းမနဲ့ပါဆို လူပျိုလုပ်နေသည်။

သူက နေ့လူပျို၊ ညလူအိုဘဝဖြင့် မကြောင့်မကြ မတောင့်မတ ပျော်ပျော်နေ သေစဲဆောင်ပုဒ်ကို လက်ကိုင်ပြုလျက်။ ကားကလေးတစ်စီးနှင့် တဝီဝီ လျှပ်စီးလက်နေသည်။ အိမ်ထောင်ကျပြီးမှ ပို၍ ဟန်ကျနေ၏။ အဖေ့အမေ့ဆီကတစ်လှည့်၊ မယားဆီကတစ်လှည့် လက်ဝါးဖြန့်လျှင် သူ့လက်ထဲ ငွေရောက်ရသည်သာ။

ဘီအေအောင်ပြီးနောက် ဖခင်ကြီးက ကျောင်းထွက်၍ သူ့လုပ်ငန်းများဦးစီးရန် ပြောသော်လည်း သူက ပညာဆက်လက်သင်လိုပါသေးသည်ဟု ပူဆာ၍ ဘီအယ်(လ်)ဆက်တက်ပြန်သည်။ အမှန်တော့ အလုပ်ဝင်ဝင်ရှုလျှင် တေရ၊ ပေရမည်မဟုတ်သဖြင့် ကျောင်းဆက်တက်လိုခြင်း ဖြစ်ပေသည်။

နှစ်ဖက်မိဘများက ပညာရေးဆိုတော့ မတားသာပေ။ သူ့တို့လို ချမ်းသာသူများ၏ သားသမက်များသည် ဘွဲ့တစ်ခုမဟုတ်နှစ်ခုရလျှင် ပို၍ ဂုဏ်မြင့်သည် မဟုတ်ပါလား။ ဘွဲ့တစ်ခုကို ငွေနှင့်ဝယ်၍ရလျှင် ဝယ်မည့်သူများဖြစ်ရာ သားဖြစ်သူက ဘွဲ့နှစ်ခု ရအောင် နေချင်ပါသေးသည်ဟု ဆန္ဒပြုလာသည်ကို ဘယ်လို ငြင်းပယ်ပါမည်နည်း။ သူ့တို့၏ စီးပွားရေးလုပ်ငန်းတွေကို ဥပဒေ ပညာရှင်များနှင့် မကြာခဏ တိုင်ပင်ဆက်ဆံရသည်ဖြစ်ရာ သားတစ်ယောက်လုံးက ဥပဒေ ပညာရှင်ဖြစ်လာခဲ့လျှင် တိုင်းရက် သည့် ပက္ကလာ မိုးရွာသည်နှ အဆင်သင့်ဆိုသလို ဖြစ်မည် သား၏အလိုကို ကြည်ကြည် ဖြူပင် လိုက်လျောခဲ့ပေသည်

ဘီအယ်(လ်) ဆက်တ သည့်အခါ ခင်မောင်ဦး၏ခြေလှ များမှာ ယခင်ထက် ပိုသွက်လ သည်၊ ကျောင်းနေရတုန်းကာ ကလေးတွင် အစွမ်းကုန် ပျေ လိုက်မည်ဟူသော သဘော ဒန့်ကရာမှာလည်း သူ့ခြေ ပွတ်ရာမှာလည်း သူ့ခြေ အရက်ပါတီမှာလည်း သူ့ခြေ အပျော်အပါးပွဲမှန်သမျှ သူ့ခြေ နှင့် မလွတ်။ သူ အိမ်ပြန်ရော တတ်သည့်အချိန်မှာ သန်းခေါ ထက် မစော၊ ပို၍ ဟန်ကျ သည်က တံခါးဖွင့်ပေးမည့် ရှိနေပြီ မဟုတ်လား။

ရီဘဝက "ဆုပ်စူး စာ ဘဝ" ဖုံးဖုံးဖိဖိလုပ်လျှင် ယောက္ခမအိမ်တွင် ပြ နေ့က မကောင်း ခင်မော အကြောင်း နေပေတော့ မ



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာဖော်ရှုလှသဲ့ ပြေလည် မည်မဟုတ်သဖြင့် ဖြစ်သမျှ အကြောင်းအကောင်းဟု သဘောထားပြီး ရေလိုက်ငါးလိုက်နေရသည့်ဘဝ။

သားတစ်ယောက် ထွန်းပေါက်လာသည့်တိုင် ခင်မောင်ဦးက မပြင်၊ သားကို မနက်တစ်ခါ၊ ညတစ်ခါ နမ်းရှုံ့ကလွဲ၍ သူ့ကိုယ်သူတော့ လူပျိုလိုသာနေခဲ့သည်။ ကလေးအဖေ ဖြစ်သည့်တိုင် ကျောင်းသားဘဝဆိုတော့ အိမ်ကလည်း နေရာတကာ မပြောသာ။ ဒီပုံစံနှင့် ဘီအယ်(လ်) အောင်ခဲ့သည်။

ဘီအယ်(လ်) အောင်ပြီးနောက် အဖေက ဆန်စက်ကို ထိုးအပ်သည်။ ဆန်စက်ကို ဦးစီးရမည်ဟု နိုင်းသည်။ ပထမတော့ သူက ငြင်းသည်၊ မရ။ သူ့လက်ကို အပ်လိုက်သည်။ စက်ကြီးအတွက် အလိုလိုနေရင်း စိတ်မောနေသည်။ အလုပ်ခွင်ထဲရောက်တော့ ပို၍ စိတ်မောရသည်၊ သူ့တစ်သက်တွင် ဒီတစ်ကြိမ် ပထမဆုံး အလုပ်လုပ်ဖူးခြင်းနှင့် မပျော်ပိုက်သော၊ စိတ်မပါသော အလုပ်ခွင်သို့ ဝင်ရခြင်းဖြစ်၍ စိတ်အကြီးအကျယ်ညစ်ရသည်၊ အလှအပလေးတွေကြည့်နေရမှ၊ မျက်စိကစားနေရမှ ရင်ချောင်သူအတွက် မည်းမည်းကြုတ်ကြုတ် သနပ်ခါးဘဲကြားနှင့် စပါးထမ်းနေသည့် အမျိုးသမီးကကလေးများကိုသာကြည့်ပြီး မြင်နေရတော့ ပို၍ စိတ်ညစ်သည့်ပေါ့။ ခါတိုင်းဆိုသားကလေး တစ်ဝိုင်းနှဲ့ ရေလွှားနဲ့ လှိုင်သည့် အပျိုချောကလေးများကို ဟောတစ်ယောက်၊ ဟောတစ်ယောက်တွဲရင်း စိတ်အစာပြည့်ခဲ့သူမှာ စပါးမှော်တွေ၊ ဖုတ်တွေကြားထဲမှာ နေရသည့်ကြောင့် စိတ်မောရသည်၊ စိတ်ညစ်ရသည်။

ဖခင်ကြီး၏အမိန့်ကို မလွန်ဆန်ရဲ၍သာ စက်ထဲလာရသည်။ သူ့အဖို့တော့ ငရဲပြည်ရောက်နေသလား အောက်မေ့နေသည်။ သူ၏ အောက်အည်းသည်းခံမှုသည် ရက်သတ္တပတ်ထက် ပို မကြာပေ။ သူ့အဖေကြီးပေါ်တွင် ဩဇာညောင်းသည့် ယောက္ခမကြီးကို အပူကပ်၍ ဆန်စက်ထဲ မလုပ်ချင်ကြောင်း နားပူနားဆာလုပ်ခဲ့သည်။ ယောက္ခမကြီးက ဆန်စက်ထဲမလုပ်ရင် ဘယ်မှာလုပ်မလဲဟု မေးသည့်အခါ ဆန်စက်နှင့်လွတ်ရင်ပြီးရောဆိုသောသဘောဖြင့် တရားသူကြီးလုပ်ချင်ကြောင်း ဖြေလိုက်သည်။

ယောက္ခမကြီးကလည်း မဆိုးဘူးဟု တွက်သည်။ သူ့သမက်က ဆန်စက်မန်နေဂျာပါဟု ပြောရခြင်းထက် တရားသူကြီးပါဟု ပြောရခြင်းက ပိုခံတွင်းတွေ့စေသည်ဟု ထင်သည်။ အစိုးရအမှုထမ်းမှ ဂုဏ်ရှိသော ခေတ်တွင် ဆန်စက်မန်နေဂျာဆိုသည်မှာ ပါမွှားအလုပ်၊ တရားသူကြီးနှင့်စာလျှင် အောက်တန်းကျသည့်အလုပ်ဟု ထင်လာသည်။ သူ့သမီးမှာလည်း ကတော်စာရင်း ဝင်သွားမည်၊ တရားသူကြီးကတော် ဖြစ်မည်။

သူ့သင်ထားသည့် ပညာကလည်း တရားသူကြီးနှင့်မှ လိုက်ဖက်သည်။ ဆန်စက်မန်နေဂျာအလုပ်နှင့် မအပ်စပ်။ အဝိုင်းထဲလေးထောင့်သွင်းသလို ဖြစ်နေသည်။ မနိပ်သေး၊ သူ့သမက်အတွက် စီစဉ်ဦးမှ၊ ဤသည်ကသူ့ယောက္ခမကြီး သဘောပေါက်သွားသည့်အမြင်။

ခင်မောင်ဦးက ဒါတွေစဉ်းစားသည်မဟုတ်။ အစိုးရအမှုထမ်းလုပ်လျှင် သူ ပွေချင်တိုင်းပွေရမည်။ ပွေဖို့အခွင့်အရေးတွေ့ရမည်။ ကလပ်သွားလိုက်၊ အရက်ကလေးစုပ်လိုက်၊ မိန်းမပွေလိုက်။ သူ့ဝါသနာပါရာကိုသာ စဉ်းစားသည်။

နောက်ဆုံးတော့ တရားသူကြီး ဖြစ်လာရသည်။

ရန်ကုန်မှာ မနေရသေး။ နယ်မှာ သူ့ဟာသူနေရသဖြင့် ပို၍သဘောကျခဲ့၏။ သူ့လိုချင်သောအကွက် ဝင်လာပြီ။

တစ်နစ်သာ ကြာသည်။ အတည်မယားအပြင် အပျော်မယားကလေး ရှိလာပြီ၊ အိမ်နှင့်ယာနှင့် အတည်မယားအပြင် အပျော်မယားတွေကတော့ ရေးစရာမလိုတော့။ သူ့အသက်ထက်ဦးရေပိုခဲ့ပြီ။

ဒါကလည်းမဆန်း။ အရက်သောက်ခြင်းနှင့် မိန်းမလိုက်ခြင်းသည် သူ့အဓိကအလုပ်။ သူ့အမေအဖေက ဒါတွေလုပ်ဖို့ မွေးထားသလားဟု ပြောယူရအောင်ပင် ဆိုးခဲ့၊ တေခဲ့၊ ပွေခဲ့သည်။ အစိုးရဝန်ထမ်းဘဝတွင်၊ နယ်အမျိုးမျိုးပြောင်းခဲ့ရသလို အပျော်မယားလေးတွေကိုလည်း ထည်လဲယူခဲ့သည်။ မိဘဆိတစ်လုည့်၊ ယောက္ခမဆီတစ်လှည့် အကြောင်းအမျိုးမျိုးပြ၍ ငွေတောင်းပြီး သူ့လုပ်ချင်ရာ လုပ်ရုံသာ။

ဟိုတုန်းက ထီးပြန်၊ ဖိနပ်ပြန်ရုံး (အနီး တရားသူကြီးဆီရောက်လျှင် ထီးနှင့် ဖိနပ်သာအိမ်ပြန်၍ လူက ထောင်ထဲဝင်ရသည်)များရှိခဲ့သလို သူ့ရုံးကလူပြန်တော်ရုံးဟုပင် နာမည်ကြီးခဲ့၏။ သူ့ရုံးရောက်သည့် တရားခံအထာသိလျှင် လွတ်ဖို့ သေချာသည်၊ ရှေ့နေ မငှားနဲ့။

သူ့အထာသိဖို့က ငွေမဟုတ်၊ မိန်းမသာလျှင်။

ကိုခင်မောင်ဦးကား ဤမှာဘက်တွင် ထိုထိုပျှပင် နာမည်ကြီးခဲ့သည်။ ငွေနှင့် ဂုဏ်က သွှမ်းမိုးထားသည့်မို့ သူ့ရမ်းကားသမျှ လော်မာမှုကို အပြစ်ဟု မမြင်ကြ၊ အရာရှိတစ်ယောက်တွင် လိုအပ်သည့်အရည်အသွေးပြည့်စုံပါပေသည်ဟု ပြောကြသည်။ သူ့ခေတ် သူ့အခါက ဤသို့ပင် ရှိခဲ့၏။

ကိုခင်မောင်ဦးကို လူတွေက နာခေါင်းမရှုံ့ကြ၊ အခင်အမင်မပျက်။ သူက အပေါင်းအသင်းကောင်းသလို အပေါင်းအသင်းအပေါ်တွင် ရေကုန်ရေခန်း လိုက်လျောတတ်သည်။ ဘယ်တော့မှ အပေါင်းအသင်းအပေါ် မငြိုငြင်၊ အပြစ်မယူ၊ ဆရာမလုပ်၊ အပေါင်းအသင်းလုပ်သမျှကို ခွင့်လွှတ်တတ်သည်၊ သူကလည်း လုပ်ချင်ဘာ လုပ်မည်ဆိုသည့် လူစားမျိုး။ ဘယ်ရောက်ရောက် ဗိုလ်အတိုင်း။



www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်တုန်းကလည်း ဒီအတိုင်း။ ခင်မင်တတ်သည့်စိတ်နှင့် လိုက်လျောတတ်သည့် အကျင့်တို့က သူ့ကို ခွင့်လွှတ်ချင်စရာတွေ ဖြစ်နေသည်။ သို့သော် လည်လွန်းသောဘီး ချေးသင့်ဆိုသလို ချေးနင်းမိခဲ့သည်။

သူ့ အသုံးအဖြုန်း စရိတ်အတွက် လွတ်လွတ်လပ်လပ်ကြီး လာဘ်စားခဲ့ရာ နံပါတ်မှတ်ထားသောငွေများဖြင့် လာဘ်ပေးလာဘ်ယူလုပ်နေစဉ် စ,သုံးလုံးကျော့ကွင်းထဲသို့ လုလုပပကြီး ဝင်သွားခဲ့သည်။

ခင်မောင်ဦး၏အသိုင်းအဝိုင်း ယောက္ခမကြီး၏အရှိန်အဝါများဖြင့် ငွေကုန်ခံ၍ ရှေ့နေများလိုက်ခဲ့သော်လည်း အုတ်နံရံလေး ဘက်ကာထားသည့် အကျဉ်းထောင်အတွင်း နှစ်နှစ်တာမျှ အနားယူစေရန် အမိန့်ချမှတ်ခြင်း ခံလိုက်ရသည်။

တစ်ပါးသူများကို တရားဥပဒေအရ အကျဉ်းထောင်ပို့ခဲ့သူမှာ တရားဥပဒေအရပင် အကျဉ်းထောင်သို့ ဝင်ခဲ့ရ၏။

ကျွန်တော် ခင်မောင်ဦး အကြောင်းသိခဲ့သည်မှာ ဤအပိုင်းအထိ။ နောက်ပိုင်း သူ့အကြောင်းကို မကြားရတော့ဘဲရှိရာမှ ထိုနေ့ မန္တလေးရထားပေါ်တွင် မမျှော်လင့်ဘဲ တွေ့ခဲ့သောအချိန်တွင် ဘိုးတော်ကင်း အမည်ခံ ဆရာကြီးတစ်ဆူ ဖြစ်နေပေပြီ။

သူ့ဘဝ၊ သူ့အကြောင်း၊ သူ့စရိုက်၊ သူ့ဗီဇများနှင့် ယနေ့ သူ့ဘဝသည် လားလားမျှမဆိုင်ပေ။ မိန်းမရှာက ကလေးမွေးပါသည် ဆိုသောသတင်းကို ယုံကြည်နိုင်မည်ဖြစ်သော်လည်း ဂျစ်တူးဆိုးပေခေါ် ခင်မောင်ဦးတစ်ယောက် ဘိုးတော်ဖြစ်နေသည်မှာ မယုံကြည်နိုင်စရာပါ။

သို့သော် တကယ်ဖြစ်နေသည်က ဘိုးတော်ကင်းမှ ဘိုးတော်ကင်း ဖြစ်ပါ၏။

မယုံသော်လည်း ပုံပြင်ဟု မှတ်ရမည်ကလည်း မန္တလေး အတွေ့အကြုံများက မယုံ၍ မရပေ။ ဤသို့ဆိုလျှင် သူ၏ဇာတ်ကြောင်းကို ပြန်စဉ်းစားနေရင်းမှ ဝင်းဝင်းလက်လက် ရွှေတိဂုံစေတီတော်ကြီးကိုပင် ရထားပေါ်မှ လှမ်းမြင်နေပြီဖြစ်ရာ အာလုပ်ပေးနေခြင်းကို ရပ်နားလိုက်ရ၏။ အနည်းငယ်သောပစ္စည်းကလေးများကို သိမ်းဆည်းရင်း အဆင်သင့် ပြင်ဆင်ထားလိုက်ရသည်။

စတော့ကိတ်ဂုံးကြီးကို လွန်လာသည်ဆိုသည်နှင့် အားမာန်ဟုန်ဆင်းလာသည့် ရထားကြီးမှာ အားလျော့လိုက်သည့်အလား ဖြည်းဖြည်းချင်း အရှိန်သတ်ခဲ့ရာ ရန်ကုန်ဘူတာကြီးသို့ ရထားဝင်သောအခါ အရှိန်ရှိရုံမျှကလေးသာ ရှိတော့၏။

ရထားဆိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော့်တွင်ပါလာသော လက်ဆွဲအိတ်ကလေးကို ဆွဲလျက် ခင်မောင်ဦးကို လိုရမည်ရ အကူအညီပေးရန် သူ့တွဲဆီသို့ ရောက်သွားသည်။ သို့သော် ကျွန်တော် အနားကပ်ခွင့်မရတော့။ ယောဂီဝတ် အမျိုးသား၊ အမျိုးသမီး အိုအို၊ ပျိုပျို၊ ငယ်ငယ်ချောချောကလေးတွေက အစ၊ ခံဖြူ၊ သွားကျိုး သကျ်ကြီးရှယ်အိုများအထိ သူ့တွဲဘေးတွင် ဝိုင်းလျက် လက်အုပ်ကလေးတွေချီပြီး သူ့ကို နှုတ်ဆက်နေကြသည်။ ဤမြင်ကွင်းကို ဝိုင်းကြည့်နေသည့်လူအုပ်ကလည်း မနည်း။ လူအုပ်ကိုထိုးဖောက်လျက် သူ့ဆီရောက်ရန် မလွယ်။ ခပ်လှမ်းလှမ်းကိုသာ ကြည့်နေရသည်။

အားပါး...၊ အားကျစရာကောင်းလိုက်လေခြင်း။

ထိုအချိန်ကစ၍ "ဘိုးတော်" ဟူသော စကားနှစ်လုံးမှာ ကျွန်တော့်အသည်းနှလုံးတွင် စွဲသွားပါတော့သည်။ ကြည့်ပါအုံး...။

သူ့အတွက်စောင့်နေသည့် ကားက မာစီဒီးကားကြီး။ အရောင်က ဆင်စွယ်နှစ်ဘက်လုနေသည့် အဖြူရောင်၊ မာစီဒီးကားကြီး၏ အပေါ်ကလေးပေါ်တွင် 'စံပယ်ဖူးကလေးတွေ ရွေးပြီးသီထားသည့် ပန်းကုံးကလေးများကို လိုက်ကာသဖွယ် ပြင်ဆင်ထားသည်။ နောက်မှီထိုင်ခုံပေါ်တွင် နှင်းဆီအနီရဲရဲများကို လှပသော ကြွေပန်းအိုးကလေးများတွင် ထိုးစိုက်လျက် အစီအရီ တင်ထားသည်။

မောမောပန်းပန်း ပြန်လာမည့် ခရီးသွားဘိုးတော်အတွက် မွှေးရနံ့ကလေးများ ရှူရှိုက်ရင်း အမောပြေစေရန် ရည်ရွယ်စီစဉ်ထားခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ဆန်းသစ်သည့်မြင်ကွင်းကြောင့် ကျွန်တော်သည်ပင် အမောပြေသွားသယောင် ရှိ၏။

ခင်မောင်ဦး ကားပေါ်တက်ရန် တံခါးဖွင့်ပေးဖို့ စောင့်နေသူက သုံးလေးယောက်။ အကယ်၍ လူအများရှေ့တွင်မဟုတ်လျှင် ဘိုးတော်ကင်း ခြေထောက်မတင်ပေးမည်လား မသိပေ။

ငြိမ့်ငြိမ့်ညောင်းညောင်းရှိသည့် မာစီဒီးကားကြီးသည် ညင်ညင်သာသာပင် ဖြည်းဖြည်းချင်း လိမ့်ထွက်သွားပါသည်။ မာစီဒီးကားကြီးနောက်မှ ဘောက်(စ)ဝက်ဂွန်၊ မာဇဒါ၊ ဖယ်လီယာ၊ တိုယိုတာကရိုနာ စသည့်အရောင်မျိုးစုံကားကြီးက တသိကြီး။ ထိုကားတန်းထဲတွင် ဂျစ်ကားတစ်စီးတလေပင်မပါ။ ဂျစ်ကားဆို စာရင်းမဝင်ဘူးထင်ပ။

ဘိုးတော်ကင်း၏ မန္တလေး ရထားပေါ်အတက်ခရီးက အလွန်ကြည့်ကောင်းသလို ရန်ကုန်ဘူတာ အဆင်းခရီးသည်လည်း လှပပါပေသည်။

ဘိုးတော်ကင်းအား တင်ဆောင်သွားသည့်ကားနှင့် နောက်ပါအခြွေအရံကားတန်းကြီး အလံပြဘုရားဘက်သို့ ချိုးကွေ့ပျောက်ကွယ်သွားမှသာ "နတ်ကရာ ကျိုးမော" နေမိသည့် ကျွန်တော်မှာ အိမ်ပြန်ရန် သုံးဘီးကားကို အပြေးအလွှား အာပေါက်အောင် လိုက်ခေါ်နေလေသည်။

ထို့ကြောင့် ကျွန်တော် ကြိမ်းဝါးလိုက်ရ၏။

"ငါလည်း ဘိုးတော်ဖြစ်အောင် လုပ်တော့မယ်ဟေ့" ဟူ၏။

ရှေ့လဆက်ပါဦးမည်။

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com




ပြည်တွင်းပြည်ပ

# စိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

## မြန်နန်းဟောမဝန် တမလွန်ဖြစ်ရပ်ဆန်း

ပြီးခဲ့သည့်လက ဥစ္စာစောင့်သိုက် တကယ်ရှိသလားဆိုသည့် ခေါင်းစဉ်ဖြင့် လှည်းခုံလေးရွာမှ ကရင်အမျိုးသားလူပျို ကြီးတစ်ဦး ကျောက်တုံးစောင့်နတ်က ပေးသော ရွှေငွေများဖြင့် ချမ်းသာသွားပုံ အကြောင်း ဖော်ပြခဲ့ပါသည်။

စာရေးသူသည် အဆိုပါ ဥစ္စာ စောင့်သိုက်ဓာတ်လမ်းကို ဖော်ပြရင်းက ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလက ကျွန်ုပ်ကိုယ်တိုင် ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်တစ်အုပ်ကို သတိရမိပါသည်။ ထိုစာအုပ်မှာ ဒေါက်တာအောင်ကျော် (သွားဆရာဝန်)ရေးသားသည့် မြန်နန်းဟောမဝန် တမလွန်ဖြစ်ရပ်ဆန်း ဖြစ်ပါသည်။ ထိုစာအုပ်အတွက် စာရေးသူသည် နိုင်ငံတော်၏ အဓိပတိ ဆရာတော်ကြီးတစ်ပါးကို ပူးမြော်ခဲ့ရပါသည် ...။ အကြောင်းရင်းမှာ မြန်နန်းဟောမဝန် တမလွန်ဖြစ်ရပ်ဆန်း စာအုပ်ရေးသားသူ ဆရာဒေါက်တာအောင်ကျော်(သွားဆရာဝန်)က သူ၏စာအုပ် အမှာစာအတွက် ထိုအဓိပတိဆရာတော်ကြီးထံ ကျွန်ုပ်အား စေလွှတ်၍ ဖြစ်ပါသည်။ ထိုအဓိပတိ ဆရာတော်ကြီးဆိုသူကား နိုင်ငံတော် ပြဝိဒါစရိယ ထီးချိုင့်မြို့ တည်တော ဆရာတော်ကြီး ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ (စာရေးသူ ထီးချိုင့်နတ်စိုး) ဖြစ်ပါသည်။

ယခုဆောင်းပါးတွင် စာရေးသူသည် မြန်နန်းဟောမဝန် စာအုပ်အတွက် တည်တောဆရာတော်ကြီးကိုယ်တိုင် ရေးပေးထားသော အမှာစာနိဒါန်းကို ဖော်ပြလိုပါသည်။ အမှန်မှာ ဤစာအုပ်သည် ဒေါက်တာအောင်ကျော်(သွားဆရာဝန်)၏ တစ္ဆေတကယ်ရှိမရှိ(ဒုတိယတွဲ)စာအုပ် ဖြစ်ပါသည်။ တစ္ဆေတကယ်ရှိမရှိမှာ အကြိမ်ကြိမ် ပြန်လည်ပုံနှိပ်ခွင့်ရခဲ့သော်လည်း အဆိုပါ ဒုတိယတွဲစာအုပ်မှာမူ ဥစ္စာစောင့်ဓာတ်လမ်းများဖြစ်သည်ဆို၍ စာပေစိစစ်ရေးမှ မူအရ ခွင့်မပြုသောကြောင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ခြင်း မပြုဖြစ်ပါ။ ယခု စာဖတ်ပရိသတ် မျက်ခြေပြတ်နေသော ထိုစာအုပ်၏ အမှာစာကို ဦးဦးဖျားဖျားပြန်မြည်းနိုင်စေရန် ဖော်ပြလိုက်ပါသည်။

## နိုင်ငံတော်ပြဝိဒါစရိယ ထီးချိုင့်မြို့ တည်တော ဆရာတော်ကြီး၏ အမှာစာနိဒါန်း

ဒေါက်တာအောင်ကျော် ရေးသားသော 'မြန်နန်းဟောမဝန် တမလွန်ဖြစ်ရပ်ဆန်း' စာမူကို တည်းဖြတ်ပြင်ဆင်၍ အမှာစာနိဒါန်းရေးပေးရန် ရန်အောင်စာပေတိုက်မှ စာရေးဆရာ 'တိုးထက်' အမည်ခံ ကိုလှတိုး လာရောက်ပေးပို့သည်။ ပေးပို့သည့်ဌာနကား ရန်ကုန်မြို့၊ ကမ္ဘာအေး၊ အပရဂေါယာနကျောင်း၊ အခန်း ၄၅ ဖြစ်၍ လာရောက်ပေးပို့သည့်နေ့ကား ၁၃၅၈ ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက်နေ့ ဖြစ်ပါသည်။ ထိုနေ့တွင် သာသနာတော်တည့်တံ့ပြန့်ပွားရေး အစည်းအဝေးအတွက် ရန်ကုန်မြို့၊ ကမ္ဘာအေးသို့ စာရေးသူရောက်ရှိနေချိန် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာအောင်ကျော်၏ စာမူသည် ဥစ္စာစောင့်များ ရွှေငွေပေးနိုင်သလားကဏ္ဍ၊ အမျှအတန်းပေးဝေပါကဏ္ဍ၊ ရုက္ခစိုးကဏ္ဍ၊ တမလွန်ဖြစ်ရပ်ဆန်းကဏ္ဍ၊ ဟေမဝန်မြနန်းမှာ တစ်ခဏတာကဏ္ဍ စသည်ဖြင့် ကဏ္ဍ ၅ ခု၊ အားလုံး စာမျက်နှာ ၉၂ မျက်နှာရှိပါသည်။ စာရွက်ကလည်း ပုံနှိပ်စာရွက်အကြီးစားဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာအေး၌နေခိုက် အပြီးဖတ်ရန်မလွယ်ကူပါ။ သို့သော် စာမူကိုဖတ်ရှုပြီး အမှာစာနိဒါန်းရေးပေးရန် ပေးစာ၌ ပါသောကြောင့် စာမူကို အသင့်မျှသာကြည့်ပြီး ယခုနိဒါန်းကို ရေးပါသည်။

မြနန်းဟေမဝန် တမလွန်ဖြစ်ရပ်ဆန်းကား ဥစ္စာစောင့်ဒာတ်လမ်း ဖြစ်ပါသည်။ ဥစ္စာစောင့်ဘဝကို ဦးစွာဖော်ပြချင်ပါသည်။ ဥစ္စာစောင့်သည် ၃၁ ဘုံတွင် အပါယ်ဘုံသားမျှသာ ဖြစ်ပါသည်။ အပါယ်ဘုံသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူ၍ လေးမျိုးရှိရာ ပြိတ္တာအမျိုးအစား၌ ပါဝင်သည်။

လူသားသည် မိမိပိုင် ရွှေငွေများကို မြေအတွင်း၊ စသည်တို့၌ သိုဝှက်ထားပြီးနောက် မိမိသေရအံ့ဆဲဆဲတွင် ထိုရွှေငွေကို မည်သို့မျှ ဖော်ထုတ်၍လည်းမယူနိုင်၊ စိတ်ချရသူကိုလည်း ပြောမပြနိုင်ဘဲ ကွယ်လွန်ခဲ့ရာ ဥစ္စာ၌တပ်မက်သော လောဘကြောင့် ဥစ္စာစောင့်ဖြစ်ရပါသည်။ ဒာတာကတွင် ဥစ္စာ၌တပ်မက်၍ ခွေးဖြစ်ရသူ၊ ငမြွေဖြစ်ရသူ၊ ကြွက်ဖြစ်ရသူများကို ပြဆိုထားပါသည်။ ဥစ္စာ၌တပ်မက်သော လောဘဖြင့် သေပါမူ ခွေး၊ မြွေ၊ ကြွက် စသောတိရစ္ဆာန်မျှမက ဥစ္စာစောင့်တည်းဟူသော ပြိတ္တာလည်း ဖြစ်တတ်သည်။ သို့ရာတွင် ကိုယ်တွေ့ပြောပြပါဆိုလျှင်ကား ဥစ္စာစောင့်နှင့် ကိုယ်တိုင်မကြုံဖူးပါ။ ကိုယ်တိုင်မကြုံဖူးသော်လည်း ကိုယ့်အနီးအပါး အတွေ့အကြုံကိုမူကား ပြောနိုင်ပါသည်။

ထီးချိုင့်မြို့မှ မြောက်ပြင်သို့သွားသော ကားလမ်းအနီး၌ 'စစ်ကဲကြမ်း' အမည်ရှိသော စေတီပျက်တစ်ဆူရှိပါသည်။ ထိုစေတီပျက်ကား ထီးချိုင့်မှ 'လေးမိုင်မျှသာ ဝေးကွာပါသည်။ ထိုစေတီတော်ကို ပြုပြင်ပေးရန် ထီးချိုင့်မြို့ လက်ခုပ်ပင်ဈေးရပ် ဦးသီလှက လျှောက်ထား၍ ပြုပြင်ပေးရန် တာဝန်ယူလိုက်သည်။

ထိုစစ်ကဲကြမ်း စေတီတော်သည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်က မိုးမိတ်စော်ဘွား ကိုးသိန်းသခင်၏ ညီတော် စော်ဘွားအောင်၏ ဗိုလ်မှူးစစ်ကဲကြမ်း စတင်တည်ထားသောကြောင့် အလွန်ပျက်စီး၍နေလေပြီ၊ သို့သော် ရှေးဟောင်းစေတီ၏ ဌာပနာတိုက်ကို မဖျက်လိုသောကြောင့် စေတီလုံးကိုငုံ၍ ပြုပြင်ရန် ဘုရားအုတ်မြစ်အတွက် စေတီတော်ပတ်လည်ကို မြေတူးစေပါသည်။ ထိုမြေတူးသောညဦးတွင် ကျက်သရေချောင်းလှ အမျိုးသမီးတစ်ဦးကို ဥစ္စာစောင့်ပူးကပ်၍ "ဘာမပြော ညာမပြောဘဲ လာပြီးအုတ်မြစ်တူးလိုက်ကြတာ ကံကောင်းလို့ ကျွန်မတို့ထားတဲ့ပစ္စည်းတွေ ထိမသွားတယ်။ ခုတော့ ဥစ္စာတွေကို စိတ်ချရတဲ့နေရာအရောက် ရွှေ့ပြောင်းပြီးပါပြီ"ဟု ပြောကြောင်း ဒါယကာတစ်ယောက် လာရောက်လျှောက်ထားပါသည်။

ထိုဥစ္စာစောင့်၏ ဆိုလိုသောအဓိပ္ပာယ်ကား ၎င်းတို့စောင့်ရှောက်ရသော ရွှေငွေတို့ကို သိုက်ဆရာများ မတူးနိုင်အောင် စေတီတော်အောက် ရွှေ့ပြောင်းထားစဉ် ဘုရားပြုပြင်ခြင်းနှင့် ကြုံသောကြောင့် တစ်နေရာဆီသို့ ရွှေ့ပြောင်းထားရသည်ဟု ဆိုလိုပါသည်။

ဘူမိယသိုက်ဟူ၍ လက်ရေးမူကျမ်းငယ်တစ်စောင်တွေ့ဖူးပါသည်၊ မည်သည့်ဌာနတွင် ရွှေငွေမည်မျှရှိသည်၊ မည်သည့်အချိန်၊ မည်သည့်အစီအရင်ဖြင့် ရွှေငွေကို တူးဖော်ရမည်ဟု ရေးသားထားသည်။

'ညောင်ပင်ကြီးတောင်၊ ခွေးတစ်ဟောင်၊ အတောင်တစ်ရာတူး၊ ငွေတစ်မူး ရလတ္တံ့"ဟူသော စာနောက်များသည် ထိုဘူမိယသိုက်စာကို ပြောင်လှောင်သောစကား ဖြစ်ပါသည်။ စာရေးသူကြားဖူးသည်ကား လောက၌ ဥစ္စာစောင့်မရှိမဟုတ်၊ ရှိသည်ကား မှန်၏။ သို့သော် ဥစ္စာစောင့်သည် မည်သူ့ကိုမျှ ဥစ္စာပစ္စည်းပေးနိုင်စွမ်းမရှိ၊ ဥစ္စာစောင့်ဆိုသည့်အတိုင်း ဥစ္စာကို စောင့်ရုံမျှသာဖြစ်၏။ အမှန်သော်ကား ဥစ္စာစောင့်ဟူသည် မိမိမြှုပ်နှံသိုဝှက်ထားမိသော ပစ္စည်းအပေါ် စွဲလမ်းခြင်းရှိသည်ဖြစ်ရသောကြောင့် မြှုပ်နှံထားသောပစ္စည်းလည်း အများထင်သလောက်ရှိမည်မဟုတ်။ အနည်းအကျဉ်းမျှဖြင့် ဥစ္စာစောင့်ဖြစ်ရပါသည်။ မူလက စွဲလမ်း၍ဖြစ်သောကြောင့် ထိုအနည်းငယ်မျှသော ရွှေငွေကိုလည်း မပေးရက်၊ မလှူရက်ကြပါ။ ထို့ကြောင့် သိုက်ဆရာများ ရွှေငွေရသည်ဟု မကြားဖူးဘဲ ရေကူးရခြင်း၊ တင်းပုတ်အထုခံရခြင်းကိုသာ ကြားဖူးပါသည်။

ဤနေရာ၌ စာရေးသူ၏ယောက်ဖကြီး ဦးထွန်းပြောပြသည်ကို ဆိုပါဦးမည်။ စာရေးသူ၏ အစ်မကြီးကား ဒေါ်ကျီးညိုဖြစ်၍ ၎င်း၏ခင်ပွန်းသည်ကား ဦးထွန်းဖြစ်ပါသည်။ ဦးထွန်းသည် ငယ်ရွယ်စဉ်က ထီးချိုင့်မြို့၌ လူပျိုခေါင်းကြီးဖြစ်ပါသည်။

'ခေါင်းဖြစ်လျှင် အဆုံးဆုံး၊ တောင်းဖြစ်လျှင် အမှိုက်ကျုံး'ဟူသော စကားရှိပါသည်။ ဦးထွန်းသည် ငယ်ရွယ်စဉ်က အမိုက်တကာ့ အမိုက်ဆုံး လူပျိုကလေးများကို အုပ်ချုပ်ရသော ကာလသားခေါင်းဆောင်ဖြစ်ပါသည်၊ ထိုအခါက ထီးချိုင့်မြို့၊ သင်္ဂဇာဘုန်းကြီးသည် လောကီဆေးဝါး၊ မန္တရား ပယောဂအတတ်ဖြင့် ဇာန်ခိုးကြီးနေပါသည်။ တစ်ရက်တွင် သင်္ဂဇာဘုန်းကြီးအား 'အရှင်ဘုရား၏ ဥစ္စာများ ဖိုးကြိဖက်လယ်အနီး ညောင်ပင်ကြီးအောက်မှာ ရှိသည်။ တပည့်တော်



www.burmeseclassic.com

www.burmeseclassic.com

စောင့်နေရသည်မှာ ကြာပါပြီ။ ယခုအခါ အသည်တော်ကျွတ်တော့မည်ဖြစ်၍ အရှင်ဘုရားပစ္စည်းများကို လာရောက်ယူပါ။ ယူသောအခါ အမဲသားတစ်ပိဿာကိုလည်း ယူခဲ့ပါဟု အိပ်မက်ပေးသည်။ သင်္ဘာဘုန်းကြီးက မယုံကြည်၍ သွားရောက်မယူသဖြင့် သုံးကြိမ်တိုင်တိုင် လာယူရန် အိပ်မက်ပေးသည်။ ထိုအခါ သင်္ဘာဘုန်းကြီးက ဦးထွန်းကိုခေါ်ပြီး ၎င်းပစ္စည်းများကို အယူခိုင်းသည်။ အမဲသားတစ်ပိဿာယူသွားရန်ကိုလည်း မှာလိုက်သည်။ သို့သော် ကာလသားခေါင်း ဦးထွန်းနှင့် ကာလသားအဖွဲ့သည်ကား အမဲသားကို ယူမသွားချေ။ ၎င်းတို့အား ခေါင့်ယှက်ပါက ရိုက်နှက်ရန် တုတ်များသာ ယူဆောင်သွားကြသည်။ လယ်ပြင်သို့ရောက်သောအခါ ဆရာတော်မှာလိုက်သော နေရာ၌ သိုက်တူးကြရာ ရွှေငွေကို မတွေ့ဘဲ အားလုံး ငိုက်နှက်ခြင်းခံရ၍ ထွက်ပြေးကြရကြောင်း ပြောပြပါသည်။ ဤနေရာ၌ ဖိုးကြဖက်လယ်ပြင်ဆိုသည်ကား ကျောက်စေတီအနီး ပိဖုရားကုန်းမှ တစ်ဖက်လယ်ပြင်ဖြစ်၍ ယခု မြို့ဖြစ်နေပြီ။

ထီးချိုင့်မြို့ ပြသိန်းတန်တောင် ကျောင်းအနီး၌လည်း စေတီငယ်တစ်ဆူရှိသည်။ ထိုစေတီငယ်၌ ဥစ္စာစောင့်ညီအစ်မရှိ၍ တစ်ခါတစ်ရံ မြို့တွင် ဇာတ်ရုံသို့ ပွဲကြည့်လာတတ်ကြောင်း ပြောကြသည်။ ထီးချိုင့်မြို့ မဟာရန်ကင်းကျောင်းမှ ဦးဝိသယဆိုသော ဦးပဉ္စင်း ကျောင်းထိုင်သည်။ ထိုစဉ်က မိန်းမပျိုနှစ်ဦး လာရောက်၍ "အရှင်ဘုရား ကောင်းကောင်းနေပါ" ဟု လျှောက်သွားကြသည်။ ထိုမိန်းမပျိုနှစ်ယောက်ကို ဦးပဉ္စင်းမှ သိသလိုထင်သော်လည်း အမှန်စဉ်းစား၍ မရသောကြောင့် ဥစ္စာစောင့်မဟု ထင်ခဲ့သည်။ သို့ဦးပဉ္စင်းဝိသယကား ထိုကျောင်းတွင် ကောင်းကောင်းမနေသောကြောင့် ထိုကျောင်းမှခွာပြီး ဖုံကုန်းကြီးရွာ၌ ကျောင်းထိုင်သေးသည်။ ဖုံကုန်းကြီးမှတစ်ဖန် ကသာမြို့တစ်ဖက်ကမ်း၌ ကျောင်းထိုင်ရင်း လူထွက်၍ ကွယ်လွန်ခဲ့သည်။ ၎င်းမဟာရန်ကင်းတွင်နေစဉ်က သူကိုယ်တိုင် ပြောပြသွားဖူးပါသည်။

ထိုမှတစ်ပါး ယနေ့တည်တောရွာ၌ မောင်ဝင်းရှိန်ဆိုသူ ရှိပါသည်။ လွန်ခဲ့သော လေးငါးနှစ်ကာလက တည်တောရွာအနီး ကျောက်ဖြူတောင်ဘုရားပွဲ ဖြစ်ရာ ထိုဘုရားပွဲသို့သွားစဉ် ဘူမိဗေဒဌာနမှ သူငယ်တစ်ယောက်နှင့် တွေ့သည်။ ထိုသူငယ်က ဤတောင်စောင်း ကျောက်ဖရပ်တွင် ရှေးအခါက ရွှေငွေများရှိသည်ဟု ကြားဖူးပါကြောင်း၊ ထိုကျောက်ဖရပ်ကို သိပါသလားဟုမေးရာ မောင်ဝင်းရှိန်က ကျွန်တော်သိပါသည်ဟု ဆိုသဖြင့် လိုက်ပြပါဟု ခေါ်သောကြောင့် ကျောက်ဖရပ်အပြသွားစဉ် လမ်း၌ စိတ်ရောဂါဖြစ်ခဲ့ရာ ယနေ့ထိ မောင်ဝင်းရှိန် စိတ်ဝေဒနာရှင် ဖြစ်နေပါသည်။

ဤသည်ကား ကိုယ်တိုင် ဥစ္စာစောင့်နှင့် မတွေ့... ...်လည်း ဥစ္စာ... ...များ ပြောပြချက်ဖြင့် ဤလောကကြီး၌ 'ဥစ္စာစောင့်' ရှိသည်ဟူ၍ကား ယုံကြည်ပါသည်။ သို့သော် ဥစ္စာစောင့်မစ၍ ကြီးပွားသူဟူ၍ကား ကြားလည်းမကြားဖူး၊ မြင်လည်းမမြင်ဖူးပါ။

အမှန်သော်ကား ဤဥစ္စာစောင့်ဟူသည် အပါယ်ဘုံသား ပြိတ္တာတစ်မျိုးမျှသာဖြစ်၍ အထူးအဆန်းကားမဟုတ်ပါ။ ပြိတ္တာတန်ခိုးဖြင့် လူသားနှင့် အတူနေချင်လည်း နေနိုင်ပါသည်။ သို့သော် ဥစ္စာစောင့်ကား ပဋိသန္ဓေစိတ်ထားဖြင့် အဟိတ်မျိုးသာဖြစ်၍ ဒွိဟိတ်တိဟိတ် အဆင့်အတန်းရှိသော လူသားတို့ကိုကား မမီပါချေ။ လူသားနှင့် အဆင့်အတန်းမတူ၊ အောက်တန်းကျသောကြောင့် လူသားအနေဖြင့် ဥစ္စာစောင့်ကို အထင်ကြီးရန် မလိုပါချေ။ ကိုးကွယ်ဆည်းကပ်ဖို့လည်း မလိုပါချေ။

ဤသည်ကား ဒေါက်တာအောင်ကျော်၏ စာမူကိုကြည့်ရင်း စိတ်တွင် ဖြစ်ပေါ်လာသော အမှာစာသာ ဖြစ်ပါသည်။

ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ
ထီးချိုင့်မြို့၊ တည်တောဆရာတော်
၁၃၅၈ ခုနှစ်၊
တပေါင်းလဆန်း ၁၁ ရက်၊
၁၉-၃-၉၇

ဤသည်မှာ ကျွန်တော်ထုတ်ဝေသော ဒေါက်တာအောင်ကျော်(သွားဆရာဝန်)၏ မြနန်းဟေမဝန် တမလွန်ဖြစ်ရပ်ဆန်း (တစ္ဆေတကာယ်ရှိမရှိ ဒုတိယတွဲ) စာအုပ်အတွက် ထီးချိုင့်မြို့၊ တည်တောဆရာတော်ကြီး၏ အမှာစာနိဒါန်း မူရင်းအတိုင်းဖြစ်ပါသည်။ မြနန်းဟေမဝန် တမလွန်ဖြစ်ရပ်ဆန်းစာအုပ်သည် ဥစ္စာ...ကြောင်း အထူးရေးသားထားသော စာအု...ဖြစ်၍ စိတ်ဝင်စားသူများပြားပြီး စာပေလောကတွင် အောင်မြင်သော စာအုပ်ဖြစ်ခဲ့ပါသည်။

ထိုစာအုပ်မျက်နှာဖုံးကို ဆရာပန်းချီစံတိုး၏ လက်ရာနှင့် ထုတ်ဝေခဲ့ရာ ယခု ဤစာမူကို ရေးသားရင်း ပန်းချီဦးစံတိုးကို အထူးသတိရမိပါသည်။ စာအုပ်အတွက် အမှာစာရေးသားချီးမြှင့်ပေးခဲ့သူ တည်တောဆရာတော်ကြီးလည်း ပျံလွန်တော်မူပြီးဖြစ်သလို ဦးစံတိုးလည်း ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။

**လှတိုး(စိတ်ပညာ)**

စာကိုး

မြနန်းဟေမဝန် တမလွန်ဖြစ်ရပ်ဆန်း (ဒေါက်တာအောင်ကျော်-သွားဆရာဝန်)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

### အမေမကို ဓားနှင့်လိုက်၍

# မြေမျိုခံရသူ မောင်ချစ်ဖေ

■မောင်ခိုင်ခန့် (အမျိုးသားစာပေဆု)

ကျိုက်ပိရွာကလေးသည် ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ် အတွင်း၌တည်ရှိသည်။ ဗမာ၊ ကရင်စသည့် တိုင်းရင်းသားများ နေထိုင်ကြသည်။ ရွာသူရွာသားအများစုသည် လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ အိမ်ခြေ ၁၀၀ခန့်ရှိသည်။

လွတ်လပ်ရေးရပြီးစအချိန်ဖြစ်၍ ကျိုက်ပိရွာကလေးကို သူကြီး အုပ်ချုပ်သည်။ ရွာသူကြီးသည် ဟန်ပြအုပ်ချုပ်သူအဖြစ်နှင့်သာ တည်ရှိသည်။ ရွာသူရွာသားများအပေါ် သူကြီးသြဇာမညောင်း။ ရွာသူရွာသားများကလည်း ဥူတစ်လှူ ငါတစ်မင်းလုပ်နေသော အချိန်ဖြစ်သည်။ ထိုစဉ်က ရောင်စုံသောင်းကျန်းသူများ၊ တောကြောင်တားပြများ ရန်ကို ကြောက်နေရသဖြင့် တောမီးလောင်၍ တောကြောင် လက်ခမောင်းခတ်သည့်အချိန်ဟုပင်ဆိုရမည်။

ကျိုက်ပိရွာသူရွာသားများမှာလည်း မိမိတို့ စားဝတ်နေရေး အတွက် ရှန်းကန်ရှာဖွေ စားသောက်နေရသည်။

ခက်သည်က ကျိုက်ပိရွာကလေးမှ ဒေါ်သာလိနှင့် မောင်ချစ်ဖေ တို့ သားအမိဖြစ်သည်။ ရွာထဲတွင် မကြာခဏဆိုသလို ရန်ဖြစ်ဆူပူနေကြသည်။ သားအမိချင်း ရန်ဖြစ်သည့်ကိစ္စဖြစ်၍ သူကြီးကလည်း ခေပြာ။ ထို့အတူ အနီးပတ်ဝန်းကျင်မှ အိမ်များကလည်း မိသားစု အရေးကိစ္စဖြစ်၍ ဝင်ရောက်ပြောဆိုခြင်းမရှိကြပေ။

သို့သော် မောင်ချစ်ဖေ လွန်သည်ကို တစ်ရွာလုံးကသိကြသည်။ မောင်ချစ်ဖေ၏ အပြောအဆို၊ အနေအထိုင်၊ အပြုအမူကြမ်းတမ်း ခက်ထန်ခြင်းကြောင့် မည်သူကမျှ နားချရှင်းပြခြင်း မရှိကြပေ။

"ကျုပ်အိမ်ထဲ ကျုပ်ဆူတာ ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲ၊ မှားမှား မှန်မှန် လာမပြောနဲ့၊ ခင်ဗျားတို့အားလုံး ကျုပ်အိမ်ထဲက အခု ထွက်သွားကြ"

မိခင်ကြီးကို မောင်ချစ်ဖေ ဆဲဆိုကြိမ်းမောင်းနေ၍ နားမခံနိုင်သူများက ဝင်ရောက်ပြောဆိုလျှင် မောင်ချစ်ဖေက တုတ်ဆွဲ ဓားဆွဲနှင့် ဆဲဆိုကြိမ်းမောင်းလွှတ်လေ့ရှိတတ်သည်။ ကြာလာသည့်အခါ မောင်ချစ်ဖေ ဆဲဆိုအော်ဟစ်နေသည်ကို ရွာသူရွာသားအားလုံးက ဂရုမစိုက်ကြတော့။ အိမ်ရှေ့မှဖြတ်သွားသည့်တိုင် မောင်ချစ်ဖေကို ငုံ့စောင်း၍ မကြည့်ကြတော့။

သို့သော် သားဆိုးအပေ တပေပေ ဖြစ်နေရှာသော ဒေါ်သာလိ ကိုမူ တစ်ရွာလုံးက သနားချစ်ခင်ကြင်နာမြဲပင်ဖြစ်သည်။ မိခင်ကြီး ဒေါ်သာလိကလည်း ဆိုးသွမ်းယုတ်မာရက်စက်သည့် သားဆိုးအပေါ် ထားရှိသော မိခင်မေတ္တာစိတ်ကား အနည်းငယ်မျှ လျော့ပါးမသွားပေ။ လူမှန်းမျှသော သားအပေါ် ပို၍အချစ်ပိုခဲ့သည်။

သားကိုသခင်၊ လင်ကိုဘုရား ဆိုသကဲ့သို့ပင် မိခင်ကြီးမှာ မောင်ချစ်ဖေအပေါ် သခင်တစ်ပါးကဲ့သို့မှတ်ယူ၍ ထမင်းချိန်တန် ထမင်း၊ ဟင်းချိန်တန်ဟင်း အရံသင့်ခူးခပ်ပြင်ဆင်ပေးသည်။ မောင်ချစ်ဖေကမူ မိခင်ကြီးအပေါ် အတွေးမှား၊ အမြင်မှား၊ အထင်မှားကာ အမြဲလိုလို မချင်ခင်ဘဲ အပြစ်သာမြင်နေတော့သည်။

"အမေ .. ခင်ဗျား ဘုရားမရှိခိုးနဲ့ဗျာ"

"ဟဲ့ .. ဖိုးချစ်၊ နင်ဘယ်လိုပြောလိုက်တာလဲ"

"ခင်ဗျား ဘုရားရှိခိုးတာ ကျုပ် စီးပွားပျက်တယ်ဗျ၊ စီးပွားပျက် တယ်"

"မဟုတ်သေးပါဘူး ဖိုးချစ်ရယ်"

"ဘာမဟုတ်ရမှာလဲဗျ .. မနှစ်က ကျုပ်လယ်တွေအားလုံး ပိုးကျလို့ပျက်တယ်၊ အခုလည်း မြှုးထောင်တာ ဟင်းစားတောင်မရဘူး။ အဲဒါ ခင်ဗျား ဘုရားရှိခိုးလို့"

သားဖြစ်သူ မောင်ချစ်ဖေ၏ ပြောစကားကြောင့် သားအပေါ် စိတ်မဆိုးတတ်သော ဒေါ်သာလိလည်း စိတ်ဆိုးသွား၏။ သို့အတွက် သူ့ရင်ထဲတွင်ရှိသည့်အတိုင်း မောင်ချစ်ဖေအား ပြောလိုက်သည်။

"ဒီမှာ ဖိုးချစ် .. နင့်လယ်တွေပျက်တာ၊ ငါးမရတာ ငါ ဘုရားရှိခိုးလို့ မဟုတ်ဘူးဟဲ့၊ နင်အသုံးမကျလို့ နင်အသုံးမကျလို့ ဘယ့်နှယ့်တော် .. သင်းမမွေးခင်ကတည်းက ဘုရားရှိခိုးလာတာ၊ အခုမှ ဘုရားမရှိခိုးရဘူးလေ၊ ဘာလေးနဲ့၊ သင်းခိုင်းတိုင်း ငါက လုပ်ရမှာလားဟဲ့ ဖိုးချစ်ရဲ့"

"ဘာလို့ မဆိုင်ရမှာလဲဗျ၊ ခင်ဗျားကြီးက ဘုရားရှိခိုးတိုင်း သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းချမ်းသာသာရှိကြပါစေနဲ့ ကြပ်ကြပ်ဆို၊ ကျုပ်လယ်ထဲကပိုးတွေက အသက်ရှည်ပြီး တစ်ကွက်ပြီး တစ်ကွက်ကူးပြီး ကိုက်ကြစားကြ၊ ဟင်းစားလေးရဖို့ မြှုးထောင်ပါ ကယ်၊ သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေဆိုမှတော့ ကျုပ်မြှုးထဲ ငါးမဝင်တော့ဘူးဗျ၊ ရလာတော့ ခင်ဗျားတို့ပဲ ဝိုင်းပြီး မျိုကြ ဆို့ကြတာ"

"မသိမဆိုင် လက်ပံပင် ဓားနဲ့မချိုင်နဲ့၊ နင့်ကိုငါမွေးထားတာဟဲ့၊ နင် ဘုရားမရှိခိုးရဘူးဆိုလို့ ငါကနေရမှာလား။ ငါ သဒ္ဓါကြည်ညိုလို့ ဘုရားရှိခိုးတာ၊ အသက်ထွက်သွားပါစေ၊ နင်ခိုင်းတိုင်း ငါမလုပ်နိုင်ဘူး"

"အမေ .. ခင်ဗျားတော်တော့ဗျာ၊ တော်တော့၊ ကျုပ်ဒေါသဖြစ် လာရင် မလွယ်ဘူး"

"ဝုန်း"

ဒေါ်သာလိနှင့် မောင်ချစ်ဖေတို့သားအမိ စကားများပြီး သား

www.burmeseclassic.com

ဖြစ်သူ မောင်ချစ်ဖေက စိတ်ဆိုးမာန်ဆိုးနှင့် အိမ်တံခါးကို ဆောင့်ကန်ကာ ထွက်သွားသည်။

မောင်ချစ်ဖေမှာ ဒေါ်သာလိ၏ သားအရင်းဖြစ်သည်။ ဖခင်ကြီး တိမ်းပါးသွားပြီးနောက်ပိုင်း မောင်ချစ်ဖေက ဖခင်၏လယ်ယာလုပ်ငန်းများကို ဆက်လက်တာဝန်ယူ လုပ်ကိုင်ကာ မိသားစု၏ စားဝတ်နေရေးကို တာဝန်ယူနေရသည်။ မောင်ချစ်ဖေ၏ အသက်မှာ (၂၀) ပတ်ဝန်းကျင်မျှသာ ရှိသေးသည်။

မောင်ချစ်ဖေ၏စိတ်တွင် မိသားစုအားလုံးကို "ငါလုပ်ကျွေးနေတာ" ဟူသော မာန်နှင့် မိခင်ကြီးမှအစ ဖနီးသည်အဆုံး နိုင်လိုမင်းထက်ပြုသည်။ သူပြောသမျှ နာခံရမည်ဟုလည်း တွက်ဆထားဟန်ရှိသည်။ ယခုလည်း မိခင်ကြီးအား ဘုရားရှိမခိုးရဟု အမိန့်ထုတ်စေခိုင်းနေပြန်သည်။

မိခင်ကြီးမှာ ဘာသာတရားကို ယုံကြည်သဒ္ဓါ စိတ်အားထက်သန်စွာဖြင့် စိတ်ရောကိုယ်ပါ မြှုပ်နှံဆောင်ရွက်နေသူဖြစ်သည်။ သိတတ်စအရွယ်မှစ၍ ပနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နေ့စဉ်နှင့် အမျှဆိုသလို ဝတ်မပျက်ဘုရားရှိခိုးခဲ့သူဖြစ်သည်။ သို့အတွက် ဒေါ်သာလိမှာ သားဖြစ်သူက ဓားကြိမ်းကြိမ်း၍ တားသည့်ကြားကပင် ပုံမှန်အတိုင်း ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာများကို ပူဇော်ဆက်ကပ်ကာ ဝတ်မပျက် ဘုရားရှိခိုးနေခဲ့သည်။ ဗုဒ္ဓပြက်ရွာဘုရားအား အသက်စွန့်၍ပင် ကိုးကွယ်ဆည်းကပ်ခဲ့သူဟု ဆိုရပေမည်။

ရံဖန်ရံခါတွင် ဗုဒ္ဓမြတ်စွာဘုရားအား သက်တော်ထင်ရှားရှိသကဲ့သို့ပင်မှတ်ယူ၍ ထမင်းစားပွဲတွင် ဆွမ်းဘောဇဉ်ခဲဖွယ်များကို ကျကျနနပြင်ဆင်ကာ ဆွမ်းတော်ကပ်သည်။ စားပွဲအနီးတွင် သောက်တော်ရေမှအစ လက်သုတ်ပဝါ၊ လက်ဆေးရေအဆုံး အရန်သင့်ထားရှိသည်။ ဒေါ်သာလိကား သူ့စိတ်တွင် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိသကဲ့သို့ မှတ်ယူ၍ သဒ္ဓါတရားကြည်နူးစွာဖြင့် ဆွမ်းကပ်လှူသည်။ ထိုအချိန်တွင် ဒေါ်သာလိသည် ဗုဒ္ဓမြတ်စွာဘုရားဆွမ်းဘုဉ်းပေးနေသည်ဟု အမှတ်ယူကာ ဆွမ်းစားပွဲအနီး၌ ပုဆစ်ဒူးတုပ်ကာ ယပ်တောင်တဖျပ်ဖျပ်ပင် ခတ်လျက်ရှိသည်။

သူ့စိတ်အသွင်တွင် ဗုဒ္ဓဘုရားရှင် ဆွမ်းဘုဉ်းပေးနေသည်ဟု မှတ်ယူထားသည်။ ထိုအချိန်တွင် ဒေါ်သာလိ၏စိတ်တွင်ကား မဟာကုသိုလ်စိတ်များ တဖွားဖွားဖြစ်ပေါ်နေတတ်သည်။

ဤမျှအထိပင် ဗုဒ္ဓမြတ်စွာဘုရားအပေါ် သဒ္ဓါတရား စိတ်အားထက်သန်စွာဖြင့် ကိုးကွယ်ဆည်းကပ်သူဖြစ်သည်။

ကံ၊ ကံ၏အကျိုးကို ယုံကြည်နားလည် သော ဒေါ်သာလိသည် ကိုးလလွယ်၊ ဆယ်လဖွား ရင်မှဖြစ်သောသားဖြစ်သူ မောင်ချစ်ဖေ၏ ဆိုးသွမ်းမိုက်မဲမှု၊ အသိအလိမ္မာ ဉာဏ်ပညာနည်းမှုတို့ကို အံချစ်မပြယ်သော ထာဝရမေတ္တာဖြင့်သာ သည်းခံခွင့်လွှတ်ခဲ့သည်။ သို့အတွက် မောင်ချစ်ဖေကို တိုးတိုးတစ်ပုံ၊ ကျယ်ကျယ်တစ်မျိုး ပြောဆိုဆုံးမ [illegible]။ မောင်ချစ်ဖေကမူ မိခင်ကြီး၏ အဆုံးအမကိုမခံ။ တိုး၍ [illegible] ကြက်နေပြန်ဖြစ်သည်။ မိခင်ကြီးကလည်း ကိုယ်စိတ်နှလုံး [illegible] သို့ဆက်ကာဆက်ကာ ဖြစ်ပွားကျူးလွန်နေခဲ့သည်။

အိမ်နီးနားချင်း ဆွေမျိုးများကလည်း မောင်ချစ်ဖေအား အ[illegible]ကာ ဆုံးမခဲ့ကြသည်။ သို့တိုင် မောင်ချစ်ဖေ၏ရင်ထဲ၌ အပြ[illegible]ကိန်းအောင်းနေခဲ့သည်မှာ မိခင်ကြီး ဘုရားရှိခိုး၍သာ သူ့စီးပွား[illegible]သည်ဟု တစ်ထစ်ချ လက်ခံယုံကြည်ထားသည်။ သို့အတွက်မိခ[illegible]ဘုရားရှိခိုးတိုင်း မောင်ချစ်ဖေ ဒေါသပုန်ထခဲ့သည်။ ဆဲဆိုနေခဲ့သ[illegible]

"အင်း .. ပိုးချစ်ကို ဆုံးမရတာ မလွယ်ပါဘူး ဘကြီ[illegible] ပြောမရဆိုမရနဲ့ လှုပ်လှုပ်ရှိ မအေကြီး ဘုရားရှိခိုးတာကိုပဲ ရန်လု[illegible] တော့တယ်"

"အင်း .. ကောက္ကခွေးမုဆိုး ဖြစ်နေပြီနဲ့တူတယ်"

မောင်ချစ်ဖေနှင့် ပတ်သက်၍ တစ်ရွာလုံးက လက်လျှော့[illegible] ကြသည်။ စကားလက်ဆုံကျတိုင်း မောင်ချစ်ဖေအကြောင်းကို [illegible] ဖြစ်ကြသည်။ ယခုလည်း မောင်ချစ်ဖေနှင့်ပတ်သက်၍ အိမ်နီးနား[illegible] များစု၍ ဝေဖန်ကဲ့ရဲ့စကားဆိုကြသည်။

"မောင်ချစ်ဖေနဲ့ ကောက္ကခွေးမုဆိုး ဘယ်လိုဆက်စပ်လို့[illegible] ဘကြီးရဲ့ .. ရှင်းပြပါဦး"

"ဒီလိုကွယ့်၊ ဟိုးရှေးရှေးတုန်းက ကောက္က ဆိုတဲ့ မုဆို[illegible] တစ်ယောက်ရှိတယ်၊ သူက ခွေးတွေအများကြီးနဲ့ တောလိုက်[illegible] ခွေးမုဆိုးကြီးလို့လဲ ရွာထဲကလူတွေက ခေါ်ကြတယ်ကွယ့်"

"တစ်နေ့တော့ ကောက္ကခွေးမုဆိုးကြီးဟာ တောလည်ဖို့ရွာထဲ[illegible] ထွက်လာခဲ့တယ်၊ တောစပ်တစ်နေရာရောက်တော့ ဆွမ်းခံကြွလာ[illegible] ရဟန်းတော်တစ်ပါးနဲ့ တွေ့လိုက်ရတယ်။ ကောက္ကခွေးမုဆိုး[illegible] ကုသိုလ်နဲ့ အသက်မွေးဝမ်းကျောင်းပြုသူဆိုတော့ ရဟန်းတော်[illegible] တွေ့လိုက်ရတာကို မနှစ်သက်ဘူး၊ အဲဒီတော့ ဒေါသစိတ်[illegible] အလိုလိုဖြစ်နေတာပေါ့"

"အဲဒီလို ဒေါသစိတ်နဲ့ပဲ တောလိုက်ထွက်လာတာ ဟင်း[illegible] တောင်မရဘူး၊ သူ အမဲမရတာ မနက်ကတွေ့ခဲ့တဲ့ ရဟန်း[illegible] ကြောင့်လို့ သူ့စိတ်ထဲမှာ မှတ်ယူလိုက်တယ်"

"နောက်တစ်နေ့ကျတော့လည်း ကောက္က မုဆိုးတောလိုက်[illegible] တော့ မနေ့ကတွေ့ခဲ့တဲ့နေရာမှာပဲ ဆွမ်းခံကြွလာတဲ့ ရဟန်းတော်[illegible] ထပ်ပြီးဆုံပြန်တယ်၊ အဲဒီအခါ ကောက္ကခွေးမုဆိုးက ရဟန်းတော်[illegible] 'ဟဲ့ သူယုတ်မာ၊ နင့်ကြောင့် မနေ့က ငါ အမဲမရတာ' ဆို[illegible] သူ့ရဲ့ အမဲလိုက်ခွေးတွေနဲ့ ရှူးတိုက်တယ်"

"ဟ .. ကောက္ကခွေးမုဆိုးက ချစ်ဖေကြီးလိုဖြစ်နေပါလား"

"နောက်တော့ ရဟန်းတော် ဘာဖြစ်သွားလဲ ဘကြီး"

"ကော[illegible]မုဆိုးက သူ့ခွေးတွေနဲ့ ရှူးတိုက်တော့ ရဟန်း[illegible] လည်း ကြောက်ကြောက်လန့်လန့်နဲ့ သစ်ပင်ပေါ်တက်ပြေးရက[illegible] ကွယ်၊ ရဟန်းတော်ကိုကြည့်[illegible] ကောက္ကမုဆိုးက ရယ်မောလျှ[illegible] ပြောင်ပြီး ခြေထောက်ကို မြားတံနဲ့[illegible]ထိုးတယ်ကွယ့်၊ ရဟန်းတော်[illegible] တောင်းပန်ပေမယ့် ကောက္ကမုဆိုးက မရပ်ဘူးတဲ့၊ ခြေထောက်[illegible] မြားစူးနဲ့ထိုး။ ခွေးတွေကဆွဲနဲ့ ရဟန်းတော်ရဲ့ [illegible]ဟာ ကော[illegible] မုဆိုးအပေါ်ပြုတ်ကျပြီး အုပ်မိရက်သားဖြစ်သွားတယ်၊ အဲ[illegible] ကောက္ကမုဆိုးလည်း ကံကြီးထိုက်တော့တယ်၊ သင်္ကန်းအုပ်မိနေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကောကမှုဆိုးကို သူ့ခွေးတွေက ရဟန်းတော်အမှတ်နဲ့ ဝိုင်းပြီးကိုက်ကြ၊ အသားတွေကို စားလိုက်ကြတာ အမိုးပဲကျန်တော့တယ်၊ ရဟန်းတော်ကိုပြစ်မှားတဲ့ ကံပေါ့ကွယ်''

''ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဆိုတာ အနန္တော အနန္တဂိုဏ်းဝင်ဆိုတော့ ကောကမှုဆိုးလို ချစ်ပေလည်း ခံရမယ်ထင်တယ်''

''အေးလေ ... ကောကမှုဆိုးကတော့ ရဟန်းတော်အပေါ် အတွေးမှား၊ အမြင်မှား၊ အထင်မှားလို့ အသေဆိုးနဲ့ သေခဲ့ရပြီ၊ မောင်ချစ်ဖေလည်း အဲဒီလို အဖြစ်ဆိုးနဲ့ မသေပါစေနဲ့လို့ ဆုတောင်းကြရမှာပေါ့ကွယ်''

''ဒီလိုကောင်မျိုးမသေလည်း အေးတာပါပဲဗျာ''

''မဟုတ်ဘူးလား ဘကြီး''

မောင်ချစ်ဖေသည် ရုပ်ရည်ကလေး သနားကမားနှင့် ရှိသော်လည်း မိုက်မဲယုတ်မာသူအဖြစ် တစ်ရွာလုံး၏ ချဉ်ဖတ်ကြီးဖြစ်နေသည်။ ကိုယ့်မျက်ချေး ကိုယ်မမြင်သော မောင်ချစ်ဖေက သူ့အဖြစ်ကို သူမသိ။ မိခင်ကြီးကြောင့်သာ တစ်ရွာလုံးက သူ့ကိုမုန်းနေကြသည်ဟု တွေးထင်နေသည်။ သို့အတွက် မောင်ချစ်ဖေကား မိခင်ကြီးအပေါ် ရန်သူကြီးသဖွယ်ဆက်ဆံ၍ အကြောင်းမရှိ အကြောင်းရှာကာ ရန်မူနေတော့သည်။

၁၉၅၁ ခုနှစ် မေလ ၂၅ ရက် (၁၃၁၃ ခုနှစ် ကဆုန်လဆုတ် ၅ ရက်) သောကြာနေ့။

ထိုနေ့ကား ဒေါ်သာလိ၏ မွေးနေ့ဖြစ်သည်။ မိမိ၏မွေးနေ့တိုင်း ဆွမ်းဘောဇဉ်ခဲ ဖွယ်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတို့ဖြင့် အရုဏ်တက်မီအချိန်တွင် ဗုဒ္ဓပြတ်စွာဘုရားအားရည်မှန်း၍ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ဒေါ်သာလိ၏ အစ်မွေ့ယျအစချိသော ဘုရားရှိခိုးသံနှင့် ကြေးစည်သံကလေးက အထက်ကို ဘဝဂ်၊ အောက်ကို အဝီစိတိုင်အောင် ပျံ့လွင့်ရောက်ရှိနေဟန်ရှိသည်။ ထို့အတူ ဒေါ်သာလိ မေတ္တာပို့အမျှဝေသံကား ကြားကြားသမျှ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးက သာဓုခေါ်ဆိုနေကြမည်မှာ ကေန်ပင်ဖြစ်သည်။

ထိုသို့သော ၃၁ ဘုံသား ဝေနေယျ သတ္တဝါအများတွင်ကား မောင်ချစ်ဖေမပါ။ မောင်ချစ်ဖေကား မိခင်ကြီး၏ ဘုရားရှိခိုးသံကြားသည်နှင့် စောင်ကို ခေါင်းမြီးခြုံကာ ဘယ်တိပ်းညာယိမ်း လူးလိမ့်နေသည်၊ သူ့နားဝကို မီးစနှင့်ထိုးသည့်နှယ် ခံစားနေရသည်။ ကြားမနိုင်ခံမရ ဒေါသဖြစ်နေပါသည်။

''သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ၊
ဒေါသကင်းကွာ စိတ်ချမ်းသာကြပါစေ၊
ဒုက္ခကင်းကွာ ကိုယ်ချမ်းသာကြပါစေ၊
ချမ်းသာခြင်းရှိ၍ မိမိကိုယ်ကို အသက်ရှည်အောင်
ဆောင်ရွက်နိုင်ပါစေ''

ဒေါ်သာလိ၏ ကြည်ကြည်စေ့ဝေဆာ့င်းလှသည့် မေတ္တာပို့အမျှပေးသံနှင့် ကြေးနည်းသံအတူ ကြည်နူးဖွယ်ပြောသည်။ ထို့နောက် နံနက်ခင်းအရုဏ်ဦးကြေးစည်သံကလေးက အထက်ကို ဘဝဂ်၊ အောက်ကို အဝီစိတိုင်အောင် ထိုးဖောက်ရောက်ရှိသွားစေခဲ့သည်။

''တူ ... ဝေ ... ဝေ ... ဝေ''

''တူ ... ဝေ ... ဝေ ... ဝေ''

''ဝုန်း''

''အမယ်လေးတော့''

ကြေးစည်သံမဆုံးမီမှာပင် မောင်ချစ်ဖေတစ်ယောက် ဘီလူးသဘက်စီးသကဲ့သို့ဖြစ်ကာ မိခင်ကြီး၏ နောက်ကျောပြင်ကို ဆောင့်ကန်လိုက်သည်။ မောင်ချစ်ဖေ၏ ပြင်းထန်လှသည့် ကန်ချက်ကြောင့် မိခင်ကြီး၏ ခန္ဓာကိုယ်တစ်ခုလုံး ကြမ်းပြင်ပေါ်သို့ လဲပြိုကျသွားသည်။

''သား ... လူလေး ဖိုးချစ် မှားမယ်''

''ခင်ဗျားကို ဘုရားရှိမခိုးပါနဲ့လို့ ခဏ ခဏ ပြောနေတာမရဘူး၊ ကျုပ်ကို စိုးပွားပျက်အောင် ခင်ဗျား တမင်သက်သက် ဆက်လုပ်နေတာ၊ အလကား နွားမကြီး''

မောင်ချစ်ဖေကား မိခင်ကို မိခင်မှန်းပင် မသိတော့ပြီ။ မင်္ဂလာနံနက်ခင်း၏ အရုဏ်ဦး ကျက်သရေကို ငှက်ဆိုးထိုးသံက ဖျက်ဆီးခဲ့လေပြီ။ မိုက်မဲတွေဝေသူ မိုက်သား မောင်ချစ်ဖေကား မိခင်ကြီးကို တစ်ချက်ပြီးတစ်ချက် လိမ့်၍ကန်သည်။

ကြောက်အားလန့်အားနှင့် ကုန်းထလာသည့် မိခင်ကြီးကို လက်ကြမ်းကြီးများနှင့် တွန်းလှဲကိုင်ပေါက်သည်။

ထိုစဉ် ဒေါ်သာလိ၏ပါးစပ်မှထွက်ကျ လွင့်စင်သွားသည့် သွေးတစ်စက်ကား ဗုဒ္ဓဆင်းတုတော်၏ မျက်နှာတော်တွင် စွန်းထင်သွားသည်။ ဒေါ်သာလိမှာ သားဖြစ်သူ၏ ရိုက်နှက်ကန်ကျောက်မှုကြောင့် အားအင်ချည့်နဲ့နေရာမှ ရုတ်တရက်အားအင်များ ပြန်လည်ပြည့်ဖြိုးလာသည်။ တစ်စုံတစ်ယောက်က ဝင်ရောက်ပူးကပ် အကူအညီပေးလိုက်သည့်နှယ်ဖြစ်သည်။

ထိုအခါ ဒေါ်သာလိသည် သားဖြစ်သူ မောင်ချစ်ဖေအား တွန်းဖယ်၍ ထွက်ပြေးသည်။ တွန်းဖယ်ခံလိုက်ရသည့် မောင်ချစ်ဖေကား မိခင်ကြီးအပေါ်ပို၍ ဒေါသဖြစ်စေခဲ့သည်။ သို့အတွက် မောင်ချစ်ဖေသည် ပါးထရံတွင် ထိုးထားသည့် ငှက်ကြီးတောင်ဓားကိုဆွဲကာ မိခင်ကြီးနောက်သို့ လိုက်လေတော့သည်။

ဒေါ်သာလိမှာ တာဝေးအပြေးသမား တစ်ဦးနှယ် ရွာလယ်လမ်းမကြီးအတိုင်း လျှင်မြန်သွက်လက်စွာ ကြောက်လန့်တကြား ပြေးလွှားနေသည်။ မောင်ချစ်ဖေက နောက်ကလိုက်သည်။

''ခင်ဗျားကြီးတော့လား ... မိရင် သေပြီသာမှတ်''

မောင်ချစ်ဖေ၏ အော်ဟစ်ဆဲဆိုသံတို့ကြောင့် တစ်ရွာလုံးလိုလို ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဒေါ်သာလိကမူ ရွာလယ် လမ်းမကြီးမှ တစ်ဆင့် ရွာထိပ်လယ်ကွင်းများဆီသို့ ပြေးပြေးနေသည်။ မိုးဦးကျရာသီဖြစ်၍ လယ်မြေများကား မဖန့်တဖန် ဖြစ်နေသည်။

အချို့လယ်မြေများတွင် ထယ်ထိုးပြီးဖြစ်သဖြင့် ထယ်စာခဲများဖြင့် ကြမ်းတမ်းလှသည်။ အချို့လယ်ကွက်များကမူ ပင်ကြားအက်ကွဲများပင်မပေ့သေးပေ။ အသက်ကိုလု၍ ပြေးရင်း ဒေါ်သာလိအဖို့



www.burmeseclassic.com

www.burmeseclassic.com

ဘာကိုမျှ မမှုနိုင်တော့။ သားရန်မှလွတ်အောင် မနည်းပြေးနေရသည်။

သားဖြစ်သူ မောင်ချစ်ဖေကမူ ဒေါသမာန်အပြည့်နှင့် အငြိုးကြီးစွာ ထက်ချပ်မကွာ အပြေးလိုက်ပါခဲ့သည်။ သို့တိုင် မောင်ချစ်ဖေကား မိခင်ကြီးကို လိုက်၍မမီသည်မှာ ထူးဆန်းလှသည်။

သားအမိနှစ်ဦး ရှေ့ကပြေး၊ နောက်ကလိုက်နှင့် ကျိုက်ပိရွာနှင့် အနည်းငယ် ကွာဝေးလှသည့် ညောင်ပင်ကြီးအနီးသို့ ရောက်ရှိလာသည်။ ဒေါ်သာလိသည် ညောင်ပင်အောက် ရောက်ရှိသည်နှင့် ညောင်ပင်ကြီးအားကျောမှီ၍ သားဖြစ်သူ မောင်ချစ်ဖေအား လှမ်းကြည့်လိုက်သည်။

"ဩော် .. ငါ့သားလေး မော့နေရှာပါပေါ့လား။ အမောဆို့နေပါ့မယ်၊ ငါ့ကို သတ်လိုက သတ်ပါစေတော့"

ဒေါ်သာလိသည် ရင်မှဖြစ်သော သား အပေါ် ချစ်ခြင်းမေတ္တာတရားကြီးမားစွာဖြင့် သေဘေးကိုပင် မကြောင့်ကြတော့ဘဲ သားဖြစ်သူ မောင်ချစ်ဖေ မမောမပန်းစေရန်အတွက် သူ့အသက်ကို စတေးခံရန် အသင့် စောင့်မျှော်နေလိုက်သည်။

မောင်ချစ်ဖေလည်း၊ မိခင်ကြီးအားသတ်ရန် အပြေးလိုက်ရင်း ညောင်ပင်ကြီးနှင့် ဝါးသုံးလေးပြန်ခန့်အကွာသို့အရောက်တွင် လျှင်တော်လဲသံကြီးကဲ့သို့ အသံဆိုးကြီးကို သားအမိနှစ်ဦးစလုံးကြားလိုက်ကြရသည်။

ယင်းအသံဆိုးကြီးနှင့်အတူ မောင်ချစ်ဖေ၏ ခြေထောက်များလည်း ဆက်လက်လှုပ်ရှား၍မရတော့။ မောင်ချစ်ဖေ၏ ခြေထောက်မှာ ကော်နှင့်ကပ်ထားသကဲ့သို့ မြေကြီးနှင့် ကပ်နေတော့သည်။ သို့တိုင်အောင် မောင်ချစ်ဖေက မိခင်ကြီးအားကြည့်၍ ဆဲဆိုကြိမ်းမောင်းလျက်ရှိသည်။ ဓားတဝင့်ဝင့်နှင့် ချိန်ရွယ်နေ၏။

အစပိုင်းတွင် မောင်ချစ်ဖေသည် သူ့ခြေထောက်အား မြေကြီးမှ ကွာစေရန် ဆောင့်ကန်ရုန်းထွက်သေး၏။ အကြိမ်ကြိမ်အဖန်ဖန် ဆောင့်ကန်ဆွဲထုတ်၏။ ထိုအခါ မိခင်ကြီး ဒေါ်သာလိကား သားထံသို့ အပြေးအရောက်သွားရန် ဟန်ပြင်လိုက်သည်။ မိခင်ကြီးလည်း မောင်ချစ်ဖေအနီးသို့ တိုးကပ်မသွားနိုင်တော့။

မောင်ချစ်ဖေ၏ အနီးပတ်ဝန်းကျင် ပေသုံးလေးဆယ်ခန့်တွင်ကား မီးပင်လယ်ကြီးကဲ့သို့ ပူနေတော့သည်။ ခလုတ်ထိမှအမိတတ်သော မောင်ချစ်ဖေလည်း ကယ်ပါယူပါ တစာစာနှင့် အော်ဟစ်နေရသည်။

မောင်ချစ်ဖေ၏ မိုက်မဲယုတ်မာမှုကို မကျေနပ်၍ ဝိုင်းဝန်းဆုံးမရန် ရောက်ရှိလာကြသည့် ရွာသူရွာသားများလည်း မောင်ချစ်ဖေတို့ သားအမိရှိရာသို့ ရောက်ရှိလာကြသည်။ သို့တိုင် မောင်ချစ်ဖေခံစားနေရသည့် အဖြစ်အပျက်ကိုကြည့်၍ ရွာသူရွာသားများလည်း သနားသွားကြသည်။ သို့အတွက် မောင်ချစ်ဖေအား ဖြစ်နိုင်သည့်နည်းလမ်းအမျိုးမျိုးနှင့် ကယ်တင်ရန်ကြိုးစားကြသည်။

မောင်ချစ်ဖေအား မည်သည့်နည်းလမ်းနှင့်မျှ ကယ်တင်၍မရသည့်အခါ အားလုံးလက်လျှော့လိုက်ကြရသည်။

မောင်ချစ်ဖေ၏အနီး ပတ်ဝန်းကျင်တစ်ပိုက်မှာ မြေရာတစ်ခုလုံးမှာ အခိုးအလျှံများ ထွက်ကာပူနေ၏။ မောင်ချစ်ဖေ အနီးအပါးသို့ မည်သူမျှမကပ်နိုင်။ မိခင်ကြီးအပါအဝင် ရွာသူရွာသားအားလုံး အဝေး တစ်နေရာမှပင် ရပ်ကြည့်နေရတော့သည်။ ထိုစဉ် မောင်ချစ်ဖေ၏ ခြေအစုံသည် မြေကြီးအတွင်းသို့နစ်ဝင်သွားသည်။

ထိုအခါမှ မိခင်ကြီးအပါအဝင် ရွာသူရွာသားများအားလုံး မောင် ချစ်ဖေ မြေမျိုခံနေရကြောင်း ရိပ်စားမိလိုက်ကြသည်။

"သား .. လူလေး .. ဖိုးချစ် .. သားကို အမေခွင့်လွှတ်ပါတယ် သားရယ်"

"ဟော့ .. ချစ်ဖေ၊ မင်းအမေကို ရှိခိုးကန်တော့ တောင်းပန် လိုက် .. တောင်းပန်လိုက်"

မိခင်ကြီးမှာ သားကို ခွင့်လွှတ်နိုင်သော်လည်း ဒိဋ္ဌဓမ္မ ဝေဒနီယ ကံ ဖြစ်သော ချက်ချင်းလက်ငင်းအကျိုးပေးသည့် အကုသိုလ်ကံကြီး သည် မောင်ချစ်ဖေကို လက်တွေ့ခံစားစေခဲ့သည်။ အကုသိုလ်၏ အကျိုးပေးစေခဲ့သည်။ သို့အတွက် မောင်ချစ်ဖေမှာ ကြီးစွာသော ဝေဒနာကို ခံစားနေရသဖြင့် မိခင်ကြီးနှင့် ပရိသတ်များ ပြောဆိုနေ သည့်အသံကိုပင် ကြားနိုင်စွမ်းမရှိတော့။

စူးရှပူလောင်ပြင်းပြသည့် ဝေဒနာကိုသာ ခံစားနေရသည်။

မေလ ၂၅ ရက် နံနက် ၇ နာရီခန့်မှစတင်၍ မောင်ချစ်ဖေ မြေမျိုခံနေရသည်။ ထိုနေ့တစ်နေ့တည်းအတွင်း မောင်ချစ်ဖေ၏ ခန္ဓာကိုယ်တစ်ခုလုံး မြေမျိုခံရသည် မဟုတ်ပေ။

သို့အတွက် ကျိုက်ပိကျေးရွာအနီးရှိ ရွာနီးချုပ်စပ်ကျေးရွာ အသီး သီးမှ ပရိသတ်များ လာရောက်ကြည့်ရှုကြသည်။ သံဝေဂယူကြသည်။ မြေမျိုခံရသည်ကို တစ်ကြိမ်တစ်ခါမျှမမြင်ဖူး၍ လာရောက်ကြည့်ရှု ကြသည့် ပရိသတ်ကြီးမှာလည်း လွန်စွာများပြားလျက်ရှိသည်။

ညဘက်တွင် မောင်ချစ်ဖေအား မီးအိမ် မီးခွက် မီးတိုင်များထွန်း ကာ စောင့်ကြပ်ကြည့်ရှုနေကြရသည်။ မိခင်ကြီးကိုမူ ရွာသို့ပြန်ပို့ထား ရသည်။

မောင်ချစ်ဖေမှာ မေလ ၂၈ ရက် အင်္ဂါနေ့တွင် ဒူးဆစ်အထိ လည်းကောင်း၊ မေလ ၃၁ ရက် ကြာသပတေးနေ့တွင် ခါးလယ် အထိလည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် မြေကြီးအတွင်းသို့ မြုပ်ဝင် သွားသည်။

ဇွန်လ ၂ ရက်နေ့ စနေနေ့ နံနက် ၈ နာရီခန့်တွင်မှ မောင်ချစ်ဖေ ၏ တစ်ကိုယ်လုံးမှာ အသက်ရှင်လျက်နှင့်ပင် မြေကြီးအတွင်းသို့ မြုပ်ဝင်ကာ အရှင်လတ်လတ် မြေမျိုခံခဲ့ရလေတော့သည်။

မောင်ဒိုင်ခန့် (အမျိုးသားစာပေ...

*ဝန်ခံချက်*

*မြန်မာသက္ကရာဇ် ၁၃၁၃ ခုနှစ် နယုန် လဆန်း ၂ ရက် (၆- ၆-၅၁) ဗုဒ္ဓဟူးနေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ "မိခင်ကိုသတ် ရန် ဓားနှင့်လိုက်သူ မြေမျိုခြင်း"သတင်းနှင့် ဘလေးကျော်... ပြောပြချက်တို့ကို ခံစားရေးသားပါသည်။*

စာမူခွင့်ပြုချက်–၃၂၀၀...



www.burmeseclassic.com

www.burmeseclassic.com



# တကယ်ဖြစ်ချင်လျှင် အဝိဇ္ဇာနှံတင်

■ ကျော်မင်းနိုင်

တစ်နေ့သ၌ ကျွန်ုပ်၏အိမ်သို့ ကျွန်ုပ်၏တပည့်ကြီး မောင်ဥက္ကာရောက်ရှိလာခဲ့လေသည်။

သူသည် 'အို'ကဲ့ကောင်းသော လူတစ်ယောက်ဖြစ်ရကား မပူမပင်၊ မကြောင့်မကြ နေနိုင်သူတစ်ဦးဖြစ်လေသည်။

သူငယ်စဉ်ကတည်းက စာပေများကို ရေးသားရင်း၊ စာများကို မပြတ်လေ့လာဖတ်ရှုသူတစ်ဦး ဖြစ်လေရကား ယခုအသက်အရွယ် ကြီးရင့်လာသောအခါ သက်ဖျားငွေသီးသော အောင်မြင်နေသည့် စာရေးဆရာတစ်ဦး ဖြစ်နေလေပြီ။

သူသည် ငယ်စဉ်ဘဝကို အတော်ကြမ်းကြမ်း ရှုန်းကန်ခဲ့ရသော်လည်း နှစ်ဆယ်ကျော်သုံးဆယ်အရွယ်တွင် က်ထခဲ့သူဖြစ်၏။ သူရေတာပ်ထဲဝင်ကာ တပ်ကြပ်ဘဝနှင့်ရှိစဉ် ဇနီးသည်အဖြစ် ရုပ်ရည်ချောမောလှပသော သူ့ထက်အသက် သုံးလေးနှစ်ကြီးမည့် အစ်မကြီးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့လေသည်။

သူ့ဇနီးကား ဘွဲ့ရပညာတတ်ဖြစ်ပြီး အနေအထိုင်ရိုးသားအေးဆေးသူဖြစ်၍ သူ့အဖို့ မိန်းမရကံကောင်းသည်ဟု ဆိုရပါလိမ့်မည်။ သူရေတပ်မှထွက်၍ စာရေးဆရာဖြစ်ရန် ကြိုးစားရုန်းကန်နေသောအခါ သူ့အနီးအစ်မကြီးက ကုမ္ပဏီရုံးတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ကာ သူ၏ပါရမီကို ဖြည့်စွမ်းခဲ့သူ ဖြစ်လေသည်။

သူကလည်း ဇနီးလုပ်စာ၊ သူ၏စာရေး၍ရသော ဝင်ငွေ မမှန်တစ်ချက်၊ မှန်တစ်ချက်ဖြင့် ဘဝကို ကျစ်လျစ်သိပ်သည်းစွာ ပုံစံတကျ ရုန်းကန်လှုပ်ရှားခဲ့ပါ၏။ ထိုသို့သော အခြေအနေမှာ သားလေးတစ်ယောက် မွေးခဲ့ပြီး ထိုသားလေးကို သူတို့ကဲ့သို့ ပုံစံတကျ သွန်သင်ထိန်းကျောင်း နည်းပေးလမ်းပြလုပ်ခဲ့၍ ထိုသားကလေးမှာ တစ်ဦးတည်းသောသား ဆိုသလောက် ပေါက်ပေါက်မြောက်မြောက် ထွန်းကား၍ ဆရာဝန်ကြီးတစ်ဦးပင် ဖြစ်နေလေပြီ။

ထိုသားကလေးမှာ မအေသွေးပါ၍ ပညာရေး၌ ထူးချွန်ခဲ့သလို ဖအေသွေးပါ၍ စာပေလောက၌ သူကဲ့သို့ ယခုအခါ၌ အောင်မြင်သော ကလောင်တစ်ချောင်းကို ပိုင်ဆိုင်လျက်ရှိနေသေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သူတို့မိသားစုမှာ သုံးဦးသာရှိသော်လည်း သူယခုလို အသက်အရွယ်ကြီးရင့်လာသောအခါ ဝင်ငွေကိုယ်စီရှိနေပြီဖြစ်၍ ၎င်းကိုဥက္ကာမှာ တိုက်နှင့်ကားနှင့်၊ တယ်လီဖုန်းနှင့် အကျအနနေထိုင်နိုင်ခဲ့လေပြီ။ ၎င်းတို့၏သားကလေးမှာလည်း လိမ္မာလွန်းရကား အိမ်ထောင်မပြုသေးဘဲ မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးကာ ကျေးဇူးအထူးသိတတ်သော လူငယ်ကလေးတစ်ဦးအဖြစ် ကျွန်ုပ်တို့မြို့တွင် စံနမူနာတင်ရသူတစ်ဦး ဖြစ်လျက်ရှိချေပြီ။

၎င်းကိုဥက္ကာသည် စီးပွားရေးအဆင်ပြေကာ ရည်မှန်းချက်ပေါက်မြောက်၍ နာမည်ရစာရေးဆရာတစ်ဦးဖြစ်နေသော်လည်း ဘာသာရေးဘက်၌ အားနည်းခဲ့သူဖြစ်လေ၏။ ငယ်စဉ်က ဘာသာရေးဘက်ကို စိတ်ညွတ်ခဲ့သူမဟုတ်၍ အပေါ်ကောင်းလျှင် စိပ်ပုတီးစိပ်သည့်အခါ စိပ်သည်။ ဝိပဿနာအားထုတ်သည့်အခါ ထုတ်သည်။ သို့သော် စွဲစွဲမြဲမြဲမလုပ်ခဲ့။ ဘာသာရေး၏ အနုတ်လက္ခဏာဖြစ်သော သုရာရည်ဘက်သို့ ပါသည့်အခါ ပါသွားတတ်သည်။ သို့သော် ဘဝကို စနစ်တကျရုန်းကန်ခဲ့သူပီပီ အရက်ကို စွဲလမ်းမသွားဘဲ ထိန်းသိမ်းနိုင်ခဲ့၍ အရက်သမားဖြစ်မသွားဘဲ အောင်မြင်သော စာရေးဆရာအဖြစ် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ခဲ့ခြင်းဖြစ်လေသည်။

စာရေးဆရာအဖြစ် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနေတာတောင်မှ ငယ်စဉ်က မော်ဒန်၊ ပို့စ်မော်ဒန်အားသန်နေပြီး ထိုဘက်၊ ထိုအသိုင်းအဝိုင်း၌ နစ်ထားခဲ့သဖြင့် တစ်ယူသန်စိတ်ဖြင့် ထင်ရာကလောင်စိုင်းကာ အတွေးမရှိင်းတရှိင်း ရှိခဲ့ဖူးသူဖြစ်လေ၏။

ယခု အသက်အရွယ်ရလာတော့ ငယ်စဉ်က ဘာသာရေးအလျဉ်ခံ ရှိထားသူဖြစ်၍ ဘာသာရေးဘက် ပြန်လှည့်ကာ သာမန်မိရိုးဖလာဗုဒ္ဓဘာသာဘဝ (အန္ဓပုထုဇဉ်)မှနေ၍ ဒိဋ္ဌိစွဲ(သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ)ကို အသိအမြင်နှင့်ပယ်ပြီးသော သုတဗုဒ္ဓိဉာဏ်ဖြင့် (ကလျာဏပုထုဇဉ်) 'သုတဝါအရိယာသာဝကော' အရိယာတို့၏ သားတပည့်သေက္ခပုဂ္ဂိုလ်(ကျင့်ကြံအားထုတ်မှုပြုသူ) အဖြစ် တက်လှမ်းရန် ကြိုးစားနေသူဖြစ်လေ၏။

ထို့ကြောင့်ပင် ကျွန်ုပ်နှင့် တရားဆွေးနွေးဘက်အဖြစ် ပြောင်းလဲလာကာ ကျွန်ုပ်ထံသို့ နေ့စဉ်ရောက်ရောက်လာတတ်သူ ဖြစ်လေ၏။

သူရောက်လာသည့်အခါ ကျွန်ုပ်သည် နေ့စဉ် မနက်အာဟာရအဖြစ် စားသုံးလေ့ရှိသော ပဲကောက်ညှင်းပေါင်း၊ ငါးပုပ်ခြောက်ဖုတ်ဆမ်း၊ ရေနွေးကြမ်းတို့ဖြင့် ညှိဝတ်ပြုကာ စကားစမြည်ပြောဆိုသမှုပြုရလေသည်။

"ကဲ ... ကိုဥက္ကာ၊ ဒီကောက်ညှင်းက သန်လျင် ရေနက်ကွင်းက ရလာတဲ့ ကောက်ညှင်း။ စေးသလားမမေးနဲ့။ ပဲကတော့ သုံးခွပုလဲဘက်က ပဲလွန်းဗျ။ ငါးပုပ်ခြောက်ကတော့ ကျောက်တန်းမီးပြဘက်က ရလာတဲ့ ငါးပုပ်ခြောက်ပဲ၊ ဆီက ခရမ်းပဲဆီဗျာ။ ခင်ဗျားစားရက်ကြုံလို့ ကျုပ်တပည့်ကြီး မြင့်သိန်းမောင် တကူးတက မနေ့ကမှ လာကန်တော့တာဗျ"

ကိုဥက္ကာသည် ပြုံးရွှင်စွာဖြင့် ကျွန်ုပ်ညှိခံသည်ကို စားသောက်ရင်း ...

"ဆရာကြီးက ငါးစွဲဖြုတ်ရမယ်ဆိုပြီး ဒေသစွဲတွေ များလှချည်လားခင်ဗျ"

ပို့စ်မော်ဒန်စာရေးဆရာပီပီ ကျွေးမွေးတာကို စားသောက်ရင်း အကွက်ဝင်ကုန်း တစ်ချက်တော့ တွယ်ထည့်လိုက်လေသည်။

ကျွန်ုပ်ကလည်း ကျွန်ုပ်စကားအတွက် အဖြေရှိသူပီပီ သူ့စကားကို ချေဖျက်ရလေသည်။

"ငါးစွဲဆိုတာက ... တစ်ဦးတစ်ယောက်၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့ဒေသ အဲဒါကို ရည်ညွှန်းတာဗျ။ ခုဟာက ကျုပ်ဥစ္စာ၊ ကျုပ်ပစ္စည်း၊ ကျုပ်ဒေသ တစ်ခုမှ မပါဘူးလေ။ သူ့ဒေသထွက်၊ သူ့ပစ္စည်း၊ သူ့အရင်းခံအတိုင်း သုံးတာပါဗျာ။ ပြီးတော့ ကျုပ်ကိုလာပြီး ကန်တော့သွားတဲ့ တပည့်ကြီး မြင့်သိန်းမောင်ကိုလည်း ဂုဏ်ပြုရာရောက်အောင်၊ သူကြိုးကြိုးစားစား ယူလာတာကို ပေါ်လွင်အောင် ပြောရတာပါဗျာ။ ငါးစွဲသာရှိနေရင် ဒီလောက်ကောင်းတဲ့ အာဟာရတွေကို ဟောဒီငါဆိုတဲ့ အကောင်ကြီးတစ်ကောင်တည်း ခင်ဗျားကို ကျွေးမွေးညှိခံမနေတော့ဘဲ ကျိတ်ပြီးတီးနေတော့မှာပေါ့ဗျာ၊ ပြီးတော့ တကူးတက ယူဆောင်လာတဲ့ တပည့်ကြီး မြင့်သိန်းမောင်ကိုလည်း ကျေးဇူးဂုဏ်တင်ရာရောက်အောင် ကျုပ်ကပြောရတာပါဗျာ။ ခင်ဗျားအခု အရသာရှိရှိ စားရသောက်ရတာဟာ ကျုပ်ကိုချည်း ကျေးဇူးတင်မနေနဲ့။ ယူလာတဲ့ မူလကာယကံရှင် ကျုပ်တပည့်ကြီး မြင့်သိန်းမောင်ကိုပါ ကျေးဇူးတင်ရအောင် ကျုပ်က ဖော်ပြောတာပါဗျာ"

"ဟုတ်ပေသားပဲ ဆရာကြီးရယ်။ 'တစ်လုတ်စားဖူး၊ သူ့ကျေးဇူး အထူးသိတတ်စေ' ဆိုတဲ့ မင်္ဂလာစကားလည်း ရှိပေသားပဲ။ ဆရာကြီးဆိုလာတာ အကျိုးရှိပါတယ်။ ဘယ်တော့မှ အချည်းနှီးမဖြစ်ဘူး။ ဒီနေ့လည်း စချင်း ကျေးဇူးတရားအကြောင်း သိရပြန်ပြီ။ ဆရာကြီးပြောပြောနေတဲ့ ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ယောက်ဖြစ်ဖို့ သာမန်မနေအပ်ဘူး။ သတိပဋ္ဌာန်အရေးကြီးတယ်။ စားသတိ၊ သွားသတိ၊ နေသတိ၊ လျှောင်းသတိဆိုတာနဲ့ လွတ်ထွက်မသွားဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်။ ခုဟာက စားသတိပေါ့ဗျာ။ ကျေးဇူးကို ဆင်ခြင်အောက်မေ့တာပဲ။ ကောင်းရင်ကောင်းတယ်၊ မကောင်းရင်မကောင်းဘူး။ ကောင်းတာကို ဘယ်သူယူဆောင်လာသလဲ၊ ကောင်းတာကို ဘယ်သူက လက်ခံစားသုံးသလဲ ဆင်ခြင်ကြည့်ရမယ်။ ပထမတော့ ကောင်းတာကို ယူလာတာက မြင့်သိန်းမောင်၊ ဒုတိယ ကောင်းတာကိုလက်ခံစားသုံးတာက ခင်ဗျားနဲ့ကျုပ်။ ဒါကိုညတ်၊ ပရမတ် ခွဲလိုက်တော့ မြင့်သိန်းမောင်ဆိုတဲ့ နာပ်နဲ့ ရုပ်က ဆောင်ကျဉ်းလာတာကို ခင်ဗျားနဲ့ ကျုပ်ဆိုတဲ့ ရုပ်နာမ်နှစ်ခုက လက်ခံစားသုံးတာပဲ တွေ့ရမယ်"

"အဲဒီမှာ ထပ်ပြီး သတိနဲ့ကပ်ပြီးဆင်ခြင်ရင် 'လျှာ'ကြောင့် ချိုတယ်၊ ဆိမ့်တယ်၊ စားကောင်းတယ်၊ စားမကောင်းဘူးဆိုတဲ့ အကျိုးဆက်တွေကို ဝင်ပြီးတွေ့လာနိုင်ပြန်တယ်။ သတိနဲ့ နေထိုင်စားသောက်ရင်းနဲ့လည်း သတိပဋ္ဌာန်ဝိပဿနာကိစ္စကို ကျင့်ဆောင်နိုင်တယ်လို့ သယ်တီဆရာတော်ဘုရားကြီးက သူ့ရဲ့ဥတ္တမပုရိသဒီပနီမှာ ဟောဒီလို ဟောကြားတော်မူတယ်ဗျ ..."

"ကြားပါရစေ ဆရာကြီးခင်ဗျား"

"ဆရာတော်ဘုရားကြီးက 'သိအင့်သိထိုက်သောတရားမှာ အန္ဓပုထုဇဉ်အဖြစ်မှလွတ်၍ ခန္ဓာအာယာတနဓာတ်၊ ဣန္ဒြေသမုပ္ပါဒ်၊ သတိပဋ္ဌာန် စသော ဤတရားစုသည် ဗုဒ္ဓဘာသာမှာရှိသော တရားစုဖြစ်၍ ဗုဒ္ဓဘာသာဝင်ဆိုလျှင် ထိုတရားတို့ကို သိကျွမ်းလိမ္မာမှ ဗုဒ္ဓဘာသာဝင်ဆိုစလောက်သည်'လို့ မိန့်မှာခဲ့ဖူးတယ်"

"အန္ဓပုထုဇဉ်နဲ့ ကလျာဏပုထုဇဉ်တို့ကိုကော ဘယ်လိုကွဲပြားသလဲဆရာကြီး"

"ဆရာကြီးဦးဆန်းလွင် (ရှင်အာဒိစ္စရံသီ)ကတော့ လယ်တီဆရာတော်၊ မိုးကုတ်ဆရာတော်တို့ရဲ့ တရားကိုအခြေခံပြီး သူနားလည်သလို ဟောဒီအတိုင်းလေးဆင့်ခွဲပြီး တင်ပြခဲ့ဖူးတယ်"

"(၁) လူတစ်ဦးသည် သူ့ကိုယ်သူ ရိုးရာအမည်ခံ ဗုဒ္ဓဘာသာအဖြစ်ဖြင့် တင်းတိမ်နေရုံဖြင့် မပြီးသေး။ သိသင့်သိထိုက်သော တရားများကို သိဖို့လိုသေးသည်။ မသိသိအောင် လုပ်သင့်သည်။ သိမှသာ မိမိနှင့် သာသနာအတွင်းသား ကလျာဏပုထုဇဉ်၊ အပါယ်တံခါး တစ်ဘဝပိတ်သူ၊ အသေစိတ်ချရသူ ဖြစ်နိုင်သည်။

(၂) အကြင်သူသည် အန္ဓပုထုဇဉ်အကန်းအဖြစ်မှ ကလျာဏပုထုဇဉ် (စူဠသောတာပန်) ဉာဏ်အမြင်ပေါက်သူဖြစ်အောင် အားထုတ်ရာတွင် မိမိ 'သုတဝါအရိယာသာဝကော'ဖြစ်မဖြစ် တိုင်းတာရန် စံချိန်ပြစံနှုန်း (STANDARD CRITERION) တိတိကျကျ ညွှန်ပြထားသည်။

(၃) သံသရာအဆင်းလမ်းမှ သံသရာအတက်လမ်း ဘုံစဉ်စံဖြစ်အောင် မိမိဘာသာ တက်လှမ်းနိုင်သောတရားမျိုး ဗုဒ္ဓဘာသာကလွဲလျှင် တခြား ဘယ်ဘာသာမှမရှိဆိုသော အချက်သည် လုံးဝမှန်ကန်ကြောင်း တွေ့ရသည်။

(၄) အန္ဓပုထုဇဉ်သည် ခန္ဓာကိုမသိ၊ အယာတနကိုမသိ၊ ဓာတ်ကိုမသိ၊ သစ္စာကိုမသိ၊ ပဋိစ္စသမုပ္ပါဒ်ကိုမသိ၊ သတိပဋ္ဌာန်တရားကို မသိလျှင် သေသောအခါ အပါယ်တစ်လမ်းသွားသာ ဖြစ်နိုင်သည်။ အပါယ်တံခါးပိတ်ရန်အတွက် သစ္စာဉာဏ်ရဖို့လိုသည်။ သစ္စာဉာဏ်ရမှသာ အပါယ်မျိုးစေ့ဖြစ်သော ဒိဋ္ဌိကို ပယ်သတ်နိုင်သည်။ ဒိဋ္ဌိပါယ်ရန်အတွက် ခန္ဓာ၏ဖြစ်စဉ်ကို သိဖို့လိုသည်။ ခန္ဓာဖြစ်စဉ်ကိုသိသော ယထာဘူတဉာဏ်ရရန်မှာ ပဋိစ္စသမုပ္ပါဒ်တရားကို ဓာတ်ကွဲအောင် သိရမည်ဆိုသော အဆုံးအမသည် ကံလမ်းကလာပြီး ကံလမ်းကို ဆက်လျှောက်နေသူ အန္ဓပုထုဇဉ်ကို ကံလမ်းကလာပြီး ဉာဏ်လမ်းသို့ တက်လျှောက်နိုင်အောင် ပဋိစ္စသမုပ္ပါဒ်သတိပဋ္ဌာန်တရားက လမ်းပြနိုင်သည်လို့ ဆရာကြီးဦးဆန်းလွင်က သူ့ရဲ့ 'ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက်အကြောင်း'မှာ တင်ပြထားပါတယ်"

"ဆရာကြီးအစဖော်တော့မှ ကျွန်တော်ပြန်သတိရပြီ ဆရာကြီး။ ဆရာကြီးဦးဆန်းလွင်က စာတွေအများကြီးဖတ်၊ ဘာသာတရားပေါင်းစုံကို လေ့လာထားတော့ 'အကျွန်ုပ်သည် ကမ္ဘာပေါ်မှာ လူတို့ကိုးကွယ်သော ဘာသာအယူဝါဒများစွာကို လေ့လာကြည့်ခဲ့သည်။ ဘယ်ဘာသာမှာမှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် မရှိ၊ ရဟန္တာမရှိ၊ သစ္စာဉာဏ်မရှိ၊ ထွက်ရပ်လမ်းမရှိဆိုပြီး ဗုဒ္ဓဘာသာကို အနှစ်အသားရှိရှိ ယုံကြည်ကိုးကွယ်အားထုတ်သွားတဲ့ ပုဂ္ဂိုလ်ကြီးပဲ"

"ဒီဆရာကြီး ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သွားတာဟာ• သာမန်မဟုတ်ဘူးနော်။ အယူသီး၊ အစွဲကြီးတဲ့ တခြားဘာသာကနေ ဗုဒ္ဓတရားဓမ္မကို လေ့လာပြီးမှ သက်ဝင်ယုံကြည် ကိုးကွယ်လာတာ။ အဲဒီလို ဗုဒ္ဓဘာသာကို မကိုးကွယ်ခင် ဆရာကြီးဦးဆန်းလွင်ဟာ သူကိုယ်တိုင် ဒဿနိကဆရာကြီးပီပီ တခြားဘာသာပေါင်းစုံကိုလည်း လေ့လာခဲ့ပြီးမှ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သွားတာ။ ဒီမှာ ဗုဒ္ဓရဲ့ သရဏဂုံသုံးပါးရဲ့ အနှစ်အတိုင်း ဗုဒ္ဓေါမေ သရဏံ အညံ့နတ္ထိ၊ ဓမ္မောမေ သရဏံ အညံ့နတ္ထိ၊ သံဃောမေသရဏံ အညံ့နတ္ထိ၊ ဗုဒ္ဓဘုရားရှင်မှတစ်ပါး အခြားကိုးကွယ်ရာ မရှိပြီ။ ဗုဒ္ဓဟောကြား မြတ်တရားမှအပ အခြားကိုးကွယ်ရာ မရှိပြီ။ ဗုဒ္ဓ၏ သားတပည့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဗုဒ္ဓဟောကြား မြတ်တရားကို ကျင့်ကြံအားထုတ်ကုန်သော ရဟန်းသံဃာမှတစ်ပါး အခြားကိုးကွယ်ရာမရှိပြီ ဆိုတဲ့ သရဏဂုံသုံးပါးကို တည်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ သုံ့သစ္စာတင် အဓိဋ္ဌာန်ဝင်ရင် အကုန်လုံး ဖြစ်ဖြစ်သွားတာကို တွေ့ရတယ်ဗျ''

''ပြောပါဦးဆရာကြီး''

''ဆရာကြီးဦးဆန်းလွင်ဟာ ဆရာတော်ကောင်း၊ သမားတော်ကောင်းတွေ ရေးသားခဲ့တဲ့ ဗုဒ္ဓစာပေတွေ လေ့လာပြီး သူ့အမြင်၊ သူ့အတွေးနဲ့ ဗုဒ္ဓဘာသာဝင်တွေကို သာမန်မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ဘဝကနေ ပဋိပတ္တိသမ္မပ္ပာဒ် ကျင့်ကြံအားထုတ်ပြီး သတိပဋ္ဌာန်တရားရနိုင်စွမ်းတဲ့ အနုပုဗ္ဗဇဉ်တွေဖြစ်အောင် ကြံဆောင်ချင်တဲ့ စိတ်တွေ တဖွားဖွားပေါ်ပြီး အဓိဋ္ဌာန်ပြုခဲ့တယ်။ အဓိဋ္ဌာန်တွေဟာ အထူးအောင်မြင်ခဲ့တယ်။ အဲဒီအထဲမှာ ဆရာကြီးဦးဆန်းလွင် အနာဂါမ်တရာသက်ကြီးရဲ့တပည့် ဆရာကြီးဦးဘခင်ရဲ့ (IMC) တရားစခန်းမှာ ရိပ်သာဝင်တုန်း ခဏချင်းဖြစ်ရပ်မှာ ခဏချင်းအဓိဋ္ဌာန်တင်ခဲ့တာလေ။ လက်တွေ့အဖြစ် ပြောပြချင်တယ်ဗျ။ ဒါကို ဘာလို့ရွေးပြောရသလဲဆိုတော့ အခုခေတ်လူတွေက လက်တွေ့ကျကျ ချက်ချင်းပြတာကိုမှ ပိုပြီးလက်ခံယုံကြည်ချင်ကြတာကိုး''

''သူများ အဓိဋ္ဌာန်တင်လို့ အဓိဋ္ဌာန်စွမ်းတယ်၊ အဓိဋ္ဌာန်အောင်တယ်ဆိုတာကလည်း ကိုယ်ကျင့်တရားကောင်းမွန်ပြီး သစ္စာတရား တည်ကြည်မှ ဖြစ်တာကို ဆရာကြီးရဲ့''

''ဟုတ်ပေတာပဲဗျာ။ ကဲ .. ဆရာကြီးဦးဆန်းလွင်ရဲ့ လက်တွေ့အဓိဋ္ဌာန်တင်ပြီး အောင်မြင်သွားပုံကို ပြောပြမယ်ဗျာ။ ဆရာကြီးဟာ တရားစခန်းဝင်နေစဉ်မှာ ဩဂုတ်လ၊ မြန်မာလ ဝါခေါင်လဖြစ်၍ မိုးသည်းတဲ့အချိန် ဖြစ်နေတယ်တဲ့''

ဩဂုတ်လ မိုးကသဲသဲမဲမဲ ရွာနေလေသည်။ မိမိမှာရော ကိုစိုးမှာပါ (ဆရာကြီး၏တပည့်) ထီးမပါကြ။ အိပ်ဆောင်နှင့် ဓမ္မာရုံ၊ ဓမ္မာရုံနှင့် ဘောဇနဆောင်တို့သည် ကိုက်တစ်ရာလောက်စီ ကွာဝေးကြသည်။ ထိုသို့ တစ်ဆောင်က တစ်ဆောင်သို့ ကူးသန်းရသောအခါ မိုးရွာနေလျှင် အခက်အခဲကြုံရသည်။ ထိုအခါ ကျွန်ုပ်၏ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်၊ မိမိအားထုတ်နေသော တရားသည် သမ္မာသမာဓိအဆင့်ကို ရောက်လာပြီဆိုလျှင် ထိုစရဏ၏ တန်ခိုးကြောင့် မိုးစဲရန် သစ္စာဆိုချင်သောစိတ် ဖြစ်ပေါ်လာပါသည်။

ထိုအခါ မိမိတို့နှစ်ဦးစလုံးမှာ ထီးမပါပါ။ ဤစကားသည် မှန်သော သစ္စာစကားဖြစ်၏။ ဤမှန်သောသစ္စာစကားကြောင့် မိုးသည် ခေတ္တရပ်စဲပါစေသတည်းဟု ဆိုလိုက်သည်။ ထိုသို့ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် မိုးသည် ချက်ချင်းစဲသွားလေသည်။

မိမိအလိုရှိရာ အဆောင်သို့ မိုးစဲနေစဉ် အရောက်ပြေးရသည်။ အဆောင်ပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် မိုးသည် သဲသဲမဲမဲ ရွာပြန်လေသည်။ ဤအချင်းအရာကို တွေ့ရသောအခါ မိမိ၏ စရဏသည် အကျိုးသက်ရောက်မှုရှိနေပြီဟု သိရပြီး စိတ်သည် ပိုမိုအားတက်ရွှင်လန်းနေလေတော့သည်။ အစပထမ ပိုင်းတွင် ဤကဲ့သို့ မိုးစဲသွားခြင်းသည် တိုက်ဆိုင်ခြင်းပေလားဟု သို့လော၊ သို့လော ဖြစ်မိသေးသည်။ သို့သော် ၁၀ ရက်လုံးလုံး ဤကဲ့သို့ သစ္စာဆိုတိုင်း မိုးစဲခဲ့သဖြင့် မိမိတို့မှာ ထီးမပါဘဲလျက် မိုးသည်းသော နေ့ရက်များကို ကျော်ဖြတ်နိုင်ခဲ့လေတော့သည်။

''အဲဒါ ဆရာကြီးဦးဆန်းလွင် (ရှင်အာဒိစ္စရံသီ)ရဲ့ သစ္စာအဓိဋ္ဌာန်ပြုချက်ဟာ သစ္စာအဓိဋ္ဌာန်ပြုသူရဲ့ စရဏကျင့်စဉ် အားကောင်းရင် ကောင်းသလို ဒိဋ္ဌဓမ္မအကျိုးပေးပုံပဲ ကိုဥက္ကာ။ အဲဒါကြောင့် သစ္စာအဓိဋ္ဌာန်ဝင်တဲ့နေရာမှာ ကျင့်ကြံအားထုတ်မှု စရဏ ား မြင့်မြတ်မှန်ကန်ဖို့ အဓိကဖြစ်ကြောင်း ပြသနေတာ ထင်ရှားပါတယ်။ ကဲ ... ကျုပ်လည်း တရားအားထုတ်ဖို့ ကျင့်ကြံစခန်းဝင်ဖို့ အချိန်ကျနေပြီ။ ဒီနေ့တော့ လူချင်းခွဲကြစို့ရဲ့ဗျာ''

''ဟုတ်ကဲ့ ဆရာကြီး။ ကျွန်တော်လည်း သန်လျင် ကျိုက်ခေါက်ဘုရားသွား အဓိဋ္ဌာန်စခန်းဝင်ဖို့ အချိန်ရှိနေလို့ သွားလိုက်ပါဦးမယ်၊ မင်္ဂလာပါဆရာကြီး ..''

''မင်္ဂလာပါ ကိုဥက္ကာ''

ကျွန်ုပ်၏တပည့်ကြီး ကိုဥက္ကာသည် ကျွန်ုပ်အား လက်အုပ်ချီ နှုတ်ဆက်စကားဆိုလျက် ကျွန်ုပ်၏အိမ်မှ ထွက်သွားလေရာ ကျွန်ုပ်လည်း မနက်ကိုးနာရီတွင် မှန်မှန်တရားအားထုတ်နေကျအတိုင်း ကျွန်ုပ်၏အိမ်မှ ဘုရားခန်းသို့ ဝင်ခဲ့ရလေတော့သည်။

**ကျော်မင်းနိုင်**

<u>ကျမ်းကိုး</u>

၁။ ဥတ္တမပုရိသဒီပနီ၊
လယ်တီဆရာတော်
(၁၉၅၂၊ ဟံသာဝတီပိဋကတ်တိုက်)

၂။ ဦးဆန်းလွင်(ရှင်အာဒိစ္စရံသီ)
''ဉာဏ်လမ်းပေါ်ရောက် လူတစ်ယောက်အကြောင်း''
ဘဝတက္ကသိုလ်စာပေ။





www.burmeseclassic.com

www.burmeseclassic.com




# နှင်းလူရှာပုံတော်

မနုဿကျော်ဝင်း

၁၉၁၀ ပြည့်နှစ်တွင် ဖြစ်၏။ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ဂေါင်ဂလန်ဖြူကျေးရွာမှ ကချင်အမျိုးသားတစ်ဦးသည် စားနပ်ရိက္ခာများကို ယူဆောင်လျက် ခရီးသွားရန် ပြင်ဆင်၏။ သူယူဆောင်သွားမည့် ပစ္စည်းတို့မှာ ဆန်၊ ဆား၊ ခေါင်ရည် ကျည်တောက်နှင့် လေးမြားတို့ ဖြစ်ကြ၏။ သူသွားရမည့်ဒေသမှာ ပေတစ်သောင်းကျော်မြင့်သော ဥရမ်ဗန်တောင်ပေါ်ဒေသ ဖြစ်၏။

အန္တရာယ်ထူပြောလှသဖြင့် အဖော်မပါဘဲ ခရီးမသွားရန် သူ၏မိသားစုနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့က ဖျောင်းဖျတားမြစ်ကြ၏။ သို့ရာတွင် သူသည် လုံးဝနားမဝင်ဘဲ တစ်ကိုယ်တည်း ခရီးပြင်းနှင်ခဲ့သည်။

ဂေါင်ဂလန်ဖြူရွာမှ သူထွက်ခွာလာပြီး နှစ်ရက်ခန့်အကြာတွင် မိတ်ဆွေရွာသားအချို့က စိတ်မချသဖြင့် နောက်ယောင်ခံ၍ လိုက်ခဲ့ကြသည်။ နောက်ယောင်ခံလိုက်လာသူနှစ်ဦးမှာ အလွန်သတ္တိကောင်းပြီး တောလမ်းခရီးအတွေ့အကြုံရှိသူများ ဖြစ်ကြ၏။ သူတို့နှစ်ဦးသည် ဥရမ်ဗန်တောင်ကြားအရောက်၌ မသဲကွဲသော ခြေရာများကို တွေ့မြင်ကြရသည်။ ထိုခြေရာလမ်းကြောင်းအတိုင်း နောက်ယောင်ခံလိုက်သွားသောအခါ အလွန်ထိတ်လန့်ဖွယ်ကောင်းလှသော မြင်ကွင်းတစ်ရပ်နှင့် ရင်ဆိုင်ကြရ၏။

သူတို့၏မိတ်ဆွေသည် မြေပြင်တစ်နေရာတွင် လဲကျသေဆုံးလျက်ရှိ၏။ ထိုသူ၏အလောင်းအနီး၌ ကြောက်မက်ဖွယ်ရာ ရောမသတ္တဝါကြီးတစ်ကောင်ကို တွေ့မြင်ကြရသည်။ ထိုသတ္တဝါကြီးက သူတို့နှစ်ဦးကိုပါ လိုက်လံဖမ်းဆီးမည်ပြုရာ အသင့်ပါလာသောမြားဖြင့်ပစ်၍ ဖနောင့်နှင့်တင်ပါး တစ်သားတည်းပြေးခဲ့ကြရလေသည်။

နောက်တစ်ရက်၌ သူတို့သည် ရွာသူရွာသားများ၏ အကူအညီဖြင့် ထိုနေရာသို့ သွားရောက်ကြပြန်၏။ သူတို့မိတ်ဆွေ၏အလောင်းက သူတို့နှစ်ဦးကို ရင်နင့်ဖွယ်ရာ ဆီးကြိုနေသည်။ ကြောက်မက်ဖွယ်သတ္တဝါကြီးကား အနီးအနားတွင် မရှိတော့ချေ။ သူတို့မိတ်ဆွေ၏ အလောင်းမှ မျက်လုံး၊ နားရွက်၊ နှုတ်ခမ်းစသည်တို့ကို ကလော်ထုတ် ကုတ်ဖဲ့ထားကြောင်း တွေ့ရှိကြရသည်။ ဤဖြစ်ရပ်နှင့် ပတ်သက်၍ ဒေသခံတို့က နတ်ဆိုးဖမ်းစားခြင်း ဖြစ်မည်ဟု ကောက်ချက်ချခဲ့ကြ၏။ နှင်းလူ(ဝါ)ထူးဆန်းသောသတ္တဝါတစ်ကောင်၏ လက်ချက်ဟူ၍ကား မည်သူကမျှ မတွေးမိခဲ့ကြချေ။

## ကြောက်စရာနှင်းလူ

နှင်းလူ (ဝါ) ထူးဆန်းလှသော သတ္တဝါပြဿနာသည် ကချင်ပြည်နယ်မြောက်ပိုင်း၊ တိဘက်၊ အိန္ဒိယ ဟိမဝန္တာတောင်တန်းဒေသနှင့် နီပေါလ်ပြည်မြောက်ဘက်တို့၌ လွန်ခဲ့သည့်နှစ်ပေါင်းအတော်ကြာကာလကတည်းက ဂယက်ရိုက်ခဲ့၏။ ဒေသခံများကို ဒုက္ခပေးခဲ့၏။ သူ့ကို ယက်တီ၊ မက်တီ၊ ရှ(ခ်)ပါ၊ မီဂို၊ ကန်မိ စသည်ဖြင့် ဒေသခံတိုင်းရင်းသားမျိုးနွယ်အသီးသီးက အမည်နာမအမျိုးမျိုးဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။ သို့ရာတွင် အနောက်နိုင်ငံသားများအဖို့ နှင်းလူအကြောင်းကို ၁၈၈၇ ခုနှစ်မတိုင်မီအထိ မကြားဖူးခဲ့ကြသေးချေ။



www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် ၁၈၈၇ ခုနှစ်တွင် ဗြိတိသျှတောင်တက်သမား ဗိုလ်မှူးကြီး 'ဒဗလျူအေဝါဒဲလ်'သည် ဆီကမ်ဒေသရှိ ပေ ၁၆၀၀၀ ကျော်မြင့်သည့် တောင်ပေါ် ဆီးနှင်းလွင်ပြင်တစ်ခုကို ဖြတ်သန်းစဉ် ထူးဆန်းသော ခြေရာကြီးတစ်စုံကို တွေ့ရ၏။ ထိုခြေရာမှာ အလွန်ကြီးမားသည်မှအပ လူ၏ခြေရာပုံစံအတိုင်းပင် ဖြစ်သည်။ ဤဆီးနှင်းလွင်ပြင်ပေါ်၌ ဖိနပ်မပါဘဲ ခြေထောက်ချည်းသက်သက်ဖြင့် သွားလာခဲ့သည့် ခြေရာပိုင်ရှင်ကို သူသည် အလွန်ပင်အံ့ဩမိ၏။

တစ်ဖန် ၁၉၀၆ ခုနှစ်တွင် ရုက္ခဗေဒပညာရှင် 'ဟင်နရီအဲလွစ်'သည်လည်း အလားတူ ခြေရာမျိုးကိုတွေ့ရှိရုံသာမက ဆံပင်စုတ်ဖွားနှင့် မားမားကြီး ရပ်နေရာမှ ပြေးလွှားသွားသည့် နှင်းလူ



လားမားဘုန်းတော်ကြီးက နှင်းလူ၏ဦးခေါင်းခွံကို ကိုင်ထားပုံ

တစ်ယောက်ကို တွေ့မြင်ခဲ့ရပြန်သည်။ သို့ရာတွင် ဤဖြစ်ရပ်များနှင့်ပတ်သက်၍ ဆောင်းပါးတစ်ပုဒ်တလေမျှ ရေးသားခြင်း မပြုရသေးမီ ဟင်နရီအဲလွစ် ကွယ်လွန်သွားခဲ့ရလေသည်။

၁၉၂၁ ခုနှစ်တွင် ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန် ကြိုးပမ်းသူ ဒုတိယဗိုလ်မှူးကြီး စီကေဟောင်းဝပ်ဘာရီသည် သူ၏အောက်ဘက် ဆီးနှင်းလွင်ပြင်ပေါ်၌ ဆံပင်စုတ်ဖွားနှင့် ကိုယ်လုံးတီးသတ္တဝါတစ်ကောင် ဖြတ်သန်းလျှောက်သွားသည်ကို တွေ့မြင်လိုက်ရ၏။

''အဲဒါ ရိုးရိုးလူမဟုတ်ဘူး သခင်။ ယက်တီလို့ခေါ်တဲ့ နှင်းလူဖြစ်တယ်။ ကျွဲနွားတွေကိုရော ထိန်းကျောင်းသူကိုပါ သတ်ဖြတ်လေ့ရှိတယ်''ဟု သူနှင့်အတူပါလာသူ ရှာပါလူမျိုး အထမ်းသမားတစ်ဦးက အသံတုန်ကုန်ယင်ယင်ဖြင့် ပြောပြ၏။

ဤအဖွေ့အကြုံများနှင့် ပတ်သက်၍ ဟောင်းဝပ်ဘာရီသည် သတင်းထောက်များကို ဖောက်သည်ချခဲ့သည်။ သတင်းထောက်များကလည်း ပို၍သေချာစေရန် ရှာပါလူမျိုးအထမ်းသမားများကိုပါ တွေ့ဆုံမေးမြန်းခဲ့ကြ၏။ ထိုသတ္တဝါကို 'ကန်မိ'ဟုခေါ်ကြောင်း၊ အဓိပ္ပာယ်မှာ ကျောက်တောင်ကျောက်ဆောင်များပေါ်မှ အရာဝတ္ထုဟူ၍ဖြစ်ကြောင်း သူတို့က ရှင်းပြခဲ့ကြ၏။ သို့ရာတွင် သတင်းထောက်များ၏ ဘာသာပြန်လွဲမှားမှုကြောင့် 'ရွံရှာစက်ဆုပ်ဖွယ်ရာနှင်းလူ'ဟူသောအမည်ဖြင့်သာ ကမ္ဘာတစ်ခွင်၌ ထင်ရှားကျော်ကြားသွားခဲ့လေသည်။ သို့နှင့် ကမ္ဘာတစ်ခွင်မှာ နှင်းလူယက်သည် 'အတော်ကြီး ရိုက်ခတ်သွားခဲ့ပြီး၊ လူအတော်များများကို တုန်လှုပ်ချောက်ချားသွားစေခဲ့၏။

ဟိမဝန္တာတောင်သို့ တက်ရန်လာသည့် အနောက်တိုင်းသားတွေ များသော

လေလေ နှင်းလူနှင့် တွေ့ဆုံရကြော[...] သတင်းတွေကလည်း များလာလေ[...] ဖြစ်၏။ ယင်းတို့အနက် အတော်များ[...] တို့မှာ လုံကြုပ်ဒီပနီများသာ ဖြစ်ခဲ့ကြ[...] သို့တစေ ဤအထဲမှာ တစ်ဒါဇင်[...] သော တကယ့်ဖြစ်ရပ်မှန်တွေလည်း[...] ဝင်ခဲ့ကြ၏။

၁၉၂၂ ခုနှစ်တွင် ဆီကမ်ဒေသ[...] ဗြိတိသျှတပ်မတော်အရာရှိတစ်စုသ[...] ပေတစ်သောင်းကျော်မြင့်သော 'တေ[...] ကန်းတစ်ခုကို တက်ရောက်နေကြစဉ်[...] ဆန်းသောသတ္တဝါတစ်ကောင်ကို အ[...] မထင် တွေ့မြင်မိကြ၏။ ယင်းသ[...] သည် ကမူစွန်းတစ်ခုမှ ခုန်ချပြေးဆင်[...] တောင်စလပ်တောထဲသို့ ဝင်ရော[...] ပျောက်ကွယ်သွားခဲ့၏။ ထို့နောက် သုံး[...] ခန့်အကြာတွင် အိန္ဒိယရုက္ခဗေဒပညာ[...] 'အန်တိုဘာဇင်'သည် ဆီကမ်ဒေသ[...] ဇီမူ၌ ပန်းချနေစဉ် သူ၏ မိုးကာတဲအ[...] တွင် နှင်းလူခြေရာများကို တွေ့ရှိရပြန်[...]

''သူတို့ဟာ လူတွေလိုပဲ မ[...] တက်ရပ်ပြီး လမ်းလျှောက်ကြတယ်။ [...] ဒါတလေ ကုန်းကွပြီး သစ်ဥ၊ သစ်ဖု[...] ကို ဆွဲနုတ်စားကြတယ်''ဟု သူက [...] လည်းဖောက်သည်ချခဲ့၏။ နောက်တစ်[...] နံနက်ခင်း၌ 'သူသည် ခြေသည်းမျာ[...] သော တိရစ္ဆာန်တို့၏ ခြေရာများကို [...] အနီးတွင် တွေ့ရသကဲ့သို့ လူခြေရာ[...] တွေကိုလည်း တွေ့ရှိခဲ့ရလေသည်။

၁၉၃၆ ခုနှစ်တွင် ဗြိတိသျှရုက္ခဗေ[...] ပညာရှင် 'ရော်နယ်လ်ကောလ်ဘက်'[...] သူသည် နီပေါလ်ပြည်ရှိ ပေ ၁၆၀၀[...] မြင့်သော တောင်ကိုတက်နေစဉ် ဆီးနှ[...] လွင်ပြင်ပေါ်၌ နှင်းလူခြေရာများကို တွေ[...] ခဲ့ရပြန်၏။ ထို့နောက် တစ်နှစ်ခန့်အကြ[...] တွင် ဗြိတိသျှတောင်တက်သမား 'ဖ[...] ဆမစ်'သည် နီပေါလ်ပြည် ဘီ[...] တောင်ကြား မြောက်ဘက်တွင်နှင်းလူ[...]



www.burmeseclassic.com

www.burmeseclassic.com

ခြေရာများကို တွေ့ရသဖြင့် နောက်ယောင်ခံ၍ လိုက်ကြည့်ခဲ့ဖူး၏။ တစ်ချိန်တည်းမှာပင် ဆီကမ်နှင့် မိုင် ၂၀၀ အကွာ ခ ၁၉၀၀၀ မြင့်သော တောင်ပေါ်၌ ဗိုလ်ကြီးဂျွန်ဟန်ဆိုသူကလည်း နှင်းလူ၏ ခြေရာနှစ်စုံကို တွေ့ရှိခဲ့ရပြန်၏။

ဒုတိယကမ္ဘာစစ်အတွင်းက ဟိမဝန္တာလေ့လာရေးခရီးစဉ်များ ခေတ္တရပ်ဆိုင်းသွားခဲ့ရ၏။ ၁၉၄၈ ခုနှစ်တွင် နော်ဝေပြည်သား ယူရေနီယံသတ္တုရှာဖွေသူများဖြစ်ကြသော 'အော့ဂျီသော်ဘတ်' နှင့် 'ဂျွန်ဖရောတစ်' တို့နှစ်ဦးသည် ဇီမူစခန်းအနီး၌ နှင်းလူ၏ ခြေရာများကို တွေ့ရှိရသဖြင့် နောက်ယောင်ခံ၍ လိုက်ကြည့်ကြရာ နှင်းလူဖိုမစုံတွဲကို တွေ့မြင်ကြရ၏။ သို့နှင့် သူတို့သည် နှင်းလူတစ်ကောင်ကို ကြိုးကွင်းဖြင့် ပစ်၍ဖမ်းကြ၏။ သို့ရာတွင် မအောင်မြင်ရုံသာမက ဂျွန်ဖရောတစ်ကိုပါ ခုခံတိုက်ခိုက်သဖြင့် သူ၏အဖော်က နိုင်ဖယ်သေနတ်ဖြင့် ပစ်ဖောက်ခြောက်လှန့်ခဲ့ရလေသည်။

၁၉၅၁ ခုနှစ်အထိ နှင်းလူနှင့်ပတ်သက်၍ တွေ့ရှိသူတို့က ပြန်လည်ဖောက်သည်ချသော သတင်းစကားမျိုးလောက်သာ ကြားခဲ့ရ၏။ ထိုနှစ်တွင် 'ဟဲရစ်ရှစ်ပတန်' ဆိုသူက ဓာတ်ပုံရိုက်ယူခဲ့သည့် နှင်းလူခြေရာများကို တင်ပြခဲ့သည်။ မင်လွန်းရေခဲပြင်ကို ဖြတ်၍ ဧဝရက်တောင်ထိပ်သို့တက်ရန်အတွက် လမ်းကြောင်းသစ်ကို ရှာဖွေစဉ်သူနှင့် ရှာပါလူမျိုး အထမ်းသမားများသည် ရေခဲပြင်ပေါ်၌ နှင်းလူခြေရာနှစ်စုံကို တွေ့မြင်ရသဖြင့် ဓာတ်ပုံရိုက်ကူးခဲ့ကြခြင်း ဖြစ်၏။ ထိုပြင် ၎င်းတို့သည် ခြေရာလမ်းကြောင်းအတိုင်း နောက်ယောင်ခံ၍ လိုက်သွားခဲ့ကြရာ နှင်း[illegible] လူသားထက်ပို၍ ခြေလှမ်း[illegible]ကြောင်း တွေ့ခဲ့ကြရ၏။ ရေခဲအက်ကြောင်းကြီးတစ်ခုအရောက်တွင် တစ်



နှင်းပြင်ပေါ်၌ထင်နေသော နှင်းလူ၏ခြေရာများ

ဖက်သို့ လွှားခနဲခုန်ကျော်သွားခဲ့ကြောင်း ခြေရာများအရ သိရှိခဲ့ကြရလေသည်။

ရှစ်ပတန်တင်ပြခဲ့သော ဓာတ်ပုံအထောက်အထားများအရဆိုလျှင် နှင်းလူသည် ကိုရင်အွန်မျိုးရိုးမဟုတ်သကဲ့သို့ လူသားမျိုးနွယ်တစ်နွယ်လည်း မဟုတ်ကြောင်း ထင်ရှားလှ၏။ ထို့နောက် သုံးနှစ်ခန့်အကြာတွင် ဆွ(စ်)အမျိုးသား တောင်တက်အဖွဲ့ခေါင်းဆောင် ဒေါက်တာအဲဒွပ်ဝစ်ဒီမွန် တို့အဖွဲ့က နှင်းလူခြေရာဓာတ်ပုံများကို သက်သေအထောက်အထားများနှင့်တကွ ခင်းပြခဲ့ကြပြန်၏။ ထိုအခါ ကမ္ဘာ့သတင်းစာအသီးသီးက ဤသတင်းများနှင့်အတူ မနုဿဗေဒပညာရှင်၊ သတ္တဗေဒပညာရှင်တို့၏ ထင်မြင်ယူဆချက်၊ ဝေဖန်ချက်များကို ယှဉ်တွဲဖော်ပြခဲ့ကြ၏။ အစတုန်းက သူတို့၏ ဝေဖန်ချက်မှာ နှင်းလူဟူသည် တကယ်မရှိနိုင်ကြောင်း၊ ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရာ၌ အလွန်မြင့်မားသည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



နှင်းလူ၏ဦးခေါင်းခွံကို ဘေးနှင့် အတွင်းဘက်မှ မြင်ရပုံ

မျိုးတွင် အောက်စီဂျင်ဓာတ်နည်းပါးမှု၊ တောင်တက်သူတို့၏ ပင်ပန်းနွမ်းနယ်မှုများကြောင့် စိတ်ဓာတ်ချောက်ချားကာ အာရုံအမြင်မှားမှုများသာ ဖြစ်ကြောင်းဟူ၍ ဖြစ်၏။

ယခုကဲ့သို့ ခြေရာဓာတ်ပုံ၊ ခြေရာအထောက်အထားများနှင့် တင်ပြလာသောအခါ၌ကား ရေခဲတောင်မြင့်များပေါ်၌ သတ္တဝါအမျိုးမျိုးရှိမည်။ နှင်းလူဟုထင်နေကြသည့် ထိုသတ္တဝါမှာ ရိုးရိုးသတ္တဝါတစ်ကောင်သာ ဖြစ်မည်။ ဖြစ်နိုင်သည်မှာ ဟိမဝန္တာဝက်ဝံနီ၊ သို့မဟုတ် လန်ဂါမျောက်သတ္တဝါသာလျှင် ဖြစ်မည်ဟု ထင်မြင်ယူဆချက် ပေးခဲ့ကြ၏။ သို့ရာတွင် ဟိမဝန္တာဝက်ဝံနီသည် မတ်တတ်ရပ်ပြီး လမ်းလျှောက်နိုင်သော သတ္တဝါမျိုးမဟုတ်ချေ။ လန်ဂါမျောက်ဆိုသည်မှာလည်း ကိုယ်ခန္ဓာအလေးချိန် အလွန်ပေါ့ပါးသဖြင့် နှင်းလွင်ပြင်ပေါ်တွင် ၎င်း၏ခြေရာများ ထင်ကျန်ရစ်ရန် မဖြစ်နိုင်။ ထို့ပြင် လန်ဂါမျောက်သည် လေးဖက်ထောက်၍သာ သွားလာလေ့ရှိသော သတ္တဝါမျိုးဖြစ်၏။ ဤအချက်တို့အရ သူတို့၏ ထင်မြင်ယူဆချက်နှင့် ဝေဖန်ချက်တို့မှာ သဘာဝမကျလှချေ။

၁၉၅၄ ခုနှစ်တွင် နှင်းလူနှင့်ပတ်သက်၍ အချက်အလက်အထောက်အထားများ အတော်အတန်စုဆောင်းမိလာသည်။ ထိုနှစ်တွင် ဒေးလီးမေးလ် သတင်းစာတိုက်ကြီး၏ အထောက်အပံ့ဖြင့် အဖွဲ့တစ်ဖွဲ့သည် နှင်းလူရှာပုံတော်ဖွင့်ခဲ့ကြ၏။ ထိုအဖွဲ့ကို ခေါင်းဆောင်သူမှာ ဧဝရက်တောင်ထိပ်သို့ တက်ခဲ့ဖူးသူ ရ(စ်)အီဇက် ဆိုသူဖြစ်၏။ အဖွဲ့ဝင်တစ်ဦးမှာ သတ္တဗေဒပညာရှင်နှင့် ဓာတ်ပုံပညာရှင် 'တွမ်စတောဘတ်'ဖြစ်လေသည်။

သူတို့အဖွဲ့သည် ခတ္တမန်ဒူမြို့ မြောက်ဘက် တောင်မြင့်ကြီးတွေအကြားတွင် နှင်းလူရှာပုံတော်ဖွင့်ခဲ့ကြ၏။ ထိုနေရာ၌ နှင်းလူရှိခဲ့ဖူးကြောင်း ယခင်က သတင်းတစ်စုံတစ်ရာမျှ မကြားခဲ့ရဖူးချေ။ သူတို့အဖွဲ့သည် အဆိုပါဒေသတစ်ခွင်၌ နှင်းလူခြေရာ(၄)စုံကို နေရာခပ်ကျဲကျဲ တွေ့ရှိခဲ့ကြရသည်။ ယင်းခြေရာတို့၏ အနီးအနားပတ်ဝန်းကျင်၌ သစ်သီးသစ်ရွက်အကြွင်းအကျန်များ၊ မြေကြွက်နှင့် လင်းယုန်ငှက်တို့၏ အရိုး၊ အမွေးများကို တွေ့ရှိခဲ့ကြရလေသည်။

ဤစားကြွင်းစား[illegible]အထောက်အထားများအရဆိုလျှင် နှင်းလူ[illegible]သည် [illegible]

သားများကဲ့သို့ပင် အသီးအနှံရော အသ[illegible]
များကိုပါ မှီဝဲစားသောက်ကြောင်း သိ[illegible]
ခဲ့ရလေသည်။ ထို့ပြင်သာမက နှင်းလူသ[illegible]
ရေခဲတောင်မြင့်ကြီးများပေါ်တွင်သာ [illegible]
ထိုင်သည်ဟူသော မူလအယူအဆ[illegible]
ဤအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များက [illegible]
ဖျက်နိုင်ခဲ့၏။ ယခုတော့ နှင်းလူဟူသေ[illegible]
ထူးဆန်းသည့် သတ္တဝါသည် တော[illegible]
ကြားဒေသ (ဝါ) အနိမ့်ပိုင်းဒေသများ[illegible]
လည်း နေထိုင်ကျက်စားကြောင်း သိ[illegible]
ကြရလေပြီ။

အီဇက်နှင့်အဖွဲ့သည် တိဘ[illegible]
ဘုန်းကြီးကျောင်းသို့ သွားရောက်လေ့[illegible]
ရာ ထူးဆန်းသော ပစ္စည်းတစ်မျိုး[illegible]
တွေ့ရှိကြရ၏။ ယင်းသည်ကား လွ[illegible]
သည့် နှစ်ပေါင်း ၃၀၀ ခန့်ကတည်း[illegible]
အထွတ်အမြတ်ပစ္စည်းအဖြစ် သိမ်းဆည်[illegible]
ထားခဲ့သော နှင်းလူ၏ ဦးခေါင်းခွံဖြစ်[illegible]
အမြင့်(၇)လက်မခန့်ရှိပြီး မျက်ခွံမှ[illegible]
တစ်လက်မထု ရှိ၏။ ဦးခေါင်းခွံပုံသဏ္ဌာ[illegible]
အရဆိုလျှင် နှင်းလူသည် အများထင်[illegible]
ချက်ပေးသကဲ့သို့ ဝက်ဝံနီလည်းမဟု[illegible]
လန်ဂါမျောက်လည်းမဟုတ်ဘဲ ရှေး[illegible]
သော လူသားမျိုးနွယ်တစ်နွယ်ဖြစ်ကြေ[illegible]
ထင်ရှားသိသာလှ၏။

၁၉၅၇ ခုနှစ်တွင် တက္ကဆပ်[illegible]
သူဌေးများ၏ ထောက်ပံ့မှုဖြင့် ဆ[illegible]
ပီတာထန်းနှင့် ဒေလီ တိရစ္ဆာန်ဥယျာဉ်[illegible]
အင်ဒီဘက်ကက်တီတို့ ပါဝင်သော[illegible]
သည် နီပေါလ်ပြည်၊ ခတ္တမန်ဒူးမြို့[illegible]
တောရိုင်းမြေဒေသ၌ နှင်းလူရှာပုံ[illegible]
ဖွင့်ခဲ့ကြပြန်၏။ သူတို့အဖွဲ့သည် တေ[illegible]
ကြားဒေသ သုံးနေရာ၌ နှင်းလူခြေရာ[illegible]
စုံကို ခပ်ကျဲကျဲတွေ့ရှိခဲ့ကြရသည်။ သ[illegible]
သည် ထိုခြေရာများကို ဓာတ်ပုံရိုက်[illegible]
ရုံသာမက ပလာစတာဖြင့်လည်း ပုံ[illegible]
ရယူခဲ့ကြ၏။ ဤအတောအတွင်း သ[illegible]
သည် ဆီးနှင်းလွင်ပြင်သစ် တစ်နေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

နှင်းလူ၏ လတ်လတ်ဆတ်ဆတ် ခြေရာသစ်တစ်စုံကို တွေ့ရှိသဖြင့် နောက်ယောင်ခံ လိုက်လာခဲ့၏။ ထိုခြေရာရှင်သည် ဆင်ခြေလျှောအတက်တစ်ခုကို လေးဘက်တွား၍ တက်သွားခဲ့ပြီး မျက်နှာပြင်ညီသည့်နေရာ၌ ပတ်တတ်ရပ်၍ လျှောက်သွားခဲ့၏။ ထို့နောက် လဲကျနေသော စလပ်ပင်တစ်ပင်ကို ကျော်လွှားသွားခဲ့ရာ ပင်စည်၏ တစ်နေရာ၌ လက်ဖြင့် ကုတ်ခြစ်မိခဲ့သည့် အရာအကြောင်းများ ကျန်ရစ်ခဲ့သည်။

အိဗတ်တို့အဖွဲ့၏ တွေ့ရှိခဲ့ရသည့် အထောက်အထားများအရ ဤတောင်ကြားဒေသ၌ နှင်းလူများနေထိုင်ကျက်စားလျက်ရှိကြောင်း၊ သူတို့၏ခြေရာသည် အလျား ၁၀ လက်မမှ ၁၃ လက်မအထိ ရှိကြောင်း၊ ဖြက်အားဖြင့် ၇ လက်မခွဲရှိကြောင်း သိခဲ့ရ၏။

နှင်းလူနှင့် လွှန်ခဲ့သည့် နှစ်လခန့်က ပက်ပင်ကြုံခဲ့ဖူးသည်ဆိုသော ကျေးရွာတစ်ရွာမှ မောင်နှမနှစ်ယောက်ကိုလည်း အိဗတ်တို့အဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ကြသည်။ မိမိတို့ နွားကျောင်းနေစဉ် နှင်းလူသည် တောထဲမှ ထွက်လာခဲ့ကြောင်း၊ မိမိတို့က လန့်အော်သဖြင့် တောထဲသို့ ပြန်ဝင်သွားခဲ့ကြောင်း ပြောပြကြ၏။ အရပ်အမောင်း မည်မျှရှိသနည်းဟု မေးမြန်းသောအခါ ၆ ပေမြင့်သော ဆလစ်ဆိုသူထက်ပင် ၂ ပေခန့် ပို၍မြင့်ကြောင်း ပြောပြခဲ့ကြ၏။

သူတို့အဖွဲ့သည် ထိုမောင်နှမနှစ်ယောက်ကို တစ်နေရာစီခွဲထားပြီး ဂေါ်ရီလာမျောက်ဝံပုံ၊ ပန်းချီဖြင့်ရေးဆွဲထားသော ကမ္ဘာဦးလူသားပုံ၊ ဩစတြေလိုပီးသီးကပ်(စ်) မျောက်ဝံပုံနှင့် အော်ရန်အူတန် မျောက်ဝံပုံတို့ကို တစ်ပုံစီပြသကြ၏။ နှင်းလူသည် ဤပုံများထဲမှ မည်သည့်သတ္တဝါနှင့် တူသနည်းဟု မေးခွန်းထုတ်

**နှင်းလူသည် သတ္တဝါတို့၏ ရုပ်ခန္ဓာဆင့်ကဲ ပြောင်းလဲတိုးတက်လာမှု ဖြစ်စဉ်၌ မည်သည့် အခန်းကဏ္ဍမှ ပါဝင်နေသနည်း။ နှင်းလူသည် မျောက်ဝံနှင့် လူသားမျိုးနွယ်အကြား ပျောက်ဆုံးနေသည့် ကွင်းဆက်တစ်ခု ဖြစ်လေသလောဆိုသည့် အချက်ကို သိပ္ပံပညာရှင်များ အလွန်ပင် စိတ်ဝင်စားခဲ့ကြ၏။**

သောအခါ ပထမဦးစွာ ဂေါ်ရီလာပုံကိုပြ၏။ သို့ရာတွင် လုံးလုံးကြီးတူသည်ဟူ၍ကား မပြောကြချေ။ ဒုတိယဦးစားပေးအဖြစ် ကမ္ဘာဦးလူသားပုံကို ထောက်ပြကြပြန်၏။ နောက်ဆုံးရွေးချယ်သောပုံမှာ အော်ရန်အူတန် မျောက်ဝံပုံဖြစ်၏။ မောင်နှမနှစ်ယောက်စလုံးပင် ဤအစီအစဉ်အတိုင်း ထပ်တူထပ်မျှ ထောက်ပြထွက်ဆိုခဲ့ကြသည်။

ထို့ပြင် အခြားရွာသုံးရွာမှ ရွာခံများနှင့် တွေ့ဆုံမေးမြန်းသည့်အခါ နှင်းလူသည် ဤဒေသတွင် လွှန်ခဲ့သည့် ၄ နှစ်ခန့်မှစ၍ သောင်းကျန်းခဲ့ဖူးကြောင်း၊ နီပေါလ်အမျိုးသား ၅ ယောက်ကို ခြေထောက်မှကိုင်၍ ကျောက်ကမ်းပါးယံတွင် လွှဲပြီးရိုက်သတ်ခဲ့ဖူးကြောင်း၊ သေဆုံးသူတို့၏ မျက်လုံးများ ကလော်ထုတ်ခံရပြီး လက်ချောင်းကလေးများလည်း ဖြတ်တောက်ခံခဲ့ရကြောင်း၊ ဝမ်းဗိုက်အတွင်းမှ အသည်း၊ အူနှင့် ကလီစာများ ဖောက်ထုတ်ခံခဲ့ရကြောင်း ပြောပြကြ၏။

တိရစ္ဆာန်တို့သည် သားကောင်တို့၏ ဖော်ပြပါ အင်္ဂါအစိတ်အပိုင်းများသက်သက်ကို ရွေးချယ်စားသောက်လေ့ မရှိကြချေ။ သို့ရာတွင် အာဖရိကတိုက်နှင့် တောင်ပိုင်းသမုဒ္ဒရာကျွန်းရှိ လူသားစားလူရိုင်းမျိုးနွယ်များကမူ လူတို့၏ အဆိုပါ အင်္ဂါအစိတ်အပိုင်းများကို ရွေးချယ်စားသောက်လျှင် အားခွန်ဗလနှင့် ပြည့်စုံမည်ဟု ယုံကြည်ခဲ့ကြ၏။ သို့ကြောင့်လည်း ဤအင်္ဂါအစိတ်အပိုင်းသက်သက်ကိုသာ ရွေးချယ်စားသောက်လေ့ ရှိခဲ့ကြ၏။

၁၉၅၇ ခုနှစ်၊ မှတ်သုံရာသီ၌ ဆလစ်နှင့်အဖွဲ့သည် နှင်းလူကို မျက်မြင်ကိုယ်တွေ့ မကြုံကြိုက်ရဘဲ ရှာပုံတော်လုပ်ငန်းကို စခန်းသိမ်းခဲ့ကြရသည်။ သို့ရာတွင် စိတ်ဓာတ်မကျဘဲ ဒုတိယအကြိမ် ရှာပုံတော်ဖွင့်ခဲ့ကြပြန်၏။ ဤအကြိမ်၌



www.burmeseclassic.com

www.burmeseclassic.com

အတွေ့အကြုံများလှသော မုဆိုးသုံးယောက်လည်း သူတို့အဖွဲ့နှင့်အတူ လိုက်ပါလာခဲ့ကြ၏။ သူတို့၏အစီအစဉ်အရ နှင်းလူကို အမြင့်ပိုင်းမှ တိတ်တဆိတ်စောင့်စားမည်။ တွေ့မြင်လျှင် သေသေချာချာ ဓာတ်ပုံရိုက်ကူးမည်။ အခွင့်သာပါက မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်းမည်ဟူ၍ ဖြစ်၏။ သူတို့အဖွဲ့ စခန်းချနေစဉ် တစ်ညသ၌ နှင်းလူသည် စားဖိုဆောင်သို့ တိတ်တဆိတ်ဝင်ရောက်လာ၏။ စားအိုးစားခွက်များကို လှန်လှော၏။ ထိုစဉ် အိုးခွက်သံများကြောင့် အဖွဲ့သားများ လန့်နိုးလာကြသည်။ တဲများထဲမှ ထွက်လာကြပြီး မီးထွန်းညှိစဉ် နှင်းလူသည် ထိုနေရာ၌ မရှိတော့ချေ။ အလျား ၁၀ လက်မခန့်ရှိသော ခြေရာကြီးတစ်စုံသာ ကျန်ရစ်ခဲ့၏။

ရပ်ဆဲလ်နှင့်အဖွဲ့သည် တစ်ညသ၌ နှင်းလူကို ရှာဖွေရင်း ချောက်ကမ်းပါးတစ်နေရာတွင် စခန်းချနေကြ၏။ ထိုစဉ် သူတို့အဖွဲ့ထဲမှ ရှာပါအထမ်းသမားတစ်ဦးသည် မီးရှူးတစ်ခုကို ကိုင်ဆောင်လျက် စားဖွယ်ရှာရန် ထွက်ခွာသွား၏။ စားဖွယ်များ ကျက်စားသော ရေအိုင်အနီးသို့ရောက်သောအခါ ဆောင့်ကြောင့်ထိုင်နေသည့် နှင်းလူတစ်ကောင်ကို ဘွားခနဲတွေ့မြင်လိုက်ရ၏။ နှင်းလူသည် စမ်းချောင်းကို ဖြတ်ကူးပြီး တစ်ဖက်တော^^သို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့၏။

သူသည် မိမိ၏အဖော်တစ်ဦးကို ခေါ်ဆောင်လျက် နောက်မှ ထ^ကြပ်မကွာလိုက်ခဲ့ရာ တစ်နေရာ၌ နှင်းလူကို မီလာ၏။ သို့ရာတွင် လူတွေကို သတ်ဖြတ်တတ်သည်ဟူသော အသိတရားဝင်လာသဖြင့် သူတို့နှစ်ယောက် နောက်ကြောင်းပြန်ပြီး ထွက်ပြေးလာခဲ့ကြပေသည်။

ဤသို့ဖြစ်ပျက်ပြီးနောက် ရပ်ဆဲ(လ်)တို့အဖွဲ့သည် စားဖွယ်များရှိသည့် ရေအိုင်အနီး၌ နေ့ညမပြတ် ကင်းပုန်းဝပ်၍ နှင်းများရှိသည့် ရေအိုင်အနီး၌ နေ့ညမပြတ် ကင်းပုန်းဝပ်၍ နှင်းလူတစ်ကျော့တစ်ဖန် ပြန်လာလိုလာငြား စောင့်စားခဲ့ကြ၏။ သို့ရာတွင် ရှာပါလူမျိုး အထမ်းသမားများ၏ နွားအုပ်ကြီးတစ်အုပ်က ထိုနေရာ၌ လာရောက်စားကျက်ချသဖြင့် ကမ်းပါးတစ်ပြင်လုံး ဖွက်ထကာ စားဖွယ်အိုင်လည်း ပျက်စီးသွားခဲ့ရလေသည်။ နှင်းလူသည် လုံးဝပေါ်မလာခဲ့တော့ချေ။ မှတ်သုံးရာသီလည်း ကျရောက်လာပြီမို့ သူတို့အဖွဲ့သည် ထိုတောထဲမှ စိတ်ပျက်စွာ တပ်ခေါက်ပြန်ခဲ့ကြလေတော့သည်။

ဆာလစ်သည် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၌ ကျုပ်စည်းထားသော နှင်းလူ၏ လက်တစ်ဖက်ကို ဓာတ်ပုံရိုက်ကူးပြီး အင်္ဂလန်နှင့် ဆိုဗီယက်သို့ ပေးပို့လိုက်၏။ ထိုနိုင်ငံများရှိ မနုဿဗေဒပညာရှင်တွေက အဆိုပါဓာတ်ပုံကို သေချာစွာ ဆန်းစစ်ပြီး ဤလက်သည် အရိုးအဆစ်ဖွဲ့စည်းပုံ၊ အရှည်အတိုအတိုင်းအတာ၌ လူသတ္တဝါနှင့် ခြားနားကြောင်း။ သို့ရာတွင် ကိုင်တွယ်နိုင်သော လက်မပါရှိခြင်းက ထူးခြားလှကြောင်း မှတ်ချက်ချခဲ့ကြ၏။ လန်ဒန်သတ္တဗေဒပါမောက္ခဒဗလျူစီအောစမင်ဟီးလ်က နှင်းလူသည် ဂေါ်ရီလာမျောက်ဝံနှင့် နီးစပ်သည့် အမျိုးအမည်မသိနိုင်သေးသော သတ္တဝါတစ်မျိုးဖြစ်မည်ဟု ကောက်ချက်ချခဲ့လေသည်။ သူ၏အယူအဆကို ဆိုဗီယက်သိပ္ပံပညာရှင်များကလည်း သဘောတူလက်ခံခဲ့ကြ၏။

အိဗတ်တို့အဖွဲ့ကမူ နှင်းလူသည် မျောက်ဝံမျိုးနွယ်ထက် လူသားမျိုးနွယ်နှင့် ပို၍နီးစပ်သည့် သတ္တဝါမျိုးဖြစ်မည်ဟု သတ်မှတ်ခဲ့ကြ၏။ တိဘက်ဘုန်းကြီးကျောင်း၌ ကျုပ်စည်းထားသော နှင်းလူ၏ လက်ကို အသေးစိတ်လေ့လာနိုင်ရန်အတွက် ဓာတ်မှန်ရိုက်ကူးသင့်ကြောင်း သိပ္ပံပညာရှင်အများစုက အကြံပြုခဲ့ကြ၏။

နှင်းလူသည် သတ္တဝါတို့၏ ရုပ်ခန္ဓာဆင့်ကဲပြောင်းလဲတိုးတက်လာမှု ဖြစ်စဉ်၌ မည်သည့်အခန်းကဏ္ဍမှ ပါဝင်နေသနည်း။ နှင်းလူသည် မျောက်ဝံနှင့် လူသားမျိုးနွယ်အကြား ပျောက်ဆုံးနေသည့် ကွင်းဆက်တစ်ခု ဖြစ်လေသလောဆိုသည့် အချက်ကို သိပ္ပံပညာရှင်များ အလွန်ပင် စိတ်ဝင်စားခဲ့ကြ၏။ သို့နှင့် တိဘက်ဘုန်းကြီးကျောင်းမှ နှင်းလူ၏ လက်ရိုးကို ဓာတ်မှန်ရိုက်ကူးရန် အဖွဲ့တစ်ဖွဲ့က ထွက်ခွာသွား၏။ ထို့ပြင် ဟိမဝန္တာတောင်ကြောတစ်လျှောက် ပါမီယာတောင်တန်းဒေသ၊ တိဘက်၊ မွန်ဂိုးလီးယားနှင့် ဂိုဘီဒေသများတွင်လည်းကောင်း၊ နီပေါလ်ပြည်တွင်လည်းကောင်း၊ ဆိုဗီယက်၊ ဗြိတိသျှ၊ အမေရိကန်နှင့် အိန္ဒိယသိပ္ပံပညာရှင်များက ခေတ်မီကင်မရာများ၊ မေ့ဆေးသေနတ်များဖြင့် ပိုက်စိပ်တိုက်ရှာဖွေနေကြလေပြီ။ အကယ်၍များ နှင်းလူကို အရှင်လတ်လတ် ဖမ်းဆီးနိုင်ခဲ့မည်ဆိုလျှင် . . . ။

*(ကချင်[illegible]နယ် ၁၉၆၀ ပြည့် နှစ်ပတ်လည်စာစောင်[illegible] ၁၉၅၉ ခုနှစ်၊ ဇွန်လထုတ် Reader's Digest မှ The Riddle of Abominiable Snowman တို့ကို အကိုးအကားပြုပါသည်။)*

-(နှင်းလူနောက်ဆက်တွဲကို စောင့်မျှော်ဖတ်ရှုကြပါရန်)

---


**မနုဿကျော်ဝင်း**

---



www.burmeseclassic.com

www.burmeseclassic.com



# ဘဝတွင် အနိုင်ပိုင်းတတ်သူ

■ အောင်ချိန်ဘွား

လွန်ခဲ့သော ဆယ်နှစ်တိတိက ဖြစ်သည်။ စာရေးသူတို့မိသားစု အမေရိကားပြည်၊ လတ်စ်ဗေးဂတ်စ်မြို့သို့ ပထမအကြိမ်ရောက်စဉ်က စလော့မက်ရှင်းခေါ် ခေါင်းလောင်းကစားစက်ထဲသို့ အမေရိကန် မတ်စေ့ ၃စေ့ ထည့်ကာထည့်ကာ လောင်းကြေးထပ်၍ ဂျက်ပေါ့ပေါက်ရန် လောင်းကစားကြသည်။

ဂျက်ပေါ့(Jack Pot) ပေါက်ခြင်းဆိုသည်မှာ လတ်စ်ဗေးဂတ်စ်တစ်မြို့လုံးရှိ စလော့(Slot) စက်များတွင် ထိုးသမျှငွေ ... ဒေါ်လာတစ်သိန်းမှ ကြမ်းခင်းကာ ပေါက်သူက ရရှိသည်။ အကယ်၍ ပေါက်သူမရှိသေးက ထိုးသမျှငွေထဲမှ ၇၅ ရာခိုင်နှုန်းသည် ထိုဂျက်ပေါ့ ဆုကြေးငွေထဲ ဝင်ဝင်သွားသည်။ တစ်ရက်လျှင် ဒေါ်လာ သိန်းချီတိုးတိုးလာသည်။ သုံးလေးပတ်ကြာမှ တစ်ကြိမ်ပေါက်သူပေါ်တတ်၍ အများအားဖြင့် အမေရိကန်ဒေါ်လာသန်း ၁၀၀ အထက် ဆုကြီးပေါက်တတ်သည်။ တစ်ခါတစ်ရံ သန်း ၃၀၀ ကျော်အထိ တက်ပြီးမှ ပေါက်သူပေါ်တတ်သည်။

စလော့မက်ရှင်းထိုးသူများသည် ဒေါ်လာ ၁၀ ပေါက်လိုက်၊ ၄၀ ပေါက်လိုက်၊ ၁၀၀ ပေါက်လိုက်၊ ၂၅၀ ပေါက်လိုက်၊ ၄၅၀ ပေါက်လိုက်နှင့် ကြားဆုလေးများလည်း ပေါက်တတ်သောကြောင့် ဂျက်ပေါ့ဆုကြီး မပေါက်လည်း 'အချို့အရင်းကျေ၊ အမြတ်ထွက်၍ လောင်းကစားရုံမှ ပြန်ကြရသည်လည်း ရှိသည်။ အများစုကတော့ ရှုံးလေ မဲလေ ထိုးရင်း အရှုံးနှင့် ပြန်ကြရသူသာ များသည်။

သားလတ်၊ သားလေးနှင့် စာရေးသူနှင့် ဇနီး လီလီအောင်(ခ)မမာမာ (ခ) ဒေါ်ခင်စန်းကြည်တို့သည် ည ၈ နာရီကျော်ကတည်းက စလော့ဝင်ထိုးကြ... အရှုံးဘက်ကများ၍ ပြန်နိုင်လိုနိုင်ငြား ... လောင်းကစားခဲ့သည်။ ညကူး၍ ... နေ့မနက် ၂ နာရီထိုးသောအခါ 'မာ'က စက်ခုံရှေ့မှထပြီး ဖိမိဘက်ကူးလာသည်။ သူဒေါ်လာ ၅၀ အရှုံးနှင့် ရပ်ခဲ့ကြောင်း... ...ည်မျှရှုံးနေသနည်းမေးရာ ... ဒေါ်



www.burmeseclassic.com

www.burmeseclassic.com

လာ ရွှံ့နေကြောင်းပြောသောအခါ သားနှစ်ယောက်ကို လိုက်မေးသည်။ ဒေါ်လာ ၁၀၀ ဝန်းကျင် ရှုံးနေကြသည်။

မာက ရိုးရိုးလေးပြောသည်။ "အိပ်ချင်ပြီ၊ အခန်းပြန်အိပ်ကြစို့"သားတို့က ယင်ယင်ကတည်းက အမေ့စကား နားထောင်သည့် သားလိမ္မာများ ဖြစ်သည်။ မိမိက မာမျက်နှာ ညှိုးသည်ကို ဘယ်တော့မှ မမြင်လိုသူပီပီ သူက ရိုးရိုးလေးနှင့် ရပ်နိုင်းပုံကို သဘောပေါက်ကာ အရှုံးကိုယ်စီနှင့် လောင်းကစားခုံများမှထကာ ဆက်ကပ်စ်–ဆက်ကပ်စ် ဟိုတယ်ကြီး အခန်းအမှတ် ၈၁၇ သို့ ပြန်ခဲ့ပြီး အိပ်ရာဝင်ကြသည်။

မိမိအိပ်မပျော်ပါ။ စောစောပိုင်းညများက စလော့မက်ရှင်းထိုးရာတွင် တတ်သမျှ မှတ်သမျှ ဂါထာများ ရွတ်၍ ထိုးရန် ကြိုးစားသော်လည်း မွှန်နေ၍ ဂါထာများ ရွတ်မရဘဲ မေ့မေ့သွားခဲ့သည်။ ယခုအိပ်ရာ၌ လှဲရင်း ဂါထာများကို ရွတ်ကြည့်ရာ ကဘောက်တိကဘောက်ချာ ဖြစ်နေသည်။ အိပ်ချင်မှုးတူးနှင့် ရွတ်၍မရ။ သို့သော် နံနက် ၄ နာရီတွင် ဂါထာများ ခေါင်းထဲစီး၍ ဝင်လာသည်။ ရွတ်၍ ချောလာသည်။ ချက်ချင်းနေရာမှထကာ မာနှင့်သားတို့ကို ဂါထာရွတ်၍ သွားထိုးရန် အဖော်ခေါ်သည်။ မည်သူမျှ မလိုက်ကြ။ အိပ်ကောင်း၍ ဆက်အိပ်မည်။ ၆ နာရီမှ လိုက်လာမည်ဟု မာကပြောသည်။

မိမိတစ်ဦးတည်း လောင်းကစားရုံများရှိရာသို့ ဟိုတယ် ၁၇ ထပ်မှ ဆင်းခဲ့သည်။ နံနက် ၄ နာရီကျော်မို့ စက်ခုံတိုင်း လူမပြည့်နေ၊ ခပ်ကျဲကျဲလောင်းကစားသူများ ထိုင်လောင်းနေကြသည်။ မိမိက မတ်စေ့သုံးစေ့ထည့်လိုက်၊ ဂါထာကို အသံကျယ်ကျယ်နှင့် ရွတ်ဖတ်လိုက်၊ ခလုတ်ဆွဲလိုက်နှင့်လုပ်ရာ ဘေးဝန်းကျင်မှ လောင်းနေသူများ ပြူးပြဲလှမ်းကြည့်ကြသည်။ "ဟီးဟီး"နှင့် ပြုံးပြပြီး ဆက်လုပ်ရာ မတ်စေ့များ တဝေါဝေါကျလာသည်။ ဒေါ်လာ ၁၀၀ ပေါက်သည်။ သုံးကြိမ်နှင့် ပေါက်သည်။ ကျလာသော မတ်စေ့များကို အဆင်သင့်ပေးထားသော ပလတ်စတစ်ခွက်ကြီးထဲ ကျုံးထည့်သည်။ နောက်ထပ် ဂါထာရွတ်၍ ထိုးပြန်သည်။ သုံးကြိမ် ခလုတ်နှိပ်ပြီး အစေ့တစ်ထောင် ဂျက်ပေါ့လေးပေါက်သည်။ ထိုသို့ပေါက်လျှင် စက်ထိပ်တွင် တပ်ဆင်ထားသော အဝိုင်းကြီးက ရူးသွပ်စွာအော်မြည်၍ မီးရောင်စုံဖြာကာ ကောင်းချီးပေးသည်။ ပတ်ဝန်းကျင်မှ လောင်းကစားနေသူများက ဝိုင်းလာ၍ လက်ခုပ်တီး သြဘာပေးကြသည်။ လောင်းကြေး ၂၅၀ ဒေါ်လာကို ဆိုင်မန်နေဂျာက လာ၍ထုတ်ပေးသည်။

ဤတွင် မိမိက လူအများဝိုင်းအုံလာသည်။ ဘာတွေရွတ်ပြီး ထိုး၍ ဤသို့ ပေါက်သည်ကို မေးကြသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ ဂါထာများဖြစ်ကြောင်းပြောရာ ဗဟုသုတရှိသော အမေရိကန်အချို့က တိဗက် တန္တရဂါထာလားဟု မေးသည်။ နီးစပ်ပါသည်။ ဘုရားဟောဓမ္မပဒသည် ထေရဝါဒရေရာ၊ မဟာယာနပါ ဗုဒ္ဓဘာသာတို့ နာကြားရာတရားဖြစ်ကြောင်း အတိုပြောရရသည့် ပုညာကြီးယာခေါ် ကောင်းမှုကုသိုလ်ပြုရန် အကြောင်းတစ်ခုကို အဓိဋ္ဌာန်ပြုပြီး ဂါထာရွတ်ပါက ဘာမဆိုအောင်မြင်ကြောင်း ရှင်းပြဖြစ်သည်။

ယခုသာ ကောင်းမှုကိုပြုရန် မိဋ္ဌာန်သနည်းဟု ပေါက်ပေါက်ရှာရှာ မေးသူကရှိလာသည်။

"ဒီလိုပါ ဒီလောစ်အိန်းဂျလိစ်ကိုလာတော့ မြန်မာပြည်က စေတီငယ်တစ်ဆူ ပင့်လာတယ်။ အဲဒီကိုရောက်ပြီး နေထိုင်နေတဲ့ သားတွေ၊ မြေးတွေ ကိုးကွယ်ဖို့ ပင့်လာတယ်။ ဒီရောက်တော့ ဘုရားစင်မှာ စေတီကို ဒီအတိုင်း တည်ထားရတယ်။ အခုလတ်စီဗေးဂတ်စ်အလာ အယ်လ်အေ မြို့လ ‥ ဖြတ်လာတယ်။ အနုပညာပစ္စည်းဆိုင်တစ်ဆိုင် ဝင်ကြည့်ရင်း ဘုရားကျောင်းဆောင်အဖြစ် သုံးဖို့ သင့်လျော်တဲ့ မှန်ပေါင်းချောင်တစ်ခုတွေ့တယ်။ ဂျပန်နိုင်ငံဖြစ်၊ တစ်ခုဒေါ်လာ ၅၀ တဲ့။ စေတီတော်ကိန်းဝပ်ဖို့ ဉာဏ်တော်နဲ့အကိုက် အရွယ်အစားမို့ စိတ်ကူးရပြီး ဒီမှာလောင်းကစားနိုင်တဲ့ ငွေရရင် အဲဒီမှန်ပေါင်းချောင်ဝယ်ပြီး ဘုရားတင်ထားကိုးကွယ်ပါ့မယ်လို့ အဓိဋ္ဌာန်ပြုပြီး အခု ဂါထာရွတ်ထိုးတာ အနိုင်တွေရလာတယ်"

ဘေးကလူများ မယုံတစ်ဝက် ယုံတစ်ဝက်။ မိမိက ယမန်နေ့ညတွင် မိမိတို့မိသားစုဒေါ်လာ ၃၀၀ ခန့် ရှုံးထားကြောင်း။ ယခု အရင်းကျေသော်လည်း ဒေါ်လာ ၅၀ ပိုမရသေး၍ ဆက်ထိုးရဦးမည်ဖြစ်ကြောင်းပြောရာ ကြည့်ချင်သည်၊ လုပ်ပြဟု အားပေးကြသည်။

မိမိလည်း ရွတ်၍ရွတ်၍ ထိုးပြန်သည်။ ၁၀ ကြိမ်မြောက်တွင်မှ မတ်စေ့ ၂၄၀၀ ရသော ဆုကြီးပေါက်လေ၏။ ဒေါ်လာ ၆၀၀ ကို မန်နေဂျာက လျှော်ကြေးလာပေးလေသည်။ မကြာမီ ဇနီး 'မာ'နှင့် သားတို့ ရောက်လာကြသည်။ ဂါထာရွတ်၍ ဤမျှပေါက်ထားကြောင်း ပြောရာ သူတို့ကိုလည်း ရွတ်ပေးဟု ဆိုကြသည်။ စက်ခုံတစ်ခုတွင် မာက ဦးစွာထိုင်သည်။ မိမိက သူ့နောက်တွင် ရပ်၍ ပခုံးနှစ်ဖက်ကိုင်ကာ ဂါထာရွတ်ပေးသည်။ သုံးကြိမ်မြောက်ထိုးပြီးသော် ဒေါ်လာ ၆၀ ပေါက်လေ၏။ မာက ချက်ချင်းနေရာမှ ထသည်။ တော်ပြီ။ အနိုင်နှင့် ပိုင်းနိုင်မှ တော်ကာကျမည်။ သို့မဟုတ် ပြန်ပါသွားနိုင်သည်ဆို၏။ ထို့နောက် သားလေးအ



www.burmeseclassic.com

www.burmeseclassic.com

စက်ခုံတစ်ခုတွင် ထိုင်သည်။ မိမိက သူ့ပခုံးကိုင်၍ ဂါထာရွတ်ပေးသည်။ ၂ ကြိမ်တွင် ၂၄ ဒေါ်လာ ပေါက်သည်။ ၅ ကြိမ်မြောက်တွင် ဒေါ်လာ ၁၀၀ ပေါက်သည်။ မြန်လိုက်လေစွ။ သားတို့အမေက တော်ပြီ၊ အနိုင်ပိုင်းတော့ဟု ဆို၍ ဆက်မကစားဘဲ ရပ်ခဲ့သည်။ သားအလတ်ဝင်ကစားသည်။ ၅ ကြိမ်တိုင်သော်လည်း မပေါက်သေး။ မာက ဆုံးဖြတ်ချက်ပေးသည်။ ရပ်တော့။ ဆက်ရှုံးလျှင် အားလုံးနိုင်သမျှ ပြန်ပါသွားမည်။ ဖေဖေက မနေ့ည သူရှုံးသမျှကို ဖေဖေ့အနိုင်ထဲက ပေးလိုက်ပါကွယ်ဟု ဆိုသဖြင့် ဒေါ်လာ ၁၀၅ ဒေါ်လာကို သားလတ်အားပေး၍ လောင်းကစားရုံမှ ထွက်ခဲ့ကြသည်။

မိသားစုအားလုံးပေါင်းသော် ဒေါ်လာ ၇၀၀ ကျော် အနိုင်ရခဲ့သဖြင့် နံနက်စာကို စားသောက်ဆိုင်အကောင်းစားသို့သွားကြ၊ တပျော်တပါး စားသောက်ပြီး လတ်စ်ဗေးဂတ်စ်မှ လော့စ်အိန်းဂလိစ်သို့ ပြန်ခဲ့ကြသည်။ အပြန်တွင် မြို့လယ်မှ ဖြတ်သန်းပြီး ဂျပန်အနုပညာပစ္စည်းဆိုင်တွင်ဝင်၍ ဘုရားကျောင်းဆောင်ဝယ်ရန် စိတ်ကူးခဲ့သော်လည်း ညံ ၈ နာရီလောက်မှ လော့စ်အိန်ဂျလိစ်မြို့ကို စတင်ဝင်ရောက်သောကြောင့် ကားမောင်းသည့် သားလေးက မြို့ထဲမှ ဖြတ်မောင်းလျှင် အချိန်လင့်မည်ဆိုကာ မြို့ရှောင်လမ်းမှ မောင်း၍ပြန်ခဲ့သည်။ အနုပညာဆိုင်သို့ဝင်၍ ဘုရားကျောင်းဆောင် မဝယ်ဖြစ်ခဲ့တော့ပေ။

နောက်တစ်နေ့ သားလတ်နှင့် သားလေးက ရုံးသွားသည်။ ချွေးမလေးက မြေးလေးနှစ်ယောက်နှင့်အတူ ကျောင်းသို့သွားကြသည်။ ချွေးမလေးက မူလတန်းပြဆရာမ ဖြစ်သည်။ အိမ်တွင် မိမိနှင့် ချစ်ဇနီးမာတို့ နှစ်ဦးသာ ကျန်ခဲ့သည်။ ထုံးစံအတိုင်း သားလတ်နှင့် မိမိတို့အတွက် ပေးထားသော အိမ်အောက်ထပ်အခန်းတံခါးကိုပိတ်၊ နောက်လှေကားမှ ထမင်းစားခန်းသို့တက်ပြီး ချက်ကြပြုတ်ကြ၊ စားကြသောက်ကြသည်။ နေ့လယ်စာစားပြီး မီးဖိုဆောင်နှင့် ထမင်းစားခန်းကို သန့်ရှင်းရေးလုပ်ကြပြီး အပေါ်ထပ်တံခါးကို ပိတ်၊ လှေကားမှ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။

အောက်ထပ်ရောက်မှ တံခါးသော့ အပေါ်တွင် ကျန်ခဲ့ကြောင်း သိကြရသည်။ အပေါ်ပြန်တက်ယူမည်လုပ်တော့ မကြုံစဖူး အပေါ်ထပ်တံခါးသော့ကိုလည်း မိမိနှင့် မာ သူယူလာနိုး၊ ကိုယ်ယူလာနိုးနှင့် ဘယ်သူကမှ ယူမလာဘဲ ထမင်းစားပွဲပေါ်၌ ထားခဲ့ကြသည်။ ယခုတော့အပေါ်ထပ်လည်း ဝင်၍မရ၊ အောက်ထပ်လည်း ဝင်၍မရ။ သားတို့၊ သမီးတို့ ညနေပြန်လာသည့်အထိ ခြံထဲတွင် ယောင်ပေပေနှင့် နေရမည့်ကိန်း ဆိုက်နေသည်။

ဤသို့ အခက်ကြုံနေစဉ်မှာပင် လော့စ်အိန်ဂျလိစ်ကဲ့သို့ မိုးအလွန်နည်းသော ဒေသတွင်မှ ရုတ်တရက် လေပြင်းတိုက်ပြီး မိုးသဲသဲ ရွာချပါလေတော့သည်။ နဂိုကမှ ဆောင်းရာသီတွင် အတော်ချမ်းအေးရသည့်အထဲ လေနှင့်မိုးနှင့် ထန်နေသော အိမ်အပြင်ဘက် ဒလဟာထဲတွင် နှစ်ဦးသား မိုးမစိုအောင်နှင့် လေကွယ်အောင် အပေါ်ထပ်တက်သည့် လှေကားအောက် မလုံ့တလုံနေရာတွင် ကုပ်၍ ခိုနေကြရသည်။

"ဒုက္ခပဲ၊ မနေ့က ဘုရားကျောင်းဆောင်ကို အပြန်လမ်းမှာ ဝင်သယ်မယ်လို့ အဓိဋ္ဌာန်ပြုခဲ့ပြီးမှ ဝင်ဝယ်မယ်လို့ သစ္စာပျက်တဲ့အတွက် ဒဏ်ခတ်ခံရတာ ထင်တယ်"ဟု မာက မှတ်မှတ်ရရပြောရှာသည်။ "မောင့်မှာပိုက်ဆံပါလား" ဟု၍လည်း မေးသည်။ အိုင်ဒီကတ်၊ ဂရင်းကတ်၊ ဆိုရှယ်ကတ်နှင့်အတူ ဒေါ်လာ ၄-၅ ရာ အမြဲထည့်ထားသော ပိုက်ဆံအိတ်က အင်္ကျီအိတ်ထဲတွင် အဆင်သင့်ရှိသည်။ "ရှိသည်"ဟု မာ့ကို ဖြေလိုက်၏။

"ဒါဆို တက္ကစီခေါ်နိုင်းပြီး မြို့လယ်သွား ကျောင်းဆောင်ဝယ်ကြရအောင်"ဟု မာ့ကို ဆိုသည်။ မိမိက သူ့သဘော လိုက်လျောလေ့ရှိသူပီပီ သားတို့ထံ ဖုန်းဆက်ရန် ခါး၌အမြဲချိတ်ထားသည့် ဖုန်းအိတ်ထဲမှ လက်ကိုင်ဖုန်းကို ဆွဲထုတ်သည်။

ထိုစဉ်မှာပင် မိုးရွာထဲ ခြံတံခါးဝသို့ သားလေး၏ကား ဝေါခနဲထိုးဆိုက်လာသည်။ သားလေးက ကားပေါ်မှ ထီးဖွင့်ဆင်းပြီး ခြံထဲဝင်လာသည်။ လှေကားအောက်တွင် ကပ်ခိုနေသော မိမိတို့ကို မြင်သော် ဘာဖြစ်နေကြသည်ကိုမေးရာ သော့မေ့ကျန်ခဲ့၍ ယခုပင် ဖုန်းဆက်ခေါ်တော့မလို့ဟု ပြောလိုက်သည်။ တို့ငဆိုင်ငှား၍ မြို့လယ်သွားပြီး ဘုရားကျောင်းဆောင်ဝယ်ရန် အကြံထုတ်နေကြောင်းလည်းပြောလိုက်သည်။

"အတော်ပဲ၊ သားကလည်း ဖေဖေ မေမေတို့ကို လာခေါ်တာ။ ဒေါင်းတောင်းက ဂျပန်ရုံးခန်းတစ်ခုမှာ ကွန်ပျူတာပျက်လို့ လာပြင်ဖို့ခေါ်နေတယ်။ အဲဒီနေရာက ဂျပန်အနုပညာပစ္စည်းအရောင်းဆိုင်နဲ့ မျက်စောင်းထိုးလေးမှာရှိတယ်။ မနေ့က ဘုရားကျောင်းဆောင်ဝယ်ချင်တယ်ဆိုတာ သတိရလို့ လာခေါ်တာ"

"ဘုရားမတာပဲ။ သွားကြစို့" မာက ဝမ်းသာအားရပြောပြီး သားလေးကားနှင့်အတူ လိုက်ခဲ့ကသည်။ သားလေးအိမ်နှင့် မြို့လယ်မှာ ၂၇ မိုင်ခန့်ဝေးသည်။ ဟိုရောက်တော့ မိုးမရွာပါ။ စိတ်တိုင်းကျ ဘုရားကျောင်းဆောင်တစ်ခု ရွေး၍ဝယ်ခဲ့သည်။ ဒေါ်လာ ၅၀ ဟု ဈေးနှုန်းကပ်ထားသော်လည်း ဒစ်စကောင့် ၅ ဒေါ်လာလျှော့၍ ၄၅ ဒေါ်လာနှင့် ဝယ်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖနီးဖြစ်သူ မာသည် သစ္စာ၊ ကတိကို အမြဲယုံကြည်သူ၊ အမြဲတည်သူဖြစ်သည်။ ကတိသစ္စာပျက်လျှင် ဒုက္ခကြုံ၊ အခက်အခဲတွေ့တတ်ပုံကို သတိကြီးစွာနှင့် အမှတ်ထားသူဖြစ်သည်။ ကတိသစ္စာတည်၍ အောင်မြင်မှုရခဲ့သော ဘဝအတွေ့အကြုံများကိုလည်း မှတ်သားလိုက်နာသူဖြစ်သည်။ မာသည် ကိစ္စတစ်ခု ဆောင်ရွက်တိုင်း သစ္စာဆို၍ လုပ်ဆောင်သဖြင့် အောင်မြင်မှုရခဲ့သည်သာ ဖြစ်သည်။ သူ့တွင် မမြင်နိုင်စွမ်းသော တန်ခိုးများစွာရှိသည်။ အလွန်ခက်ခဲသော ဆန္ဒများကိုပင် သူ၏တန်ခိုးဖြင့် အောင်မြင်ခဲ့သည်မျိုးများစွာ ရှိသည်။

မာသည် လောင်းကစားလုပ်သူများ။ လောဘကြီး၍ အနိုင်မပိုင်းဘဲ အရှုံးကြီးရှုံးရသည်ကို ကောင်းစွာသင်ခန်းစာယူထားသည်။

လွန်ခဲ့သော ငါးနှစ်ကျော်က ဖြစ်သည်။ လောင်းကစားအလွန်ဝါသနာပါသော စာရေးသူ၏ အစ်မဝမ်းကွဲနှင့်အတူ လတ်စ်ဗေးဂတ်စ်မှ လောင်းကစားရုံသို့ ရောက်ခဲ့ကြသည်။ လိုက်ပို့သူမှာ စာရေးသူ၏ ခယ်မဝမ်းကွဲဖြစ်သည်။ နံနက်ရောက်ကတည်းက အစ်မဝမ်းကွဲသည် စလော့မက်ရှင်းရှေ့တွင်ထိုင်ကာ မထတမ်း လောင်းကစားသည်။ သူက ရှုံးလေမဲလေ ကစားသမားဖြစ်သည်။ ရန်ကုန်ရှိ သိန်းထောင်နှင့်ချီ၍တန်သော ခြံကျယ်နှင့်တိုက်ကြီးကိုရောင်းပြီးနောက် သားသမီးများကို ဝေစုပေးပြီး သူ့ကိုယ်တာရသော ကျပ်သိန်းရာပေါင်းများစွာကို လတ်စ်ဗေးဂတ်စ်တွင် နှစ်ရက်တည်းနှင့် ကုန်အောင်သွား၍ လောင်းကစားပစ်ခဲ့သူ ဖြစ်သည်။

ယခုလည်း စလော့မက်ရှင်းရှေ့တွင် သူရှိသမျှ ဒေါ်လာနှစ်ရာကို ကုန်အောင်လောင်းကစားပစ်သည်။ သူ့သမီးဆီက ဒေါ်လာ ၁၀၀ ဖွတ်တောင်း၍လည်း ကစားသည်။ မွန်းလွဲပိုင်းတွင် ဒေါ်လာ ၅၀၀ ခန့်နိုင်စဉ် သူ့ထမသွားနိုင်ခဲ့။ ညနေ ၄ နာရီတွင် အားလုံးပြန်၍ ကုန်သွားမှ နေရာမှ စိတ်ညစ်စွာထသည်။ သူထသွားသောနေရာတွင် မိမိကဝင်ထိုင်၍ လောင်းကစားရာ ခဏအကြာတွင် ဒေါ်လာ ၅၀ ကျော်နိုင်ပေ၏။ မာက နောက်မှ လက်တို့၍ တော်တော့၊ နိုင်တုန်းရပ်တော့ဟု ဆိုသည်။ မိမိက မထချင် ထချင်နှင့် မာ့ဆန္ဒအတိုင်း အနိုင်ပိုင်းခဲ့သည်။ အစ်မဝမ်းကွဲက ဘာ့ကြောင့် ၅၁ ကျော်တည်း နိုင်ရုံနှင့် ထရသနည်းဆိုကာ ပူညံဆူညံလုပ်လေ၏။

"အနိုင်နဲ့ပိုင်းမှ တကယ့်ကို အနိုင်ရတာ မမရဲ့"ဟု မာက လေသံချိုချိုနှင့် ပြောခဲ့သည်။ မာသည် သူ့ဘဝကိုလည်း လှပစွာ အနိုင်ပိုင်းခဲ့လေပြီ။

သူသည် ၁၅ နှစ်သမီးအရွယ်ကတည်းက စာရေးသူနှင့်တွေ့၍ ရည်းစားဖြစ်ခဲ့သည်၊ အလွန်သွက်လက်ထက်မြက်ပြီး ဆက်ဆံရေးအလွန်ကောင်းသော ကလေးမဖြစ်ခဲ့သည်။ ချစ်သူဘဝတွင် လွတ်လပ်ပျော်ရွှင်စွာနေခဲ့ပြီး သူ ၁၇ နှစ်အရွယ်တွင် လက်ထပ်ဖြစ်ခဲ့သည်။ မိမိသည် မြို့နယ်ဦးစီးမန်နေဂျာဖြစ်ခဲ့၍ မာသည် ၁၈ နှစ်အရွယ်မှာပင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲ ဦးစီးကတော်ဖြစ်ခဲ့သည်။ ငယ်စဉ်မှစ၍ တက်ကြွစွာ အောင်မြင်သော ဘဝကို တက်လှမ်းနိုင်ခဲ့သည်။ သားသုံးယောက်ကို ထွန်းပေါက်အောင် မွေးဖွားစောင့်ရှောက်နိုင်ခဲ့သည်။ မိမိဖြစ်လိုသော အောင်မြင်သည့် စာရေးဆရာတစ်ဦးဖြစ်အောင် တာဝန်ကျေစွာ ပါရမီဖြည့်ခဲ့သည်။ သားသုံးယောက်စလုံး အမေရိကားနိုင်ငံတွင် ကိုယ့်ဒူးကိုယ်ချွန် အောင်မြင်ခဲ့ကြသည်၊ ချွေးမနှစ်ဦးက ဆရာဝန်၊ တစ်ဦးက ဆရာမ၊ မာ့စိတ်ကြိုက်ချည်း ရွေးချယ်နိုင်စေခဲ့သည်။ မြေးသုံးယောက်လည်း အလွန်

လိမ္မာ၍ စာတော်ကြသည်။ မာ့ဘဝတွင် ဘာလိုသေးတော့သနည်း။

သူပြောလေ့ရှိသည့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ မသိခြင်းပါးမှုအကြောင်းတို့ ကြောင့် သံသရာလည်ကာ လူ့ဘဝသို့ ရောက်ခဲ့ရသည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ မရဏ ဟူသော ဒုက္ခများကို ခံစားကြ သည်။ ဇာတိဟူ၍ မွေးဖွားခဲ့ခြင်းသည် လူသားဖြစ်လာမှ ရှောင်ရှား၍မရသော ဒုက္ခဖြစ်သည်။ မရဏဟူသော သေခြင်း တရားသည်လည်း ရှောင်လွှဲ၍မရသော ဒုက္ခဖြစ်သည်။ သို့သော် ဇရာတည်းဟူ သော အိုခြင်းတရားသည် သူ့အနေနှင့် ရှောင်လွှဲ၍ရအောင် ကြိုးစားမည်ဟု ဆို လေ့ရှိသည်။

မာသည် သူ့ဘဝကို သွက်လက် ထက်မြက် ချက်ချာစွာ၊ ပျော်ရွှင်ပေါ့ပါးစွာ နေခဲ့သူဖြစ်သည်။ သွားလာလှုပ်ရှားမှု သမျှမှာ စွဲစွဲ့ပျောင်းပျောင်းရှိသော်လည်း သန်စွမ်းမှုအပြည့်ရှိသည်။ သူ့ကိုယ် နိုင်နိုင်နင်းနင်းရှိခဲ့သည်။ သူ့အသက် ၅ အဝင် တစ်နေ့တွင် စကြဲပေါ်၌ မှော လျှက်လဲ၍ ဒူးနှစ်ဖက်ကွဲခဲ့သည်။ ထည့်ရင်း တဖွဖွပြောသည်။ အသက်ကြ လာပြီ။ စိတ်သွားတိုင်းကိုယ်ကမပါ တော့။ "မာကတော့ အသွားအိုကြီး တုန်တုန်ချိချိနဲ့ ကိုယ့်ကိုယ့်ကို မနိုင် ဘဝမှာ လုံးဝမနေဘူး။ ကိုယ့်ကိုယ် မနိုင်ဘဲ သူများဖေးကူတွဲပေးရတဲ့ အ အထိ အိုမင်းမစွမ်းတဲ့ ဘဝရောက်အော မနေဘူး။ ဇရာဆိုတဲ့ အိုမင်းမစွမ်းတဲ့ ဆိုတာကို ရအောင်ရှောင်မယ်၊ ငယ် ရွယ်ရွယ် လှုပ်ရှားနိုင်တဲ့အထိပဲနေမ အိုတဲ့အထိ မနေဘူး"ဟူ၍ စိတ်တိုင်း မလှုပ်ရှားနိုင်သည့်အဖြစ်မျိုး ကြုံတို ပြောလေသည်။ မီးဆုံးချိန်နှင့် မီးဆုံး နောက်ပိုင်း ကျန်းမာရေးမကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဒေါင်ဒေါင်မြည်ဖြစ်နေခဲ့ရာမှ ချုံချာလာသည်။

ထိုအခါ မာပြောလေ့ရှိသည်။ ဗျာဓိဆိုတဲ့ နာခြင်းဒုက္ခကိုလည်း ရှောင်နိုင်တဲ့နည်း ရှိသည်ဟူ၍။ သူသည် မီးဆုံးချိန်မှစ၍ ကိလေသာကို လျှော့ချသည်။ စစ်ကိုင်းတောင် နိဗ္ဗန္ဓချောင်းအထိမ္မာစရိယ ဦးဌေးလှိုင်ကတော်နှင့် သွား၍တရားစခန်းဝင်သည်။ ထို့နောက်ပိုင်း ဝိသနာအားထုတ်သည်။ ဒါန၊ သီလ၊ ဘာဝနာပွားများသည်။ ကုသိုလ်ကောင်းမှု ကြီးစွာပြုသည်။ ဝေဒနာကို နိုင်အောင်ရှုသည်။ "မာတို့မျိုးရိုးက အသက်တိုမျိုး မာအံ့ရင် သွားမှာပဲ၊ မောင်အရင်မသွားရဘူး"ဟူ၍လည်းပြောလေ့ရှိသည်။ သူသည် ဥပုသ်စောင့်၊ ရှစ်ပါးသီလခံယူ၍ တရားအားထုတ်နေသဖြင့် သူ့တွင် အသည်းရောဂါဆိုးဆိုးဝါးဝါး ရှိနေသည်ကို မည်သူမျှ မသိခဲ့။ ၂၀၁၂ ခုနှစ်၊ မေလကျမှ အသည်းတစ်ခုလုံး အကျိတ်များပြည့်နေသည်ကို စီတီစကင်ရိုက်မှ သိသည်။ သူ့ကြည့်တော့ ဘာမျှမဖြစ်သလို နေ့စဉ်နံနက်ဝေါ်င်းလိုလို ဈေးသွား၊ ဟင်းထမင်းချက်၊ အဝတ်ကို စက်နှင့်လျှော်၍ မီးပူတိုက်သည်။ ဘုရားခွဲမ်းကပ်၊ သောက်တော်ရေကပ်၊ ပန်းကပ်၊ ဆီမီးပူဇော်မပျက်။ ဘုန်းကြီးတန်းဆွမ်းကြွလာလျှင် ဆွမ်းဟင်းလောင်း မပျက်၊ သို့သော် ကိုးပါးသီလခံယူထား၍ သူအလွန်ကြိုက်ခဲ့သော ဗွီဒီယို၊ တီဗွီဇာတ်လမ်းတွဲများကို ဘိခနဲလုံးဝဖြတ်ခဲ့သည်။

မာသည် စာရေးသူနှင့်အတူ ငယ်သေးက ပိတ်ရက်ဆိုလျှင် မောနင်းရှိုးမှ နိုက်ရှိုးအထိ ရုပ်ရှင် ၄ ကား ဆက်တိုက်ကြည့်လေ့ရှိခဲ့သူ ဖြစ်သည်။ တစ်နှစ်လျှင် ရုပ်ရှင်ကား ၃၀၀ ကျော် အနည်းဆုံးကြည့်ခဲ့သူပီပီ ရုပ်ရှင်ဇာတ်လမ်းများကိုအလွန်နှံ့စပ်သည်။ မကျန်းမမာဖြစ်လာသောအခါ ဘာတီဗွီမျှ မကြည့်တော့။ အားတိုင်းတရားမှတ်နေသည်။ ဝေဒနာကို နိုင်အောင်ရှုခဲ့သည်။

မာသည် တန်ခိုးရှင်တစ်ယောက်သဖွယ် ထူးခြားသောအစွမ်းများရှိခဲ့သည်။ အမေရိကားသို့ သွား၍ဆေးကုသမည်ဆိုသော် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရာ သူ့ကို တစ်ပတ်အတွင်းရအောင် လုပ်ပေးကြသည်။ မိုင် ၈၀၀၀ ခန့်ဝေးသော ခရီးကို မကွယ်လွန်မီ ၂၆ ရက်အလို ရောဂါအလွန်ကျွမ်းနေချိန်မှာပင် ထရန်စစ်နှစ်ထောက်နားရသော ခရီးကို လမ်းလျှောက်၍ အရောက်သွားခဲ့သည်။

မာနှင့် စာရေးသူတို့သည် အမေရိကားရှိ သားများ၏ လျှောက်ပေးချက်အရ ၂၀၀၆ ခုနှစ်ကပင် အမြဲနေထိုင်ခွင့် ဂရင်းကတ်ရထားသူများ ဖြစ်သည်။ ၂၀၀၇ ခုနှစ်အတွင်း တစ်နှစ်ခန့်သာ အမေရိကားတွင် နေထိုင်ခဲ့ပြီး ရန်ကုန်သို့ ပြန်လာနေကြသည်။ ယခုဆေးကုသရန် သွားသောအခါ ၅ နှစ်ခန့် အမေရိကားပြည်နှင့် ကင်းကွာနေသော အမြဲနေထိုင်ခွင့်ရသူတို့အဖြစ် အရေးယူခံရသည်။ ဂရင်းကတ်ကို ပြည်ဝင်ဂိတ်မှာပင် အပေါက်ဖောက်၍ ပယ်ဖျက်ခံရမည်သာ ဖြစ်သည်။ လော့စ်အိန်းဂျလိစ်မြို့ လေဆိပ်ပြင်ပမှ လာကြိုနေသည့် သားများ၊ ချွေးမများကလည်း ဂရင်းကတ်အဖောက်ခံရပြီး အသစ်ပြန်လျှောက်ရန် ကြိုးစားကြရမည်ဟု တွက်ဆထားကြပြီးဖြစ်သည်။

မာနှင့် စာရေးသူတို့ လေဆိပ်အဝင်တွင် လော့စ်အိန်းဂျလိစ်လေဆိပ်တာဝန်ရှိသူများက အဘယ့်ကြောင့် ၅ နှစ်ခန့် ပြန်မလာဘဲ နေသည်ကို သီးသန့်အခန်းခေါ်၍ စစ်မေးသည်။ စာရေးသူက အမျိုးမျိုးအကြောင်းပြ၍ ရှင်းပြသည်ကို လက်ခံချင်ပုံမရ။

ဤတွင် မာက တစ်ခွန်းတည်း ဝင်ပြောသည်။

"မှန်တာပြော သစ္စာ၊ ဒီတစ်ခါသေတဲ့အထိ နေမှာပါ"ဟူ၍ ဖြစ်သည်။ ဤမာ့စကားတစ်ခွန်းတည်းနှင့် ဂရင်းကတ်ကို အပေါက်မဖောက်၊ ဘာမျှအရေးမယူဘဲ အမေရိကားပြည်သို့ ပြည်ဝင်ခွင့်ပြုခံခဲ့ရသည်မှာ မာ၏ သစ္စာတန်ခိုးအစွမ်းကြောင့် ဖြစ်ကြောင်း သေချာသည်။

မှန်သည်ကို သစ္စာဆိုခဲ့သော မာသည် လော့စ်အိန်းဂျလိစ်မြို့ရှိ အကောင်းဆုံး ဆေးရုံတွင် တက်ရောက်ကုသပြီးနောက် ၂၆-၇-၂၀၁၂ ရက်နေ့ နံနက် ၀၈း၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

မကွယ်လွန်မီ သည်း အသည်းကင်ဆာဝေဒနာရှင် လူနာတစ်ယောက်အနေဖြင့် နာကျင်မှုဝေဒနာကို လုံးဝမပြဘဲ ဝေဒနာရှု တရားမှတ်ပြီး ငြိမ်းအေးစွာ လဲလျောင်းနေသဖြင့် ဆရာဝန်ကြီးများ အံ့ဩမကုန်ဖြစ်ကြရသည်။ ကွယ်လွန်တော့လည်း ဘာဝေဒနာ၊ မည်သည့်နာကြင်မှုမျှ မခံစားရဘဲ အေးငြိမ်းသက်သာစွာ ဘဝတစ်ပါးကူးသွားသည်။ သက်ပျောက်ဆွမ်းကို လာရောက်ပရိတ်ရွတ်ပေးသည့် အောင်ချမ်းသာဆရာတော်က ဒီဒကာမကြီးဟာ အနည်းဆုံး သောတာပန်အဆင့်ရှိတယ်ဟု ရုပ်ကလပ်ကို ရှုကာ မှတ်ချက်ပြုခဲ့သည်။

မာသည်ကား သူ့ဘဝကို သူပြောသည့်အတိုင်း အနိုင်ပိုင်း၍ ဇရာမရောက်ခင် ဗျာဓိ ရောဂါနာကျင်မှုကို ကျော်လွှားပိုင်နိုင် [illegible] ရိုးကို ကောင်းရာသုဂတိလားသ [illegible] ကြောင်း မှတ်တမ်းတင် [illegible] သည်။

**အောင်ချိန်ဘွား**



www.burmeseclassic.com

www.burmeseclassic.com

ရှုမဝ

နှစ်သစ်ကူးအထူးထုတ်

# ကြံစည်ထားသောအကြံများ ပြီးမြောက်အောင်

# ကြံရည်လှူ

နှင်းအာဠလီ

လူတို့သည် မိမိတို့ ကြံစည်ထားသော အကြံများကို ပြီးမြောက်အောင်မြင်အောင် အိမ်ဘုရား၊ အလုပ်ဘုရား ဆိုင်ဘုရားများတွင် ကြံရည်(၂)ခွက်ကို ကပ်လှူပါ။ ငွေရေးကြေးရေး အကြံအစည်များ၊ အလုပ်အကိုင် အကြံအစည်များ အောင်မြင်ပါမည်။ တနင်္လာနေ့မနက် (၉)နာရီ၊ (၁၀)နာရီအတွင်း ကြံရည်(၂)ခွက်အား လှူဒါန်းပါ။

နေ့သား/သမီးများ၏ ကြံစည်ထားသော အကြံအစည်များ အောင်မြင်ပါစေဟု လေးလေးနက်နက် ဆုတောင်းပါ။ နေ့သား/သမီးအလိုက် ဖော်ပြထားသောနှစ်များတွင် ပြုလုပ်ပါက အကျိုးပေးထူးပါမည်။

တနင်္ဂနွေသားသမီး – ၇ နှစ်၊ ၁၅ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၇ နှစ်၊ ၇၁ နှစ်၊ ၇၉ နှစ်၊ ၈၇ နှစ်။

တနင်္လာသားသမီး – ၆ နှစ်၊ ၁၄ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်၊ ၈၆ နှစ်။

အင်္ဂါသားသမီး – ၅ နှစ်၊ ၁၃ နှစ်၊ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊ ၇၇ နှစ်၊ ၈၅ နှစ်။

ဗုဒ္ဓဟူးသားသမီး – ၄ နှစ်၊ ၁၂ နှစ်၊ ၂၀ နှစ်၊ ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ်၊ ၆၀ နှစ်၊ ၆၈ နှစ်၊ ၇၆ နှစ်၊ ၈၄ နှစ်။

ကြာသပတေးသားသမီး – ၂ နှစ်၊ ၁၀ နှစ်၊ ၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်၊ ၈၂ နှစ်။

သောကြာသားသမီး – ၈ နှစ်၊ ၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်၊ ၈၀ နှစ်၊ ၈၈ နှစ်။

စနေသားသမီး – ၃ နှစ်၊ ၁၁ နှစ်၊ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်၊ ၈၃ နှစ်။

ရာဟုသားသမီး – ၉ နှစ်၊ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၃ နှစ်၊ ၈၁ နှစ်၊ ၈၉ နှစ်။

ကြံရည်(၂)ခွက်ကို ကပ်လှူပြီး မိမိတို့ကြံစည်သမျှ ပြီးမြောက်အောင်မြင်ပါစေ။ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း၊ စိတ်သွားတိုင်းကိုယ်ပါ လိုရာခရီးရောက်၍ အကြံအစည်များ ပြီးမြောက်နိုင်ပါစေ။

နှင်းအာဠလီ



www.burmeseclassic.com

www.burmeseclassic.com

# ပေါ်မွဲတစ်ကိုယ်

တက္ကသိုလ်သန်

တစ်နေ့ စာရေးဆရာကြီး အောင်ထွား(နာမည်လွှဲ)နှင့် ကျွန်တော်သည် ခဲ့သည့် ခြောက်လခန့်က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ယခင်)၌ တွေ့ဖြစ်သည်။ ဆရာက သားများရှိရာ အမေရိကန်နိုင်ငံသို့ သွားရောက်ရန် ထောက်ခံစာလာယူသည်ဟု ဆိုသည်။ သည်သက်သက်လား၊ အလုပ်ကိစ္စနှင့်ား ဆိုသည်ကိုမူ ကျွန်တော် ဆရာ့အား ကြည့်သဖြင့် မသိရပါ။

ထိုအချိန်က မြန်မာနိုင်ငံစာပေနှင့် နယ်ဇင်းအဖွဲ့ရုံးတွင် အစည်းအဝေးရှိ သဖြင့် လူများနှင့် စည်ကားနေသည်။ အဖွဲ့ဝင်များမှာလည်း အလုပ်ရှုပ်နေကြ ၏ ကျွန်တော်က ဆရာ့အတွက် ထောက် လိုရေး တတ်နိုင်သရွေ့ ကူညီပေးခဲ့ သည်။ သည့်နောက်တော့ ဆရာတို့ဇနီး င်နှံ့ အမေရိကန်နိုင်ငံသို့ ခရီးထွက် ပြီဟု ကြားသိလိုက်ရသည်။

ကျွန်တော်နှင့် ဆရာသည် သံဖြူ မြို့တွင် နေထိုင်ခဲ့ဖူးသည်။ ဆရာက ယ်ကုန်သွယ်ရေးဦးစီးမန်နေဂျာဖြစ် ကျွန်တော်က သံဖြူဇရပ်မြို့နယ်ပါတီ အတွင်းရေးမှူးနှင့် မြို့နယ်အလုပ် ကောင်စီဥက္ကဋ္ဌတာဝန် ထမ်းဆောင် ခဲ့သည်။ ထို့အပြင် ဆရာနှင့် ကျွန် သည် အိမ်တစ်လုံးတွင် တစ်ခြမ်းစီ နေကြသဖြင့် ရင်းနှီးကြသည်။ ဆရာနှင့် သာမက ဆရာ့ဇနီးသည်နှင့်ပင် ရင်းနှီး သည်။ မိသားစုချင်းလည်းရင်းနှီးကြသည်။

သည့်နောက် ကျွန်တော် ရန်ကုန်မြို့သို့ ၁၉၇၄ ခုနှစ်တွင် အလုပ်တာဝန်ဖြင့် ပြောင်းရွှေ့ခဲ့ရသလို ကျွန်တော်နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆရာသည်လည်း ရန်ကုန်မြို့ ကုန်သွယ်ရေးဦးစီးဌာန ရုံးချုပ်သို့ ပြောင်းရွှေ့ခဲ့ရသည်ဟု သိရ၏။ ဆရာသည် လုပ်ငန်းလုပ်ရာတွင် စေ့စပ်သေချာသည့်အပြင် ထက်မြက်သူဖြစ်၍ ရာထူးများ အဆင့်ဆင့်တိုးမြှင့်ခံခဲ့ရ၏။ ဒုတိယဝန်ကြီးတစ်ဦး၏ ကိုယ်ရေးအရာရှိအဖြစ်ပင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဆရာသည် ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် သက်ပြည့်အငြိမ်းစားယူခဲ့၏။

ရန်ကုန်မြို့တွင်နေထိုင်စဉ် ဆရာနှင့် ကျွန်တော် ကိုယ့်အလုပ်ကိုယ့်တာဝန်ကြောင့် တစ်ခါတစ်ရံမှသာ ဆုံဖြစ်ကြသည်။ ဆရာအလုပ်လုပ်ရာ ကုန်သွယ်ရေးဦးစီးဌာန ရုံးချုပ်သို့ ကျွန်တော်အလုပ်ကိစ္စနှင့် ရောက်သည့်အခါ ဆရာနှင့်တွေ့ဖြစ်သည်။ ထိုစဉ်ကပင် ဆရာသည် စာပေနယ်ပယ်တွင် အောင်မြင်သော စာရေးဆရာအဖြစ် လူသိများ ထင်ရှားနေပြီ ဖြစ်သည်။ အမျိုးသားစာပေဆုပင် ဆရာချီးမြှင့်ခံရ၏။

ကျွန်တော် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၌ရှိစဉ် ဆရာ့အား စာပေဟောပြောပွဲများတွင် စာပေဟောပြောရန် မေတ္တာရပ်ခံသဖြင့် ဆရာအကူအညီပေးလေ့ရှိ၏။ ထိုအချိန်တွင် ဆရာသည် အငြိမ်းစားယူပြီးဖြစ်၍ အချိန်ပေးပြီး ဆောင်ရွက်နိုင်သည်ဟုဆိုရမည်။

တစ်နေ့ အင်းစိန်မြို့နယ်၊ မြို့သစ် (ဂ)ရပ်ကွက် စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် စာပေဟောပြောပွဲတွင် လာရောက်ဟောပြောပေးရန် ရောင်ပြန်မဂ္ဂဇင်းအယ်ဒီတာချုပ် ဆရာဦးမောင်မောင်မြင့်အေးက ကျွန်တော့်အားအကူအညီတောင်းသဖြင့် ဆရာနှင့်အတူ ကျွန်တော်နှင့် ဆရာမောင်ခိုင်ခန့်တို့ ဟောပြောခဲ့ကြသေးသည်။ ဆရာ့အား အကူအညီတောင်းခံလျှင် ဆရာသည် ဘယ်သောအခါမျှ မငြင်း။ အဆင်ပြေအောင် ဆောင်ရွက်ပေးတတ်၏။ ဆရာ၏ ထူးခြားချက်ကား အသက် ၇၃ နှစ်ရှိသည့်တိုင် အသံဩဇာကောင်းကောင်းဖြင့် ပြောနိုင်ဟောနိုင်သည်။ ပရိသတ်ကိုလည်း ထိန်းထားနိုင်သည်။ စာရေးကောင်းသူမို့ အပြောကောင်းသည်ဟု ဆိုရမည်ထင်သည်။

ပြီးခဲ့သည့် ဩဂုတ်လထုတ် နေ့စဉ်သတင်းစာနှစ်စောင်တွင် နာရေးသတင်းတစ်ခု ဖတ်လိုက်ရ၏။ ဆရာ၏



www.burmeseclassic.com

www.burmeseclassic.com

ဖနီးသည် အမေရိကန်နိုင်ငံတွင် ကွယ်လွန်သည် နာရေးသတင်းဖြစ်ပါ၏။ ကျွန်တော် ထိုသတင်းကိုဖတ်ရှုရပြီး မယုံကြည်နိုင်အောင် ဖြစ်ရ၏။ ဆရာဖနီး၏ အသက်မှာ ၆၇ နှစ်ဖြစ်သဖြင့် သေမည်ဆိုလျှင် သေသင့်သည့်အရွယ် ဖြစ်သော်လည်း ဆိုင်းမဆင့်ဗုံမပါ ရုတ်ခြည်း ကွယ်လွန်သွားသည့်အတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါ၏။ ထိုသတင်းကို ကျွန်တော့်ဖနီးသည်အား ပြောပြရာ သူလည်း ကျွန်တော့်ကဲ့သို့ ထပ်တူခံစားခဲ့ရသည်။

ထို့အပြင် ကျွန်တော့်မိတ်ဆွေ ဝေ ရေးဆရာကြီး အောင်စိန်ထွားကိုလည်း ကိုယ်ချင်းစာနာစိတ်ဖြင့် ကရုဏာသက်မိ၏။ ဆရာနှင့်ဖနီးသည် နိုင်ငံခြားသို့ အတူတူခရီးသွားခဲ့၏။ အပြန်တွင် ဖနီးမပါဘဲ တစ်ကိုယ်တည်း မြန်မာပြည်ပြန်လာမည့် အရေးကို တွေးမိပြီး သူ့ကိုယ်စား စိတ်မချမ်းမြေ့စရာ ဖြစ်ရပါ၏။

စက်တင်ဘာလ ရက်တစ်ရက်တွင် ဂျာနယ်တစ်စောင်၌ ဆရာအောင်စိန်ထွား၏ ဆောင်းပါးကို ဖတ်လိုက်ရသဖြင့် ဆရာ ရန်ကုန်ပြန်ရောက်နေပြီဟု သိလိုက်ရ၏။ ထို့ကြောင့် ဂျာနယ်ဖတ်ရပြီး နောက်တစ်နေ့တွင် ဆရာ့အိမ်သို့ ဖုန်းဆက်ကြည့်ရာ ဆရာနှင့် တိုက်တိုက်ဆိုင်ဆိုင် စကားပြောရတော့၏။ ဆရာ့အား ကျွန်တော်သိလိုသမျှ မေးကြည့်ရာ ဆရာက ဤသို့ပြောဆိုရှင်းပြသည်။

"လွန်ခဲ့သည့်နှစ်လခန့်က နိုင်ငံခြားမှလာရောက်သော ဆရာဝန်တစ်ဦးထံ ကျွန်တော်နှင့် ဇနီးသည်တို့ Medical Check Up စစ်ဆေးကြပါတယ်။ ကျွန်တော်ရော ဇနီးသည်ပါ ရောဂါကင်းရှင်းကြောင်း အဖြေရပါတယ်၊ ဒါနဲ့ ကျွန်တော်တို့လည်း စိတ်အေးသွားတာပေါ့။ ဒါပေမဲ့ နောက်တစ်လခန့်အကြာမှ အမေရိကန်နိုင်ငံသားအဖြစ် ခံယူနိုင်ရန် ဆေးစစ်ကြရပါတယ်။ ဒီအခါမှာ ကျွန်တော်က ရောဂါကင်းရှင်းပြီး ဇနီးသည်မှာ ဘီပိုးရှိတယ်လို့ ဆရာဝန်က ပြောပါတယ်။ အဲဒီဘီပိုးဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကတည်းက ရှိနေတာဖြစ်လို့ ရောဂါနည်းနည်းကျွမ်းနေပြီလို့ ပြောပါတယ်။ ဒါနဲ့ အမေရိကန်နိုင်ငံမှာရှိတဲ့ သားတွေထံသွားရင်း ဟိုမှာ ဆေးကုဖို့ ရည်ရွယ်ပြီး အမေရိကန်နိုင်ငံသို့ သွားခဲ့ကြတာပါ။ ဟိုမှာ အကောင်းဆုံးဆရာဝန်တွေနဲ့ ပြပါတယ်။ ဒါပေမဲ့ အသည်းကင်ဆာပိုးက အဆုတ်တို့ နှလုံးတို့ဆီ ပြန့်နေပြီလေ။ ဘယ်လိုမှ ကုလို့မရတော့ဘူး။ တကယ်လို့ စောစောသိရင် ကုလို့ရနိုင်ပါသေးတယ်။ ခုတော့ အချိန်နှောင်းသွားပြီလို့ ဆရာဝန်ကပြောပါတယ်။ ကျွန်တော်တို့လည်း လက်လျှော့လိုက်ရပါတယ်။ သူဆုံးပြီး ဟိုမှာပဲ အသုဘကိစ္စ ဆောင်ရွက်ခဲ့ပါတယ်။ တစ်လပြည့်တဲ့နေ့မှာ ရန်ကုန်အိမ်ပြန်လာပြီး တစ်လပြည့် ရက်လည်ဆွမ်းကျွေးတယ်။ ခုတော့ အိမ်မှာ ကျွန်တော်တစ်ယောက်တည်းပဲပေါ့"

ဆရာ၏ ဝမ်းနည်းသံဖြင့် ပြောကြားချက်ကို နားထောင်ရသူ ကျွန်တော်ပင် ဝမ်းနည်းကြေကွဲရပါ၏။ ကျွန်တော်တို့ ဇနီးမောင်နှံအတွက် သံဝေဂတရားလည်း ရလိုက်ပါ၏။

လောကတွင် မသိနိုင်သောတရား ငါးပါးရှိသည်။ (၁) မည်သည့်အချိန်အထိ အသက်ရှင်နေထိုင်ရမည်ကို မသိခြင်း။ (၂) မည်သည့်အချိန်တွင် နာရမည်ကို မသိခြင်း။ (၃) မည်သည့်အချိန်တွင် သေရမည်ကို မသိခြင်း။ (၄) ဝိဝိသေသွားသည့်အခါ ခန္ဓာကိုယ်ကို မည်သည့်သင်္ချိုင်းတွင် မြှုပ်နှံမည်ကို မသိခြင်းနှင့် (၅) လားရောက်ရမည့် ဘုံဘဝကိုမသိခြင်းတို့ ဖြစ်၏။

ဆရာ၏ဇနီးသည်အနေဖြင့် အမေရိကန်နိုင်ငံတွင် ကွယ်လွန်ရမည်ဟု သူကိုယ်တိုင် ကြိုတင်သိရှိလိမ့်မည်မဟုတ်ပေ။ ထို့အတူပင် မည်သည့်အချိန်တွင် သေရမည်ကိုလည်းကောင်း၊ မည်သည့် သင်္ချိုင်းတွင် မြှုပ်နှံရမည်ကိုလည်းကောင်း ကြိုတင်သိမြင်နိုင်ခြင်းမရှိသည်မှာလည်း အမှန်ပင် ဖြစ်သည်။

မည်သို့ဆိုစေ ဆရာ၏ဇနီးသည် ကွယ်လွန်ခြင်းသည် ကံအစွမ်းကုန်၍ သေခြင်းမျိုး(ကမ္မက္ခယ)ဟု ဆိုရမည်ဖြစ်၏။ ယခုအခါတွင် လူ့သက်တမ်းကို ၇၅ နှစ်တမ်းဟု ယေဘုယျသတ်မှတ်ထားပါ၏။ ၇၅ နှစ်အရွယ်ရောက်မှ သေဆုံးခြင်းမျိုးကို သက်တမ်းကုန်၍ သေရခြင်း အာယုက္ခယဟူ၍ ဆိုရမည်ဖြစ်၏။ ၅၀ နှစ်၊ ၆၀ နှစ် စသည်ဖြင့် သေဆုံးခြင်းမျိုးမှာ ကံအစွမ်းကုန်၍သေခြင်းမျိုး ကမ္မက္ခယဟု ဆိုသည်။ ၇၅ နှစ် သက်တမ်း၌ ၇၅ နှစ်အထိနေရန် ကံပါလာသူအဖို့ ၇၅ နှစ်ပြည့်၍ စုတေရခြင်းမျိုးကို အသက်၊ ကံ အစွမ်းနှစ်ပါးလုံးကုန်၍ သေဆုံးခြင်းမျိုး ဥဘယက္ခယဟု ဆိုလေသည်။

အထက်ပါ အကြောင်းသုံးပါးတွင် တစ်ပါးပါးကြောင့် သေရခြင်းမျိုးကို သေ ချိန်ကျ၍ သေရခြင်း(ကာလမရဏ)ဟူ၍ ဆိုရမည် ဖြစ်ပါ၏။

ဆရာအောင်စိန်ထွား၏ ဇနီး သည် ကွယ်လွန်ခြင်းသည် သေချိန်ကျ ၍ သေရခြင်းဖြစ်၍ တရားသဘောအ ဖြေနိုင်ဖွယ်ရာရှိပေလိမ့်မည်။

သို့တိုင်အောင် ဖော်မဲ့တစ်ကိုယ်ဖြ နေသော ဆရာအောင်စိန်ထွားအတွ ကိုယ်ချင်းစာတရားဖြင့် ဝမ်းနည်းကြေ ရပါကြောင်း ဤဆောင်းပါးဖြင့် စကား လက်ဆောင်ပါးလိုက်ရပါ၏။

---

တက္ကသိုလ်သ

---




www.burmeseclassic.com

www.burmeseclassic.com

# ထူးထွေဆန်းပြားသော ဝါသနာ

လှမိုး[ပညာရေး]




'မြန်မာစာအဖွဲ့'က ရေးသားပြုစုထုတ်ဝေသော မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် 'ဝါသနာ'ဟူသော ဝေါဟာရကို ''အကြိမ်ကြိမ်လေ့ကျင့်မှီဝဲရာမှ ဖြစ်ပေါ်လာသည့် စွဲမြဲသောလိုက်စားမှု အထုံ၊ အလေ့''ဟူ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။ မှန်ပါသည်။ 'ဝါသနာ' ဟူသည်ကား မွေးရာပါမဟုတ်ပါ။ နီးစပ်မှု၊ ပတ်ဝန်းကျင်စေ့ဆော်မှု အခြေအနေနှင့် အချိန်အခါပေးမှုကြောင့် ဖြစ်လာသော အထုံအလေ့ ဖြစ်ပါသည်။

မှန်ပါသည်။ ကျွန်တော့်ဝါသနာမှာ စာအုပ်စုဆောင်းသူ၊ စာဖတ်သူ၊ စာမှတ်သည့်ဝါသနာပါလာပါသည်။ ကျွန်တော့်ဖခင်မှာ ကိုလိုနီခေတ်က အထက်တန်းကျောင်းအုပ်ဆရာကြီး ဖြစ်ခဲ့ပါသည်။ ကျွန်တော့်အဒေါ်များ၊ ဦးလေးများ၊ အစ်မများလည်း ကျောင်းဆရာ၊ ကျောင်းဆရာမများ ဖြစ်ကြရာ ကျွန်တော်မှာ ငယ်စဉ်ကပင် စာအုပ်ပုံအတွင်း ကြီးပြင်းလာခဲ့ရပေ၏။ ဤကဲ့သို့ နီးစပ်မှု၊ ပတ်ဝန်းကျင်စေ့ဆော်



www.burmeseclassic.com

www.burmeseclassic.com

မှု၊ အမခြအနေပေးမှုတို့ကြောင့် ကျွန်တော်သည် စာအုပ်စုဆောင်းသူ၊ စာဖတ်ဝါသနာပါသူတစ်ဦး ဖြစ်လာသည်ဟု ကျွန်တော်ထင်မိပါသည်။

အမှန်အားဖြင့် ဝါသနာသည် အသက်မွေးမှုနှင့်လည်း သက်ဆိုင်ခြင်းမရှိပါ။ အားလပ်ချိန်များတွင် လုပ်သောအလုပ် ဖြစ်ပါသည်။ လူအမျိုးမျိုးတွင် ဝါသနာအမျိုးမျိုးရှိကြရာ အချို့ပုဂ္ဂိုလ်များ၏ဝါသနာမှာ ထူးထွေဆန်းပြားလှပါသည်။

ကျွန်တော့်ဦးလေး ဦးထွန်းစိန်၏ ထူးဆန်းသောဝါသနာကို ရေးသားဖော်ပြလိုပါသည်။ သူသည် ဒုတိယကမ္ဘာစစ် မဖြစ်ပွားမီကပင် အင်္ဂလိပ်မြန်မာ သတ္တမတန်း အောင်မြင်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ သို့သော် မိဘများက အတော်အသင့်ချမ်းသာသော မြေပိုင်ရှင်များဖြစ်သဖြင့် ဦးလေး ကိုထွန်းစိန်သည် မည်သည့်အလုပ်မှ မလုပ်၊ အစိုးရအမှုထမ်းအဖြစ် ဝင်ရောက်အမှုထမ်းခြင်းလည်းမရှိဘဲ အေးအေးဆေးဆေး ကြောင့်ကြမဲ့ကင်းစွာ အိမ်ထောင်ပြုခြင်းလည်းမရှိဘဲ နေထိုင်ခဲ့သူဖြစ်၏။

BURMESE CLASSIC .com

သူ့ဝါသနာက အတော်ထူးဆန်းသည်ဟု ဆိုရပေတော့မည်။ ရုပ်ရှင်ကြော်ငြာများကို တစိုက်မတ်မတ် စုဆောင်းခဲ့သူ ဖြစ်ပါသည်။ သူစုဆောင်းထားသည့် ရုပ်ရှင်ကြော်ငြာများကိုလည်း နှစ်အလိုက်၊ လအလိုက်၊ ရက်အလိုက် စီစဉ်ထားပါသည်။ ထိုစဉ်က ကျွန်တော်တို့မြို့တွင် ရုပ်ရှင်ရုံမရှိပါ။ ၁၀ မိုင်ခန့်ကွာဝေးသော မင်းဘူးမြို့တွင်မှ ရုပ်ရှင်ရုံ နှစ်ရုံရှိ၏။ ထိုရုံများတွင် ရုပ်ရှင်ဇာတ်ကားသစ်များ အသစ်လဲသည့်အခါတိုင်း ရုပ်ရှင်ကြော်ငြာကားဖြင့်လည်းကောင်း၊ လှည်းဖြင့်လည်းကောင်း၊ မောင်းခတ်သူဖြင့်လည်းကောင်း ကျွန်တော်တို့မြို့သို့ လာရောက်ကြော်ငြာလေ့ရှိပါသည်။

ဦးလေးကိုထွန်းစိန်သည် ကလေးငယ်များ၊ ကျောင်းသားငယ်များကို ထိုကြော်ငြာကားနောက်သို့ လိုက်စေ၍ ကြော်ငြာကောက်စေပါသည်။ သူတို့ထံမှ ကြော်ငြာများကို ဝယ်ယူစုဆောင်းထားပြီး စနစ်တကျ သိမ်းထားသည်သာမက နေ့စွဲ၊ ရက်စွဲ၊ ရုပ်ရှင်ပြသသည့် ရုံအမည်၊ ရုပ်ရှင်ကားအမည်၊ ဒါရိုက်တာအမည်၊ ရုပ်ရှင်ရိုက်ကူးသည့် ကုမ္ပဏီအမည်၊ မင်းသား၊မင်းသမီးများအမည်၊ လူရွှင်တော်များ၊ ဇာတ်ပို့အမည်များကို စာအုပ်ကြီးတစ်အုပ်ဖြင့် မှတ်တမ်းတင်ထားလေ့ရှိသည်။ သူ့ရုပ်ရှင်ကြော်ငြာများနှင့် မှတ်ပုံတင်စာအုပ်ကြီးကို မည်သူကိုမျှ မကိုင်စေရ။ သူစိတ်ကူးရသည့်အခါတွင်မှ သူ့မိတ်ဆွေများကို ပြသသောအခါ ကျွန်တော်တို့ ကြည့်ခွင့်ရသည်။ ကျွန်တော်မှတ်မိသလောက် ထိုစဉ်က ပြသခဲ့သော ရုပ်ရှင်ကားများမှာ ပန်းစေတီ၊ သုံးရက်လ၊ သံခမောက်၊ ဘုန်းတော်ရှင်၊ နှစ်ဆောင်ပြိုင်၊ ချစ်မှူး အောင်သပြေ၊ ဒွေးညီနောင်၊ မမေ့နိုင်၊ ရဲသုံးဘော် စသည်တို့ ဖြစ်သည်။

ဦးလေးကိုထွန်းစိန်သည် မင်းဘူး၊ မကွေး၊ ရေနံချောင်းမြို့များတွင် နေထိုင်သော သူ့မိတ်ဆွေများထံသို့လည်း ရုပ်ရှင်ကြော်ငြာများ ပို့ပေးရန် မှာလေ့ရှိ၏။ သို့သော် သူအနှစ်အနှစ်အလလ စုဆောင်းခဲ့သော ရုပ်ရှင်ကြော်ငြာများနှင့် မှတ်ပုံတင်စာအုပ်ကြီးမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မီးလောင်ပျက်စီးခဲ့ရသည်။ အကယ်၍ သူ၏ထူးဆန်းသောဝါသနာအရ စုဆောင်းထားသော ရုပ်ရှင်ကြော်ငြာများနှင့် သူ့မှတ်ပုံတင်စာအုပ်ကြီးသာ ယနေ့ရှိခဲ့လျှင် သုတေသီများအတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိပေလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော် လက်လှမ်းမီသလောက် ရှာဖွေစုဆောင်းထားသော၊ ဖတ်ရှုခဲ့ရသော နာမည်ကျော်ကြား လူသိများကြသော ပုဂ္ဂိုလ်ကြီးများ၏ ဘဝတ္ထုပ္ပတ္တိတွင် သူတို့၏ ထူးထွေဆန်းပြားသော ဝါသနာများအကြောင်း ဖတ်ရှုခဲ့ကြရသည်။ ဤလောကီဘုံသား လူသားများသာ ဖြစ်ကြသော နိုင်ငံတကာမှ တော်ဝင်မိသားစုများတွင် စိတ်ဝင်စားဖွယ်ရာကောင်းသော ဝါသနာရှင်များ ပါဝင်ခဲ့သည်ကို ကျွန်တော် ဖတ်ရှုခဲ့ရသည်။ ခရစ်နှစ် ၁၇၈၉ ခုနှစ် ဖြစ်ပွားခဲ့သော ပြင်သစ်တော်လှန်ရေးကြီးအတွင်း ပါရီမြို့တွင် ခေါင်းဖြတ်အသက်ခံခဲ့ရသော တစ်ဆယ့်ခြောက်ကြိမ်မြောက် လူဝီဘုရင်သည် နာရီပြင်ခြင်းကို ဝါသနာပါသူ ဖြစ်၏။ သူပြင်သစ်နိုင်ငံ ကေရာဇ်အဖြစ် ထီးနန်းတက်ခဲ့သည်မှ ပါရီမြို့တော်ရှိ ဘာစတီးအကျဉ်းထောင်ကြီးတွင် အကျဉ်းသားအဖြစ် အကျဉ်းချခံရသည့်အချိန်ထိ နာရီအဟောင်းများကိုလည်းကောင်း၊ အပျက်များကိုလည်းကောင်း ပြင်ဆင်ခြင်းဖြင့် အချိန်ကုန်ခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့သည်။

ကွယ်လွန်သူ အင်္ဂလန်နိုင်ငံ ဘုရင်များဖြစ်ကြသော ပဉ္စမမြောက်ဂျော့ဘုရင်နှင့် ဆဋ္ဌမမြောက် ဂျော့ဘုရင်တို့သည် တံဆိပ်ခေါင်း စုဆောင်းမှုကို ဝါသနာပါသူများ ဖြစ်ကြသည်။ သူတို့စုဆောင်းထားသော တံဆိပ်ခေါင်းအဟောင်းများမှာ စာမျက်နှာ ၆၀ ပါသော သားရေဖုံးစာအုပ်ပေါင်း ၃၃၀ ရှိသည်ဟုသိရ၏။ ထိုစာအုပ်များကို ဘက်ကင်ဟန်နိုင်ငံတော် ဟွန်နန်းဆောင်တွင် သိမ်းဆည်း၍ ပြသထားသည်ဟု ဆိုသည်။

ယနေ့ အင်္ဂလန်နိုင်ငံ ဘုရင်မကြီး အဲလစ်ဇဘက်၏အဘွားဖြစ်သူ မေရီမိဖုရားကြီး၏ ဝါသနာမှာ အံ့ဖွယ်သရဲ ထူးဆန်းနေသည်။ သူ့ဝါသနာမှာ မြင်းသံခွာအဟောင်းများကို အမြောက်အမြားစုဆောင်းထားခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် နေထိုင်စဉ်သာမက အခြားနိုင်ငံများသို့ ခရီးထွက်စဉ်အခါ မြင်းသံခွာဟောင်းများကို ကောက်ယူစုဆောင်းသည်ဟု သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးဆန်းဆန်း မျက်မှန်များ စုဆောင်းရန် ဝါသနာပါသူမှာ ကွယ်လွန်သူ ဂျပန်ဘုရင်ကြီး ဟီကိုဟီတို ဖြစ်သည်။ သူသည် ငယ်စဉ်ကပင် မျက်စိအလွန်မှုန်သူဖြစ်ရာ အသက်တစ်ဆယ့်လေးနှစ်သားအရွယ်က မျက်မှန်တပ်ခဲ့ရသည်ဟုသိရ၏။ ဘုရင်ကြီးသည် ထိုအရွယ်ကစ၍ မျက်မှန်အမျိုးမျိုး စုဆောင်းခဲ့ရာ သူစုဆောင်းခဲ့သော မျက်မှန်များတွင် အလွန်အဖိုးထိုက်တန်သော စိန်များစီထားသော မျက်မှန်များ ပါသည်ဟု သိရ၏။ သို့သော်လည်း မျက်မှန်များကို ဝါသနာအရ စုဆောင်းထားခြင်းသာဖြစ်ရာ ယင်းမျက်မှန်များကို တပ်ဆင်ခြင်းမပြုဟု သိရ၏။

ထူးထူးခြားခြား ဝါသနာပါသူတစ်ဦးမှာ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်၊ ဆန်နီဗေး(လ်)မြို့မှ အငြိမ်းစား ကြည်းတပ်ဗိုလ်ချုပ် မစ်ကီဖက်ဆိုသူ ဖြစ်ပါသည်။ သူသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဥရောပတိုက် စစ်မျက်နှာတွင် နာမည်ကျော်ခဲ့သော ဗိုလ်ချုပ်တစ်ဦး ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု ကမ်းခြေစောင့်တပ်ဖွဲ့တွင်လည်း အမှုထမ်းခဲ့သည်ဟု ဆိုသည်။

သူသည် ငယ်စဉ်[illegible] စစ်သားရုပ်များကို တစိုက်မတ်မတ် စုဆောင်းခဲ့သူဖြစ်၏။ သူ့စစ်သားရုပ်များမှာ ကမ္ဘာ့သမိုင်းတစ်လျှောက်၌ ပေါ်ပေါက်ခဲ့သော တပ်ဖွဲ့ဝင်တို့၏ ပုံ၊ အဝတ်အစားအတိုင်း ပြင်ဆင်ပြုလုပ်ထားသော အရုပ်များဖြစ်ကြသည်။ ကမ္ဘာ့သမိုင်းတွင် တစ်ခေတ်က ဘာသာရေးခရူးဆိတ်စစ်ပွဲများဟု ကျော်စောထင်ရှားသည့် စစ်ပွဲများအတွင်းက ထင်ရှားခဲ့သော ရောမလီဂျင် တပ်မတော်သားများ၊ ဂရိနိုင်ငံတော်ကောင်းစားစဉ်က ထင်ရှားခဲ့သော ဂရိတပ်မတော်သားများ၊ အမေရိကန်ပြည်တွင်း စစ်ကြီးအတွင်းက စစ်သားများ၊ ပြင်သစ်စစ်ဗိုလ်ချုပ် နပိုလီယန်ခေတ်က နာမည်ကျော်ခဲ့သော မဟာတိုက်တိုင်းအောင် တပ်မတော်ကြီးမှ စစ်သားများ၊ ဗီယက်နမ်စစ်ပွဲကာလက အမေရိကန်ကမ်းခြေတက်တပ်ဖွဲ့ဝင် တပ်သားများ ပါဝင်သည်ဟု သတင်းများက ဖော်ပြခဲ့ပါသည်။ ထိုစစ်သားရုပ်ကလေးများကို သူကိုယ်တိုင်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟုလည်း သိရ၏။ စစ်သားရုပ်တစ်ရုပ်အတွက် ကုန်ကျငွေမှာ တစ်ရုပ်လျှင် ပျမ်းမျှ တစ်ဆယ့်ငါးဒေါ်လာ ကုန်ကျသည်ဟု သိရ၏။

သို့ဖြစ်၍ အငြိမ်းစားဗိုလ်ချုပ် မစ်ကီပက်တာဆင် စုဆောင်းထားသော စစ်သားရုပ်များ၏ တန်ဖိုးမှာ ဒေါ်လာ ၃.၅ သန်းရှိသည်ဟု ခန့်မှန်းကြသည်။ သူ့တွင် စုဆောင်းထားသော စစ်သားရုပ်ပေါင်း ၂၅၀၀၀၀ နှစ်သိန်းငါးသောင်းရှိသည်ဟု သိရ၏။ ထိုစစ်သားရုပ်များကို သူ့နေအိမ်တွင် ပြတိုက်သဖွယ် ခင်းကျင်းပြသထားသည်ဟု ဆိုသည်။ သူကဲ့သို့ စစ်သားရုပ်စုဆောင်းမှုကို ဝါသနာပါသော နိုင်ငံတကာမှ စစ်သားရုပ်စုဆောင်းသူဝါသနာအိုးများသည် သူ့ပြတိုက်သို့ လာရောက်လေ့လာကြသည်။ အငြိမ်းစားဗိုလ်ချုပ် ပက်တာဆင်သည် သုံးနှစ်သားအရွယ် ကျောင်းသားဘဝကပင် စစ်သားရုပ်များကို စုဆောင်းခဲ့သည်ဟု သိရ၏။

အခြား တံဆိပ်ခေါင်းစုဆောင်းသည့် ဝါသနာပါသူတစ်ဦးမှာ ပြင်သစ်နိုင်ငံ၊ ပါရီမြို့မှ သန်းကြွယ်မြို့စားကတော်ကြီး မရီယာဂါလီရာ ဆိုသူဖြစ်သည်။ သူသည် ခရစ်နှစ် ၁၈၆၁ ခုနှစ်ကစ၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ရှားပါးတံဆိပ်ခေါင်းများကို ဝယ်ယူစုဆောင်းခဲ့သည်ဟု သိရ၏။ ယင်းတံဆိပ်ခေါင်းများဝယ်ယူရန်အတွက် ရက်သတ္တတစ်ပတ်လျှင် ထိုစဉ်က ဒေါ်လာငွေ ၁၀၀၀၀ အသုံးပြုခဲ့သည်ဟု မှတ်တမ်းများအရ သိရ၏။

သူကွယ်လွန်သောအခါ သူအနှစ်နှစ်အလလ စုဆောင်းထားသော တံဆိပ်ခေါင်းများသည် စာမျက်နှာ ၁၀၀၀ ပါသော သားရေဖုံးစာအုပ် ၃၀၀ ရှိခဲ့သည်။ သူကွယ်လွန်သောအခါ အီတလီနိုင်ငံ၊ ဂျီနိုဝါမြို့တွင် နေထိုင်သူ သူ၏သား မြို့စားကလေး ဖာရာရီက အထက်ဖော်ပြပါ တံဆိပ်ခေါင်းများကပ်ထားသော စာအုပ်များကို ရရှိခဲ့သည်ဟု ဆိုသည်။ သူကွယ်လွန်သောအခါ ဆက်ခံသူများက [illegible]မနီနိုင်ငံ၊ ဘာလင်မြို့ရှိ ဗဟိုစာ[illegible]က်ကြီးသို့ လှူဒါန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့ပြီး ဂျာမနီနိုင်ငံ စစ်ရှုံးခဲ့ရာတွင် ထိုဘာလင်မြို့ ဗဟိုစာတိုက်ကြီးမှ အထက်ဖော်ပြပါ တံဆိပ်ခေါင်းကပ်ထားသည့် စာအုပ်များကို ပြင်သစ်အစိုးရက သိမ်းယူခဲ့သည်။ (စစ်လျော်ကြေးအဖြစ် သိမ်းယူခဲ့သည်ဟု သိရ၏။) ၎င်းစာအုပ်များကို ၁၉၁၈ ခုနှစ်က ပါရီမြို့တော်တွင် လေလံတင်ရောင်းချခဲ့ရာ ဒေါ်လာငွေ နှစ်သန်းရရှိခဲ့သည်ဟု သိရ၏။

အခြား ထူးထွေဆန်းပြားသော ဝါသနာရှင်တစ်ဦးမှာ အမေရိကန်ပြည်ထောင်စု စိန့်လူးဝစ်မြို့မှ မစ္စတာရိုက်ဆိုသူ ဖြစ်၏။ သူ့ဝါသနာမှာ ဘီယာဘူးခွံအမျိုးမျိုး စုဆောင်းသည့် ဝါသနာဖြစ်၏။ သူသည် သူ့မိတ်ဆွေ ဂျွန်အာဖာရင်း ဆိုသူနှင့်အပြိုင် ဘီယာဘူးခွံများ စုဆောင်းခဲ့သည်ဟု ဆိုသည်။ ဂျွန်အာဖာရင်းဆိုသူမှာ အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် မေင့်လောရယ်မြို့မှ စာအုပ်ထုတ်ဝေသူတစ်ဦး ဖြစ်၏။ သူတို့နှစ်ယောက်သည် ခင်မင်ရင်းနှီးသူများ ဖြစ်ကြသည်။ (နောင်အခါ အမေရိကန်ပြည်ထောင်စု ဘီယာဘူးခွံဆုဆောင်းသူများအသင်းကို တည်ထောင်ခဲ့ကြသည်။)

သူတို့နှစ်ဦးသည် ကမ္ဘာကျော် ဂင်းနစ်စံချိန်မှတ်တမ်းဝင်စာအုပ်တွင် မှတ်တမ်းဝင်နိုင်ရန် ဘီယာဘူးခွံများကို အပြိုင်အဆိုင် စုဆောင်းခဲ့ခြင်းဖြစ်၏။ သူတို့နှစ်ဦးအနက် နယူးဂျာစီပြည်နယ်သား ဂျွန်အာဖာရင်းက ဘီယာဘူးခွံ ၁၁၀၀၀ စုဆောင်းနိုင်ခဲ့သဖြင့် ကမ္ဘာ့ဂင်းနစ်စံချိန်မှတ်တမ်းစာအုပ်က ဘီယာဘူးခွံစုဆောင်းသူအဖြစ် အသိအမှတ်ပြုခဲ့သည်။


အံ့ဖွယ်ကောင်းသည်မှာ အမေရိကန်ပြည်ထောင်စု ဘီယာဘူးခွံစုဆောင်းသူများအသင်းသည် အသင်းဝင် ၁၃၀၀၀ ရှိသည်ဟု မှတ်တမ်းများအရ သိရ၏။ ထိုအသင်းဝင်အဖြစ် လျှောက်ထားသူသည် အနည်းဆုံး ဘီယာဘူးခွံအမျိုးမျိုး ၅၀၀ မှ ၇၅၀ အထိ စုဆောင်းထားသူဖြစ်ရမည်ဟု သိရ၏။

လက်ဖျားခါရလောက်အောင် ထူးဆန်းသည့် ဝါသနာရှင်မှာ ဂျပန်နိုင်ငံ မြောက်ပိုင်း ကမ်းရိုးတန်း ဂျင်ကိုင်ပင်လယ်ကမ်းခြေ ကျူရှူကျွန်းရှိ ဖူကူမာမြို့မှ ဂျပန်အမျိုးသား ကာဒါရှိုအိရှိ ဆိုသူဖြစ်၏။ သူသည် မူလတန်းကျောင်းသားဘဝကပင် ပင်လယ်တွင်းမှ သူ့မြို့ကလေးကမ်းခြေသို့ လှိုင်းလုံးများဖြင့် မျောပါလာပြီး ကမ်းခြေပေါ်တင်လာသည့် ပစ္စည်းအမျိုးမျိုးကို တစိုက်မတ်မတ် စုဆောင်းခဲ့သူဖြစ်သည်။ သူစုဆောင်းထားသည့် ပစ္စ... များမှာ ရှေးဟောင်းလှေအပျက်မျာ... အပိုင်းအစများ၊ ပုလင်းများ၊ ဘီယာဘူ... များ၊ အလယ်ခေတ်က တရုတ်နိုင်ငံ... ဂျပန်နိုင်ငံတို့တွင် အသုံးပြုခဲ့သော ပုလ... များ၊ ရှေးခေတ် တရုတ်နိုင်ငံနှင့် ဂျပ... နိုင်ငံတို့တွင် အသုံးပြုခဲ့သော အုန်းမှု... ခွက်များ၊ ထူးထူးဆန်းဆန်း ခရုခွံမျ... ဖြစ်သည်။

ကာဒါရှိုအိရှိသည် သူရရှိထားသေ... ရေမျောကမ်းတင်ပစ္စည်းများကို စန... တကျ မှတ်တမ်းတင်ထားပြီး ပြသထာ... သည်သာမက စာတစ်စောင်ပေတစ်... ရေးသားထုတ်ဝေခဲ့သည်ဟု ဆိုသည်။

အခြားထူးထူးခြားခြား ဝါသနာရှ... တစ်ဦးမှာ တရုတ်နိုင်ငံကောင်ပိုင်း ဟိ... မြို့မှ အသက် ၅၀ အရွယ်ရှိ ဖင်ရီဆို... ဖြစ်သည်။ သူ့ဝါသနာမှာ နိုင်ငံတကာ... ထုတ်ဝေသော သတင်းစာအမျိုးမျိုး... စုဆောင်းခြင်းဖြစ်သည်။ မှတ်တမ်းမျာ... အရ သူ့တွင် နိုင်ငံတကာမှ ထုတ်ဝေ... သော သတင်းစာအမျိုးပေါင်း ၆၀၀၀ ... ဆောင်းထားရှိခဲ့ပြီး၊ သတင်းစာစောင်... ပေါင်း ၈၀၀၀၀၀ ရှိခဲ့ပြီးဖြစ်သည်။ ဖ... သည် သူအနှစ်နှစ်အလလ စုဆော... ထားသော သတင်းစာများကို ပြတိုက်... လုပ်၍ ပြသထားရန် ရည်ရွယ်ထားသ... ဟု သိရ၏။

ဝါသနာပါသူ၏ စိတ်ဆန္ဒအလျော... မိမိတို့ ဝါသနာပါရာကို ပြုလုပ်နေရခြ... သည် စိတ်ပျော်ရွှင်မှုကို ဖြစ်စေသည်သ... မက မိမိပတ်ဝန်းကျင်ကိုပါ ကာစ်ဖက်ထ... လမ်းမှ အကျိုးပြုခဲ့သည်ဟု ဆိုကြ... ကြောင်း ...။



လုံမိုး(ပညာရေ...

ကျမ်းကိုး

The Encyclopedia of Col... lectibles - Believe it or not.



www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ပူဇော်ရခြင်းကြောင့်

# သိအပ်သောအကျင့်နှင့်

# ရနိုင်သောအကျိုးထူးများ

■ ဖိုးသန်းကျော်(ရေကြည်သား)

**သိအပ်သောအကျင့်နှင့် ရနိုင်သောအကျိုးထူးများ (၇)**

(က) စိတ်ကောင်းနှင့် စိတ်ဆိုး သုစရိုက်၊ ဒုစရိုက် နှစ်မျိုးစလုံးမှာ ပါဝင်သော စေတသိက်(၁၃)ပါးကို အနည်းငယ် ချဲ့၍ ဖော်ပြလိုပါသည်။ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသရေးသားသော ကိုယ်ကျင့်အဘိဓမ္မာနှင့် မိုးကုတ်ဆရာတော်ဘုရားကြီး အရှင်ဝိမလရဟန္တာအရှင်မြတ်ကြီး၏ တရားတော်များမှ ပေါင်းစပ်၍ ဖော်ပြပါသည်။

၁။ ဖဿ အာရုံနှင့် ဒွါရ ထိတွေ့မှုကြောင့် ဖဿဖြစ်လာပါသည်။ မျက်စိနှင့် အဆင်း၊ နားနှင့် အသံ၊ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အစာအာဟာရ၊ ကိုယ်ကာယနှင့် ထိတွေ့စရာများ၊ မနောနှင့် ကြံတွေးစရာများ၊ ထိတွေ့မှု ဖဿဖြစ်ပေါ်စေသည်။ ဒွိယံပဋိသွစိညာဏ်၊ အခံဓာတ်၊ အတိုက်ဓာတ် နှစ်ခု ထိတွေ့မှုကြောင့် အာရုံသိသောစိတ် ဝိညာဏ်ဖြစ်ပေါ်လာသည်။ ပထမနှစ်ခုနှင့် စိတ်သုံးခုပေါင်းဆုံသဖြင့် ဖဿပေါ်လာသည်။

၂။ ဝေဒနာ အာရုံကို ခံစားခြင်းသဘောကို ဝေဒနာခေါ်သည်။

(က) ကိုယ်ကာယမှာ ခံစားမှုနှစ်မျိုး ကောင်းခံစားသုခဝေဒနာနှင့် ဆိုးခံစား ဒုက္ခဝေဒနာ ပေါ်သည်။

(ခ) မျက်စိ၊ နား၊ နှာခေါင်း၊ လျှာတို့တွင် ဥပေက္ခာဝေဒနာပေါ်သည်။ ကောင်းဆိုးမဖော်တဲ့ အလတ်စား။

(ဂ) မနောဒွါယ ဟဒယဝတ္ထုတွင် သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဝေဒနာ သုံးမျိုးပေါ်နိုင်သည်ပဟုဆို။ ... ဥပေက္ခာဝေဒနာခေါ်၏၊ ထိုသုံးမျိုး တစ်မျိုး စီသာ လှည့်ပေါ်နေသည်။

၃။ သညာ ပြောဆိုရာမှာ အမှတ်အသားပြုခေါ်ဆိုမှုကို သညာခေါ်သည်။

၄။ စေတနာ စေ့ဆော်တိုက်တွန်း နှိုးဆော်သည့်သဘောကို စေတနာခေါ်သည်။ မိမိနှင့်အတူ ဖြစ်သော စိတ်စေတသိက်များကို ဦးဆောင်ဆော်ဩပေးသည်မှာ စေတနာဖြစ်သည်။

(က) စေတနာထက်သန်လျှင် ခန္ဓာကိုပါ သွက်လက်လာ၏။ (ခ) စေတနာမပါလျှင် ညံ့နေလျှင် စိတ်မပါ၍ ခန္ဓာကိုယ် မသွက်လက် နှေးကွေးနေတတ်၏။ (ဂ) မည်သည့်အာရုံကိုမဆို အာရုံယူရာတွင် စေတနာသည် အချုပ်အခြာဖြစ်၏။ (ဃ)ထို့ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံများကို ပြုလုပ်သောလက်သည်မှာ စေတနာဖြစ်၍၊ စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ၊ စေတနာကို ကံဟု မြတ်ဗုဒ္ဓဟောတော်မူခြင်းဖြစ်သည်။ (င) စေတနာထက်လေ ကံကြီးလေ၊ စေတနာညံ့လေ ကံညံ့လေဖြစ်၏။ ၅။ ဧကဂ္ဂတာ စိတ်တည်ငြိမ်ခြင်းသဘောကို ဧကဂ္ဂတာဆို၏။ သမာဓိဟုလည်းခေါ်၏။

၆။ ဇီဝိတိန္ဒြေ ဖြစ်နေသော စိတ်၊ စေတသိက်တို့သည် အရှင်ဖြစ်သည်။ အရှင်ဖြစ်၍ အာရုံကို သိနိုင်သည်၊ နာမ်စာရားဟုလည်းခေါ်၏။ နာမ်တရားသည် ဖြစ်တည်ပျက်အားဖြင့် အလွန်သက်တမ်းတို၏။ ထိုနာမ်သက်ကို ဇီဝိတိန္ဒြေခေါ်သည့် နာမ်မှာ နာမ်သက်ရှိသကဲ့သို့ ရုပ်မှာလည်း ရုပ်သက်ရှိသည့် ထိုရုပ်သက် နာမ်သက် နှစ်ပါးကိုပင် သတ္တဝါတို့၏ အသက်ကို



www.burmeseclassic.com

www.burmeseclassic.com

တင်စား၍ ခေါ်နေကြသော်လည်း သက်ရှိတို့၏ ခန္ဓာကိုယ်ထဲမှာ အသက်ကောင်၊ လိပ်ပြာကောင်၊ အတ္တကောင်မရှိချေ။ ထို အချက်ကို သိကြရန် အလွန်အရေးကြီးသည် မှတ်ပါတဲ့။

၇။ မနသိကာရ အာရုံတစ်ခုကို ပေါ်အောင်ထင်အောင် သိအောင်နှလုံးသွင်းခြင်းကို မနသိကာရခေါ်၏။ ထိုအာရုံထင် သော စိတ်ပြစ်စေရန် အာရုံကို ထိမှု ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရတိုင်အောင် စေတသိက်ခုနစ်ပါး အမြဲပါရလေသည်။ သို့သော် ဝေဒနာသည် စေတနာနှင့် ဧကဂ္ဂတာခေါ် သမာဓိလေးပါးတို့သာ သတ္တိထင် ရှားဖြစ်သည်။ ဖဿ၊ ဇီဝိတိန္ဒြေနှင့် မနသိကာရသုံးပါးမှာ ပါဝင် သော်လည်း သတ္တိမထင်ရှားချေ။

၈။ ဝိတက် ကြံစည်တွေးတောခြင်းကို ဝိတက်ဆို၏။ မကောင်းသော ဝိတက်သုံးမျိုး၊ ကောင်းသောဝိတက်သုံးမျိုးစီ ရှိကြသည်။

(က) မကောင်းသောဝိတက်သုံးမျိုးမှာ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့ ဖြစ်ကြသည်။

(i) လောဘနှင့် မကင်းသော ကြံစည်စိတ်ကူးခြင်း ကို ကာမဝိတက်ခေါ်၏။

(ii) သားမယား၊ သားသမီးပစ္စည်းဥစ္စာအတွက် သောကရှိမှုကို ဗျာပါဒဝိတက်ခေါ်သည်။

(iii) ဒေါသနှင့်ယှဉ်လျက် သူတစ်ပါးကို တစ်နည်းနည်း ဒုက္ခရောက်ပျက်စီး၊ သတ်ဖြတ်ရန် စသည်ကို ကြံစည်မှုကို ဝိဟိံသဝိတက်ခေါ်၏။

(ခ) ကောင်းသောဝိတက် သုံးမျိုးမှာ နေက္ခမဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသဝိတက်တို့ ဖြစ်သည်။

(i) တောထွက်ဖို့၊ ရဟန်းပြုဖို့၊ လှူဖို့၊ သီလဆောက် တည်ဖို့၊ ကြံစည်စိတ်ကူးခြင်းသည် နေက္ခမဝိတက် ခေါ်၏။

(ii) ဒေါသနှင့် ဆန့်ကျင်ဘက်မေတ္တာနှင့် ယှဉ်သော ကြံစည်စိတ်ကူးခြင်းသည် အဗျာပါဒဝိတက် ဖြစ်သည်။

(iii) ကရုဏာနှင့်ယှဉ်သော ဒုက္ခိတသတ္တဝါများကို ဒုက္ခ မှ ကယ်ဆယ်ဖို့ ကြံစည်စိတ်ကူးခြင်းသည် အဝိဟိံသဝိတက် ဖြစ်လေသည်။

၉။ ဝိစာရ အာရုံတစ်ခုကို အကြိမ်ကြိမ်အဖန်ဖန် သုံး သပ်ခြင်းကို ဝိစာရခေါ်၏။

၁၀။ အဓိမောက္ခ သုံးသပ်စဉ်းစားပြီး၍ ဆုံးဖြတ်ခြင်းကို အဓိမောက္ခခေါ်၏။

၁၁။ ဝီရိယ ကြိုးစားအားထုတ်ခြင်းကို ဝီရိယခေါ်သည်။ ဝီရိယဝတောကိနာမ နသိဇ္ဈာတိ ဝီရိယရှိသူမှာ မပြီးစီးနိုင်သော ကိစ္စမရှိ ပြီးစီးရမည်သာ ဖြစ်၏။

၁၂။ ပီတိ အာရုံတစ်ခုကို အားရနှစ်သက်သဘော[...] ခြင်းကို ပီတိခေါ်သည်။

၁၃။ ဆန္ဒ လိုလားမှုကို ဆန္ဒဆို၏။ အာရုံတစ်ခု[...] ရယူလို၊ ပြုလုပ်လိုခြင်းကို ဆန္ဒခေါ်သည်။ ဆန္ဒဝတော ကိံနာ[...] နသိဇ္ဈာတိ ဆန္ဒအားကြီးမားသူမှာ မပြီးနိုင်၊ မရနိုင် မဖြစ်နိုင်သည်[...] မရှိ ဖြစ်ရသည်သာ။

(ဃ) ပုညကြိယာဝတ္ထု ၁၀ ပါးကို အနည်းငယ်ချဲ့[...] ရေးလိုပါသည်။

၁။ ဒါန စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းကို ဒါနခေါ်သည်[...] ဝတ္ထုဒါနနှင့် စေတနာဒါနနှစ်မျိုးရှိသည်။ ဆွမ်း၊ သင်္ကန်[...] ကျောင်း၊ ဆေး စသော လှူဖွယ်ပစ္စည်းများသည် ဝတ္ထုဒါနဖြ[...] သည်။ ထိုဝတ္ထုဒါနများကို လှူဒါန်းစဉ်မှာ ကိုယ်အတွင်း၌ မနော[...] ဒွါယ၌ ဖြစ်ပေါ်သော စိတ်စေတနာကို စေတနာဒါနခေါ်သည်[...]

ဒါနကုသိုလ်အကျိုးပေးရာ၌ ဝတ္ထုဒါနများက အကျိုးပေး[...] သည်မဟုတ်။ စေတနာဒါနများက အကျိုးပေးကြသည်။ ဒ[...] သော် လှူဖွယ်ဝတ္ထုမွန်မြတ်လေ စေတနာမွန်မြတ်လေ၊ ထက်[...] သန်လေ ဖြစ်၏။ ထိုစေတနာသည် ဖြစ်သည့်နေရာမှာပင် ဖြ[...] ပြီး ချုပ်ပျောက်သွားသော်လည်း အလားတူအကျိုးပေးရန် သတ္တိ[...] ကို မြှုပ်နှံ၍သွားလေသည်။

လှူဖွယ်ပစ္စည်းကလည်း သမ္မာအာဇီဝဖြင့်ရသော[...] ပစ္စည်းဖြစ်ပြီး အလှူခံပုဂ္ဂိုလ်ကလည်း သီလ၊ သမာဓိ၊ ပညာ[...] ကြီးမားလေ စေတနာထက်သန်၍ အားကြီးလေဖြစ်၏။ လှူရှင်[...] ကာလမှာ အလှူရှင်မှာ သီလပြည့်စုံပြီး လောဘ၊ ဒေါသ[...] မောဟမဖြစ်ဘဲ ဝိပဿနာဉာဏ် အထွတ်တင်၍ လှူနိုင်လျှင်[...] နိဗ္ဗာန်ကို ပို့ဆောင်နိုင်သော အမြတ်ဆုံးဒါနကုသိုလ် ဖြစ်ရလေ[...] သည်။

အလှူဒါနတစ်ခု ပြုရာ၌ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ[...] အပရစေတနာဟု သုံးမျိုးရနိုင်သည်။ အလှူပေးရန်၊ ပစ္စည်း[...] ရှာဖွေစုဆောင်းစဉ် ရှေ့အဖို့ ကာလဖြစ်သမျှကုသိုလ်သည် (i)[...] ပုဗ္ဗစေတနာခေါ်သည်။ စိတ်စေတနာသန့်သန့်ဖြင့် ပျော်ရွှင်ဝမ်း[...] မြောက်စွာ အရာရာကျေနပ်လျက် လှူနိုင်လျှင် လှူဆဲမှာ အလွန်[...] စင်ကြယ်သော မုဉ္စစေတနာဖြစ်တော့သည်။

(ii) မုဉ္စစေတနာ မုဉ္စသဒ္ဒါသည် စွန့်လွှတ်ခြင်း[...] အဓိပ္ပာယ်ရှိ၏။ လှူဖွယ်ပစ္စည်းကိုလှူဒါန်းနေစဉ် အခိုက်အတန့်[...] ၌ဖြစ်သော အလှူခံပုဂ္ဂိုလ်အား ကပ်လှူနေဆဲမှာဖြစ်သော[...] စေတနာနှင့် ကိုယ်ထိလက်ရောက် မကပ်ဘဲ နှုတ်ဖြင့်လျှောက်[...] ထား၍ လှူပါ၏ဆိုဆဲဆိုခိုက်မှာ ဖြစ်ပေါ်သောစေတနာကို[...] စေတနာခေါ်သည်။

(iii) အပရစေတနာ အလှူထမြောက်ပြီးနောက် ထိ[...]



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်နှင့် စပ်၍ဖြစ်သမျှ သတိရရတိုင်း ပေါ်လာသော စေတနာကို အပရစေတနာခေါ်သည်။ ပြုပြီးသော ဒါနကုသိုလ်ကို သတိရတိုင်း အထပ်မြောက်ပေပြီ၊ နောက်ထပ်လည်း လှူချင်သေးသည်ဟု ဝမ်းမြောက်နေလျှင် အပရစေတနာတွေ တိုးပွားနေသတည်း။

အလှူပေးလှူရာ၌ မုတ္တစာဂီဖြစ်အောင် လှူတတ်ရန်လိုသည်။ အလှူခံပုဂ္ဂိုလ်၌လည်း မတွယ်တာ၊ လှူဖွယ်ပစ္စည်း၌လည်း မကပ်ငြိ၊ နောင်ဘဝ လူနတ်စည်းစိမ်ကိုလည်း မတောင့်တ ခန္ဓာဝဋ်ဆင်းရဲဒုက္ခမှ ကျွတ်လွတ်ခြင်းကို လိုလားသော အားဖြင့် နိဗ္ဗာန်အလို့ငှာ လွတ်လွတ်ကျွတ်ကျွတ်စိတ်ထားဖြင့် လှူလျှင် အမြတ်ဆုံးဒါန ဖြစ်လေသည်။

BURMESE CLASSIC .com

## ဝဋ္ဋနိဿိတ်ကုသိုလ်နှင့် ဝိဝဋ္ဋနိဿိတ်

ဟိတ်ခြောက်ပါးရှိရာတွင် အကုသိုလ်ဟိတ်သုံးပါး လောဘ၊ ဒေါသ၊ မောဟနှင့် ကုသိုလ်ဟိတ်သုံးပါး အလောဘ၊ အဒေါသ၊ အမောဟဟူ၍ သုံးပါးစီရှိကြသည်။

ပါဠိလို ဟေတု၊ မြန်မာလို ဟိတ်ခေါ်သည်။ အကုသိုလ်ဟိတ်သည် အကုသိုလ်ကို အကျိုးပေးစေ၍ ကုသိုလ်ဟိတ်သည် ကုသိုလ်အကျိုးများပေးလေသည်။

ဒွိဟိတ်ကုသိုလ် ယခုပြုသောကုသိုလ်သည် မိမိခန္ဓာကိုယ်၌ အဖ ဒိတင်ရစ်၏။ နောက်နောင်အခါ အကျိုးခံစားရမည်ကိုသိသော ကမ္မဿကတာဉာဏ်ဖြင့် ပြုသောကုသိုလ်သည် အလောဘ၊ အဒေါသ ဟိတ်နှစ်ပါးပါရှိ၍ ဒွိဟိတ်ကုသိုလ် ခေါ်သည်။

တိဟိတ်ကုသိုလ် ဒါနပြုစဉ် အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါးယှဉ်သော ကုသိုလ်ကို တိဟိတ်ကုသိုလ် ခေါ်သည်။

လှူဖွယ်ဝတ္ထုပစ္စည်း ပေးလှူရာတွင် ကံနှင့် ကံ၏အကျိုးကိုလည်း ယုံကြည်ပြီး အလှူရှင်လည်းမမြဲ၊ လှူဖွယ်ပစ္စည်းလည်းမမြဲ၊ အလှူခံပုဂ္ဂိုလ်လည်းမမြဲ၊ နိဗ္ဗာန်ချမ်းသာသည်သာ မြဲ၏ ဟု သိမြင်သော ဝိပဿနာဉာဏ်အထွတ်တင်၍ ခန္ဓာဝဋ်ဆင်းရဲမှ ကျွတ်လွတ်လို၍ လှူပါ၏ဟုဆိုလျှင် တိဟိတ်ကုသိုလ်ဖြစ်လေသည်။ ထိုကုသိုလ်သည် ဥပနိဿယပစ္စယောသတ္တိဖြင့် နိဗ္ဗာန်သို့ရောက်ကြောင်းသော မဂ္ဂပစ္စယောသတ္တိ ဖြစ်ပေါ်ရစေနိုင်သော ကြီးမြတ်သော အကျိုးထူးကို ရနိုင်သည်။ ဒါနတော်သောဂဝါ အလှူပေးရခြင်း ဖြစ်စေသည်။

၂။ သီလ ကာယကံသုံးပါး၊ ဝစီကံလေးပါးကို ရှောင်ကြဉ်စောင့်ထိန်းခြင်းဖြစ်သည်။ ဒါနထက် သီလကမြတ်သည်။ ပိုမြတ်သော သုခိတာ အသက်ရှည်၍ ကျန်းမာစေသည်။

၃။ ဘာဝနာ ဘာဝနာကို မြန်မာလိုအားဖြင့် တိုးပွားစေခြင်း၊ ထုံမွမ်းခြင်းဟု အဓိပ္ပာယ်ဖွင့်၏။ မိမိစိတ်ကို မြင့်မြတ်ဖြူစင်အောင် အားထုတ်သော စိတ်အလုပ် မနောကံတစ်မျိုးဖြစ်သည်။ သတ္တဝါများ၏ ကောင်းကျိုးချမ်းသာ မင်္ဂလာကို လိုလား၍ မေတ္တာပို့ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း၊ သတိပဋ္ဌာန်အားထုတ်ခြင်းများသည် သမထဘာဝနာများဖြစ်၏။ ကိလေသာကို တဒင်္ဂ(တစ်ခဏ) ဝိက္ခမ္ဘန (ကြာရှည်)အားဖြင့် ငြိမ်းစေ၏။ ကိလေသာကို အမြစ်ပြတ် ပယ်သတ်နိုင်ရန်မှာမူ ဝိက္ခမ္ဘန၊ သမုစ္ဆေဒအားဖြင့် ပယ်သတ်ရန် သတိပဋ္ဌာန ဘာဝနာခေါ် ဝိပဿနာဉာဏ်ပေါ်အောင် ဝိပဿနာအကျင့် အားထုတ်ရမည်။ ဉာဏ်ရင့်၍ လောကုတ္တရာမဂ်ဉာဏ် လေးဆင့် သောတာပန်၊ သကာဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ် ရောက်ရှိလျှင် ကိလေသာကို အမြစ်ပြတ် သမုစ္ဆေဒအားဖြင့် ပယ်သတ်နိုင်ပြီဖြစ်၏။ နိဗ္ဗာန်စံဝင်ရန်သာ ရှိတော့သည်။

၄။ အပစာယန မိမိထက်အသက်ကြီးသူ၊ သီလ၊ သမာဓိ၊ ပညာဂုဏ်သိက္ခာတစ်မျိုးမျိုးကြီးသူကို ဖြစ်စေ၊ အမိအဖ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ဘကြီး၊ ဘထွေး၊ အရီးကြီး၊ အရီးလေး အစ်ကိုအစ်မမှစ၍ ဆရာသမား စသူများကို စေတနာသန့်သန့်ဖြင့် အရိုအသေပေးခြင်းကို အပစာယန ကုသိုလ်ဖြစ်လေသည်။

၅။ ဝေယျာဝစ္စ သူတစ်ပါးကုသိုလ်ကောင်းမှုကိစ္စကို ကူညီပြုလုပ်ပေးခြင်းသည် ဝေယျာဝစ္စကုသိုလ်ဖြစ်၏။ အလှူရှင်နှင့် အလှူခံပုဂ္ဂိုလ်များအတွက် အားလုံးအဆင်ပြေ စိတ်ချမ်းသာစေရန် အလှူမှာ တင့်တင့်တယ်တယ်ဖြစ်စေ လုပ်ကိုင်စရာကိစ္စများကို စိတ်ပါလက်ပါ ကူညီလုပ်ကိုင်ပေးခြင်း ဖြစ်သည်။ မကျန်းမာသူ၊ အိုမင်းမစွမ်းသူ၊ ဆရာသမားဆွေမျိုးများမှစ၍ အကုသိုလ်မဟုတ်သောကိစ္စ၌ ကူညီဆောင်ရွက်ပေးခြင်းကို ဝေယျာဝစ္စကုသိုလ်ခေါ်သည်။

စိတ်ထားတတ်သူမှာ တချို့အလှူရှင်ထက်ပင် ကုသိုလ်အကျိုးထူး ပိုရလေသည်။ မိစ္ဆာဒိဋ္ဌိ အယူမှ ကျွတ်လွတ်သဖြင့် 'ပါယာသိ'ဘုရင်ခံသည် အလှူကို အမြဲမပြတ် လှူဒါန်း၏။ ကိုယ်တိုင်မပြု၊ ဥတ္တရလုလင်ကို ကိုယ်စားပြုလှူစေ၏။ လှူစရာကိစ္စအဝဝကို စိတ်ပါလက်ပါ ကူညီဆောင်ရွက် လှူဒါန်းမှုကိစ္စမှာ ဝေယျာဝစ္စပြုခဲ့သဖြင့် သေလွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်ရ၏။ ပါယာသိမှာ ကိုယ်တိုင်လည်း မလှူ၊ စေတနာလည်း ဥတ္တရလောက် ထက်ပုံမရှိ၍ သေလွန်သော် စတုမဟာရာဇ်နတ်ပြည်မှာသာ နတ်ဖြစ်ရလေသည်ဟု ဆို၏။

၆။ ပတ္တိဒါန မိမိရသော ကုသိုလ်ကို သူတစ်ပါးကို အမျှပေးဝေခြင်းသည် ပတ္တိဒါနဖြစ်သည်။ ထိုဒါနအတွက် ရပြီး



www.burmeseclassic.com

www.burmeseclassic.com

သော ကုသိုလ်ကို မိမိရသလို ညီတူညီမျှ သူတစ်ပါးကိုလည်း ရစေလိုသော ဆန္ဒဖြင့် အလွန်ဖြူစင်သောစိတ်ဖြင့် ထိုကုသိုလ်ကို ကြားကြားသမျှ သတ္တဝါအပေါင်းအား အမျှပေးဝေခြင်းကိုသာ ပတ္တိဒါနကုသိုလ်ဖြစ်သည်။ သာမန်မျှ အမျှဝေရိုးဝေစဉ် အမျှယူတော်မူကြပါဟုဆိုလျှင် ပတ္တိဒါနဖြစ်ဖို့ ခဲယဉ်းသည်ဟု ဆို၏။

မိမိပြု၍ ရပြီးသော ကုသိုလ်ကို စိတ်စေတနာကောင်း၍ ဝမ်းမြောက်ဝမ်းသာဖြင့် သူတစ်ပါးလည်း ထိုသို့ဖြစ်စေရန် ဆန္ဒသည့် ရွှေပေါ်မြတင်သကဲ့သို့ မူလဒါနကုသိုလ်တွင် ပတ္တိဒါနကုသိုလ်ထပ်တင်ရာ ရောက်ပြီး ကုသိုလ်တိုးပွားရလေသည် မှတ်ပါတဲ့။

၇။ **ပတ္တာနုမောဒန** ကုသိုလ်ရှင်က အမျှပေးဝေသောအခါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်းကို ပတ္တာနုမောဒနကုသိုလ်ခေါ်သည်။ အမျှပေးဝေ၍ မိမိထံရောက်လာသော ကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာဖြစ်၍ သာဓုခေါ်ခြင်းသည် အလွန်မြင့်မြတ်သော မုဒိတာစိတ်ထားဖြစ်သည်။ ဝမ်းမြောက်ဝမ်းသာ မဖြစ်ဘဲ ခေါ်ရိုးခေါ်စဉ် သာဓုကို သာမန်ခေါ်လျှင် ပတ္တာနုမောဒနာအစစ်ဖြစ်ဖို့ ခဲယဉ်းသည်ဟု ဆိုပါသည်။

၈။ **ဓမ္မသာဝန** တရားနာခြင်းကို ဓမ္မသာဝနကုသိုလ်ခေါ်၏။ တရားနာရာ၌ မကြားဖူးသော အကြောင်းအရာများကို ကြားရခြင်း၊ ကြားဖူးပြီးသောအကြောင်းအရာကို ထပ်မံ၍ ရှင်းလင်းစွာ နားလည်စေနိုင်ခြင်း၊ ယုံမှားသံသယကင်းစေခြင်း၊ အယူမှားပယ်၍ အယူမှန်ရောက် သမ္မာဒိဋ္ဌိဖြစ်စေခြင်း၊ သဒ္ဓါတိုးပါး၍ စိတ်ကြည်လင်စေသော အကျိုးထူး(၅)ပါးကို ရစေနိုင်ပါသည်။

၉။ **ဓမ္မဒေသနာ** တရားဟောမှုကို ဓမ္မဒေသနာခေါ်သည်။ ရိုးသားဖြူစင်မြင့်မြတ်သော စိတ်ထားဖြင့် ဟောပြလျှင် သဗ္ဗဒါနံဓမ္မဒါနံဇိနာတိ ဟူသည်နှင့်အညီ အလှူဒါနအားလုံးတွင် တရားအလှူသည် အမြင့်ဆုံး၊ အသာဆုံးဖြစ်၍ အကျိုးပေးလည်း အသာဆုံးဖြစ်၏။

လာဘ်လာဘနှင့် ဂုဏ်ပကာသနကို မမျှော်လင့်ရချေ။ မျှော်လင့်ခဲ့သော် ကောသလမင်း အိပ်မက်တော်အတိုင်း တစ်သိန်းတန် စန္ဒကူးကို ရက်တက်ပုတ်ရည်နှင့် လဲလှယ်စားသူကဲ့သို့ ဖြစ်လိမ့်မည်တဲ့။ မိမိထံရောက်လာသော ဒကာ၊ ဒကာမတစ်ယောက် နှစ်ယောက်ကိုပင် ဖြူစင်သော စိတ်ဖြင့် တရားစကားပြောပြဟောပြလျှင် ဓမ္မဒေသနာဖြစ်တော့သည်။

၁၀။ **ဒိဋ္ဌုဇုကမ္မ** အယူဖြောင့်မှန်ခြင်းကို ဒိဋ္ဌုဇုကမ္မခေါ်သည်၊ အယူသည် အသိဉာဏ်ဖြစ်သည်၊ ထိုအသိဉာဏ် လင်း

မှန်ကျနေလျှင် သမ္မာဒိဋ္ဌိဖြစ်၍ **မှားနေလျှင်** မိစ္ဆာဒိဋ္ဌိဖြစ်လေ သည်။ (၁) ကုသိုလ်ကံနှင့် အကုသိုလ်ကံကို ခွဲခြားသိခြင်း၊ (၂) ထိုကံများ၏ ကောင်းကျိုးဆိုးကျိုးကို နားလည်ခြင်း။ (၃) ထိုကံများကြောင့် ရောက်ရမည့် နောက်ဘဝရှိခြင်းကို ယုံကြည် ခြင်း၊ သိခြင်း၊ (၄) နယ်များ၊ ဗြဟ္မာများရှိခြင်း၊ (၅) ကောင်းမွန်စွာ ကျင့်ကြံ၍ ဈာန်အဘိညာဉ်ရသူ ရဟန္တာဖြစ်သူများရှိခြင်း စသော အချက်၅ ချက်ကို လေးလေးနက်နက် စဉ်းစားသော အခါ ရှိနိုင်သည်၊ ရှိထိုက်သည်၊ ရှိရမည်ဟု အသိဉာဏ်ဖြစ်လျှင် သမ္မာဒိဋ္ဌိဖြစ်သည်။ ဤသမ္မာဒိဋ္ဌိကိုပင် ဒိဋ္ဌုဇုကမ္မဟုလည်း ကောင်း၊ ကမ္မသကတဉာဏ်ဟုလည်းကောင်း ခေါ်လေသည်။

(ဏ) **စရိုက်**–အပြုအမူအနေအထိုင် လုပ်ကိုင်စား သောက်ပုံများတွင် ပင်ကိုရိုးရာသူတစ်ပါး ဖြစ်နေကျထက် လွန် လွန်ကဲကဲ ဖြစ်တတ်သော သဘောကို စရိုက်ဟုခေါ်သည်။ ရာဂ၊ ဒေါသ၊ မောဟ၊ သဒ္ဓါ၊ ဗုဒ္ဓိနှင့် ဝိတက်အားဖြင့် စရိုက် ခြောက်ပါးရှိသည်။ ရာဂကိုလောဘ၊ ဉာဏ်ပညာကို ဗုဒ္ဓိဟု ခေါ်လေ့ရှိ၏။ တစ်ဦးတစ်ယောက် စရိုက်ကို အကဲခတ်ရာ၌ အသွားအလာအနေအထိုင် အပြောအဆို ကြိုက်တတ်သော အစားအစာ အမူအကျင့်များကို ကြည့်ရှု၍ အကဲခတ်ရသည်။

(က) ရာဂစရိုက်နှင့် သဒ္ဓါစရိုက်ရှိသူ

(ခ) ဒေါသစရိုက်နှင့် ဗုဒ္ဓိစရိုက်ရှိသူ

(ဂ) မောဟစရိုက်နှင့် ဝိတက်စရိုက်ရှိသူတို့မှာ တစ်ဦး နှင့် တစ်ဦး သွားလာနေထိုင် လုပ်ကိုင်စားသောက်ပုံတူတတ် လေသည်။

(၁) ရာဂနှင့် သဒ္ဓါစရိုက်ရှိသူနှစ်ဦးသည် အသွားအလာ အနေအထိုင် ယဉ်ကျေး၍ အလုပ်ကိစ္စဝိုင်းမှာ သေသေသပ်သပ် ရှိ၏။ ချိုဆိမ့်မွှေးကြိုင် ပျံ့လှိုင်နူးညံ့သော အစားအသောက် အသုံးအဆောင်ကို နှစ်သက်တတ်ကြသည်။

ခြားနားပုံမှာ ရာဂစရိုက်ရှိသူသည် ကာမဂုဏ်ကို မ နိုင်မခွာရက် စွဲမက်တတ်၏။ ပရိယာယ်မာယာများ၍ ကော ကျစ်စဉ်းလဲ ဝါကြွားတတ်ပြီး မာနလောဘကြီး၏။

သဒ္ဓါစရိုက်ရှိသူကား မာယာသာဌေယျခေါ် လှည့်ဖြား ဝါကြွားမှုမရှိ။ လောဘမာနလည်း မကြီး။ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။ ဝတ်ကျောင်းဘုရား သံဃာများကို သည်းကမ်း ၍ လေးမြတ်စွာ ပူဇော်လေ့ရှိသည်။

(၂) ဒေါသစရိုက်နှင့် ဗုဒ္ဓိစရိုက်ရှိသူ နှစ်မျိုးစလုံး ရုန့်ရင်းကြမ်းတမ်းသော အသွားအလာ အနေအထိုင်ရှိ၏။ လု ကိုင်နေထိုင်မှု စသည်၌ သေသေသပ်သပ် မရှိချေ။ အချ အငန်၊ အစပ်၊ အခါး စူးရှသော အရသာများကို နှစ်သက်တ ၏။ မကောင်းသော အဆင်းအသံ စသည်တို့ ကြုံတွေ့လျှ



www.burmeseclassic.com

www.burmeseclassic.com

သည်းခံချုပ်တည်းခြင်းမရှိ၊ ဆဲဆိုငေါက်ငမ်း ကြမ်းတမ်းစွာ ပြောတတ်သည်မှာ ဓမ္မတာပင်ဖြစ်၏။

ခြားနားချက်မှာ ဒေါသစရိုက်ရှိသူသည် ရန်ငြိုးဖွဲ့မှု၊ အာဃာတထားမှု၊ ငြူစူမှု၊ မနာလိုမှု၊ ဝန်တိုမှု ဣဿမစ္ဆရိယ ရှိသူ၊ သူတစ်ပါးဂုဏ်ကို ဖျက်ဆီးလိုခြင်း မက္ခ၊ ဂုဏ်တုဂုဏ်ပြိုင်ခြင်း ပဠာသ၊ အံဆုံးအမခံခြင်း ဒုဗ္ဗ စသည် ဖြစ်ပွားလေ့ရှိသည်။

ဗုဒ္ဓိစရိုက်ရှိသူ၌ ရန်ငြိုးဖွဲ့ခြင်းမရှိ၊ ဆိုဆုံးမလွယ်၏။ စားဖွယ်သောက်ဖွယ်၌ နိုင်းနိုင်းချိန်ချိန် ပြုလေ့ရှိ၏။ နောင်ရေးနောင်တာ သံသရာအတွက် သတိပညာဖြင့် ကောင်းစွာမြော်မြင်၍ ပါရမီကုသိုလ်များကို ပြုလေ့ရှိ၏။

(၃) မောဟစရိုက်နှင့် ဝိတက်စရိုက်ရှိသူတို့သည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ရှိ၏။ ကိစ္စထွေထွေ ပွေပွေလိမ်လိမ် ရှိ၏။ ဘယ်အစာနှစ်သက်သည်ဟု အမြဲမရှိ အကြောင်းအကျိုး အကောင်းအဆိုးကို ခွဲခြား၍ မသိ၊ အများကိုလိုက်၍ ရောယောင်ချီးမွမ်းတတ်၊ ကဲ့ရဲ့တတ်သည်။ သတိပညာကင်း၍ ထိုင်းမှိုင်းပျံ့လွင့်သောစိတ်နှင့် အချိန်ကုန်တတ်သည်။

ဝိတက်စရိုက်နှင့် မောဟစရိုက်သမားများမှာ သိပ်ပြီးခြားခြားနားနား မရှိ၊ ထူးမခြားနားပင် ဖြစ်၏။ လူ့ပေါ်ကြော့၊ လူ့ပေါက်ပန်း ပျော်စရာ ထွေရာလေးပါး အကြံများလျက် လုံ့အားလူပိုများ ဖြစ်ကြလေသည်။

(၄) စရိုက်ဖြစ်ခြင်း၏ အကြောင်းရင်းများ

၁။ ရှေးရှေးဘဝမှာ ကုသိုလ်ပြုစဉ်က ဘဝစည်းစိမ်ကို လိုလားတောင့်တသော လောဘခြံရန်ပြုခဲ့လျှင် ထိုကံအကျိုးပေးသော ဘဝ၌ ရာဂစရိုက်ရှိ၏။ ဒေါသစရိုက်ရှိ၏။ အသိဉာဏ်နည်းပါးစွာဖြင့် ကုသိုလ်ပြုခဲ့လျှင် မောဟစရိုက်ဖြစ်တတ်သည်။

၂။ ကုသိုလ်ပြုခဲ့စဉ်က ပညာဉာဏ်ဆင်ခြင်၍ ဖြစ်စေ၊ ပညာကြီးဖို့ရန် ဆုပန်၍ ဖြစ်စေ၊ ပညာရေးဆိုင်ရာ ကုသိုလ်များ ပြုခဲ့လျှင် ထိုကံအကျိုးပေးသော ဘဝ၌ ဗုဒ္ဓိစရိုက် ရှိတတ်၏။ သဒ္ဓါထက်သန်စွာပြုခဲ့လျှင် ထိုကံအကျိုးပေးရာဘဝ၌ ဗုဒ္ဓိစရိုက်ရှိတတ်၏။ သဒ္ဓါထက်သန်စွာ ပြုခဲ့လျှင် ထိုကံအကျိုးပေးရာဘဝ၌ သဒ္ဓါစရိုက်ဖြစ်ရလေသည်။ ကာမဝိတက်စသော မကောင်းသော အကြံအစည်ခြံရံ၍ ပြုခဲ့သော် ဝိတက်စရိုက်ဖြစ်ပေါ်လေ့ရှိ၏။

ဤသို့လျှင် စရိုက်အမျိုးမျိုး ကွဲပြားရကြောင်းမှာ ရှေးရှေးကံသာပဓာနဖြစ်ချေ၏။ နောက်နောင်ဘဝတို့၌ မကောင်းသော စရိုက်များ လိုက်ပါမဖြစ်ရလေအောင်၊ ကောင်းသောစရိုက်များသာဖြစ်စေရန် သဒ္ဓါပညာခြံရံလျက် ထက်သန်သော စိတ်စေတနာဖြင့် ကောင်းမှုကုသိုလ်များကို ပြုလုပ်သင့်ကြပေသည်။ ဝိပဿနာဉာဏ်ဦးစီးခြံရံသော အမြတ်ဆုံး ကုသိုလ်ဝိဝဋ္ဋဒါနဖြစ်အောင် လျှုဒါန်းတတ်ကြရမည် ဖြစ်ပါသည်။

၃။ ဝါသနာဘာဂီ ဆက်တိုင်းမီတတ်၏

မကောင်းသော အရာဌာန၌ ဝါသနာဟူသည် ကိလေသာ၏ သတ္တိဖြစ်၏။ ကောင်းသောအရာဌာန၌ ဝါသနာသည် သမ္မာဆန္ဒပင် ဖြစ်လေသည်။ ထိုဝါသနာသည် သက်ရှိတို့၏ ဘဝခန္ဓာအစဉ် တစ်ဘဝပြီးတစ်ဘဝ ဆက်ရာမှ ဘဝတိုင်းမှာ အထုံပါလျက်ရှိနေတတ်သည်။

ရာဂစရိုက်အားကြီးနေပါမူ ထိုရာဂအတွက် ယောက်ယက်ခတ်သော ဝါသနာစိတ်အစဉ် စွဲထုံနေတတ်၏။ အသိဉာဏ်ကောင်းစွာ ရှိနိုင်သော ယခုဘဝ၌ တရားသဖြင့် မချိုးနှိမ်ပါလျှင် နောက်ဘဝများသို့ လိုက်ပါတတ်သည်။

ဒေါသ၊ မောဟ၊ ဝိတက်စရိုက်များတွင်လည်း ဤနည်းတူပင် ဖြစ်တတ်သည်။

ပညာစရိုက်ရှိသူသည် အခွင့်သာသလောက် ကြိုးစားပါလျှင် ဘဝသံသရာ ဖြစ်လေရာဘဝ၌ အထုံပါကာ ပညာရှင်ကြီး ဖြစ်ရသည်။ ဘုရားဆုပန်ပါက ပညာဓိက ဆုရနိုင်၍ သာဝကဆုပန်ပါက ရှင်သာရိပုတ္တရာကဲ့သို့ ပညာဧတဒဂ် ရနိုင်သည်။

ထို့ကြောင့် မကောင်းသော စရိုက်များ ပပျောက်၍ ကောင်းသော သုစရိုက်များ အထမြောက်အောင် ထူထောင်ကြဖို့ အရေးသည် စဉ်းစားတိုင်း ကြီးသော အရေးကြီးကိစ္စ မှတ်ပါဟု ဆိုပါသည်။

၄။ မကောင်းသော စရိုက်များ ဖယ်ရှားနည်း

(က) ရာဂစရိုက်ရှိသူသည် ရာဂနည်းအောင် နည်းစေရန် တွေ့ရာအာရုံကို အသုဘရှုရမည်။

(ခ) ဒေါသစရိုက်ရှိသူသည် ဒေါသနည်းပါးစေရန် မေတ္တာတရား ကြိုးစားပွားရမည်။

(ဂ) မောဟစရိုက်ရှိသူနှင့် ဝိတက်စရိုက်ရှိသူသည် ထိုစရိုက်များနည်းပါးစေရန် အသိဉာဏ်ပညာ တိုးပွားအောင် ပညာရှိထံ ချဉ်းကပ်၍ သင်ယူမေးမြန်း မှတ်သားနာယူခြင်းဖြင့် အသိဉာဏ်ပညာ တိုးပွားအောင် အားထုတ်ကြရမည်။

၅။ ကောင်းသော စရိုက်များ တိုးပွားစေရန်အတွက်မှာမူ သဒ္ဓါပညာစရိုက် ရှိသူများသည် စရိုက်ကောင်းများကို တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားပြုလုပ် အားထုတ်ကြရမည် ဖြစ်လေသည်။

အားလုံး ကျန်းမာချမ်းသာရဲ့ မကောင်းမှုရှောင်ပြီး ကောင်းမှုကို တိုးပွားအောင် စွမ်းဆောင်နိုင်ကြပါစေ။

မေတ္တာ သစ္စာ သည်းခံ

ဖိုးသန်းကျော်(ရေကြည်သား)



www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား ပုံပြင်များ

## ထူးဆန်းတဲ့ သာမဏေ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်က ဖြစ်သည်။

တစ်နေ့သ၌ ရဟန်းသုံးဆယ်တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုယူ၍ ယူဇနာတစ်ရာ့နှစ်ဆယ်ဝေးသည့်အိမ်ခြေတစ်ထောင်ရှိ ရွာကြီးကိုမှီ၍ တောကျောင်း၌ တရားအားထုတ်နေကြ၏။

ထိုတောအုပ်နှင့် အနီးအနားရှိ တောအုပ်ကြီး၌ နေထိုင်ကြသည့် ခိုးသူငါးရာတို့သည် နတ်မင်းအား လူတစ်ဦးစီ၏ အသား၊ အသွေးတို့ဖြင့် ပူဇော်သောကြောင့် အနီးနားရှိ ရဟန်းတို့အား . . .

"ငါတို့ နတ်မင်းအတွက် သင်တို့၏ အသွေးအသားအား ပူဇော်လိုသည်၊ အကယ်၍ ငြင်းဆန်ပါက အကုန်သတ်ပစ်မည်"

ဟု ဆိုသောကြောင့် ကျောင်းရှိ မထေရ်ကြီးမှအစပြု၍ ရဟန်းသုံးဆယ်လုံးက -

"တပည့်တော်သာ လိုက်သွားပါရစေ၊ အရှင်ဘုရားတို့ ကျန်ရစ်ခဲ့ပါ"

ဟုဆိုလျှင် ထိုရဟန်းတို့အား ကိုပ္ပယအဖြစ် ထည့်ပေးလိုက်သော ရှင်သာရိပုတ္တရာ၏ တပည့်ခုနစ်နှစ်အရွယ်ရှိသော "သံကိစ္စ" မည်သော ရဟန္တာသာမဏေလေးက ရဟန်းအားလုံးအား . .

"အရှင်ဘုရားတို့ . . နေမြဲအတိုင်းသာ နေတော်မူကြပါ။ ဘုရားရှင်နှင့် တပည့်တော်၏ ဆရာ ရှင်သာရိပုတ္တရာတို့သည် ဤဘေးဆိုးကို ကြိုမြင်၍ တပည့်တော်အား ထည့်ပေးလိုက်တာပါ။တပည့်တော်သာ လိုက်သွားပါမည်"

ဟု လျှောက်ကြားပြီး ရဟန်းတို့အား ရှိခိုး၍ ထိုခိုးသူတို့နှင့်လိုက်သွား၏။ ရဟန်းတို့ကား . . .

BURMESE CLASSIC .com

"ငါ့ရှင် သာမဏေလေးတော့ မကောင်းသူလက်ထဲမှာ ကိုယ်ကျိုးနော့ နည်းရပါပြီ"

ဟု ဆိုကာ ကြီးစွာ သံဝေဂ ရပြီး စိတ်နှလုံး တုန်လှုပ်ကာ မျက်ရည်ကျကုန်၏။

ခိုးသူတို့လည်း သာမဏေကို သင့်လျော်သောအရပ်၌ ထားပြီး ပြုဖွယ်အားလုံးကို ပြုလုပ်လေ၏။ ပြုဖွယ်ကိစ္စပြီးလျှင် ခိုးသားငါးရာ၏ ခိုးမှူးကြီးသည် သန်လျက်ကိုင်လျက်လာလျှင် သံကိစ္စမထေရ်သည် ဈာဝန်ကိုင်စား၍သာ နေ၏။

ခိုးမှူးကြီးသည်သာမဏေ သံကိစ္စအား . .

"ကိုရင် . . လိုရာဆုသာ တောင်းပြီးနေပေတော့၊ ကျုပ်က သင့်ကို သတ်ပဲသတ်ရမှာပဲ"

ဟု ဆိုကာ သန်လျက်ကို မြှောက်၍ သာမဏေ၏ ပခုံးပေါ်၌ တအားခုတ်ချလိုက်၏။ သန်လျက်သည် ခေါက်သွားပြီး အသွားချင်း ခတ်မိလေ၏။ ခိုးမှူးကြီးသည် သန်လျက်ကို ပြန်ဖြောင့်ပြီး ခုတ်ဖြတ်ပြန်၏။ သန်လျက်သည် ထန်းရွက်ကဲ့သို့ ရွဲ့ယိုင်ပြီး အရိုးရင်းသို့ ရောက်၏။ ခိုးမှူးကြီးသည် ဤအံ့ဖွယ်တန်ခိုးကို မြင်လျှင် . .

"ဤသန်လျက်သည် စိတ်မရှိပါဘဲလျက် မသိခဲ့တကား"

ဟု သန်လျက်ကို မြေ၌ပစ်ချ၍ သာမဏေ၏ ခြေရင်း၌ ဝပ်ဆင်းကာ တောင်းပန်ပြီး အခြံအရံငါးရာနှင့်တကွ ရဟန်းပြုကြလေ၏။

သာမဏေသည် ရဟန်းငါးရာခြံရံလျက် ကျောင်းသို့ ကြွသောအခါ အဖော်ရဟန်းတို့သည် သာမဏေထံမှ အကြောင်းစုံကို ကြားရလျှင် စိတ်ပူပန်မှုကင်းသွားပြီး စိတ်ကြည်လင်စွာ တရားအား ထုတ်နိုင်ကြလေသည်။

သာမဏေလည်း ရဟန်းတို့ကို ပန်ကြားပြီး ထိုခိုးသူ-ငါးရာ ခြံရံလျက် ရှေးဦးစွာ ဆရာဖြစ်သူ ရှင်သာရိပုတ္တရာထံသွား၍ အကြောင်းစုံကို လျှောက်ထားပြီးမှ ဘုရားရှင်ထံ သွား၏။

မြတ်စွာဘုရားလည်း သာမဏေသံကိစ္စ လျှောက်ကြားချက်ကိုအကြောင်း စုံသိရသော် ထိုရဟန်းတို့အား . .

"ရဟန်းတို့ . . သင်တို့သည် ခိုးမှု၊ တိုက်မှု၊ လုယက်မှု၊ ဒုစရိုက်အလုပ်၌သာ တည်လျက် အနှစ်တစ်ရာ အသက်ရှည်ရခြင်းထက် ယခုသီလ၌ တည်လျက် တစ်ရက်မျှပင် အသက်ရှည်ရခြင်းကသာ မြတ်၏"

ဟု မိန့်တော်မူလေ၏။ ထိုတရားကို ကြားနာရသော ရဟန်းငါးရာတို့မှာ ရဟန္တာဖြစ်ကြကုန်လေသတည်း။

စိုးဝင်းထွဋ်(တာမွေ)



www.burmeseclassic.com

www.burmeseclassic.com




# အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် အစထား၍ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ ညွှန်ပြစောင်မမှုရရှိပုံ

## ကျွန်ုပ်၏အတွေ့အကြုံများ (၂)

BURMESE CLASSIC .com

ဖိုးသန်းကျော် (ရေကြည်သား)

ကျွန်ုပ်သည် ဆရာကြီးဦးရှိန်၏ မှန်ပြတ်သော စေတနာကြောင့် စတုတ္ထတန်းအောင်လက်မှတ်ရကာ သူငယ်ချင်းများနည်းတူ ပဥ္စမတန်းတက်ခွင့်ရမည်ကို တွေး၍ ဝမ်းသာနေ၏။ ဆရာကြီးကိုလည်း အိပ်ရာဝင် နေ့စဉ် ဆရာမိဘများနှင့်အတူ ဦးချကန်တော့ခဲ့မိ၏။

ဆရာကြီးဦးရှိန်သည် သူ၏ကျောင်းဖွင့်ရက် ကျောင်းအုပ်လုပ်မည့်ကိစ္စအတွက် သာရင်း အဖေနှင့်အတူ ရေကြည်မြို့ အလယ်တန်းကျောင်းတွင် ကျောင်းလိုက်အပ်ပေးသည်။ ကျောင်းအုပ်ကြီးမှာ ဆရာကြီးဦးမြလှိုင်ဖြစ်၏။ ဆရာရှိန်၏ သူငယ်ချင်းလည်း ဖြစ်သည်။ ကျောင်းအပ်ပြီး ပြန်လာရာတွင် ဆရာရှိန်က –

"မောင်ကျော်သန်း . . . မင်းသချာ်အရည်အချင်းရှိလို့ ငါအောင်လက်မှတ်ပေးပြီး ကျောင်းလိုက်အပ်ပေးတယ်။ ပဥ္စမတန်းကစပြီး အစမ်းစာမေးပွဲများရော အတန်းတင်စာမေးပွဲမှာပါ အောင်မှဖြစ်မယ်။ နှစ်တိုင်းအောင်အောင် ကြိုးစားပါ။ မအောင်ရင် ကိုမြလှိုင်ကို ငါမျက်နှာမပြရဲစရာဖြစ်မယ်။ မင်းစာကြိုးစားစမ်းပါ"

ဟု မှာခဲ့လေသည်။

ပဥ္စမတန်းတွင် ကျောင်းစ၍တက်ခါစ၌ ဖောင်တိန်နှင့် စာရေးလေ့မရှိသဖြင့် လက်ရေးလည်းညံ့၏။ စာလည်း မီအောင် လိုက်မရေးနိုင်ခဲ့ပါ။ ဘဖုန်းကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနေ၍ ကျောင်းတက်ဖြစ်၏။ ကိုရင်များ၊ ရဟန်းငယ်များက ပထမပြန်စာမေးပွဲအတွက် ညဉ့်နက်သန်းခေါင်ထိ စာကျက်၊ စာပြန်ကြ၏။ ကျွန်ုပ်လည်း စာများကျက်မှတ်ပြီး လက်ရေးကို အဆက်မပြတ် လေ့ကျင့်၏။ တစ်လ၊ နှစ်လ အကြာမှာပင် လက်ရေးသိပ်မလှသေးသော်လည်း ပထဝီ၊ သိပ္ပံ၊ ရာဇ



www.burmeseclassic.com

www.burmeseclassic.com

ဝင်နှင့် မြန်မာစာ စသော သင်ခန်းစာများကို ဆရာများက ခေါ်ပေးသည်ကို မှီအောင်လိုက်ရေးနိုင်လာ၏။ အစမ်းစာမေးပွဲ နှစ်ကြိမ်စစ်သည်ကိုလည်း ဘာသာစုံအောင်၏။ အတန်းတင်စာမေးပွဲကိုလည်း အောင်ခဲ့လေ၏။ အရည်အချင်းမှာ အလယ်အလတ်အဆင့်လောက်သာ ဖြစ်ခဲ့သည်။

ဆဋ္ဌမတန်းနှစ် ၁၉၅၃-၅၄ ခုနှစ်တွင် ငါးသိုင်းချောင်းမှ ကျောင်းလာတက်သော ကိုခင်ကျွေနှင့် ခင်၏။ စာတော်ကြသော ကိုလှကြည်၊ ဖုန်းမောင်၊ တင်မြစ်မြင့်၊ ကြီးမောင် စသော သူငယ်ချင်းများနှင့်လည်း သင်္ချာတွက်ရာမှာ အဦးဆုံးပြီးအောင် အပြိုင်ဖြစ်လာ၏။ စာများကို အပြိုင်ကြိုးစားကြ၏။ ပထမနှင့် ဒုတိယအစမ်းစာမေးပွဲတွင် အောင်မြင်ရုံမျှမက တတိယနှင့် ဒုတိယဖြစ်လာ၏။ သင်္ချာတွက်ရာတွင် အရင်ဆုံးပြီးပြီးနေ၍ သင်္ချာပြဆရာကြီး ဦးသူတော်၏ အထူးချစ်ခင်မှုကို ရခဲ့၏။ အင်္ဂလိပ်စာကို ဆရာကြီးဦးတင်မောင်က စိတ်ပါကိုယ်ပါ ကျောင်းသားအားလုံးအပေါ် သိအောင်၊ တတ်အောင် Grammar ကို အခြေခံခိုင်အောင် ရှင်းလင်းစွာ သင်ပေး၏။ စေတနာအလွန်ကောင်းသော ဆရာများ ဖြစ်ကြ၏။ အတန်းတင်စာမေးပွဲတွင် ပထဝီဘာသာရပ်ကို စိတ်ဝင်စားမှုနည်း၍ တစ်တန်းလုံးတွင် အတော်ဆုံးကျောင်းသားတွင် တတိယမြောက်ကျောင်းသား အဖြစ်သာ ရခဲ့၏။

သတ္တမတန်းတွင်လည်း သင်္ချာ(၁)နှင့် (၂)ကို ဆရာဦးသူတော်၊ အင်္ဂလိပ်စာကို ဆရာဦးတင်မောင်နှင့် ဆရာဦးချစ်မောင်တို့က သင်ပေးကြပြီး ဆရာကြီးဦးစိန်ဖိုးနှင့် အခြားဆရာများက ကျန်ဘာသာရပ်များကို သင်ပေးကြ၏။ ၁၉၅၅ ခုနှစ် သတ္တမတန်း အတန်းတင်စာမေးပွဲကို အစိုးရစစ်စာမေးပွဲအဖြစ် ဖြေခဲ့ကြရသည်။ စာမေးပွဲကောင်းစွာဖြေနိုင်သဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အင်္ဂလိပ်စာနှင့် သင်္ချာကျူရှင်တက်ရန် ပုသိမ်မြို့သို့ သွားရောက်ခဲ့ရ၏။ ဘဖုန်း၏ ညီလည်းဖြစ်၊ လက်ထောက်ဆရာတော်လည်းဖြစ်သော ဘဖုန်းတစ်ဦးဖြစ်သူ ဦးပါမောက္ခနေထိုင်သော ဗိုင်တရာကုန်းဘုန်းတော်ကြီးကျောင်းတွင် နှစ်လ ခေတ္တနေကာ ကျောင်းတက်ခဲ့သည်။ အဖေ၏ နမများ၊ အစ်ကိုများ၊ ဆွေမျိုးများ ပုသိမ်မှာရှိသော်လည်း စာကောင်းစွာ လွတ်လွတ်လပ်လပ် လေ့လာကျက်မှတ်လို၍ အဖေက လိုက်ပို့ပေးခဲ့၏။ ကြီးမောင်နှင့်အတူ နှစ်ယောက်သွား၍ ကျူရှင်တက်ခြင်းဖြစ်သည်။ ပထမတွင် သိန်းကောလိပ်အလွတ်ပညာသင်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းချစ်၏ ကျောင်းတွင် သင်ယူခဲ့၏။ သူ၏ကျောင်းသားဟောင်း တက္ကသိုလ်ဝင်တန်း ဖြေထားသူတချို့အပါအဝင် ကျောင်းသား ၂၅ ယောက်၊ ၃၀ ခန့်ရှိ၏။

ကျူရှင်တက်စတွင် ဆရာဦးသိန်းချစ်က တောကျောင်းသားတွေမို့ အထင်သေး၏။ နေရှင်နယ်စတိုးမှ ကျော်မြိုင်ကို စာတော်သူအဖြစ် အရေးပေး၏။ သူသင်သေ သင်္ချာမှာ ပြဿနာစာအုပ် ဦးပန်းရီသင်္ချာနှင့် ပညာဝန်ဦးရှိန်ရေးသော ဂျီသြမေတြီနှင့် အက္ခရာသင်္ချာပင် ဖြစ်ပါသည်။ ပညာဝန်ဦးရှိန်(ပုသိမ်ခရိုင်)မှာ ကျွန်ုပ်၏ ဦးကြီး ဦးပြစ်၏ဖနီး ဒေါ်ခင်၏ မောင်တစ်ဝမ်းကွဲ၊ ငါးသိုင်းချောင်းသားဖြစ်၏။ တစ်ပတ်အတွင်းမှာပင် ကျွန်ုပ်၏ သင်္ချာအရည်အချင်းကို ဆရာဦးသိန်းချစ် သိလာပြီး အရေးပေးလာလေသည်။

စာသင်ချိန် အတန်းထဲမှာ သူပေးသော သင်္ချာပုစ္ဆာများကို မှန်ကန်စွာဖြင့် အစောဆုံးပြီးပြီးနေသူမှာ ကျွန်ုပ်ဖြစ်နေ၍ အရေးပေးလာခြင်း ဖြစ်၏။ "မောင်ကျော်သန်း . . မင်း သတ္တမတန်းဖြေထားတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား" ဟု မေးလာခဲ့၏။ ကျွန်ုပ်က ရေကြည်အထက (ထိုအချိန် အထကဖြစ်နေပြီ) စာဖြေဌာနမှ ခုံနံပါတ်ကို ပြောပြပြီး ဆရာမယုံလျှင် စုံစမ်းကြည့်ပါဟု ပြောခဲ့၏။ တစ်လခန့်ကြာသော် ဆရာဦးသိန်းချစ်က သူ၏ အလွတ်ပညာသင်ကျောင်းမှာ ရှစ်တန်းနှင့် တက္ကသိုလ်ဝင်တန်းများကို ဆက်တက်ရန်နှင့် အခမဲ့သင်ယူခွင့်ပေးမည်ဟု ဆွဲဆောင်ခေါ်ခဲ့၏။ သို့သော် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ အကျများသော သင်္ချာနှင့် အင်္ဂလိပ်စာကို အောင်လို၍ ကျူရှင်လာတက်ရာတွင် သူ၏ အင်္ဂလိပ်စာဆရာဂျိုးဇက်မှာ ပုသိမ်ကြေးနန်းရုံးကဖြစ်ပြီး စာသင်ရက်ပျက်ကွက်သည်က များနေ၍ စိတ်ပျက်နေခဲ့၏။ ဆရာ့ကို အားနာ၍ သင်္ချာဆက်တက်ခဲ့သော်လည်း အင်္ဂလိပ်စာကို သင်ပြမှု နာမည်ကြီးသော ဘုန်းတော်ကြီး ဦးဂန္ဓာမာ၏ ကျူရှင်သို့ ပြောင်းလဲတက်ခဲ့၏။ ကျောင်းသား ၁၅၀/၂၀၀ လောက်ရှိ၏။ စာသင်ပြမှု ကောင်းပါ၏။ လူများ၍ အသံကြားအောင် မနည်းဂရုစိုက် သင်ယူခဲ့ရ၏။

ဘဖုန်းဦးပါမောက္ခသည် အစိုးရ ဓမ္မာစရိယစာမေးပွဲအောင်ပြီးသောအခါတွင် ပုသိမ်မြို့၌ ပါဠိတက္ကသိုလ်စာသင်တိုက်ကြီးကို သီးသန့်တည်ထောင်၍ စာသင်သံဃာတော်များကို စာပေပို့ချခဲ့သော နာမည်ကြီး ဆရာတော်ဖြစ်လာရုံမျှမက ဖိုထိုးခြင်းကိုလည်း ဝါသနာပါခဲ့သည်။ အစွမ်းထက်သော ဓာတ်လုံးတစ်ခု ရရှိခဲ့လေသည်။

ပုသိမ်မှာပညာသင်နေသော်လည်း ရေကြည်မှ သတင်းကို ကြားနေရ၏။ အင်္ဂလိပ်စာအသင်အပြကောင်းသော ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုး BA BED. DT (ဂလတ်စကို)သည် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

အုပ်ကြီးအဖြစ် အသစ်ရောက်ရှိမည့် သစာင်း ကြားရ၍ အလွန်ဝမ်းသာဖြစ်ခဲ့ရသည်။ သတ္တမတန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်သောအခါ ကြီးမောင်၊ ကိုကြည် စသော သူငယ်ချင်းများ စာမေးပွဲကျကြ၏။ ကျွန်ုပ်နှင့်တကွ စာတော်ကြသော ကိုလှကြည်၊ ဖုန်းမောင်၊ တင်မြ၊ စံမြင့် စသော ကျောင်းသားများ အတန်း၏တစ်ဝက်ကျော်ကျော် အောင်ခဲ့ကြလေသည်။

ကျောင်းဖွင့်၍ အဌမတန်းကို စ၍ တက်ရောက်ရသည်မှစ၍ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုးသည် အခြေခံ English Grammar များကို နည်းစနစ်ကျနစွာ သင်ပေး၏။ English စကားပြေကိုလည်း Simple and Correct Setence များဖြင့် အင်္ဂလိပ်လို ရေးပြ၊ ဖတ်ပြ သင်ကြားပေးခဲ့၏။ အသုံးအနှုန်းကောင်းသော ရေးနည်းရေးဟန် အင်္ဂလိပ် Phrases Classes, Sentence များကို မှတ်စုထုတ်ယူရေးမှတ်ခဲ့၏။ ကျောင်းသွားကျောင်းပြန် မကျန် အလွတ်ရအောင် လမ်းသွားရင်း ကျက်မှတ်ခဲ့လေသည်။ အလားတူ စာကြောင်းများကို အစမ်းလေ့ကျင့်ရေးခဲ့၏။ အသိမိတ်ဆွေများက အထင်လွဲကြ၏။ လမ်းသွားရင်း သူတို့နှင့်ဆုံရာတွင် နှုတ်မဆက်ဟု ဆိုကြ၏။ ဘဝင်မြင့်သွားပြီ ဆိုကြ၏။ ထိုသဘောမျိုးမရှိခဲ့ပါ။ ငါမိက စာပေးများ အလွတ်ရအောင်ဖတ်ရာ၌ အာရုံရောက်နေ၍သာဖြစ်ပါသည်။ နောင်အခါ ကျောင်းမှာ စာတော်ကြောင်းနှင့် တက္ကသိုလ်ဝင်အောင်တော့မှ သူတို့နားလည်သွားကြ၏။

ဖုန်းမောင်၊ တင်မြ၊ ကိုလှကြည် စသော သူငယ်ချင်းများနည်းတူ ကျွန်ုပ်သည် English Essay ကို သီတင်းတစ်ပတ်လျှင် တစ်ပုဒ်ကျ ပုံမှန်ရေး၍ ဆရာကြီးဦးအောင်ကိုးထံ တင်ပြ၍ အမှားအမှန်အတည်ပြုချက် ယူခဲ့၏။ စတင်ရေးသောကာလတွင် မင်နီများ စာမျက်နှာအပြည့်တွေ့ရ၏။ မိမိကလည်း တချို့စာကြောင်းကို မြန်မာလိုအတွေးဖြင့် ရေးခဲ့၏။ မှားလေ အမှန်ရအောင် ကြိုးစားခဲ့လေဖြင့် ဆရာကြီးပြင်ပေးသမျှ ရေးနည်းရေးဟန်ကိုပါ နမူနာအတုယူ၍ အစမ်းလေ့ကျင့်ခဲ့၏။ အဌမတန်း ပထမအစမ်းစာမေးပွဲတွင် ဒုတိယရခဲ့၏။ ဖုန်းမောင်က ပထမရ၏။ ဒုတိယအစမ်းစာမေးပွဲ ဖြေခါနီးတွင် ဆရာကြီးထံတင်ပြသော ကျွန်ုပ်၏ English Essay များမှာ အမှားနည်းလာကာ အမှားမရှိသလောက် ဖြစ်လာခဲ့လေသည်။ ဒုတိယအစမ်းစာမေးပွဲပြီးနောက်ပိုင်းတွင် English Essay နှင့် Letter Writing များကို ဆက်လက်ရေးသား တင်ပြရာ အမှားအလွန်နည်းပြီး Good and V.G မှတ်ချက်များပါ ရလာပြီး တစ်နေ့ ဆရာကြီးထံမှ တင်ထားသော Essay များ ပြန်ယူသောအခါ ဆရာကြီးဦးအောင်ကိုးက "ကျော်သန်း ... မင်းအင်္ဂလိပ်အောင်ပြီလို့မှတ်တဲ့။ ရှစ်တန်းသာမက တက္ကသိုလ်ဝင်တန်းဖြေလည်း အောင်နိုင်တယ်"ဟု မှတ်ချက်ထုတ်၍ အားပေးပြောဆိုခဲ့သည်။ ဆရာကြီး၏ ထိုသို့ပြောဆိုချက်ကြားရသောအခါ အလွန်အားတက်ဝမ်းသာခဲ့ရ၏။ အဖေနှင့် ဘဖုန်းကိုလည်း ပြန်လည်ပြောပြခဲ့၏။ ရှစ်တန်းအတန်းတင်စာမေးပွဲကိုလည်း ကောင်းစွာဖြေဆိုအောင်မြင်ခဲ့လေသည်။ ကျွန်ုပ်၊ ဖုန်းမောင်နှင့် တင်မြတို့သာ ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်အောင်ခဲ့ကြသည်။

အဌမတန်းအောင်၍ တက္ကသိုလ်ဝင်တန်း MatriculationClass တက်ရမည့်နှစ်မှာ ဆရာကြီးဦးအောင်ကိုးကို ဓနုဖြူအထက်သို့ပြောင်းရကြောင်း သတင်းကြားရသောအခါ အလွန်စိတ်အားငယ်ကာ စိတ်မကောင်းဖြစ်ခဲ့ရလေသည်။ စာမေးပွဲအကျများသော အင်္ဂလိပ်စာကို အသင်အပြကောင်းသော ဆရာကြီးနှင့် တဆက်၍မသင်နိုင်တော့၍ဖြစ်၏။ တခြားကျောင်းသားကျောင်းသူကြီးများသည် ဓနုဖြူသို့လိုက်၍ တက္ကသိုလ်ဝင်တန်းသင်ယူကြ၏။ ဆရာကြီးမှာ မြို့နယ်ဖလပလ လူကြီးများနှင့် အဆင်မပြေ၍ဟု ကြားသိခဲ့ရပါသည်။

ဆရာကြီးထံမှ အင်္ဂလိပ်စာ လေ့လာသင်ယူ နည်းစနစ်မှန်ကို ကောင်းကောင်းရထားလိုက်၍ တော်သေး၏ဟု ဆိုရပါမည်။ ထို့ပြင် အရင်းခံဆရာကြီးများဖြစ်သော ဆရာဦးမြသိန်း၊ ဦးသိန်းတင်တို့က အင်္ဂလိပ်စာကို အစွမ်းကုန်ကြိုးစားပြီး သင်ပြပေး၏။ ဆရာကြီးသူတော်က သချာ(၁)နှင့် (၂)ကို အထူးကျွမ်းကျင်ပိုင်နိုင်စွာ သင်ပေးခဲ့၏။ အခြားဘာသာရပ် ပထဝီ၊ ရာဇဝင်နှင့် အထွေထွေသိပ္ပံများကိုလည်း ဆရာများက ဂရုတစိုက်သင်ပေးခဲ့၏။ ကျွန်ုပ်ကို ဆရာကြီးဦးသူတော်က အခြေခံအထွေထွေသိပ္ပံများကိုလည်း ၅,၆,၇,၈ တန်းစာတွေပါ ပြန်ကြည့်ထားဖို့ သတိပေးဖူးပါသည်။ အင်္ဂလိပ်စာမှာ ရန်ကုန်မှ ဆရာကြီးဦးတက်တိုး၏ စာအုပ်များကိုလည်း ဝယ်ယူဖတ်ရှုလေ့လာထားခဲ့လေသည်။ ကျောင်းအုပ်ကြီးပြောင်းသွား၍ နောက်ထပ်ကျောင်းအုပ်ရောက်လာသော်လည်း စာမေးပွဲဖြေခါနီးမှ ရောက်လာ၍ မထူးတော့ပါ။ သို့သော် စာများရနေ၍ စာမေးပွဲဖြေရန် ကြောက်ရွံ့စိတ်မရှိ အဆင်သင့်ဖြစ်ခဲ့လေသည်။

ထိုကာလတွင် နဝမတန်းမရှိသေးပါ။ အဌမတန်းအောင်ပြီး တက္ကသိုလ်ဝင်တန်းတက်၍ ဖြေကြရသည်။ ကျုံပျော်မြို့အထကကို စာဖြေဌာနအဖြစ် ချပေး၍ ရေကြည်၊ ငါးသိုင်းချောင်း စသော ကျောင်းသားများ ထိုစာစစ်ဌာနမှာ ဖြေကြရသည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ



www.burmeseclassic.com

www.burmeseclassic.com

(၁)ကို ဖြေပြီးနောက် သချာ(၂)ကို ဖြေရ၏။ သချာ(၂)မှာ ဂျီသြမေတြီနှင့် အက္ခရာသချာကို ဖြေရသည်။ ကြိုက်ရာပုစ္ဆာက စဖြေနိုင်၏။ မေးခွန်းဖတ်ကြည့်ပြီးသော် အားလုံးဖြေနိုင်မည် ယုံကြည်၍ အက္ခရာသချာမှ စဖြေရာ နံပါတ်(၁)ပြီး၍ နံပါတ်(၂) ဆက်ဖြေခဲ့၏။ (၂-ခ)ပုစ္ဆာ ဖြေဆိုရာတွင် အချိုးတွက်ပုစ္ဆာ လွယ်လွယ်လေးမို့ ဖြေစဉ်မှာ အဖြေမထွက်ဖြစ်နေ၏။ တွက်နည်းမျိုးစုံသုံး၍ တွက်ကြည့်၏။ အဖြေမထွက်ဘဲ ရှိ၏။ မိမိစိတ်တွင် စာမေးပွဲဟုမထင်၊ အတန်းထဲမှာ သချာပြိုင်တွက်နေသည်ဟု ယူဆကာ တွက်နေမိ၏။ အချိန်ကြာသွား၍ မည်သူအရင်ပြီးသနည်းဟု မော့ကြည့်လိုက်ရာ စာမေးပွဲဖြေနေသည့်အဖြစ်ကို သတိထားမိပြီး အချိန်ကုန်၍ ထိတ်လန့်သွား၏။ စိတ်ကိုငြိမ်အောင်ထိန်းပြီး သမ္ဗုဒ္ဓေဘုရားစာရွတ်ဆို ရှိခိုးပြီး အဘဘိုးဘိုးအောင်ကို တိုင်တည်ကန်တော့ ဆုတောင်းပြီး ဆက်ဖြေခဲ့သည်။ ဂုဏ်ထူးမှန်းထားသော်လည်း အောင်ဖို့အဓိကမို့ အောင်မြင်အောင် ဆုတောင်းပြီး ဖြေခဲ့သည်။

ဂျီသြမေတြီပုစ္ဆာများကို သီအိုရီများကိုရေးပြီး ပုံများတည်ဆောက်ထားပြီး Writer အတွက် ကွပ်လပ်ထားကာ ဆက်ဖြေစရာကုန်သွားမှ အက္ခရာပုစ္ဆာကျန်သည်ကို ဆက်ဖြေခဲ့၏။ ပြီးသွား၍ ချန်ခဲ့သော ဂျီသြမေတြီ Writer ကိုဖြေရန်စလိုက်ချိန်တွင် စာဖြေချိန်ပြည့်၍ ပြန်လာခဲ့ရသည်။ အားလုံးဖြေ၍မပြီးသဖြင့် စိတ်ပျက်ဝမ်းနည်းကာ စာမေးပွဲအောင်မည်မထင်တော့သဖြင့် နောက်နေ့တွင် ဆက်မဖြေလိုတော့ပါ။

စာဖြေပြီး ရေကြည်အထကကို ဝင်ကြရ၏။ ဆရာကြီးများက ကျောင်းတွင် စောင့်ကြိုနေကြ၏။ ဆရာသူတော်က ''ကျော်သန်း၊ မင်းဂုဏ်ထူးရနိုင်တယ်မို့လား''ဟုမေး၏။ ဆရာ့ကို မိမိဖြစ်ခဲ့ပုံကို ပြောပြ၍ စာမေးပွဲအောင်မည်မထင်ကြောင်း ပြောမိ၏။ ဆရာက ''မင်းမအောင်ရင် ဘယ်သူအောင်မှာလဲကွ။ စိတ်မာတ်မကျနဲ့ ဆက်ဖြေ''ဟု ပြောခဲ့သည်။ သချာ(၁)နှင့် (၂) နှစ်ရပ်ပေါင်း အောင်မှတ်ထုတ်မှာလို့လည်း ပြော၏။ မင်းပြောပုံအရ အောင်မှတ်ရမှာ သေချာတယ်ဆို၏။ အားပေး၏။

အိမ်ပြန်ရောက်သော် အဖေက စောင့်မျှော်နေ၏။ ''လူလေး ဖြေနိုင်တယ်မို့လား'' မေးလာ၏။ သချာ(၂)ကိစ္စ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ပြီး နောက်ရက်တွင် စာမေးပွဲဆက်မဖြေလိုတော့ကြောင်း ပြောလိုက်မိသည်။ အဖေက ''သားရာ ... မင်းဆရာသူတော် ပြောသလိုဆို အောင်နိုင်ပါတယ်ကွာ။ ဆက်မဖြေရင်တော့ ကျမှာသေချာတယ်။ ဆက်ဖြေရင်တော့ အောင်မယ်ထင်တယ်။ အဖေကတော့ ဆက်ဖြေစေချင်တယ်။ ယောကျ်ားပဲကွ၊ အားမလျှော့စမ်းပါနဲ့'' ဟု ဆို၏။ စာမေးပွဲကျမှာကို သူမစိုးရိမ်ပါ။ စာမေးပွဲဆက်မဖြေမှာကိုသာ စိတ်ပူပြီး စိတ်ညစ်သွားပုံရလေသည်။ ခဏနေပြီးမှ ''သားရာ ... တစ်နှစ်လုံးကြိုးစားလာတာ။ ဖြေနိုင်သလောက် ဖြေခဲ့တာပဲ။ နောက်ဘာသာတွေ ဆက်ဖြေပါ''ဟု ထပ်၍ တိုက်တွန်းသဖြင့် စာများကို ပြန်လည်ဖတ်နေစဉ် ညနေပိုင်းတွင် အစိုးရက Radio သတင်း ထုတ်ပြန်၏။ သချာပုစ္ဆာ ၂(ခ) ဖြေဆိုသူအားလုံးကို ထိုပုစ္ဆာအတွက် အမှတ်ပြည့်ပေးမည်၊ ထိုပုစ္ဆာမှားနေ၍ဟု ဆို၏။ ထိုအခါမှ အောင်မှတ်ရမည်ကို ယုံကြည်ပြီး စိတ်ပါလက်ပါ စာဆက်ဖတ်၍ ဆက်ဖြေခဲ့လေသည်။ ကျန်ဘာသာများလည်း ကောင်းစွာဖြေနိုင်ခဲ့သည်။

ထိုနှစ်တွင် အဖေသည် ဦးပွားရေးလုပ်ငန်းကို ပြောင်းလိုက်လေသည်။ ဦးပွားဖြစ်နေသော ကိုင်းလုပ်ငန်းကို ဆက်မလုပ်တော့ပါ။ ဖဆပလလူကြီးများက အဖေနှင့် ရင်းနှီး၍ ကွန်မြူနစ်များ သိသွားလျှင် အဖေ့ကို သတ်ပစ်နိုင်သည်ဆို၍ အဖေက စိုးရိမ်ပြီး ထိုလုပ်ငန်းရပ်ခဲ့လေသည်။ ငါးသိုင်းချောင်းတစ်ဖက်ကမ်း ဒေါင့်ကြီးရွာအနောက်ဘက် သရက်ချောင်းရွာမှာ ဝယ်ထားသော ကိုင်းမြေနေရာကို ပြန်ရောင်းလိုက်၏။ ထိုကာလက ခေတ်စားသော ရက်ကန်းလုပ်ငန်းကို ရက်ကန်းလေးစင်ဖြင့် စတင်လုပ်ကိုင်ခဲ့လေသည်။ လယ်ကေမှာ ၁၅ ကေခန့် လုပ်သေး၏။ လူငှားငှား၍ လုပ်ခဲ့သည်။ ရွှေရာသီကျောင်းပိတ်ရက်တွင် ထိုရက်ကန်းစင်တစ်စင်ကို ကျွန်ုပ်ကိုယ်တိုင် ဝင်၍ သင်ယူပြီး ခတ်ဖြစ်ခဲ့ပေသည်။ တစ်နေ့ကို ပုဆိုးကွင်း ၄ ထည်၊ ၅ ထည် ကျ၏။ ရ၏။ ၁/၂၀၊ ၁/၄၀၊ ၂/၆၀ ချည်များဖြင့် အရောင်ဆိုးပြီး အကွက်ဖော်၍ ရက်ကန်းရက်ရလေသည်။

ပုဆိုးကွင်းတစ်ထည်ကို အကြမ်း ၁/၂၀ ချည် ပေါက်ဈေး ၃/ ၂၅ ပြားမှ ၃/ ၅၀ ပြား။ ၁/၄၀ ကြမ်းချော ၃ ၂၅ ပြားမှ ၃ ၇၅ ပြား။ ၂/၆၀ ချည် ၅ ၅၀ ပြားမှ ၆ ကျပ် ၅၀ ပြားခန့်သာ ပေါက်ဈေးရှိ၏။ ပုသိမ်နှင့် ဟင်္သာတမှ ဒိုင်များက ကိုယ်စားလှယ်ထား၍ ဝယ်ကြ၏။ နွေရာသီလည်းဖြစ်၍ ချွေးထွက်လည်းများ၏။ သူများထက် အထွက်ပိုရရန် ဝီရိယနှင့် ကြိုးစားလုပ်ကိုင်ခဲ့၍ အသားလည်းဖြူသည်ထက် ပိုဖြူလာ၏။ အနည်းငယ်လည်း ပိန်သွား၏။

စာမေးပွဲအောင်နိုင်စေရန် အလွန်အောင်လို၍ အဘဘိုးဘိုးအောင်ကို ညတိုင်းတိုင်တည်၍ကန်တော့ပြီး ဆုတောင်းခဲ့ပြီးမှ အိပ်လေ့ရှိ၏။ အတန်းတင်စာမေးပွဲများ အောင်စာရင်းထွက်ခါနီးသော[illegible]



www.burmeseclassic.com

www.burmeseclassic.com

တစ်ညတွင် အိပ်မက်ထူးတစ်ခု ထူးဆန်းစွာ မက်ခဲ့လေသည်။ ကျွန်ုပ်နှင့် ထက်အောက်ညီရယ်၊ အငယ်ဆုံး ညီလေးရယ် သုံးယောက်စလုံး သိပ်ပြီး မနိမ့်မမြင့်သော စစ်ပင်ကဲ့သို့ သစ်ပင်ထိပ်ဖျားကိုင်းမှာ နားနေသော ငှက်တစ်ကောင်ကို တက်ဖမ်းကြ၏။ အပေါ်ဆုံးမှ ကျွန်ုပ်က တက်၍ဖမ်းရာ လက်ဆုပ်လက်ကိုင်ဖမ်းမိသည်ကို မြင်မက်၏။ အိပ်ရာမှနိုးသော် အိပ်မက်ကို သတိရသော်လည်း ဘာအတွက် နိမိတ်ပေးမက်သနည်းဟု စဉ်းစားပေမဲ့ အဖြေမရပါ။ ညီငယ်များ စာမေးပွဲအတန်းတွင် အောင်စာရင်းထုတ်ပြန်သောအခါ သူတို့နှစ်ယောက်စလုံး စာမေးပွဲအောင်ခဲ့ကြလေသည်။ အိပ်မက်မက်ချိန်မှ သုံးပတ်ခန့်ရှိပြီလည်း ဖြစ်၏။ ထိုအခါမှ ကျွန်ုပ်လည်း စာမေးပွဲအောင်မည်ဖြစ်လို့ မက်သောအိပ်မက် ဖြစ်နိုင်ကြောင်း ဝဲ့စားမိလေ၏။ မိမိက ကိုယ်တိုင်ငှက်ဖမ်း မိသူဖြစ်ပြီး ကိုယ်တိုင်မဖမ်းရဘဲ လိုက်ပါသူ ညီနှစ်ယောက် စာမေးပွဲအောင်သည်ကို ထောက်၍ မိမိစာမေးပွဲ အမှန်အောင်မည်ကို ယုံကြည်ဝမ်းသာလာ၏။ အဘဘိုးဘိုးအောင် မေတ္တာဖြင့် နိမိတ်ပြမက်သော အိပ်မက်ဟု ထင်၏။ အဘကို အားကိုးအားထားဖြင့် နေ့စဉ် ဆုတောင်းတိုင်တည် ကန်တော့၍ အိပ်ခဲ့သည်သာဖြစ်၏။

ထိုခေတ်ထိုကာလမှာ T.V မပြောနဲ့ Radio အသံဖမ်းစက်ပင် အိမ်တိုင်းမှာ မရှိသေးပါ။ လျှပ်စစ်မီးရသော ရေကြည်မြို့တွင်း ဈေးပိုင်းအိမ်တချို့မှာသာ ရှိ၏။ ရက်ကန်းချည်ထုတ်သမဝါယမအသင်းဆိုင်မှာလည်း ရှိ၏။ သမဝါယမအသင်းဆိုင်တာဝန်ခံမှာ ဦးသန်းဝင်းဖြစ်၏။ ရေကြည်မြို့ ၃ လမ်းနေ ကြီးမောင်တို့အိမ် ဦးကြီးအေးမောင်၊ ဒေါ်မြရင်တို့အိမ်ရှေ့ဘမ်း၏ တစ်ဖက်ခြမ်းမှာရှိ၏။ ကျောင်းတွင် စာတော်ကြောင်း၊ စာကြိုးစားသူများဖြစ်ကြောင်း လူသိလည်း များနေ၏။ ကြီးမောင်၊ စံမြင့်၊ မောင်မောင် စသောသူငယ်ချင်းများနှင့် ထိုသမဝါယမဆိုင်ကို Radio မှ ထုတ်လွှင့်သော အောင်စာရင်းနားထောင်ရန် သွားကြ၏။ ချည်ထည်လုပ်သော လူကြီးများနှင့် သမဝါယမဆိုင်ရှိ လူကြီးများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေရာပေးကြ၏။ နားထောင်စေ၏။

မြန်မာ့အသံမှ ရေဒီယိုဖြင့် အောင်စာရင်းထုတ်ပြန်သောအခါ တစ်နိုင်ငံလုံးအတွက် ထုတ်ပြန်ပေးခြင်း ဖြစ်သည်။ ကျုံ့ပျော်စာစစ်ဌာနအလှည့်ရောက်လာ၏။ ငါးသိုင်းချောင်း အထကမှ ကျောင်းသားများပြီးလျှင် ရေကြည်အထက ရောက်မည်ဖြစ်သည်။ ငါးသိုင်းချောင်းအထက ပြီး၍ ရေကြည်အထက ရောက်လာရာ K.P.W-111 Mg Phone Mg K.P.W-123 Mg Kyaw Than ဟု မိမိနာမည်၊ ခုံနံပါတ်ပါလာရာ ကြားလိုက်သည်နှင့် အတိုင်းမသိ ဝမ်းသာသွား၏။ ဘယ်လိုဝမ်းသာမှုမျိုးနှင့်မှ နှိုင်း၍မရအောင် အကြီးအကျယ် ဝမ်းသာခဲ့ရလေသည်။ အိပ်မက်နိမိတ်ကြောင့်သာ နားထောင်ရအောင် သွားရခဲ့ခြင်းဖြစ်၏။ ဝမ်းသာလွန်က မြေကြီးကို ခြေနင်း၍ သွားရသည်ကိုပင် နင်းမိမှန်းမသိအောင် ဖြစ်ခဲ့ရလေသည်။ ကျွန်ုပ်ဘဝတွင် အမှတ်ရစရာ ထူးခြားမှုတစ်ခု ဖြစ်ခဲ့၏။ ရေကြည်အထကမှ ကျွန်ုပ်တို့နှစ်ယောက်သာ တက္ကသိုလ်ဝင်တန်းအောင်ခဲ့၏။ ရှေ့နှစ်များက ဖြေခဲ့ဖူးသော အကိုကြီး၊ အမကြီးများနှင့် ကျွန်သူငယ်ချင်းများ မအောင်ခဲ့သော်လည်း ထိုနှစ်တွင် ထူးခြားစွာ ထုတ်ပြန်သော H.S.F. (High School Final) အောင်ချက်အဖြစ် ထပ်မံထုတ်ပြန်ပေးရာတွင် ကိုလှကြည်၊ တင်မြ၊ စံမြင့်၊ လှခိုင်၊ ကိုတင်ချော စသူတို့မှာ ထိုအဆင့် H.S.F ကို အောင်ခဲ့၏။

အောင်စာရင်းမထွက်မီက အင်းစိန် G.T.I. ကျောင်းကို ကြိုတင်လျှောက်လွှာတင်ထား၍ တက်ခွင့်ပြုကြောင်း စာရောက်လာ၏၊ သို့သော် B.Sc Engineer ဖြစ်မှ အရာရှိတန်းပြီးရမှာသိ၍ မတက်တော့ပါ။ မိဘများလည်း စီးပွားရေးလုပ်ငန်း ယခင်ကလို မကောင်း၍လည်း စဉ်းစားနေရ၏။ အဖေနှင့် ဘဖုန်းက ရန်ကုန်တက္ကသိုလ်ဆက်တက်ရန် တိုက်တွန်းပြီး တက်ဖြစ်အောင် စီစဉ်ပေး၏။

ရန်ကုန်တက္ကသိုလ်တွင် ဖုန်းမောင်နှင့် ကျွန်ုပ်တို့နှစ်ယောက်စလုံး ဆက်တက်ဖြစ်၏။ ဖုန်းမောင်က ဥပစာဝိဇ္ဇာ I.A. ပထမနှစ် ထီးတန်းကောလိပ်မှာ တက်ခဲ့၏။ ကျွန်ုပ်က ဥပစာသိပ္ပံ B.Sc(A) ကို ရန်ကင်းကောလိပ်မှာ တက်ရ၏။ ထိုခေတ်က B.Sc အင်ဂျင်နီယာတန်းကို ဥပစာသိပ္ပံဒုတိယနှစ် B.Sc(B)အောင်၍ ဘာသာစုံသတ်မှတ်သော အမှတ်စာရင်းရမှ B.Sc(B) ကို Elgible for the first year B.Sc Engineering ဟု ကြယ်အမှတ်အသားပြု၍ အောင်စာရင်းထုတ်ပြန်ပေးပြီး တက်ခွင့်ရသော ကာလဖြစ်၍ နောက်ထပ်လေးနှစ် တက်ရ၏။ B.Sc(A)(B) မှာ Pure Science ဘာသာတွဲ Physics, Chemistry, Maths ဘာသာတွဲ ယူရ၏။ English နှင့် Burmese မှာ မယူမနေရ ဖြစ်၏။

ရန်ကင်းကောလိပ်မှာ ယခု အထက (၁) ရန်ကင်းကျောင်းနေရာ ဖြစ်၏။ ကျောင်းသား Hostle အဆောင်များကို ရန်ကုန်းချောင်းနှင့် ဝဏ္ဏလစ်ဈေးလမ်းကြား ရန်ကင်းလမ်းမကြီး၏ အရှေ့ဘက်ခြမ်းမှာ သွပ်မိုး၊ ထရံကာ နှစ်ခန်းတွဲ အဆောင်များအဖြစ် ဆောက်ပေး၍ နေကြရ၏။

သိပ္ပံကျောင်းသားများ အားလုံး



www.burmeseclassic.com

www.burmeseclassic.com

အတွက် လက်တွေ့ခန်းကြေးနှင့် အဆောင်နေထိုင်စားသောက်စရိတ်အပါအဝင် တစ်လ ၆၀ ကျပ် ပေးသွင်းကြရ၏။ အဆောင်နေခွင့်စာရင်း ထုတ်ပြန်သောအခါ အဆောင် 11(A)မှာ နေရာရ၏။ တစ်ဆောင်တွင် အခန်းနှစ်ခန်းခွဲထား၏။ တစ်ခန်းတွင် ကျောင်းသား ၇ ယောက်၊ ၈ ယောက် နေကြရ၏။ စားပွဲ၊ ခုတင်၊ ကုလားထိုင်၊ ရေမီးအစုံ၊ စားစရိတ်ပါ အပြီးအစီး ၆၀ ကျပ်တွင် ပါဝင်၏။

ပုသိမ်သား ...ကိုကျင်အောင်၊ ကိုသောင်းရွှေ ကျောင်းကုန်းသား ကိုစိန်သန်း၊ ရေကြည်သား ကျွန်ုပ်နှင့် ပခုက္ကူသား ကိုအောင်မြင့်သိန်း၊ ညောင်ရွှေသား ကိုစန်းမောင်နှင့် လွယ်မွေသား ဆေးကျောင်းသား ရှမ်းကလေးလည်း ပါ၏။ ထိုစဉ်ကာလ တက္ကသိုလ်ကျောင်းသားသမဂ္ဂရွေးချယ်ပွဲ ရှိခဲ့၏။ အစိုးရလိုလားသော ရဲခေါင်အဖွဲ့နှင့် အတိုက်အခံပြုကျောင်းသားတပ်ဦးအဖွဲ့တို့ ယှဉ်ပြိုင်ကြ၏။ ညနေပိုင်း၊ ညပိုင်းတွင် ဝါဒရေးရာ မဲဆွယ်စာရွက်များ အခန်းတွင်းသို့ လိုက်လံဖြန့်ဝေကြသည်။ အများစုက ကျောင်းသားတပ်ဦးကို ကြိုက်၏။ ကိုစိုးသိမ်းတို့၊ ကိုခင်မောင်အုန်းတို့ ဦးဆောင်သော ကျောင်းသားတပ်ဦးက မဲနိုင်၏။ အပြိုင်အဆိုင် မဲဆွယ်ကြသော်လည်း ခိုက်ရန်မရှိ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်ပင် ဖြစ်ကြ၏။ မိမိကြိုက်ရာကို မဲပေးရွေးခဲ့သည် ဖြစ်၏။

မြန်မာစာမှအပ ကျန်ဘာသာရပ်အားလုံး အင်္ဂလိပ်လို သင်ရ၏။ အင်္ဂလိပ်စာကို ဆရာမကြီး ဒေါ်တင်ဇာမော်နိုင်အခန်းမှာ ရ၏။ အင်္ဂလိပ်စာတော်ပုံရသော်လည်း မီးနှင်းကို နှုတ်မှခေါ်ပေးပြီး သင်ပုန်းတွင် ရေးမပြချေ။ သို့အတွက် မကြိုက်ကြပါ။ ဆရာကြီး Mr. Priya နှင့် အခြား ဆရာမကြီးတစ်ဦးအခန်းကို ကျောင်းခေါ်ချိန်ပြီးပါက သွားရောက်တက်ခဲ့ကြလေသည်။

ထူးထူးခြားခြား နှစ်ဝတွင် အောက်ထပ်အခန်းကျယ် Hall ခန်းမှာ ကျောင်းသားပေါင်း ၂၅၀/၃၀၀ ခန့် တစ်ပြိုင်တည်းသင်ယူရသော Solid Geometry ဘာသာရပ်သင်ရပုံ ဖြစ်၏။ ဆရာကြီး Mr. Chaundry က သင်၏။ ဆရာကြီးက ပုံတစ်ပုံဆွဲပြီးတိုင်း Three dimensions အမြင်နှင့် သင်၏။ ကျောင်းသားများက ထိုပုံကို Two dimensions အမြင် မြင်ကြ၏။ ဆရာကြီးက အင်္ဂလိပ်စာ အသံထွက်ကို အိန္ဒိယသားလေသံနှင့် ပြော၏။ သူ့စကားကိုလည်း နားမလည် ဖြစ်ကြရ၏။ ဥပမာ This yangle is equal to that yangle ဆိုရင် This angle is equal to that angle ဖြစ်သည်။ ရှုပ်ကုန်၏။ ကြာလေ နားမလည်လေ ဖြစ်၍ ကျောင်းသားအများစုမှာ သူ့အတန်းကို မတက်တော့ချေ။ Solid Geometry မဖြေဘဲနေကြ၏။ နောက်ဆုံးနှစ်ဝက်လောက်တွင် ကျောင်းသား ၄ပ/၅၀ လောက်သာ ရှိတော့၏။ ကျွန်ုပ်သည် ဖွဲဖြင့် ပေ၍တက်ခဲ့ပြီး day student အသားဖြူဖြူ၊ ရုပ်ဖြောင့်ဖြောင့်၊ စိတ်ကောင်းရှိသော၊ အေးအေးဆေးဆေး တစ်ယောက်တည်းနေတတ်သော စိုးတင့်ကို မိတ်ဆက်ပြီး နားလည်လားမေး၍ နားလည်သည်ဆိုသဖြင့် အတူကျောင်းတက်ဖြစ်၏။ နောင်တွင် အလွန်ခင်သော သူငယ်ချင်းဖြစ်လာခဲ့လေသည်။ သူပြောပြ၍ ဆရာကြီးအသံထွက်ကို အမှန်သိရလေသည်။

မေတ္တာ သစ္စာ သည်းခံ

**ဖိုးသန်းကျော်(ရေကြည်သား)**

---

အရေးပေါ်ကိစ္စ
ပေါ်ပေါက်လာသည့်အခါ
ကိစ္စနှင့်လျော်ညီသော
စကားများကို ပြောဆိုရမည်ကိုလည်းကောင်း၊
မိမိအခြေအနေနှင့်
သင့်လျော် လျော်ပတ်သော
ချစ်သူကိုလည်းကောင်း၊
မိမိနှင့်ဝာန်ရှိသော
အမျက်ဒေါသကိုလည်းကောင်း
သိရမည်။
ထိုသို့သိတတ်သော
သူသည်လည်း
ပညာရှိမည်တော့၏။
(လောကနီတိ)



www.burmeseclassic.com

www.burmeseclassic.com




# သင့်အား ပေးစရာရှိသည်

သက်လုံ

## ပညာရှိနှင့် ပညာမဲ့

သိနားလည်မှုရသော ဝမ်းမြောက်ခြင်းတို့သည် ဘုရားသခင်၏ ရတနာများ ဖြစ်၏။ သင့်လျော်သည်ဟုထင်သော အတိုင်းအတာပမာဏအထိ လူတိုင်းလူတိုင်းထံတွင် ဝေငှထားသည်။ ဘုရားသခင်သည် သင့်အား ပညာဉာဏ်ကို မပေးထားပါသလော။ အမှန်တရားတည်းဟူသော အသိဉာဏ်ဖြင့် သင်၏ စိတ်ကို သူသည် ထွန်းလင်းအောင် မပြုထားပါသလော။ ထိုအသိတရားများကို သူတို့အဖို့ သူတို့အားထားလိုက်နာနိုင်စေရန်အတွက် ပညာမဲ့များထံသို့ လက်ဆင့်ကမ်းပါလော့။ သင့်ကိုယ်တိုင်၏ တိုးတက်မှုအတွက် ပညာရှိများထံ လက်ဆင့်ကမ်းပါလော့။

မိုက်မဲမှုကို အထင်လွဲခြင်းထက် စစ်မှန်သော ပညာကိုဝို၍ အထင်လွဲတတ်ကြ၏။ ပညာရှိသည် မကြာခဏပင် သံသယဝင်၍ စိတ်ပြောင်း၏။ မိုက်မဲသူကား ခေါင်းမာ၍ သံသယမဝင်တတ်ချေ။ သူသည် သူ၏ မသိနားမလည်မှုမှလွဲလျှင် အားလုံးကို သိသည်ချည်းဖြစ်သည်။ ဘာမျှမရှိသည့်အပေါ် မာနတက်ခြင်းသည် အလွန်စက်ဆုပ်ဖွယ် ဖြစ်၏။ စကားများများပြောခြင်းသည် မိုက်မဲမှု၏ မိုက်မဲခြင်းဖြစ်၏။ သို့ဖြစ်သည့်တိုင်အောင် သူတို့၏ ရိုင်းပျမှုကို သည်းခံခြင်း၊ ထိုသူတို့၏ ဆထာဘူတမကျနိုင်ခြင်းကို ကရုဏာထားခြင်းတို့သည် ပညာရှိ၏ အစိတ်အပိုင်း ဖြစ်ချေ၏။ သို့တိုင်အောင် သင့်ကိုယ်သင် အထင်ကြီးမှုဖြင့် ဘဝင်မြင့်မနေပါနှင့်။ လွန်ကဲ၍ သိနားလည်နေခြင်းကို ကြွားဝါမနေပါလင့်။ လူသား၏ အထင်ရှားဆုံးသော သိနားလည်မှုဆိုသည်မှာ မျက်စိကန်းခြင်းနှင့် မိုက်မဲမှုအဖြစ်၌သာလျှင် ရှိနေသေးသောကြောင့်တည်း။

ပညာသည် မိမိ၏ ချွတ်ယွင်းချက်များကို သိရှိခံစားရသည်ဖြစ်၍ မိမိကိုယ်မိမိ နှိမ့်ချသည်။ သူသည် မိမိကိုယ်မိမိ ချီးကျူးနိုင်ရန် ကြိုးစားလုပ်ဆောင်၏။ သို့သော် မိမိကိုယ်မိမိ ချီးကျူးနိုင်လောက်သည့် အခြေအနေသို့ ဘယ်တော့မှ မရောက်၊ သို့ရာတွင် လူမိုက်သည်ကား မိမိ၏ တိမ်သော 'ဉာဏ်' စမ်းရေပြင်ကို ဖောက်ထွင်းကြည့်ပြီး အောက်ခြေတွင် မြင်နေရသော ကျောက်ခဲကလေးများဖြင့် ကျေနပ်နှစ်သိမ့်နေသည်။ ထိုကျောက်ခဲများကို သယ်ယူ၍ ပုလဲများသဖွယ် လိုက်လံပြသ၏။ ထို့နောက် ညီအစ်ကိုများ၏ ချီးကျူးခြင်းဖြင့် သူ့ကိုယ်သူ ပျော်ရွှင်စေသည်။ သူသည် တန်ဖိုးမရှိသော အရာများကို ပိုင်ဆိုင်ထားရခြင်းအတွက် ကြွားဝါသည်။ သို့ရာတွင် မသိနားမလည်မှုသည် ရှက်စဖွယ်ဖြစ်သည်ကိုကား သူသည် သိနားလည်ခြင်းမရှိချေ။ ပညာ၏လမ်းကြောင်းပေါ်တွင်ပင် သူသည် မိုက်မဲမှု၏နောက်သို့ ပင်ပန်းကြီးစွာ လိုက်၏။ သူ့လုပ်ငန်း၏ ဆုလာဘ်ကား အရှက်ရခြင်းနှင့် စိတ်ပျက်ညှိုးနွမ်းခြင်းတို့ပင် ဖြစ်ချေသည်။

သို့ရာတွင် ပညာရှိတို့သည် သူ့စိတ်ကို ပညာဖြင့် ထွန်ယက်၏။ ပညာများ တိုးပွားရှင်သန်ခြင်းသည် သူ့အတွက် နှစ်မြို့က်စရာရှိသည်။ သူ့ပညာ၏ လူတို့အတွက် အသုံးဝင်မှုသည် သူ့အား ဂုဏ်သရေသရဖူကို ဆောင်းစေသည်။ မည်သို့ပင်ဖြစ်စေ ကောင်းမွန်သော အရည်အချင်းကို ရရှိခြင်းသည် အမြင့်ဆုံးသော ပညာဟု သူယူဆထား၏။ ပျော်ရွှင်မှုအတတ်ဟူသည်ကား မိမိဘဝကို လေ့လာခြင်းပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com

## ချမ်းသာသူနှင့် ဆင်းရဲသူ

မှန်ကန်စွာ အသုံးချပါစေတော့ ဟူ၍ ဘုရားသခင်က ဥစ္စာဓနကို ပေးထားခြင်းခံရသူသည် ကံကောင်းသူဖြစ်၍ အဆင့်အတန်းမြင့်သည်။သူသည် သူ၏ ဥစ္စာဓနကို ပျော်ရွှင်စွာကြည့်ရှု၏။ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် သူ့အား ကောင်းကျိုးကို ပြုလုပ်စေနိုင်သောကြောင့်ပင် ဖြစ်ချေသည်။ ထိခိုက်ဒဏ်ရာရသော ဆင်းရဲသူများကို သူကာကွယ်စောင့်ရှောက်၏။ အားကြီးသူက အားနည်းသူကို မဖိနှိပ်စေရန် သူကာကွယ်သည်။ ကရုဏာတရား၊ ဦးတည်ရာများကို သူရှာဖွေ၏။ သူတို့၏ လိုအပ်ချက်များကို စုံစမ်း၏။ ပကာသနမပါသော ဆုံးဖြတ်ခြင်းများဖြင့် သူတို့ကို သက်သာရာရစေ၏။ သူသည် ကောင်းမှုကို ကူညီ၍ ဆုလာဘ်ချီးမြှင့်၏။ တီထွင်ကြံစည် ဖန်တီးခြင်းကို အားပေး၍ အသုံးဝင်သော အကြံအစည်မှန်သမျှကို ရက်ရောစွာ ထောက်ပံ့သည်။ ကြီးကျယ်သော လုပ်ငန်းများကို သူလုပ်ကိုင်၏။ သူ၏တိုင်းပြည်ကို ချမ်းသာကြွယ်ဝစေသည်။ အလုပ်သမားသည် အလုပ်ရ၏။ အကြံအစည်သစ်များကို ပြု၏။ အတတ်ပညာများ တိုးပွားသည်။

သူ၏စားပွဲပေါ်မှ ကောင်းမွန်သော ခဲဖွယ်ဘောဇဉ်များကို ဆင်းရဲသော အိမ်နီးချင်းများ ပိုင်ဆိုင်မှုဟူ၍ သူမှတ်ယူထားသည်ဖြစ်သောကြောင့် သူတို့အပေါ်တွင် သူမကောက်ကျစ်ချေ။ သူ၏စိတ်ထားကောင်းမှုကို သူ့ဥစ္စာဓနက မတားဆီးမပိတ်ဆို့နိုင်။ ထို့ကြောင့် ချမ်းသာကြွယ်ဝမှုအတွက် သူပျော်ရွှင်ဝမ်းမြောက်သည်။ သူ့ပျော်ရွှင်မှုသည်လည်း အပြစ်ကင်းစင်၏။ သို့သော် ဥစ္စာဓနကို များပြားစွာ သိမ်းထားပြီး တစ်ဦးတည်းပိုင်ဆိုင်ထားရှုဖြင့် ပျော်ရွှင်နေသူကား အမင်္ဂလာဖြစ်ချေ၏။ ဆင်းရဲသူတို့၏ မျက်နှာကို ကြိတ်ချေပြီး သူတို့၏ နဖူးများပေါ်မှ ချွေးများကို အလေးဂရုမပြုသူသည် အမင်္ဂလာဖြစ်သည်။ သူသည် ခံစားမှု ကင်းမဲ့သော ဖိနှိပ်ခြင်းဖြင့် စီးပွားတက်၏။ သူ့ညီနောင်တစ်ဦး၏ ပျက်စီးခြင်းသည် သူ့အား အနှောင့်အယှက် မဖြစ်ချေ။ မိဘမဲ့ကလေး၏ မျက်ရည်ကို သူသည် နွားနို့ပမာ သောက်သုံး၏။ မုဆိုးမ၏ ငိုကြွေးသံသည် သူ့နားထဲတွင် ဂီတဖြစ်သည်။ သူ၏နှလုံးသားသည် ချမ်းသာမှုဖြင့် မာကျောလျက်ရှိသည်။ မည်သည့်ပူဆွေးခြင်းမျိုးမှ၊ မည်သည့်အကိုဒုက္ခရောက်ခြင်းမျိုးမှ ဤနှလုံးသားအပေါ်တွင် အရာမထင်စေနိုင်ချေ။ သို့သော် မတရားမှုကျိန်စာကား သူ့နောက်သို့ လိုက်နေ၏။ သူသည် အမျှင်မပြတ်သော သောကဗျာပါဒအကြားတွင် နေထိုင်ရ၏။ သူက အခြားသူများအပေါ်သို့ ဆောင်ကြဉ်းပေးခဲ့သော ဘေးဒုက္ခများအတွက် သူ့စိတ်ပူပန်ခြင်းနှင့် သူ့ဝိညာဉ်က ပိုင်ဆိုင်သော လုယက်တတ်သည့် ဆန္ဒများကပင် သူ့ကို လက်စားချေပေးသည်။

အို ... ဤသူ၏နှလုံးသား ကိုက်ခဲခံရမှုနှင့် နှိုင်းစာလျှင် ဆင်းရဲခြင်း၏ ဒုက္ခဟူသည် ဘာမျှမဆိုလောက်ပါတကား။ ဆင်းရဲသူသည် သူ့စိတ်ကိုသူ ဖြေပါစေလော့။ မှန်၏။ ပျော်ရွှင်ဝမ်းမြောက်နေပါစေလော့။ ဤသို့နေနိုင်ရန် သူ့တွင် အကြောင်းများ လုံလောက်စွာ ရှိပါချေသည်။ တစ်လုတ်စာမျှသော အာဟာရကို ငြိမ်းချမ်းစွာ စားသောက်ရ၏။ သူ့ထမင်းစားပွဲတွင် မြှောက်ပင့်သူများ၊ ငမ်းငမ်းတက်စားသူများဖြင့် ပြည့်ကျပ်၍ မနေပါချေ။ မှီခိုသူတစ်လှေကြီးကြောင့်လည်း အနှောက်ယှက်ခြင်းမရှိ။ တောင်းခံမှု အသံဗလံတို့ဖြင့်လည်း သရော်မခံရ။ ချမ်းသာမှု၏ ချိုမြိန်သော စားသောက်ဖွယ်တို့မှာ တားဆီးထားခြင်းခံရသည်ဖြစ်၍ ထိုအစာများမှလာသော ရောဂါဘယများကိုလည်း သူမရရှိချေ။

သူစားသော ပေါင်မုန့်ညည် သူ့ဆာလောင်မှုပြေအောင် မချိုမြိန်ပါသလော။ သူသောက်သောရေသည် သူ့မွတ်သိပ်မှုပြေအောင် မကောင်းပါသလော။ မှန်ပေ၏။ စည်းစိမ်ရှင်တို့၏ အစာရေစာထက် အဆပေါင်းများစွာ ပို၍အရသာရှိလှပါပေသည်။ သူ့အလုပ်သည် သူ့ကျန်းမာရေးကို ထိန်းသိမ်းပေး၏။ လူပျင်း၏ သားမွေးအိပ်ရာနှင့် ဘာမျှမဆိုင်သော အိပ်ရာကို သူရရှိထားသည်။ နှိမ့်ချခြင်းဖြင့် သူ၏ဆန္ဒများကို ဘောင်ခတ်ထားသည်။ ရောင့်ရဲမှု၏ ငြိမ်းအေးခြင်းသည် ချမ်းသာခမ်းနားသော အရာမှန်သမျှထက် ပို၍ပင် သူ၏ဝိညာဉ်ကို သာယာစေသည်။ ထို့ကြောင့် ချမ်းသာသူကိုလည်း ဘဝင်မမြင့်ပါစေလင့်။ ဆင်းရဲသူကိုလည်း ဆင်းရဲခြင်းကြောင့် စိတ်ပျက်အားငယ်ခြင်း မဖြစ်ပါစေလင့်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အာဏာသည် သူတို့နှစ်ဦးစလုံးအား ပျော်ရွှင်မှုကို ပေးထားသောကြောင့်ပင်တည်း။

သက်လုံ



www.burmeseclassic.com




# ကမ္ဘာ့အံ့ဖွယ် တပ်(ဂျ်)မဟာ နှင့် မြန်မာမျိုးမတ်နှစ်ပါး

**တင်နိုင်တိုး**

အိန္ဒိယပြည်မှ တပ်(ဂျ်)မဟာ သချိုင်းတော်သည် ကမ္ဘာ့အံ့ဖွယ်(၇)ပါးအနက် တစ်ခု အပါအဝင် ဖြစ်ပါသည်။ ယင်းသချိုင်းတော် ဂူဗိမာန်ကို ဖန်တီးခဲ့သူက ရှာဂျဟန်ဘုရင်နှင့် မိဖုရားကြီး မန်တပ်မဟာတို့ပင် ဖြစ်ပါသည်။ တပ်(ဂျ်)မဟာ ဗိမာန်ကို အလုပ်သမားနှစ်သောင်းဖြင့် နှစ်ပေါင်း (၂၀)ကြာ တည်ဆောက်ခဲ့ရကာ ထိုခေတ်ကာလ အိန္ဒိယပြည်သုံး ရှုပီးငွေ ဆယ်ကုဋေကုန်ကျခဲ့သည် ဆိုပါသည်။

မြန်မာမှတ်တမ်းများအရ ကုန်းဘောင်ခေတ် ဘကြီးတော်မင်းလက်ထက် မြန်မာသံအဖွဲ့ကို ဦးဆောင်ခဲ့သူ မိုးတားဝန်ထောက်မင်းကြီး မဟာစည်သူဘွဲ့ခံ ဦးရွှဲသည် တပ်(ဂျ်)မဟာသို့ အစောဆုံးရောက်ရှိခဲ့သူ မြန်မာမျိုးမတ်တစ်ပါး ဖြစ်သည်ဟု မှတ်ယူရပါသည်။ မင်းကြီးဦးရွှဲက သူ၏ ဘင်္ဂလားသွားစာတမ်းတွင် တပ်(ဂျ်)မဟာသို့ ရောက်ရှိခဲ့ပုံကို ထည့်သွင်းဖော်ပြထားပါသည်။ ယင်းမှတ်တမ်းတွင် တပ်(ဂျ်)မဟာကို "အာဂရမင်းနှင့် မိဖုရားတို့ သချိုင်းရာ တာ့သဗိဗိတိုက် ဥယျာဉ်"ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရ၏။

၂၇ နိုဝင်ဘာ ၁၈၃၂ တွင် အာဂရမြို့ရှိ တပ်(ဂျ်)မဟာသို့ မင်းကြီးဦးရွှဲတို့အဖွဲ့ သွားရောက်ခဲ့ကြသည်။ မင်းကြီး၏ မှတ်တမ်းတွင် –

"တာသဗိဗိတိုက်လမ်းတစ်လျှောက် လုပ်ဆောင်ထားသည်မှာ လက်ဝဲ၊ လက်ယာ လမ်းနှစ်သင်္ယ ရှိသည်။ ၎င်းလမ်းကို လျှောက်၍ တာ၎ဇီဗိတိုက်ရောက် ယမုံနာမြစ်ကရေကို စက်ကြီးနှင့် သွင်းသည်။ ၎င်းလမ်းတစ်လျှောက် အမြင့် ၃ တောင်ခန့်ရှိသည့် သံပြွန်ရေစက်ငယ်က မီးပန်းမီးပွင့်ကဲ့သို့ ရေပန်းဖြာ၍ အထက်သို့ တက်သည်။ လက်ဝဲလက်ယာအနားကလည်း အမွှေးအထုံနှင့် ပြည့်စုံသော ပန်းမျိုးအများကို တာသဗိဗိတိုက်ရောက် ပင်မြင့် ၃ တောင်ကျော် ၄ တောင်ခန့် တညီတညွတ်တည်း စိုက်ထားရှိသည်။"


စသည်ဖြင့် တွေ့ရှိရပါသည်။

မင်းကြီးဦးရွှဲ၏ ဘင်္ဂလားသွား စာတမ်းပါ အာဂရမင်း ဆိုသည်မှာ ခရစ်နှစ် ၁၆၆၆ ခုနှစ်တွင် နတ်ရွာစံလွန်ခဲ့သည့် ဘုရင်ဧကရာဇ် ရှားဂျဟန် (Shah Jahan) ဖြစ်ပါသည်။ သူ၏မိဖုရားက မွန်တပ်မဟာ(Mumtaz Mahal)ဖြစ်ပြီး ဧကရာဇ်မင်းထက်စောပြီး ၁၆၂၉ ခုနှစ်က ကံကုန်ခဲ့သည်။ ဘုရင်၊ မိဖုရားတို့၏ သချိုင်းဂူဗိမာန်အား ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ခဲ့ရာ ကမ္ဘာ့အံ့ဖွယ်တစ်ပါးအဖြစ်ပင် ထင်ရှားကျော်ကြားခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံမှ တပ်(ဂျ်)မဟာဂူဗိမာန်

မိုးတားဝန်ထောက်မင်းကြီး ဦးရွှဲတို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြစဉ်က တပ်(ဂျ်)မဟာကို စောင့်ရှောက်ကြီးကြပ်ရသူ ၃၀ ဦးခန့်ရှိသည် ဆိုပါသည်။ မင်းကြီးဦးရွှဲတို့သည် အံ့သြဖွယ်ကောင်းလှသည့် တပ်(ဂျ်)မဟာဂူဗိမာန်ကို ၂ နာရီခန့်ကြာ လှည့်လည်ကြည့်ရှုခဲ့ကြပြီးနောက် အာဂရမြို့တွင်း တည်းခိုရာနေရာသို့ ပြန်လာခဲ့ကြသည်။ အပြန်တွင် အစောင့်များအား ဒင်္ဂါးပြား(၂၀)ပြား ပေးခဲ့ရသည် ဆိုပါသည်။

တပ်(ဂျ်)မဟာသို့ နောက်ထပ်ရောက်ရှိခဲ့ဖူးသူ မြန်မာမှူးမတ်တစ်ပါးမှာ ရတနာပုံခေတ်တွင် ထင်ရှားခဲ့သည့် လှေသင်းအတွင်းဝန် ဦးရွှေမောင် ဖြစ်ပါသည်။ သို့သော် လှေသင်းအတွင်းဝန်က မြန်မာဘုရင်လက်ထက်တွင်ရောက် ရှိခဲ့ခြင်း တော့ မဟုတ်ပေ။ သီပေါမင်းပါတော်မူစက အိန္ဒိယသို့ သွားရောက်လည်ပတ်ရင်း ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ လှေသင်းအတွင်းဝန် ဦးရွှေမောင်နှင့် ဝန်ကတော်တို့ ကာလကတ္တားတွင် ၃ နှစ်ခန့် နေထိုင်ခဲ့ကြပြီးနောက် မြန်မာပြည်သို့ ပြန်ရန် ပြင်ဆင်ကြသည်။

ဘင်္ဂလားပြည်နယ် ဘုရင်ခံထံ အခွင့်တောင်းခံထားစဉ် အတွင်းအရာရှိတစ်ဦးက ကမ္ဘာကျော်တပ်(ဂျ်)မဟာသို့ လိုက်ပို့မည်ဟု စကားကမ်းလှမ်းလာခဲ့သည်။ ဝန်ကတော်က "သချိုင်းဂူက ဘယ်လောက်ခမ်းနားမှာလဲ။ နိမိတ်မရှိ" ဟု ဆိုသည်။ သို့သော် လှသင်းအတွင်းဝန်ကမူ တပ်(ဂျ်)မဟာ၏ ထူးခြားမှုများနှင့် ဗိသုကာလက်ရာ သတင်းကို ကြားဖူးပြီးဖြစ်ရာ သွားရောက်လေ့လာလိုသည်။ သို့ဖြင့် ဝန်ကတော်ကို ဗာရာဏသီခေတ္တဝင်ပြီး မိဂဒါဝုန်သွားမည်ဟု အကြောင်းပြလျက် တပ်(ဂျ်)မဟာသို့ ခေါ်ဆောင်သွားခဲ့ရသည်။

လှေသင်းအတွင်းဝန် ဦးရွှေမောင်တို့အား ဗြိတိသျှအရာရှိတစ်ဦးက လိုက်ပို့သည်။ ကာလကတ္တားမှ အာဂရမြို့အထိ မိုင်(၅၂၀) ကွာဝေးပြီး မီးရထားစီးချိန်ကပင် ၂၆ နာရီကြာမြင့်ပါသည်။ တပ်(ဂျ်)မဟာသို့ရောက်တော့ အဝေးမှ လှမ်းမြင်ရသည့် မြင်ကွင်းကပင် အံ့လွှန်ထူးခြားလှပေသည်။ အဆောက်အဦ၏ ဗိသုကာလက်ရာက အံ့ချီးအစားကျနလှပြီး မလှမ်းမကမ်းရှိ ယမုန်နာမြစ်မှ ရေကို သွယ်ယူကာ ပတ်လည်ကျုံးသဏ္ဌာန် ဖန်တီးထားပုံကလည်း စိတ်ကြည်နူးချမ်းမြေ့ဖွယ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်(ဂျ)မဟာရောက် လေ့သင်းအတွင်းဝန်ဦးရွှေမောင်

လေ့သင်းအတွင်းဝန်တို့ ဇနီးမောင် ...ည် သာယာလှသည့် အဝင်လမ်းတစ် ...ကျောက် ဝင်ရောက်လာခဲ့ကြရာ အလွန် ...မှတ်လှသည့် ကျောက်သားရောင်စုံ ...အား ပန်းချီကျော်တစ်ဦး၏ စုတ်ချက် ...ရာကဲ့သို့ ဆက်စပ်ဖန်တီးထားသည့် ...ဘလက်ရာများကို တွေ့ရှိကြရလေ ... သင်းဗိမာန်အလယ်တွင်တော့ ရှား ...ဘုရင်နှင့် မိဖုရားတို့၏ ထာဝရလဲလျောင်းရာ ဂူနှစ်လုံးအား ယှဉ်လျက်တွေ့ကြရသည်။

မိုးတားဝန်ထောက် မင်းကြီးဦးရွှေ၏ မှတ်တမ်းဖြစ်သော ဘင်္ဂလားသွားစာတမ်းတွင် အာဂရာဘုရင်နှင့် မိဖုရားတို့၏ သင်္ချိုင်းဂူများအကြောင်းကို ...

"ဋ္ဌင်းတိုက် ပထမဘုံတွင် အာဂရမင်းနှင့် မိဖုရားတို့ သင်္ချိုင်းရာနှစ်ခုကို ယှဉ်လျက်ထားသည်။"

ဟူ၍ ဖော်ပြထားပါသည်။ ကုန်ကျစရိတ်နှင့် ပတ်သက်၍လည်း ...

"ထူးဆန်းလှစွာသော ပန်းမြောက်ပန်းပွင့်တို့ဖြင့် ကျောက်ကို ခြယ်လှယ်ထုလုပ်ထားသော တိုက်နှင့်တကွ အလုံးစုံလုပ်ဆောင်ရာ ကုန်ဝင်သည့် အဖိုးငွေကို မေးလျှင် အာဂရမြို့သုံး ငြူရိုငွေဒင်္ဂါး ကိုးကုဋေကိုးထောင်ကိုးရာကျော် 'ကုန်ကျသည်ဟု တိုက်စောင့်ဟိုက်နေ အာဂရမြို့သားတို့ ပြောဆိုသည်။"

ဟူ၍ ရေးမှတ်ထားပါသည်။

ကုန်းဘောင်ခေတ်လယ်ပိုင်းနှင့် ကုန်းဘောင်ခေတ်နှောင်းပိုင်း ကာလတို့တွင် အသီးသီးထင်ရှားကျော်ကြားခဲ့ကြသည့် မှူးမတ်အရာရှိနှစ်ပါး၏ တပ်(ဂျ)မဟာရောက် မှတ်တမ်းများက စိတ်ဝင်စားဖွယ် ကောင်းလှသည်။ အခြားမှူးမတ်အရာရှိများလည်း အိန္ဒိယသို့ လာရောက်ရင်း တပ်(ဂျ)မဟာသို့ ရောက်ရှိကောင်းရောက်ရှိခဲ့ကြပေလိမ့်မည်။ သို့သော် မှတ်တမ်းမှတ်ရာနှင့်တကွ မတွေ့ရှိရသေးသဖြင့် သေသေချာချာ မပြောနိုင်သေးပါ။

မည်သို့ဆိုစေကာမူ ကမ္ဘာ့အံ့ဖွယ် (၇)ပါးအဝင် တပ်(ဂျ)မဟာသို့ မြန်မာမှူးမတ်အချို့ ရောက်ရှိခဲ့ကြပုံမှာမူ အမှန်ပင် စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

**တင်နိုင်တိုး**


<u>**ကျမ်းကိုး**</u>

**၁။ ဘင်္ဂလားသွားစာတမ်း (ဒေါ်ကြည်တည်းဖြတ်သည်။)**

**၂။ လေ့သင်းအတွင်းဝန် ဦးရွှေမောင် (ရွှေဘိုမိမိကြီး)**




www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ်ကူးအထူးထုတ်

# ရုပ်နာမ်ကို ပရမတ်ဖြင့် ရှုမှတ်ခြင်း

မဟာထွန်း

ရုပ်နာမ်ကို ဉာဏ်နှင့်မသိကြတုန်သော အန္ဓပုထုဇဉ် သူကန်းတို့သည် အနီး၌ရှိသော နိဗ္ဗာန်ကြီးကို မသိနိုင်ကြကုန်။

ကုန်ခဲ့သည့်လက အထက်ပါစာပိုဒ်ကို ပါဠိတော်နှင့် တကွ ရေးခဲ့ပြီ။ သည်လအတွက် မြန်မာပြန်သက်သက်သာ ရေးလိုက်သည်။ ရုပ်နာမ်အကြောင်းကို ရေးမည်ဆိုလျှင် ဤစာပိုဒ်သည်လည်း တစ်နေရာအားဖြင့် အထောက်အကူဖြစ်စေသည်။ ဘာသာရေးစာပေသည် ပါဠိကို အခြေခံသောကြောင့် ပါဠိသာလျှင် သာ၍ခန့်သည်။

ဤစာရေးသူသည် အဌကလာပ် ရုပ်ရှစ်ပါးကို ဓမ္မယောဂီများ နားလည်၍ သဘောပေါက်လောက်သည်အထိ ရေးသားပြီးလျှင် ဝိပ္ပလ္လာသ သုံးပါးကို ဇယားနှင့်တကွ ရေးသားတင်ပြရန် စိတ်ကူးရှိခဲ့သည်။ သို့သော်လည်း ဤဆောင်းပါးအစဉ်ကြီး၏ ဓမ္မနှင့်စပ်ဆိုင်သော တရားစုများကို လာရောက်ဆွေးနွေးကြသော ယောဂီအပေါင်းတို့သည် ခန္ဓာနှင့် ပတ်သက်ပြီး နားလည်သဘောပေါက်သော ယောဂီပုဂ္ဂိုလ်အလွန်အမင်းနည်းသည်ကို တွေ့ရသည်။ ထို့ကြောင့် ယခုလမှစ၍ ခန္ဓာငါးပါးကို ဓမ္မယောဂီများ နားလည်လွယ်အောင် ရေးသားတင်ပြရန် ဆုံးဖြတ်ခဲ့ရသည်။

ခန္ဓသဒ္ဒါသည် အပေါင်းအစုကို ဟောသည်။ အပေါင်း အစုဟူသည်မှာ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ တည်းဟူသော ခန္ဓာငါးပါးကို ပေါင်းထားခြင်းပင်ဖြစ်သည်။

ခန္ဓာငါးပါးတွင် တစ်ပါးသိလျှင်ပင် ခန္ဓာသိခြင်းကို ပြီးမြောက်သည်။ ကျန်သောခန္ဓာလေးပါးသည် သဘောအားဖြင့် သက်ဝင်ပြီးဖြစ်သည်။ ငါးပါးလုံးကိုသိလျှင် သာ၍ကောင်းသည်။ တစ်ပါးကိုသိလျှင်လည်း ကျန်သောခန္ဓာလေးပါးကိုသိရန် မခဲယဉ်းတော့ပေ။ သဘောတရားအားဖြင့် တူမျှကြသည်။

ခန္ဓာ၏ သဘောတရားကိုသာ မသိလျှင်လည်း တရား ရှုမှတ်ပွားများရန် ခဲယဉ်းပေလိမ့်မည်။ ခန္ဓာငါးပါးကို သိထား တတ်ထား၊ နားလည်ထားလျှင် သင်ဓမ္မယောဂီသည် ပွားများ သော ခန္ဓာကို ပွား၍ရသည်။

ဤနေရာ၌ တစ်ခုသတိပေးလိုသည်မှာ တရားရှုမှတ် ပွားများနည်းသည် တစ်နည်းတည်းမဟုတ်ပေ။ နည်းပေါင်း မြောက်မြားစွာပင်ရှိသည်။ လယ်တီဆရာတော်ဘုရားကြီး တရားရနိုင်သော နည်းပေါင်းတစ်ထောင်ကျော်ရှိသည်ဟု တော်မူခဲ့သည်။ နည်းပေါင်းတစ်ထောင်ရှိလျှင် တရားရှုမှတ်ပွား များနည်းသည်လည်း တစ်ထောင်ကျော်ရှိသည်ဟု ဆိုရမည်



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း နည်းပေါင်းတစ်ထောင်ကျော်ရှိသည့် အထဲမှ မိမိတို့ကြိုက်ရာ၊ နှစ်သက်ရာ၊ ပိုင်နိုင်ရာတစ်နည်းကိုသာ ပွားများ၍ သင့်သည်။ တစ်နည်းနှင့် အဆင်မပြေ၊ တရားမတက်လျှင် နောက်တစ်နည်းစသည်ဖြင့် ကြိုက်ရာနည်းတစ်ခုကို ပြောင်း၍ပွားများသင့်သည်။

ဟိုနည်းနည်း၊ သည်နည်းနည်းကား မလုပ်သင့်ပေ။ ပွားများနေဆဲနည်းသည် တရားမတက်ဟုသိမှ နောက်တစ်နည်းကို ပြောင်းပွားရန်သင့်သည်။ တစ်နည်းနှင့် အဆင်ပြေလျှင်လည်း ကိစ္စပြီးသည်။ နည်းစုံအောင်တတ်မြောက်ထားရမည်မှာ တရားရှုမှတ်ပွားများနေသော ဓမ္မယောဂီတို့အတွက်မဟုတ်ဘဲ တရားပြသနေသော ဆရာများအတွက်သာဖြစ်သည်။ သည်အကြောင်းကို ရှေ့ဆောင်းပါးများတွင်လည်း ရေးခဲ့ပြီ။

ရှေ့တစ်နေရာက ခန္ဓာကိုမသိလျှင် တရားရှုမှတ်ရန် ခဲယဉ်းသည်ဟု ဆိုခဲ့ခြင်းမှာလည်း ဤလအတွက် ခန္ဓာနှင့်ပတ်သက်သော တရားအစုကို ရေးသားရန် ရည်ရွယ်ထား၍သာ ဖြစ်သည်။ အခြားနည်းဖြင့် ရှုမှတ်ကြသော ဓမ္မယောဂီများမှာလည်း ထိုယောဂီ၏ ဆရာမြတ်တို့ သင်ပြပေးလိုက်သော နည်းသည် ဦးစွာပထမ အသင့်တော်ဆုံးဟု ဆိုရမည်။

ထိုနည်းအဆင်မပြေလျှင် အခြားဆရာတို့၏ နည်းကို သင်မှတ်ရှုပွားနိုင်သည်။ ထိုနည်းသည် ခန္ဓာနည်းဖြစ်ချင်ဖြစ်မည်၊ အာယတနနည်း၊ ဓာတ်နည်းစသည်ဖြင့် ဖြစ်ချင်ဖြစ်မည်။ အခြား ပဋိစ္စသမုပ္ပါဒ်နည်း၊ သစ္စာနည်း ဖြစ်ချင်ဖြစ်မည်၊ မိမိတို့ အားသန်ရာ၊ ကျွမ်းကျင်ရာနည်းသည် ထိုဓမ္မယောဂီအတွက် အသင့်တော်ဆုံးနည်းသာဖြစ်သည်။

ဤစာရေးသူသည် ပရမတ်နည်း၊ ဓာတ်နည်း၊ သည်နှစ်နည်းကို အဓိကထားပြီး ဟောပြောပြသလေ့ရှိသည်။ အခြားနည်းကို အလျဉ်းသင့်သလို ပြသလေ့ရှိသော်လည်း ပရမတ်နည်းနှင့် ဓာတ်နည်း၊ ဤနှစ်နည်းသည် ဤစာရေးသူ၏ အဓိကဆက်ကိုင်ပြ၍ ပြသလေ့ရှိသော နှစ်နည်းသာ ဖြစ်သည်။

ယခုရေးသားမည့် ခန္ဓာနည်းကိုမူ ပရမတ်နည်းနှင့် ဓာတ်နည်းကို နားလည်ပြီးမှသာ ပြသလေ့ရှိသည်။ သို့မှလည်း ပရမတ်ခန္ဓာကို နားလည်လွယ်ကူသည့်အကြောင်း လက်တွေ့ဖြင့် နားလည်ရသည်။ လက်တွေ့ဖြင့် နားလည်ရသောနည်းသည် အတော်လေး ခိုင်မာသန့်စင်ပြီး ဓမ္မပရိသတ်များအတွက် အားထားမှီခိုရာအကျဆုံးသာ ဖြစ်သည်။

တရားပြသရာတွင်လည်း ဤဆောင်းပါးရှည်ကြီးတွင် ရေးသားပြသနေသည့်အတိုင်း ပေါ့ပေါ့ပါးပါးလေးသာ ပြသလေ့ရှိသည်။ စကားကို နားလည်လျှင်၊ စာကိုဖတ်တတ်လျှင်၊ တရားကိုလည်း နားလည်ရမည်ဟု ဆုံးဖြတ်ထားသည်။ တရားဟူသည်မှာ လေးနက်၍ ခက်ခဲမှ အကျိုးများသည်မဟုတ်ပေ။ လိုက်နေသောတရားကို နားလည်လျှင်ပင် တန်ဖိုးတက်ခြင်းဖြစ်သည်။

ထို့ကြောင့် မိမိပြသမည့်တရားတော်ကို ပရိသတ်များ နားလည်လွယ်ရေးကိုသာ အဓိကထားသည်။ သို့ဖြစ်၍ ဓမ္မပရိသတ်များအား နားလည်စေလိုသည်မှာ ပေးသူနှင့် ယူသူတို့ နှစ်ဦးတွင် ဓမ္မဘက်ကကြည့်လျှင် နှစ်ဦးနှစ်ဖက်လုံး အကျိုးကို ရကြသော်လည်း ပေးသူက အရနည်းပြီး ယူသူကသာ အရများလေသည်။

လောကီဘက်၌ အလှူပေးသူနှင့် အလှူခံသူနှစ်ဦးတွင် အလှူခံသူသည် ချက်ချင်းအကျိုးတည်းဟူသော အလှူဝတ္ထုကို လက်ငင်းရရှိခံစားရ၏။ အလှူပေးသူသည်ကား ထို့နောက်မှ၊ သို့တည်းမဟုတ် နောက်ဘဝမှ အလှူ၏အကျိုးကို ရရှိခံစားရ၏။

ထိုနည်းအတူ လောကုတ္တရာဘက်တွင်လည်း တရားဟောသော ပုဂ္ဂိုလ်နှင့် တရားတော်ကို နာယူသော ပုဂ္ဂိုလ်တို့တွင် တရားတော်ကို နာယူသောပုဂ္ဂိုလ်သည် ချက်ချင်းသောတာပန်လည်း ဖြစ်နိုင်၏။ သကဒါဂါမ်လည်း ဖြစ်နိုင်၏။ ထို့ထက် အနာဂါမ်၊ ရဟန္တာတိုင်အောင်လည်း ဖြစ်နိုင်၏။

တရားတော်ကို ဟောပြောပြသသော ပုဂ္ဂိုလ်သည်ကား သူကိုယ်တိုင် သိပိုင်ရရှိထားသော တရားတော်ကိုသာ ဟောပြောပြသသည်ဖြစ်၍ တရားပြသည့်အကြောင်းကြောင့် ကုသိုလ်ကို ရရှိလာသောအခါ လက်ရှိရရှိထားသော တရားထက် နောက်ရရှိလာသည့် ကုသိုလ်အကျိုးသည် ပိုလိမ့်၊ သာလိမ့်မည်ဟူ၍ပင် မဆိုသာပေ။

တရားပြသော ပုဂ္ဂိုလ်ကိုယ်တိုင်က ဓာတ်၊ ပရမတ် တရားတော်များကို ကိုယ်တိုင်ရရှိထား၍ နောက်ရလာမည့် ကုသိုလ်သည်လည်း ဓာတ်ပရမတ်ထက် အဆင့်မြင့်သော တရားဟူ၍ မရှိတော့သောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် တရားဟောကြား ရေးသားပြသခြင်းမှာ ဓမ္မယောဂီများအတွက်ကိုသာ အဓိကထားခြင်းဖြစ်၏။ တရားလိုက်နေကြသော ယောဂီပုဂ္ဂိုလ်များ တရားကို နားလည်လျှင် ကျေနပ်၏။ နားလည်နိုင်ကြမည့်နည်းကိုလည်း ရွေးချယ်ပြီး ဟောကြားပြသပေး၏။ ယခုလည်း ဓမ္မပရိသတ်အတော်များများက ခန္ဓာငါးပါးကို နားမလည်ကြဟုဆို၍ ခန္ဓာငါးပါးကို သီးသန့်ပြသပေးရန် စီစဉ်လိုက်ရ၏။

××× ××× ×××



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာငါးပါးတွင် ရုပ်ခန္ဓာသည် ရှေ့ဆုံးကနေသောကြောင့် ဦးစီးခန္ဓာဟု ဆိုရမည်။ ရုပ်ခန္ဓာသည် နာမ်ခန္ဓာထက် ပို၍မာသောကြောင့် လေ့လာသောအခါ အသိရလည်း ပို၍လွယ်ကူနိုင်သည်။ တရားရှုမှတ်သောအခါတွင်လည်း နာမ်ကိုထက် ရုပ်ကိုရှုမှတ်သည်က ပို၍လွယ်သည်ဟု တရားပြဆရာများကဆိုကြသည်။

ရုပ်ကိုနားလည်လျှင် နာမ်ကိုနားလည်ရန်လည်း မခက်တော့ပေ။ ရုပ်သဘောနှင့် နာမ်သဘော မတူသော်လည်း တရားနှင့်ယှဉ်သော သဘောဆိုက်ရောက်ပုံချင်းကား တူမျှကြသည်။ ရုပ်ကိုလေ့လာသည်ဖြစ်စေ၊ နာမ်ကိုလေ့လာသည်ဖြစ်စေ သဘောကိုဆိုက်ရောက်မှသာလျှင် ရုပ်နာမ်ကိုသိသည်ဟုဆိုရသည်။

ထို့ကြောင့် ခန္ဓာငါးပါးကို နားလည်လိုကြသော ဓမ္မယောဂီများသည် ယခု ဦးစွာရေးပြမည့် ရုပ်ခန္ဓာ၏အကြောင်းကို အထူးဂရုစိုက်ပြီး လေ့လာမှတ်သားပါ။ တစ်ကြိမ်ဖတ်ကြည့်၍ နားမလည်လျှင် အကြိမ်ကြိမ်ဖတ်ရှုလေ့လာပြီး အဖြေထုတ်ပါ။ အတတ်နိုင်ဆုံး နားလည်လွယ်စေရန်ကိုလည်း ကြိုးစားပြီး ရေးသားပါမည်။

ရုပ်၏သဘောသည် ဖောက်ပြန်ခြင်းရှိသည်၊ ရုပ်နားခြင်း အလျဉ်းမရှိဘဲ အချိန်နှင့်အမျှ ဖောက်ပြန်နေသည်။ ဖောက်ပြန်နေသောကြောင့်လည်း ရင့်ရော်အိုမင်းလာခြင်းဖြစ်သည်။ လူဖြစ်ရန်အစ ကလလရေကြည်မှ အမြှုပ်၊ သားတစ်၊ အဖု စသည်ဖြင့် လူရုပ်ပေါ်လာရသည်။ မဖောက်ပြန်လျှင် ထိုကဲ့သို့ဖြစ်လာရန် အကြောင်းမရှိပေ။

ဥပမာ အပင်စိုက်လျှင် အရွက်နှစ်ခုလေးကစ၍ ပေါက်သည်။ ထိုမှတဖြည်းဖြည်း ကြီးလာသည်။ ထို့နောက် ရင့်ရော်လာသည်။ ဤသည်မှာ ဖောက်ပြန်သောကြောင့် ဖြစ်သည်။ မဖောက်ပြန်လျှင် ပေါက်စ၊ နှစ်ခွလေးအတိုင်းသာ နေရမည်။ ထိုသို့မနေဘဲ ကြီးပြင်းလာသောကြောင့် ဖောက်ပြန်ခြင်းကို နားလည်နိုင်သည်။

လူစသော သက်ရှိသတ္တဝါများမှာ ရုပ်ဖောက်ပြန်ခြင်းရှိသလို သက်မဲ့ဖြစ်သော အပင်စသည်တို့သည်လည်း ဖောက်ပြန်ခြင်းသာဖြစ်သည်။ ဤသည်ကို သင်ဓမ္မယောဂီ နားလည်နိုင်ပေလိမ့်မည်။ ရုပ်တို့၏သဘောသည် ထိုကဲ့သို့ရှိသည်။ မြန်းခနဲ နားမလည်လျှင်လည်း ပြန်လှန်သုံးသပ် လေ့လာကြည့်ခြင်းဖြင့် သိနိုင်ပေမည်။

မွေးစကလေးတစ်ယောက်နှင့် ပေါက်စအပင်လေးတစ်ပင် စသည်တို့ကိုကြည့်ပါ။ မဖောက်ပြန်လျှင် ထိုကလေး၊ ထိုသစ်ပင်တို့သည် ကြီးပြင်းခြင်း၊ ရင့်ရော်ခြင်း စသည်ဖြင့် ရှိလိမ့်မည်မဟုတ်ပေ။ ဤသဘောကိုလည်း သင်ဓမ္မယောဂီ နားလည်နိုင်မည်သာဖြစ်သည်။

နောက် အသိလွယ်မည့်အကြောင်းတစ်ခုကို ရေးပြဦးမည်။

ပူခြင်းဖြင့် ဖောက်ပြန်သည်လည်းရှိသည်။ အေးခြင်းဖြင့် ဖောက်ပြန်သည်လည်း ရှိသည်။ ဥပမာ သတ္တဝါတို့၏ ခန္ဓာကိုယ်သည် ဆောင်းအေးသောအခါ နွေးခြင်း၊ ပူခြင်းဖြင့် ဖောက်ပြန်နေသည်။ နွေပူသောအခါ အေးခြင်းဖြင့် ဖောက်ပြန်နေသည်။

ဆောင်းအေးချိန်၌ နွေးပူလျက် ဖောက်ပြန်နေတတ်သည်ကို အာရုံပြုကြည့်ရုံဖြင့် သိနိုင်သည်။ ဆောင်းရာသီ၌ အသားမွဲခြောက်ခြင်း၊ အသားပပ်ခြင်းကို လူတိုင်းပင် ခံစားကြရသည်။

ၚင်းနည်းတူ နွေရာသီပူပြင်းချိန်တွင်လည်း ချွေးစိုနေသော အသားအရေများသည်လည်း အေး၍နေသည်ကို လူတိုင်းပင် သိနိုင်ကြသည်၊ ဤအကျဉ်းမျှသော နှစ်မျိုးကို လေ့လာပြီး အဖြေထုတ်ကြည့်ရုံဖြင့် ရုပ်၏ ဖောက်ပြန်ခြင်းသဘောကို သိနိုင်လေသည်။ ထို့နောက် သဘောဆိုက်သည့်အကြောင်းကို ရှင်းပြဦးမည်။

သဘောဟူသည်မှာ ကိုင်၍၊ ပြ၍မရနိုင်သော အရာကို ဆိုလိုသည်၊ တင်ပြခဲ့သည့်အကြောင်းအားလုံးကို အာရုံပြုကြည့်ပါ။ သစ်ပင်များသည် ပေါက်စမှ ကြီးပြင်းရင့်ရော်သွားသည်၊ သတ္တဝါတို့သည်လည်း မွေးစမှ ကြီးပြင်းရင့်ရော်အိုမင်းသွားသည်။

ထို့နောက် ခန္ဓာကိုယ်သည် အပူရာသီတွင် အေးသည်၊ အအေးရာသီတွင် ပူသည်။ ထိုသဘာဝတရားများကို သင်ဓမ္မယောဂီသည် ကိုင်၍၊ ယူ၍ ရမည်မဟုတ်ပေ။ ကိုယ်တွင် အေးနေ၊ ပူနေသည်ကို အဘယ်သို့ ကိုင်၍ယူ၍ ရနိုင်ပါမည်နည်း။ ကိုင်၍၊ ယူ၍မရနိုင်သောကြောင့် အေးခြင်း၊ ပူခြင်းသည် သဘောမျှသာရှိသည်ဟု ဆိုရသည်မဟုတ်ပါလား။

ဤမျှဆိုလျှင်ပင် ရုပ်၏ဖောက်ပြန်ခြင်းသဘောကို (ရုပ်ဆိုသည်မှာ ဖောက်ပြန်သဘာရှိသည်ကို) သင်ဓမ္မယောဂီ နားလည်နိုင်ပေလိမ့်မည်။ ချက်ချင်းနားမလည်ဘဲ ရှိနေလျှင် ဉာဏ်သွင်း၍ ထပ်ကာဖတ်ရှုသုံးသပ်ဆင်ခြင်ရုံမျှသာ ရှိသည်။

(ဆက်ရန်)

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာခေါင်းပေါ်




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆထက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းဘာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော့်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၅၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၃၊

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်း၂ (၁၄၇)၊ ၆၉၀၄၅၆ လိုင်း၂ (၁၄၇)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရှုမဝ
နှစ်သစ်ကူးအထူးထုတ်

# ထူးဆန်းသော ပန်းစိုက်ကလေး

ဘိုဘို(ရွှေကံကူ)

ဤအဖြစ်အပျက်အကြောင်းအရာတို့သည် မကြာလှသေးပါ။ လွန်ခဲ့သော သုံးနှစ်ခန့်မှဖြစ်ပျက်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်၏ သူငယ်ချင်း ကိုမိုးသည် ထိုနှစ်က စဥ့်ကိုင်သို့ အလည်ရောက်ရှိလာပါသည်။ ကျောင်းနေစဉ်က မန္တလေးမြို့တွင်တစ်ဆောင်တည်း အတူနေခဲ့ကြပြီး ငါးနှစ်ခန့်ကွဲကွာခဲ့ပါသည်။ အပြန်တွင် သူ၏ ဇာတိမိုးမိတ်မြို့နယ် အင်းချောင်းကျေးရွာကလေးသို့ ကျွန်တော့်အား အလည်အပတ်ရောက်ဖူးရန် လိုက်ခဲ့ဖို့ ပြောပါသည်။ လတ်တလောအချိန်တွင် ကျွန်တော်သည် အားလပ်နေသည့်အပြင် မန္တလေးတိုင်းမ်နှင့် အထက်မြန်မာဂျာနယ်တို့တွင် ဒေသန္တရနှင့် အထွေထွေသတင်းဆောင်းပါးများ ရေးသားနေချိန်ဖြစ်သောကြောင့် စာရေးရန်ကုန်ကြမ်း ရရှိရန် လိုက်သွားရန် ဆုံးဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကျွန်တော်သည် ရှမ်းပြည်နယ် ရှမ်းတောင်များသို့ မရောက်ဘူးသေးပါ။ "ဘဝသံသရာ" ဇာတ်ကားနှင့် ဆရာဝန် မောင်သင် ၏ "မိုးမဲ" ဝတ္ထု၊ တက္ကသိုလ် ဘုန်းနိုင်၏ "မုန်းရစ်လေဦး" ဝတ္ထုတို့ကို ငယ်စဉ်ကပင်ဖတ်ရှုခဲ့ဖူးပါသည်။ ထို့ကြောင့် ရှမ်းပြည် ရှမ်းတောင်ဒေသသို့ စိတ်ဝင်စားခဲ့သူ ဖြစ်ပါသည်။

နောက်တစ်နေ့ နံနက်စောစော စဉ့်ကိုင်မှ မန္တလေးသို့ ထွက်ခဲ့ကြသည်။ ၂၂ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြားရှိ သဘော်တန်းကားကြီးဝင်းသို့ သွားရောက်ကာ မိုးမိတ်ကားဖြင့် လိုက်ပါခဲ့ကြပါသည်။ ကျွန်တော်သည် ပင်ကိုယ်ဇီဇာအရ စကားနည်းသူဖြစ်ပါသည်။

ကိုမိုးကတော့ ကျွန်တော်ကဲ့သို့ မဟုတ်ပါ။ စကားပြောကောင်းသူ၊ စကားကြွယ်သူ၊ စကားများများ ပြောနိုင်သူဖြစ်ရာ ကားစထွက်သည်နှင့် ကျွန်တော်တို့ နှစ်ဦး ကွဲကွာနေခဲ့သော ကြားကာလအတွင်း သူ့ဘဝ၏ အဖြစ်အပျက်များကို အစဉ်အတိုင်း ခရေစေ့တွင်းကျ ပြောပြခဲ့ပါသည်။

"ဘွဲ့ရတဲ့နှစ်မှာပဲ ငါတို့ရွာသူ ငါ့ရဲ့ ငယ်ရည်စားနဲ့ လက်ထပ်လိုက်တယ်။ အိမ်ထောင်ရေး ဘွဲ့တစ်ခုတိုးသွားတာပေါ့ကွာ။ အဖေ၊ အမေကလည်း အသက်ကြီး၊ ကိုယ်ခွဲကလည်း မရှိဆိုတော့ အစိုးရဝန်ထမ်းအလုပ်မလုပ်နိုင်ပါဘူး။ တကယ်တော့ ငါက အရာရှိကြီးဖြစ်ချင်ခဲ့တာ။ အခုတော့ မိဘပြုစုရင်း မိဘလက် ငုတ်ခြံလုပ်ငန်းကို ဇောက်ချလုပ်နေရတယ်။ ဟဲ . . ဟဲ . . မင်းလည်း အိမ်ထောင်ရေးဘွဲ့ ယူသင့်ပြီနော်။ ရွှေပြည်တန်ကော အိမ်ထောင်ကျသွားပြီလား"

ဟု ကျွန်တော့်အား မေးပါသည်။

"အေးကွာ . . အခုဆို သမီးလေးတစ်ယောက်တောင် ရနေပြီ"

"သြော် . . သြော် . . ဒါကြောင့် ငါ့ကောင်ကြီး ရွှင်ရွှင်ပျပျ မရှိတာကိုး။ ကံအကြောင်း တရားပေါ့၊ ရေစက်ပေါ့ကွာ။ အချိန်ကြာရင်တော့ တဖြည်းဖြည်းမေ့နိုင်သွားမှာပါ။ ရွှေပြည်တန် အပေါ်မှာ စွဲလမ်းကြီးမားလှတဲ့ မင်းရဲ့စိတ်ကို သိထားတော့ မင်းကို တရားမချလိုပါဘူး။ တစ်ဖက်က ကာမပိုင်ရှိထားပြီဆိုတော့ သံယောဇဉ်တော့ထားပါ။ကံမထိုက်စေနဲ့ပေါ့ကွာ"

ကိုမိုး၏ ပြောစကားကို ကျွန်တော် ခေါင်းညိတ်၍ သဘောတူကြောင်း ပြသလိုက်ပါသည်။

ကျွန်တော်တို့ကို တင်ဆောင်လာသော ကျားခေါင်းလိုင်းမှ ဘတ်စ်ကားကြီးတွင် ခရီးသည်အပြည့်၊ ကုန်အပြည့် တင်ဆောင်လာ၍ ခရီးမတွင်လှပါ။ မန္တလေးမှ ဖော့တောထိတိုင် မိုးကုတ်လမ်းပေါ်မှာပင် ရှိပါသေးသည်။ လမ်းသည် ကျဉ်းမြောင်းသည့်အပြင် ချိုင့်ခွက်များ၊ လှိုင်းများပေါ်များလှပါသည်။ ကျွန်တော်သည် မရောက်ဘူးသော ဒေသဖြစ်၍ ပတ်ဝန်းကျင်ကို အလွတ်မပေးပါ။ ကားပြတင်းမှ မြင်ကွင်းများကို မလွတ်တမ်း လှေလာကြည့်ရှု၍လာခဲ့ပါသည်။

၇ မိုင်အရောက်တွင် သပိတ်ကျင်းလမ်းပေါ်မှ တကောင်းလမ်းခွဲဘက်သို့ လိုက်ရပါသည်။ လမ်းခွဲတွင် ကားခေတ္တရပ်နားပါသည်။ နန်းတော်ဝင်ဟူသည့် စားသောက်ဆိုင်တန်းရှည်ကြီးတွင် ကားရေဖြည့်ကြခြင်း၊ ရေဆေးခြင်း၊ အင်ဂျင်နှင့်တာယာများကို ရေဖြန်းခြင်းတို့ ပြုလုပ်ပါသည်။ ကားသမားများ၊ ခရီးသည်များ ထမင်းစားကြပါသည်။ ကျွန်

တော်တို့သူငယ်ချင်းနှစ်ယောက်
လည်း ထိုဆိုင်မှာပင် ထမင်း
စားကြပါသည်။ အနီးရှိ လှေ
ကျင့်ရေး . . . နှဖွင့်လှစ်ကြောင်း
သိရပြီးလက်ရာအလွန်ကောင်း
မွန်လှပါသည်။ တစ်နာရီနီး
ပါးမျှ ကြာမြင့်လျှင် ကားပြန်
လည်ထွက်ခွာပါသည်။ ထို့
နောက် စဉ့်ကူးမြို့နယ် တစ်
ဝက်ကျော်လျှင် လယ်ကွင်း
များ ကုန်ဆုံးသွားပြီး တောင်
ကုန်းများ၊ ဝါးရုံတောများထဲ
ဖြတ်ကျော်ရသည်။ချောင်းကြီး
ကျေးရွာရောက်လျှင် မ[illegible]
စောက်သော တောင်ဆင်း
တောင်တက်များနှင့် သစ်ပင်
သစ်တောများကို တွေ့ရ[illegible]
သပိတ်ကျင်းမြို့နယ်သို့ ဝင်
ရောက်လာပြီဖြစ်ပါသည်။

"၂၀၀၀ ခုနှစ်မတိုင်ခင်
ကဆို ဒီတကောင်းလမ်းကြီး
မပေါက်သေးတော့ မိုးမိတ်[illegible]
တွေက မိုးကုတ်ကို ဖြတ်ပြီး
သွားကြရတာ။ တောင်တ[illegible]
တွေလည်း များပြီး ခရီး[illegible]
လည်းပိုရှည်တယ်"

ဟု အပြင်ဘက်ကို [illegible]
၍ နေသော ကျွန်တော့်[illegible]
ကိုမိုးမှ ပြောပြပါသည်။ ဤ[illegible]
ဖြင့် ကျွန်တော်တို့ စီးနင်းလိုက်
ပါလာသော ကားကြီးသ[illegible]
ကြမ်းတမ်းသော မြေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

လမ်းပေါ်တွင် တောတောင်များကို ကျော်ဖြတ်၍ မောင်းနှင်ခဲ့ရာ တကောင်းလမ်းခွဲမရောက်မီ ဇန်းမော်သို့တိုင်ပေါက်ရောက်သော လမ်းမကြီးပေါ်မှ ထပ်မံဖဲ့ခွာ၍ ယာဘက်လမ်းခွဲအတိုင်း မိုးမိတ်မြို့သို့ ဦးတည်ထွက်ခွာခဲ့ပါတော့သည်။

ညနေစောင်းတွင် မိုးမိတ်မြို့သို့ရောက်ပါသည်။ ကျွန်တော့်ဘဝတစ်လျှောက်တွင် မြေပြန့်ဒေသ(မန္တလေးတစ်ဝိုက်)မျှသာ ကျင်လည်ဖူးသော ကြောင့် မြင်ကွင်းအားလုံး ဆန်းသစ်လျက်ရှိပါသည်။ သို့သော် ကျွန်တော်တို့၏ ခရီးသည် ဤနေရာမှာပင် မဆုံးသေးပါ။ ခရီးဆက်ရဦးမည်ဟုဆိုပါသည်။

"ရွာက ထွေလာဂျီရှိတယ်။ မန္တလေးကားတွေ ကုန်မှ ခရီးသည်စောင့်ပြီး ထွက်တာ အချိန်ရပါသေးတယ်။ မိုးမိတ်မြို့ရဲ့ နာမည်ကြီး ရှမ်းမင်းသား လက်ဖက်ရည်ဆိုင်သွားထိုင်ရအောင်"

ဟုဆိုသဖြင့် ကျွန်တော်တို့ ကားဂိတ်နှင့် မဝေးလှသော ဈေးနှင့်မျက်နှာချင်းဆိုင်ဘက်သို့ ထွက်ခဲ့ကြပါသည်။

ကျွန်တော်သောက်နေကျ ပေါ့ဆိမ့်နှင့် နိုင်းနိုင်း(99) စီးကရက်မှာလိုက်ပါသည်။

"အေးကွာ၊ မင်းကို ပြောဖို့ မေ့ခဲ့တာ။ ရွာရောက်ရင် မင်း အံ့ဩစရာတွေ့ရလိမ့်မယ်၊ ပြီးရင် မင်းဝမ်းသာလိမ့်မယ်။ ပြီးတော့ မင်းစိတ်ဆင်းရဲရလိမ့်မယ်။ ဟုတ်တယ် အေးမင်းစံရာ။ ငါမှားသွားတယ်။ တကယ်ဆို ငါမင်းကို ရွာမခေါ်လာသင့်ဘူး။ အခုတော့ မင်းဟာ ကျောင်းတုန်းက မင်းသိပ်ကြိုက်ခဲ့တဲ့ ခွန်သန်းထွန်းရဲ့ သီချင်းလို "အလာနှောင်းတဲ့ စိုင်း" ဖြစ်ရပြန်ပြီကွာ"

ထိုအခါ ကိုမိုး၏ ပြောစကားကို မြန်မာစကားပင် ဖြစ်သော်လည်း ကျွန်တော် နားမလည်နိုင်တော့ပါ။

"ရှင်းရှင်းလင်းလင်းပြောပါ ကိုမိုးရာ။ ငါက ဘာကို အံ့ဩပြီး၊ ဘာကိုဝမ်းသာပြီးတော့ ဘာကိုဝမ်းနည်းရမှာလဲ"

ဟု ပြန်လည်မေးခွန်းထုတ်လိုက်ပါသည်။ ထိုအခါမှ ကိုမိုးသည် ကျွန်တော့်ကို ဇာတ်ရည်လည်အောင် ရှင်းလင်းပြောပြပါသည်။ ကျွန်တော်နှင့် ကိုမိုး မန္တလေးအဆောင်တွင် အတူနေခဲ့စဉ်က ကျွန်တော်တို့ကဲ့သို့ ကျောက်ဆည်မှ ကျူရှင်လာတက်သော ရွှေပြည်ဇာန်ဟူသည့် မိန်းကလေးတစ်ဦးနှင့် ခင်မင်ခဲ့ပါသည်။ ကျွန်တော်တို့၏ ခင်မင်မှုကား သာမန်ခင်မင်မှုမျိုးမဟုတ်ပါ။ နက်ရှိုင်းလွန်းလှပါသည်။

ကျွန်တော်သည် ရွှေပြည်တန်ကို အသက်မက မြတ်နိုးတန်ဖိုးထားသူဖြစ်၍ လိုအင်ဆန္ဒဟူသမျှကို မတတ်နိုင်သော ကိစ္စဖြစ်လျှင်လည်း ဖြစ်သည့်နည်းနှင့်ဖြည့်ဆည်းပေးခဲ့သည်။

နောက်ဆုံးတွင် ကျွန်တော်တို့နှစ်ဦးသည် ပွင့်လင်းသော ချစ်သူဘဝမျိုး မဟုတ်သေးစေကာမူ အပြန်အလှန်နားလည်မှုများဖြင့် ပျော်ရွှင်ကြည်နူးခဲ့ရပါသည်။ စာမေးပွဲဖြေပြီးသော နောက်တစ်နေ့တွင် ရွှေပြည်တန်မှ ကျွန်တော့်အား ကျောက်ဆည်မြို့တောင်ဘက်အထွက် ပေါက်တောတံတားအနီး ရေလွှဲဆည်ကြီးကို မျက်နှာပြုထားသည့် ရှုခင်းသာကဖေးသို့ဖိတ်ခေါ်ပါသည်။

ကျွန်တော် ပျော်ရွှင်သွားပါသည်။ ရှုခင်းသာလက်ဖက်ရည်ဆိုင်သည် ကျယ်ဝန်းသပ်ရပ် သန့်ရှင်းပါသည်။ ဆည်ရေပြင်ကို တွေ့မြင်နေရ၍ တကယ့်ကို ရှုခင်းသာဟူသော ဆိုင်အမည်နှင့် လိုက်ဖက်ပါသည်။ ကျွန်တော်ရောက်သွားသောအခါ ရွှေပြည်တန်မှ ကြိုတင်ရောက်နှင့်နေသည်ကို တွေ့ရသည်။ ကျွန်တော်သည် အပြုံးတစ်ဝက်နှင့် သွက်လက်ပေါ့ပါး ရွှင်လန်းစွာ ရွှေပြည်တန်ထံသို့ လှမ်းသွားခဲ့သော်လည်း ရွှေပြည်တန်သည် ခပ်ယဲ့ယဲ့သာ ပြုံးလျက် မျက်နှာမကောင်းပါ။ စိတ်ရှုပ်ထွေးစရာ စိတ်မကောင်းစရာတစ်ခုခုနှင့် ကြုံတွေ့နေရဟန်ရှိရာ ကျွန်တော်၏ အပျော်စိတ်ကလေးများ ကြွေလွင့်၍ သွားကြပါတော့သည်။ ကျွန်တော်သည် စာမေးပွဲပြီးမည့်ရက်ကို စောင့်စားနေခြင်းဖြစ်ပါသည်။ စာမေးပွဲပြီးလျှင် ရွှေပြည်တန်အား ကျွန်တော်၏တိတ်တခိုးမေတ္တာတရားတို့ကို ဖွင့်ဆိုပြောပြရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

ရွှေပြည်တန်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရသည်မှာ ဤယနေ့အဖို့ အခြေမလှနိုင်ကြောင်း ရိပ်စားမိ၍ ကျွန်တော်ပြောလိုသော စကားများကို ဆိုင်းငံ့ထားရမည်ဟု နားလည်လိုက်ပါသည်။

"ပြောစရာရှိလို့ ခေါ်လိုက်တာ။ ထိုင်ပါဦး"

ဟု မျက်နှာချင်းဆိုင်မှ ထိုင်ခုံကို ညွှန်ပြပါသည်။

ကျွန်တော်လည်း ထိုင်

www.burmeseclassic.com

တွင် ဝင်ထိုင်လိုက်ရင်း အကဲခတ်ကြည့်နေမိသည်။ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး -

“တကယ်တော့ ငါလည်း ဒီစကားတွေကို အစောကြီးကတည်းက ပြောထားနိုင်ရမှာ။ ပြောလိုက်ရင် စိတ်ထိခိုက်သွားပြီး စာမေးပွဲကို အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ ငါ့ကို ပြောစရာစကားတွေရှိနေတယ်မဟုတ်လား။ နင့်မျက်လုံးကတစ်ဆင့် အဲဒီစကားတွေကို ငါ ကြားသိပြီးပါပြီ။ တကယ်တော့နင်ဟာငါ့အပေါ်မှာအကောင်းဆုံးလူတစ်ယောက်ပါ။ နူးညံ့သိမ်မွေ့ပြီး စိတ်ထားကောင်းတဲ့သူမို့လည်း လေးစားမိပါတယ်။သဘောကျပါတယ်။

ဒါပေမယ့် နဖူးစာပေါ့ဟာ။ နင်နဲ့ငါတွေ့တဲ့အချိန်မှာ နောက်ကျခဲ့ပြီလေ့။ အဲဒီတော့ နင့်ရင်ထဲမှာ ဘာတွေဖြစ်နေတယ်၊ ဘာတွေ ရှိနေတယ်ဆိုတာငါသိပါတယ်။ဒီအကြောင်းတွေကို မေ့လိုက်ပါ။ အဲဒီလိုပဲ ငါ့ရင်ထဲမှာလည်း . . နင့်ကို အမှတ်တရအဖြစ် နှလုံးသားရဲ့ အနက်ရှိုင်းဆုံးတစ်နေရာမှာ မြှုပ်နှံသိမ်းဆည်းထားလိုက်ပါပြီ။ နင် ငါ့အပေါ်မှာ ခွင့်လွှတ်ပါ။ ကျေနပ်ပါ”

ရွှေပြည့်တန်သည် ကျွန်တော့်အား ရှည်လျားလှသော စကားများပြောလိုက်ပြီး ခေတ္တရပ်နားလိုက်ပါသည်။

ထိုအခါမှ အနားတွင် ရပ်လျက်ရှိသော စားပွဲထိုးကလေးမှ အစားအသောက်မှာကြားရန် မေးခွင့်ရပါတော့သည်။ ကျွန်တော်သည် ရွှေပြည်တန်၏ ပြောစကားများကို နားလည်သလိုလို၊ နားမလည်သလိုလို စိတ်တွင်တစ်မျိုးခံစားရပါသည်။ ကျွန်တော့်တွင် ပြောစရာစကားများက ဒုနှင့်ဒေး။ သို့သော် ဘာမှ မပြောနိုင်တော့ဟု ပိတ်လိုက်သဖြင့် ပြောစရာစကားများလည်း မရှိတော့ဘဲ အနေရခက်လှပါသည်။ ခဏအကြာတွင် ကျွန်တော်နှင့် ရွယ်တူလူငယ်တစ်ဦး ဆိုင်ကယ်ဖြင့် ရောက်လာ၍ ဆိုင်ရှေ့သို့ ရပ်လိုက်လျှင် ရွှေပြည်တန်မှ -

“ဟော့ တို့က ဒီမှာ”

ဟု အပြုံးတစ်ဝက်ဖြင့် ဖိတ်ခေါ်လိုက်ပါသည်။ လူငယ် ရောက်လာ၍ ဆိုင်ရှေ့သို့ ရပ်လိုက်လျှင် ရွှေပြည်တန်မှ -

“ဒါက မိဘချင်းလည်း သဘောတူလို့ မကြာခင်မှာ ငါနှင့်စေ့စပ်တော့မယ့်သူ၊ ယွင်ဖြိုးတဲ့”

ထို့နောက် ကျွန်တော့်ဘက်သို့လှည့်ကာ . .

“သူက ငါ့ကိုအမြဲကူညီပြီး သဘောလည်း အလွန်ကောင်း၊ အေးလည်းသိပ်အေးတဲ့ အေးမင်းစံတဲ့။ စဉ့်ကိုင်ကလေ၊ စဉ့်ကိုင်နဲ့ ကျောက်ဆည်အနီးကလေးပေမယ့် မန္တလေးမှာမှ သိကြတဲ့ မိတ်ဆွေသူငယ်ချင်းပေါ့”

ဟု ပြောပါသည်။

ကျွန်တော်နှင့် ရွှေပြည်တန်ဇာတ်လမ်းက ဤမျှသာဖြစ်ပါသည်။ ထို့နောက် ရွှေပြည်တန်တို့ လက်ထပ်သွားကြသည်။ သမီးကလေးတစ်ယောက်မွေးဖွားသည်။ သို့သော် ရွှေပြည်တန်တွင် အိမ်ထောင်ရေး ပျော်ရွှင်မှုမရှိပါ။ သူမ၏ခင်ပွန်းသည် စီးပွားရေး စိတ်မဝင်စား၊ မူးယစ်သောက်စား၍ အချိန်ကုန်သည်။ ထိုအခါ စီးပွားရေးလုပ်ငန်းတို့ကို ရွှေပြည်တန်မှ ဦးဆောင်ရသည်။ လုပ်ငန်းသဘောအရ ယောကျာ်းသားကြီးကြီး ငယ်ငယ်ရွယ်ရွယ်တို့နှင့် ပြောဆိုဆက်ဆံရပါသည်။ ထိုအခါ အမျိုးသားသည် သဝန်တို၍ လူတကာနှင့် စွပ်စွဲသည်။ အခန့်မသင့်လျှင် ဘာမဟုတ်သော ကိစ္စကလေးနှင့် စကားများကာ ရိုက်နှက်တတ်ပါသေးသည်။ ရွှေပြည်တန်သည် ၎င်း၏ အိမ်ထောင်ရေးတွင် စိတ်ချမ်းမြေ့မှုမရသည့်တိုင် အိမ်သားအပေါ်၌ မေတ္တာမပျက် သစ္စာရှိစွာ ပေါင်းသင်းနေထိုင်ခဲ့ပေသည်။

ကျွန်တော်၏ ရင်ထဲတွင် ရွှေပြည်တန်အတွက် ဖြစ်ပေါ်၍လာခဲ့သော အသည်းဦးပန်းကလေးသည်ကား ဖူးပွင့်ခွင့်မရလိုက်။ အကင်းဘဝမှာပင် ကြွေပျက်ခဲ့ရပါ၏။ သို့သော် ကျွန်တော်သည် ချစ်ခွင့်မရှိတော့သော်လည်း မြတ်နိုးခွင့်တော့ ရှိပါသေးသည်။ ထို့ကြောင့် ကျွန်တော်သည် အမြဲတမ်း သွားလာဝင်ထွက်၍ ဆက်သွယ်မှုမျိုးမရှိသော်လည်း ရွှေပြည်တန်တွင် အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့ရပါက ကျွန်တော့်ထံသို့ ဖုန်းဆက်၍သော်လည်းကောင်း၊ သူကိုယ်တိုင်သော်လည်းကောင်း ရင်ဖွင့်ပြောဆိုသောအခါ ကျွန်တော်သည် အကြံဉာဏ်များပေးခြင်း၊ အားပေးနှစ်သိမ့်စကားပြောဆိုခြင်းတို့ဖြင့် မိတ်ဆွေကောင်းတစ်ဦးသဖွယ် နေထိုင်လာခဲ့ကြပါသည်။

ထို အခြေအနေအတွင်း ကိုမိုးကို လမ်းတွင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ပြောပြထား၍ သိထားပြီးဖြစ်ပါသည်။

ကိုမိုးနှင့် ကျွန်တော် ကွဲကွာသွားပြီးနောက်တွင် ကိုမိုးတို့ရွာသို့ လောက်ကိုင်ဘက် (ထိုစဉ်က ငြိမ်းချမ်းမှုမရှိသေး) မှ မည်သည့်အကြောင်းဖြင့် ပြောင်းရွှေ့လာသည်ဟုမသိရသော မိသားစုတစ်စုသည် ကိုမိုးတို့နှင့်ကပ်လျက် ကျယ်ဝန်းလှသောတည်းခြံကြီးများကို ဝယ်ယူပြီးလာရောက်နေထိုင်လျက်ရှိသည်။ ငွေကြေးအတော်ပင် ချမ်းသာ ကြွယ်ဝဟန်တူပါသည်။ လူစီးကားနှစ်စီးအပြင် ကုန်တင်ကားတစ်စီးပါ ပါရှိခဲ့ပြီး ခေတ်မီ နှစ်ထပ်တိုက်ကြီးဆောက်လုပ်နေထိုင်လျက် ရှိပါသည်။ အမည်မှာ ဦးစိုင်းပန်ဖြစ်၍ ခင်မင်ဖော်ရွေသဘောကောင်းလှပါသည်။

ကိုမိုးသည် တည်းခြံလုပ်ငန်းအတွေ့အကြုံရှိပြီး၊ အရာရာ၌ နံ့စပ်စွာသိရှိနားလည်သည့်အပြင် သွက်လက်ချက်ချာသဖြင့် ဦးစိုင်းပန်သည် ကိုမိုးကို ဒေသခံဖြစ်၍ အလုပ်ကိစ္စများစွာတွင် အကူအညီကောင်းခံခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းများရှိသဖြင့် ကိုမိုးတို့မိသားစုနှင့် ယနေ့အချိန်တွင် ဆွေမျိုးရင်းချာသဖွယ် ဖြစ်နေပြီဟု သိရပါသည်။ ဦးစိုင်းပန်၊ ဒေါ်နန်းကြာတို့တွင် စောနန်းနွယ်ဟူသော သမီးကလေးပါရှိခဲ့သည်။ ကိုမိုးသည် စောနန်းနွယ်ကို ပထမဦးဆုံးစတွေ့စဉ်က အံ့တော်ကို အံ့သြမိသည်။ လောကတွင် လူတူမရှား၊ နာမည်တူမရှားဟု သိထားသော်လည်း ရုပ်ရှင်များတွင် နှစ်ကိုယ်ခွဲ သရုပ်ဆောင်ကဲ့သို့ တစ်ယောက်တည်းဖြစ်၍ ခွဲမရအောင်တူခြင်းဖြစ်သည်။ အပြင်လောကတွင် နှစ်ကိုယ်ခွဲကဲ့သို့ တူသောသူများကို တွေ့လည်း မတွေ့ခဲ့ဖူးပါ။ ရှိလိမ့်မည်ဟုလည်း ထင်မထားပါ။

ယခု စောနန်းနွယ်ကို တွေ့လိုက်သောအခါ လောကတွင် နှစ်ကိုယ်ခွဲမျှတူသောလူများလည်း အပြင်လူ့လောကတွင် အမှန်တကယ်ရှိကြောင်း သိရပါတော့သည်။ စောနန်းနွယ်သည် တစ်ခါက မန္တလေး တက္ကသိုလ်တွင်ခင်မင်ခဲ့ဖူးသော ကျောက်ဆည်မြို့မှ ရွှေပြည်တန်နှင့် ခွဲမရအောင်တူနေသောကြောင့်ပင်။ စကားပြောလျှင်သာ ရှမ်းသံဝဲ၍ ကွဲပြားခြင်းဖြစ်ပါသည်။ တွေ့စဉ်က ရွှေပြည်တန်ဟူ၍ မှားခေါ်မိမတတ်ဖြစ်ရပါသေးသည်။ စောနန်းနွယ်ကိုမြင်ရတော့ ရွှေပြည်တန်ကို သတိရမိသည်။ ရွှေပြည်တန်နှင့်တစ်ဆက်တည်း အေးမင်းစံကို အမှတ်ရမိသည်။ သို့သော် အလုပ်များမအားလပ်သဖြင့် မရောက်နိုင်ခဲ့ပါ။ ယခုတစ်ခေါက် မန္တလေးသို့ ဆင်းလာသောအခါတွင်တော့ မဝေးလှသော စဥ့်ကိုင်သို့ ရောက်အောင်လာခဲ့ခြင်းဖြစ်သည်ဟု ပြောပြပါသည်။

ကျွန်တော်တို့နှစ်ဦး စကားကောင်းနေဆဲလက်ဖက်ရည်ဆိုင်ရှေ့သို့ ပါဂျဲရိုးခဲပုပ်ရောင် ကားတစ်စီးရောက်ရှိလာပါသည်။

"ဟော . . ပြောရင်းဆိုရင်း ဦးစိုင်းပန်တို့ ရောက်လာပြီ"

ဟု ကိုမိုးမှ ပြောပါသည်။ ကားရပ်လျှင် ရှမ်းအမျိုးသားကြီးနှစ်ဦးဆင်းလာကြပါသည်။ ကိုမိုးက ဆီးကြိုနှုတ်ဆက်ပြီး ဖိတ်ခေါ်လိုက်ရာ ကျွန်တော်တို့စားပွဲသို့ လာရောက်ထိုင်ကြပါသည်။ ကိုမိုးမှ ကျွန်တော်နှင့် ဦးစိုင်းပန်၊ ကားဒရိုင်ဘာကြီး ဦးစိုင်းလုံကျောက်တို့နှင့် မိတ်ဆက်ပေးပါသည်။ ရွာအပြန်၌ ကျွန်တော်တို့နှစ်ဦးကို ကားကြုံလိုက်ခဲ့ရန် မေတ္တာရပ်ခံသဖြင့် ကျွန်တော်တို့သည် ထွေလာကျိုမစောင့်ရတော့ဘဲ ကိုမိုးတို့အိမ်သို့ ရောက်ရှိပါတော့သည်။

ကိုမိုးတို့အိမ်ကလေးသည် တောင်ကုန်းငယ်၏ ထိပ်တွင် တည်ရှိသောကြောင့် မြေသားလှေကားထစ်ကလေးများဖြင့် ကွေ့ဝိုက်၍ တက်သွားရပါသည်။ လှေကားထစ်နှုတ်ခမ်းများကို သစ်သားပြားများဖြင့် ကွပ်ထားပြီး ထုံးဖြူများ သုတ်ကာ ချိတ်ပါသော ဝါးဒလက်ငုတ်များဖြင့် ရိုက်၍ ထိန်းချုပ်ထားပါသည်။ တစ်ခြံလုံးမှာ မြေနီရဲရဲများဖြစ်၍ ကျွန်တော်တို့ ငယ်စဉ်က ဇာတ်သဘင်ပြဇာတ်များတွင် နောက်ခံမှန်ကားယိုးသော ပန်းချီကားချပ်အတွင်းမှ ရှုခင်းများကဲ့သို့ ခြေတံရှည်အိမ်ကလေးဖြင့် လှပလွန်းပါသည်။ ပတ်ပတ်လည်တွင် တောင်ကုန်းလျှိုမြောင်၊ သစ်တော၊ တောင်တန်းများဝန်းရံလျက် သာယာလှပါသည်။

ကိုမိုး၏ ဇနီး၊ မိဘများနှင့် အလုပ်သမားများသည်လည်း ရှမ်းတိုင်းရင်းသားများဖြစ်၍ ရိုးသားပွင့်လင်းဖော်ရွေကြသဖြင့် ကျွန်တော်လည်း စိတ်လက်ပေါ့ပါးကာ လွတ်လပ်ပျော်ရွှင်သော ခံစားမှုများဖြစ်ပေါ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ညပိုင်းတွင် ဦးစိုင်းပန်တို့မိသားစုမှ ထမင်းစားဖိတ်ကြားပါသည်။ ကိုမိုးတို့အိမ်နှင့်တစ်ဖာလုံခန့်သာ ဝေးပါသည်။ ဦးစိုင်းပန်တို့ တိုက်ကြီးမှာ ခေတ်မီ ခမ်းနားလှပါသည်။ ခြံတံခါးကို ကြီးမားထုထဲလှသော သံပန်းများဖြင့် ပြုလုပ်ထားပြီး အုတ်တံတိုင်းကြီးမှာ အတော်ပင်မြင့်မားလှပါသည်။ ဦးစိုင်းပန်သည် ကျွန်တော်တို့ထံသို့ ကားအကြိုလွှတ်၍ ခေါ်ယူခြင်းဖြစ်ပါသည်။ ခြံဝင်းတံခါးနှင့်တိုက်ကြီးမှာ အတော်ပင်ဝေးကွာပါသေးသည်။ ရေ မြေ ရာသီဥတု ကောင်းမွန်သောကြောင့် ပန်းပေါင်းစုံစနစ်တကျစိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။

"ဦးစိုင်းပန်နဲ့ စောနန်းနွယ်တို့ကပန်းဝါသနာပါတယ်။ ဒီဒေသမှာ ရှိတဲ့ပန်းမျိုးတွေအပြင် တန်ဖိုးတအားကြီးတဲ့ နိုင်ငံခြားသစ်ခွတွေ၊ ဂမုန်းတွေလည်း အများကြီးပဲ"

ဟု ကားပေါ်မှ ခြံဝင်းအတွင်းရှိ ပန်းပင်များကို ငေးကြည့်နေသော ကျွန်တော့်အား ကိုမိုးမှ ပြောသည်။ ထိုအချိန်မှာပင် ကားသည်ဆင်ဝင်အောက်သို့ ရောက်ရှိကာ ရပ်လိုက်ပါသည်။ ကျွန်တော်တို့ ကားပေါ်မှ ဆင်းလိုက်သည်နှင့် ဦးစိုင်းပန်တို့သည် တိုက်ဝမှ ဆီးကြိုလျက်ရှိပါသည်။

"မောင်မိုးတို့ လာကြပျော့၊ မင်းတို့ကို စောင့်နေတာ"

ဟုဆိုကာ ဧည့်ခန်းသို့ ခေါ်သွားပါသည်။ ဧည့်ခန်းတွင် စပရိန်ဆိုဖာကြီးများ ရှိုးကေ့စ်များအပြင် ကော်ဇောများပါ ခင်းထားပါသည်။ မီးပန်းဆိုင်းကြီး ထွန်းညှိထားသဖြင့် တစ်ခန်းလုံးထိန်လင်းတောက်ပလျက်ရှိပြီး အခန်းထောင့်တွင် ၅၂ လက်မ ဆိုနီအမျိုးအစား ဖလက်တီဗီကြီးကိုလည်း ဖွင့်ထားပါသည်။

"ဧည့်သည်မောင်ရင်က လျှပ်စစ်မီးတွေ အလျှံပယ်သုံးထားတာတွေကလို့ အံ့ဩနေတာလား။ ဦးက ဒီနေရာကို ရွေးချယ်လိုက်တာကိုက ရေအားလျှပ်စစ်ထုတ်ယူလို့ရနိုင်လို့ပဲ။ ခြံရဲ အနောက်ဘက် ရေချောင်းကနေ လျှပ်စစ်ထုတ်ထားတာ ဦးရဲ့တစ်အိမ်သာမကပါဘူး။ တစ်ရွာလုံးကို ဦးက လျှပ်စစ်ဓာတ်အား အခမဲ့ပေးထားတာ"

ဟု ဦးစိုင်းပန်မှ ပြောပါသည်။

ထိုစဉ်နောက်ခန်းအတွင်းမှ အအေးဖန်ခွက်များထည့်ထားသော ဇန်းကိုကိုင်ဆောင်၍ မိန်းကလေးတစ်ဦးထွက်လာပြီး -

"ကိုမိုးတို့ရောက်လာပြီကိုး"

ဟု နှုတ်ဆက်ပါသည်။ ကျွန်တော် ထိုမိန်းကလေးကို တွေ့မြင်လိုက်ရရာ အသက်ရှူရပ်သွားမလောက်ပင် အံ့ဩသွားမိပါသည်။ ဒါတောင်မှ ကိုမိုးပြောပြထား၍ ကြိုတင်သိရှိပြီးသားဖြစ်သောကြောင့်သာ။ ရွှေပြည်တန်နှင့် လုံးဝခွဲခြားနိုင်မည်မဟုတ်လောက်အောင် ရှည်သွယ်သော အရပ်အမောင်း၊ ဝင်းဝါဖြူနုသော အသားအရည်၊ ရွှန်းလက်သော မျက်ဝန်း။ နွဲ့နှောင်းသော ကိုယ်ဟန်တို့သည်ကားတကယ့်ရွှေပြည်တန်မှ ရွှေပြည်တန်ဖြစ်နေပါတော့သည်။ ကျွန်တော်သည် အရင်က ရွှေပြည်တန်ကဲ့သို့ အရာရာပြည့်စုံသော အလှပိုင်ရှင်မိန်းကလေးမှာ တစ်မိုးအောက်တွင်တစ်ယောက်တည်းသာ ရှိနိုင်လိမ့်မည်ဟု ထင်ထားမိခဲ့ပါသည်။ ယခုနောက်တစ်ယောက်ရှိနေသေးကြောင်း တွေ့ရသဖြင့် အံ့ဩမဆုံးဖြစ်ရပါသည်။

ထို့နောက် ကိုမိုးမှ မိတ်ဆက်ပေးပါသည်။ လူတို့ [...] သဘာဝမှာ လူစိမ်းတစ်ဦးနှ[...] တွေ့ဆုံရလျှင် ကိုယ်နှင့်ဆွေမျ[...] မိတ်ဆွေများထဲမှ တစ်ဦးဦးနှ[...] ရုပ်ချင်းဆင်တူနေလျှင် ထို[...] စိမ်းအား ချက်ချင်းခင်မင်မှု[...] ဖြစ်ပေါ်လာလေ့ရှိကြပါသည်[...] ထို့အတူပင် ကျွန်တော်သ[...] လည်း စောနန်းနွယ်အား [...] ပြည်တန်အဖြစ်နှင့် ချက်ချ[...] သံယောဇဉ်များဖြစ်ပေါ်သွား[...] ပါတော့သည်။ စောနန်းနွ[...] သည်လည်း ရွှေပြည်တန်တဲ့[...] ခင်မင်ဖော်ရွေသူဖြစ်သေ[...] ကြောင့် ထိုတစ်ညဉ့် ထို[...] ခဏတာအတွင်းမှာပင် ခင်[...] ရင်းနှီးသွားပါသည်။

နောက်တစ်နေ့တွင် [...] ကိုမိုးမှ ကျွန်တော့်ကို မိုးမိတ်[...] အနှံ့လှည့်လည်ပို့ဆောင်[...] သည်။ ကိုမိုး၏ ဒီတီဆိုင်[...] ကြီးမှာ ကောင်းလွန်းလှသ[...] လူလည်း မပင်ပန်း၊ ခရီးလ[...] တွင်လှပါသည်။ မိုးမိတ်မြို့[...] သမိုင်းဝင် တန်ခိုးကြီးဘု[...] များမှာ ရှိပါသည်။ တစ်[...] အရောက်တွင် ဟိုဘက်[...] တောင်ကြောတွေမှာ [...] ခေတ်က စိန်ထွက်လို့ စိ[...] ထားတဲ့ တွင်းဟောင်းကြီး[...] အများကြီးရှိကြောင်း [...] သည်။

www.burmeseclassic.com

ကမ္ဘာကျော် ပတ္တမြား မြေ မိုးကုတ်မြို့နှင့်လည်း မိုင် ၂၀ ကျော်မျှသာ ဝေးကွာတော့ ကြောင်း ရွာဘက်မှ သွားမည် ဆိုပါက ဓာတ်တော်တောင်ကို ကျော်ပြီး ဘော်ဇရမ်း၊ အုန်း ဆိုင်းတို့မှ သွားရောက်နိုင်သော မြတ်လမ်းမှသွားလျှင်နီးကြောင်း နောက်နေ့တွင် လိုက်ပို့မည်ဟု ပြောပါသည်။

မြို့တစ်ပတ်ပတ်ပြီးသော် ကျွန်တော်တို့ မိုးမိတ်မြို့ဈေး အတွင်းသို့ ဝင်ခဲ့ကြပါသည်။ ကျွန်တော်သည် ရှမ်းခေါက်ဆွဲ နှင့် တို့ဟူးပျော့ကို ကြိုက်နှစ်သက်၍ မိုးမိတ်မြို့တွင် နာမည်ကြီးလှသော နန်းခမ်းရွှေ၏ ဆိုင်သို့ဝင်ကာ ရှမ်းခေါက်ဆွဲ စားကြပါသည်။

ထိုစဉ် ဈေးအတွင်းသို့ စောနန်းနွယ်နှင့် စောနန်းနွယ်တို့၏ နေအိမ်မှ အနိုင်းအစေ အိမ်ဖော်ဖြစ်ဟန်တူသော မိန်းကလေးတစ်ဦးတို့ ဈေးခြင်းတောင်းနှင့်ရောက်ရှိ၍ လာကြပါသည်။

ကျွန်တော်တို့ကို တွေ့မြင်သွားပြီး ကျွန်တော်တို့ထံ လျှောက်လာပါသည်။

“ကိုမိုးတို့ ရောက်နေတာကိုး”

“ဟုတ်တယ်၊ သူငယ်ချင်း ကို ရောက်တုန်း မိုးမိတ်မြို့ထဲ လိုက်ပြနေတာလေ”

“ကိုအေးမင်းစံ၊ မိုးမိတ်ကို လိုက်လည်ရတာပျော်ရဲ့လား”

စောနန်းနွယ်မှမေးသည်။

“ပျော်ပါတယ်။ ကျွန်တော့်အဖို့ရာ ဒေသစိမ်းဆိုတော့ မြင်မြင်သမျှဟာ ဆန်းသစ်ပြီး စိတ်ဝင်စားစရာတွေချည်းပါပဲ”

“နန်းတို့က ဒေသခံတွေဆိုတော့ နန်းတို့မှာ ဧည့်ဝတ်ကျေပွန်ရမည့် တာဝန်ရှိတယ်။ ဈေးထဲလှည့်ကြည့်ရအောင်၊ ပြီးတော့ အမှတ်တရ လက်ဆောင်ပစ္စည်းတစ်ခုခုလည်း ဝယ်ပေးလိုက်ချင်သေးတယ်”

ဟု စောနန်းနွယ်မှပြောပြီး ဆိုင်ရှင်ကိုခေါ်၍ ကျွန်တော်တို့ခေါက်ဆွဲဖိုးများကို စောနန်းနွယ်မှပင် ရှင်းလိုက်ပါသည်။

ကျွန်တော်တို့သည် ဈေးထဲတွင်လှည့်ပတ်ကြည့်ကြပါသည်။ မိုးမိတ်ဈေးသည် မြို့ငယ်ကလေးမျှသာ ဖြစ်သော်လည်း လူသုံးပစ္စည်းစုံလင်လှပါသည်။ တရုတ်ပြည်မှလာသော လူသုံးကုန်နှင့် အထည်အလိပ်တို့ ပေါများပြီး ရှမ်းရိုးရာတောင်ပေါ်ဒေသထွက် အစားအသောက်များလည်း ပေါများလှပါသည်။ ခဏကြာလျှင် ကော်ပန်းများ နှင့် ပန်းအိုးများ ရောင်းသော ဆိုင်တန်းများဘက်သို့ ရောက်ရှိလာပါသည်။ ထိုအချိန်၌ ကိုမိုးသည် မသိမသာ နောက်ချန်လျက်နေသည်ကို သတိပြုမိသည်။ သူသည် မြို့ခံဖြစ်ခြင်းကြောင့် ကျွန်တော့်ကို ဧည့်သည်အဖြစ် ဦးစားပေးသောသဘောလည်း ဖြစ်ပါလိမ့်မည်။

ကျွန်တော်နှင့် စောနန်းနွယ်သည် ဘေးချင်းယှဉ်၍ စကားတပြောပြောနှင့်လျှောက်လာကြသည်။ စောနန်းနွယ်သည် လွတ်လပ်ပေါ့ပါးစွာဖြင့် ပျော်ရွှင်လျက် ကျွန်တော်နှင့် ယခုကဲ့သို့ ခင်မင်ရင်းနှီးစွာ သွားလာရသည်ကို သာယာနှစ်သက်နေလျက်ရှိသကဲ့သို့ ကျွန်တော်သည်လည်း တစ်ချိန်က မန္တလေးတက္ကသိုလ်တွင် ရွှေပြည်တန်နှင့် အတူသွားလာနေရသကဲ့သို့ စိတ်တွင်ခံစားရသော်လည်း စောနန်းနွယ်သည် မကြာမီ လက်ထပ်ထိမ်းမြားတော့မည်ဟု ကိုမိုးမှ ကြိုတင်ပြောပြထားသဖြင့် ကျွန်တော်သည် စိတ်ကူးမ...ရဲပါ။ လုံးဝအဆုံးအစွန်အထိ မပျော်ရဲပါ။ ထိန်းချုပ်ကန့်သတ်၍ မိမိ၏စိတ်ကို စည်းသားထားရပါသည်။

ကျွန်တော်တို့သည် ပန်းအိုးများရောင်းသောဆိုင်ကြီးတစ်ဆိုင်သို့ ဝင်လိုက်ကြပါသည်။ စောနန်းနွယ်သည် ပန်းအိုးများကို ရွေးချယ်နေရာမှ -

“ကိုအေးမင်းစံ၊ ကြိုက်တဲ့ ပန်းအိုးရွေးလေ။ နန်းက ရွေးရင် ကိုအေးမင်းစံ အကြိုက် မဖြစ်မှာစိုးလို့”

“ရပါတယ်ဗျာ။ နန်းစိတ်ကြိုက်ပဲ ရွေးပြီး ကျွန်တော့်ကို သာ ပေးပါ။ တစ်သက်လုံး အမှတ်တရအဖြစ် သိမ်းထားပါမယ်”

ဟု ကျွန်တော်က ပြောလိုက်သောအခါ -

“ဒါဆို ကိုအေးမင်းစံလည်း နန်းအတွက် တစ်အိုး ရွေးပေးပါ။ ဩော် . . မေ့နေလိုက်တာ၊ ကိုမိုးလည်းတစ်လုံးရွေးလေ။ နန်းရဲ့လက်ဆောင်ပေါ့”

ဟု ပြောပါသည်။

“နေပါစေဗျာ၊ ကျွန်တော်က ဧည့်သည်မှမဟုတ်တာဘဲ”

ဟု ကိုမိုးမှ ငြင်းပယ်ပါသည်။

ပန်းအိုးကလေးများမှာ လှပ၍ ချစ်စရာကောင်းလှပါသည်။ အိုးတွင် ပန်းအတူများ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတည်း ပါရှိပြီးဖြစ်ပါသည်။ စောနန်းနွယ်သည် နံ့သာရောင်နှင့် ပန်းနုရောင်တွင် ခရမ်းရောင်အပျောက်ကလေးများပါသည့် သစ်ခွပန်းများဖြင့် အိုးတွင် အသည်းပုံအတွင်း၌ ငှက်ကလေးနှစ်ကောင်ခေါင်းချင်းဆိုင်လျက်ရှိသော ငှက်ပျောညွန့်စိမ်းရောင် ပန်းအိုးကလေးကို ရွေးချယ်လိုက်ပြီး -

"ကိုအေးမင်းစံ၊ ဒီပန်းအိုးကလေးဆိုရင် မလှဘူးလားကော"

ဟုဆိုစဉ် -

"စောနန်းနွယ်၊ ငါကတော့ နင် ဒီနေ့ မိုးမိတ်လာမယ်ဆိုလို့ အစောကြီးကတည်းက အိမ်က စောင့်နေတာ။ အခု မလာနိုင်လို့ ဈေးမှာရှိမယ်လို့ ထင်ပြီး လိုက်လာတာ။ နင်တို့ ရှမ်းခေါက်ဆွဲဆိုင်က ထသွားကတည်းက. ငါနင်တို့နောက်မှာ ရှိနေတာ။ ကြာလိုက်တာ၊ ပေါ့(အဖေ)တို့က အိမ်မှာမျှော်နေကြပြီ။ မဲ့(အမေ)ကလည်း တစ်ခါတည်း ခေါ်ခဲ့ဖို့ မှာလိုက်တယ်"

ရုတ်တရက် ရောက်ရှိလာပြီး ကျွန်တော်တို့နှစ်ဦးကြားတွင် ဝင်ရပ်၍ ထိုသို့ ပြောလိုက်သဖြင့် နှစ်ဦးလုံး လန့်သွားမိပါသည်။

ကျွန်တော်တို့ သုံးဦးထက် သုံးနှစ်ခန့်ကြီးမည် ယူဆရပြီး မျက်နှာမှာ နီမြန်းလျက် အရက်နံ့လည်း ထောင်းနေပါသည်။ ကြမ်းတမ်းခက်ထန်ဟန်ရှိသော ရှမ်းအမျိုးသားတစ်ဦးဖြစ်၍ တန်ဖိုးကြီးမားသောအဝတ်အစားများ ဝတ်ဆင်ထားပါသည်။

ဤအဖြစ်အပျက်သည် သာပ [illegible] ကြည့်လျှင် ဘာမျှမဟုတ်ဟု ထင်ရပါမည်။ သို့သော် စောနန်းနွ[illegible]သည် ရွှေပြည်တန်၏ ကို[illegible]သွားကဲ့သို့ ဖြစ်နေသောကြောင့် ကျွန်တော်နှင့် စောနန်းနွယ်တို့ နှစ်ယောက်ကြားရှိ နက်ရှိုင်းမှုကို ကိုမိုးလည်း တွေးမိပေမည်။

"တကယ်တော့ ငါလည်း ဦးစိုင်းပန်တို့ မိသားစုရဲ့အတွင်းရေးကို တိတိကျကျမသိသေးပါဘူး။ ခုနကလူဟာ စိုင်းပန်းစိန်တဲ့။ မူးယစ်ယောက်စားရမ်းကားပြီး မိဘငွေကို ရေလိုသုံးနေတဲ့လူပေါ့။ သူ့အဖေဟာ ဒီတစ်နယ်လုံးမှာ အချမ်းသာဆုံးတဲ့။ စောနန်းနွယ်ကတော့ သူ့ကို သဘောမကျဘူး။ ဦးစိုင်းပန်က အကြွေးရှိလို့ နေမှာပေါ့။ စိုင်းပန်းစိန်နဲ့သဘောတူထားတော့ စောနန်းနွယ်ကလည်း ခေါင်းညိတ်လိုက်ရတယ်တဲ့။ မကြာခင်လက်ထပ်ကြတော့မှာ။ ကောင်မလေး စိတ် ဆင်းရဲနေရှာတယ်။ သနားစရာပဲကွာ"

နောက်တစ်နေ့ညတွင် ကျွန်တော်သည် မနက်ဖြန်တွင် စဉ့်ကိုင်သို့ ပြန်တော့မည်ဖြစ်၍ ကိုမိုးသည် လူမှုရေးအရ ဦးစိုင်းပန်ကို သွားရောက်နှုတ်ဆက်သင့်သည်ဟု အကြံပြုသဖြင့် ကျွန်တော်တို့ ဦးစိုင်းပန်တို့ အိမ်ဘက်သို့ ထွက်ခဲ့ကြပါတော့သည်။ ဦးစိုင်းပန်တို့၏ တိုက်ရှေ့တွင် ငွေရောင် လင့်ခရူဇာကားအသစ်ကြီးတစ်စီး ရပ်ထားသည်ကို တွေ့ရပါသည်။ ပန်းခြံရှေ့ရှိ ဒန်းပေါ်တွင် စိုင်းပန်းစိန်နှင့် စောနန်းနွယ်တို့ထိုင်၍ စကားပြောနေသည်ကိုတွေ့ရပါသည်။အမှတ်တမဲ့ကြည့်လိုက်မိရာ စောနန်းနွယ်သည် စိတ်အိုက်နေဟန်ရှိပါသည်။

ဦးစိုင်းပန်မှ ထွက်လာပြီး ကြိုဆိုကာ ဖော်ရွေလှိုက်လှဲစွာ ကျွန်တော့်ကို ဆက်ဆံပါသည်။ ကျွန်တော်တို့သည် နာရီဝက်ခန့်ကြာမြင့်သော် နှုတ်ဆက်၍ ပြန်ခဲ့ကြပါသည်။ သို့တိုင် စောနန်းနွယ်သည် ကျွန်တော်တို့ကို လာရောက်နှုတ်မဆက်ပါ။ စိုင်းပန်းစိန်ရှိနေသောကြောင့် ဖြစ်မည်ဟု နားလည်မိပါ၏။

နောက်တစ်ရက်တွင် ကျွန်တော် စဉ့်ကိုင်သို့ ပြန်ခဲ့ပါတော့သည်။ အပြန်လမ်းတွင် ကျွန်တော်၏ စိတ်အစဉ်၌ လေးလံထိုင်းမှိုင်းလျက် ဝမ်းနည်းသလိုလို ဝေဒနာတစ်ရပ်ဖြစ်ပေါ် ခံစား၍နေရပါသည်။

စဉ့်ကိုင်သို့ ပြန်ရောက်၍ မကြာမီ ရွှေပြည်တန်မှ ဖုန်းဆက်ခေါ်သဖြင့် ကျောက်ဆည်သို့သွားရောက်တွေ့ဆုံရပါသေးသည်။ ထုံးစံအတိုင်း ၎င်း၏ အိမ်ထောင်ရေးအဆင်မပြေသဖြင့် စိတ်ဆင်းရဲရခြင်း အကြောင်းများကို ပြောပြနေသဖြင့် စောနန်းနွယ်၏ အကြောင်းများကို ပြောမပြဖြစ်တော့ပါ။

ခုနစ်ရက်ခန့်ကြာလျှင် ကိုမိုးယံမှ ဖုန်းဆက်လာပါသည်။ စောနန်းနွယ်မှပို့ခိုင်းသဖြင့် ဟိုတစ်နေ့က ဈေးတွင် မဝယ်ဖြစ်လိုက်သော ပန်းအိုးကလေးကို ကျားခေါင်းကားဖြင့် တင်ပို့လိုက်ပါသည်။ မန္တလေးဂိတ်တွင် သွားယူပါဟု ပြောပါသည်။

ကျွန်တော်ကားဂိတ်သို့ သွားယူသောအခါ ပန်းအိုးထုပ်အတွင်း၌ စာအိတ်တစ်လုံး[illegible]

www.burmeseclassic.com

ပြီး "ကိုအေးမင်းစံအတွက် အမှတ်တရလက်ဆောင်၊ မိုးမိတ်ဖြူ"ဟူသော စာကလေး တစ်စောင်သာ ပါရှိပါသည်။ ကျွန်တော်သည် ထိုပန်းအိုးအလေးကို အမြတ်တနိုး အဖြစ် ကျွန်တော့်အခန်းအတွင်းရှိ ခုတင်ဘေးမှ စာရေးစားပွဲပေါ်တွင် တင်ထားလိုက်ပါသည်။

သုံးရက်ခန့်ကြာလျှင် ည အိပ်ရာမဝင်မီ တဝါးဝါးသမ်းဝေလျက် ဇက်ကြောများတက်နေသဖြင့် ဗီကိုဂျင်တစ်ခဲ သောက်ကာ အိပ်ရာဝင် လိုက်ပါသည်။ ညသန်းခေါင်လောက်တွင် ခိုက်ခိုက်တုန်အောင် ချမ်းလာပြီး နိုးလာပါသည်။ ကျွန်တော့်ကိုယ်သည်လည်း ပူကျက်လျက် ကျွန်တော် အပြင်းဖျားလျက်ရှိကြောင်းသိရပါသည်။ ကျွန်တော်သည် ရေခြား မြေခြားသို့ သွားရောက်ခဲ့သဖြင့် ငှက်ဖျားမိသည်ဟုထင်ပါသည်။ ထို့ဖြင့် မှေးကနဲ ဖြစ်လိုက်၊ ပြန်နိုးလိုက်နှင့် နံနက်မိုးလင်းသွားပါသည်။ ထိုစဉ်က အဖေရော အမေရောရှိသဖြင့် ကျွန်တော်ဖျားနေကြောင်း သိသောအခါ စိတ်ပူ၍ ကျွန်တော်တို့နှင့် မိသားစုသဖွယ် ရင်းနှီးသော ဒေါက်တာ စိုးမြင့်ကို သွားရောက် ပင့်ဆောင်ပါသည်။ (ထိုစဉ်က ဒေါက်တာစိုးမြင့်သည် မုန့်ပေါင်းမြောင်းဘောင်ရှိခြံသို့ မရောက်သေး။ ဈေးအနီးတွင်အိမ်ငှားဖြင့် နေသောအချိန်ဖြစ်ပါသည်။)

ဆေးထိုးပေးပြီးနောက် ချွေးများ ရွှဲနေအောင်ထွက်ကာ အဖျားကျသွားသော်လည်း တစ်ကိုယ်လုံးနုံးကာ နွမ်းနယ်မောပန်းလျက်ရှိပြီး မူးနောက်လျက် နားထင်များ ပွင့်ထွက်လုမတတ်ခေါင်းကိုက်လျက်ရှိပါသည်။ ဘာကြောင့်ရယ်မသိပါ။ ကျွန်တော်၏ မျက်စိသည် ပန်းအိုးဆီသို့ ရောက်ရောက်သွားပါသည်။ ထိုအခါ ခေါင်းပို၍ မူးလာပါသည်။ ပန်းအိုးမှ မျက်စိလွှဲလိုက်လျှင် ဝေဒနာ လျော့ပါးပါသည်။ သို့သော် ကျွန်တော့်မျက်စိအကြည့်သည် ပန်းအိုးဆီသို့သာရောက်ရောက် သွားပါသည်။

ကြာသော် ကျွန်တော်သည် ဤပန်းအိုးကို မသင်္ကာဖြစ်လာ၍ ပန်းအိုးကို သေသေချာချာ စိုက်ကြည့်မိသော် ပန်းအိုးတစ်ခုလုံးမဟုတ်၊ အသည်းနေရာသည် မောက်ကြွလာပြီး သတ္တဝါတစ်ကောင်၏ ဝမ်းဗိုက်ကဲ့သို့ ပိန့်ချည်ဖောင်းချည် လှုပ်ရှားလျက်နေသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် အထင်အမြင်လွဲမှားသည်ထင်၍ သေသေချာချာ ဂရုစိုက်၍ ကြည့်ပြန်ရာ သေချာပါသည်။ ပန်းအိုးသည် အမှန်တကယ် သက်ဝင်လှုပ်ရှားလျက်ရှိပါသည်။ ထိုပန်းအိုးကို ကြည့်လေ ခေါင်းပို၍မူးလေဖြစ်သောကြောင့် ပန်းအိုးကို မကြည့်ရဲတော့ပါ။ မျက်စိတို့ပင် ပြာဝေ၍ လာပါသည်။ ထို့ကြောင့် အိမ်ရှေ့ခန်းထဲတွင် ရှိနေသော အစ်မအေးကို လှမ်းခေါ်ပါသည်။

> ပန်းအိုးကို မသင်္ကာဖြစ်လာ၍ ပန်းအိုးကို
> သေသေချာချာစိုက်ကြည့်မိသော်
> ပန်းအိုးတစ်ခုလုံးမဟုတ်၊
> အသည်းနေရာသည် မောက်ကြွလာပြီး
> သတ္တဝါတစ်ကောင်၏ ဝမ်းဗိုက်ကဲ့သို့
> ပိန့်ချည်ဖောင်းချည်လှုပ်ရှားလျက်နေသည်ကို
> တွေ့ရပါသည်။ ကျွန်တော်သည်
> အထင်အမြင်လွဲမှားသည်ထင်၍ သေသေချာချာ
> ဂရုစိုက်၍ ကြည့်ပြန်ရာ သေချာပါသည်။
> ပန်းအိုးသည် အမှန်တကယ်
> သက်ဝင်လှုပ်ရှားလျက်ရှိပါသည်။

"အစ်မအေး . . ဒီပန်းအိုးကို ခြံဝင်းရဲ့အပြင်ရောက်အောင် လွှင့်ပစ်လိုက်"

ဟု ပြောပါသည်။ အစ်မအေးသည် ကျွန်တော့်အား ဘာမှ ပြန်မမေးပါ။ ကျွန်တော် စိတ်ကျေနပ်စေရန် ပန်းအိုးကို အပြင်သို့ ယူဆောင်သွားပါသည်။

ကျွန်တော်၏အခန်းတွင် ပန်းအိုးမရှိသောအခါမှ ကျွန်တော့်မှာနေသာထိုင်သာရှိသွားကာ ဝေဒနာသက်သာသွားပါသည်။ ခဏကြာလျှင် အဖေနှင့်အမေရောက်ရှိလာပြီး ဆန်ပြုတ်ပူပူတိုက်ကျွေးပါသည်။ ချွေးများ ထပ်ထွက်လာသဖြင့် အဖေနှင့် အမေသည် ကျွန်တော့်အား ချွေးစိုအဝတ်များလဲပေးပါသည်။ ခဏကြာလျှင် မျက်စိများလေးလံလာပြီး ကျွန်တော် အိပ်ပျော်သွားပါသည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းများကိုက်ခဲ၍လာကာ အိပ်ရာမှ နိုးလာပြန်ပါသည်။ ကျွန်တော်သည် နိုးလျှင် နိုးချင်းစားပွဲပေါ်သို့ အကြည့်ရောက်ရှိသွားပြန်ရာ ကြောက်ရွံ့ တုန်လှုပ်လျက် ဒေါသများပါ ပေါက်ကွဲမိကာ -

"အပြင်မှာ ဘယ်သူရှိတုန်း၊ ဒီကို အမြန်လာခဲ့စမ်းပါ"

ဟု အော်လိုက်ပါသည်။ ထိုအခါ အစ်မကြီး ဒေါ်နွဲ့ရီသည် ပျာပျာသလဲဖြင့် ရောက်ရှိလာပြီး -

"မောင်လေး၊ ဘာလိုချင်လို့တုန်း။ ဘာလုပ်ချင်လို့တုန်း"

ဟု မေးရာ

"ဒီ . . ဒီပန်းအိုး ဘယ်သူပြန်လာထားတာတုန်း၊ လွှင့်ပစ်ခိုင်းထားတာကို"

ဒေါသနှင့်ထိုသို့ ကျွန်တော်ပြောလိုက်ရာ -

"မင်းအမြတ်တနိုးထားတဲ့ ပန်းအိုးလေးအိမ်ရှေ့က အမှိုက်ပုံးထဲရောက်နေလို့ စေတနာနဲ့ ပြန်ထားပေးတာကို"

"ဒီအစ်မအေးကလည်း၊ ခြံဝင်းအပြင်ဘက်က ဝေးဝေး ထိပစ်ခိုင်းထားတာ။ ခင်ဗျားကလည်း မမေးမမြန်းနဲ့ ဘာလို့ ပြန်ယူခဲ့တာလဲ၊ သွားပစ်ချေ"

ဟု အော်ဟစ်မိပါတော့သည်။ အမှန်မှာ ကျွန်တော်သည် ဒေါသကြီးတတ်သူ မဟုတ်ပါ။ အစ်မကြီးတို့အား "ခင်ဗျား"ဟူသောအသုံးအနှုန်းမျိုးဖြင့် မပြောဆိုဘူးပါ။

"အေးလေ နွဲ့နွဲ့အေးကလည်း ကျောင်းသွားပြီဆိုတော့ ဘာလို့ပစ်ထားတာလဲလို့ မေးလို့မှမဖြစ်တာ။မင့်မေးရအောင်ကလည်း အိပ်ပျော်နေတာမို့"

ဟု ပြောပါသည်။

ထိုအချိန်မှာပင် ကျွန်တော်သည် ပန်းအိုးကလေးကို ကြည့်လိုက်ပြန်ရာ လှုပ်ရှားသက်ဝင်လျက်ပင်ရှိသေးပြီး အသည်းပုံနေရာ၌ စိုင်းပန်းစိန်၏ မျက်နှာပေါ်လာပြီး ကျွန်တော့်ကို လှောင်ပြောင်သောအပြုံးဖြင့် ကြည့်နေသည်ဟု ခံစားရပါသည်။

"ပန်းအိုးကလေးက လှမှလှနဲ့၊ နှမြောစရာ"

ဟု ဆိုကာ အစ်မကြီးသည် ပန်းအိုးကလေးကို ကောက်ယူ၍ အခန်းထဲမှ ထွက်သွားပါသည်။ ကျွန်တော်သည် ညီမလေး (ယခု ရွှေကူသာသနာပြုမယ်တော်ကြီး) ကို တမ်းတမိပါသည်။ အဝေးသင်တက္ကသိုလ် စာမေးပွဲဖြေဆိုချိန်ဖြစ်၍ မန္တလေးသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ညီမလေးသည် ကျွန်တော်တို့ အိပ်မှ မည်သူမဆို ကျန်းမာရေးမကောင်းပါက စိတ်ရှည်လက်ရှည် ပြုစုတတ်သောကြောင့် ဖြစ်ပါသည်။

နေ့ခင်းပိုင်းတွင် ကျွန်တော် အဖျားကျသွား၍ အိပ်ပျော်သွားပါသေးသည်။ ညနေစောင်းတွင် အိပ်ရာမှ နိုးပါသည်။ အနည်းငယ်ပေါ့ပါး၍ နေသယောင်ရှိပါသည်။ ဒေါက်တာစိုးမြင့်ရောက်လာပြီးအဖျားတိုင်းသည်၊ သွေးချိန်သည်။ သက်သာသွားပြီ၊ ငှက်ဖျားမဟုတ်ပါ။ နှစ်ရက် သုံးရက်ခန့်ကြာလျှင် ကောင်းသွားလိမ့်မည်ဟု ပြောကာ ဆေးထိုး၍ သောက်ဆေးများပေးသွားပါသည်။ ညနေပိုင်းတွင် အစ်မအေးသည် ခေတ်ဆန်သူ စားဥယျာဉ်(ထိုစဉ်က ကျွန်တော်တို့အိမ်တွင် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းပေါ်ပေါက်တော်မမူသေး၍ သိရုံသာ သိပါသည်။ ယခုကဲ့သို့ ခင်မင်ရင်းနှီးခြင်းမရှိသေးပါ။)မှ ကျောင်းပြန်တွင် ခေါက်ဆွဲပြုတ်ချိုဝယ်လာပါသည်။ ငရုတ်ကောင်းမှုန့်များနှင့်ပူပူနွေးနွေးသောက်ချလိုက်သောအခါ ချွေးများစို့လာ၍ ပို၍ နေကောင်းလာပါသည်။

ညဦးပိုင်းတွင် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသော် လည်း သန်းခေါင်ခန့်တွင် အိပ် မက်ဆိုးများ မြင်မက်ပါသည် အိပ်မက်ထဲတွင် အလွန်အရု ဆိုး၍ ထွားကျိုင်းလှသော အသားမည်းမည်းနှင့်လူကြီး လေးဦးသည် ဓားများ၊ လှံများ ကိုင်ဆောင်၍ ကျွန်တော့်ကို သတ်ဖြတ်ရန် "လိုက်ဟေ့၊ ဝိုင် ဟေ့"ဟု အော်ကာ ဖမြေ လိုက်လာကြသဖြင့် ကျွန်တော် သည် အသက်လု၍ ပြေးနေ ပါသည်။ ခြေကုန်လက်ပန်းကျ ကာ မောဟိုက်ပင်ပန်းလွန်းလှ သဖြင့် ခြေထောက်တို့သည် ရှေ့ကိုမရောက်နိုင်ဘဲ နောက် သို့သာ ပြန်နေသည်ဟု ထင် မှတ်နေရပါသည်။ အရှိန်နှင့် ပြေးနေစဉ် ရှေ့၌ သံဆူးကြိုး မွေ့ရာသဖွယ် ကာဆီးနေ၍ အရှိန်သတ်လိုက်ရာ ဟန်ချက် ကို မထိန်းနိုင်တော့ဘဲ ကျွမ်း ထိုးမှောက်ခုံလဲကျသွားပါသည် တစ်ခဏအတွင်းနောက်မှ လိုက်လာသူများ မှီလာပြီး ကြိ မားလှသော ဓားကြီးများ၊ လှံ ကြီးများဖြင့် ထိုးခုတ်ရန် အား ယူ၍ ချိန်ရွယ်လိုက်ကြရာ -

"အောင်မလေး၊ မလုပ်ပါ နဲ့ဗျ။ ကြောက်ပါပြီဗျ"

ဟု မျက်စိစုံမှိတ်ပြီး အော် ကုန်အော်ဟစ်မိပါတော့သည်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သေရတော့မည်ဟု ဒီကာကြောက်လည်းကြောက် ဝမ်းလည်းနည်းနေမိပါသည်။

ထိုစဉ် -

"လူကလေး၊ ဘာဖြစ်တာလဲ ဒီမယ်အဖေရောက်လာပြီ"

ဟု ဆိုကာ အဖေမှ ကျွန်တော့်ကို ပွေ့ထူလိုက်ပါသည်။ ကျွန်တော်သည် ချွေးများ စို့နစ်လျက် အိပ်မက်ထဲကအတိုင်း မောပန်း၍နေပါသည်။ ခဏကြာလျှင် အမေနှင့် အစ်မများ ရောက်ရှိလာပါသည်။ ချွေးများသုတ်ပေး၍ အကျႌပုဆိုးများ လဲပေးကြပါသည်။ ကျွန်တော်သည် မောလွန်းသဖြင့် ငြိမ်ငြိမ်လေးမှိန်းနေလိုက်ပါသည်။ ကျွန်တော် မည်သည့်အချိန်တွင် အိပ်ပျော်သွား၍ မည်သည့်အချိန်တွင် အဖေ၊ အမေနှင့် အစ်မများ ပြန်ထွက်သွားကြည်ကို မသိလိုက်တော့ပါ။ကျွန်တော် တစ်ရေးနိုးသောအခါ နံနက် ၆ နာရီခန့်ရှိနေပြီဖြစ်ကြောင်း သိရပါသည်။

မျက်နှာသစ်၊ သွားတိုက်ပြီးနောက် ကျွန်တော်သည် ဆန်ပြုတ်အနည်းငယ်သောက်ပြီး ပြန်လှဲနေပါသည်။ ထိုစဉ် နားအတွင်းမှ လေများထွက်သကဲ့သို့ ဝူးဝူးဝေါဝေါမြည်သွက် ခေါင်းများမူး၍ လာပါသည်။ ကျွန်တော်သည် ဘာရယ်ကြောင့်မှန်းမသိပါ။ ကျွန်တော့် ခေါင်းရင်းရှိ နံရံတွင် ချိတ်ဆွဲထားသော စိပ်ပုတီး (ကျွန်တော့်အဖေ၏ ညီဝမ်းကွဲ ဦးစိန်ထွန်း၊ ဂန္ဓာရီခရီးလျှောက်လှမ်းရာမှ ထွက်ရပ်စခန်းမြန်းသွားသူပေးထားပါသည်။)ကို ကိုင်ထားလိုစိတ်ဖြစ်ပေါ်လာပါသည်။ ဘဘဦးစိန်ထွန်း ကျွန်တော့်ကို ထိုစိပ်ပုတီးပေးခဲ့သည်မှာ ငါးနှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်သည် ထိုစိပ်ပုတီးကို တစ်ခါမှ မစိပ်ဖြစ်ခဲ့ဘဲ ချိတ်ထားခဲ့ပါသည်။ ယခု တစ်ကြိမ်သာ ပထမဦးဆုံး ဖြုတ်ယူဖူးခြင်းဖြစ်ပါသည်။ သစ်သားပုတီးမဟုတ်ပါ။ ထောင်သားများထိုးတတ်သည်ဟု ကြားခဲ့ဖူးသော ကြိုးပုတီးအမျိုးအစားဖြစ်ပြီး အရွယ်မကြီးပါ။ ခပ်သေးသေးမျှသာ ဖြစ်ပါသည်။

ကျွန်တော်သည် ထိုစိပ်ပုတီးဖြင့် အရဟံ-အရဟံ ဟု စိပ်နေလိုက်ရာ ဝေဒနာသက်သာ၍ ကြားနေရသော အသံများလည်း ပျောက်သွားပါသည်။ ပုတီးကိုလက်မှ ချလိုက်လျှင် အော်ဟစ်ဆူညံသံများ ပြန်လည်ထွက်ပေါ်လာပြီး ဦးခေါင်းပွင့်ထွက်မတတ် နားထင်များ ကိုက်လာပြန်ကာ ခေါင်းက မူးနောက်လာပြန်ပါသည်။ နံနက် ၈ နာရီခန့်တွင် စံပြဦးအိမ်ထောင်ကျလျက်ရှိသော ကျွန်တော့်နှင့်အထက်အောက် အစ်ကို ကိုဝင်းကို ရောက်လာပြီး -

"မင်း ဒီလိုနေလို့ မဖြစ်ဘူး။ မပေါနဲ့ ငါဆိုင်ကယ်နဲ့ လိုက်ပို့မယ်။ ဒေါက်တာ စိန်လှအောင်ဆီ သွားရအောင်"

ဟု ပြောပါသည်။ ထိုအခါ အဖေက -

"ဆိုင်ကယ်နောက်က ထိုင်လိုက်နိုင်ပါ့မလား၊ ဖြစ်ရဲ့လား။ ဆိုက်ကားနဲ့ ဆိုရင် ပိုကောင်းမယ်"

ထိုအခါ အစ်မကြီးမှ -

"ဟုတ်တယ်၊ ဆိုက်ကားပေါ်မှာ ငါက နောက်ကထိုင်လိုက်ပြီး ထိန်းပေးမယ်"

ဟု ဆိုသဖြင့် အုန်းပင်ခြံမြင်းလှည်းဂိတ်မှ ကိုဆေးလုံး၏ ဆိုက်ကားကို ကိုဝင်းကိုမှ ခေါ်ပေးပါသည်။

ဆိုက်ကားစီး၍ အိမ်ဝင်းအပြင်သို့ရောက်ရှိသည်နှင့် ကျွန်တော်သတိလစ်သလိုဖြစ်ကာ စိတ်နှင့်ကိုယ်နှင့်မကပ်တော့ပါ။ ငှက်ဆိုးထိုးသံများ၊ ကြေးစည်သံများ၊ ငိုကြွေးသံများကို ကြားရပြီး ကျွန်တော်သည် ကိုယ့်ကိုကိုယ် ပြန်မြင်နေရပါသည်။ ကျွန်တော်သည် သေဆုံးလျက် ရှိပြီး ကျွန်တော်၏ ရုပ်ကလာပ်သည် ခေါင်းတလားအတွင်းသို့ ရောက်ရှိနေပါသည်။ ကျွန်တော့် ဈာပနအခမ်းအနားလှည့်လာခြင်းဖြစ်ပါသည်။ ကျွန်တော့် ခေါင်းတလားတင်ထားသော ကား၏ ရှေ့တွင် လွမ်းသူ့ပန်းခွေ၏ အလယ် ကျွန်တော့်ဓာတ်ပုံကြီးကို ချိတ်ဆွဲထားပါသည်။ ကား၊ ဆိုင်ကယ်အချို့နှင့် ဆိုက်ကား၊ စက်ဘီး၊ ခြေလျင်ပို့ဆောင်သူတို့ များပြားစည်ကားလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

ကျွန်တော်သည် သတိဝင်လာချိန်၌ စိပ်ပုတီးမစိပ်နိုင်သော်လည်း အကျႌအိတ်ထောင်အတွင်းမှ ကြိုးပုတီးကလေးကိုလက်ဖြင့် ကိုင်၍ထားမိပါသည်။ ထိုအခါ ကိုယ့်ကိုယ်ကိုပင် ဇဝေဇဝါဖြစ်ကာ ခေါင်းတလားထဲမှာလား၊ ဆိုက်ကားပေါ်မှာလား၊ ဘယ်သင်းက အဖြစ်မှန်လဲဟူသည်ကို မဝေခွဲတတ်အောင် ဖြစ်နေပါသည်။ ထိုအချိန်၌ ခေါင်းကိုက်ခြင်းဝေဒနာအပြင် နားထင်ကြောများပါတက်လာပြီးအနေရဆိုးလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကိုယ်ကျွန်တော် အသက် ရှိသေးရဲ့လားဟု သိရှိရန် ကျွန်တော်သည် ခြေထောက်ကိုအောက်သို့ ချကြည့်မိရာခြေထောက်သည်ကတ္တရာလမ်းနှင့် တိုက်မိပြီး ဖိနပ်ကျွတ်ကျသွားခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော် မသေသေးသည်မှာ သေချာသွား၍ ဝမ်းသာမိပါသည်။ ထို့ကြောင့် ကျွန်တော်သည် ရှက်မနေတော့ဘဲ အင်္ကျီအိတ်ထောင်အတွင်းမှ စိပ်ပုတီးကို နှိုက်ယူလိုက်ပြီး ခေါင်းမှစွပ်ချလိုက်ကာ လည်မှာဆွဲထားလိုက်ပါသည်။

ထိုအခါ ..ကျွန်တော် အာရုံဝေဝါးမှုလည်း တဖြည်းဖြည်း ပြန်လည်ကြည်လင်ပြတ်သား၍ လာပါတော့သည်။ သို့ဖြင့် ဒေါက်တာစိန်လှအောင်မှ စမ်းသပ်စစ်ဆေးပြီး အပြင်းဖျားကာ အားနည်းသွားခြင်းဟု ပြောကာ အဖျားကျဆေးနှင့် အကြောဆေးများထိုးနှံ၍ ပေးကာ တိုက်ဖွိုက်ကူးသွားမည်စိုး၍ သုံးရက်ခန့် အဖတ်မစားရန်ညွှန်ကြားကာသောက်ဆေးများ ပေးလိုက်ပါသည်။

ငါးရက် ခန့်ကြာလျှင် ကျွန်တော်အဖျားပြတ်သွားပြီး နာလံထစပြုပါသည်။ ထိုအချိန်တွင် ကိုမိုးထံမှ ဖုန်းလာသဖြင့် ကျွန်တော်၏ ဖြစ်စဉ်တို့ကို ပြောပြလိုက်ပါသည်။ ထိုအခါ ကိုမိုးသည် နောက်ရက်တွင် ဖုန်းပြန်ဆက်မည်ဟုပြောပါသည်။ နောက်တစ်နေ့တွင် ကိုမိုးထံမှ ဖုန်းလာပါသည်။ ကျွန်တော့်ထံသို့ ရောက်ရှိလာသော ပန်းအိုးအား လောကီပညာရပ်တစ်ခုဖြင့် ကျွန်တော့်အား မုန်း၍ သေစေလိုသူတစ်ဦးက ပြုလုပ်လိုက်သည်။ ထိုသူသည် ပညာရှင်အား တစ်ဆင့် စေခိုင်းလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုပန်းအိုးကလေးကို မိုးမိတ်သို့ ပြန်ပို့လိုက်ပါ။ မိမိမေးမြန်းအကူအညီတောင်းထားသော ပညာရှင်မှ ထိုပန်းအိုးရောက်လာလျှင် ထိုပန်းအိုးမှ မှော်ပညာများကို တန်ပြန်၍ ခြေဖျက်ပေးမည်ပြောပါသည်။ ထိုပန်းအိုးကလေး ပျောက်ဆုံးသွားလျှင် မည်သည့်နည်းနှင့်မျှ ထိုပညာရပ်များကို ပယ်ဖျက်၍ မရနိုင်တော့ဟု ပြောပါသေးသည်။

အဲဒါမှ ခက်ပြီ။ ကျွန်တော်သည် ထိုပန်းအိုးကို လွှင့်ပစ်ခိုင်းထားသဖြင့် အမှန်တကယ်သာ လွှင့်ပစ်လျှင် ဈေးကြီး၍ လှပလွန်းသော ထိုပန်းအိုးကလေးကို တွေ့မြင်သူက ကောက်ယူသွားပေမည်။ ထိုသို့တွေးမိသွားပြီး စိုးရိမ်သွားသဖြင့် "အစ်မကြီးလာပါဦး"ဟု လှမ်းခေါ်လိုက်ပြီး ပန်းအိုးကို ဘယ်နေရာမှာ လွှင့်ပစ်လိုက်သလဲ၊ အမြန်ရှာပေးပါဟု ပြောလိုက်ရာ ..

"အေး ..ငါလည်း နမြောလို့လွှင့်မပစ်ဘဲ သိမ်းထားတယ်"

ဟု ဆိုကာ ..ပန်းအိုးကလေးကို သိမ်းထားရာမှ ယူလာ၍ ပေးပါသည်။

ကျွန်တော်သည် ထိုပန်းအိုးကလေးကို ရဲရဲပင် မကြည့်ရဲတော့ပါ။ အမြန်ဆုံး ပါဆယ်ထုပ်လိုက်ပြီး ကိုမိုး၏ လိပ်စာကို တပ်လိုက်ပြီး ကိုဝင်းကို ကိုခေါ်ယူကာ မန္တလေးသဘော်တန်းကားဝင်းသို့ သွားရောက်စေကာ မိုးမိတ်ကားနှင့် တင်ပို့ခိုင်းလိုက်ပါတော့သည်။

ထို့နောက်ပိုင်းရက်များမှ စ၍ ကျွန်တော့်တွင် အိပ်မက်ဆိုးများ မြင်မက်ခြင်း၊ ဖျားနာခြင်းတို့ဖြစ်ပေါ်၍မလာတော့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်ပါသည်။

၂၀၀၂၊ ၂ လပိုင်းတွင် ကိုမိုးထံမှ ဖုန်းဆက်လာပါသည်။ စောနန်းနွယ်သည် ကျွန်တော်ပြန်သွားပြီးမကြာမီ စိုင်းပန်းစိန်နှင့် လက်ထပ်လိုက်ရသည်။ နှစ်နှစ်ခန့်အကြာတွင် သမီးလေးတစ်ဦးရရှိပြီး စိုင်းပန်းစိန်သည် မူးယစ်ဆေးသုံးစွဲခြင်းကြောင့် သေဆုံးသွားကြောင်းနှင့် ကျွန်တော့်ကို မိုးမိတ်သို့ လာရောက်လည်ပတ်စေလိုပါသည်ဟု ပြောပါသည်။

သို့သော် ယနေ့အချိန်တိုင် မိုးမိတ်မြို့သို့ ပြန်လည်မရောက်ရှိသေးပါ။ တစ်နေ့နေ့တွင်တော့ ကျွန်တော်သည် မိုးမိတ်မြို့သို့ တစ်ခေါက်တစ်လေရောက်ဖြစ်ချင်လည်း ရောက်ဖြစ်ပါလိမ့်ဦးမည်။ မကြာမီ ရွှေပြည်တန်၏ အမျိုးသားလည်း အရက်လွန်ရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်ကြောင်း ကြားသိရပြန်ပါသည်။

*(တကယ့်ဘဝအဖြစ်အပျက်တို့သည် စိတ်ကူးယဉ်ဇာတ်လမ်းများထက် ဆန်းကြယ်လွန်းပါ၍ အမည်၊ အကြောင်းအရာတို့တူညီမှုများရှိပါက ထူးဆန်းစွာ တိုက်ဆိုင်မှုဟူ၍သာ မှတ်ယူကြပါရန် ..)*

ဘိုဘိုရွှေကံကူ




www.burmeseclassic.com

www.burmeseclassic.com

# နေရာလွဲနေသေးသော ပုဂံသားကြီး၏ ကမ္ဗည်းကျောက်စာတစ်ချပ်

မင်းရွှေသိန်း(ဇင်းကျိုက်)



ရုပ်တုများလှူဒါန်းသည့် ကမ္ဗည်းမော်ကွန်း



ကျိုက်တလန်းစေတီတော်နှင့် အထက်ရင်ပြင်မုခ်ဝပုံ


"ငါ့ကျောက်စာပြန်ပေးကြပါ ... ကျောက်စာ ပြန်ပေးကြပါ"

မိုးမြေတုန်ဟီး၊ တောကြီးဆူညံ၊ ...ယံလွှင့်ပါ၏၊ ကမ္ဘာပျက်သည့်အလား ...ခါကြည်းကြေကွဲစွာ အော်ဟစ်လိုက် ...သံကျယ်ကြီးသည် တောင်ကမ်းပါးယံကြောတစ်လျှောက် ရိုက်ခတ်ကာ ပဲ့တင်လှိုင်းအထပ်ထပ် ထသွားသည်မှာ တော်ရုံနှင့် မစဲတော့ပေ။ တောင်ကုန်းထိပ်၌ စံပယ်လျက်ရှိသော စေတီတော်ကြီးတစ်ဆူ၏ မုခ်ဝ ...။ အမြင့်ဆုံးလှေကားထစ် အုတ်ခုံပေါ်တွင် ရင်အုပ်ကားကား၊ ဖွေးနီရောင်အသားအရေနှင့် ကြွက်သားများ အမြောင်းမြောင်းထလျက်ရှိသော ခန္ဓာကိုယ်ပိုင်ရှင် ပုဂ္ဂိုလ်တစ်ဦး၏ ခြေနှစ်ဖက်ကား၍ မတ်မတ်ကြီးရပ်နေသော သဏ္ဌာန်ကို လေတဟူးဟူး တိုက်ခတ်နေသည့်ကြားမှာပင် ပီသပြတ်



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့်(၁၂)နှစ်ခန့်က အောင်ချမ်းသာဘုရားဖူးအဖွဲ့
စတင်တည်ရန် လှုပ်ရှားစဉ်

သားစွာ လှမ်းမြင်နေရသည်။ ရှေးခေတ်ပုဂံသူရဲကောင်းဝတ်စုံ ဆင်မြန်းထားလျက်မှ ညာဘက်လက်ဖြင့် ကိုင်ဆောင်ထားသော လှံတံကို အသွားပိုင်းက မိုးပေါ်ထောင်၊ အရင်းပိုင်းကို အုတ်ခုံပေါ်ထောက်ကာ စောစောက သူဟစ်အော်လိုက်သောအသံနှင့်မခြား မျက်နှာထားတင်းမာခက်ထန်ဟန် ပေါက်နေသော်လည်း အရောင်တောက်လျက်ရှိသော မျက်လုံးအစုံကမူ နာကြည်းကြေကွဲဟန်အပြည့်။

အမှန်တကယ်ပြောရလျှင် ဤသဏ္ဌာန်နှင့် ဤအသံသည် ကျွန်တော်၏ မကြာခဏမက်လေ့မက်ထရှိသော အိပ်မက်ထဲမှ မြင်ကွင်းဆန်းပုံရိပ်တစ်ခုဟု ဆိုရမည်ပင်။ လွန်ခဲ့သည့်နှစ်က စာရေးဆရာ၊ ဆရာမများ စုပေါင်း၍ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၌ရှိသော သော်ကမြိုင် ပရဟိတကျောင်းသို့ ဝါဆိုသင်္ကန်းကပ်လှူရန် သွားရောက်ခဲ့စဉ်က ဖြစ်သည်။ ကေလာသတောင်၏ အနောက်မြောက်ဘက်အစွန်းရှိရက်ကန်းသည်မရွာ၏ တောင်ပေါ်တွင် အောင်ချမ်းသာ သာသနာပြုအဖွဲ့အား ဦးဆောင်ကာ ကျိုက်တလန်းစေတီအား ပြုပြင်တည်ထား ထိန်းသိမ်းလျက်ရှိသော မိတ်ဆွေဖြစ်သူ ဦးသန်းဦးမှ ဖိတ်ကြားသဖြင့် ကျွန်တော်တို့အဖွဲ့ ကျိုက်တလန်းစေတီတော်သို့ ရောက်ရှိသွားကြရပါသည်။ ရွှေရောင်တဝင်းဝင်း ကြည်ညိုသပ္ပာယ်ဖွယ်ရာ အဆင်းတို့နှင့် သစ်လွင်တောက်ပလျက်ရှိသော ကျိုက်တလန်းစေတီတော်အား ဖူးမြော်ကြရသည့်အပြင် ခမ်းနားကျယ်ဝန်းလှသော ဗုဒ္ဓကျောင်းတော်ထဲသို့ ဝင်ရောက်လေ့လာကြရာ ကျွန်တော်တို့အဖွဲ့ လုံးဝထင်မှတ်ထားခြင်းမရှိသော ရုပ်တုကြီးနှစ်ခုက မားမားရပ်ကာ ကျွန်တော်တို့အား ကြိုဆိုလျက်ရှိသည်ကို အံ့ဩစွာ တွေ့လိုက်ရပါသည်။

ပုဂံသား၊ ပုဂံစစ်သူရဲကောင်း၊ ပုဂံသာသနာပြုမင်းကြီး ကျန်စစ်သားမင်းကြီးနှင့် မိဖုရားမဏိစန္ဒာတို့၏ (၇)ပေခန့်မြင့်သော ရုပ်တုနှစ်ခု ဖြစ်သည်။ ရှေးပုဂံခေတ် ဝတ်စုံအတိုင်း ထုဆစ်ပုံဖော်ထားသည်မှာ အသက်ဝင်လွန်းလှသဖြင့် ကျွန်

တော်တို့အဖွဲ့ ကြောင်ငေးလျက် ရပ်ကြ
နေမိသည်မှာ အတော်ကြာသည်။ တို
ဆိုင်သည်ဟု ဆိုရမည်လားမသိ။ ၎င်း
မွန်းလွဲချိန်လောက်တွင် အကယ်
လူမင်းနှင့် ဇနီးမခင်စပယ်ဦးတို့နှင့်အ
သမီး ရောဝတီလူမင်း၊ သား ဝေရက်
မင်းတို့ပါ ရောက်ရှိလာကြသည်ကို တွေ
သည်။ အကယ်ဒမီလူမင်းသည် 'ကျန်
မင်း' ဇာတ်ကားကြီးကို ကိုယ်တိုင်ထု
လုပ်ရိုက်ကူး၊ ကိုယ်တိုင် ကျန်စစ်
အဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်ရာ အဆို
ဇာတ်ကားကြီးအား ရိုက်ကူးစဉ်က က
စစ်သားမင်းကြီးနှင့် မိဖုရားမဏိစန္ဒာရုပ်
တို့ကို သူတို့နေထိုင်ရာ ပါရမီရှိ ဝေ
ဂေဟာ၏ ညေ့ခန်းဆောင်၌ထားရှိခဲ့
(၂၆–၆–၂၀၁၀)ရက်နေ့တွင် ကျို
တလန်းစေတီတော်သို့ ရုပ်ရှိနာမ်က
အောင်ဓာတ်ဟိန်းစေရန် လှူဒါန်းခဲ့
ဖြစ်သည်ဟု သိရပါသည်။

တစ်ဆက်တည်းမှာပင် ဤကျို
တလန်းစေတီ၏ သမိုင်းအပိုင်းအစများ
ပြန်လည်ဆက်စပ်ကြည့်မည်ဆိုပါက မွ
ပထမက သုဝဏ္ဏဘုမ္မိပြည် သူရိယ
မင်းလက်ထက်တော်၌ ဗုဒ္ဓရုပ်ပွားတော
တစ်ဆူအား အုတ်ဂူစေတီအဖြစ် တ
ထား၍ မင်းအဆက်ဆက်ကိုးကွယ်ခဲ့
ရာ နောက်ဆုံးမင်းဆက်ဖြစ်သော မနူ
မင်းလက်ထက် သုဝဏ္ဏဘုမ္မိမြို့ပါ ဖျ
သုဉ်းကာ နှစ်ကာလကြာလာသည်
အမျှ ကျိုက်တလန်းစေတီသည်လ
ရာသီဥတုဒဏ်၊ ချုံနွယ်သစ်ပင်တို့၏
မှိုခြင်းဒဏ်ကြောင့် ယိုယွင်းပျက်စီးလ
မြေကြီးပုံအဆင့်သို့ ရောက်ရှိခဲ့ရသည်
ဆိုပါသည်။ တစ်ဖန် ကျန်စစ်သားမင်း
သည် ဤစေတီပျက်အား သက္ကရာ
၄၆၀ ခုနှစ်၊ ကဆုန်လဆန်း ၁၃
(၁၆–၄–၁၀၉၈) သောကြာနေ့တွင်
ဟောင်းမွန်လက်ရာအတိုင်း
အုတ်ခုံပလ္လင်ခံလျက် စေတီသစ်အ



www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားမင်းကြီးရုပ်တု



မိဖုရားမဏိစန္ဒာရုပ်တု

လည်တည်ထားပြီးလျှင် ကျိုက်တ
ကမ္ပည်းကျောက်စာကိုပါ ရှေးဟောင်း
ဘာသာဖြင့် ရေးထိုးစိုက်ထူခဲ့ကြောင်း
လာမှတ်သားခဲ့ရပါသည်။ ဘုရား
ကျန်စစ်သားမင်းကြီး ပြုပြင်တည်
ခဲ့သော ကျိုက်တလန်းစေတီတွင်
ဆိုလျှင် ကျန်စစ်သားမင်းကြီးနှင့်
မဏိစန္ဒာတို့၏ ရုပ်တုနှစ်ခုကလည်း
ရှိနေပေပြီ။ ၎င်းပြင် 'ကျန်စစ်မင်း'
ကားကြီးအား ကိုယ်တိုင်ထုတ်လုပ်
ကိုယ်တိုင် ကျန်စစ်မင်းအဖြစ်
ဆောင်ခဲ့သော အကယ်ဒမီလူမင်း
သားစုတို့ပါ ရောက်ရှိလာကြသည်
ကြည့်ခြင်းအားဖြင့် အလွန်ရှားပါး
တိုက်ဆိုင်ခြင်းဟုဆိုလျှင်ပင် မှား
မည်မထင်တော့ပေ။

ဤမျှ ပြီးပြည့်စုံစွာဖြင့် ကျိုက်တလန်းစေတီနှင့် ပတ်သက်သူအပေါင်းတို့ ဘူမိနက်သန် အောင်မြေအမှန်တွင် ဆုံကြသည်ကိုသိလျက်နှင့် "ငါ့ကျောက်စာ ပြန်ပေးကြပါ"ဆိုသော နာကြည်းကြေကွဲသံဖြင့် ဟစ်ကြွေးနေသော ကျန်စစ်မင်းသဏ္ဍာန် အိပ်မက်ဆိုးကြီးသည် အဘယ်ကြောင့် ကျွန်တော့်အား မကြာခဏ ခြောက်လှန့်နေပါလိမ့်။ "အိပ်မက်ဆိုသည်မှာ ပရမ်းပတာ ပုံရိပ်များသာမဟုတ်ဘဲ စိတ်ခံစားမှုများနှင့် မှတ်ဉာဏ်များကို စီစဉ်နေရာချပေးသော လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်"ဟု အိပ်မက်သုတေသီ ဒေါက်တာနယ်လ်ဆင် ပြောခဲ့သော အဆိုအမိန့်သာ မှန်ကန်မည်ဆိုလျှင် ကျွန်တော်၏ အိပ်မက်များသည် စိတ်ခံစားချက်တစ်မျိုးတည်းကြောင့်မဟုတ်ဘဲ ကျွန်တော်၏ မှတ်ဉာဏ်ကိုပါ အလုပ်ပေးနေခြင်းလားဆိုသည်မှာ စဉ်းစားစရာပင် ...။

မှန်ပါသည်။ ကျွန်တော်တို့အဖွဲ့ ကျိုက်တလန်းစေတီသို့ ရောက်ရှိစဉ်က ကျန်စစ်သားမင်းကြီး ရေးထိုးစိုက်ထူခဲ့သော ကမ္ပည်းကျောက်စာကို လုံးဝမတွေ့ရှိခဲ့ကြသည်မှာ အမှန်ပင်ဖြစ်သည်။ မည်သို့ပင်ရှိစေ ဒေါက်တာနယ်လ်ဆင်၏ စကားအတိုင်း ကျွန်တော်၏ မှတ်ဉာဏ်အား အလုပ်ပေးလိုက်သည်နှင့် စတ်ဖူးမှတ်ဖူးခဲ့သော အကြောင်းအရာတစ်ခု



www.burmeseclassic.com



၁၅.၇.၂၀၁၁ ကျိုက်တလန်းစေတီသို့ ဘုရားဖူးရောက်ရှိနေသော အကယ်ဒမီလူမင်းနှင့် မိသားစု

အား သတိရလိုက်ပါသည်။ ၁၉၃၆ ခုနှစ်၊ ဧပြီလထဲတွင် ဆရာကြီးဦးဖေမောင်တင်သည် ရက်ကန်းသည်မရွာ(ထိုစဉ်က အရက်သည်မရွာ)သို့ ရောက်ရှိသွားရာ ကျိုက်တလန်းစေတီကျောက်စာနှင့် ပတ်သက်၍ ရွာခံဖြစ်သူ သက်ကြီးရွယ်အိုတစ်ဦး၏ ပြောပြချက်ကို ကြားသိခဲ့ရသည်ဟု ဆိုသည်။ ခရစ်နှစ် ၁၈၈၀ ခုနှစ်ခန့်က အင်္ဂလိပ်အာဏာပိုင်တို့သည် ကျောက်စာကို တူးဖော်၍ ထိုစဉ်က ရွာခြေအထိ ပေါက်နေသေးသော ရေလမ်းခရီးမှ ရန်ကုန်မြို့သို့ သယ်ဆောင်သွားကာ ဖယ်ရာပြတိုက်၌ ထားရှိခဲ့ကြောင်း၊ ကျောက်စာအား တူးဖော်သယ်ဆောင်သွားစဉ်က ရွာသူရွာသားများအနေဖြင့် ကြောက်ရွံ့ကြသဖြင့် မကန့်ကွက်ဝံ့ကြဘဲ ဝမ်းပန်းတနည်း ချုံးပွဲချငိုယိုကြလျက် လေှဆိပ်အထိ လိုက်ပါပို့ဆောင်ပေးကြရကြောင်း စသည်တို့ ဖြစ်သည်။

ကျိုက်တလန်းကျောက်စာ၏ သဲလွန်စကို ရရှိခဲ့သော ဆရာကြီးဦးဖေမောင်တင်သည် သုတေသီများနှင့်အတူ ဖိုင်ဂန်းရှာဖွေရာမှ ဖယ်ရာပြတိုက်တွင် ၎င်းကျောက်စာအမှန်ပင်ရှိနေကြောင်း သိရှိကြရသည်။ ကျောက်စာအား ဒေါက်တာဘလက်ဒင်သည် ရှေးဟောင်းမွန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ရာတွင် ကျောက်စာ၏ မူလဘူတနေရာမှန်ကို မသိရှိခဲ့သေးဟု ဆိုပါသည်။ (အက်ပီဂရေဖီဖာဘာမင်နီက မွန်ကျောက်စာ အမှတ်–၅)။ ၎င်းကျောက်စာအား ဦးချစ်သိန်းကလည်း မွန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်ကို မွန်ကျောက်စာပေါင်းချုပ်၌ တွေ့ရှိခဲ့ရသည်။ ဆရာကြီးဦးဖေမောင်တင်နှင့် သုတေသီများ၏ ဖော်ထုတ်ချက်အရ ၎င်းကျောက်စာ၏ နေရာမှန်အတိအကျသည် ကျိုက်တလန်းစေတီ၏ အရှေ့မြောက်ရင်ပြင်နေရာဖြစ်သည်ကိုသိရှိကြရာ ယခင်အစိုးရ အဆက်ဆက်မှ ကျောက်စာအား တက္ကသိုလ်များ စာကြည့်တိုက်၌ ထားရှိထိန်းသိမ်းခဲ့ကြသည်မှာ ယနေ့ထိတိုင်ပင် ဖြစ်ပါသည်။

ယခုဆိုလျှင် ပြိုကျပျက်စီး၍ တောအတိဖုံးလျက်ရှိသော ကျိုက်တလန်းစေတီအား ဦးသန်းဦးခေါင်းဆောင်သော[...] အောင်ချမ်းသာ သာသနာပြုအဖွဲ့မှ [...] ဟောင်းသုတေသနဦးစီးဌာန၏ ခွင့်[...] ချက်ဖြင့် လွန်ခဲ့သည့် (၁၂)နှစ်ကပင် [...] မူမပျက် ပြုပြင်တည်ဆောက်လျက်ရှိ[...] အလုံးစုံပြီးမြောက်နေသည်ကို တွေ့ရှိ[...] ပါသည်။ ပဋ္ဌာန်းဆက်ဟုဆိုလျှင်ပင် [...] မည်မဟုတ်သော ကျိုက်တလန်းစေတီ[...] ပတ်သက်သော သက်ရှိသက်မဲ့ အ[...] အားလုံး ဝေဘာရတောင်ဟုဆို[...] ဘုရားရင်ပြင်တော်တွင် တစ်စုတစ်[...] တည်း ဆုံတွေ့ကြရပြီးဖြစ်သော်လည်း[...] ကျန်စစ်သားမင်းကြီး၏ ကျောက်စာနေ[...] လစ်ဟာနေခြင်းကြောင့် အထူးတလ[...] ဝမ်းမြောက်ပီတိဖြစ်ကြဦးမည်မဟုတ်သ[...] မှာ သေချာပါသည်။

သို့ဆိုလျှင် ... ပိုင်ရှင်မပေါ်ခ[...] ထိန်းသိမ်းထားသော ကျိုက်တလ[...] ကျောက်စာအား ယခုဆိုလျှင် ပိုင်[...] အမှန်ကို သိရှိကြပြီးဖြစ်သည့်အပြင် ကျို[...] တလန်းစေတီတော်နှင့်တကွ သာသန[...] အဆောက်အအုံများပါ သစ်လွင်လျ[...] လျက်ရှိနေပြီဖြစ်ရာ ထိန်းသိမ်းထားသေ[...] ကျောက်စာအား မူလပိုင်ရှင်သို့ ပြန်လ[...] ပေးအပ်လိုက်မည်ဆိုပါက လော[...] လောကုတ္တရာဓမ္မသတ်နှင့် ညီညွတ်လ[...] ပြည်သူအပေါင်းတို့ကလည်း အနုမေ[...] နာအကြိမ်ကြိမ်ခေါ်မဆုံးအောင် ရှိ[...] လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရ[...] သည်။

မင်းရွှေသိန်း(ဇင်းကျိုက်[...]

**ကိုးကားချက်များ**

(၁) သိန်းဖေမြင့်(ဦး)၏ 'ကျွန်[...] တို့မွန်မြန်မာ' (၁၉၇၅ ခုနှ[...]

(၂) နိုင်ရာစာ၏ ကျိုက်[...]မြို့၊ ထ[...] ပေါလောမြှင့်တော်ဘုရားသ[...]



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေမ လုမျှ ပြဿနာ

ဒါရိုက်တာ [illegible]

ပြင်ဦးလွင်သည် ရေခဲစိမ်မြို့ကလေးလို အေးမြနေသည်။
ကျွန်တော်တို့ ရုပ်ရှင်၊ ဗီဒီယိုအဖွဲ့သည် ရန်ကုန်မှတက်လာကြသူများဖြစ်၍
တချို့ ပြင်ဦးလွင်နှင့်စိမ်းသူများလည်း ပါလာကြသည်။
"ဆရာမျိုး ... ဘယ်အိမ်မှာ တည်းမှာလဲ"
"ဟ ... ဘယ်လိုဖြစ်တာလဲ"
တအံ့တဩ ပြန်မေးရင်း ဇော်ကြီးကို အကဲခတ်ကြည့်သည်။
ဇော်ကြီး မျက်နှာပျက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မနှစ်က ကျွန်တော် အဲဒီအိမ်မှာ ရိုက်ဖူးတယ်ဆရာမျိုး။ သရဲအရှင်းခြောက်လို့ ဘယ်သူမှမနေရဲဘဲ အိမ်ပြောင်းပြီး ရိုက်ခဲ့ရတယ်။ အဲဒီမှာ တည်းပြီး ဆရာမျိုးရိုက်ရင် သိပ်အံဆင်ပြေမှာမဟုတ်ဘူး"

ဇော်ကြီးစကားကို ကျွန်တော်အယုံအကြည်မရှိသော်လည်း ကျွန်တော်နှင့်အတူပါလာကြသော အဖွဲ့သားတို့ကမူ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ဇော်ကြီးစကားကို စိတ်ဝင်တစားရှိနေကြ၏။

"အဲဒီအိမ်က ငါအရင်ရိုက်နေတဲ့ "ပုန်းညက်မြိုင်"အိမ်ပဲလေ။ မင်းပြောသလို တစ်ခါမှလည်း သရဲခြောက်ခံရတယ်လို့ မကြားဖူးပါဘူး။ အိမ်ရှင် ဦးဖိုးဆိတ်နဲ့ ငါရင်းနှီးပြီးသားပါ"

"ဆရာမျိုး ပြင်ဦးလွင် မရောက်တာ သုံးနှစ်လောက် မကတော့ပါဘူး။ ဆရာမျိုး ဘယ်သိနိုင်ပါ့မလဲ။ ကျွန်တော်က ပြင်ဦးလွင်ကို တစ်နှစ် နှစ်ခေါက် သုံးခေါက်လောက် အက်တာ (သရုပ်ဆောင်) အဲနေနဲ့အမြဲရောက်နေတာ။ နောက်ဆုံး အခေါက်ကျတော့ ကျွန်တော်ဒါရိုက်တာအဖြစ်နဲ့ အရောက်မှာ ခံလိုက်ရတာပဲ ဆရာမျိုး"

ကျွန်တော် ခဏလောက် စဉ်းစားသွားသည်။ ဇော်ကြီးပြောသကဲ့သို့ပင် ကျွန်တော် ပြင်ဦးလွင်ကို မရောက်ဖြစ်တာ သုံးနှစ်ကျော် လေးနှစ်အတွင်းလောက် ဖြစ်မည်ထင်သည်။ ယခုဇော်ကြီးသည်ပင် ဒါရိုက်တာကြီးဇော်အဖြစ် ဗီဒီယိုဇာတ်ကားပေါင်းအတော်များများ ရိုက်ခဲ့ဖူးပေပြီ။ ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော ရှုတင်ကားကြီးသည်ကျွန်တော် တည်းခိုနေကျ "ပုန်းညက်မြိုင်" အိမ်ကြီးဆီသို့ ဦးတည်မောင်းနေလေတော့သည်။ ရေခဲစိမ်လေအေးတို့သည်လည်း ကားထဲသို့ ပြေးဝင်ရောက်လာကြပြီး ကျွန်တော်တို့ တစ်ဖွဲ့လုံးကို ဒါပဲဟု အားကောင်းမောင်းသန်ဖြင့် တဝူးဝူးတိုက်ခတ်ပြနေသည်။ ကျွန်တော်တို့ တစ်ဖွဲ့သားလုံး ပြင်ဦးလွင်ဆိုတာ ဒါပဲဟု နားလည်စွာ အချင်းချင်း ခပ်ခွာခွာမှ ခပ်ပူးပူးစိပ်စိပ်ဖြစ်သွားကြသည်။

"မနှစ်က အဲဒီ ပုန်းညက်မြိုင်အိမ်ကြီးကို ကျွန်တော်တို့ ရောက်တော့ အဲဒီအိမ်မှာ ဆရာပြောတဲ့ ဦးဖိုးဆိတ်ဆိုတဲ့ အိမ်ရှင်တွေမရှိကြဘူး။ တခြားမှာ ပြောင်းနေကြတယ်။ ကျွန်တော်က အိမ်ရှင်ကိုသွားမေးကြည့်တော့ . . "

ဇော်ကြီး စကားကို တန့်၍ ကျွန်တော့်ကို အကဲခတ်သည်။

"ဇော်ကြီး ဆက်ပြောလေကွာ"

ကျွန်တော်က စကားကို ထောက်ပေးလိုက်သည်။

"အိမ်ရှင် ဦးဖိုးဆိတ်က ပြီးခဲ့တဲ့ ခြောက်လလောက်က သူ့သမီးလေး အဲဒီပုန်းညက်မြိုင်အိမ်ကြီးမှာပဲ ဆွဲကြိုးချပြီး သေသွားလို့တဲ့ ပြောပြောပြီး [...] ပါတယ်ဆရာမျိုး။ ပြီးတော့ [...] သမီးလေးက အစိမ်းသေ[...] မကျွတ်သေးဘူးတဲ့။ ဒါပေမယ့် [...] မင်းတို့ တည်းချင်ပါတယ်ဆိုရင် [...] တော့ သော့ယူသွားဆိုပြီး ကျွန်[...] တော့်ကို သော့ပေးတယ် ဆ[...] မျိုး"

"ဟင်း . . ဟင်း . . မ[...] ပြောတဲ့ဇာတ်လမ်းက ငါ အ[...] ရိုက်မယ့်ဇာတ်လမ်းထက်တော[...] ပိုပြီး စိတ်ဝင်စားစရာကော[...] နေပါလားဇော်ကြီး၊ နားထော[...] လို့ ကောင်းတယ်ဟေ့"

ကျွန်တော်က စကား[...] ဖော့ပစ်ကာ စီးကရက်တစ်လိ[...] ကို ထုတ်သောက်လိုက်သည်။

"ဦးဖိုးဆိတ်ပေးလိုက်[...] သော့တွဲ အများကြီးထဲမှာ[...] နံပါတ် ၄ သော့တစ်ချော[...] ဟာ သူ့သမီး လှမဥ္ဇူရဲ့ အခန်[...] သော့ပဲ ဆရာမျိုး"

"ဘယ်က လှမဥ္ဇူ[...] ဇော်ကြီး"

ကျွန်တော်က မေးလိုက်[...] သည်။

"ပုန်းညက်မြိုင်အိမ်ရှင် ဦးဖိုးဆိတ်ရဲ့ သမီးပါ။ သူ့[...] နာမည်က လှမဥ္ဇူတဲ့ ဆရာမျိုး[...] အဲဒီလှမဥ္ဇူဆွဲကြိုးချသေသွားတဲ့[...] အခန်းက နံပါတ် ၄ အခန်းပါ[...] သူ့အခန်းထဲကို ဘယ်သူမှမဝင်[...]

---

"သူ့ နာမည်က လှမဥ္ဇူတဲ့ ဆရာမျိုး။ အဲဒီလှမဥ္ဇူဆွဲကြိုးချသေသွားတဲ့ အခန်းကနံပါတ် ၄ အခန်းပါ။ သူ့အခန်းထဲကို ဘယ်သူမှမဝင်ခဲ့ဘူး။ သူ့ဥတင်ပေါ်တက်ကြီးပြတဲ့ သူတိုင်းလည်း ဆွဲဆွဲချတယ်"

---



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဘူး။ သူ့ခုတင်ပေါ်တက်အိပ်တဲ့သူတိုင်းလည်း ဆွဲဆွဲချတယ်။ ကျွန်တော်ကိုယ်တိုင် ဆွဲအချခံခဲ့ရလို့ ဆရာမျိုးကို သတိပေးနေတာပါ"

"နေပါဦးကွ ဖော်ကြီး၊ အဲဒီ ဦးဖိုးဆိတ်သမီး လုမဥ္ဇူက ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် ဆွဲကြိုးချပြီးသတ်သေသွားရတာလဲ"

နောက်ထပ် ဇာတ်လမ်းတစ်ပုဒ်ကို ရလိုရငြား ကျွန်တော်က မေးလိုက်သည်။

"သူ့ချစ်သူနဲ့ သူ့ကို သူ့မိဘတွေက ခွဲလို့ သတ်သေသွားတယ်လို့ ပြောတယ်"

"အင်း . . ဒါဆိုလည်း ဇာတ်လမ်းအသစ်တစ်ပုဒ်ရတာပေါ့ကွာ"

ခပ်ပေါ့ပေါ့ စကားဖြင့် ကျွန်တော်နှင့် ဖော်ကြီးတို့၏ စကားဝိုင်းကို အဆုံးသတ်လိုက်စဉ်မှာပင် ကျွန်တော်တို့ အဖွဲ့ ရှုတင်ကားသည် ကျွန်တော်တို့ အဖွဲ့တည်းမည့် ပုန်းညက်မြိုင်အိမ်ကြီးဆီသို့ ရောက်သွားလေတော့သည်။

"ည" သည် . . .

လှလှပပအေးမြစိမ့်နေသည်။ အယုံအကြည်မရှိသော ကျွန်တော့်အဖို့မှာတော့ ထိုသရဲခြောက်သည်ဆိုသော ပုန်းညက်မြိုင်အိမ်ကြီးသည် အလွန်ကို အဆင်ပြေလျက်ရှိ၏။ ဖော်ကြီးနှင့် ရုပ်ရှင်အဖွဲ့သားတို့မှာ ခန်းမကျယ်အခန်းတစ်ခန်းမှာ စုပြီး နေရယူအိပ်ကြသည်။ အထိုးအကြိတ်၊ အသတ်အပုတ်ကောင်းပြီး ဖိုက်တင်မာစတာ(ယခုဒါရိုက်တာ)လုပ်စားနေသော ဖော်ကြီးတစ်ယောက် သရဲကြောက်တာကတော့လွန်သည်။ မင်းသားနှင့် မင်းသမီးတို့လည်း ဖော်ကြီးအပြောကြောင့် သရဲကြောက်တတ်ကြသဖြင့် အခြားတည်းခိုခန်းမှာ သီးသန့်နေရာချထားပေးခဲ့ရသည်။

ကျွန်တော်တစ်ယောက်သာ သရဲမကြောက်တတ်၊ အယုံအကြည်မရှိ၍ အခန်းနံပါတ် ၄ လုမဥ္ဇူအခန်းကို အပိုင်စားယူပြီးအပြတ်ငြိမ့်နေလိုက်တော့၏။ ကျွန်တော် အိပ်ချင်နေပြီဖြစ်သော်လည်း မနက်ဖြန် ရိုက်မည့်ဇာတ်ဝင်ခန်းများအတွက် အခန်းစဉ်များ၊ ဇာတ်ညွှန်းများနှင့် ရိုက်ကွက်ဇယားကွက်များကို ကြည့်ပြီး ဖိုက်တင်အခန်းကို ဦးစားပေးရိုက်နိုင်ဖို့ မင်းသားမင်းသမီး မလာခင် ရိုက်နိုင်ရန် ရွေးထုတ်နေစဉ် "ဖျပ် . . ဖျပ် . . ဖျပ်"ဟူသော ခြေသံကို ကြားလိုက်ရသည်။

ကျွန်တော် နားစွင့်ပြီး ခံစားနေစဉ် ခြေသံမှာ အခန်းအပြင်ဘက်မှ လာသော ခြေသံဖြစ်သည်။ ကျွန်တော် အာရုံတွေ နောက်ကျိသွားသည်။ စောစောက သတိမထားမိခဲ့သောကြောင့် ခုမှ သဲသဲကွဲကွဲ သတိပြုမိတော့သည်။

"ဟေ့ - အပြင်က ဘယ်သူလဲ"

ကျွန်တော်အသံပြုသည်။ အပြင်က တရှပ်ရှပ်ခြေသံတိတ်သွားသည်။ ခြေသံတိတ်သွားသော်လည်း အအေးက စိမ့်ဝင်လာ၏။ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်တော် သရဲတစ္ဆေကို မကြောက်ပါ။ စိမ့်ဝင်နေသော လေအေးကိုသာ ကြောက်ပါသည်။ ထို့ကြောင့် ခုတင်တွင် ချိတ်ထားသော အနွေးထည်ဂျာကင်ကို ကျွန်တော်ဝတ်ထားသော ဆွယ်တာပေါ်သို့နောက်ထပ်တစ်ထပ် ထပ်စွပ်ဝတ်လိုက်ပြီး ရိုက်ကွက်အခန်းစဉ်များကို ပြန်ကြည့်သည်။

"ရှပ် . . ရှပ် . . ရှပ်"

"ဒေါက် . . ဒေါက် . . ဒေါက်"

သိသာထင်ရှားသော ခြေသံနှင့်အတူ တံခါးခေါက်သံဖြစ်သည်။ ကျွန်တော့်စိတ်တွေ အနည်းငယ် လှုပ်ရှားသွား၏။ ကျွန်တော့်အခန်းတွင်းဘေးဘယ်ညာများကို ကြည့်ပြီး -

"ဟိတ်-အပြင်က တံခါးခေါက်နေတာ ဘယ်သူလဲ"

ကျွန်တော့် အသံပြုမေးလိုက်သည်။

"ဒေါက် . . ဒေါက် . . ဒေါက်"

အပြင်မှ ဖြေသံမကြား တံခါးကိုသာ အဆက်မပြတ် ခေါက်နေ၏။

"တောက် . . မေးနေတာ မကြားဘူးလား"

ထို့နောက် -

"မောင် . . မောင်လားဟင်"

အပြင်မှ မောင် . . မောင်လားဟင် ဆိုသော မိန်းမအသံတစ်သံက ကျွန်တော့် နားစည်ကို ဖြတ်ကာ စီးဝင်လာသည်။ သည်တွင် ဖော်ကြီးပြောပြသော လုမဥ္ဇူကို သတိရသွား၏။

"ဟေ. . ဘယ်က မောင်လဲ"

မကြောက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ ပြန်မေးသံတွင် တုန်ခါမှုတွေ ပျော်ဝင်နေမည် ထင်သည်။ ဒူးလဲ အအေးဓာတ်ကြောင့်ပဲ တုန်နေသလား မပြောတတ်။

"မောင်.. မောင် မဉ္ဇူကို သိပါတယ်။ တံခါးဖွင့်လေ မောင်"

အပြင်က အသံ၊ မိန်းမအသံကို သဲကွဲပီပြင်စွာ ကြားနေရသဖြင့် ဇော်ကြီးပြောခဲ့သလိုမျိုး တစ္ဆေသရဲမ လှမဉ္ဇူ ပြဿနာတက်လာရင်တော့ ဟူသော အတွေးက ကျွန်တော့်ကို နှောက်လာပြန်၏။

သည်တွင် ကျွန်တော် ဘာမှ မစဉ်းစားတော့။ အခန်းထောင့်မှာ ထောင်ထားသော ဇာတ်ဝင်ခန်းအတွက် အသုံးပြုမည့် တစ်လံမရှိတရှိ သိုင်းတုတ်ကို ပြေးဆွဲယူကာ တံခါးကို ဝုန်းကနဲဖွင့်ပေးလိုက်သည်။

"ဟာ့"

ကျွန်တော်၏ တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူး မတွေ့ဖူးသော အလွန်အမင်း ကြောက်စရာကောင်းသော မျက်နှာ "ဟာ"ဟူသော ကျွန်တော်၏ အာမေဋိတ်အသံနှင့် အတူ တစ်ချိန်တည်းမှာပင် ကျွန်တော်ဘာမှ မစဉ်းစားတော့ဘဲ ကိုင်ထားသော သိုင်းတုတ်ကို

---

ကျွန်တော်၏တစ်သက်နှင့်တစ်ကိုယ်
မမြင်ဖူးမတွေ့ဖူးသော အလွန်အမင်း
ကြောက်စရာကောင်းသောမျက်နှာ "ဟာ" ဟူသော
ကျွန်တော်၏အာမေဋိတ်အသံနှင့်အတူ
တစ်ချိန်တည်းမှာပင် ကျွန်တော်ဘာမှ မစဉ်းစားတော့ဘဲ
ကိုင်ထားသောသိုင်းတုတ်ကို တအားလွှဲရိုက်လိုက်လေသည်။

---

တအားလွှဲရိုက်လိုက်လေသည်။

"အား .."

ဟူသော ကျယ်လောင်စူးရှသော အသံ ဆင့်ကဲ.. ဆင့်ကဲဖြစ်ပေါ်မှုများမှာ တစ်ပြိုင်တည်းလိုလို တစ်ချိန်တည်းအတွင်းမှာ ဖြစ်ပေါ်သွားကြပြီး နောက်ထိုကြောက်စရာကောင်းသော ပုံသဏ္ဌာန်ရှင်သည် တလွှားလွှားပြေးထွက်သွားသည်ကိုကျွန်တော် တအံ့တသြ မြင်တွေ့လိုက်ရလေသည်။

❀

နောက်တစ်နေ့မနက် ဇာတ်ကားစရိုက်ရန် ကျွန်တော်နေသော အခန်းနံပါတ် ၄ အခန်းထမှထွက်လာခဲ့သည်။ ညက ဖြစ်ပျက်ခဲ့သည့်ကိစ္စကို အဖွဲ့သားတွေ ကြောက်ရွံ့မှာစိုး၍ ကျွန်တော်ဘာမှ မပြောဘဲ ထိန်ချန်ထားလိုက်သည်။ မှတ်တမ်းရေးသော ကျွန်တော့်တပည့်ဖြစ်သူ မောင်ကျော်အား ..

"ဟေ့ - ဒို့ကန်တော့ပွဲပေးပြီးတာနဲ့ ဖိုက်တင်ခန်း စရိုက်မယ်။ မင်းသား၊ မင်းသမီးကိုလည်း စောစောတည်နိုင်ဖို့ ရှုတင်မန်နေဂျာ မောင်စိုးကိုပြောလိုက်"

ကျွန်တော့်စကားမဆုံးမီ လူကြမ်းဇော်လေး(ဇော်ကြီး၏ညီ)က ...

"ဆရာမျိုး၊ ဒီနေ့ ဖိုက်တင်ခန်း ရိုက်လို့မဖြစ်တော့ဘူး ဆရာ"

"ဟ-ဘာဖြစ်လို့လဲကွ ဇော်လေး"

"ကိုဇော်ကြီး ညက အရိုက်ခံရလို့ ဆေးခန်းသွားပြတာ ပိတ်ဒ်နေလို့ အခုမနက်မှ ဆေးခန်းသွားပြနေတယ်ဆရာမျိုး"

"အေး .. ဒါဆိုလည်း ပြီးရော .. ဇော်လေး မင်းအစ်ကိုဇော်ကြီးနောက်လိုက်သွားလိုက်ပါဦးကွာ။ ဒီကောင်က လူကြမ်းသာဆိုတယ် တော်တော် အသည်းငယ်တဲ့ကောင်"

ဟု ကျွန်တော့်ဇော်လေးကိုပြော၍ ဇော်လေးက မထွက်သွားသေးဘဲ ..

"ဆရာ .. ညက ကိုဇော်ကြီးအရိုက်ခံရတာ သိလား ဆရာ"

"ဟင့်အင်း .. မသိဘူး ဇော်လေး၊ ခုမင်းပြောမှသိတာ ဇော်ကြီးက ဘယ်လိုဖြစ်လို့ အရိုက်ခံရတာလဲ"

"ဘာဖြစ်ရမှာလဲ ဆရာမျိုးရယ်၊ ကိုဇော်ကြီး အတင့်ရဲပြီး လှမဉ္ဇူအခန်းကို အသွားမှာ အရိုက်ခံလိုက်ရတာ၊ကံကောင်းလို့ပေါ့ ချက်ကောင်းသာမိလို့တော့ကတော့ တစ်ခါတည်း ပွဲချင်းပြီးသွားနိုင်တယ် ဆရာမျိုး"

ကျွန်တော် ဘာတစ်ခွန်းမှ မပြောတော့ပါ။ ဇော်လေးကို ကြည့်ကာ ပြုံးလိုက်မိတော့သည်။

ဒါရိုက်တာ
မျိုးဇော်အောင်



www.burmeseclassic.com

တစ်နေ့တွင် စာရေးသူနှင့် ဂန္ဓီရ ကိုလှမျိုးတို့သည် ပဲခူးမြို့ ဟသ်ာကုန်းရှိ ဘာဝနာစာသင်ကျောင်းကို ရောက်ခဲ့ပါသည်။ ကျောင်းထိုင်ဆရာတော်နှင့်ကိုလှမျိုးတို့သည် ဆရာတပည့်ပမာရင်နှီးကြပါသည်။ အရင်နှစ်က ကျောင်းထိုင် ဆရာတော် မကောင်း၍ ဆရာတော်၏ ကျန်းမာရေးကို လာရောက်ကြည့်ရှု သတင်းမေးခြင်းဖြစ်ပါသည်။ ဘာဝနာ စာသင်ကျောင်းရှိ ဦးပဉ္စင်းများနှင့် ဝေယျာဝစ္စအဖွဲ့အားလုံးက စာရေးသူတို့ကို လိုလေသေးမရှိ တာဝန်ကျေကြပါသည်။

ဆရာတော်နှင့်စာရေးသူတို့ အာလာဘသလ္လာပစကားများပြောကြပြီး ဆရာတော်က ပဲခူးတိုင်းတွင် သက်တော်ရှည် ဆရာတော်ကြီးတစ်ပါးရှိကြောင်း အဲဒီ ဆရာတော်ကြီးက ဒိုက်ဦး မရောက်မီ ဖေါင်တော်သီရွာတွင်ရှိကြောင်း မိန့်သဖြင့် စာရေးသူတို့သည်း နောက်နေ့တွင် ပဲခူးမှ ညောင်လေးပင်ကားစီးပြီး ဖောင်တော်သီသို့ လာခဲ့ကြပါသည်။ ဖောင်တော်သီ မှတ်တိုင်တွင်ဆင်း၍ ဆိုက်ကားငှားစီးပြီး ဖောင်တော်သီရွာကို သွားခဲ့ကြပါသည်။

ဖောင်တော်သီ ကျောင်းဝင်းထဲသို့ ရောက်သောအခါ၊ ဦးပဉ္စင်းတစ်ပါးနှင့် တွေ့၍ စာရေးသူက "သက်တော်ရှည် ဆရာတော်ကြီးကို ဖူးချင်လို့ပါဘုရား" ဟု လျှောက်ထားသောအခါ ဦးပဉ္စင်းက ဤသို့ မိန့်ပါသည်။ "သက်တော်ရှည် ဆရာတော်ကြီး အရင်တစ်ပတ်က ကျန်းမာရေးမကောင်းလို့၊ ဆေးများသွင်းထားတယ် အခုမှ ကျန်းမာရေးကောင်းစ ပြုနေတယ်၊ ဆွမ်းဘုဉ်းပေးပြီး ကျိန်းနေကြောင်း" မိန့်ပါသည်။

စာရေးသူက "ဆရာတော်ကြီး ကျိန်းနေလဲနေပါစေတော့ အားနာပါတယ်၊ မနှိုးပါနဲ့။ တပည့်တော်တို့ အပြင်ကပဲ ဖူးပြီးကန်တော့မယ်" လို့ လျှောက်ထားသောအခါ ဦးပဉ္စင်းက ဆရာတော်ကြီးအား သွားရောက်နှိုးပေးပါသည်။ ဆရာတော်ကြီးက "ဘယ်ကဧည့်သည်တွေလဲ" အိပ်ရာထဲကနေ မိန့်ကြားသဖြင့် စာရေးသူက "ရန်ကုန်ကပါ ဘုရား"ဟု လျှောက်ထားသောအခါ "ဒီနားကိုလာ" ဟု မိန့်သဖြင့်


စာရေးသူတို့ပါလာသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ကပ်လှူပြီး ကန်တော့ကြသည်။ သက်တော်ရှည် ဆရာတော်ကြီးက ဆုတော့ပေးသည်။ ဒကာတို့ ဒီက ပြီးရင် အောင်မြေနင်းသွားကြဟု မိန့်ကြားသဖြင့် စာရေးသူက-

"ဦးပဉ္စင်း အောင်မြေက ဘယ်နားမှာလဲ" ဟု လျှောက်ထားသောအခါ ဦးပဉ္စင်းက လိုက်လာ၍ ရုပ်ပွားတော်ဘုရားများနှင့် စေတီဟောင်းများရှိရာ ဆရာတော်ကြီး၏ တရားထိုင်ရာဂူ၊ ရဟန္တာဦးသီလဆရာတော်ကြီး သမုတ်ခဲ့သော သိမ်တော်ကြီး၊ ထိုနောက် စာရေးသူတို့ ကျောင်းဝင်းရှိ စေတီတော်များကို ဓာတ်ပုံရိုက်ကြပါသည်။

ဖားက မြွေကိုမျိုထားသော အင်္ဂတေပုံ၌ သံဆန်ကာ ကာထားသော အောင်မြေတွင် စာရေးသူတို့သည် အောင်မြေနင်းလာခဲ့ကြပါသည်။

**ဆရာတော်ကြီး၏**
**ဘဝနှင့်သာသနာပြုခရီး**

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ် ဖောင်တော်သီမြို့ အောင်မြေမင်္ဂလာ ရတနာဘုမ်ကျော်ကျောင်းတိုက်၏ ဦးစီးပဓာန၊ နာယကဆရာတော်ကြီးသည် ၁၂၇၂ ခုနှစ်၊ ဝါဆိုလဆန်း ၈ရက် ကြာသပတေးနေ့တွင်



# ဒိုက်ဦးမြို့နယ် ဖောင်တော်သီမြို့
# အောင်မြေမင်္ဂလာရတနာဘုမ်ကျော်ကျောင်းမှ
# သက်တော်ရှည် ဘဒ္ဒန္တပဏ္ဍိတာဆရာတော်ကြီး

ကျော်ဇောမိုး(နှံ့သာ)

www.burmeseclassic.com

ရွာမကျေးရွာ ခမည်းတော် ဦးလူပိန်၊ မယ်တော် ဒေါ်ရေခဲတို့မှ ဖွားမြင်သန့်စင်တော်မူခဲ့ပါသည်။ ရွာမကျေးရွာတွင် ၁၅ နှစ်သားအရွယ်အထိ မိဘများနှင့်အတူ နေထိုင်ခဲ့ပြီး ၁၂၈၅ ခုနှစ်တွင် ဖောင်တော်သီမြို့ အောင်မြေမင်္ဂလာ ရတနာဘုမ်ကျော်ကျောင်းတိုက်ဆရာတော် ဦးကလျာဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ သွတ်သွင်း ရောက်ရှိခဲ့သည်။ ၁၂၉၀ ခုနှစ် အောင်မြင်မင်္ဂလာရတနာ ဘုမ်ကျော်ကျောင်းတိုက်ရှိ ရဟန္တာ ဦးသီလ သိမ်သမုတ်ခဲ့သော မဟီမဏ္ဍလ သိမ်တော်ကြီး၌ ဆရာတော်ဦးကလျာဏကို ဥဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ကျောင်းမြေ မင်္ဂလာရတနာဘုမ်ကျောင်းတိုက်၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုန်းတောကျောင်းတိုက်၊ ရမည်းသင်းမြို့နယ်၊ သင်းညက်ကုန်းကျေးရွာ ကျောင်းတိုက်၊ တောင်ငူမြို့နယ် အုတ်ကြွပ်တန်း၊ ရွှေဘိုလေးကျောင်းတိုက်၊ မန္တလေးအရှေ့ပြင်မြို့နယ်၊ အရှေ့ဝိသုဒ္ဓါရုံကျောင်းတိုက် စသော ဆရာတော်များ၏ ခြေတော်ရင်း၌ ပိဋကတ်ကျမ်းစာများကို




ရတနာဘုမ်ဆရာတော်ဘုရားကြီးအား ရွှေပေါက်ကွန်းဆရာတော်ဘုရားကြီးမှ လာရောက်ပူဇော်စဉ် အမှတ်တရ

ကျမ်းကြီးပေါက်အထိ သင်ယူပြီး မူလဓမ္မာစရိယကို အောင်မြင်ခဲ့ပါသည်။

ဆရာတော်သည် ရတနာဘုမ်ကျောင်းတိုက်ရှိ ရဟန်းသာမဏေများကို သုံးနှစ်ခန့်လည်းကောင်း၊ သင်းညက်ကုန်းကျောင်းတိုက်၌ တစ်နှစ်၊ မန္တလေး အရှေ့ပြင်အရှေ့ ဝိသုဒ္ဓါကျောင်းတိုက် ၌တစ်နှစ်၊ ရဟန်းသာမဏေတို့ကို စာပေသင်ကြားပို့ချခဲ့ပြီး ဖောင်တော်သီမြို့၊ ယခုသီတင်းသုံးနေထိုင်ရာကျောင်းတွင် စာပေကျမ်းဂန်[...]သင်ကြားပို့ချ ပေးခဲ့ပါ သည်။

၁၃၁၁နှစ် သီကွတ်တော် ၂၁ ဝါ[...]တွင် ကျောင်းတိုက်ကြီး၏ ဦးစီးပ[...]နာယကကျောင်းထိုင်ဆရာတော်အဖြစ်[...]ရောက်ရှိခဲ့ပြီး တပည့်ရဟန်းသာမ[...]တို့ကို စနစ်တကျ အုပ်ချုပ်ထိန်းသိမ်း[...]ဆုံးမဩဝါဒပေးခြင်း၊ စာပေပို့ချ ပေး ခြ[...]ဒါယကာ၊ ဒါယိကာ မများအား ဆုံး[...]ဩဝါဒပေးခြင်း၊ တရားဓမ္မများ ဟောကြ[...]ပြသခြင်းတို့ကို စဉ်ဆက် မပြတ် ရွှေကျ[...]ဂိုဏ်း၏ ဝိနည်းတော် အကျင့်သိက္ခ[...]များနှင့်အညီ ယခုတိုင်အောင် ဆောင်ရွ[...]သာသနာ ပြုတော်မူပါသည်။

**ဆရာတော်ကြီးသည် သက်တော် ၉၂နှစ်၊ သိက္ခာတော် ၇၂ ဝါ ရရှိလာသော်[...]လည်း** ကျောင်းတွင်းကျောင်းပြင် သာသနာ[...]ပြုလုပ်ငန်းများ ဆောင်ရွက်တော်မူခဲ့ သည်[...]ဖောင်တော်သီမြို့ရှိ(ပုညရှင်) တစ်ဝ[...]စေတီတော်မြတ်နှင့် ပေါက်ကံ စေတီတော်[...]မြတ်အားလည်းကောင်း၊ ရွာမအရှေ့ပိုင်း[...]ကင်ပွန်းချိုဘုရား၊ အပ်ထားဘုရား၊ [...]သိဒ္ဓိ စေတီတော်မြတ်၊ ခနာစုပိုင်း၊ [...]ပန်စေတီတော်မြတ်၊ ဦးဒေါင်စုကျေးရွာ[...]




ဆရာတော်ဘုရားကြီး သီးတင်းသုံးရာ ကျောင်းတော်ကြီး ၁၂၇၃ ခုနှစ်တွင် စတင်တည်ဆောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာဘုမ်ဆရာတော်ဘုရားကြီးအား ညောင်ပင်အိုင်ဆရာတော်ဘုရားကြီးမှ ဂါရဝပြုနေစဉ် အမှတ်တရ


ကျိုက်တစ်ထောင်စေတီတော်မြတ်၊ အောင်ချမ်းသာကျေးရွာ၊ အောင်ချမ်းသာ စေတီတော်မြတ်ကြီး၊ နောင်တော်ကြီးဘုရား၊ အောင်မြင်ဇွာဘုရား၊ ဘိုလေးခင်ကျေးရွာ၊ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၊ တုတ်ကျေးရွာ ပေါ်တော်မူဘုရား၊ ပန်းခိုင်ကျေးရွာ ရွှေပန်းခိုင်စေတီတော် မြတ်၊ မ်ခြေလေးဆယ်ကျေးရွာ၊ အရှေ့ရွှေဘုံသာ စေတီတော်မြတ်၊ ညောင်လေးပင်မြို့နယ်၊ ပုဇွန်မြောင်းကျေးရွာ ဇေယျသိဒ္ဓိတော်ရှင် ဆုတောင်းပြည့်စေတီတော်မြတ်၊ အကြောင်ကျေးရွာ ရွှေဘုံသာစေတီတော်မြတ်နှင့် ကျောင်းတွင်း၌ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင် စေတီတော်မြတ်ကြီးနှင့် အရန်စေတီတော် ၁၄ ဆူတို့ ဦးဆောင်၍ တည်ထားကိုးကွယ်ခြင်း၊ သက်န်းများ မှန်သက်န်းများအကြိမ်ကြိမ်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် ကျောင်းတိုက်တွင်း၌လည်း အဆောက်အဦသစ်များဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းတို့ကို မ်းတမံ ပြုလုပ်လှူဒါန်း သာသနာပြုည်၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ၊ တို့ကို ဦးစီးနာယကပြု၍ သမုတ်ပေး တည်ထားတော်မူခဲ့သည်။

## ရွှေကျင်နိကာယ ဂိုဏ်းကြီး၏ ဩဝါဒ စရိယဖြစ်

ဒိုက်ဦးမြို့နယ်၊ အရှည်ဝါသီ၊ ရွှေကျင်နိကာယဂိုဏ်းကြီး၏ ဩဝါဒါ စရိယအဖြစ်လည်းကောင်း၊ ပဲခူးတိုင်း အရှည်ဝါသီ ရွှေကျင်နိကာယဂိုဏ်းကြီး၏ (ရဋ္ဌညူမဟာနာယက) ဆရာတော်ကြီးအဖြစ်လည်းကောင်း သာသနာတော်ကြီးအတွက် အထူးတစ်လည် အားပေးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းအတွင်း ကြီးမားဆုံး ပဋိယတ္တိစာသင်တိုက်ကြီး ဖြစ်သည်။ ပဲခူးမြို့ ပဋိယတ္တိစာသက်တိုက်ကြီး၌ ဝိနည်းအာဂုံစာမြန်စာမေးပွဲကြီးတွင် ဥပမဟာ နာယကဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်ပေးနေခဲ့ပါသည်။ ၁၂၅၉ ခုနှစ်မှစ၍ နှစ်ပေါင်း ၁၀၃ နှစ် တိုင်အောင် ကျင်းပခဲ့သော ဆွမ်းတော်ကြီးတင်ပွဲနှင့် ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ကြာပန်းကပ်လှူပူဇော်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ပြုလုပ်လှူဒါန်း ဆောင်ရွက်ပေးခဲ့ သည့်အပြင် ဝါဆိုလပြည့်၊ ဓမ္မစကြာနေ့၌ ဓမ္မစကြာပါဠိတော်များ ရွတ်ဖတ်ပေးခြင်း သီးတင်းကျွတ်လပြည့် အဘိဓမ္မာအခါ တော်နေ့မြတ်များ၌လည်း ပဋ္ဌာန်းပါဠိ တော်များနှင့် အဘိဓမ္မာ ဒေသနာတော်မြတ်တို့ကို ရွတ်ဖတ်ပူဇော်စေခဲ့သည်။ တောင်ပေါ်မြေပြန့်များတွင် ဗုဒ္ဓသာသနာတော် တည်တံ့ထွန်းကား ပြန့်ပွားစေရန် ကိုယ်တော်တိုင်စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



သက်တော်ရှည် ရတနာဘုမ်သရာတော်ကြီး
တရားအားထုတ်ရာဂူ

### ရဟန်းသံဃာဘဝ လွယ်လွယ်နှင့်မရ

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ၌ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာတရားဦး ဟောရာမှစတင်၍ ဤသာသနာတော်ဝယ် သံဃာတော်များ စတင်ပေါ်ပေါက်လာခဲ့သည့်အချိန်မှစ၍ ရတနာမြတ်သုံးပါးတွင် တစ်ပါးအပါအဝင် ဖြစ်တော်မူသောသံဃာ၊ သံဃာတော်အရှင်သူမြတ်တို့သည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သာသနာတော်သုံးရပ်ကို စောင့်ရှောက် ထိန်းသိမ်းကြကုန်၏။ ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို လုံခြုံအောင်ထိန်းသိမ်း၍ သံဃာဂုဏ်ကော်ကိုးပါးမပျက်မပြားရအောင် ဦးထိပ်ပန်ဆင်ကာ လူ၊ နတ်၊ ဗြဟ္မာတို့၏ပူဇော်အထူးကို ခံယူနိုင်သူများ ဖြစ်ကြပါ၏။ လူတို့၏အကျိုးစီးပွားအတွက် လယ်ယာမြေကောင်းသဖွယ်ဖြစ်၏။ လယ်ယာမြေကောင်းတို့မည်သည် အနည်းငယ်မျှသော မျိုးစေ့တို့အား မျိုးစေ့တို့ကြဲရုံမှဖြင့် များစွာသောသီးနှံများပေးသကဲ့သို့ သီလစင်ကြယ်သောရဟန်းသံဃာတော်များအား အနည်းငယ်ဒါနမျိုးစေ့တို့အား လှူခြင်းအားဖြင့် ကြီးစွာသော လာဘ်ယာအကုသိုလ် အကျိုးထူးကို ပေးတတ်၏။ အပါယ်လမ်းကို ဆီးတားတာ နတ်လမ်းနတ်ရွာသို့ ညွှန်ပြလျက် မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်တက်လှမ်းနိုင်ရန် ဆောင်ကျဉ်းပေးနိုင်သော အရှင်သခင်များ ဖြစ်ကြလေသည်။

ဘဘဦးသုခ “ရဟန်းစားရသောဆွမ်းတစ်နပ်” ဇာတ်ကားကိုကြည့်ပါက ရဟန်းတော်များကို ပိုမိုကြည်ညိုသဒ္ဓါ ဖြစ်စေရပါသည်။ ရဟန်းသံဃာဘဝ လွယ်လွယ်နှင့်ရနိုင်၏ဟု ပေါ့ပေါ့တွေး ပေါ့ပေါ့ထင်ခဲ့မှုများ လွင့်စင်ကွယ်ပျောက်ခဲ့ရ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်းနှစ်ရာအကြား သာသနာပြု တတိယသင်္ဂါယနာတွင် သီရိဓမ္မာသောကမင်းကြီးအား ရှင်း၏ ညီတော်က သံဃာ တော်များအား ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်းနေမှုကို အပြစ်တင်လို၍ အာသောကမင်းကြီးအား ဥယျာဉ်ခြံအတွင်း မြက်ခင်းပြင်ဝယ် သမင်၊ ဒရယ် စသော တောသတ္တဝါများ စားသောက် ပျော်မြူးနေသည်ကိုပြသ၍ “အရှင်မင်းကြီး ဤတောနေ သတ္တဝါတို့သည် မြေမှပေါက်သောမြက်များကို စားသောက်၍နေကြလျှင် အရှင်မင်းကြီး ဆွမ်း၊ ကွမ်း၊ ဆေးစသည် ပစ္စည်းလေးပါး လိုလေသေးမရှိ ထောက်ပံ့လှူဒါန်းခြင်း ခံယူနေကြသော ရဟန်းသံဃာတော်များကာ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း ခံယူရရှိသော ပစ္စည်းတို့ကို အရန်သင့်ရယူ သုံးဆောင်ပြီးလျှင် ပျော်ရွှင်မြူးထူးနေကြပေမည်”ဟု လျှောက်ထား၏။

သီရိဓမ္မာသောက မင်းကြီးသည် ညီတော်စကားကို ကြားရသောအခါ ဒေါသအမျက်ချောင်းချောင်းထွက်၍ ညီတော်အား သတ်မည်ဟုကြံပြီးကာမှ ဒေါသကို ပြန်လည် ထိန်းသိမ်းကာ ညီတော်သည် သံဃာတော်တို့၏ ဂုဏ်ကျေးဇူးများကို မသိသေး၍သာ ဤသို့လျှောက်တင်ခြင်း ဖြစ်ပေမည်။ ညီတော်အားသံဃာတော်တို့၏ဂုဏ်ကျေးဇူး သိမြင်နိုင်စေရန်အကြံရ၍ ဤသို့ မိန့်တော်မူလေသည်။

“ညီတော်သင့်အား ယနေ့မှ [...] ထီးနန်းစည်းစိမ်ကို ခုနှစ်ရက် ခံစား[...] ခုနှစ်ရက်မြောက်ပါက သတ်စေ” ဟု အ[...] တော်ချမှတ်လိုက်၏။ ခုနှစ်ရက်ပြ[...] မြောက်သောအခါ ညီတော်အား ခေါ်[...] စေ၍ မင်းကြီးက “ညီတော် သင်သ[...] သည်လောကတွင် အချမ်းသာဆုံးဟု[...] အပ်သော ထီးနန်းစည်းစိမ်ကို ခံစား စံ[...] ရသည်မှာ မွေ့လျော်ကောင်းမွန် ပါ[...] လော” ဟု မေးမြန်း၏။ ထိုအခါ ညီတော်[...] “မှန်လှပါ ခုနှစ်ရက်စေ့က သေရမည့်အ[...] ကို တွေးတောပူပန်နေရသဖြင့် မင်[...] ထီးနန်းစည်းစိမ်ကို မည်သို့မျှ မခံစားနိုင်[...] ကြောင်း” လျှောက်တင်၏။

မင်းကြီးက “ညီတော် သင်သ[...] တစ်ခါသေရမည့် အရေးကို တွေး[...] သဖြင့် နန်းစည်းစိမ်ကို မခံစားနိုင်[...] နေလျှင် နေ့တစ်ဝက်မျှသော ဘောဇ[...] ဆင်ခြင်ဘုဉ်းပေး သုံးဆောင်၍ အချိ[...] သမျှ သေခြင်းတရားကို ဆင်ခြင်နေ[...] သော သံဃာတော် အရှင်သူမြတ်တို့သ[...] ကား ငါထောက်ပံ့သော အနည်းငယ်[...] သော ပစ္စည်းလေးပါးကို ရယူသုံးဆောင်[...] နှင့် မည်ကဲ့သို့သာယာနိုင်အံ့နည်း” [...] မေး၏။ ရဟန်းဘဝသည်ကား လွယ်လွ[...] နှင့် မရနိုင်ကြပေ။ ရရှိခဲ့လာကြသ[...] ရဟန်းသံဃာတော်တို့သည်ကား သီ[...] သမာဓိ၊ ပညာဂုဏ်သိက္ခာနှင့် ပြည့်စုံသေ[...] ရဟန်းပုဂ္ဂိုလ်တို့ကို မင်းနှင့်တကွ [...] အပေါင်းတို့က ပူဇော် ချီးမြှောက်ကြသည်[...]

### အဌမတောသစ္စဓာတ်က စေ့ဆွဲ့ခတ်[...]
### သာသနာပြု (ပထမအဆင့်)
### ဆက်ကပ် လှူဒါန်းခြင်း

မြန်မာတို့သည် မြတ်ဗုဒ္ဓ၏ အဆုံးအ[...] နှင့်အညီ ထိန်းသိမ်းခဲ့ကြသည့်ရှေးအ[...] အဆက် မြန်မာမင်းများလက်ထက်က[...]



www.burmeseclassic.com

www.burmeseclassic.com

သီလ၊ သမာဓိ၊ ပညာဂုဏ်၊ သိက္ခာဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ကို ပူဇော်ချီးမြှောက်ကြသည်။ ရှင်တော်ဘုရားကြီးသည်ပင်လျှင်မိမိ၏သာဝကအချို့အား ယင်းတို့၏ သီလ၊ သမာဓိ၊ ပညာဂုဏ်အလိုက် ဧတဒဂ်ဘွဲ့ တံဆိပ်ဆင်နှင်း၍ ချီးမြှောက်ခဲ့သည်။ ဤကောင်းမြတ်သော အစဉ်အလာသည် ပုဂံ၊ အင်းဝ၊ ကုန်းဘောင် ရတနာဘုံခေတ်များမှသည် ယနေ့ မျက်မှောက်ကာလအထိပင် ဖြစ်ပါသည်။

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာ၊ ရတနာဘုမ်ကျော်ကျောင်းတိုက်၏ ဦးစီးနာယက ပဓာနတစ်ဆူ ဖြစ်တော်မူသော ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတသည် သာသနာရေးကိစ္စရပ်များကို ကိုယ်စွမ်းဥာဏ်စွမ်းရှိသမျှ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

**အဂ္ဂမဟာ** = မြင့်မြတ်ကြီး ကျယ်ခြင်း၊

**သဒ္ဓမ္မ** = သူတော်ကောင်း တရားနှင့် မွေ့လျော်ခြင်း၊

**ဇောတိက** = ထွန်းကားခြင်း၊ထွန်းတောက်ခြင်း၊

**ဓဇ** = တံခွန်သဖွယ် ဖြစ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

ပေါင်းစပ်အဓိပ္ပာယ်မှာ- "**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**" ဆိုသည်မှာ ကြီးကျယ်မြင့်မြတ်သော သူတော် ကောင်းတရားနှင့် မွေ့လျော်သော တံခွန်သဖွယ် ပုဂ္ဂိုလ် "ထူး" ကဲ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် ပြည့်စုံတော်မူခြင်း၊ ခိုင်ခံ့တည်ကြည်သော သမာဓိဂုဏ် စူးရှထက်မြက်သော ပညာဂုဏ်တို့အပြင်၊ အရာရာကို သည်းခံနိုင်သော ခန္တီဂုဏ်တို့နှင့်



ဆရာတော်ဘုရားကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်နေစဉ်

ရိုးသားဖြောင့်မတ်ခြင်း၊ သဒ္ဓါတရား ထက်သန်ခြင်း၊ တစ်ဖက်သားအပေါ် သနားငဲ့ညှာခြင်း၊ စည်းကမ်းရှိသေ လေးစားခြင်း၊ ဘုန်းကံကြီးမားတော်မူခြင်း၊ ဘုရားတော်ကို အစ-အလယ် အဆုံးသုံးပါး လုံးဝယ်၊ ကောင်းကြွယ်ပြည့်စုံစွာ ဟောကြားခြင်း၊ ရှေ့သွားဦးစီးသက်တော်ရှည် ပညာရှိ ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။

အကျိုးစီးပွား တိုးပွားကြောင်း စကားကောင်းကို မတိမ်းမစောင်းအောင် မိန့်ကြားတော်မူခြင်း အစဉ်အမြဲ အေးကျမ်းအပ် သည့် ဩဝါဒအရပ်ရပ်ကို ပေးတော်မူခြင်း၊ စွန့်ကြဲပေးကမ်းမှု၌လည်းကောင်း ကိုယ်ကျင့်တရား၌လည်းကောင်း အလွန်အကဲရဲရင့်တော်မူပါသည်။ ထို့အပြင် နူးညံ့သိမ်မွေ့တော်မူပါသည်။ သည်းခံခြင်း၊ နိုးကြားခြင်း၊ သနားခြင်း၊ ထကြွလုံ့လရှိခြင်း၊ လှူဒါန်းခြင်း၊ အမြော်အမြင် ကြီးမားခြင်း၊ နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီးဟု တင်စားမိပါသည်။

သက်တော်ရှည် ဆရာတော်ကြီးသည် သက်တော် ၉၂ နှစ်၊ ဝါတော် ၇၂ ဝါ ရသည့်အချိန်ထိ သိမ်ထပ်မင်္ဂလာ အကြိမ်ပေါင်း ၅၀၀ ကျော် ရှိတော်မူပါသည်။ ဆရာတော်ကြီးက ဝေနေယျာတို့၏ နှလုံးကို အေးမြမ်းစေ၍ အပါယ်လမ်းပျောက်၊ မဂ်လမ်းရောက်ရန်၊ အစဉ်ဆောင်ပေးလျက်ရှိပါသည်။ ယခု ဆောင်းပါးရေးချိန်တွင် ဆရာတော်ကြီး၏ သက်တော်မှာ ၁၀၁ နှစ် ရှိပြီဖြစ်ပါသည်။ သက်တော်ရှည် ဆရာတော်ကြီးအား ဤဆောင်းပါးဖြင့် အကြိမ်ကြိမ် ကန်တော့ပါ၏။

(ကိုးကား)

ဒိုက်ဦးမြို့နယ်၊ဖောင်တော်သီမြို့၊
အောင်မြေမင်္ဂလာရတနာဘုမ်ကျော်
ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန၊
နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၏
"ဂုဏပူဇာမော်ကွန်း"
ကောဇာ-(၁၃၆၃)-ခရစ်-(၂၀၀၁)

**သတ္တဝါမှန်သမျှ ဘေးမဲ့**
**အေးချမ်းသာယာရှိပါစေ**


**ကျော်ဇေဟိန်း(နှံ့သာ)**

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လူ ထဲ က ဘ ဝ
# ဘဝထဲကလူ ...
# (၅၇)

လင်းရောင်ဘင်

**ခင်လမှအဆက်**

**ခင်စင်ယူလို့မရတဲ့ အလုပ်**

ယနေ့ခေတ် ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် အတော်အတန် ရေးခွင့်သားခွင့်၊ တွတ်လပ်ခွင့် ရပြီဖြစ်၍ သရာ ရန်ကုန်တက္ကသိုလ်အကြောင်း ၁စေ့တစောင်းကို ဖတ်ရ၏။ အစဉ်အ ဘကြီးခဲ့သည့် တက္ကသိုလ်သမဂ္ဂအသင်း ပြန်လည်ထူထောင်ရန် တပ်လှန့်နှိုးဆော်ထားသည့် ဆောင်းပါးတွေ ဘာတွေ တွေ့လာရ၏။ ဤအခါ ကျွန်ုပ်၏စိတ်အလျဉ်သည် ခဲ့သော အနှစ်သုံးဆယ်ခန့်ကာလသို့ ရောက်ရှိသွားလေတော့၏။ (၁၉၅၄– ၅၅)ဝန်းကျင်တွင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ ကွယ်လွန်သူ ကမ္ဘာ့ကုလ ဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်နှင့် စပ်လျဉ်းသည့် အရေးအခင်း တစ်ခု ပေါ်ပေါက်ခဲ့ဖူးလေ၏။

ယနေ့ခေတ်လူငယ်များနှင့် ဦးသန့် အရေးအခင်းသည် အိပ်မက်သဖွယ် ဖြင့်သံတော့ ကြားဖူးသာပဲ''ဟူသည့် လောက်မျှသာ ရှိတော့မည့် သမိုင်းကြောင်းတစ်ခုဖြစ်ပါ၏။ ဤအကြောင်း အရာကို အနှစ်သုံးဆယ်ဝဲ့ သုံး တရားဝင် ရေးသားခွင့်၊ မှတ်တမ်းတင်ခွင့် မရှိခဲ့သောကြောင့် ဖြစ်ပါ၏။ ဦးသန့်သည် ဝဏ္ဏကျော်ထင်၊ သီရိပျံချီ၊ စည်သူ၊ မဟာသရေစည်သူဘွဲ့ ရခဲ့ဖူးသူဖြစ်၍ သာမန်လူမဟုတ်။ မြန်မာပြည်သူပြည်သားတို့၏ မီးရှူးတန်ဆောင် ရှေ့ဆောင်လမ်းပြ ဖြစ်၏။ အာရှတိုက်သားက ကမ္ဘာကိုတက်၍ အုပ်ချုပ်ခဲ့သူအဖြစ် မြန်မာတို့ များစွာဂုဏ်ယူရသူ ဖြစ်၏။ လူ့အဖိုးတန်တို့ကို မြတ်နိုးသူတိုင်း လေးစားမြတ်နိုးရသည့် အထင်ကရ ပုဂ္ဂိုလ်ကျော်ကြီးတစ်ဦး ဖြစ်၏။

ယခုခေတ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘာန်ကီမွန်းကိုယ်တိုင် ... ''ဦးသန့်ဟာ ကျွန်တော်လေးစား စံနမူနာထားရတဲ့ ပုဂ္ဂိုလ်ပါ''ဟု ဂုဏ်ပြုစကားပြော၍ အလေးအနက် တန်ဖိုးထားရသူလည်း ဖြစ်၏။ ထိုကဲ့သို့ လူ့အဖိုးတန်ကြီးတစ်ဦး ကွယ်လွန်အနိစ္စရောက်သောအ [illegible] းသန့်၏ ရုပ်ကလာပ် မြန်မာပြည်သို့ ရောက်လာခဲ့ပြီး ထိုစဉ်က တာဝန်ရှိ သူများက လူသာမန်တစ်ယောက်ကို သင်္ဂြိုဟ်သကဲ့သို့ ကြံတောသချိုင်းတွင် သာမန်အုတ်ဂူကလေးတစ်လုံးဖြင့် ပြီးပြီးရော သင်္ဂြိုဟ်မည်ဟု ကြံရွယ်သည့်အတွက် တက္ကသိုလ် ကျောင်းသားများက ဦးသန့်၏အလောင်းကို ရန်ကုန်တက္ကသိုလ်ဝင်းထဲသို့ ယူဆောင်လာရာမှ စတင်သည့် အရေးအခင်း ဖြစ်ပါ၏။

ထိုကာလက ကျွန်ုပ်သည် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဘာသာရပ် အဓိကဖြင့် ဗိုင်နယ်ယီးယားဟုခေါ်သော နောက်ဆုံးနှစ်သင်တန်းတွင် တက်ရောက်သင်ကြားနေချိန် ဖြစ်၏။ ကျောင်းသားများ ဆန္ဒပြတောင်းဆိုမှုကြောင့် နောက်ဆုံးတွင် ဦးသန့်၏ရုပ်အလောင်းကို ထိုက်ထိုက်တန်တန်နေရာ ရွှေတိဂုံဘုရားခြေရင်း သခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်အနီးတွင် ဂူသွင်းသင်္ဂြိုဟ်ခွင့် ရခဲ့



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်ပါ၏။ ဤအရေးအခင်းအတွင်း ပြဿနာမျိုးစုံ ဖြစ်ပွားခဲ့ရ၏။ ကျောင်းသူကျောင်းသားများစွာ၏ သွေးနှင့်ချွေးများ ရင်းနှီးခဲ့ရ၏။ လူ့အခွင့်အရေးမဲ့သော ကာလဖြစ်၍ အမှန်တရားတို့သည် အမှားတစ်ရံတစ်ခါ ဖြစ်ခဲ့ရ၏။

ထိုစဉ်ကာလက ကျွန်ုပ်သည် ကျောင်းသားဟု ဆိုရသော်လည်း အိမ်ထောင်ကျကာလ စောရှာသော ကျွန်ုပ်ခမျာ ကလေးတစ်ယောက်အဖေပင် ဖြစ်လုနီးပါးကာလ ဖြစ်၏။ ချစ်ဇနီးက သားအကြီးကိုယ်ဝန်ကို လွယ်ထားရသည်မှာ မွေးလုနီးနီးအချိန် ဖြစ်၏။

ထိုနေ့တစ်နေ့ကို မမေ့ပျောက်ဘဲ ကျွန်ုပ်၏ အသည်းနှလုံးထဲမှ စွဲထင်နေခဲ့၏။ ဦးသန့်အရေးအခင်း ဆန္ဒပြကျောင်းသားများ၏ ကျောင်းဝင်းအတွင်း နောက်ဆုံးနေ့အဖြစ်သာ မှတ်မိနေ၏။ ဒိုင်ယာရီရေးလေ့သိပ်မရှိသော ကျွန်ုပ်အနေနှင့် ရက်စွဲကို အတိအကျမမှတ်မိတော့။ (မှတ်လည်းမထားချင်သည့်နေ့ ဖြစ်ပါ၏။) ထိုနေ့မနက်စောစောအချိန်တွင် ကျွန်ုပ်သည် ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်းသို့သွားရန် တာစူနေချိန်တွင် ဇနီးသည်ဖြစ်သူက တက္ကသိုလ်ဝင်းထဲသို့ သွားမည်ဆိုပါက သူပါလိုက်မည်ဟု ဆိုလေ၏။ ကျွန်ုပ်က ကိုယ်ဝန်အရင့်အမာကြီးဖြင့် ကျောင်းဝင်းထဲသို့ အတူလိုက်ပါရန်မသင့်ကြောင်း တားမြစ်ရလေ၏။ သို့သော် ခေါင်းမာလှသော ဇနီးသည်က –

"မောင် အဲဒီကိုသွားမယ်ဆိုရင်တော့ သူများလည်း လိုက်မှာပဲ။ သူများက ကျောင်းသူဟောင်းပဲ မောင်။ သူများမှာလည်း လှုပ်ရှားဖို့ တာဝန်ရှိတာပဲ"

ဟူ၍ အရေးဆိုပြန်လေ၏။

"အဲဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးကွာ။ မင်းက ကိုယ်ဝန်အရင့်အမာကြီးနဲ့။ မလိုက်ပါနဲ့။ မောင်တောင်းပန်ပါတယ်"

ကျွန်ုပ်အနေနှင့် မည်သို့ပင်တောင်းပန်တောင်းပန်၊ မည်မျှပင် တားမြစ်တားမြစ် ဇနီးသည်ကလည်း ခေါင်းမာလျက်ရှိ၏။

"မောင်မခေါ်ဘဲ တစ်ယောက်တည်းထားခဲ့လည်း နောက်ကနေ ရောက်အောင်လာမှာပဲ"

ကျွန်ုပ်သည် ပြောသလိုလုပ်လေ့ရှိသော ဇနီးသည်ကို နောက်ကလိုက်လာမည်စိုး၍ အိမ်မှမထွက်သွားရဲဘဲ ရှိနေ၏။ ထိုအချိန်တွင် ခေါင်းရင်းခန်းမှ အိမ်ရှင်ဖြစ်သူ 'အဘ'က ကျွန်ုပ်အား လှမ်းခေါ်လိုက်သဖြင့် သူ့အခန်းသို့ ကူးသွားခဲ့ရ၏။ ထိုအဘသည် ကုလားထိုင်ပေါ်တွင် ထိုင်လျက် ထိုစဉ်က နေ့စဉ်ထုတ်သတင်းစာကို ကိုင်ထားရာမှ ကျွန်ုပ်ကို လှမ်းကြည့်လိုက်ပြီး –

"လာကွာ ... ခဏထိုင်ဦး"

ဟုဆိုကာ သူ့ကုလားထိုင်နံဘေးတွင် ထိုင်ခိုင်းလိုက်သဖြင့် ကျုံ့ကျုံ့ကလေး ဝင်၍ထိုင်လိုက်ရ၏။

"အဘ ... ကျွန်တော့်ကို ဘာပြောစရာရှိလို့လဲ"

"မင်းမေးတာကို မဖြေခင် ငါမေးတာကို မင်းအရင်ဖြေကြည့်စမ်းပါဦး"

"ဘာမေးမှာလဲ အဘ"

"ငါဘယ်သူလဲဆိုတာ သိရဲ့လား"

"သိပါတယ် အဘရယ်။ ရေနံရုံးက ပင်စင်စား အရာရှိကြီးလေ"

ကျွန်ုပ်စကားကြောင့် ထိုအဘက ပြည့်ပြည့်ဝဝ ပြုံးလိုက်၏။

"မင်းက ဒီအလုပ်တစ်ခုတည်း သိတာကိုးကွ။ နောက်ထပ်တစ်ခုကို မင်းမှမသိဘဲ"

"နောက်အလုပ်က ဘာလဲအဘ"

"အင်မ်အိုင်လေကွာ။ ထောက်လှမ်းရေးပေါ့။ အဲဒီလုပ်ငန်းက တခြားလုပ်ငန်းတွေလို အသက်ပြည့်ပေမဲ့ ပင်စင်ယူလို့မရဘူးကွ။ ကျွမ်းကျင်ရင် ကျွမ်းကျင်သလို ဆက်လုပ်ရတယ်။ ဒီအစိုး[ရ]

ပြောင်းသွားလည်း နောက်အစိုးရက[ို]

ဆက်ပြီး ခိုင်းရင်ခိုင်းတာ"

"ဪ ... ဒါမျိုးလား"

"ဒီလိုလား လုပ်မနေနဲ့ မောင်ရင်[...]

ခုန မောင်ရင်တို့လင်မယား အချ[...]

အတင်ပြောနေတာတွေ ငါအကုန်ကြာ[း]

တယ်။ ဒီတော့ မင်းဒီနေ့ ကျောင်းဝင်[း]

ထဲကို ဘယ်လိုမှ မသွားနဲ့တော့"

"ဘာဖြစ်လို့လဲ အဘ"

"ဟ ... ဘာဖြစ်ရမှာလဲ။ ငါ့မှာ

တာဝန်ရှိတယ်လေကွာ။ ဒီနယ်မြေထဲက[...]

ကျောင်းသားလှုပ်ရှားမှု လုပ်တဲ့သူတွေ[...]

စာရင်းကို ငါကတင်ရမှာ။ မင်းနာမည်ကို[...]

ထိပ်ဆုံးကရေးပြီး မတင်ချင်ဘူး"

ထိုအဘ၏စကားကြောင့် ကျွန်ုပ်

သည် တွေတွေငေးငေး စဉ်းစားသွား[...]

လေ၏။

"ဘာလဲ ... ငါပြောနေတာတွေ

မင်းက မယုံလို့လား။ မင်းယုံအောင် လို[...]

စင်နဲ့ကိုင်တဲ့ ငါ့ရဲ့ခြောက်လုံးပြူးသေနတ်

ကို ထုတ်ပြရမှာလား"

"သေနတ်တွေ ဘာတွေတော့

ထုတ်ပြမနေပါနဲ့ အဘရယ်။ ကျွန်တော်

က လူသတ်လက်နက်တွေ စိတ်မဝင်စား

ပါဘူး။ အဘက မသွားနဲ့ဆိုလည်း မသွား

တော့ပါဘူး"

"အေး ... ကောင်းတယ်။ မသွား

နဲ့။ ဒီနေ့ ဖမ်းကြဆီးကြတော့မှာ ..."

ဤသို့ဖြင့် ကျွန်ုပ်သည် ထိုနေ့က

ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲသို့

ဘယ်လိုမှ ရောက်အောင်မသွားဖြစ်နိုင်[...]

တော့။ "ငါ့နယ်နော် ... ထောက်လှမ်း

ရေးအိမ်ကိုမှ လာပြီးငှားမိတယ်" ဟူ၍

တွေးမိကာ ထိုနေ့အဖို့ အိမ်တွင်းအောင်း

၍ နေခဲ့ရ၏။ လူက အိမ်ထဲမှာအောင်း

နေရသော်လည်း စိတ်ကမူ ရန်ကုန်

တက္ကသိုလ်ဝင်းထဲသို့ ရောက်နေခဲ့လေ၏။

"ခုအချိန်လောက်ဆို ငါ့သူငယ်[...]



www.burmeseclassic.com

www.burmeseclassic.com

ချင်းတွေစုံလောက်ပြီ။ သူတို့ တက်တက်ကြွကြွနဲ့ ပြောနေပောနေလော်က်ပြီ''

စိတ်အတွေးတွေ နယ်ချဲ့နေစဉ်မှာပင် ထိုစဉ်က စစ်အစိုးရက လှုပ်ရှားဆန္ဒပြနေကြသော ကျောင်းသူကျောင်းသားများကို ပစ်ခတ်ဖမ်းဆီးကြသည့်သတင်းများကို ကြားကြရလေတော့၏။ ကျွန်ုပ်တို့ မြန်မာစာအဓိက ကျောင်းသူကျောင်းသားများ အတန်းတစ်ဝက်မက အဖမ်းခံရသည့် သတင်းလည်း ကြားရ၏။ ထွက်ပြေးသူများအား ပစ်ခတ်ဖမ်းဆီးသည့် သတင်းများလည်း ကြားရ၏။

''မတတ်နိုင်ဘူးကွာ။ အထက်က ပစ်ဆိုတော့လည်း ပစ်ရတာပဲ။ ငါပစ်ရတဲ့အထဲမှာ ငါနဲ့ရင်းနှီးတဲ့ အရာရှိကြီးရဲ့သားတောင်ပါတယ်။ အမိန့်ဆိုတော့ ကျောသား၊ ရင်သား မခွဲခြားဘဲ ပစ်ရတော့တာပေါ့ကွာ''

ထိုစဉ်က ဆာဂျင်ကြီးဟုခေါ်သော လက်မောင်းမှာ သုံးရစ်တပ်ရသည့် ယောက်ဖဝမ်းကွဲကြီးက စိတ်မကောင်းခြင်းကြီးစွာနှင့် ကြားခဲ့ရသည့် (အနှစ်လေးဆယ်နီးပါးရှိသည့်တိုင်) မမေ့နိုင်သော စကားတစ်ခွန်းဖြစ်ပါ၏။ အနိဋ္ဌာရုံများဖြစ်သဖြင့် ကျွန်ုပ်သည် ထိုအကြောင်းအရာများကို ထပ်မံမတင်ပြလိုသော်လည်း လူထဲကဘဝတစ်ကွေ့အနေနှင့် မှတ်တမ်းတင်ရခြင်းသာ ဖြစ်၏။ ကျွန်ုပ်၏စိတ်ထဲတွင် မည်သူသာစေ၊ မည်သူနာစေဟူသော ဘက်လိုက်သည့်စေတနာမျိုးမရှိ။ ထိုစဉ်က ကျောင်းသားအရေးအခင်းတွင် ကံကောင်းထောက်မ၍ဖြင့် ခုလုတ်မထိ သူးမငြိဘဲ ရှိခဲ့ရကြောင်း တင်ပြမိခြင်းသာ ဖြစ်ပါ၏။

အသက်ခြောက်ဆယ်ကျော်သွားသော်လည်း ပင်စင်ယူ၍မရသောအလုပ်ကို လုပ်နေရသည့် ကျွန်ုပ်ငှားနေသော အိမ်ရှင်အဘ ကျေးဇူးကြောင့် ကျွန်ုပ်သည် ဘေးမသီ ရန်မခဘဲ ရှိခဲ့ရသည်ကို ယခု အသက်ခြောက်ဆယ်အရွယ်တွင် ပြန်လည်စဉ်းစားမိခဲ့၏။ ပင်စင်ယူ၍မရနိုင်သော အလုပ်ထဲတွင် နောက်အလုပ်တစ်မျိုးကိုလည်း ထပ်၍စဉ်းစားမိ၏။ ထိုအလုပ်မှာ တခြားမဟုတ်။ ကျွန်ုပ်တို့စာရေးဆရာများ၏ စာပေရေးသားခြင်းအလုပ်ဖြစ်ပါ၏။ စာပေရေးသားခြင်းအလုပ်ကို အနှစ်လေးဆယ်မျှ မရပ်မနားလုပ်လာသောအခါ သေတစ်ပန် သက်တစ်ဆုံး ကလောင်ကို လက်မလွှတ်တော့ဟုလည်း ဆုံးဖြတ်ထားပါ၏။

## ရယ်ရမှာလား၊ ငိုရမှာလား

ဦးသန့်အရေးအခင်း ဖြစ်သောကာလတွင် သက်ဆိုင်ရာက ပစ်ကြခတ်ကြ၊ ဖမ်းကြဆီးကြ လုပ်ကြသောအခါ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျောင်းသားကျောင်းသူများသည် ကြက်ကလေး၊ ငှက်ကလေးတွေလို လွတ်လိုလွတ်ငြား ပြေးလွှားရှောင်တိမ်းကြ၏။ တချို့က နီးစပ်ရာ သစ်ပင်များပေါ်သို့ သွေးရူးသွေးတန်းဖြင့် ဖက်တက်ခဲ့ကြ၏။ အချို့သောသစ်ပင်ကြီးများသည် အောက်ခြေဘက်တွင် အခက်အလက် နည်းပါးပြီး၊ ပင်စည်ဖြောင့်တန်းကာ အပေါ်နားဆီတွင်မှ အကိုင်းအခက် ထွက်သောသစ်ပင်ကြီးများလည်း ရှိကြ၏။

ပင်စည်လုံးပတ် ဖြောင့်တန်းကာ ဆွဲစရာ၊ လွဲစရာ၊ ခိုစရာ အကိုင်းအခက် အောက်ခြေ၌ မရှိသော သစ်ပင်ကြီးပေါ်သို့ ဖက်တက်မိသော ကျောင်းသားတစ်ယောက်သည် ရင်ဘတ်တွင် ပွန်းရာပဲ့ရာများဖြင့် သစ်ပင်ထိပ်ဖျားသို့ ရောက်သွားခဲ့၏။ ထိုနေ့ တစ်ညနေလုံး၊ တစ်ညလုံး သစ်ပင်ပေါ်တွင် ပုန်းခိုနေခဲ့ပြီး မနက်ရောက်သောအခါ သစ်ပင်အောက်သို့ ဆင်းရန် ငုံ့ကြည့်လိုက်ချိန်တွင် ပင်စည်လွန်စွာကြီးမားလျက် ဆွဲခိုနင်းတက်စရာ အကိုင်းအခက် နည်းပါးသောကြောင့် မည်သို့မျှ မဆင်းရဲတော့ချေ။

ပစ်ခတ်ဖမ်းဆီးစဉ်က အပစ်ခံရ၊ အဖမ်းခံရမည်ကို စိုးရိမ်သောစိတ်ဖြင့် ဒရောသောပါး ပြေးတက်ခဲ့သော်လည်း တကယ့်တကယ် ဖက်တွယ်မဆင်းရဲတော့သဖြင့် –

''ကယ်ကြပါဗျို့။ သစ်ပင်ပေါ်က မဆင်းရဲတော့ဘူး။ ကျွန်တော့်ကို သစ်ပင်ပေါ်က ခေါ်ချပေးပါဗျို့''

ဟူ၍ အသံကုန်ဟစ်၍ အော်ကာ အကူအညီတောင်းခဲ့သည်ကို ကြားသိခဲ့ရသည့် ကျောင်းသားများ ပြန်ပြောပြသည်ကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သိခဲ့ရခြင်းဖြစ်ပါ၏၊ ဤသို့ဖြင့် သူအဖမ်းခံခဲ့ပြီး ယခုအချိန်တွင် သက်ရှိထင်ရှားရှိသေးသည်၊ မရှိတော့သည်ကိုကား မသိနိုင်တော့ပါချေ။

သစ်ပင်ပေါ် တက်ပြေးခဲ့သည့် နောက်ထပ် ကျောင်းသားတစ်ယောက်ကား ပို၍အဖြစ်ဆိုး၏။ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲတွင် ကံ့ကော်ပင်တန်းများရှိသကဲ့သို့ ရေတမာပင်တန်းလည်းရှိ၏။ ပြေးရင်းလွှားရင်း ရေတမာပင်ပေါ် ပြေးတက်ခဲ့သည့် ကျောင်းသားတစ်ယောက်၏ အဖြစ်မှာကား ငိုအားထက် ရယ်အားသန်ဟု ဆိုရမလို ဖြစ်ပါ၏။

ရေတမာပင်များမှာ သစ်တိုပင်၊ ကျွန်းပင် စသည့် အပင်ကြီးများလောက် မမြင့်ဘဲ ဆယ်ပေဝန်းကျင်ခန့်သာ မြင့်လျက် အကိုင်းအခက် ဝေဝေဆာဆာဖြင့် လူတစ်ယောက်တက်ပုန်းနေလျှင် ဖြုန်းခနဲ မမြင်သာသော အနေအထားဖြစ်ပါ၏။ အခက်အလက်အရွက် သိပ်သည်းသောနေရာကို ရွေးချယ်ကူးပြောင်း ပုန်းခိုနေသော ကျောင်းသားကို ချင်းနင်းဝင်ရောက်လာကြသည့် တာဝန်ကျပစ်ခတ်ဖမ်းဆီးမိန့်ရသူများ လွယ်လွယ်ကူကူ မမြင်ကြ၍ တော်တော်နှင့် သူ့ကိုမဖမ်းမိချေ။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင်တော့ ကျောင်း...်းအတွင်းသို့ သံချပ်ကာကား ဝင်လာနေသောအခါ ကားမောင်းသူက ရပ်တန့်လျက်ထားရာတွင် တင့်ကား၏ အမြောက်လက်တံသည် ဆုံသည်ဖြစ်သော...ြောင့် ရှေ့တည့်တည့်မှ နံဘေးသို့ လည်ထွက်သွားပြီး မောင်ကျောင်းသားပုန်းခိုနေသည့် ရေတမာပင်ကြားသို့ ဦးလှည့်သွားခဲ့သည်ဆို၏။ ထို့နောက် သစ်ကိုင်းထက်မှာ ပုန်းခိုနေရှာသည့် မောင်ကျောင်းသား၏ ဝမ်းဗိုက်တည့်တည့်သို့ တိုက်တိုက်ဆိုင်ဆိုင် တင့်ကားအမြောက်ပြ...င်းဝက အနီးကပ်ချိန်ထားလျက်သား ဖြ...်သွားခဲ့သည်ဆို၏။

ထိုအခါ ဝင်ပုန်းနေသူ ကျောင်းသားလည်း လိပ်ပြာလွင့်စင်သွားမတတ် လန့်ဖျပ်သွားကာ –

"ပစ်မထည့်လိုက်ပါနဲ့ဗျာ ကျွန်တော်ဆင်းလာခဲ့ပါ့မယ်၊ ဆင်းခဲ့ပါ့မယ်"

ဟူ၍ ပြောကာ ရေတမာပင်ပေါ်မှ ဆင်းသက်ကာ အလွယ်တကူပင် အဖမ်းခံခဲ့ရလေတော့၏။ ထိုအမှတ်တရနေ့ရက်တွင် ကျွန်ုပ်သည် မျက်မြင်ဒိဋ္ဌ မတွေ့ခဲ့ရသော်လည်း အတွေ့အကြုံ ပြန်ပြောသူများ၏ မှတ်တမ်းဖြစ်ပါ၏။ ကျွန်ုပ်ပြန်လည်စဉ်းစားကြည့်သည့်အခါ ရေတမာပင်ပေါ်မှ လန့်ဖျပ်ဆင်းခဲ့သည် ...ျောင်းသား၏ ကြောက်ရွံ့စိတ်နှင့် လက်နက်မဲ့ကျောင်းသားများထံသို့ တင့်ကားကြီးများဖြင့် ချင်းနင်းဝင်ရောက်သည့်အထိ ကြောက်ရွံ့ခဲ့ကြသော ပု... ...ား၏ ကြောက်ရွံ့စိတ် ပည်သူက ...ည်နည်းဟူသောအတွေးတစ်ခု ရခဲ့ပါ၏။

သစ်ပင်ပေါ်တက်မပြေးဘဲ မြေအောက်ရေနုတ်မြောင်းအတွင်းသို့ ဆင်းပြေးခဲ့မိသည့် ကျောင်းသားတို့၏ အတွေ့အကြုံကလည်း စိတ်လှုပ်ရှားစရာကောင်းလှ၏။ ရန်ကုန်တက္ကသိုလ်ဝင်းသည် လွန်စွာ လှပတင့်တယ်သကဲ့သို့၊ ရေနုတ်မြောင်းများလည်း စနစ်တကျရှိ၏။ ထိုစဉ်က တည်ဆောက်သူများသည် ပြီးပြီးရော တည်ဆောက်ခြင်းမျိုးမဟုတ်ဘဲ လွန်စွာ စနစ်ကျစွာ တည်ဆောက်ခဲ့ကြခြင်း ဖြစ်၏။ သစ်ပင်ပန်းမာလ်များလည်း ရုက္ခဗေဒဥယျာဉ်တစ်ခုသဖွယ်ဖြစ်အောင် အမျိုးအနွယ်စုံလင်စွာ စိုက်ပျိုးပြုစုခဲ့ကြခြင်းဖြစ်၏။ သို့ဖြစ်၍ပင် ရန်ကုန်တက္ကသိုလ်သည် အာရှတိုက်တွင် အကောင်းဆုံး၊ အခမ်းနားဆုံး၊ အလှပဆုံး တက္ကသိုလ် ဖြစ်ခဲ့ရလေ၏။

ထိုအလှပဆုံး ရန်ကုန်တက္ကသိုလ်ကြီးသည် နှစ်ပေါင်းငါးဆယ်သား...ာ ကာလအခါသမယမှာပင် အလှပဆုံး အမည်ခံနိုင်ခဲ့ပြီး များမကြာမီမှာပင် အကျည်းတန်ခဲ့ရလေ၏။ ကျွန်ုပ်တို့ဘွဲ့ရပြီး များမကြာမီမှာပင် ဟိုနေရာမသွားရ၊ ဟိုနေရာမလာရ၊ ဟိုအပိုင်းဖြတ်ပိတ်၊ သည်အပိုင်းဖြတ်ကာဖြင့် ဒဏ်ရာအနာတရတွေ ဗရပွဖြင့် တက္ကသိုလ်ကြီးဖြစ်ခဲ့ရ၏။ တစ်ချိန်က ကြက်ပျံမကျ စည်ကားခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးသည် ကျိုးနှင့်ဖုတ်ဖုတ် ဖြစ်ခဲ့ရ၏။

-ထားတော့ ...။ ရေနုတ်မြောင်းအတွင်း ဆင်းပြေးခဲ့သည့် ကျောင်းသားများအနေဖြင့် လူတစ်ရပ်ကျော်ကျော်... သည့် ရေနုတ်မြောင်း၏ ထွက်ပေါ...အဝသည် အင်းလျားကန်ဘက်တွင် ရှိနေသောကြောင့် ကျောင်းဝင်းထဲမှ ပြေးထွက်သွားပြီး အပြင်လောကသို့ လ...ဲ လွတ်ကျွတ်ကျွတ် အလွယ်တကူ ...သွားနိုင်လိမ့်မည်ဟု ထင်မှတ်ထားကြ...။ သို့သော် ... သူတို့၏ မှန်းချက်နှင့် နှမ်းထွက်ကား လွဲလေစွ။ ရေနုတ်မြောင်းအဆုံး၊ အဝ အင်းလျားကန်စောင်းသို့ ရောက်သွားချိန်တွင် ဆည်ဝမှာ ...င်းကို စောင့်ချောင်းနေသည့် ဥဖျိုင်းငှက်များကဲ့သို့ လက်နက်များချိန်၍ တင်ကြိုစောင့်ဆိုင်းနေသူများ လက်သို့ ကျွက်၍ ရောက်ရှိသွားခဲ့ရှာလေတော့၏။

**တက္ကသိုလ်မြေ နေဝင်မှာကို စိုးတ...**

တစ်လောလေးဆီက ရန်က...
တက္ကသိုလ် နှစ်တစ်ရာပြည့်အကြို အထ...
အမှတ်ပွဲကလေးတစ်ခုအဖြစ် စကိုင်းန...
ရုပ်သံက လာသဖြင့် ကြည့်လိုက်မိ...
ရာ အဆိုတော် ကိုင်ဇာ၊ မေခလာ၊ ...
ပြုံး၊ ရာဇာဝင်းတင့်၊ ဝါးခယ်မ ...
မောင် စသည့် အဆိုတော် တော်...
များများတို့ အားမာန်အပြည့်၊ ခံစား...
အပြည့်ဖြင့် သီဆိုသွားကြသည်ကို ...
ရ၏။ ရန်ကုန်တက္ကသိုလ်ကျောင်း...
ဦးသန့်အရေးအခင်းခံသွားသောကြော...
လေးနှစ်တွင် ဘွဲ့ရနိုင်သော ကျွန်ုပ်...
ခြောက်နှစ်အထိ ကြန့်ကြာသွားခဲ့...
သံယောဇဉ် ပို၍နှောင်ဖွဲ့လျက် လွမ်း...
ဆွေးမြေ့ခဲ့ရ၏။

အဆိုတော် ကိုင်ဇာတို့ဆို...
တက္ကသိုလ်ကျောင်းဖွဲ့ သီချင်းတွေ သီ...
ရင်း မျက်ရည်သွယ်သွယ် စီးကျ...
အထိ ခံစားသွားခဲ့ကြ၏။ ကျွန်ုပ်တို့လ...
ကြည့်မောနားထောင်နေရင်း ဟိုလ...
သလိုလို သည်လွမ်းသလိုလို ခံစား...
တက္ကသိုလ်နယ်မြေသည် အနုပ...
ဓာတ်ခံရှိသူတို့အတွက် ပို၍လွမ်းမော...
ရာ ဖြစ်၏။ တက္ကသိုလ်ဟူသော ဝေ...
ရကို ကျွန်ုပ်လေ့လာကြည့်မိသော...
ပါဠိဘာသာ 'တက္ကသီလ'ဟူသော ...
ဟာရမှ ဆင်းသက်လာသည်ကို တွေ့...
၏။

တက္ကဟူသည် ယုတ်လျော့သ...
ကို ဖြည့်ခြင်း၊ သီလဟူသည် 'အ...
ဟူသော အဓိပ္ပာယ်ရှိ၏။ သို့ဖြ...
တက္ကသီလဟူသည် "ယုတ်လျော့ခြ...
ဖြည့်မှုအလေ့'ဟူသော အဓိပ္ပာယ်...
၏။ ယုတ်လျော့ခြင်းကို ဖြည့်ဖို့အ...
သောမြို့၊ သို့တည်းမဟုတ် ကျောင်း...
အဓိပ္ပာယ်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယပြည် မြောက်ပိုင်းကျသော ပြည်နယ်တစ်နယ်၏အမည်ကို 'တက္ကသိုလ်'ဟု ခေါ်၏။ 'ပညာသင်စေ၊ ငါ့ဘစေ၍ မနေရောက်လို့၊ တက္ကသိုလ်ဟု၊ လှူဗိုလ်ခေါ်ရာ၊ ထိုပြည်မှာဝယ်'ဟူသော ရှေးစာကဗျာစကားမှာ တက္ကသိုလ်ဟူသောစာကို တွေ့ဖူး၏။ "ဘုရားလောင်းမင်းသား ပုဏ္ဏားသားတို့ကို အတတ်သင်၏"ဆိုသော စာအရ ဘုရားရှင်နှစ်ဦးဘဝ အလောင်းတော်ဖြစ်စဉ်အခါမှာလည်း တက္ကသိုလ်ကျောင်းတော် ရှိခဲ့မှန်း သိကြရ၏။ အင်္ဂလိပ်ဘာသာဖြင့် 'ယူနီဗာစီတီ'ဟူ၍ခေါ်ကြ၏။ တက္ကသိုလ်သည် ပညာအမျိုးမျိုး၊ အတတ်အမျိုးမျိုး ထွန်းကားရာ နေရာကြီးလည်း ဖြစ်၏။

ရန်ကုန်တက္ကသိုလ်ကြီး ဖြစ်ပေါ်တည်ရှိလာခဲ့သော နှစ်ငါးဆယ်မြောက် ရွှေရတုသဘင်ပွဲတော်ကို ရန်ကုန်တက္ကသိုလ်မြေတွင် အကြီးအကျယ် ဝှဲချီးကျင်းပခဲ့ကြ၏။ ထိုစဉ်က ကျွန်ုပ်သည် ဆယ်တန်းမအောင်သေးသောကြောင့် ထိုပွဲတော်သို့ ခြေမချခဲ့ရချေ။

"ဆယ်တန်းမအောင်သေးဘဲနဲ့တော့ တက္ကသိုလ်ကျောင်းတော်ရဲ့မြေကို ခြေမချဘူး။ ဆယ်တန်းအောင်တဲ့နေ့ကျမှ ခြေချမယ်"

အထက်ပါ သန္နိဋ္ဌာန်သည် ကျွန်ုပ်ဘဝတွင် ဘိမှတ်ရရ ချမှတ်ခဲ့သော သန္နိဋ္ဌာန်ဖြစ်ပါ၏။ ဘယ်သူတွေက "ပျော်ပွဲရွှင်ပွဲတွေနဲ့ ဘယ်လောက်ပျော်စရာကောင်းတာပဲ"စသည်ဖြင့် အားရပါးရ ပြောဆိုသွားလာ လှုပ်ရှားနေကြသော်လည်း ထိုရွှေရတုပွဲသဘင်နေရာသို့ ကျွန်ုပ်ခြေဦးမလှည့်ခဲ့ပါချေ။ ရန်ကုန်တက္ကသိုလ် ရွှေရတုပွဲအပြီး သုံးလေးနှစ်ခန့်ကျမှပင် ကျွန်ုပ်ဆယ်တန်းအောင်ပြီး ခြေချနိုင်ခဲ့ပါ၏။

နောက်ပိုင်း၊ တက္ကသိုလ်ခုနစ်ဆယ့်ငါးနှစ်ပြည့်သည့် စိန်ရတုသဘင်ကိုလည်း ကျွန်ုပ်တို့ ကြီးကြီးကျယ်ကျယ် ကျင်းပမဆင်နွှဲခဲ့ရဘဲ ယခု နှစ်တစ်ရာပြည့်ပွဲတော်သို့ပင် နီးကပ်လာပြီ ဖြစ်ပါ၏။ တက္ကသိုလ်ရာပြည့်ပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ဝှဲချီးကျင်းပနိုင်ပါစေဟု ကျွန်ုပ်တို့ ဆုမွန်ကောင်းတောင်းကြရုံသာ ရှိပါ၏။ ထိုနှစ်ထိုကာလတွင် မြန်မာနိုင်ငံကြီး ဝပြောသာယာလျက် တက္ကသိုလ်ဟူသော ပညာတတ် မောင်မယ်များ မွေးထုတ်ပေးရာဌာနကြီး ကျန်းမာချမ်းသာစွာဖြင့် အဆင့်အတန်း မြင့်မားစွာ ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်ပါစေသတည်း။

အမှန်စင်စစ် 'တက္ကသိုလ်'ဟူသည် အသိပညာ၊ အတတ်ပညာ မျိုးစုံကို သင်ကြားပေးရာ ဗဟိုဌာနကြီးဖြစ်ပါ၏။ ရှေးခေတ်အခါ ကာလများတွင် တက္ကသိုလ်ကျောင်းကြီးတွေမှာ အဋ္ဌာရသ ဆယ့်ရှစ်ရပ်ကို သင်ကြားပေးခဲ့သည်ဟူ၍ ကြားဖူးပါ၏။ အတတ်ပညာရပ်များကို သင်ကြားရုံမျှမက လူမှုဆက်ဆံရေး မိတ်ဆွေအပေါင်းအသင်းတိုးပွားများပြားရေးပါ တက္ကသိုလ်မှာ ရနိုင်ပါ၏။ ပညာစုံသကဲ့သို့ ကြင်ရာလည်း စုံနိုင်ပါ၏။ ခန့်ညားလေးစားလောက်သည့် နေရာဌာနဖြစ်သကဲ့သို့ လွမ်းမောတမ်းတစရာ နေရာလည်းဖြစ်ပါ၏။

ကျွန်ုပ်တို့ ရန်ကုန်တက္ကသိုလ်ဝင်းထဲသို့ ဝင်ရောက်သွားမိတိုင်း ဟိုလွမ်းသလိုလို၊ သည်လွမ်းသယောင်ယောင် ခံစားရ၏။ ကျွန်ုပ်၏ အတန်းဖော်များထဲမှ တိုးတက်ကြီးပွားသွားသူများ ရှိသကဲ့သို့၊ အချုပ်အနှောင် အဖမ်းအဆီးခံ၊ ထောင်ကျ၊ ဘဝမှာ ဖရိုဖရဲဖြစ်သူများလည်း ဖြစ်ကြနှင့်၊ ခံစားမှုမျိုးစုံလည်း ခံစားခဲ့ရပါ၏။ ရန်ကုန်တက္ကသိုလ်၏ သမိုင်းကြောင်းကို သိနားလည်သူများအားလုံး ခံစားချက်ကိုယ်စီလည်း ရှိကြပါ၏။ များသောအားဖြင့် မည်သူမျှ (ပတ်သက်ခဲ့ဖူးသူမှန်သမျှ) တက္ကသိုလ်မြေ နေ့ဝင်မှာကို စိုးကြသူများပင် ဖြစ်ပါ၏။

ယခုတစ်လော တက္ကသိုလ်မြေ ပြန်လည်ရှင်သန်ရေး၊ ကျောင်းသားသမဂ္ဂ ဖြစ်မြောက်ရေးအတွက် ပြန်လည်စိတ်ဝင်စားလာကာ ပြန်လည်ထူထောင်ရန် ကြိုးပမ်းမည့်သတင်းများ ကြားရ၍ ဝမ်းမြောက်မိ၏။ ကိုယ်ဟိုင် ထဲထဲဝင်ဝင် မပါဝင်နိုင်သည့်တိုင် အနာဂတ်ကောင်းစားရေးအတွက် အဖွဲ့အစည်းတစ်ခု ပြန်လည်ရှင်သန်နိုင်မည်ကို ကြိုဆိုမိပါ၏။ မကြာခင် ရောက်ရှိလာတော့မည့် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် ပွဲတော်ကြီးကိုလည်း စည်ကားပျော်ရွှင်စွာ ကျင်းပနိုင်ပါစေ။ အာရှတိုက်တွင် အလှဆုံး၊ အကောင်းမွန်ဆုံးဖြစ်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီး နှစ်တစ်ရာမှသည် နှစ်ပေါင်း ထောင်ချီ ရှင်သန်ကာ မည်သည့်အခါမျှ နေမဝင်ပါစေနှင့်ဟု ဆုတောင်းမေတ္တာပို့သမိပါ၏။

**အိုအောင်မင်းအောင်**

တက္ကသိုလ်ကျောင်းအကြောင်းတွေ တွေးဖြစ်သောအခါ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲမှာ တောင်းရမ်းစားသောက်သူများထဲမှ ထူးထူးဆန်းဆန်း ဆုပေးစကားပြောတတ်သည့် အဘိုးကြီးတစ်ယောက်ကို ပြန်ပြောင်းသတိရမိပြန်၏။ ထိုအဘိုးကြီးသည် အသက်ခြောက်ဆယ်ကျော်ခန့် ရှိမည်ထင်ရပြီး ဥပဓိရုပ်ခပ်ကောင်းကောင်းဖြစ်၏။ တောင်းရမ်းစားသောက်နေရရှာသော သက်ကြီးရွယ်အိုအဘိုးကြီးဖြစ်၍ ကျောင်းသူကျောင်းသားများက သနားကရုဏာသက်စွာဖြင့် သူ့ရှေ့တွင် အသင့်ချထားသော ဒန်ခွက်လေးအတွင်းသို့ ငွေအကြွေစေ့လေးများကို ထည့်ကာ စွန့်ကြဲလှူဒါန်းကြ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ချင်း ပေးလှူသွားလျှင် သာမန်ဆုတောင်းမျိုး ဖြစ်သည့် ကျန်းမာပါစေ၊ ချမ်းသာပါစေဟူသော ဆုတောင်းရိုးရိုးကိုသာ တောင်းပေးပြီး မိန်းကလေးနှင့် ယောကျ်ားလေးတွဲယှဉ်လာပါက –

''ဩော် ... အေးကွယ်၊ သားတို့ သမီးတို့ အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်''

ဟူ၍ ဆုတောင်းပေးတတ်လေ၏။ ချစ်သူစုံတွဲဆိုပါက အဆင်ပြေချောမွေ့သော်လည်း တချို့ ခင်မင်သော သာမန်သူငယ်ချင်းများဖြစ်ပါက တစ်ယောက်နှင့်တစ်ယောက် မျက်နှာပူစရာဖြစ်ကြရလေ၏။ ဤသို့ဖြင့် စကားနောက်တရားပါ သူငယ်ချင်းအဆင့်မှ ချစ်သူအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြသူများလည်း ရှိကြပေလိမ့်မည်။

မည်သို့ပင်ဆိုစေ .. ကျောင်းသား၊ ကျောင်းသူများတို့သည် ထိုအဘိုးအိုကြီးကို ခင်မင်သဘောကျကြ၏။ သူ့နာမည် မည်သူမှန်းမသိကြရဘဲ သူ့ကိုညွှန်းဆိုလျှင် 'အိုအောင်မင်းအောင်ကြီး' ဟူ၍ ပြောဆိုသုံးစွဲကြ၏။ အိုအောင်မင်းအောင်ကြီးသည် ယခုအချိန်တွင် လူ့လောက၌ ရှိတော့မည်မထင်။ သို့သော်လည်း ကျွန်ုပ်ရင်တွင် သတိရဆဲ၊ သူပေးခဲ့သည့် ဆုပြည့်လေသည် ထင်ရ၏။ တစ်ချိန်က တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ ဖြစ်ခဲ့ကြသည့် ကျွန်ုပ်တို့ ဇနီးမောင်နှံသည်လည်း ယခု အသက်ခြောက်ဆယ်ကျော်ကြသည်အထိ 'အိုအောင်မင်းအောင်' လက်တွဲမဖြုတ်ဘဲ တည်မြဲနေခဲ့ကြ၏။

ချစ်သူလို မပေါင်းနိုင်တော့သည့်တိုင် မောင်နှမကဲ့သို့ ဘဝခရီးဖော်အဖြစ် လက်တွဲနေရဆဲ ...။

* * *

## ပုံပြင်ပြောတဲ့ ဖရဲသီးသည်

ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းထဲတွင် ကျောင်းဆောင်များကို တောင်ငူဆောင်၊ ပင်းယဆောင်၊ ဒဂုံဆောင်၊ အင်းဝဆောင် စသည်ဖြင့် အမည်များပေးထားလေရာ တစ်နေ့သော နေ့လယ်ခင်းတွင် 'အင်းဝ'ဆောင်အနီးအပါး သစ်ပင်ကြီးတစ်ပင်၏ ခြေရင်း၌ အသက်ဆယ့်ငါးနှစ်–ဆယ့်ခြောက်နှစ်ခန့်အရွယ် မိန်းကလေးတစ်ယောက်သည် သနပ်ခါးပါးကွက်ကျားပေါ်တွင် မျက်ရည်စီးကြောင်းများ တသွင်သွင်စီးကျလျက် ရှိုက်ရှိုက်ငိုနေသည်ကို ကျောင်းသူ၊ ကျောင်းသား ဖြတ်သွားဖြတ်လာများ တွေ့နေကြရ၏။ မိန်းကလေးအရှေ့နား မလှမ်းမကမ်းတွင် ဒန်လင်ပန်းတစ်ချပ်က မှောက်လျက်သားကျနေလျက်၊ ဖရဲသီးစိတ်တွေ ဖရိုဖရဲ လမ်းပေါ်မှာ ပြန့်ကြဲကျနေကြ၏။ ပွဲရွှဲသည့် အစိတ်က ပွဲရွှဲလျက်၊ သဲအလုံးလုံး ဖုန်အပေပေနှင့် အစိတ်များလည်း ရှိကြ၏။ မြင်ကွင်းက စိတ်မချမ်းမြေ့စဖွယ်။

အသည်းနုလုံးနုနယ်သော မောင်ကျောင်းသားအချို့က သနားသွား၍ စပ်စုကြည့်ကြ၏။

''ဘာဖြစ်တာလဲ ညီမလေးရယ်''

''လူနှစ်ယောက် အပြေးအလွှားလာပြီး ကျွန်မရဲ့ ဖရဲသီးဗန်းကို ဝင်တိုက်သွားတယ် အစ်ကို၊ ဖရဲသီးစိတ်တွေအားလုံး ပျက်စီးကုန်ပြီ။ အိမ်ရောက်ရင် မိထွေးက ရိုက်တော့မှာ ... ဟီးဟီးဟီး ဟင့်ဟင့် ...''

ငိုသံနှင့် ရှိုက်သံတစ်ဝက် ရောနှော၍ ထွက်လာသည့် မျက်ရည်လည်ရွဲနှင့် မိန်းကလေး၏ အသံအဆုံးတွင် တက္ကသိုလ်ကျောင်းတော်သားများ ဝမ်းနည်းပက်လက်ဖြစ်ကြ၏။ မိန်းကလေးကို သနားကရုဏာသက်ကြ၏။ နှမချင်းစာစိတ်များ ဖြစ်ပေါ်လာကြကာ ထိုမိန်းကလေး၏ အပူသောကမီးကို ငြိမ်းသတ်ပေးရန် ဆုံးဖြတ်ကြလျက် မိမိတို့တတ်နိုင်သလောက် ငွေစကြေးစကလေးများ စုပြီးလျှင် ပေးကမ်းနှစ်သိမ့်ပေးခဲ့ကြ၏။

''ဣဲ ... ကဲ ... ညီမလေး၊ မငိုနဲ့တော့၊ တိတ်တော့နော်။ မင်းဆုံးရှုံးသွားတဲ့ အရင်းငွေအပြင် အမြတ်တောင်ရသွားပါပြီကွယ်။ အိမ်ကို အေးအေးဆေးဆေးပြန်တော့နော်။ ဒီလောက်ဆိုရင် မင်းအရိုက်မခံရတော့ပါဘူး''

မောင်ကျောင်းသားစကားအဆုံးတွင် ဖရဲသီးသည်လေးသည် မျက်ရည်များကို ခေါင်းခုဖြင့် တို့သုတ်၏။ ထို့နောက် နေရာမှထကာ ဖုတ်ဖက်ခါ၏။ ထို့နောက် မှောက်ကျနေသော ဗန်းနှင့် ဖရဲသီးစိတ် ၁၂ ကျိုးအပဲ့များ၊ သဲအလူးလူးများကို ဗန်းထဲကောက်ထည့်ကာ စီးပွားရေးတက္ကသိုလ်ဆောင်ဘက်သို့ ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့၏။ ကျွန်ုပ်လည်း ထိုမြင်ကွင်းကိုကြည့်ကာ မြန်မာအမျိုးကောင်းသားတို့၏ သနားကရုဏာကြီးကြပုံ၊ ကူညီပံ့ပိုးသော စိတ်တွေထားကြပုံများကို ကျေနပ်လျက် ကျွန်ုပ်တို့ ပညာသင်ကြားရာ တောင်ငူဆောင်ကြီးဘက်သို့ ဦးတည်လျှောက်လှမ်းခဲ့မိလေတော့၏။

နောက်တစ်နေ့ ရောက်သောအခါ သူငယ်ချင်းတစ်ယောက်၏ ပြောစကားကြောင့် ကျွန်ုပ်သည် အံ့ဩစိတ်ဝင်စားစွာ နားထောင်ခဲ့ရလေ၏။

''မနေ့ကကွာ ... ငါ အီကိုဘက်ရောက်တုန်း မြင်ခဲ့ရတဲ့ မြင်ကွင်းက သနားစရာကွာ။ ဖရဲသီးသည် ကောင်မလေးတစ်ယောက် ဖရဲသီးဗန်းခေါင်းရွက်ပြီး သွက်သွက်လျှောက်သွားတုန်း သစ်မြစ်ကို ခလုတ်ဝင်တိုက်တာ ဖရဲသီးဗန်းကြီး မှောက်ကျပြီး ဖရဲသီးစိတ်တွေ ကျိုးပဲ့ပြီး သဲတွေ့ဖုန်တွေ အလူးလူးဖြစ်ကုန်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ တစ်စိတ်တောင် အကောင်း မကျန်တော့ဘူးကွာ''

''အဲဒါနဲ့ ...''

''အဲဒါနဲ့ သူလည်း ရှက်ကလည်း ရှက်၊ ဝမ်းကလည်းနည်းပြီး တရှုံ့ရှုံ့နဲ့ ထိုင်ငိုတော့တာပဲ''

''ဒီတော့ မနေနိုင်တဲ့ မင်းတို့တစ်တွေ အကျိုးအကြောင်းမေးပြီး ပိုက်ဆံစုကူညီလိုက်ကြတယ်မဟုတ်လား''

''အေး ...သူက ပြောတာကိုးကွ။ သူက မိထွေးနဲ့နေရတာတဲ့၊ အခုလို အမြတ်မရဘဲ အရင်းပြုတ်ပြီး အိမ်ပြန်သွားလို့ရှိရင် မိထွေးက သေအောင်ရိုက်မှာတဲ့''

''ဒါဆို ဒီဖရဲသီးသည်ကလေးက ပုံပြောကောင်းတဲ့ မိန်းကလေး ဖြစ်နေပြီပေါ့။ ဒါနဲ့ နေပါဦး။ အဲဒီအဖြစ်အပျက်က မနေ့က ဘယ်အချိန်လောက်မှာ ဖြစ်တာလဲ''

''မနေ့က တစ်နာရီကျော်ကျော်လောက်ရှိမယ်''

သူ့စကားကြောင့် ကျွန်ုပ်သည် ခေါင်းတဆတ်ဆတ်ညိတ်ခဲ့မိ၏။

''ဒါဆို ဟုတ်ပြီကွ။ အဲဒီအချိန်ဝန်းကျင်လောက်မှာပဲ တို့တောင်ငူဆောင်နားမှာလည်း အဲသလိုဖြစ်တယ်ဆိုပြီး ငိုယိုနေလို့ ပိုက်ဆံစုပေးလိုက်ကြရတယ်လေကွာ။ သရက်ထည်ပွင့်ရိုက် ထဘီနီကလေးနဲ့ အင်္ကျီပန်းရောင်လေးနဲ့မဟုတ်လား''

''ဟုတ်ပကွာ။ ဒါဆို သူက ပုံပြင်ပြောပြီး လုပ်စားသွားတာပေါ့''

''သေချာတာပေါ့ သူငယ်ချင်းရယ်''

ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းကြီး ကျယ်ပြန့်သည့် အနေအထားကို အခွင့်ကောင်းယူလျက် ဖရဲသီးသည် မိန်းကလေးက လုပ်ဇာတ်တွေခင်းသွားခဲ့ခြင်း ဖြစ်ပါ၏။ တစ်နေ့တည်း နှစ်နေရာ၊ သုံးနေရာ လုပ်စားရဲသည့် သူ့လုပ်ဆောင်ချက်ကား အံ့ဩစဖွယ် ဖြစ်ပါ၏။ ထိုကဲ့သို့ ရိုးသားစွာ ပညာရှာနေကြသော ကျောင်းသူ၊ ကျောင်းသားများကြားတွင် မရိုးမသား မလိမ့်တပတ် လုပ်စားခဲ့ကြသူများကလည်း ပုံသဏ္ဌာန်အမျိုးမျိုး ရှိခဲ့ပါ၏။

တချို့သော မိန်းကလေးများဆိုပါက ကြင်နာသနားတတ်သည့် မိန်မသား အချင်းချင်းတွင် မရိုးမသားအခွင့်ကောင်း ယူလျက် သွားရင်းလာရင်း မဖုံးသာမဖိသာ ဓမ္မတာလာသည့် ကိစ္စမျိုးလုပ်ဇာတ်ခင်းကာ မိန်းကလေးဆောင်သို့ မရရအောင် လိုက်သွား၊ ထဘီတွေ နှစ်ထပ်သုံးထပ် (အလစ်မှာ) ရအောင်ထပ်ဝတ်ပြီး ခိုးယူသွားကြသည့် ဇာတ်လမ်းမျိုးတွေလည်း ကြားရပါ၏။ သူ့အကျိုးသူပေးမှာပေါ့ဟု ခွင့်လွှတ်နားလည်ပေးသူများအတွက် ကုသိုလ်ပွားနိုင်သော်လည်း စေတနာမေတ္တာကို အလွဲသုံးစားလုပ်ကြသူများအတွက်မူ အကုသိုလ်ကြီးနိုင်ပေသည်။

အမှန်စင်စစ် ရိုးသားဖြောင့်မတ်စွာ ရှာဖွေစားသောက်သူများအတွက် ကံတရားသည် အမြဲတမ်း ကိုယ့်ဘက်က ရှိနေတတ်ပြီး၊ မရိုးမသား လိမ်ညာစားသောက်သူများအတွက် ထမင်းတစ်လုတ်ပင် ဖြောင့်အောင်ဝင်အောင် စားသောက်နိုင်ကြသည် မဟုတ်သည်မှာ အမှန်တရားတစ်ရပ် ဖြစ်ပါ၏။

ရွှေလစောင့်မျှော် ဖတ်ရှုပါ။

ဖေယျတုသဇ္ဇမဂ္ဂလံ

လင်းရောင်တင်

□


ဆရာကြီးလင်းရောင်တင်

နေ့လက္ခဏာသဃ လိုတရဟောခန်းမှ

ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်

အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။

နေ့စဉ်-နံနက်(၉)နာရီမှ(၁၂)နာရီအတွင်း၊ ဥပုသ်နေ့တစ်ရက်နားသည်။

အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ - 09-420014614




www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်ခရီး အတားအဆီး

## ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

သာသနာတစ်ခေတ်၌ ဘုရင်မင်းမြတ်တစ်ပါးသည် စစ်ပွဲတစ်ခုတွင် အသုံးပြုရန်အတွက် ခိုင်ခံ့သော ရထားလုံးတွင် ...ကင်ရန် အကောင်းဆုံးသော လက်...ကစ်ဦးအား ခေါ်လျက် နောင်လာ... ခြောက်လအကြာတွင် မကျော... သော သစ်ဖြင့် ပြုလုပ်ထားသည့် ခိုင်ခံ့သော ဘီးနှစ်လုံးအား ပြုလုပ်နိုင်းလေသည်။

...င့်လက်သမားသည် ရထားလုံး ဘီးတစ်...ဘီးအား ခြောက်လပြည့်ရန် ခြောက်ရက်အလိုတွင် ပြီးစီးသွားလေရာ ဘုရင်မင်းမြတ်ထံ ဆက်သလေသည်။ ထိုအခါ ဘုရင်မင်းမြတ်က လက်သမားဆရာအား -

"မောင်မင်း ဘီးတစ်လုံးဘည်းနဲ့တောင် ငါးလနဲ့ ၂၄ ရက်လုပ်ရတယ်၊ ဒီတော့ ကျန်တဲ့ ဘီးတစ်လုံးကို ဘယ်လို အချိန်မီပြီးစီးနိုင်ပါ့မလဲ"

ဟု မေးမြန်းရာ လက်သမားဆရာကြီးမှ အရှင်မင်းမြတ်၊ နောက်ဘီးတစ်လုံးအား ခြောက်ရက်နှင့် အပြီးပြုလုပ်အောင် ချက်ပေးပါမည့်အကြောင်း လျှောက်တင်လေသည်။

ခြောက်ရက်မြောက်သောနေ့ဝယ် လက်သမားဆရာသည် ဘုရင်မင်းမြတ်အား ဘီးနှစ်လုံးအား ပြလေသည်။ ထိုအခါ ဘုရင်မင်းမြတ်က ဘီးနှစ်လုံးမှာ ထူးခြားမှုရှိသည်ကို တွေ့ရ၍

"အမောင်လက်သမား၊ ဘီးနှစ်လုံးသည် အမြင်အားအတူတူပင် ခွဲခြားမရအောင် တူလှပေသည်။ သို့သော် ဘီးတစ်ဘီးမှ ငါးလနှင့် ၂၄ ရက်ပြုလုပ်ရပြီး၊ ကျန်ဘီး တစ်ဘီးမှာ ခြောက်ရက်နှင့် ပြီးစီးရသည့် အကြောင်းရင်းအား သိလိုသည်"

ဟု အမိန့်ရှိလေသည်။

လက်သမားလည်း နန်းရင်ပြင်၌ 'ဘီးနှစ်ဘီးလုံး၏ထူးခြားချက်အားပြသလို၍ ပထမဦးစွာ ခြောက်ရက်ဖြင့် ပြီးစီးသွားသော ဘီးအားလှိမ့်ပြရာ ဘီးသည် အရှိန်ပြင်းထန်စွာလည်ပြီး အရှိန်ကုန်သော် မြေပြင်သို့ ဗုန်းဗုန်းလဲကျသွားလေသည်။ ထို့နောက် ငါးလနဲ့ ၂၄ ရက် ကြာသော ဘီးအား လှိမ့်ပြရာ ဘီးမှာ အရှိန်ပြင်းစွာ လည်ပြီး အရှိန်ကုန်သော် မြေပြင်သို့လဲကျမသွားဘဲ မြေပြင်၌ ထောင်လိုက်အရှိန်ကြာမြင့်စွာ ရပ်တည်နေလေသည်။ ထိုအခြင်းအရာကို ဘုရင်မင်းမြတ်မြင်သော် ဤသို့ဖြစ်ရခြင်းအကြောင်းအား လက်သမားအား လျှောက်တင်ခိုင်းလေသည်။

လက်သမားဆရာက အရှင်မင်းကြီး ငါးလနဲ့ ၂၄ ရက်ကြာမြင့်စွာပြုလုပ်သော ဘီးသည် သစ်တကာတွင် အကောင်းဆုံးသော သစ်၊ အဖြောင့်ဆုံးသော သစ်၊ အနှစ်ရှိသော သစ်အား အချိန်ယူ၍ ပြုလုပ်ထားခြင်းဖြစ်ပြီး ခြောက်ရက်နှင့် ပြုလုပ်ထားသော ဘီးသည် သစ်အညံ့ဆုံး၊ အကောက်ဆုံး၊ အနှစ်မဲ့ဆုံး သစ်ဖြင့် အချိန်တိုတိုလေးအတွင်း ပြီးစီးအောင် ပြုလုပ်ထားခြင်းကြောင့် ဤသို့ ကွာခြားရခြင်းဖြစ်ကြောင်း ပြောကြားလေသည်။ မင်းကြီးလည်း သဘောပေါက်နားလည်ပြီး လက်သမားအား ဆုတော်ငွေချီးမြှင့်လိုက်လေသည်။

ဤအခြင်းအရာ၌ လက်သမားသည် ဘုရားအလောင်းဖြစ်ခဲ့၍ သစ်တို့၏



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအား ကောင်းကောင်းသိသူ ဖြစ်လေသည်။ ဘုရားအလောင်း ဘုရားအဖြစ်သို့ရောက်သော် လူတို့၏ အတွင်းသဏ္ဌာန်သည် သစ်ကောက်၊ အနှစ်မရှိသော သစ်ကဲ့သို့ ဖြစ်ပါက သံသရာဝဲဂယက်မှ ရုန်းနိုင်မည်မဟုတ်ကြောင်း၊ ဇေတဝန်ကျောင်းတော်၌ အောက်ပါသုတ်တော်ကို ဟောတော်မူခဲ့လေသည်။

ဂင်္ဂါမြစ်အတွင်းမျောနေသော သစ်တုံးကြီးသည် ရေပြင်ကြော၌ သောင်တင်ခြင်း၊ လှိုင်းပုတ်ခြင်း၊ လူဆယ်ခြင်း၊ မဆွေးမြေ့ခြင်းရှိမှသာလျှင် သမုဒ္ဒရာအတွင်းသို့ လျှောလျှောရှုရှုရောက်နိုင်မည်ဖြစ်သကဲ့သို့ လူတို့သည်လည်း နိဗ္ဗာန်ခရီးသို့ သွားရာ၌ လမ်းခရီး၌ အခက်အခဲအတားအဆီးမရှိမှ လျင်မြန်လွယ်ကူစွာရောက်နိုင်မည်ဖြစ်ပေသည်။

**"ဒီဘက်၊ ဟိုဘက်၊ ရေလယ်ချက်နှင့်၊ ကျွန်းထက်မတင်၊ လူတင်မဆယ်၊ နတ် မဆယ်သည့်၊ ဝဲဝယ်မဖြုတ်၊ ဆွေးမပုတ်သော်၊ သမုဒ္ဒရာပင်လယ်ရောက်မည်တည်း"**

**ဒီဘက်ဆိုသည့်သဘောကား** လူ့ခန္ဓာကိုယ်အတွင်း၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အတွင်းအာရုံခြောက်ပါးအပေါ်၌ လူတို့သည် တွယ်တာခြင်း၊ တပ်မက်ခြင်းမက်မောခြင်း၊ မကျေနပ်ဖြစ်နေသရွေ့ကာလပတ်လုံး နိဗ္ဗာန်သို့ ဝေးမည်သာတည်း . . ။

**ဟိုဘက်ဆိုသည်မှာ** အပြင်အာရုံခြောက်ပါး ဖြစ်သော အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ ထိတွေ့မှု၊ ခံစားမှု၊ ကြံစည်တွေးတောမှုများအပေါ် လူတို့သည် မက်မောတွယ်တာခြင်း၊ ဒေါသ၊ ဟောဟာစိတ်များ ရှိနေသရွေ့ကာလပတ်လုံး နိဗ္ဗာန်ခရီးနှင့် ဝေးမည်သာတည်း။

**ရေလယ်ချက်နှင့် ကျွန်းထက်မတင် ဆိုသည်ကား** လူသတ္တဝါတို့သည် သား၊ သမီးအား စွဲလမ်းခြင်း၊ ပစ္စည်းဥစ္စာအား စွဲလမ်းခြင်း၊ ရာထူးစွဲလမ်းခြင်း၊ အတ္တလွန်ကဲခြင်း၊ မိမိကိုယ်ကိုအထင်ကြီး၍ မာနထောင်လွှားနေသမျှကာလပတ်လုံး နိဗ္ဗာန်ခရီးနှင့် ဝေးမည်သာတည်း။

**လူဆယ်သည်ဆိုသည်မှာ** ဤသာသနာတော်မြတ်ကြီးနှင့်နီးပြီး တချို့ရဟန်းတို့သည် လူများနှင့် ရောနှောစွာနေတတ်ကြ၍ လူအများပျော်ရွှင်လျှင် လိုက်ပျော်၍ လူအများဝမ်းနည်းလျှင်လိုက်ဝမ်းနည်းတတ်ပြီး လူမှုကိစ္စများပြားသော ရဟန်း၊ လူ၊ ပုဂ္ဂိုလ်များသည် နိဗ္ဗာန်ခရီးနှင့် ဝေးမည်သာတည်း။

**နတ်ဆယ်ဆိုသည်မှာ** တချို့သော ပုဂ္ဂိုလ်တို့သည် မြင့်မြတ်သော အကျင့်ကို ကျင့်ပါလျက် နတ်တို့၏ ဘဝကိုလိုလားတောင့်တခြင်း၊ ဒါန၊ သီလ၊ ကုသိုလ်ကောင်းမှုများပြုလုပ်ရာတွင် ထင်ပေါ်လိုခြင်း၊ ဂုဏ်ပကာသနဖြင့် အပြိုင်အဆိုင်လျှူဒါန်းနေသရွေ့ နိဗ္ဗာန်ခရီးနှင့်ဝေးမည်သာတည်း။

**ဝဲဂယက်ဆိုသည်မှာ** ရေပြင်ဝယ်မျောနေသော အရာဝတ္ထုမှန်သမျှ ဝဲအတွင်း ကျရောက်ပါက မည်သို့မှ ရုန်းကန်မရဘဲ ဖုံးစုံးနစ်မြုပ်စေသကဲ့သို့ လူတို့သည်လည်း ကာမဂုဏ်တည်းဟူသော ဝဲဂယက်အတွင်းကျရောက်ပါက မိမိဘဝစုံးစုံးနစ်မြုပ်၍ နိဗ္ဗာန်ခရီးဝေးမည်သာတည်း။

**ဆွေးမပုပ်သော်ဆိုသည်မှာ** လူတို့၏ခန္ဓာကိုယ်တွင်း၌ သီလဂျက်စီးခြင်း၊ ဟန်ဆောင်စွာကျင့်ကြံခြင်း၊ မနောကံမကောင်းမှုတို့ဖြင့် ငါစွဲ စွဲနေသရွေ့ကာလပတ်လုံး နိဗ္ဗာန်ခရီးဝေးမည်သာတည်း။

ထိုကဲ့သို့ ဂင်္ဂါမြစ်အတွင်း မျောနေသော သစ်တုံးကြီးနှင့် ပမာပြု၍ လူသတ္တဝါတို့ ဘဝသံသရာတစ်လျှောက်၌ ဒုက္ခပေါင်းမြောက်မြားစွာကို တွေ့ကြုံနေရပါသဖြင့် ဤသံသရာဝဲဂယက်မှ ရုန်းထွက်၍ နိဗ္ဗာန်လမ်းခရီးသို့ အခက်အခဲအတားအဆီးမရှိရောက်စေနိုင်သော ဤသုတ်တော်ကို လူအများသတိသံဝေဂရစေရန်အတွက် ဇေတဝန်ကျောင်းတော်တွင် ဟောတော်မူခဲ့လေသည်။

သမာဒိဋ္ဌိခေါင်းဆောင်သော မဂ္ဂင်ဖောင်ကြီးစီး၍ နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ကြပါစေ။

*(ဆရာတော် ရှင်ဥတ္တမအား ဤဆောင်းပါးဖြင့် ပူဇော်ပါ၏အရှင်ဘုရား)*

မှတ်ချက်

သစ္စာရွှေစည်ဆရာတော် ရှင်ဥတ္တမ၏ နိဗ္ဗာန်သို့ ခရီးအတားအဆီးတရားတော်မှ ခံစားတင်ပြပါသည်။

**ရှယ်လီသိန်းမောင်**
**(စိန်မိုက်ကယ်)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

Aung Myo Thant www.burmeseclassic.com



# လူဝင်စား မဟုတ်သော လူဝင်စား

## ဝသုန်ဟိန်းထက်

"လူဝင်စားခြင်းသည်" (Reincarnation)ဟူသောကိစ္စကို အနောက်တိုင်း သိပ္ပံပညာရှင်များပင် စိတ်ဝင်တစား လေ့လာသုတေသနပြုခဲ့ကြသည်မှာ ကြာခဲ့ပြီ။ သိပ္ပံညာဖြင့် တိကျခိုင်လုံစွာ သက်သေမပြနိုင်သော်ငြား လူဝင်စားဖြစ်ရပ်များကို တော့ ကောင်းစွာလက်ခံခဲ့ကြပြီးဖြစ်သည်။

စာရေးဆရာ James M. Mointok ရေးသားခဲ့သော Getting out of your Body စာအုပ်တွင်လည်း ၎င်းလူဝင်စားပြဿနာကို တစ်ခန်းတစ်ကဏ္ဍအနေဖြင့် ထည့်သွင်းဖော်ပြထားပါသည်။ ထို့ပြင် ၎င်းစာရေးဆရာသည် "သေအံ့မူးမူး လူနာများမှ တွေ့ရှိချက်" (Deathed Observations) ဖြစ်သော သေဆုံးခါနီးလူများ၏ လားရာဂတိနှင့် 'အာရုံနိမိတ်ဆိုး' (Death Bed Visions) ကိုလည်း ကိုယ်တွေ့ သုတေသနပြုချက်များဖြင့် လေ့လာဖော်ပြထားပါသည်။ ၎င်းအရာ အားလုံးမှာလည်း ဘိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တစ်ခုနှင့် တစ်ခု ဆက်စပ်နှီးနွယ်လျက်ရှိပါသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာအလိုအရ သည်လည်း "လူဝင်စား" ကိစ္စမှာ အဆန်းတကြယ် မဟုတ်တော့ပါ။ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်နေသမျှ ဒီဘုံဘဝက ပျောက်သွားလျှင်တခြားဘုံ ဘဝတစ်ခု၌သွားဖြစ်၍ သံသရာလည် ပတ်နေကြပေလိမ့်မည်။

နိဗ္ဗာန် မရောက်မချင်း ပြီးဆုံး ပျောက်ကွယ်သွားကြမည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

[illegible] ပျက် ဇာတ်လမ်းနှင့် ဆပ်စပ်နေ၍ သိအပ်သော ပဋိသန္ဓေတည်ခြင်း လေးမျိုးကို အလျဉ်းသင့်၍ အကျဉ်းချုံး၍ ဖော်ပြလိုပါသည်။ သတ္တလောက၌ တည်ရှိသော ပဋိသန္ဓေတည်ခြင်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

## (၁)ဥပပတ် ပဋိသန္ဓေ

ဤသန္ဓေမှာ မည်သည့်အရာကိုမျှ မှီတွယ်စရာ မလိုပေ။ ရုပ်နှင့်နာမ် နှစ်ပါးစလုံး တစ်ပြိုင်တည်းဖြစ်ပေါ်ကာ တစ်နေရာရာမှ ကျရောက်လာသကဲ့သို့ "ဘွား" ကနဲ ပေါ်ပေါက်လာခြင်းမျိုးပင်တည်း။ ပမာပြရသော် နတ်၊ ဗြဟ္မာတို့၏ ပဋိသန္ဓေမျိုးပင်ဖြစ်၏။ ကံအစွမ်းကြောင့်ဖြစ်သောသန္ဓေဖြစ်သည်။

## (၂)သံသေဒ ပဋိသန္ဓေ

အစိုဓာတ်ရှိသော အညှိတစ်မျိုးမျိုးကို မှီတွယ်၍ဖြစ်သည်။ သစ်ပွင့်၊ သစ်သီး၊ ရေညှိ၊ အပင် စသည်တို့ကို မှီတွယ်၍ အသက်ဓာတ်ဝင်ကာ ကြီးထွားရှင်သန်လာခြင်းမျိုးဖြစ်၏။ ပမာပြရသော် ပိုးလောက်လန်းစသည်တို့ပင်တည်း။ (မှတ်ချက်။ ။ သဘာဝလွန်ဖြစ်ရပ်မျိုးဖြစ်သော ဝါးမှမွေးဖွားသော ဝေဠုနံဝန်မင်းသမီးဖြစ်ရပ်မျိုးလည်းရှိ၏)

## (၃)အဏ္ဍဇ ပဋိသန္ဓေ

အခွံဖြင့်မွေးသော သတ္တဝါများ၏ သန္ဓေတည်မှုမျိုးပင်တည်း။ ပမာပြရသော် ကြက်ငှက် စသည်တို့၏ သန္ဓေတည်ပုံမျိုး ဖြစ်၏။

## (၄)ဇလာဗုဇပဋိသန္ဓေ

အမိအဖတို့မှ ပေါင်းစပ်၍ အမိဝမ်းတွင်း၌ သန္ဓေတည်ခြင်းမျိုးဖြစ်သည်။ လူလောကနှင့် တိရစ္ဆာန်အချို့များဖြစ်၍ အကောင်လိုက်မွေးသော သန္ဓေမျိုးဖြစ်၏။ အင်္ဂလိပ်သဖြင့် Mammal ခေါ် ကျောရိုးရှိသတ္တဝါတို့သည် အဖိုနှင့်အမ သံဝါသပြုရာမှ သန္ဓေတည်ရခြင်းမျိုးဖြစ်၏။

ထိုသို့သောအကြောင်းရာတို့ကို ဦးစွာပလ္လင်ခံ ဖော်ပြနေရခြင်းမှာ လူတစ်ယောက်၏ ထွက်သက်ဝင်သက်လုဆဲဆဲ၊ နောက်ဆုံးအချိန်၌ စွဲလန်းမှုအာရုံကိုမှီ၍ ဖြစ်တက်သော အကြောင်းကိစ္စတို့နှင့်ပတ်သက်၍ ဆက်စပ်တွေးခေါ် စဉ်းစားနိုင်ကြစေရန်ဖြစ်သည်။

"လူဝင်စား" ကိစ္စမှာ အဆန်းတကြယ်မဟုတ်ပါ။ ဘဝများစွာလည်ပတ်နေကြရသော ကျွန်ုပ်တို့သတ္တဝါလောက၏ ဖြစ်စဉ်တစ်ခုသာဖြစ်သည်။

သို့သော် ယခုဖော်ပြမည့် လူဝင်စားဖြစ်ရပ်မှာ ဆန်းကြယ်နေပါသည်။ ဖြစ်ရိုးဖြစ်စဉ် နိယာမတို့မှ သွေဖည်နေပါသည်။ ထို့ကြောင့်လည်း "လူဝင်စားမဟုတ်သော လူဝင်စား" ဟု ခေါင်းစဉ်တပ်၍ မှန်းမံရေးဖွဲ့ တင်ဆက်လိုက်ရပါသည်။

အောက်ပါဖြစ်ရပ်တို့မှာ ကျွန်ုပ်၏ မိခင် ပြောပြချက်ကို ပြန်လည်ရေးဖွဲ့ခြင်းဖြစ်ပြီး ကာယကံရှင်တို့၏ အမည်နာမတို့ကို လွဲဖယ်ရေးသားထားခြင်းဖြစ်ပါသည်။

(စာရေးသူ)

× × × × ×

"မိုက်လိုက်တဲ့သမီး၊ ဒီကောင်မျိုးကိုမှ လင်ရွေးရတယ်"

"ဟုတ်ပါတော်၊ ခွေးဖြစ်ချင်လို့ ပြာပုံတိုးတာ. . . နေပစေ ဒင်းထိုက်နဲ့ဒင်းကံပဲ"

သမီးဖြစ်သူ မလိမ္မာမှုကြောင့် မိဘနှစ်ပါးဖြစ်သော 'ဦးကျော်စိန်' နှင့် 'ဒေါ်ထားခင်' တို့မှာ ယူကျုံးမရ ဖေါသတကြီးဖြင့် ပြောဆိုနေကြတော့၏။

ဦးကျော်စိန်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ဒေသမှ လူသိရှင်ကြားရှေ့နေမင်းတစ်ဦးဖြစ်ပြီး ဇနီးဖြစ်သူ ဒေါ်ထားခင်မှာ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဖြစ်၏။ ပြည့်စုံကြွယ်ဝသော မျိုးရိုးမှဖြစ်၍ မြို့မျက်နှာဖုံး သူဌေးလင်မယားလည်းဖြစ်ပေသည်။ "မှုမှုခင်" နှင့် "ဖြူဖြူခင်" ဟူသောသမီးနှစ်ယောက်ရှိပြီး သမီးတို့၏ အလှဂုဏ်ထင်ရှားမှုကြောင့် မျက်နှာကြီးနေရသူများလည်း ဖြစ်ကြ၏။

သမီးနှစ်ယောက်ကို ဖူးဖူးမှုတ်အလိုလိုက်၍ ရွှေပေါ်မြတင် မွေးထားခဲ့၍ ယခု အရွယ်ရောက်ကြအချိန်မှာတော့ သမီးအငယ်ဖြစ်သူ "ဖြူဖြူခင်" အား ပညာတက်လူငယ်တစ်ဦးမှ မျက်စိကျ တောင်းရမ်းမှုကြောင့် မိဘချင်းသဘောတူမှုဖြင့် ပေးစားရန်စီစဉ်ကြ၏။

ထိုသူငယ်မှာလည်း အခြားသူမဟုတ်။ ဦးကျော်စိန်၏ ငယ်သူငယ်ချင်းလည်းဖြစ်၊ ခရိုင်သစ်တောဝန်ထောက်လည်းဖြစ်သော ဦးအုံးရှိန်၏ တစ်ဦးတည်းသောသား "မိုးမြင့်ဆွေ" ဟူသော ခေတ်ပညာတက်လူငယ်တစ်ဦးပင်ဖြစ်၏။ ခနဥစ္စာကလည်းရှိ၊ ဂုဏ်ဒြပ်ကလည်းထင်ပေါ်၊ ဆွေကြီးမျိုးကြီးလည်းဖြစ်၊ အိုက္ခမ်းရင်းနီးသူလည်းဖြစ်၍ ဦးကျော်စိန်တို့မှာ ကန့်ကွက်စရာမရှိ ပကတိ သဘောတူပြီးဖြစ်၏။

သို့သော် နဖူးစာကံ ဟူသည်ကား ဆန်းကြယ်ပေစွ။ ဖြူဖြူခင်သည် မိုးမြင့်ဆွေအား မတွေ့သည့်အချိန်မှစ၍ မေတ္တာကင်းမဲ့ စိတ်နှလုံးပျက်၍ ခါးခါးသီးသီး ငြင်းဆန်လေတော့သည်။ သားသမီးအပေါ် ဆင်ဒီးမြင်ရုံ မြင်ချင်သော မိဘနှစ်ပါးသည် သမီးငယ်အား အမျိုးမျိုးခြေဆိုဖျောင်းဖျကြ၏။ ချော့တစ်လှည့် ခြောက်တစ်ခါပြုကြ၏။

သို့သော် အရာမထင်။ ဖြူဖြူခင်ကား ခေါင်းမာ၍မညိတ်၊ အမင်းမတွေ့



www.burmeseclassic.com

www.burmeseclassic.com

ဘဲ သန္နပြင်။ ကိုယ့်ကိုယ်ကိုယက်သေမည့်ဟု ခြိမ်းခြောက်၏။ အဆိုးဆုံးကားငင်း၏သူငယ်ချင်းဖြစ်သူ "ဇော်ဇော်" ဆိုသူနှင့် ခိုးရာလိုက်ပြေးသွားခြင်းဖြစ်သည်။ ရှိးသားဂုဏ်ရှိသော်ငြား မနဥစ္စာမရှိ၊ ဆွေမဲ့မျိုးမဲ့ ယိုဒဏ်ဇော်ဆိုသူနှင့် မိဘများကား မည်သို့မျှ သဘောမတူနိုင်၊ သမီးပုံမြစ်ချိုပြီး တက်ကြွနေကြသို့ မြည်တွန်စိတ်ဆိုးနေကြရခြင်းဖြစ်သည်။

နှစ်လတိုတို ကြာမြင့်သည့်တိုင်မည်သည့်သတင်းမှ မကြား။ တပည့်တပန်း မိတ်ဆွေများကို ကူညီရှာဖွေစေသော်လည်း ဖြူဖြူခင်တို့၏ သတင်းအစနကိုမျှမရ။ ဖြူဖြူခင်တို့ လင်မယားကား မိဘတို့၏ ဒေါသမီးလျှံကိုသိ၍လွတ်ကင်းရာ ဘင်နေရာရာ၌ လုံခြုံစွာပုန်းအောင်းနေမည်ဖြစ်လေတော့၏။

ဤသို့ သမီးငယ် ဖြူဖြူခင်သည်မိဘသဘောမတူသူနှင့် ခိုးရာလိုက်ပြီးသုံးလအကြာမှာပင် ဦးကျော်စိန်သည် အကြောင်းကြောင်းသော ထောက်ထားစရာကိုငဲ့ကွက်၍ သမီးကြီး "မူမူခင်" အား "မိုးမြင့်ဆွေ "နှင့် အိမ်ထောင်ချပေးလိုက်တော့သည်။

နှစ်ဖက်မိဘအသိုင်းဝိုင်း၏ ဂုဏ်အလျှောကြောင့် မင်္ဂလာအခမ်းနားကိုကြီးကျယ်စွာ ကျင်းပပေးခဲ့ပါသည်။ လူငယ်များမှာလည်း မိဘတို့၏မျက်နှာကို ထောက်သား၍ ကောင်းမွာလက်ခံပေးကြ၍ မင်္ဂလာပွဲထမြောက် အောင်မြင်ခဲ့ပါသည်။

ငင်းတို့အိမ်ထောင်သက်တစ်နှစ်အတွင်းမည်သည့်ပြဿနာတစ်စုံတစ်ရာမှမရှိပါ။ ဆိုသော်လည်း ထိုကာလအတွင်း၌ သမီးငယ်ဖြစ်သူ ဖြူဖြူခင်တို့လင်မယား၏ သတင်းဆိုးကိုကြားလိုက်ရလေသည်။ ငင်း ယောကျာ်းနှစ်ယောက်သည် စခန်းတော်ပြီး တိုကလေးမြို့မှအမြန်ကွင်း ဖေလ ...နှစ်တိုင်းကြောင့် ငင်းတို့ စီးလာသော နှစ်ထပ်သဘော်မှာ နစ်မြုပ်သွားကြောင်း။ သဘော်ပေါ်တွင် အကူပါလာသော ဦးကျော်စိန်၏ တပည့်တစ်ဦးမှာ ဖြူဖြူခင်ကို ကောင်းစွာ မှတ်မိခဲ့ကြောင်း မသေမပျောက်ခဲ့သော ငင်းတပည့်ဖြစ်သူမှ ပြောကြားချက်အရ ငင်းတို့လင်မယားနှစ်ယောက်စလုံးသည် ...လာပြင်းနှင့်လှိုင်းဒဏ်ကြောင့် ဂေဃာလွှင့်စဉ်ကျသွားသည်ကို တပ်အပ်မြင်ခဲ့ရကြောင်း ကြားသိခဲ့ရသည်။

ဦးကျော်စိန်နှင့် ဒေါ်ထားခင်မှာလည်း မနေသာတော့။ "တောင်းစုတ်ပလုံးစုတ်သာ စွန့်ပစ်ရိုးရှိပါသည်။ သားဆိုးသမီးဆိုး မစွန့်နိုင်" ဟုဆိုသည့်အတိုင်း ပရိဒေဝမီးတောက်၍ ချက်ချင်းပင် ထိုဒေသသို့ သွားရောက်ခဲ့ကြတော့သည်။ စက်လှေတစ်စီးငှား၍ သုံးရက်တိုင်တိုင် လိုက်လံရှာဖွေသော်လည်း သမီးငယ်တို့ လင်မယား၏ ရုပ်အလောင်းကို ရှာမတွေ့ကြ။

ကျေးရွာနယ်ပယ်ဒေသအသီးသီးသို့ နည်းမျိုးစုံဖြင့် သတင်းထောက်လှမ်းသော်လည်း ငင်းတို့သတင်းကိုမရခဲ့။ တစ်လကြာတော့ စိတ်လျှော့ကာ သမီးငယ်တို့လင်မယားအားရည်စူး၍ ဆွမ်းသွပ် အမျှဝေ ပြုလုပ်ပေးခဲ့ပါသည်။ ထိုညမှာပင် သမီးကြီး မူမူခင်သည် အိပ်မက်ထူးတစ်ခုကို မြင်မက်ခဲ့ပါသည်။

အိမ်မက်ထဲတွင် ဖြူဖြူခင်သည် ရေများတစ်ကိုယ်လုံး စိုရွှဲပြီး မိဘအား စိမ့်စိမ့်ကြည့်ကာ

"အစ်မ. . . နင်တို့ဆီ ငါ ပြန်လာခဲ့မယ်၊ နင်တို့နဲ့ပဲ ငါပြန်နေမယ်" ဟု ပြောသည်ကို မြင်မက်ခဲ့၏။ ထိုအိမ်မက်ကို မိဘဆွေမျိုးများအား ပြောပြရာအားလုံးက "ဖြူဖြူခင် လူဝင် စားဘဝနဲ့ ရောက်လာမည်" ဟု မှတ်ချက်ပြုကြ၏။

တိုက်ဆိုင်မှုဟု ဆိုရမည်လားမသိ။ မကြာမီပင် မူမူခင်၌ ကိုယ်ဝန်ရှိခဲ့လေပြီ။ ထိုကိုယ်ဝန်လွယ်ထားသောကာလများ၌လည်း ညီမဖြစ်သူ ဖြူဖြူခင်အား အထက်ပါအတိုင်း နှစ်ကြိမ်တိုင်တိုင် အိမ်မက်မြင်မက်ခဲ့ပါသည်။ ထို့ကြောင့်

မည်သည့်ဝိညာဉ်ပရလောကသားသည်

ဖြူဖြူခင် အယောင်ဆောင်၍နေ ပါသနည်း။

လူမသေဘဲနှင့် လူဝင်စား ဟူ၍မဖြစ်နိုင်။

အတိတ်ဘဝကို မှန် အောင် ပြောပြနိုင်ရုံနှင့်

"လူဝင်စား" ဟု

ပုံသေသတ်မှတ်နိုင်ပါမည်လော။

ထိုဖြစ်ရပ်သည် ပရလောက၏

ဆန်း ကြယ်မှုတစ်ခုပင်ပေလေလား။



www.burmeseclassic.com

www.burmeseclassic.com

လည်း ဖြူဖြူခင်သည် လူဝင်စားဘဝဖြင့် မိမိဝမ်းကြာတိုက်၌ ရောက်ရှိနေပြီဟု ပိုယုံကြည်သွားတော့သည်။ မိဘဆွေမျိုးအားလုံးကလည်း မမြင်ရသေးသော ထိုကလေးကိုပင်အချစ်ပို၍ တယုတယ ဖြစ်နေကြရှာလေပြီ။

ကိုးလလွယ်ပြီး ဆယ်လတွင် ဖွားမြင်သောအခါ ယိုကလေးမှာ မိန်းကလေးဖြစ်ရုံမက ဖြူဖြူခင် လူဝင်စားသည် ဟုပြောရမလောက်အောင် နှာတံသွယ်၊ မေးရိုးအကျပုံ၊ စသည့် လက္ခဏာများမှာ တူညီနေပြန်သည်။ ရှေးဦးမဆွကပင် ယုံကြည်စွဲရှိပြီးဖြစ်၍ ထိုကလေးကို "ဖြူဖြူခင်"ဟုပင် အမည်ကင်ပွန်းတပ်ခဲ့သည်။

ဖြူဖြူခင်ကလေး စကားပြောတတ်သောအရွယ်မှာပင် အံ့ဩမှုများကြုံရပြန်သည်။ ထိုကလေးသည် မိခင်ဖြစ်သူအား "အမေ" ဟုခေါ်ရမည်အစား "အစ်မ" ဟုသာခေါ်၏။ ပြောပြ၍လည်းမရ မူမူခင်၏ ပိခင်ခေါ်ထားခင်အားလည်း "အဘွား" ဟုမခေါ်။ "အမေ" ဟုခေါ်ပြန်သည်။ အဘိုးဖြစ်သူကိုလည်း "အဖေ" ဟုသာခေါ်၏။

ထိုမျှမက မိမိအရင်ဘဝက ကျင်လည်သောပတ်ဝန်းကျင်အားလုံးကိုလည်း ကောင်းစွာမှတ်မိ၍ မှန်ကန်စွာပြန်ပြောနိုင်သည်။ သူ့မိတ်ဆွေများကိုလည်း တစ်ချိန်က ၎င်းအသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်း အဝတ်အစားများကိုလည်း မှားယွင်းမှုမရှိ အမှတ်သတိကောင်းစွာဖြင့် ပြန်ပြောပြနိုင်သည်။ ရွေးချယ်ပြနိုင်ခဲ့သည်။

ထို့ကြောင့်လည်း ဤမျှလောက်သေချာသော လူဝင်စားဖြစ်ရပ်ကို မည်သူမျှ မငြင်းဆန်နိုင်။ ဤကလေးသည် "ဖြူဖြူခင်" တစ်ယောက် ဧကန်မုချ လူဝင်စားစင်စစ်ဖြစ်ပေ၏ဟု တညီတညွတ်တည်း ကောက်ချက်ချနိုင်ခဲ့ကြသည်။

သို့သော်ဖြစ်ရပ်က ဤမျှနှင့်-ပြီးမသွားပါ။ ဆန်းကြယ်မှုအစက ယခုမှ စတင်ပါပါသည်။ တည်ငြိမ်နေသော ကန်ရေပြင်သို့ ခဲတစ်လုံးပစ်ချလိုက်ရင် ဝဲဂယက်ထ လှိုင်းပွက်ရသလို တည်ငြိမ်နေသော ကျန်မိသားစုဘဝကလေးသည်လည်း ဝဲဂယက်ထရန် ဖြစ်ရပ်ပေါ်လာခဲ့ပါသည်။

လွန်ခဲ့သော သုံးနှစ်ကျော်က ရေနစ်ပြီးသေဆုံးသွားသည်ဟုသိထားသော "ဖြူဖြူခင်" တို့လင်မယားနှစ်ယောက်စလုံး သက်ရှိထင်ရှား ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ မိဘဆွေမျိုး ညာတကာမိတ်ဆွေများအားလုံး ထိတ်လန့်အံ့ဩစွာ ရင်သပ်ရှုမော ဖြစ်ကြရတော့သည်။

ဝမ်းသာရမလား၊ ဝမ်းနည်းရမလားဆိုတာထက် မယုံကြည်နိုင်ဖွယ် အံ့ဩမှင်တက်ရင်း၊ စကားစပင်ရှာမရကြ။ ဖြူဖြူခင်တို့ ပြောပြချက်အရ ၎င်းတို့လင်မယားနှစ်ယောက်စလုံး မသေခဲ့ပါ။ အပြောကျယ်သော ရေပြင်ကြီး၌ တစ်ရက်နှင့်တစ်ညတိုင်အောင် ပျဉ်ချပ်ကြီးကို ဖက်တွယ်မျောပါရင်း လင်မယားနှစ်ယောက်စလုံး လိုက်ပါနေခဲ့ရသည်။

နောက်တစ်နေ့တွင်မှ ငါးဖမ်းလှေတစ်စီးနှင့်တွေ့၍ ကယ်ဆယ်ခံခဲ့ရကာ ၎င်းလှေနှင့်ပင် လိုက်ပါသွားရတော့သည်။ နောက်ဆုံး ခိုကိုးရာမဲ့ဘဝဖြင့် ၎င်းရေလုပ်သားထံတွင်ပင် မှီခိုရင်း လုပ်ကိုင်နေထိုင်ခဲ့ရသည်။ ရန်ကုန်သို့ပြန်ရန် လမ်းစရိတ်များစုဆောင်းနေရသည်ကတစ်ကြောင်း၊ ထိုကာလအတွင်း သားလေးတစ်ယောက်နှင့် သမီးလေးတစ်ယောက်ဖွားမြင်ခဲ့သည်။ထိုအတွက်ကြောင့်လည်း ဤမျှလောက်အချိန်တွေကြာညောင်းခဲ့ခြင်းဖြစ်ကြောင်း ဖြူဖြူခင်က ရှင်းပြခဲ့ပါသည်။

ဖြူဖြူခင်ကြုံတွေ့သော ဖြစ်ရပ်များက ဒီမျှထွေအထူးတော့မဟုတ်။ သို့သော် "လူဝင်စား" ဟုသတ်မှတ်ထားသော ဖြူဖြူခင် တစ်ဖြစ်လဲ ကလေး၏ဖြစ်ရပ်မှာကား အံ့ဩစရာပင်တည်း။ အိမ်ထောင်ရှင် ဖြူဖြူခင်မှာ တကယ်သေဆုံးခြင်းမရှိ၍ လူဝင်စားမဖြစ်နိုင်ပါ။ သို့ဆိုလျှင် ဖြူဖြူခင်သည် မည်သူနည်း။

မည်သည့်ဝိညာဉ်ပရလောကသားသည် ဖြူဖြူခင် အယောင်ဆောင်၍နေပါသနည်း။ လူမသေဘဲနှင့် လူဝင်စားဟူ၍မဖြစ်နိုင်။ အတိတ်ဘဝကို မှန်အောင် ပြောပြနိုင်ရုံနှင့် "လူဝင်စား" ဟု ပုံသေသတ်မှတ်နိုင်ပါမည်လော။ ထိုဖြစ်ရပ်သည် ပရလောက၏ ဆန်းကြယ်မှုတစ်ခုပင်ပေလေလား။

ထိုဝိညာဉ်သည် ဖြူဖြူခင်နှင့် မည်သို့ပတ်သတ်ဆက်နွယ်နေပါလေသနည်း။ အဘယ်ကြောင့် ဖြူဖြူခင်၏ အတိတ်ဇာတ်ကြောင်းကို ခရေစေ့တွင်းကျ ပြောဆိုနိုင်ရတာလဲ စသည့်အချက်များမှာ တွေးတောဖြေရှင်း၍မရသော ပဟေဠိတစ်ပုဒ် ဖြစ်နေပါတော့သည်။

ထိုကလေး ဖြူဖြူခင်သည်လည်း အသက်သုံးနှစ်ကျော်ပြီးသည်နှင့် ယခင်ကကဲ့သို့ အတိတ်ဖြစ်ရပ်တို့ကို ပြောဆိုနိုင်စွမ်းမရှိတော့သလို ငယ်စဉ်က ၎င်းသိခဲ့၊ ပြောခဲ့သောဖြစ်ရပ်အားလုံးတို့လည်း မေ့ပျောက်သွားခဲ့ပါသည်။ ပကတိ သာမန်လူသားဘဝအဖြစ်နှင့် အိမ်ထောင်သားမွေး နိယာမပုံစံဖြင့် အသက်(၅၈)နှစ်အထိ နေထိုင်သွားခဲ့ပါသည်ဟု စာရေးသူ၏မိခင်မှ ပြောပြခဲ့ပါသည်။

ကျွန်ုပ်အတွက်မူ ဤ "လူဝင်စားမဟုတ်သော လူဝင်စား" ဖြစ်ရပ်ကား ယနေ့တိုင် မေ့ပျောက်နိုင်စွမ်းမရှိသလို ယနေ့တိုင် အဖြေမထုတ်နိုင်သော ဆန်းကြယ်ပဟေဠိတစ်ပုဒ်အဖြစ် ဆက်လက်တည်ရှိနေပါတော့၏သတည်း။

ဝသန်မဟ်နှ်း...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပြန်ချိန်တန်တော့ ပြန်ရပြီ

နေပုည

ဇဝနကြီးတစ်ထပ်မော်တော်ကားခမုံချောင်းရိုးအတွင်း
မှန်မှန်ခုတ်မောင်းနေသည်။ ညဘက်ခုတ်မောင်းသည်မို့
သဘော်၏ဆလိုက်မီးကချောင်း ရေပြင်ပေါ်သို့ တူရူမှသည်
ဘေးဘယ်ညာဝှေ့ယမ်း ဖြာကျနေသည်။
သူ့တာဝန်မှာ ချောင်းလက်တက်၏ ကမ်းနံဘေးကျေးရွာများမှ
ဈေးသည်များကို နံနက်မိုးသောက်တွင် ကျိုက်လတ်မြို့သို့
အရောက်ပို့ ပေးရမည့်တာဝန်ပင်။
ခမုံချောင်းရိုးကား ကိုက် ၁၅၀ ခန့်သာ ကျယ်သောကြောင့်
ဇဝနကြီးမော်တော်သည် ရေလယ်မှသာ
ခုတ်မောင်းနိုင်သည်။ မော်တော်နောက်တွင် တွဲသမ္ဗာန်တစ်စီး
တွယ်ဆက်ထားသည်။ လိုက်ပါလိုသည့် ခရီးသည်များက
ကမ်းပေါ်မှ သဘော်ကို မီးရိုက်အချက်ပြလျှင် ဆလင်ဖြစ်သူ
အောင်မောင်းသည် စက်ရှိန်လျှော့ကာ နောက်တွင်ပါလာ
သော သမ္ဗာန်သမား ဖိုးထောင်ထံသို့ သံချောင်းခေါက်အချက်
ပေးရသည်။ ထိုအခါ ဖိုးထောင်က မော်တော်နှင့် ဆက်သွယ်
ထားသော ကြိုးကို ဖြုတ်ပြီး မီးပြခေါ်သောခရီးသည်များထံ
သမ္ဗာန်နှင့် သွားကြိုပြီး မော်တော်ပေါ်သို့ ပြန်ပို့သည်။
ခရီးသည်များမော်တော်ပေါ်ရောက်ပြီးသည်နှင့်
ဆလင်အောင်မောင်းထံသို့ သံချောင်းခေါက်
အသံပေးရသည်။ ထိုအခါကျ မှ ဆလင်အောင်မောင်းသည်
သဘော်ကို စက်ရှိန်ပြန်မြှင့် မောင်းနှင်ရသည်။

❋



www.burmeseclassic.com

www.burmeseclassic.com

စောသာထူးတို့ မိသားတစ်စုလုံး ပြုံးပျော်နေကြသည်။ သူတို့အားလုံး၏ မျက်နှာသည် မှိုရသည့်မျက်နှာ ဖြစ်နေကြ၏။ သည်နှစ်တွင် သူတို့နယ်တစ်နယ်လုံး စပါးအထွက်ကောင်းသည့်အတွက် နယ်သူနယ်သားအားလုံး ဝမ်းပြောက်ရွှင်ပြုံးကြရသည်။ ထိုအထဲတွင် စောသာထူးတို့မိသားစုက ပိုမိုပျော်ရွှင်နေသည်မှာ သူတို့ပိုင် လယ်ကေနှစ်ဆယ်မှ စပါးအထွက်သည် အခြားသောလယ်သမားများ စပါးအထွက်ထက် နှစ်ဆနီးပါး ပိုမိုထွက်ရှိသောကြောင့် မြို့နယ်က ချီးမြှင့်သည့် စပါးအထွက်တိုးဆုအပြင် မြေကြီးက ရွှေသီးသဖြင့် လက်ဖျားတွင် ငွေသီးနေချိန်ပင် မဟုတ်ပါလား။

စောသာထူးတို့ မိသားစု ညစာထမင်းဝိုင်းကား လူစုံရှိနေသည်။ စောသာထူးက စကားစလိုက်သည်။

"ကဲ. . ဒီနှစ် တို့မိသားစု ငါးယောက် တက်ညီလက်ညီ ဝီရိယစိုက်ကြိုးစားခဲ့လို့ ဖြစ်ပေါ်လာတဲ့ အကျိုးအမြတ်တွေ ခံစားကြရပြီ။ ဒီတော့ မင်းတို့ ဘာလုပ်ချင်ကြသလဲ၊ ငါ့ကို ပြောကြစမ်း။ ကဲ-အားလေ၊ မိန်းမ နင်က စပြောစမ်း"

"ကျုပ်ကတော့ ကလေးတွေ ဆန္ဒပါတော်။ သူတို့ ဆန္ဒရှိရာကို ကျုပ်တို့ လိုက်လျောရပေးရမှာပေါ့"

ဇနီးဖြစ်သူ နန့်အားလေက ပြန်ပြောသည်။

"ကဲ. . ဒါဆို သားတို့ သမီးတို့ ဆန္ဒပြောကြကွာ"

ဟု စောသာထူးက မေး၏။

သားကြီးဖြစ်သူ စောကလိုမှူးက စပြောသည်။

"အပါး၊ အခု အသက် ၂၂ နှစ်ရှိပြီ။ ရန်ကုန်ကို တစ်ခေါက်မှ မရောက်ဖူးသေးဘူး။ ရန်ကုန်မှာ လျှောက်လည်ချင်တယ် အပါး"

သားကြီးစကားကို သားလတ် စောနေဒါကဲက ဝင်ထောက်ခံသည်။

"ဟုတ်တယ်အပါး၊ သားတို့ မောင်နှမသုံးယောက်လုံး ဒီအရွယ်အထိ ရန်ကုန်ဆိုတာ ဘယ်နေမှန်းမသိဘူး။ ရန်ကုန်ပဲ လိုက်ပို့ပါနော်"

စောသာထူးက -

"မင်းတို့ ဘာတွေပဲပြောပြော၊ ငါကတော့ ငါ့သမီးလေး နန့်ပန်းမွှေးရဲ့ ဆန္ဒက အဓိကပဲဟေ့"

"အို . . အပါးက ကျွန်တော်တို့ ဆန္ဒမေးလို့ ပြောရတာပဲ။ ကျွန်တော်တို့ကလည်း ညီမလေး ဖြူဆို ဘဲဥ၊ မည်းဆို ကျီးကန်းပါဗျ"

မိသားစု ထမင်းဝိုင်းတွင် ရယ်သံများ ဖြာဝေနေသည်။

"ကဲ . . သမီးလေးရဲ့ ဆန္ဒကို ပြောပါဦးကွယ်"

အင်မတန် ပါးရည်နပ်ရည်ရှိသော နန့်ပန်းမွှေးပါပင်။ အစ်ကိုများ၏ ဆန္ဒကို သိထားပြီမို့ : . .

"ရန်ကုန်က တန်ခိုးကြီး ဘုရားတွေဖူးရရင် ကျေနပ်ပါပြီ အမိုး"

စောသာထူး အားရပါးရ အော်ရယ်ပြီး -

"လိမ္မာလိုက်တဲ့ သမီး၊ အစ်ကိုတွေ ဆန္ဒလည်းပြည့်၊ သူ့ဆန္ဒလည်း ပြည့်အောင် ပြောတတ်လိုက်တာ"

သူတို့ရွာလေးကား ဗုဒ္ဓဘာသာ ကရင်လူမျိုးများသာ ဖြစ်ကြ၏။

"ဒါမှ တို့ညီမလေးကွ"

အစ်ကိုနှစ်ယောက်ကလည်း ထအော်သည်။

နန့်ပန်းမွှေးကား မိသားစု၏ အသည်းနှလုံးပင်။

နန့်ပန်းမွှေး၏ ရုပ်ရည်သည် မိဘနှစ်ပါးနှင့်လည်း မတူ၊ အစ်ကိုနှစ်ယောက်နှင့်လည်းလုံးဝမတူဘဲ ထူးထူးခြား
ခြား ကွဲထွက်ကာ ချောမွေ့လှ[...]
ကျော့ရှင်းသူ ဖြစ်၏။ အခြား[...]
ကရင်အမျိုးသမီးများကဲ့သို့[...]
မျက်နှာပေါက်မျိုးမဟုတ်။ ဝိုင်း[...]
မယောင် သွယ်မယောင်မျက်[...]
နှာပေါက် ဖြစ်၏။ ဖြောင့်စင်း[...]
သော နှာတံ၊ ဝိုင်းစက်တောက်[...]
ပသော မျက်လုံး၊ ကော့ညွှတ်[...]
သော မျက်တောင်၊ မျက်ခုံး[...]
ဇင်ယော်တောင်ရှိ၏။ မထူ[...]
မပါး သွေးရောင်လွှမ်းသော[...]
သန္တာနှုတ်ခမ်းက ဆေးကူစရာ[...]
မလို။ သည်ကြားထဲ ပြုံးလိုက်[...]
လျှင်ခွက်ဝင်သွားသော ပါးချိုင့်[...]
အစုံကအချိုပေါ်သကာလောင်း[...]
ထားသည်။ အချိုးအစားကျ[...]
သည့် ခန္ဓာကိုယ်တည်ဆောက်[...]
မှုကိုလည်း ပိုင်ဆိုင်ထားသည်[...]
ပတ္တာရွာ၏ ကွမ်းတောင်ကိုင်[...]
ထဲ တွင် နံပါတ်တစ်နေရာ[...]
ယူထားသည်။ တစ်ဆယ့်ရှစ်[...]
[...]င် ဖူးငုံသစ်စဖြစ်သဖြင့် အလှ[...]
သွေး[...]ကစ။ ပိုးပန်းသူများမှာ
လည်း ရွာ[...] ကာလသားများ[...]
အားလုံးကို လက်ညှိုးထိုးမလွဲ[...]
ဖြစ်ချေ၏။ သို့သော် ၎င်းတို့[...]
သည် သူတို့၏ချစ်စိတ်ကို ရင်[...]
တွင်း၌သာ မြေသိမ့်ရသည်[...]
အဘယ်ကြောင့်ဆိုသော်မူ နန့်[...]
ပန်းမွှေး၏ အစ်ကိုနှစ်ဦးဖြစ်[...]
သော စောကလိုမှူးနှင့် စော[...]
နေဒါကဲတို့က ရွာထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

ထိခားကြည့်ဆိုသည့် စကား
င်း ခါးကြိမ်းကြိမ်းထား၍
သည်။

နန်းပန်းမွေးမှာ ယက္ခညီ
အာင်စောင့်သည့် အာသာဝတီ
ယ်နီနတ်ပန်း တစ်ပွင့်အလား
ဖြစ်နေသည် မဟုတ်ပါလား။

❁

စောသာထူးတို့ တစ်ပိ
ားစုလုံး ပျော်ရွှင်နေကြ
ည်။ ဘုရားနှစ်ဆူ သုံးဆူ
ည့်ပတ်ဖူးလိုက်၊ ဈေးဝယ်
တ်လိုက်နှင့်။ တည်းခိုအိမ်
လည်း လိုလေသေးမရှိ
အောင် ဂရုစိုက်၏။ တည်းခို
အိမ်မှာ စောသာထူးနှင့် တစ်
တည်းသားငယ်သူငယ်ချင်း
ဖြစ်သူ စောမူးထ၏ အိမ်ပင်။
မူးထ်မှာ ငယ်စဉ်ကတည်း
ရွာမှထွက်၍ စွန့်စွန့်စားစား
စီးပွားလုပ်ကိုင်ရင်း ရန်ကုန်
တွင် အခြေကျကျနေနိုင်ပြီဖြစ်
ဝင်ငွေကောင်းသည့် လုပ်
ငန်းတစ်ခုကိုပိုင်ဆိုင်ထားသည်။
ရွာတွင်နေသော စောသာ
ထူးနှင့် ရန်ကုန်တွင်နေသော
စောမူးထတို့မှာမူ တစ်ဦးနှင့်
တစ်ဦးအဆက်အသွယ် မပြတ်
ပတ်နိုင်ရန်အတွက် သူပိုင်
ဆန်နီပစ်ကပ်ကားလေးနှင့်
ဒရိုင်ဘာတစ်ဦးပေးထားသည်။
စောသာထူးတို့ ရန်ကုန်ရောက်
ပြီး နောက်တစ်နေ့တွင် ရွှေတိ
ဂုံ၊ ဆူးလေ၊ ဗိုလ်တစ်ထောင်၊
ရွှေဘုန်းပွင့်ဘုရားများအား ဖူး
ပြီး ဗိုလ်ချုပ်ဈေးတွင် ဈေးဝယ်
ကြသည်မှာ တစ်နေကုန်မှ အိမ်
ပြန်ရောက်သည်။ စောကလိုမူး
တို့ညီအစ်ကိုမှာ စောမူးထ၏
သားများနှင့်အဖွဲ့ကျပြီး ည
ဘက်အနီးတဝိုက်ရှိ စတိုးဆိုင်
ကြီးများအား လှည့်ပတ်ကြည့်ရှု
ဈေးဝယ်ကြ၏။ နောက်တစ်
နေ့တွင်မူ အာလိန်ငါးဆင့်၊
မယ်လမု၊ ကမ္ဘာအေးဘုရား
များသို့ သွားရောက်ဖူးမြော်ကာ
တိရစ္ဆာန်ရုံသို့ ဝင်ရောက်လည်
ပတ်၏။ နန်းပန်းမွေးတို့ မောင်
နှမတစ်တွေမှာ ပျော်ရွှင်မဆုံး
တော့။ ကလေးများကို ကြည့်
ကာ စောသာထူးတို့ လင်မ
ယား ကျေနပ်ပီတိဖြစ်ရ၏။

ထိုနေ့ည ထမင်းဝိုင်းတွင်
အိမ်ရှင်စောမူးထနှင့် စောသာ
ထူးတို့မိသားစုငါးဦး တစ်ဝိုင်း
အရင်စားကြ၏။ ထမင်းစား
ရင်း စောသာထူးက -

"မော့-မူးထ၊ ငါတို့ ရန်
ကုန် ဘုရားဖူးလာတာ ဘုရား
တွေလည်း စုံပြီ။ လည်စရာ
ပတ်စရာလည်း ကုန်ပြီ။ နက်
ဖြန်မနက် အိမ်သုံးပစ္စည်းလေး
တွေဝယ်ပြီး ညနေ ကျိုက်လတ်
သင်္ဘောနဲ့ ပြန်မယ်ကွာ"

စောသာထူး၏ စကား
အား စောမူးထက ခေါင်းယမ်း
ရင်း ပြန်ပြောလိုက်၏။

"ပြန်တာဘယ်နေ့ပြန်ပြန်
မင့်အိမ်က ထွက်မပြေးပါဘူး
သာထူးရ။ နက်ဖြန်ခါ တနင်္ဂနွေ
နေ့ငါအလုပ်အားလို့ မင်းတို့
မိသားစုကို ပဲခူးဘုရားတွေဖူး ဖို့
ငါကိုယ်တိုင် မောင်းပို့မယ်။
အားလုံးငါစီစဉ်ပြီးပြီ။ တနင်္လာ
နေ့ ညနေကျမှ သင်္ဘောဆင်း
ပေါ့။ အခု လယ်နားချိန်မင်းတို့
မှာ ဘာအလုပ်မှ ရှိတာလည်း
မဟုတ်ဘဲနဲ့"

"အေးပါကွာ၊ မင်း စေ
တနာကို ငါမငြင်းပါဘူး။
တနင်္လာနေ့ကျမှပဲ ရွာပြန်ပါ
တော့မယ်"

စောသာထူး၏ အဖြေ
စကားကြောင့် စောကလိုမူးတို့
မောင်နှမများ ပျော်ရွှင်သွား၏။
မထင်မှတ်ဘဲ သူတို့မရောက်
ဘူးသော မြို့တစ်မြို့ကို ထပ်မံ
လည်ပတ်ခွင့်ရပြန်ပြီမဟုတ်ပါ
လား။

အကယ့်၍များ ဤပဲခူး
ခရီးစဉ်သည် . . . .

❁

ရန်ကုန်က ထွက်တော့
နံနက် ၆ နာရီ။

ကားရှေ့ခန်းတွင် စော
သာထူးနှင့် စောမူးထ သူငယ်
ချင်းနှစ်ဦးမှာ စကားတပြော
ပြော။ ကားနောက်ခန်းတွင်မူ
နန်းအားလေးနှင့် သားသမီးများ
က မြင်ကွင်းသစ်များကို ကြည့်
ရှုငေးမောရင်း လိုက်ပါလာ
သည်။ ထောက်ကြံ့တွင် တစ်
ထောက်နားပြီး နံနက်စာစော
စော စားသည်။

ပဲခူးကို ရောက်တော့
နံနက် ၈း၃၀။

ပထမဦးဆုံး ရွှေမော်
ဓောစေတီတော်မြတ်ကြီးအား
စတင်ဦးခိုက်သည်။ ရင်း
နောက်မှ ကလျာဏီ၊ ကိုးသိန်း
ကိုးသန်း၊ ရွှေဂူကြီးရွှေဂူလေး
အစရှိသော တန်ခိုးကြီးဘုရား
များကိုလည်း လှည့်လည်ဖူး
မြော်လိုက်သည်မှာ နေ့လယ်
တစ်နာရီကျမှ နေ့လယ်စာကို
"နှင်းဆီ"ထမင်းဆိုင်တွင် စား
ဖြစ်၏။

ပဲခူးဘုရားအစုံအလင်
ဖူးမြော်ရ၍ စောသာထူးတို့
မိသားစု လွန်စွာပျော်ရွှင်နေ
သည်ကို ကြည့်ရင်း စောမူးထ
ကြည်နူးနေသည်။ စောသာထူး
ကလည်း ပဲခူးမြို့သို့ ပထမဆုံး
ရောက်ဖူးခြင်းပင်။ ယခင်က



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်သို့ ဒီနေ့ရောက် . . ဈေးဝယ် နောက်နေ့ ကျိုက်လတ်သို့ ပြန်ပြ။

"ဟေ့-သာထူး၊ မင်းတို့မိသားစုပျော်နေတာတွေ့တော့ ငါလည်း ပျော်တယ်ဝေ့"

"မအေး. . ပျော်ရမှာပ၊ မင်းက နိဗ္ဗာန်ကူးပို့သမားဖြစ်သွားပြီ မဟုတ်လား ဟား . . ဟား . . ဟား"

ထမင်းဆိုင်တွင် သူတို့မိသားစု၏ ရယ်မောသံက လွှမ်းခြုံသွား၏။ စောကလိုမှုးတို့ မောင်နှမသုံးယောက်မှာလည်းဘုရားစောင်းတန်းတစ်ခု ရောက်တိုင်း မိမိနှစ်သက်ရာ ဝယ်လာလိုက်ကြသည်မှာ ကားနောက်ပိုင်း၏ လေးပုံတစ်ပုံခန့် ပစ္စည်းများကနေရာ ယူထားပြီဖြစ်၏။

စောမူးထက ပြောလိုက်သည်။

"မင်းတို့ကို ပို့ပေးဖို့ နာမည်ကြီး တစ်နေရာကျန်သေးတယ်ကွ။ ဒီက စားသောက်ပြီးရင် အဲဒီကို ဆက်ထွက်မှာ"

"ဘယ်နေရာ ကျန်သေးလို့လဲကွ"

ဟု ပြန်မေးလိုက်သော စောသာထူး၏အမေးစကားအား စောမူးထက ဖြေကြားလိုက်သည်ကတော့ . .

"ရောက်တော့ သိမှာပေါ့ကွာ"

❂

ကားလေသည် အဝေးပြေးလမ်းမကြီးပေါ်တွင် တရိပ်ရိပ်ပြေးနေရာမှ လမ်းဘေးရှိ လမ်းချိုးဟစ်ခုအပွင်း ချိုးဝင်သွားသည်။ လမ်းဘေးမြင်ကွင်းက ပြောင်းလဲသွားသည်။

"အမိုး၊ သမီးတို့ ဘယ်ဘုရားသွားနေတာလဲ"

"အမိုးလည်း ဘယ်သိမလဲ။ မူးထက ခုနက ဘာမှမပြောဘဲ မောင်းထွက်လာတာပဲ"

နန့်ပန်းမွှေးသည် ပတ်ဝန်းကျင်ကို ကြည့်ရင်းပင် ရင်ထဲ၌ တစ်မျိုးတမည်ခံစားလာရသည်။ ဤဒေသသည် သူမ ပထမဦး ဆုံးအကြိမ်ရောက်ဖူးလင့်ကစား ဤနေရာ ဤပတ်ဝန်းကျင်နှင့် သူမ တရင်းတနှီးရှိသည်ဟု ခံစားလာမိသည်။

အစောပိုင်းကာလက ကြည်လင် ဝင်းပနေသော သူမ၏ မျက်နှာသည် တဖြည်းဖြည်း ညှိုးလာ၏။ ညှိုလာရာမှမှိုင်းလာသည်။

သူတို့၏ နားစည်အတွင်း အသံတစ်သံ ဝင်ရောက်ရိုက်ခတ်လာသည်။

"နောင် . . နောင် . . နောင်ဗိန် . . နောင် . ."

ရှမ်းအိုးစည်သံက မလှမ်းမကမ်း တောင်တန်းပေါ်က ထွက်ပေါ်နေသည်။

ရှမ်းအိုးစည်အသံကြားသည်နှင့် နန့်ပန်းမွှေးမျက်နှာ ဖြူလျော်သွားသည်။ ကြောက်ရွံ့ထိတ်လန့်သည့်အသွင်။ ကားက ရပ်သွားပြီး ရှေ့ခန်းမှ စောမူးထနှင့် စောသာထူး ဆင်းလာသည်။

"ကဲ . . ဆင်းကြလေ။ ဒါပဲခူးမှာ နာမည်ကြီး ဒေးစွန်ပါ ဘုရားပဲ"

စောကလိုမှုးတို့ ညီအစ်ကိုက အရင်ဆင်း၏။

"အမိုး၊သမီးမဆင်းချင်ဘူး။ ကားပေါ်မှာပဲနေခဲ့တော့မယ်"

"ဟဲ့-ဘယ်ဖြစ်မလဲ။ နင်တစ်ယောက်တည်း နေခဲ့လို့"

"ဟုတ်သားပဲ ညီမလေးရာ၊ နင်တစ်ယောက်တည်း မထားခဲ့နိုင်ပါဘူး။ လာ . . လာ. . ဆင်း၊ ဟိုမှာ အပါးတို့တောင် ဘုရားပေါ်တက်သွားပြီ"

နန့်ပန်းမွှေး မသက်မသာအသွင်နှင့် ကားပေါ်မှ ဆင်းသွားသည်။ အစ်ကိုနှစ်ယောက်ကြားမှသက်မဲ့ကျောက်

ရုပ်အလားပါသွားတော . . .
လမ်းခရီးတစ်လျှောက် . . .
သာလိကာမလေးအလား . . .
မြူးလိုက်ပါလာသော နန် . . .
မွှေးတစ်ယောက် ငါးပမာ . . .
ချေပြီ၊ ညှိုးငယ်သော မျက် . . .
နှင့် စကားမဆိုတော့။

သို့ဖြင့် ဒေးစွန်ပါ ဘု . . .
ဖူးတောင်တန်းတစ်လျှော . . .
အတန်ငယ် လည်ပတ်ကြ . . .
ပြီးနောက် တောင်ပေါ်မှ . . .
ဆင်းခဲ့ကြလေတော့၏။

ကားလေးကား . . .
လမ်းလေးအတိုင်း အဝေး . . .
လမ်းမဆီသို့ . . ။

❂

အဝေးပြေးလမ်းမ . . .
အား လှမ်းမြင်နေရပြီဖြစ် . . .
သို့သော် ကားက ရုတ်တ . . .
တုံ့ကနဲ ရပ်သွားတော့၏။ . . .
ဘယ်ကြောင့်ဆိုသော် . . .
လမ်းအလယ်သို့ လူနှစ်ဦး . . .
တက်ရောက်၍ တားလို . . .
သောကြောင့် ဖြစ်၏။ နှ . . .
စလုံး သျှောင်တစောင်း . . .
ထားပြီး ရှမ်းတိုင်းရင်းသ . . .
ဝတ်စုံကို ဆင်မြန်းထားသ . . .
ဥပမိရုပ်ကောင်းကြ၏။ တ . . .
မှာ အသက် ၆၀ ခန့်အ . . .
နှုတ်ခမ်းမွှေးကျင်စွယ်နှင့် . . .
ပြီး တစ်ဦးမှာ အသက် ၂ . . .



www.burmeseclassic.com

www.burmeseclassic.com

လှုငယ်တစ်ဦးဖြစ် ... ဆေးမူးထက ကားရပ် ...

"ဘာကိစ္စရှိလို့ပါလဲ ..."

ဟု မေးသော်လည်း ထို ...ဦးသည် မည်သို့မျှ ပြန် ...ဘဲ ကားနောက်ဖက်သို့ ...ောက်သွားကြပြီး ကား ...တ်ခန်းမှ အတွင်းသို့ စေ့ ...ကြည့်ကာ နန့်ပန်းမွှေးကို ...တွေ့သောအခါ လက်ညှိုး ...ထောက်ထိုးကာ နှုတ်ခမ်း ...ကျင်စွယ်နှင့်ပုဂ္ဂိုလ်ကြီးက -

"ကောင်မလေး . . ၊ နင် ...တို့နဲ့ နေခဲ့ရမယ်"

လူငယ်ထံမှလည်း -

"နင် ငါတို့ဆီ ပြန်လာရမယ်"

ဟု ပြိုင်တူ အသံထွက်လာသည်။ နန့်ပန်းမွှေးကား နားနှစ်ဖက်ကို လက်ဝါးဖြင့် ပိတ်ကာ ဦးခေါင်းအား ဒူးနှစ်လုံးကြားတွင် ဝှက်ထားချေပြီ။

စိတ်ဆတ်သော စောနေဒါကဲက . .

"ခင်ဗျားတို့ ဘာလာကြောင်တာလဲ"

ဟု ပြောကာ ကားပေါ်မှ ဆင်းမည်ပြုသည်ကို မိခင်ဖြစ်သူ နန့်အားလေက ခါးကို လှမ်းဖက်၍ ဆွဲရင်း ကားရှေ့ခန်းကို . . .

"ဟော့- မူးထ၊ မောင်း၊ မြန်မြန်မောင်း။ ဘာတွေမှန်းလည်းမသိဘူး။ ဘာတွေ လာပြောနေမှန်းလည်းမသိဘူး"

ကားကလေး ရိပ်ကနဲ ပြေးထွက်သွားချေပြီ။ စောနေဒါကဲကမူ ကားပေါ်တွင် တဗျစ်တောက်တောက်။

နန့်ပန်းမွှေးကား ရန်ကုန်ရောက်သည်အထိခေါင်းမဖော်တော့။

ရန်ကုန်ရောက်တော့ ညနေ ၅း၃၀။

"ဟဲ့ - အားလေ၊ နင့်သမီး ဘာဖြစ်နေသတုန်း။ အစားအသောက်လည်း . . ကောင်းကောင်းမစား၊ တမှိုင်မှိုင်တတွေတွေနဲ့"

စောသာထူးက ပြော၏။

"အေး . . ငါလည်း သတိထားမိပါတယ်။ ပဲခူးဘုရားဖူးပြန်ကတည်းက သူ့အမူအရာတွေ ထူးခြားပြောင်းလဲနေတာ ငါသတိပြုမိတယ်။ ခုဆို တို့ရွာပြန်ရောက်တာ နှစ်ရက်ရှိပြီ။ သူ ဒီအတိုင်းပဲ။ ငါလည်း ချော့မေ့မေးကြည့်ပါတယ်။ ဘာမှမဖြစ်ဘူးလို့ပဲ ပြောနေတော့ အားကြီးစိတ်ညစ်ဖို့ ကောင်းတယ်ဝေ့။ ငါ့အထင်တော့ ဟို . . မူးထသားနဲ့များ . . ."

"အာလေး၊ နင်ပေါက်ကရ လျှောက်မတွေးနဲ့။ သူတို့က မောင်နှမရင်းလို ခင်ခဲ့ကြတာပါဟ"

"ငါလည်း ငါထင်တာ တွေးကြည့်တာလေ။ ငါအမြဲ ဂရုစိုက်ကြည့်နေပါတယ်။ နင်တို့ အလုပ်တွေသာ နင်တို့လုပ်ကြ"

စောသာထူးတစ်ယောက် နန့်အားလေနံဘေးမှထွက်သွားတော့၏။ ထိုနေ့ညနေစောင်း နန့်အားလေတို့ သားအမိ ချောင်းထဲဆင်း အဝတ်လျှော် ခေါင်းလျှော် ရေချိုးစသည်တို့ကိုလုပ်ပြီးအိမ်သို့ပြန်အရောက်တွင် နန့်ပန်းမွှေးက မိခင်ဖြစ်သူအား . .

"အမိုး . . သမီးရေချိုး ခေါင်းလျှော်လုပ်တာ လေစိမ်းများ မိလာသလားမသိဘူး။ ချမ်းစိမ့်စိမ့်နဲ့ ဖျားချင်သလိုပဲ"

"ဒါဆို ဘုရားကျောင်းဆောင်အောက်က ဗီရိုထဲမှာ သွေးဆေးပုလင်းရှိတယ်။ ကွမ်းရွက်ပြုတ်ရေလေးနဲ့ သောက်လိုက်"

နန့်ပန်းမွှေးတစ်ယောက် မိခင်ပြောကြားသည့်အတိုင်း ဆောင်ရွက်သော်လည်း အဖျားက ဝင်ရောက်လေပြီ။ အာခေါင်တွေပူ၊ မျက်လုံးတွေပူကာ ကိုယ်ပူရှိန်တက်လာသည်။ တဖြည်းဖြည်း အပူက ကြီးလာသောကြောင့် သားကြီးကလိုမှူးအား ရွာမှ ကျန်းမာရေးဆရာမကို သွားပင့်ခိုင်းသည်။ သို့သော် ပါမလာ။ ဗိုလ်ရင်းဆေးဆရာကြီး ဘစံဖြိုးသာ ပါလာသည်။ ကျန်းမာရေးဆရာမမှာ ကျားကိုက်ရွာမှ မွေးလူနာနောက်လိုက်သွားကြောင်း သိရသည်။ ဘစံဖြိုးက စမ်းသပ်ပြီး "အာကာသပိတ်သွားတာ ပဲပွင့်တဲ့ဆေးအဘပေးခဲ့မယ်။ ချွေးထွက်ပြီး အပူကျသွားလိမ့်မယ်။ မပူနဲ့။ အာဂန္တုအနာပါ" ဟုပြောပြီး ဆေးပေးကာ ပြန်သွား၏။

နန့်အားလေသည် သမီးဖြစ်သူကိုပွေ့ကာ ဘစံဖြိုးပေးသော ဆေးများကို ဝင်အောက်တိုက်သည်။ စောင်ခြုံပေးပြီး သမီးကို စောင့်ကြည့်သည်။ ချွေးက ထွက်မလာ။ ကိုယ်ပူရှိန်သာ မြင့်သထက်မြင့်လာသည်။

"ဟဲ့-နေဒါ၊ နင်ကျားကိုက်ကို လှေယူပြီး လိုက်သွားစမ်း။ ဆရာမကို ပါအောင်



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ခဲ့။ ကျားကိုက်က ကလေး မလေးလည်း မွေးလောက်ရော ပေါ့"

စောနေဒါကဲတစ်ယောက် အိမ်ပေါ်မှဆင်း၍ ချောင်းရိုး ကမ်းစပ်တွင်ရှိသော လှေတစ်စီးကို ဆွဲယူ၍အမြန်လှော်ချသွားသည်။စောသာထူးနှင့် နန့်အားလေတို့ကား ပူပင်စိတ်ဝင်နေချေပြီကော။ နန့်ပန်းမွှေးလေးမှာ အပူကြီးပြီး သတိလစ်ကာ ကယောင်ကတမ်းများ ပြောနေချေပြီ။

"သွား . . သွား . . မလာနဲ့"

"မလိုက်ဘူး . . မလိုက်ဘူး၊ မခေါ်ကြနဲ့။ အမိုးနဲ့ အပါးတို့ရေ၊ သမီးကို ကယ်ကြပါဦး။ သမီးကို လာခေါ်နေကြပြီ"

"သမီး . . သမီးလေး၊ သတိထားလေ။ အပါးရော၊ အမိုးရော၊ သမီးအကိုကြီးပါ သမီး အနားမှာရှိတယ် . . ။ မကြောက်နဲ့နော်။ ဆရာမလာတော့မယ်။ သမီး ကိုလေး သွားခေါ်နေပြီ"

နန့်အားလေသည် သမီးဖြစ်သူ၏ လက်ကိုကိုင်ရင်း အားပေးသည်။ စောသာထူးက သမီး၏ နဖူးပေါ်လက်တင်ရင်း

"အပါးရှိတယ် သမီး၊ အပါးရှိတယ်"

ဟု ပြော၏။ နန့်ပန်းမွှေး၏ ကိုယ်ငွေ့အပူရှိန်မှာ သူတို့လက်တွင် တရှိန်ရှိန်ထနေသည်။

✽

"အမိုးရေ . . ဆရာမ ပါလာပြီဗျ"

ခြံရှေ့မှသားငယ် စောနေဒါကဲအသံက ထွက်ပေါ်လာသည်။

"ဟဲ့-သားကြီး၊ ရေနွေး အဆင်သင့်လုပ်ထား။ ဆရာမ ပါလာပြီတဲ့"

နန့်အားလေသည် ပြောပြောဆိုဆို ဆရာမလေးကို ဆီးကြိုသည်။ ဆရာမလေးသည် လူနာနံဘေးရောက်သည်နှင့် သူ့လုပ်ငန်းဆောင်တာများကို တရစပ်လုပ်သည်။ သတိလစ်နေသော နန့်ပန်းမွှေး၏ ချိုင်းမှ ကိုယ်ပူချိန်တိုင်းသည်၊ ဆရာမ မျက်လုံးပြူးသွားသည်။

ပြဒါးတိုင်မှာ ပြနေသည့် အပူချိန်က ၁၀၄ ဒီဂရီ ဖာရင်ဟိုက် ကျော်နေသည်။

အပူကျစေရန် ဆေးနှစ်လုံး ဆက်တိုက်ထိုးသည်။ နဖူးပေါ် ရေအေးဝတ် အဆက်မပြတ်တင်ပေးသည်။ ဆေးနှစ်လုံးဆက်တိုက်ထိုးသော်လည်း ချွေးကထွက်မလာ။ ဆီးအိမ်က ဖောင်းတင်းနေသော်လည်း ဆီးကမသွား။

ရေအေးဝတ် နဖူးပေါ် အဆက်မ ပြတ်တင်ပေးနေသော်လည်း အဖျားက ၁၀၄ ဒီဂရီအောက်ကို မဆင်း။ နှလုံးခုန်နှုန်းကလည်း အရမ်းမြန်နေသည်။ ဆရာမလေးထံမှ စကားသံထွက်လာ၏။

"ခုည အမိုးတို့ နန့်ပန်းမွှေးကို ကျိုက်လတ်ဆေးရုံတင်ရင် ကောင်းမယ် အမိုး။ ကျွန်မလည်း တတ်စွမ်းသမျှ အကုန်လုပ်ပေးထားတယ်၊ အဖျားက မကျဘူး"

စောသာထူးထံမှ အသံထွက်လာသည်၊

"အားလေ၊ ဒါဆို ငါ ခုပဲ့ထောင်လိုက်ရှာမယ်။ ဆရာမလေး ကျိုက်လတ်ဆေးရုံကို လိုက်အပ်ပေးပါနော်။ ခု ၁၀ နာရီထိုးနေပြီ။ ပဲ့ထောင်နဲ့ ဆရာမ ရွာကို ပြန်ပေါ့"

ပတ္တာတွင် ကျန်းမာရေး ဆရာမအဖြစ် ၁၀ နှစ်ခန့် ကြာနေပြီဖြစ်သော ဆရာမလေး မြသန္တာကား တစ်ရွာလုံးနှင့် ဆွေမျိုးရင်းချာဖြစ်နေပြီမို့ ပင်ပန်းနေပြီဖြစ်သော်လည်းမငြင်းသာ။

"ဟုတ်ကဲ့ပါ အပါး . . ၊ ကျွန်မ လိုက်ပေးပါ့မယ်"

စောသာထူး အိမ်
သုတ်သုတ်ဆင်းသွားသ
နန့်ပန်းမွှေး၏ န
တင်ထားသော ရေအေး
ကား နှစ်မိနစ်တစ်ကြိမ်
လှယ်နေရ၏။ နန့်အားလေ
တောင်းနေသည်မှာ
ထူးတစ်ယောက် ပဲ့
အဆင်ပြေပါစေဟုသာ
တွင် ပဲ့ထောင်သုံးစီးရှိ
ရွာလူကြီး မန်းဝင်းကြိုင်
တစ်စီး၊ တောင်ပိုင်းမှ ဆ
ပိုင်ရှင် မန်းခင်စိုးတွင်
မြောက်ပိုင်းမှ စောစီဖိုး
တစ်စီး ဖြစ်၏။ စောစီဖိုး
ထောင်ကား ရွာတွင် မ
က များသည်၊ နဝလီလို
သည်မို့ မသေချာ။

တစ်နာရီခန့်အကြာ
စောသာထူးပြန်ရော
သည်။ မျက်နှာမကောင်း

မန်းဝင်းကြိုင်ပဲ့ထော
လည်း မန်းဝင်းကြိုင်ပြ
အစည်းအဝေးသွားတက်
ယူသွားသည်။ မန်းခင်စိုး
ထောင်ကမူ ညနေစောင်း
သို့ ဆန်သွားပို့သည်။ စော
ပဲ့ထောင်မှာ ထုံးစံအတိုင်း
တွင်မရှိ။စောသာထူး အ
ကြောင်းပြောရင်း မှိုင်ပုံချ
၏။

"တို့ . . ဝ နေကြီး



www.burmeseclassic.com

www.burmeseclassic.com

ာင့်ခိုကလွဲလို့ ဘာမှ မတတ်တော့ဘူး အားလေ။ ဇဝနကလည်း မနက်သုံးနာရီ ောက်မှ တို့ရွာရောက်မှာ"

ထိုနေ့ည သန်းကောင်ယံ အလွန်နောက်တစ်နေ့အကူးတွင် စောသာထူးတို့ အိမ်မှ ကျယ်လောင်သော အော်ဟစ်ငိုကြွေးသံက ပတ္တာရွာကလေးအား လှုပ်နိုးလိုက်သည်။

"အေး . . သမီးအလိမ္မာလေးရဲ့ အမိုးတို့ကို ပစ်သွားပြီလား"

❁

နန့်ပန်းမွှေးကား သေပန်းပွင့်သည်ဟု ပြောရပေတော့မည်။ သက်မဲ့ခန္ဓာကိုယ်နှင့် မျက်နှာပြင်တွင်ကား အလှ မပျက်။ ရုတ်တရက် အဖျားကြီးကာ သေဆုံးခဲ့ရသည်မို့ နဂိုဝင်းဝါနေသော မျက်နှာလေးသည် နီရဲနေသည်။

စောသာထူးတို့မိသားစုမှာမူ အချစ်ဆုံးသမီး၊ အချစ်ဆုံး ညီမလေး ရုတ်တရက်သေဆုံးခဲ့ရသည်မို့ ရင်ကွဲပက်လက် ယူကျုံးမရ ဝမ်းနည်းကြေကွဲရပြီကော။ ရွာ၏ ဓလေ့ထုံးစံအရ အလောင်းကို အိမ်မှာ မထားရဘဲ၊ ရွာထိပ်ခမုံချောင်းရိုးနှင့် ပတ္တာချောင်းထောင့် ပတ္တာသုသာန်တွင် အလောင်းစင်ပြင်ကာ ထားရသည်။

ပတ္တာသုသာန်ဟူ၍ . . အမည်တွင်နေသော သုသာန်မှာ အမှန်စင်စစ် ဘုံသုသာန်သာ ဖြစ်ချေ၏။ ကျားကိုက်ရွာမှ သေဆုံးသူ၊ ကညင်ချောင်းရွာမှ သေဆုံးသူများအားလုံးကို ဤသုသာန်တွင်သာ သဂြိုဟ်ကြသည် မဟုတ်ပါလား။ ရွာပြင်ထုတ်ထားရသော အလောင်းစင်တွင် ညဘက်အချိန်များအတွက် မှန်မီးအိမ်တစ်လုံး ချိတ်ဆွဲထားရသည်၊ မနက်လင်းသည်နှင့် မှန်မီးအိမ်ကို ငြိမ်း၍ နေဝင်ဖြိုးဖြတွင် ပြန်ထွန်းရသည်မှာ သဂြိုဟ်ပြီးသည်အထိ ဖြစ်၏။ သုံးရက်ထားပြီးမှ သဂြိုဟ်ကြသည်။ သည့်ထက်တော့ ပိုထားလေ့မရှိ။ အချို့အလောင်းများကား သေပြီးနောက်တစ်နေ့တွင် အနံ့အသက်က ထွက်ချင်သည်။ နန့်ပန်းမွှေး၏ အလောင်းကား သေပြီး နှစ်ရက်ပင်ရှိပြီဖြစ်သော်လည်း ပကတိအတိုင်းသာ ရှိနေ၏။ ယိုယွင်းမှုအလျဉ်းမရှိသေး။ နံနက်ဖြန် နေ့လယ်တွင် နန့်ပန်းမွှေးအလောင်းအား မြေချတော့မည် ဖြစ်၏။

❁

ဇဝနကြီးမော်တော်ကား ခမုံချောင်းရိုးအတိုင်း ဆန်တက်လျက် ရှိသည်။ ချောင်းရေမှာ တိမ်သဖြင့် ချောင်းလယ်အတိုင်း ဆလင်အောင်မောင်း ဂရုစိုက်မောင်းနှင်နေသည်။ ထုံးစံအတိုင်း မော်တော်နှင့် တွယ်ဆက်ထားသော သမ္ဗာန်ပေါ်တွင်မူ ဖိုးထောင်တစ်ယောက်စောင်ခြုံကာ ဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာရှိုက်နေသည်။ ဆောင်းညမို့ အအေးဓာတ်က စိမ့်နေအောင် အေးစက်နေသည်။ ခမုံမှ လိုက်ပါလာသော ခရီးသည်များအား စောင်ကိုယ်စီခြုံလျက် အိပ်သူကအိပ်၊ ဆေးလိပ်ဖွာသူကဖွာနှင့် ရှိနေကြသည်။ ဇဝနကြီး၏ ဆလိုက်မီးကား ခမုံချောင်းရိုးအတွင်း ဟိုသည်ပြေးနေ၏။

ကျားကိုက်ရွာ ကမ်းနဖူးမှ မီးရှိက်အချက်ပြသည်ကို လှမ်းမြင်လိုက်၍ မော်တော်ကို စက်ရှိန်လျှော့ကာသမ္ဗာန်သမား ဖိုးထောင်ထံ သံချောင်းခေါက်ပြီး အချက်ပေးလိုက်သည်။ တစ်ခဏာတွင်ပင် ဖိုးထောင်၏ သမ္ဗာန်သည် ကျားကိုက်ရွာ ကမ်းနဖူးသို့ ဦးတည်ရွေ့လျားနေချေ၏။

ကျားကိုက်ရွာမှ ခရီးသည် ငါးဦးခန့်ရ၏။ အောင်မောင်းသည် စက်ရှိန်ကို ပြန်မြှင့်ကာ ရှေ့ခရီးကို ဆက်လက်ထွက်ခွာ၏။ မိနစ် ၂၀ ခန့် ဆက်လက်ခုတ်မောင်းလျှင် ကညင်ချောင်းရွာနှင့် ပတ္တာရွာသို့ရောက်မည်။ ကညင်ချောင်းနှင့် ပတ္တာရွာက တားလွယ်ခုတ်။ ဇဝနကြီး၏ မီးဆလိုက်ကား ကညင်ချောင်းရွာဖက်သို့ ဦးတည်ကာ လိုက်ပါမည့်ခရီးသည်များအား ရှာဖွေနေသည်။ သို့သော် မည်သည့် မီးအချက်ပြမှုကို မတွေ့ရသေး။ အောင်မောင်းသည် ဆလိုက်မီးကို ပတ္တာရွာဖက်သို့ ပြန်ပြောင်းရွှေ့ထိုးလိုက်သည်။ ပတ္တာရွာချောင်းဖျားနှင့် ခမုံချောင်းဆုံရာတွင် ပတ္တာရွာမှ ခရီးသည်များအတွက် ရေဆင်းတံတားရှိ၏။ ရေဆင်းတံတားဘေးတွင် ပတ္တာသချိုင်း။

ပတ္တာချောင်းဖျား ရေဆင်းတံတားထက်ဆီမှအလင်းတန်းတစ်ခုကအထက်အောက် နိမ့်ချည်မြင့်ချည်နှင့် ထွက်ပေါ်လာသည်ကို ဇဝနကြီးမော်တော်၏ ဆလင်မအောင်မောင်း လှမ်းတွေ့လိုက်သည်။ ပတ္တာမှ မြို့သို့လိုက်မည့်ခရီးသည်များက မီးရှိက်ခေါ်နေသည်ပဲ။ အောင်မောင်းသည် မော်တော်စက်ရှိန်



www.burmeseclassic.com

www.burmeseclassic.com

ကို လျှော့ချလိုက်ပြီး နောက်မှ တွဲသမှာန်သမာ ဖိုးထောင်ထံသို့ သံချောင်းခေါက်၍ အချက်ပေးလိုက်သည်။ ဆောင်းအေးအေးနှင့် စောင်ခြုံကွေးနေသော ဖိုးထောင်မှာ သံချောင်းခေါက်သံကြောင့် မှိန်းနေရာမှ ဖျပ်ခနဲ လန့်နိုးသွားသည်။ ဇဝနကြီးကား ချောင်းလယ်တွင် စက်ရှိန်သတ်ကာ ပတ္တာချောင်းဖျားရေဆင်းတံတားဆီသို့ မီးဆလိုက်ထိုးထားသည်။ ပိန်းပိတ်အောင်မှောင်ကျနေသော နှင်းများအား ဖောက်ထွက်သွားသော ဆလိုက်မီးရောင်ကြောင့် ရေဆင်းတံတားပေါ်တွင် ခရီးသည်သုံးဦးကို အောင်မောင်း တွေ့လိုက်ရသည်။ ယောကျ်ားနှစ်ဦးနှင့် မိန်းကလေးတစ်ဦး။ အိပ်ချင်မူးတူးဖြစ်နေသော ဖိုးထောင်သည် မော်တော်နှင့်တွဲထားသော ကြိုးကိုဖြုတ်ကာ ပတ္တာရေဆင်းတံတားဆီသို့ သမှာန်ကို ဦးတည်လှော်ခတ်လိုက်သည်။ အမြင်အာရုံကြည်လင်ခြင်းမရှိသေးသော သူ၏ မျက်လုံးအစုံကို ပွတ်သပ်ပြီး ရေဆင်းတံတားပေါ်သို့ လှမ်းကြည့်လိုက်သည်။ မော်တော်မှ ထိုးပေးထားသော ဆလိုက်မီးရောင်ကြောင့် တံတားပေါ်တွင် ရှမ်းအမျိုးသားဝတ်စုံဝတ်ဆင်ထားသော လူသုံးဦးရှိနေသည်ကို သိလိုက်သည်။ ဖိုးထောင်၏ သမှာန်မှာ တရွေ့ရွေ့နှင့် ရေဆင်းတံတားနားသို့ နီးကပ်လာ၏။ သို့သော် ဖိုးထောင် မျက်တောင်တစ်ခတ်အတွင်း တံတားပေါ်မှ ခရီးသည်သုံးဦး မရှိတော့။ ပျောက်ခြင်းမလှ ပျောက်သွားလေသည်။ ဖိုးထောင်မြင်ရသည်က မှန်မီးအိမ်လေးထွန်းထားသော ပတ္တာ သချိုင်းမှ နန့်ပန်းမွှေး၏ အလောင်းစင်။

ထိုစဉ် ဖိုးထောင်၏ သမှာန်မှ လူတက်လိုက်ဘိသကဲ့သို့ ငြိမ့်ကနဲ၊ ငြိမ့်ကနဲ ဖြစ်သွား၏။ဖိုးထောင်တစ်ယောက် "အောင်မလေးဗျ"ဟု တစ်ခွန်းအော်ပြီး ဇဝနကြီးသဘော်ဆီသို့ ဒုန်းပြန်လှော်တော့၏။ မော်တော်အနီးကပ်ချိန်တွင်မူ သမှာန်ဟု လူဆင်းသွားသည့်အလား ဦးမော့သွားတော့၏။ သမှာန်အား မော်တော်နှင့်တွဲချည်ပြီးသည်နှင့် ဆလင်ခန်းသို့ ကူးသွားကာ . . .

"ဟော့ -အောင်မောင်း၊ ရေဆင်းတံတားမှာ ဘယ်ခရီးသည်မှမရှိဘူး။ ပတ္တာသချိုင်းထဲမှာပဲ အလောင်းစင်တစ်ခုပဲ ရှိတယ်"

"ဖိုးထောင်ရယ်၊ ငါမီးထိုးကြည့်တာ ယောကျ်ားနှစ်ယောက်၊ မိန်းမတစ်ယောက်ကို အသေအချာတွေ့နေရတာပဲ"

"ဟုတ်ပါတယ်၊ ငါလည်း တွေ့လို့ သမှာန်လှော်သွားတာ[illegible] ပဲ။ တံတားနားရောက်တော့[illegible] တစ်ယောက်မှမရှိတော့ဘူး။ [illegible] ပေမယ့် ငါ့သမှာန်ပေါ် [illegible] တက်သလို ခံစားရတယ်။ [illegible] ကြောင့် ငါ ဒုန်းပြန်လှော်လာ[illegible] တာပေါ့။ မော်တော်နားရောက်[illegible] တော့လည်း လူဆင်းသွားသ[illegible] ပဲကွ"

ထိုအဖြစ်အပျက်ကာ[illegible] ဇဝနကြီးမော်တော်နှင့်လိုက်[illegible] လာသော ခရီးသည်များမှတ[illegible] ဆင့် ရွာနီးချုပ်စပ်သို့ သတင်[illegible] ပျံ့နှံ့သွားတော့၏။

မော်တော်မှ ထိုးပေးထားသော ဆလိုက်မီးရောင်ကြောင့် တံတားပေါ်တွင် ရှမ်းအမျိုးသားဝတ်စုံဝတ်ဆင်ထားသော လူသုံးဦးရှိနေသည်ကို သိလိုက်သည်။ ဖိုးထောင်၏ သမှာန်မှာ တရွေ့ရွေ့နှင့် ရေဆင်းတံတားနားသို့ နီးကပ်လာ၏။ သို့သော် ဖိုးထောင် မျက်တောင်တစ်ခတ်အတွင်း တံတားပေါ်မှ ခရီးသည်သုံးဦး မရှိတော့။ ပျောက်ခြင်းမလှ ပျောက်သွားလေသည်။ ဖိုးထောင်မြင်ရသည်က မှန်မီးအိမ်လေးထွန်းထားသော ပတ္တာသချိုင်းမှ နန့်ပန်းမွှေး၏ အလောင်းစင်။

✿

သည်နေ့ကား နန့်ပန်[illegible] မွှေး ရက်လည်သပိတ်သွတ်[illegible] မည့်နေ့။

စောသာထူး၏တူမ နန့်[illegible] ပန်းမွှေး၏ အစ်မဝမ်းကွဲဖြစ်[illegible] သူ နန်းမူသည် မနက်စောစော[illegible] ကပင် ပတ္တာသချိုင်းသွားကာ[illegible] နန့်ပန်းမွှေးအား တရားနာလာ[illegible] ဖို့ ဖိတ်ကြားခဲ့သည်။ ရွာဦး[illegible] ကျောင်းဆရာတော်အား ဆွမ်[illegible] သက်န်း၊ ဒါတဗ္ဗဝတ္ထုအစုစုတို့[illegible] ကို ဆက်ကပ်လှူဒါန်းသည်။ ဆရာတော်က အနိစ္စတရား[illegible] သင်္ခါရတရားတို့အား ပုံဝတ္ထု[illegible] များနှင့်ဟောကြားကာ ရေစက်[illegible] ချတရားဟောကြား၏။



www.burmeseclassic.com

www.burmeseclassic.com

"သမီးဖိုးမှုရေ . . အပါး [?]ကို အမိုးတို့ လှူဒါန်းမှုအစုစုတို့ [?]အမျှပေးဝေပါတယ်။ရောက် [?]ဘုံဘဝက သာဓုခေါ်ပါ . . [?]မီးရယ်"

စောသာထူး၏ အမျှဝေသံက ဆို့ဆို့နင့်နင့် ရှိလှ၏။ နောက်မှ ကပ်ပါလာသည်က နန့်အားလေ၏ အော်ဟစ် ငိုကြွေးသံ။ စောကလိုမှူးနှင့် စောနေဒါကဲတို့မှာ မျက်ရည်တွေတွေကျပြီး ကြိတ်ကြိတ်ရှိုက်နေသည်။

ဆရာတော်ကား စောသာထူးတို့ မိသားစု ကြေကွဲဝမ်းနည်းနေသည်ကို မကြည့်ရက်၍ တရားဟောပြီးသည်နှင့် ကျောင်းသို့ ပြန်ကြွသွား၏။ ဆရာရင်း၊ ဒကာရင်း တွေ မဟုတ်ပါလား။ ကလိုမှူးတို့ ညီအစ်ကိုမှာ ဖျာများ၊ ကော်ဇောများ သိမ်းဆည်းရန် ပြင်ဆင်နေချိန်ဝယ် ဆရာတော်အား ဝပ်တွားရှိခိုးနေရာမှ မထသူကတော့ အစ်မဝမ်းကွဲ နန်းမူ။

"ဟဲ့-နန်းမူ ထတော့လေ၊ ဆရာတော် ပြန်ကြွသွားပြီ"

နန့်အားလေက နန်းမူ၏ ကျောပြင်ကို ပုတ်၍ ပြောလိုက်သည်။ နန်းမူထလာပါသည်။ သူမ၏မျက်နှာမှာ မျက်ရည်လည်ရွဲနှင့်။ နန်းမူထံမှ အသံထွက်လာသည်။ သို့သော် နန်းမူ၏ ပင်ကိုယ်သံမဟုတ်တော့။ နန့်ပန်းမွှေး၏အသံဖြစ်နေသည်။ စောသာထူးနှင့် နန့်အားလေအား ဖက်၍ငိုပြီးပြောသည်။

"အပါးနဲ့အမိုးရယ်၊ သမီးသွားရတော့မယ်။ သမီးဟာ လူ့လောကကိုခံဝန်ကတိနဲ့ရောက်လာသူပါ။ သမီး ဆယ့်ရှစ်နှစ်အထိပဲ လူ့ပြည်မှာ နေခွင့်ရှိပါတယ်။ ခု သူတို့က ပြန်ခေါ်ကြပြီလေ။ သမီးတို့ ပဲခူး ဒေးစွန်ပါကိုသွားတုန်းက လမ်းမှာ ကားတားတဲ့ လူတွေဟာ သမီးကို ခံဝန်ကတိနဲ့ လူ့ပြည်ကို လွှတ်လိုက်တဲ့ လူတွေပါပဲ။ အသက်ငယ်ငယ်နဲ့ လူက သမီးရဲ့ အစ်ကိုတော်၊ နှုတ်ခမ်းမွေး ကျင်စွယ်နဲ့ ဘကြီးကတော့ သမီးတို့ကို အုပ်ချုပ်နေတဲ့လူပါ"

နန်းမူသည် စောကလိုမှူးနှင့် စောနေဒါကဲတို့အား ဖက်လိုက်ပြန်သည်။

"အစ်ကိုကြီးနဲ့ အစ်ကိုလေးတို့ အပါးနဲ့အမိုးကို စောင့်ရှောက်ပါနော်။ ညီမလေးလည်း စောင့်ရှောက်နေမှာပါ။ ညီမလေးစိတ်ချနေမယ်"

ကလိုမှူးက ငိုသံကြီးနှင့်-

"စိတ်ချပါ ညီမလေးရယ်၊ အပါးနဲ့အမိုးကို အစ်ကိုကြီးတို့ညီအစ်ကို သေတစ်ပန်သက်တစ်ဆုံး စောင့်ရှောက်ပါ့မယ်လို့ ကတိပေးပါတယ်"

"အပါးနဲ့အမိုးတို့ သမီးအတွက် အခါကြီးရက်ကြီးတွေ ဒေးစွန်ပါဘုရားမှာ အလှူဒါနပြုပြီး အမျှဝေပေးပါနော်။ သမီး ပြန်ရတော့မယ်။ သမီး အပါးနဲ့အမိုးကို တွေ့ပြီး မှာစရာတွေရှိလို့ တရားလည်းနာချင်လို့ အသနားခံပြီး လာရတာပါ။ သမီးကို မြေချမယ့်ရက် မနက်အစောကြီးကတည်းက သူတို့လာခေါ်သွားတာ။ ခု သမီးကို ခွင့်ပြုတဲ့ အချိန်စေ့နေပြီ။ သမီးပြန်ရတော့မယ် အပါးနဲ့ အမိုးရယ်။ သမီးကန်တော့ခဲ့ပါတယ်"

နန့်ပန်းမွှေး၏ စကားသံအဆုံးတွင် နန်းမူသည် "ဝါး" ကနဲ တစ်ချက်သမ်းဝေပြီး သတိပြန်ဝင်လာသည်။

"အဒေါ် ကျွန်မ ဘာဖြစ်သွားတာလဲဟင်"

"နင့်ကို ပန်းမွှေးဝင်ပူးသွားတာပေါ့.နန်းမူရယ်"

ဟု နန့်အားလေက ပြောလိုက်ပြီး တစ်ဆက်တည်းပင် ယောကျ်ားဖြစ်သူအား ပြောလိုက်သည်။

"ဟဲ့-သာထူး၊ သမီးလေး လလဲရင် တို့ဒေးစွန်ပါဘုရားမှာ အလှူလုပ်ပြီး သမီးလေးကို အမျှဝေရအောင်နော်"

"အေးပါ . . အားလေရယ်၊ ငါလည်း ဒီလိုပဲ စိတ်ကူးထားပါတယ်"

❁

သို့ဆိုလျှင် နန့်ပန်းမွှေး မြေချမည့်ရက်၊ မနက်လင်းအားကြီးတွင် ပတ္တာရေဆင်း တံတားပေါ်မှာ ဖိုးထောင်၏ သမ္ဗာန်၊ သမ္ဗာန်ပေါ်မှ ဇဝနကြီး မော်တော်ပေါ်သို့ တက်ရောက်လိုက်ပါသွားသော မမြင်ရသည့် ပုဂ္ဂိုလ်များသည် . . . . .။

နေပုည

စာကြွင်း

နန့်ပန်းမွှေး၏ လလဲ ဒေးစွန်ပါဘုရား၌ သွားရောက်လှူဒါန်းအမျှဝေခဲ့သော စောသာထူးတို့မိသားစုမှာ ဘုရားခြေတော်ရင်းတွင် ငါးကျပ်သားခန့် ရွှေဆွဲကြိုးတစ်ကုံးအား ကောက်ရခဲ့သည်ကိုတော့ သူတို့ မိသားစုမှတစ်ပါး အခြားသိသူ မရှိတော့။

(အရှယ်ကောင်းတွင် ကြွေလွင့်သွားရှာသော တပည့်မ နန့်ပန်းမွှေးအား အမှတ်တရ)



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကံဌာနီ ။ ။ နေနွယ်မိုသား သာကီမျိုး ဇာတ်၊ စဉ့်မပြတ်လူး လောင်းမြတ်စည်သူ၊ ဗုဒ္ဓကိုတို့၊ ကြင်သူဝမ်းတိုက်၊ ကိန်းလာကြိုက်သော၊ နွတ်ဝိုက်မင်း လျှာ၊ သားသည်းချာကို၊ ထုတ်ရာထိမ်းမှတ်၊ လွမ်း ဆွတ်ဆွတ်ဖြင့်၊ ဂူမြတ်စေတီ၊ မွေသရီကို၊ နဒီကမ်း ဆွယ်၊ တည်ကိုးကွယ်၏၊ နောက်ဝယ်ကာလ၊ ဤ ဒေသကား၊ ဘုရားသာသနာ၊ ထွန်းသစ်ရာဟု၊ ဣန္ဒြာသက္ကာ၊ သုယာမတို့၊ ညွှန်ပြထောက် ကူ၊ အစောင့်ယူ၏။ နောက်လူ ပေါ ရာယီ၊ မြို့ပြကျယ်၍၊ တင့် တယ်ပွံ့ဖြိုး။ ဘုန်းတန်ခိုး လည်း။ တိုးတက်ဆင့် ပွား၊ ကျော်ထင်ရှား ၍၊ တိုင်းကားပြည်သူ၊ တောင်းဆုယူသည်၊ ရွှေကူမြတ်စွာ စေတီတော်။

ပခုက္ကူမြို့ ကျက်သရေဆောင် သမိုင်းဝင် ရွှေကူမြတ် စွာဘုရားကြီး၏ ထီးတော်တင် အခါတော်ကြား ပိုဒ်စုံရတု မှ စာရေးသူနှစ်သက်သော ပေါက်ကံဌာနီ ရတုပိုဒ်အား ရွှေကူဘုရားစေတီတော်မြတ်ကြီး၏ သမိုင်းကို ထင်ရှား ပေါ်လွင်စေခြင်းငှာ နိဒါန်းတင်ရေးသားလိုက်ပါသည်။ ရွှေကူဘုရားစေတီတော်မြတ်ကြီး၏ မူလ ဒါယကာမှာ အရိမဒ္ဒနံပေါက္ကံပြည့်ရှင် 'သီရိတြိ ဘဝနာဒိတျာပဝရ ပဏ္ဍိတသုဓမ္မရာဇာ မဟာ ဓိပတိ နရပတိစည်သူ' ဖြစ်ဖလသည်။ အလောင်းစည်သူ မင်းကြီးသည် သက္ကရာဇ် ၄၈၆ ခုနှစ်တွင် မိဖုရား ကြီးများ၊ ကိုယ်လုပ်တော် မောင်းမများ၊ မင်းညီ




www.burmeseclassic.com

www.burmeseclassic.com



ရှစ်မျက်နှာစေတီ

မင်းသား၊ မင်းဆွေမင်းမျိုးများ၊ မှူးကြီးမတ်ရာ သေနာပတိများစွာတို့ ခြံရံလျက် ဖောင်စကြာဖြင့် ပေါက္ကံနန်းတော်မှ ထွက်တော်မူ၍ ရောဟဝတီမြစ်ဝိုး ဝဲယာမြို့များကို ကြည့်ရှုစစ်ဆေး စုံစမ်းတော်မူခဲ့လေသည်။

မင်းတရားကြီး၏ ဖောင်တော်ခရီးစဉ်မှာ ပေါက်အင်းဒေသ(ယခုပခုက္ကူ)သို့ ဆိုက်ရောက်တော်မူချိန်တွင် ထိုဒေသရှိ တိုင်းသူပြည်သားများသည် လှည်းနေလှေအောင်း မြင်းဖောင်းမကျန် သောင်းသောင်းဖြဖြ ကမ်းလုံးညွတ်မျှ ကြိုဆိုကြလေသည်။ ထိုစဉ် ဖောင်တော်ပေါ်တွင် အလောင်းစည်သူမင်းတရားကြီးမှ အလွန်ချစ်မြတ်နိုးတော်မူ၍ အရေးပေးခံထားရသော ကိုယ်ဝန်အရင့်အမာနှင့် မယ်စိမ့်ညို ဆိုသည့် ကိုယ်လုပ်မောင်းမတော်သည် ရုပ်ရည်ရူပကာ တင့်တယ်၍ ကိုယ်လုံးကိုယ်ပေါက်နှင့်ပြည့်စုံသော တံငါအမျိုးသားတစ်ယောက်အား မြင်လျှင် သဘောကျပြီး မူယာမာယာများကာ ရယ်မောလိုက်သည်။ မင်းတရားကြီးသည် ထိုသို့မာယာများခြင်းအပေါ် ဒေါသအမျက်ကြီးစွာထွက်လျက် ကြိမ်ဖြင့် ရိုက်နှက်လေရာ လက်လွန်သဖြင့် ထိုနေရာတွင်ပင် ကိုယ်လုပ်တော် မိဖုရားငယ် မယ်စိမ့်ညို ကံတော်ကုန်လေသည်။

အလောင်းစည်သူ မင်းတရားကြီး ဒေါသမချုပ်တည်းနိုင်မှုကြောင့် ကိုယ်လုပ်တော့် မိဖုရားငယ် မယ်စိမ့်ညို ကွယ်လွန်ခဲ့ရကြောင်းကို "မယ်စိမ့်ညို၊ လှပိုမို၊ ကိုယ်နေကည့်ထွား။ စည်သူတွင် ဘုရင်ကွာ၊ ပိန့်ကြိမ်ဒဏ်ချက်ကြောင့် အသက်ဆုံးပါး" ဟူသော ဒွေးချိုးကဗျာ ရှိလေသည်။

အလောင်းစည်သူမင်းကြီးသည် အခြားတစ်ပါးသော ယောက်ျားအပေါ်တွင် စိတ်ရောက်ခြင်းအတွက် ဒေါသမချုပ်တည်းနိုင်ဖြစ်ကာ မှားယွင်းမိသောကြောင့် မှူးကြီးမတ်ရာ သေနာပတိတို့အား ဖောင်တော်ပေါ်ရှိ အစည်းအဝေးဆောင်တွင် ခေါ်ယူစေပြီး မယ်စိမ့်ညိုအား ဖောင်တော်ပေါ် တင်ယူဆောင်ခဲ့ရမည်။ သင့်တင့်သောနေရာတွင် အခမ်းအနားနှင့် သဂြိုဟ်တော်မူမည် စသည်ဖြင့် မိန့်ကြားတော်မူပြီး ဖောင်တော်အား ထွက်တော်မူစေသည်။

ဖောင်တော် ထွက်ခွာမည်အပြုတွင် မယ်စိမ့်ညိုမှ ကိုယ်လုပ်တော်တစ်ယောက်အား ပူးပြီး မင်းတရားအား သူမမည်သို့မည်ပုံ နေထိုင်စားသောက်ရမှာလဲ ဟု မေးသဖြင့် ဖောင်တော်ဆိုက်ကပ်ရာ အရပ်အနီးတွင် နတ်ကွန်းငယ်တစ်ခု အပိုင်စားပေးခဲ့လေသည်။

ထိုဆိပ်ကမ်းအနီးနေလူများအား သင့်လျော်သည့်အခါများတွင် ယင်းနတ်ကွန်းအား စားဖွယ်သောက်ဖွယ်များ၊ ပန်းမန်သနပ်ခါးများ စသည်တို့ဖြင့် ပူဇော်ပသရမည်ဟု အမိန့်တော်ရှိခဲ့လေသည်။

ထိုစဉ်က ရွှေကူဘုရားတည်ထားနေရာသည် လှေလုပ်ရောင်းချ စသောက်



www.burmeseclassic.com

www.burmeseclassic.com

မွေးသူတို့နေထိုင်ရာ ရွာကလေးဖြစ်သည်။ ထိုရွာအနီးသို့ ဖောင်တော်ကို ဆိုက်ကပ်စေတော်မူ၍ အခမ်းအနားနှင့် ပြင်ဆင်ပြီး ကိုယ်လုပ်တော် မယ်စိမ့်ညို၏ ဝမ်းမိုက်ကို ခွဲစေရာ ရုပ်ဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော သားသူငယ် အလောင်းကို တွေ့လေရာ မင်းကြီးသည် ယူကျုံးမရဖြစ်လျက် –

"ဒေါ်သထားများစွာ၊ စင်စစ်ဆိုးစွာ၊ မကောင်းစွာ့တကား"စသည်ဖြင့် နောင်တ တစ်ဖန်များစွာ ပူပန်ခြင်း ဖြစ်လေသည်။ ထို့နောက် မယ်စိမ့်ညိုအား အခမ်းအနားဖြင့် ဂူသွင်းသင်္ဂြိုဟ်စေတော်မူခဲ့လေသည်။

အလောင်းစည်သူမင်းကြီးသည် သားငယ်အလောင်းကို ယခု ရွှေကူဘုရားစေတီတော် အနောက်ဘက်တွင် ဂူတည်သွင်းနှံစေတော်မူခဲ့လေသည်။ ဤဂူကား သာ့မန်ပုဂ္ဂိုလ်၏ ဂူမဟုတ်။အရိမဒ္ဒနံပေါက္ကံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီး၏ ကိုယ်လုပ်မိဖုရား မယ်စိမ့်ညို၏ သားတော်ဂူဖြစ်သည်ဟု အမှတ်အသားကိုလည်း ပြုစေတော်မူခဲ့လေသည်။ ၎င်းဂူအနီးတွင် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များဖြင့် စေတီတော်တစ်ဆူလည်း တည်ခဲ့လေသည်။ အလောင်းစည်သူမင်းတရားကြီးသည်လည်း ထိုနေရာမှ ဆက်လက်ကြွမြန်းတော် မမူတော့ဘဲ ပေါက္ကံရွှေနန်းတော်သို့ ပြန်၍စုန်တော်မူသည်။

အလောင်းစည်သူမင်းကြီး တည်ခဲ့သော သားတော်ဂူနှင့် စေတီတော်သည် နောင်အခါတွင် ပြိုပျက်ယိုယွင်းလာသဖြင့် လှေလုပ်လှေသူကြီးတစ်ဦး မတံည်၍ အုတ်ဂူကိုပြုပြင်ပြီး စေတီတော်ကို ဆင်းတုတော်မြတ်ကြီးနှင့်တကွ မှန်လိုဏ်ပါသော စေတီကြီးတစ်ဆူ တည်ဆောက်ကိုးကွယ်ခဲ့သည်။ စေတီတော်တစ်ဆူလုံး ရွှေသင်္ကန်းကပ်လှူပူဇော်ကြသဖြင့် အုတ်ဂူအနီးရှိ၍ ရွှေရှိသောဂူဘုရား၊ ရွှေဂူဘုရား။ ရွှေကူဘုရားဟူ၍ တွင်လေသည်။

တစ်ချိန်က အရိမဒ္ဒနံ ပေါက္ကံပြည့်ရှင်အလောင်းစည်သူဘုရင်မင်းမြတ်ကြီးအား ရွှေရင်မအေး ဘဝင်ဆူပေးသည့် မယ်စိမ့်ညို၏ ကံတော်ကုန်ရာ အလွမ်းရွာမှာ ကာလကြာသော် သားကို ထုတ်ယူ ဂူတည်သောကြောင့် သားထုတ်ဂူရွာဟု အမည်တွင်လေသည်။ ထိုမှတစ်ဖန် သားထုတ်ဂူ၊ သထုတ်ဂူဟု ခေါ်ဆိုရာမှ အဆင့်ဆင့်ပြောင်းလဲ၍ ပခုက္ကူဟုအမည်တွင်လေသည်။

မြို့အား ပခုက္ကူဟု တွင်သကဲ့သို့ ရွှေကူစေတီတော်ဟုတွင်ခဲ့သော စေတီတော်မြတ်ကြီးသည် သက္ကရာဇ် ၁၃၃၇ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်နေ့ ညနေ ၆ နာရီ ၃၅ မိနစ်တွင် လျှပ်ပြင်းထန်စွာ လှုပ်သဖြင့် ဂန္ဓကုဋီစေတီတော်ကြီးမှာ ကွဲအက်ယိုယွင်း၍ အချို့အစိတ်အပိုင်းများ ကျိုးပဲ့ပျက်စီးလေသည်။ ထိုငလျင်ဒဏ်ကြောင့် ပုဂံညောင်ဦးမှ စေတီပုထိုးများလည်း အများအပြား ပြိုကျပျက်စီးခဲ့သည်။

ပခုက္ကူ ရွှေကူမြတ်စွာဘုရားစေတီတော်မြတ်ကြီးအား၊ ဂေါပကအဖွဲ့ဝင်လူကြီးများမှ ဦးစီး၍ စေတီရံ ၄၀ ဆူနှင့် ရှစ်မျက်နှာလိုဏ် မှန်သုံးဆင့်ပါဝင်သည့် ယခုလက်ရှိ စေတီတော်ကြီးကို ပြန်လည်တည်ဆောက်ခဲ့ကြသည်။ ရွှေကူစေတီတော်ကြီးနှင့် ကပ်လျက်တွင် ရွှေကူကျောင်းတိုက်ကြီး ရှိသည်။ ထိုကျောင်းတိုက်ကြီးသည် ရွှေကူဘုရား တည်ဦးစပုဂံခေတ်ကစတင် တည်ဆောက်ခဲ့သော ကျောင်းတိုက်ကြီး ဖြစ်လေသည်။ ရွှေကူကျောင်းတိုက်မှ ရဟန်းတော်များ ရှမ်းပြည်နယ်သို့ သာသနာရေးကိစ္စဖြင့် ကြွတော်မူရာမှအပြန် မတ်ရပ်ဆင်းတုတော်သုံးဆူကို ပင့်ဆောင်လာတော်မူကြသည်။ ယင်းသုံးဆူအနက်မှ တစ်ဆူမှာ [illegible] မြတ်စွာဘုရား စေတီတော်မြတ်[illegible] သီတင်းသုံးလျက်ရှိပြီး နှစ်စဉ် သီ[illegible] ကျွတ်လပြည့်ကျော် ၁ ရက်နေ့ ည[illegible] ရွှေကူမြတ်စွာဘုရား မီးအပူဇော်ခံ [illegible] တရီ ကွန့်ချိကြွမြန်းတော်မူသော ဆင်[illegible] တော်မြတ်ကြီး ဖြစ်သည်။

ရွှေကူမြတ်စွာဘုရား ဆင်းတု[illegible] မြတ် စံပယ်သောမှုရာ တံကဲတော်[illegible] အနုပညာလက်ရာ အလွန်ပြောင်မြောက်[illegible] လှပြီး ပခုက္ကူသား ပန်းပုသမားတို့ ထွင်[illegible] ထုထားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင်[illegible] ထိုတံကဲတော်မျိုး နှစ်ခုသာရှိပြီး နှစ်[illegible] စလုံးမှာ ပခုက္ကူမြို့တွင်ပင် တည်ရှိ[illegible] ရွှေကူမြတ်စွာဘုရားကြီးမှ တံကဲတော်ကြီး[illegible] နှင့် ပခုက္ကူမြို့တွင်ပင် တည်ရှိပြီး ရွှေကူ[illegible] မြတ်စွာဘုရားကြီးမှ တံကဲတော်ကြီးနှင့် ပခုက္ကူရွှေတန့်တစ် သရက္ခန်ဘုရား[illegible] တံကဲတော်ကြီးတို့ ဖြစ်သည်။

ရှေးပုဂံခေတ် အနုပညာလက်ရာများအား ဘယ်ပညာရှင်အစွမ်းဖြင့် တည်ဆောက်ခဲ့သည်မသိဟု တွေးကြည့်ရုံသာ တွေးနိုင်သော်လည်း ပခုက္ကူမြို့ရှိ ရွှေကူ တံကဲတော်ကြီးမှာ ယခုမျက်မှောက်ခေတ်ကာလတွင်ပင် ပခုက္ကူသားများမှ ထွင်းထုထားပြီး သက်တမ်းအားဖြင့် နှစ် ၁၀၀ လောက်သာ ရှိသေးလေသည်။

ထိုတံကဲတော်ကြီးအား မည်မျှ လက်ရာမြောက်၍ ရှေးပုဂံခေတ်လက်ရာများနှင့် နှိုင်းယှဉ်ရသနည်းဟု အဆိုရှိလျှင် မြန်မာတစ်နိုင်ငံလုံးတွင်သာမက ကမ္ဘာ့အံ့ချီးဖွယ်ရာ တံကဲတော်ကြီး ဖြစ်သောကြောင့်ပင် ဖြစ်၏။ ကမ္ဘာ့နိုင်ငံခြားသားသုတေသီများမှလည်း တံကဲတော်ကြီးအား လာရောက်၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူကြလေသည်။

တံကဲတော်မှာ အမြင့် ၁၂ ပေ၊ ၁၀ လက်မရှိ၍ အလျား ၅ ပေ၊ ၁၀



www.burmeseclassic.com


www.burmeseclassic.com

ထား၏ ရှိသည်။ တံကဲတော်၏ ထုမှာ ထားသည်မှာ ပန်းရှစ်ထပ်နှင့် ယမနေသား ငါးတုံးပေါ်တွင် ရုပ်လုံးဖော်ထားခြင်း ဖြစ်သည်။ လူရုပ်၊ တိရစ္ဆာန်ရုပ်နှင့် အခြား အရုပ်ပေါင်း ၁၈၁ ရုပ်ပါဝင်၍ လေးနှစ် ကျော်ထုလုပ်ခဲ့ရသည်။ တံကဲ၏ ညာ ဘက်တွင် အလှူရှင်အမည် (မဆီးဆံ၊ ကိုးတင်ခါ။ မမယ်သင်) ကောင်းမှုဟု ထု လုပ်ထားပြီး ဘယ်ဘက်တွင် (ဩဘဦးကံ ကြီး၊ သားမောင်တေ)ဟု ထုလုပ်သူကို ကျောက်တမ်းတင် ထွင်းထုထားခဲ့ပါသည်။

တံကဲတော်ကြီးအား ပခုက္ကူမြို့ ဆေးဟောင်းရပ်တွင်နေထိုင်သော ကျောင်း အမကြီး ဒေါ်ဖီးဖံသည် သက္ကရာဇ် ၁၂၆၉ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်နေ့မှစ၍ ပခုက္ကူမြို့ ရွှေကူရပ်နေ ပန်းပုဆရာကြီး ဦးကံကြီးနှင့် သားမောင်တေတို့အား သက်ခကြေးငွေ ၄၀၀ (လေးထောင်) ကျပ်ဖြင့် ယမနေသား ငါးတုံးပေါ်တွင် ထုလုပ်စေ၍ ရွှေကူအပူဇော်ခံ မဟာရပ် ဆင်းတုတော် မြတ်စွာဘုရား သီတင်း သုံးရန် လှူဒါန်းခဲ့လေသည်။ ထို့နောက် ၁၃၀၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့ တွင် ဒေါ်ဖီးဖံ၏သမီး ကျောင်းအမကြီး ဒေါ်မြစ်မှ ထပ်မံပြင်ဆင်မွမ်းမံခဲ့လေသည်။

သမိုင်းဝင်ရွှေကူစေတီတော်မြတ် ကြီး၏ ပရိဝုဏ်အတွင်းတွင် မြေစိုက် စေတီတော် ခြောက်ဆူနှင့် ရှစ်မျက်နှာ ဘုရား စေတီနှစ်ဆူ၊ နဂါးရုံမြောက်ဘက် မှခ်လှည့်ဘုရားတစ်ဆူ ဖူးတွေ့ရပါသည်။

ဘုရားကြီး၏ အနောက်ဘက်တွင် အာရုံခံတန်ဆောင်းတော်ကြီးနှင့်တကွ ရေသွင်းခံပြာသာဒ်၊ သမိုင်းဝင် သားထုပ်ဂူ နှင့် တဝဂူဘုရား နှစ်ဆူတို့ကို ဖူးတွေ့ရပါ သည်။ စေတီတော်ကြီး၏ အနောက် မြောက်ထောင့်အနီးတွင် ရွှေကူဘုရား သမိုင်းနှင့် ဆက်စပ်လျက်ရှိသော မယ်စိမ့် ညို နတ်နန်းအဆောင်ငယ် ရှိသည်။



နောင်တော်ကြီးစေတီ

ယခုအခါ သမိုင်းဝင် ရွှေကူဘုရား ကြီးအား ဂေါပကလူကြီးများ ဖြစ်သည့် ဦးမြင့်အောင် ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန် ဒု-ဥက္ကဋ္ဌနှင့် ဦးသိန်းမောင် ဘဏ္ဍာရေးမှူး တို့မှ ဦးဆောင်၍ အဖက်ဖက်မှ ပြင်ဆင် မွမ်းမံလျက်ရှိသည်။ ရွှေကူမြတ်စွာဘုရား ကြီး ဒေသစာရီ ကွန့်ချိုကြွမြန်းတော်မူ သော လပြည့်ကျော် ၁ ရက်နေ့တွင် စည်ကားသိုက်မြိုက်စေရန် ရန်ကုန်မြို့မှ ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင်များအား ငှားရမ်း၍ ရာဇာဝင်၊ ဒေဝါဝင်းများ၊ မီး စောင်းတန်း မီးမှန်ကြီးများ၊ အငြိမ့်အမျိုး အစားစုံပါသည့် ကားတန်းကြီးများနှင့် မြို့တွင်းသို့ လှည့်လည်မီးပူဇော်ပွဲသည်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကြီးကျယ်ခမ်းနားစွာ ကျင်းပမြဲဖြစ်သော ဘုရားမီးလှည့်ပွဲတော်ကို ယခုနှစ် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နေ့ည ဒေသစာရီကြွချီ ပူဇော်ရာတွင် ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီမေသန်းနု၊ မိုးယံ ဇွန်၊ ထက်မိလျှံသူတို့မှ လိုက်ပါပူဇော်ပြီး စိန်ကျော်သဘင်' ဝင်းမင်းဇာတ်အဖွဲ့မှ ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် မိုးဇက်နှင့် ခေါင်းဆောင်မင်းသား ဝိုင်းစုတို့မှ မိုး အလင်း ကပြပူဇော်သည်။

ရွှေကူဘုရား မီးပူဇော်ခံမည့်နေ့တွင် မည်မျှပင် မိုးသည်းထန်စွာ ရွာသွန်းနေစေ ကာမူ ရွှေကူမြတ်စွာဘုရားကြီး ဒေသ စာရီ ကွန့်ချီကြွမြန်းတော်မူချိန်ရောက် လျှင် ယတိပြတ် တိတ်ဆိတ်၍ ရပ်စဲသွား တော့သည်။

တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံ တော်မူသော ရွှေကူစေတီတော်မြတ်ကြီး သည် ရာသီသုံးပါးစလုံး အစဉ်အမြဲ ဆိတ် ငြိမ်အေးချမ်းလှသဖြင့် တရားထူး တရား မြတ်ရှာရာ သူတော်စင်များ ပုတီးစိပ် တရားထိုင်သည့်နေရာလည်း ဖြစ်သည်။

စေတီတော်ကြီးအား ယခင် ၈-၃-၂၀၀၈ ခုနှစ်တွင် ဂေါပကအဖွဲ့မှ ဦးစီး ၍ ရွှေသင်္ကန်းကပ်လှူပူဇော်နေစဉ် ရောင် ခြည်တော်များ ကွန့်မြူးတော်မူသည်။

ရွှေကူမြတ်စွာဘုရားကြီးသည် ပုဂံ ခေတ် အလောင်းစည်သူဘုရင်မင်းမြတ် ကြီးမှ စတင်တည်ထား ကိုးကွယ်ခဲ့ပြီး ယခုတိုင် ဗုဒ္ဓဘာသာဝင်တို့ ကြည်လင် မြတ်နိုးကုသိုလ်ပြုရာ နိဗ္ဗာန်ဆိပ်ဦး ဖြစ် လေတော့သည်။

ရွှေကူဘုရားရှိခိုး

သုပါကဋ္ဌ အစိဋ္ဌေယျ၊ သာဓာတု ကံ အတိတ္တိကံ။

ရွှေကူ၄ ဗုဒ္ဓရှုပကံ၊ ဝန္ဒာမိ သိရသာ ဒရံ။

ယခုအခါတွင် ပခုက္ကူမြို့သည် မြန်မာနိုင်ငံ မြေပုံအနေအထားအရ ဧရာ ဝတီမြစ်ကမ်း၏ အနောက်ဘက်တွင် တည်ရှိသော မြို့ကြီးတစ်မြို့ဖြစ်၍ ဧရာ အနောက်မြို့တော်ဟုလည်း တင်စားခေါ် ဆိုကြသည်။

နိုင်ငံတော်အစိုးရမှ မြန်မာတစ်နိုင်ငံ လုံးတွင် အရှည်ဆုံးဖြစ်သည့်အပြင် မီး ရထားလမ်းနှင့် ကားလမ်းပါဝင်သော ဧရာဝတီတံတားပခုက္ကူကို တည်ဆောက် လျက်ရှိသည်။ ထိုသို့သော တံတားကြီး မတည်ဆောက်မီကပင် ပခုက္ကူမြို့သည် ကြီးမား၍ ခံ့ညားသော တက္ကသိုလ်ကြီး များနှင့် နိုင်ငံတော်မှ တည်ဆောက်ထား သော စက်ရုံကြီးများ အများအပြား တည် ရှိပေသည်။

၎င်းတို့မှာ . . . ပခုက္ကူတက္ကသိုလ်၊ ပခုက္ကူနည်းပညာတက္ကသိုလ်၊ ပခုက္ကူ ကွန်ပျူတာတက္ကသိုလ်၊ ပခုက္ကူပညာရေး ကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်း ကျောင်း။ စက်မှုသင်တန်းကျောင်း။ လက် မှုသင်တန်းကျောင်း။ နယ်စပ်ဖွံ့ဖြိုးရေး ကျောင်း စသည့် ကျောင်းပေါင်းများစွာ အပြင် ပခုက္ကူ အမှတ်(၃) စီးကရက်စက် ရုံ၊ စက်မှု(၁) ချည်မျှင်နှင့် အထည်စက်ရုံ၊ မြန်မာ့မီးရထားလုပ်ငန်း ကွန်ကရစ် ဇလီ ဘားတုံးစက်ရုံ၊ မြန်မာချည်ထည်အပြင်၊ ပခုက္ကူစက်မှုဇုံမှ ကားစက်ရုံ၊ ဆိုင်ကယ် စက်ရုံ၊ အထပ်သားစက်ရုံ စသည်ဖြင့် စက်ရုံကြီးများ မြောက်မြားစွာ တည်ရှိပေ သည်။

ပခုက္ကူမြို့၏ လမ်းပန်းဆက်သွယ် ရေးမှာ ပခုက္ကူလေယာဉ်ကွင်း။ ပခုက္ကူ မြန်မာ့မီးရထားဘူတာရုံကြီး အဝေးပြေး ကားကွင်းနှင့် အဝေးပြေးကုန်တင်ကား ကြီးကွင်းတို့ ဖြစ်သည်။

ပခုက္ကူမြို့တွင် ကြီးမားသော တမာပင်ကြီးများက နေရာအနှံ့အပြားတွင် တည်ရှိနေပြီး မြို့ပတ်လည် လယ်ကွင်း ယာကွင်းများတွင် အညာဒေသ၏သရုပ် ကိုဆောင်သော ထန်းပင်ထန်းတော လွှမ်းမောစရာများက ရှုမျှော်မဆုံး တစ် တောလုံး တည်ရှိနေပေသည်။ ပခုက္ကူမြို့ အမြင့်တစ်နေရာမှ အရှေ့ဘက်ဆီသို့ လှမ်းမျှော်ကြည့်လျှင် ပုပ္ပါးတောင်မကြီးကို မြင်တွေ့ရပြီး၊ အနောက်ဘက်ဆီသို့ လှမ်း မျှော်ကြည့်လျှင် သနပ်ခါးပင်များပေါက်ရာ ရှင်မတောင်ကြီးကို မြင်တွေ့ရသည်။

အညာဒေသ၏ လွှမ်းမောဖွယ်ရာ ရှုမျှော်ခင်းများကို ခံစားရင်း ပခုက္ကူတွ အမည်တွင်ခဲ့သည့် သမိုင်းဝင် ရွှေကူ မြတ်စွာဘုရားကြီးသို့ တစ်ခါတစ်ခေါက် ဖြင့် လာရောက်၍ ဖူးမြော်စေချင်ပါတော့ သည်။

ပခုက္ကူမြို့လေး တည်နေရာ
ဧရာဝတီ အနောက်ကမ်းမှာ
တစ်ဖက်မှာလေ ပုဂံညောင်ဦး
ဆည်းလည်းသံတွေမြူး။
တောင်တန်းများက ဝန်းလို့ရံ
အရှေ့နောက်တစ်ဖန်
ရာဇဝင်မှာ ထင်ကျော်ကြား
ရှင်မတောင်နဲ့ ပုပ္ပါး။
ထန်းပင်ထန်းတော လွှမ်းမောစရာ
အညာဌာနေမှာ
ပန်းရနံ့တွေ ကြူကြူမွှေး
တမာတောမြို့လေး။
တမာတောသို့ ရောက်လျှင်သာ
ဖူးမြော်ဝင်လှည့်ပါ
ပခုက္ကူဟု ခေါ်တွင်သွား
သမိုင်းဝင် ရွှေကူဘုရား။

ပန်းတမာ(ပခုက္ကူ)

ကျမ်းကိုး

ရွှေကူဘုရားသမိုင်း။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com






မောင်မြင့်မား(ဘိုကလေး)

# တွေ့ကြုံခဲ့ရ ထိုလောက

မမြင်အပ်သော သတ္တဝါများထဲတွင် သရဲ၊ တစ္ဆေ၊ ဖုတ်၊ သဘက်၊ ကျတ်၊ မြေဖုတ်၊ ဥစ္စာစောင့်၊ ရက္ခစိုး၊ နတ်စိမ်း၊ ဘီလူးတစ္ဆေ စသည်တို့ ပါဝင်မည်ဟု စာရေးသူ ထင်သည်။ ထိုမမြင်အပ်သော သတ္တဝါများသည် ရံဖန်ရံခါ၌ လူတို့အား ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကိုယ်ထင်ပြခြင်း၊ အနံ့ပေးခြင်း၊ ခြောက်လှန့်ခြင်း၊ အချို့သည် အိပ်မက်ပေးခြင်း စသည်ဖြင့် လူတို့သိအောင် ပြုလုပ်ကြသည်။

ထိုသို့ပြုလုပ်ကြခြင်းသည် အသိပေးလို၍လည်းကောင်း၊ စားချင်သောက်ချင်၍လည်းကောင်း၊ လူတို့၏အမျှအတန်းပေးဝေခြင်းကို နာယူလို၍လည်းကောင်း ပြုလုပ်ကြသည်။ ထိုသို့ပြုလုပ်ကြခြင်းကို ယေဘုယျအားဖြင့် သရဲခြောက်သည်ဟုပင် မှတ်ယူကြသည်။ ထိုမမြင်အပ်သော သတ္တဝါများသည် များသောအားဖြင့် လူသူကင်းဝေးရာတွင် နေထိုင်တတ်ကြသည်။ မီးရောင်နှင့် ဝေးကွာရာတွင် နေထိုင်တတ်ကြသည်။ မြို့ကြီးပြကြီးလို လင်းထိန်နေသော နေရာမျိုးကို ရှောင်ရှားကြသည်။

လူသူနီးစပ်ရာ၊ လူစည်ကားရာမျိုးတွင် လုံးဝမရှိနိုင်ဘူးလားဟု မေးစရာရှိသည်။ ထိုမေးခွန်းကို ဖြေရန်အတွက် စာရေးသူ၏ မိတ်ဆွေတစ်ယောက် အတွေ့အကြုံကို ပြောပြချင်ပါသည်။

စာရေးသူ၏ မိတ်ဆွေသည် ဝန်ထမ်းတစ်ယောက် ဖြစ်သည်။ အေးအေးဆေးဆေး နေတတ်သည်။ ဒေါသနည်းသည်။ လောဘနည်းသည်။ အလွန်သည်းခံတတ်သည်။ အများအတွက်အနစ်နာခံတတ်သည်။ ဘာသာရေးကို လေးစားသည်။ စာရေးသူနှင့် အပေါင်းအသင်းမိတ်ဆွေဖြစ်ချိန်ကစ၍ ယနေ့အထိ ဒေါသကြီးတာ တစ်ခါမျှ မတွေ့ဖူးသေး။ ဒါပေမဲ့ သူက စနေသား။ ဘာသာတရားလေးစားသည်ဆိုရာဝယ် စာရေးသူအမြင်အရ သာမန်လောက်ဟု ထင်ရသော်လည်း အနီးကပ်ပေါင်းကြည့်သောအခါ ဝိပဿနာအလုပ်ကို အချိန်ရသရွေ့ လုပ်သူဖြစ်သည်။ လူသိအောင်လုပ်သူမဟုတ်။

သို့ဆိုလျှင် စာရေးသူမိတ်ဆွေ၏ အခြေအနေကို သဘောပေါက်လောက်ပြီဟု ယူဆပါသည်။ နောက်တစ်ခု သူ၏ ထူးခြားချက်က အကောင်းမြင်တတ်သူဖြစ်သည်။ မည်သည့်ကိစ္စမဆို အဆိုးဘက်ကမတွေး။ အကောင်းဘက်ကတွေးတတ်သည်။ အခက်အခဲဒုက္ခမှန်သမျှကို ပြုံးကလေး ရင်ဆိုင်ဖြေရှင်းတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ကြီးလေးပါး၏ သဘောအရ တစ်ကြိမ်တွင် သူအကြီးအကျယ် နေမကောင်းဖြစ်သည်။ သတိလစ်သွား၍ အခြေအနေဆိုးဝါးလောက်အောင် ကျန်းမာရေး ချို့ယွင်းနေသောကြောင့် အရေးပေါ်ကားဖြင့် ရန်ကုန်မြို့ထဲရှိ ဆေးရုံတစ်ခုကို တင်လိုက်ရသည်။ သူဆေးရုံတက်ချိန်တွင် စာရေးသူ မရှိ။ နယ်ကိုရောက်နေသည်။ သူဆေးရုံတွင် နှစ်ပတ်လောက်နေရပြီး နေကောင်းလာသောကြောင့် ဆေးရုံက ပြန်ဆင်းလာရသည်။ သူဆေးရုံတက်ပြီး အလုပ်ပြန်ဆင်းလာမှ ဆေးရုံတက်စဉ်က ထူးဆန်းသော အတွေ့အကြုံများကို သူပြောပြသည့်အတိုင်း စာရေးသူ ပြန်ပြောပြပါမည်။

သူ့ကို အရေးပေါ်ကားဖြင့် ဆေးရုံခေါ်သွားစဉ်က သူသတိရတစ်ချက် မရတစ်ချက် ဖြစ်နေသည်။ ကားနဲ့တင်ခေါ်သွားသည်ကို သူသိနေသည်။ ကားသွားနေရင်း သတိရလိုက်၊ မေ့သွားလိုက်။ ကားပေါ်ကချပြီး ကပ်နဲ့သယ်သွားရန်လုပ်နေစဉ် သူသတိရသွားသည်။ သတိရမနေချိန် ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ ဆေးရုံ၏ သံဆန်ခါအပြင်ဘက်နေရာတွင် မမြင်အပ်သော သတ္တဝါများ ကြီးကြီးသေးသေး အရွယ်မျိုးစုံ။ တချို့ ကလေးအရွယ်ပင် ပါလိုက်သေးသည်။ သံဆန်ခါအပြင်ဘက်တွင်ကျနေသော အကြွင်းအကျန်များကို ကောက်စားနေကြသည်။ ၎င်းတို့အနားတွင် လူများက ဥဒဟိုဖြတ်သွားနေကြသည်ကို မြင်လိုက်ရသည်။ သူသည် ဝိပဿနာအလုပ်ကို လုပ်သူဖြစ်သောကြောင့် ကြောက်စိတ်မရှိ။ နောက်သူ သတိမေ့သွားပြန်သည်။

သူသတိပြန်ရလာသောအခါ သူ့နှာခေါင်းတွင် ပိုက်တန်းလန်းနှင့်။ သူ့ဇနီးများနှင့် ဆရာမတစ်ယောက် အနားတွင်တွေ့ရသည်။ သူနေ့တစ်ဝက်လောက် သတိမေ့နေကြောင်း ပြောသံကြားနေရသည်။ ဘေးပတ်ဝန်းကျင်တွင် လူနာခုတင်များနှင့် လူနာများ၊ လူနာစောင့်များကို မြင်နေရသည်။ သို့သော် ဆေးရုံခုတင်ကြို ခုတင်ကြား လူများအကြားမှ ဖြတ်သွားကာ ကြမ်းပြင်ပေါ်တွင် ကျနေသော စားကြွင်းစားကျန်များကို အလုအယက် ကောက်စားနေကြသော မမြင်အပ် သတ္တဝါများကို သူမြင်နေရသည်။

> ညဘက်တွင်လည်း
> အခန်းတံခါး
> ပိတ်ထားလျက်နှင့်ပင်
> တံခါးကို ဖောက်ဝင်လာကာ
> ဖြတ်သွားနေကြသော
> သတ္တဝါများကို တွေ့ရသည်။
> အကောင်အထည်က
> လူနဲ့တူတာတွေလည်း
> ပါသည်။ မတူတာတွေလည်း
> ပါသည်။ တချို့လူနာများက
> အသံကျယ်ကျယ်ဖြင့်
> ဘုရားထိုင်ရှိခိုးနေလျှင်
> ချက်ချင်း ထွက်ပြေးသွား
> ကြသည်။

ညဘက်တွင်လည်း အခန်းတံခါး ပိတ်ထားလျက်နှင့်ပင် တံခါးကို ဖောက်ဝင်လာကာ ဖြတ်သွားနေကြသောသတ္တဝါများကို တွေ့ရသည်။ အကောင်အထည်က လူနဲ့တူတာတွေလည်း ပါသည်။ မတူတာတွေလည်း ပါသည်။ တချို့လူနာများက အသံကျယ်ကျယ်ဖြင့် ဘုရားထိုင်ရှိခိုးနေလျှင် ချက်ချင်းထွက်ပြေးသွားကြသည်။

သူဆေးရုံတက်ပြီး (၃-၄)ရက်လောက်ကြာသောအခါ အတော်အသင့်နေထိုင်ကောင်းလာပြီဖြစ်၍ ထိုင်ကာ ထမင်းစားနေစဉ် တခြားခုတင်တစ်လုံးက လူနာတစ်ယောက်က အသည်းအသန် ဖြစ်ကာ ဆရာဝန်တွေရော၊ သူနာပြု ဆရာမတွေရော ယောက်ယက်ခတ်နေစဉ် ဝရန်တာမှ မျက်နှာပေါက်စိုးစိုးသတ္တဝါ တစ်ကောင်က ထိုခုတင်ကို ကြည့်ကာ လက်ယပ်ခေါ်နေသည်။ ထိုအဖြစ်အပျက်ကို စာရေးသူ၏မိတ်ဆွေက ရုပ်ရှင်ပိတ်ကားပေါ်တွင် ကြည့်နေရသလို အတိုင်းသား မြင်နေရသည်။ သိပ်မကြာလိုက် ထိုမျက်နှာပေါက်ဆိုးဆိုး သတ္တဝါက လူတစ်ယောက်၏လက်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲကာ ခေါ်သွားတော့သည်။

ထိုကဲ့သို့ ခေါ်သွားပြီး သိပ်မကြာလိုက်။ လူနာတင်တွန်းလှည်းဘစ်ခု စာရေးသူ၏ ခုတင်ခြေရင်းကနေ ဖြတ်ကာ ယူလာသည်။ ထိုတွန်းလှည်းပေါ်တွင် လူတစ်ယောက်တင်ကာ တွန်းလှည်းပြန်ထွက်သွားသည်။ သူသိရလိုက်ရသည်ကား ထိုခုတင်ကလူ ဆုံးသွားပြီဟူသော သတင်းပင် ဖြစ်သည်။

တစ်ပတ်ခန့်ကြာသောအခါ ကျန်းမာရေးအတော်ကောင်းလာ၍ လမ်းလျှောက်ကြည့်နေစဉ် ဝရန်တာအပေါ်ထပ်မှ အောက်ထပ်သို့ အမှတ်မထင်ငုံ့ကြည့်လိုက်ရာ ဆေးရုံအပြင်ဘက် သံဆန်ခါအနားတစ်လျှောက်တွင် လူများစွန့်ပစ်ထားသော တံတွေးများ၊ သလိပ်များ၊ အခြားအညစ်အကြေးများကို ကောက်ကာ စားသောက်နေသော ပုံသဏ္ဌာန်အမျိုးမျိုးနှင့် သတ္တဝါများကို တွေ့နေရသည်။ နေ့လယ်နေခင်းထက် ညနေစောင်း နေဝင်ရီတရော အချိန်တွင် ပိုများသည်။

တစ်ခါသော် ဆေးရုံအရေးပေါ် လူနာတင်ကား အသံပေး၍ဝင်လာချိန်တွင် သူထွက်ကြည့်လိုက်သောအခါ လူနာတင် ကားဘေးတွင် တိုးလိုးတွဲလောင်းခို၍လိုက် လာကြသော မမြင်အပ်သောသတ္တဝါများ ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏မိတ်ဆွေသည် ဆေးရုံ ရောက်၍ သတိရစဉ်ကတည်းက မေတ္တာ ပို့ခြင်း၊ အမျှပေးဝေခြင်း၊ တရားရှုမှတ် ခြင်းတို့ကို မိုးလင်းမှ အိပ်မပျော်မီအချိန် အထိ လုပ်နေသောကြောင့် အနီးအပါးမှ ဖြတ်သန်းသွားလာနေသော ထိုသတ္တဝါ များက စာရေးသူ၏မိတ်ဆွေကို လှည့်၍ ပင်မကြည့်။ ရှိသည်လို့လည်း မထင်။ အနီးအပါးကိုလည်း မလာကြဟု သိရ သည်။

သူနေမကောင်း၍ ဆေးရုံတက်စဉ် က မြင်ကွင်းကို သူပြောပြ၍ သိရခြင်း ဖြစ်သည်။ နောင်ကိစ္စတစ်ခုနှင့် ထိုဆေး ရုံကိုရောက်သောအခါ ယခင်တွေ့ခဲ့ဖူး သော မမြင်အပ်သောသတ္တဝါများကို မတွေ့ တော့ဟု သိရသည်။ မြင်ချင်လို့လိုက်ရှာ သော်လည်း ရှာလို့မတွေ့ဟု သိရသည်။ စာ ရေးသူ၏မိတ်ဆွေက သူနေမကောင်းစဉ် က သွေးလေချောက်ချားလို့ ဒါတွေကို မြင်ခဲ့ရတယ်ထင်တယ်ဟု သူ့အယူအဆ ကို ပြောပါသည်။

တစ်ချိန်က နိုင်ငံခြားသို့အပြီးအပိုင် သွားရောက်ကြသော နိုင်ငံခြားသားများ အပိုင် အခန်းများကို ပြည်သူပိုင်သိမ်းစဉ် ကာလကဖြစ်သည်။ စာရေးသူ၏ သူငယ် ချင်း၏ မိဘများသည် အဆက်အသွယ် ကောင်းသောကြောင့် ရန်ကုန်မြို့လယ် တွင် တိုက်ခန်းတစ်ခန်းရသည်။ သူ့မိဘ များက တိုက်ခန်းရပြီး သိပ်မကြာမီ နယ် ကို အလုပ်ပြောင်းရွှေ့သွားသောကြောင့် ရန်ကုန်တွင် ကျောင်းတက်နေသော သူ ငယ်ချင်းက စမ်းချောင်းရှိ သူ့အဒေါ်အိမ် တွင်နေကာ နယ်ကိုမလိုက်တော့ဘဲ ကျန် နေခဲ့သည်။

သို့သော် သူ့မိဘများနေခဲ့သော ရန်ကုန်မြို့လယ်ရှိ တိုက်ခန်းကို (၃-၄) ရက်တစ်ခါလောက် သွားရောက်ကာ သန့်ရှင်းရေးလုပ်ခြင်း၊ ဖုန်သုတ်ခြင်းများ ထုပ်တိုင်း ကျွန်တော်ပါ သူနှင့်အတူ ပါ သွားသည်။ စာမေးပွဲနီးသောအခါများတွင် ထိုအခန်းမှာ စာကျက်ကြသည်။ ညအိပ် ညနေတော့မနေတတ်။ သူနှင့် ကျွန်တော် သည် နေရာချင်း ဝေးသောကြောင့် ကျောင်းမှာတွေ့စဉ်အခါမှသာ တစ်ယောက် နှင့်တစ်ယောက် အချိန်းအချက်လုပ်ကာ ထိုအခန်းကို သွားကြခြင်းဖြစ်သည်။

တစ်ရက်တွင် သူက …

"ငါဟိုအခန်းကို မသွားတော့ဘူး ကွာ"

"ဘာဖြစ်လို့လဲ"

"နေ့လယ်ဘက် ငါအိပ်ခန်းထဲမှာ စာထိုင်ဖတ်နေတုန်း … မိန်းမကြီးတစ် ယောက် ကျောခိုင်းပြီး မီးဖိုခန်းထဲမှာထိုင် နေတာတွေ့လို့။ အဝတ်အစားက သူတို့ ဘာသာခြားလူမျိုးတွေဝတ်တဲ့ အဝတ် အစားအတိုင်းပဲ"

"ဟုတ်ရဲ့လားကွာ။ နေ့ခင်းကြောင် တောင်ကြီး တွေ့တယ်ဆိုတော့"

"ဩော် … မင်းကို ငါလိမ်ပြော ရမလား။ ဒါဆိုရင် မင်းလိုက်ကြည့်ပါ လား"

"ငါ မင်းနဲ့ မကြာခဏလိုက် ဖူးပါတယ်။ စာလည်း လာကျက်ဖူးပါ တယ်။ အဲဒီတုန်းက မတွေ့ဖူးပါဘူး"

"အေး … အဲဒါကြောင့် မင်းမယုံ ရင် နောက်ငါနဲ့ မကြာခဏလိုက်ခဲ့လို့ ပြောတာ"

ထို့ကြောင့် သူနှင့် ကျွန်တော်ချိန်း ကာ ထိုအခန်းကို သွားကြသည်။ သူငယ် ချင်းက သူထိုင်နေသောနေရာနှင့် သူ တွေ့သောနေရာကို ကျွန်တော့်ကိုပြသည်။ ကျွန်တော်က တစ်ခုခုလုပ်လိုက်၊ ထိုနေ ရာကိုလှမ်းကြည့်လိုက် မိနစ်မခြား မကြာ ခဏကြည့်နေသောကြောင့်လားမသိ၊ သူ ပြောသော မိန်းမကြီးဆိုတာ စာရေးသူ မတွေ့။ သူလည်းမတွေ့။ နောက်တော့ (၃-၄)ခေါက် သွားတာတောင် မတွေ့ သောအခါ သူရော ကျွန်တော်ရော လက် လျှော့သွားသည်။

တစ်ရက်တွင်ဖြစ်သည်။ သူနှင့် ကျွန်တော် 'တော်ဝင်'ရုံတွင် နိုင်ငံခြား ရုပ်ရှင်ကားတစ်ကားကြည့်ပြီး တိုက်ခန်း ကို ခဏဝင်ကြရန် စိတ်ကူးရသည်။ ထို့ ကြောင့် တိုက်ခန်းကိုခဏဝင်ကာ သန့် ရှင်းရေးလုပ်၊ အပန်းဖြေကြသည်။ သူက ဝရန်တာဘက်ကိုထွက်ကာ လူသွားလူ လာများကို ငေးနေစဉ် ကုလားထိုင်တစ် လုံးတွင် ထိုင်ကာ ကာတွန်းစာအုပ်တစ် အုပ်ကိုဖတ်နေသော စာရေးသူက အမှတ် တမဲ့ အိမ်အတွင်းခန်း မီးဖိုဘက်ကို မျက် လုံးရောက်သွားသည်။ လားလား … စာရေးသူ ခေါင်းကြီးသွားသည်။

မီးဖိုခန်းထဲတွင် ကျောပေး၍ ကြမ်း ပေါ်တွင် အကျအနထိုင်နေသော မိန်းမ ကြီးတစ်ယောက်။ သူတို့ဘာသာခြားလူ မျိုး၏ အဝတ်အစားများကို ဝတ်ထား သည်။ စာရေးသူ သုတ်ခနဲထကာ သူ ငယ်ချင်းရှိရာ ဝရန်တာဘက်ကို ထွက် လာခဲ့သည်။ မပြောရဲသေး။ သူနှင့်အတူ တိုက်ခန်းကနေပြန်လာပြီးမှ သူ့ကို အဲဒီ အကြောင်းပြောပြရသည်။ နောက်လည်း အဲဒီ တိုက်ခန်းကို မသွားရဲတော့။

သူငယ်ချင်း၏ မိဘများရောက် လာမှ ထိုအကြောင်းကိုပြောပြ၍ သူတို့ သိကြသောအခါ သူငယ်ချင်း၏မိဘများ က ဘုန်းကြီးများပင့်ကာ ပရိတ်ရွတ်ခြင်း၊ အမျှအတန်းပေးဝေခြင်းများ လုပ်လိုက် သောအခါမှ နောင်တွင် မတွေ့ရတော့ ဟု သိရသည်။ ကျွတ်လွတ်၍ တခြား တစ်နေရာသို့ ရောက်ရှိသွားဟန်တူပါ သည်။


ထို့ကြောင့် ပရလောကသားများ သည် မြင်ရတွေ့ရ၍သော်လည်းကောင်း၊ မမြင်ရမတွေ့ရ၍သော်လည်းကောင်း လူ နှင့် အလှမ်းမကွာသော နေရာများတွင် ရှိတတ်ကြောင်း စာရေးသူသဘောပေါက် လိုက်မိပါသည်။

မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# တမလွန်ဘဝမှ ဖွေးဖေဖေဖေါ် မေတ္တာ

မြနန်းရှင်

ကျွန်မသည် ခရီးတစ်ခုကို ခြေလျင်လျှောက်၍ သွားနေပါသည်။

“ဟဲ့ . . . ခင်ခင် . . လာ . . လာ၊ ငါလမ်းပြပေးမယ်။ လမ်းခွဲတွေက များတယ်။ မမသွားတဲ့နောက်ကလိုက်လာခဲ့”

ကျွန်မ၏ တစ်ဦးတည်းသောအစ်မဖြစ်သူ အေးအေးက ရှေ့မှ ဦးဆောင်ကာ ခေါ်သွားခြင်းဖြစ်ပါသည်။ အစ်မအေးအေး၏ ပုံစံမှာ နုပျိုတက်ကြွ လှပနေသည်။ သူမတို့ လှမ်းကြည့်မိရာ လေအဟုန်ထဲမှာ လမ်းလျှောက်ရင်း ရှေ့မှ ဦးဆောင်ကာ ခေါ်သွားခြင်းပင်။ ခရီးမှာ မိုင်ပေါင်းများစွာ ကွာဝေးလွန်းပေသည်။ ခြေလျင်လျှောက်နေသော ကျွန်မကား ပင်ပန်းသဖြင့် . . .

“မမ . . . ငါ့ကို ဘယ်နေရာခေါ်သွားတာလဲ။ အဝေးကြီးဆိုရင် ငါမလိုက်ချင်ဘူး”

ကျွန်မက ပြောရင်း ငြင်းဆန်မိပါသည်။ တစ်ခါမျှ မရောက်ဖူးသော်လည်း မြန်မာပြည်နယ်စပ်တစ်နေရာဆိုတာကို စိတ်က သိနေပါသည်။ အစ်မအေးအေး၏ မျက်နှာအမူအရာမှာ ကျွန်မအပေါ် အားကိုးတကြီးနှင့် တောင်းပန်သည့် အကြည့်နှင့် ကြည့်ရင်း . . .

“ညီမရဲ့ ကူကလေးကို ရှာပေးပါ၊ တွေ့အောင်ရှာပေးပါ”

အစ်မ၏စကားအပေါ် နားမလည်၊ သဘောမပေါက်စွာ ငေးငိုင်ကြည့်နေသော ကျွန်မအား အစ်မက မျက်ရည်ဝဲရင်း . . .

“ငါ့သားလေး ဒုက္ခရောက်နေတယ်။ ငါ့သားလေး နေမကောင်းဖြစ်နေတယ်”

သောကဗျာပါဒကြီးစွာဖြင့် အစ်မ၏ တစ်ဦးတည်းသော သားအတွက် ကျွန်မကို ရှာဖွေခိုင်းခြင်း ဖြစ်ပါသည်။ အစ်မ၏ပုံစံကိုမြင်ပြီး သနားစိတ်ဝင်ကာ

“အေးပါ . . . ညီမရှာပေးပါ့မယ်”

ဆိုသော ကတိစကားပြောပြီးကာမျှရှိသေး အစ်မသည် ဗွေ့ခနဲ၊ ဖျတ်ခနဲ ကျွန်မ၏ရှေ့မှ ပျောက်ကွယ်သွားခြင်းကို တအံ့တဩခံစားရင်း အိပ်ရာထက်မှ ကျွန်မနိုးထလာမိသည်။

တကယ်တော့ မိနစ်၊ စက္ကန့်ပိုင်းမျှသာဆိုသော်လည်း ကျွန်မအတွက် ထူးခြားသည့်နိမိတ်၊ အိပ်မက်ဖြစ်လို့နေသည်။ ဆန်းကြယ်သော အိပ်မက်ဆန်းကြောင့် ကျွန်မ၏ စိတ်အစဉ်မှာ လွန်ခဲ့သော ၁၉၇၈ ခုနှစ်ဆီသို့ ရောက်ရှိသွားပါတော့သည်။

အစ်မအေးအေး၏ အသက်သည် ထိုအချိန်က ၂၃ နှစ်မျှသာ ရှိပါသည်။ သူ့မှာ တီဘီရောဂါအပြင် တင်ပါးမှ အကြိတ်နာကို အပ်နှင့်ဖောက်မိသဖြင့် မေးခိုင်ပိုးလည်း ဝင်နေပါသည်။ ရောဂါဝေဒနာပြင်းထန်ချိန်မှာ ယောက်ျားဖြစ်သူသည် ရောဂါကူးမှာစိုး၍ ရှောင်ပြေးခဲ့

www.burmeseclassic.com

လေ၏။ သုံးနှစ်အရွယ် သားမမည်နှင့် အစ်မအား မွေးစားမိဘနှစ်ပါးက ခေါ်ယူ ပြုစုစောင့်ရှောက်ရင်း ဝေဒနာဆိုးဝါးလာသဖြင့် အင်းစိန်မြို့နယ်ရှိ အောင်ဆန်း ဆေးရုံသို့ ပို့ခဲ့ရပါသည်။

ထိုခေတ်ကာလမှာ နိုင်ငံခြားဆေးဝါး လွန်စွာရှားပါးသောအချိန်။ အစ်မအတွက် ကျွန်မ၏အဖေသည် နီးစပ်ရာ လူကြီးများနှင့် ဆက်သွယ်ကာ ရန်ကုန်မြို့ရှိ ဆေးရုံတကာလှည့်၍ ဆေးရှာနေရချိန်ဖြစ်ပြီး။ နိုင်ငံခြားရှိ မိတ်ဆွေများထံ ဆေးမှာကာ အစားထိုးပြန်ပေးနိုင်ရန် ကတိအခါခါပေး တောင်းပန်လို့နေရသည်။

ကျွန်မတို့နေသည်က သုဝဏ္ဏ။ အစ်မက အင်းစိန်အောင်ဆန်း ဆေးရုံမှာ ဆေးကုသရသည်။ ခက်ခက်ခဲခဲ ဆေးဝါးရှာရပြန်သော်လည်း အချိန်မီ ဆေးမရသဖြင့် အစ်မသေဆုံးခဲ့ရပါသည်။ ထိုအချိန်က အစ်မတွင် တစ်ဦးတည်းသောသား 'ဒိုဒို' ကျန်ရစ်ခဲ့သည်။ ဝဝကစ်ကစ်၊ လုံးလုံးပြည့်ပြည့် ချစ်စရာ မျက်နှာနှင့် ရုပ်ချော၊ စကားတတ်သော 'ဒိုဒို' အပေါ် မြင်သူတိုင်း ချစ်ကြ၊ သနားကြ၊ မျက်ရည်ကျကြရသည်။ လူမမည်သားငယ် ချစ်စဖွယ်အား လူ့လောကမှာ မထားရက်ချင်သော်လည်း သခါရတရားသဘောအရ မလွန်ဆန်နိုင်၍သာ ထားပစ်ခဲ့ရလေသည်။

မိခင်သေဆုံးတာတောင် နားမလည်သော 'ဒိုဒို' အား အစပိုင်းမှာ ဖအေဘက်က ခေါ်၍ ကြည့်ရှုထားသည်။ နောက်ပိုင်း ကလေးတာဝန်ကြီးမားပုံရသဖြင့် စတုတ္ထတန်းမှာ ကျွန်မနှင့်အတူ လာနေရန်ခေါ်ထားခဲ့သည်။ သည့်နောက် အဘိုး၊ အဘွားက ပညာသင်ကြားပေးရင်း အိမ်ထောင်ကျသည့်အထိပင်။

အစ်မနှင့်ပတ်သက်၍ သေဆုံးခါစ ထူးခြားချက်များ ရှိခဲ့ပါသည်။ ညဦး(၂) ချက်တီးအချိန်မှာ အစ်မဝိညာဉ်ချုပ်သွားခဲ့သည်။ ထိုအချိန်ကာလမှာ အလုပ်သမား၊ အရေးအခင်းဖြစ်ခြင်းကြောင့် ညမထွက်ရပုဒ်မ-၁၄၄ ထုတ်ပြန်ထားသဖြင့် အကြောင်းကြားရန် ခက်ခဲသည်။ ယခုခေတ်လို တယ်လီဖုန်းမလွယ်ကူ၍ အစ်မဆုံးကြောင်း မိသားစုများ မသိကြပါ။

ထုံးစံအတိုင်း အစ်မ၏ မွေးစားအမေသည် နံနက်(၈)နာရီအရောက် ဆေးရုံသွားရန် ယူဆောင်စရာပစ္စည်းများ ခြင်းတောင်းထဲသို့ ထည့်လို့နေစဉ် ခေါင်းရင်းကပ်လျက်အိမ်မှ ကရင်လူမျိုး အမျိုးသမီးသည် သူမအိမ်ရှေ့ ကွပ်ပျစ်ပေါ်ထိုင်၍ သူမ၏ လသားအရွယ် ကလေးငယ်ကို နို့ချိုတိုက်ကျွေးနေသည်။ ခဏအကြာ အဲ့ခနဲ ကလေးငိုသံကြားရပြီး ကွပ်ပျစ်ပေါ်မှာ ကလေးကိုပစ်ချထားခဲပြီး မွေးစားအမေရှိရာသို့ ငိုရင်းပြေးလာကာ ...

"အမေ ... အမေရဲ့ ... အီး .. ဟီး ... ဟီး"

ဟူ၍ အော်ကာငိုရင်း အမေ့ကို ထိုင်ကန်တော့လေ၏။

"အမေ ... သမီးတော့ ရေတိမ်နစ်ပါပြီ အမေရဲ့။ သမီးကို ဘယ်သူမှ မကယ်နိုင်တော့ပါဘူး။ သမီးအဝေးကြီးကို သွားရတော့မယ်။ သမီးရဲ့သားလေးကို ဘယ်သူမှ မပေးပါနဲ့နော်။ သားလေးကို အမေပဲ ကြည့်ရှုစောင့်ရှောက်ပေးပါနော်"

ရုတ်တရက်အဖြစ်အပျက်ကြောင့် အားလုံးထိတ်လန့်ကုန်၏။ ကရင်မလေး၏ယောက်ျားခမျာ သူ့မိန်းမ ခုလို ဘာမဆိုင် ညာမဆိုင် ငိုကာယိုကာ ပြောဆိုနေပုံကြည့်ပြီး နားမလည် ရှက်လည်းရှက်နှင့် ပြန်ဆွဲခေါ်သည်၊ မရပါ။ မွေးစားအမေ၏ ခြေထောက်ကို အတင်းပင် ဖက်တွယ်ထားလေသည်။ ဆက်လက်ကာ ငိုရှိုက်ရင်း ...

"သမီးရဲ့သားလေကို ဘယ်သူမှ မပေးပါနဲ့နော်အမေ ... နော်"

အမေလည်း စဉ်းစားမရ၊ ဘာမှန်းမသိ တွေဝေနေဆဲ။ ကိုယ့်ရှေ့မှာ မျက်ရည်ကျတာ မြင်ရ...က အမေလည်း မျက်ရည်မထိန်းနိုင်။ အတန်ကြာမှ ...

"အေးပါကွယ် ... အေးပါ"

ဟူ၍ အမေက ဆိုလေမှ ...

"ဒါဆို သမီးစိတ်ချသွားပါပြီ အမေရယ်။ သမီးရဲ့သံသေတ္တာသော့က ခုတင်ရဲ့ ခေါင်းရင်းထောင့် ဖျာအောက်မှာ ရှိပါတယ်၊ သေတ္တာထဲမှာ သားလေးအတွက် ဆောင်းတွင်းဝတ်ဖို့ အနွေးထည်အသစ်၊ ခေါင်းစွပ်၊ ခြေစွပ် ရှိပါတယ်။ သေတ္တာရဲ့ ညာဘက်ထောင့် မီးပူထားတဲ့အောက်မှာ သားလေး ကျောင်းထားဖို့ စုထားတဲ့ငွေ နှစ်သောင်း အမေသိမ်းထားပေးပါ။ သမီးသမီးသွားရတော့မယ် ... ကန်တော့ ကန်တော့ခဲ့ပါတယ် အမေ"

ရှိုက်ငိုဦးချ ငိုယိုပြီး ကရင်မလေး သတိမေ့လဲကျသွားလေတော့သည်။ မျက်စိက ကရင်မလေးသတိရအောင် ဝိုင်းဝန်းပြုစုရင်း မွေးစားအမေ၏ စိတ်ထဲမှာ ဆေးရုံမှာ ဘာများဖြစ်နေပြီလဲဟု တွေးဆနေဆဲမှာ ညက ဆေးရုံစောင့်ကျသော ကြီးဒေါ်၏သားသည် စက်ဘီးဖြင့် အမောတကော ရောက်ရှိလာပြီး ...

"အဒေါ်ရေ ... ညဦး ၂ နာရီက အေးအေးဆုံးသွားပြီတဲ့"

"ဘာ ..."

"စောစောက အဖြစ်အပျက်နှင့် ယခုရောက်ရှိလာသော သတင်းစကားတို့ ဆက်စပ်မိကာ အဖြေပေါ်သွားတော့သည်။ ဇာတ်ရည်လည်ကြကာမှ ငိုပွဲဆင်လေတော့သည်။

"ညမထွက်ရအမိန့်ရှိတော့ ကျွန်တော်တို့ ချက်ချင်းလာမပြောနိုင်ခဲ့ဘူး"

ဟူ၍ တူဖြစ်သူက ရှင်းပြလေ၏။ ကျွန်မတို့ ဆေးရုံရင်ခွဲရုံသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး အစ်မ၏အလောင်းအခြေအနေအား ကြည့်ရှုရာ မျက်လုံးနှစ်လုံးမှာ လုံးဝ မှိတ်မရသလို ဆေးရုံအဝင်အထွက် လမ်းဘက်သို့ ဖက်စောင်းကာနေ၏။ ပြန်လှည့်မရပါ။ သူမသေခင် သူ့သားလေးကို တွေ့ချင်ရှာ၍ မျှော်နေဟန်ပင်။ တကယ်တော့ သူမ၏သားလေးအတွက် စိတ်မချသောစိတ်က ရုပ်ခန္ဓာမှ နာမ်ခန္ဓာ မတတ်သာ၍ ထွက်ခွာပေးခဲ့ရသော်လည်း အစ်မ အေးအေးသည် သူ၏သားထံမှာသာ သံသရာလည်ကာ ရစ်ဝဲလို့နေပေသည်။

× • × • ×

ယခု ကျွန်မအား အိပ်မက်ပေးသော ကာလမှာ အစ်မ ကွယ်လွန်တာ ၃၄ နှစ်ပင် ရှိပါပြီ၊ သူ၏သားပင် အသက် ၃၇ နှစ်ရှိ၍ အိမ်ထောင်ကျကာ နိုင်ငံခြားသင်္ဘောသားဖြစ်ပြီး ကလေးနှစ်ယောက်အဖေပင် ဖြစ်လို့နေပါသည်။

တူလေး 'ဒိုဒို'မှာ သင်္ဘောကို မနားမနေလိုက်၍ ရှာဖွေကာ မိန်းမနှင့် သားနှစ်ဦးကို ပြည့်စုံအောင် ထားပေးပါသည်။ သို့သော် မိန်းကလေးမှာ ယခုခေတ် ချဲထီ၊ နှစ်လုံးထီ လောင်းကစားမှာ မွေ့ပျော်ရင်း အိမ်ထောင်ရေးကျင့်ဝတ်ဖောက်ဖျက်။ ယောကျ်ားဖြစ်သူက ပင်လယ်ထဲ အသက်စွန့်ရှာဖွေနေပေမဲ့ ကိုယ်ချင်းမစာ။ ယောကျ်ားဖြစ်သူ နိုင်ငံခြားက ဖုန်းဆက်တာနှင့် ကလေးတွေအတွက် အကြောင်းပြကာ ငွေပြီးရင်းငွေသာ ပို့ခိုင်းလေတော့သည်။

နောက်ဆုံး အကြွေးက ပတ်လည်ဝိုင်း။ လောင်းကစားအတွက် အိမ်ရှိပစ္စည်းများလည်း ရောင်းချ၊ ဂဏန်းရဖို့ ချဲဂဏန်းပေးသည့် ဘုန်းကြီး၊ ဘိုးတော်စုံအပြင် နတ်ကတော်ချပေးသော ဂဏန်းကို ယုံကာ ရွှေကမကျေသော နှစ်လုံးထီကြွေးအတွက် အဆပေါင်းများစွာတင်ကာ ရိုက်၍ ရှိသမျှ ပုံအောလေသောအခါမှာ ခဲလေသမျှ လွဲချော်လေသဖြင့် ချဲဒိုင်က ချဲကြွေးလာတောင်း ဆဲဆိုနှင့် ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲ။

ထိုသို့သော သတင်းအစုံအလင်ကို နိုင်ငံရပ်ခြားမှာ အသက်စွန့်ဒုက္ခခံ ရှာဖွေကျွေးနေရသည့် 'ဒိုဒို'လည်း ခိုင်လုံတိကျသော သူ့မိန်း၏ သတင်းများရပြီးနောက် အဆက်အသွယ် ဖြတ်တောက်ကာ သင်္ဘောစာချုပ်ပြည့်သောအခါ နိုင်ငံခြားကပင် တခြားသင်္ဘောလိုင်းဆက်တက်ရန် ခိုကပ်နေရင်း သင်္ဘောက မတက်ရသေး။ ဗီဇာပြည့်၍ စတေးရှောင်ရ၊ နောက်တစ်နိုင်ငံကူးရနှင့် လက်ထဲရှိငွေ လုံးပါးပါးကာ ဒုက္ခကြုံနေရရှာသည်။

ယခင်က ကျွန်မတို့ ဆွေမျိုးများအပေါ် ပမာမခန့်ဆက်ဆံ၊ အဖက်မလုပ်သော ဒိုဒိုရဲ့မိန်းမ. ခုမှ အမေကယ်ပါ၊ အဘကယ်ပါ။ ခင်ပွန်းကြီးဆယ်ပါး ပြစ်မှားခဲ့သူပင်။ ဒိုဒိုထံ ဖုန်းဆက်သွယ်သော်လည်း လုံးဝမရရှိ။ သားကြီးလေးမှာ ဆယ်တန်းနှစ်ချင်းပေါက်အောင်သော်လည်း တက္ကသိုလ်ဆက်တက်ခွင့် မရရှာ။ ကြုံရာကျပန်း ဝင်လုပ်ကိုင်ရင်း ဘဝရပ်တည်နေရရှာသည်။ ကလေးတွေ၏ အနာဂတ်ဘဝများ ရိုက်ချိုးဖျက်ဆီးခံရရှာသည်။ သူတို့အဆင်ပြေစဥ်ကာလဝယ် မိန်းကလေးဘက်မှ မိဘမောင်နှမများ ဝင်ထွက်သွားလာ စားသောက်တောင်းယူသုံးစွဲခဲ့ကြ၏။ ဘဝအခြေမလှ ပြေးကပ်လာသော သင်္ဘောသားကတော်ဟောင်းသမီးကို ပညာမဲ့သောသူများက အတက်နှင့်ခွပ်ကာ အနားကပ်မခံတော့။ သူမထင်ထားတာနှင့် မိဘမောင်နှမတို့၏ သာတုန်းကနား၊ နာလို့ သူမပြန်နားတော့ အနားမခံ။ ဘဝမှာ အိပ်မက်ပင် မမက်ဖူးအောင် လက်ငင်းချက်ချင်း နေစရာမရှိ၊ စားစရာမရှိ။ အခြေအနေမဲ့ဘဝကို ရင်ဆိုင်ရတော့သည်။

× • × • ×

ဤသို့အဖြစ်အပျက် တစ်နှစ်ခွဲအကြာမှာ ထူးထူးခြားခြား နှစ်သုံးဆယ်ကျော် ကွယ်လွန်ခဲ့သော အစ်မဖြစ်သူမှ အိပ်မက်ပေးလာသဖြင့် ကျွန်မ စဉ်းစားရလေပြီ။ နှံ့နှံ့စပ်စပ်ရှိသော သူငယ်ချင်း မြမာလာရွှေနှင့် တိုင်ပင်ကာ ဘယ်မြို့၊ ဘယ်နိုင်ငံတွင် ရောက်ရှိနေမှန်းမသိ၊ သေသလား၊ ရှင်သလားမသိ။ အစအန ပျောက်နေသော တူတော်မောင်လူပျောက်ကို အင်တာနက်မှာတင်၍ ကျွန်မ ရှာဖွေရတော့သည်။

အမြဲတမ်း အင်တာနက်နှင့် အလုပ်လုပ်သော မြမာလာဆွေခများ သူမတို့ ထိန်းကျောင်းခဲ့ရသော ဒိုဒိုအပေါ် သံယောဇဉ်ကြီးစွာဖြင့် မပြတ်တမ်း သတင်းလွှင့်တင်ပေးထားလေသည်။

တစ်လကာလအထိ သတင်းက မရသေး။ ၂၀၁၂ ခုနှစ်၊ ဖွန်လ ပထမပတ်မှာ Internet မှ အဆက်အသွယ်ရလာသည်။ ထိုင်းနိုင်ငံရှိ မြန်မာလူမျိုး 'ကိုမျိုး'ထံမှ ဖြစ်သည်။ သူသိသော 'ကိုဒိုး'ဆိုတာများ ဖြစ်မလားမသိဘူးဟူသော အကြောင်းကစတင်၍ E-mial ရလာသည်။ အချက်အလက်များ မေးကြ၊ ဖြေကြ။

တကယ်တော့ ကျွန်မသည် ဒိုဒိုးအမေ မရှိကတည်းက ကျွေးမွေးစောင့်ရှောက်လာရသော တူဆိုပေမဲ့ ကိုယ့်သားကဲ့သို့ ချစ်သော်လည်း တူလေး အိမ်ထောင်ကျပြီး မိန်းကလေးအနေအစား စရိုက်လက္ခဏာမှာ ကျွန်မတို့အသိုင်းအဝိုင်းနှင့် စိတ်ဓာတ်ချင်းမကိုက်ညီသဖြင့် တစ်ရပ်ကွက်တည်း နေသော်လည်း သူ့စိမ်းဆန်ဆန်နေခဲ့ရသည်၊ မိန်းကလေးက မခေါ်မပြောရဘူးဆို၍ ဒိုဒိုးမှ သူ့.



www.burmeseclassic.com

www.burmeseclassic.com

အား သဘောသားဖြစ်အောင် ဆောင်ကျဉ်းပေးသော အဘိုး အဘွား ဦးလေး၊ အဒေါ်တို့ကို လမ်းတွေ့တာပင် မခေါ်မပြောရဲသည့်အဖြစ်မို့ ကျွန်မတို့ကသာ နားလည်ခွင့်လွှတ်ခဲ့ပါသည်။

ထိုထိုသော ခင်ပွန်းကြီးဆယ်ပါး ဖြစ်မှားချက်တွေ ဂိုနေသဖြင့် တုလေး ဒိုဒိုးမှာ ကျွန်မထံသို့ ဖုန်းမဆက်သွယ်ရဲကြောင်း တစ်ဆင့်ကားပြန်ကြားသောသဖြင့် အိပ်ပက်ပေး၍ရှာနိုင်းသော သူ့မိခင်ကိုယ်စား စိတ်မကောင်းဖြစ်ရခြင်း၊ စိတ်ပူပင်ရခြင်းတွေ ဖြစ်ရပြန်သည်။ ဦးလေး ဘကြီးများက ကျေးဇူးမသိတတ်ကဲ့ကောင် ပစ်ထားလိုက်ဟူ၍ စိတ်မျက်စကားနှင့် ဥပေက္ခာပြုနိုင်းကြသည်၊ ကျွန်မအနေနှင့်ကျတော့ ကိုယ်တိုင်လည်း မိခင်ဘဝပိုင်ဆိုင်ထားသူ၊ ဒိုဒိုးအနီးထုပ်အရွယ်ကာလ[illegible]က ချေး၊ သေးကအစ ပြုစုခဲ့သူမို့ ပစ်မထားရက်ပါ။ အကြိမ်ကြိမ်အခါခါ အဆက်အသွယ်ပြုလေမှ ဒိုဒိုးတစ်ယောက် ငှက်ဖျားဒဏ်သဒနာနှင့် အိပ်ရာထဲလဲကာ ဆေးကုသရင်း ပါလာသမျှကုန်၍ ဒုက္ခရောက်လို့နေကြောင်း၊ ကူညီသူကလည်း မြန်မာလူမျိုးချင်းဖြစ်၍ နေစရာတော့ ပေးနိုင်သည်၊ ကျွေးတော့ မကျွေးနိုင်ပေ၊ ထို့သော် ဒိုဒိုးသည် မျက်နှာမြင်ချစ်ခင် ကုသိုလ်ကံပါလာပုံရသည်။ အမေအရွယ် မြန်မာအမျိုးသမီးကြီးတစ်ဦးမှ ဈေးဆိုင်ဖွင့်ထားသည်၊ ဒိုင်းကူပေးသောင်ရှာပေးသဖြင့် နာလန်ထ [illegible] အဆင်ပြေသဖြင့် အ[illegible]ရှိခွင့်ရခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာပြည်ဟာ [illegible] မရှိ၊ ကမ္ဘာ[illegible] [illegible] [illegible] [illegible] [illegible] ဒိုဒိုး [illegible]

ဝိမ်းကားခဲ့ရတာလည်း တစ်ကြောင်း၊ အဆူအပြောခံရမှာလည်း ကြောက်၍ ဖုန်းမဆက်ရဲတာလည်း တစ်ကြောင်းပင်။ ဖုန်းဆက်လာသောအခါမှာ ...

"ဒေါ်ဒေါ်ရယ် ... သားရဲ့ဘဝကို သားဝမ်းနည်းလှန်းလို့ပါ။ စိတ်ဓာတ်ကျပြီး ကိုယ့်ကိုယ်ကို သတ်သေချင်လောက်အောင် ဖြစ်မိပါတယ်"

တစ်ပြည်တစ်ရွာမှာ ဒုက္ခရောက်နေသူမို့ ယခုလို ခံစားရရှာပေမည်။

"လူဆိုတာ စိတ်ဓာတ်ကျစရာမလိုပါဘူး သားရယ်။ ကိုယ့်လူ့ဘဝမှာ ရှင်သန်နေထိုင်ချိန်မှာ သေခြင်းတရားကိုသာ မလွန်ဆန်နိုင်လို့ အရှုံးပေးချင် ပေးရမယ်။ သေခြင်းမဟုတ်တဲ့ ကျန်တဲ့ ဘဝရှင်သန်ခြင်းအကြောင်းတရား[illegible] သဲကျရင် ပြန်မတ်ရမယ်။ ဟိုး [illegible] ရောက်နေလည်း ဘဝပြန်ရှင်သန်အောင် ကြိုးစားပြီး ရုန်းထရမယ်လေ။ သားကိုယ်တိုင်က အရှုံးပေးလိုက်ရင် သားက မွေးထားတဲ့ သားကလေးနှစ်ယောက်ရဲ့ အနာဂတ်ဘဝတွေ ပျက်စီးကုန်တော့မယ်။ ကိုယ်က သားသမီးမွေးထားပြီးရင် သူတို့ ဘဝရပ်တည်နိုင်တဲ့အထိ မိဘတာဝန်ကျေအောင် သားတာဝန်ယူတတ်ရမယ်။ ဟုတ်ပြီလား ..."

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

"အေး .. သားအခုကာလည်းက [illegible] စိတ်ဓာတ်[illegible] ကြိုးစားပါ [illegible] စိတ်ဓာတ်[illegible] သားဟယ်"

[illegible]

ရှောက်ပေးနေမှုကို အစ်မအေးအေး သိ[illegible] ခွင့်ရလိမ့်မည်ဟု ယူဆပါသည်။

သည်မျှ နှစ်ပေါင်းများစွာ ကြာမြင့်[illegible] တာတောင်မှ ဘဝခြားသော်လည်း မိခ[illegible] မေတ္တာစိတ်အလျဉ်ကား ပြတ်ရန် ခက်[illegible] ပါလားဟူ၍ တွေးရင်း ကျွန်ုပ်မှတ်မှုသော[illegible] မိဘမေတ္တာစာအုပ်မှ မှတ်သားထားမှု[illegible] ဖွင့်ဖော်ရသော် 'အမိ'ဟုခေါ် ထိုက်သူ[illegible] သာ ဆိုလိုပါသည်။

'အမိ'ဟူသည် သားသမီးတို့[illegible] စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေ၍ လ[illegible] အပေါင်းတို့အား လောကသို့ ပို့ဆောင်ပေး[illegible] တတ်သော အမျိုးသမီးကို 'အမိ'ဟုခေါ်[illegible] ၍ စကားအားဖြင့် 'အမေ'ဟုခေါ်ပါသည်[illegible]

မိခင်သည် သားသမီးကို ကိုယ်ဝ[illegible] တည်သည့်အချိန်မှစ၍ မွေးဖွားသည်[illegible] ကာလမှ အရွယ်ရောက်သည့် ကာလ[illegible] အထိ အေးမြကြည်လင်သော နှလုံးသား[illegible] ဖြင့် ထာဝရစောင့်ရှောက်တတ်ပေသည်[illegible]

'သားသမီးဟူသော ချစ်မြင်းသည်[illegible] အပေါ်ဖံရထူပြတ်၍ အရေပါးထိအောင်[illegible] အရေပါးကိုပြတ်၍ အသားထိအောင်[illegible] အသားကိုပြတ်၍ အရိုးထိအောင်၊ အရိုး[illegible] ကိုပြတ်၍ ရိုးတွင်းခြင်ဆီကျအောင် စွဲ[illegible] ထိခိုက်သွားပါသည်၊ မိဘသည် ဤသို့[illegible] သော မေတ္တာသစ်မျိုး အစဉ်ထားလေ့[illegible] ပေသည်။

ထိုသို့သော မကုန်မခန်းနိုင်သော[illegible] မေတ္တာစင်ပိုးနှင့် [illegible] ဒိုဒိုးအါမိခင်[illegible] သားဖြစ်သူအပေါ်[illegible] [illegible] [illegible] [illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လက်ဝင်စား

ကျော်သီဟ(ဟသ်ာတ)

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကြောင့် ကျုပ်မိဘတွေ ဆုံးပါးသွားရတယ်ဆိုပြီး ဆွေမျိုးတွေက ကျင်ကြပေမယ့် ရွာထဲကလူတွေကတော့ ကျုပ်ကို လာဘ်ကောင်လို့ ခေါ်ကြတယ်။

အော် . . နားရှုပ်သွားပြီလား။ ဒီလိုပါ။ ကျုပ်တို့ရွာက များသောအားဖြင့် ငါးကန်လုပ်ငန်းတွေလုပ်ကြတယ်။ ငါးမြစ်ချင်း၊ ငါးဒန်နဲ့ မွေးမြူရေးငါးမှန်သမျှ မွေးကြတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းက ရာသီဥတုကလည်း ဖောက်၊ ငါးစာဈေးတွေကလည်း တက်တာနဲ့ ငါးကန်သမားတွေ ခွက်ခွက်လန်အောင် ရှုံးလိုက်ကြတာ။ တစ်ရက်မှာ ငါးကန်သမားဦးမှုံကြီးကန်နားမှာ ကျုပ်ထိုင်နေရင်း ရေထဲက ငါးတွေ ထခုန်တာ ပွက်တာ၊ မိုး သီး မိုးပေါက်လိုပဲ။ ကန်ရှင်မှုံကြီးက အံ့ဩပြီး . .

"ကောင်လေး . . မင်းကန်ထဲဘာထည့်လိုက်သေးလဲ"

ဆိုတော့ ကျုပ်လန့်သွားတယ်။ ငါးတွေတစ်ခုခုဖြစ်သွားရင် ကျုပ်မလျော်နိုင်ဘူး။ ငါးကန်တစ်ကန်ကိုသိန်းထောင်နဲ့ ချီရင်းရတာဆိုတော့ . .

"ဦးမှုံကြီးရယ်၊ ကျုပ်က ငါးကန်ထဲ လက်ကလေးပဲ ချမိတာပါ"

ငါးကန်တွေဖော်တဲ့ ရာသီကျတော့ ဦးမှုံကြီးရင်းထားတာထက်ဆယ်ဆလောက် မြတ်ပြီး ထည့်ထားတဲ့ငါးတွေအပြင် ကန်ယမှာ ပုဇွန်ထုပ်တွေပါ အများကြီးရလိုက်တယ်။ ဦးမှုံကြီးဟာ ကျုပ်ကြောင့်ဆိုပြီး ရွာထဲမှာလျှောက်ပြောတဲ့အပြင် ကျုပ်ကို ကျေးဇူးတင်လို့ဆို ရွာထဲက ကျုပ်အိမ်လေးကို သပ်သပ်ရပ်ရပ်ပြင်ပေးပြီး ပဒ္ဒင်းဒကာလုပ်ပေးခဲ့သေးတယ်။ ဒါကို သိတဲ့ ရွာထဲက ကန်သမားတွေ ကျုပ်ဆီ အလုအယက်ရောက်လာကြတယ်။ ကျုပ်လည်း အားနာနာနဲ့ ကျုပ်လက်ကလေးပဲ စိုက်ရတာမို့ ဦးမှုံကြီးကန်မှာလုပ်သလို ငါးကန်ထဲ လက်ချလိုက်တာနဲ့ ငါးတွေထပွက်ပြီး ခုန်ထတာ အံ့ဩစရာလိုဖြစ်နေတယ်။ ကျုပ်ကိုယ်ကျုပ်တောင် မယုံနိုင်တော့ဘူး။ ဦးမှုံကြီးလိုပဲ ကျုပ်ကြောင့် ငါးကန်သမားတွေ ကန်ရာသီငါးဖော်ချိန်မှာ အမြတ်တွေ သောက်သောက်လဲရတော့ ကျုပ်ဆီပြေးလာကြတယ်။ ကျန်တဲ့ ငါးကန်တွေ မလုပ်ပေးနဲ့၊ အကျိုးအမြတ် တစ်ဝက်ပေးမယ်ဆိုတာတွေအပြင် ဦးမှုံကြီးက သူ့သမီး မြစိမ်းရည်နဲ့ ကျုပ်ကို လက်ထပ်ထိမ်းမြားပေးမယ်ဆိုလာပြန်တယ်။ ကျုပ်နဲ့ မြစိမ်းရည်က ငယ်သူငယ်ချင်းလည်းဖြစ်၊ ရွာမှာကွမ်းတောင်ပန်းတောင်ကိုင်၊ ကာလသားတွေ ဝိုင်းဝိုင်းလည်နေသပဲ့ ကျုပ်လက်ခံလိုက်ဘယ်။ ကျုပ်တို့ရဲ့မင်္ဂလာဆောင်ကိုလည်း အကြီးအကျယ် လုပ်ပေးတဲ့အပြင် ယောက္ခထီးဦးမှုံကြီးက ကျုပ်တို့ဇနီးမောင်နှံအတွက် အိမ်တစ်လုံး ကန်တစ်ကန်နဲ့ ကားတစ်စီးလက်ဖွဲ့တယ်။ ဘာပဲပြောပြော ငါးကန်တွေဖော်တဲ့အချိန်မှာ ကျုပ်ကျေးဇူးကြောင့် ယောက္ခထီးဦးမှုံကြီးငါးကန်ဟာ အများထက်သာနေတာ နှစ်စဉ်လိုပါပဲ။ ကန်သမားတွေအချို့က ကျုပ်ကို မကျေနပ်ကြဘူး။

တစ်ရက် ကန်ကနေအိမ်ကိုပြန်တော့ ကျုပ်တစ်ယောက်တည်းရယ်။ အရင်က [...] တပည့်တပန်းတွေ လိုက်ပို့[...] မယ့် ဒီနေ့ကျမှ ကန်မှာအလု[...] တွေ ရှုပ်နေတာမို့ ကျုပ်တ[...] ယောက်တည်းပဲ ပြန်ခဲ့တယ်[...] ရွာထိပ်နားက ညောင်ပင်ကြီး[...] နားရောက်တော့ ကျုပ်နောက်[...] စေ့ကို ပြင်းပြင်းထန်ထန်ရို[...] နှက်လိုက်တာကို ခံစားရပြီး[...] ကျုပ်ပုံလဲကျသွားတယ်။

အမှောင်ထဲမှာ ကျု[...] ဘယ်ကိုရောက်သွားမှန်းမ[...] ဘူး။ နာကျင်စူးရှတဲ့ ဝေဒ[...] ကိုလည်းခံစားနေရသလို ကျ[...] ဟာ မှောချင်တိုင်းမှော[...] တယ်။ သတိရလို့ မျက်စိ[...] ကြည့်တော့ ကျုပ်ဆေးရုံ[...] မှာ။ ကျုပ်ဘေးမှာ ငိုနေ[...] ကျုပ်ဇနီး မြစိမ်းရည်နဲ့ ယော[...] မ ဦးမှုံကြီး။ ရွာသားအချို့အ[...] တွေ ကျုပ်အားယူပြီးထ[...]

ကျုပ်လည်း အားနာနာနဲ့ ကျုပ်လက်ကလေးပဲ
စိုက်ရတာမို့ ဦးမှုံကြီးကန်မှာလုပ်သလို ငါးကန်ထဲ
လက်ချလိုက်တာနဲ့ ငါးတွေထပွက်ပြီး ခုန်ထတာ
အံ့ဩစရာလိုဖြစ်နေတယ်။ ကျုပ်ကိုယ်ကျုပ်တောင်
မယုံနိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ထလို့မရဘူး။ ကျုပ်
ဘေးနှစ်ဖက်က ပေါ့ပါးနေ
သလိုဖြစ်နေတော့ ကြည့်လိုက်
တဲ့အခါ ကျုပ်လက်နှစ်ဖက်
လုံးမရှိတော့ဘူး။

"ငါ့လက်တွေကော၊ ငါ့
လက်တွေ"

ကျုပ်ရဲ့ အော်သံစူးစူးဝါး
ဝါးနဲ့မို့ အားလုံးလန့်သွားကြ
တယ်။ ကျုပ်သိလိုက်ပါပြီ။ ဒီ
လက်တွေကြောင့် ငါးကန်
သမားတွေ စီးပွားဖြစ်တယ်ဆို
ပြီး ကျုပ်လက်နှစ်ဖက်စလုံးကို
ရိုက်လှုပြီး ဖြတ်သွားတာဖြစ်
မယ်။ ကျုပ် ဆေးရုံကဆင်း
တော့ အိမ်ထဲက အိမ်ပြင်မ
ထွက်တော့ဘူး။ ကျုပ်ဇနီးမြ
စိမ်းရည်ကတော့ ကျုပ်ကို အား
ပေးရှာပါတယ်။ကျုပ်ယောက္ခမ
ဦးမှုံကြီးကလည်း ငါးကန်တွေ
ဖော်တဲ့ရာသီမှာ ဘယ်သူ
စီးပွားဖြစ်လဲ၊ ကျုပ်လက်နှစ်
ဖက်ကိုဖြတ်တဲ့ တရားခံဘယ်
သူလဲဆိုတာ ရှာနေတုန်းပါပဲ။
ထူးခြားတာကတော့ ငါးကန်
တွေ ထင်သလောက် အများ
ကြီးမဖြတ်ဘဲ ပုံမှန်ပဲတွေ့ရ
တော့ ကျုပ်လက်နှစ်ဖက်နဲ့
စီးပွားမဖြစ်တာ သေချာသ
လောက်ပါပဲ။ ကျုပ်အဟုတ်
အမ်းနည်းဝမ်းသာဆိုသလို ဝမ်း
နည်းစရာတွေကြုံပြီး ဝမ်းသာ

---

**ကျုပ်သိလိုက်ပါပြီ။ ဒီလက်တွေကြောင့်**
**ငါးကန်သမားတွေ စီးပွားဖြစ်တယ်ဆိုပြီး**
**ကျုပ်လက်နှစ်ဖက်စလုံးကို ရိုက်လှုပြီး**
**ဖြတ်သွားတာဖြစ်မယ်။**

---

စရာက ကျုပ်ဇနီးမြစိမ်းရည်မှာ
ကိုယ်ဝန်လွယ်ထားရတယ်ဆို
တာပါပဲ။ သိပ်မကြာခင်မှာပဲ
ကျုပ်သမီးလေးရခဲ့တယ်။ သူ့ကို
မွေးတဲ့နေ့ကထူးထူးခြားခြားပါ
ပဲ။ လပြည့်ညလည်း လပြည့်
ည၊ ငါးကန်မှာ ကျုပ်ဇနီးက
ကျုပ်နဲ့အတူ ပြန်မယ်ဆို စောင့်
နေတုန်း ဗိုက်နာလို့ဆို အရပ်
လက်သည်ခေါ်မွေးလိုက်ရ
တာပါပဲ။ ထူးခြားတာက ငါး
ကန်တွေထဲမှာရှိတဲ့ ငါးတွေဟာ
အပေါ်ကို ထထခုန်တာ မိုးသီး
မိုးပေါက်လိုပါပဲ။ ယောက္ခထီး
ဦးမှုံကြီးကတော့ -

"ငါ့သားလက်တွေ ပြန်ရ
ပြီထင်တယ်"တဲ့။

အဲဒီနှစ်မှာပဲ ကျုပ်ငါး
ကန်က ဖော်လိုက်တာ ထင်
ထားတာထက် အဆပေါင်း
များစွာ မြတ်တာပါပဲ။ ရွာထဲမှာ
လည်း အုတ်အော်သောင်း
တင်းဖြစ်ကြတာမပြောပါနဲ့။
သမီးလေးမှာထူးခြားတဲ့အမှတ်
ကတော့ လက်ပခုံးရိုးနှစ်ဖက်
စလုံးမှာ ဓားခုတ်ရာလို အနီ
အစင်းကြောင်းကြီး ဟိုဘက်
တစ်ချောင်း ဒီဘက်တစ်ချောင်း
ရယ်။ ကျုပ်ဇနီးကတော့ ကျုပ်
ရဲ့အဖြစ်ဆိုးတွေ သိထားတော့
ကျုပ်လက်ဝင်စားတဲ့ သမီး
လေးအတွက် ဘဝမှာ သောက
တွေမဖြစ်စေချင်ဘူးတဲ့။

ကျုပ်ပြောချင်တာအဲဒါ
ပါပဲ။

ကျုပ်တို့တွေ ဇာတိရွာ
လေးကနေ ပြောင်းပြေးကြ
တယ်။ ဘယ်နေရာ ဘယ်မှာဆို
တာ ဘယ်သူ့မှမပြောဘဲ တိတ်
တိတ်လေးပြောင်းကြတာပါ။
သမီးလေးကတော့ ဒီအဖြစ်
အပျက်ကို မသိပါဘူး။ ရွာက
လူတွေကတော့ စီးပွားဖြစ်နိုင်
လျက်သားနဲ့ ခုလိုလုပ်တာ
အံ့ဩလို့။

ကျုပ်က ကိုးကွယ်နေတဲ့
ဆရာတော်ဆီသွားပြီး သမီးရဲ့
လက်ကလေးကို ဘုန်းကြီးကို
လှူပါရစေဆိုတော့ အံ့ဩလို့
ကျုပ်ရှင်းပြမှ ဆရာတော်က
နားလည်ပြီး . .

"အကုသိုလ်နဲ့ အကျိုး
များတဲ့ ဒီလက်ကိုလှူရသော
အကျိုးကြောင့် ကုသိုလ်ပွားပါ
စေ" ဆိုပြီး လက်ခံလိုက်ပါ
တယ်။

ကျုပ်ပြောချင်တာ ဒါပါ
ပဲ။

ခုဆို ကျုပ်သမီးလေး
တက္ကသိုလ်တစ်ခုမှာ မြန်မာစာ
ကထိကဖြစ်နေပြီ။ တစ်ခါတစ်
လေ သမီးက ကျုပ်ကိုမေးပါ
တယ်။ သမီးဘေးလက်နှစ်ဖက်
က အနီအမှတ်အကြီးတွေက
ဘာတွေလဲဟင်တဲ့။

ပြီးတော့ ကျုပ်လက်နှစ်
ဖက် ဘာကြောင့်ပြတ်တာလဲ
တဲ့။

**ကျော်သီဟ (ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com



# ဘာဝအမောလွှာ ခွာချမလား

## လု တော ရွာ ဟာ သ မျာ း

ဦးကောင်းထူး

### ပင့်ပြီးတော့လည်း တင်တတ်တယ်

"လုတောသားတို့သည် ဘဝင်မကျလျှင် မှိုချိုးမျှစ်ချိုး ပြောတတ်သလောက် မနောခွေ့ပြီဆိုလျှင်လည်း မိုးပေါ်အရောက် ကုပ်ဆွဲတင်တတ်ကြသူများ ဖြစ်ကြ၏။

ခုလည်း ယဉ်ကျေးမှုဌာနက နယ်လှည့်ဇာတ်အဖွဲ့ကို လုတောသားတစ်စု သွားကြည့်ပြီး တဖွဖွချီးမွမ်းလို့မဆုံး။

"ဘာစတိတ်ရှိ၊ ဘာမြင့်တတ်မှမပါဘဲ ရှုပြည့်ရှုလို့ ရှုကွဲမတတ် ပွဲထွက်ချိန်ကလည်း ဘိကျပဲ။ ပွဲဦးထွက် နတ်ကတော်အကများ ကလေးတွေ ကြည့်စေချင်တယ်"

"ဟုတ်ပါရဲ့။ တို့ရွာက ကလေးတွေခမျာ ကြိုးမဲ့ရုပ်သေးက အမေဂျမ်းဆိုတဲ့ရုပ် ဟိုခုန်သည်ခုန် ကုလားမခြေထောက်ကတာပဲ နတ်ကတော်အကထင်နေကြတာ။ အလိုလေး ...ကွာလိုက်လေခြင်း။ ခွေးဝဲစားနဲ့ ဘုရားဇာတ်နတ်သမီးလောက်ကွာသဟေ့"

"အေးလေဟာ၊ စောင်းတီးသီချင်းဆိုပြီးဝင်လာတဲ့ မင်းသမီးလေးကလည်း အကညက်ညောသလားမမေးနဲ့။ ခြေထောက်အောက် မုန့်လေပွေခံထားရင်တောင် ကျိုးမယ်မထင်ရ"

တစ်ပြားမှမဟုန်အောင် ကဲ့ရဲ့တတ်သည့် လုတောသား။

အောက်မကျစတမ်း ပင့်တင်တတ်တဲ့ လုတောသားပါတကား။

■

### ထိုးပက်သလားမှတ်ရတယ်

အလှူတစ်ခုတွင် ငါးဟင်းနှင့် ...ချက်ကို အတို့အမြုပ်ကောင်းကောင်း... တဝကြီးလွေးလာသည့် လုတော... သည် တရှူးရှူးတရှဲရှဲနှင့် ထမင်း... ထလိုက်လေ၏။

ငရုတ်သီးစပ်ခြင်းကို ...သော်လည်း...

www.burmeseclassic.com

ဒိုက်ကြီးကယ်ရုံပင် အသတ်တင်၏။ ဖရဲနွေကြမ်းသောက်သော်လည်း အပူအစပ် မပျောက်ဘဲ မျက်ရည်လည်လာပြန်၏။

နောက်ဆုံး ကြံရာမရပြီမို့ ချင်းသုပ်တစ်ဇွန်း ကောက်စားမိပြန်၏။

သည့်ပြောမှ ဇွန်းကိုလွှတ်ချရင်း ပါးစပ်ကို လက်နဲ့အုပ်ကာ အော်လိုက်ရပြန်ပါချေ၏။

"ဟလိုလေးလေး ... ချင်းသုပ်နယ် စင်းလိုက်ရှာလေ၊ အာခေါင်ကို ငရဲမီးတောက်ခဲနဲ့ ထိုးပက်လိုက်သလား မှတ်ရကွယ်တို့"

■

## ဖောက်ထိုးစိုက်မိသလို

ရွှေဘိုမန်းကားသည် တဒီအိ မောင်းနှင်လာရင်း လှပောဘက်သို့ နီးလာပါပြီဖြစ်၏။

လှပေါ်ဆင်းမည့်လူများ အထုပ်အပိုးပြင်နေကြသော်လည်း ဦးကြီးတစ်ယောက်ကမူ အထိုင်မပျက် လည်ပင်းရှည်နေရာက –

"ကားသ... ... ပေးသမျှ အကုန်ယူတော့မှာလား၊ ပြင်အမ်းပါဦးဟ"

ဟု၍ အော်ပြီး သတိပေးလေ၏။ သိပ်မကြာခင် ... ရောက်လာပြီး ပိုက်ဆံအမ်းလေ၏။

လှတောသားကြီးက –

"ဒါလေးတော့ ပြန်လဲပေးပါကွယ်"

"ဘာပြုလို့လဲ အဘရဲ့"

"ဘာပြုရမလဲကွယ်။ မင်းအမ်းတဲ့ ပိုက်ဆံ ယူမိရင် သစ်ပင်ကို ဖောက်ထိုးစိုက်မိသလိုနေတော့မှာပေါ့။ အလိုလေး ဟဲ့ ဆယ်တန်ရယ် ချပ်ပြားကို ကြက်ဆိတ်ထားသလားထင့်ရ"

■

## အပြောကတော့ ကောင်းမှကောင်း

ရွာနီးချုပ်ဝပ်ရှိ ရွာထဲသို့ ဆန်သည်တစ်သိုက် ဝင်လာလေ၏။

နမူနာတစ်မျိုး၊ ဝယ်တော့တစ်မျိုး မျက်လှည့်ပြတတ်မှန်း သိကြသည့် အိမ်ရှင်မများက ဆန်ကို သေသေချာချာ ကြည့်ကြ၏။

"ကြည့် ... ကြည့် အစ်မ။ ခုမှ သင်္ဘောပေါ်က ချလာတာ။" ဘုရားဖူး စရိတ်ကျေလေး ပဲလာတာပါ။ ကောင်းထောင်းဆန်မှ အနှစ်ချည်းပဲ"

ဝယ်မည့်လူများကလည်း စိတ်တိုင်းကျ မွှေနှောက်ကြည့်ကြပြီး –

"အနီတွေများ ရောနေသလားလို့"

"အနီမပါပါဘူး အစ်မရယ် ...။ ကြည့်ကြည့်ပါဦး။ စစ်လိုက်သမျှ ပုလဲပုတီးလုံးလေးတွေ ကျနေတာပဲ"

ဤတွင် နောက်ဆုံးရောက်လာသည့် မိန်းမပါးဝပ်နှင့် တွေ့သွားပါလေ၏။

"အလိုလေး ... အပြောကတော့ ကောင်းမှကောင်း။ ပုလဲပုတီးကျနေဆိုလား။ သူ့အိတ်ထဲက ဆန်ကပြင့် ကွမ်းယာဆိုင်ဘေး အမှိုက်ပုံးထဲက အမှိုက်တွေလားမှတ်ရ။ ရဲနေတာပဲဥစ္စာ"

■

## ဘေးမသီ ရန်မခလေအောင်

လှတောသူ၊ လှတောသားတစ်စုသည် ရန်ကုန်ဘူတာကြီးမှ ပေမ်းသစ်ပိုသာသို့သွားရန် ကားငှား၏။ ကားမောင်းသောင် ကက္ကစီသမားက တောင်းသဖြင့်

ခြေလျင်လျှောက်ရင် အိုးတစ်ပေါက်တော်င် မကြာပါဘူး။ ဟာ ... သွားကြစို့"

ခေါင်းဆောင်၏ ပြောလိုက်သဖြင့် ဘပ်ချီသွားကြကုန်၏။

နောက်တစ်နေ့ သမိုင်းဘက်သွားသည့်အခါ ဟိုင်းလက်စ်အမြန်ယာဉ်များကို စီးမိလေ၏။

"ဟလိုလေးဟဲ့ ... ကားရယ်။ လိပ်လို လေးဖက်ပစ်ဝင်၊ လိပ်လိုလေး ဖက်ထောက်ဆင်းရမှာပါကလားဟဲ့"

အဒေါ်ကြီးက ညည်းလိုက်သည့်အခါ သမီးဖြစ်သူကလည်း –

"ရန်ကုန်မှာ ကားတွေ ဘေးမသီ ရန်မခ ဆင်းနိုင်တက်နိုင်ဖို့တော့ ဒေါ်ကြီး ဗိုလ်ဝင်သား စားတားရလိမ့်မယ် အမေ ရေ့" ... တဲ့။

■

## စားပုံချင်းက တစ်ဆရာ တည်း

မြို့ကညည်သည်သူငယ်ချင်းသည် လှတောရွာ၌ သူငယ်ချင်းဖြစ်သူထံသို့ ရောက်သွားခဲ့လေ၏။ မြို့ကညည်သည်သည် ရွှေဘိုဘူတာဆင်းပြီး ကားတစ်ဆင့်စီးလာခဲ့ရသည် ဆို၏။

"ရထားစီးရတာ အဆင်ပြေရဲ့လားကွဲ့"

"အဆင်ပြေမပြေတော့ မသိဘူး။ နှစ်ယောက်ထိုင် ထိုင်ခုံကို သုံးယောက်ထိုင်လာရလို့ နံရိုးတွေ ချိုင့်ဝင်နေဝလေးပဲ။ ခါတ်မှန်ရိုက်ဦးမယ်"

ဒီနောက် ထမင်းစားချိန်ရောက်သည့်အခါ အိမ်ရှင်က ဘေးမှ ယပ်ခပ်ပေးရင်းနှင့် ဟင်းများကို ခပ်ထည့်ပေးလေ၏။

ဧည့်သည်လည်း ဆာလာဟန်နှင့် အားရပါးရ စားလေ၏။

"ဒေါ ... ဟုတ်ပြီ၊ ထမင်းထည့်ပါဦးကွ။ ဒေါ့ ... ငါက ဒီလိုစားမှ သဘောကျတာ။ ငါ့သူငယ်ချင်း ...



www.burmeseclassic.com

www.burmeseclassic.com

ပလောင်းနဲ့ စားပုံမြင်ရတော့ သေသွားတဲ့ ငါ့ခွေးကြီး သတိရသကွာ။ စားပုံချင်းက တစ်ထေရာတည်းပဲ"

ဧည့်သည်ခမျာ ထမင်းလုတ်တစ်လုတ်ကြီး ဖြစ်သွားရပါလေသတည်း။

■

## စပါးအုံးနဲ့ နင်လား,ငါလား

ချောင်ဖြူခွန်နှစ်စေ့စားဟု ခေါ်ကြသည့် ခွက်ကြီးကိုင် သူဖုန်းစားတစ်ယောက်အား လှတောသားတစ်ယောက်က စပ်စပ်စုစု ဖျူးနေပုံမှာ မှတ်သားလောက်ပေ၏။

"ဘယ့်နယ်လဲဗျာ၊ ဒီနေ့အဆင်ပြေရဲ့လား။ တောင်းလို့ရစ်းလို့ တော်တော်လေး ရခဲ့ရဲ့လား"

"မရပါဘူးဗျာ"

"မရဘူးသာဆိုတယ်၊ ခင်ဗျားဆိုင်းထမ်းက အိတ်နှစ်လုံးစလုံး ဖောင်းကားနေတာ ဟလိုလေး ... သမဝါယမဆိုင် ဂိုထောင်မျိုးထားတဲ့ စပါးအုံးမြွေကြီးတွေလား မှတ်ရဗျာ"

ခွက်ကြီးကိုင် တစ်ချိုးတည်း လစ်ပါလေရော။

■

## ဘယ်သူမှ ဖျက်လို့မရဘူး

လင်မယားသည် ကျိတ်ပြီးစကားများနေကြ၏။

အိမ်နီးချင်းများအနေနှင့် ဘာပြဿနာမှန်း ရေရေလည်လည် မသိကြပေ။

မယားက လင်ကိုတကျိကျိနှင့် နားချနေသည်ကိုမူ ကြားလိုက် မကြားလိုက် ဖြစ်နေသည်။

"ရှင် ဒီလောက်ခေါင်းမာရအောင် ဘယ်ဆွေမျိုးအားကိုးရှိလို့လဲ"

"အားကိုးရှိမှ လုပ်ရဲတာ လူညံ့ပေ့"

"ဟင်း ... ဘဝင်မြင့်ပုံများ အမှတ်-၂၀ ပြပွဲဘုံတက်ပြီး ၁၈ ထပ်တိုက် ထိပ်ဆုံးရောက်နေသလားမှတ်ရ။ မြင့်ပါ ကြွပ်ကြွပ်မြင့်"

"ဟုတ်တယ်၊ မြင့်တယ်။ မင်းသာ ဘဝင်နိမ့်။ မင်းဘဝကို အဝီစိ ရောက်နေတဲ့ ဒေဝဒတ်ဆီ ဆွေပြမျိုးပြ လွှတ်ထား"

မည်သို့မည်ပုံပြောပြော မရသည့်အခါ မယားလည်း တစ်ဖက်လှည့်နှင့် နားချပြန်ရလေ၏။

"သည်အတိုင်းဆို ... ရှင်တော့ နာမည်ပျက်တော့မှာပဲ။ ရေပေါ်ရေးတဲ့ အရုပ်ကမှ ရှင့်နာမည်ထက်စာရင် ခံသာဦးမယ်"

ထိုအခါ လင်လုပ်သူက -

"ဟလိုလေး ... နာမည်ပျက်မှာများ မပူလိုက်လေကွယ်။ ငါ့နာမည်ကို စကြဝဠာတံတိုင်းမှာ ဖောင်းကြွရွှေစာလုံးနဲ့ ကမ္ပည်းထိုးထားတာကွ။ ဘယ်သူမှ ဖျက်လို့မပျက်ဘူး။ နားလည်လား"

ဟူ၍ ပြောလိုက်လေသတည်း။

■

## နာမည်ကျော်တဲ့ တံဆိပ်

ရွာ၌ မင်းသားကဲ့သို့ ကြော့နေအောင် ဝတ်စားတတ်သည့် လူငယ်တစ်ယောက် ကားဂိတ်သို့ ရှိုးပြထွက်လာခဲ့၏။

ထိုအချိန်ဝယ် နေက တာပေါ်ကို မေးတင်နေ၏။ ထိုလူငယ်လည်း ကားကားကြီးရပ်လျက် စတိုင်ထုတ်နေ၏။

ကာယကံရှင်က သူ့အဖြစ်သူ မသိသော်ငြား လက်ဖက်ရည်ဆိုင်ထဲရှိ လူတွေကမူ အထင်းသား အကွင်းသား မြင်နေရ၏။

"ဟလိုလေး ... လုံချည်ရယ်၊ ပါးလိုက်လေခြင်း။ ပင့်ကူမျှင်နဲ့များ ရက်ထားသလား မသိဘူး"

"ဘယ်ဟုတ်ရမလဲ။ တိမ်မျှင်နဲ့ ထိုးပြီး မီးခိုးနဲ့ ဖောက်ထားတာ"

"ဒါကြောင့် ခလောက်တံဆိပ် အမြောက်တံဆိပ်ရယ်လို့ နာမည်ကျော်နေသကိုး"

■

## ဂုန်နီအိတ်ကိုတဲ့ ဆေးရောင်ခြယ်

အသက်ငါးဆယ်ကျော် အမျိုးသမီးတစ်ယောက်သည် ယောက်ျားဝတ်လုံချည်ကွင်းတစ်ထည်ကို တမြှောက်မြှောက်နှင့် အိမ်ပြန်ရင်း အော်ပြောလာချေ၏။ ဤတွင် ခင်ပွန်းဖြစ်သူက -

"အဘွားကြီး ဘာဖြစ်လာတာလဲ"

ဟု မေးလိုက်သကဲ့သို့ သမီးများကလည်း -

"အမေ ဘာတွေအော်လာတာလဲ"

ဟု မေးပြန်၏။

အမျိုးသမီးသည် အမေးတွေကို ပြန်ဖြေရမည့်အစား အော်လက်စ ဆက်အော်လိုက်ပုံမှာ -

"အလိုလေးတော် ... ရှစ်ဆယ်တန် ပုဆိုးတဲ့၊ ဂုန်နီအိတ်ကို ဆေးရောင်စုံ ခြယ်ထားသလားမှတ်ရတယ်တော့" တဲ့။

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com

# ပုထုဇဉ် နှင့် နယ်လွန်သည့်အတ္တ

ညွန့်ဟုံ(ကြူတော)

ပုထုဇဉ်နှင့် အတ္တ မကင်းကြောင်း ပတ်ဝန်းကျင်အမြင်အတွေ့က ညွှန်ပြပေ၏။ လူ့အဖွဲ့အစည်းတွင် ပါဝင်ပတ်သက်သူကို အတ္တဟိတ၊ ကိုယ်ကျိုးစီးပွားဝါဒ၊ ပရဟိတ အများအကျိုးသယ်ပိုးခြင်းနှင့် လွတ်လပ်အတွေးခေါ် ပြောဆိုနေထိုင်လိုသည့် သဘာဝရှိပြီး ဖြစ်လေသည်။ အချို့မှာ အများအကျိုးဆောင်ကြဉ်းလိုစိတ် မြင့်ထန်သည်ကို အံ့ဩစွာ တွေ့ရတတ်သည်။ အာရှလူငယ်ခေတ်က ပေါ်ထွန်းခဲ့သော သီချင်းကဲ့သို့ ...'တို့တစ်ကိုယ်ကောင်းစိတ်ထားမယ်၊ အများအကျိုးဆောင်မယ်'ဆိုသည့် စိတ်ထားပြည့်ဝကြပေသည်။ ယခုခေတ်တွင် NGO ဟုလူသိများသည့် ပရဟိတအဖွဲ့အစည်းများ၌ ပေါ်ထွန်းပေရာ အားတက်စွာ ဝမ်းမြောက်ဖွယ် ဖြစ်ရပါ၏။ မိမိအရေးထက်အများအရေးကို နေရာပေးခြင်း၊ အံ့ချီးဖွယ်ခြင်းများ တွေ့ရသည်။ အများအားဖြင့် လူငယ်မျိုးဆက်များ ဖြစ်ကြသည်။ မြင့်မြတ်သော နှလုံးသားပိုင်ရှင်များ ဖြစ်ရာ ဗုဒ္ဓအလိုကျ သြဝါဒနှင့် လျော်ညီ၏။ စိတ်ထားစေတနာက ပါရမီဖြည့်ခံလည်း ပါ၏။ ပတ်ဝန်းကျင်အငွေ့အသက်တွေကြောင့်လည်း ဖြစ်လေသည်။ အရွယ်နှင့်မလိုက်အောင် တွေးခေါ်ဆင်ခြင်တတ်မှုက လေးစားဖွယ်၊ ချီးကျူးဖွယ် ဖြစ်ရလေသည်။

အတ္တနှင့်မကင်း အခြေခံသော လောကကြီးတွင် နယ်လွန်သည့်အတ္တ အလွန်အကျွံ မဖြစ်စေသင့်ဟု ထင်၏။ အတ္တနယ်လွန်ပါက တစ်ပါးသူကို အထင်သေးစရာ ဖြစ်ရုံမက အဝေးကပင် ရှောင်ကြဉ်စိတ် ဖြစ်ပေါ်ပေသည်။ မိမိ၏ လိုအင်ဆန္ဒက အရေးကြီးသည်။ မိမိ၏ အရေးက ပဓာနကျသည်ဆိုသည့် အတွေးအယူကို စွဲကိုင်ကျင့်သုံးမှုများကို တွေ့ရသည်။ တစ်ပါးသူအဖို့ သေရေးရှင်ရေးတမျှအရေးကြီးသော အခြေခံစားဝတ်နေရေးအတွက် ရုန်းကန်ရချိန်တွင် သူတို့၏ အပေါ်ယံကိစ္စများ မရှိလျှင်လည်း ဖြစ်နေသော ကိစ္စများက အရေးပါနေလေ့ရှိ၏။

အတ္တနှင့်ပရ မျှတလျှင် ကောင်းကြောင်း စနစ်များစွာ ဖြတ်သန်းမှုများက ပညာပေးပြီး ဖြစ်၏။ နယ်လွန်အတ္တသမားများ၏ ကျဆုံးခန်း တွေ့ကြုံခဲ့ရလေပြီ။ အခွင့်သာခိုက် နေရာနှင့် ဩဇာကိုက်နေချိန်တွင် အတ္တကို ရေ့တန်းတင် အလျှော့မပေး။ တစ်ဘက်ကို မငဲ့ညှာ မျှတစိတ်ကင်းသော ပညာတတ်များစွာကြုံခဲ့ရဖူး၏။ စိတ်ပျက်စရာကောင်း၏။ အတ္တစွဲတွေ၊ အတ္တမာနတွေကြောင့် တစ်ဖက်သား၏ ခံစားမှုနှင့် အခွင့်အလမ်းကို မညှာတာခြင်းများ ဖြစ်ကြပေသည်။ မပြည့်နိုင်သော အိုးများဟု ကင်ပွန်းတပ်ချင်ပေသည်။ ဘောင်ဘင်ခတ်၍ မဆုံးကြ။

အတ္တသမားများသည် သမုဒ္ဒရာရေကို တစ်ယောက်တည်းသောက်သုံးချင်သူများဟု ပြောချင်ပေသည်။ တစ်ဖက်သားအတွက် စိတ်မဝင်စား၊ မခံစားတတ်။ မိမိကိစ္စ အကြောင်းကိစ္စအသေးအဖွဲ့ကို ပုံကြီးချဲ့ တောင်းခံကြသည်။

နေ့စဉ်ကျင်လည်ရသမျှတွင် နဂိုဒုက္ခနှင့် အပိုဒုက္ခဟူ၍ တွေ့နိုင်၏။ မရှိမဖြစ်၊ မလုပ်မဖြစ် စားဝတ်နေရေးက နဂိုဒုက္ခဖြစ်၏။ ဖြည့်ဆည်းရ၏။ နေ့စဉ်နှင့်အမျှ ပင်ပန်းစွာ ရုန်းကန်နေရသော ဆိုက်ကားသမားလေးတစ်ဦးက ပြောဖူးသည်။ သူတို့မိသားစုသည် ထူးခြားသည့် ဟင်းလျာစားခွင့်မရ။ နေတော့လည်း တဲသာသာ အငှားအိမ်ဖြစ်၏။ သားရေး၊ သမီးရေး မိသားစုအတွက် မအားနိုင်။ သည်ကြားထဲ ပျော်စရာတစ်ကွက်မျှ မရှိသည့်တိုင် ဘဝသာယာအောင်နေတတ်သည်။ ကြံဖန်ရှာဖွေကာ နေပျော်အောင် နေထိုင်သည်။ တစ်ခါတစ်ရံကျမှ "ဆယ်ပေအခန်း အိမ်လေးတစ်လုံးကို ပိုင်ဆိုင်ရရင်ကောင်းမယ်"ဟုသာ ညည်းညူပေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် အုမတောင့်မှ သီလတောင့် နိုင်သည်ဆိုသော စကားရပ်နှင့် ကင်းကွာသူတို့ များပြားချေသည်။ အုမတောင့်ရဲ့မက ကွဲသွက်သွားအောင် ပြည့်စုံနေသော်လည်း အငွေ့ကိုမပုံးနိုင်၊ ကိုယ်ကျင့်သီလ၊ ကိုယ်ကျင့်သိက္ခာကို မစောင့်စည်းနိုင်။ မဆုံးနိုင်သော လောဘများဖြင့် ပြီးနေခဲ့မ၏။ သူတို့ ရုပ်ဝတ္ထုချမ်းသာကြပါ၏။ သို့သော် သူတို့ကိုကြည့်ရင်း ရင်မောမိပေသည်။

ပွပ်နံစရာတွေ များပြားသောကာလ၌ အတ္တကြောင့် အရှည်မျှော်တွေးသောကရောက်ရှုဝှိကို အများအပြား ကြုံဖူးပေ၏။ လက်ငင်းဘဝတွင် ပြည့်စုံနေသည့်တိုင်အောင် အနာဂတ်အတွက် စိုးရိမ်မှုတွေ လွှမ်းနေတတ်၏။ တိုက်ကောင်းကောင်း၊ ဓိမ်ခံပစ္စည်းကောင်းကောင်းတွေ ရှိနေသော်လည်း တစ်ကိုယ်နေ မိသားစုအတွက် လုံလောက်သည်ထက်ပိုသော ပိုင်ဆိုင်သော မည်မျှစိတ်ချမ်းသာပါသလဲ။ ယင်းပစ္စည်းများကို မည်သို့ အကျိုးရှိအောင် သုံးစွဲကြပါသနည်း ဆိုသော မေးခွန်းအတွက် အဖြေရှိဖို့ အခြေကောင်းရှိဖို့ လိုအပ်ပေသည်။

စာရေးသူသည် ဗုဒ္ဓ၏အလိုကျ ဩဝါဒဖြစ်သော ပစ္စုပ္ပန်တည့်တည့်ကြည့်ဆိုသော စကားနှင့် ပုထုဇဉ်တို့၏ အတ္တနယ်လွန်သမားများကို ချိန်ထိုးကြည့်မိ၏။ မဆုံးနိုင်သော လောဘကြောင့် "ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါ့ပတ်ဝန်းကျင်အတွက်တွေ" ရှိက်းတ်လွန်းပေရာ အဓမ္မနည်းဖြင့် ပိုင်ဆိုင်သမျှ မမျှတသောနည်းလမ်းစုံသုံးကာ ချမ်းသာလေသမျှသည် စိတ်ချမ်းမြေ့သည်ဘဝကို အပြည့်အဝမရနိုင်ဟုဆိုချင်၏။ မရှိအောင်တန့်ကြောင့်ကြ ဆိုသော စကားရပ်က အဓိပ္ပာယ်ရှိလွန်း၏။ သုံးစွဲနိုင်ရုံ သင့်တင့်ရုံ ကြွယ်သူအဖို့ စိတ်ချမ်းသာ၏။ အပိုအလျှံတွေ သုံးမကုန်အောင် ကြွယ်ဝသူတို့အဖို့ မိမိ၏ ဘဏ္ဍာဥစ္စာ လျော့ပါးမည်ကို စိုးရိမ်စိတ်တွေ ဖိတ်လျှံကာ ချမ်းသာမှုကင်းနေတတ်သည်ဟု ကောက်ချက်ချချင်ပါ၏။ ပုထုဇဉ်နှင့် လောကအမြင်ကား နက်နဲလှပေသည်။

မပြည့်မစုံ မလုံခြုံသော ဘဝ၌ ရပ်တည်ကြရသော်လည်း ပရဟိတဖြင့်ထန်စိတ်ဖြင့် ထမင်းမေ့ ဟင်းမေ့ ဆောင်ရွက်ကြသူ၊ အခြားအရေးကိစ္စတွေကို ချော်လျှရှုသူတို့ ရှိသည်ကို တွေ့ရဖူးသည်။ အခွင့်အလမ်းတွေ၊ နေရာတွေ၊ ရည်းစိမ်တွေ ပြည့်စုံပါလျက် လိုချင်ဆန္ဒ တဏ်ဟာကို ထုံမွမ်းခြင်း အားမရနိုင်အောင်တားမနိုင်၊ ဆီးမရ ဖြစ်ချင်သူတွေကိုလည်း တွေ့ဖူး၏။ စိတ်ထားစေတနာချင်း ကွဲပြားခြားနားလှ၏။ ဤစာမှုကို ခေါင်းစဉ်ပေးချင်ပါသေး၏။

ပုထုဇဉ်တို့၏ လောကအမြင်ကကျယ်ဝန်းပေ၏။ နက်နဲလှ၏။ တစ်ပြေးညီမဖြစ်နိုင်။ သို့သော် မျှတလိုစိတ် ကိန်းအောင်းပါက သင့်မြင့်မှုယ်ရှိ၏။ ထိုအခါ ခြေခြားမြေခြား ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုမလေ့ မတူသည့်တိုင်အောင် စုံနှုန်းနားလည်မှုရှိရာတွေ ရှိကြောင်းတွေ့ရပြန်၏။ လူသားစိတ်ဓာတ်ပင် ဖြစ်လေသည်။

သို့ဖြစ်၍ ရုံနှံရုံ့ခါဆိုသလို တစ်ချိန်က သင်ကြားနေသော ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်း Leo-Tolstoy ၏ Three Qeustions မေးခွန်းသုံးခုဆိုသည့် ဝတ္ထုတိုတစ်ခုထဲက အနှစ်သာရများကို မှတ်မိသတိရမိပေတော့သည်။ "အရေးအကြီးဆုံးအချိန်၊ အရေးအကြီးဆုံးလူ၊ အရေးအကြီးဆုံးနေရာ" မှာဘာလဲဆိုသည့် မေးခွန်းများအတွက် အဖြေဖြစ်ပါ၏။

The most important time is now: အရေးအကြီးဆုံးအချိန်သည် ယခုပင် ဖြစ်သည်ဆိုသော စာသားလေးကခြိမ်ခြိမ်ရာ ပြန်ရလေသည်။ အတိတ်ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ရောက်ဆဲချိန်ခါ ယခုသာ အရေးအကြီးဆုံးအချိန် ဖြစ်၏။ ပြုသင့်သည်ကိုပြုရအောင်၊ ဆောင်ရွက်ရကြရမည်ဖြစ်၏။ ဗုဒ္ဓဒေသနာ "ပစ္စုပ္ပန်တည့်တည့်ကြည့်" ဆိုသော သွန်သင်ချက်နှင့် ကိုက်ညီပေ၏။

အရေးအကြီးဆုံး လူပုဂ္ဂိုလ်သည် 'မိမိ' သာဖြစ်၏။ ကိုယ့်အားကိုယ်ကိုးရ၏။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးရပေမည်။ 'အတ္တဟိအတ္တနော နာထော' မိမိကိုယ်သာ ကိုးကွယ်ရာ ဖြစ်ပါသည်၊ သူတစ်ပါးကို အားကိုးရန်မရှိ။

မိမိ၏ စိတ်စေတနာလှုပ်ရှားက အတ္တလေမှုတဖို့လိုကြောင်း မလွန်ကဲသော အတ္တဖြစ်သင့်ကြောင်း ညွှန်ပြ၏။ အရေးအကြီးဆုံးနေရာကမူ မိမိရောက်ဆဲ ရှိဆဲ နေရာဖြစ်၏။ ရောက်ရှိသောနေရာကို ပတ်ရှုပသင့်မြတ်သည့်နေရာဖြစ်အောင် အများနှင့် ဂိုင်းဝန်းအကောင်အထည်ဖော်ရ၏။ မိမိရှိနေရာ၊ လုပ်ငန်းတိုးတက်အောင်၊ ငန်းကျင်အလှသာယာအောင် ဖန်တီးရပေမည်။ အရေးအကြီးဆုံး အချိန် ပုဂ္ဂိုလ်၊ နေရာတို့ကား၊ မိမိနှင့် ရောက်ဆဲ ရဆဲ ကာလနေရာသာ ဖြစ်လေသည်။ အသုံးချတတ်ဖို့သာ ဖြစ်၏။

လောကီဘုံသားပုထုဇဉ် ဖြစ်သဖြင့် အမှားအယွင်းမကင်းနိုင်။ သို့သော် စေတနာပန်မွမ်းပါးသင့်။ အမြင်တင့်စေသင့်၏။ တစ်ဘဝစာ ကစ်ခဏေမျှရလာသည့် လူ့လောကဝယ် နယ်လွန်အတ္တက အမြင်ဖို့စရာဖြစ်၏။ အတ္တလွန်ပါက အရှက်အကြောက်ကင်းနိုင်၏။ သူတော်ကောင်းကို ဆုံမွမ်းမွယ်မရှိ။ ခေတ်ပေါ်ပွင်းခေတ် သစ်အမြင်၊ ပြည်တွင်းတိုင်းခြားကွဲပြားသော်လည်း ဌာအပ်သည့်အမြင်ဖြင့် တည်ဆောက်သင့်သည်ဟု ယူဆရပါ၏။

ညွှန့်ပေါ်ကြိုတော



www.burmeseclassic.com

www.burmeseclassic.com



# ရေဆန်လမ်းကိုဆန်တက်ရင်း

ပြုံးမင်းနှ

သူနှင့်ပတ်သက်သော ပုံနှိပ်စာချုပ်ကို ကျွန်တော်ရေးချင်သည်မှာ ကြာပြီ၊ ကွယ်လွန်သွားရှာပြီဖြစ်သော ပန်းချီဆရာ ကိုဝသုန်က ကျွန်တော်နှင့်တွေ့တိုင်း "ကိုနိုင်ဝင်း အကြောင်းကို ခင်ဗျားက ရေးရမှာ၊ ရေးစမ်းပါဗျာ ..." ဟု မကြာခဏ ပြောတတ်သည်။ သို့သော် ကျွန်တော် မရေးဖြစ်။ မရေးရသည့်အကြောင်းမှာ ထိုစဉ်အချိန်က အုပ်ချုပ်နေသော အစိုးရ၏ ဖူပါဒအရ မရေးချင်မရှိသောကြောင့်ပင်။

ယခုတော့ ဒီမိုကရေစီခေတ်ကို ကိုယ်စားပြုသော အစိုးရဖြစ်လာ၍ သူ့အကြောင်းကို ရေးခွင့်ရပြီ။ ယခင်က လုံးဝပိတ်ပင်ထားခြင်းခံရသော သူ၏ပစ္စည်းအနုပညာများကိုပင် ပုံနှိပ်ထုတ်ဝေခွင့် ပြန်ရလာပြီ။ သို့သော် ယနေ့ခေတ် လူငယ်အတော်များများသည် သူ့အကောင်အထည်ကို မမြင်ဖူးသော၊ မကြားဖူးကြတော့၊ မသိကြတော့သော မကြားဖူးကြသော သူ့အကြောင်းကို ဖော်ပြချင်ပါသည်။ သူက လူရော ခေတ်ပါ ပြောင်းပြန်ဖြစ်ကာ ကွယ်သွားခဲ့သည်မှာ နှစ်ပေါင်းများစွာကြာပြီ။ လေးဆယ်နီးပါး ရှိခဲ့ပြီပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ကျွန်တော် စတင်သိကျွမ်းတော့ သူက နာမည်ကျော် စာရေးဆရာတစ်ဦး ဖြစ်နေပြီ။ သို့သော် သူ့မှာ နေစရာအိမ် အတည်တကျ ရှိသေးပုံမပေါ်။ နောင်သောအခါမှ မရမ်းကုန်းမြို့နယ်၊ ရေကျော်ဘူတာရှိရာ ရပ်ကွက်၌ အထိုင်ချသည်။ သူဝယ်ယူလိုက်သော မြေကွက်သည် ခြံပြေ။ ခြံပြေကို ရောင်းသွားသူသည် သူ့အိမ်ကို ဖျက်ယူသွားသော်လည်း မီးဖိုဆောင်လေးကို ဝယ်သူနေရန် ချန်ထားပေးခဲ့သည်။ ချန်ထားခဲ့သော မီးဖိုဆောင်မှာ ထရံနှစ်ချပ်သာ ရှိသည်။ အမိုးတော့ ရှိသည်။ ဓနိဖက်အမိုး။ ထိုအိမ်ရှင်သည် နာမည်ကျော်စာရေးဆရာ နိုင်ဝင်းဆွေပင်တည်း။

တစ်ရက်တွင် သူဖိတ်ကြားသဖြင့် သူ့အိမ်ရှိရာ ရေကျော်ရွာသို့ မီးရထားစီးပြီး ရောက်သွားကြသည်။ သူ့ခြံဝင်းထဲမှာ နှင်းဆီစိုက်ခင်းကို တွေ့ရသည်။ သူ့နှင်းဆီစိုက်ခင်းကို ကျွန်တော်တို့အား ခေါ်ကြွားလေသလားမသိ။ သူ၏ နှင်းဆီစိုက်ခင်းနှင့် စပ်လျဉ်း၍ ကဗျာဆရာ လှဆွေက ဤသို့ရေးခဲ့သည်။

××× ×××

တဲရှေ့က နှင်းဆီတောမှာ လေတိုးလွန်းသဖြင့် တင်းခံထားရင်း တဆတ်ဆတ်တုန်နေသည်။ သည်နေ့မှ လေကသောင်းကျန်းနေသည်။ ခြံဝက ဝိတောက်ပင်၊ သရက်ပင်၊ ဝါးရုံပင်အုပ်များကို ရှန်းရင်းဆန်ခတ် တွန်းတိုက်နေရာက တဲနောက်ဖေးပေါက်သွားကာ ငှက်ပျောတောထဲ တဝုန်းဝုန်း ပြောင်းဆန်နေပြန်သည်။ တစ်ချက်တစ်ချက်တွင် ခနော်ခနဲ့ တဲစုတ်ကလေးကို ဆောင့်ဆောင့်တွန်းသေးသည်။ တဲစုတ်လေးမှာ တဖျစ်ဖျစ်တချွတ်ချွတ် မြည်နေတော့သည်။

××× ×××

နိုင်ဝင်းဆွေက တဲတစ်ဖက်ထောင့်ထဲမှာ ဘဝစာမျက်နှာ ရေးနေသည်။ တဲမှာ အိမ်မကြီးရှိစဉ်က ဘေးတွဲလေး ဖြစ်ခဲ့သည်။ အိမ်ရှင်တို့က အိမ်ကြီးကို ပြောင်းရွှေ့သောအခါ ထိုဘေးတွဲလေးကို ချန်ထားရစ်ခဲ့သည်။

ပထမတော့ ထိုတဲလေးတွင် နေရသည်ကို အပျော်သဘောပိုက်ထားသည်။ ဤလို တဲအစုတ်ပလုတ်လေးမှာ လာနေရသည်ကို သိပ်အလေးအနက်မရှိပါ။ ထိုတဲစုတ်ကလေးကို အချိန်မရွေး စွန့်ခွာသွားနိုင်သည်ဟု မာန်ထောင်ထားကြသည်။ ထို့ကြောင့် တဲစုတ်နေခိုက်၌ ပျော်ပိုက်သည်။

''နှင်းဆီပွင့်တွေ အထွက်လျော့လာတယ်ဟော့''

ကိုသောင်းနွယ်က ကတ်ကြေးတစ်လက်ဖြင့် နှင်းဆီပွင့်များကို လိုက်ဖြတ်ရင်း ပြောလိုက်သည်။ ကျွန်တော်တို့မှာ ခေါင်းနားပန်းကြီးပွားသည်။ အပင် ၂၀၀ စိုက်ထားသော နှင်းဆီတောသည် ဆန်တစ်ပြည်ဖိုးပင် အနိုင်နိုင်ပွင့်သည်။ လူသုံးယောက်က သူ့အပွင့်ကို မှီခိုနေသည်။ အခု နှင်းဆီပွင့်က လျော့လာပြန်သတဲ့လေ။

''အိုကွာ ... တဖြည်းဖြည်း အပွင့်တွေ များလာမှာပါ။ ဟို ဖြတ်ထားတဲ့ ကိုင်းတွေက အပွင့်ဖော့ အများကြီးထွက်မှာ''

နိုင်ဝင်းဆွေက မပူမပန်ဟန်ဖြင့် လှမ်းပြောသည်။ သူသည် ထိုသို့ပြောပြီး နှင်းဆီတောဆီ ကြေကွဲစွာ ကြည့်နေသည်။

××× ×××

ထိုစာတို့သည် နိုင်ဝင်းဆွေ၏ 'ဘဝစာမျက်နှာများ' စာအုပ်၌ ကိုလှဆွေက အမှာစာအဖြစ် ရေးခဲ့ခြင်းဖြစ်သည်။ ၁၉၇၃ ခုနှစ်က ဖြစ်သည်။ ထိုစာကို ဖတ်ရခြင်းအားဖြင့် ထရံနှစ်ချပ်သာရှိသော နိုင်ဝင်းဆွေ၏ ယာတဲတွင် ကိုလှဆွေနေခဲ့ဖူးသည်မှာ ထင်ရှားသည်။

ကျွန်တော်တို့ ယာတဲသို့ ရောက်သွားသည့်နေ့က ကိုလှဆွေမရှိ။ ကိုနိုင်ဝင်းက ကျွန်တော်တို့အား ညစာဖြင့် ဧည့်ခံရန် စီစဉ်သည်။ သူနှင့်လာနေသော သူ့တူခမျာ အလုပ်ရှုပ်ရလေတော့သည်။ ဈေးပြေးဝယ်ရ၊ ချက်ရပြုတ်ရနှင့်။

မှောင်စပျိုးချိန်တွင် ထမင်းဟင်းတွေ ကျက်နေပြီ။ တဲပေါ်၌ ဝိုင်းဖွဲ့စားရန် နေရာမဆံ့။ ထို့ကြောင့် မြောက်ဘက်ခြံအိမ်မှာ ထမင်းစားစားပွဲတစ်လုံးငှား၍ တဲရှေ့ မြေကွက်လပ်၌ ဝိုင်းဖွဲ့ထိုင်ကြသည်။ ထမင်းမစားကြသေးသဖြင့် ထမင်းအိုးကို မြေကြီးပေါ်၌ ချထားသည်။ ဟင်းအိုးကိုမူ စားပွဲပေါ်၌ တင်ထားသည်။

ထမင်းမစားမီ အဖျော်ယမကာသောက်ကြသည်။ စကားပြောကြရင်း သောက်လိုက်ကြသည်မှာ ညခုနစ်နာရီရောက်ချိန်တွင် အတော်လေး ရေချိန်ကိုက်နေကြပြီ။ ထိုအချိန်တွင် ကျွန်တော့်မှာပါလာသော ဒူးယားစီးကရက်က ကုန်သွားသဖြင့် ကိုနိုင်ဝင်းဆွေကို ဝယ်ပေးရန် ပြောလိုက်၍ ကိုနိုင်ဝင်း သူ့တူကို သွားဝယ်ခိုင်းသည်။ ရွာထဲမှ ဈေးဆိုင်တွေက ဒူးယားစီးကရက်မရှိသဖြင့် ဝယ်မရခဲ့။

ထိုအချိန်တွင် အတော်လေး မူးနေပြီဖြစ်သော ကျွန်တော်က ဂျီကျတော့သည်။ စီးကရက်မှ မသောက်ရလျှင် ထမင်းမစားတော့ဟု ကြွေးကြော်နေသဖြင့် ဝိုင်းထဲမှတစ်သီးက သူသွားဝယ်ပေးမည်ဟုဆိုကာ ထထွက်သွားသည်။ ထိုသူနောက်မှ တစ်ယောက်ကလည်း ဆေးပေါ့လိပ်ဝယ်ရန်ဆိုပြီး လိုက်သွားသည်။ တော်တော်နှင့် ပြန်မလာကြ။

လာစဉ်က ရေကျော်ဘူတာတွင်



www.burmeseclassic.com

www.burmeseclassic.com

ကွမ်းယာဆိုင်တစ်ဆိုင် တွေ့ခဲ့သည်ကို ကျွန်တော် သတိရလိုက်သဖြင့် စီးကရက် ဝယ်ရန် ဘူတာရုံဘက်သို့ ထွက်လာခဲ့သည်။ ကိုနိုင်ဝင်းဆွေက စိတ်မချသဖြင့် သူ့တူကို ကျွန်တော်နှင့် ထည့်လိုက်သည်။ ဘူတာရုံရောက်တော့ ကွမ်းယာဆိုင်က ပိတ်သွားလေပြီ။ စိတ်ပျက်လက်ပျက်နှင့် ဘူတာရုံပလက်ဖောင်း၌ ကျွန်တော် ထိုင်နေလိုက်သည်။ မည်မျှ ကြာသွားသည်မသိ၊ ကိုနိုင်ဝင်းဆွေက စိတ်ပူပြီး ကျွန်တော်တို့နောက် လိုက်လာသည်။

"ခင်ဗျားတို့အရင် ဆေးလိပ်သွားဝယ်ကြတဲ့ ဟိုနှစ်ယောက်ကလည်း ခုချိန်ထိ ပြန်မရောက်ကြသေးဘူး။ ဒီကြားထဲ ခင်ဗျားတို့ကလည်း ကြာသင့်ချိန်ထက် ပိုကြာနေလို့ လိုက်လာတာ"ဟု ကိုနိုင်ဝင်းဆွေက ပြောသည်။

ခြံထဲ တဲသို့ ကျွန်တော်တို့ ပြန်ရောက်ကိန်နှင့် ကျွန်တော်တို့ထက်စော၍ ဆေးလိပ်သွားဝယ်သူနှစ်ယောက် ပြန်ရောက်ချိန်သည် တိုက်ဆိုင်စွာပင် တစ်ပြိုင်နက်တည်း ဖြစ်နေသည်။

တဲရှေ့၌ ဆူညံစွာ တစ်ကောင်နှင့်တစ်ကောင် သဲကြီးမဲကြီး ကိုက်ခဲလုံးထွေးနေကြသော ခွေးအုပ်ကြီးကို ကျွန်တော်တို့အားလုံး မှင်တက်ငေးကြည့်နေမိကြသည်။ ခဏကြာမှ သတိပြန်ဝင်လာပြီး ခွေးတွေကို ခြောက်လှန့်မောင်းထုတ်လိုက်ကြသည်။ ခွေးတွေ ထွက်ပြေးသွားကြတော့မှ အခြေအနေကို နားလည်လိုက်ပြီး ကျွန်တော်တို့ ငိုရမလို၊ ရယ်ရမလို ဖြစ်နေကြသည်။

ကြည့်ဦးလေ ... ကျွန်တော်တို့ ညစာစားမည့် အမဲသားနှင့် ကုလားပဲဟင်းအိုးသည် ထမင်းစားပွဲနှင့် သုံးပေကျော်လောက်အကွာ၌ အိုးတခြား၊ အဖုံးတခြား၊ အိုးထဲ၌ ဘာမျှမရှိတော့။ မြေပေါ်၌ ချထားသော ထမင်းအိုးသည်လည်း အဖုံးတခြား၊ အိုးတခြား၊ မြေပြင်ပေါ်၌ ထမင်းလုံးတွေ ဖွေးနေသည်။

အမှန်က လူတစ်ယောက်မျှ မရှိချိန်တွင် မွှေးပျံ့နေသော အမဲနှင့် ပဲဟင်းက ခွေးတွေကို မြှူဆွယ်ပါလိမ့်မည်။ ထိုအချိန်၌ ဟင်းအိုးကလည်း အေးနေလောက်ပြီ။ တစ်ကောင်က ဝင်စားရာက တစ်ရွာလုံး ခွေးတွေရောက်လာပြီး လုယက်တိုက်ခိုက် စားသောက်နေကြခြင်းပင် ဖြစ်ပါလိမ့်မည်။

ညနေစာတော်ပြီကို ကျွန်တော်တို့အားလုံး နားလည်လိုက်ကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ရမလို၊ ငိုရမလို ဖြစ်နေကြသည်။ ထိုနေ့ ထိုရက် ထိုညကို ကျွန်တော် မမေ့နိုင်ပေ။ ထိုအဖြစ်အပျက်ကို ပြန်တွေးမိတိုင်း ပြုံးရမလိုလို၊ လွမ်းရမလိုလို ခံစားရသည်။ ကိုနိုင်ဝင်းဆွေကိုလည်း သတိရမိသည်။

ကိုနိုင်ဝင်းဆွေသည် သူ၏ 'ရေဆန်လမ်း' ဝတ္ထုကို ရေးစဉ်က တစ်ရက် ကျွန်တော့်ထံသို့ ရောက်လာပြီး 'သူ့မှာ စာရေးစရာနေရာ အခက်အခဲတွေ့နေကြောင်း' ပြောပြသည်။ သူ့စကားကို ကျွန်တော်က နားလည်သည်။ သူ့အခက်အခဲကို ကျွန်တော်က ကိုယ်ချင်းစာသည်။ ထို့ကြောင့် ကျွန်တော်သည် စိတ်ထဲက အပြေးအလွှား စဉ်းစားနေမိသည်။ ကျွန်တော့်ခေါင်းထဲသို့ အလင်းရောင်တစ်ခု ဖျတ်ခနဲ ရောက်လာသည်။

"ကိုနိုင်ဝင်း ... ခင်ဗျား သန်ဘက်ခါကို စာရေးမယ့် စာရွက်တွေပါ ယူလာပြီး တစ်ခါတည်းလာခဲ့။ ခင်ဗျားစာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ရေးနိုင်မယ့်နေရာ စီစဉ်ထားလိုက်မယ်"

သူ့မျက်နှာ ဝင်းပသွားသည်။

"ကျေးဇူးတင်လိုက်တာ ကိုမြင့်ဝင်းနီရာ။ ကျွန်တော့်ဝတ္ထုက တချို့တစ်ဝက် ရေးပြီးနေပြီ၊ ကျန်တာဆက်ရေးဖို့ နေရာအခက်အခဲဖြစ်နေလို့ တစ်နေ့မှာ ကိုဝသုန်ကို ပြောပြတော့ သူက ခင်ဗျားဆီသွားပြီး အကြံဉာဏ်တောင်းကြည့်ပါလား တိုက်တွန်းလိုက်လို့ ခင်ဗျားဆီ ရောက်လာတာ"

ယခုလို သူ့အကူအညီတောင်းသည့် အချိန်ကာလသည် နွေရာသီကျောင်းပိတ်ရက် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က ကျွန်တော်၏မိတ်ဆွေ ကျောင်းဆရာအား ဖွင့်ဟတိုင်ပင်ရာ သူက စာပေဓါသနာပါသူတစ်ဦး ဖြစ်သည့်အားလျော်စွာ ချက်ချင်းပင် လက်ခံလိုက်သည်။ ကျွန်တော်တို့ အစီအစဉ်က ကိုနိုင်ဝင်းဆွေအား စာသင်ခန်းတစ်ခန်း၌ နေရာချထားပေးလိုက်ပြီး သူ ညအိပ်ညနေ နေလျှင်လည်း နေနိုင်ရန်။

ကိုနိုင်ဝင်းဆွေ ရောက်လာသည့်အခါ ကျွန်တော် သူ့ကို နေရာချထားပေးလိုက်သည်။ သူပျော်သွားပြီး ကျေးဇူးတင်ကြောင်း အထပ်ထပ်အခါခါ ပြောနေလေသည်။ ကျွန်တော်လည်း သူ့ကို ကူညီလိုက်ရ၍ စိတ်ထဲ၌ ပီတိဖြစ်ရသည်။

ကျောင်းဆရာကလည်း ကျောင်းဝင်းထဲ၌ပင် နေသူဖြစ်၍ ကိုနိုင်ဝင်းဆွေကို အနီးကပ်အကူအညီပေးသည်။ ကိုနိုင်ဝင်းဆွေသည် ရက်သတ္တနှစ်ပတ်ခန့် နေပြီးနောက် သူ့ဝတ္ထုအပြီးသတ်ပြီးသွားပြီဟု ဆိုကာ ကျွန်တော်တို့ကို နှုတ်ဆက်ကာ ပြန်သွားလေသည်။

ကိုနိုင်ဝင်းဆွေသည် စိတ်ကောင်း၊ နှလုံးကောင်းရှိသူ ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့သည်။ တစ်ဖက်သားကို အားနာတတ်သည်။ သည်းခံနိုင်စွမ်းရှိသည်။ ဆင်းရဲဒုက္ခကိုလည်း ကြံ့ကြံ့ခံနိုင်သူ ဖြစ်သည်။

သည်ကောက်ချက်တွေက ကျွန်တော့်စိတ်မှန်းမဟုတ်။ သူနှင့် အချိန်



www.burmeseclassic.com

www.burmeseclassic.com

ကာလ အတော်ကြာသွားလာ ထိတွေ့ခဲ့ရာက မျက်မြင်ကိုယ်တွေ့ဖြစ်သော ပကတိ အရှိတရားတို့ပင် ဖြစ်ပေသည်။

ပန်းချီဆရာ ကိုဝသုန်သည် ကျွန်တော်နှင့်တွေ့လျှင် ကိုနိုင်ဝင်းဆွေအကြောင်းကို သတိတရပြောတတ်သည်။ ကိုနိုင်ဝင်းဆွေ၏ အနုပညာအားကောင်းသော စာအရေးအသားကို သူက မကြာခဏ ချီးကျူးသည်။ တစ်ခါတွင်တော့ ကိုနိုင်ဝင်းဆွေအကြောင်း ပြောရာမှ . . .

"စာရေးကောင်းတဲ့၊ အနုပညာ အားကောင်းတဲ့ စာရေးဆရာ လော… ပျောက်သွားအောင်လုပ်တာ ခင်ဗျားတို့မှာ တာဝန်ရှိတယ်ဗျ"

ကိုဝသုန်၏ … ရည်ရွယ်ချက်ကို ကျွန်တော် နားလည်သဘောပေါက်ပါသည်။ သူက အယူအဆ၊ အတွေးအခေါ်တူသော ကျွန်တော်တို့ အဝန်းအဝိုင်းကို သိထားသူဖြစ်၍ ကျွန်တော် သူ့ကို ပြန်မဆွေးနွေးတော့။

"ကိုနိုင်ဝင်းက သိပ်ရိုးသားတာဗျ။ ခင်ဗျားမှတ်မိသေးလား။ တစ်ခါ ကျွန်တော်တို့သုံးယောက် လမ်းဘေးမှာ ထမင်းကြော် စားကြတော့ ကျွန်တော်နဲ့ ခင်ဗျားက ထမင်းဝသွားလို့ ထပ်မစားကြတော့ဘူးလေ။ အဲဒါ ထမင်းမဝသေးတဲ့ ကိုနိုင်ဝင်းက သူထမင်းလိုက်ပွဲ …ကို ကျွန်တော်တို့နှစ်ယောက်ဆီက … တောင်းခဲ့တာလေ"

တစ်ရက် ကျွန်တော်တို့သုံးယောက် တစ်နေရာမှ ပြန်လာကြသည်။ ညနေပိုင်း ရောက်သည့်တိုင် နံနက်စာ မစားရသေး။ ဝယ်စားစရာ ငွေကြေးကလည်း မရှိကြ။ သို့ဖြင့် တောင်ဥက္ကလာပသို့ ရောက်သည့်အခါ ကျွန်တော့်အသိမိတ်ဆွေ လက်ဖက်ရည်ဆိုင်မှ ငွေငါးကျပ်ချေး၍ လမ်းဘေး ထမင်းကြော်ဆိုင် တစ်ဆိုင်၌ ထမင်းစားကြရသည်။

ထမင်းကြော်တစ်ပွဲ တစ်ကျပ်။ ထမင်းကြော် တစ်ပန်းကန်အပြည့်နှင့် အမဲကြော် နှစ်တုံး။ ကိုဝသုန်နှင့် ကျွန်တော်က တစ်ပန်းကန်နှင့် ထမင်းဝသွားကြပြီမို့ ရေနွေးကြမ်း သောက်နေကြပြီ။

ထိုအချိန်မှာ ကိုနိုင်ဝင်းဆွေက ထမင်းလိုက်ပွဲ ထပ်ယူလိုကြောင်း ပြောလာသည်။ သူ့ပန်းကန်ထဲတွင် ထမင်းကြော် လုံးဝမရှိတော့ဘဲ အမဲကြော် တစ်တုံးက ခေါ်ခေါ်စင်းစင်း ကျန်နေသည်ကို တွေ့ရသည်။ ကျွန်တော်တို့က "လိုက်ပွဲ တစ်ပွဲမကဘူး၊ နှစ်ပွဲယူလည်း ရတယ်" ဟု ပြောလိုက်မှ လိုက်ပွဲတစ်ပွဲ ထပ်မှာ…သည်။

ကိုနိုင်ဝင်းဆွေနှင့် ကဗျာဆရာတစ်ယောက် … ပြည်နယ်မြောက်ပိုင်း နယ်စပ်…သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း … ကျွန်တော်နှင့် ရင်းနှီးသည့် မိတ်ဆွေက ပြောပြ၍ သိရသည်။ ထိုပုဂ္ဂိုလ်က ဤသို့ ဆက်ပြောပြသွားသေးသည်။


"တမြန်နေ့ကပဲ ပန်းကျိုးတန်း စာအုပ်တန်းမှာ ကိုနိုင်ဝင်းဆွေနဲ့ တွေ့ခဲ့သေးတယ်။ စကားပိုင်ပြောကြရင်း … မိရာက ကိုနိုင်ဝင်းဆွေက ကိုမြင့်ဝင်းနဲ့ကို ရှိမန်းနံ့တစ် ပင်လယ်ထဲကနေ ကယ်တင်ရမယ်ဗျ" ဟု ပြောသွားကြောင်း ကြားလိုက်ရ၏။

သူပြောသွားသော စကားကြောင့် ကျွန်တော့်စိတ်ထဲ၌ ဘာမှမခံစားရ။ သူ့ကို သတိရမိသည့်အခါတိုင်း လွမ်းမိသော ခံစားမှုသာ ရှိသည်။ ယခင်က သူ့နာမည်၊ သူ့အကြောင်းကို ရေးခွင့်မရှိ၊ သူရေးခဲ့သော စာအုပ်တွေကို ပြန်ထုတ်ခွင့်မရှိ။ ယခုတော့ သူ့ဝတ္ထုတွေ လိုင်လိုင် ပြန်ထုတ်ဝေနေကြလေပြီ။ သူ့နာမည်နှင့် သူ့အကြောင်းတွေကို ရေးခွင့်ရလေပြီ။ ရေးကြလိမ့်မည် ထင်သည်။

ရေဆန်လမ်းကို ဆန်…
ပြင်းထန်သော လှိုင်းတံပိုးအောက်…
နစ်မြုပ်ပျောက်ဆုံးသွားခဲ့ကြောင်း သ…
ကို ကြားရသည်။ မည်သူမျှ အတိ…
တော့ မပြောနိုင်ကြ။ အကိအကျ…
သူ တစ်စုံတစ်ယောက်တော့ ရှိ…
ထင်ပါသည်။ အခါအခွင့်မသင့်…
မပြောခြင်းသာ ဖြစ်ပါလိမ့်မည်။

ဒူးယားစီးကရက်ကြောင့် …
တော်သွားရခြင်းကို အကြောင်းပြု၍ …
ဝင်းဆွေက ကျွန်တော့်ကို 'ဒူးယား…
နီ' ဟု ခေါ်ဝေါ်နှုတ်ဆက်တတ်…
ကျွန်တော်တို့ကလည်း သူ့ကို …
'နိုင်ဝမ်ဖွေ' ဟု ခေါ်ဝေါ်နှုတ်ဆက်…
ကြသည်။ ပြီးတော့ ကျွန်တော်တို့ …
ရယ်ကြသည်။ ထိုအပြုံးအရယ်တို့…
အတိတ်နှင့်အတူ ကျန်ရစ်ခဲ့လေပြီ…
သော် ကျွန်တော်၏ အတိတ်လွမ်း…
၌မူ သူကတော့ ရှိနေမြဲပင်။ ■

## မြင့်ဝ…





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# ဝင်ခွေးကျိန်စာ

မောင်အောင်မြင့် (မိတ္ထီလာ)

လွန်ခဲ့သောနှစ်ပေါင်း ၃၈ နှစ်ခန့်၊ ၁၉၈၆ ခုနှစ်အတွင်း ဖြစ်ပါသည်။ မိမိမှာ ကျန်းမာရေးမှူး တစ်ဦးဖြစ်၍ မိမိဆန္ဒဖြင့် စစ်ကိုင်းတိုင်း၊ ခန္တီးခရိုင်၊ နာဂတောင်တန်းသို့ တာဝန်ဖြင့် ထမ်းဆောင်ရန် ခွင့်ပြု ချက်ရယူပြီး သွားရောက်စဉ် လမ်းခရီးသင်္ဘောပေါ်တွင် သိရှိခဲ့ရသည့် စိတ်ဝင်စားဖွယ် ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှထွက်လာခဲ့သော ချင်းတွင်းမြစ်ကြောင်းခရီး နှစ်ထပ် သင်္ဘောကြီး "ပေါက်တန်း"နှင့် လိုက်ပါခဲ့ရာ ညနေ ၃ နာရီခန့်တွင် ပခုက္ကူဆိပ်ကမ်းသို့ရောက်သည်။ ခေတ္တရပ် နားပြီး ဧရာ ဝတီမြစ်ကို တစ်ဖန်ပြန်၍ ဆန်တက်ခဲ့ပြန်သည်။

ဧရာဝတီနှင့်ချင်းတွင်း မြစ်ဆုံရာ"ရေစကြိုရွာ"အနီးသို့ ရောက်လျှင်ရေကြောင်းပြောင်းပြီး ချင်းတွင်းမြစ်အတွင်းမှ ဆန်တက်ခဲ့သည်။ မိုးတွင်းကာလ (ဩဂုတ်လ)မြစ်ရေတက်ချိန်ဖြစ်၍ ရေကြောင်းကောင်းမွန်လျက်ရှိသည်။ သို့ရာတွင် တောင်ကျရေများကြောင့် မြစ်ရေမှာ မြေနီရောင် ပေါက်လျက် ရေစီးအားသန်လှသည်။ မြင်ကွင်းကမလှသည့်ချင်းတွင်းမြစ် ရေအတွင်းအုပ်စုလိုက် မျောပါ လျက်ရှိသော ခရမ်းရောင်အပွင့်၊ စိမ်းစိုလျက်ရှိသည့်အရွက်များဖြင့် လှပတင့်တယ်မျက်စိ ပသာဒဖြစ်သော "ဗေဒါ"ပင်အုပ်စုများကို မျက်စိတစ်ဆုံးတွေ့မြင်ရ၍ တစ်နည်းအားဖြင့် ပီတိဖြစ်ရ ပြန်သည်။

နောက်တစ်နေ့ နံနက် ၉ နာရီခန့်တွင် မုံရွာမြို့ဆိပ်ကမ်းသို့ ရောက်ရှိပြီး တစ်ညအိပ် ရပ်နား သည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိမှာမန္တလေးမှ မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် ပေါက်တန်းသင်္ဘောကြီး၏ အထက်တန်းနေရာတွင် နေရာရရှိခဲ့ပြီး စာရေးအတွက်လည်း အဆိုပါ သင်္ဘောမာလိန်မှူး (ပဲ့ကိုင်)ဦးထွန်းလှိုင်၏ သဘောတူ ခွင့်ပြုချက်ဖြင့် သင်္ဘောအဖွဲ့သားများနှင့်အတူ စုပေါင်းထည့်ဝင် စားသောက်ရ၍ အဆင်ပြေသောခရီးဖြစ်ပါသည်။ နောက်တစ်နေ့နံနက် ၈ နာရီခန့်တွင်မုံရွာဆိပ်ကမ်းမှ ပေါက်တန်းသင်္ဘောကြီးချင်းတွင်းမြစ်ကို ဆန်တက်ခဲ့ပြန်သည်။ မုံရွာဆိပ်ကမ်းမှ လိုက်ပါလာခဲ့ကြသည့် အသက် ၅၀ ခန့်ရှိ အဘွားတစ်ဦးနှင့် အသက် ၁၅ နှစ်ခန့် (မြေးဖြစ်ဟန်တူသည်) ကလေးမတစ်ဦးတို့မှာ မိမိတို့နေရာအနီးတွင် နေရာယူကြသည်။

ဟုမ္မလင်းမြို့နယ် ထမံသီရွာသို့ သွားကြမည့် မြေးအဘွားဖြစ်ကြောင်း သင်္ဘောစီးခရီးသည်အချင်းချင်းဖြစ်၍ ရင်းနှီးမှုဖြင့် သိရှိရပါသည်။ ချင်းတွင်းမြစ်ကြောင်းတွင် ဒုတိယတွေ့ရသော (မစိန် ဆိပ်ကမ်းမှ) မိမိတို့စီးလာသော သင်္ဘောကြီးပေါ်သို့ တက်လာသည့် လူငယ်စစ်ဗိုလ်တစ်ဦးခေါင်းဆောင်သော တပ်မတော်သားများမှာလည်း အပေါ်ထပ်ရှိ မိမိတို့အနီးတွင် နေရာယူကြသည်။

ချင်းတွင်းမြစ်ရိုးတစ်လျှောက် ဒေသလုံခြုံရေး အတွက် တာဝန်ယူကြရသော တပ်မတော်သားရဲဘော်များဖြစ်ကြောင်း သိရှိရင်းနှီးခွင့်ရပါသည်။ တပ်ခွဲမှူးမှာ ချင်းအမျိုးသားဗိုလ်ကြီး "တွမ်မလို"အမည်ရှိပြီး စိတ်နေစိတ်ထား သဘောထား တည်ကြည်ကောင်းမွန်ကြောင်း ဆက်ဆံပြောဆိုမှုပုံသဏ္ဌာန်အရ သိရှိရပါသည်။

သင်္ဘောစီးခရီးသည်အချင်းချင်း ရင်းနှီးလာကြသည့်အလျောက် တစ်ဦးအကြောင်းတစ်ဦး သိရှိခွင့်ကြရသဖြင့် ဒေသအကြောင်း၊ ဒေသခံလူတွေ၏ စရိုက်လက္ခဏာအကြောင်း အပါအဝင် ပုံပြင်ဆန်သော အဖြစ်အပျက် ဒဏ္ဍာရီဆန်ဆန် အဖြစ်ဆန်းများကို သိရှိခွင့်ရခဲ့ပါသည်။ မိမိတို့နှင့်အတူ သင်္ဘောစီးအဘွား(ထမံသီရွာဇာတိ)မှ လူငယ်ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်သော မိမိအား ခန္တီးတွင်နေစဉ်အတွင်း အနေအထိုင်၊ အပြောအဆိုအစားအသောက်စသည်များ ဂရုစိုက်ဆင်ခြင်ရန် ပြောပြီး တစ်ဆက်တည်း ခန္တီးဒေသတွင် "စုန်း၊ ကဝေ၊ ပယောဂ" တတ်ကျွမ်းသူများ ရှိကြောင်း၊ ချစ်လျှင်လည်းပြုစား၊ မုန်းလျှင်လည်း အပင်းထည့်ပြု စားလေ့ရှိကြောင်း သတိပေးပါသည်။

အလားတူ ၎င်းတို့ဇာတိ ထမံသီရွာတွင် တစ်ချိန်က လူသိများ ထင်ရှားလျက်ရှိသော (သမန်းကျား)လူစင်စစ်မှ ကျားဖြစ်သော မျိုးနွယ်စုတစ်စုရှိခဲ့သည့် အဖြစ်အပျက်များကို ၎င်း၏ မြေးငယ်ဟန့်တားနေသည့်ကြားမှ မိမိအားပြောဖြစ်အောင် ပြောပြခဲ့ပါသည်။

## ဝင်္ကြေးကျိန်စာ

တန်ဆောင်မုန်းလပြည့်နေ့၏ ညတစ်ည။

ဗုဒ္ဓဘာသာဝင်တို့၏ ရိုးရာ မီးထွန်းပွဲတော်ပြုလုပ်လျက်ရှိသော ရွာဦးကျောင်းဝင်းအတွင်းရှိ စေတီတော်ဝန်းကျင်တွင် "ထမံသီ"ရွာမှ လူကြီး လူငယ် ကျားမများ ကြက်ပျံမကျ စည်ကားလျက် ရှိသည်။ ထို့နည်းတူစွာ "ထမံသီ"ရွာ၏ ရွာလယ်လမ်းမကြီးတစ်လျှောက်နှင့်အိမ်အသီးသီးတို့၏ မျက်နှာစာတွင်လည်းဗုဒ္ဓရှင်တော်မြတ်အား ရည်မှန်း၍ ဖယောင်းတိုင်၊ ဆီမီးခွက် စသည်တို့ကို လှူပသော ရောင်စုံမီးပုံးများတွင် ထည့်သွင်းထွန်းညှိချိတ်ဆွဲပူဇော်ထားရှိမှုများကို အစဉ်အလာအဖြစ် လုပ်ဆောင်ထားကြသဖြင့် မီးထွန်းပွဲပြုလုပ်ရာ ရွာလယ်လမ်းမတစ်လျှောက်တွင် လူငယ်၊ လူရွယ်၊ ကလေး (ကျား၊မ) များလှည့်လည်ကြည့်ရှုနေကြသည်မှာလည်း ပျားပန်းခတ်သည့်ပမာ ရှိနေသည်။

သို့ရာတွင် အဆိုပါ ထမံသီရွာ၏အနီးအရှေ့ပိုင်းရှိ ဝင်းကျယ်တစ်ခုတွင် ဆောက်လုပ်ထားသည့် ပျဉ်ထောင်ကာ၊ သွပ်မိုးနှစ်ထပ်အိမ်ကြီးအနီးရှိ သစ်ပင်ရိပ်တွင် အသက် ၂၀ အရွယ်သန်မာထွားကျိုင်းသော၊ ယောက်ျားပီသသော အသွင်ရှိ လူငယ်တစ်ဦးမှာမူ တစ်ရွာလုံးရှိ လူများနှင့်မတူ တစ်မူထူးခြားလျက်ရှိသည်။

အဆိုပါ လူငယ်မှာ စိတ်လှုပ်ရှားမှုဖြင့် အငြိမ်မနေနိုင်ဘဲ လူးလာခေါက်ပြန်ဖြင့် တစ်စုံတစ်ခုသော အချိန်အခါကို စောင့်ဆိုင်းနေသည့် သဏ္ဌာန်ဖြစ်နေသည်။

အဆိုပါလူငယ်၏ ခန္ဓာကိုယ်အထက်ပိုင်းတွင် အဝတ်အစားကင်းမဲ့လျက်ရှိသဖြင့် ၎င်း၏ လက်မောင်း၊ လ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရင်ဘတ်စသည့် အသားပေါ်သော နေရာများတွင် အထက်အောက် ကျားရုပ်များ အပြန်အလှန် ဆေးမင်ကြောင်ထိုးထားလျက် ရှိသည်ကို တန်ဆောင်မုန်းလ၏ လပြည့်ဝန်း အရောင်ဖြင့် ဝိုးတဝါးတွေ့မြင်နိုင်သည်။

ဖော်ပြပါ အိမ်ကြီးမှ လူကြီးများနှင့် လူငယ်၏ဇနီးတို့မှာလည်း ရွာဦးဆရာတော်ကျောင်းရှိ စေတီတော်ဆီမီးပူဇော်ပွဲသို့ ရောက်ရှိနေကြသဖြင့် လူငယ်ရှိရာ အိမ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

လပြည့်နေ့ည၏ လပြည့်ဝန်းမှာ မွန်းတည့်ချိန်ရောက်ရှိလာပြီဖြစ်၍ ဝင်းပဖြူစင်သော အလင်းရောင်မှာ ထမံသီတစ်ခုလုံးအား ငွေသင်ဖြူဖြန့်ကျက်ထားပေးလျက်ရှိသည်။

အဆိုပါလူရွယ်မှာ ထမံသီရွာ ဇာတိဖြစ်သည်။ လွန်ခဲ့သော တစ်ပတ်ခန့်ကမှ နှစ်ဖက်မိဘများ အချင်းချင်းထားရှိသော ကတိအရ ထမံသီရွာ၏ အထက်ချင်းတွင်းမြစ်ရိုးရှိ "မောင်းခမ်း"ရွာမှ "မသီရိ"ဆိုသူအမျိုးသမီးနှင့် လက်ထပ်ပြီးစ ပူပူနွေးနွေးသတို့သား ဖြစ်သည်။ ၎င်းဇနီးသည်မှာ ၎င်းရှိရာ ထမံသီရွာသို့ လိုက်ပါလာသည့် မောင်းခမ်း(တစ်ရွာသူ) ရွာသူ သူစိမ်းဖြစ်နေသည်။ ခင်ပွန်းဖြစ်သူ အဆိုပါလူငယ်မှာ ၎င်း၏ မိဘဆွေမျိုးများစဉ်ဆက် အစဉ်အလာတစ်ခုကို လက်ခံကျင့်သုံးနေရသည့် ဘဝင်္ဂကြွေး၏ သားကောင်ဖြစ်နေရရှာသည်။ သို့အတွက်လည်း လက်ထပ်ပြီးစ ပူပူနွေးနွေး ဇနီးသည်နှင့် အတူမလိုက်လာနိုင်။ ဝဋ်ကြွေးဆပ်ရန်အတွက် အိမ်တွင် ကျန်ရစ်ပြီး အချိန်ကို စောင့်ဆိုင်းနေရခြင်းဖြစ်သည်။

မကြာမီအတွင်း ရွာဦးကျောင်းစေတီ မီးထွန်းပွဲမှ ပြန်လာကြသော မိဘနှစ်ပါးနှင့် ဇနီးသည်တို့ပင် အိမ်ကြီးအပေါ်ထပ်သို့ အိပ်ရာဝင်သွားကြပြီဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ဝန်းသည်အိမ်ဦးထပ်မှအနောက်ဘက်ဆီသို့စောင်းငဲ့ ရောက်ရှိသွားလေပြီ။ သန်းခေါင်ကျော်မှ တွန်လေ့ရှိသော သန်းခေါင်ကြက်တွန်သံများပင် ကြားနေရပြီ ဖြစ်သည်။ အိမ်ကြီးပေါ်မှ တိုင်ကပ်နာရီကြီး၏ ၁၂ နာရီထိုးသံလည်း ကြားနေရသည်။ စောင့်ဆိုင်းနေရသည့်အချိန်ကျရောက်သည်နှင့် အဆိုပါ စောင့်ဆိုင်းနေသည့်လူငယ်မှာ ၎င်း၏ ခါးဝတ်ပုဆိုးကို ချွတ်လျက် အတွင်းခံဘောင်းဘီတိုနှင့်ပင် မြေကြီးပေါ်သို့ လေးဘက်ထောက်အနေအထားသို့ ပြောင်းလဲရောက်ရှိသွားသည်။ ၎င်းနောက် လူ၏ ပင်ကိုယ်စိတ်မှ ကျားစိတ်ပေါက်လျက် ကျားဟိန်းသံ ဝေါင်း. . ဝေါင်း ကဲ့သို့ အော်သံပေးလျက် ရှေ့နောက် ကျွမ်းနှစ်ကြိမ်ခန့်ပစ်ကာ အိမ်ခြံဝင်းတံခါးမကြီးကို ကျော်ဖြတ်ခုန်ထွက်ပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

အိပ်၍မရရှာသော ဇနီးသည် မသီရိအနေဖြင့် အိမ်ပြတင်းပေါက်မှ မြင်လိုက်ရသော မြင်ကွင်းကြောင့် မယုံကြည်နိုင်အောင်ပင် အံ့အားသင့် ထိတ်လန့်တုန်လှုပ်စွာ ဖြစ်နေရှာသည်။

အိပ်မောကျနေကြရှာပြီဖြစ်သော ခင်ပွန်းသည်၏ မိဘနှစ်ပါးတို့အား မနှိုးရက်သည့် ဇနီးသည်ဖြစ်သူ မသီရိမှာ မိမိ၏ လင်ယောကျ်ားဖြစ်သူကို တစ်ညလုံး ပြတင်းအနီးတွင် ထိုင်ပြီး စောင့်နေရင်း ရှုတ်တရက် အိပ်ငိုက်သွားသည်။

နံနက် ၄ နာရီခန့်တွင် လင်းကြက်များ တွန်သံကြားမှ မိမိအနီးသို့ ခင်ပွန်းဖြစ်သူမှာ ၎င်း၏တစ်ကိုယ်လုံး ချွေးများစိုရွှဲလျက် ပင်ပန်းနွမ်းနယ်ဟန်ဖြင့် လဲလျောင်းလျက် ဟောက်သံပေးပြီး အိပ်ပျော်သွားရှာသည်။

သို့အတွက် မိမိ၏ ခင်ပွန်းဖြစ်သူအား ဖြစ်ရပ်မြင်ကွင်း၏ အကျိုးအကြောင်းကို မေးခွင့်မရလိုက်ပေ။ မသီရိမှာ ခင်ပွန်းဖြစ်သူအား ကရုဏာသက်သော အကြည့်ဖြင့် ကြည့်ရင်း ၎င်း၏ မျက်လုံးအစုံတွင် မျက်ရည်များ တတွေတွေစီးကျရင်း ပဟေဠိဆန်သော ပုစ္ဆာတစ်ပုဒ်ကို ရင်ဝယ်ပိုက်ထားလိုက်ရရှာသည်။

သို့ရာတွင် ယခုည (လပြည့်နေ့ည)တွင် တွေ့ရသော ဖြစ်ရပ်ဆန်းမြင်ကွင်းမျိုးနောက်ရက်များတွင် မတွေ့မြင်ရသဖြင့် ဇနီးဖြစ်သူ မသီရိထံစ်ယောက်မှာ ၎င်း၏ မျက်စိများပင် အမြင်မှားလေသလားဆိုသည့် သို့လော သို့လော . . အတွေးသံသယစိတ်များ မေ့ပျောက်သွားရပြန်သည်။

တန်ဆောင်မုန်းလကွယ်နေ့ည

ဇနီးသည်မသီရိမှာ လပြည့်နေ့ည အဖြစ်အပျက်ဆန်းများ ထပ်မံမတွေ့ရှိရတော့သဖြင့် ယနေ့ည (လကွယ်နေ့ည)



www.burmeseclassic.com

www.burmeseclassic.com

တွင်လည်း ယမန်နေ့ညများကဲ့သို့ မိမိ၏ခင်ပွန်းသည် မိမိနှင့်အတူ ယှဉ်တွဲအိပ်စက်လျက်ရှိသဖြင့် စိတ်ချလက်ချအိပ်ပျော်သွားခဲ့သည်။ အိမ်ဦးခန်းရှိ တိုင်ကပ်နာရီကြီးမှ ၁၂ ချက်ထိုးသံများ သန်းခေါင်ယံ ကြက်တွန်သံများနှင့်အတူ ကျားဟိန်းသံကဲ့သို့ "ဝေါင်း . . ဝေါင်း" အသံများ ကျယ်လောင်စွာပေါ်ထွက်မှ ကြားလိုက်ရသဖြင့် အိပ်ရာမှ အမြန်ထပြီး ကြည့်မိရာ အိပ်ရာထက်တွင် ခင်ပွန်းသည်အား မတွေ့ရတော့သဖြင့် အိမ်ပြတင်းရှိရာသို့ အပြေးသွားရောက်ကြည့်လိုက်သည်တွင် ယခင် လပြည့်နေ့ညနည်းတူ ခင်ပွန်းဖြစ်သူ (မောင်နန္ဒ)မှာ လူ စိတ်ပျောက်၍ ကျားစိတ်ပေါက်လျက် အိမ်ခြံဝင်းတံခါးမကြီးပေါ်မှ ခုန်ထွက်သွားသည်ကို ဒုတိယအကြိမ်မျက်စိဖြင့် တပ်အပ်တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထို့ကြောင့် မသိရီမှာ ခင်ပွန်းသည်၏ အသွင်ပြောင်းကျား ဖြစ်သွားမှုကို မျက်မြင်တွေ့လိုက်ရ၍ ကြောက်စိတ်ဖြင့် တုန်လှုပ်သွားရာမှ မအိပ်တော့ဘဲ ခင်ပွန်းသည်ပြန်အလာကို စောင့်ကြည့်နေခဲ့သည်။ ကျားစိတ်ပေါက်၍ ထွက်သွားသူ ခင်ပွန်းမှာ ယခင်လပြည့်နေ့ကဲ့သို့ပင် မိုးလင်းခါနီး ကြက်တွန်သံ ၄ နာရီထိုးသံကြားမှ ပေါကြီးပန်းကြီးတစ်ကိုယ်လုံး ချွေးများစို့ရွှဲလျက် ပြန်ရောက်လာပြီး အိပ်ရာထဲတွင် ဝင်ရောက်၍ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ ဒုတိယအကြိမ် မျက်စိဖြင့် မြင်လိုက်ရသဖြင့် စိတ်သောက ပျောက်ခဲ့ရပြန်သည်။

လပြည့်၊ လကွယ်ညများတွင် လွှမ်းမောတုန်လှုပ်ဖွယ် တွေ့မြင်ရသော ခင်ပွန်းသည်၏ ဖြစ်စဉ် ရှာအခေါ် (သမန်းကျား)ဝါ(လူကျား)ဘဝ ပြောင်းလဲသွားခြင်းတို့ကို ခင်ပွန်းသည်နှင့်ယောက္ခမမိဘများကို မမေးရက်သူ ဇနီးသည်မသီရိမှာ ၎င်း၏ သောကပဟေဠိကို ဖြေရှင်းနိုင်ရန် မောင်းခမ်းရွာရှိ သူမ၏ မိဘနှစ်ပါးထံ လျှို့ဝှက်စွာ စာရေး၍ နောက်ဆုံးအသိပေး အကြောင်းကြားလိုက်ရတော့သည်။

ဖြစ်ရပ်ဆန်း (ကျိန်စာ) ပဟေဠိ၏အဖြေ

ကချင်ပြည်နယ်၊ အင်းတော်ကြီးဇာတိ၊ အသက် ၂၀ ခန့် သူငယ်ချင်းနှစ်ယောက်တို့မှာ မိမိတို့ဒေသမှ အခြားဒေသများသို့ စီးပွားရှာရန် နှစ်ဦးသဘောတူ ခရီးဆန့်ထွက်လာခဲ့ကြသည်။ ကချင်အဖ၊ ရှမ်းအမိမျိုးနွယ်များဖြစ်၍ အသားအရေ ဝင်းဝါစိုပြည်လျက် အရပ်အမောင်း ကောင်းပြီး သန့်မာထွားကျိုင်း၊ ယောကျ်ားပီသသူများ ဖြစ်ကြသည်။ ဆံပင်ရှည်ကို သျှောင်တစ်မောင်းထုံးထားကြ၍လည်း မြန်မာဆန်ဆန်ဥပမိရုပ်ကောင်းသော လူငယ်များလည်းဖြစ်ကြသည်။

တစ်ဦး၏အမည်မှာ . . "မောင်ကာဝိ"ဖြစ်၍ အရောင်းအဝယ်လုပ်ငန်းကို စိတ်ဝင်စားသော စီးပွားရေးသမားတစ်ဦးဖြစ်သည်။

. ကျန်လူငယ်တစ်ဦးအမည်မှာ "မောင်ပညာ"ဖြစ်သည်။ ဆေးပညာ၊ ဂါထာမန္တရား၊ ဗေဒင်လက္ခဏာ၊ အင်းအိုင်လက်ဖွဲ့စသည့် ဂမ္ဘီရပညာကို စိတ်ဝင်စားပြီး လေ့လာသင်ယူခဲ့သည့်အလျောက် . . အသင့်အတင့် နားလည်တတ်ကျွမ်းထားသူ ဂမ္ဘီရပညာရှင်ဖြစ်သည်။ ဝါသနာ၊ ဗီဇ၊ စရိုက်စသည်တို့မတူညီကြသော်လည်း ဇာတိသား သူငယ်ချင်းများဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာချစ်ခင်ရင်းနှီးမှုရှိကြသည်။

အဆိုပါ သူငယ်ချင်းနှစ်ဦးတို့မှာ စစ်ကိုင်းတိုင်း၊ ခန္တီးမြို့ပေါ်ရှိ "ပေါမိုင်း"ရပ်မှ မိဘများ၏ မိတ်ဆွေ ရှမ်းအမျိုးသားကြီး ဦးအိန္နာတို့ မိသားစုအိမ်တွင် ခေတ္တ တည်းခိုနေထိုင်ရင်း မိမိတို့ ဝါသနာပါရာ စိတ်ကြိုက်အလုပ်အကိုင်များ ရှာဖွေနေကြသည်။

ခန္တီးမြို့သို့ ရောက်ရှိပြီး တစ်လခန့်အကြာတွင် ဝါသနာပါရာ လုပ်ငန်းများ အသီးသီး လုပ်ကိုင်ခွင့် ရရှိနေကြပြီဖြစ်သည်။ လူငယ်စီးပွားရေးသမား မောင်ကာဝိမှာ အိမ်ရှင်ဦးအိန္နာ၏အဆက်အသွယ်ဖြင့် မိမိတွင်ရှိသော ငွေအရင်းအနှီးကို အခြေပြုလျက် ချင်းတွင်းမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော "ဥရု"ချောင်းတစ်ဝိုက်ရှိ နောင်ပိုအောင်၊ နန်တော စသည့်ရွာများသို့ လှည့်လည်သွားလာရင်း ဥရုချောင်းများ တစ်လျှောက်ရှိ ရွှေကျင်သူများနှင့် အဆက်အသွယ်ရရှိ၍ လုပ်ငန်းစတင် ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းကို အောက်ခြေမှ စ၍ စနစ်တကျ လုပ်ကိုင်ရင်း ၆ လခန့်အကြာတွင် ရွှေမှုန်၊ ရွှေခဲများမှ



www.burmeseclassic.com

www.burmeseclassic.com

ရေယဉ်(ရွှေချောင်း)အထိစည်းစနစ်ကျကျ ကြိုးစားလုပ်ကိုင်မှုတို့ကြောင့် ရွှေလုပ်ငန်း(ဝယ်ရောင်း) အောင်မြင်မှုရရှိခဲ့သည်။ ဝီရိယရှိမှု၊ တီထွင်ကြံဆမှု၊ သစ္စာရှိမှု၊ ရိုးသား ကြိုးစားမှုစသော အရည်အချင်းများကြောင့် ရွှေကျင်သူများအပါအဝင် အခြားကျေးရွာလူအများ၏ ယုံကြည်အားထားမှုရရှိကာအထက်ခန္တီးမှ အောက်"အောင်သွပ်"ဒေသထိ ချင်းတွင်းမြစ်ရိုးတစ်ခွင် စီးပွားရေးလောကအလယ်တွင် နာမည်ကြီး ထင်ရှားအောင်မြင်နေပြီဖြစ်သည်။

သို့အတွက် ဦးအိန္ဒာ၏အကူအညီအဆက်အသွယ်ဖြင့်မောင်းခမ်းရွာမှ ကုန်သည်ကြီးဦးဇေယျတို့ အိမ်တွင် တည်းခိုနေထိုင်ရင်း စီးပွားရေးလုပ်ငန်း၊ဆောင်ရွက်လျက်ရှိသည်။ ကျန်လူငယ် မောင်ပညာမှာလည်းမိမိဝါသနာပါ တတ်ကျွမ်းထားသည့် ဗိန္ဒောဆေးပညာကိုအခြေခံပြီး ဂါထာ၊ မန္တရား၊ဗေဒင်လက္ခဏာသော ဂမ္ဘီရလောကီပညာများကို စီးပွားရေးအတွက် ဦးစားပေးလုပ်ကိုင်ရန် ခန္တီးမှ တည်းခိုနေထိုင်သည့် အိမ်ရှင် ဦးအိန္ဒာ၏အဆက်အသွယ်ဖြင့်ပင် ချင်းတွင်းမြစ်ရိုးရှိ ထမံသီရွာသို့ရောက်ရှိခဲ့ပြီး ရွာဦးဆရာတော်ခွင့်ပြုချက်ဖြင့် ခေတ္တတည်းခိုခွင့်ရရှိပြီး လုပ်ငန်းစတင်ဆောင်ရွက်နေပြီဖြစ်သည်။

ထမံသီရွာသို့ ရောက်ရှိနေသော ဂမ္ဘီရပညာရှင် မောင်ပညာမှာလည်းမိမိ၏ ဝီရိယရှိမှု၊ကြိုးစားမှု၊ရိုးသားမှု၊ အပေါင်းအသင်းဆက်ဆံရေးကောင်းမှုတို့ကြောင့် ထမံသီအပါအဝင်ချင်းတွင်းမြစ်ရိုးရှိ ကျေးရွာများနှင့် နာဂတောင်တန်းဒေသရှိလူကြီး၊ လူငယ်များ စိတ်ဝင်စားသော ဆေးမင်ကြောင်၊ စုတ်ထိုး၊ စုတ်ပေါက်ခြင်း အတတ်ပညာကို တီထွင်ဖန်တီးနိုင်မှုကြောင့်လည်း လူငယ်လောက၏ ခင်မင်လေးစားမှု ရရှိပြန်သည်။

ထိုနည်းတူစွာ ထမံသီရွာရှိ လူငယ်အမျိုးသမီးများကပါမောင်ပညာ၏ ဂမ္ဘီရပညာ ထိုးထွင်းကြံစည်မှုရှိသောစိတ်ဓာတ်ကြံ့ခိုင်ကျန်းမာသောယောကျ်ားပီသမှုတို့ကြောင့်၊ တိတ်တခိုးသဘောကျကြပြန်သည်။ ဘဝလက်တွဲဖော် အိမ်ထောင်ဖက်အဖြစ် တစ်ဖက်သတ် ရည်မှန်းလာကြသည်။ ထမံသီရွာသူ လူငယ်အမျိုးသမီးထုအထဲတွင်ရွာအနောက်ပိုင်းရှိ အိမ်ကြီးရှိခိုင်ပိုင်ရှင်စီးပွားရေးတောင့်တင်းပြည့်စုံသူ ဦးဒေဝ၊ ဒေါ်သူဇာတို့၏သမီး မစန္ဒီတစ်ယောက်လည်း ပါဝင်သည်။

ထမံသီရွာသူ ဥစ္စာပေါရုပ်ချော မစန္ဒီတို့မိသားစုမှာတစ်ချိန်က ရွာ၏ ကြေးရတက်အသိုင်းအဝိုင်းဖြစ်သော်လည်းမျိုးရိုးဇီဇဝင့်ကြွား(ကျိန်စာ)အမည်းကွက်တစ်ခုကြောင့် ရွာ၏ဝိုင်းပယ်(ကြဉ်ခြင်း)ခြင်းခံနေကြရသူများဖြစ်သည်။ ထိုအဖြစ်အပျက်တို့မှာလည်း ထမံသီရွာသာမက ချင်းတွင်းမြစ်ရိုးရှိပတ်ဝန်းကျင်ရွာများကပါ ကြားသိနေသော စိတ်ဝင်စားဖွယ်ဒဏ္ဍာရီဆန်သော အဖြစ်တစ်ခုဖြစ်သည်။

ဤသည်မှာ လပြည့်၊လကွယ်နေ့ညရောက်တိုင်းမိသားစုအတွင်း၌ အမျိုးသားတိုင်း လူစင်စစ်မှ ကျားဘဝသို့ခေတ္တရောက်ရှိကြရသည်။ မျိုးရိုးအသိုင်းအဝန်းမှ ဆင်းသက်လာကြသူများဟူသော အစွဲကြောင့်ပင် ဖြစ်သည်။

မစန္ဒီ၏ တစ်ဦးတည်းသော အစ်ကိုကြီးဖြစ်သူ ကိုသူရပင်လျှင် လွန်ခဲ့သော ငါးနှစ်ခန့်၊ လကွယ်နေ့ညတစ်ညတွင်လူစင်စစ်မှ ခေတ္တကျားဘဝကူးပြောင်းသွားစဉ်မထင်မှတ်ဘဲ ရွာပြင်တစ်နေရာတွင် လှံဖြင့် ထိုးခြင်းခံရသော ဒဏ်ရာဖြင့် သေဆုံးနေမှုကို တွေ့မြင်ခဲ့ရသောကြောင့် ဖြစ်သည်။

ဘဝဝင့်ကြွားကျိန်စာသင့်ခံဆွေစဉ်မျိုးဆက်နွယ်ဖြစ်သောမစန္ဒီတစ်ယောက်အဖို့မှာလည်းထိုအမည်းရိပ်ကြီး၏ ထာဝစဉ်လွှမ်းမိုးမှုဘဝကို နာကြည်းရင်နင့်စွာခံစားနေရသဖြင့် ကရုဏာသက်စရာကောင်းလှသည်။

ဂမ္ဘီရပညာရှင် ကိုပညာတည်းခိုလျက်ရှိသော ထမံသီရွာဦးကျောင်းဆရာတော်ထံသို့ဥပုသ်နေ့နံနက်ပိုင်းတွင် မိဘများနှင့်အတူ ဥပုသ်သီလယူရန်လာသော ထမံသီရွာ ကျက်သရေရှိတင့်တယ်လှပသော မစန္ဒီအား ကိုပညာမှာ ပထမဦးဆုံးအကြိမ် ပင်ဖြစ်သော်လည်း နှစ်သက်စွဲလမ်းသည်အထိစိတ်ဝင်စားမိသည်။

ကိုးပါးသီလ ယူအပြီးဆရာတော်နှင့် စကားကောင်းနေကြသော မိဘနှစ်ပါးထံမှအသာအယာခွဲခွာ၍ ကျောင်းအောက်ကျောင်းဝင်းတစ်နေရာရှိ ခရေပင်ကြီးရှိရာသို့ ဆင်းလာခဲ့ကာ ခရေပွင့်များကို ဝမ်းသာအားရ ကောက်နေမိသူမစန္ဒီမှာ ဖတ်ဝန်းကျင်ကိုတဒင်္ဂမေ့မျောနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုမြင်ကွင်းကို ကျောင်းဝင်းတစ်နေရာမှ ဒုတိယအကြိမ် မြင်တွေ့လိုက်ရသူ ကိုပညာမှာ မိမိကြားရသည်ထက်ပင် ပိုမိုကျက်သရေရှိ၍ တင့်တယ်လှပသော ပဓာန်၏ မှုန်းမိုဝင်းလက်တောက်ပနေသည့် သမင်မ မျက်လုံးပိုင်ရှင်၊ အသားအရေဝင်းစိုချောမွတ်လျက် တောင့်တင်းပြည့်ဖြိုးကြံ့ခိုင်ကျန်းမာ ရှိုက်ကြီးဖိုငယ်အသွယ်သွယ်ဖြင့် ယဉ်ကျေးသိမ်မွေ့သော ကိုယ်လုံးပိုင်ရှင်ဖြစ်သူ မစန္ဒီအား မိမိ၏ ဘဝလက်တွဲဖော် ကြင်ဖော်အဖြစ် အပြီးအပိုင် ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုဆုံးဖြတ်ချက်ကိုပင် ချက်ချင်းသွားရောက်ဆောင်ရွက် ချစ်ခွင့်ပန်လိုက်သည်။

မစန္ဒီအနေဖြင့် မိမိအားချစ်ရေးဆိုလာသူ ကိုပညာကိုတစ်ရွာသားလည်းဖြစ်၊ နာမည်ကြီး ပေဒင်ဆရာတစ်ဦးဖြစ်နေသည့်အပြင် မိမိတို့ ဆွေစဉ်မျိုးဆက်အလိုက် ပေးဆပ်ခံစားနေရသော ဘဝဝဋ်ကြွေး(ကျိန်စာ)၏အတိတ်မှ အရိပ်မည်းတို့ ကြောင့် တစ်ရွာလုံး၏ ဝိုင်းပယ် အကြည်ခံထားနေရသော ဘဝနာကြည်းချက်တို့က မိမိကိုသိမ်ငယ်လျက် ရှိနေရာသည်။

သို့အတွက်လည်း ကိုပညာ၏ ရုတ်တရက်ချစ်ရေးဆိုချစ်ခွင့်တောင်းဆိုမှုကို ချက်ချင်းပင် မတုန့်ပြန်နိုင်။ အဖြေမပေးဝံ့ရှာပါ။

ထို့ကြောင့်ပင် . .

"အဲမောင် . . စန္ဒီတို့ မိသားစုရဲ့ မျိုးရိုးစဉ်ဆက်အခြေအနေ ထမံသီတစ်ရွာလုံး၏ မိမိတို့ဆွေစဉ်မျိုးဆက်အပေါ်တွင် ထားရှိသော သဘောထား၊ မိသားစုတို့အား ဝိုင်းပယ်ကြည်ထားရမှုအပါအဝင် မိသားစုအဆက်ဆက်ခံစားနေရသော အတိတ်မှအရိပ်မည်းစသည့် ဂမ္ဘီရဆန်သော ကောလာဟာလတို့ကို နက်နက်နဲနဲစဉ်းစားပြီးမှ ဆုံးဖြတ်ရွေးချယ်ပေးပါ။ စန္ဒီအနေနဲ့ အမောင့်ကို ငြင်းပယ်လိုစိတ်မရှိသည်ကအမှန်ပါအမောင်"

မစန္ဒီ၏ အထက်ပါ ကရုဏာအပြည့်အဝဖြင့် တုန့်ပြန်ပြောဆိုမှုကို ရင်နင့်စွာကြားလိုက်ရသည့် ကိုပညာမှာ ထမံသီတစ်ရွာလုံးမှ ကျိုးကြောင်းခိုင်လုံစွာဖြင့် ကန့်ကွက်နေသည်များကို တရေးရေးမြင်ယောင်သတိရလာသည်။

မည်သို့ဖြစ်စေ အတိတ်မှ အဖြစ်အပျက် အရိပ်သည် ပျောက်ကွယ်နေပြီဖြစ်၍ လက်တွေ့သမား ကိုပညာမှာ မစန္ဒီတို့ မိသားစုအဖြစ်အပျက်များကို မျက်မြင်မဟုတ်သဖြင့် မိမိ၏ ယုံကြည်ချက်အတိုင်း ၎င်းမိဘများထံ ခွင့်ပန်ပြီး မစန္ဒီကိုလက်ထပ်ထိမ်းမြား၍ ၎င်းတို့အသိုင်းအဝန်းတွင် ဇွတ်တိုးဝင်ရောက်လာခဲ့သည်။ မိမိတည်းခိုနေထိုင်ခဲ့သော ရွာဦးကျောင်းဆရာတော်အား ခွင့်ပန်ပြီး လက်ထပ်သည့်နေ့တွင်ပင် ဇနီးသည် မစန္ဒီတို့အိမ်သို့ ပြောင်းရွှေ့နေခဲ့သည်။

မောင်းခမ်းရွာရှိ မိမိ၏ သူငယ်ချင်း ကိုကာဝိထံသို့လည်း ထမံသီရွာသူ မစန္ဒီနှင့် လက်ထပ်လိုက်ပြီဖြစ်ကြောင်း စာရေးအကြောင်းကြားလိုက်သည်။ ရုတ်တရက် စီစဉ်လိုက်ရသဖြင့် မင်္ဂလာဆောင်ကို သူငယ်ချင်းအား မဖိတ်လိုက်ရသည်ကိုပါ တောင်းပန်ရင်းသားရေး၊ သမီးရေးကိစ္စအတွက် ယခင်ကနှစ်ဦးကတိပြုထားသည့်အတိုင်း ဆောင်ရွက်နိုင်ရန် နှစ်သက်မြတ်နိုးသူတွေ့ရှိက အိမ်ထောင်ပြုရန်ပါ ထည့်သွင်း အသိပေးလိုက်သည်။

ထမံသီရွာမှ သူငယ်ချင်းဖြစ်သူ ကိုပညာ အိမ်ထောင်ပြုလိုက်ကြောင်း စာဖတ်ရပြီး တစ်လခန့်အကြာတွင် စီးပွား

ရေးပညာရှင် ကိုကာဝိ
ယောက် ၎င်းတည်းခိုနေ
သော မောင်းခမ်းရွာရှိ အိမ်
ဦးဇေယျနှင့် ဒေါ်ခင်စောတို့
တစ်ဦးတည်းသောသမီး မ
သစ္စာနှင့် နှစ်ဦးသဘောတူ
ခင်စုံမက်ရာမှ မိဘများအ
အသိပေးပြီး လက်ထပ်ခွ
တောင်းလိုက်သည်။ စီးပွား
အမြင်ရှိပြီး လုပ်ရည်ကိုင်
ထူးချွန်ကြိုးစားမှုရှိသည့်
သားသော ဘက်လမ်းရှိသူ
ငယ်ဖြစ်သဖြင့် စောသစ္စာ
မိဘများကသဘောတူလ
သဖြင့် လက်ထပ်ထိမ်းမြား
ပြုလိုက်သည်။ ထမံသီရွာရှိ
ငယ်ချင်းကိုပညာတို့ ဇနီးမော
နှံပါ မောင်းခမ်းရွာရှိ ၎င်း
မင်္ဂလာဆောင်သို့ လာရန်
စာပေးလိုက်သည်။

သတို့သား ကိုကာဝိ
အသားအရေ တင့်တယ်စိုပြ
တောင့်တင်းကြံ့ခိုင်ပြီးယော
ပီသမှုနှင့်ရှမ်းဗမာမျိုးရိုးမှ
သက်လာသည်။ သတို့သ
စောသစ္စာမှာလည်း အသ
အရေ ဝင်းဝါလှပစိုပြည်
ကြီးငယ်အသွယ်သွယ်မှ
ကျန်းမာတောင့်တင်း
ကိုယ်ခန္ဓာရှိသူဖြစ်၍ ကျ
ရေရှိလှသဖြင့် မင်္ဂလာ
'ပရိသတ်တို့၏ လ



www.burmeseclassic.com

www.burmeseclassic.com

အပေါ် ရွှေနဲ့မြ နေနဲ့လပမာ တင်စားချီးမွမ်းဖြင်းခံကြရသည်။ ငယ်သူငယ်ချင်းနှစ်ဦးတို့ အရွယ်ရောက်စတွင် တိုင်ပင် ကတိပေးထားကြသည့်အတိုင်း အသီးသီးအိမ်ထောင်ပြု၍ သားသမီးမွေးလျှင် လက်ထပ်ထိမ်းမြားပေးပြီး ဆွေမျိုးစပ်ရန် စုံတွဲအလိုက် ထပ်မံကတိပြုလိုက်ကြသည်။

ထမံသီရွာသို့ ပြန်ရောက်ပြီးနောက်ပိုင်း ဆရာ ကိုပညာမှာ သူ၏ ကြိုးစားမှုဖြင့် တတ်ကျွမ်းထားရှိသော ဂမ္ဘီရပညာများကြောင့် လုပ်ငန်းများအောင်မြင်ကျော်ကြား ထင်ရှားလာခဲ့သည်။ ဇနီးဖြစ်သူ မစန္ဒီတွင်လည်း ကိုယ်ဝန်ရှိနေပြီဖြစ်သည်။ ၁၀ လအကြာတွင် သားဦးယောကျာ်းလေးဖွားမြင်ပြီး မောင်နန္ဒအမည်ဖြင့် နာမည်ပေးမင်္ဂလာပြုလုပ်ခဲ့သည်။ မောင်းခမ်းရွာမှ ကိုကာဝီမှာလည်း သူ၏ လုံ့လရှိမှု၊ ကြိုးစားမှု၊ ရိုးသား၍ စိတ်သဘောထား ဖြူစင်မှုတို့ကြောင့် ရွှေဝယ်ရောင်းလုပ်ငန်းဖြင့် ကြီးပွားချမ်းသာလျက် ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရွှေလောကတွင် ထင်ရှားသော စီးပွားရေးပညာရှင် (လုပ်ငန်းရှင်) တစ်ဦးဖြစ်လာခဲ့သည်။ ငင်း၏ ရှုမငြီးသည့် ဇနီးသည် စောသစ္စာတွင်လည်း ကိုယ်ဝန်ရှိလာခဲ့ပြီး ကိုပညာ၏ ဇနီး မစန္ဒီနှင့် မရှေးမနှောင်းပင် သမီးဦး ဖွားမြင်သည်။ မသီရိ အမည်မှည့်ခေါ်ပြီး နာမည်ပေး ကင်ပွန်းတပ်ခဲ့ကြသည်။ အဆက်အသွယ်ရှိကြသူများ ဖြစ်၍ သားနှင့်သမီးအသီးသီး ဖွားမြင်ကြကြောင်းအချင်းချင်း အပြန်အလှန်သိနေကြသည်။

ထို့ကြောင့်ပင် နှစ်ဦးနှစ်ဖက် ကတိထားရှိခဲ့ကြသည့် အတိုင်း အရွယ်ရောက်လာချိန်တွင် လက်ထပ်ထိမ်းမြားပေးလိုက်သည်။ မောင်းခမ်းရွာမှ မသီရိမှာ မိဘများနှင့်ခွဲပြီး သျှောင်နောက်ဆံထုံးပါအတိုင်း ခင်ပွန်းမောင်နန္ဒရှိရာ ထမံသီရွာသို့ လိုက်ပါခဲ့ရသည်။

ထမံသီရွာမှ ဗိန္ဓောဆေး၊ ဂါထာမန္တရားနှင့် ဗေဒင်လက္ခဏာ၊ ဆေးနှင့်စုတ်ထိုးစုတ်ပေါက်ပြီး သိဒ္ဓိတင်ပေးမှု စသည့် ဂမ္ဘီရပညာရှင် ကိုပညာပင် အသက် ၄၀ ကျော်အရွယ်သို့ ရောက်ရှိနေပြီဖြစ်၍ ဦးပညာဖြစ်နေသည်။ တစ်ဦးတည်းသော သား မောင်နန္ဒာပင် အသက် ၁၈ နှစ်အရွယ် အိမ်ထောင်ရှင်ဖြစ်ခဲ့ပြီ။ မစန္ဒီ၏ မိဘနှစ်ပါးမှာ အသက် ၆၀ ကျော်အရွယ်တွင် ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်ကြကုန်ပြီ ဖြစ်၍ ဂမ္ဘီရပညာရှင် ဆရာဦးပညာမှာ အိမ်ထောင်ဦးစီး ဘဝသို့ ရောက်ရှိလာခဲ့သည်။

ဂမ္ဘီရပညာရှင် ဦးပညာ၏ တီထွင်ကြံဆမှုဖြင့် တောရိုင်း တိရစ္ဆာန်များပုံကို ရုပ်လုံးဖော်ပီသအောင် ဆေးရောင်စုံ စုတ်ထိုး၊ စုတ်ပေါက်ခြင်းနှင့် ဂါထာမန္တရားအစီအရင်များဖြင့် သိဒ္ဓိတင်ပေးမှုတို့ကို ထမံသီရွာရှိ လူငယ်ထုနည်းတူ စိတ်ဝင်စားလျက်ရှိသူမှာ ဦးပညာ၏ သားကြီး မောင်နန္ဒပင် ဖြစ်သည်။

ဤသို့ဖြင့် မောင်နန္ဒအဖို့ ဖခင်ကြီးဦးပညာထံချဉ်းကပ်ပြီး ထမံသီရွာမှ လူငယ်များနည်းတူ သူ၏ လှပတောင့်တင်းကြံ့ခိုင်သော ကိုယ်ခန္ဓာအစိတ်အပိုင်းတို့တွင် ကျားရုပ်များ ရုပ်လုံးပီသအောင် ဆေးရောင်စုံဖြင့် ဆေးမင်စုတ်ထိုးပြီး သိဒ္ဓိတင်ပေးရန် ပူဆာတောင်းဆိုခဲ့သည်။

ဦးပညာမှာ ထမံသီရွာရှိ လူငယ်များကဲ့သို့ တိရစ္ဆာန်ရုပ်များကို ဆေးနှင့်စုပ်ထိုးပေးရန် မိမိသားအတွက် ဆောင်ရွက်မပေးလိုသော်လည်း ဆန္ဒပြင်းပြလျက် မကြာခဏ ပူဆာလျက်ရှိသော သားအားချစ်ခင်လှသဖြင့် ဆောင်ရွက်ပေးလိုက်ရသည်။

မောင်နန္ဒ၏ သန်မာထွားကျိုင်းသော ကြွက်သားများဖြင့် အမြှုင်းမြှင်းထလျက်ရှိသော ဝဲယာလက်မောင်း၊ လက်ဖျံနှစ်ဖက်နှင့် ဝဲယာပေါင်နှစ်ဖက်တို့တွင် တက်/ဆင်း ကျားရုပ်နှစ်ကောင်စီကို ဆေးရောင်စုံဖြင့် ဆေးမင်စုပ်ထိုး၊ စုပေါက်ပြီး သိဒ္ဓိတင်ပေးပုံမှာ ရုပ်လုံးပီသသက်ဝင်လှုင်း မောင်နန္ဒ၏ ဝါဝင်းသော အသားအရည်နှင့် လိုက်ဖက်လှသည်။ ဤသည်ပင် ဦးပညာအဖို့ သားအပေါ် အမှားတစ်ရပ် ပြုလုပ်ပေးမိသလို သံသယဖြစ်ခံစားလိုက်မိသည်။

အကြောင်းမှာ ဤသို့ ပြုလုပ်ပေးပြီး နှစ်နှစ်ခန့်၊ အသက် ၂၀ အရွယ်တွင် သားမောင်နန္ဒမှာ လပြည့်၊ လကွယ်ညများတွင် လူကျားဘဝသို့ ရောက်ရှိလာရသည်ကို တွေ့မြင်လာရသောကြောင့်ပင် ဖြစ်သည်။ ထို့အပြင် ဦးပညာအနေဖြင့် ဇနီးဖြစ်သူ မစန္ဒီအား စိတ်ဝင်စား၍ ချစ်ရေးဆိုစဉ်က မစန္ဒီ၏သနားစဖွယ်အပူရုပ်ဖြင့် ငင်းတို့မျိုးရိုးစဉ်ဆက် ဝဋ်ကြွေးကျိန်စာပေးဆပ်နေရမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားပြီးမှ ဆုံးဖြတ်ရန် ပြောဆိုမှု၊ ထမံသီ၏ ဒဏ္ဍာရီဆန်သော ဖြစ်ရပ်ဆန်းလူကျားဘဝ အမည်းရိပ်တို့ကြောင့် တစ်ရွာလုံးမှ အပေါင်းအသင်းမလုပ်ဘဲ ကြဉ်ဝိုင်းဝယ်ထားသဖြင့် ၎င်းတို့မိသားစုအသိုင်းအဝန်းသို့မဝင်ရန် ကန့်ကွက်ကြပုံများ ပုံရိပ်ပမာပေါ်လာခြင်းဖြစ်သည်။

ထူးခြားချက်မှာ ဤသို့ အဖြစ်ဆန်းများ ကြုံတွေ့ရပြီး တစ်ခုသော တန်ဆောင်မုန်းလကွယ်နေ့ ညတစ်ညတွင် ရွာအနီးတစ်နေရာတွင် ဓားဒဏ်ရာဖြင့် သေဆုံးလျက်ရှိသော မောင်နန္ဒ၏ ရုပ်အလောင်းကို ဝမ်းနည်းဖွယ်ရာတွေ့ရှိလိုက်ရခြင်းပင် ဖြစ်သည်။

ဦးပညာ၏သား မောင်နန္ဒသေဆုံးမှုမှာလည်း လွန်ခဲ့သော ငါးနှစ်ခန့်က မိခင် မစန္ဒီ၏ အစ်ကိုကြီး မောင်သူရအား ကျားအစစ်နှင့် အထင်မှားပြီး တောလိုက်မုဆိုးများ၏ သတ်ဖြတ်ခြင်းခံရမှုနှင့် ပုံစံတစ်ခုတည်း တူနေသောကြောင့်ပင်ဖြစ်သည်။

ဤအဖြစ်အပျက်ဆန်းများကို ကြားသိရသော မသီရိ၏မိဘများမှာမောင်းခမ်းရွာမှ ထမံသီရွာသို့နေ့ချင်းအရောက် လိုက်လာခဲ့ကြရ သည်။

ထမံသီရွာရောက်လျှင် အပူရုပ်သွင်ဖြင့် ဖြေမဆည်နိုင်ပူဆွေးသောကရောက်လျက်ရှိသော သမီး မသီရိနှင့် သမက်မောင်နန္ဒ၏ ရုပ်အလောင်း ဝမ်းနည်းပူဆွေးသောကမီးတောက်လောင်နေရှာသည့် သူငယ်ချင်း ကိုပညာနှင့်ဇနီးတို့ကို တွေ့မြင်လိုက်ရ၍ အံ့သြခြင်း၊ တုန်လှုပ်ချောက်ချားခြင်း၊ မယုံကြည်နိုင်အောင်ဖြစ်ရခြင်းနှင့်အတူ ယပ်တူပူဆွေးသောကဖြစ် စိတ်မကောင်းဖြစ်ကြရသည်။

သူငယ်ချင်း ဇနီးမောင်နှံနှင့် သမီးဖြစ်သူတို့၏ ပူဆွေးသောကမှုတို့ကို နှစ်သိမ့်အားပေးရင်း သမက်ဖြစ်သူ၏ ရုပ်အလောင်းကို နောက်နေ့တွင် မီးသဂြိုဟ်လိုက်ကြသည်။

မိဘမျိုးရိုးစဉ်ဆက်အလိုက် လက်ဆင့်ကမ်း၊ ပေးဆပ်လာခဲ့ကြရသော ဘဝဝဋ်ကြွေး "ကျိန်စာ"(လူကျားဘဝ)သင့် မိသားစုမှ နောက်ဆုံးကျန်ရှိပြီး မိမိ၏ သွေးရင်း တစ်ဦးတည်းသောသားအသက်ဖြင့် နောက်ဆုံးပေးဆပ်လိုက်ရသူ မစန္ဒီ၊ ဘိုးဘွားမျိုးရိုးစဉ်ဆက်ဘဝဝဋ်ကြွေးကျိန်စာကို မိမိအသက်နှင့်လဲ၍ နောက်ဆုံးမျိုးဆက်အဖြစ် ပေးဆပ်လိုက်ရသူ မောင်နန္ဒ၊ နှစ်ဖက်မိဘတို့၏ ပကတိစကားကို သမီးကောင်းတစ်ယောက်အနေဖြင့် လိုက်နာရင်း ခင်ပွန်းဖြစ်သူမောင်နန္ဒ၏ မိဘမျိုးရိုးအသိုင်းအဝိုင်းတွင်း ရောက်ရှိခဲ့ရပြီး အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် မထင်မှတ်ဘဲ သေကွဲကွဲလိုက်ရ၍ မုဆိုးမဘဝရောက်ရှာသူ မသီရိ။

ကျိန်စာသင့်မျိုးရိုးအတွင်း ပဋိသန္ဓေရစက်ကြောင့် ရောက်ရှိလာကြရသည့် မစန္ဒီ၏ခင်ပွန်းကိုပညာနှင့် သူငယ်ချင်း ကိုကာဝိ ဇနီးမောင်နှံ။

သူတို့အားလုံးသည် အထက်ပါ ဒဏ္ဍာရီဆန်သော မျိုးရိုးစဉ်ဆက်ကျိန်စာ(လူကျား)သင့် ဘဝဝဋ်ကြွေးကို နောက်ဆုံးပေးဆပ်လိုက်ကြရသူများ ဖြစ်ကြသည်။

မျိုးရိုးအလိုက် သားဦးယောကျ်ားလေးသာလျှင် (လူမှကျား)လူကျားဘဝဖြင့် အသွင်ပြောင်းခံယူရသည်ဖြစ်၍ ဖော်ပြပါ ဒဏ္ဍာရီဆန်သော ဘဝဝဋ်ကြွေး (ကျိန်စာ)သည်လည်း ပြီးဆုံးသွားပြီဖြစ်သည်။

ယင်းအချိန်မှစ၍နောက်ပိုင်းတွင် အဆိုပါဒဏ္ဍာရီဆန်သော လူကျားဖြစ်ခြင်းအကြောင်း ဖြစ်ရပ်ဆန်းများ ထမံသီရွာအပါအဝင် ချင်းတွင်း[…] ရိုးတစ်ခွင်တွင် တိမ်မြုပ်ပျော[…] ကွယ်နေပြီဖြစ်ကြောင်း သိ[…] ပါသည်။

ကျန်းမာရေးမှူးတာ[…] ဖြင့် နာဂတောင်တန်း(ခန္တီး)[…] သွားစဉ် ချင်းတွင်းမြစ်ခ[…] ပေါက်တန်းသင်္ဘောကြီးပေ[…] တွင် တွေ့ခဲ့ရသော ထမံသီ[…] မှ သင်္ဘောအတူစီး ခရီးသည်[…] အဘွား၏ ပြောပြသော "[…] ကျား"ဖြစ်ရပ်ဇာတ်လမ်းနှင့် မျိုး[…] ရိုးစဉ်ဆက်လက်ဆင့်ကမ်း[…] ခဲ့ကြရသော မိသားစု၏ ကျိ[…] စာ ဝဋ်ကြွေးကို "ကျိန်စာ" အမည်ဖြင့် လာဘ်မိုးစွေစာ[…] ပရိသတ်များအတွက် ဝ[…] အသွင်ရေးသားတင်ပြခြင်း[…] ပါသည်။

(ဤဝတ္ထုပါ နေရပ်အ[…] နှင့် လူအမည်များကို ပြော[…] လျက် ရသမြောက်ဖတ်[…] ကောင်းစေရန် မွမ်းမံရေးသ[…] ပါသည်။)

သတ္တဝါအားလုံးကျန်း[…] ၍ဘေးရန်ကင်းပါစေ။

မောင်အောင်မြင့်[…]
(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com

# ညှမ် … သူရဿတီ

■ ဖိုးစွံ (အောင်ဖင်လယ်)



"သူရဿတီ

မဟေသီလည်း

ယှဉ်မှီပျော်ပိုက်

ဝမ်းကြာတိုက်၌

နှစ်ခြိုက်စေပြီး . . . "ဟု အစပြုကာ သူရဿတီ မယ်တော်အား ပင့်ဖိတ်၍ စာပေကျမ်းဂန် စာများ ပြုစုခဲ့ကြသည်ကို ကျွန်တော် မှတ်ခဲ့ဖတ်ခဲ့ဖူးပါသည်။ အထူးသဖြင့် မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝ လင်္ကာသစ်၏ ပထမစာမျက်နှာ၌ အထက်ပါကဗျာ လင်္ကာဖြင့် ဖွင့်၍ ရေးသားခဲ့သည်ကိုလည်း အမှတ် ထင်ထင် ရှိခဲ့ပါ၏။

ထို့နောက် စာပေများကို ဖတ်ရှုလေ့လာခဲ့ရာ သူရဿတီနှင့်ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ဝိဝါဒ ကွဲပြားသည်ကို တွေ့ရှိရသည်။ သူရဿတီတကယ်မရှိဟု လည်း ရေးသားကြသည်။

သူရဿတီဆိုသည်မှာ အိန္ဒိယနိုင်ငံမှ မြန်မာစာဝင် နတ်သမီးသာဖြစ်၍ မြန်မာနှင့်မဆိုင်ဟုလည်းဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

- တကယ်တော့ဘာသာတရားနှင့် ယုံကြည်ကိုးကွယ်မှုအများစုမှာ လူမျိုးနိုင်ငံနှင့် သက်ဆိုင်ခြင်း သိပ်မရှိလှပါ။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံရာမှ ပျံ့ပွားလာကြခြင်းသာ ဖြစ်၍ တချို့ တိုက်ရိုက်ပုံတူကူးယူကိုးကွယ်ကြပြီး တချို့ မိမိတို့ဒေသ၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးစရိုက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်မွမ်းမံပြောင်းလဲလာကြသည်။ အသွင်သဏ္ဌာန်တွေ အယူအဆတွေပြောင်းလဲလာကြသည်။

တစ်ခါက ဆရာကြီး ရွှေဥဒေါင်း အလုပ်လုပ်ရာ မဂ္ဂဇင်းတိုက်သို့ပင် သူရဿတီဒေဝီရောက်ရှိလာပြီး ဆရာကြီးနှင့် စကားစမြည်ပြောခဲ့သည်ဆို၍ စာပေလောကတွင် ပြောစမှတ်ပြုခဲ့ရသည်။ ယုံကြည်သူတွေက ယုံကြည်ကြ၍ မယုံကြည်သူတွေက "မဂိုလမ်းက မဆလာသည် ကုလားမနဲ့တွေ့တာနေမှာပါကွာ"ဟု နောက်ပြောင်သရော်ခဲ့လေသည်။ သို့တိုင် ဆရာကြီး ရွှေဥဒေါင်းကိုယ်တိုင်ကပင် အထက်ပါအကြောင်းကို ပြန်လည်ရေးသားခဲ့သည်။ ထို့မျှမက ဆရာကြီး ဦးဆန်းထွန်း(ဆန်းထွန်း-မန်းတက္ကသိုလ်)ကိုယ်တိုင်ကလည်း သူရဿတီမယ်တော် တကယ်ရှိကြောင်း၊ ဆရာကြီးနှင့်တွေ့ခဲ့ကြောင်းကို "စိတ်စွမ်းအင်"မဂ္ဂဇင်းတွင် "သူရဿတီဆိုတာ တကယ်တွေ့ဖူးတော့ မယုံလို့မရဘူးဗျာ"ဟူ၍ ရေးသားခဲ့သည်။

**မင်းသိခ်နှင့် သူရဿတီ**

ဆရာကြီးမင်းသိခ်သည်လည်း သူရဿတီကို ယုံကြည်သည်ဟုသိရသည်။ ဆရာကြီးကိုယ်တိုင် စာမူတစ်ပုဒ်ရေးပြီးတိုင်း ဆရာကြီး၏လက်စွဲဂါထာတစ်ပုဒ်ဖြင့် သိဒ္ဓိတင်သည်ဟု သိရသည်။ ၎င်းဂါထာမှာ -

ဥမ် . . ဥဒ္ဒေါင်ပါးနား၊ နှုတ်လျှာ
ဖျားက
စောင့်ထသူရဿတီ၊ အညီမကွာ၊
ပညာဉာဏ်နှင့်၊ အကြံပေးတတ်၊
ကိုယ်စောင့်နတ်လည်း၊ လာဘ်နှင့်
မကွာ၊
လိုရာတတိုင်းရစေသော်ဝ် . .
ငါ၏အသံ၊ တစ်ရံကြားက
သာနှင့်ညီနှင့်အမျှ
နမအလား၊ ချစ်စိတ်ပွား၍
စီးပွားဥစ္စာတည်စေသော်ဝ် . .
အသက်တစ်ရာရှည်စေသော်ဝ် . .
ဥမ် . . တုဋ္ဌေဟိ၊ တုဋ္ဌေဟိ၊ မမ
တုဋ္ဌေဟိ၊
ပိယေဟိ ပိယေဟိ၊ မမပိယေဟိ၊
သိန္နေဟ် သိန္နေဟ် မမသိန္နေဟ်
တုံယုံ တုံယုံ ခိပ္ပသိဒ္ဓိ ခိပ္ပသိဒ္ဓိ
ဓာရေယျ ဓာရေယျ ဝါရေယျ
ဝါရေယျ
ဘဒ္ဒန္တ ဘဒ္ဒန္တ ဒုရေ ဒုရေ သွားဟုံဟုံ"
ဟူ၍ ဖြစ်သည်။

မိမိဉာဏ်ရှိသလို သုံးလိုက အသုံးပြုနိုင်ရန် ဖော်ပြလိုက်ရခြင်း ဖြစ်သည်။

**ကာဗျာဒါသနိ သဿယကျမ်းန**

**သူရဿတီ**

ကာဗျာဒါသနိ သဿယကျမ်း
ကျွန်တော်မဖတ်ဖူး မတွေ့ဖူးပါ။ မူရင်း
သက္ကတဘာသာဖြင့် ရေးသားထား
ကျမ်းဖြစ်သည်။ ပရိယတ္တိနယ်တွင်ထင်
သော"သုဘောဓလင်္ကာရ"(ခေါ်)"အလင်္
ကျမ်း"မှာ အဆိုပါကဗျာဒါသကျမ်းကို
ငြမ်းရေးသားခြင်းဖြစ်ပါသည်။ သည်
အုပ် ကျမ်းရင်းများအကြောင်းကို ရွှေ
နိကာယနှစ် ၁၅၀ ပြည့်သာသနာ့မော်ကွန်း
တွင် ဇယမေဒနီအရှင်နန္ဒိယရေးသား မှ
ဆက်ပေး၍ မှတ်ခွင့် ဖတ်ခွင့်၊ သိခွင့်ရခြင်း
ဖြစ်သည်။ အဆိုပါ "ကျမ်းမြတ်တစ်
ပေါ်ထွက်ခြင်း"ဆောင်းပါးတွင် ဖော်
ထားသော မယ်တော်သူရဿတီပုံကို စိတ်
ဝင်စားမိရာမှ ဤဆောင်းပါးရေးဖြစ်သွား
ခြင်းလည်း ဖြစ်သည်။

အဆိုပါ ဆောင်းပါးတွင် သူရဿတီ
နှင့် ပတ်သက်၍ ဖော်ပြထားသည်မှာ . .

"ဤကျမ်းကြီးတွင် သရဿတီ
(သူရဿတီ)နတ်သမီးရုပ်ပုံကို ဆေးရောင်
စုံဖြင့် ဖော်ပြထား၏။ (သူရဿတီဟု
အများသိကြသည့် နတ်သမီးပင်ဖြစ်သည်
မြန်မာတို့သည် သူရဿတီဟုဆိုလျှင်
ဟင်္သာငှက်၏ကျောပေါ်၌ ပိဋကတ်သုံး
စာအုပ်သုံးအုပ်ကို ပိုက်လျက် ဟိုင်
သော မြန်မာနတ်သမီး၏ ပုံကိုမြင်မိကြ
ပေလိမ့်မည်။သူရဿတီနတ်သမီးဆိုသည်
မှာ သက္ကတစာပေ(အိန္ဒိယရှေးဟောင်း
ယဉ်ကျေးမှု)မှလာသော နတ်သမီး
သည်။ မြန်မာမှုတွင် ပိဋကတ်စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

သုံးအုပ်ပိုက်ထားသော်လည်း ယခုစာအုပ်ပါ ပုံတွင်မူ စာအုပ်တစ်အုပ်မျှ ပိုက်မထားချေ။ အိန္ဒိယစောင်းတစ်လက်ပိုက်ထားသည်ကိုသာတွေ့ရသည်။

လက်ဗှာ လက်နှစ်ဖက်မကဘဲ လေးဖက်ဖြစ်နေသည်။ လက်စွပ်သာမက ခြေစွပ်(?)ပါဝတ်ဆင်ထားသည်ကိုတွေ့ရ၏။ (ပူးတွဲပါပုံကိုကြည့်ပါ။)

မိမိကား သူရဿတီပုံ (မူရင်း)ကို မြင်ရသည်နှင့်ပင် စိတ်ထဲတွင် ကြည့်ရကျိုးနပ်သည်ဟု ထင်မြင်သဘောကျမိပေတော့သည်။

ကိုမျှမကသေးပါ။ မြန်မာတို့ ဟင်္သာဟု ခေါ်ဝေါ်နေကြသော ငှက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းပြထားသည်မှာ ဗဟုသုတတိုး၍ မြတ်နိုးဖွယ်ဖြစ်ရပေသည်။ ရှုပါ . .

ဤ၌ ဟံသာဝဓူ=ဟင်္သာမဟု အနက်ပြန်ဆိုခြင်းသည်ပါဠာနုသာရီအားဖြင့် ပြန်ဆိုခြင်းသာ ဖြစ်သည်။

မြန်မာများက မြစ်ကမ်းသောင်ပြင်များတွင် ကျက်စားနေသော အဖို-အမတွဲနေတတ်သည့် နီကြင်ကြင် ဝါကြန့်ကြန့် အရောင်အဆင်းရှိသော ငှက်တစ်မျိုးကို ဟင်္သာဟုခေါ်နေကြသည်။ ယင်းကား ဟင်္သာမ မဟုတ်။ စက္ကဝါက=စက္ကဝါက်သာ ဖြစ်သည်။

ဖော်ပြထားသော ပုံကိုကြည့်လျှင် အိန္ဒိယတိုင်းသားများက ဟင်္သာကို ဝမ်းဘဲဟု ဘာသာပြန်ကြောင်း ထင်ရှားသည်။"

စသည်ဖြင့် ဖတ်ရှုမှတ်သားရသည်။

(စာ - ၃၃၅/၃၃၆)

## မြန်မာနှင့် သူရဿတီ

မြန်မာလူမျိုးများ ဗုဒ္ဓဘာသာဝင်များအဖို့ သူရဿတီသည် ပိဋကတ်သုံးပုံကို စောင့်ရှောက်သော မယ်တော်နတ်သမီးအဖြစ်လက်ခံထားကြသည်။ သူရဿတီနတ်သမီးဆိုလျှင် ရွှေဟင်္သာကို စီး၍ ပိဋကတ်သုံးပုံကို ကလပ်ဖြင့် တင်၍ ကိုင်ဆောင်ထားသောပုံကို ပြေး၍မြင်ယောင်ပြီးသားဖြစ်နေသည်။ ဟိုးရှေးအတိတေမှစ၍ စာအုပ်မျက်နှာဖုံးများ၊ ပြက္ခဒိန်များတွင် ဖော်ပြခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့မှ ထုတ်ဝေသော ပြက္ခဒိန်များကို နှစ်စဉ် သူရဿတီမယ်တော်နတ်သမီးပုံဖြင့်သာ ယခုတိုင် ထုတ်ဝေနေဆဲဖြစ်သည်။ ထို့အတူ -

"ပိဋကတ္တယ၊ သမ္ဗုဏ္ဏံ
သဗ္ဗသိဒ္ဓိ သုခါဝဟံ၊
ဇိဝှဂ္ဂေ မေ နိသီဒိတွာ
မံ ပါလေတု သူရဿတီ" ဆိုသော

သူရဿတီဂါထာကိုလည်း လူတိုင်းနီးပါးမျှ တွေ့ဖူး၊ သိဖူး၊ ကျက်မှတ်ဖူးပြီးဖြစ်မည်ထင်ပါသည်။

၎င်း၏ အနက်အဓိပ္ပာယ်မှာ -

ပိဋကတ္တယ သမ္ဗုဏ္ဏံ - သုတ္တန်၊ ဝိနယ၊ အဘိဓမ္မဟု သုံးဝသတ်မှတ်၍ ပိဋကတ်တော်မြတ်နှင့် ပြည့်စုံတော်မူဘိသော၊

သဗ္ဗသိဒ္ဓိသုခါဝဟာ-လောကသိဒ္ဓိ၊ လောကုတ္တရာသိဒ္ဓိ၊ လောကီစည်းစိမ်၊ လောကုတ္တရာစည်းစိမ်တို့ကို ရွက်ဆောင်မပြတ်ပေးကမ်းတတ်သည့် နတ်မြတ်နတ်ကောင်းလည်း ဖြစ်တော်မူသော၊

သူရဿတီ -သူရဿတီဘွဲ့အမည်ဖြင့် မဟီတစ်လွှား၊ လွှန်ကျော်ကြားသည့် နတ်များ၊ လူများ၊ ကမ္ဘာသားတို့ကို ချစ်ခင်နတ်မိခင်သည်၊

မေ - အများအကျိုး မိမိအကျိုးကို အမျိုးမျိုးအားထုတ် အကျွန်ုပ်၏၊

ဇိဝှဂ္ဂေ-စကားကောင်းစကားမှန်၊ အတန်တန်ကို၊ ဧကန်မဟုတ် ဖွေးယုပ်တတ်ကြား လျှာဖျားပေါ်၌၊

နိသီဒိတွာ- ပျော်ပျော်ရွှင်ရွှင်၊ ကြည်လင်ဝမ်းသာ၊ စိတ်ပါလက်ပါ၊ တက်ကြွစွာဖြင့်၊ ထိုင်နေတော်မူလျက်သာလျှင်၊

မံ - မိမိ၊ သူတစ်ပါး ကျိုးနှစ်ပါးကို ပွားများအားထုတ် အကျွန်ုပ်ကို၊

ပါလေတု- ရင်မှပေါက်ဖွား၊ သမီးသားတို့၊ ကြီးပွားစေရန်၊ အတန်တန်စိတ်ရှိစောင်မ၍၊ အပြန်ပြန်သိဒ္ဓိပေါက်ရအောင်၊ စောင့်ရှောက်တော်မူလှည့်ပါ ရှုပဝတီ ဟံသယာနီ သူရဿတီသခင်မဘုရား။

## ကျမ်းဦးသူရဿတီ

ဗုဒ္ဓဘာသာဝင်စာပေအကျော်၊ ကျမ်းပြုပညာရှင် သီဟိုဠ်ရဟန်းတော်အရှင်သံဃရက္ခိတ မထေရ်မြတ်ကြီးကလည်း ရသုဗောဓာလင်္ကာရကျမ်းဦး၌ -

"မုနိန္ဒဝ ဒနမ္ဘောဇ၊ ဂမ္ဘ ဝသုန္ဓရီ
သရဏံ ပါဏိနံ ဝါဏီ၊ မယှံ ပိယတံ
မနံ"

ဟူ၍ စာပေပညာအရာ၌ အလေးအမြတ်ထား အားပြုကြောင်း ဖော်ညွှန်းဖွဲ့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မုနိန္ဒ၀ ဒနာမ္ဘော ဂမ္ဘသဗ္ဗ၀ .. သုန္ဒရီ- မြတ်စွာဘုရားနှုတ်တော်ဆိုသည့် ကြာတိုက်၌ဖြစ်မြင်းကြောင့် ကောင်းမြတ်သော၊ ပါဏိန်-သတ္တဝါတို့၏၊ သရဏ- ကိုးကွယ်အားထားရာဖြစ်သော၊ ဝါဏီ-ပိဋကတ်သုံးပုံသည်၊ မယှံ-ကျွန်းသုဗောဓရေးသားရသည်။ သံယာရက္ခိတ-နာမထင်ပေါ် တပည့်တော်၏၊ မန် - စိတ်နှလုံးကို ပီထာယတံ-နှစ်သက်တော်မူအောင် ပြုပေးပါဘုရား။

## တစ်နည်း

မုနိန္ဒ၀ ဒနမ္ဘော ဂမ္ဘ သဗ္ဗ၀ သုန္ဒရီ- ပဟာ့မုနိမည်ရှိထင်ပေါ် ရသေ့ကျော်၏၊ နှုတ်တော်မယွင်း၊ ကြာတိုက်တွင်း၌၊ ဖြစ်ခြင်းကြောင့်သားကောင်းမြတ်ပါသော၊ ပါနိန်-စာပေသမား ဟိန္ဒူများနှင့်၊ ကာလသားတစ်သိုက်၊ ပိယသိဒ္ဓိလိုက်ကသော၊ လောကသားအားလုံးတို့၏။ သရဏ-ကိုးကွယ်ဆည်းကပ်အားထားအပ်သော၊ ဝါဏီ-သူရဿတီမယ်နတ်သမီးသည်၊ မယှံ-ကျမ်းသုဗောဓရေးသားပါတဲ့ ငါသံယရိက္ခိတပုဂ္ဂိုလ်မြတ်၏ မန်-စာရေးဖို့ရန် အားသန်ယူကျုံး စိတ်နှလုံးကို ပီဏယတံ - နှစ်သက်ရွှင်ပြုအာရုံရအောင် နိစ္စမသွေ စောင့်ရှောက်၍ နေပါစေသတည်း။

### သူရဿတီ တကယ်ရှိသလား

သူရဿတီနတ်သမီးနှင့် ပတ်သက်၍ တကယ်ရှိ၊ မရှိ ... ဆရာ ... တည်းက ရှိခဲ့ပါသည် ...

တင်ပယ်လ်၏ "၃၇ မင်း သုတေသန"စာအုပ်တွင် ဖော်ပြထားခဲ့သည်။ ၎င်းကို သုတေသီဦးဘညွန့်နှင့် ဦးထွေးဟန် ဘာသာပြန်သော "မြန်မာ့မိရိုးဖလာနတ်သမိုင်း"တွင် ဖော်ပြခဲ့သည် ... မူရင်းအတိုင်း ဖော်ပြလိုက်ပါ၏။

မေး။ ။ သူရဿတီနတ်သမီးကို အများပင်သိကြ၊ ကြားဖူးကြပါသည်။ တကယ်ကော ရှိကောရှိပါရဲ့လား။

ဖြေ။ ။ ရှိတာအမှန်ပင် ဖြစ်သည်။

မေး။ ။ သူရဿတီနတ်သမီးရှိကြောင်း ဘယ်ကျမ်းမှာ မိန့်ဆိုထားပါသနည်း။

ဖြေ။ ။သူရဿတီနတ်သမီးရှိကြောင်းကို ဣရုဗေဒင်ကျမ်းကြီး၊ သာမဗေဒင်ကျမ်းကြီး ယဇုဗေဒင်ကျမ်းကြီးနှင့် အာထဗ္ဗဏဗေဒင်ကျမ်းကြီးဆိုတဲ့ ကမ္ဘာကျော်ဗေဒင်ကျမ်းကြီးတွေထဲမှာ နတ်ထောင်ပေါင်းများစွာ ပါရှိပါတယ်။ သူရဿတီနတ်သမီးလည်း ပါရှိပါတယ်။

မေး။ ။ သူရဿတီ အဓိပ္ပာယ်ကိုပြောပြပါ။

ဖြေ။ ။ သူရဿတီက မြန်မာက ခေါ်မပါ မရေးသားကြသော်လည်း အမှန်မှာ သူရဿတီ မဟုတ်ပါ၊ သက္ကတလို သရဿတီ။ ပါဠိလို သရသတီသာဖြစ်ပါတယ်။

အဓိပ္ပာယ်ကတော့ ..

သရ = ဆိုတာက အားကိုးရာ မှီခိုရာလို့ အဓိပ္ပာယ်ရပါတယ်။

သရ=အမြတ်ဆုံးသတိရထိုက်သူလို့လည်း အဓိပ္ပာယ်ရပါတယ်။

... သစ္စာရှိသူလို့ အဓိပ္ပာယ်ရပါတယ်။

ဒါကြောင့် . . . .

သရဿတီ=အားကိုးထိုက်တဲ့သစ္စာရှင် နတ်သမီး၊

သရဿတီ=မြတ်နိုးသတိရထိုက်တဲ့ သစ္စာရှင်နတ်သမီး။

အမှာ။ ။ တချို့က သူရသဒီလို့ရေးကြပါတယ်။ မမှန်ကန်ပါ။ တချို့ သူရဿတီလို့လည်း ရေးကြပါတယ်။ အနုဿဘာတို့လို ယူဆကြပါတယ်။ သတီထားဆိုတဲ့ စကားမှာ သတိလို့မှတ်ပြီး ရေးကြပါတယ်။ အမှန်တော့သတိဟာ သရတိကလာတာပါ။ သတီဟာ သတ ဤကလာပါတယ်။ ဒါကြောင့် သရဿတီသာ အမှန်ဖြစ်ပါတယ်။

မေး။ ။ သူရဿတီနဲ့ မိဘများအမည်ကို ဖော်ပြပါ။

ဖြေ။ ။ ဣရုဗေဒင်အဖွင့်ဖြစ်တဲ့ ဣရုဝေဒဏ္ဏကျမ်းမှာ မဟာမုဒိရသေ့ကြီးနဲ့ သမုဒ္ဒနတ်မိဖုရားလို့ ဆိုပါတယ်။

မေး။ ။ သူရဿတီရဲ့နေထိုင်ရာကို ဖော်ပြပါ။

ဖြေ။ ။ ပထမနေထိုင်ရာဌာနဟာ သမုဒ္ဒရာဖြစ်ပါတယ်၊ ဒုတိယ ဟိဝမန္တာတောင်ပင်းရဲ့ပဟောင်ယွတ်ပာစ်ပုံဖြစ် ... ကေလာသတောင်ဖြစ်ပါတယ်။

သမုဒ္ဒဇာ တန္တိဝါသာ သံသယာနေနှ တရိုနိ။

ပဋ္ဌာ ကေလာသေ ပကလာသေ ပဋ္ဌတော် နိစ္စ ဝါသိနီ။

(ဣရုဝေဒ ဒဏ္ဏာကျမ်း)

သရဿတီ - သရဿတီ နတ်သမီးသည်



www.burmeseclassic.com

www.burmeseclassic.com

သမုဒ္ဒဇာ- တောင်သမုဒ္ဒရာ၌ မွေး
ဖွား၏။
တန္တိဝါသာ-ထိုသမုဒ္ဒရာ၌နေထိုင်၏၊
ဟံသယာနေန-ဟင်္သာယာဉ်ဖြင့်
စာရိန် - သွားလာတတ်၏။
ပစ္ဆာ - နောင်အခါ၌၊
ကေလာသ- ဖြူဖွေးတောက်ပသော၊
ကေလသေ-ကေလာသမည်သော
ပဗ္ဗတေ-တောင်ထွတ်၌၊
နိဝ္ဗုဂါသိနံ-အမြဲနေထိုင်၏။

မေး။ ။သူရဿတီရဲ့ဘဝကြောင်းဖော်ကို ဖော်ပြပါ။

ဖြေ။ ။ သူရဿတီရဲ့ဘဝကြောင်းဖော်ဟာ မဟာဗြဟ္မာ ဖြစ်ပါတယ်။

မေး။ ။ထိုအကြောင်းကို ဘယ်ကျမ်းမှာ ရှိပါသလဲ။

ဖြေ။ ။ ဣရုဝေဒင်၊ ဒယဝေဒင်၊ သာမဝေဒင်ကျမ်းကြီးများမှာ ပါပါသည်။

ဝိသနု သိဝေါ မဟာဗြဟ္မာ
ဇေကေသံ ပါရိစာရိကာ။
လက္ခုမီ ပါရဒေဝီစ၊
သရဿဝတီ ကမာ မကာ။

ဝိသနု-ဝိသနုနတ်မင်းသည်လည်း
ကောင်း သိဝေါ-သိဝနတ်မင်းသည်လည်း
ကောင်း မဟာဗြဟ္မာ-မဟာဗြဟ္မာနတ်မင်း
သည်လည်းကောင်း ဇေတေသံ-ဤနတ်မင်း
[illegible] ပါရိစာရိကာ အလုပ်အကျွေး
[illegible] ကမာ-အစဉ်အတိုင်း လက္ခုမီ
[illegible]သည်လည်းကောင်း ပါရဒေဝီ
[illegible]သည်လည်းကောင်း သရဿဝတီ
[illegible]သမီးသည် သည်လည်းကောင်း
[illegible]

မေး။ ။ သူရဿတီကို အဘယ်ပညာရှိများက ယူဆကြပါသနည်း။

ဖြေ။ ။ ဟိန္ဒူဗြဟ္မဏများက သူရဿတီကို ဝေဒင်လေးပုံနှင့် သာမုဒ္ဒိက လက္ခဏာကျမ်းတို့ကို ပထမဆုံး ဖန်ဆင်းသည်ဟု ယူဆကြပါသည်။

နောက်ခေတ်ပညာရှိများကသူရဿတီသည်ဝေဒင်လက္ခဏာများကိုသာ ဖန်ဆင်းသည်မဟုတ်။ သက္ကတဘာသာတစ်ခုလုံးကို သူရဿတီနတ်မိမယ်ပင် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်ဟု ယူဆကြပါသည်။

(သူရဿတီပုရာဏ်)

**မှတ်ချက်**

ဟိန္ဒူပညာများရဲ့ အယူအဆအရ သက္ကတဘာသာသည် ကမ္ဘာ့မိခင်ဘာသာဟု ယူဆကြပါသည်။ သက္ကတဘာသာမှ တခြားဘာသာစကားများ ကွဲပြားဖြာထွက်သွားကြသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ သူရဿတီနတ်သမီး၏ ပါဝါသည် ဘာသာစကားအားလုံးရဲ့ ဖန်ဆင်းရှင်အဆင့်သို့ ရောက်စေပါသည်။

ဗုဒ္ဓဘာသာဝင်များကလည်း သူရဿတီဟာ ပိဋကတ်သုံးပုံကို စောင့်ရှောက်သော ပိဋကတ်မယ်တော်ကြီးအဖြစ် လက်ခံကြပါသည်။

မေး။ ။ သူရဿတီ ဘယ်တုန်းက စတင်ဖြစ်ပေါ်ခဲ့ပါသလဲ။

ဖြေ။ ။ ဤဘဒ္ဒကမ္ဘာအစ မြင့်မိုရ်တောင်နှင့် သမုဒ္ဒရာလေးစင်းတည်ရှိပြီး အခါက ဤသူရဿတီပေါ်ပေါက်ခဲ့ပါသည်။

မေး။ ။ အခုကော သူရဿတီ ရှိပါသလား။

ဖြေ။ ။ အခုလည်း ကေလာသတောင်မှာ နတ်ကွန်းနှင့် တကွရှိပါသေးသည်။

မေး။ ။ တချို့က သူရဿတီနတ်သမီးဆိုတာ ဘာကယ်မရှိပါဘူး။ သူရဿတီမြစ်သာ ရှိပါတယ်လို့ ပြောကြပါတယ်။ မှန်ပါသလား။

ဖြေ။ ။ မမှန်ပါဘူး။ သူရဿတီနတ်သမီး တောင်သမုဒ္ဒရာထဲမှ ကေလာသတောင်သို့ ပြောင်းရွှေ့နေထိုင်စဉ်က လမ်းတစ်လျှောက်ကို လာခဲ့သော ရေစက်ရေပေါက်များမှ စပြီး၊ မြစ်တစ်ခုဖြစ်ပေါ်ခဲ့ပါသည်။ အဲဒီမြစ်ကို သူရဿတီကြောင့်ဖြစ်တဲ့ မြစ်မို့ သူရဿတီမြစ်လို့ ခေါ်ကြပါတယ်။ သူရဿတီမြစ်လည်း ရှိတာမှန်ပါတယ်။ သူရဿတီ နတ်သမီးလည်း ရှိတာမှန်ပါတယ်။ (သရဿတီပုရာဏ်)

မှတ်ချက်။ ။ သူရဿတီမြစ်သည် ဂျမုနာမြစ်နှင့် ဆတ္တလတ်မြစ်အကြားမှာရှိပါသည်။ ယခုအချိန်မှာ တိမ်ကောသွားပြီဖြစ်၍ မြစ်မဟုတ်တော့ဘဲ ချောင်းငယ်မျှသာ ရှိတော့သည်။

မေး။ ။ မဟာဗြဟ္မာရဲ့ အကြောင်း နည်းနည်းသိပါရစေ။

ဖြေ။ ။ မဟာဗြဟ္မာဟူသည် (ဟိန္ဒူဝါဒအရ) လောကကြီးတစ်ခုလုံးကို ဖိုင်ခံ ဖန်ဆင်းသူ ဖြစ်သည်။

မှတ်ချက်။ [illegible] မဟာဗြဟ္မာက [illegible] [illegible] [illegible] [illegible] ကောင်းကင်ပါမကျန် လောကကြီးတစ်ခုလုံးကို ဖန်ဆင်းသည်။ [illegible] မဟာဗြဟ္မာဖန်ဆင်းသည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

မပျက်စီးရအောင် ထိန်းသိမ်းစောင့်ရှောက်သည်။ သိဝက မကောင်းတာမှန်သမျှ ဖျက်ဆီးပြီး ကောင်းတာနှင့်အစားထိုးပြင်ဆင်သည်။

မေး။ ။ မဟာဗြဟ္မာ-သူရဿတီတို့ရဲ့ ဇာတ်လမ်းနည်းနည်းသိပါရစေ။

ဖြေ။ ။ မဟာဗြဟ္မာက တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ ပိုင်စလေ အစရှိသော လောကကြီးတစ်ခုလုံး သက်ရှိ၊ သက်မဲ့ အားလုံးကို ဖန်ဆင်းခဲ့ပါသည်။ မကြာခင် တောင်သမုဒ္ဒရာမှ ပေါက်ဖွားလာတဲ့ သူရဿတီနဲ့ အိမ်ထောင်ပြုပါတယ်။

သူရဿတီကို မြတ်နိုးလွန်းလို့ သူ့ရဲ့ ဖန်ဆင်းနိုင်တဲ့ စွမ်းအား၊ ပါဝါအားလုံးကို သူရဿတီကိုလည်း ပိုင်ဆိုင်ခွင့်ပြုခဲ့ပါတယ်။ သို့ဖြင့် သူရဿတီက ဗေဒင်လေးပုံနှင့် လက္ခဏာကျမ်းများနှင့် စာပေမှန်သမျှကို ဖန်ဆင်းခဲ့ပါတယ်။

မှတ်ချက်။ ။ ဗေဒင်လေးပုံတွင် ဘာသာရေးလူကြီးလူကောင်းအမည်ခံ ဟိန္ဒူဗြဟ္မဏတို့က အာတဗ္ဗဏဗေဒင်ကို မသင်ယူကြပါဘူး။ အကြောင်းကတော့ မကောင်းသော၊ ယုတ်ညံ့သော၊ အောက်လမ်းပညာများပါရှိလို့ ဆိုကြပါတယ်။ ကျန် ဗေဒင်သုံးပုံကိုသာ စွမ်းနိုင်သလောက် သင်ယူကြပါတယ်။ ဗေဒင်သုံးပုံကို တတ်ကျွမ်းသွားပါ တြိဒေဒီဘွဲ့ကိုခံယူကြပါတယ်။ ဗေဒင်နှစ်ပုံတတ်၍ ဒွိဗေဒီ၊ ဗေဒင်တစ်ပုံတတ်၍ ဧကဗေဒီဘွဲ့ခံယူကြပါတယ်။ တြိဗေဒီ၊ ဒွိဒေဒီ၊ ဧကဗေဒီဘွဲ့သုံးဘွဲ့စလုံးဟာ မည်သူကမျှပေးနေရတာ မဟုတ်ပါဘူး။ သူရဿတီဒေဝီက ပေးတဲ့ဘွဲ့များသာ ဖြစ်ပါတယ်။ (ဗြဟ္မဏကျမ်း)

မေး။ ။ သူရဿတီကို ဘယ်သူများ ကိုးကွယ်ကြပါသလဲ။

ဖြေ။ ။ မြန်မာ၊ သီဟိုဠ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေသ၊ ပါကစ္စတန်၊ စူတန်၊ တိဘက်၊ ယိုးဒယား၊ မလေးရှားစသော နိုင်ငံရှိစာပေသမားများ၊ ပီယသိဒ္ဓလိုလားသူများကိုးကွယ်ကြပါသည်။

(မြန်မာ့မိရိုးဖလာဓလေ့ နတ်သမိုင်း)

(စာ ၁၂-၁၃-၁၄-၁၅)

**ဟိန္ဒူနှင့် သူရဿတီ**

ဟိန္ဒူဘာသာဝင်များအနေဖြင့် သူရဿတီမယ်တော်ကို "စရစ်ဝသီ"ဟု ခေါ်ဆိုကြသည်။ သူရဿတီမယ်တော်သည် အသိပညာအလင်းရောင်ကို ထွန်းညှိပေးသော၊ စာပေပိဋကတ်များကို စောင့်ရှောက်သော မယ်တော်သခင်မ ဖြစ်သည်ဟု ယုံကြည်ကိုးကွယ်ကြသည်။

**ဟိန္ဒူဘာသာဖြင့် သူရဿတီ**
**(စရစ်ဝသီ) ဝတ်ပြုဂါထာ**

ယာကွန်(န်)သေး(န်)သူ၊
သုရှားရဟာ ရဓဝလား၊
ယာရှုဘရဝ(စ်)သရာ ဝရိသာ၊
ယာဝီးဏာဝရ်ဒန်း(နှ)၊ မန်ဒိ(သ)ကရာ၊
ယာရွှေသပ(သ်) မာဆံနာ
ယာဗရ်ဟ္မာ ကျွတ်သ၊ ရှုကာရ
ပရ်ဘိသိန်ဘိ
ဒေဝေဆဒါဝံသိသာ၊
ဆာမာ(န်)ပါသူ၊ ဆရ(ခ)ဝသီး
ဘဂဝသီး
နိရှေးရှရှား ဒယာပဟာ။

အဓိပ္ပာယ်အားဖြင့် - ဆွတ်ဆွတ်ဖြူ
သောပန်းနှင့်၊ဖွေးဖွေးဖြူသော နှင်းမှုန်တို့
အလား စင်ကြယ်သောအဆင်တန်ဆာ
အဖြူကိုသာ ဆင်တော်မူသော ဝိဏာဗျတ်
စောင်းကိုကိုင်စွဲလျက် ကုမုဒြာကြာဖြူပန်း
ပေါ် စံပယ်လျက် ရှိတော်မူသော-

ဗြဟ္မာ၊ ဝိရှဏု၊ မဟေ့(ရှ်)တို့၏ လေး
မြတ်ပူဇော်ခြင်းကိုပင်လျှင် ခံယူတော်မူ
သော . .

ထုံထိုင်းမိုက်မဲမှုတို့အား ပယ်ရှား
လျက်၊ လိမ္မာရေးခြား ထက်မြက်အောင်
စောင်မကြည့်ရှုတော်မူလေ့ရှိသော မြတ်
မယ်တော် သူရဿတီအား အကျွန်ုပ်သည်
ရိုကျိုးမြတ်နိုးစွာဖြင့် ဆည်းကပ်ပူဇော်ပါ
၏။

(ဟိန္ဒီဓမ္မစာစောင် စာ-၁၈-၁၉)

**ဝိုးစွဲ (အောင်ပင်လယ်)**

ကျမ်းကိုး
၁။ ဟိန္ဒူဓမ္မစာစောင်၊
၂။ မြန်မာ့မိရိုးဖလာဓလေ့နတ်သမိုင်း၊
၃။ ရွှေကျင်နိကာယ နှစ် ၁၅၀ ပြည့်
သာသနာ့မော်ကွန်း



www.burmeseclassic.com

www.burmeseclassic.com




# လောကီရတနာ

# လာဘ်လာဘအဖြာဖြာနှင့်ပြည့်စုံစေသတည်း

## အဂ္ဂမျိုး

ယခုနှစ် ဧပြီလလယ်ရက်များ၏ အပူရှိန်လွန်ကဲသော နေ့တစ်နေ့ဖြစ်လေ၏။ ထိုနေ့၏ မွန်းလွဲစအချိန်တွင် ကျွန်တော် နေထိုင်ရာ အမှတ် (၂၀/၂၂၅)၊ မြင်စိုင်းလမ်း၊ ရွှေပေါက်ကံမြို့ရှိနေအိမ်သို့ သူရောက်လာလေ၏။သူသည် မရမ်းကုန်းမြို့နယ်တွင် နေထိုင်သော ကျွန်တော်၏ ဗေဒင်ဖောက်သည် ဦးဝင်းသိန်းဖြစ်လေ၏။ ၎င်း ဦးဝင်းသိန်းသည် ဧည့်ခန်းတွင် သင်ဖြူးဖျာတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်လေ၏။ ထို့နောက် သူ့လွယ်အိတ်အတွင်းမှ ဓာတ်ဆားရည်ပုလင်းကို ထုတ်ကာ ပုလင်းနှုတ်ခမ်းဝတွင် ပါးစပ်ကိုတေ့လျက် "ဂလု . . ဂလု"ဟူသော အသံမြည်သည်အထိ အငမ်းမရသောက်လေတော့၏။ ပြီးလျှင် သူက . .

"ခရီးကလည်းဝေး၊ ကားတွေကလည်း အမောင်းကြမ်း၊ လူတွေကလည်းကြပ်၊ နေကလည်းပူဆိုတော့ အသက်အရွယ်က မခံစားနိုင်တော့ဘူးဗျာ။သံမဏိနဲ့ ထုထားတဲ့ ဇီဝကရုပ်တုဆိုရင်တောင် ခံနိုင်ပါ့မလားမသိဆိုနိုင်ဘူးဗျာ"

သူ့စကားကို သဘောကျသောကြောင့် မရယ်မိအောင် ထိန်းထားသည့်ကြားက သွားများပေါ်သည်အထိ ကျွန်တော် ပြုံးမိခဲ့ရလေ၏။

"ဟုတ်တယ်ဗျို့၊ ဇရာပိုင်းဝင်စ ကျုပ်တို့ ခင်ဗျားတို့အဖို့ လက်ရှိ ရာသီဥတုမှာ ပိုပြီး ဂရုစိုက်ရမယ်ဗျ။ ကျုပ်တို့ရဲ့ ခန္ဓာကိုယ်ကြီးကို ကျုပ်တို့က ခိုင်းခဲ့တာများပြီ။ ပင်ပန်းလှပြီ။ ယိုယွင်းချင်နေပြီ။ ဒီတော့ကာ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာ စားသောက်တာကို သတိကြီးတွေထားနိုင်မှ တန်ကာကျမှာ။ အသက်ကို ဉာဏ်စောင့်တယ်ဆိုထုံးစကားကလည်း ရှိသားကလားဗျာ။ ဒါနဲ့ နေပူကျဲကျဲမှာ အမောတကော နဲ့ လာရတဲ့ကိစ္စရင်း ဆိုပါဦး"

"ကျွန်တော့်ရဲ့ ကားပွဲစားအလုပ်က ခုတလောမှာ အခြေအနေဆိုးနေတယ် ဆရာရဲ့။ အလုပ်ကိစ္စနဲ့ လာဆက်သွယ်ကြသူတွေကို ပြုံးပြရယ်ပြရ၊ စကားတွေပြောရဖန်များလို့ပါးစပ်တောင် နားရွက်ကို တက်ချိတ်မိတော့မယ်။ ကုန်လိုက်ရတဲ့ [illegible] ဆိုတာက ပူစည်ဖောင်းဆိုရင် ရွှတ်တွလိမ်စောင်းသွားလောက်ပြီ။ ဒီအတွက် ဆရာရဲ့ ကူညီစောင့်ရှောက်မှုလိုချင်လို့ နေပူကျဲကျဲမှာ ကျောပူဒဏ်ကို ကျော့နေအောင်ခံပြီးလာရတာပါ ဆရာအဂ္ဂရေ"

"ခင်ဗျားလို အခက်အခဲမရှိတဲ့သူတော်တော်များများတွေ့ခဲ့ရဖူးလို့ ခင်ဗျားဘဝကို စာနာပါတယ်။ ဒီတော့ အလားတူအခက်အခဲမျိုးရှိသူကို ကျွန်တော်ပေးမြဲ ပေးဆဲဂါထာတော်တစ်ပုဒ်ကို အနက်အဓိပ္ပာယ်နဲ့အတူပေးလိုက်မယ်ဗျာ။ ငါပါးသီလကိုတော့ မြဲစေရမယ်။ ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်ပူဇော်သူတိုင်းအဖို့ အထူးအောင်မြင်ကြတာ လက်တွေ့၊ မျက်တွေ့မို့ ခင်ဗျားဘက်ကလည်း မပေါ့ဆဖို့လိုပေလိမ့်မယ်။ အချိန်ရတိုင်း ရွတ်ဖတ်ပူဇော်ပေါ့ဗျာ။ ခုနစ်ရက်သားသမီးတို့ရဲ့ အထူး



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာသက်ဝင် ချစ်ခင်လေးစားလာလိမ့်မယ်။ ပြောတိုင်း ဆိုတိုင်း တောင့်တတိုင်း ကြံစည်တိုင်း ကြိုးပမ်းအားထုတ်သမျှတိုင်း ထူးထူးခြားခြား ဆန္ဒပြည့်ဝအောင်မြင်ပါလိမ့်မယ်။ ခင်ဗျားတို့လို အရောင်းအဝယ်သမားများအတွက်ပိုပြီးပွင့်လန်းစေတယ်ဗျ"

ဟု ဆိုကာ ကျွန်တော့် မှတ်စုစာအုပ်ဖိုင်အတွင်းမှ ကွန်ပျူတာစာစီထားသော "ဇေဟိမိတ္တံ"ဂါထာတော်ကြီးကိုပေးလိုက်ရလေ၏။ ဦးဝင်းသိန်းက ဂါထာတော်ကြီးကို အခါခါဖတ်ကြည့်၏။ အခေါက်ခေါက်ရွတ်ကြည့်၏။ အကြိမ်ကြိမ်အသံထွက်ပူဇော်ကြည့်၏။ မရှင်းသည်များကို ပြန်၍မေး၏၊ ကျွန်တော် ပြန်လည်ရှင်းပြခဲ့ရ၏။ ထို့နောက် ကျေးဇူးတင်ဝမ်းမြောက်သောစကားနှင့်အတူ ဘုရားကျောင်းဆောင်ရှိ ငွေဖလားကြီးတွင်းသို့ အလှူငွေထည့်လေ၏။ ပြီးလျှင် ကျွန်တော့်အား နှုတ်ဆက်စကားဆိုကာ လွတ်လပ်ပေါ့ပါးသော ခြေလှမ်းများဖြင့် ပြန်လည်ထွက်ခွာသွားပါတော့သည်။

(ဦးဝင်းသိန်းအား ကျွန်တော်ပေးလိုက်သည့် ဂါထာတော်ကြီးအား သိရှိရွတ်ဖတ်ပူဇော်နိုင်ကြရန် ဖော်ပြလိုက်ပါသည်။)

**ဇေဟိမိတ္တံ ဂါထာတော်ကြီး**

ဇိဟိမိတ္တံ ဟိတံ ပုညံ၊ ယထာကာစိ
ကတံ ဖလံ
ဓဟိနန္ဒာ ပိယာပုတ္တာ၊ ပိယာသိရိ
ပိယာ ပိယာ
ဩဘာင်း သဝဏ္ဏဟာရ ဓွေးဖလံ၊
ဩဘာင်း ကာယမနသိ မာမတ္တာယ၊
သဟဿပရိဝါရာ ယ ဝိသာခါယ၊
ဇောဓိသက္ကာယ သဗ္ဗနာဂရေ
သဗ္ဗဂါမေ သဗ္ဗဂေဟေ သဗ္ဗဇနာနံ
သဗ္ဗလာဘမိတ္တံ ဘဝန္တု
မမ သန္တိကေ ဇေဟိ ဇေဟိ။

**အံနက်အဓိပ္ပာယ်**


မိတ္တံ-လူနတ်စုပေါင်း အဆွေခင်ပွန်းကောင်းသည်၊ ဇေဟိ-ယခုအခါ လာလှည့်ပါလော့၊ ဟိတံ-လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားဖြစ်သော၊ ပုညံ-ဖြူစင်မွန်လှ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ စသည်ပြုကြောင်း ကုသိုလ်အပေါင်းကို၊ ကတံ-ပြုရော နောင်ခါ မကြာမကြာ ခဏ ခဏ ပြုခွင့်ပြုအပ်ပေပြီ။ ဖလံ-ရှေးနှင့်ချီပြု ကောင်းမှုအကျိုးတန်ခိုးအာနိသင်ကို၊ ယာစိ-ယခုအခါ ဖြစ်ပေါ်လာပါရန် တောင်းပန်ပါ၏။ နန္ဒာ-စိတ်အလိုဖြည့်တတ်၊ နှစ်သက်အပ်ကုန်သော၊ ပိယ-စိတ်နှလုံးကို ရွှင်ပြုံးအထပ်ထပ် ချစ်ခင်အပ်ကုန်သော၊ ပုတ္တာ- အလိုဆန္ဒပြည့်တတ်သားလှရတနာတို့သည်၊ ဇေဟိန္တု-မြန်စွာမဒေသွ လာလှည့်ကြကုန်လော့။ ပိယာ-စိတ်နှလုံးကို ရွှင်ပြုံးစေတတ် ချစ်ခင်အပ်သော၊ သိရိ-ကောင်းကျိုးအထွေထွေ၊ ဘုန်းကျက်သရေမင်္ဂလာသည်၊ ဇေဟိ-မြန်စွာ မုခ္ခ လာလှည့်ကြပါကုန်လော့။ ပိယာ ပိယာ-စိတ်နှလုံးကို ရွှင်ပြုံးစေတတ် အလွန်အမင်း ချစ်ခင်မေတ္တာသက်ဝင်အပ်သော၊ သုဝဏ္ဏ- ရွှေ ငွေ အစရှိကုန်သော လောကီရတနာအဖြာဖြာကို၊ ဩဘာင်း ဟာရေ-မနေးကြည်ဖြူအောင်မြင်စွာဆော[...] ယူခဲ့ကြပါကုန်လော့၊ ဓွေး- နှစ်ပါးတ[...] သော၊ ကာယမနသိ-ကိုယ်စိတ်နှလုံး၊ [...] မေတ္တာယ-ချမ်းသာပွားတိုး မြတ်နိုးခြ[...] အလို့ငှာ၊ ဖလံ-ကောင်းကျိုးချမ်းသ[...] မင်္ဂလာသုခကို၊ ဩဘာင်းဟာရ-မနေးကြ[...] ဖြူ အောင်မြင်စွာဆောင်ယူခဲ့ကြပါလေ[...] သဟဿပရိဝါရာယ-အထောင်မ[...] အခြွေအရံနှင့်တကွသော၊ ဝိသာခါယ[...] ပုဗ္ဗာရုံ ကျောင်းအမ ဝိသာခါဒါယိကာ[...] ကြီး၌လည်းကောင်း၊ ဇောဓိသက္ကာယ- သ[...] တိုက်ဘုံကျော်ဟီး သဗ္ဗညုဗုဒ္ဓဘုရားရှ[...] လည်းကောင်း၊ ပိယာယထာ-ချစ်သူ [...] သူ ကြည်ဖြူလွန်တိုး မြတ်နိုးချစ်ခင် မေတ္တာ[...] ဝင် သကဲ့သို့၊ တထာ-ထို့အတူသာလျှ[...] မေ-အကျွန်ုပ်အား၊ သဗ္ဗနာဂရေ-လုံး[...] သော မြို့တကာ၌လည်းကောင်း၊ သဗ္ဗ[...] မေ-လုံးစုံသော များစွာ ရွာတကာတို့[...] လည်းကောင်း၊ သဗ္ဗဇနာနံ-ခပ်သိမ်းကု[...] သော အလုံးစုံသော လူနတ်ဗြဟ္မာ သတ္တ[...] တို့၏၊ ပိယ-ဖူးမြတ်နိုးချစ်ခင် မေတ္တာသ[...] ဝင်ခြင်းသည်၊ ဘဝန္တု-မုချမသွေဖြစ်ကြ[...] စေကုန်သတည်း။ သဗ္ဗလာဘ-မိတ္တံ-အလ[...] စုံသော များပြားလှစွာသော လောကီရ[...] နာ လာဘ်လာဘအဖြာဖြာတို့နှင့် ကော[...] မြတ်ကင့်တယ်အဆွေခင်ပွန်းကောင်းမျ[...] စွာတို့သည် မမသန္တိကေ-ကောင်းစွာ အ[...] ထုတ် အကျွန်ုပ်၏အထံသို့ ဇေဟိ ဇေဟိ- [...] သက်ကြည်ဖြူ ရွှင်လန်းစိတ်ဖူးစွာဖြင့် [...] လှည့် လာလှည့်ကြပါကုန်လော့။

အဂ္ဂ[...]



www.burmeseclassic.com

www.burmeseclassic.com



# နန်းစဉ်သုံးယတြာမှု ဤသို့ပြုပါ

ဆရာမင်းသုခ္ခ (မန်းတက္ကသိုလ်)

ငွေကြေးဝင်ငွေနည်းပြီး အကြွေးပတ်ပတ်လည်ဝိုင်းနေရင်ဖြစ်စေ၊ အခက်အခဲရှိရင် အောက်ပါယတြာကို ယုံကြည်စွာဖြင့် ဆောင်ရွက်လိုက်ပါ။ အကျိုးများပါတယ်။

(၁) ရေသန့်စင်ပြီး(ရေချိုး၍) သစ်လွင်သော အဝတ်အစား ဝတ်ဆင်ပြီး တစ်ကိုယ်လုံး အမွှေးနံ့သာ လိမ်းကျံပါ။

(၂) သက်သတ်လွတ်စားပါ။

(၃) ဘုရားမှာ ဖယောင်းတိုင် တစ်တိုင်၊ အမွှေးတိုင် ကိုးတိုင်၊ သောက်တော်ရေ ငါးခွက်နဲ့ မွှေးနံ့သင့်ပန်း လှူပါ။ (တနင်္ဂနွေသားသမီးဖြစ်က အုန်းညွန့် ၆ ညွန့် လှူပါ)

(၄) သရဏဂုံသုံးပါးကို ပုတီးသုံးပတ်စိပ်ပါ။

(၅) လင်ပန်းတစ်ခုယူ၍ ဆန်အပြည့်ထည့်ပါ။ လင်ပန်းမှာ ဆန်ကိုညီအောင်ညှိပါ။

(၆) ဆန်လင်ပန်းမှာ ညာဘက်လက်ခလယ်နှင့် (စ) လုံးကိုရေးပါ။ (ရေးတဲ့အခါ စကျွမာစရ မာစိဇ္ဈော) လို့ ရွတ်ပါ။

'ခ'ကိုရေးတဲ့အခါ နှုတ်က (ခမ္ဘည္ဗ ခမ္ဘသာဝိကော)လို့ ရွတ်ပါ။

'ဗ'ကိုရေးတဲ့အခါ နှုတ်က (ဗလူပေကော ဗလမရော)လို့ ရွတ်ပါ။

'ဝ'ကိုရေးတဲ့အခါ နှုတ်က (ဝရမောဒေတုမေဝရဲ)လို့ ရွတ်ပါ။

(၇) လင်ပန်းကဆန်ပေါ်မှာရေးတဲ့နေရာမှာ (စာရေးတဲ့နေရာမှာ) စ၊ ခ၊ ဗ၊ ဝ ကြီးလေးလုံးဂါထာတော်ကို ၁၀၈ ခေါက် ရွတ်ဆိုပေးပါ။

(၈) ဒီလို အဓိဋ္ဌာန်ကို အနည်းဆုံး ကိုးနဝင်းဖြစ်အောင် ၉ ရက်၊ ၁၈ ရက်၊ ၂၇ ရက် နိုင်သလောက် လုပ်ကြည့်ပါ။

အဓိဋ္ဌာန်အောင်မြင်သွားရင် လိုအင်ဆန္ဒအားလုံး ပြည့်စုံလာပါလိမ့်မယ်။ ဆန်ကိုချက်ပြီး ဘုရားမှာ ဆွမ်းကပ်ပါ။ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းလောင်းရမှာဖြစ်ပါတယ်။ အလွန်စိတ်ချမ်းသာမည့် ယတြာတစ်ခု ဖြစ်ပါသည်။

လိုရာဆန္ဒပြည့်ဝပါစေ ...

**ဆရာမင်းသုခ္ခ(မန်းတက္ကသိုလ်)**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားအံ့မခန်း အရှင်ကောဏ္ဍည ၏ ပရိနိဗ္ဗာန်ဝင်စံတော်မူခန်း

**ရိရိငွေး**

အရှင်ကောဏ္ဍညမထေရ် (ခေါ်) အညာသိကောဏ္ဍညမထေရ်၏ ပရိနိဗ္ဗာန်ဝင်စံတော်မူခန်းမှာ အများနှင့်မတူ ထူးခြားဆန်းကြယ်လှပေသည်။ အရှင်ကောဏ္ဍညမထေရ်သည် ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာ့ဝယ် ရဟန်းတော်တို့အနက် 'ရတ္တညူ' ဧတဒဂ်ရာထူးကို ရရှိတော်မူသော ရဟန္တာတစ်ပါးဖြစ်သည်။ ရတ္တညူဆိုသည်မှာ ရှည်စွာသော ညဉ့်အပိုင်းအခြားကို သိသောပုဂ္ဂိုလ် (ဝါ) ရဟန်းသိက္ခာဝါအကြီးဆုံးပုဂ္ဂိုလ် (ဝါ) ဘုရား၏ တပည့်သာဝကရဟန်းတို့တွင် အသာဆုံးအမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်ပါသည်။

## ကမ္ဘာတစ်သိန်းအထက်ကဘဝ

လွန်ခဲ့သော ကမ္ဘာတစ်သိန်းအထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်ထွန်းတော်မူခဲ့သည်။ ပဒုမုတ္တရာဘုရားရှင်သည် ရဟန်းတော်တစ်သိန်း ခြံရံ၍ လူများအား တရားချီးမြှောက်ရန် ရွာနိဂုံးမင်းနေပြည်တော်သို့ ဒေသစာရီခရီးကြွတော်မူလာခဲ့သည်။ ထိုသို့ဖြင့် ခမည်းတော် အာနန္ဒာမင်းကြီးရှိရာ ဟံသာဝတီ ရွှေမြို့တော်သို့ ရောက်ရှိလာခဲ့သည်။ ခမည်းတော်မင်းကြီးသည် သားတော်ဘုရား ကြွလာကြောင်း သတင်းကောင်းကြားသိရသဖြင့် တိုင်းသူပြည်သားနှင့်တကွ နန်းတော်တွင်းရှိ ဗိုလ်ပါပရိသတ်နှင့်အတူ ခရီးဦးကြိုဆိုခဲ့ကြသည်၊ ပဒုမုတ္တရဘုရားရှင်သည် မင်းကြီးကို အမှူးထားပြီး ဗိုလ်ပါပရိသတ်များအား တရားဟောရာ တရားတော်အဆုံးတွင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် စသည်တို့ဖြင့် အသီးသီး ဖြစ်ကြပြီးလျှင် အချို့မှာကား အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ထိုအချိန်တွင် ... ကောဏ္ဍည အလောင်းသူတော်ကောင်း အမျိုးသားလည်း လူအများနှင့်အတူ ဘုရားရှင်တရားဟောရာအရပ်သို့ လိုက်ပါသွားခဲ့သည်။ ထိုအခါ ပဒုမုတ္တရာဘုရားရှင်သည် ကိုယ်တော်မြတ်၏ သာသနာ့ဝယ်ရှေးဦးစွာ သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်သော ရဟန်းတော်တစ်ပါးကို ရတ္တညူအရာ၌ အသာဆုံး၊ အမြင့်ဆုံး ဧတဒဂ်ရာထူးကို ထားတော်မူသည်ကို တွေ့မြင်ရသောအခါ ...

"ဤရဟန်းသည် ကြီးကျယ်မြင့်မြတ်ဘိတကား။ ဤရဟန်းထက် အရင်လက်ဦး သစ္စာလေးပါးတရားထူးကို သိမြင်သောရဟန်းဟူ၍ မရှိဘူးတဲ့၊ ငါသည်လည်း နောင်သောအခါ တစ်ဆူဆူသော ဘုရားရှင်၏ သာသနာ့ဝယ် ဤရဟန်းနည်းတူ အလျှင်လက်ဦး သစ္စာလေးပါးတရားထူးကို သိမြင်နိုင်စွမ်းသော ရဟန်းသူ ဖြစ်ရပါမှ ကောင်းလေစွ"ဟု ဆင်မြင်မိသည်။

ထို့နောက် မြတ်စွာဘုရားရှင်နှင့်တကွ ရဟန်းတော်တစ်သိန်းကို အိမ်သို့ ပင့်ကာ ယာဂုခဲဖွယ်နှင့်တကွ ရသာကြိုင်လှိုင်သော နံ့သာသလေးဆွမ်းကို ခုနစ်ရက်တိုင်တိုင် ကပ်လှူပူဇော်ခဲ့ပါသည်။ ထို့နောက် မြတ်စွာဘုရားနှင့်တကွ ရဟန်း



www.burmeseclassic.com

www.burmeseclassic.com

တော်တစ်သိန်းတို့အား တိစီဝရိတ်သက်န်းများ ကပ်လှူပူဇော်ပြီးနောက် ဘုရားရှင်ထံပါး၌ တောင်းဆုပြုခဲ့ပါသည်။

''အရှင်မြတ်ဘုရား ... ယနေ့မှစ၍ အထက်ခုနစ်ရက်မြောက်သောနေ့က အရှင်ဘုရား တေဒင်္ဂရာထူး ချီးမြှင့်ပြောက်စားသည့် ဂုဟာန်းတော်ပမာ တပည့်တော်လည်း နောက်ကာလဝယ် ပွင့်တော်မူမည့် မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ရှေးဦးစွာ သစ္စာလေးပါး တရားထူးကို ထိုးထွင်းသိမြင်ခြင်းငှာ စွမ်းနိုင်သူဖြစ်ရပါလို၏''ဟု ဆုတောင်းခဲ့ပါသည်။ ထိုအခါ ဘုရားရှင်သည် ဤအမျိုးကောင်းသားဆုပန် လျှောက်ထားသကဲ့သို့ ပြည့်စုံမည်လော၊ မပြည့်စုံမည်လောဟု အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုရာ ကေနိပင်ပြည့်စုံလိမ့်မည်ဟု သိမြင်တော်မူခဲ့ပါသည်။ ထိုအခါ ပဒုမုတ္တရဘုရားရှင်သည် ...

''နောင်သောအခါ ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူမည့် ဂေါတမမြတ်စွာဘုရားလက်ထက်၌ ဤအမျိုးကောင်းသား၏ ဆုတောင်းသည့်အတိုင်း ဓမ္မစကြာတရားဦးဟောသောအခါ၌ ဤသုတ္တန်အဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်လိမ့်မည်''ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။ ထိုမှ ကမ္ဘာ (၉၉၉၀၉) ကာလပတ်လုံး လူပြည်၊ နတ်ပြည် လှည့်လည်ကျင်လည်ခဲ့သည်။ ဤဘဒ္ဒကမ္ဘာမှ နောက်ပြန်ရေတွက်သော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ အရှင်ကောဏ္ဍညအလောင်းသည် ဗန္ဓုမတီပြည်၌ သူကြွယ်မျိုး၌ဖြစ်၍ သူ့အမည်မှာ 'မဟာကာလ'ဖြစ်၏။ ထိုအချိန်တွင် ဗန္ဓုမတီပြည်သို့ ဝိပဿီမြတ်စွာဘုရားကြွတော်မူခဲ့သည်။

၎င်း၏ ညီငယ်ကား 'စူဠကာလ'ဟု အမည်တွင်လေသည်၊ ထိုအခါ မဟာကာလသူကြွယ်သည် ညီငယ်စူဠကာလကို ...

''ဝိပဿီမြတ်စွာဘုရားအား ပူဇော်ရန် မနက်ဖြန်၌ ငါတို့အခွင့်အလှည့်ရောက်ပြီ၊ အဘယ်သို့ပူဇော်သက္ကာရပြုရမည်နည်း''ဟု တိုင်ပင်ရာ ...

''နောင်တော် သင့်လျော်မည်ကို ဆင်ခြင်စဉ်းစားပါလော့''

ဟု ဆိုသည်။ ထိုအခါနောင်တော်က ...

''ချစ်ညီ၊ ယခုအခါ ငါတို့ပိုင်သော ၁၆ ပယ် ကျယ်ဝန်းသောလယ်မှ သလေးစပါးများ ဖုံးကြ၊ လုံးကြလျက်ရှိပြီ။ ထိုသလေးစပါးဖုံးတို့ကို ဖောက်ခွဲယူငင်၍ မြတ်စွာဘုရားရှင်အား သလေးနို့ဆွမ်း ကပ်လှူပူဇော်ကြစို့လား''ဟု ဆို၏။ ထိုအခါ ညီငယ်က သဘောမတူချေ။ ထို့ကြောင့် မဟာကာလသူကြွယ်သည် လယ်(၁၆)ပယ်ကို တစ်ဝက်ခွဲ၍ ရှစ်ပယ်အရပ်၌ရှိသော သလေးစပါးဖုံးတို့ကို ရေမရောသော နွားနို့နှင့် ရောနှောကျိုချက်ပြီးသော စတုမဓုကို မြတ်စွာဘုရားနှင့်တကွ သံဃာတော်များအား ဆက်ကပ်လှူဒါန်းလေသည်။ ထိုသို့စပါးဖုံးများကို ထုတ်ယူသော်လည်း မကုန်နိုင်ဘဲ ပင်ကိုပကတိအတိုင်း ပြည့်မြဲပြည့်၏။ ဤသည်ကား သူကြွယ်၏ နံပါတ်(၁)ကောက်သားဦးအလှူတည်း။ ထို့နောက် မုန့်ဆန်းပြု၍ရသောအခါ၌ နံပါတ်(၂) မုန့်ဆန်းဦးအလှူကိုပြု၍ လှူဒါန်းခဲ့သည်။ ကောက်ပင်စပါးများ ရင့်မှည့်သောအခါ နံပါတ်(၃) ကောက်ဦးအလှူဒါန ပြုလုပ်၏။ ကောက်ပင်စပါးများ ရိတ်သိမ်းသောအခါ ထိုကောက်စပါးတို့ကိုယူ၍ နံပါတ်(၄) ရိတ်ဦးအလှူဒါနပြု၏။ ရိတ်ပြီးစပါးများကို ကောက်လှိုင်းစည်းများ ထုံးဖွဲ့သောအခါ၌ နံပါတ်(၅)ကောက်လှိုင်းဦးအလှူကိုလည်းကောင်း စပါးများစုပုံရာ၌ နံပါတ်(၆) ကောက်ပုံဦးအလှူဒါနကိုလည်းကောင်း စပါးနယ်သောအခါ၌ နံပါတ်(၇) နယ်ဦးအလှူဒါနကိုလည်းကောင်း၊ စပါးပုံရာ၌ နံပါတ်(၈) စပါးပုံဦးအလှူကိုလည်းကောင်း။ ကျီသို့သွင်းသောအခါ၌ နံပါတ်(၉) ကျီဦးအလှူဒါနကိုလည်းကောင်း (၉)ကြိမ်(၉)ခါ အဦးဒါန = အဂ္ဂဒါနကို လှူဒါန်းခဲ့သည်။ ဤသို့လှူဒါန်းသော်လည်း ကောက်စပါးများမှာ လျော့သွားသည်ဟူ၍မရှိ။ ပကတိထက် တိုးတက်ပြည့်စုံလေသည်။

## နောက်ဆုံးဘဝ ကောဏ္ဍည

ဤသို့ဖြင့် ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး နတ်ပြည်လူ့ပြည်၌ နတ်စည်းစိမ်လူစည်းစိမ်တို့ကို ခံစားပြီးနောက် မြတ်စွာဘုရားပွင့်ထွန်းခါနီးတွင် ကပိလဝတ်ပြည်အနီး 'ဒေါဏဝတ္ထုပုဏ္ဏားရွာ'၌ ချမ်းသာသော ဗြာဟ္မဏမဟာသာလ အမျိုး၌ ဝင်စားခဲ့သည်။

ထိုပုဏ္ဏားလုလင်ကို အမည်မှည့်သောနေ့၌ 'ကောဏ္ဍညလုလင်'ဟု အမည်မှည့်ခေါ်ကြသည်။ ကောဏ္ဍညလုလင်သည် ကြီးပြင်းလာသောအခါ ဗေဒင်သုံးပုံတို့ကို သင်ကြား၍ မဟာပုရိသလက္ခဏာတော်ကျမ်း၌ တစ်ဖက်ကမ်းရောက်အောင် တတ်မြောက်လေ၏။

ထိုအချိန်တွင် အလောင်းတော် နတ်သားသည် တုသိတာနတ်ပြည်မှ စုတေတော်မူပြီး ကပိလဝတ်ပြည်၊ သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သော မဟာမာယာဝမ်း၌ ပဋိသန္ဓေနေခဲ့သည်။ အချိန်စေ့ရောက်၍ ဖွားမြင်တော်မူပြီးနောက် အမည်မှည့်အံ့သောနေ့၌ ပုဏ္ဏား (၁၀၈)ယောက်အနက်မှ ဉာဏ်ပညာ ထက်မြက်သည့် ပုဏ္ဏားပဏ္ဍိတ်ရှစ်ယောက်တို့ကို ထပ်မံရွေးချယ်လိုက်သည်။ နောက် မင်းသားလေးကို ဘွဲ့ပြ

www.burmeseclassic.com

www.burmeseclassic.com

ထက် လျှောင်းစက်စေပြီး လက္ခဏာတော်တို့ကို ဆင်ခြင်ကြည့်ရှုစေရန် ပုဏ္ဏားများထံသို့ ယူဆောင်လာခဲ့သည်။

ပုဏ္ဏားပဏ္ဍိတ်ရှစ်ဦးအနက် (၇)ဦးက –

''လူ့ဘောင်၌နေလျှင် စကြဝတေးမင်းဖြစ်မည်။ ရဟန်းပြုလျှင် လူ့သုံးပါး၌ ဘုရားစင်စစ် ကေန်ဖြစ်မည်''ဟု ဟောကာ လက်နှစ်ချောင်းကို မြှောက်ချီလေသည်။ သို့ဖြင့် ကောဏ္ဍညပုဏ္ဏားအလှည့်သို့ ရောက်လာခဲ့သည်။ ကောဏ္ဍညသည် ပုဏ္ဏားရှစ်ဦးအနက် အငယ်ဆုံးပုဏ္ဏား ဖြစ်သည်။ သူသည် ဘုရားအလောင်းတော်၏ မဟာပုရိသလက္ခဏာတော်ကြီး အလုံးစုံနှင့် ပြည့်စုံတော်မူပုံကို အသေအချာ ကြည့်ရှုခဲ့သည်။ ထို့နောက် ဖဝါးတော်ကိုကြည့်သောအခါ စကြဝတေးမင်း လက္ခဏာတံဆိပ် ပါရှိသည်ကို တွေ့ရှိသဖြင့် ...

''စကြဝတေးမင်းဖြစ်မည့်သူ၏ ခြေဖဝါး၌ စကြဝတေးမင်း လက္ခဏာမပါတန်ရာ''ဟု ဆင်ခြင်ပြီးနောက် ဤအလောင်းမင်းသားမှာ အိမ်၏အလယ်၌ တည်နေရန်အကြောင်းမရှိဟု တွေးတောပြီးနောက်

''ဤအလောင်းမင်းသားသည် ကေန်ပင် ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်''

ဟု ရဲရဲတောက်ဟောကာ လက်ညှိုးတစ်ချောင်းကိုသာ မြှောက်ချီလေသည်။ ဤသည်မှာ အရှင်ကောဏ္ဍညအလောင်းပုဏ္ဏားသည် သူ၏ပညာကို ယုံကြည်သဖြင့် တစ်ခွန်းတည်းသော စကားကို ဆိုလိုက်ခြင်း ဖြစ်ပါသည်။

ထို့နောက် ပုဏ္ဏားပဏ္ဍိတ်တို့သည် မိမိတို့အိမ်သို့ ပြန်ရောက်ကြလျှင် သားတို့ကိုခေါ်၍ ...

''ချစ်သားတို့ ... ငါတို့ကား အသက်ကြီးပြီ။ သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူသည်ကို မီချင်မှ မီကြပေမည်။ အကယ်၍ မမီပါမူ သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ ရောက်သော် သူ၏သာသနာ၌ ရဟန်းပြုရစ်ကြကုန်လော့''ဟု အမှာစကားပြောကြားခဲ့ကြသည်။

သုဒ္ဓေါဒနမင်းကြီးသည် သားတော်အား အထိန်းတော်၊ အချီတော်များနှင့် ကြီးစွာသော အဆောင်အယောင် အခမ်းအနားဖြင့် ထားလေသည်။ ထိုမှ အရွယ်ရောက်လာသောအခါ ယသော်ဓယာမင်းသမီးနှင့် လက်ဆက်စေပြီး ရွှေနန်းတော်၌ စည်းစိမ်ခံစားစေခဲ့သည်။ ထိုသို့ဖြင့် ဉာဏ်တော်ရင့်ကျက်သည့် နှစ်ဆယ့်ကိုးနှစ်အရွယ်တွင် ကာမဂုဏ်တို့၏ အပြစ်ကိုမြင်ပြီး၊ သားတော်ရာဟုလာမင်းသား ဖွားမြင်တော်မူသည့်နေ့တွင် ဆန္နအံမတ်ကို အဖော်ပြုကာ ကဏ္ဍကမြင်းတော်ကို စီးနင်း၍ တောထွက်တော်မူလေသည်။

ထိုညမှာပင် ကပိလဝတ်၊ ကောလိယ၊ ဒေဝဒဟ ဟူသော သုံးပြည်ထောင်ကိုဖြတ်ကျော်ပြီး အနောမာသောင်ကမ်း၌ ဆံတော်ကို ပယ်လိုက်သည်။ ထို့နောက် ဃဋီကာရဗြဟ္မာမင်း ယူဆောင်လာသည့် သင်္ကန်းပရိက္ခရာတို့ကို ဝတ်ရုံဆင်မြန်းပြီး ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်ခဲ့သည်။ ထိုမှ ဥရုဝေလတောသို့ ရောက်သော် ဤနေရာတွင် တရားအားထုတ်ရန် အသင့်လျော်ဆုံးအရပ်ဖြစ်ကြောင်း ဆင်ခြင်တော်မူပြီး ထိုတောအုပ်၌ စတင်တရားအားထုတ်လေသည်။

ထိုအချိန်တွင် ကောဏ္ဍညပုဏ္ဏားမှတစ်ပါး အခြားပုဏ္ဏားကြီး ခုနစ်ပါးတို့မှာ ကွယ်လွန်ခဲ့ကြလေပြီ။ အငယ်ဆုံး ကောဏ္ဍညတစ်ဦးသာ ကျန်သဖြင့် ပုဏ္ဏား (၇) ဦးတို့၏သားများထံသို့ သွားရောက်ပြီးလျှင် ရဟန်းပြုလိုလျှင် ရဟန်းပြုရန် ပြောကြားလေ၏။ ထိုအခါ ပုဏ္ဏား(၇)ယောက်၏ သားအားလုံး ရဟန်းမပြုဖြစ်ဘဲ လေးယောက်သာ ရဟန်းပြုမည်ဖြစ်၍ ကောဏ္ဍညပုဏ္ဏားကို အကြီးအကဲပြုကာ လေးယောက်တို့သည် ရဟန်းပြုကြကုန်၏။

ထိုရဟန်းငါးဦး(ပဉ္စဝဂ္ဂီ)သည် ဘုရားအလောင်းတော်ထံသွား၍ ပြုစုလုပ်ကျွေးကြရာ ခြောက်နှစ်အခါသို့ ရောက်လေသည်။ ဘုရားအလောင်းတော်သည် (၆) နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံရာမှ ဤအကျင့်ဖြင့် အရိယမဂ်ဖိုလ်သို့ မရောက်နိုင်မှန်းသိ၍ သေနာနိဂုံး၌ ဆွမ်းခံလှည့်လည်ကာ အစာအာဟာရများကို ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ဤသည်ကို (ပဉ္စဝဂ္ဂီ)ငါးဦး တွေ့သောအခါ ဘုရားအလောင်းတော်အပေါ်တွင် ငြီးငွေ့အားလျော့ကာ အလောင်းတော်အား ပစ်ခွာ၍ ဣသိပတနမိဂဒါဝုန်တောသို့ သွားကြကုန်၏။

ထို့နောက် မြတ်စွာဘုရားလောင်းသည် ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘုရားရှင်သည် တရားဦးဟောရန် မိဂဒါဝုန်တောသို့ ကြွတော်မူခဲ့သည်။ ပဉ္စဝဂ္ဂီငါးဦးသည် မြတ်စွာဘုရားကြွလာသည်ကို မြင်သော် ဝတ်ကြီးဝတ်ငယ်မပြုစတမ်းဟု ကတိကဝတ် ပြုထားသော်လည်း နီးလာသောအခါ ကတိမတည်နိုင်တော့ဘဲ အသီးသီး ဝတ်ပြုကြလေသည်။ ထို့နောက် မြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောကြားရာ ဒေသနာအဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်တော်မူ၏။ ထို့နောက် အနတ္တလက္ခဏာသုတ္တန်ကို ဟောကြားရာ ပဉ္စဝဂ္ဂီငါးဦးစလုံး အရဟတ္တဖိုလ်၌ တည်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ရှေးဦးစွာ သစ္စာလေးပါးတရားကို သိသောရဟန်းတို့တွင် ငါ၏သားတော်ကြီး ကောဏ္ဍညသည် အသာဆုံးအမြတ်ဆုံးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဟု ချီးကျူးမြွက်ဆိုကာ 'ရဟန္တညွှန့်'တေဒဂ်ရာထူးထားတော်မူ၏။

ထို့နောက် ရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်နှစ်ပါးတို့သည် ရဟန်းပြုကုန်၏။ ၎င်းတို့သည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီများ ဆည်းပူးခဲ့သည့်အတွက် ဘုရားရှင်၏ အဂ္ဂသာဝကနှစ်ပါး ဖြစ်လာခဲ့သည်။ ထို့ကြောင့် မြတ်စွာဘုရားရှင် တရားဟောတော်မူသောအခါ လက်ျာနံ့ပါး၌ အရှင်သာရိပုတ္တရာသည်လည်းကောင်း၊ လက်ဝဲနံ့ပါး၌ အရှင်မဟာမောဂ္ဂလာန်သည်လည်းကောင်း ထိုင်နေတော်မူကြ၏။ အဂ္ဂသာဝကနှစ်ပါးတို့၏ ကျောဘက်၌ အရှင်ကောဏ္ဍညအတွက် နေရာခင်းပေးထားသည်။ အရှင်ကောဏ္ဍညသည် သာသနာတော်အစဦးတွင် သစ္စာလေးပါးတရားကို သိတော်မူပြီး အရွယ်တော်အားဖြင့် ကြီးမားတော်မူသောကြောင့် အဂ္ဂသာဝကနှစ်ပါးမှာ မရဲမဝံ့ရှိကုန်၏။ ထိုအကြောင်းကို အရှင်ကောဏ္ဍညသိသောအခါ အဂ္ဂသာဝကနှစ်ပါးအား ချမ်းသာအောင်နေနိုင်ရန် ငါပြုလုပ်မည်ဟု ဆင်ခြင်တော်မူခဲ့သည်။

ထို့နောက် အရှင်ကောဏ္ဍညသည် တူတော်ပုဏ္ဏားလုလင်အား ရဟန်းပြုပေးပြီး မြတ်စွာဘုရား၏ အန္တေဝါသိကာ တပည့်ဖြစ်အောင် ပြုလုပ်တော်မူပြီးမှ ဘုရားရှင်ထံသို့ ချဉ်းကပ်ကာ ...

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... တပည့်တော်အတွက် ရွာနီးကျောင်းသည် သပ္ပါယ မဖြစ်ပါ။ ထို့ကြောင့် တပည့်တော်အား ဆဒ္ဒန်အိုင်သို့ သွားရောက်နေထိုင်ခွင့်ပြုပါဘုရား'' ဟု လျှောက်ထားပန်ကြားလေသည်။ မြတ်စွာဘုရားရှင်ကလည်း ခွင့်ပြုသဖြင့် အရှင်ကောဏ္ဍညသည် ဆဒ္ဒန်အိုင်အနီး မဏ္ဍာကိနီရေကန်ဆိပ်ကမ်းသို့ ကြွရောက်တော်မူလေသည်။ ထိုဆဒ္ဒန်အိုင်အရပ်၌ ရှေးအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ပြုစုလုပ်ကျွေးခြင်း အလေ့အကျက်ရှိပြီးဖြစ်သော နတ်တို့အသက်ကဲ့သို့ အသက်ရှည်သည့် ဆင်ပေါင်း(၈၀၀၀)တို့သည် မထေရ်မြတ်ကို မြင်ရသော် ... ''ငါတို့၏ကောင်းမှုမျိုးစေ့ကြဲရာ လယ်ယာမြေကောင်းကြီး လာရောက်ပေပြီ'' ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ထို့နောက် နှာတို့ဖြင့် ရှပ်၍ စင်္ကြံကြွမည့်အရပ်၌ မြက်ပင်များ မရှိဘဲ ပကတိတလင်းပြင်ဖြစ်အောင် ပြုလုပ်ထားလိုက်သည်။ ထို့အပြင် မထေရ်မြတ် သီတင်းသုံးရာအရပ်ကို သုတ်သင်ပေးကြပြီး ဆင်ရှစ်ထောင်တို့သည် စည်းဝေးတိုင်ပင်ကြ၏။

''အချင်းတို့ .. ငါတို့သည် မထေရ်မြတ်ကို ပြုစုရာ၌ သူပြုနိုး၊ ငါပြုနိုးမလုပ်ဘဲ ဆွေမျိုးများသော ရွာသို့ ရောက်ဘိသကဲ့သို့ မထေရ်မြတ်ကို လစ်ဟင်းမှုမရှိအောင် အလှည့်ကျ ပြုစုလုပ်ကျွေးကြကုန်လော့''

ဟု တိုင်ပင်ဆွေးနွေးပြီးလျှင် အလှည့်ကျ မျက်နှာသစ်ရေ ဒန်ပူများ တည်ထား၏။ ထို့နောက် အလှည့်ကျသော ဆင်တို့သည် မထေရ်မြတ်နေထိုင်ရာ ကမ္ဘဋ္ဌာန်းတဲကျောင်း အတွင်းအပြင် နှစ်ရပ်လုံးကို သစ်ခက်များကို တံမြက်စည်းအဖြစ် အသုံးပြု၍ လှည်းပေးကြ၏။ အစာအာဟာရများကို ဆက်ကပ်ခြင်းစသည်ဖြင့် ဝတ်ကြီးဝတ်ငယ် ပြုလေ၏။ အရှင်ကောဏ္ဍညသီတင်းသုံးနေထိုင်ရာ မဏ္ဍာကိနီရေကန်သည် ယူဇနာငါးဆယ်ကျော် ကျယ်ပြန့်၏။ ရေကန်၏ အလယ်ဗဟိုသည် ရေမှော်ရေညှိမရှိဘဲ ဖလ်အထင်းပမာ ကြည်လင်၏။ ထိုရေကန်ကြီးအတွင်း၌ ကြာဖြူ၊ ကြာနီ၊ ကြာညိုများနှင့်တကွ ပဒုမ္မာကြာဖြူ၊ ပဒုမ္မာကြာနီပင်များ ပွင့်ဖူးနေကြ၏။ ထို့အပြင် ရေကန်ကြီး၏အပြင်ဘက်၌ ဘူး၊ ဖရုံ၊ သခွားစသည့် သစ်သီးတောကြီးနှင့် ကြံတောကြီးများ ရှိ၏။ ထိုမှဆက်၍သွားသော် ငှက်ပျောတောကြီးများ၊ ပိန္နဲတော၊ သရက်တောနှင့် သပြေတောများရှိ၏။

ဤသို့ စားဖွယ်စုံလင်သော တောကြီးထဲမှ သစ်သီးသစ်ဥများကို ခူးဆွတ်၍လည်းကောင်း၊ ကြံကိုခြေဖြင့်နင်းကြိတ်၍ ရသည့် ကြံရည်ကို ကျောက်ခွက်ငယ်တို့၌ တည်စေပြီး ဂေါ်ဒန် ကျောက်ခဲ (သကြားခဲ)များပြုလုပ်ပြီး ဆက်ကပ်၏။ နာဂဒတ္တ နတ်သားကလည်း ထောပတ်၊ ကြာပျားမှုန့်တို့နှင့် ရောစပ်လျက် ရေမရောသော နို့ဃနာကို လောင်းလှူ၏။ ဤသို့ဖြင့် ဆဒ္ဒန်အိုင်တွင် အရှင်ကောဏ္ဍညမှာ ဆယ့်နှစ်နှစ်ပတ်လုံး သီတင်းသုံးနေထိုင်ခဲ့သည်။ ထို့နောက် အာယုသင်္ခါကို ဆင်ခြင်သောအခါ ကုန်နေပြီဟု မြင်တော်မူ၏။ ထို့နောက် ငါသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံမည်နည်းဟု စဉ်းစားဆင်ခြင်တော်မူရာ ...

''ဆင်တို့သည် ငါ့အား ဆယ့်နှစ်နှစ်ကြာ ကာလပတ်လုံး ပြုစုလုပ်ကျွေးသည့် ကျေးဇူးကား များလှ၏။ ငါသည် မြတ်စွာဘုရားရှင်ထံခွင့်ပန်ပြီး ဤကမ္ဘဋ္ဌာန်းကျောင်းမှာပင် ပရိနိဗ္ဗာန်ပင်စံပေတော့အံ့'' ဟု ဆုံးဖြတ်ပြီးနောက် မြတ်စွာဘုရားရှင်ရှိရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ကောင်းကင်ခရီးဖြင့် ကြွလာခဲ့သည်။ မြတ်စွာဘုရားရှင်ထံသို့ ရောက်သောအခါ မြတ်စွာဘုရားရှင်၏ ခြေတော်ကို ဦးတိုက်၍ ...

''မြတ်စွာဘုရား၊ တပည့်တော်သည် အာယုသင်္ခါ ကုန်ခဲ့ပါပြီ။ တပည့်တော်သည် ပရိနိဗ္ဗာန်စံပါတော့မည် ဘုရား'' ဟု လျှောက်ထားရာ မြတ်စွာဘုရားရှင်သည် ...

''ချစ်သား ပရိနိဗ္ဗာန်မစံနှင့်ဦး'' ဟု

www.burmeseclassic.com

မိန့်တော်မူပါက "တေဘူမကာဝင့်တရား၌ ပျော်ပိုက်နေဦး"ဟု မိန့်တော်မူရာကျပေမည်။

"ချစ်သား ... ပရိနိဗ္ဗာန်စံလေတော့"ဟု မိန့်တော်မူပါက သေဖို့ရန် ဆောက်တည်ပေရာကျချေပြည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် အစွန်းနှစ်ပါးလွတ်အောင် ...

"ချစ်သား ... အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံမည်နည်း"ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ တပည့်တော်သည် ဆဒ္ဒန်အိုင်မှာပင် ပရိနိဗ္ဗာန်ဝင်စံပါမည်ဘုရား"ဟု လျှောက်ထားရာ မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် ခွင့်ပြုတော်မူခဲ့သည်။ ထိုအခါ အရှင်ကောဏ္ဍညမထေရ်က ...

"မြတ်စွာဘုရား၊ ရှေးအခါ ဒုက္ကရစရိယာကျင့်တော်မူစဉ် အရှင်ဘုရားအား ပြုစုလုပ်ကျွေးရန် ပထမဖူးမြော်ခြင်း ရှိပါ၏။ တစ်နည်း မိဂဒါဝုန်တော၌ ဖူးမြော်ရခြင်းသည် ရှိပါ၏။ ထိုသို့ ဖူးမြော်ရခြင်းမှာ ရှေးဦးစွာ ဖူးမြော်ရခြင်းဖြစ်ပါတယ်။ ယခု ဖူးမြော်ရခြင်းမှာ နောက်ဆုံးဖူးမြော်ခြင်းဖြစ်ပါသည်ဘုရား"

ထိုသို့လျှောက်ထားရာ လူအပေါင်းငိုကြွေးစဉ်ပင် မြတ်စွာဘုရားရှင်ကို ရှိခိုးပြီး ရှေ့တော်မှ ထွက်ခဲ့သည်။ တံခါးမုခ်ဦးသို့ရောက်လျှင် ရပ်တန့်တော်မူပြီး လူအပေါင်းတို့အား ...

"မငိုးရိမ်ကြလင့်။ မငိုကြွေးကြလင့်။ မြတ်စွာဘုရားပင်ဖြစ်ဖြစ်၊ သာဝကများပင်ဖြစ်ဖြစ် ဖြစ်တိုင်းသော သင်္ခါရတို့သည် မပျက်စီးသည် မရှိကုန်"ဟု ဆုံးမတော်မူပြီး ကောင်းကင်သို့ ပျံတက်ကာ 'မဏ္ဍာကိနီ'ရေကန်နား၌ ဆင်းသက်၏။ ထို့နောက် ထိုရေကန်တွင် ရေချိုးပြီးနောက် သင်္ကန်းတို့ကို ကောင်းစွာဝတ်ရုံတော်မူ၏။ အရှင်ကောဏ္ဍညမထေရ်သည် ကျောင်းသင်္ခမ်းသို့ပြန်လာပြီး အိပ်ရာနေရာတို့ကို သိုမှီးသိမ်းဆည်းပြီးလျှင် ဖလသမာပတ်ဖြင့် ညဉ့်သုံးယံတို့ကို ကုန်လွန်စေပြီးနောက် မိုးသောက်လင်းခါနီးအချိန်၌ အနုပါဒိသေသပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေ၏။ အရှင်မြတ်ကြီး ပရိနိဗ္ဗာန်စံတော်မူသည်နှင့် တစ်ပြိုင်နက် ဟိမဝန္တာတောကြီးအတွင်းရှိ သစ်ပင်အလုံးစုံတို့သည် အပွင့်အသီးတို့ဖြင့် ထက်အောက်မကျန် ပွင့်ကြ၊ သီးကြ၊ ကိုင်းညွတ်ကြကုန်၏။

ထိုစဉ် မထေရ်မြတ်အား ပြုစုလုပ်ကျွေးရန် အလုည့်ကျသော ဆင်သည် အရှင်မြတ် ပရိနိဗ္ဗာန်စံတော်မူသည်ကို မသိဘဲ စောစီးစွာပင် မျက်နှာသစ်ရေ ဒန်ပူများကို တည်ထား၍ ဘုဉ်းပေးရန် သစ်သီးတို့ကို ယူဆောင်လာပြီး စောင့်နေ၏။ မထေရ်မြတ်ကြီးသည် နေထွက်သည့်တိုင် ထွက်မလာသဖြင့် ကျောင်းသင်္ခမ်းတံခါးကို အနည်းငယ်လှပ်၍ နှာမောင်းဖြင့် မထေရ်မြတ်ကြီး၏ ထွက်လေဝင်လေရှိမရှိ စုံစမ်းရာ မရှိမ...သည်ကို သိသောအခါ ...

"မထေရ်မြတ်သည် ပရိနိဗ္ဗာန်စံတော်မူလေပြီ"ဟု ကျယ်လောင်သောအသံဖြင့် ဟစ်အော်သော် ဟိမဝန္တာ တစ်တောလုံး ပဲ့တင်ထပ်သွားလေ၏။

ဆင်ဒပါင်းရှစ်ထောင်သည် စည်းဝေးကြပြီး မထေရ်မြတ်ကြီး၏ ဥတုဇ ရုပ်ကလာပ်ကို အကြီးဆုံးဆင်၏ ဦးကင်း၌ ထိုင်စေပြီး ကောင်းစွာပွင့်သော သစ်ခက်တို့ကို ကိုယ်စီစွဲကိုင်ကာ အလောင်းတင်ထားသည့် ဆင်မင်းကို ဝန်းရံပြီး ဟိမဝန္တာတစ်တောလုံး အဖန်ဖန်လှည့်လည်ပူဇော်ပြီး ဆဒ္ဒန်အိုင်သို့ သယ်ဆောင်လာကြ၏။ ထိုအခါ သိကြားမင်းက ဝိသကြုံနတ်သားကိုခေါ်၍ "အမောင် ဝိသကြုံ၊ အရှင်ကောဏ္ဍည ပရိနိဗ္ဗာန်စံတော်မူပြီ၊ ပူဇော်သက္ကာပြုရန် ကိုးယူဇနာရှိသော ရတနာခုနစ်ပါးဖြင့် ပြီးသည့် စုလစ်မွန်းချွန်အထွတ်တင်သည့် ပြာသာဒ်တလားကို ဖန်ဆင်းလော့"ဟု စေခိုင်းလိုက်သည်။ ဝိသကြုံနတ်သားလည်း ပြာသာဒ်တလားဖန်ဆင်းပြီး မထေရ်မြတ်၏ ဥတုဇရုပ်ကို ပြာသာဒ်တလား၌ထည့်ပြီး ဆင်တို့လက်သို့ အပ်လေသည်။

ထို့နောက် နတ်၊ ဗြဟ္မာများ လာရောက်ပူဇော်သက္ကာပြုပြီးနောက် စန္ဒကူးနံ့သာပုံထက်သို့ တင်ခဲ့ကြသည်။ ထိုညဉ့်၌ပင် တေဇောဓာတ်လောင်ကျွမ်းကာ မုလေးပန်းငုံအဆင်းရှိသည့် ဖြူဖွေးသော ဓာတ်တော်များ ကျလာ၏။ ထိုဓာတ်တော်ကို ရေစစ်အပြည့်ထည့်ပြီးနောက် ရဟန်းတို့သည် ယူဆောင်လာပြီး မြတ်စွာဘုရားလက်သို့ အပ်နှင်းလေသည်။ မြတ်စွာဘုရားသည် ဓာတ်တော်ထည့်ထားသော ရေစစ်ကို လက်တော်ဖြင့်ကိုင်၍ သံဝေဂတရားများ ဟောကြားပြီးလျှင် မဟာပထဝီမြေကြီး၌ လက်တော်ကိုဆန့်တန်းရာ မဟာပထဝီမြေကြီးကို ဖောက်ပြီး ငွေရေပွက်ကြီးသဏ္ဌာန် စေတီတော်ကြီး ပေါ်ထွက်လာသည်။ မြတ်စွာဘုရားသည် ထိုစေတီတော်၌ အရှင်ကောဏ္ဍည၏ ဓာတ်တော်များကို သိုမှီးမြှုပ်နှံ၌ာပနာတော်မူလေသည်။ ယနေ့တိုင်အောင် ထိုစေတီကား အထင်အရှား ရှိနေသေးသည်ဟု ဆိုပါသည်။

အရှင်ကောဏ္ဍညမထေရ်မြတ်ကြီး၏ ပရိနိဗ္ဗာန်ဝင်စံတော်မူခန်းမှာ ထူးခြားအံ့မခန်းဖွယ် ကောင်းလှတကား။

**ဒိုဒိုမြေ**

ကျမ်းကိုး

မဟာဗုဒ္ဓဝင်ဆဋ္ဌမတွဲ
(ပဉ္စမပိုင်း)



www.burmeseclassic.com

www.burmeseclassic.com



မူရင်းရွှေးဟောင်းနဂါးရုံစေတီပုံ



အတွင်းလိုဏ်ဂူတော်ရှိဘုရားပုံတော်

# ငါးဆူရှိပ်သာ

# သတ္တဌာနဘုရား

# (သို့မဟုတ်)

# ငါးဆူကျောင်း

— ရန်နိုင် —

ယခင်က နဂါးရုံစေတီငါးဆူရှိသည်ဟုသိရသည်။ အဆိုပါ စေတီငါးဆူကို အစွဲပြု၍ "ငါးဆူကျောင်း" "ငါးဆူရိပ်သာ" ဟု ခေါ်တွင်သည်။ နဂါးရုံဘုရားလေးဆူကို ငုံအုပ်လျက် ၁၃၃၂ ခုနှစ် "သတ္တဌာနဘုရားကြီး" တည်သည်။ နဂါးရုံစေတီတစ်ဆူကို ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်ထားသည်။

(ဓာတ်ပုံ အမှတ် (၁)နှင့် (၂)ကို ညွှန်းသည်။)

ရန်ကုန် ကမ္ဘာအေးဘုရားပုံစံမြို့ အတွင်းလိုဏ်ဂူကို ဖွဲ့စည်းထားသည့် အထပ်နှစ်ထပ်ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အထက်သို့ တက်ရန်အတွက် အတွင်းဘက်တွင် နံရံကိုကပ်လျက် လှေကားတပ်ဆင်ထားသည်။

အပေါ်ထပ်တွင် ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူကုန်သော (သံ ဂုံ ပ မ ယျ) ဘုရားငါးဆူရုပ်ပွားတော်များ။ အောက်ထပ်၌ သတ္တဌာနခုနစ်မျိုးကို စနစ်တကျအကွက် ချစီမံထားသည့် အနေအထား။ ဤသည်ကို အစွဲပြုလျက် "သတ္တဌာနဘုရား" ဟုလည်း ခေါ်တွင်ထင်ရှားသည်။ သတ္တဌာန ဆိုသည်မှာ -

"ပလ္လင်္က သတ္တာဟ"

ပလ္လင်တွင် ထိုင်လျက် ကိလေသာ ကုန်ခန်းရာဌာန၊

"အနိမိသ သတ္တာဟ"

ခုနစ်ရက်တိုင် မမိတ်မသုံ ကြည့်ရှုရာဌာန၊

"ရတနာစင်္ကမ သတ္တာဟ"

သဗ္ဗညုတဉာဏ်ကို သိတော် မူရာဌာန၊

"ရတနာဃရ သတ္တာဟ"

အဘိဓမ္မာ တရားကို သုံးသပ်ရာ ဌာန၊

"အဇပါလ သတ္တာဟ"

ညောင်ပင်ရင်း၌ ဝိမုတ္တိသုခကို ခံစားရာဌာန၊

"မုစလိန္ဒ သတ္တာဟ"

ကျည်းပင်ရင်း၌ ဝိမုတ္တိသုခကို ခံစားရာဌာန၊

"ရာဇယတန သတ္တာဟ"

လင်းလွန်းပင်ရင်း၌ ဝိမုတ္တိသုခကို ခံစားရာဌာန တို့ဖြစ်သည်။

တည်နေရာက ကုန်းမြင့်ကျကျ။ သာစည်မြို့သို့အဝင် မီးရထားလမ်းဘက်မြင်ကွင်းသည် အလွန်ထင်ရှား သပ္ပါယ် လှသည်။ "လှျပ်စစ်ဘုရား" ဟု အမည်တွင်လောက်အောင် ဘုရားစေတီနှင့် ကုန်းတော်တစ်ခုလုံး ဆီမီးရောင်ဝါတို့ဖြင့် ထိန်ထိန်ညီးညီး။

ဘုရားကြီးနှင့် ပတ်သက်သမျှ အတိုင်းအတာများ အနက်-

ဉာဏ်တော်အမြင့် - ၁၀၆ တောင် တစ်ထွာ သုံးလက်မပေ
- အားဖြင့် (၁၆၀ ပေ တိတိမြင့် သည်)
ဖိနပ်တော်အချင်း - ၉၅ ပေ တိတိ
ဖိနပ်တော်အဝန်း - ၂၇၅ ပေ တိတိ
အကျယ်အဝန်း - ၄၂ ကော
အဆောက်အအုံ - ၁၀၀ ကျော်သည်။
အုတ်တံတိုင်းအမြင့် - ခြောက်ပေ

ဘုရားကြီးကို ၁၃၃၂ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အုတ် မြစ်ချသည်။ "အောင်စည်ခေါ်ခိုက် အုတ်မြစ်စိုက်" ဟု လင်္ကာဖွဲ့သည်။ ၁၃၃၆ ခုနှစ် ဘုရားကြီး တည်ထားပြီးစီး သည့်နှစ်။ "အောင်စည်ခေါ်ပတိန်းပြီးသည့်ကိန်း" ဟု အမှတ် အသားပြုသည်။ ၁၃၃၇ ခုနှစ်ဘုရားအနေကဇာတင်သည်ဟု မှတ်တမ်းများတွင် တွေ့ရသည်။

ဘုရားတည်လုပ်အားရှင်များမှာ တရားစခန်းယောဂီများ ကိုယ်တိုင် ဖြစ်ကြသည်။ ထာဝရ၊ သို့မဟုတ် အမြဲနေယောဂီ များသည် ဘုရားကြီးတည်ရာတွင် လုပ်အားဒါန လှူဒါန်းကြ၏။ ယနေ့ ထက်တိုင် အမြဲတမ်းယောဂီများသည် နေ့ဘက်တွင် ဘုရားကြီး ဗုဒ္ဓဝေယျာဝစ္စအတွက်ဆောင်ရွက်ကြပြီး ညပိုင်း မှသာ တရားအား ထုတ်လေ့ရှိကြသည်က တရားစခန်း၏ ထူးထူးခြားခြားအစဉ်အလာ။ အချိန်ပိုင်းယောဂီများကမူ နေ့ရောညပါ တရားကိုသာ အားထုတ်ကြရသည်။

ဘုရားတည်လုပ်အားရှင်များအနက် အမျိုးသမီးယောဂီ စွမ်း အားအချိုးက ၇၅ %။ အမျိုးသားယောဂီစွမ်းအားအချိုးက ၂၅% ဟု မှတ်တမ်းတင်ထားသည်။ လက်သမား၊ ပန်းရန် အလုပ်များနှင့် ပတ်သက်သည့် အကြမ်းလုပ်ငန်းများကို ယောဂီများက လုပ်အား ပေးကြသည်။ အနုစိတ်လုပ်ငန်းကိုမူ လက်သမားပညာရှင်နှင့် ပန်းရန်ဆရာ တာဝန်ယူ တာဝန်ပေး သည်ဟုသိရသည်။ ယနေ့ထက်တိုင် ငါးဆူကျောင်းကို တာဝန်ယူနေသော ဆရာတော် ဦးပဏ္ဍိဝ လက်ထက်တွင် အုံ့မခန်း အောင်မြင် တိုးတက်သည်ဟု သာစည်သားတို့ ဂုဏ်ယူမဆုံး။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ငါးဆူကျောင်းဆရာတော် အရှင် ပဏ္ဍိဝသည် သာစည်သားဖြစ်သည်။ သာစည်မြို့နယ်၊ ကန်ရှည်ရွာ ခမည်းတော် ဦးရွှေ၊ မယ်တော် ဒေါ်ကြည်တို့၏ ဒုတိယသား ဖြစ်သည်။ ၁၂၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့တွင် ဖွားမြင်သည်။ ယနေ့ကာလ ဆရာတော်၏ အသက်မှာ ၈၈ နှစ် တင်းတင်းပြည့်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် မေတ္တာဝါဒီသက်သက်၊ ဆရာတော်၏ မျက်နှာတော်ကို ဖူးမြော်ရသည်မှာ ရင်ဝယ်အေးချမ်းစေသည်။ အရာရာအပေါ် နားလည်ခွင့်လွှတ်နိုင်သော ဆရာတော်။ ထို့ကြောင့်လည်း သာစည်တစ်နယ်လုံးက ဝိုင်း၍ကြည်ညိုလေးစား ချစ်ခင်ကြသည့်ဆရာတော်။

ဆရာတော်သည် ဒိဋ္ဌ ဓမ္မတရားအဖွဲ့ကို ၁၃၁၁ ခုနှစ်၊ ပြာသိုလဆုတ် ၁၂ ရက်နေ့တွင် စတင်ဖွဲ့စည်းသည်။ တရားစခန်း၏ ကမ္မဋ္ဌာန်းနည်းမှာ လယ်တီဆရာတော်ဘုရားကြီး၏နည်းနှင့် ဆရာသက်ကြီး၏နည်း။ စည်းကမ်းကြီးသည်။ အလုပ်ကို အလုပ်နှင့်တူအောင် ထိန်းသိမ်းပေးသည်။ ယနေ့အထိ ယောဂီပေါင်းများစွာကို လေ့ကျင့်ပေးခဲ့ပြီးဖြစ် သည်။

အမြဲတမ်းယောဂီ ၂၀၀ ခန့် လက်ခံထားသည်။ ထာဝရ ယောဂီနှင့် ကာလယောဂီအားလုံးကို ဆရာတော်နှင့် ဒိဋ္ဌဓမ္မတရား အဖွဲ့တို့က တာဝန်ယူကျွေးမွေးသည်။ ငွေပေးရန်မလို။ နေနိုင်သမျှ ကျွေးမွေးသည်။ တရားပေးသည်။

ငါးဆူကျောင်း၏ ထူးခြားချက်တစ်ခုမှာ "စပေါင်းရှင်ပြုပွဲ"။ မိမိ၏သားရတနာကို ရှင်ပြုပေးလိုသူမိဘများ စိတ်အားငယ်စရာ မလို။ တတ်နိုင်သမျှ ငွေကြေးပမာဏကို ထည့်ဝင်ကြ နည်းသည် များသည် မစဉ်းစား မတွေးတောနှင့်၊ ငွေကြေး မထည့်နိုင်လျှင်လည်း ပြဿနာမရှိ၊ ကိုယ်တတ်နိုင်သမျှ လုပ်အားကိုပေး၊ ကျန်ရှိသည့် လိုအပ်သမျှကို ဆရာတော်က ဖြည့်ဆည်းသည်။ သာမဏေဘောင်သို့ အရောက်ပို့ဆောင်ပေးသည်။ သာစည်နယ် တစ်ခုတည်းအတွက် မရည်ရွယ်၊ အနယ်နယ်အရပ်ရပ်မှ မည်သည့်မြန်မာလူမျိုးမဆို ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။

* * *

ငါးဆူရိပ်သာဘုရားပရိဝုဏ်တွင် စိတ်ဝင်စားစရာ တစ်ခုက "မောင်လွှမ်းစေတီ"။ ဘုရားဘွဲ့အမည်တော်က ဆန်းဆန်းကြယ်ကြယ်၊ နောက်ခံသမိုင်းကြောင်းကလည်း ဝမ်းနည်းကြေကွဲဖွယ်၊ ဒုတိယကမ္ဘာစစ်မတိုင်မီက သာစည်မြို့တွင် "လွှမ်းမပြေမောင်မောင်" ဆေးလိပ်ခုံ ရှိခဲ့ဖူးသည်။ မြန်မာပြည်အနယ်နယ် အရပ်ရပ်တွင် ဒေသတစ်ခုခုမှ



မောင်လွှမ်းစေတီ

ထွက်ရှိသော ဆေးလိပ်ကို ထိုဇာတိ ဒေသသားတို့ သုံးစွဲလေ့ မရှိကြသည့်ထုံးစံ၊ အခြားအရပ်ဒေသ တစ်ခုခုတွင်သာ တွင်ကျယ်နေကျအစဉ်အလာ။ သို့သော် ထူးခြားသည်က သာစည်ဆေးလိပ် "လွှမ်းမပြေမောင်မောင်" ကို သာစည်သားတို့သာ အားပေးကြပုံက စွဲစွဲမြဲမြဲ။


ကိုမောင်မောင်နှင့် နမဖြစ်သူ မဖြူ အလွန်ချစ်ခင်ကြသည်။ နမ မဖြူက ၁၃၀၁ ခုနှစ်တွင် အနိစ္စရောက်သည်။ ကွယ်လွန်သူနမအား အောက်မေ့လွမ်းဆွတ်သဖြင့် "မောင်လွှမ်းစေတီ" ကိုတည်သည်။ သည်ဇာတ်လမ်းကလေးနှင့် လွှမ်းစေတီအကြောင်းကို သာစည်သားတိုင်းသိသည်။ ငါးဆူကျောင်းသို့ ရောက်တိုင်း အမှတ်တရ ဝင်ရောက်ဖူးမြော်လေ့ရှိကြသည်။ ဆရာ တော်မာဃ (သာစည်)က ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလထုတ် တိုင်းရင်းမေဂျာနယ်တွင် "မောင်ကြီးမျက်ရည် လွှမ်းစေတီ" အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ရေးသားခဲ့ဖူးသည်။(ဓာတ်ပုံ (၃/၄))

* * *



www.burmeseclassic.com

www.burmeseclassic.com



မောင်လွှမ်းစေတီ

“ရတနာ သမ္ဘဝမုနိ” စေတီတော်ကလည်း ထူးထူးခြားခြား။ သမိုင်းဖြစ်စဉ်ကလည်း စိတ်ဝင်စားစရာ၊ ယုံကြည်မှု အစွဲအလမ်းကြောင့် ငါးခုကျောင်းတော်သို့ ကြွရောက်တော်မူလာသည့် ဘုရားရုပ်ပွားတော်၊ ပုံပန်းသဏ္ဌာန်တော်က ဆန်းကြယ်သည်။ “ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီး” ၏ ထိုင်တော်မူပုံတော်တွင် ခြေထောက်တော်နှစ်ဖက်လုံးကို အောက်သို့စုံချထားသည်။ “ရတနာသမ္ဘဝမုနိ ရုပ်ပွားတော်”က ညာဘက်ခြေတစ်ချောင်းတည်းကိုသာ အောက်သို့ချထားသည်။ မျက်နှာတော်က ခပ်ပြုံးပြုံး။ ညာဘက်လက်သည် (အောက်သို့ချထားသော) ညာဘက်ခြေ၏ ဒူးပေါ်သို့ တင်ထားသည်။ ဘယ်ဘက်ခြေက တင်ပျဉ်ခွေပုံသဏ္ဌာန်။

(ရှားပါးဓာတ်ပုံတစ်ခုမှ ထပ်မံရိုက်ယူလာသောဓာတ်ပုံတော် အမှတ် (၅) ]



ရတနာသမ္ဘဝမုနိရုပ်ပွားေ...

သမိုင်းက မိတ္ထီလာမြို့မှ စတင်သည်။ ဟိန္ဒူလူမျိုး ကုလားကြီးထံမှ ကြွေးရရန်ရှိသူက ထိုဆင်းတုတော်ကို သိမ်းယူလာသည်။ ထိုသူသည် ကြွေးသိမ်းဆင်းတုတော်ကိုသာစည် အိမ်တွင်ထားရှိစဉ် မကြာလေး၌ ယာဉ်မတော်တဆမှု ဖြစ်ပွားသည်။ ဘုရားကြောင့်ဖြစ်ရသည်ဟု အလွဲယုံမှတ်လျက် ဓမ္မလင်္ကာရ လျှပ်စစ်ကျောင်းသို့ အပ်နှံသည်။ ထိုကျောင်းတိုက်ဆရာတော်သည်လည်း ယာဉ်မတော်တဆမှု ထပ်မံဖြစ်ပွားသည်။ ထို့နောက် ရုပ်ပွားတော်သည် ငါးခုကျောင်းဆရာတော်ထံသို့ ကြွမြန်းလာတော့သည်။

ထိခိုက်သောဘုရားအဖြစ် လူများက ကိုးကွယ်ရန် စိုးတွန့်၍ ဆရာတော်ကမူ ဝမ်းမြောက်ဝမ်းသာ။ ထိုရုပ်ပွားတော် မကြွလာမီကတည်းက ဆရာတော်က သတ္တဌာနဘုရားကြီး၏ အပေါ်ထပ်တွင် သရီးကိုင်တည်ထားသော ဘုရားတစ်ဆူက ရှိနှင့်သည်။ ကြွလာသောဘုရားနှင့် ကြိုတင်ထုတ်လုပ်ထားသော ဆင်းတုတော်က တစ်ပုံစံတည်း။ နှိုင်းယှဉ်ရှုလေလာနိုင်ရန် ဓာတ်ပုံမှတ်တမ်း တင်ပြအပ်ပါသည်။

[ဆရာတော်၏ ကြိုတင်တည်ထားသော ဆင်းတုဓာတ်ပုံတော် အမှတ် (၆)]

အဆိုပါရုပ်ပွားတော်တွင် “ရတနာသမ္ဘဝမုနိ” ဟု ဘွဲ့အမည် စာတမ်းကလေး ပါလာသည်။ “လောကုတ္တရာ ရတနာများ အစုအဝေးဘုရား” ဟု အဓိပ္ပါယ် သက်ရောက်သည်။ လူများကမူ “လောကီရတနာအစုအဖွဲ့” ဟု အနက်တစ်မျိုးကောက်ယူကြသည်။ ရုပ်ပွားတော်ကလေး၏



ရတနာသမ္ဘဝမုနိရုပ်ပွားတော်

www.burmeseclassic.com

www.burmeseclassic.com

နောက်ကျောဘက်တွင် အံဝှက်တံခါးကလေး ပါလာသည်ဟု ကိုယ်တိုင်ဖူးမြော်ဖူးသူ အရှင်တေဇနိယ (ငါးဆူကျောင်း)က ပြောပြသည်။ ဆရာတော်က ခွင့်မပြုသဖြင့် အဆိုပါတံခါးကလေးကို ဖွင့်မကြည့်ခဲ့ရဟု မိန့်သည်။

ရုပ်ပွားတော်ကို "ဝရမုဒြာ (VARA MUDRA)၊ သို့မဟုတ် ဝရဒမုဒြာ (VARADA MUDRA)" ဟုပညာရှိများက ဖွင့်ဆိုကြသည်။ ကိုးကွယ်ပူဇော်သူသည်

ကောင်းချီးမင်္ဂလာ ဆုလာဘ်များရရှိခြင်း၊ ဆုတောင်းပြည့်ခြင်း၊ ဆန္ဒအတိုင်း ကိစ္စပြီးမြောက်ခြင်း၊ လိုအင်ဆန္ဒ တစ်လုံးတစ်ဝ တည်းပြည့်စုံခြင်း၊ သားဆုကိုရရှိခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာ၌ ထိရောက်ခြင်း၊ ဓာတ်စီးခြင်း၊ ဌာနန္တရတိုးတက်ခြင်း၊ စည်းစိမ်တိုးပွားခြင်း၊ ကုန်ရောင်းကုန်ဝယ် မြတ်စွန်းခြင်း၊ စစ်ချီတက်ရာ၌ အောင်မြင်ခြင်း၊ လက်ဆောင်ပဏ္ဏာ အခွန်အတုတ်များရရှိခြင်း၊ ခြွေရံသင်းပင်း ပေါများခြင်း၊ အကျိုးထူးများကို ရရှိနိုင်သည်ဟု အန္တရာယာနကျမ်းဂန်များ၌ ဖွင့်ဆိုထားပါသည်။ [ မြူရေးသားသူ စစ်ထွန်းမှတ်ဝင်း၊ မဟာဝိဇ္ဇာ (ရန်ကုန်)၊ မဟာဝိဇ္ဇာ ဂုဏ်ထူး (ဟားဘဒ်)၊ အထက်တန်း သုတေသနပညာရှင်ဘွဲ့ (ဟားဘဒ်)၊ ညွှန်ကြားရေးမှူး-သုတေသန နှင့် ကျမ်းပြုဌာနခွဲ ]

"ရတနာသမ္ဘဝမုနိ" သည် ဆရာတော်၏ထံတွင် ကြာမြင့်စွာ သိုတင်းမသုံးခဲ့၊ ဝိသမလောဘသမားများက နိုင်ငံတော်ယဉ်ကျေးမှု များကို သစ္စာမဲ့စွာ ခိုးယူခဲ့ကြသည်။ ဆရာတော်က မည်သူ့ကိုမျှ အပြစ်မတင်၊ "ရတနာသမ္ဘဝမုနိရုပ်ပွားတော်" တစ်ဆူကို ထပ်မံပြုလုပ်ပြီး တည်ထားပေးတော်မူသည်။ ယနေ့ထက်တိုင်ဖူးတွေ့နိုင်ပါသည်။

[ ဓာတ်ပုံတော် အမှတ် (၇)





ထို့ပြင် ဆရာတော်၏စိတ်ကူးဖြင့် သရိုးကိုင်ထားသော ရုပ်တုတော်အသစ်အဆန်းများကိုလည်း သတိပြုမိသည်။ ဓာတ်ပုံညွှန်း (၆)ကဲ့သို့ ဓာတ်ပုံညွှန်း (၇/၉)တို့ဖြစ်သည်။ ဓာတ်ပုံညွှန်း (၆)နှင့် အလားသဏ္ဍာန်တူ "ရတနာသမ္ဘဝမုနိ" ကြွလာတော်မူသကဲ့သို့ ဓာတ်ပုံညွှန်း (၇/၉)တို့နှင့် အလား သဏ္ဍာန်တူ ရုပ်ပွားတော်များ ထပ်မံကြွချီလာဦးမည်သို့ပါ အလွန့်အလွန် ထူးခြားဆန်းကြယ်လာဦးမည်မှာ မြေ လက်ခတ်မလွဲ။




* * *



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏အတွေးများကပဲ ထူးခြားနေသည်လား။ ဆရာ တော်၏ အမြင်ကပဲ ဆန်းပြားနေသည်လား။ သို့သော်ခက်နေ သည်က ဆရာတော်ကိုယ်တော်တိုင် ဘုရားသမိုင်းစာအုပ်ကလေး တစ်အုပ် ပြုစုရန် ကြိုးပမ်းနေသူ တပည့်များအား "ဘုန်းကြီး အကြောင်းတွေ ထည့်မရေးပါနဲ့" ဟု တားမြစ်သည်။ နာမည် ကျော်ကြားလိုစိတ် မရှိသည်က ဆရာတော်၏ သိုသိပ်လိုသော ဆန္ဒ။ သို့သော် အများပြည်သူတို့အဖို့ ကြည်ညိုလျှင်လည်း အပြစ်မဖြစ်တန်ရာ။

ပင်းတယကုံလုံဆရာတော်ဘုရားကြီး မပျံလွန်မီက မိန့်ဆို စကားတစ်ခွန်းက အထူးအဆန်း။ ကုံလုံဆရာတော်နှင့် ငါးဆူ ကျောင်းဆရာတော်တို့သည် မမြင်ဖူး မတွေ့ဖူး မသိကျွမ်းဖူးခဲ့။ သို့သော် -

"ဒကာကြီးတို့က မလှိုင်ကလား‥၊ အဝေးကြီးပဲ‥ ဘုန်းကြီးကို အဝေးကြီး လာဖူးမယ့်အစား သာစည်ငါးဆူကျောင်း ဆရာတော်ဦးပဏ္ဍဝကို ဖူးရင် ငါ့ကို ဖူးတာနဲ့ အတူတူပါပဲ‥" ဟု မိန့်ခဲ့ဖူးသည်မှာ မှတ်မှတ်ရရ။

အထက်တွင်ဖော်ပြခဲ့သော "ရတနာသဗ္ဗညုမုနိရှင်ဘုရားတော်" ရောက်ရှိနေစဉ်က မည်သူမည်ဝါမှန်း မသိရသော အလှူရှင်တစ်ဦးက ကြာပန်းတစ်ပွင့် ကပ်လှူလာသည်။ ထို ကြာပန်းတွင်အမြစ်မပါ။ သို့သော် ကြာပန်းသုံးပွင့် ထပ်မံထွက်လာသည်။ ဆရာတော်က ဓာတ်ပုံရိုက်ကူးစေသည်။ ပြုပြင်ထားသည်ဟု ထင်မည်စိုးရိမ်သဖြင့် ပထမကြာပန်းမှ ပွင့်ဖတ်များကို ဆရာတော်ကိုယ်တိုင် ဖဲ့ခြွေပြစဉ် ဓာတ်ပုံရိုက်စေသည်။ ဒုတိယပုံမှာ ကြာပွင့်သုံးပွင့်ပုံ။ ဘုရားဖူးများအား ဝေငှခဲ့သည်ကို မှတ်မိသည်။ သို့သော် မှတ်တမ်း တင်နိုင်ရန် ဓာတ်ပုံများကို ရှာမရတော့၊ မည်သူ့တွင်မျှ မရှိကြတော့။

ယခုအခါ ဆရာတော်၏သက်တော် ကိုးဆယ်အနားသို့ ကပ်နေပြီ။ ကျိုးပြီးသောသွားများပင် ပြန်ပေါက်နေကြသည်။ တစ်ခါက မြေပွေးတစ်ကောင်ကို လူအများကသတ်ရန် ကြိုးစားနေစဉ် ဆရာတော်ကဝင်တားသည်။ ဆရာတော် ကိုယ်တော်တိုင် အဆိပ်ပြင်းသောမြွေအား အန္တရာယ်ကင်းရာသို့ တုတ်ကလေး တစ်ချောင်းဖြင့် လမ်းပြပို့ဆောင်ပေးဖူးသည်။ မြွေက လုံးဝ ရန်မမူ။

မြင်းခြံရထားလမ်းဖောက်လုပ်ရန် တိုင်းတာကြသည့် အချိန်က အင်ဂျင်နီယာသုံးမှန်ပြောင်းဖြင့် ကြည့်ရာတွင် ဘုရားကြီးမြောက်ဘက် ရေကန်ထဲ၌ နဂါးရုပ်ကို အထင်အရှား တွေ့မြင်ကြရသည်ဟုဆိုသည်။ လမ်းမဖောက်ရဲကြသဖြင့် ကျည်တိုင်ကုန်းဘက်သို့ ရွှေ့ပြောင်းရှောင်လွှဲ ဖောက်လုပ်ခဲ့ရကြောင်း အဆိုရှိသည်။ နဂါးရုံစေတီနှင့် ဆက်စပ်ပတ်သက်သည်ဟု ယူဆကြသည်။

ယခင်က ငါးဆူကျောင်းတွင် ကျောင်းထိုင်သည့် ဆရာတော် မမြဲ။ အချို့က လူထွက်သည်။ အချို့က ပျံလွန်သည်။ အချို့က ရှုးသွပ်သည်။ ထိုအချိန်တွင် သိမ်တောင်က ကြွလာသည့် ဆရာတော်တစ်ပါး။ ဘွဲ့အမည်က ဦးနန္ဒ။ ထိုစဉ်က သာသည်တွင် "ဦးနန္ဒ" ဘွဲ့အမည်ဖြင့် ဆရာတော်နှစ်ပါး ရှိသည်။ မြင်းကွက်ဆရာတော် "ဦးနန္ဒ"ကို စိတ်တို ဒေါသကြီးသဖြင့် ရပ်ရွာက"ဦးနန္ဒဒေါ"ဟုခေါ်ကြသည်။ ငါးဆူကျောင်းတိုက် ဆရာတော်က ကိုယ်ခန္ဓာက ပိန်သဖြင့် "ဦးနန္ဒ" ဟု မခေါ်။ "ဦးနံ့ပိန်" ဟုခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ငါးဆူကျောင်းတိုက် ပထမဆရာတော်က "ဦးနန္ဒ"၊ ဒုတိယ ဆရာတော်က "ဦးဇဝန"၊ ယနေ့ထက်တိုင် တတိယဆရာတော် က "ဦးပဏ္ဍဝ"။

| မှတ်ပုံတော် အမှတ် (ဂ/၉) |

* * *

ဆရာတော်၏ အပြုံးကြားမှ စကားများကို လေ့လာနိုင်ရန် စုစည်းတင်ပြလိုပါသည်။

"နိဗ္ဗာန်ဆိုတာ ဆုတောင်းလို့ရတာ မဟုတ်ဘူး··၊ ဆုတောင်းလို့ရရင် ရေလေးတစ်ခွက်၊ ပန်းလေးတစ်ခက်နဲ့ ဆုတောင်းမှာပေါ့ဗျ··၊ နိဗ္ဗာန်ဆိုတာ ကျင့်ကြံမှ ရတာ··"

"အားထုတ်ကြပါ·· ကြိုးစားကြပါ··၊ "သာဓုတန်း"ထဲ မရောက်စေနဲ့··၊ "သာဓုတန်း" ဆိုတာသိလား··၊ ကိုယ်ကတော့ ဘာမှ မလုပ်ဘဲနဲ့ သူများတွေ အားထုတကြိုးစားကြလို့ တရားရသွား၊ သိသွားကြတော့ သူတို့ဟောပြောတဲ့အခါ လိုက်တရား နာပြီး "သာဓု-သာဓု" နဲ့လိုက်ဆိုကြတဲ့သူတွေကို ပြောတာ··၊ "သာဓုတန်း" မှာ မနေကြနဲ့ အားထုတ်ကြ ကြိုးစားကြရအောင်·· လုပ်ကြ"

"အချို့က ပြောသေးတယ်··၊ ငါ မရှိ ဖြစ်ပါ့မလားတဲ့၊ သူ့ရှေ့က လူတွေ သေသွားကြတာ သူမမြင်ဘူးထင်တယ်··" "သုခကရေကြည်··၊ ဒုက္ခကရေနောက်··၊ ရေကြည် မှာ ဖြစ်ဖြစ်··ရေနောက်မှာဖြစ်ဖြစ် ရေနစ်မှာတော့အတူတူ ပါပဲ··၊ နစ်ကြမှာချည်းပဲ··ကွ"

"လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကပေါ့··၊ လူတစ်ယောက် တရားလာထိုင်တယ်··၊ တရားစစ်တော့ တပည့်တော်ညဘက် အမှောင်ထဲ ဓာတ်မီး မလိုဘူးဘုရား··၊ ဘယ်သွားသွား အလင်းရောင်တွေ တွေ့နေရပါတယ်··လို့ဖြေတယ်··၊ တရားလွန်သွားတာပဲ··၊ တကယ်ဆို အဲ့ဒီအချိန်က ဝိပဿနာကူပေးရမှာ··၊ ဘုန်းကြီးအပြစ်ပေါ့ဗျာ··"

"ဒိတ်ဒိတ်တွေ ရွှရွှမွှမွှတွေ ကိုက်ကိုက်ခဲခဲ ပူပူအေးအေး တွေမြင်မှ တရားမြင်တာ··၊ အဲ့ဒါတွေ မမြင်ရင် တရားမမြင် သေးဘူးဗျ··"

အလွန်နားလည်လွယ်သော လမ်းညွှန်စကားများဖြစ်သည်။ ဆရာတော်၏ အပြုံးက ရင်ထဲသို့တိုင် စိမ့်ဝင်သည်။ ဆရာတော်၏ဆုံးမဩဝါဒကထာများက နားကြောမှတစ်ဆင့် နှလုံးသားသို့တိုင် စွဲမြဲစေသည်။

* * *

လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကာလက ငါးဆူဘုရားပွဲတော်

၁၃၃၅ ခုနှစ်မှစ၍ နှစ်စဉ် တပို့တွဲလဆန်း ၁ မှ ၁၀ ရက်နေ့အထိ ဘုရားပွဲတော်ကို နှစ်စဉ် ကျင်းပသည်။ ရက်ရှည် ဘုရားပွဲမို့ ခြိမ့်ခြိမ့်သဲသဲ စည်စည်ကားကား ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲမျိုးစုံသည်။ ပွဲတော်မတိုင်မီကတည်းက ဆိုင်ခန်းနေရာအတွက် အကွင်းရိုက်ကြသည်။ ဂေါပကအဖွဲ့က အတွေ့အကြုံရှိကြပြီးမို့ စနစ်ကျသည်။

ဆိုင်ခန်းနေရာကောင်း ရရှိနိုင်ရေးအတွက် အနယ်နယ် အရပ်ရပ်မှ ပွဲတော်လှည့်ဈေးသည်များ လကြိုတင်၍ လျှောက်ထားကြသည်။ စာရေးပေးသွင်းကြသည်။ သေချာအောင် ငွေကြေး စရန်သတ်ကြသည်။ သည်ပွဲကို အားခဲကြသည်။ အချို့များ ယခင်နှစ်ကတည်းက လျှောက်လွှာတင်ခဲ့ကြသည်ဟု သိရသည်။

သည်ပွဲတွင် နာမည်ကြီးသည်မှာ နွားပွဲ။ နွားများရောင်းချသည့်နွားပွဲမျိုး မဟုတ်၊ အရပ်ရပ်မှ နွားအလုပြိုင်ပွဲ စနစ်တကျ အေးအေးဆေးဆေး။ နောက်နွားပြိုင်ပွဲတစ်မျိုးက ကွင်းထဲတွင် အပြေးအလွှား ကြည့်သူများသည်။ တစ်ကွင်းလုံး အားပေးသံများဖြင့် ဆူညံညံ၊ လူမသိ သူမသိ လောင်းကြေးကလေးများကလည်း လျှို့လျှို့ဝှက်ဝှက် သိုသိုသိပ်သိပ် စိတ်ဝင်စားစရာ။ တစ်နယ်လုံး သိထားပြီးသားမို့ အထူးတလည် အသိပေးဖိတ်ကြားစရာ မလို၊ အချိန်တန်လျှင် နွားဆရာတို့ ရောလာကြစမြဲ။

မြန်မာ့လက်ဝှေ့ပွဲတွင်လည်း နယ်အနှံ့ အတန်းအရှယ် စုံသည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်၊ မန္တလေးမြို့များသာမက တစ်ဖက်ကမ်းမှလည်း လာသည်။ အနိုင် မခံ အရှုံးမပေး၊ တစ်ကြိမ်တစ်ခါ အရှုံးကြေးကို ဆပ်ဖို့ ပြင်ဆင် လာသည်။ စိန်ခေါ်ပွဲများလည်း ရှိရဲတောက်ကြားပွဲများကလည်း မလိမ်တမ်း မညာတမ်း မညှာတမ်း အမှန်တကယ် ရက်ရက် စက်စက် ထိုးသတ်ကြသည်။ သတ္တိနည်းသူ မကြည့်ကြေး။



www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးပွဲ၊ ဘောလီဘောပွဲများကလည်း အားကျမခံ။ သာစည်နယ်ခံအသင်းများက ပြိုင်ဖက်ကိုစောင့်သည်။ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ မြစ်သားနယ်များက စာရင်းပေး လာသည်။ တပ်အသင်းအဖွဲ့များလည်း ပါဝင်သည်။ တိုက်နယ်လေးခုက အနည်းဆုံးလေးသင်း။ အုပ်စုပွဲစဉ်များက ဘုရားပွဲတော်ရက်များအလိုက် အံဝင်ခွင်ကျ။ ထိုက်ထိုက်တန်တန်ဆုချမည့်သူ၊ အားပေးမည့် အဖွဲ့အစည်းကလည်း အဆင်သင့်။

သာစည်တစ်နယ်လုံး တောရွာမြို့ပါမကျန် ပါဝင်ကြသည့်ပွဲတော်။ သာစည်မြို့ခံတို့ နေအိမ်တိုင်း ဧည့်သည်များဖြင့် ပြည့်နေတတ်သည့် ဆယ်ရက်တာကာလ။ ငါးဆူဘုရားပွဲရောက်လျှင် ဆွေမျိုးမိတ်သင်္ဂဟများ တွေ့ကြုံဆုံဆည်းရန် ချိန်းဆို ဖိတ်ခေါ်တတ်ကြသည့် အစဉ်အလာ။ တစ်မြို့လုံး ပျော်ပါးမြူးတူးနေကြသည်မှာ လှုပ်လှုပ်ရွားရွား။

သည်ပွဲတော်တွင် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ရွာပြန်လျှင် ပြစရာကြွားစရာများ ပါသွားစေရမည်။

ဤသို့သော ဓာတ်ပုံဆိုင်ကြီးများက ဈေးဆိုင်ခန်းတစ်တန်း သီးသီးသန့်သန့်။ စားသောက်တန်းတွင် အညာစာ၊ ရှမ်းစာ၊ ရန်ကုန်စာ၊ မန္တလေးစာ၊ အစုံအလင်။ ထမင်းဆိုင်၊ အသုပ်ဆိုင်များလည်း ရောင်းကောင်းသည်။ တရုတ်အကြော်အလျော်ဆိုင်များက တစ်တန်း။ သည်ပွဲတော်တွင် ရောင်းမကောင်းသည့်ဆိုင်မရှိ။ ကြေးထည်ပစ္စည်းလည်း ရောင်းကောင်းသည်။ သံထည်ပစ္စည်းလည်း အဝယ်များသည်။ သနပ်ခါးတုံးဆိုင်၊ ဖျာဆိုင်၊ ငါးပိငါးခြောက်ဆိုင်၊ ယိုမျိုးစုံဆိုင်များတွင် ပွဲတော်လည်းပြီး ပစ္စည်းလည်းကုန်။

လက်ဖက်ရည်ဆိုင်များကပင် အနည်းဆုံးဆယ်ဆိုင်ခန့်။ ပဲပလာတာ၊ သကြားပလာတာ၊ အီကြာကွေး၊ စမူဆာ၊ ပဲဟင်းနံပြားဆိတ်ခြေထောက်စွပ်ပြုတ်ဖွယ်ဖွယ်ရာရာစုံလင်လှသည်။ လက်ဖက်ခြောက်ကောင်းကောင်း၊အဖျော်ကောင်းကောင်း၊ အရသာရှိရှိလက်ဖက်ရည်က လျှာတွင် တစိမ့်စိမ့်စွဲသည်။

အကြော်ဖိုများက အမျိုးတူရာ တစ်စုတစ်စည်း။ ကြွပ်ကြွပ် ရွရွအကြော်စုံများက စားချင့်စဖွယ်။ပေါက်ချောင်းဘူးသီးကြော် (အတွဲလိုက်)လည်းရသည်။ ရန်ကုန် ဘူးသီး (အချောင်းလိုက်) ကြော် လည်းမှာနိုင်သည်။ ဆလတ်ရွက်၊ အချဉ်ရေတို့က စုံစုံလင်လင်။ ရေနွေးကြမ်းဖြင့် မြည်းမည်လား။ အခါးရည်ဖြင့် မြည်းမည်လား။လွန်ခဲ့သော ဆယ်စုနှစ်သုံးစုခန့်မှ အတွေ့အကြုံများကို ပြန်လည်အောက်မေ့သည်။

ယနေ့အခါ တွင်ကျယ်လာသည်က ကန်ထရိုက်စနစ်။ သူ့ အစီအစဉ်နှင့် သူ၊ သူ့ လုံခြုံရေး သူတာဝန်ယူ၊ သူ့ ဝင်ငွေ နှင့် သူ့ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် တာဝန်ငြိမ်းသည်။ သူတို့က ဘုရားပွဲတော်အတွက် အလှူငွေထည့်ဝင်သည်။ ဘုရားပွဲတော် ဂေါပကအဖွဲ့ ရှုံးမည်လား၊ မစိုးရိမ်ရ၊ အလှူငွေအတွက်လည်း တွေးပူရန်မလို၊ ပွဲတော်စည်ကားဖို့က စိတ်သာချ၊ တာဝန်ယူမည့်သူက ကန်ထရိုက်စီးပွားရေးသမားများ။

ငါးဆူဘုရားပွဲတော်တွင် ယနေ့တိုင်မပါဝင်ဖူးသေးသည်မှာ "မြန်မာ့ရိုးရာခြင်းခတ်ပညာ"။ မနှစ်ကတည်းက ကြိုးစားနေကြသည်။ ယခုနှစ်တွင်မှ အထမြောက်လိမ့်မည်ထင်သည်။ "မန္တလေး ဝါဆိုခြင်းခတ်ပွဲ" ကို နှစ်စဉ်ကျင်းပနိုင်သကဲ့သို့ သာစည်သားတို့လည်း အညွှန့်ခံကြလိမ့်မည်မထင်။ သည်ခြင်းပွဲတစ်ခုကိုမှု မြန်မာဆန်ဆန်ကျင်းပရန် မျှော်လင့်သည်။ သင်လည်း တစ်ခါတစ်ခေါက် လာရောက်စေလိုသည်။ ငါးဆူဘုရားပွဲ နွှဲပျော်ရင်းထူးခြားဆန်းပြား တန်ခိုးကြီးဘုရားများကို ဖူးမြော်ကြပါစို့။ သို့တည်းမဟုတ် ဘုရားကို ဦးစွာဖူးမြော်ရင်း မြန်မာ့ရိုးရာ နွားအလှပြိုင်ပွဲကိုလည်း အားပါးတရ ကြည့်ရှုနိုင်ကြပါကြောင်း သတင်းပေးဖိတ်ခေါ်အပ်ပါသည်။

**ရန်နိုင်**

ကျမ်းကိုးစာရင်း -

(၁) သာစည်မြို့ တိပိဋကရေ အောင်မြင်ခြင်းမှတ်တမ်း [ဆရာတော် မာဂဓီ (သာစည်)]

(၂) သာစည်ရာပြည့်မဂ္ဂဇင်းပါ ငါးဆူကျောင်းဆရာတော် အရှင် ပဏ္ဍာဝဆောင်းပါး [ ကျော်လွင် ]

(၃) ဆွေးနွေးချက်များ [ ဦးတေဇနိယ (ငါးဆူကျောင်း) ]

(၄) ငါးဆူလက်ဆောင်စာအုပ် (ဦးဥတ္တရ (ပျော်ဘွယ်) ]

(၅) ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့သော ဘုရားပွဲတော်ပုံရိပ်များ [ (၁၉၇၀) ခုနှစ်ဝန်းကျင်ကာလ]



www.burmeseclassic.com

www.burmeseclassic.com

# ထပ်ဆင့်လက်ဆောင်

■ မောင်ပုတ်စည်

ဆံတော်ရှင်ကျိုက်ထီးရိုးနှင့် ပတ်သက်၍ကား အထူးပြောဖွယ်မရှိပါ။ အံ့သြဖွယ် ဆန်းကြယ်မှု၊ ထူးခြားမှု၊ တန်ခိုးတော်မြတ်ကြီးမားမှုတို့ဟာ မြန်မာနိုင်ငံသာမက ကမ္ဘာ့ကပင် စိတ်ဝင်စားပြီး ဖူးမြော်လေ့လာနေကြပါတယ်။

မွန်ဘာသာနဲ့ ကျိုက်က္လသိရိုး၊ ကျိုက်=ဘုရား၊ က္လသိ–ရသေ့၊ ရိုး=ရွက်သည်ဆိုတဲ့အတိုင်း ရသေ့ဦးခေါင်းဖြင့်ရွက်ထားတဲ့ ဘုရားလို့ အဓိပ္ပာယ်ရပါတယ်။

တကယ်လည်း ရသေ့ဦးခေါင်းပုံရှိတဲ့ ကျောက်တုံးကြီးပေါ်မှာ ရှိတာပါ။ တောင်စောင်းမှာ ကျောက်တုံးဟာ လုံးဝမထိဘဲ လွတ်နေတာကို ဖူးမြော်နိုင်ပါတယ်။

ဒါကြောင့်လည်း ထူးခြားဆန်းကြယ် အံ့သြဖွယ် ဖြစ်ကြရတာပါ။ ဟိုတုန်းကတော့ ကြက်မတစ်ဝပ်စာ လွတ်နေတယ်လို့တောင် အဆိုရှိခဲ့ပါတယ်။ အဲဒီနောက် ကျိုက်ထီးရိုးဘုရား ကြိုးတစ်ပြားလို့ ဆိုလာပြန်ပါတယ်။

ဒီကနေ့တိုင်လည်း တောင်စောင်းနဲ့ ကျောက်တုံး မထိဘဲလွတ်နေဆဲပါပဲ။ ဒါကြောင့်လည်း မြန်မာနိုင်ငံအရပ်ရပ်က ဗုဒ္ဓဘာသာဝင်များဟာ တဖွဲဖွဲလာရောက်ဖူးမြော် လှူဒါန်းနေကြပါတယ်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များလည်း တအံ့တသြဖြစ်ကာ ကြည်ညိုဖူးမြော်လျက် ရှိနေကြပါတယ်။

တရုတ်လူမျိုးတို့ရဲ့ ယုံကြည်မှုကို ကြားဖူးပါတယ်။ တရုတ်လူမျိုးများဟာ ကျိုက်ထီးရိုးဘုရားကို သုံးခေါက်တက်ပြီးရင်၊ ဖူးပြီးရင် သောင်ကြဲဖြစ်တယ်၊ သူဌေးဖြစ်တယ်၊ ချမ်းသာတယ်လို့ အဆိုရှိတယ်ဆိုတဲ့အကြောင်း ကြားဖူးပါတယ်။

ဒါနဲ့ပတ်သက်လို့ တိုက်ဆိုင်မှု ထူးခြားဖြစ်စဉ်ကလေးတစ်ခု ပြောဦးမယ်။ ညွန့်ကြားရေးမှူးကတော့် သူငယ်ချင်းအမျိုးသမီးတစ်ယောက်ရှိတယ်။ ဖနီးမောင်နဲ့အရမ်းချစ်တယ်၊ ဖနီးရဲ့အမျိုးတစ်ယောက် နာမကျန်းဖြစ်တော့ အထူးကုဆေးခန်းကြီးတစ်ခုကို တင်ရလို့ ငွေကြေးတော်တော်ကုန်ကျတယ်။ ခင်ပွန်းသိပြီး ကူညီတာလည်းရှိသလို၊ မသိအောင်လည်း ကူညီတယ်။ ကူညီရင်းနဲ့ ဆယ်သိန်းလောက် ကြွေးတင်တော့ ဗျာများနေတယ်၊ စိတ်မချမ်းမသာ မှုပျက်နေတဲ့ ဖနီးကို မေးပြန်တော့လည်း ဘာမှမပြောဘူး။ လူနာကတော့ သိန်းချီအကုန်ခံ ကုသနိုင်လို့ ပျောက်ကင်းသွားပါရဲ့။ သူ့မှာတော့ ကြွေးတင်ကျန်ခဲ့တာပေါ့နော်။

ဒီတော့ . . . သူကလည်း တရုတ်ကပြားဖြစ်တဲ့အတွက် ကြားဖူးထားတဲ့အတိုင်း အဓိဋ္ဌာန်ပြုပြီး ကျိုက်ထီးရိုးဘုရားကို သုံးခေါက်တက်မယ်၊ ဖူးမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ သုံးခေါက်တောင်မပြည့်လိုက်ပါဘူး။ နှစ်ခေါက်မှာပဲ သိန်းတစ်ရာထီပေါက်ပြီး ပြေလည်သွားတယ်။ သူ့ခင်ပွန်းကိုလည်း ဒီတော့မှ အမှန်အတိုင်းဖွင့်ပြောတယ်။ သူ့ခင်ပွန်းကလည်း စိတ်မကောင်းဖြစ်တာပေါ့။ စောစောကပြောလည်း အပြစ်မပြောပါဘူး။ ဝိုင်းကူဖြေရှင်းပေးမှာပဲ။ အရမ်းချစ်တာကိုး။ ခုတော့ သူ့ဖနီး မဖြေရှင်းနိုင်ခင် စိတ်ပူပန်သောကဖြစ်တာကို စိတ်မကောင်းဖြစ်ပြီး [illegible] ကြောင့်တစ်ယောက်တည်း ကြိတ်ခံ[illegible] လို့ ကရုဏာဒေါသောနဲ့ တရရပြော[illegible] ဘူး။ ဘာပဲဖြစ်ဖြစ် အမြတ်တစ်ခုက[illegible] ထွက်တယ်။ ဖနီးမောင်နဲ့ ပိုအ[illegible] အနက်ထားပြီး နှစ်စဉ် ကျိုက်ထီးရိုးတ[illegible] လှူဒါန်းပူဇော်ပြီး ကုသိုလ်တွေ တ[illegible] ရနေတာပဲ။ တွေ့တဲ့မိတ်ဆွေတိုင်း[illegible] လည်း သူတို့လိုလုပ်ကြည့်ပါဆိုတာ [illegible] တိုက်တွန်းတယ်။

တစ်လောက . . . တူမလေး[illegible] ယောက် ကျိုက်ထီးရိုးဘုရားဖူးသွားတ[illegible] အပြန်မှာ တောင်ဆိတ်ဆိတ်စ်ပုလင်[illegible] ဘုရားပုံတော်ပေးတယ်။

အတော်ဖြစ်သွားတာပဲဗျာ။ [illegible] သာလိုက်တာ။ ပုံတော်မှာ ကျိုက်ထီး[illegible] ဘုရားကို ရှိခိုးတဲ့ ဘုရားရှိခိုးဂါထာ[illegible] ပါလာတယ်။ ဟန်ကျသွားတာပေါ့ . . . [illegible] အထက်မှာဖော်ပြခဲ့သလို အဓိဋ္ဌာန်ဝင်[illegible] တဲ့သူတွေအတွက် ပိုပြီးကွက်တိခွင်[illegible] အဆင်ပြေတာပေါ့။ ကျိုက်ထီးရိုးဘုရား[illegible] အဓိဋ္ဌာန်ဝင်တက်ရောက်ဖူးမြော်ကြ[illegible] အခါ ဘုရားကိုလည်း ထိထိမိမိရှိခိုး[illegible] အောင် ဖော်ပြလိုက်ပါတယ်။ ဓမ္မလ[illegible] ဆောင် ထပ်ဆင့်ဝေငှလိုက်ပါတယ်။

**ကျိုက်ထီးရိုးဘုရားရှိခိုး**

အမ္ဗုတံ၊ သီဟတုလျှဥ်စ
သဗ္ဗလောကာ၊ သိရောနုတံ
သုပါကဋ္ဌံ၊ အစိန္တေယျ
ဝန္ဒေထူပံ၊ အနုတ္တရံ။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ်ကူးအထူးထုတ်

# သင်္ကြန်အတာ မင်္ဂလာ

■ နန္ဒာမိုးကြယ်

မြန်မာတို့ရဲ့ နှစ်သစ်အခါကာလဆိုတာဟာ တန်ခူးလပဲပေါ့။

တန်ခူးလဆိုတာဟာ နှစ်သစ်အစ ရာသီဖြစ်တာမို့ ရေမြေတောတောင်တစ်ဝှမ်းလုံးမှာ ရွက်ကျင်ရွက်ဟောင်းတွေဆိုတာ လေရူးတစ်ချက်မွှေ့လေတိုင်း မြေပြင်ထက်ဆီကို တဖြုတ်ဖြုတ်နဲ့ ကြွေကျနေတာကလား။

အဲသည်အခါမှာတော့ ရိုးညှာတံကိုင်းဖျားတွေအပေါ်ကို ရွက်ကြေ်နုလန် ရွက်သစ်ပြန်ရင်း သန္တာကျေးဥ ကိုက်ညွန့်ပုရစ်ကလေးတွေက ဖြာဖြာဝေလာကြပါပြီ။ မြဖူးမြရွက်ကလေးတွေ စိမ်းစိုသာမောလာကြပါပြီ။

လေညင်းလေးတွေ တသုန်သုန်နဲ့အတူ ပန်းဝတ်မှုန်ကလေးတွေကလည်း တထုံထုံသင်းလို့။ အဲသည်ကာလမှာ အဖော်ပျောက်ငှက်ကလေးဖြစ်တဲ့ ဥသြငှက်ကလေးကလည်း ပင်ယံထက်ဖျားဆီ နားခိုရင်း နှုတ်တယောနွဲ့နေရှာပြီပေါ့။ သည်ကာလမှာပင် မြန်မာတစ်မျိုးသားလုံး အမျှော်လင့်ကြီး မျှော်လင့်နေခဲ့ရတဲ့ သင်္ကြန်အတာမင်္ဂလာပွဲဟာလည်း ရောက်လာခဲ့ပါပြီ။

သင်္ကြန်ဆိုတဲ့ အဓိပ္ပာယ်ဟာ ကူးပြောင်းခြင်း၊ ပြောင်းလဲခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်ရပါတယ်။ ရှေးမြန်မာဘုရင်တွေ လက်ထက်တုန်းကဆိုရင် သင်္ကြန်အခါသမယကို ရောက်ပြီဆိုမှဖြင့် အေးဘယာတွေ ဝေးကွာစေရေးအတွက် ရေသီတာသွန်းလောင်းတဲ့ ရေသဘင်ပွဲတော်ကြီးကို ဆင်နွှဲကြပါတော့တယ်။

သင်္ကြန်မှာ (၁၂)ပါးရှိပါသတဲ့။ အဲ သည် ၁၂ ပါးအနက် မိန်ရာသီ တပေါင်းလကနေ မိဿရာသီ တန်ခူးလကို တနင်္ဂနွေဂြိုဟ်ကူးပြောင်းတဲ့ သင်္ကြန်ဆိုတာဟာ တခြားသင်္ကြန်တွေနဲ့ မတူပါဘူး။ တစ်နှစ်တာကုန်ဆုံးတဲ့ နှစ်ချုပ်သင်္ကြန်ကြီး ဖြစ်တာမို့ အဲသည် တန်ခူးလမှာကျတဲ့ သင်္ကြန်ကို 'မဟာ'တပ်ပြီး 'မဟာသင်္ကြန်'ရယ်လို့ ခေါ်ဝေါ်ကြပါသတဲ့။

မဟာသင်္ကြန်ကာလ နှစ်ကူးချိန်ရောက်ပြီဆိုတာနဲ့ မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်းတို့ဟာ မေတ္တာစိတ်ကိုအရင်းခံလို့ တစ်ဦးနဲ့တစ်ဦး ရေစင်တွေ သွန်းလောင်းလေ့ရှိကြပါတယ်၊ သည်လိုမျိုး ရေစင်သွန်းလောင်းကြတာဟာ ဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့တယ်ဆိုတာ သာသနာ့ဝင်ကျမ်းတွေမှာ ပါရှိခဲ့သလို၊ ပုဂံခေတ်မှာဆိုရင် နရသီဟပတေ့မင်းဟာ သင်္ကြန်ကာလရောက်တဲ့အခါ နန်းတော်ကနေ မြစ်ဆိပ်အထိတိုင်အောင် တဲတန်းကြီးတွေကို ဆောက်လုပ်စေပါတယ်။ လူမမြင်သာအောင် အကာအရံတွေ၊ အမိုးတွေလုပ်ပြီး နန်းတော်ကနေ မောင်းမမိဿံ၊ ခြွေရံသင်းပင်းတို့နဲ့တကွ တဲတန်းဥမင်ထဲ ကြွမြန်းခဲ့တာဟာ ရေဆိပ်ထိတိုင်အောင်ပါပဲ။ ရေဆိပ်ရောက်တဲ့အခါမှာ ရေဖျန်းသဘင် ဆင်ယင်ပြီး ရေကစားကြတဲ့အကြောင်း မဟာရာဇဝင်ကျမ်းတွေမှာ ဖော်ပြထားပါတယ်။

မြန်မာမင်းတွေလက်ထက်မှာ တစ်လတစ်ကြိမ် ခေါင်းဆေးမင်္ဂလာပြုတာကို သင်္ကြန်ခေါ်တယ်ဆိုပြီး တစ်နှစ်တစ်ကြိမ် တန်ခူးလရောက်တယ်ဆိုရင် ခေါင်းလည်းဆေး၊ ရေလည်းပက်

www.burmeseclassic.com

ဖျန်းနဲ့ အဲသည်လို ပြုမူရေကစားတာကို 'မဟာဝိသုဝသင်္ကြန်' လို့ ခေါ်တွင်ပြန်ပါသတဲ့။

အဲသည်အခါမျိုးမှာ ဘယ်လိုမျိုး ဆင်ယင်ကျင်းပသလဲ ဆိုရင်တော့ သင်္ကြန်စောင့်များထားခြင်း၊ အမြောက်သံပေးခြင်း၊ ညောင်ရေသွန်းခြင်း အစီအရင်နဲ့ ရေခပ်သွားခြင်း၊ ရေခပ်ပြန်ခြင်း၊ ရေသွန်းသွားအစဉ်၊ အမှုထမ်းတို့အား အတာကြေးပေးဝေစား သောက်စေခြင်း၊ ဆွမ်းလုပ်ကျွေးခြင်း၊ နှစ်သစ်လက်ဆောင်တော် ဆက်အစဉ်၊ အခင်းအကျင်းအစီအစဉ်များ၊ ထွက်တော်မူခြင်း၊ အလှူတော်စာဖတ်ခြင်း၊ လက်ဆောင်တော်စာများဖတ်ခြင်း၊ မေးတော်မူခြင်း၊ ဝင်တော်မူခြင်း၊ အတာပွဲကျွေးခြင်းနဲ့ ဆုတော်များပေးခြင်းဆိုပြီး ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက် ကျင်းပတော်မူခဲ့ကြပါသတဲ့။

ခေတ်အဆက်ဆက်မှာ ပေါ်ထွက်ခဲ့ကြတဲ့ စာဆိုတွေဆိုရင်လည်း တန်ခူးလရောက်ပြီဆိုမှဖြင့် စာမဖွဲ့ဘဲမနေနိုင်ကြပါဘူး။ သင်္ကြန်အခါသမယမှာ ကောင်းချီးမင်္ဂလာယူကြပုံတွေ၊ တောတောင်ရေမြေ သဘာဝအလှအပတွေကို ရှုထောင့်အမျိုးမျိုးက နေ ကဗျာ၊ လင်္ကာတွေ ဖွဲ့ဆိုခဲ့ကြပါတယ်။ ထို့အတူပဲ ရှေးပညာရှင်တွေကလည်း သင်္ကြန်အခါမှာ ရှောင်ကြဉ်သင့်တဲ့ ကိစ္စတွေကို ဖော်ပြဆုံးမခဲ့ပါတယ်။ အဲဒါတွေကတော့ –

(၁) ငိုကြွေးခြင်း၊ ပူဆွေးခြင်း
(၂) မေထုန်သံဝါသမှုပြုခြင်း
(၃) အသားဟင်းလျာစားသောက်ခြင်း
(၄) သောက်စားမူးယစ်ခြင်း
(၅) အမျက်ဒေါသထွက်ခြင်း၊ သတ်ပုတ်ခြင်း
(၆) သွေးထွက်သံယိုဖြစ်အောင် ကျူးလွန်ခြင်း၊ သွေးဖောက်ထုတ်ခြင်း
(၇) ဆီလိမ်းကျံခြင်း၊ ဆေးလိမ်းကျံခြင်း
(၈) သစ်ပင်ဖြတ်ခြင်း၊ ထင်းခုတ်ခွဲခြင်း
(၉) ကုန်များဝယ်ယူခြင်း၊ သိုလှောင်ခြင်း
(၁၀) ကုန်ရောင်းကုန်ဝယ်ပြုခြင်း၊ ဆိုင်ထွက်ခြင်း

စတာတွေကို ရှောင်ကြဉ်ရမယ့်အကြောင်း ဆုံးမခဲ့ပါတယ်။ အဲဒါတွေကို ရှောင်ခြင်းဖြင့် ကျက်သရေမင်္ဂလာတိုးပွားလာမှာ ဖြစ်ကြောင်းကိုလည်း ညွှန်ပြခဲ့ကြပါတယ်၊ တကယ်တော့ 'ရှေးထုံးကိုလည်း မပယ်နဲ့' လို့ ဆိုတဲ့အတိုင်း ပညာရှိလူကြီးသူမတွေရဲ့ ဆိုဆုံးမမှုတွေဟာ လောကီ,လောကုတ္တရာကောင်းကျိုးအတွက်တွေချည်းပါပဲ။

နှစ်ဟောင်းကုန်ဆုံးလို့ နှစ်သစ်ကူးစ အခါသမယမှာ မင်္ဂလာရှိတဲ့ ကောင်းသောပြုလုပ်မှု၊ ကောင်းသောပြောဆိုမှု၊ ကောင်းသော စိတ်ထားတွေ ရှိနေကြမယ်ဆိုရင် လူ့ဘ[...] ပတ်ဝန်းကျင်တစ်ခုလုံးဟာ သာယာဝပြောတိုးတက်နေမှာ အ[...] ပါပဲ၊ အတာရေနဲ့ ဆေးကြောတယ်ဆိုတာကလည်း နှစ်ဟောင်[...] က ပြုမူပြောဆိုခဲ့တာတွေ၊ စိတ်ဓာတ်အညစ်အကြေးတွေ[...] လျှော်ဖွပ်သန့်စင်ပစ်တဲ့သဘောပါပဲ။

ကာလတစ်နှစ် ကူးပြောင်းလာပြီဆိုရင် အသက်[...] တစ်နှစ်ကြီးလာခဲ့ပါပြီ။ သည်အခါမှာ ကျန်ရစ်ခဲ့တဲ့ နှစ်ဟော[...] တုန်းက မိမိတို့ ပြုမူခဲ့တာတွေအပေါ် ပြန်လည်ဆင်ခြင်သုံး[...] တတ်မယ်ဆိုရင် အကျိုးဖြစ်ထွန်းမှာ အသေအချာပါ။

တကယ်တော့ မဟာသင်္ကြန်ကာလအတွင်းမှာ တစ်ဦး[...] တစ်ဦး ရေဖျန်းကစားကြတာဟာ အဓိကမဟုတ်ပါဘူး။ ရေရဲ့[...] အထိမ်းအမှတ်အဖြစ် အေးမြခြင်း၊ သန့်စင်ကြည်လင်ခြင်[...] စည်းလုံးညီညွတ်ခြင်းအတွေအပေါ် အစွဲပြုတဲ့သဘောပါ။

သင်္ကြန်အခါကာလရောက်ရင် မြန်မာနိုင်ငံသားတွေ[...] မိမိတို့ယုံကြည်ကိုးကွယ်ရာ သာသနိကအဆောက်အအုံ[...] ရှိရာသွားလို့ အမွှေးနံ့သာတွေနဲ့ ရေသပ္ပာယ်ခြင်း၊ နှစ်သစ်ကူ[...] တစ်နှစ်တစ်ဝါ အသက်တာကြီးပြင်းလာတဲ့ အထိမ်းအမှတ်အ[...] လူငယ်လူရွယ်များအနေနဲ့ သက်ကြီးမိဘဘိုးဘွားတွေကို[...] သန့်စင်ခေါင်းလျှော်ပေးခြင်း၊ ပူဇော်ကန်တော့ခြင်း၊ ခြေသည်[...] လက်သည်းညှပ်ပေးခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်[...] ခြင်း၊ ဓရေလှူခြင်း၊ သားငါးတို့ကို ဘေးမဲ့လွှတ်ခြင်း၊ အလှူ[...] ပြုခြင်း၊ အန္တရာယ်ကင်းပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်[...] ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ,မေတ္တာဘာဝနာများ ဆောက်တည်[...] များခြင်း၊ ဆရာတော်,သံဃာတော်များရဲ့ တရားဓမ္မတို့ကို[...] ကြားခြင်းဖြင့် လူ့ဘဝမှာ အနေတတ်,အနေမြတ်[...]င် ကျ[...] ဆောင်ဖို့လိုပါတယ်။

ပုထုဇဉ်တို့ဘဝ အပျော်ဓာတ်ခံရှိလို့ ပျော်ကြတာ အပြ[...] လို့မဆိုသာပေမဲ့ အပျော်လွန်ကြူးတာမျိုးတွေ၊ သရုပ်ပျက်ဝတ်[...] စားဆင့်ယင်ပြီး မူးရူးပေါ့ရမ်းကြတာတွေ၊ တစ်ဦးနဲ့တစ်ဦး[...] ချင်အောင်စပြီး ရန်ပွဲဖြစ်ပွားကြတာတွေ၊ မြန်မာ့ရိုးရာယဉ်ကျေ[...] ကို အိုးမဲ့သုတ်သလိုဖြစ်စေမယ့် အပြုအမူတွေကို ရှောင်ကြဉ်[...] သင်္ကြန်အတာမင်္ဂလာအခါကာလ မင်္ဂလာသမယမှာ မင်္ဂလာ[...] စွာ ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်။

နန္ဒာမိုးကြ[...]

www.burmeseclassic.com



# မြန်မာ့ရိုးရာ သင်္ကြန်ခါ

■ ဆင်ဖြူကျွန်းအောင်သိန်း

**မြန်မာမင်းများလက်ထက်တော်**

ရှေးမြန်မာမင်းများ လက်ထက်တော်တွင် သင်္ကြန်ကျပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်မကြီး ဒုတိယတွဲ စာမျက်နှာ ၃၉၀ တွင် ဤသို့ ဖော်ပြထားပေ၏။

''နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တစ်ဆယ့်နှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကို ရှေးအစဉ် ထုံးစံရှိသည့်အတိုင်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

''သက္ကရာဇ် ၁၁၉၉ တန်ခူးလပြည့် ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ သင်္ကြန်ကျသည်။ ငင်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ အတာနှစ်သစ် သက္ကရာဇ် ၁၂၁၀ သို့ တက်သည်။

''သင်္ကြန်ပြောင်းအချိန်တွင် ရွှေမြို့တော်လေးရပ် ကံခါးများက အမြောက်သံ ပေးမြဲပေးရသည်။ သုံးရက်အတွင်းလည်း ရတနာသုံးပါး သမ္မာဒေဝနတ်မှစ၍ ရှေးအစဉ် လှူဒါန်းပသမြဲ အဖွယ်အရာစသည်တို့ကိုလည်း စီရင်ခင်းကျင်း ပူဇော်လှူဒါန်းစေ၏။ အခါသုံးရက်အတွင်းလည်း ရွှေပြည်တော်မြို့တွင်းမြို့ပြင် ပြည်သူပြည်သားတို့ ခိုက်ရန်စစ် မဖြစ်စေရ၊ အမွှေးအထုံ နံ့သာရည် ဆေးရည်တို့ဖြင့် ဖျန်းပက်ကစားကြရ၏။''



www.burmeseclassic.com

www.burmeseclassic.com

အတိအကျအားဖြင့် ထီးကျိုးစည်ပေါက်ဖြစ်ရန် ၄၇ နှစ်လိုသေးသော ထိုအချိန်အခါက အမရပူရသင်္ကြန်သည် ယဉ်ကျေးသိမ်မွေ့လိမ့်မည်ဟု ခန့်မှန်းရ၏။ 'အမွေးအထုံ နံ့သာရည် စသည်ဖြင့်' ဆိုသောစကားကို အထောက်အထားပြု၍ ဆိုရခြင်းဖြစ်ပါသည်။ သင်္ကြန်ရက်အတွင်းကိုလည်း 'အခါသုံးရက်အတွင်းလည်း' ဆိုသော အသုံးအနှုန်းကို ထောက်၍ 'အခါတွင်း' ဟု ထိုအခါကပင် ခေါ်ကြောင်း အထောက်အထားရပါသည်။

## ယဉ်ကျေးသောမြန်မာ

မြန်မာနိုင်ငံသည် ကမ္ဘာကိုလှည့်ပြီး တားပြတိုက်နေသော နယ်ချဲ့သမား၏ လက်အောက်သို့ ကျရောက်သွားငြား မြန်မာ့ယဉ်ကျေးမှု ရုတ်တရက် မပျက်စီးသေးပါ။ ဂါရဝတရား ရှေ့ထားသောလူမျိုး၊ ဟိရိဩတ္တပ္ပတရား လက်ကိုင်ထားသော လူမျိုးအဖြစ် ထင်ရှားနေပါသည်။

သင်္ကြန်ပွဲတော်ကို ကြီးမှူးကျင်းပသည့် ပြည့်ရှင်မင်းမရှိငြား ယဉ်ကျေးစွာ ရေကစားခဲ့ကြပါသည်။ ရေပက်ခံမထွက်ပါ။ အခါတွင်းကာလ၌ ဘုရားကျောင်းကန်သို့ထွက်ပြီး သီတင်းသီလ စောင့်သုံးကြပါသည်။ ထိုမှတစ်ပါး မိန်းမပျိုများသည် မိသားဖသားပီပီ နေထိုင်ကြပါသည်။ ရေပက်ခံ မထွက်ပါ။

ထိုသို့ အိမ်ပေါ်တွင်သာ နေထိုင်သော 'အိမ်ကြီးရှင်သမီးချော' များသည် အိမ်တွင်းမပုန်းငြား လမ်းသို့ထွက်မလာပါ။ အစ်ကိုကာလသားများကလည်း ထိုကဲ့သို့သောသူမျိုးကိုမှ ရေပက်လိုသည်။ သို့ကြောင့် သနပ်ခါးရည်၊ အကျော်၊ စမှားကရမက်စသော ရိုးရာပစ္စည်းဖြင့် မွှေးကြိုင်အောင်လုပ်ထားသော ရေမွှေးသားများဖြင့် ရောက်လာကြသည်။

"ဆရာကြီးရဲ့သမီးတွေကို ရေလောင်းပါရစေခင်ဗျာ"

ကာလသားများသည် သမီးရှင်မိဘများထံသို့ဖြစ်စေ၊ ဖခင်ထံသို့ဖြစ်စေ လာရောက်ရှိခိုးပြီး ခွင့်တောင်းကြသည်။

"အေးကွယ် ... အေးကွယ်၊ စားကြပါဦး"

မြန်မာလူမျိုးတို့သည် အလှူရေစက် လက်နှင့်မကွာသော လူမျိုးဖြစ်သည်။ ထို့ကြောင့် အခါကြီးရက်ကြီးတွင် ဆွမ်းလောင်းရန်၊ ဥပုသ်စောင့်ရန်၊ အိမ်နီးချင်းများဖို့ပေးဝေရန် မုန့်လုပ်ကြသည်။ မုန့်ဖက်ထုပ်၊ မုန့်ကတိုးဝါ၊ မုန့်စလင်းထောင့်၊ မုန့်ဝက်သခေါက်၊ ထန်းသီးမုန့်၊ ထန်းရည်ချိုမုန့် စသည်ဖြင့်။

ထိုမုန့်တစ်မျိုးမျိုးဖြင့် ကာလသားများကို ဧည့်ခံသည်။ ထိုနောက်တွင်မှ အိမ်တွင်းသို့လှမ်း၍ "သမီးတို့ရေ ... ထွက်ခဲ့ကြပါဦး။ သည်မှာ သည်းကို့မောင်တွေက ရေပက်ချင်လို့တဲ့" ဟု လှမ်းခေါ်ပေးသည်။ ထိုအခါ တဘက်ကလေးတွေခြုံလျက် သမီးတွေ ထွက်လာသည်။ အစ်ကိုကာလသားများ ရေပက်ပုံကလည်း ဝေါခနဲမဟုတ်။ အမွှေးနံ့သာများကို သပြေခက်ဖြင့်ဆွတ်ကာ ပက်ဖျန်းကြသည်။

စက္ကူဆိုသောအရာနှင့် ထိုအပေါ်တွင် ပုံနှိပ်စာလုံးဖြင့် ပုံနှိပ်ဖော်ပြသော သင်္ကြန်စာမပေါ်မီက တစ်ရွာဝင်တစ်ရွာထွက် ဆန်၊ ပဲ၊ ပြောင်း၊ ငရုတ် အလှူခံသော ပုဏ္ဏားများ၏ နှုတ်ထွက်ဟောစာတမ်းကို နားထောင်ကြရ၏။

မင်းနေပြည် ရာဇဗိုလ်နှိုက သင်္ကြန်ကျလျှင် အမြောက်သံပေးကာ ထိုအသံကို ကျေးရွာများက မကြားပါ။ ပုဏ္ဏားတို့အသံကိုသာ ကြားကြရ၏။ သို့ကြောင့် သူတို့က ကျသည်ဆိုသောရက်တွင် သင်္ကြန်ကျကာ၊ သူတို့က တက်သည်ဆိုသောရက်တွင် တက်ကြရသည်။

ထိုသင်္ကြန်ရက်အတွင်း၌ များသောအားဖြင့် အလုပ်ကို နားထားကြ၏။ ပုဏ္ဏားများကလည်း "သင်္ကြန်တွင်း၌ ရန်မဖြစ်ရ၊ သစ်ပင်မခုတ်ရ၊ မငိုရ" စသည့် ပညတ်ချက်များ ထုတ်ပြန်သွားကြသည်။ ကျေးရွာသူ၊ ကျေးရွာသားများက လိုက်နာကြသည်။ လိုက်နာရန် ကြိုးစားကြသည်။

ထိုအခါတွင်း၌ အချို့သောမြို့၊ အချို့သော ကျေးရွာများ၌ ဆွမ်းလောင်းပွဲများရှိသည်။ အလှူခံပုဂ္ဂိုလ်များက သင်္ကြန်အကျနေ့ နံနက်အရုဏ်တက်တွင် ရောက်လာကြ၏။ တစ်ပါးမဟုတ်၊ နှစ်ပါးမဟုတ်။ ရာချီပြီး ကြွလာကြခြင်းဖြစ်သည်။ သို့ဖြစ်၍ ဒါယကာ၊ ဒါယိကာမများကလည်း မုန့်ဆွမ်းမလောင်းနိုင်ဦးတော့ လောင်းနေကျ ရိုးရိုးဆွမ်းကိုကား ကြိုးစားချက်ပြီး လောင်းလှူကြ၏။

မုန့်ဆီကြော်အဖြူ၊ အနီ၊ ငှက်ပျောသီး၊ ဘဲဥ၊ မုန့်ဖက်ထုပ်အနီ၊ မုန့်ဖက်ထုပ်အဖြူ စသည်ဖြင့် မီးနိုးတလှုလှုနှင့် အိမ်တိုင်းနီးပါး မုန့်လုပ်ကြသည်။ အကျနှင့် အကြတ်နေ့များတွင် အရုဏ်တက်ချိန်၌ ကြွလာသော ရဟန်းသာမဏေများကို လောင်းလှူကြ၏။ အတက်နေ့တွင် အိမ်ပေါက်စေ့ လိုက်လံဝေငှသည်။ လိုက်ဝေငှသူမှာ မိမိတစ်ဦးတည်းမဟုတ်။ သို့ဖြစ်၍ မုန့်ချင်းလဲလှယ်စားသုံးရသကဲ့သို့ ရှိ၏။

အချို့ အယူသီးသူများ ရှိသည်။

သင်္ကြန်အတက်နေ့၏ နောက်တစ်ရက်သည် နှစ်ဆန်း ၁ ရက်နေ့ဖြစ်၏။ ထိုနှစ်ဆန်း ၁ ရက်နေ့တွင် ငွေထွက်ပါက တစ်နှစ်လုံး ထွက်နေတတ်သဖြင့် ငွေကြေးမသုံးစွဲကြချေ။ ထိုနေ့တွင်ရရှိသော ငွေကြေးကို ထုံးဝိုပြီး သိမ်းသည်။ ထုံးဘို့ကြီး မှဘ်သားခြင်းမှာ သုံးစွဲပစ်မိမည် စိုးရိမ်သောကြောင့် ဖြစ်ပေ၏။

နောက်တစ်ကြောင်းလည်းရှိသေး၏။

နှစ်ဆန်း ၁ ရက်နေ့သည် တနင်္ဂ
နွေဖြစ်အံ့၊ သေတန်းသို့ ... သေသ



www.burmeseclassic.com

www.burmeseclassic.com

ထိန့်မည် အဟောထုတ်သူ၏ အကြောင်း ပြချက်မှာ တနင်္ဂနွေသည် ဂဠုန်ဖြစ်၏။ ဝက်ကြီး ၁၄ ပါး ဘုရားရှိခိုးထဲတွင် "တောင်ဟုန်ပြင်းလျက် ဂဠုန်စက်"ဟု ပါသည်မဟုတ်လော။ ထို့ကြောင့် လေပြင်းအကျဆုံးများမည်။

နှစ်ဆန်း ၁ ရက်နေ့သည် စနေဖြစ်အံ့၊ "စနေဆန်းတယ်၊ မီးကိန်းရှိတယ်"။

## အပျော်လွန်သဖြင့် အပျက်သဘော ရောက်

မြန်မာတို့တွင် တန်ခူးအစ တပေါင်းအဆုံးရှိသော လပေါင်း ၁၂ လရှိသော်ငြား တစ်နှစ်လုံးတွင် ၃၅၄ ရက်သာ ရှိသည်။ သို့ဖြစ်၍ လနှင့် ကိုက်ညီစေရန် လထပ်ပေးရသည်။ သို့ဖြစ်သောကြောင့် သင်္ကြန်ကျရက်သည် တန်ခူးတွင်ချည်း မရှိပေ။ ကဆုန်လတွင် သင်္ကြန်ကျသည်လည်း ရှိ၏။

သို့ရာတွင် ပြက္ခဒိန်အသုံးတွင်လာသောအခါ သဘ်ရှိသူများက ဧပြီလကို သတ်ထားကြသည်။ မှန်ပါသည်။ လေးနှစ်ကြာမှ တစ်ရက်သာ ရပ်ထပ်ရသော ကမ္ဘာသုံးပြက္ခဒိန်တွင် ၃၆၅ ရက်ရှိသည့်အတွက် အကွာအခြား မကြီးမားပေ။ သို့ဖြစ်၍ ဧပြီ ၁၂ ရက်ဝန်းကျင်တွင် မြန်မာသင်္ကြန်ကျ၏။

တစ်ဆယ့်နှစ်ရာသီပန်းများအနက် စံပယ်ပန်းကို တန်ခူးပန်းဟု ရှေးအခါက ခေါ်ဝေါ်ကြ၊ မှတ်သားကြ၏။ ယခုအခါတွင် စပယ်သည် ၁၂ လလုံးပေါ်နေသဖြင့် တန်ခူးပန်းမဟုတ်ပြီ။ ပိတောက်ရှိသေး၏။ ပိတောက်လည်း သင်္ကြန်လွန်မှ ပွင့်သည့်နှစ်ရှိသဖြင့် ပိတောက်လည်း သင်္ကြန်၏ သင်္ကေတ မဟုတ်ပြီ။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရာဇဝင်ရေးရာ ရှေ့ထားသော မြန်မာ ဟိန္ဒူ ဗုဒ္ဓဘာသာရေး အားကြီးသော မြန်မာသည် နှစ်ကာလကြာမြင့်သောအခါ ယိုယွင်းလာသည်။ မြန်မာနိုင်ငံတွင်းသို့ နိုင်ငံတကာ၏ လူ့ရေး ယဉ်ကျေးမှုများပါ အလုံးအရင်းဖြင့် ထိုးဖောက်ဝင်ရောက်လာသည်။ အထူးသဖြင့် ကိုလိုနီနယ်ချဲ့သမား၏ အမူအကျင့်များကို အထင်ကြီးသူများကို အမြော်အမြင်ကြီးသော မျိုးချစ်မြန်မာများက ထောက်ပြခဲ့ကြသည်။

ဥပမာ – April Fool

ထိုဧပြီလသည် မြန်မာတို့၏ တန်ခူးလနှင့် သွားရောက်တိုက်ဆိုင်နေသည်။ အမျိုးသားယဉ်ကျေးမှုကို အထင်သေးမှုများ၊ မြို့ပြများတွင် ပေါ်ပေါက်လာရာ မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ပွဲကို ဧပြီ အရူးပွဲနှင့် ရောနှောရန် ကြိုးစားကြသည်။

ထို April Fool ၏ အဓိပ္ပာယ်ကို ဓမ္မပဒတွင် အနည်းငယ်ခံစားဖူးပါသည်။

မြတ်စွာဘုရားနှင့် သံဃာတော်များ ဆွမ်းခံမထွက်ရန် ဒါယကာ၊ ဒါယိကာမများက လာရောက်လျှောက်ထားကြသည်။ လျှောက်ထားသူများ၏ အကြောင်းပြချက်မှာ လူယုတ်မာများ ရမ်းကားသောင်းကျန်းကြမည့်ဖြစ်သောကြောင့် မြတ်စွာဘုရားနှင့် သံဃာတော်များ မကြားမမြင်စေရန် ဖြစ်၏။

ဒါယကာ၊ ဒါယိကာမများ ရည်ညွှန်းသောနေ့မှာ April Fool နှင့် တစ်ထပ်တည်းဖြစ်တော့သည်။ မြို့ပေါ်ရှိ လူယုတ်မာများ၊ လူရမ်းကားများသည် အကြောင်းမဲ့ ဆဲရေးကြသည်။ ညစ်ညမ်းသော အသုံးအနှုန်းများပါသည့် ဆဲရေးမှုကို အလုပ်တစ်ခုဖြစ် သဘောထားကာ ဆောင်ရွက်ဆဲရေးကြ၏။

ထိုနေ့တွင် မိကောင်းဖခင် သားသမီးများ အိမ်တွင်းပုန်း၏။ အနန္တငါးပါးနှင့် ရိုသေကိုင်းရှိုင်းသူများ အိမ်တံခါးပိတ်ထားကြ၏။ ထိုအရူးပွဲကာလ ကုန်ဆုံးသော့မှ အိမ်ထဲမှ ထွက်လာကြသည်။ ယုတ်မာရိုင်းစိုင်းသော ဆဲရေးသံများ ရပ်စဲသွားတော့မှ အိမ်တံခါးများ ပွင့်လာ၏။

ရန်ကုန်မြို့တွင်ကျင်းပသော သင်္ကြန်ပွဲများသည် April Fool ဘက်သို့ ဦးတည်လာနေသည်။ ထိုအခြေအနေမျိုး ပီပီသသဖြစ်လာရန် အားထုတ်သူများလည်း ရှိလာသည်။

## အပြုသမားတို့ အားသာဆဲရှိ

သို့ရာတွင် အမည်းရှိလျှင် အဖြူရှိရပေမည်။ အဖျက်ရှိလျှင် အပြုလည်း ရှိရမည်သာ ဖြစ်၏။ မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ကို မပျက်စီးစေလိုသူများက 'မဟာသင်္ကြန်'ဟု အမည်ပေးကြသည်။ အဖျက်ဘက်မှ အပြုဘက်သို့ရောက်အောင် ကြိုးစားကြသည်။

သက်ကြီးဝါကြီးများကို စုပေါင်းကန်တော့ခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ဖြတ်ပေးခြင်း စသည်များ ဖြစ်ပေ၏။ အဖျက်သမားများကို ဆန့်ကျင်ဘက်ဖြစ်ပေါ်လာသော ကောင်းကျိုးကောင်းမှု ဖြစ်ပေသည်။

နှစ်သစ်ကူး သင်္ကြန်အခါတွင် တစ်ဦးကိုတစ်ဦး သန့်ရှင်းသောရေဖြင့် ဖျန်းပက်ကြသည်။ မည်သည့်အတွက် ရေဖြင့် ဖျန်းကြ၊ ပက်ကြသနည်း။ ပူအိုက်သောရာသီဖြစ်သည့်အတွက် အပူသက်သာစေရန် အေးသောရေဖြင့် ပက်ခြင်း၊ ဖျန်းခြင်း ဖြစ်သည်။

သို့လျှင် ရိုးရှင်းစွာ ဖြစ်တည်သော အခြေအနေကို ရှုပ်ထွေးကွေ့လိမ်စွာ တွေးကြရေးကြ၊ ပြောကြသူများလည်း ရှိသေး၏။ ထိုသို့ ရှုပ်ထွေးကွေ့လိမ်စွာ ပြောဆိုကြသူများက "နှစ်ဟောင်းမှ မကောင်းမှုတွေကို အတာရေဖြင့် ဆေးကြောခြင်းဖြစ်သည်"ဟုပေ၏။

ထိုအခါ အနာထပိဏ်သူဌေးအိမ်မှ ရေခပ်သမကလေး ပြောသောစကားကို ညွှန်ပြရပေလိမ့်မည်။ ခုမ်းချမ်းစီးစီး



www.burmeseclassic.com

www.burmeseclassic.com

တွင် ရေစိမ်နေသော ပုဏ္ဏားကို တွေ့သဖြင့် မေးသည်။

"ကျွန်မတို့မှာ အရိုက်ခံရ၊ အဆဲအဆိုခံရမှာစိုးလို့ ချမ်းချမ်းစီးစီးကြီး နေခံရတယ်။ ဘကြီးမှာ ဘယ်သူ့ကို ကြောက်လို့ သည်ရေထဲ ဆင်းစိမ်နေရတာတုံး"

"ဟဲ့ . . ကောင်မလေး၊ မကောင်းမှုတွေ ရေထဲမျောပါသွားအောင် ရေထဲဆင်းစိမ်နေရတာဟဲ့"

"ဟင် . . . မကောင်းမှုတွေ ပါသွားရင် ကောင်းမှုတွေလည်း ရေထဲမျောပါသွားတော့မှာပေါ့"

ယမန်နှစ်ကမကောင်းမှုတွေ အတာရေဖြင့် မျောပါသွားပြီဆိုလျှင် ကုသိုလ်ကောင်းမှုတွေလည်း အတာရေဖြင့် မျောပါမည်မှာ သေချာ၏။ သို့ရာတွင် ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေကို ရေဖြင့် ဆေး၍မရပါ။ ယင်းသို့မရသည်ကို ရစတမ်းပြောလျှင် ကောင်းမှုသည် မကောင်းမှုနည်းတူ ရေ၌မျောပါရလိမ့်မည်။

အမှန်မှာ တန်ခူးရေကုန်၊ ကဆုန်ရေခန်းဟု ဆိုသောစကားရှိထားသည်။ တန်ခူး၊ ကဆုန်မှာ အလွန်ပူ၏။ ထိုအပူသက်သာစေရန် အေးမြသောရေဖြင့် ပက်သည်၊ ဖျန်းသည်။ အလွန်ရှင်းသော၊ အလွန်ရိုးသော၊ အလွန်သိသာသော အကြောင်းအရာ ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုကို အထင်သေးသူများသည် အမျိုးသားယဉ်ကျေးမှုကို ထဲထဲဝင်ဝင် မသိကြပါ။ သို့ကြောင့် April Fool ဖြင့် အစားထိုး၍ စိတ်ကူးကြခြင်း ဖြစ်ပေသည်။ သို့ရာတွင် မြန်မာတို့၏ နှစ်သစ်ကူးပွဲတော် သင်္ကြန်ခါသည် ရိုးသားပေသည်။ သို့ရာတွင် မြန်မာတို့၏ နှစ်သစ်ကူးပွဲတော် သင်္ကြန်ခါသည် ရိုးသားသော တိုင်းတစ်ပါးသားတို့၏ အထင်ကြီးလေးစားမှုကိုပါ ခံယူရရှိနေ၏။

ကျေးလက်ရှိ လူငယ်ကာလသားများသည် အခါကြီးရက်ကြီးအတွင်း၌ ရွာရိုးလျှောက်ကာ ရေပက်၏။ နေ့လယ်နေ့ခင်းတွင် ရေမပက်ရသောအခါ ဘုရားသို့ သွား[illegible] ကြွယ်တွေ ရှင်းသည်။ ထုံးသုတ်သည်။ ဘုရားသော်မျှ မရှိသောရွာတွင် ဘုန်းကြီးကျောင်းသို့ [illegible] ဆေးခြင်းအစ၊ အခြားဗာဟီရများကို ဆောင်ရွက်ပေးကြ၏။

မြို့များတွင် ရေပိုက်ဖြင့်ပက်သော အပြုအမူသည် မယဉ်ကျေးပေ။ သို့တစေ ကလေးတွေ ခွက်စောင်းခုတ်သည်ကိုသာ ရိုင်းစိုင်းသည်ဟု ပြောနေကြ၏။ စင့်စစ် သော်ကား မည်မျှပင် ခမ်းနားသောမဏ္ဍပ်ကြီး ထိုးထားစေကာမူ မေတ္တာစိတ်မပါသည့်အတွက် ရိုင်းစိုင်းပါသည်။

ထိုအရိုင်းစိတ်ကို ချေဖျက်ပေးသုံ့မှာ နှစ်ဆန်း ၁ ရက်နေ့တွင် တရားနာခြင်း ဖြစ်သည်။

စီးပွားရေးသမားများ၏ ကြော်ငြာမဏ္ဍပ်များ၊ နိုင်ငံရေးသမားများ၏ သံချပ်ကားများ အကြောင်းတစ်စုံတစ်ရာကြောင့် မေးမှိန်သွားသည်ဆိုဦး။ သင်္ကြန်ကို ကြိုဆိုသော အတာအိုးထိုးခြင်းကား တိမ်ကောမသွားပေ။

နှစ်ဆန်း ၁ ရက်နေ့တွင် ဝင်[illegible] ငွေကို ထုံးတို့ကာ မှတ်သားထား[illegible] နည်းတူ၊ ထိုနှစ်ဆန်း ၁ ရက်နေ့မှာ[illegible] အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်သည်[illegible] နာကြားကြ၏။ ပရိတ်ရွတ်သော သံ[illegible] တော်များ၏ရှေ့တွင် ပရိတ်ရေပုလင်း[illegible] ကို ပရိတ်သဲများ၊ ပရိတ်ပေါက်ပေါက်[illegible] ဆန်မန်းများ ချထားကြ၏။

ယင်းတို့အပြင် ပရိတ်ရွတ်ပွဲ၌ [illegible] လျှင်မပြီးသောအရာ ရှိသေး၏။ ၎င်း[illegible] သစ်ရွက်မျိုးစုံ ထိုးထားသော ပရိတ်[illegible] ဖြစ်သည်၊ မိမိအိမ်တွင် လင်ကိုယ်မယား[illegible] သားရှိငြား ပရိတ်အိုးကို[illegible] ခုနစ်နေ့[illegible] အောင် ကြိုးစားကြ၏။ ခုနစ်နေ့ကို ကိုယ်[illegible] စားပြုသော အညွှန့်အရွက်များမှာ [illegible] ကံ့ကော်၊ ဆီး၊ ခရာ၊ သပြေ၊ ဝါး၊ တမာ[illegible] တို့ပေတည်း။

သို့ဖြစ်သောကြောင့် ရွှေဖရုံသီး [illegible] ကြီးရိုက်ခွဲ မလုပ်နဲ့၊ မလုပ်နဲ့အစ ပေါ်[illegible] ကရအဆုံးတို့ဖြင့် မြန်မာ့ရိုးရာ အတာ[illegible] သင်္ကြန်ကို အပျက်တရားများ မည်သို့ပင် ပွံ့လွှမ်းခဲ့စေကာမူ အပြုသမားများကသာ အသာရရှိနေဆဲ ဖြစ်ပါကြောင်း။


**ဆင်ဖြူကျွန်းအောင်သိန်း**





www.burmeseclassic.com

www.burmeseclassic.com



# ၁၃၇၅ (အောင်စည်ထွန်းပြောင်) ခု၊ နှစ်သစ်ကူး

# အထူးဟောကိန်းပဒေသာ ယတြာများ

■ မိုးသောက်ကြယ် (ဗဗ ကြိမ်မြောက် သွေးလှုရှင်)

ခရစ်နှစ် ၁၇-၄-၂၀၁၃ မှ ၁၆-၄-၂၀၁၄ နေ့အထိ (၁)နှစ်တာလာကို ကောဇာမြန်မာသက္ကရာဇ် ၁၃၇၅ ခု (အောင်စည်ထွန်းပြောင်)နှစ် ဖြစ်ပါသည်။

၎င်း တစ်နှစ်တာကာလအတွင်း ခုနစ်ရက်သားသမီးအပေါင်း (ရာဟုအချိန်ဖွားမြင်သူများပါမကျန်)တို့သည် စိတ်ကရည်ရွယ်လေသမျှ နှုတ်ကပြောကြားလေသမျှ ကိုယ်ကာယကလုပ်ဆောင်လေသမျှ အလုံးစုံအောင်မြင်ပြီးမြောက်စေခြင်းအလို့ငှာ အထူးဟောကိန်းပဒေသာ ယတြာသင်္ချိုကဏ္ဍတို့ကို ဖော်ထုတ်တင်ဆက်အပ်ပါသည်။

၁၃၇၅ ခုနှစ်၏
ကောဇာမဟာဘုတ်/ကောဇာဇေယျတိုင်

| | | |
|---|---|---|
| | ⊕ ၅၀%<br>၀ | |
| ⊕ ၁၀၀%<br>၂ | ⊕ ၇၅%<br>၅ | ⊕ ၅၀%<br>၁ |
| ⊖ မရဏ<br>၁၀၀% ၆ | ၃<br>⊖ ၇၅% | ၄ (သောမ)<br>⊖ ၅၀% |



www.burmeseclassic.com

www.burmeseclassic.com

| | ဩဇာပေး | |
|---|---|---|
| ထင်ပေါ် | ပစ္စည်းတာရာ /တွေးပူ | လိမ်လည်ခြင်း ပရိယာယ် |
| ရွှေလျော မတည်ငြိမ် | အပျက် | ထင်ရှားအောင်မလုပ်ရ (လောဘ) |

၂
၅
၁
၄
၀
၃
⑥× ကိန္ဒ

ဖြိုဟ်ခွင်စွမ်းအားများ

မူလဖွား မြန်မာမွေးသက္ကရာဇ်ဖြစ်သော (၁၂၇၇၊ ၁၂၈၄၊ ၁၂၉၁၊ ၁၂၉၈၊ ၁၃၀၈၊ ၁၃၁၂၊ ၁၃၁၉၊ ၁၃၂၆၊ ၁၃၃၃၊ ၁၃၄၀၊ ၁၃၄၇၊ ၁၃၅၄၊ ၁၃၆၁၊ ၁၃၆၈၊ ၁၃၇၅) မွေးနှစ်တို့၏ ဘဝပြောင်းလဲမှု အစိတ်အပိုင်း ကောင်း/ဆိုး တစ်ဆစ်ချိုး ဖြစ်ပေါ်စေမည့် မဟာဘုတ်(၃)ကြွင်း မွေးနှစ်သမားအုပ်စုဝင်များ ဖြစ်ပါသည်။

ဆက်လက်၍ တနင်္ဂနွေသားသမီး/အမည်ရှင်များမှ အစပြု၍ စနေသားသမီး/အမည်ရှင်များအဆုံး (ရာဟုချိန်=ဗုဒ္ဓဟူးနေ့ နေ့လယ် ၁၂ နာရီနောက်ပိုင်း မွေးဖွားသူများမကျန်)တို့အတွက် ဟောကိန်းပဒေသာယတြာကဏ္ဍ ဖြစ်ပါသည်။

(၁) တနင်္ဂနွေသားသမီး၊ အမည်ရှင်များ၊ အမည်စာလုံးရှေ့ (အ၊ ဥ၊ ဩ၊ ဧ) အစပြုထားသူများ

နှစ်ဆန်းတစ်ရက်နေ့မှ စတင်၍ ရွတ်ပွားပြုလုပ်ဆောင်ရွက်ရန်မှာကား ရဟန်း၊ သာမဏေ၊ ကိုရင်ကြီး၊ ယောဂီ၊ သူတော်စင်၊ ရသေ့၊ ရသေ့မ၊ တရားစခန်းဝင်ခြင်း၊ သီလမြဲခြင်း၊ ဖိုးသူတော်၊ သီလရှင်၊ အဓိဋ္ဌာန်ကျင့်စဉ်ဝင်ခြင်း စသည့်အသွင်ပြောင်း/ဘဝပြောင်း ယတြာများပြုလုပ်ပေးပါ။ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများ အထူးလုပ်ဆောင်ရခြင်း၊ နေအိမ်ဘုရားတွင် ဖီးကြမ်းငှက်ပျောသီး ၅ ဖီးနှင့် သာသနာပွဲ စီရင်ပူဇော်ပြီး သရဏဂုံဂါထာဖြစ်စေ၊ အခြားအာရုံကျရာ ဖြစ်သော ဂါထာမန္တန်ပရိတ်ဖြစ်စေ၊ အဓိဋ္ဌာန်ဝင်ပုတီးစိပ်ပေးပါက အထူး... မည်။ ဖီးကြမ်းငှက်ပျောသီး ၂ လုံး အခွံနွာ၊ မွေးနေ့တိုင်... ကပ်ပြီး လိုရာဆန္ဒပြုပါက ဘေးအန္တရာယ်ကင်းကွာပြီး ... ဥစ္စာတိုးတက်၍ ကောင်းကျိုးမင်္ဂလာများ အထူးပြည့်ဝ... လုပ်ငန်း၊ သင်တန်း၊ အဆင့်အတန်း၊ စီးပွားကြီးပွားရေး ... ရပ်များ အဆင်မပြေခဲ့သော် မဟာစေတရွေ၊ ဝိရူဠှက၊ ဝိရူ... ကုဝေရ အစရှိသော သာသနာစောင့်နတ်မင်းကြီး ၄ ပါး ... အဝင် နတ်အများတို့အား အထူးမေတ္တာပေးပို့ အမျှအတန်း... ဝေပါက ထူးခြားစွာ အောင်မြင်မည်။ အောင်မြင်လျှင် ရ... နှုန်းမည်မျှ (ဥပမာ ၁၀%) စသည် လှူဒါန်းပါမည်ဟု ... ပြုပါ။ ကတိအတိုင်း မလုပ်ပါက ပျက်စီးဆုံးရှုံးမှုကြုံတတ်ပါသည်... အဓိဋ္ဌာန်ဝင်ခြင်း ပုတီးစိပ်ခြင်းများ ပြုလုပ်ခဲ့သော် အဖြူ ... ရောင်များများ ပါတာကို ဝတ်ဆင်သုံးစွဲပါ။ ထူးခြားဆန်း... သော ဂန္ဓာရီ ယောဂီကျင့်စဉ်များ၊ တန်ခိုးအစွမ်းထက်မြက်... ဂါထာမန္တန်များ ပေးလာရရှိတတ်ပါသည်။ အဓိဋ္ဌာန်တွေဝင်ခြ... ထူးခြားဆန်းပြားအကျိုးသွားများ ကြုံပါမည်။ ကောင်းအ... +၅၀% ကြုံတွေ့ရပါမည်။

ရွတ်ပွားရန်

ပဌမံ သကလကမ္မဏာ၊ ကေပဒံ၊ ဒုတိယာဒိ ပဒ... နိဒဿနတော။ သာ၊ မ၊ မိ၊ ဒု၊ နိ၊ မာ၊ သု၊ မာ ဒူ၊ သနိ၊ ... ကမတော ဝိဘဇေ ပထမေ နဝိနာ၊ (၁၂)လုံးတွဲ ဗျော်ဓကဂါ... အဘိဓမ္မတ္ထသင်္ဂဟ အဖွင့်သင်္ခေပဝဏ္ဏနာကျမ်း (၂၀၆)လာ သ... အနက် (၁၆)ချက်ဂါထာတော် (၁... )ခေါက် အဓိဋ္ဌာန်ဖြင့် မပျ... မကွက် နေ့စဉ် ရွတ်ပွားပူဇော်/ပုတီး...ပ်ရန်။

ပြုလုပ်ရန်

နေပူခံကျောက်ပြားခင်းခြင်း/အလှူငွေပါဝင်ခြင်း၊ ... စက္ကူပုံသကူပစ်ခြင်း၊ ငါး၊ ခွေး၊ ကြောင်၊ ကျီး၊ ကြက်၊ ... အစာကျွေးခြင်း၊ စာကလေး၊ ကဏန်း၊ ငါးလွှတ်ခြင်း၊ ကျော... သာသနိက အဒုံဆောက်လုပ်ခြင်း၌ တတ်စွမ်းတာ ပါဝင်... လှူခြင်း ပြုလုပ်ပေးပါ။

အထူးယတြာ

ကြေးပန်းကန်တစ်ချပ်တွင် ချင်းတက်တင်၍ အလ... တိုင်အဖြူရောင် ထွန်းညှိပြီး 'ဓမ္မညူဓမ္မသာမိကော'ဂါထာ... (၁၀၈)ခေါက်ပုတီး ၉ ပတ် စိပ်ပါ။ (သို့) ဓမ္မစကြာသုတ်... အခွေဖွင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

(၂) တနင်္လာသားသမီးများ၊ အမည်ရှင်များ၊ အမည်စာလုံးရှေ့ (က၊ ခ၊ ဂ၊ င)ပါသူများ

ယင်းအမည်ရှင်များသည် ၁၃၇၅ ခု၊ တစ်နှစ်တာကာလပတ်လုံး အထက်လူကြီး၊ ကြီးကဲသူ၊ ဖခင်၊ ဦးလေး၊ အစ်ကိုစသူတို့၏ ကူညီပံ့ပိုး မစမှု ခံရပေတော့၏။ လုပ်ငန်း၊ ပညာ၊ သင်တန်း၊ အဆင့်အတန်း၊ ဂုဏ်သိက္ခာ ထူးခြားစွာ တိုးတက်တတ်၏။ ရိုးရာရှိလျှင် လက်ခံထားပါလျက် မေ့လျော့နေတတ်ပြီး ရိုးရာနတ်ဖမ်းစားတတ်၏။ နားလည်တတ်ကျွမ်းသူနှင့် ရိုးရာဖော်ထုတ်တင်ပြောက်ခြင်းက ကံအလွန်တက်မည်။ အုန်းဆွဲသော ဓလေ့ဖုံးစံရှိရင် နတ်အုန်းပုပ်ခြင်း၊ အစို့ထွက်(အိမ်ပျက်)ခြင်း ဖြစ်နေတတ်ပါ၍ ငွေသားကိုးထားပါ။ နှံသာဖြူနီ၊ နှံသာရည်ပက်ထားပါ။ ရှားပန်းနီစ လဲပေးပါ။ အဲဒီလိုပြုပြင်ရင် ကံကောင်းအကျိုးပေးကောင်း၏။ ယှဉ်ပြိုင်ကစားခြင်းများရှိပါက ၁၊ ၆ နံပါတ်ပါရင် အကျိုးပေးအောင်မြင်ထူးခြားသည်။ ဦးခေါင်းပိုင်းဆိုင်ရာ ဝေဒနာများ၊ စိတ်ညစ်၊ စိတ်ရှုပ်စရာ အချို့ကြုံဆုံနိုင်ပါသည်။ နတ်များအားလုံးကို အထူးမေတ္တာပေးပို့အမျှအတန်းပေးဝေပါ။ ထူးခြား၏။ တောတောင်အရပ်ဒေသများသွားလာခဲ့ပါလျှင် ဆဲဆိုခြင်း၊ အပြောကြမ်းခြင်း၊ အယုတ္တ အနတ္တစကားများ ပြောဆိုခြင်း ဆင်ခြင်သင့်ပါသည်။ ရိုးရာနတ်နှင့် ကွင်းပိုင်တို့ ပူးပေါင်းဖမ်းစားတတ်ပါ၏။ ခေါင်းအုံး (သို့) ပုဆိုး၊ လုံချည်ပေါက်ပြဲနေတတ်ပါ၏။ တစ်နှစ်တာ၏ ကောင်းအား (+)၁၀၀%ရှိနေပါ၍ အစစအရာရာ ကံပွင့်အောင်နေထိုင်ပါ။

## ရွတ်ပွားရန်

ဒိဝါတပတိ အာဒိစော၊ ရတ္တိမှာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီတပတိ ဗြာဟ္မဏော၊
အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါတပတိတေဇသာ။ (၁၀၈) ခေါက် (သံယုတ်နိကာယ်၊ နိဒါနဝဂ်၊ ဘိက္ခု သံယုတ်ပါဠိတော်လာ)

## ပြုလုပ်ရန်

သံဃာသုံးကျိပ်၊ အများသုံးအိမ်သာ၊ ရေအိုးလှူပါ၊ အုတ်ကန်လှူ၊ အုတ်လှူ၊ အ(ဆွံ့အ)နေသောသူ ကျွေးမွေးပါ။ လူသွားလမ်း အုတ်ခဲခင်းပါ။ အိမ်ပြောင်း/ပြင်/ဆောက်၊ အိမ်သစ်တက်သူ ကူညီပံ့ပိုးပါ။ အုန်းသီးလှူပါ။ ရှင်ဥပဂုတ္တပူဇော်ပါ။ အဆင်ပြေတိုက်ဆိုင်ရာကို (၉)ကြိမ်ရှိပါစေ ...။

(၃) အင်္ဂါသားသမီးများ၊ အမည်ရှင်များ၊ အမည်စာလုံးရှေ့ (စ၊ ဆ၊ ဇ၊ ဈ၊ ည)ပါသူများ

၁၃၇၅ ခုနှစ်အတွင်း သတို့သား၊ သတို့သမီးတို့သည် ဆိုးအား (–)၄၅% ရှိနေခြင်းတို့ကြောင့် ဆန့်ကျင်ဘက်လိင်တို့ကပေးသော စိတ်သောက၊ စိတ်ရှုပ်စရာများ ကြုံပါမည်။ တရားတဘောင်လည်း ကြုံတွေ့ပတ်သက်နိုင်ပါသည်။ မိသားစုဆွေမျိုးကိစ္စ စိတ်ဝမ်းကွဲမှုများစွာ ကြုံရခြင်း၊ သွေးနှင့်ပတ်သက်သော သွေးတိုး၊ သွေးပေါင်ကျ၊ သွေးအတွင်း ပြောင်းလဲမှု၊ သွေးအားနည်းခြင်း ဝေဒနာများ ကြုံတွေ့ရနိုင်ပါသည်။ အမျိုးသမီးများ၊ အမျိုးသမီးဆိုင်ရာဝေဒနာ(သားအိမ်)နှင့် ပတ်သက်သော ဝေဒနာများ သတိပြုပါ။ လုပ်ငန်း၊ ပညာ၊ စီးပွားရေးတို့တွင်သာ ဆန့်ကျင်ဘက်လိင်တို့၏ ကူညီမှုအထူးရလာခြင်း၊ စာမေးပွဲ၊ ယှဉ်ပြိုင်ခြင်း၊ ကံစမ်းခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ၁၊ ၂၊ ၉၊ ၆ နံပါတ်များပါခဲ့ရင် အထူးကံကောင်းခြင်း၊ ထီထိုးပါက အားလုံးပေါင်းရခြင်း တစ်လုံးတည်းကဏန်း (၅၊ ၉)ရေတာတွေ ထိုးနိုင်ပါသည်။ အတိတ်ဘဝအကြွေးဟောင်းရခြင်းကံ ကြုံဆုံရခြင်း၊ အိမ်ထောင်သည်များ အချင်းချင်း စိတ်သဘောထားချင်း မတိုက်မဆိုင်ဖြစ်ပါမည်။ ကျွန်းမာရေးညံ့ခဲ့သော် သံပန်းကန်ပြားမှာ ရှောက်သီးတစ်လုံး တင်လှူပါ။ သွေးထွက်သံယိုကိန်း၊ ခွဲစိတ်ခံရကိန်းများ ကြုံတတ်ပါ၍ ခန္ဓာကိုယ်အောက်ပိုင်း ဝေဒနာများ သတိပြုပါ။ အတာစားသောနေ့သားသမီးများ ဖြစ်ခြင်းကြောင့် မူလရွတ်ပွား/ပြုလုပ်ရန်များအပြင် အောက်ပါဂါထာကို အထူးအမိဌာန်ဝင်ပေးပါ။

## အထူးအဓိဋ္ဌာန်

မေဃ သဗ္ဗေသူရေသဗ္ဗေ၊ မေဃဒေဝေါ မဟိဒ္ဓိကော၊
မေဃ စန္ဒော သူရိယော၊ မေဃ ဘုမ္မာ မဟာရာဇ မဟာဒေဝါ။ ။

(ရှမ်းစာပေဟောင်းမှ ထူးခြားသောဂါထာတစ်ပုဒ်)နေ့စဉ် (၁၀၈)ခေါက်သာလျှင်။

## ရွတ်ပွားရန်

သံလောဃေ သံလောဃေ၊ သတ္တရူ သတ္တရူ၊ သံလာ သံလာ ပြိတ္တသံ သတ္တရူ၊ အာပထိ တုဇ္ဇေတိ ဩြောင်းသွားဟယ။ (ရှေးဟောင်းထူးခြား ဂါထာတော်၊ နံနက်/နေ့/လယ်/ည ၂၇ ခေါက်သာလျှင်။)

## ပြုလုပ်ရန်

ကျောင်း၊ သိမ်၊ ဘုရား သန့်ရှင်းရေးပြုလုပ်ပါဝင်ခြင်း/ကူညီခြင်း၊ ကုဋီသန့်/ဆေးခြင်း၊ သင်္ကန်းလျှော်ခြင်း၊ သောက်ရေအိုးဖြည့်/လှူခြင်း၊ သင်္ကန်းချုပ်တဲ့သူ တတ်ကျွမ်းတာလှူ၊ သဲခင်း

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူအား ကျွေးမွေးပေးလှူခြင်း၊ သီလရှင်လှူခြြင်း၊ သိက္ခာကာပ်ပါဝင်ကူ/လှူခြင်း၊ သိမ်ဆင်းလောင်းခြင်း၊ သိမ်လမ်းခင်းခြင်း၊ သပိတ်၊ သဲ၊ သွပ်၊ သံလှူခြင်း၊ သာသနိကအဆောက်အအုံလှူခြင်း၊ ရှင်သီဝလိပူဇော်ခြင်း၊ သောက်ပျက်စွန့်ခြင်း စသည့် မိမိအာရုံကျရာကို အနည်းဆုံး (၉)ကြိမ်ရှိအောင် ပြုလုပ်ပေးပါ။

(၄) ဗုဒ္ဓဟူးသားသမီးများ၊ အမည်ရှင်များ၊ အမည်စာလုံးရှေ့ (ယ၊ လ၊ ဝ)ပါသူများ

ယခုနှစ်၁၃၇၅ ခုနှစ်အတွင်း ကျန်းမာရေး ဂရုစိုက်ရန်လိုအပ်ပါမည်။ ဗုဒ္ဓဟူး၊ တနင်္လာနေ့များ ဝေဒနာသတိပြုပါ။ တရားဘာဝနာနှင့် ဓိပဿနာများ၊ ဘာသာရေး၊ ကုသိုလ်၊ စရဏကျင့်စဉ် အဓိဋ္ဌာန်များ အထူးပြုလုပ်နေထိုင်ပေးပါ။ စိတ်လေလွင့်ခြင်း၊ စိတ်ရှုပ်ခြင်း၊ အလုပ်အကိုင်ထိခိုက်ခြင်းမျိုး ကြုံဆုံရနိုင်ပါသည်။ ပြည်တွင်းပြည်ပခရီး၊ ဘုရားဖူးခရီး ပေါ်ပေါက်တတ်ပါသည်။ လေနှင့်ပတ်သက်သော ရောဂါဝေဒနာများ ဂရုစိုက်ပေးပါ။ ရက္ခစိုးနတ်မင်းတို့ ဖမ်းစားခြင်းကြုံတတ်ပါ၍ နေအိမ်အနီး ဗောဓိညောင်ပင်နှင့် အခြားသစ်ပင်ကြီးများတွင် ရေသက်စေ့ လောင်းလှူခြင်းပြုလုပ်ပေးပါလေ။ တမေးပွဲနှင့်တကွ ယှဉ်ပြိုင်ရင်ဆိုင်ကိစ္စရပ်များတွင် ၃၊ ၅၊ ၆၊ ၄ နံပါတ်တွေပါရင် ကံကောင်းအကျိုးပေးပါ၏။ ထိုဂဏန်းများဖြင့် ကံစမ်းလုပ်ငန်း လုပ်နိုင်။ လေဖြတ်၊ လေဖြန်း၊ အနာပေါက်၊ ယားနာများ၊ ချက်အထက်ပိုင်းဝေဒနာများ ဂရုစိုက်ရန် လိုပါမည်။ ဆိုးအား (-)၅၀% ရှိနေပါသည်။

ရွတ်ပွားရန်

တဟီ တဟီ ပါရမီ သဥယံ စယံ။
ဂတံ ဂတံ သဗ္ဗိ သုခံ ပဒံ ပဒံ။
နရာ နရာနံ သုခ သမ္ဘဝံ ဘဝံ။
နမာ နမာနံ ဇိန ပုဂံဝံ ဂတံ။ (၄၉/၁၀၈) ခေါက်။

(ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်၏ နမက္ကာရ ဘုရားရှိခိုးတော် ၃၄)ပိုဒ်အနက်မှ အမှတ် (၁၅)ပိုဒ်)

ပြုလုပ်ရန်

အာရုံကျရာကို တန်ခိုးကြီးဘုရား မွေးနံထောင့်မှာ မိမိတို့မွေးနေ့ နံနက်/ည ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း ရှားမီးတိုင်(၁၇)တိုင်ကို ကုန်ဆုံးလောင်ကျွမ်းအောင် လှူခဲ့ပါ။ အညှိအဆိုးများ ပြေပျောက်စေဖို့ ဆန္ဒပြုပါ။ တစ်နှစ်အတွင်း အနည်းဆုံး (၉)ကြိမ် ပြုလုပ်ပေးပါလေ။

(၅) စနေသားသမီးများ၊ အမည်ရှင်များ၊ အမည်စာလုံးရှေ့ (တ၊ ထ၊ ဒ၊ ဓ၊ န၊ ဠ၊ ဏ)ပါသူများ

ထူးခြားသော ဂန္ဓာရီအဓိဋ္ဌာန်ပညာရပ်များ ရရှိတတ်ခြင်း၊ မည်သည့်ပညာရပ်မဆို အလွယ်တကူ သင်ကြားသင်ပြပေးသူ ဆရာသမားကောင်း တွေ့ဝ ‹ ᷊ ›င်း၊ အကြားအမြင်သမထကိုဏ်းပညာရပ်များ၊ ကျင့်စဉ်စရဏများ စတင်ပြုလုပ်ရန် အကောင်းဆုံးအသက်ပိုင်း အချိန်ကာလဖြစ်ခြင်း၊ လုပ်ငန်း ပညာ၊ သင်တန်း၊ စီးပွား ပုံမှန်အနေအထားရှိပါသည်။ သူတော်စင်ပုဂ္ဂိုလ်ထူး၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မြတ်၊ ဒေဝီမယ်တော်မြင့်မြတ်သူများကို အိပ်မက်အတွင်းမှာဖြစ်စေ၊ ပြင်ပ၌ အခြားနည်းလမ်းအားဖြင့် အသိပေးဆက်သွယ် ဆက်နွယ်မှုကြုံရတတ်ပါသည်။ ဘဝက်ကြမ္မာ အဆင့်အတန်း မြင့်မားတိုးတက်ကိန်းကြုံခြင်း၊ သက်သတ်လွတ်စားခြင်း၊ မီးလွတ်(၉)ရက်စားခြင်း စသည့် အဓိဋ္ဌာန်များ ဝင်ရောက်နိုင်ပါသည်။ အညိုရောင်၊ ယောဂီရောင်၊ နီညိုရောင်၊ ချောကလက်အရောင်များ ဝတ်ဆင်ပါ။ အသွင်ပြောင်း/ဘဝပြောင်း ယတြာပြုလုပ်နိုင်လျှင် ပိုမိုသာလွန် ကောင်းမြတ်ပါသည်။ ဘေးရန်အန္တရာယ်အသွယ်သွယ် ကင်းဝေးစေပါမည်။ လက်ဗွေနတ်မှ ပညာရပ်များ စတင်သင်ကြားနိုင်သော အကောင်းဆုံး အကျိုးပေးရရှိနိုင်ရန် အချိန်ကောင်းဖြစ်သည့် ကောင်းစွမ်းအား (+)၇၅% ရရှိခံစားရပါလိမ့်မည်။

ရွတ်ပွားရန်

'အရဟံ သုဂတော ဘဂဝါသိဒ္ဓိ' ဂုဏ်တော်မြတ်ကို ၁၀၈ လုံး ပုတီးကုံးဖြင့် အပတ်ရေ(သက်စေ့)စိပ်ရန် ဖြစ်ပါသည်။

ပြုလုပ်ရန်

မီးရောင်လိုအပ်သော ဘုရားကျောင်းကန်၊ မှောင်သောနေရာ၊ လမ်းတွေမှာ ဖယောင်း(အလင်း)တိုင်၊ မီးချောင်း၊ မီးသီး၊ မီးအိမ် လှူခြင်း/အလှူငွေပါဝင်ခြင်း ပြုပါ။ ဘုရားကျောင်းရောက်လျှင် မြက်နုတ်ပါ။ မျောက်၊ မြွေ၊ မြင်း အစာကျွေး မေတ္တာပို့ပါ။ (တိရစ္ဆာန်ရုံမှာ မြွေအစာလှူပါ။) မျက်မမြင်နှင့် မျက်စိဝေဒနာရှင်တွေ့တိုင်း တတ်စွမ်းတာ ဒါနပြုပါ။ (၉)ကြိမ်အနည်းဆုံး နှစ်သက်အဆင်ပြေရာကို လုပ်ဆောင်နိုင်သော ကုသိုလ်/အနိဋ္ဌယတြာဖြစ်ပါသည်။)

(၆) ကြာသပတေးသားသမီးများ၊ အမည်ရှင်များ၊ အမည်စာလုံးရှေ့ (ပ၊ ဖ၊ ဗ၊ ဘ၊ မ)ပါသူများ

ပရိယာယ်သိုက်အိမ်၏ (+)၇၅% ကောင်းစွမ်းအားတို့ကြောင့် ဇိမ်ခံပစ္စည်းအမျိုးမျိုး ဝင်လာခြင်း၊ ပုဂ္ဂိုလ်အလိုက်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်အကိုင်၊ ငွေကြေးများစွာ ဝင်လာတတ်ခြင်း၊ ကျန်းမာရေးတွင် ကွင်းပိုင်နယ်ပိုင်တို့ ဖမ်းစားတတ်ပါသောကြောင့် လက်ဖက်ပွဲများ တင်မြှောက်ပသနိုင်ခြင်း၊ ဗလိနတ်စာကျွေးခြင်း၊ မွေးနံ့အလိုက် သစ်ပင်စိုက်ခြင်း စသည်တို့ ပြုလုပ်နိုင်ပါသည်။ မိမိအမည်အရင်း(အစ)၊ အဖျား(အဆုံး)အလိုက်၊ နေ့နံအလိုက် သစ်ပင်စိုက်နိုင်ခြင်း၊ ထီပေါက်ခြင်း၊ ငွေကြေးအစုအပုံဝင်ကံကြုံပါသောကြောင့် (ဂ၊ ၃၊ ၄၊ ၈) ပါဝင်သော နံပါတ်ဂဏန်းများ ဉာဏ်ရှိသလို ကံစမ်းနိုင်ပါသည်။ လုပ်ငန်းပညာသင်တန်းအဆင့်အတန်း တိုးတက်မှုကိစ္စများ အကျိုးပေးနည်းတတ်ပါ၏။ လက်ဝတ်ရဟနာအသုံးအဆောင်များ ပုဂ္ဂိုလ်ကံအလျောက်ဝင်ရောက်လာပါလိမ့်မည်။

ရွတ်ပွားရန်

ဂဏ္ဍဝေါန ဂဏ္ဍမောက ဘာသာဝရော ရှုတောနဝ၊ ဝဏ္ဍဟောပရံ ဌာနေနဝေနမပေါ ပရုံသာဗ္ဗနဝ၊ ဝံပဏာနိနေဝ ဗဟိသဗ္ဗ နဝ၊ ဝကာပိဝေဘ နလိမ္မနွှာသဗ္ဗနဝ။ (၉၉ ခေါက်သာလျှင်။ ရခိုင်ရှေးဟောင်းဂါထာထူးများကျမ်း)

ပြုလုပ်ရန်

တံတားသစ်ခင်း၊ တံတားဟောင်းပြင်ပါ/အလှူငွေ ပါဝင်ပါ။ ထီး၊ ဖိနပ်ကို (သီလသိက္ခာကြီးသော ရဟန်း၊ သီလရှင်၊ ကြည်ညိုလေးစားသော ဆရာသမား)ကို လှူပါ။ ဒုက္ခိတ၊ ဒုက္ခသည် (တောင်းရမ်းစားသောက်သူ)၊ ချို့တဲ့သူကို တတ်စွမ်းတာ ပေးကမ်းဒါနပြုခြင်း၊ နွားစာကျွေးခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်း/အလှူငွေပါဝင်ခြင်း၊ တံမြက်စည်းလှည်းခြင်း/လှူခြင်းပြုပါ။ တစ်နှစ်အတွင်း အနည်းဆုံး (၉)ကြိမ်ရှိပါစေ။

(ဂ) ရာဟုသားသမီးများ၊ အမည်ရှင်များ၊ ဗုဒ္ဓဟူးနေ့ နေ့လယ် ၁၂ နာရီနောက်ပိုင်း မွေးသူ၊ အမည်စာလုံးရှေ့ (ရ၊ ဠ)ပါသူများ

၁၃၇၅ ခုနှစ်ကာလအတွင်း ကျန်းမာရေးကောင်းပါမည်။ ချူချာခဲ့ပါသော် သိုက်အဆက်များနှင့် ဆက်သွယ်မှုရှိပါ၍ ငှက်ပျောသီးနှစ်ဖီးဆိုင်၍ သိုက်ဆက်ပွဲလှူပါ။ ရန်ကုန်မြို့တွင် နေထိုင်သူဖြစ်ပါက ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ အစ်မတော်မြနန်းနွယ်ဆောင်မှာ ပွဲစုံခင်း၍ တစ်ဆင့်ဘုရားလှူပေးပါ။ နယ်မှဆိုလျှင် မွေးနေ့တိုင်း သိုက်နန်းရှင်သိုက်ဆက်ရှိဟဲ့ဘုရားသွား၊ အာရုံကျုပစ္စည်းလှူခဲ့ပါ။ သိုက်နန်းရှင်အပေါင်းကို မေတ္တာပို့ ကျန်းမာချမ်းသာ လိုရာဆန္ဒပြည့်ဖို့ ဆုတောင်းပါ။

ကျန်းမာရေးအတွက် သိုက်ချုပ်ဘိုးတော်(များ)အား မေတ္တာရပ်ခံပေးပါ။ သိုက်အဆက်မရှိခဲ့သော် ကျန်းမာရေး စီးပွားရေးအနည်းငယ်ညှံ့ပါ၍ ဘာသာရေးအဓိဋ္ဌာန်ပုတီးစိပ်ပါ။ ဖော်ပြပါ ယတြာကျေအောင်ချေပါ။ အိမ်ထောင်မရှိသေးသူ အိမ်ထောင်ကျကိန်းရှိသလို၊ ရှိပြီးသားအိမ်ထောင်ရှင်များလည်း စုတ်ကြီးကြုံတတ်ပါ၏။ သတိထားပါ။ ပြဿနာကြီးပါမည်။ သာမန်ရောဂါဝေဒနာဖြစ်ပါက ရှောက်သီးကို ကြွေ(သို့)ကော်ပန်းကန်တွင် တင်လှူပါ။ ရှောက်သီးကို ယတြာချေသော ကာယကံရှင် မစား၊ မသုံးသင့်ပါ။ ရောဂါဖြစ်ပွားလျှင် ခါးအထက်ပိုင်းဝေဒနာ သတိပြုပါ။ မိသားစု၊ သားသမီး၊ ဆွေမျိုးများက လာရောက်မှီခိုနေထိုင်တတ်ပြီး သူတို့အတွက် စိတ်ရှုပ်စရာများ ကြုံတတ်ပါ၏။ ယတြာရှောက်သီးသည် ကာယကံရှင်ဝေဒနာရှိပါက ညှိုးပုပ်လွယ်ပြီး ညှိုးပုပ်မှည့်လျှင် ယတြာမကျေတတ်ပါ၍ ရောဂါမသက်သာပါ။ ဆိုးအား(–)၅၀% ရှိပါမည်။

ရွတ်ပွားရန်

စီရံပါလေတု မံဗုဒ္ဓေါ၊ ဓမ္မောရမတု မာန သော၊ သံဃောတတု သုခံ သဗ္ဗေ ဒေဝါမာနေန္တု မံသဒါ။ (၁၀၈ ခေါက်)။ [ဝိဇ္ဇာဓရ အာရက္ခမန္တန်တော်ပေါင်းချုပ်ကျမ်းလာ ဝိဇ္ဇာအများရွတ်တဲ့ သဗ္ဗသိဒ္ဓေဟ ဂါထာတော်ကြီး အပိုဒ်(၂) ဖြစ်ပါသည်။]

ပြုလုပ်ရန်

ပဋ္ဌာန်းယပ်တောင်လှူခြင်း၊ ဘုရားရင်ပြင်တော်၊ စေတီတော် သန့်ရှင်းရေးပြုလုပ်ခြင်း၊ သောက်တော်ရေ သုံးတော်ရေ ချိုးတော်ရေ စသည့် ရေတော်လှူဒါန်းခြင်း၊ သောက်ရေပုံးရေခွက်လှူခြင်း၊ ပျက်သောလမ်းပြင်ခြင်း၊ ယုန်၊ လိပ်(တိရစ္ဆာန်ရှုံမှာဖြစ်စေ) အစာကျွေးခြင်း၊ လေရောဂါ(လေဖြတ်/လေနာ)။ ဝေဒနာရှင်ကို တတ်စွမ်းတာ ကူညီခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ အလှူငွေပါဝင်ခြင်း၊ ရေညှိခွာခြင်း၊ ကုဋ္ဌိရေထည့်/ဆေးကြောခြင်း၊ လမ်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ တတ်စွမ်းရာကို (၉)ကြိမ်ပြည့်ပါစေ။

(ဃ) သောကြာသားသမီးများ၊ အမည်ရှင်များ၊ အမည်စာလုံးရှေ့ (သ၊ ဟ)ပါသူများ

ယခုနှစ်ပိုင်းကာလသည် အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးမှုမရှိ အဆင်ပြေပါသည်။ ချစ်သူအိမ်ထောင်ဖက်အချင်းချင်း ချစ်ခင်ကြင်နာမှု အပြည့်အဝရရှိပါ၏။ ဝင်ငွေကိန်း ထွေရကိန်း၊ ငွေရလမ်း နည်းပါးတတ်ပါ၏။ သစ်ပင်များ ခုတ်လှဲခြင်း



www.burmeseclassic.com

www.burmeseclassic.com

ပါဝင်ခြင်း၊ အကြံပြုခြင်း မလုပ်အပ်။ တက်လမ်းပိတ်သလိုရှိတတ်၊ မည်သည့်နေရာရောက်ရောက် သစ်ပင်ကြီးများအောက် အပေါ့အလေး အထူးရှောင်ပါ။ ရက္ခစိုးဆိုင်ရာ ကျင့်စဉ်အမိဋ္ဌာန်မော်သွင်းခြင်းများ အကောင်းဆုံးအချိန်ဖြစ်၊ နီးစပ်အာရုံကျရာ တန်ခိုးကြီးဘုရားတွင် နံ့သင့်သစ်ရွက်လှူခြင်း၊ ဖောမိညောင်ရွက် (သက်စေ့) (ကြွေကျခြင်း/ရောင်းချခြင်း) မွေးနံ့ထောင့်မှာ လှူပါ။ လိုရာဆန္ဒပြုပါ။ ညောင်ရွက်၊ မွေးနံ့ရွက်လှူရာတွင် နီး/ချိုးမယူသင့်ပါ။ ဝယ်ယူခြင်း၊ ဆိုင်ရာညောင်/သစ်ပင်စောင့် ရက္ခစိုးနတ်မင်းကြီးထံတွင် ပန်ကြားတောင်းခံ၍ နံ့သာတိုင်၊ အလင်းတိုင်၊ နဝင်းသီး(လိမ္မော်)၊ ကောက်ညှင်းပေါင်း၊ ကွမ်းယာ၊ လက်ဖက်၊ ဘယာကြော် စသည်တို့ ရရာတင်မြှောက်ပသပြီး မေတ္တာရပ်ခံ တောင်းယူပါ။ (၉)ရွက် သို့မဟုတ် သက်စေ့လှူနိုင်။ လိုရာဆန္ဒပြုခြင်းမှ ကြီးပွားကံမြင့် ဘုန်းမိုးတိုးတက်ပါမည်။ ရောဂါဝေဒနာဖြစ်လျှင် ခန္ဓာကိုယ်အထက်ပိုင်း အထူးသဖြင့် ခေါင်းပိုင်းသတိပြုပါ။

ဆိုးအား(−)၁၀၀% ရှိသော ကိဋ္ဋကောဇာဇေယျတိုင်၊ မဟာဘုတ်မရဏဌာနတွင် ရပ်တည်နေပါ၍ အောက်ပါယတြာကို အထူးပြုလုပ်ပေးခြင်းဖြင့် ၁၃၇၅ ခုနှစ်မှာ ကြုံဆုံရမည့် အညံ့အဆိုးများ သက်သာစေပါမည်။

သကြိန်နောက်ဆုံးနေ့ (၁၆−၄−၂၀၁၃) အင်္ဂါနေ့မှာ ဖြစ်စေ၊ အခြားမည်သည့်နေ့မှာမဆို (၁၃၇၅ ခုနှစ်အတွင်း). ညအိပ်ရာဝင်ချိန်မှာ မိမိ၏ တစ်ယောက်တည်းလိုင်စင်ဓာတ်ပုံ ဖြစ်စေ၊ လူအများနှင့်ပုံဖြစ်လျှင် မိမိတစ်ယောက်တည်းပုံဖြစ်အောင် ညှပ်ထုတ်ပြီး မိမိ၏ အိတ်ကပ်၊ ခေါင်းအုံးအောက်၊ အိပ်ရာအောက်မှာ ထားအိပ်ပြီး နောက်တစ်နေ့နံနက် (နှစ်ဆန်းတစ်ရက်နေ့ဖြစ်မစေ)တွင် အိမ်နောက်ဖေး/အိမ်သာ/အိမ်သာရှေ့တွင် ဓာတ်ပုံကို ပြာကျသွားသည်အထိ မီးရှို၍ ၁၃၇၅ ခုနှစ်အတွင်း ကြုံဆုံနိုင်ဖွယ်ရှိသော ကံကြမ္မာအညံ့အဆိုးများ ဤဓာတ်ပုံနှင့်အတူ မဟာစကြဝဠာတံတိုင်းကြီးအပြင်ဘက်သို့ ထွက်သွားပြီဟု ရေရွတ်ပြောဆိုလိုက်ပါ။ အချိန်နေ့ရက်မရွေး ပြုလုပ်နိုင်ပါသည်။

ရွတ်ပွားရန်

(ဦ) ဂဇဝေဒေ သဗ္ဗသတော ယံ ပဒေသံ အာဂစ္ဆတိ။ (၃၇)ခေါက်။ ရက္ခစိုးမော်သွင်းသော မန္တန်ဖြစ်ပါသည်။

ပြုလုပ်ရန်

သီလသိက္ခာကြီးမားသော ရဟန်းတော်၊ ကြည်ညိုလေးစားသောဆရာသမား၊ သီလရှင်ဆရာကြီး(အဆင်ပြေရာ) ကို ဆေးဝါးဓာတ်စာလှူပါ။ ဆင်၊ ဆိတ် အစာကျွေးပါ။ ... ကလေးလွှတ်ပါ။ စိတ်မကျန်းမာသူကို ပေးကမ်းကျွေးမွေးလှူ... ပါ။ ဆွမ်းဆန်စိမ်း(ဆန်)လှူနိုင်ပါသည်။ စာဖြေအလှူ... တန်ဆောင်းအလှူငွေပါဝင်ခြင်းလည်း ပြုပါ။ (၉)ကြိမ်အနည်း... ရှိစေလိုပါသည်။

မွန်မြန်မာသင်္ကြန်ရာဇ် ၁၃၇၅ ခုနှစ်အတွင်း (၇)ရက်သား... သမီးများ (ရာဟုဖွားပါမချန်) မြန်မာနှစ်ဆန်းတစ်ရက်နေ့... အခြားနေ့များတွင် ပြုလုပ်ဆောင်ရွက်နိုင်မည့် ယတြာသူ... ကဏ္ဍကို စီစဉ်တင်ဆက်ပါသည်။

နေ့သားသမီးများအလိုက် ပြုဖွယ်ဆောင်တာ ကို... အဝဝတို့ကို အနည်းဆုံး ၉ ကြိမ် ၉ ခါ ရှိစေလိုပါသည်... ယတြာများ ပြုလုပ်နေစဉ် (လှူဒါန်းပူဇော်ဒါနပြုခြင်း)ကို အာ... သဒ္ဓါစိတ်အပြည့် ညွတ်ထားခြင်းက ကံအထူးပွင့်လန်းမြင့်မား... ပါလိမ့်မည်။ ဗေဒင်လက္ခဏာ ဆရာ/မ စကားကို နားထောင်... ပြုလုပ်ခြင်းထက် မိမိ၏ ယုံကြည်မှုသဒ္ဓါက လွှမ်းမိုးပြုလုပ်စေ... ပါသည်။ ယတြာချေခြင်း၊ ယုံကြည်ခြင်းက (+)၅၀%... ပြီးစီးအောင်မြင်စေပြီး ဆရာ/ဆရာမ၏ ပညာစစ်က (+)၅၀%... ပေါင်းစပ်ခြင်းတို့ဖြင့် ကုသိုလ်အကျိုး (+)၁၀၀% ပိုမိုတိုးပွားစေ... သည်။

နေ့နံမသိသောနေ့သားသမီးများအနေဖြင့် မိမိကို အမှ... က ခေါ်ဝေါ်ကြသည့်နာမည်စာလုံးအရင်း(အစဦး)အလုံးကိုယူ... ဥပမာ (ဇာဏီမောင် = ဇာ = အင်္ဂါနံ = အင်္ဂါသားသမီးမှာ... ဟောကိန်း၊ ပြုဖွယ်ဆောင်တာများတွင် ကြည့်ပါ။)

၁၃၇၅ ခုနှစ် (အောင်စည်ထွန်းပြောင်)သည့် မင်္ဂလာ... မြဲတ်တွင် မိမိတို့၏ ကံကြမ္မာအဆိုးအကောင်း၊ အကျိုးအကြော... ကို စေ့စပ်ပြည့်စုံစွာ သိရှိလိုပါလျှင် နီးစပ်ရာ ဝေဒပညာဆိုင်... အကြံပေး၊ ဗေဒင်လက္ခဏာနက္ခတ်ဇာတာ ဆရာ/ဆရာမပညာ... ရှင်ကြီးများထံ သီးသန့်တွေ့ဆုံမေးမြန်းအကြံပြု လမ်းညွှန်ချက်... ရယူရန် လိုအပ်မည်ဖြစ်ပါကြောင်း အလေးအနက်မေတ္တာရပ်... တိုက်တွန်းပါသည်။

စေတနာသာလျှင်ကံ ...

မိုးသောက်ကြယ်

(လူမှုထူးချွန်ဂုဏ်ထူးဆောင်)



www.burmeseclassic.com

www.burmeseclassic.com



# နှစ်သစ်ချိန်ခါ ဆောင်ရွက်ပါ

သဒ္ဓါကျောက်ဆရာတော် (သံတွဲမြို့)

ငါတို့နေရာ ဤကမ္ဘာ ဟာဏာအုပ်စိုးသည်။ တဏှာစေရာ မနေသာ ဖွေရှာဆက်ရသည်။ တစ်နေ့ဖောက်ပြန် သည့်ရုပ်နာမ် သေရန်တစ်ရက်နီးလာပြီ။

ဤလင်္ကာလေးမှာ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရမဟာအောင်မြေ သာသနာ့ပြုဦးစီးနာယက ပဓာနကမ္မဋ္ဌာနစရိယ ဦးအာစာရလင်္ကာသီရိ (ပင်မသင်္ဂအင်းဂူအဖွဲ့ချုပ် တိုက်ခွဲ အမှတ် ၂၁)၏ သီလပေးတရားပွဲတိုင်း ဩဝါဒပေးနေကြ လင်္ကာသံပေါက် ဖြစ်သည်။

ယနေ့ ဘဒ္ဒကမ္ဘာကြီးသည် ရွာကြီးတစ်ရွာ ဥပမာဖြစ်နေချိန် သူတစ်လူ့ဒါတစ်မင်း ကမ္ဘာစစ်ပွဲ ပြည်တွင်းစစ်များဖြင့် သည်းခြေပျက်လုမတတ် ကျီးလန့်စာစားနှင့် နေထိုင်ကြရသည်။ မင်းကွန်းဘိပိဋက ဆရာတော်ဘုရားကြီး ဟောမိန့်တော်မူသည့်အတိုင်း ကမ္ဘာကြီးမှာလည်း မီးဟုန်းဟုန်းတောက်လောင်နေသလို လူတိုင်းနီးပါးဆိုရလုမတတ် လောဘမီး၊ ဒေါသမီး မောဟမီးတို့သည် လောင်ကျွမ်းလျက်ရှိနေသည်ဟု ဆိုမိန့်ပါသည်။

ကျွန်ုပ်တို့ နိုင်ငံတော်ကြီးဝယ် နိုင်ငံတော်အကြီးအကဲများမှ နိုင်ငံတော်ကြီး ငြိမ်ဝပ်ပိပြား တိုးတက်မှုရှိစေရန် မည်မျှပင် ကြိုးပမ်းဆောင်ရွက် လုပ်ကိုင်နေသည်ကို အားလုံးသိမြင်ကြပြီး ဖြစ်သည်။ သို့သော် ပြည်တွင်းစစ်မီးရန်ကား နေရာအနှံ့အပြား ကြားသိမြင်တွေ့နေရသည်။

အကြောင်းခံအစစ် တကယ်ရှာဖွေကြည့်သောအခါ၌ လူတို့တွင် အတ္တတရားတို့သည် လွန်ကြီးမားပြီး ဖြဟ္မစိုရ်တရား ကင်းမဲ့နေခြင်းကြောင့်ဖြစ်သည်။ ဖြဟ္မာစိုရ်တရားကင်းမဲ့ခြင်းကြောင့်လည်း ဘုရားကို ဘုရားမှန်းမသိ၊ တရားကို တရားလိုမသိမြင်၊ သံဃာတော် မိဘဆရာဆရာများအပေါ် ရှိသေမှု ဂါရဝတရား အကူးကင်းမဲ့ကာ ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ခြင်းတိုင်းပျက်နှင့် အဝိဇ္ဇာတိမ်သလ္လာများ ဖုံးလွှမ်းနေကြခြင်း ဖြစ်သည်။

မကြာမီ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ၁၃၇၄ ခုနှစ်၊ နှစ်ဟောင်းကုန်ကူး၍ ၁၃၇၅ ခုနှစ် နှစ်သစ်ကူးပြောင်းပေတော့မည်။ ထိုသို့ နှစ်ဟောင်းလွန်မြောက် နှစ်သစ်သို့ ကူးပြောင်းတက်လှမ်းချိန်တွင် ကျွန်ုပ်တို့သည် စိတ်သစ်လူသစ် အကုသိုလ်အညစ်အကြေးများ ပယ်ပျောက်ရန် ကုသိုလ်ဘာဝနာများဖြင့် ကူးပြောင်းတတ်ဖို့ အထူးလိုအပ်ပါသည်။ သို့ပါသောကြောင့် ဗုဒ္ဓဘာသာဝင် (ဂါရဝတရားလက်ကိုင်ထားသည့် မည်သည့်လူမျိုးဘာသာမဆို) အမျိုးကောင်းသားသမီးမှန်က လွန်ခဲ့သည့်အတိတ်ကာလ သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ကာယကံ၊ ဝစီကံ၊ မနောကံ အဖြစ်တို့ဖြင့် ခင်ပွန်းကြီးဆယ်ပါးအပေါ်တွင် ပြစ်မှားမိခဲ့သော အကြောင်းတရားများကို ဝန်ချတောင်းပန်ကန်တော့သင့်ပေသည်။

စာပေကျမ်းဂန်အဆိုအရ ခင်ပွန်းကြီး ဆယ်ပါးပေါ်တွင် ပြစ်မှားကျူးလွန်ခြင်းဖြုံမိပါက စိမ့်ရေသင့်ကံကြီးထိုက်ဂိုဏ်းကြီးသင့်၍ မည်ရွေ့မည်မျှ ကြိုးစားအားထုတ် ထက်သန်စွာ အလုပ်အကိုင်၊ စီးပွားရေး၊ ဘဝတိုးတက်ရေးတို့သည် ကြိုးပမ်းသည့်ဆောင်သော်လည်း သိနိုက်



www.burmeseclassic.com

www.burmeseclassic.com

ပျက်ပြားမှုတို့နှင့် ရင်ဆိုင်ကြုံတွေ့ရခြင်း၊ လောကီရေးရာ ပေဒင်မေး၊ ဓာတ်ရိုက် ဓာတ်ဆင်၊ ယတြာပြုလုပ်၊ အဓိဋ္ဌာန်ဝင် မည်မျှပင် အဖတ်ဆယ်ဆောင်ရွက်ပါစေဦး၊ ကိုးတက်သွားခြားပြောင်းလဲမှု မရှိနိုင်ဘဲ၊ ခင်ပွန်းကြီးဆယ်ပါး ဂါထာတော်မြတ်ကို ရိုသေကျိုးနွံစွာ ရွတ်ဆိုပူဇော်ခြင်း ကိုယ်ထိလက်ရောက် ဝန်ချတောင်းပန်ခြင်းများ ဆောင်ရွက်နိုင်မှက တင်ရှိနေသော ကံကြေးဝဋ်ကြွေး ကင်းရှင်းပပျောက်၍ လုပ်ငန်းကိစ္စ ပြန်လည်ဦးမော့အောင် ဆောင်ရွက်နိုင်မည်သာ ဖြစ်သည်။

ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ၊ သံဃာ၊ မိဘ၊ ဆရာ ပေးကျေးထောက်ပံ့ဆောင်ရောက်ခဲ့ဖူးသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်၌ အမှတ်မထင် မတော်တဆ ပြစ်မှားစော်ကားမိပါက ခင်ပွန်းကြီး ဆယ်ပါးဂါထာတော်မြတ်အား ကန်တော့ပွဲများပေး၍ ဝန်ချတောင်းပန်ပူဇော်ကန်တော့စေခြင်းဖြင့် ကံဆိုးကြမ္မာဆိုးများကို လျော့ပါးစေနိုင်ပါသည်။

ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသားမြန်မာလူမျိုးတို့သည် ကျေးဇူးတရားကျေးဇူးဂုဏ်နှင့် ပတ်သက်လာပါက လူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ သက်ရှိသက်မဲ့မရွေး ရေမြေတောတောင် နေလ အာကာသ ရာသီဥတု သဘာဝမတူ၊ ထိုက်သင့်သော ကျေးဇူးတရားရှိက ကြီးမြတ်သော ရဟန်းသံဃာတော်များ၊ မိဘဆရာ သမား၊ အကြီးအကဲ သက်ကြီး၊ လူကြီးသူမများ၏ အရိပ်ကိုပင် မတော်တဆ မနင်းကျော်မိစေရ။ ဒဏ်သင့်ငရဲကြီးတတ်သည်။ ဂါထာမန္တန်များကိုလည်း တေးသီချင်းကဲ့သို့ နောက်ပြောင်ကျီစယ်လို၍ မဆိုရ၊ အပြစ်ဒဏ်သင့်တတ်ပေသည်။

ခင်ပွန်းကြီးဆယ်ပါးတွင် ပါဝင်သော ပုဂ္ဂိုလ်များအပေါ်တွင်လည်း ယောင်ယမ်း၍ မပြစ်မှားမိစေရ။ ပြစ်မှားစော်ကားမိက စိမ်ရေသင့်တတ်သည်။

**မီးမီး၏ အသက်မွေးဝမ်းကျောင်း** ရှာဖွေလုပ်ငန်းခွင်တွင် သုံးစွဲလုပ်ကိုင်ရသော ဒူးဆောက်၊ တူ၊ လွှ၊ ပေတံမှ အစ နင်းကျော်ခြင်းမပြုရ၊ တွေ့ရာပစ်ထားခြင်းမပြုရ။ သက်မဲ့ပစ္စည်းဖြစ်သော်ငြား မီးမီးအား ထမင်းကျွေးသော ကျေးဇူးရှင်များဖြစ်၍ ရိုသေသင့်ပေသည်။ ဇာမင်း၊ စပါး၊ သန်စေ့၊ ကောက်ပဲသီးနှံများ တွေ့မိက ကျော်တက်နင်းခြေခြင်း မပြုသင့်ပေ။ သင့်ရာတော်ရာ သိမ်းဆည်းဖယ်ရှားသင့်သည်။ မီးမီးအတွက် အာဟာရဝမ်းစာ ပေးစွမ်းခြင်းကြောင့် မရိုမသေပြုအပ် မရှိသေက ရှာဖွေမရ ဝမ်းမဝ ဖြစ်တတ်ပါသည်။

သစ်ပင်သစ်ခက် သစ်ရွက်များကို ခူးဖြတ်ဆွတ်ယူရမှာလည်း အကြောင်းမဲ့ ချိုးရိုက်ဖြတ်တောက်ခြင်းမပြုသင့်။ မလွှဲမရှောင်သာ ခူးဆွတ်ဖြတ်တောက်လိုက ယတြာဆေးဝါး ဓာတ်စာအဖြစ် နွှတ်မှ ဆရာကြီးကြွပါ တရိုတသေပြောဆိုပြီး ခူးဆွတ်သင့်ပါသည်။ ထိုသို့ ဆွတ်ခူးယူခြင်းဖြင့် ယတြာဓာတ်စာ ဆေးအစွမ်းထက်မြက်မှု ပိုစေနိုင်ပါသည်။ အရိပ်အာဟာရတွေပေးခြင်းကြောင့်လည်း မရိုမသေ ပြုလုပ်ခြင်းမလုပ်သင့်။

မီမီအသုံးပြု ကြည့်ရှုလေ့လာရေးသားနေသော စာရွက်၊ စာအုပ်များနှင့်လည်း ဖုန်(ဖုတ်)မှုတ်များ ခါခြင်းလည်း လုံးဝမပြုလုပ်သင့်။ အသိဉာဏ်လိမ္မာပေးခြင်းကြောင့် မရိုသေလျှင် စာပေမတတ် အန္ဓအကန်း ဖြစ်တတ်ပါသည်။

အသားများ စားသောက်မှု၌ အမဲသား(ကျွဲသား၊ နွားသား)အတတ်နိုင်ဆုံး မစားမိအောင် ရှောင်ကြဉ်ခြင်းက ပို၍ကောင်းပါသည်။ လူသားတွေအားလုံး အသက်ရှင်နေထိုင်ရေးအတွက် ကောက်ပဲသီးနှံ စပါးစိုက်ပျိုးနိုင်ဖို့ အဓိကလုပ်အားဖြင့် ရုန်းကန်ကြရသည်။ ကျွဲ၊ နွားများရဲ့ အသားဟာ မီမီရဲ့ ကျေးဇူးရှင်များ ဖြစ်[...] ခြင်းကြောင့် အထူးရှောင်ကြဉ်သင့်[...] သည်။ (မှတ်ချက် ။ စာရေးသူဆို[...] အသက် ၁၇ နှစ်မှစ၍ ယခုနေ့ ၆၀ [...] ထိတိုင် လုံးဝစားသုံးခြင်း မပြုခဲ့ပေ)

မိုး,နေ,လေ ဆိုသည့် အာကာသ[...] သဘာဝဓာတ်မှ ပတ်သက်၍ မီမီ၏ စိတ်[...] ဆန္ဒနဲ့ လိုက်လျောညီထွေမှု မရှိသည့်[...] အခါ သောက်. . . လရှိ၊ ရိုင်းပြစော်ကား[...] သော စကားဖြင့် ဝေဖန်တိုင်းတာ[...] မပြုမိစေရန်လည်း သတိထားသင့်[...] သည်။ သဘာဝရေ,မြေ,လေ,မိုးတို့သည် လူသားများအတွက် မရှိမဖြစ်လိုအပ်သော[...] ပစ္စည်း ဖြစ်ပေသည်။

ပင်လယ်သမုဒ္ဒရာ မြစ်ပြင်ထဲ[...] တွင် လူသားတို့အား ရေကြောင်းလမ်း[...] အသက်ကယ်တင်သည့် စင်ရော်၊ လ[...] ပိုင်၊ ဝေလ ဆိုသော ရေပျော်သတ္တဝါ[...] များကိုလည်း သတ်ဖြတ်စားသောက်ခြင်း[...] မပြုသင့်။ သံထိုက်ဥပါဒ်ဘေး တွေ့ရ[...] တတ်ပါသည်။

ထို့ပြင် မီမီသုံးစွဲကိုင်ဆောင်နေ[...] သော ငွေသားစက္ကူများအား တက်နင်း[...] ဖြဲဆုပ်ခြင်း မရိုမသေမပြုအပ်။ လုပ်မိ[...] ရှာဖွေ၍မရ၊ ငွေမဝင်၊ ငွေကြေးပြတ် [...] တဲ့တတ်ခြင်းကြောင့် ယခုကဲ့သို့ နှစ်ဦး[...] သမယ၌ ခင်ပွန်းကြီးဆယ်ပါး ကိုယ်[...] လက်ရောက် ဝန်ချတောင်းပန်ပူဇော်[...] ကန်တော့နိုင်ရန် မေတ္တာဖြင့် ရေးသား[...] ပူဇော်တင်ပြလိုက်ပါသည်။

## ခင်ပွန်းကြီးဆယ်ပါးကန်တော့[...]

လူမျိုးမရွေး ဘာသာမရွေး ခင်[...] ကြီးဆယ်ပါး ကျေးဇူးတရားနှင့် မက[...] လွတ်နိုင်ကြသူများ ဖြစ်ကြပေသည်[...] ခင်ပွန်းကြီးဆယ်ပါး ပုဂ္ဂိုလ်များမှာ –

ဗုဒ္ဓေါ ပစ္စေက အရဟာ အဂ္ဂ[...] ဝက မာတာပိတုဂုရုသတ္တာ ဓမ္မ[...]



www.burmeseclassic.com

www.burmeseclassic.com

ကာစ ဒါယကာ ဣမေဒသ မဟာဂုဏော အဟံဝန္ဒာမိ သဗ္ဗဒါ။

၁။ မြတ်စွာဘုရား။ ၂။ ပစ္စေက ဗုဒ္ဓါ၊ ၃။ ရဟန္တာ၊ ၄။ အဂ္ဂသာဝက၊ ၅။ မိခင်၊ ၆။ ဖခင်၊ ၇။ အရွယ် ပညာ သီလဂုဏ် စသည့်အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်၊ ၈။ အသိပညာ၊ အတတ်ပညာ၊ အလိမ္မာပညာပေးသည့်ပုဂ္ဂိုလ်၊ ၉။ တရားဓမ္မဟောပြောဆုံးမပေးသည့်ပုဂ္ဂိုလ်၊ ၁၀။ ပေးဖူး။ ကျွေးဖူး။ ကျေးဇူးပြုဖူးသော ပုဂ္ဂိုလ် ဣမေဒသ ဤဆယ်ဦးသော ပုဂ္ဂိုလ်တို့အား၊ အဟံကျွန်ုပ်သည် နေ့ည မပြတ် အချင်းခပ်သိမ်း ကျေးဇူးယုက်မြေး စိမ့်စိမ့်တွေးလျက် ရှိသေမြတ်နိုး လက်စုံမိုး ရှိခိုးပါ၏။ အရှင်ဘုရား။

## ခင်ပွန်းကြီးဆယ်ပါးအပေါ် သိ၍/မသိ၍ဖြစ်စေ ပြစ်မှားမိက ဝန်ချ၊ တောင်းပန်ကန်တော့ရန်

ဘုရားတပည့်တော်သည် လွန်ခဲ့သော အတိတ်ဘဝမှ ယခုဘဝတိုင် တွေ့ဆုံကြုံကြိုက် ဦးခိုက်ဖူးမြော်ရသော ၁။ အဆူဆူကုန်သော ဘုရားရှင်များ။ ၂။ အဆူဆူကုန်သော အရှင်ပစ္စေကဗုဒ္ဓါများ။ ၃။ များပြားလှစွာသော ရဟန္တာများ။ ၄။ များပြားလှစွာသော အဂ္ဂသာဝက မဟာသာဝကရဟန္တာအရှင်မြတ်များ။ ၅။ မိခင်များ။ ၆။ ဖခင်များ။ ၇။ အရွယ်ပညာ သီလဂုဏ် အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်များ။ ၈။ အသိ,အတတ်,အလိမ္မာ, ပညာတို့ကို သင်ကြားပေးသော ဆရာများ။ ၉။ အပါယ်သံသရာ လွတ်စေရာ မြတ်စွာဓမ္မဟောကြားဆုံးမခဲ့သော ဓမ္မကထိက ပုဂ္ဂိုလ်များ။ ၁၀။ အရေးတစ်စုံကိုယ် ၌ကြုံသော် သက်လုံကျောင်းရာစေတနာနှင့် ပေးဖူး။ ကျွေးဖူး။ ကျေးဇူးပြုခဲ့ဖူးသော ထိုပုဂ္ဂိုလ်များအပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားကျူးလွန်မိခဲ့သည် သိရှိသော် ထိုအပြစ်တို့ကို သည်းခံခွင့်လွှတ်တော်မူရန် တောင်းပန်ဝန်ချကန်တော့ပါသည်ဘုရား။

ဆုတောင်းကန်တော့ရသော အကျိုးအား၊ အနိဋ္ဌဖလာ ဒုက္ခအသွယ်သွယ် အန္တရာယ်အပေါင်း မကောင်းဟူသမျှ လွတ်ငြိမ်း၍ သုခချမ်းသာ အဖြာဖြာနှင့် လိုရာဆန္ဒဟူသမျှ ပြည့်ဝရပါစေ အရှင်ဘုရား။

## ထိုသို့ ခင်ပွန်းကြီးဆယ်ပါးအား ပူဇော်ဝန်ချကန်တော့ခြင်းအားဖြင့် ရရှိနိုင်သောအကျိုးကျေးဇူး(၁၀)ပါးမှာ

(၁) အစားအစာပေါ်များခြင်း၊ (၂) ရောက်ရာအရပ်၊ လေးစားအပူဇော်ခံရ တတ်ခြင်း၊ (၃) ရန်သူမျိုးငါးပါးနှင့် ကင်းဝေးစေခြင်း။ (၄) နတ်လူချစ်ခင်သူပေါ်များခြင်း။ (၅) လူပုံပရိသတ်အလယ် တင့်တယ်စွာ ထင်ပေါ်ကျော်စောခြင်း။ (၆) ကောင်းသတင်းဂုဏ် ကျော်စောခြင်း။ (၇) အခြွေအရံများခြင်း (၈) စီးပွားဥစ္စာဖွံ့ဖြိုးတိုးတက်ခြင်း၊ (၉) ဘေးဒုက္ခကြုံသော်လည်း အကူအညီရရှိခြင်း (၁၀) သား/သမီးရတနာကောင်းရရှိစေခြင်းအကြောင်းတရားဖြစ်သည်။

## ထိုသို့ပေးဆပ်မကျန် ကျေးဇူး ဂုဏ်တရား အထူးပြည့်စုံသော ခင်ပွန်းကြီး(၁၀)ပါးအပေါ် ပြစ်မှားကျူးလွန်မိက ရရှိခံစား နိုင်သည့် ဒဏ်(၁၀)ပါးမှာ

(၁) ပြင်းထန်သော ဦးခေါင်းဝေဒနာ ခံစားရတတ်ခြင်း။ (၂) ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများ ဆုတ်ယုတ်ပျက်စီးခြင်း။ (၃) လက်ခြေပြတ်ခြင်း။ ကိုယ်အင်္ဂါပျက်စီးခြင်း။ (၄) ကုသ၍ မရနိုင်သော ကြီးလေးသော ရောဂါဝေဒနာ ခံစားရခြင်း၊ (၅) ရူးသွပ်ခြင်း,စိတ်မတည်ငြိမ်ဖြစ်ခြင်း၊ (၆) မင်းပြစ်မင်းဒဏ်ခံရခြင်း။ (၇) မတော်မတရားစွပ်စွဲခံရခြင်း။ (၈) ဆွေမျိုးကောင်း, မိတ်ဆွေကောင်း မရရှိနိုင်ခြင်း။ (၉) စည်းစိမ်ဥစ္စာ အခြွေအရံ ပျက်စီးဆုံးရှုံးခြင်း၊ (၁၀) နေရာတိုက်တာ အိုးအိမ် မီးလောင်ဆုံးရှုံးရခြင်းအပြင် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်နိုင်ပါသည်။

## ကန်တော့ပွဲစီစဉ်ပုံများ

မိမိမွေးနေ့အရပ်တွင် ထမင်းစားပွဲဝိုင်းကြီးတစ်လုံးကို ဦးစွာချ၊ ထမင်းစားပွဲဝိုင်းကြီးရဲ့အလယ်မှာ မြတ်စွာဘုရားကို ရည်စူးပြီး ကြွေပန်းကန်ပြားတစ်ချပ်ချ။ ထိုပန်းကန်ပြားအတွင်း၌ သောက်တော်ရေတစ်ခွက်၊ ဖယောင်းတိုင်တစ်တိုင်ပြ..တော့မှ ထမင်းစားပွဲဝိုင်းကြီးရဲ့ ဘေးပတ်လည်မှာ ကြွေပန်းကန်တိုင်းမှာ သောက်တော်ရေတစ်ခွက်၊ ဖယောင်းတိုင်တစ်တိုင် စီထည့်ပြီးနောက် သစ်သီးတစ်မျိုးစီစိတ်ပြီးတော့ထည့်၊ စုစုပေါင်းသစ်သီး ၁၀ မျိုး ပါဝင်နေရမည်။ အလယ်ဘုရားအတွက်မှ အားလုံးသော သစ်သီး ၁၀ မျိုးကို စုပေါင်းထည့်ပေးရပါမည်။ အဲဒီနောက် ဖယောင်းတိုင်တစ်တိုင်စီထွန်းညှိပြီး ခင်ပွန်းကြီးဆယ်ပါးအား တစ်ပါးခြင်းဝန်ချတောင်းပန်ခြင်း ပြုရမည်ဖြစ်ပါသည်။

သကြံန်နှစ်ဆန်း ၁ ရက်နေ့ ခေါင်းဆေးမင်္ဂလာပြုပြီး ခင်ပွန်းကြီးဆယ်ပါး ..န်တော့ပွဲပြုပြင်၍ ပူဇော်ကန်တော့နိုင်က လွန်စွာအကျိုးသက်ရောက်မှု ရှိပါသည်။

သဒ္ဒါကျောက်ဆရာတော်(သံတွဲမြို့)



www.burmeseclassic.com

www.burmeseclassic.com




# ယဉ်ကျေးမှုဖြင့် နှစ်သစ်ကြိုကြစေချင်

ရေကျော်စိုးအောင်

မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့တစ်ရပ်တွင် သင်္ကြန် ကာလသည်လည်း ပါဝင်ပါသည်။ တန်ခူးလဟုလည်း ခေါ်ဆိုကြသည်။ မိဿရာသီဖြစ်ပြီး စိတြနက္ခတ်နှင့်လည်း စန်းယှဉ်သောလဖြစ်၏။ ကံ့ကော်၊ ခိုင်ရွှေဝါ ပိတောက်ပန်းတို့ ပွင့်သော လရာသီလည်း ဖြစ်သည်။

ပိတောက်ပန်းနှင့် စပ်လျဉ်း၍ ဤသို့ အနက်ဖွင့်ထားသည်ကိုလည်း မှတ်သားမိရပြန်ပါသည်။

ယောရုက္ခော–အကြင်သစ်ပင်သည်၊ ပသန္နာနံ–မြင်သောသူ ကြည်လင်သောသူတို့အား၊ တောသေတိ–နှစ်သက်စေတတ်၏။ ဣတိ–ထို့ကြောင့်၊ သောရုက္ခော–ထိုသစ်ပင်သည်၊ ပတောသော–ပိတောက်မည်၏ဟူ၍ ဖွင့်ဆိုထားခြင်းပင်ဖြစ်၏။

သင်္ကြန်ကာလ တန်ခူးလသည် သင်္ကြန် သီလ၊ ကရ၊ အနန္တ ပုဒ်ခွဲ၍ တားဆီးခြင်းဖြစ်ပြီး၊ သီသသည် သဒ္ဒါအားဖြင့် ဦးခေါင်းဖြစ်ပြီး၊ ကရသည် သဒ္ဒါအားဖြင့် ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရ၏။ အန္တသည် သဒ္ဒါအားဖြင့် အဆုံးဟု ဆိုထုံးဖွဲ့ထားသည် ဖြစ်ရကား သင်္ကြာစ် ဦးခေါင်းအဆုံးပြုခြင်းလည်း ဖြစ်၏။ တစ်နည်းအားဖြင့် တပေါင်းလကုန်ဆုံး၍ ဦးခေါင်းနှင့်တူသည့် တန်ခူးလသို့ ပြောင်းခြင်း၊ တစ်နည်း နေမင်းပြောင်းရွှေ့ခြင်းကို သင်္ကြန်ကျသည်ဟု ရှေးပညာရှိကဗိတို့က မှတ်တမ်းတင်ထားသည် ဟူ၍လည်း မှတ်သားမိရပါသည်။

တန်ခူးလအခါသမယတွင် နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်သို့ မပါစေရန် လူကြီးသူမ၊ သက်ကြီးရွယ်အို၊ မိဘများအား ခေါင်းလျှော်ပေးခြင်း၊ အလှူဒါနပြုကြခြင်း၊ တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း၊ ငါးလွှတ်ခြင်းများကိုလည်း ဒီလအခါသမယတွင် ဆောင်ရွက်ကြခြင်းမှာ ချစ်စရာ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု စရိုက်တစ်ရပ်လည်း ဖြစ်ပါသည်။

ကဗျာစာဆို ဦးကြော့က –

"လတန်ခူးပေလို့ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ၊ တကယ်တမ်းသာဖြင့်၊ ဘယ်ပန်းသော်မတူဘု၊ နန္ဒမူ ဖန်ဂူ ထိပ်မှာလ၊ ပစ္စေကာ ချွေးတော်သိပ်ရတယ်၊ အေးရိပ်သာယာ" ဟု စပ်ဆိုဖွဲ့ထားသည့် တန်ခူးလသာယာပုံမှာ လွမ်းဆွတ်ကြည်နူးဖွယ်လည်း ဖြစ်ပါသည်။

တန်ခူးလနှင့် စပ်လျဉ်း၍လည်း ဖိုးသူတော်ဦးမင်း ရေး စပ်သည့် လေးချိုးတွင် –

"တာအကူးပေမို့၊ သာကြူးငယ် သိန်လွန်သည်"ဟု စပ်ဆိုရေးဖွဲ့ထားပြန်ပါသည်။ တာကူး၊ အတာကူးတို့အနက် ဖြစ်သည့် နှစ်ကူးဖြစ်၍ တာကူးလဟုလည်း ခေါ်ဝေါ်သုံးစွဲ ကြောင်း မှတ်သားရမိပြန်ပါသည်။

နှစ်ဟောင်းမှ အညစ်အကြေး မကောင်းမှု စသည့် အကုသိုလ်တရားများ ကင်းစင်ပပျောက်စေရန် ဘုရားပုထိုးများ တွင် ရေသပ္ပာယ်ခြင်း၊ အလှူဒါနပြုခြင်းများလည်း ဆောင်ရွက် သင့်လှပါသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု စရိုက်ဓလေ့အားဖြင့် သင်္ကြန်ကာလတွင် ရေကစားကြရာ၌လည်း ယဉ်ကျေးမှု သ… သကာန် မပျက်စေရန် ဆင်ခြင်သုံးသပ်သင့်လှပေသည်။

သို့ဖြစ်၍ မြန်မာတို့၏ ချစ်စရာကောင်းလှသည့် အတာ သင်္ကြန်တွင် ယဉ်ကျေးမှုကို အခြေပြုသည့် ရေစကားကြခြင်း… သာ မြန်မာတို့၏ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေဟူ၍သာ ဆို… တော့သည်။

ရေကျော်စိုးအောင်

ကျမ်းကိုး

ပခုက္ကူ အရှင်ကောသလ၏
မှတ်သားဖွယ်ရာ ဆယ့်နှစ်ရာသီခါ။



www.burmeseclassic.com

www.burmeseclassic.com

# အလောင်းတော်ကဿပသမိုင်း ဘုရားရှိခိုး

ဩကာသ ဩကာသ ဩကာသ ရွှေလျှံဝင်းပြောင် လျောင်းပါယ်စံဝင် လက်ယာလက်ကို မြတ်လှခေါင်းတော် ထား ပြီးသော်မှ ဘယ်သော်လက်ဝါး မြတ်တင်ပါးတွင် တင်ငြား၍သာ နိဗ္ဗာန်ပြုပြုသည့် ကဿပအရှင်ကို လက်ဆယ်ဖြာ ထိပ်မှာရွက်တင် ကြာငုံအသွင်ဖြင့် သဒ္ဓါကြည်နူး ပူဇော်အထူးကို ခံယူတော်မူ ပ မြတ်လှကဿပဘုရား မွေးမိဘများ၊ နတ်ရွာလားသော် သုံးပါးဆုံဖြစ် ကာမည်စ်ကို စွန့်လွှတ်ပြီးကာ ဟေမဝါမြိုင် ဂနိုင် ရစ်သိ လှမ်းကြွချီသည် ဝေဘူဝေဘာကူတိတစ်မြာ ဂိလိသေလာထက်မှာ ကိုယ်စီကျင့်ကြသည်မှာ သစ္စာဝါစံ မိဗ္ဗာန်ပြုပြီး မေတ္တာဘုရားဖြစ်သောအခါ ဆယ်ချောင်းလက်တွင် ထက်ပေါ်တင်လျက် အဂ္ဂိတေဇ လောင်ကျွမ်းရမည် ဗျာဒိတ်ရည်ကာ ဤဝေဘာချောင် သေလာခေါင်းမြတ် ကလာပ်ရုပ်ပုံ ခြေအစုံကို ယုံကြည်ညွှတ်ဦး ရှိခိုးမပြတ် အထပ်ထပ်ဖြင့် နတ်လူအများ ပူဇော်ငြားက စိတ်အားထက်သန် နိဗ္ဗာန်ပေါက်မြဲ မလွဲမှန်စွာ ကမ္ဘာတည်ဆောင် ညီနောင်သုံးပါး ကတိအားကြောင့် ထင်ရှားမပျက် ခုထက်တိုင်အောင် ဝေဘာတောင်တွင် တေဇာထွန်းတောက် အနောက် မြောက်သို့ ရောင်ခြည်စဉ်ရှု သဗ္ဗညုအား ဦးခေါင်းထား၍ ရွှေသားလျှံထွက် ထင်ရှားလျက်ဖြင့် ကိန်းအောင်းနေရှာ မြတ်အ လောင်းတော်ကို ပူဇော်ရိုကျိုး ကုက္ကားတံခွန် ပန်းမာသစ်သီး ဆီမီးအမွှေးတိုင် ထိန်ထိန်လျှံသည့် နတ်လူအများ ပူဇော်အထူးကိုခံယူတော်မူသော ထွတ်ဖျားစိန္တေ မြတ်မေတ္တလျှင် နှစ်ဝရုပ်နာမ် မယုတ်ခန္ဓာ သံသရာဝယ် များစွာရှည်လျား ဖြစ်ရငြားလည်း လေးပါးအပါယ် သုံးသွယ်သောကပ် ရပ်ပြစ်ရှစ်ဝဗျာသနငှား ဝေးစွာရှား၍ ပွင့်လေသောအခါ ဦးစွာလက်ဖြင့် ဖူးရပါလို တောင်းဆုဆိုသည် တောင်းသောဆုဖြင့် ပြည့်စေသော်။



www.burmeseclassic.com

www.burmeseclassic.com

# အလောင်းတော်ကဿပအရှင်၏
# ဆိုကြီးပန် ဗျာဒိတ်ခံရာ ဘဝဖြစ်စဉ်အကျဉ်း

■ သူတော်စိန်

သုံးလူ့ထွတ်ထား ဂေါတမမြတ်စွာဘုရားသည် သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတ ရွှေညဏ်တော်ရှင် ဘုရားရှင်အဖြစ် ပွင့်တော်မူပြီးနောက်ကိုးဝါမြောက် ကောသမ္ဗီပြည်တွင် သီတင်းသုံးနေတော်မူစဉ် တပည့်ငါးရာစီရှိကြသော ဝိနယဓရ ရဟန်းနှင့် ဓမ္မကထိကရဟန်းနှစ်ပါးတို့က အစပြု၍ သံဃကလဟဝိဝါဒပွားပြီး အဓိကရုဏ်းကြီးဖြစ်သဖြင့် -

"အဘယ့်ကြောင့် သံဃာကို ကွဲပြားစေဘိသနည်း။ အမျက်ကင်းရာ ငါဘုရား၏ သာသနာ၌ မေတ္တာ၏ အာဟာရဖြင့်သာ ညီညွတ်စွာ ဖြစ်စေကုန်လော့"

ဟု ဆုံးမတော်မူ၏။

ယင်းသို့ ဆုံးမသော်လည်း ကိုယ်တော်မြတ်မှာ ငြိမ်သက်စွာစံနေတော်မူပါ။ အဓိကရုဏ်းမှာ တပည့်တော်တို့တာဝန်ပါတည်းဟု သံဃာတော်တို့က နားတော်လျှောက်လေလျှင် ဘုရားရှင်က ဤသံဃာတော်တို့အား ငါ့စကားကိုမျှ မလိုက်နာချေပြီ။ ဤသူတို့နှင့်ယှဉ်တွဲလျက် ဆင်းရဲစွာနေရသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါတစ်ပါးတည်းသာ နေတော့အံ့ဟု ကြံလျက် သံဃာတို့အား မပန်ကြားဘဲ ဆွမ်းခံသွားရာမှ ထွက်မွာတော်မူခဲ့၍ ကောသမ္ဗီပြည်မှ အနောက်သို့ ခုနစ်ယူဇနာခန့်ကွာဝေးသော ပါလိလေယျရွာ ပါလိလေယျတောအုပ်သို့ ဝင်၍ အင်ကြင်းပင်ကြီးရှိရာအရပ်၌ သီတင်းသုံးနေတော်မူ၏။

ဤတောအုပ်၌နေသော ပါလိလေယျအမည်ရှိသော ဆင်ပြောင်တစ်စီးသည် ငယ်ငယ်ကြီးကြီး ဆင်မဆင်ရွှေတို့နှင့် ရောပြွမ်း၍နေရခြင်းကား ဆင်းရဲလှ၏။ အဖျားဖြတ်ပြီးသောမြက်၊ ချိုးပြီးသော သစ်ရွက်တို့ကိုသာ စားရခြင်း၊ ဆင်ငယ်တို့ မွှေနှောက်၍ နောက်ကျိသော ရေကိုသာ သောက်ရ၏။ ထို့ကြောင့် ငါတစ်စီးတည်းသာနေအံ့ဟု ရံရွေတော်တို့မှ ခွဲ၍လာခဲ့သဖြင့် တင့်တယ်စွာ စံနေတော်မူသော မြတ်စွာဘုရားရှင်ကို မြင်တော်မူလျှင် ဤအရှင်ကား တစ်ပါးတည်းနေထိုင်သူ မဟုတ်ဘဲ တစ်ပါးတည်းနေခြင်းသည် ငါကဲ့သို့အပေါင်းအဖော်၌ မမွေ့လျော်သဖြင့် ခွဲခွာ၍လာသည်ဖြစ်လတ္တံ့ဟု ကြံ၍ ဘုရားရှင်ထံသို့ ကပ်ပြီးလျှင် ခြေတော်တို့ကို ဦးဖြင့်တိုက်၏။ ဘုရားရှင်လည်း အချင်းပါလိလေယျက သင်ကား ငါနှင့်အသွင်တူစွ။ အပေါင်းအဖော်နှင့် နေခြင်းမည်သည်ကား များစွာသော ဆင်းရဲခြင်းရှိ၏။ မိမိ၏ ချမ်းသာကို ရှာလိုသော သတ္တဝါသည် လီမွာနူးညံ့သော ခင်ပွန်းကောင်းကို မရမူ တစ်ယောက်တည်းသာ နေရာ၏။

ဤသို့ ဟောကြားတော်မူလေလျှင် ပါလိလေယျဆင်ကြီးသည် အတိုင်းထက်အလွန်ပင် ချစ်ခင်ကြည်ညိုခြင်းဖြစ်လေ၏။ ထိုနေ့မှစ၍ တစ်နေ့မပြတ် မြတ်စွာဘုရားအား သုံးရေသောက်ရေတည်ခြင်း၊ ပန်းဖွေ့ရာခင်းခြင်း၊ ပန်းဟောင်းတို့ကို နှာမောင်းဖြင့် တံမြက်လှည်းခြင်း၊ သစ်ခြောက်တို့ကို မီးပွတ်၍ပုံခြင်း၊ ဆွမ်းခံကြွတော်မူသော် ကိုယ်တော်၏နောက်မှ ပရိက္ခရာကို နှာမောင်းဖြင့် ဆောင်၍ ပါလိလေယျရွာတိုင်အောင်လိုက်ခြင်း၊ ရွာမှ ဆွမ်းခံပြန်ကြွလာသော် ပရိက္ခရာကို လှမ်းယူခြင်းစသော အဘိသမာစာရိက ဝတ်တို့ကို တစ်နေ့မချွတ် ပြု၏။ ညဉ့်အခါ၌ ဘုရားရှင်ကျိန်းစက်တော်မူသော် ကြီးစွာသော တုတ်လုံးကန်ကို နှာမောင်းဖြင့် စွဲကိုင်လျက် စိုင်၊ ပြောင်၊ ကြံ့၊ ဆင်၊ သစ်၊ သစ်ကျားတို့ကို မြစ်တားခြင်းငှာ တောအုပ်၌ လှည့်လည်ကာနေ၏။ အရုဏ်တက်သောကာလမျက်နှာသစ်တုံးကပ်ချ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းစသော အဘိသမာစာရိကဝတ်တို့ကို ပြု၏။

ဤသို့ ဆင်မင်းပြုသည်ကို တစ်ခုသော မျောက်ငယ်မြင်လျှင် ဤဆင်မင်းသည် ငါကဲ့သို့ပင် တိရစ္ဆာန်ဖြစ်ပါလျက် နှစ်သက်ရိုသေစွာ မြတ်စွာဘုရားအား လုပ်ကျွေးပေးသည်။ ငါသည်လည်း ကောင်းမှုပြုအံ့ဟု ကြံ၍ ပျားကောင်ပျံပြီးသော ပျားအုံတို့ကို ယူ၍ ကိုယ်တော်မြတ်အား ကပ်လှူ၏။ ဘုရားဘုဉ်းပေးအံ့လော၊ မဘုဉ်းပေးအံ့လောဟု တွေးတောကြည့်နေစဉ် ဘုရားဘုဉ်းပေးသည်ကိုမြင်လျှင် ရွှင်လန်းသောစိတ်ဖြစ် သစ်ပင်တစ်ပင်ကို တက်ပြီးမှ သစ်ခက်ဖျား၌ မြူးထူးကခုန်လေသော် နင်းသောသစ်ခက်နှင့် ကိုင်သော သစ်ခက်တို့သည်ကျိုး၍ ရှားငုတ်ထက်သို့ ကျသဖြင့် ထိုခဏ၌ပင် ကံကုန်လေ၏။ ထိုပျားလှူသော ကုသိုလ်စေတနာကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ဗိမာန်၌ အရံနတ်သမီးတစ်ထောင်ရှိသော နတ်သားအဖြစ်သို့ ရောက်လေ၏။ ဤသို့အားဖြင့် ဘုရားရှင်သည် ဆင်မင်း၏ အလုပ်အကျွေးကို ခံယူလျက် ထိုပါလိလေယျတော၌ ဝါကပ်တော်မူခြင်းအကြောင်းအရာသည် ဇမ္ဗူဒိပတစ်ကျွန်းလုံးပင် ထင်ရှားလေသည်။

ကပ္ပိလဝတ် သာဝတ္ထိပြည်စသော ပြည်များမှ ဒါယကာ၊ ဒါယိကာမတို့သည် ဘုရားရှင်အားဖူးမြင်လိုကြသောကြောင့် ရှင်အာနန္ဒာအားလျှောက်ကြား၍ဘုရားရှင် ပင့်ပါချေဟုစေလွှတ်ကြလေသည်။ ရှင်အာနန္ဒာလည်းသံယာငါးရာနှင့်တကွဘုရားထံသို့လာခဲ့ပြီးအခြံအရံရဟန်းတို့ကိုသင့်ရာ၌ထားခဲ့ပြီးသော်တစ်ပါးတည်းသာလျှင် မြတ်စွာဘုရားထံတော်သို့ဝင်လေ၏။

ပါလိလေယျဆင်မင်းလည်းအဝေးမှလာသောရှင်အာနန္ဒာကိုမြင်လေသော် လှန်တံကိုချ၍ခရီးဦးကြိုဆိုလျက်ပရိက္ခရာကိုလှမ်းယူပြီးသော်ကိုယ်တော်၏အနီး၌ထား၏။ ရှင်အာနန္ဒာလည်းမြတ်စွာဘုရားခြေတော်ကိုဦးဖြင့်တိုက်၍ညွတ်ခိုက်ကာနေနေလေ၏။ ရှင်တော်ဘုရားကလည်း "ချစ်သား အာနန္ဒာသင်တစ်ပါးတည်းလာသလော"ဟုမေးတော်မူ၏။ အရှင်ဘုရားငါးရာသောရဟန်းတို့နှင့်လာပါသည်။ အလိုတော်ကို မသိသောကြောင့်ဝေးရာ၌ ထားခဲ့ပါကြောင်းဟု နားတော်လျှောက်ထားလေလျှင် ယင်းသို့တပြီးကား သင်၏အဖော်တို့ကိုခေါ်ချေလော့ဟု မိန့်တော်မူ၍ ခေါ်ရလေ၏။

သံယာငါးရာတို့ရောက်လျှင် ဘုရားရှင်သည် ကြည်လင်ဝမ်းသာစွာ ပဋိသန္ထာရစကားဖြင့် မိန့်ကြားဟောပြောတော်မူ၏။ ထိုရဟန်းတို့ကလည်း ဘုန်းတော်ကြီးလှသော တရားမင်းသာ အလွန်ချမ်းသာခြင်း၏တည်ရာ ပုဂ္ဂိုလ်ဖြစ်လျက် မျက်သစ်တံပူကပ်အံ့သောသူမျှမပါ ကိုယ်တော်ထီးတည်းသာ တစ်ဝါတွင်းလုံး သီတင်းသုံးတော်မူခြင်းသည် အလွန်ဆင်းရဲလတ္တံ့ဟု လျှောက်တင်လေသော် ဘုရားရှင်ကလည်း ချစ်သားတို့ ငါတစ်ပါးတည်းသာ ဆင်းရဲစွာနေရသည်မဟုတ်။ ဤပါလိလေယျဆင်မင်းသည် ခြေရင်းအလုပ်အကျွေးဖြစ်သော သာမဏေကဲ့သို့ ပြုဖွယ်ကိစ္စဟူသမျှတို့ကို နေ့ညဆောင်ရွက်လျက် ငြိမ်သက်စွာနေရပေသတည်း။ ဤသို့သော ခင်ပွန်းကောင်းကို ရမူ အဖော်နှင့်နေရခြင်းသည် လျောက်ပတ်၏ဟု မိန့်တော်မူပြီးမှ ချစ်သားရဟန်းတို့ ရင့်သောပညာရှိသောတကွကျင့်ဖော်ဖြစ်သော ကောင်းစွာနေလေ့ရှိသော တည်ကြည်သော ခင်ပွန်းကောင်းနှင့်တကွ နှစ်လိုဝမ်းသာအလုံးစုံကုန်သော အတွင်းအပ ဘေးရန်တို့ကို နှိပ်စက်၍ သတိရှိသော ပုဂ္ဂိုလ်သည် ကျင့်ရာ၏။ ရင့်သောပညာရှိသောတကွ ကျင့်ဖော်ဖြစ်သော ခင်ပွန်းကောင်းကို အကယ်၍ မရမူကား မင်းသည် တိုင်းကားပြည်ရွာဖြစ်သော နိုင်ငံကိုပယ်၍ တစ်ယောက်တည်းသွားသကဲ့သို့လည်းကောင်း၊ ဝဲယာရှေ့နောက် အဖော်မပါဘဲ တစ်ယောက်တည်းသာလျှင် မြတ်၏။ မိုက်မဲသော သူတို့၌အဆွေခင်ပွန်း၏ အဖြစ်သည် မြတ်သည်ဟူ၍ မရှိ။ ဤတရားကို ဟောကြားတော်မူလျှင် ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ထိုအခါ . . အရှင်အာနန္ဒာသည် အနာထပိဏ်သူဌေးစသော ဥပါသကာတို့ လျှောက်ထားသော သတင်းစကားကို နားတော်ပန်ဆင်၍ အရှင်မြတ်ကြွတော်မူပါဟုလျှောက်၏။ ဘုရားရှင်ကလည်း ယင်းသို့တပြီးကား ချစ်သားအာနန္ဒာ ငါ၏ သပိတ် သင်္ကန်းတို့ကိုယူလော့ဟု မိန့်တော်မူ၍ ထိုနေရာမှ ကြွတော်မူကြလေလျှင် ပါလိလေယျဆင်မင်းသည် ပြင်းစွာသောအသံကို မြည်လျက် လမ်း၌ ဖီလာကန့်လန့်နေကာ တားဆီးလေ၏။

ရဟန်းတို့ကလည်း အရှင်ဘုရား၊ ဤဆင်မင်းသည် အသို့ပြုလိုသနည်းဟု လျှောက်တင်ကြလေသော် ဘုရားသခင်ကလည်း ချစ်သားတို့၊ ဤဆင်မင်းသည် သင်တို့အား ဆွမ်းကျွေးလိုသေးသောကြောင့် တားမြစ်သတည်း။ ဤဆင်မင်းသည် နေ့ရက်ရှည်လျား ငါ့ကိုများအား



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးပြုပေသည်။ သူ၏စိတ်နှလုံးကို မပျက်စေကောင်းဟု မိန့်တော်မူပြီးလျှင် ခရီးထွက်ခြင်းမှ ဖျက်၍နေတော်မူ၏။

ပါလိလေယျဆင်မင်းသည် တောတွင်းသို့သွား၍ ငှက်ပျောသီး၊ ပိန္နဲသီး စသော သစ်သီးမှည့်တို့ကို များစွာယူဆောင်၍ နောက်တစ်နေ့တွင် ဘုရားရှင်နှင့်တကွ သံဃာငါးရာတို့မှာ ဘုဉ်းပေးတော်မူကြ၍ ကိစ္စပြီးသောအခါ သင်္ကန်းပရိက္ခရာတို့ကို ပြင်ဆင်လျက် ဘုရားအား ကြွတော်မူခြင်းငှာ သင့်ပါပြီဟုလျှောက်ထား၍ ဘုရားကိုယ်တော်နှင့်တကွ ကြွတော်မူကြလေလျှင် ပါလိလေယျဆင်မင်းလည်း သံဃာတော်တို့၏ အကြားအကြားသွား၍ ဘုရားရှင်ရှေ့မှ ဇီလာနေပြန်၏။

အကြောင်းကို သံဃာတော်တို့က လျှောက်ကြလေသော် သင်တို့ကိုလွှတ်လိုက်၍ ငါဘုရားကို မပြန်စေလို၍သာ တားရှာသည်ဟု မိန့်တော်မူပြီးလျှင် ဆင်မင်း၏ ဦးခေါင်းကိုလက်တော်ဖြင့် သုံးသပ်တော်မူလျက်-

၆ "အချင်းပါလိလေယျ၊ သင်သည် ငါဘုရားအား ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေးရပြီ၊ ဤမှ ရှည်မြင့်စွာ ငါနေပြားသော်လည်း ကျေးဇူးမထူးနိုင်ရာပြီ။ ဤဘဝတွင် သင်ကား ဈာန်တရား၊ မဂ်တရားတို့ကို ရခြင်းငှာမဟုတ်။ သို့ဖြစ်၍ ကောင်းစွာနေရစ်လော့။ ငါ၏ သွားခြင်းသည် မပြန်သောသွားခြင်း"

ဟု မိန့်တော်မူ၍ ကြွတော်မူလျှင် ပါလိလေယျဆင်မင်းသည် ဘုရားရှင်အား ချစ်ခြင်းကြောင့် ပြင်းစွာသော စိတ္တဝေဒနာဖြင့် နှာမောင်းကို ခံတွင်း၌ သွင်း၍ မျက်ရည်ဖြိုင်ဖြိုင်ကျကာ ပြင်းစွာ ငိုယိုလျက် နောက်တော်မှ တစိုက်စိုက် လိုက်၍ ရွာအနီးသို့ ရောက်လေသော် ကိုယ်တော်မြတ်ကလည်း -

"ချစ်သား ပါလိလေယျ၊ ဤဒေသကပင် သင်ပြန်ပေလော့။ လူတို့၏အနီး မည်သည်ကား များစွာသော ဘေးရန်ရှိချေသည်"

ဟုမိန့်တော်မူပြီးမှ ကြွခဲ့လေလျှင် ပါလိလေယျဆင်မင်းသည် ဘုရားသခင်ကို မြင်ကောင်းသမျှသော ဒေသပတ်လုံး ရပ်တန့်ဖူးမြော်၍ ကိုယ်တော်မြတ်ကို မမြင်ရသောအခါတွင် နှလုံးကြေကွဲသော ဝေဒနာဖြင့် ခန္ဓာကုန်ခြင်းသို့ရောက်ရရှာလေသတည်း။ ဩော် . . ဘုရား၌ ကြည်ညိုခြင်း ပြင်းလှပေစွတကား။

ပါလိလေယျဆင်မင်းသည် ဘုရားရှင်အား ကိုယ်တိုင်လုပ်ကျွေးခဲ့သော ကုသိုလ်စေတနာကြောင့် ခန္ဓာကုန်ခဲ့လေသော် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ကျယ်သော ရွှေဗိမာန်၌ နတ်သမီးအရံတစ်ထောင်နှင့်တကွ ပါလိလေယျမည်သောနတ်သား ဖြစ်လေသတည်း။

ဘုရားမြတ်လှ ဂေါတမ၏ခြေတော်ရင်း၌ ရှိသေကျိုးနွံ ဗျာဒိတ်ခံသော ဘုရားလောင်းတစ်ကျိပ်သောတွင် အကျုံးဝင်သော ပေါင်လောင်ရှင် မဟာကဿပသည်ကား ပါလိလေယျဆင်မင်းဖြစ်ခဲ့ဖူးလေ၏။

ပါလိလေယျနတ်သားသည် နတ်ဘဝစုတေခဲ့ပြီး သာသနာတော်နှစ် ၁၆၀၀ ကျော်တွင် တမ္ဗဒီပတိုင်း၊ အရိမဒ္ဒနာပြည်တွင် အလောင်းစည်သူမင်းကြီးလက်ထက်မှ နားတောင်းများမင်းလက်ထက်တိုင်အောင် ပုံသကူစွတင်ဆောင် "သီလဝိသုဒ္ဓိ ဣဒ္ဓိဝိလာသဂုဏ်" တို့ဖြင့် ပြည့်စုံ၍ အရည်ဝါသီတော်မှီ ရဟန်းအဖြစ် သက်တော်ထင်ရှား တစ်နိုင်ငံလုံး အကြည်ညိုများကို ခံယူရလေသည်။ သုမင်္ဂလဘွဲ့တော်ဖြင့် ဘုရားဖြစ်လတ္တံ့သော ပေါင်းလောင်းရှင်ကဿပသည် သက်တော်ကြီးရင့်သောအခါ မုံရွာမြို့မြောက်ဖက် မိုင် ၆၀ ခန့်အကွာ ကန်နယ် ခေါက်လောက်တောင်ပုံတောင်၊ မဟူတောင်တို့၏အကြားတွင် မိုးတွင်းအခါ ပျံလွန်တော်မူရှာလေသည်။ မိုးကုန်သောအခါ ဥဇနာမင်းကြီးနှင့် မင်းနံ့သူတို့သည် စစ်အင်္ဂါလေးပါးနှင့်ချီတက်တော်မူ၍ အလောင်းတော်ကို သဂြိုဟ်တော်မူကြလေသည်။ ၎င်းနောက် ပေါင်းလောင်းရှင်ကဿပ၏ ပုံတော်ကို တောင်သုံးလုံးကြားအရှင် ပျံလွန်တော်မူရာနေရာတွင် တည်ထားတော်မူလေသည်။ ယခုတိုင်အောင် အလောင်းတော်ကဿပဟု ယင်ရှားတော်မူပြီး မြန်မာပြည်အထက်ပိုင်းအောက်အရပ်ဒေသအသီးသီးမှဘုရားဖူးများနှင့် အထူးစည်ကားလျက်ရှိပြီး နှစ်စဉ်နှစ်တိုင်း ဘုရားပွဲကျင်းပခဲ့သည်မှာ ယခုယနေ့တိုင်အောင်ပင် ဖြစ်လေသည်။

**သူတော်စိန်**

**ကျမ်းကိုး**

၁။ ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီး၏ "ဇိနတ္ထပကာသနီကျမ်း"

၂။ ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)ရေးသားပြုစုသည့် စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောက်ရစ်(တိုးပင်)ကျေးရွာ "ရွှေပေါင်လောင်ဘုရားကြီး သမိုင်း"။




www.burmeseclassic.com

www.burmeseclassic.com

# အလောင်းတော်ကဿပ ကိန်းဝပ်စံမွယ်တော်မူရာ

အညတရဘိက္ခု




မဇ္ဈိမဒေသမှ ကြွချီတော်မူရာလမ်းကြောင်းပြမြေပုံ

အလောင်းတော် ကိန်းဝပ်စံပါယ်တော်မူရာနေရာသည် မြန်မာနိုင်ငံအထက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ကနီမြို့နယ်တွင် တည်ရှိသည်။ ဟိမဝန္တာတောင်တန်း၏ အစွယ်တစ်ခုဖြစ်သော ပုံတောင်ပုံညာ၊ မဟူတောင်တန်းတွင် ပါဝင်သည့် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရတောင်သုံးလုံးတို့၏ကြား ပုထိုးလုံးချောင်းအတွင်းသို့ စီးဝင်လျက်ရှိသော ဘုရားချောင်းပေါ်တွင် တည်ရှိသည်။

အလောင်းတော်ကဿပသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်မှလည်းကောင်း၊ မုံရွာမြို့မှ ချင်းတွင်းမြစ်ကိုဖြတ်၍ ယင်းမာပင်မြို့(သို့မဟုတ်)ဖိုလ်ဝင်တောင်မှတဆင့် ဇီးတောရွာ(အမေရေယာဉ်နတ်နန်း)၊ ရင်ပေါင်တိုင်ရွာ၊ ဆင်စွယ်ရွာ၊ ကပိုင်ရွာတို့ကိုဖြတ်ပြီး ပွင့်ကြီးစခန်းအထိ မြေပြန့်လမ်း (၄၀)မိုင်ခရီးနှင့် ပွင့်ကြီးစခန်း၊ ဂုံညင်းပင်စခန်း၊ မဟူနတ်နန်း၊ ကျောက်မြောင်းစခန်းတို့ကိုဖြတ်၍ သပိတ်ဆေးစခန်း ကားရပ်နားရန်နေရာမှတဆင့် အလောင်းတော်ကိန်းဝပ်စံပါယ်တော်မူရာ လိုဏ်ဂူတော်အထိ ခြေလျင်ခရီး (၁)မိုင် စုစုပေါင်း (၅၇)မိုင် သွားရသည်။

ထို့အပြင် မင်းကင်းမြို့နယ်၊ ပျားကျေးရွာမှ (၂၁)မိုင်၊ ကနီမြို့နယ်၊ ဆယ်ရွာချောင်ကူးဆိပ်ရွာမှ (၂၁)မိုင်၊ ပုလဲမြို့နယ် စစ်လျင်မှ (၂၁)မိုင်၊ ဂန့်ဂေါမြို့နယ် ကွမ်းဇဲမှ (၂၁)မိုင် ခြေလျင်ခရီးဖြင့် သွားရောက်ဖူးမြော်နိုင်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပွင့်လင်းရာသီဖြစ်သော ဒီဇင်ဘာလမှ ဧပြီလအထိ ငါးလတာကာလအတွင်း ဖိုလ်ဝင်တောင်မှတဆင့် ဘုရားဝ စခန်းအထိ မော်တော်ယာဉ်များဖြင့် လွယ်ကူစွာ သွားရောက်ဖူးမြော်နိုင်ကြပါသည်။

အထူးသဖြင့် အလောင်းတော်အား ဖူးမြော်ရင်း အရုဏ်ထမနဲဆွမ်းနှင့် ညဦးပိုင်း ဆီမီး(၉၀၀၀) ပူဇော်ပွဲကို ပါဝင်ဆင်နွှဲလိုပါက တပို့တွဲလပြည့်နေ့အမီ သွားရောက်ကြပါရန်နှင့် ဆရာတော် ဦးသုမန ညွှန်ကြားမှုဖြင့် အလောင်းတော်ကဿပ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အကျိုးတော်ဆောင်အဖွဲ့က နှစ်စဉ်ပို့ဆောင်စီစဉ်ပေးလျက်ရှိသည်။



လိုဏ်ဂူတော် ကျောက်တံခါးဝ

အလောင်းတော်ကဿပ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပါဝင်ဆင်နွှဲရင်း သဘာဝအလှရှုခင်းများကို ကြည့်ရှုခံစားလိုသူများအနေဖြင့် တပေါင်းလပြည့်အမီ သွားကြရပါမည်။



စံကျောင်းတော်

[မှတ်ချက် - တပို့တွဲလပြည့်၊ တပေါင်းလပြည့်ပွဲတော်များအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ဖိုလ်ဝင်တောင်၊ ပုပ္ဖားကျောင်း သာသနာပြုဆရာတော် ဘဒ္ဒန္တသုမနမထေရ်မြတ်(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးစီး၍ ဖိုလ်ဝင်တောင်မှ အလောင်းတော်ကဿပအထိ နိဗ္ဗာန်ကူးတို့ နှစ်စဉ်အမြဲ ပို့ဆောင်ပေးလျက် ရှိပါသည်။]

## မဟာဂန္ဓကုဋိတိုက်တော်

### ညောင်စောင်းနှင့် ပြာသာဒ်

ဂုဏ်းတိုက်၏အလယ်၌ အလျား ၁၆ တောင်၊ အနံ ၈ တောင်၊ အစောက် ၄ တောင် မြင့်သော မြသလွန်ညောင်စောင်းနှင့် ၂၅ တောင်မြင့်သော ကြေးပြာသာဒ်ကြီးပေါ်တွင် ရှင်မဟာကဿပသည် မြောက်သို့ ဦးခေါင်းပြုကာ လက်ယာ နံစောင်း ပရိနိဗ္ဗာန်ပြုလေသည်။

### တံခါးသုံးတန်

မဟာဂန္ဓကုဋိတိုက်၏ လေးမျက်နှာတွင် တစ်ဖက် တစ်ဖက်၌ ကျောက်တံခါး၊ တံခါး၊ ရွှေတံခါး ၃ တန်စီ ပိတ်ထား၏။ တံခါး အမြင့် ၁၆ တောင်၊ အနံ ၈ တောင် ရှိ၏။ တံ တစ်ခုနှင့်တစ်ခု အတောင် ၅၀ စီ ကွာ၏။

### အစောင့်အရှောက်များ


(၁) အရှေ့တံခါးသုံးတန်မှာ ဂန္ဓဗ္ဗနတ်မင်းသုံး စောင့်၏။

(၂) တောင်တံခါးသုံးတန်မှာ ကုမ္ဘဏ်နတ်မင်းသုံး စောင့်၏။



www.burmeseclassic.com

www.burmeseclassic.com



စံကျောင်းတော် အနီးရှိ စေတီတော်နှစ်ဆူ

(၃) အနောက်တံခါးသုံးတန်မှာ ဂဠုန်မင်း၊ နဂါးမင်း သုံးထောင် စောင့်၏။

(၄) မြောက်တံခါးသုံးတန်မှာ ယက္ခဘီလူးမင်းသုံးထောင် စောင့်၏။

(၅) အောက်မျက်နှာ၌ ဘုမ္မစိုးနတ်မင်း၊ မဟာပိန္နဲ၊ အသုရာနတ်မင်း သုံးထောင် စောင့်၏။

(၆) အထက်မျက်နှာ၌ အာကာသစိုးနတ်မင်းသုံးထောင် စောင့်၏။

(၇) မဟာဂန္ဓာကုဋီတိုက်အတွင်း၌ သမ္မာဒေဝနတ်မင်း လေးထောင် စောင့်၏။

(၈) အပြင်တွင် ဝိဇ္ဇာမိုရ်ပေါင်းလေးထောင် စောင့်၏။

**ဖယောင်းတိုင်နှင့် ဒွာပနာပစ္စည်း**

(၁) ရှင်မဟာကဿပအလောင်းတော်ကြီး၏ ဦးခေါင်းတော်ထက်မှ လုံးပတ် လေးထွာ၊ အမြင့်တစ်ဆယ့်နှစ်တောင်ရှိသော ပတ္တမြားဖယောင်းတိုင်ကို ရာမသမ္ဗုဒ္ဓက ဘုရားဆုပန်ဆင်ကာ လှူဒါန်းပူဇော်ထားခဲ့လေသည်။

(၂) ခြေတော်ဘက်က လုံးပတ် လေးထွာ၊ အမြင့် တစ်ဆယ့်နှစ်တောင်ရှိသော မြဖယောင်းတိုင်ကို ကောသလနတ်သားက လှူဒါန်းပူဇော်ခဲ့လေသည်။

(၃) လက်ယာဘက်က လုံးပတ် လေးထွာ၊ အမြင့် တစ်ဆယ့်နှစ်တောင်ရှိသော ရွှေဖယောင်းတိုင်ကို အသူရိန်နတ်သားက သမ္မာသမ္ဗုဒ္ဓဆုကို တောင်း၍ လှူဒါန်းထား၏။

(၄) လက်ဝဲဘက်က လုံးပတ် လေးထွာ၊ အလျား တစ်ဆယ့်နှစ်တောင်ရှိသော ငွေဖယောင်းတိုင်ကို အဘိဘူအလောင်းနတ်သားက သမ္မာသမ္ဗောဓိဆုကိုပန်၍ လှူဒါန်းပူဇော်ထား၏။

(၅) ဦးခေါင်းတော်ဘက်က တစ်ဆယ့်ငါးတောင် မြင့်သော ရွှေပန်းခိုင်ကို ဗြဟ္မာမင်းတို့ လှူဒါန်းပူဇော်ထားကြကုန်၏။

(၆) ခြေတော်ဘက် တစ်ဆယ့်ငါးတောင်မြင့်သော ငွေပန်းခိုင်ကို သိကြားနတ်မင်းတို့ လှူဒါန်းပူဇော်ထားကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



စံကျောင်းတော်အတွင်းရှိ လျောင်းတော်မူရုပ်ပွားတော်

(၇) အလောင်းတော်၏ ရှေ့တည့်တည့်၌ ဂါထာ မန္တန်၊ မန္တရား၊ အင်း၊ အိုင်၊ ခလဲ့၊ လက်ဖွဲ့၊ ပြဒါးလုံး၊ သံလုံး၊ ဆေးဒန်း၊ ဟင်းရိုင်း၊ စိန် စသောဓာတ်လုံးများ၊ ဆေးတောင်ဝှေး၊ ဆေးလုံး၊ ဆေးရုပ်၊ ပန်းပေါင်း၊ ဂမုန်းပေါင်း စသည်တို့ကို တစ်ဆယ့်ငါးတောင်မြင့်သော ပဒေသာပင်၌ ချိတ်ဆွဲပြီးလျှင် ဝိဇ္ဇာဓိုရ်အပေါင်းတို့က လှူဒါန်းပူဇော်ထား၏။

(၈) အလျား၊ အနံ၊ စောက် ငါးတောင် စတုရန်း ညီမျှသော (၁)ရွှေသေတ္တာ၊ (၂)ငွေသေတ္တာ၊ (၃)ပတ္တမြားသေတ္တာ၊ (၄)ဝရဇိန်သေတ္တာ၊ (၅)ကျောက်မျက်ရွဲသေတ္တာ၊ (၆)မြသေတ္တာ၊ (၇)ပုလဲသေတ္တာ၊ (၈)သန္တာသေတ္တာ ဤသေတ္တာကြီး ရှစ်လုံးတို့ကို ရာမ၊ ကောသလ၊ အသူရိ၊ အဘိဘူ၊ ဝက်ပေါနီ၊ ဝဂ်ီက၊ ဒေါဒေယျ၊ နာဋ္ဌာဂီရိ ရင့်မာတစ်ကိုယ်ဝင်အလောင်းတော် နတ်သားရှစ်ယောက်တို့က လှူဒါန်းထား၏။ ထိုပစ္စည်းများသည် အလောင်းတော်တေဇော

ဓာတ် လောင်ကျွမ်းသောအခါ အသုံးပြုရန်

အရိမေတ္တယျဘုရား ပွင့်တော်မူသောကာ

ကျောင်းတော် ဆောက်လုပ်ရန်ဖြစ်သည်။

## ထူးခြားဖြစ်စဉ်

လွန်ခဲ့သော နှစ် ၆၀ ခန့်ကဆိုလျှင် ကျောက်တံခါး

လိုဏ်ဂူအတွင်းသို့ စီးဝင်သော ချောင်းငယ်လေးရှိသ

ဆွမ်းတော်ပွဲကို ဖောင်ငယ်ပေါ်တင်၍ အမိဋ္ဌာန်ပြု လှူဒါန်း

အောက်ဥမင်ဝတွင် လှူဖွယ်များ ပါမလာတော့ဟု သိရသ

ယခုအခါတွင်မူ ထိုချောင်းငယ်မှာ သဲများဖြင့် ပိတ်ဆို့သွာ

ယာယီလျှောက်လမ်းခင်းထားပေးပါသည်။ ထို့အတူ ကျော

တံခါးရှေ့သဲသောင်တွင် အမိဋ္ဌာန်၍ ရွှေ ငွေ မြှုပ်နှံပြီး

ကိုဖြင့် အဆောင်အဖြစ် ပြန်စွန့်တော်မူပါဟု ဆုတောင်း

ပြန်၍တူးဖော်သောအခါ ထိုပမာဏအတိုင်း ရရှိခဲ့သည်

ယခုခေတ်တွင်လည်း ကျောက်တံခါးကြ

ဝတ္ထုငွေ ကပ်လှူပြီး ဆောင်ထားလိုသောဆန္ဒဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပြီးပါက ဆောင်ရမည့် ဝတ္တုရားကျန်သောဖြစ်စဉ်များကို တိုယ်တွေ့ကြုံသူများ အများအပြားရှိသည်။

## ကျောက်တံခါးပွင့်၍ ဖူးခွင့်ရခဲ့သူများ

ကနီမြို့နယ်၊ ယာကြီးအုပ်စု၊ ရွှာမကျေးရွာမှ မောင်ထွန်းကြိုင်၊ မောင်ကျော်၊ ဒေါ်မိဒေါင်း၊ ဒေါ်ကြွားတင် စသူတို့ ပါဝင်သော (၁၀)ဦးအဖွဲ့သည် လွန်ခဲ့သော နှစ် ၃၀ ကျော်(၁၃၄၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ နံနက် ၈ နာရီ)က အလောင်းတော်ကဿပ အောက်လိုဏ်ဂူ ကျောက်တံခါးဝတွင် ဖူးမြော်နေကြသည်။ ထိုသူတို့ရှေ့၌ အလွန်ကြည်လင်တောက်ပသော အလင်းရောင်အလုံးတစ်လုံး ပေါ်လာကာ တဖြည်းဖြည်း ငယ်ရာမှ ကြီးလာပြီး လိုဏ်ဂူတော်တစ်ခုလုံး လင်းထိန်သွားသည်။ ရှေးဦးစွာ အလောင်းတော်၏ ခေါင်းရင်းဘက်မှ ရွှေစေတီတစ်ဆူပေါ်လာပြီး မကြာမီ အလောင်းတော်အစစ်အား ကျောဘက်မှ ဖူးမြင်ခွင့်ရခဲ့ကြသည်။

## တပို့တွဲလပြည့်နှင့် တပေါင်းလပြည့်ပွဲတော်

အလောင်းတော်ကဿပမှာ အစည်ကားဆုံးပွဲများမှာ တပို့တွဲလပြည့် ထမနဲစတုဒိသာပွဲနှင့် တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်း လောင်းလှူပွဲတို့ ဖြစ်သည်။ ထမနဲပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် လာရောက်ကြသော မြို့ပွဲဖြစ်သည်၊ တပေါင်းလပြည့်တွင်မူ မင်းကင်း၊ ကနီ၊ ယောဒေသများမှ ခြေလျင်ဘုရားဖူးလာကြသူများ၏ပွဲဖြစ်သည်။ သံဃာတော်များအား ဘုရားဖူးများက အောက်လိုဏ်ဂူမှ အထက်လိုဏ်ဂူအထိ တန်းစီ၍ ရေသိမ်အပြီးတွင် လှူဖွယ်များ လောင်းလှူလေ့ရှိသည်၊ မွန်းလွဲ (၁)နာရီကျော်ခန့်တွင် အောက်လိုဏ်ဂူ အဝင်ဝဘက်ဘေးရှိ ဂူအတွင်းတွင် အလင်းရောင်အလုံးအရွယ်စုံ ကူးယှက်လှုပ်ရှားသည်ကို ယနေ့တိုင် နှစ်စဉ် တပေါင်းလပြည့် မွန်းလွဲ(၁)နာရီမှ (၂)နာရီအတွင်းတွင် မိနစ်ပိုင်းခန့် မြင်တွေ့ရမြဲဖြစ်သည်။

သဒ္ဓါတရားထက်သန်သူတို့၏ ယုံကြည်မှု ကြီးမားချက်အရ အလောင်းတော်ကဿပအား ဖူးမြော်ရာတွင် ထူးခြားစွာ ဖြစ်ပေါ်မှုများကို နှစ်စဉ် တပို့တွဲလပြည့်နေ့၌ ကြုံတွေ့ရမြဲ ဖြစ်ပါသည်။

## ဖူးမြော်စရာစုံလင် အလောင်းတော်ကဿပတစ်ခွင်

ယခင် အလောင်းတော်ကဿပ လဲလျောင်းပရိနိဗ္ဗာန်ပြုတော်မူဟန် ရုပ်ပွားတော်စံရာ စံကျောင်းမှာ သွပ်မိုး၍ ထားပါသည်။ သမံတလင်းမှ အမြင့် (၁၃)ပေခန့်၊ အလျားအကျယ် (၃၁)ပေခန့်၊ အနံအကျယ် (၂၃)ပေခန့်ရှိပြီး လျောင်းတော်မူရာ ပလ္လင်ပေါ်ရှိ ပြာသာဒ်မှာ သံပြားများကို ဆေးသုတ်ပြီး ပန်းတောင်း၊ ပန်းခက်များ ပြုလုပ်ထားသည်။ ယခုလက်ရှိအချိန်တွင်မူ အလွန်ခန့်ညားလှသော အပူဇော်ခံရာ စံကျောင်းတော်ကြီး ဖြစ်နေပါပြီ။

စံကျောင်းတော်၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် စေတီတော်နှစ်ဆူနှင့် လိုဏ်ဂူတော်သို့ အဆင်းလမ်းမှ ဆင်းသွားလျှင် ရုပ်ကလာပ်တော်အစစ်တည်ရှိရာ ကျောက်လိုဏ်ဂူတော်သို့ ရောက်ရှိဖူးမြော်နိုင်ကြပါသည်။

စံကျောင်းတော်၏ မျက်နှာစာဘက်တွင် ကျွန်းပင်မောင်နှမစေတီကို လည်းကောင်း၊ တစ်ဖန် စံကျောင်းတော်၏ အနောက်ဘက်တွင် ကြေးစည်ဆောင်၊ ထိုမှတစ်ဖန် စောင်းတန်းအတိုင်း ဆက်လက်တက်သွားလျှင် မြတ်စွာဘုရားရှင်နှင့် ဗုကုဋ္ဌသက်န်း လဲလှယ်နေပုံ ရုပ်ပွားတော်၊ ဆက်တက်ပြန်လျှင် သစ္စာရေတွင်းနှင့် နောက်ဆုံးမှာတော့ ကိုးနဝင်းစေတီ၊ တစ်ရာ့ရှစ်ဆူဘုရားများနှင့် ရှစ်မျက်နှာစေတီတော်တို့ကို ဖူးတွေ့နိုင်ပါသည်။

ရင်ပြင်တော်နှင့် (၂)မိုင်ခန့်အကွာတွင်ရှိသော ဆုတောင်းပြည့်စေတီနှင့် လွမ်းစေတီတို့ကို သွားရောက်ဖူးမြော်လိုလျှင်မူ နေ့ဝက်ခန့် အချိန်ပေးကာ ခြေလျင်ခရီး(သို့မဟုတ်) ဆင်ဖြင့်လည်း သွားရောက်နိုင်ကြပါသည်။

---

အညတရဘိက္ခု




www.burmeseclassic.com

www.burmeseclassic.com

# ဖိုးဝင်းတောင်မှ အံ့ဖွယ်အထွေထွေ

မကွေးလှမြင့်



မကွေးမြို့၏ အပူရှိန်သည် တရှိန်ရှိန် လောင်မြိုက်လျက် တံလျှပ်များ တရိပ်ရိပ်ပြေးလွှားနေ၏။ သကြံန်ရက်များအတွင်း အပူရှိန်ကိုရှောင်၍ နေအိမ်၌ပင် စာရေးမည်ဟု စိတ်ကူးထားသော်လည်း မမျှော်လင့်ဘဲ ခရီးထွက်ဖို့ ကြုံလာသည်။ မကွေးမြို့၊ မြပုဏ္ဏမာရွှေဆိုင်ပိုင်ရှင် ဒေါ်လှထွေးနှင့် သားများက သကြံန်ရက်များတွင် မြန်မာပြည်အနှံ့ ဘုရားဖူးထွက်မည်၊ ကျွန်ုပ်အား "စရိတ်အားလုံးတာဝန်ယူမည်၊ လိုက်ခဲ့ပါ"ဟု ဆိုသောကြောင့် ကျွန်ုပ်လည်း သူတို့မိသားစုနှင့်အတူ ခရီးထွက်ခဲ့ပါသည်။

## ဧပြီ[၁၁]ရက်ခရီးစဉ်

ကျွန်ုပ်တို့ စီးလာသော Light Truck ကားလေးသည် မကွေးမှ ချောက်မြို့ဆီသို့ ဦးတည်မောင်းလျက်ရှိသည်။ နံနက်ခင်း မြူငွေ့ကလေးများ ယှက်သန်းလျက် လေတဖြူးဖြူးနှင့် အေးချမ်းလျက်ရှိသည်။ နံနက် ၉ နာရီခန့်တွင် ချောက်မြို့အနော်ရထာတံတားဖြတ်ကာ ဆိပ်ဖြူမှ ပခုက္ကူမြို့သို့ မောင်းခဲ့သည်။ ဆိပ်[...] ပခုက္ကူကားလမ်းသစ်မှာ ချောမွေ့[...] မွန်လှသည်။ လမ်းဘေးဝဲယာတွင် [...] ထနောင်း၊ မန်ကျည်းနှင့် မဲဇလီပင်[...] သည် အခက်အလက်များ စိမ်းနု[...] လျက် မျက်စိပသာဒတွင် [...] သည်။ ဆိပ်ဖြူမြို့နယ်အဆုံး ပခု[...] နယ်အစ 'ရွှေညီကို' မြန်မာထမင်း[...] တွင် ကားရပ်နား၍ ကျွန်ုပ်တို့အဖွဲ့[...] စာ ထမင်းစားကြသည်။ ထမင်း[...] ခဏအပန်းဖြေကာ ခရီးဆက်[...]



www.burmeseclassic.com

www.burmeseclassic.com



နဂါးဒေါ်ဦးရေပ်ရှေ့၌ အဏ္ဏဝါဗောဓိညောင်ပင်ကြီး

ပထမဆုံး ယောချောင်းတံတားကို ဖြတ်ပြီး တန့်ကြည်တောင်ကို ကွေ့ကာပတ်တက်ခဲ့ကြသည်။ တန့်ကြည်တောင်ကို ဖြတ်၍ ဖောက်ထားသော ကားလမ်းမှာလည်း ကောင်းမွန်ချောမွေ့ပါသည်။ တန့်ကြည်တောင်သည် ကျောက်တောင်ကြီးသဖွယ် အရိပ်ရသစ်ပင်များမတွေ့ရ။ ကျွန်ုပ်တို့ကားသည် တောင်စဉ်အထပ်ထပ် ကွေ့ပတ်မောင်းနှင်လျက် အပူလှိုင်းများကို ဖြတ်သန်းနေသည်။ ဟိုအဝေးဆီတွင် တန့်ကြည်တောင်စေတီအား ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်စွာ ဖူးတွေ့ရသည်။ တောင်ကြောတစ်ခုပေါ်တွင် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်နေသည့် ယန္တရားကြီးများကိုတွေ့ရ၏။ အချို့နေရာများတွင် တောင်ခြေ၌ ပုဂ္ဂလိကရေနံတူးဖော်နေသော ရွက်ဖျင်တဲအချို့ကို တွေ့ရပြန်သည်။ ကျွန်းချောင်းရွာနီးလာသောအခါ ကားသည် တောင်ခြေလမ်းအတိုင်း မြေပြန့်ဆီသို့ ဦးတည်မောင်းနှင့်ရပြန်သည်။ မြေပြန့်ရောက်တော့ သစ်ပင်စိမ်းစိမ်းစိုစိုများ တွေ့ရပြန်၏။ ကျွန်းချောင်းမှ ပခုက္ကူသို့ မောင်းရာတွင် လမ်း၌ သဲချောင်းဆယ်ချောင်းခန့် ဖြတ်ရသည်။ ချောင်းများအတွင်း အလေ့ကျပေါက်နေသော ဆီရိုင်းပင်များ တွေ့ရသည်။ ထိုချောင်းများသည် ပုံတောင်ပုံညာမှ မြစ်ဖျားခံ၍ ဧရာဝတီမြစ်အတွင်း စီးဝင်သွားကြသည်။

ပခုက္ကူရောက်တော့ ညနေ ၄ နာရီခန့်ရှိပြီး သီဟိုဠ်ရှင်ဘုရားအနီးတွင် ကားရပ်၍ ဘုရားဖူးမြော်ကြသည်။ ထို့နောက် ပခုက္ကူ-ရေစကြိုကားလမ်းအတိုင်း ဆက်ထွက်ကြသည်။ ပခုက္ကူ-ရေစကြိုကားလမ်းမှာလည်း ချောမွေ့ညီညာလှသည်။ ရေစကြိုမြို့မှ ကွေ့ဝိုက်ကာ မုံရွာခရိုင် ပုလဲမြို့ဆီသို့ ဦးတည်ခဲ့ကြသည်။ ပုလဲမြို့ရောက်တော့ ညမီးများ ထွန်းလင်းလျက်ရှိသည်။ ကျွန်ုပ်တို့အဖွဲ့ ပုလဲမြို့အထွက်က ဆိုင်တစ်ဆိုင်တွင် ညစာစားရင်း ခဏတစ်ဖြုတ်နားကြသည်။

ထို့နောက် ခရီးဆက်ကြရာ ယင်းမာပင်မြို့ ရောက်ခဲ့ကြသည်။ ယင်းမာပင်မြို့တွင် ကားမနားတော့ဘဲ ဖိုးဝင်းတောင်အရောက်မောင်းခဲ့ရာ ည ၁၁ နာရီခန့်တွင် ဖိုးဝင်းတောင်ရောက်ကြပြီး နဂါးဒေါ်ဦးဓမ္မာရုံတွင် ညအိပ်ခွင့်ရသည်။ ကျွန်ုပ်တို့အရင် ဓမ္မာရုံကြီးပေါ်၌ ဘုရားဖူးများဖြင့် ပြည့်နေသော်လည်း ကျွန်ုပ်တို့အဖွဲ့အတွက် သီးသန့်နေရာကို စီစဉ်ပေးပါသည်။

## ဖိုးဝင်းတောင်ဥမင်နေရာ

ဖိုးဝင်းတောင်သည် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ မင်းဖူးကျေးရွာအုပ်စုအတွင်း၌ တည်ရှိပြီး ဖိုးဝင်းတောင်နှင့် တစ်ဆက်တည်း ထင်ပေါ်ကျော်ကြား လူသိများသည့် ရွှေဘတောင်သည် ယင်းမာပင်မြို့နယ်အတွင်း ဆားလင်းကြီးမြို့နယ်အစွန်အဖျား၌ တည်ရှိ၏။ နှစ်တောင်စလုံးသည် မုံရွာ၏အနောက်ဘက် ၁၄ မိုင်ခန့်အကွာတွင် ရှိ၏။ မုံရွာမှတစ်ဆင့် ချင်းတွင်းမြစ်ကူးတံတားကို ကူးပြီး ဘုရားဖူးယဉ်များ တောင်ပေါ်သို့ ခရီးပေါက်နိုင်သည်။

ဖိုးဝင်းတောင်သည် မြတ်စွာဘုရား ဖလသမာပတ်ဝင်စားတော်မူသော တောင်ထူးတောင်မြတ်ဖြစ်ပြီး သက္ကရာဇ် ၄၁၂ ခုနှစ်ခန့်က ပြူလဝမင်းသည် ကမ္ဘာတည်လောက်သော ကျောက်တောင်ကြီးအား မြတ်စွာဘုရား၏ ရုပ်ပွားတော်နှင့် ဓာတ်တော်၊ မွေတော်၊ စေတီတော်များ တည်ထားကိုးကွယ်ခဲ့ရာ စေတီပေါင်း ၄၄၆၄၄၄ ဆူရှိကြောင်း သိရ၏။


ဤဖိုးဝင်းတောင်သည် ဝိပဿနာအလုပ်လုပ်လိုသူများ မွေ့လျော်ကိန်းအောင်းရာ မဂ်ရောက်၊ ဖိုလ်ဝင်၊ နိဗ္ဗာန်ဝင်လိုသူများ လမ်းစရှာရာ အရပ်ဒေသတစ်ခု ဖြစ်၏။ ရပ်ဝေးရပ်နီးမှ သမထ ဝိပဿနာအလုပ် လုပ်လိုသူများအတွက် ဇရပ်၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်များမှာ လာသမျှ လက်ခံနိုင်အောင် ရှိ၏။

ဤတောင်ကို အရပ်ရှစ်မျက်နှာက ကြည့်လိုက်လျှင် လောင်းလှေကို မှောက်ထားသကဲ့သို့ ရှိသည်။ အရပ်လေးမျက်နှာက ကြည့်သော် ဝိုင်းနေသော သဏ္ဌာန်ရှိ၍ ဖိုးဝိုင်းတောင်ဟု ခေါ်ကြပြန်၏။ ရှေးအခါက ဝိဇ္ဇာတို့၏ ဘိုးဘေးဟု ခေါ်ဆိုသမုတ်သော ဇော်ဂျီဦးဖိုးဝင်း၏ နေရာ

www.burmeseclassic.com

ဌာနမှာ ယခု ဖိုးဝင်းတောင်ဟု ခေါ်ကြသည်။ ကာလရှည်ကြာလာသောအခါ ဖိုးဝိုင်းတောင်အမည်ပျောက်၍ ဖိုးဝင်းတောင်ဟု ခေါ်ကြသည်။

ဇော်ဂျီဦးဖိုးဝင်းသည် ဖိုးဝင်းတောင်နှင့် မနီးမဝေးလှသော စဖိုတောင်၌ ကျောက်ဂူလိုဏ်ခေါင်းအောင်း၍နေသည်။ ဇော်ဂျီဖိုးဝင်း၏ ပြဒါးသိဒ္ဓိတန်ခိုးကြောင့် မြင်ထိုက်သောသူသာ ထိုဂူကို မြင်ရသည်။ မထိုက်သောသူတို့ ယခုအထိ ထိုဂူကို ရှာမတွေ့ကြ။ တွေ့ဖူးသော ပုဂ္ဂိုလ်မှာ ပန်းဖူးနယ်အဝင်ကာ ရွာသစ်ကုန်းဘုန်းတော်ကြီး ဦးဇောတသည် မိမိကျောင်းက တပည့်များနှင့် စဖိုတောင်သို့ ဆေးမြစ်အရှာသွားရာ ထိုဂူကိုမြင်တွေ့ခဲ့ရသည်။ ထိုဂူအနီးတွင် ဆေးကျောက်ပြင်နှင့် ဆေးကျောက်လုံးကို တွေ့ခဲ့ရသည်။ ဘုန်းတော်ကြီး ဦးဇောတသည် ဂူကို အာရုံမပြုဘဲ သူအလိုရှိရာ ဆေးမြစ်ကိုသာ သဲကြီးမဲကြီး ရှာဖွေလျက်ရှိသည်။ ဆေးမြစ်များရသောအခါ တပည့်များနှင့် အပန်းဖြေနားနေပြန်သည်။ ဆရာတော် ဦးဇောတ သတိရ၍ ဂူကို တပည့်များနှင့်



ဖိုးဝင်းသခင်မ၏ စီးတော်ကျား

ရှာဖွေခဲ့ရာ မတွေ့ကြတော့ဘဲ ကျောင်းသို့ ပြန်ခဲ့ကြသည်။

ထိုကျောက်လိုဏ်ခေါင်း၌ ပျော်အောင်းနေသော ဇော်ဂျီဦးဖိုးဝင်းသည် အများသူငါ သုံးစွဲနိုင်ဖို့ ရေကန်တစ်ခု ဖန်တီးခဲ့သည်။ ထိုရေကန်ကို သိဒ္ဓိပထမံ ရေကန်ဟု ခေါ်ကြသည်။ မကြာမီ ရေကန်အလယ်၌ ပဒုမ္မာကြာဖူးတစ်ခု ပေါ်

လာခဲ့၏။ ဇော်ဂျီဦးဖိုးဝင်းသည် ရေ...
အလယ်က ကြာဖူးကြီးကို ချိုး၍ သူ...
ထိုင်သော စဖိုတောင်ပေါ်သို့ ယူလာခဲ့...
စဖိုတောင်ပေါ်သို့ရောက်လျှင် အစ်ဌာ...
၍ ပဒုမ္မာကြာဖူးကြီးကို ဖွင့်ကြည့်...
သန္ဓေဇကလေးတစ်ဦးတွေ့ရ၏။ ဇော်...
ဦးဖိုးဝင်းသည် ဝမ်းသာအားရဖြင့် သူ...
သော ကျောက်ဂူအတွင်း ယူဆောင်...
ခဲ့သည်။

တစ်နေ့သောအခါ ဇော်ဂျီဖိုး...
သည် အတော်လေးကြီးပြင်းလာ...
သမီးကလေးအတွက် 'ပဒုမ္မာအလှ...
ဟု အမည်ကို ပေးသည်။ အခါတစ်...
ပုဂံပြည်ရှင် သီရိဇေယျနန္ဒတောင်မင်း...
စားတော်ဆက် မုဆိုးတစ်ယောက် ...
ကောင်ရှာ၍ မျက်စိလည်လမ်းမှာ...
ဇော်ဂျီဖိုးဝင်းနေသော ကျောက်ဂူ...
ရောက်သွားခဲ့သည်။ မုဆိုးသည် ဇော်...
ဖိုးဝင်း ဆေးကြိတ်သည်ကိုမြင်ပြီး ...
ကောင်ရှာဖွေရင်း မျက်စိလည် လမ်း...
လာကြောင်း ပြောပြသည်။ နှစ်ရက်...
နေပြီး ဇော်ဂျီဖိုးဝင်း၏ လမ်းပြ...
ပုဂံနေပြည်တော်သို့ ပြန်ရောက်...
သည် ဘုရင်အား ဆက်သရန် ...



ဖိုးဝင်းတောင်မှ ကျောက်ဆစ်လက်ရာများ



www.burmeseclassic.com

www.burmeseclassic.com

ကောင်မပါသောကြောင့် မင်းပြစ်မင်းဒဏ်မှ လွတ်မြောက်ရန် ဇော်ဂျီဖိုးဝင်း၏ ကျောက်ဂူထဲ၌တွေ့ခဲ့ရသော် သန္တေဒဇပဒုမ္မာမင်းသမီးကလေး ချောလှပုံကို လျှောက်တင်၏။ မုဆိုး၏ လျှောက်တင်ချက်ကိုကြားလျှင် သဘောတော်ကျတော်မူ၍ "ငါ၏အမိန့်တော်နှင့် အသင်မုဆိုးသွား၍ ယခုချက်ချင်း ခေါ်ဆောင်လာရမည်"ဟု အမြန်စေလွှတ်တော်မူ၏။

ဇော်ဂျီဖိုးဝင်းသည် ဖိုကူးရန် ဆေးမြစ်တစ်မြစ်လိုနေသည်။ ထိုဆေးမြစ်မှာ ဤတောဤတောင်၌ မရှိ။ ပုပ္ပားတောင်၌သွားပြီး ဆေးမြစ်ကို သွားရှာရမည်ဖြစ်၏။ သမီးကလေးကို ကျောက်ဂူအပြင်အပသို့ မထွက်ရန် အသေအချာမှာပြီး ဇော်ဂျီမင်း သိဒ္ဓိတန်ခိုးဖြင့် ပုပ္ပားတောင်သို့ သွားလေ၏။ စားတော်ဆက်မုဆိုးသည် ပုဂံနေပြည်တော်မှ ထွက်ခွာလာခဲ့ပြီး မကြာမီ စဖိုတောင်ပေါ်သို့ ရောက်ခဲ့၏။

ဇော်ဂျီမင်းကျောက်ဂူဝ မနီးမဝေး၌ မုဆိုးသည် ရပ်တန့်၍ ဇော်ဂျီမင်း ရှိမရှိ စနည်းနာသည်။ ဇော်ဂျီမင်းမရှိမှန်းသိသောအခါ ကျောက်ဂူအတွင်း ဝင်ရောက်ခဲ့၏။

မုဆိုးသည် သန္တေသူမလေးအား ပုဂံနေပြည်တော် ဘုရင်မင်းမြတ်က ရာဇသံဖြင့် ခေါင်ကြဉ်းပေးရမည်ဟု အမိန့်ရှိသဖြင့် လာခဲ့ရကြောင်း ရှင်းပြသည်။ သန္တေသူမလေးသည် အဖေဇော်ဂျီမင်းသိရအောင် ကမ္ဗည်းကျောက်စာရေးထိုးထားခဲ့ပြီး သီရိဇေယျနန်းတောင်းဘုရင်ကို နှစ်သက်စုံမက်သဖြင့် စားတော်ဆက်မုဆိုးခေါ်ရာသို့ လိုက်ပါသွားခဲ့၏။ ပုဂံနေပြည်တော်သို့ရောက်လျှင် မုဆိုးသည် သန္တေသူမလေးကို နန်းတောင်းဘုရင်မင်းမြတ်ထံ အပ်၏။

ဇော်ဂျီဖိုးဝင်းသည် ပုပ္ပားတောင်တွင် သူ့အလိုရှိသော ဆေးမြစ်ရှာတွေ့ခဲ့၍ သစ်ပင်အောက်၌ တစ်မှေးအိပ်စက်အနားယူစဉ် အိပ်မက်ဆိုးတစ်ခု မက်၏။ အိပ်မက်မှာ အလွန်တရာ ကြမ်းတမ်းသော ဘီလူးတစ်ကောင် သူအိပ်သောနေရာသို့လာကာ သူ၏ အူအသည်းများကို ထုတ်ယူသွားကြောင်း မြင်မက်၏။ ဇော်ဂျီဖိုးဝင်းသည် အိပ်မက်မကောင်းသဖြင့် စဖိုတောင်သို့ အလျင်အမြန်ပြန်ခဲ့၏။ ကျောက်ဂူအတွင်း၌ သန္တေသူမလေး မရှိတော့။ သမီးရေးခဲ့သော ကမ္ဗည်းကျောက်စာကိုဖတ်ပြီး အလုံးစုံသိရသည်။ ဇော်ဂျီဖိုးဝင်း ကမ္ဗည်းကျောက်စာကို ဖတ်ရင်း ဒေါသူပုန်ထရှာလေ၏။

ထို့နောက် ဇော်ဂျီဖိုးဝင်းသည် အကြိတ်စ်ခုရကာ စဖိုတောင်ပေါ်ကဆင်း၍ ဟာလင်္ကရတိုင်းပြည်သို့ ထွက်လာခဲ့၏။ မကြာမီ ချင်းတွင်းမြစ်ကမ်းနားသို့ ရောက်လာသည်။ ချင်းတွင်းမြစ်တစ်ဖက်ကမ်းသို့ ကူးပြီး ဟိုဟိုဒီဒီကြည့်ရှုသောအခါ မြစ်နှင့် မနီးမဝေးတွင် ကျောင်းသခ်မ်းတစ်ခုကို တွေ့၏။ ကျောင်းအနီးတွင် ကမ္ဗည်းစာတမ်းတိုင်တစ်ခုကို တွေ့ရသည်။ ကမ္ဗည်းစာတမ်းတွင် ရှေးအခါက လောကီအဘိညာဉ်နှင့် ပြည့်စုံသော ဇောတိပါလအမည်ရှိသည့် ရှင်ရသေ့နေထိုင်သော နေရာဖြစ်၏။ ထိုနေရာ၌ မုံပင်တစ်ပင် တွေ့ရ၏။ ရှင်ရသေ့သည် မုံပင်အောက်၌ ကမ္မဋ္ဌာန်းဘာဝနာများ ပွားများသည်ဟု ဆို၏။ တစ်ခါတွင် ရှင်ရသေ့ မုံပင်ခြေ၌ တရားအားထုတ်နေစဉ် ကြောင်နှင့်ကြွက်၊ မြွေနှင့်ဖားကို တွေ့ရ၏။ ကြွက်က ကြောင်ကို အနိုင်ရ၏။ ဖားက မြွေကို အနိုင်ရ၏။ ရှင်ရသေ့က အဘိညာဉ်ဖြင့် ကြည့်ပြီး ဤနေရာကား ဘူမိနက်သန် အလွန်ကောင်းကြောင်း၊ နောင် ငါမရှိသည့်နောက် ဤနေရာဌာနသည် အသွားအလာများပြီး တစ်ဦးသောယောက်ျားသည် မုံပင်အောက်၌ ဆိုင်ခင်းကာ မုံဆီလုပ်၍ ရောင်းချလိမ့်မည်။ စီးပွားချမ်းသာဖြစ်ထွန်းကြောင်း သိကြလေသောအခါ တစ်စတစ်စ ဈေးဆိုင်ခင်း၍ ရောင်းချလတ္တံ့။ မုံပင်ကို အစွဲပြု၍ မုံဆီရွာဟု တွင်ခဲ့၏။ နောင်အခါ မုံရွာဟု တွင်လတ္တံ့။ ထိုမုံရွာမြို့သည် ကုန်ရောင်းကုန်ဝယ်များနှင့် စည်ကားလာလတ္တံ့ဟု ဟောခဲ့သည်။ မကြာမီ ဇောတိပါလရှင်ရသေ့ စုတိစိတ်ကျလေ၏။

ဇော်ဂျီဖိုးဝင်းသည် ရှင်ရသေ့ကျောင်းထွက်လာခဲ့ပြီး ဟာလင်္ကရပြည်သို့ ဆိုက်ရောက်ခဲ့၏။ နန်းတော်သို့ ဝင်ကာ ပြူလဝဘုရင်မင်းမြတ်ရှေ့တော်သို့ ခစားလျက် "ပုဂံနာဂရမြို့ သီရိဇေယျနန်းတောင်းဘုရင်၏ စားတော်ဆက်မုဆိုးသည် မတောင်းမရမ်း၊ မပြောမဆိုဘဲ သန္တေသူသမီးကလေးအား ဖြားယောင်းလှည့်ပတ်၍ အဓမ္မခေါ်ဆောင်သွားကြောင်း၊ သန္တေသူပဒုမ္မာဒေဝီကို အရှင်မင်းမြတ်ထံ ဆက်သရန် ရည်ရွယ်ထားပါကြောင်း" သံတော်ဦးတင်၏။ ထို့နောက် ဗိုလ်ခြေတပ်သားတစ်ထောင်ကို ပေးသနားပါမည့်အကြောင်း ၎င်းတပ်သားများနှင့် သူကိုယ်တိုင်သွား၍ သန္တေသူ သမီးကလေးမပါပါအောင် တိုက်ခိုက်လုယူပြီး အရှင်မင်းမြတ်ထံဆက်သမည့်အကြောင်း သံတော်ဦးတင်သည်။

ပြူလဝမင်းသည် ဇော်ဂျီဖိုးဝင်းအား ဗိုလ်ခြေတပ်သားတစ်ထောင် ထည့်ပေးကာ အရင်ထွက်စေ၏။ နောက်မှ ဇော်ဂျီဖိုးဝင်းနေသော တောင်သို့ ပြူလဝမင်းသည် ဗိုလ်ခြေများနှင့်အတူ ထွက်ခဲ့သည်။


သိဒ္ဓိသေနင်းဦးဖိုးဝင်းသည် ပြူလဝမင်း၏ စစ်သည်ဗိုလ်ပါများနှင့် အလျင်အမြန်ချီတက်ခဲ့ရာ ပုဂံနာဂရမြို့သို့ ဆိုက်ရောက်ကြလေ၏။

ဇော်ဂျီဖိုးဝင်းသည် မြို့တံခါးမှနေ၍ တစ်မြို့လုံးကို အိပ်မွေ့သွင်းလိုက်၏။ တပ်သံကို အိပ်မွေ့သွင်းပြီးမှ ပေးရမည်ဟုဆို၏။ ဇော်ဂျီဖိုးဝင်းသည် ပြဒါးသိဒ္ဓိတန်ခိုးနှင့် နန်းတော်အတွင်းဝင်၍ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘတောင်မှ ဖားရုပ်ကြီး

မင်းကြီးနှင့်အတူ စက်တော်ခေါ်နေသော သမီးကညာကို အသာပွေ့၍ မြို့ပြင်သို့ ထွက်ခဲ့၏။ ဇော်ဂျီဖိုးဝင်းသည် သမီးကလေးကို ယူဆောင်၍ စဖိုတောင်သို့ ပြန်ခဲ့၏။

စစ်သည်ဗိုလ်ခြေအပေါင်းမှာ အလွန်မတန် အံ့သြလျက်ရှိကြကုန်၏။ ဇော်ဂျီဖိုးဝင်းမှာ "ဟောဒီကျောက်ဂူကနေပြီး ပြဒါးသိဒ္ဓိလမ်းပြီးမြောက်ကြောင်း"ပြောပြ၏။ "ကျွန်ုပ်သည် များမကြာမီ သိဒ္ဓိဆယ်ပါးအစဉ်တက်၍ ချမ်းသာစွာနေရတော့အံ့"ဟု ဗိုလ်ခြေများကို ဆက်ပြော၏ ဇော်ဂျီဖိုးဝင်းသည် သူနေသော ကျောက်ဖျာဂူကို ထိုက်သောသူသာ တွေ့စေ၊ မထိုက်သောသူဆိုလျှင် ဘယ်လိုပင်ရှာသော်လည်း မတွေ့စေ။ ငါနေသော ဂူ၏ မြောက်ဘက်တွင် ပြဒါးပြာအိုးကို အိုးနှင့်တကွ မြှုပ်ထား၏။ ထိုက်သောသူမှတွေ့စေ။ ကျောက်ဂူအနောက်တောင်ထောင့်တွင် ကြောင်ပန်းနီပင်တစ်ပင်၊ ကြောင်ပန်းနက်ပင်တစ်ပင် စိုက်ထား၏။ ထိုက်သောသူတွေ့လိမ့်မည်။ ဆေးပင်၏အသုံးကို ကျောက်ဂူ၌ ကမ္ပည်းထိုးထား၏။

ဟာလင်္ကာမှရပြည့်ရှင် ပြူလဝမင်းကြီးသည် လှည်းအစီးငါးရာနှင့် ဖိုးဝင်းတောင်သို့ ချီခဲ့ရာ သလ္လာဝတီချင်းတွင်းမြစ်ဆိပ်ကမ်းသို့ ဆိုက်ရောက်၍ စခန်းချနေတော်မူ၏။ ထို့နောက် သလ္လာဝတီမြစ်ကို တံတားခင်း၍ အနောက်ဘက်ကမ်းသို့ ကူးတော်မူ၏။ လှည်းငါးရာနှင့် ကူးခဲ့သည်ကို အစွဲပြု၍ ထိုနေရာကို လှည်းကူးဆိပ်ဟု အမည်တွင်ခဲ့၏။ ယခုအခါ လှေကူးဆိပ်ဟု ခေါ်ကြ၏။ ဆိပ်ကမ်းမှခွာပြီး တောင်ခြေသို့ရောက်လျှင် ခေတ္တနားနေတော်မူစဉ် အမတ်ကြီး ပညာဗလကို ဦးဆောင်စေလျက် တောင်ပေါ်တက်၍ လှည့်လည်ကြည့်ရှုစေ၏။

တောင်ပေါင်း ၃၃ လုံးရှိကြောင်း တွေ့ရ၏။ တောင်အမည်များမှာ ဖိုးဝင်းတောင်၊ ဇလပ်တောင်၊ လောက်စားလုံးတောင်၊ ရင်ခတ်တောင်၊ ဖန်ခါးတောင်၊ နွားသိုးတောင်၊ နံ့သာတောင်၊ ပြာပုံတောင်၊ မြေဖြူတောင်၊ ဆူးပုတ်တောင်၊ ရသေ့တောင်၊ ခမောက်တောင်၊ နွားချေးတောင်၊ အလျှင်မြင့်တောင်၊ မားသွေးကျောက်တောင်၊ မြေနက်တောင်၊ ခြေတော်ရာတောင်၊ ကပြူတောင်၊ ကိန္နရာတောင်၊ မျှော်တော်တောင်၊ အောင်တော်မူတောင်၊ ကျောက်တစ်လုံးတောင်၊ ...
သာတောင်၊ ဖောင်းခါးတောင်၊ နတ်...
တောင်များ ဖြစ်ကြ၏။ ရွှေတွင်း၊ ...
တွင်း၊ စိန်တွင်းများ ဖြစ်ကြ၏။ ထို...
လေးတွင်းအနီးတွင် တောင်တစ်လုံး...
ဒုဋ္ဌာထွက်၏။

တောင်ခြေမှ ခရီးထွက်ခဲ့ကြ...
ကြိုးသွားများဖြင့် ပြည့်နေသော ကွင်...
ကြီးသို့ ရောက်ခဲ့၏။ ရှေးယခင်က ...
ကွင်း၌ ရွာတစ်ရွာရှိ၏။ ထိုရွာကို မိုး...
ပစ်၍ တစ်ရွာလုံး ပျက်စီးခဲ့သည်။ ထို...
ရာကို မိုးကြိုးပစ်ဟု အမည်တွင်၏။ ...
မိုးကြိုးပြင်ရွာဟု ခေါ်ကြ၏။ ထိုမှတ...
ကပြူတွင်းသို့ ရောက်၏။ တွင်းကြီး...
နေ၏။ ဤတွင်းမှ မြေနီ၊ မြေဝါ၊ ...
မြေပြာအမျိုးမျိုး ထွက်သည်။ လူအ...
သုံးစွဲဖို့ တူးဆွကြသောကြောင့် တွင်...
ဖြစ်နေရသည်။ ကပြူတွင်းအနီး...
တောင်ပူစာကလေးရှိ၏။ တောင်ထိပ်...
၌ ဘုရားစေတီသုံးဆူ တည်ထားပြီး ...
ကွယ်ထား၏။ ယခုအခါ ကပြူတွင်...
မခေါ်ဘဲ ကပြူတောင်ဟု ခေါ်ကြ၏။ ...
မှဆက်၍ချီတော်မူရာ ရှေ့တွင် ကျော...
ဖျာကြီးတစ်ခု တွေ့ရ၏။ ကျောက်...
နှင့် အလားသဏ္ဌာန်တူသဖြင့် ယခု...
ကျောက်ခုတင်ဟု ခေါ်ကြ၏။

ထိုမှဆက်၍ ချီတော်မူရာ ...
ကျည်းတစ်ထောင်ဟုခေါ်သောနေ...
ရောက်၏။ ယခု ဤနေရာတွင် ...
ကလေးရှိ၏။ ထို့နောက် ရွှေဘတော...
မျှော်ရှုရာ စိမ်းစိမ်းစိုစိုနှင့် တော...
တစ်ခုကို တွေ့၏။ ထိုတောင်ခြေ...
အရောက်ချီတော်မူပြီး စခန်းချကာ ...
လဝမင်းကြီးလှည့်လည်ကြည့်ရှုရာ ...
မြင့်သောတောင်ကို အလျှင်မြင့်တော...
ခေါ်၏။ ယခုအခေါ်မှာ ရင်ပြင်တော...
ခေါ်သည်။ မင်းကြီးသည် အမတ်...
နှင့် ရင်ပြင်တောင်ပေါ် ...
ရာ ကျောက်သား၊ ကျောက်ထု ...



www.burmeseclassic.com

www.burmeseclassic.com

ဘမ်းယံကြီးများကို ထူးဆန်းစွာတွေ့ရသည်။ ထိုတောင်၌ ဗုဒ္ဓရှင်တော်၏ ရုပ်တုတော်များ ထုလုပ်လျှင် ကောင်းမည်ဟု ဆိုကာ လုံ့ဖျားနှင့်ထိုးဆွကြည့်တော်မူ၏။

ထို့နောက် တောင်ပေါ်က ဆင်းခဲ့ကြပြီးမနီးမဝေးတွင် မြို့သစ်ထီးနန်းတည်ကာ ခေတ္တခဏယာယီစံနေတော်မူကြ၏။

ဖော်ကျိုဖိုးဝင်းသည် သန္ဓေသူပဒုမ္မာဒေဝီအား ပြုလဝမင်းရာဇာသို့ ဆက်သရန် ချောမော့နာချသော်လည်း ခေါင်းခါငြင်းဆန်လျက်ရှိသည်။ ဖော်ကျိုဖိုးဝင်းမှာ သမီးကငြင်းဆန်နေသဖြင့် စိတ်မကောင်းခြင်းကြီးစွာဖြင့် ညိုးညိုးငယ်ငယ်ဖြစ်နေရှာ၏။ နောက်ဆုံး သန္ဓေသူလေးသည် အဖေဖော်ကျို စိတ်မကောင်းဖြစ်နေပုံကို မကြည့်ရက်သဖြင့် နောက်ဆုံးတွင် အဖေ့စကားကို နားထောင်လိုက်၏။ ဖော်ကျိုဖိုးဝင်းသည် မြို့သစ်တွင် ယာယီတဲနန်းထိုးကာ စံမြန်းနေသော ပြုလဝမင်းကြီးထံ သံတော်ဦးတင်ရန်သွားစဉ် သန္ဓေသူလေးသည် ကျောက်ဂူအတွင်းမှ ထွက်ကာ မိမိသန္ဓေစွဲကပ်သော အောင်သိဒ္ဓိရေကန်နား ရောက်သွား၏။ ထို့နောက် အောင်သိဒ္ဓိရေကန်မှ ထွက်ခွာခဲ့ပြီး တောင်ကမ်းယံအတိုင်း တောင်ထိပ်ပေါ်သို့ တက်ခဲ့၏။ တောင်ထိပ်ပေါ်ရောက်လျှင် ရင်ဆို့လာပြီး ရင်ကွဲနာကျလျက် သေဆုံးသွားလေ၏။ ထို့နောက် ဤတောင်ကြီးကို စောင့်ရှောက်ရသော တောင်တော်ရှင်မဖြစ်သွားရှာသည်။ အဖော်ဖော်ကျိုဖိုးဝင်း၏ အမည်ကိုစွဲ၍ ဖိုးဝင်းရှင်မဟူ၍ ယခုအခါ ခေါ်ကြ၏။

ဖော်ကျိုဖိုးဝင်း ပြန်ရောက်လာသောအခါ သန္ဓေသူမလေးက ကိုယ်ထင်ပြပြီး ပျောက်ကွယ်သွားလေ၏။ ဖော်ကျိုဖိုးဝင်းလည်း သမီးကလေး တောင်တော်ရှင်မဖြစ်နေကြောင်း သိရသောအခါ ကျောက်ဂူအတွင်းဝင်ကာ ဖိုကျူးလေ၏။ ထိုမှ သိဒ္ဓိဝိဇ္ဇာကြီး ဖြစ်သွားလေ၏။

သိရိဓမ္မာသူ နန်းတောင်ဘုရင်သည် နံနက်လင်းသည့်အခါ သန္ဓေသူမိဖုရားကို မတွေ့တော့သဖြင့် စစ်သည်ဗိုလ်ပါများနှင့်အတူ တောအထပ်ထပ်တောင်အသွယ်သွယ် ဖြတ်ကျော်၍ ရှာတော်မူခဲ့၏။ တစ်နေ့ရာအရောက်တွင် ခရီးပန်းတော်မူသဖြင့် ယာယီတဲနန်းစိုက်၍ အနားယူရန် အမတ်ကြီးများကို တိုင်ပင်တော်မူ၏။ ထိုနေရာကို ယခုအခါ မင်းတိုင်ပင်ဟု ခေါ်စမှတ်ပြု၏။

နန်းတောင်ဘုရင်လည်း ယာယီတဲနန်းဖြင့် စံနေစဉ် အမတ်တစ်ဦးကို တောင်ပေါ်တက်၍ သန္ဓေသူမလေး သတင်းကို စုံစမ်းစေ၏။ ထိုအမတ် တောင်ပေါ်ရောက်သောအခါ သန္ဓေသူခေါ် ဖိုးဝင်းရှင်မက လူယောင်ဖန်ဆင်း၍ ပြ၏။ နန်းတောင်ဘုရင်၏ ကြင်ရာတော်ဖြစ်ကြောင်း အကြောင်းအကျိုးကုန်စင်အောင် ရှင်းပြပြီး ပျောက်ကွယ်သွားခဲ့၏။ ထိုအမတ်သည် တောင်ပေါ်ကဆင်းလာပြီး အကျိုးအကြောင်းကုန်စင်အောင် သံတော်ဦးတင်သော် နန်းတောင်ဘုရင်သည် အဖြစ်မှန်ကိုသိပြီး ပြုလဝမင်းအား စစ်ထိုးမည့်အစီအစဉ် ပယ်ဖျက်လိုက်ကာ မင်းနှစ်ပါး ချစ်ကြည်ရင်းနှီးသွားကြ၏။

ဖိုးဝင်းရှင်မသည် ဘဝဟောင်းက လင်ဖြစ်ခဲ့ဖူးသော နန်းတောင်ဘုရင် ရွှေစုရွာရောက်နေကြောင်း သိရသဖြင့် လိုက်သွားကာ ကိုယ်ထင်ပြရှာ၏။ ဖိုးဝင်းရှင်မသည် နန်းတောင်ဘုရင်အား ဖြစ်ပျက်ပုံများကို ပြောဆိုရှင်းပြပြီး တောင်ပေါ်သို့ ပြန်လေ၏။ နန်းတောင်ဘုရင်လည်း ရွှေစုရွာမှ တောင်ပေါ်သို့ ချီတော်မူပြန်၏။ သန္ဓေသူမလေး သန္ဓေစွဲကပ်သော ရေကန်အနီး၌ သစ်ခက်တဲနန်းထိုးကာ စံနေတော်မူ၏။

ထို့နောက် တောင်ကမ်းပါးယံ တောင်ထိပ်ပေါ်သို့ တက်တော်မူ၏။ တောင်ထိပ်တွင် သန္ဓေသူမလေးအလောင်းကို တွေ့ရပြီး [illegible] သန္ဓေသူမလေး သေဆုံးသည့်နေရာတွင် ပန်းရန်အကြီးအကဲ ငရွှေဘကို အမိန့်ပေး ထည့်သွင်းပြီး စေတီတည်စေ၏။ ငရွှေဘ စေတီတည်ပြီးသောအခါ နန်းတောင်ဘုရင်သည် တောင်အောက်ဆင်းလာပြီး ပြုလဝမင်းတို့ လုံ့ဖျားနှင့် ထိုးဆွခဲ့သော ကျောက်တုံးကျောက်ဆိုင်များကို မြင်သော် ဤတောင် ဤဌာနသည် ဗုဒ္ဓရှင်တော်၏ ရုပ်ပွားဆင်းတုတော်တို့ ထုလုပ်စရာကောင်းသည်ဖြစ်၍ ငရွှေဘကို ထုလုပ်စေခဲ့၍ ငရွှေဘသည် တပည့်များကို ခေါ်လျက် ရင်ပြင်တောင်သို့သွားကာ မြတ်စွာဘုရားရုပ်တုများကို ပြီးစီးအောင် ထုလုပ်ကြ၏။ နန်းတောင်ဘုရင်က အလွန်ကြည်ညိုသော စိတ်ဇောပီတိရှိပြီး ရင်ပြင်တောင်ဘုရား၊ ဆုတောင်းပြည့်ဘုရားဟူ၍ ဘွဲ့တံဆိပ်နှိပ်တော်မူ၏။

ထိုစဉ် ပြုလဝမင်းသည် ရွှေစုရွာမှ ပြောင်းရွှေ့ကာ ဖိုးဝင်းတောင်သို့ ချီတော်မူ၏။ တောင်ပေါ်ရောက်သောအခါတွင် ရင်ပြင်တောင်ပေါ်တွင် ထုလုပ်ထားသော မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတုတော်များကို မြင်ပြီး အလွန်ကြည်ညို ဝမ်းမြောက်တော်မူ၏။ ပြုလဝမင်းသည် နန်းတောင်ဘုရင်မင်းထံ ပန်းရန်မောင်ရွှေဘကို သူ့ထံစေလွှတ်ပေးဖို့ သဝဏ်လွှာပါးတော်မူ၏။ မောင်ရွှေဘလည်း အမိန့်တော်အတိုင်း ပြုလဝမင်းထံ အခစားဝင်ခဲ့၏။ ထို့နောက် ရင်ပြင်တောင်သို့သွားကာ နန်းတောင်မင်းဘုရားများနှင့်ယှဉ်၍ မြတ်စွာဘုရား၏ ရုပ်ပွားတော်များကို တပည့်များနှင့် ထုဆစ်ကြလေ၏။

နန်းတောင်မင်းဘုရင် ပုဂံသို့ပြန်ခါနီးတွင် ပန်းရန်အကြီးအကဲ ငရွှေဘကို ခေါ်၍ ဗုဒ္ဓရှင်တော်၏ ရုပ်ပွားဆင်းတုတော်များ အရှည်တည်စေခြင်းငှာ ငရွှေဘသည် ဖိုးဝင်းတောင်၌ အမြဲနေ၍ လုပ်ကိုင်ရန် အမိန့်ချမှတ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးဝင်းတောင်တွင်ရှိသော ကျောက်နှင့်ပတ်သက်၍ ကိစ္စအဝဝကို မောင်ရွှေဘအား တာဝန်ပေးခဲ့၏။ နန်းတောင်းမင်းသည် ဖိုးဝင်းတောင်မှ ဆင်းကာ မနီးမဝေး ငါးမတ်ခန့်အကွာအရောက်တွင် ရေကြည်တော်မွတ်သိပ်သဖြင့် အဓိဋ္ဌာန်ပြု၍သစ္စာဆိုရာ စိမ့်စမ်းရေများ သူ့အလိုအလျောက် ပွက်ပွက်လျှံထွက်လာခဲ့၏။ နန်းတောင်းမင်း သစ္စာဓိဋ္ဌာန်ပြု၍ ထားခဲ့သောဌာနတွင် ယနေ့တိုင် မတောင့်တရွာဟု ထင်ရှားစွာရှိ၏။ ယင်းဌာနတွင် ယခုတိုင် နန်းဦးစေတီဟု ထင်ရှားစွာရှိ၏။

မတောင့်တရွာအနီးတွင် စိမ့်စမ်းရေယာဉ်တို့ သုံးစွဲမကုန်အောင် အလိုအလျောက်ထွက်နေသော ရေပွက်များ ယနေ့တိုင် တွေ့ရ၏။

ပြုလဝမင်းသည် ရင်ပြင်တောင်တွင် နန်းတောင်းမင်းတည်ထားသော ရင်ပြင်တောင်၊ ဆုတောင်းပြည့် ဘုရားနှစ်ဆူယှဉ်လျက် အစဉ်အတိုင်း ဘုရားငါးဆူထုဆစ်ရန် ပန်းရန်မောင်ရွှေဘကို အမိန့်ပေးတော်မူ၏။ မောင်ရွှေဘသည်း အမိန့်တော်အတိုင်း ရင်ပြင်တောင်သွားကာ ဘုရားရုပ်တုတော်များ ထုလုပ်ကြ၏။ လိုဏ်ငါးပေါက်တို့ကို ဖောက်ထွင်းတူးလိုက်သောအခါ တောင်ဆုံးဖြစ်သောလိုဏ်တွင် ကျောက်ခေါင်းကြီးတွေ့သဖြင့် အတွင်းသို့ဝင်ကြည့်ကြ၏။ ယင်းကျောက်ခေါင်းကြီးသည် သွား၍မဆုံးအောင် ရှည်လျား၏။ ဦးရွှေဘသည် ကျောက်ခေါင်းကြီး ထူးဆန်းကြောင်း မင်းကြီးထံ သံတော်ဦးတင်၏။

ကျောက်ခေါင်းကြီးမှာ ဝိသေသထူးခြားသောကြောင့် ရဲစွမ်းဗလနှင့် ပြည့်စုံသော အမတ်တစ်ဦး အဆုံးအထိ ဝင်သွား၏။ ကျောက်ခေါင်းကြီးအဆုံးတွင် လက္ခတ်တောင်ထိပေါက်လေ၏။ ထိုမှလှည့်ပြန်ရာတွင် ဝင်ပေါက်သို့ ပြန်ရောက်၏။ လက္ခတ်တောင်မှာ ယခု လက်ပ

တောင်းတောင်ဟု ခေါ်ကြသည်။ ထိုကျောက်ခေါင်းကြီးအတွင်း ထူးဆန်းအံ့ဩလောက်သော အဖိုးတန်ရတနာအမျိုးမျိုးရှိကြောင်း တွေ့ခဲ့ရ၏။

ပြုလဝမင်းသည် ကျောက်ခေါင်းကြီးအတွင်းက ရတနာများကို သာမန်ပုဂ္ဂိုလ်တို့ သုံးစွဲခြင်းငှာ မထိုက်။ သူ၏ရွှေငွေဥစ္စာရတနာများလည်း ထည့်သွင်းကာ အရိမေတ္တေယျဘုရားပွင့်တော်မူသောအခါ ကျောင်းဆောက်ရန် မည်သူမှမဖွင့်နိုင်အောင် သစ္စာဓိဋ္ဌာန်ပြု၍ ပိတ်ထားတော်မူခဲ့၏။

ထို့နောက် ပြုလဝမင်းသည် ဝတ်လဲတော်ပုဆိုးကို ဂူအတွင်းထားခဲ့ပြီး ရွှေငွေကျောက်သံပတ္တမြားတို့ အယူလာသူများအား ငါ၏ဝတ်လဲတော်ပုဆိုးက မြွေဖြစ်၍ ကိုက်ပါစေသားဟု သစ္စာဓိဋ္ဌာန်ပြု၏။ ထို့ပြင် နွားသိုးထုလုပ်၍ အောက်၌ရတနာများထားသည်။ ရင်ပြင်တောင်တွင် ဆင်ကြီးတစ်ကောင် ထုလုပ်၍ မိဖုရား ခေါင်းမဖိသံ၊ ခြေရံသင်းပင်းတို့၌ လက်ဝတ်ရတနာများစွာကို တိုက်နှင့် လုံခြုံစွာထား၍ ဤပစ္စည်းများကို ယူသောသူလာလျှင် နွားသိုးကြီးနှင့် ဆင်ကြီးတို့က လိုက်ပါစေဟု အဓိဋ္ဌာန်ပြုကြ၏။

ဦးရွှေဘသည် ဘုရားငါးဆူကို ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် မှန်ပေါက်များကို အလိမ်အတွန့် ခြူးပန်းခြူးနွယ်များနှင့် ဗုဒ္ဓဆင်းတုတော်များကို လက်ရာမြောက်စွာ တည်ပေးခဲ့သဖြင့် များစွာသော ဆုတော်လာဘ်တော်များ ပေးသနားတော်မူ၏။ ပြုလဝမင်းသည် ဗုဒ္ဓရှင်တော်၏ကိုယ်စား ရုပ်တုတော်များကို ဘွဲ့အမည်များပေးတော်မူရာ အလျှင်ဆုံးဘုရားဘွဲ့တော်မှာ တင်းတင်းပြည့်ဘုရား၊ သက်တော်ရှည်ဘုရား၊ သက်တော်ရဘုရားနှင့် ထင်ကရဘုရားဟူ၍ ဘွဲ့တော်များပေးကာ ရှိခိုးပူဇော်ခြင်းပြုလေ၏။

ပြုလဝမင်းသည် ပန်းရန်ဆရာ

မောင်ရွှေဘအား ဖိုးဝင်းတောင်နှင့်

ဆိုင်သော ကိစ္စအဝဝကို လွှဲခဲ့ပြီး

ပုရပြည်သို့ ပြန်ခဲ့၏။ ဦးရွှေဘသည်

နှစ်ပါး၏ ချီးမြှောက်ခြင်းခံရသဖြင့်

တခြား စီးပွားများ တိုးတက်လာ

ဦးရွှေဘကို လူအများက သူဌေးဟု

ကြ၏။ ဆရာကြီးဦးရွှေဘသည်

သိဒ္ဓိရေကန်၏ အရှေ့ဘက်ကွင်းပြင်

၌ တပည့်များနှင့် အိမ်ဆောက်နေ

ဖိုးဝင်းတောင်ကိစ္စအဝဝကို ဆောင်ရွ

ကြ၏။ ဦးရွှေဘနေသည်ကို အစွဲပြု

ရွှေဘတောင်ဟု ခေါ်ကြ၏။

ဆရာကြီးဦးရွှေဘသည် ဘုရင်

မြတ်နှစ်ပါး၏ အမိန့်တော်အတိုင်း ဗုဒ္ဓ

ပွားတော်များ ထုလုပ်ရာတွင် တပည့်

အား အဆိုင်းများခွဲကာ အသီးသီးထု

ကိုင်စေ၏။ တစ်နေ့သောအခါ ဦးရွှေ

သည် ကိစ္စတစ်စုံတစ်ခုကြောင့် တပည့်

မောင်ကြွယ်ဆိုသူအား မင်းစုရွာသို့

နိုင်းလိုက်ရာ မိုးကြီးသည်းထန်စွာရွာလျ

ချောင်းရေများ စီးဆင်းနေရာ မောင်ကြွယ်

ရေနစ်သေဆုံးခဲ့၏။ မောင်ကြွယ်ရေနစ်

သေသောချောင်းကို 'ကြွယ်သေချောင်း'

ဟု ယနေ့တိုင်ခေါ်၏။ ဦးရွှေဘသည်

လုပ်ပြီးစီးသမျှ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်

များနှင့် ပတ်သက်၍ ပုဂံပြည် သီရိ

သူရ နန်းတောင်းမင်း၊ ဟာလင်္ဂပုရပြည်

ပြုလဝမင်းများထံသို့ မည်မျှပြီးစီးကြောင်း

စာသဝဏ်အမြဲမပြတ် ပို့လျက်ရှိရာ ဘုရင်

နှစ်ပါးသည်လည်း ဝမ်းသာအားရ နှ

ခြိုက်တော်မူပြီး ဆုတော်လာဘ်တော်နှင့်

ရိက္ခာတော်များကို ထုတ်၍ပေးတော်မူ

ဦးရွှေဘသည် ဖိုးဝင်းတောင်

တွင် မိမိတို့ထုလုပ်စီမံထားသော စေတီ

ရုပ်ပွားတော်များ မည်မျှရှိသည်ကို နောင်

လာနောက်သားများသိစေရန် 'ရွှေလ

ဝါဝါဝင်း'ဟု အက္ခရာစဉ်၍ ထားခဲ့

ယင်းအက္ခရာ၏ အဓိပ္ပာယ်မှာ စေတီ

ရုပ်ပွားတော်ပေါင်း (၄၄၆၄၄၄)ဆူကို မှ



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစဉ်တိုင်ဘုရားမှ
ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ
အစောင့်အရှောက်

...ားထား၏။ ဖိုးဝင်းတောင်အနီးမှ မင်းစု...သည် အိမ်ခြေတစ်ထောင်ကျော် ရှိခဲ့...၏။ ရှာဦ့နေသူများသည် စည်းစိမ်ဥစ္စာ...ဘာဂဗလနှင့် ပြည့်စုံကြသည်။ တစ်ရွာ...ရှိသမျှ မုဆိုးဖို၊ မုဆိုးမကျန် ဘုရား...ယကာ၊ ဒါယိကာမများ ဖြစ်ကြသည်။

ယခုတိုင် မင်းစုရွာမှ ဖိုးဝင်းတောင်...သို့ အုတ်စောင်းတန်းကြီး ထင်ရှားစွာရှိ၏။ ...လဝမင်းကြီး မြောက်နန်းမတော်မိဖုရား...ကြီးက ဦးရွှေဘအား အထူးလက်ခံ...ချီးမွမ်း၍ ဝင်္ကပါဂူ၏ မြောက်ဘက်တွင် ...ပ်ပွားရွှေသာလျောင်းပုံ ထုလုပ်ခိုင်း၏။ ...ဂူကို မိဖုရားကိုးကွယ်သည်ကိုအကြောင်း...ာ မိဖုရားဂူဟု ခေါ်ကြ၏။

**...င်းတောင်၏ အံ့ဖွယ်အထွေထွေ**

၁။ သံတောင်သုံးဆယ်တောင်ရှိ...သာ ရွှေသာလျောင်းရုပ်ပွားတော်ကြီး...သည် အံ့တစ်ပါး။

၂။ တောင်စဉ်ခုနစ်ထပ်နှင့် မြင်းမိုရ်တောင်ဘုရားရုပ်တုတောင်ကြီးသည် အံ့တစ်ပါး။

၃။ ပြူလဝမင်း ရတနာရွှေငွေများ ထည့်သွင်း သစ္စာဓိဋ္ဌာန်ပြုခဲ့သော ကျောက်ခေါင်းကြီးသည် အံ့တစ်ပါး။

၄။ အကွေ့အကောက်များနှင့် ဝင်္ကပါဂူတွင်းက ရုပ်ပွားတော်များသည် အံ့တစ်ပါး။

၅။ နွားသိုးကြီးနှင့် ဆင်မယဉ်သာ၏ အောက်မှ ရွှေငွေရတနာများစွာသည် အရိမေတ္တေယျမြတ်စွာဘုရားကျောင်းတော်ဆောက်ရန် သစ္စာဓိဋ္ဌာန်ပြုပြီး မြှုပ်နှံထားရာ ရန်သူများတူးဖော်လျှင် နွားသိုးကြီးနှင့် ဆင်မယဉ်သာတို့က ရန်သူများအား လိုက်ခြင်းသည် အံ့တစ်ပါး။

၆။ ကွမ်းစဉ်တိုင်ဘုရားကြီးမှာ ကြီးကျယ်သော တိုင်များနှင့် ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗတို့ကို အစောင့်အရှောက်ထား၍ ကြီးကျယ်ခမ်းနားစွာ ထုလုပ်ထားခြင်းသည် အံ့တစ်ပါး။

၇။ ရွှေဘတောင်၌ ကြီးကျယ်ခမ်းနားစွာ ထုလုပ်ထားသော ဆင်ကြီးသည် အံ့တစ်ပါး။

၈။ သံတောင်တစ်ဆယ့်ရှစ်တောင် ရပ်တော်မူရုပ်ပွားတော်ကြီးသည်လည်း အံ့တစ်ပါး။

၉။ အထူးထူးအထွေထွေ များစွာသောဆေးပင်များ ပေါက်ရောက်ခြင်းသည်လည်း အံ့တစ်ပါး။

ယခုအခါ ပုပ္ပားသာသနာပြုဆရာတော် ဦးသုမန ဆောင်ရွက်ထားသော မန္တလေးမြို့၊ နဂါးဒေါ်ဦး၏ ဓမ္မာရုံကြီးနှင့် တိုက်ကျောင်းများ၊ ဇရပ်များ၊ ရေအိုးစင်များနှင့် ဗမ္မူပတိချုတ်ခန်းပုံတော်၊ အရှင်ဗာကုလပုံတော်၊ ရှင်သီဝလိပုံတော်၊ ရှင်ဥပဂုတ္တပုံတော်၊ ဖိုးဝင်းတောင်တော်ရှင်မပုံ၊ နာဂရင္မမယ်ပုံ၊ ဝေလာအသသထိုရ်ပုံ၊ ဇော်ဂျီနှစ်ရုပ်ပုံများကို တွေ့မြင်ရပါသည်။

ယခုအခါ ဖိုးဝင်းတောင်သို့အရောက် ကားများ လမ်းပေါက်လျက်ရှိရာ ပုပ္ပားသာသနာပြုကျောင်းတိုက်အတွင်း နဂါးဒေါ်ဦးဓမ္မာရုံဘုရားကို ဖူးမြော်နိုင်၏။ ထို့မှ ဖိုးဝင်းတောင်ပြန်၍ ကျောက်တစ်လုံး၊ ဖန်ခါးတောင်၊ အောင်တော်မူဘုရားများ ပူဇော်ကန်တော့ကြပြီး ပြန်ဆင်းကာ ကွမ်းစင်တိုင်ဘုရားကြီးကို ဖူးမြော်နိုင်၏။ ထို့နောက် မှန်စီဘုရား၊ လေးဆူတန်းဘုရား၊ ကျားကြီးတိုက်ကျောင်းဘုရား၊ နွားသိုးတောင်ဘုရားနှင့် ဉာဏ်တော် ၃၆ တောင်ရှိ ရွှေသာလျောင်းဘုရားကြီး၏ အနီးတစ်ဝိုက်ကဘုရားများ ဖူးမြော်ကာ ဆုတောင်းပြည့်ဘုရားနှင့် အာရုံခံအနီး မိဖုရားလိုဏ်ဂူ ဝင်္ကပါဘုရားများကို ဖူးမြော်နိုင်၏။

ထို့နောက် ခရေပင်ကျောင်းတိုက်ဘုရား၊ ရုပ်စုံတိုက်ဘုရား၊ လွှမ်းစေတီအနီးတစ်ဝိုက် ဖူးမြော်ကာ တောင်ဘက်သို့ဆင်းကာ သစ်သားတံတားကြီးမှ စောင်းတန်းတက် အလင်းရောင်စေတီ၊ စဖိုတောင်စေတီများ ဖူးမြော်၍ ကားဆိပ်သို့ ပြန်ဆင်းနိုင်ကြောင်း ရေးသားပါသည်။

**ဝန်ခံချက်** – ဤဆောင်းပါးနှင့် ပတ်သက်၍ အဓိကမှီငြမ်းပြုသည်မှာ 'အရှင်ဉာဏဝံသ–ခရေပင်တောရ'၏ ဖိုးဝင်းတောင်သမိုင်းကို အခြေခံပါသည်။ ဤတောင်အမည် အမျိုးမျိုးကွဲလွဲလျက်ရှိရာ ဖိုဝင်တောင်ဟူ၍လည်းကောင်း၊ ဖိုးဝိုင်းတောင်ဟူ၍လည်းကောင်း၊ ဖိုးဝင်းတောင်ဟူ၍လည်းကောင်း ဖြစ်ပါ၏။ ဇော်ဂျီဦးဖိုးဝင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သမိုင်းဖြစ်၍ ဖိုးဝင်းတောင်ဟူ၍ သုံးစွဲရခြင်း ဖြစ်ပါသည်။

**မကွေးလှမြင့်**




www.burmeseclassic.com

www.burmeseclassic.com

## ထူးခြားကြည်ညိုခဲ့ရ

# အလောင်းတော်ကဿပ




ရေကျော်စိုးအောင်

ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းတွင် ထူးခြားသော အတိတ်နိမိတ်များသည် အံ့ချီးမကုန်၊ ပြောမယုံကြုံမှသိဆိုသော စကားရပ်နှင့်အညီ ထူးခြားမှုများ အံ့သြကုန်နိုင်ဖွယ်ရာများတွင် မြန်မာနိုင်ငံအတွင်းရှိ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ၏ လိုဏ်ဂူသည်လည်း အပါအဝင်ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လျှိုမြောင်အထပ်ထပ်၊ တောအထပ်ထပ်၊ တောင်အသွယ်သွယ် ဖြတ်ကျော်ပြီးမှ အလောင်းတော်ကဿပ လိုဏ်ဂူတော်သို့ ရောက်ရှိနိုင်ကြမည်ဖြစ်၏။ အလောင်းတော်ကဿပ၏ ရုပ်အလောင်းရှိရာနေရာသည် ရှေးဘုန်းရှေးကံ ပါရမီထူးထူးခြားခြားရှိခဲ့၊ ပြည့်စုံခဲ့မှုကြောင့် မြန်မာနိုင်ငံတစ်နံတစ်လျားမရောက်အောင် သွားရောက်ဖူးမြော် ကုသိုလ်ယူခဲ့ကြသည့် စေတနာရှင်၊ အလှူရှင်များကလည်း အနမတဂ္ဂမရှိခဲ့ကြ၏။

အထက်မြန်မာသတင်းဂျာနယ်တွင် ဆောင်းပါးရှင် ဦးမျိုးထွန်းမှ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်နေ့၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့၊ နေ့လယ်(၁)နာရီမှ (၁)နာရီ (၁၅)မိနစ်အထိ ပိတ်ထားသည့် အလောင်းတော်ကဿပလိုဏ်ဂူဝမှ သုံးလက်မခန့် ထူးခြားစွာ ပွင့်ဟခဲ့ပြီး ပြန်လည်စေ့သွားကြောင်းနှင့် လိုဏ်ဂူအဝင်ကန့်လန့်ခံနေသည့် ကျောက်တုံးအတွင်း ဘေးဘက်အပေါ်မှ မီးအလင်းရောင်၊ မီးတန်းများဖြာထွက်ပြီး ရောင်ခြည်တော်များထွက်ပေါ်ခဲ့ကြောင်းနှင့် စေတနာရှင်ဘုရားဖူးများမှ သုံးလက်မခန့်ဟနေသော နံရံနှစ်ခုကြား ရွှေ ငွေ လက်ဝတ်ရတနာများ လှူဒါန်းခဲ့ကြကြောင်း ဖော်ပြပါရှိပါသည်။

ယင်းအချိန်တွင် လိုဏ်ဂူတော်အတွင်းတွင် သံဃာတော်များ၊ ရဟန်းခံ ရေသိမ်ဝင်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူနေချိန်ဟုလည်း ဖတ်ရှုခဲ့ရသည်။

စွယ်စုံကျမ်းနှစ်ချုပ်တွင် အလောင်းတော်ကဿပကိုယ်တော်မြတ်ကြီး၏ ရုပ်ကြွင်းကို ပရိနိဗ္ဗာန်ပြုပြီးနောက်၊ တဖော ခေတ်ဖြင့် ပူဇော်ခဲ့ရာ မလောင်ကျွမ်းဘဲ ရုပ်ကလာပ်သည် ရွှေစင်ရွှေသားအတိဖြင့် နောင်ပွင့်တော်မူသည့် အရိမေတ္တေယျဘုရားရှင်အား စောင့်မျှော်ရင်း အဓိဋ္ဌာန်ပြုခဲ့ကြောင်း မှတ်သားခဲ့ရပေသည်။

ယင်းဂျာနယ်အတွင်းမှာပင် ဦးမျိုးမင်းဦး၏ သတင်းမှတ်တမ်း ဆောင်းပါး၏ ဓာတ်ပုံများတွင် ပွင့်ဟနေသည့် နေရာသို့ ရွှေငွေများလှူဒါန်းသည့် အလှူရှင်တစ်ဦး၏ ဆောင်းထားသည့် ဦးထုပ်မှာလည်း အနီးကပ်ပုံနှင့်၊ အဝေးပုံမှာ ထူးထူးခြားခြားဖြစ်ပေါ်နေသည်ကိုလည်း လေ့လာတွေ့ရှိရပေသည်။

အလောင်းတော်ကဿပရဟန္တာမထေရ်မြတ်၏ ပူဇော်ပွဲ (တပေါင်းပွဲ)တွင် ကျောက်လိုဏ်ဂူအနီး ရေစီးနေသော အိမ်ကျောင်း(ရေအိမ်တွင်) သိမ်ဝင်နေသည့် ရဟန်းတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပစဉ် ကျောက်လိုဏ်ဂူပွင့်ဟခဲ့ခြင်းဖြစ်ပြီး၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်နိုင်ခဲ့ကြကြောင်း၊ တပို့တွဲလပြည့်နေ့တိုင်း (၃)နှစ်ဆက်တိုက် ပွင့်ခဲ့ကြောင်းနှင့် ရှေးအခါသမယတွင် ရှင်သူငယ်ကျောက်လိုဏ်ဂူမှ ကိုရင်လေးတစ်ပါး ဝင်သွားခဲ့ကြောင်း၊ ရဟန္တာလိုဏ်ဂူဖြစ်ပြီး ဓာတ်တော်များ၊ မွေတော်များ ကိန်းဝပ်သည့်အတွက် ရောင်ခြည်တော်များ ကွန့်မြူး၊ လိုဏ်ဂူပွင့်ဟတာတွေ့ရှိနိုင်ကြောင်း ကဿပနာယကဆရာတော်အရှင်သုမနက မိန့်ကြားခဲ့ကြောင်း ဖတ်ရှုခဲ့ရ၏။

ရှေးဘုန်းရှေးကံ ထူးခြားသူဖြစ်သည့် အလောင်းတော်ကဿပမထေရ်သည် မိမိ၏ ရဟန်းလုပ်ငန်းများ ပျက်မည်စိုး၍ ဒါယကာ၊ ဒါယိကာမများနှင့်ဝေးရာ ခက်ခဲနက်နဲလှသည့် တောတောင်များအတွင်း တစ်ပါးတည်း ကျင့်ကြံနေခဲ့သော်လည်း ထူးခြားသည့် ဘဝဘဝများ၏ ပါရမီအဟုန်တို့ကြောင့် အလောင်းတော်ကဿပလိုဏ်ဂူသည် ထူးခြားအံ့ဩဖွယ်ရာများနှင့် ကြုံကြရခြင်းလည်းဖြစ်၍ ယခုနှစ် ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၂၉)ရက် ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့် (၁၅)ရက်နေ့တွင်လည်း ယခင်နှစ်ကကဲ့သို့ ထူးခြားပေလိမ့်မည်။


ပွင့်လင်းရာသီဖြစ်သည့် ဒီဇင်လာမှ မေပြီလအထိ ၅ လတာ သွားရောက်ပြီး အလောင်းတော်ကဿပမထေရ်မြတ်ကြီး၏ ရုပ်ကြွင်းတော်မြတ်ကို သွားရောက်ပူဇော်၊ ကုသိုလ်သည်များနိုင်ကြကြောင်း သတင်းကောင်းပါးလိုက်ရပေတော့သည်။

**ရေကျော်မိုးအောင်**



www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားအံ့ဖွယ်ဆန်းကြယ်စွ

# အလောင်းတော်ကဿပ

ဂန္ဓာရီဆြာအုံ

**အလောင်းတော်ကဿပခရီး**


'ပြာသိုချမ်းပြင်း ဆီးနှင်းရောယှက်၊ နှမ်းပုံပျက်'လေသည့် ဟေမန္တသမယဆိုလျှင် ပွင့်လင်းခြောက်သွေ့သည့် ဥတုသမယ ဖြစ်လေရကား မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအဖို့ နိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုကြခြင်း၊ အပန်းဖြေစခန်းများသို့ သွားရောက်ကြခြင်းတို့ ရှိတတ်ကြသည်။ စာရေးသူတို့ နိုင်ငံကား ရေမြေတောတောင် ဥတုသဘာဝသည်း ကောင်းမွန်၏။ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားရာနိုင်ငံဖြစ်၍လည်း နယ်မြေဒေသအသီးသီး၌ သမိုင်းဝင်တန်ခိုးကြီး ရုပ်ပွားတော်များ၊ သာသနိကအဆောက်အအုံများ၊ ယဉ်ကျေးမှု လက်ရာများ ရှိကြလေရာ ဖူးမြင်မဝ၊ ကြည်ညိုမဝ၊ လေ့လာမဝဖွယ်ပါပေ။

သည့်အထဲမှာ ပြာသိုလဆန်းသို့ရောက်ပြီဆိုလျှင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများသည် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုလေ့ ရှိကြ၏။ ထိုအထဲ၌ အလောင်းတော်ကဿပ ဘုရားဖူး ညှိသည်တွေမှာလည်း ပြောစမှတ်တွင်ရလောက်အောင် များပြားလှပါဘိ။ ဘုရားပွဲတော်အား တပို့တွဲလလောက်ကပင် စတင်၍ တန်ခူးလတိုင်အောင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း မှတ်သားခဲ့ရသည်။ ရှေးယခင်က လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့မှု သိပ်မရှိသဖြင့် ခြေလျင်ခရီးပဲ ဆက်ခဲ့ကြရ၏။ ယခုတော့ များစွာလွယ်ကူ ချောမွေ့သွားလေပြီ။



www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့်စေတီ



ထွမ်းစေတီ



ရှုတော် ကျောက်တံခါး၀

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

ဦးစွာ ပခုက္ကူမှ ကပိုင်ရွာကြီးဆီသို့ ဝေစီးစွာ ရောက်အောင်သွားကြရသည်။ ကပိုင်ရွာကြီးနှင့် အလောင်းတော်ကဿပ ကားရပ်နားစခန်းသည် မိုင်(၂၀)မျှ ကွာဝေးသည်။ ကားရပ်နားစခန်းသို့ရောက်လျှင် အလောင်းတော်ကဿပဂူရှိရာသို့ ဘစ်မိုင်ခန့် ခြေလျင်ခရီးဆက်ရသည်။ ခြေလျင်မလျှောက်လိုသူတို့အတွက်လည်း စီးစရာ ဆင်တွေက အဆင်သင့်။

## အလောင်းတော်ကဿပဖြစ်စဉ်

သုံးလောကထွတ်ထား ရှင်တော်သဗ္ဗညုမြတ်စွာဘုရားသည် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဂနိုင် ဥယျာဉ်အတွင်း ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ ထိုကာလကား သက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့ အရုဏ်တက်ခါနီးအချိန် ဖြစ်လေသည်။

ထိုသို့ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် လေးလမြောက်သော ကာလဝယ် ရဟန္တာအရှင်သူမြတ် မဟာကဿပထေရ်အမှူးရှိသော ရဟန္တာငါးရာတို့သည် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီး၏အားဖြင့် ပထမသင်္ဂါယနာကို တင်တော်မူခဲ့သည်။ မဟာကဿပထေရ်အရှင်သည် မြတ်စွာဘုရားရှင် ချီးမြှင့်တော်မူခဲ့သည့် ဓုတင်ဆောင်သည့်အရာ၌ အမြတ်ဆုံး၊ အသာဆုံးဆိုသော တေဒဂ်ဘွဲ့ထူးရှင် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါသည်။

တေဒဂ်ဘွဲ့ထူးရှင် မဟာကဿပမထေရ်ကြီး ပရိနိဗ္ဗာန်စံဝင်ရန် ကာလနီးလေသောအခါ ရှေးက ဆုတောင်းမိဋ္ဌာန်ချက်ရှိဖူးသည်နှင့်အညီ မြန်မာနိုင်ငံ အလယ်ပိုင်း သလ္လာဝတီ–ချင်းတွင်းမြစ် အနောက်ဘက်၊ ဝေဘူလ၊ ဝေဘာလ၊ သုနန္ဒရခေါ် တောင်သုံးလုံးအောက်တွင် ပရိနိဗ္ဗာန်စံတော်မူမည်ဟု စိတ်ရည်သန်လျက် ရာဇဂြိုဟ်ပြည်မှ ထွက်ခွာကြွမြန်းခဲ့လေသည်။

ရှင်မဟာကဿပမထေရ်ကြီးသည် မဏိပူရ၊ အသံ၊ စစ်တကောင်း၊ ပန်းဝါ၊ ကသဲမြစ်၊ ဇရက်ချောင်းချောင်း၊ နှင်းကြီးရွာ(ခြေတော်ရာရွာ)၊ ဂူလဲရွာ(တောင်အောက်ရွာ)၊ ဘုရားထွက်ချောင်း၊ လင်းလုရွာ၊ လင်းလုကြီး၊ သစ်ခေါက်ရွာ၊ ဖက်ထုပ်ရွာ၊ ဖက်ကပ်ရွာ၊ စသည့် အရပ်ဒေသများမှတစ်ဆင့် ပထိုးလုံးချောင်းအတိုင်း ဆက်လက်ကြွလာတော်မူခဲ့ရာ ယခု ပရိနိဗ္ဗာန်ပြုသည့် လိုဏ်ဂူတော်နှင့် သုံးတိုင်အကွာ၌ သက်နုံးတော် ချွေးစွန်းသဖြင့် ဖြန့်လှန်းတော်မူခဲ့သည်ဟုဆို၏။ သည့်အတွက်ကြောင့်ပင် ယနေ့တိုင် ထိုနေရာ၌ သင်္ကန်းကြီးဖြန့်လှန်းထားသည့် ပမာ ရှိနေလေသည်။ ထိုမှ ဆက်လက်ကြွလှမ်းခဲ့ရာ ပထိုးလုံးချောင်းနှင့် ဖွဲ့ထုံးချောင်းဆုံရာ ဘုရားဝချောင်းသို့ ရောက်ရှိလာခဲ့သည်။ ဝေဘူလ၊ ဝေဘာရ တောင်ထပ်သို့ရောက်လျှင် လူနတ်ဗြဟ္မာသတ္တဝါတို့ အကျိုးရှိစိမ့်သောငှာ မေတ္တာဘာဝနာများ လွှမ်းခြုံပြီး မေတ္တာရေတွင်းအား အဓိဋ္ဌာန်ပြုထားတော်မူခဲ့သည်။

ထို့နောက် . . . ရှင်မဟာကဿပမထေရ်ကြီးသည် ဣန္ဒာသယတောင်ခြေရင်း၌ ဆွမ်းဘုဉ်းပေးတော်မူပြီး သပိတ်တော်အား ဆေးခဲ့၏။ ထိုသပိတ်ဆေးသည့်ချောင်းမှာ 'သပိတ်ဆေးချောင်း' ဟု တွင်လေသည်။ အဆိုပါ သပိတ်ဆေးချောင်းအတိုင်း ဆန်တက်၍ ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရမည်သော တောင်သုံးလုံး ညွှတ်ရုံးရာ လိုဏ်ဂူတော်သို့ ရောက်ရှိခဲ့ပြီး လိုဏ်ဂူအဝင်ဝ၌ အရှင်မြတ်ကြီး၏ ခြေတော်ရာနှစ်ဆူကို ချထားခဲ့လေသည်။ ရှင်မဟာကဿပမထေရ်ကြီးသည် လိုဏ်ဂူအတွင်းသို့ ရောက်လေလျှင် ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းရာ အနောက်မြောက်ထောင့်အရပ်သို့ ဦးခေါင်းပြု၍ ညာလက်တော်ကို ခေါင်းအုံးတော်မူကာ လက်ဝဲနံတောင်းဖြင့် လျောင်းစက်ပြီး ပရိနိဗ္ဗာန်ပြုခဲ့လေသည်။

"ရှင်မဟာကဿပမထေရ်ကြီး ပရိနိဗ္ဗာန်ပြုလေပြီ" ဆိုသည့်သတင်းက ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီး၏ စိတ်နှလုံးကို ထိခိုက်စေခဲ့၏။ မင်းကြီးသည် ရှင်မဟာကဿပမထေရ်ကြီးအား လွန်စွာမှ ကြည်ညိုသည့်အလျောက် အဆိုပါ သတင်းကို ရရှိလျှင် ရရှိချင်း အရှင်မြတ်ကြီးပရိနိဗ္ဗာန်ပြုရာဒေသသို့ နောက်တော်ပါးများနှင့်အတူ လိုက်ပါခဲ့လေသည်။ ထိုသို့ ခရီးဆက်ကြသည့်အခါ၌ နှင်းကြီးရွာအနီး ရောက်လေလျှင် ပြည်တန်သော လက်စွပ်ကျောက် ကျခဲ့သောနေရာဌာနအား ပြည်တန်လက်စွပ်ကျောက် မပါမှန်းသိ၍ ကျောက်အိုးသာ လျှင်ပါသော ဌာနနေရာအား ကျောက်အိုး၊ မှုဆိုးပုန်းအောင်းနေသော နေရာအား ပုန်းတောင်(ထိုမှ ပုံတောင်)၊ အစဉ်အတိုင်း ခရီးဆက်ခဲ့ရာ စီးတော်မြင်း မောပန်း၍ ခွာယက်ခွာပေါက်သောနေရာအား မြင်းခွာတောင်ဟု အမည်နာမများ ဖြစ်တည်ခဲ့လေသည်။ စီးတော်မြင်းလည်း ဖွဲ့ထုံးချောင်းသို့ ရောက်လေလျှင် အမောဆို့၍ ကျောက်ဖျာထက်၌ ခန္ဓာစဲကာ သေပွဲဝင်လေတော့သည်။

ထိုအခါ အဇာတသတ်မင်းကြီးလည်း မြင်းကုန်းနှီး၊ ဇက်ကြိုးတို့ကို စုပုံ၍ အဓိဋ္ဌာန်ပြုလေ၏။ ဤတွင် မြင်းဝတ်တန်ဆာအားလုံးမှာ ကျောက်သားပကတိ ဖြစ်ကုန်ကြသည်။ ထိုချောင်းအား 'မြင်းဇက်ပုံချောင်း' ဟု အမည်တွင်လေသည်။ ထို့နောက် မင်းကြီးက "ရှင်မဟာကဿပမထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးတွေ့ရမည်မှန်ပါက ဤနေရာမှ ရေထွက်ပါစေသား" ဟု သစ္စာဆိုပြီး လက်စွဲတော်သန်လျက်ဖြင့် မြေကြီးအား ရစ်ထိုက်ထိုးစိုက်လိုက်သည်။ ဤတွင် ကြည်လင်



www.burmeseclassic.com

www.burmeseclassic.com

သန့်ရှင်းသော ရေများသည် သန်လျက်တော်ဖြင့် ထိုးစိုက်လိုက်သောနေရာမှ တဖွားဖွားပေါ်ထွက်လာခဲ့၏။ ထိုရေတွင်းအား ယခုအခါ 'သစ္စာရေတွင်း'ဟု ခေါ်ကြသည်။ အဆိုပါ သစ္စာရေတွင်းမှ ရေများသည် အလောင်းတော်ကဿပ ပရိနိဗ္ဗာန်စံရာ လိုဏ်ဂူအတွင်းသို့ စီးဆင်းသွားကြလေသည်။

ထိုရေစီးကြောင်းအတိုင်း လိုက်လာကြသောအခါ မင်းကြီးနှင့်တကွ နောက်တော်ပါ မှူးမတ်သေနာပတိအပေါင်းတို့သည် အလောင်းတော်ကဿပမထေရ်ကြီး၏ ရုပ်ကလာပ်တော်ကို ဖူးမြင်ပူဇော်ခွင့် ရကြလေတော့၏။ ထို့နောက် ရာဇဗြိုဟ်ပြည်မှ ရဟန္တာငါးရာတို့ကို ပင့်ဖိတ်၍ အလောင်းတော်မြတ်ကြီးစံပျော်ရာနေရာဌာနအား ကြီးကျယ်ခမ်းနားစွာ ပူဇော်သက္ကာရပြုသည့်အပြင် အမြဲစောင့်ရှောက်ရန်အတွက် သံမိန္တအမတ်ကြီးနှင့် လူဦးရေ (၁၀၀၀)တို့အား ခရီးလေးသောင်းအကွာ၌ နေထိုင်လုပ်ကိုင်စားသောက်စေလျက် အလောင်းတော်အား ဆွမ်း၊ ပန်း၊ ရေချမ်းတို့ ဆက်ကပ်ပူဇော်ရန် တာဝန်ချထားခဲ့လေသည်။ ဤ၌ ခရီးလေးသောင်းဟူသည်ကား အရှေ့ကိုလားသော် ကပိုင် ၁၀ တိုင်ကွာ၊ တောင်သို့လားသော် စစ်ရင်၊ အနောက်သို့လားသော် ကွမ်းဆွဲ၊ မြောက်သို့လားသော် စိုင်တဲ၊ တစ်တိုင်လျှင် တာ ၁၀၀၀ နှုန်းဖြင့် ၁၀ တိုင်ကို တာ ၁၀၀၀၀ ယူလျက် ခရီးလေးသောင်းရှိခြင်းကြောင့် လေးသောင်းဗဟို၌ အလောင်းတော်ကြီး ကိန်းဝပ်တော်မူခြင်း ဖြစ်လေသည်။

## ခရီးလမ်းကြောင်းအသွယ်သွယ်

ကပိုင်ကား ရွာကြီးတစ်ရွာ ဖြစ်၏။ အိမ်ခြေတစ်ထောင်ခန့်ရှိပြီး ဂျုံ၊ ကုလားပဲစသော သီးနှံတို့ကို အဓိကထား စိုက်ပျိုးကြ၏။ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ စာသင်ကျောင်း၊ စားသောက်ဆိုင်များနှင့် စည်ကားလှစွာသော ရွာကြီးတစ်ရွာ ဖြစ်လေသည်။

ယင်းမာပင်မှ ကပိုင်ရွာသို့ မြေသားလမ်းအတိုင်း မိုင် ၂၀၊ ကပိုင်ရွာမှ အလောင်းတော်ကဿပ ကားရပ်နားစခန်းသို့ တောင်ပေါ်လမ်းအတိုင်း မိုင် ၂၀၊ ထိုစခန်းမှ တစ်မိုင်ခရီးအား ခြေလျင်တက်ကြရသည်။ ဆိုင်စီးတက်၍လည်း ရသည်။ မဟာမြိုင်တောနက်ကြီးထဲမှ ဖြတ်သွားရသည်။ မဟူတောင်၏ အမြင့်ဆုံး ၂၂၅၆ ပေ နေရာမှ ၁၂၉၃ ပေအထိ ဆင်း၍ တောင်ဆင်းတောင်တက် လျှိုမြောင်ခရီးနှင်ကြရသည်၊ ကပိုင်မှထွက်ပြီး တောင်ပေါ်မြေလမ်းကြောမအတိုင်းသွားသော် နောက်ဆုံး အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကို တွေ့မြင်ရလေသည်။ အဆိုပါဥယျာဉ်သည် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်နှင့် ကလေးခရိုင်၊ မင်းကင်းမြို့နယ်အတွင်း တည်ရှိသည်။ ညောင်ပင်ကြီးဒေသမှ ၄၅ မိုင်အကွာ၌ တည်ရှိသည်၊ ကမ္ဘာ့အဆင့်မီ သစ်တောဥယျာဉ်ကြီးဖြစ်ပြီး၊ ယနေ့စုစုပေါင်း ဧရိယာစတုရန်းမိုင် ၆၂၈. ၃၅ ရှိ၏။ ဘေးမဲ့တောအဖြစ်လည်း သတ်မှတ်ထားရှိ၏။ ရန်ကုန်မြို့မှ ၉၈၁ မိုင်၊ မန္တလေးမြို့မှ ၁၄၈ မိုင် ကွာဝေးလေသည်။ လမ်းခရီးစဉ်တစ်လျှောက်၌ သစ္စာရေတွင်း၊ ကိုးနဝင်းစေတီ၊ ကျောက်ဂူတံခါး၊ သစ္စာစေတီ၊ လွမ်းစေတီ၊ ရန်ငြိမ်းအောင်စေတီ၊ ကျွန်းပင်မောင်နှမစေတီ၊ ဆုတောင်းပြည့်စေတီ၊ ရှစ်မျက်နှာစေတီ၊ နဂါးစုံဘုရား၊ ၁၀၈ ဆူဘုရားများကို ကြည်ညိုဖူးမြော်ပူဇော်နိုင်ကြသည်။

## ထူးခြားဆန်းကြယ်အံ့ဩဖွယ်

### အလောင်းတော်ကဿပစံကျောင်း

သဘာဝလိုဏ်ဂူကျောက်တံခါးသည်

တွဲလပြည့်နေ့ (၂၀၀၉ ခုနှစ်၊ ဖေဖော်

လ ၉ ရက်၊ တနင်္လာနေ့) မွန်းလွဲ

နာရီဝန်းကျင်တွင် ထူးခြားစွာ ကျောက်

တံခါးပွင့်လာခဲ့၏။

အချိန်ကြာကြာတော့မဟုတ်။

မိနစ်ခန့် ပွင့်ပြီး ပြန်လည်ပိတ်သွားခဲ့

ဆီမီးပူဇော်ပွဲကျင်းပနေသည့်ကာလ

ဘုရားဖူးပရိသတ် ၂၀၀ ဝန်းကျင်ခန့်

ကာ ကံထူးစွာဖြင့် ဖူးမြင်ကြရ၏။

ရွှေ ငွေများကို ကွဲဟနေသော အပေါက်

ဂူအတွင်းသို့ ပစ်လှူကြ၏။ လိုဏ်ဂူ

အတွင်း၌ ရွှေ ငွေ၊ ကျောက်သံပတ္တမြား

တို့ကို မြင်တွေ့ရသည်ဟု ဆိုသူက

ကြ၏။ အဆိုပါ အဖြစ်အပျက်ကား

တောင့်ကြုံခဲ အဖြစ်အပျက်ပင်။

အလောင်းတော်ကဿပ သဘာ

လိုဏ်ဂူတော်အတွင်းရှိ အလောင်းတော်

ကဿပ ခန္ဓာကိုယ်သည် တေဇောဓာတ်

မလောင်ကျွမ်းသေးဘဲ ဇမ္ဗူရာဇ်ရွှေသား

ရွှေတုံးကဲ့သို့ လဲလျောင်းလျက်ရှိရာ အဆို

ပါ အလောင်းတော်ကဿပ ခန္ဓာကိုယ်

သည် နောင်ပွင့်မည့် အရိမေတ္တယျဘုရား

ရှင်ကိုယ်တိုင် မီးသဂြိုဟ်ခြင်းပြုမှသာ

တေဇောဓာတ်လောင်ကျွမ်းလိမ့်မည်

သမိုင်းကျမ်းဂန် အထောက်အထားများ

အရ သိရှိရသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်

ကားရာနိုင်ငံတော်၌ မိမိတို့လူလာဖြစ်

ခြင်းကား များစွာမှ လူဖြစ်ကျိုးနပ်ထော

ဟု ကောက်ချက်ချရမည် ဖြစ်ပါတော့

သတည်း။

ဂန္ဓာရီခြွာ



www.burmeseclassic.com

www.burmeseclassic.com

# ဥတ္တရာသာဠ်နက္ခတ်ဖွားများအတွက် ဟောကိန်း

ကာလီဒါ့ချ်(မြန်မာပြည်)

## ဥတ္တရာသာဠ်နက္ခတ်

မြန်မာနက္ခတ် ၂၇ လုံးတွင် တစ်လုံးအပါအဝင်ဖြစ်ပြီး၊ တေဇောဓာတ်ကို စိုးမိုးထားသော နက္ခတ်ဟုဆိုသည်။ အချို့သော ကျမ်းများ၌မူ ပထဝီမြေဓာတ်နှင့် သက်ဆိုင်သော နက္ခတ်ဖြစ်သည်ဟူ၏။ လဃုသင်္ဂဟကျမ်းတွင် ၅ လုံး ညောင်စောင်းခြေသဏ္ဌာန်ဟုဆိုပြီး လင်္ကာအဆိုအရ "ပြုဗ္ဗာသာဠ်၊ ဥတ္တရာသာဠ် လေးလုံးအမှန် လှမ်းဟန်ဆင်မလို"ဟူ၍ ဖြစ်သည်။ ဥတ္တရာသာဠ်နက္ခတ်သည် ဓနုရာသီပုံကားချပ်ထဲမှ လေးမြား့ကိုင်စွဲထားသော စစ်သည်တော်၏ လည်ပင်းတွင် လင်းပနေသော ကြယ်ဖြစ်သည်။ လေးမြားကိုင်ရုပ်ပုံထဲတွင် ပြုဗ္ဗာသာဠ်နက္ခတ်နှင့် ဥတ္တရာသာဠ်နက္ခတ် ကိုယ်စားပြုထားသော ကြယ်နှစ်ပွင့်သည် အတောက်ပဆုံးဖြစ်လေသည်။ နက္ခတ်သင်္ချာအမှတ်စဉ် (၂၁)ဖြစ်ပြီး လူနက္ခတ်ဖြစ်သည်။ ဓနုရာသီအိမ်နှင့် မကာရရာသီအိမ် နှစ်ခုကြား ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁ ရက်နေ့အတွင်း ကျရောက်နေသော ကောင်းကင်နက္ခတ် နယ်နိမိတ်အပိုင်းအခြားကို ဥတ္တရာသာဠ်နက္ခတ်က ပိုင်စိုးထားလေ၏။ သို့ဖြစ်၍ ထိုအာကာသနယ်နိမိတ်အတွင်းကို စန်းခေါ် လမင်းကြီး ကြွချီဖြတ်သန်းနေစဉ် ကြုံကြိုက်၍ မွေးဖွားသန္ဓေစင်လာကြသူများကို ဥတ္တရာသာဠ်စန်းယှဉ်နက္ခတ်ဖွားများ (သို့) နက္ခတ် ၂၁ လုံး၌ ဖွားမြင်ကြသူများဟု ခေါ်ဝေါ်သမုတ်ကြသည်။ ဥတ္တရာသာဠ်စန်းယှဉ်နက္ခတ်ဖွား ဥတ္တရာသာဠ်နက္ခတ်ရှင်များသည် နှိမ့်ချဆက်ဆံတတ်သော စိတ်ဓာတ်မျိုးရှိကြပြီး ဘာသာတရားဘက်၌ အထူးယုံကြည်သဒ္ဓါကြည်လင်အံ့။ မိဘတို့၏ ချစ်မြတ်နိုးမှုကို ခံယူနိုင်ပြီး မိဘ၏ ကျေးဇူးတရားများကို သိတတ်အံ့။ ဆွေမျိုးဉာတိများကို သံယောဇဉ်ကြီးမားတတ်ပြီး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားတတ်သူများ ဖြစ်အံ့။ လူသိလူခင်ပေါ်များပြီး နာမည်ဂုဏ်သတင်း ကြီးမားပေလိမ့်မည်။ ယောက်ျားဖြစ်က အများအကျိုးအတွက် အသက်စွန့်ဆောင်ရွက်ပေးရတတ်ပြီး မိန်းမဖြစ်က သားသမီးကို ခွဲစိတ်မွေးဖွားရကိန်း ကြုံတတ်သည်။ ဤနက္ခတ်ရှင်များ၏ ဘဝခရီးပန်းရထားသည် အနိမ့်အမြင့်၊ အကွေ့အကောက်နည်းပါးပြီး မှန်တန်းဖြစ်ပါလိမ့်မည်။

## ဒသသနအတွေးများ

ဤနက္ခတ်ရှင်များသည် အရာရာတိုင်း၌ ရှေ့ဆောင်လုပ်ကိုင်လိုသော စိတ်ဆန္ဒပြင်းပြတတ်သူများ ဖြစ်ကြသောကြောင့် အရာရာ၌ ရှေ့ဆောင်လမ်းပြ ဦးဆောင်ဦးရွက် လုပ်ကိုင်နိုင်က အများတကာ၏ အားကိုးအားထား ယုံကြည်လေးစားခံရသော ပုဂ္ဂိုလ်များ ဖြစ်ကြရလိမ့်မည်။ မိမိတို့အား တစ်ဦးဦးက အကူအညီတောင်းခံလာလျှင် လက်မနှေးနောက်မတွန့်ဘဲ လူအား၊ စိတ်အား၊ ငွေအားပါမကျန် လိုက်ပါကူညီပေးတတ်သူများ ဖြစ်ကြသည်။ စိတ်ထားဖြူစင်၊ စေတနာကောင်းကြသူများ ဖြစ်သည်မို့ အများကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သော စိတ်ထားမျိုး မွေးတတ်မည်။ ဥတ္တရာသာဠ်နက္ခတ်ရှင်များသည် မည်သို့သော အလုပ်အကိုင်မျိုးကို လုပ်ကိုင်ရသည်ဖြစ်စေ အမြဲမပြတ် အများအကျိုးကို ကူညီလုပ်ဆောင်ပေးတတ်သည့် ဖြူစင်သောစေတနာ အရင်းခံစိတ်ထားရှိသူများ ဖြစ်ကြသောကြောင့် မိမိတို့ဘဝ၌လည်း ဘေးဒုက္ခကြီးကြီးမားမား မကြုံတွေ့နိုင်ပါ။ အကယ်၍ မျှော်လင့်မထားသော ပြဿနာအခက်များ မတော်တဆကြုံလာလျှင်လည်း ကူညီမစ ဖြေရှင်းပေးမည့် မိတ်ကောင်းဆွေကောင်းပေါ်များတတ်မည်။ ဤနက္ခတ်ရှင်များသည် အမှားတွေ့လျှင် အမှန်တရားသို့ရောက်အောင် ပြုပြင်ထိန်းသိမ်းနိုင်သော စိတ်စွမ်းရည်ရှိကြပြီး မိမိတို့ဘဝကို အကောင်းဆုံးဖြစ်အောင် တည့်မတ်စောင့်ရှောက်သွားနိုင်သူများ ဖြစ်ကြမည်။ ဥတ္တရာသာဠ်နက္ခတ်ရှင်များသည် အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ရမည်ဟူမည်ဟူသော အတ္တပရအတွေးဒဿနရှင်များ ဖြစ်ကြပြီး အဆုံး၌ အဝိဇ္ဇာအမှောင်ဖုံးနေသော်လည်း မှန်သော



www.burmeseclassic.com

www.burmeseclassic.com

တရားကို ရှာဖွေတွေ့ရှိနိုင်လိမ့်မည်။

**အလုပ်ကံတရား**

ဥတ္တရာသာဠ်နက္ခတ်ရှင်များသည် အလုပ်တစ်ခုကို လုပ်မည်ဟု စိတ်ပိုင်းဖြတ်ထားလျှင် မဖြစ်မနေလုပ်ကိုင်တတ်မည်။ စိတ်ထားကောင်းသူများဖြစ်သည့်မို့ မိမိတို့ ကိုယ်ရေးကိုယ်တာထက် မိသားစုနှင့် ဆွေမျိုးသားချင်းများ၏ အရေးကိစ္စကို အလေးထားမှုပန်နေရတတ်သည်။ ဘဝအောင်မြင်မှုကြောင့် ဝမ်းသာစရာ ကြုံတွေ့ရသည်ဖြစ်စေ၊ ဝမ်းနည်းစရာကျဆုံးမှုနှင့် ရင်ဆိုင်ရသည်ဖြစ်စေ တုန်လှုပ်ချောက်ချားမှု မရှိဘဲ ရင့်ကျက်တည်ငြိမ်စွာဖြင့် လောကဓံတရားကို ထိန်းသိမ်းနိုင်သူများ ဖြစ်ကြသည်။ ဘဝလှိုင်းဂယက်ကို ပြုံးပြုံးကြီး ခံနိုင်ရည်ရှိသူများ ဖြစ်မည်။ မိဘဆွေမျိုးများထံမှ အမွေအနှစ်ရရှိတတ်ပြီး ပစ္စည်းဥစ္စာ ပြည့်စုံချမ်းသာလိမ့်မည်။ ညီအစ်ကိုမောင်နှမများအပေါ် ဩဇာပါဝါညောင်းတတ်သူများ ဖြစ်တတ်သည့်ပြင် မိသားစုကို ဦးဆောင်ဦးရွက် ပြုနိုင်သူများလည်း ဖြစ်မည်။ ဤနက္ခတ်ရှင်များသည် အများအကျိုးဆောင်လုပ်ငန်း၊ နိဗ္ဗာန်ကုန်ရောင်းဝယ်ရေးလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် ကျောက်သံပတ္တမြားရတနာ အလုပ်မျိုးနှင့် အကျိုးပေးနိုင်မည်။ နိဗ္ဗာန်ယာဉ်လုပ်ငန်းဖြင့် အောင်မြင်ကြီးပွားတတ်မည်။ မည်သို့ပင်ဆိုစေ သမ္မာအာဇီဝအလုပ်အကိုင်မျိုးနှင့် အကျိုးပေး၍ ချမ်းချမ်းသာသာနေနိုင်သူများ ဖြစ်ရပါလိမ့်မည်။

**အချစ်နှင့် အိမ်ထောင်ရေး**

အလုပ်နှင့်ပညာ ပြည့်စုံမှ အိမ်ထောင်ပြုရသူဦးရေများတတ်သည်။ ဤနက္ခတ်ရှင်များ၏ အချစ်ရေးသည် မိမိတို့ဂုဏ်အဆင့်အတန်းထက် နိမ့်ပါးချို့တဲ့သူများကို သနားချစ်ကြောင့် ချစ်ကျွမ်းဝင်၍ မေတ္တာသက်ဝင် လက်ထပ်ယူရသော အချစ်မျိုးဖြစ်တတ်မည်။ အိမ်ထောင်ပြုပြီး လေးနှစ် (သို့) ငါးနှစ်အတွင်းမှာပင် သာယာပြည့်စုံသော အိမ်ထောင်ရေးကို တည်ဆောက်နိုင်၍ အိမ်ထောင်မြဲလိမ့်မည်။ ဤနက္ခတ်ရှင်များသည် လူကြီးမိဘတို့က ရှာဖွေပေးစားသော အိမ်ထောင်ဖက်မျိုးထက် မိမိတို့က သဘောကျမေတ္တာရှိ၍ လက်ထပ်ရယူသော အိမ်ထောင်ဖက်မျိုးဖြစ်လျှင် ပို၍ကောင်းမည်။ အိမ်ထောင်ရေးဘဝတွင် အဆုံး၌ သာယာလှပသော အိမ်ထောင်ရေးဘဝမျိုးနှင့် ပန်းခင်းသောလမ်းပေါ် လျှောက်လှမ်းနိုင်ပြီး အေးမြသော အိုအေစစ် သီရိဂေဟာ အလှကမ္ဘာထဲ အဆုံးသတ်နိုင်လိမ့်မည်။ အသက် ၂၅ နှစ်မှ ၃၅ နှစ်အတွင်း အိမ်ထောင်ပြုရတတ်ပြီး အပျိုကြီး၊ လူပျိုကြီးဖြစ်ရကိန်း နည်းသည်။ သားသမီးသုံးယောက်မှ ငါးယောက် အလယ်အလတ်ရရှိတတ်ပြီး သားသမီးအကျိုး အပြည့်အဝခံစားနိုင်လိမ့်မည်။ ဥတ္တရာသာဠ်နက္ခတ်သည် လူနက္ခတ်ဖြစ်သောကြောင့် လူနက္ခတ်တူချင်း စုံမက်အကြောင်းဆက် လက်ထပ်နိုင်လျှင် ရွှေနှင့်မြ ဖြစ်မည်။ အကယ်၍ လူနက္ခတ်တူချင်း မဆုံစည်းနိုင်ပါက နတ်နက္ခတ်ကို ရွေးချယ်သင့်သည်။ ဘီလူးနက္ခတ်ကို အထူးရှောင်ရှားရမည်။

**ပညာရေး**

ဤနက္ခတ်ရှင်များသည် ပညာမာနရှိသူများဖြစ်သောကြောင့် ပညာရေး၌ အနည်းငယ်ကြိုးစားလိုက်ရုံမျှနှင့် အောင်မြင်ကျော်ကြားနိုင်မည်။ မဖြစ်မနေ ကြိုးစားအားထုတ်ကြသူများ ဖြစ်ပါက ပညာတံခွန်လူရည်ချွန်များ ဖြစ်နိုင်လိမ့်မည်။ ပညာသင်ယူနေစဉ် ၁၅၀၀ မေတ္တာအချစ် အနှောင့်အယှက် ဝင်တတ်သည့်မို့ ပညာသင်ကြားနေစဉ် အချစ်ကို မရှာသင့်ပါ။ အချစ်ကို ဦးစားပေးတည်ဆောက်မိလျှင် ရည်မှန်းချက်ပန်းတိုင် ပျောက်ဆုံးသွားရတတ်သည်။

**ကျန်းမာရေး**

အလုပ်မရှိလျှင် ပျင်းရိနေလျှင် ကျန်းမာရေးအညံ့ ကြုံရတတ်သော်လည်း အလုပ်ထဲ စိတ်ဝင်စားလုပ်ကိုင်နေပါက ကျန်းမာရေး ဒေါင်ဒေါင်မြည်ကောင်းနေတတ်သည်။ သို့ဖြစ်၍ ဤနက္ခတ်ရှင်များသည် အလုပ်တစ်ခုခုကို မပြတ်လုပ်နေသင့်သည်။ အမျိုးသားဖြစ်လျှင် အဖျော်အပါးကြောင့် ဆီးပူညောင်းကျ ကာလသားရောဂါစွဲကပ်တတ်ပြီး၊ အမျိုးသမီးဖြစ်ပါက သားအိမ်ရောဂါ ဖြစ်တတ်သည်။ သမားကောင်းနှင့် ကုသပျောက်ကင်းနိုင်လိမ့်မည်။

**ရှောင်ရန်၊ ဆောင်ရန်**

ပညာသင်ယူနေစဉ် ချစ်ဦးကို မရှာသင့်ပါ။ အပျော်အပါးလိုက်စားခြင်းမှ အရှင်းရှောင်ရပါမည်။ အမြဲဆောင်ထားရမည့် ရတနာသည် ပတ္တမြား (သို့) ဥဒေါင်းကျောက်နီဖြစ်သည်။ လာဘ်ပွင့်ကံကောင်းစေမည့် အကျိုးပေးအရောင်သည် လိမ္မော်ရောင်နှင့် အနီရောင်ဖြစ်သည်။ ကျန်းမာရေး၊ ကြီးပွားရေး၊ အလုပ်အကိုင်၊ အကြံအစည် ကောင်းစေရန် လမ်းရှင်းတံတားပြုပြင်၊ ညောင်ထောက်ပေး၍ ဆုတောင်းမေတ္တာပို့ပေးလျှင် ဘေးရန်ဘယာ မခရောက်ဘဲ ချမ်းသာသုခပြေစေလိမ့်မည်။ ဥတ္တရာသာဠ်နက္ခတ်ရှင်များသည် ကောင်းမှုကုသိုလ်ပြုလုပ်ငန်းများဖြင့် ဘဝတွင် သူတော်စင် သူတော်ကောင်းတို့နှင့် မျက်နှာပန်းလှလှ အထက်တန်းကျကျ နေထိုင်သွားနိုင်သူများ ဖြစ်ရပါမည်။

မေတ္တာဖြင့် ...
ကာလီဒါ့ချ်(မြန်မာပြည်)



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာသင်္ကြန် ၁၃၇၅ အတူးယတြာ

## တစ်နှစ်တာကာလအတွင်း ဆောင်ရန်၊ ရှောင်ရန်နှင့် ယတြာများ

(တန်ခူးလမှ တပေါင်းလကုန်အထိ)

မင်္ဂလာဦးရွှေအိုး

## တနင်္ဂနွေသားသမီး

ဤတစ်နှစ်တာကာလသည် တနင်္ဂနွေသားသမီးအားလုံးအတွက် ဘဝအခြေအနေတိုးတက်မြင့်မားခြင်း၊ လိုရာဆန္ဒ ပြည့်ဝခြင်းတို့နှင့် ကြုံကြိုက်မည့်ကာလ ဖြစ်၏။ ညှံ့ခဲ့သည့်အပိုင်းကဏ္ဍတို့ ကုန်စင်ပြီဟု မှတ်ယူလိုက်ပါ။ မိသားစုပျော်ရွှင်ချမ်းမြေ့ ရမည်။ လူမျိုးကွဲ၊ ဘာသာကွဲတို့ အကျိုးပေးပါလိမ့်မည်။ အတတ်ပညာတို့ ပြည့်စုံပြီး ဘဝတိုးတက်မည်။ ပျို့ရွယ်သူမှာ အချို့ အထူးတလည် မျက်နှာပွင့်လန်း၍ ချစ်သူတို့ကြားတွင် ဗျာများနေရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

**အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၄၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃ ရှိသူများအဖို့**

အလုပ်အကိုင်လုပ်ဆောင်ရာ၌ အကူအညီလိုပါက တနင်္လာသား၊ သောကြာသားတို့ထံမှ အကူအညီရယူပါ။ ကျွန်မွေး သားများကို အကူအညီမတောင်းခံပါနှင့်။ လာဘ်လာဘ/အရောင်းအ၀ယ်ကိစ္စတို့နှင့် ပတ်သက်ပါက ဒိဝါတပတိဂါထာကို အဓိဋ္ဌာန် ပုတီးစိပ်ပါ။ ရှင်သီဝလိဂါထာကို ရွတ်ပါ။ ရာထူးနှင့်ပတ်သက်ပါက ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို အဓိဋ္ဌာန်နှင့် ရွတ်ဖတ်ပူဇော်ပါ။ လူမှုရေးအတိုက်အခံနှင့် ကြုံတွေ့ရပါက သမ္ဗုဒ္ဓေဂါထာတော်ကို အဓိဋ္ဌာန်နှင့် ရွတ်ဖတ်ပူဇော်ပါ။

အစားအသောက်ကို ဆင်ခြင်တိုင်းထွာ စားသောက်ပါ။ (၇)ဂဏန်းကို ရှောင်ပါ။ အရေးတကြီးတွေ့ဆုံရမည့် ကိစ္စဆိုပါက အနီရောင်၊ အနက်ရောင်အဝတ်အစားတို့ကို ရှောင်ပါ။ လုပ်ငန်းသစ်ကို အကောင်အထည်ဖော်လိုပါက ဗုဒ္ဓဟူးနေ့နံနက် (၆း၀၀)နာရီ နှင့် (၇း၃၀)နာရီကြားတွင် ဆောင်ရွက်ပါ။ တစ်နှစ်တာလုံးအတွက် ယတြာပြုလုပ်လိုပါက ဘုရားရှင်အား သကြားဆွမ်း သစ်သီးဆွမ်း၊ ရေဆွမ်းတို့ကို နေ့စဉ်ဆက်ကပ်ပါ။

**အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄ ရှိသူများအဖို့**

အလုပ်အတွက် အကူအညီလိုပါက တနင်္လာသားသမီးတို့နှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၆)ဂဏန်းကို ရှောင်ပါ။ စိတ်သောက ရောက်နေသူထံမှ အချို့အချောင်ရသော ပစ္စည်းများကို မ၀ယ်ယူမိပါစေနှင့်။ အမှုကိစ္စအတွက် အာမခံပေးခြင်းကို ရှောင်ပါ။ အပူအစပ်လွန်ကဲသော အစားအသောက်များကို ရှောင်ကြဉ်ပါ။ ရာထူးနှင့်ဆိုင်ပါက ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ လူမှုအတိုက်အခံများ နှင့်ပတ်သက်၍ သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးနှင့်ပတ်သက်ပါက ပရိမိတ္တဇာလသုတ်တော်တို့ကို အဓိဋ္ဌာန်နှင့် ရွတ်ဖတ်ပူဇော်ပါ။

လုပ်ငန်းသစ်ကို စတင်လိုပါက စနေနံနက်(၆း၀၀)မှ (၇း၃၀)နာရီကြားတွင် ဆောင်ရွက်ပါ။ အိမ်ထောင်ရှင်များ စကား အပြောအဆို ဆင်ခြင်ပါ။ အလုပ်အကိုင်နှင့် ပတ်သက်၍ အနည်းငယ်ပင်ပန်းခံရမည့်နှစ် ဖြစ်ပါသည်။ ဆက်ဆံရေးပြေပြစ် ကောင်းမွန်ပါစေ။ ပျိုရွယ်သူများ အချစ်ရေးကောင်းမွန်ပါလိမ့်မည်။ ယတြာပြုလုပ်လိုပါက ဘုရားရှင်အား အချိုပွဲများ၊ ကြာ ကြော်၊ ခေါက်ဆွဲကြော်များကပ်လှူပြီး ဒိဝါတပတိဂါထာတော်ကို နေ့စဉ်တစ်ပိတ်စိပ်ပါ။

**အသက် ၁၉၊ ၂၀၊ ၂၇၊ ၂၈၊ ၃၅၊ ၃၆၊ ၄၃၊ ၄၄၊ ၅၁၊ ၅၂၊ ၅၉၊ ၆၀၊ ၆၇၊ ၆၈၊ ၇၅၊ ၇၆ ရှိသူများ အဖို့**

အလုပ်အကိုင်အတွက် အခက်အခဲရှိပါက ကြာသပတေးသားသမီးနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၂)ဂဏန်းကိုရှောင်ပါ။ အပူသည်များထံမှ ရွှေထည်ပစ္စည်းများ အ၀င်မခံပါနှင့်။ ငွေကြေးပြဿနာတက်နေသူကို ညအိပ်လက်မခံပါနှင့်။ ကျောက်မျက် ရတနာများကို ဤနှစ်အတွင်း မ၀ယ်ပါနှင့်။ ဤနှစ်အတွင်း သီလကို မြဲနိုင်သမျှ မြဲအောင် စောင့်ထိန်းဆောက်တည်ပါ။ စကား ကို ဆင်ခြင်ပြောပါ။ သက်သတ်လွတ်စားပေးနိုင်လျှင် ကောင်းပါသည်။ တိရစ္ဆာန်ငှက်ကျေးများကို ဘေးမဲ့လွှတ်ပါ။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ လာဘ်လာဘနှင့်ဆိုင်လျှင် ဒိဝါတပတိဂါထာတော်၊ အခက်အခဲနှင့် ကြုံပါက သမ္ဗုဒ္ဓေဂါထာတော်တို့ကို အဓိဋ္ဌာန်ထား၍ ရွတ်ဆိုပူဇော်ပါ။

အရေးတကြီးကိစ္စဆောင်ရွက်ရမည့်နေ့တွင် အနီရောင်အဝတ်ကို ရှောင်ပါ။ လုပ်ငန်းသစ်စတင်လိုပါက နံနက်(၆း၀၀)မှ (၇း၃၀)နာရီကြားတွင် ဆောင်ရွက်ပါ။ မိသားစုတွင်း ပြဿနာပေါ်တတ်၍ ဝစီကံကို အထူးထိန်းသိမ်းပါ။ ပျိုရွယ်သူများ ချစ်သူချင်း စိတ်သဘောထားချင်း မသင့်မတင့်ဖြစ်တတ်၍ ငြင်းခုံမှုကိုရှောင်ပါ။ ထိုထိုးလိုပါက (၇၊ ၅၊ ၁)ဂဏန်းများကို ရွေးချယ်ထိုးပါ။ တစ်နှစ်တာ ယတြာပြုလိုပါက သမ္ဗုဒ္ဓေဂါထာကို ပုတီး(၂)ပတ်မှ (၃)ပတ်ရအောင် နေ့စဉ်စိပ်ပေးပါ။

**အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇ ရှိသူများအဖို့**

အလုပ်အကိုင်အတွက် အခက်အခဲရှိပါက သောကြာသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၄)ဂဏန်း၊ (၈)ဂဏန်းတို့ကို ရှောင်ကြဉ်ပါ။ အပူသည်ထံမှ ရွှေထည်များ၊ ကျောက်မျက်များကို မ၀ယ်မိပါစေနဲ့။ မလိုအပ်ဘဲ ဆေးထိုးခြင်းကို ရှောင်ပါ။ ဝေဒနာရှင်တို့ကို ဆေးပစ္စည်းများ လှူဒါန်းပါ။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံနှင့်ဆိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com

သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးနှင့်ဆိုင်လျှင် အာနာပါနကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပါ။ အရေးကြီးကိစ္စဆောင်ရွက်စရာကြုံလျှင် လိမ္မော်ရောင်အဝတ်အစားကိုရှောင်ပါ။ အိပ်ရေးပျက်မခံပါနှင့်။

ချစ်သူစုံတွဲများ လိမ္မော်ရောင်ကို ရှောင်ပါ။ ဥပဒေကို ဆန့်ကျင်သူများနှင့် ကင်းရှင်းအောင်နေပါ။ အာမခံလိုက်ခြင်း မပြုပါနှင့်။ နိမိတ်မရှိသောစကား၊ ကြမ်းတမ်းသောစကားများကို မပြောပါနှင့်။ ပညာရေးကံကောင်းပါသည်။ ကြိုးစားသလောက် ဖြစ်ထွန်းမည်။ ထီထိုးလိုပါက (၆၊ ၇၊ ၁၊ ၂)ဂဏန်းများကို ရွေးချယ်ထိုးပါ။ ထင်သလောက်မကောင်းသော လုပ်ငန်းများ ဦးမော့လာပါမည်။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား သကြားဆွမ်း၊ သစ်သီးဆွမ်းတို့ ကပ်လှူပြီး ဒိဝါတပတိဂါထာရွတ်၍ အဓိဋ္ဌာန်ဝင် ပုတီးစိပ်ပါ။

## အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈ ရှိသူများအဖို့

အလုပ်၌ အခက်အခဲရှိပါက အင်္ဂါသားသမီး၏ အကူအညီကိုရယူပါ။ (၅)ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ကိုင်ပါ။ ပြဿနာဟောင်းရှိသောမြေကို မဝယ်မိပါစေနှင့်။ ယာဉ်ကို ကြမ်းတမ်းစွာ မောင်းခြင်းကို ရှောင်ကြဉ်ပါ။ သူတစ်ပါးကိစ္စအတွက် အာမခံဝင်ခံခြင်းများကို မပြုလုပ်ရပါ။ ပျို့ရွယ်သူများ ချစ်သူအပေါ် သစ္စာထားဖို့လိုသည်။ အခက်အခဲဖြစ်နေသော ကိုယ်ဝန်ဆောင်များ တွေ့က အကူအညီပေးပါ။ ဆေးလှူပါ။ အာဟာရလှူပါ။ ကျေးငှက်များကို အစာကျွေးပါ။ ရာထူးနှင့်ဆိုင်လျှင် သရဏဂုံ(၃၀)ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ပရိမိတ္တဇာလသုတ်၊ ဓာရဏပရိတ်တော် တို့ကို အဓိဋ္ဌာန်နှင့် ရွတ်ဖတ်ပူဇော်ပါ။

အရေးကြီးသောနေ့၌ အနက်ရောင်အဝတ်အစားကို ရှောင်ပါ။ အိပ်ရေးပျက်မခံပါနှင့်။ လုပ်ငန်းသစ်ကို စတင်လိုပါက အင်္ဂါနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီအတွင်း ဆောင်ရွက်ပါ။ ငွေကြေးကိစ္စကို အထူးသတိထားပြီးလုပ်ဆောင်ပါ။ ပျို့ရွယ်သူများ သွားရင်းလာရင်း ပြဿနာတက်တတ်သည်။ ပညာရေးအတွက် အထူးဝါယမစိုက်ဖို့လိုသည်။ တစ်နှစ်တာယတြာ ပြုလိုပါက ဘုရားရှင်ကို ဆွမ်း(၃)ပွဲပြင်ပြီး သကြား၊ ထန်းလျက်၊ ပေါက်ပေါက်၊ သစ်သီးဆွမ်းတို့ကို ကပ်လှူပါ။

## အသက် ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉ ရှိသူများအဖို့

အလုပ်၌ အခက်အခဲရှိပါက တနင်္လာသားသမီး၏ အကူအညီကို ရယူပါ။ (၃)ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ပါ။ အပူသည်တို့ထံမှ စက်ပစ္စည်း၊ သစ်စသည်တို့ကို မဝယ်ပါနှင့်။ အအေးမခံပါနှင့်။ ရေချိုးဆင်ခြင်ပါ။ ရင်ပြည့်စာတို့ရှောင်ပါ။ ရာထူးနှင့်ဆိုင်လျှင် ဂုဏ်တော်ကွန်ချာ၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာ၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ဖုဿဂါထာတို့ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ အကြံအစည်ကိစ္စအတွက် အနီရောင်အဝတ်အစားကို ရှောင်ပါ။ စိတ်ရောဂါဝေဒနာရှင်များအား အစား အသောက်လှူဒါန်းပါ။ ဆေးရုံသို့သွား၍ ကုသိုလ်ပြုပေးပါ။ အိပ်ရေးပျက်မခံပါနှင့်။ မိသားစုအတွင်း အပြောင်းအလဲများကြုံရပါ လိမ့်မည်။

လုပ်ငန်းသစ်ကို စတင်အကောင်အထည်ဖော်လိုပါက ဗုဒ္ဓဟူးနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီအတွင်း ရွေးချယ်လုပ်ဆောင်ပါ။ ပျို့ရွယ်သူများ အထူးပင်စန်းပွင့်နေပါလိမ့်မည်။ အရောင်းအဝယ်လုပ်ငန်းများ လမ်းပွင့်နေပါလိမ့်မည်။ ဝန်ထမ်းများ၌ လူမှုရေး အရှုပ်အထွေးတွေ ရှိနေတတ်သည်။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား ကော်ဖီ၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ကိတ်မုန့်၊ ကျောက်ကျော စသည့် တနင်္လာနံတို့ကို မပြတ်တမ်း ဆက်ကပ်လှူဒါန်းပေးပါ။

## အသက် ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀ ရှိသူများအဖို့

အလုပ်၌ အခက်အခဲနှင့် ကြုံရပါက အင်္ဂါသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၂)ဂဏန်းကို ရှောင်ကြဉ်၍ အလုပ်လုပ်ပါ။ အပူသည်ထံမှ ကျောက်မျက်များကို မဝယ်မိပါစေနှင့်။ အမှုအခင်းရှိသူ၊ ငွေကြေးပြဿနာရှုပ်ထွေးသူအား ညအိပ်လက်မခံပါနှင့်။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ လာဘ်လာဘ၊ အရောင်းအဝယ်ကိစ္စနှင့်ဆိုင်လျှင် ဒိဝါတပတိဂါထာ၊ အတိုက်အခံနှင့် ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာတော်တို့ကို ရွတ်ဖတ်ပူဇော်၍ အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ကြုံတွေ့ရသော ဒုက္ခိတများအား တတ်နိုင်သလောက်



www.burmeseclassic.com

www.burmeseclassic.com

အလှူဒါနပြုပေးပါ။

အကြံအစည်ကိစ္စအတွက် အပြောက်အပြောက် ပုလဲပေါက်အဝတ်အစားတို့ကို ဝတ်မသွားပါနှင့်။ လုပ်ငန်းသစ် စတင်
က အင်္ဂါနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီအတွင်း ဆောင်ရွက်ပါ။ ဝင်ငွေထွက်ငွေမမျှ ဖြစ်တတ်သည့်အတွက် စားကြွင်း
တို့အား ကျွေးပါ။ အပေါင်းအသင်းကို ရွေးချယ်ပေါင်းသင်းပါ။ မခံချင်စိတ်များကို ဖျောက်ပစ်ပါ။ ဝန်ထမ်းဖြစ်ပါက ရာထူး
နှစ်ဖြစ်သည်။ ပျို့ရွယ်သူများအတွက် ချစ်ရေးကိစ္စမှာ တိမ်လိုင်းပမာ ဖြစ်တတ်သည်။ တစ်နှစ်တာယတြာပြုလိုပါက ဘုရား
အား ဆွမ်း(၃)ပွဲ အမြဲကပ်လှူပါ။

# တနင်္လာသားသမီး

ဤတစ်နှစ်တာကာလသည် လုပ်ကိုင်သမျှ အောင်မြင်ဖြစ်ထွန်းမည့်နှစ် ဖြစ်သည်။ သို့ရာတွင် အခက်အခဲများ
ဖြတ်သန်းကျော်လွှားရလိမ့်မည်။ ဆုံးရှုံးထားသောငွေကြေးများ ပြန်လည်ရရှိမည်၊ ရည်ရွယ်ချက်ကြောင်း၍ လုပ်ကိုင်လျှင် ပိုမိုဖြစ်
ပါလိမ့်မည်။ အတိုက်အခံများလေ အောင်မြင်မှုများလေ ဖြစ်မည်။ ဆွေမျိုးထက် သူစိမ်းများက ပို၍အကျိုးပေးပါလိမ့်မည်။
လုပ်လိုသော ကိစ္စထက် လုပ်သင့်လုပ်ထိုက်သောကိစ္စကို ဦးစားပေးလုပ်ဆောင်က ပို၍အောင်မြင်ပါလိမ့်မည်။ ပျို့ရွယ်သူ
စန်းအလွန်ပွင့်မည့်နှစ် ဖြစ်၏။

## အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂ ရှိသူများအဖို့

အလုပ်၌ အခက်အခဲရှိပါက ဗုဒ္ဓဟူးသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၅)ဂဏန်းကို ရှောင်ကြဉ်လုပ်ဆောင်
အရှုပ်အရှင်းရှိသော မြေ၊ အပူသည်ထံမှ စက်ပစ္စည်းတို့ကို မဝယ်မိပါစေနှင့်။ အာမခံမလိုက်ရ၊ ဥပဒေနှင့် မလွတ်ကင်းသည်တို့
ရှောင်ကြဉ်ပါ။ ဝမ်းဗိုက်ပိုင်းဝေဒနာရှင်၊ ဆီးရောဂါရှင်တို့အား တတ်နိုင်သလောက် လှူဒါန်းမှုပြုပါ။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေ
နိဒ္ဒေသတော်၊ အတိုက်အခံနှင့်ဆိုင်လျှင် ဓာရဏပရိတ်တော်တို့ကို အဓိဋ္ဌာန်ထားကာ ရွတ်ဖတ်ပူဇော်ပါ။

အကြံအစည်ကိစ္စအတွက် လိမ္မော်ရောင်ကို ရှောင်ပါ။ အိပ်ရေးပျက်မခံပါနှင့်။ အလုပ်အကိုင်သစ်ကို အကောင်အထည်
ဖော်လိုပါက ဗုဒ္ဓဟူးနေ့နံနက် (၁၀း၃၀)မှ မွန်းတည့်(၁၂း၀၀)နာရီကြား ဆောင်ရွက်ပါ။ မိသားစုပြဿနာတက်မည့် ကိစ္စရပ်
ရှောင်ပါ။ သည်နှစ်အတွင်း ရာထူးတက်ခြင်း၊ ရာထူးကြီးကြီး၌ တာဝန်ယူရခြင်းတို့ ကြုံရတတ်သည်။ ပျို့ရွယ်သူများ
အရာရာ အဆင်ပြေနေပါလိမ့်မည်။ ဤတစ်နှစ်တာအတွက် ယတြာပြုလုပ်လိုပါက ဘုရားရှင်အား နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်
သောက်တော်ရေကပ်လှူပါ။ သစ်သီးဆွမ်း၊ သကြားဆွမ်းတို့ ကပ်လှူပေးပါ။

## အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃ ရှိသူများအဖို့

အလုပ်အကိုင်၌ အခက်အခဲရှိပါက စနေသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၄)ဂဏန်း၊ (၈)ဂဏန်းတို့ကို ရှောင်ကြဉ်
၍ အလုပ်လုပ်ပါ။ အပူသည်တို့ရောင်းချသော ပစ္စည်းများကို ပေါချောင်ကောင်းအနေဖြင့် မဝယ်ယူမိပါစေနှင့်၊ အိမ်ထောင်ပျက်များ
ညအိပ်လက်မခံပါနှင့်။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာ၊ ကျန်းမာရေး
ဓာရဏပရိတ်တော်တို့ကို အဓိဋ္ဌာန်ထားကာ ရွတ်ဖတ်ပူဇော်ပါ။ စိတ်ရောဂါဝေဒနာရှင်များအား တတ်အားသရွေ့ အကူအညီပေး
လှူဒါန်းပါ။ ရေသတ္တဝါများကို ဘေးမဲ့လွှတ်ပါ။

အကြံအစည်ကိစ္စအတွက် အစိမ်းရောင်၊ ရွှေအိုရောင်တို့ကို ရှောင်ကြဉ်ပါ။ လေမချုပ်အောင်နေပါ။ အပူအစပ်
ရှောင်ပါ။ လုပ်ငန်းသစ်စတင်လိုပါက တနင်္လာနေ့နံနက် (၉း၀၀)မှ (၁၀း၃၀)နာရီအတွင်း ဆောင်ရွက်ပါ။ ဥပဒေနှင့် ဆန့်ကျင်
တို့အား မဆက်ဆံပါနှင့်။ (၂၊ ၃၊ ၆၊ ၇၊ ၉)တို့သည် အကျိုးပေးဂဏန်းများဖြစ်ပါသည်။ မင်္ဂလာကိစ္စ၊ အချစ်ရေးကိစ္စ
ကောင်းမွန်ပါသည်။ ဤတစ်နှစ်တာအတွက် ယတြာပြုလိုပါက ဘုရားရှင်အား နို့ဆွမ်း၊ ထန်းလျက်ဆွမ်း၊ ထောပတ်ဆွမ်း
မကြာမကြာ ကပ်လှူပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**အသက် ၁၈၊ ၁၉၊ ၂၆၊ ၂၇၊ ၃၄၊ ၃၅၊ ၄၂၊ ၄၃၊ ၅၀၊ ၅၁၊ ၅၈၊ ၅၉၊ ၆၆၊ ၆၇၊ ၇၄၊ ၇၅ ရှိသူများအဖို့**

အလုပ်အကိုင်၌ အခက်အခဲရှိပါက ကြာသပတေးသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၄)ဂဏန်း။ (၈)ဂဏန်းများကို ရှောင်ကြဉ်၍ အလုပ်လုပ်ပါ။ ပွင့်သောကနှင့် ဝင်လာတတ်သည့် ရှေ့ထည့်ပစ္စည်းများကို ရှောင်ကြဉ်ပါ။ ဥပဒေနှင့် မလွတ်ကင်းသည်တို့ကို မလုပ်ဆောင်ပါနှင့်။ ငွေကြေးပြဿနာတက်နေသူ၊ အမှုဖြစ်နေသူတို့ကို ညအိပ်လက်မခံပါနှင့်။ ကိုယ်မကျွမ်းကျင်သည့် အလုပ်အတွက် ရှယ်ယာဝင်ခြင်းကိုရှောင်ပါ။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံနှင့်ဆိုင်လျှင် မေတ္တာသုတ်၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ပရိမိတ္တဇာလသုတ်၊ လာဘ်လာဘအရောင်းအဝယ်ကိစ္စတို့နှင့်ဆိုင်လျှင် ဒိဝါတပတိဂါထာ၊ ရှင်သီဝလိဂါထာတို့ကို အဓိဋ္ဌာန်ဝင်ကာ ရွတ်ဆိုပူဇော်ပါ။

ဤနှစ်သည် စိတ်ဖိစီးမှုများသောနှစ် ဖြစ်သည်။ ပြောဆိုသမျှ အောင်မြင်မှုမရ ဖြစ်တတ်သည်။ အကြံအစည်ကိစ္စအင် ်ကျ် အနီရောင်နှင့် အစိမ်းရောင်ကို ရှောင်ကြဉ်ပါ။ အနက်ပြောင်ကိုလည်း ရှောင်သင့်ပါသည်။ ပျို့ရွယ်သူများ အထင်လွဲတတ်သည်။ ငှက်များ၊ ခွေးများကို အစာကျွေးပါ။ သတ္တဝါတို့ကို ဘေးမဲ့လွှတ်ပါ။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား နေ့စဉ် ပေါက်ပေါက်၊ ပေါင်မုန့်၊ မုန့်လုံးရေပေါ် စသည်တို့ကို အလျဉ်းသင့်သလို တစ်ခုမဟုတ်တစ်ခု မပြတ်တမ်း ဆက်ကပ်ပါ။ ဘုရားပန်းကို သုံးမျိုးမှ ငါးမျိုးအထိ ကပ်လှူပူဇော်ပါ။

**အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆ ရှိသူများအဖို့**

အလုပ်၌ အခက်အခဲရှိပါက တနင်္ဂနွေသားသမီးနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၂)ဂဏန်းကို ရှောင်ကြဉ်ပြီး အလုပ်လုပ်ပါ။ သူတစ်ပါး၏ တိုက်တွန်းမှုကို မယုံစားပါနှင့်။ ကျောက်လုပ်ငန်းအကျိုးမပေးပါ။ ဥပဒေနှင့် ဆန့်ကျင်သောအလုပ်များကို ရှောင်ကြဉ်ပါ။ ဆေးစားမှားတတ်သည်။ သတိပြုပါ။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံနှင့်ပတ်သက်လျှင် သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ပရိမိတ္တဇာလသုတ်၊ ဓာရဏပရိတ်၊ ရတနသုတ်တော်များကို ရွတ်ဖတ်ပူဇော်ပါ။

လုပ်ငန်းစတင်လုပ်ဆောင်မည်ဆိုပါက နံနက်(၆း၀၀)မှ (၇း၃၀)နာရီအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပါ။ လုပ်ငန်းခွင်၌ ကြီးကဲသူ၏ စောင့်ရှောက်ခြင်းကို ခံရပါလိမ့်မည်။ ဤနှစ်ထဲ၌ ရာထူးတိုးဖို့ ကြုံပါလိမ့်မည်။ သီလရှင်ဆရာကြီးများကိုတွေ့လျှင် လိုအပ်သည့်ဆေးဝါးတို့အား လှူဒါန်းဒါနပြုပါ။ အလုပ်လျှောက်ထားသူများ အဆင်ပြေပါလိမ့်မည်။ တတ်နိုင်သမျှ သက်သတ်လွတ်စားပါ။ သတ္တဝါကလေးများကို ဘေးမဲ့လွှတ်ပေးပါ။ အကြံအစည်အတွက် လိမ္မော်ရောင်ကို ရှောင်ပါ။ တစ်နှစ်တာ ယတြာပြုလုပ်လိုပါက ဘုရားရှင်အား သစ်သီးဆွမ်းများကို မပြတ်တမ်း ကပ်လှူပါ။ အောင်သပြေပန်းများ မညှိုးပါစေနှင့်။ ဆီမီးပူဇော်ပေးပါ။

**အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆- ၆၉၊ ၇၇ ရှိသူများအဖို့**

အလုပ်အကိုင်အခက်အခဲရှိပါက တနင်္ဂနွေသားသမီးကိုပဲ တိုင်ပင်ပြီးဆောင်ရွက်ပါ။ (၆)ဂဏန်းရှောင်ကြဉ်ပြီး အလုပ်လုပ်ပါ။ ငွေကြေးပြဿနာဖြစ်နေသူအား အာမခံမပေးမိပါစေနှင့်။ ကြားညပ်မည့်ကိစ္စများကို သတိထားပါ။ ငွေတိုးချေးစားခြင်း မပြုပါနှင့်။ ကိုယ်မကျွမ်းကျင်သောအလုပ်များကိုလည်း ရှောင်ပါ။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ပရိမိတ္တဇာလသုတ်တော်တို့ကို အဓိဋ္ဌာန်ထားကာ ရွတ်ဆိုပူဇော်ပါ။ လာဘ်လာဘနှင့်ဆိုင်ပါက သရဏဂုံ(၃၀)ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

လုပ်ငန်းသစ်ကို စတင်လိုပါက တနင်္ဂနွေနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီအတွင်း ဆောင်ရွက်ပါ။ ဤနှစ်သည် ငွေကြေးနှင့်ပတ်သက်သော ကိစ္စရပ်များကို ရင်ဆိုင်နေရမည်။ ထိုကိစ္စများ ကြုံတွေ့ရပါက အဆင်ချောသွားရလေအောင် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ငွေကြေးဆေးဝါး၊ အာဟာရတို့ကို လှူဒါန်းပါ။ ပျို့ရွယ်သူများ အချစ်အတွက် စိတ်လေတတ်ပါသည်။ ထီထိုးလိုပါက (၂၊ ၁၊ ၃၊ ၄၊ ၈) ဂဏန်းတို့ကို ရွေးချယ်ထိုးပါ။ ဤနှစ်အတွက် ယတြာပြုလိုပါက ဘုရားရှင်အား ဆွမ်း(၃)ပွဲ အမြဲကပ်လှူပါ။ ဆွမ်း၌ ပေါက်ပေါက်၊ သစ်သီး၊ သကြား ထန်းလျက်တို့မှ နှစ်သက်ရာကို ထည့်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

**အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈ ရှိသူများအဖို့**

အလုပ်၌ အခက်အခဲရှိပါက ဗုဒ္ဓဟူးသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၁)ဂဏန်းကိုရှောင်ကြဉ်ပြီး အလုပ်လုပ်ပါ။ အပူသည် ပြန်ရောင်းသည့် အိမ်၊ တိုက်ခန်းတို့ကို မဝယ်မိပါစေနှင့်။ ယာဉ်မောင်းသည့်အခါ သတိကြီးစွာ ထားဖို့လိုသည်။ ခင်ပွန်းကြီး ၁၀ ပါးကို မပြစ်မှားမိပါစေနှင့်။ ကာမေသုမိစ္ဆာကံကို အထူးထိန်းသိမ်းပါ။ ရာထူးနှင့်ဆိုင်လျှင် ဂုဏ်တော်ကွန်ချာ၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာ၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ဓာရဏပရိတ်တော်၊ လာဘ်လာဘနှင့်ဆိုင်လျှင် ဒိဗ္ဗ(ဓ)ဂါထာတို့ကို အဓိဋ္ဌာန်နှင့် ရွတ်ဖတ်ပူဇော်ပါ။ ရင်ပြည့်စာကို ရှောင်ပါ။ ပန်ကာလေမခံပါနှင့်။

လုပ်ငန်းသစ် စတင်လိုပါက ဗုဒ္ဓဟူးနေ့နံနက် (၆း၀၀)မှ (၉း၃၀)နာရီအတွင်း လုပ်ဆောင်ပါ။ မိဘတို့၏ကျေးဇူးကြောင့် လုပ်ငန်းအဆင်ပြေပါလိမ့်မည်။ လက်ဝတ်ရတနာမျိုး ဝင်လာတတ်သည်။ ပိုက်ဆံအိတ်အနီရောင် မကိုင်ပါနှင့်။ ထီထိုးလိုပါက ၂၊ ၄၊ ၈၊ ၇၊ဂဏန်းတို့ကို ရွေးချယ်ပါ။ ပျိုရွယ်သူများ ချစ်သူနှင့် အဆင်ပြေစေရန် အနီရောင်ကိုရှောင်ပါ။ ဤတစ်နှစ်တာ အတွက် ယတြာပြုလိုပါက ဘုရားရှင်အား နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်တော်ရေကပ်လှူပြီး ယပ်တော်သွင်း၍ တနင်္လာနံ အသီး၊ အပွင့်၊ အရွက်၊ အညွန့်တို့ကို ကပ်လှူပါ။ ဂုဏ်တော်ကွန်ချာပုတီးစိပ်ပေးပါ။

**အသက် ၂၁၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉ ရှိသူများအဖို့**

အလုပ်၌ အခက်အခဲရှိပါက ကြာသပတေးသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၇)ဂဏန်းကိုရှောင်ပါ။ အပူသည် လာရောင်းသည့် ကျောက်ကို မဝယ်ပါနှင့်။ တစ်ပါးသူအတွက် အာမခံပေးရသည့် ကိစ္စများကိုရှောင်ပါ။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်နှင့် မေတ္တသုတ်တော်၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာတော်၊ လာဘ်လာဘအတွက် မဟာ ဝေဒဗ္ဗမန္တန်တော်ကြီး၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ပရိမိတ္တဇာလသုတ်တို့ကို အဓိဋ္ဌာန်ထား၍ ရွတ်ဖတ်ပူဇော်ပါ။ နှလုံးရောဂါသည် လေဖြတ်ခံထားရသူ၊ အကြောဆွဲနေသူတို့အား တတ်နိုင်သရွေ့ လှူဒါန်းကူညီပါ။

လုပ်ငန်းသစ်စတင်လိုပါက ကြာသပတေးနေ့နံနက် (၇း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ အိမ်နေရာအပြောင်းအလဲနှင့် ကြုံတတ်သည်။ မိသားစုတွင်း အပြောင်းအလဲများလည်း ရှိလိမ့်မည်။ နိုင်ငံရပ်ခြားခရီးလည်း ထွက်ရတတ်သည်။ စကားအပြောအဆို ကို ဆင်ခြင်ဖို့လိုသည်။ ပညာရေးအထူးကောင်းမွန်နေပါသည်။ ပျိုရွယ်သူများ ချစ်သူ၏ လမ်းခွဲခြင်းနှင့် ကြုံတတ်သည်။ ထီထိုး မည်ဆိုပါက (၅)ဂဏန်းကို ရွေးချယ်ထိုးပေးပါ။ အကြံအစည်ကို အကောင်အထည်ဖော်မည့်နေ့တွင် အနက်ရောင်အဝတ်အစား ကို ရှောင်ပါ။ တစ်နှစ်တာယတြာ ပြုလိုပါက ဘုရားရှင်အား ပေါက်ပေါက်၊ မုန့်လုံးရေပေါ်နှင့် ပန်းများကပ်လှူပူဇော်ပါ။

## အင်္ဂါသားသမီး

ဤတစ်နှစ်တာကာလသည် ထူးခြားသော အပြောင်းအလဲများ တွေ့ကြုံရပြီး ရည်ရွယ်ထားသမျှကို အကောင်အထည်ဖော် လုပ်ဆောင်ရတတ်သည်။ လူမျိုး၊ ဘာသာကွဲများနှင့် တွဲ၍လုပ်ကိုင်ပါက အထူးပင် အကျိုးပေးပါလိမ့်မည်။ မရောက်ဖူးသော အရပ်ဒေသများသို့ သွားရောက်ရတတ်သည်။ နေရာအပြောင်းအလဲရှိမည်။ ဘဝတိုးတက်မည်။ ယှဉ်ပြိုင်မှုများလည်း ရှိနေတတ်သည်။ အိုးသစ်အိမ်သစ်ဝင်မည်။ မာန်မာနကို ချိုးနှိမ်ဖို့လိုမည်။ ဝင်ငွေကောင်းသော်လည်း မမြဲတတ်ပါ။ အကုန်အကျတွေ များနေမည်။ လုပ်ရိုးလုပ်စဉ်ကိစ္စများကို ကျောခိုင်းသင့်သည်။ ဆန်းသစ်တီထွင်ခြင်း၊ ရဲဝံ့စွန့်စားခြင်းတို့အတွက် အကျိုးရလဒ်များ ခံစားရပါ လိမ့်မည်။

**အသက် ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉ ရှိသူများအဖို့**

အလုပ်၌ အခက်အခဲရှိပါက သောကြာသားသမီး၊ တနင်္လာသားသမီးတို့နှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၇)ဂဏန်းကိုရှောင်ပါ။ အပူသည်လာရောင်းသည့် စက်ပစ္စည်းတို့ကို မဝယ်မိပါစေနှင့်။ အမှုဖြစ်နေသူအတွက် အာမခံမပေးသင့်ပါ။ မိမိသဘောနှင့်မတူ အလုပ်နေရာ မပြောင်းပါနှင့်။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာတော်



www.burmeseclassic.com

www.burmeseclassic.com

လာဘ်လာဘနှင့်ဆိုင်လျှင် မဟာဝေဒဗ္ဗမန္တန်နှင့် ဒိဝါတပတိဂါထာတော်၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ပရိမိတ္တဇာလသုတ်တော်တို့ကို အဓိဋ္ဌာန်နှင့် ရွတ်ဖတ်ပူဇော်ပါ။

လုပ်ငန်းသစ်စတင်လိုပါက သောကြာနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီအတွင်း စတင်ဆောင်ရွက်ပါ။ ဆီး၊ မျက်စိ၊ အစာအိမ်နှင့်ဆိုင်သည့် ဝေဒနာရှင်တို့ကို ဆေးဝါး၊ ငွေကြေး၊ အာဟာရဒါနပြုပေးပါ။ မိမိကိုယ်တိုင်လည်း မျှတအောင်နေပါ။ အိပ်ရေးပျက်မခံပါနှင့်။ ထီထိုးပါက (၂၊ ၄၊ ၅၊ ၆၊ ၉)ဂဏန်းများကို ရွေးချယ်ပါ။ လုပ်ငန်းခွင်စာမေးပွဲ အောင်မြင်မည်။ ပျိုရွယ်သူများ အချစ်ရေးသင့်ပါသည်။ တစ်နှစ်တာယတြာပြုလုပ်လိုပါက ဘုရားရှင်အား သစ်သီးစုံဆွမ်းနှင့် သကြားဆွမ်းကို ဆက်ကပ်ပေးပါ။ အထူးသဖြင့် လပြည့်နေ့ရောက်တိုင်း ပန်း၊ သစ်သီးတို့ဖြင့် မုန့်လုံးရေပေါ်ဆွမ်းကို ဆက်ကပ်လှူဒါန်းသင့်ပါသည်။

## အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀ ရှိသူများအဖို့

အလုပ်အကိုင်၌ အခက်အခဲရှိလျှင် စနေသားသမီး၊ ကြာသပတေးသားသမီးတို့နှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၆)ဂဏန်းကို ရှောင်ပါ။ အရှုပ်အရှင်းမကင်းသော သစ်များကို မဝယ်မိပါစေနှင့်၊ ဥပဒေနှင့်ဆန့်ကျင်သည့်လုပ်ငန်းများ မလုပ်ပါနှင့်၊ အာမခံမလိုက်ပါနှင့်၊ အဆာမခံပါနှင့်။ အပူစာ၊ အစပ်စာတို့ကို ရှောင်ကြဉ်ပါ။ ရာထူးနှင့်ဆိုင်လျှင် ဂုဏ်တော်ကွန်ချာ၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာ၊ လာဘ်လာဘနှင့်ဆိုင်လျှင် ဒိဝါတပတိဂါထာတို့ကို အဓိဋ္ဌာန်ထားလျက် ရွတ်ဖတ်ပူဇော်ပါ။

လုပ်ငန်းသစ်စတင်လိုပါက တနင်္လာနေ့နံနက် (၇း၀၀)နာရီတွင် စတင်လုပ်ကိုင်ပါ။ အကြံအစည်ကိစ္စရပ်၌ အပြောက်အပြောက် ပုလဲပေါက်အဆင် အဝတ်အစားတို့ကို ရှောင်ပါ။ ထီထိုးမည်ဆိုပါက (၁၊ ၂၊ ၅၊ ၇၊ ၉)ဂဏန်းများကို ရွေးချယ်ပါ။ မူလနေရာမှ အခြားနေရာသို့ ပြောင်းရွှေ့အမှုထမ်းရခြင်းမျိုး ကြုံတတ်သည်။ ပျိုရွယ်သူများ တစ်ဦးနှင့်တစ်ဦး နားလည်မှုထားရှိဖို့ လိုသည်။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား ယန်းလျက်ဆွမ်း၊ နို့ဆွမ်း၊ ထောပတ်ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းပါ။ ဂုဏ်တော်ကွန်ချာအား အဓိဋ္ဌာန်နှင့် ရွတ်ဖတ်ပူဇော်ပါ။ ခန္ဓာကိုယ်အောက်ပိုင်း ဝေဒနာရှင်တို့အား အလှူဒါနပြုပါ။

## အသက် ၁၇၊ ၁၈၊ ၂၅၊ ၂၆၊ ၃၃၊ ၃၄၊ ၄၁၊ ၄၂၊ ၄၉၊ ၅၀၊ ၅၇၊ ၅၈၊ ၆၅၊ ၆၆၊ ၇၃၊ ၇၄ ရှိသူများအဖို့

အလုပ်အကိုင်၌ အခက်အခဲရှိလျှင် စနေသားသမီးတို့နှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၂)ဂဏန်းကို သတိထား၍ ရှောင်ပါ။ အပူသောကဖြင့် လာရောက်ရောင်းချသော ကျောက်နီ၊ ပတ္တမြားတို့ကို မဝယ်မိပါစေနှင့်။ ဥပဒေနှင့် မလွတ်မကင်းမလုပ်ပါနှင့်။ လူငယ်များ ဒေါသကို ထိန်းချုပ်ဖို့လိုသည်။ အမှုအခင်းဖြစ်နေသူကို လက်ခံမိပါက၊ အာမခံပေးမိပါက ဒုက္ခရောက်တတ်သည်။ စပ်တူလုပ်ငန်းများကို ရှောင်ကြဉ်ပါ။ ငွေချေးငှားမိပါက ဆုံးရှုံးတတ်သည်။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်း၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာ၊ ကျန်းမာရေးအတွက် ဓာရဏပရိတ်နှင့် ပရိမိတ္တဇာလသုတ်၊ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာ၊ လုပ်ငန်းခွင်၌ အလုပ်သမားမြဲရန် မေတ္တာသုတ်တော်ကို ရွတ်ဖတ်ပွားများပါ။

လုပ်ငန်းသစ်စတင်လိုပါက ကြာသပတေးနေ့နံနက် (၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီကြား၌ ဆောင်ရွက်ပါ။ ထီအကျိုးပေးဂဏန်းမှာ (၁၊ ၃၊ ၅၊ ၇) ဖြစ်၏။ ပျိုရွယ်သူများ အချစ်ရေးကိစ္စအဆင်ပြေဖို့ ငှက်ကလေးများကို အစာကျွေးပါ။ လုပ်ငန်းခွင်၌ ဒေါသဖြစ်စရာကြုံလျှင် တရားကို နှလုံးသွင်းပါ။ တစ်နှစ်တာ ယတြာပြုလိုပါက ဘုရားရှင်အား နေ့စဉ် ထန်းလျက်ဆွမ်း၊ နို့ဆွမ်း၊ ထောပတ်ဆွမ်း တစ်မျိုးမျိုးကို မပြတ်တမ်းကပ်လှူပါ။ ခြေထောက်မကောင်းသူကို ဒါနပြုပါ။ ခွေးကို အစာကျွေးပါ။

## အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၈၊ ၇၅ ရှိသူများအဖို့

အလုပ်အကိုင်အခက်အခဲရှိပါက သောကြာသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၄)ဂဏန်း၊ (၈)ဂဏန်းတို့ကို ရှောင်ကြဉ်လုပ်ဆောင်ပါ။ အမှုအခင်းဖြစ်နေသူကို အလုပ်မခန့်မိပါစေနှင့်။ သီးခြားအကူအညီကိုသာ မကောင်းတတ်လျှင် ပေးလိုက်ပါ။ အကြောဝေဒနာရှင်များအား လိုအပ်သောအကူအညီများပေးပါ။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ပရိမိတ္တဇာလသုတ်တော်တို့ကို အဓိဋ္ဌာန်ထားကာ ရွတ်ဆိုပူဇော်ပါ။ အကြံအစည်ကို အကောင်အထည်ဖော်မည့်နေ့တွင် အနက်ရောင်ပြောင်အကျီကို မဝတ်ပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းသစ်စတင်လိုပါက သောကြာနေ့နံနက် (၇း၀၀)နာရီတွင် စတင်ပါ။ ပညာရေးကံကောင်းသော်လည်း ကြိုး... ထုတ်မှုမရှိက မတိုးတက်ပါ။ ချစ်သူချင်းအကြား၌ သွေးတိုးမည့်သူ ရှိနေလိမ့်မည်။ ကြားစကားကို မယုံစားပါနှင့်။ လျှော... သောအလုပ် ရလိမ့်မည်။ (၁၊ ၂၊ ၆၊ ၉)ဂဏန်းများကို ရွေးချယ်ထီထိုးပါ။ တစ်နှစ်တာ ယတြာပြုလုပ်လိုပါက ဘုရားရှင်... သစ်သီးစုံဆွမ်း ကပ်လှူပါ။ ပန်း(၆)မျိုးကပ်လှူပါ။ သကြားဆွမ်းကို မကြာခဏကပ်လှူပါ။

## အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆ ရှိသူများအဖို့

အလုပ်အကိုင်အတွက် အခက်အခဲရှိပါက အင်္ဂါ၊ သောကြာသားသမီးတို့နှင့် တိုင်ပင်လုပ်ဆောင်ပါ။ ငွေကို အလွယ်... မချေးပါနှင့်။ ငွေကြေးပြဿနာရှိသူအား ငွေကြေးပြဿနာရှိသူအား အာမမခံပါနှင့်။ (၄)၊ (၈)ဂဏန်း စသည့်ဂဏန်းများ... ရှောင်၍ အလုပ်လုပ်ပါ။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေး... နှင့်ဆိုင်လျှင် ဓာရဏပရိတ်တော်တို့ကို အဓိဋ္ဌာန်ပြုရွတ်ဖတ်ပူဇော်ပါ။ တိရစ္ဆာန်များကို အစာကျွေးပါ။

လုပ်ငန်းသစ်စတင်လိုပါက အင်္ဂါနေ့နံနက် (၉း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးကံကောင်းသည်။ ကြိုး... သလောက် ထွန်းပေါက်လိမ့်မည်။ အချစ်ရေးအတွက် အချိန်တွေလွှင့်မျောနေတတ်သည်။ သို့ရာတွင် စိတ်ချမ်းသာရမည်။ (၁၊ ၂၊ ၃၊ ၆၊ ၉)ဂဏန်းများကို ရွေးချယ်ထီထိုးပါ။ တစ်နှစ်တာ ယတြာပြုလုပ်လိုပါက ဘုရားရှင်အား ဆွမ်းပွဲ(၃)ပွဲနှင့် မပြတ်တ... ပူဇော်ဆက်ကပ်ပါ။ ဆွမ်းသုံးပွဲ၌ ပေါက်ပေါက်၊ သစ်သီး၊ ထန်းလျက်၊ သကြားတို့ကို ထည့်ပါ။

## အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇ ရှိသူများအဖို့

အလုပ်အကိုင်၌ အခက်အခဲရှိပါက တနင်္လာသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၆)ဂဏန်းကိုရှောင်၍ အလုပ်လုပ်ပါ... ပြဿနာ့အရှုပ်အရှင်းရှိသည့် သစ်ခွဲစက်၊ သစ်တို့အား အချိုအချောင်ရစေကာမူ မဝယ်မိပါစေနှင့်။ မိမိမကျွမ်းကျင်သောလုပ်ငန်း... ရှယ်ယာဝင်ခြင်းကိုရှောင်ပါ။ စာကလေးများကို ဘေးမဲ့လွှတ်ပါ။ စိတ်ဝေဒနာရှင်တို့အား လှူဒါန်းပါ။ မိဘမဲ့ကလေးများကို လှူ... ရာထူးနှင့်ဆိုင်လျှင် ဂုဏ်တော်ကွန်ချာ၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာတို့ကို ရွတ်ဖတ်ပူဇော်ပါ။ အခက်အခဲနှင့်ကြုံပါ... နီးစပ်ရာကျောင်းကန်သို့သွား၍ သန့်ရှင်းရေးလုပ်ပေးပါ။

လုပ်ငန်းသစ်ကို စတင်လိုပါက တနင်္လာနေ့နံနက် (၆း၀၀)မှ (၇း၃၇)နာရီကြားတွင် လုပ်ဆောင်ပါ။ ပညာရေးကံကောင်းနေ... ပါမည်။ ပညာရေး ကံကောင်းနေပါမည်။ လူငယ်များ အချစ်ရေးကောင်းမွန်ပါသည်။ စကားအပြောအဆို ဆင်ခြင်ပါ။ အပေါင်းအသင်း... ရွေးတတ်ဖို့ လိုသည်။ (၂၊ ၄၊ ၈၊ ၉)ဂဏန်းများကို ရွေးချယ်ထီထိုးပါ။ ရတနာသုံးပါးဂုဏ်တော်ကျေးဇူးကို အထူးသတိရပါ... တစ်နှစ်တာယတြာ ပြုလုပ်လိုပါက ဘုရားရှင်အား တနင်္လာနံ အသီးအပွင့်၊ အရွက်အညွန့်၊ ဆွမ်းများ မပြတ်ကပ်လှူ ပူဇော်ပါ... သောက်တော်ရေကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ကပ်လှူပေးပါ။

## အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈ ရှိသူများအဖို့

အလုပ်အကိုင်နှင့် အခြားကိစ္စရပ်များအတွက် အခက်အခဲရှိပါက အင်္ဂါသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၁)ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ပါ။ သောကဖြင့် လာရောင်းသော ကျောက်၊ အိမ်တို့ကို မဝယ်မိပါစေနှင့်။ ငွေကြေးရှုပ်ထွေးသူ အမှုဖြစ်ပါက အာမခံမလိုက်ပါနှင့်။ ငွေမှုကိစ္စဖြစ်နေသူအား ညအိပ်လက်မခံပါနှင့်။ ကျန်းမာရေးနှင့်ဆိုင်ပါက ငါးအရှင်များ လွှတ်ပေးပါ... ပရိမိတ္တဇာလသုတ်တော်ကို ရွတ်ဆိုပူဇော်ပါ။ အတိုက်အခံရှိပါက မေတ္တာသုတ်ရွတ်ဖတ်ပေးပါ။ နားဝေဒနာရှင်၊ လေရောဂါရှင်တို့အား လှူဒါန်းဒါနပြုပါ။

လုပ်ငန်းစတင်ဆောင်ရွက်လိုပါက အင်္ဂါနေ့နံနက် (၉း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ အောင်မြင်မှုရလာပါလိမ့်မည်။ ပညာရေးကံကောင်းပါသည်။ အချစ်ရေးနှင့် စိတ်မခန့်မသင့် ဖြစ်တတ်သည်။ (၃၊ ၄၊ ၅၊ ၈) ဂဏန်းများကို ရွေးချယ်ထီထိုးပေးပါ။ တစ်နှစ်တာကာလအတွက် ယတြာပြုလိုပါက ဘုရားရှင်အား ဆွမ်း(၃)ပွဲ မပြတ်ကပ်လှူပါ။ ပေါက်ပေါက်၊ ထန်းလျက်၊ သကြား၊ သစ်သီး နှစ်သက်ရာဆွမ်းများ ကပ်လှူပူဇော်ပါ။ အဓိဋ္ဌာန်ပုတီးစိပ်ပါ။ မေတ္တာသုတ်တော်ကို အဓိဋ္ဌာန်နှင့် ရွတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီး

ဤတစ်နှစ်တာကာလသည် အလုပ်စီးပွားတိုးတက်ခြင်း၊ ငွေကြေးကံကောင်းခြင်းနှင့် ဘဝအခြေအနေ မြင့်မားခြင်းကို ဖြစ်ထွန်းစေပါလိမ့်မည်။ ဂုဏ်ကျက်သရေတိုးပွားခြင်း၊ ထင်ပေါ်အောင်မြင်ကျော်ကြားခြင်းတို့နှင့်အတူ အကြံအစည်တို့မှာလည်း ထမြောက်အောင်မြင်ပါလိမ့်မည်။ အခက်အခဲအားလုံးကို ကျော်လွှားနိုင်ပါလိမ့်မည်။ ဘဝရည်မှန်းချက်များကို အကောင်အထည် ဖော်ဆောင်နိုင်လိမ့်မည်။ လူမျိုးပွဲကအကျိုးပြုလိမ့်မည်။ နိုင်ငံခြားခရီးစဉ် အဆင်ပြေမည်။ အလှူမင်္ဂလာပြုရလိမ့်မည်။ အဆင့်မြင့် တာဝန်များ ထမ်းဆောင်ရမည်။ အဖွဲ့အစည်းကိစ္စ၊ ပရဟိတကိစ္စများ၌ ဦးဆောင်ဦးရွက် ပြုရတတ်သည်။ ရင်းနှီးကျွမ်းဝင်သူများနှင့် စိတ်အခန့်မသင့် ဖြစ်တတ်သည်။

**အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈ ရှိသူများအဖို့**

အလုပ်အကိုင်အခက်အခဲဖြစ်ပါက ဗုဒ္ဓဟူးသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၁)ဂဏန်းကိုရှောင်၍ အလုပ်လုပ်ပါ။ အပူသည်ထံမှ မြေ၊ အိမ်၊ တိုက်ခန်းကို မဝယ်မိပါစေနှင့်။ အာမခံပေးခြင်းကို ရှောင်ပါ။ ပြဿနာရှိသူအတွက် အာမမခံပါနှင့်။ ရာထူးနှင့်ဆိုင်လျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ပရိမိတ္တဇာလသုတ်တော်တို့ကို အဓိဋ္ဌာန်ပြုကာရွတ်ဆိုပူဇော်ပါ။ ဦးခေါင်းမကောင်းသူ၊ ခြေထောက်မကောင်းသူ၊ မျက်စိမကောင်းသူတို့အားတတ်နိုင်သမျှ ဒါနပြုပါ။

လုပ်ငန်းသစ်စတင်လိုပါက ဗုဒ္ဓဟူးနေ့နံနက် (၉း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးကံကောင်းသော်လည်း အားထုတ်မှုမပြုလျှင် ထွန်းကားမည်မဟုတ်ပါ။ အိပ်ရေးပျက်မခံပါနှင့်။ ပျိုရွယ်သူများ အချစ်ရေး၌ အပြောင်းအလဲများ ကြုံတတ်သည်။ မည်သည့်ကိစ္စမဆို ရတနာသုံးပါးကို ဦးထိပ်ထား၍ လုပ်ဆောင်ရမည်။ (၄၊ ၆၊ ၇၊ ၈)ဂဏန်းများကို ရွေးချယ်ထီထိုးပါ။ တစ်နှစ်တာယတြာပြုလိုပါက အိုးသတ်သတ်တစ်လုံးထဲ ရေထည့်ကာ ရွက်လှည့်နှင့်အတူ ဘုရားရှင်အား ပူဇော်ပါ။ သကြားဆွမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပါ။ ခတ်ကြီးလေးပါးဆွမ်းကို မကြာခဏကပ်ပေးပါ။

**အသက် ၂၃၊ ၃၁၊ ၃၉၊ ၄၄၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉ ရှိသူများအဖို့**

အလုပ်အကိုင်အခက်အခဲဖြစ်နေပါက တနင်္လာသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၄)၊ (၈)ဂဏန်းများကိုရှောင်ပါ။ အရှုပ်အရှင်းမကင်းသော အိမ်၊ တိုက်ခန်း၊ လက်ဝတ်ရတနာတို့အား မဝယ်ယူမိပါစေနှင့်။ သူများကိစ္စအတွက် အိမ်ပေါင်ခြင်း မပြုရ။ မုဆိုးဖြစ်ပွားဖူးသူ၏ အလုပ်အတွက် အာမမခံပေးရ။ ဘုရား၊ စေတီ၊ ကျောင်းကန်သို့ မကြာခဏသွား၍ သန့်ရှင်းရေး လုပ်ပေးပါ။ ရာထူးနှင့်ဆိုင်လျှင် ဂုဏ်တော်ကွန်ချာ၊ လာဘ်လာဘနှင့်ဆိုင်လျှင် ဒိဝါတပတိဂါထာ၊ အတိုက်အခံနှင့်ဆိုင်လျှင် သမ္ဗုဒ္ဓေဂါထာ၊ ကျန်းမာရေးနှင့်ဆိုင်လျှင် ခါရဏပရိတ်တို့ကို အဓိဋ္ဌာန်ပြု ရွတ်ဖတ်ပူဇော်ပါ။

လုပ်ငန်းသစ်ကို စတင်လုပ်ဆောင်လိုပါက စနေနေ့နံနက် (၇း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးနှင့်ဆိုင်သောကံများ ကောင်းနေပါသည်။ ပျိုရွယ်သူများ၊ ချစ်သူနှင့် စိတ်ဆိုးစိတ်ကောက်ဖြစ်မည်။ ဥပဒေနှင့်မလွတ်ကင်းသောကိစ္စများကို ရှောင်ပါ။ (၂၊ ၅၊ ၇၊ ၉)ဂဏန်းများကို ရွေးချယ်၍ ထီထိုးပေးပါ။ ဤတစ်နှစ်တာကာလအတွက် ယတြာပြုလိုပါက ဘုရားရှင်အား တနင်္လာနံ အပွင့်၊ အသီး၊ ပန်း၊ အညွန့်၊ အာဟာရများ မပြတ်တမ်း လှူဒါန်းပါ။ ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီးတစ်ပတ်စိပ်ပါ။ ဘုရားရင်ပြင်တော်အား သန့်ရှင်းပါ။

**အသက် ၁၆၊ ၁၇၊ ၂၄၊ ၂၅၊ ၃၂၊ ၃၃၊ ၄၀၊ ၄၁၊ ၄၈၊ ၄၉၊ ၅၆၊ ၅၇၊ ၆၄၊ ၆၅၊ ၇၂၊ ၇၃၊ ၈၀၊ ၈၁ ရှိသူများအဖို့**

အလုပ်အကိုင်အခက်အခဲရှိပါက ကြာသပတေးသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၃)ဂဏန်းကို ရှောင်၍ အလုပ်လုပ်ပါ။ ပြဿနာရှိနေသော စက်ပစ္စည်းများ၊ ရွှေထည်များကို မဝယ်မိပါစေနှင့်။ သူတစ်ပါး ငွေကြေးကိစ္စ၌ ကြားဝင်အာမခံခြင်းမျိုး မပြုလုပ်ပါနှင့်။ လောင်းကစားခြင်းကိစ္စများကို ရှောင်ကြဉ်ပါ။ အမှုအခင်းဖြစ်နေသူအား ညအိပ်လက်မခံပါနှင့်။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာ၊ ကျန်းမာရေးအတွက် ပရိမိတ္တဇာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ရတနသုတ်၊ အတိုက်အခံအတွက် သမ္ဗုဒ္ဓေဂါထာ၊ ရာထူးအတွက် ပဋ္ဌာန်းဥဒ္ဒေသနိယတော်တို့ကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းသစ်ကို စနေနေ့နံနက် (၇း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးကံကောင်းနေပါသည်။ ဝန်ထ
သင်တန်းတက်ရလိမ့်မည်။ လူငယ်များအဖို့ အချစ်ရေးကံကောင်းနေမည်။ အငြင်းအခုံကိစ္စများကို ရှောင်ကြဉ်ပါ။ ဤနှစ်
အလုပ်၌ ငြီးငွေ့စိတ်များပေါ်လာတတ်သည်။ ကိုယ်ပိုင်လုပ်ငန်း၌ အလုပ်သမား မမြဲတတ်ပါ။ (၂၊ ၅၊ ၆၊ ၇) ဂဏန်းမျ
ရွေးချယ်ထီထိုးပေးပါ။ တစ်နှစ်တာယတြာပြုလုပ်လိုပါက ဘုရားရှင်အား ကြာသပတေးနံ့ အသီး၊ အပွင့်၊ အညွန့်၊ အာဟာ
လှူဒါန်းဆက်ကပ်ပါ။ လပြည့်နေ့ရောက်တိုင်း ပန်းပေါင်းစုံပူဇော်ပါ။

## အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂ ရှိသူများအဖို့

အလုပ်အကိုင်အခက်အခဲရှိပါက တနင်္ဂနွေသားသမီးတို့နှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၅)ဂဏန်းကို ရှောင်ကြဉ်လုပ်
အမွေဆိုင် အရှုပ်အရှင်းမကင်းသော မြေကို မဝယ်မိပါစေနှင့်။ ငွေကြေးပြဿနာရှိသောသူအား ငွေထပ်မချေးပါနှင့်။ စေတန
အပြတ်သာ ပေးလိုက်ပါ။ တိရစ္ဆာန်ကလေးများအား ရောက်လေရာအရပ်၌ အစာကျွေးပါ။ လာဘ်လာဘကိစ္စအတွက် ဒိဓိ
ဂါထာ၊ အတိုက်အခံကိစ္စအတွက် သမ္ဗုဒ္ဓေဂါထာတို့ကို အမိဌာန်ထားရွတ်ဆိုပူဇော်ပါ။ ရာထူးကိစ္စအတွက် 'အောင်'ပါ
ဘုရားစေတီထံသွား၍ အောင်ဂါထာများ ရွတ်ဖတ်ပြီး အဓိဌာန်ပုတီးစိပ်ပါ။

လုပ်ငန်းသစ်အတွက် သောကြာနေ့နံနက် (၁၀း၃၀)မှ (၁၂း၀၀)နာရီအတွင်း ဆောင်ရွက်ပါ။ ပညာရေးကံကောင်
လည်း ကြိုးစားမှုကို လျော့မပစ်ရ၊ ရာထူးတိုးစာမေးပွဲဝင်သူများ အောင်မြင်ပါလိမ့်မည်။ ပျိုရွယ်သူတို့အချစ်ရေး၌ အခန့်မသင့်ဖြစ်
သည်။ ဤနှစ်သည် အလုပ်အကိုင်အဆင်ပြေလင့်ကစား ငွေကြေးအကုန်အကျများနေတတ်ပါသည်။ တစ်နှစ်တာယတြာပြုလို
ဘုရားရှင်အား တစ်နှစ်တာကာလပတ်လုံး သစ်သီးဆွမ်း၊ သကြားဆွမ်းများ မပြတ်တမ်း ကပ်လှူပေးပါ။ 'ဇယစက္ကော'အစရှိ
အောင်ဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။

## အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃ ရှိသူများအဖို့

အလုပ်အကိုင်အခက်အခဲဖြစ်ပါက တနင်္ဂနွေသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၂)၊ (၆)ဂဏန်းများကို ရှောင်ကြ
အလုပ်လုပ်ပါ။ ငွေကြေးပြဿနာ မကင်းသူအတွက် အာမခံခြင်းကို ရှောင်ပါ။ ပစ္စည်းတစ်ခုခုကို ကြားခံလူမှတစ်ဆင့် ရောင်း
မပြုလုပ်ပါနှင့်။ ကိုယ်ဝန်ဆောင်မိခင်လောင်းတို့အား တတ်အားသရွေ့ ဒါနပြုပါ။ လာဘ်လာဘကိစ္စအတွက် သရဏဂုံ
အတိုက်အခံကိစ္စအတွက် သမ္ဗုဒ္ဓေဂါထာ၊ ရာထူးကိစ္စအတွက် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်တို့ကို အဓိဌာန်ပြုကာ ရွတ်ဖတ်ပူဇော်
လုပ်ငန်းသစ်အတွက် အင်္ဂါနေ့နံနက် (၇း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးကံကောင်းနေမည်။ ရာ
ဝင်စာမေးပွဲဝင်များ အောင်မြင်လိမ့်မည်။ ပျိုရွယ်သူများ တစ်ဦးနှင့်တစ်ဦး စိတ်နာစရာစကားတို့ကို မပြောဆိုဖို့ သတိထား
ငွေကြေးကိစ္စ၌ မပေါ့လျော့ပါနှင့်။ ထီထိုးလိုပါက (၁၊ ၃၊ ၄၊ ၈)ဂဏန်းများကို ရွေးချယ်ထီထိုးပါ။ ရစရာရှိသည့် ငွေကြေ
မရဘဲ ဖြစ်နေတတ်သည်။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား ဆွမ်းပွဲ(၃)ပွဲ၌ မိမိနှစ်သက်ရာ သကြား၊ ထန်း
ပေါက်ပေါက်၊ သစ်သီးတို့နှင့် ကပ်လှူပူဇော်နိုင်သည်။ ထမင်းစားပြီးတိုင်း လမ်းဘေးခွေးများကို အစာစွန့်ကျွေးပါ။

## အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄ ရှိသူများအဖို့

အလုပ်အကိုင်အခက်အခဲရှိပါက တနင်္လာသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၁)ဂဏန်းကိုရှောင်ကြဉ်ပြီး အလုပ်လု
သောက်စားတတ်သူနှင့် မပေါင်းပါနှင့်၊ သို့မဟုတ်ပါက ကိုယ်တိုင်ယစ်ထုပ်ကြီး ဖြစ်သွားတတ်သည်။ လူမှုရေးကိစ္စရှုပ်ထွေးခြင်းကို
ရှောင်ကြဉ်ပါ။ စိတ်ရောဂါရှင်တို့အား အလှူဒါနပြုပါ။ ကျန်းမာရေးအတွက် ဖုဿသဂါထာ၊ စီးပွားရေးအတွက် ဂုဏ်တော်ကွန်ချာ
အဓိဌာန်ပြု၍ ဆောင်ရွက်ပါ။ အတိုက်အခံကိစ္စအတွက် ဘုရားကျောင်းကန်သို့သွား၍ သန့်ရှင်းရေးလုပ်ပါ။ ရင်ပြည့်ရင်ကယ်စာ
ရှောင်ပါ။ လမ်းများများလျှောက်ပါ။ ကိုယ်လက်လှုပ်ရှားမှုပြုပါ။

လုပ်ငန်းသစ်အတွက် ဗုဒ္ဓဟူးနေ့နံနက် (၈း၀၀)နာရီတွင် စတင်ဆောင်ရွက်ပါ။ ပညာရေးကံကောင်းပါသည်။ သို့
အားထုတ်ဖို့တော့ လိုပါသည်။ ချစ်သူများအတွက်လည်း ကံကောင်းခြင်းလက်ဆောင်များ ရရှိနေပါလိမ့်မည်၊ ချစ်သူနှင့်ဆုံရမည်
အနီရောင်ဝတ်စုံ မဝတ်ပါနှင့်။ (၂၊ ၄၊ ၈၊ ၉)ဂဏန်းများကို ရွေးချယ်ထီထိုးပါ။ တစ်နှစ်တာယတြာပြုလိုပါက ဘုရား



www.burmeseclassic.com

www.burmeseclassic.com

နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် မဖြစ်မနေ သောက်တော်ရေဆက်ကပ်ပေးပါ။ တနင်္လာနံ အသီး၊ အပွင့်၊ အညွန့်၊ အာဟာရများ ကပ်လှူပါ။ လှူပြီးတိုင်း အမျှအတန်းဝေပါ။

**အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅ ရှိသူများအဖို့**

အလုပ်အကိုင်အခက်အခဲရှိပါက ကြာသပတေးသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၆)ဂဏန်းကိုရှောင်၍ အလုပ်လုပ်ပါ။ သူတစ်ပါးကိစ္စ၌ ကြားမဝင်ပါနှင့်၊ အာမမခံပါနှင့်၊ ရန်မီးပွားသူကိုလည်း အပေါင်းအသင်းမလုပ်ပါနှင့်၊ အထူးသဖြင့် မိမိမကျွမ်းကျင်သော အလုပ်မိဖို့ သတိထားရမည်။ လေရောဂါရှင်၊ နှလုံးဝေဒနာရှင်တို့အား တတ်အားသရွေ့ ကုသိုလ်ပြုပါ။ လာဘ်လာဘကိစ္စအတွက် မဟာဝေဒဗ္ဗမန္တန်၊ အတိုက်အခံကိစ္စအတွက် သမ္ဗုဒ္ဓေဂါထာတို့ကို အဓိဋ္ဌာန်ထားရွတ်ဆိုပူဇော်ပါ။ ဘုရားကျောင်းကန်သွား၍ အမှိုက်လှည်းပါ။ ရာထူးကိစ္စအတွက် ပဋ္ဌာန်းရွတ်ပါ။

လုပ်ငန်းသစ်အတွက် အင်္ဂါနေ့နံနက် (၇း၀၀)နာရီတွင် စတင်ဆောင်ရွက်ပါ။ ပညာရေးကံကောင်းပါသည်။ အပျော်အပါးလျှော့ပါ။ ဘာပဲလုပ်လုပ် တစ်ကြိမ်နှင့် ပြီးပြတ်ခြင်းမရှိတတ်ပါ။ ပျိုရွယ်သူများ စိတ်ကစားခြင်းမပြုပါနှင့်၊ (၁၊ ၂၊ ၃၊ ၅၊ ၉) ဂဏန်းများကို ရွေးချယ်ထီထိုးပါ။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား ပေါက်ပေါက်ဆွမ်း၊ မုန့်လုံးရေပေါ်ဆွမ်းတို့အား မပြတ်တမ်း ကပ်လှူပါ။ ကြာသပတေးနံပန်းများ ဆက်ကပ်ပါ။ လပြည့်နေ့ရောက်တိုင်း မုန့်လုံးရေပေါ်လှူပါ။ ပတ်ဝန်းကျင်ကို ဝေငှပေးပါ။

## ကြာသပတေးသားသမီး

ဤတစ်နှစ်တာကာလသည် ငွေကြေးဥစ္စာ တိုးပွားခြင်း၊ လာဘ်လာဘ်ပေါများစေခြင်းနှင့် အလိုဆန္ဒတို့ ပြီးမြောက်မည့် ကာလဖြစ်၏။ အည့်တို့ကြုံခဲ့ရာမှ အကောင်းဆုံးရောက်မည့် နှစ်ကာလလည်း ဖြစ်ပေ၏။ အလုပ်အကိုင်ကောင်းမွန်ပြီး ဘဝအခြေအနေ တိုးတက်ပြောင်းလာလိမ့်မည်။ အလှူအတန်းများ ပေးရလိမ့်မည်။ ပတ်ဝန်းကျင်သစ်၊ နေရာသစ်သို့ရောက်ရှိတတ်သည်။ ရောက်ရှိသောနေရာကို ခြေကုပ်ယူ၍ အောင်မြင်မှုများထပ်ဆင့်ရလာလိမ့်မည်။ လုပ်ကိုင်သမျှ လူသိထင်ရှားကျော်ကြားတတ်သည်။

**အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄ ရှိသူများအဖို့**

အလုပ်အကိုင်အခက်အခဲဖြစ်ပါက ဗုဒ္ဓဟူးသားသမီးနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃)ဂဏန်းကိုရှောင်၍ အလုပ်လုပ်ပါ။ ပြဿနာမကင်းသော စက်ပစ္စည်းတစ်ခုခု အဝင်မခံပါနှင့်။ အမှုဖြစ်နေသူအား ညအိပ်လက်မခံသင့်သကဲ့သို့ အာမခံလည်း လိုက်မပေးသင့်ပါ။ အစာအိမ်ဝေဒနာရှင်၊ ဒူလာဒနာရှင်တို့အား တတ်အားသရွေ့ ကူညီလှူဒါန်းပါ။ အကြံအစည်ကိစ္စ၌ လိမ္မော်ရောင်ကို ရှောင်ပါ။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာ၊ ရာထူးကိစ္စအတွက် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်တို့ကို အဓိဋ္ဌာန်ပြုရွတ်ဆိုပါ။ အတိုက်အခံကိစ္စအတွက် ဘုရားကျောင်းကန်သွား၍ သန့်ရှင်းရေးလုပ်ပါ။ အစားမများအောင် ဂရုစိုက်ပါ။

လုပ်ငန်းသစ်အတွက် ဗုဒ္ဓဟူးနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီကြားတွင် စတင်ဆောင်ရွက်ပါ။ လုပ်ငန်းခွင်၌ အဆင်ပြေပြီး ရာထူးတိုးပါလိမ့်မည်။ ပညာရေးအထူးကံကောင်းကာ ပွဲလယ်တင့်ပါလိမ့်မည်။ ပျိုရွယ်သူများ မျက်နှာမများဖို့ ဆင်ခြင်သင့်ပါသည်။ (၄၊ ၅၊ ၆၊ ၈)ဂဏန်းများကို ရွေးချယ်၍ ထီထိုးပေးပါ။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်တော်ရေကပ်၍ သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်ရအောင် စိပ်ပါ။ စာကလေးများကို လွှတ်ပေးပါ။ မုန့်လုံးရေပေါ်ဆွမ်းကို မကြာခဏကပ်လှူပေးပါ။

**အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅ ရှိသူများအဖို့**

အလုပ်အကိုင်အခက်အခဲဖြစ်ပါက စနေသားသမီးနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၅)ဂဏန်းကိုရှောင်၍ အလုပ်လုပ်ပါ။ သူတစ်ပါးက ခဏဆိုပြီး လာအပ်သော သစ်၊ ပစ္စည်းများကို လက်မခံပါနှင့်၊ အိမ်ထောင်ပျက်၊ အိမ်ထောင်ကွဲများကို ညအိပ်လက်မခံပါနှင့်။ ကျက်သရေမင်္ဂလာကင်းမဲ့သော ရုပ်ပုံကားချပ်များအား မိမိ၏နေအိမ်၊ ဧည့်ခန်း၊ အလုပ်ခန်းတို့တွင် မချိတ်မိပါစေနှင့်



www.burmeseclassic.com

www.burmeseclassic.com

လာဘ်လာဘကိစ္စအတွက် ဒိဝါတပတိဂါထာတော်၊ အတိုက်အခံကိစ္စအတွက် ၂၄ ပစ္စည်း၊ ရာထူးအတွက် ဂုဏ်တော်ကွန်ချာတို့ကို အဓိဋ္ဌာန်ပြု ရွတ်ဆိုပါ။ မေတ္တာပို့ပါ။ အကြံအစည်ကိစ္စရပ်တိုင်းအတွက် တောက်ပြောင်လွန်းသော အဝတ်အစားတို့ကို ရှောင်ပါ။

လုပ်ငန်းသစ်အတွက် စနေနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီအကြားတွင် ဆောင်ရွက်ပါ။ ပညာရေးကံကောင်းသော်လည်း အပျော်အပါးမလွန်ကဲဖို့ သတိပြုရန်လိုသည်။ လုပ်ငန်းခွင်စာမေးပွဲ အောင်မြင်ပါလိမ့်မည်။ ပျိုရွယ်သူများ စကားကို ဆင်ခြင်ပြောဖို့လိုသည်။ အမှားဖက်တတ်သည်။ (၀၊ ၂၊ ၇၊ ၉)ဂဏန်းများကို ရွေးချယ်ထီထိုးပါ။ တစ်နစ်တာ ယတြာပြုလိုပါက ဘုရားရှင်အား တနင်္လာနံ အသီး၊ အရွက်၊ အညွန့်၊ ပန်း၊ အာဟာရများကို ကပ်လှူပူဇော်ပါ။ မပြတ်တမ်း ဆွမ်းတော်ကပ်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပြုပုတီးစိပ်ပါ။ အမျှအတန်းဝေပါ။

## အသက် ၁၄၊ ၁၅၊ ၂၂၊ ၂၃၊ ၃၀၊ ၃၈၊ ၃၉၊ ၄၆၊ ၄၇၊ ၅၄၊ ၅၅၊ ၆၂၊ ၆၃၊ ၇၀၊ ၇၁၊ ၇၈၊ ၇၉၊ ၈၆၊ ၈၇ ရှိသူများအဖို့

အလုပ်အကိုင်၌ အခက်အခဲရှိပါက စနေသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၁)ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ပါ။ တစ်ပါးသူထံက ရွေ့ကောင်းကို မဝယ်ပါနှင့်။ ရပ်ဝေး၌ အဆောက်အအုံဆောက်လုပ်ခြင်း၊ အမှုအခင်းဖြစ်သူအား အာမခံခြင်း၊ ညအိပ်ညနေလက်ခံခြင်းတို့ကိုလည်း ရှောင်ကြဉ်ပါ။ လုပ်ငန်းခွင်၌ မကျေနပ်မှုများရှိပါက သည်းခံခြင်းဖြင့် စိတ်ကိုဖြေလျှော့ပါ။ ငွေအချေးအငှားမလုပ်ပါနှင့်။ အတိုက်အခံကိစ္စအတွက် သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးအတွက် ပရိမိတ္တဇာလသုတ်တော်တို့ကို အဓိဋ္ဌာန်ဖြင့် ရွတ်ပွားပါ။ အကြံအစည်ကိစ္စအတွက် အနီရောင်ကို ရှောင်ပါ။ သွားဝေဒနာကို အထူးဂရုစိုက်ပါ။

ပညာရေးကံကောင်းပါသည်။ အောင်မြင်မှုများ ကြုံတွေ့ရမည်။ လုပ်ငန်းခွင်၌ ကြိုးစားလျှင် ကြိုးစားသလောက် ရာထူးတက်ပါလိမ့်မည်။ အိမ်ထောင်ရေး၌ အထင်လွဲစရာမဖြစ်အောင် ဆင်ခြင်ပါ။ ပျိုရွယ်သူများ ချစ်သူအထင်လွဲစရာကြုံတတ်သည်။ (၀၊ ၃၊ ၅၊ ၇) ဂဏန်းများပါသော ထီထိုးပေးပါ။ ကိုယ်ကျင့်သီလစောင့်ထိန်းပါ။ တစ်နစ်တာ ယတြာပြုလိုပါက ဘုရားရှင်အား ပေါက်ပေါက်ဆွမ်းကပ်ပါ။ ဒိဝါတပတိဂါထာဖြင့် ပုတီးစိပ်ပါ။ အမျှအတမ်းပေးဝေပါ။ ကျီး၊ ခို၊ ခွေးတို့ကို ဒါနပြုပါ။ သံဃာတော်အရှင်မြတ်များကို နေ့စဉ်ဆွမ်းလောင်းပါ။ လပြည့်နေ့ရောက်တိုင်း ဘုရားရှင်အား ပန်းပေါင်းစုံ ဆက်ကပ်ပါ။

## အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀ ရှိသူများအဖို့

အလုပ်အကိုင်အခက်အခဲရှိပါက သောကြာသားသမီးတို့နှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃)ဂဏန်းကို ရှောင်ကြဉ်ပြီး အလုပ်လုပ်ပါ။ စက်အဟောင်းများ အဝင်မခံပါနှင့်။ အမှုအခင်းဖြစ်နေသူကို ညအိပ်လက်မခံပါနှင့်။ ဆေးဝါးများကို ကိုယ့်သဘောနှင့်ကိုယ် မမှီဝဲပါနှင့်။ လူမှုရေးအတိုက်အခံများလွန်းပါက သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးနှင့်ပတ်သက်လျှင် ဓာရဏပရိတ်တော်၊ ပရိမိတ္တဇာလသုတ်တော်များကို အဓိဋ္ဌာန်ထား၍ ရွတ်ဖတ်ပူဇော်ပါ။ အကြံအစည်ပြုမည်ဆိုပါက အင်္ကျီအနက်ရောင် ဝတ်မသွားပါနှင့်။ အလုပ်လျှောက်ထားသူများ အဆင်ပြေပါလိမ့်မည်။

လုပ်ငန်းသစ်အတွက် တနင်္ဂနွေနေ့နံနက် (၉း၀၀)မှ (၁၀း၃၀)နာရီကြားတွင် ဆောင်ရွက်ပါ။ ဘာမဟုတ်သည့်ကိစ္စအတွက် အိမ်ထောင်ရေး အထိအခိုက်မခံပါနှင့်။ သံသယစိတ်များကို ပယ်ဖျောက်ပါ။ အိမ်တွင်းရေးကိစ္စအတွက် စိတ်ညစ်နေပါက ဘုရားဖူးထွက်ပါ။ ပညာရေးကောင်းမွန်ပါသည်။ အပျော်အပါးလျှော့ဖို့လိုသည်။ ပျိုရွယ်သူများ ချစ်သူနှင့် စိတ်ဆိုးစိတ်ကောက်ဖြစ်မည်။ ထီထိုးလိုက (၁၊ ၄၊ ၅၊ ၆၊ ၈)ဂဏန်းတို့ကို ရွေးချယ်ပါ။ တစ်နစ်တာ ယတြာပြုလုပ်လိုပါက ဘုရားရှင်အား သကြားဆွမ်း၊ သစ်သီးဆွမ်းများ မပြတ်တမ်း ကပ်လှူပါ။ စာကလေးများကို ဘေးမဲ့လွှတ်ပါ။ ရောဂါဝေဒနာရှင်များနှင့်တွေ့လျှင် တတ်အားသရွေ့ ဒါနပြုပေးပါ။

## အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁ ရှိသူများအဖို့

အလုပ်အကိုင်အခက်အခဲဖြစ်ပါက အင်္ဂါသားသမီးနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၇)ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ အကြောင်းတစ်ခုခုကြောင့် နီလာကျောက်လာရောင်းလျှင် မဝယ်လိုက်ပါနှင့်။ ငွေကြေးပြဿနာရှိသူများအား ငွေမချေးပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

လောင်းကစားသမားကို ညအိပ်ညနေ လက်မခံပါနှင့်။ ငွေကြေးကိစ္စ၌ အာမခံခြင်းမျိုးကို ရှောင်ကြဉ်ပါ။ [illegible] ရတတ်သည်။ လူမှုရေးအတိုက်အခံများသည်ဖြစ်စေ၊ ကျန်းမာရေးနှင့် ပတ်သက်လာသည်ဖြစ်စေ သရဏဂုံ(၃၀)ကို [illegible] ပြီး ပုတီးစိပ်ပါ။

ပညာရေးကံ အထူးပင်ကောင်းနေပါသည်။ ငွေကြေးကိစ္စအတွက်ကြောင့် အိမ်ထောင်ရေးကိစ္စ ကသောက်ကသဖြစ်မည်။ မလိုလားအပ်ဘဲ အကုန်အကျများနေမည်။ ထီထိုးလိုပါက (၁၊ ၂၊ ၃၊ ၆၊ ၉)ဂဏန်းများကို ရွေးချယ်ထိုးပါ။ လုပ်ငန်းသစ်အတွက် တနင်္ဂနွေနေ့နံနက် (၉း၄၅)နာရီတိတိတွင် စတင်လုပ်ဆောင်ပါ။ တစ်နှစ်တာ ယတြာပြုလုပ်လိုပါက ဘုရားရှင်အား ဆွမ်းပွဲ(၃)ပွဲ ဆက်ကပ်လှူဒါန်းပါ။ ဆွမ်းတွင် သကြား၊ ပေါက်ပေါက်၊ သစ်သီး ကြိုက်နှစ်သက်ရာထည့်ပါ။ သတ္တဝါလေးများကို ဒါနပြုပါ။ ကလေးမျက်နှာမြင်ဆဲ မိခင်လောင်းတို့အာ အလှူဒါနပြုပေးပါ။

**အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂ ရှိသူများအဖို့**

အလုပ်အကိုင်အခက်အခဲရှိပါက ဗုဒ္ဓဟူးသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၆)ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ အရှုပ်အရှင်းမကင်းသော သစ်ဟောင်းများ ပန်းပုရုပ်ဟောင်းများ၊ စက်ပစ္စည်းဟောင်းများကို အဝင်မခံပါနှင့်၊ အပျော်အပါးမက်မောသူကို အပေါင်းအသင်းမလုပ်ပါနှင့်။ ဆိုင်ကယ်အန္တရာယ်ရှိသည်။ သတိနှင့် စီးနင်းပါ။ ကျီး၊ ခိုများကို အစာကျွေးပါ။ မျက်စိဝေဒနာရှင်၊ စိတ်ဝေဒနာရှင်များကို ဒါနပြုပါ။ ကျန်းမာရေးနှင့် ပတ်သက်လျှင် ပရိမိတ္တဇလသုတ်တော်ကို အမြဲနှင့် ရွတ်ဖတ်သရဇ္ဈာယ် ပေးပါ။ အိမ်ထောင်ရေးအဆင်ပြေအောင် နားပူနားဆာမလုပ်ပါနှင့်။

လုပ်ငန်းသစ်အတွက် ဗုဒ္ဓဟူးနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီကြားတွင် စတင်လုပ်ဆောင်ပါ။ ပျို့ရွယ်သူများ စိတ်အပြောင်းအလဲ ဖြစ်တတ်သည်။ ထီထိုးလိုပါက (၂၊ ၄၊ ၅၊ ၈၊ ၉)ဂဏန်းများကို ရွေးချယ်ထိုးပါ။ လုပ်ငန်းခွင်စာမေးပွဲ ဖြေဆိုထားပါက အောင်မြင်ပါလိမ့်မည်။ ပညာရေးကံကောင်းပါသည်။ ကြိုးစားသမျှ ထွန်းကားပါလိမ့်မည်။ တစ်နှစ်တာယတြာ ပြုလုပ်လိုပါက နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားရှင်အား သောက်တော်ရေဆက်ကပ်ပြီး ဂုဏ်တော်ကွန်ချာကို အမြဲဦးနှိုက်ပုတီးစိပ်ပါ။ ဘုရားစေတီများကို သွားရောက်ဖူးမြော်ပါ။ ပြီးမှ လိုရာခရီးသို့သွားပါ။

**အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၆၇၊ ၇၅၊ ၈၃ ရှိသူများအဖို့**

အလုပ်အကိုင်အခက်အခဲရှိပါက အင်္ဂါသားသမီးနှင့် ပူးပေါင်းတိုင်ပင်ဆောင်ရွက်ပါ။ (၄)၊ (၈)ဂဏန်းများကို ရှောင်ကြဉ်၍လုပ်ပါ။ အနာပါသော ကျောက်ဝင်လာပါက ခိုက်တတ်ပါသည်။ သူတစ်ပါးရောင်းနိုင်းလာသော ရတနာပစ္စည်းများနှင့် လုံးဝမပတ်သက်ပါနှင့်။ သူတစ်ပါးကိစ္စကြား၌လည်း ဝင်မပါသင့်ပါ။ လေထိုး၊ လေနာ မဖြစ်ရလေအောင် အစာကို ချင့်ချိန်၍ စားသောက်ပါ။ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ဘုရားစေတီတစ်ဆူဆူထံသွားရောက်၍ ဖယောင်းတိုင်(၃)တိုင် ထွန်းညှိပေးပါ။

လုပ်ငန်းသစ်အတွက် ကြာသပတေးနေ့နံနက် (၉း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ထီထိုးလိုပါက (၃၊ ၅၊ ၆) ဂဏန်းများကို ရွေးချယ်၍ ထိုးပါ။ ချစ်သူနှင့် ဆုံစည်းရမည့်နေ့တွင် အစိမ်းရောင်ကို ရှောင်ကြဉ်ပါ။ ပညာရေးကံများ အထူးကောင်းနေပါသည်။ တန်ဖိုးရှိသော အချိန်တို့အား ဖြုန်းတီးမပစ်ပါနှင့်။ သရဏဂုံ(၃၀)ကို တစ်နှစ်ပတ်လုံး ပွားများပါက အောင်မြင်မှုများ ထူးထူးကဲကဲရရှိပြီး ရောဂါဘယများ ကင်းပျောက်သွားပါလိမ့်မည်။ တစ်နှစ်တာယတြာ ပြုလုပ်လိုပါက ဘုရားရှင်အား တစ်နှစ်ပတ်လုံး ဆွမ်း(၃)ပွဲ ကပ်လှူပါ။ ဆွမ်း၌ ပေါက်ပေါက်၊ သကြား ကြိုက်ရာကိုထည့်ပါ။ သံဃာတော်အရှင်မြတ်များအား အရဏ် ဆွမ်းလောင်းလှူပါ။ သတ္တဝါလေးများကို ဘေးမဲ့ပေးပါ။

## သောကြာသားသမီး

ဤနှစ်ကာလတွင် နာမည်အောင်မြင်မှုရခြင်း၊ ရပ်တန့်ထားသော လုပ်ငန်းများ အကောင်အထည်ဖော်ရခြင်းတို့နှင့် ကြုံမည်။ အကြံအစည်သစ်များကို အကောင်အထည်ဖော်ရလိမ့်မည်။ ရုတ်ခြည်းစီစဉ်လိုက်ရသော ကိစ္စများမှ ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com

အကျိုးအမြတ်များ ရရှိမည်။ အံ့သြလောက်အောင် အောင်မြင်မှုများ ရရှိမည်။ ယှဉ်ပြိုင်လာသူတို့အပေါ်တွင် အနိုင်ရမည်။ အတတ်ပညာဖြင့် ထွန်းပေါက်ကျော်ကြားလိမ့်မည်။ ဤနှစ်သည် သောကြာသားသမီးတို့အတွက် အထူးပွင့်လန်းမည့်နှစ် ဖြစ်ပါလိမ့်မည်။

**အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀ ရှိသူများအဖို့**

အလုပ်အကိုင် အခက်အခဲရှိပါက သောကြာသားသမီးနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ပါ။ (၁)ဂဏန်းကို ရှောင်ကြဉ်ပြီး အလုပ်လုပ်ပါ။ သူတစ်ပါး၏အိမ်ကို ဖျက်ကာ ရောင်းဝယ်သောအလုပ်မျိုးကို မလုပ်ပါနှင့်။ အကြံအစည်ကို အကျောင်အထည် ဖော်မည်ဆိုပါက အနီရောင်ကို ရှောင်ကြဉ်ပါ။ လူများစွာ လက်မှတ်ထိုးပြီးမှ ရောင်းသောမြေကို မဝယ်ပါနှင့်။ အမှုအခင်းဖြစ်နေသူကို အာမခံမလိုက်ပါနှင့်။ ညအိပ်ညနေလက်မခံပါနှင့်။ ဦးခေါင်းမကောင်းသည့် ဝေဒနာရှင်တို့ကို တွေ့ကြုံရပါက တတ်နိုင်သလောက် ဒါနပြုပါ။ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းလောင်းလှူပေးပါ။

လုပ်ငန်းသစ်အတွက် သောကြာနေ့နံနက် (၉း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးကောင်းသော်လည်း အပေါင်းအသင်းဖျက်လျှင် ပျက်တတ်သည်ကို သတိထားပါ။ ရာထူးတိုးစာမေးပွဲ အောင်မြင်ပါလိမ့်မည်။ ထီထိုးမည်ဆိုပါက (၂၊ ၄၊ ၆၊ ၈၊ ၉) ဂဏန်းများကို ရွေးချယ်၍ထိုးပါ။ ချစ်သူအား အလုပ်ကိစ္စအကြောင်း သွားမပြောပါနှင့်။ စီးပွားရေးအရ ကျန်းမာရေးအရ အရေးကြီးကိစ္စဆောင်ရွက်တော့မည်ဆိုပါက ဘုရားတစ်ဆူဆူထံ ဦးစွာသွား၍ ဖယောင်းတိုင်(၆)တိုင် ထွန်းညှိ ပူဇော်ပါ။ တစ်နှစ်တာယတြာပြုလုပ်လိုပါက မနက်မိုးလင်းသည်နှင့် ဘုရားရှင်အား သောက်တော်ရေ ဆက်ကပ်ပါ။ သကြားဆွမ်း ကပ်ပါ။ ပဋ္ဌာန်းဥပဒ္ဒေသနိဒ္ဒေသတော်နှင့် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အများအတွက် သောက်ရေဒါနပြုပါ။

**အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁ ရှိသူများအဖို့**

အလုပ်အကိုင် အခက်အခဲဖြစ်ပါက တနင်္လာသားသမီးနှင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်ပါ။ (၃)ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ပါ။ ရပ်ဝေး၌ အရှုပ်အရှင်းဖြစ်နေသော စက်၊ ဂက်ရုံတို့ကို မဝယ်မိပါစေနှင့်။ ဗုဒ္ဓဟူးသားသမီးလာရောင်းသော လက်ဝတ်ရတနာတို့ကို ရှောင်ပါ။ ပြဿနာဖြစ်တတ်ပါသည်။ အာမခံခြင်းတို့ကိုလည်း ရှောင်ပါ။ လေရောဂါဝေဒနာရှင်တို့အား ကြုံသလို လှူဒါန်းဒါနပြုပါ။ သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ စာအုပ်၊ သင်္ကန်းတို့ လှူဒါန်းပေးပါ။ စာကလေးများကို မကြာ ခဏကောမွဲလွှတ်ပေးပါ။ ကျန်းမာရေး၊ စီးပွားရေးအတွက် အကြောင်းကြီးငယ်ရှိပါက ဘုရားတစ်ဆူဆူထံ သွားရောက်ပြီး ဆီမီး (၉)တိုင် ပူဇော်ပါ။

လုပ်ငန်းသစ်ကို တနင်္လာနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီအကြားတွင် ဆောင်ရွက်ပါ။ ပညာရေးကောင်းနေပါသည်။ ကြိုးစားအားထုတ်မှု ကြီးမားလေလေ အောင်မြင်မှုကြီးမားလေလေ ဖြစ်မည်။ အိမ်တွင်းရေး ဆူဆူပူပူမဖြစ်ရလေအောင် ဆင်ခြင်နေထိုင်ပါ။ ပျိုရွယ်သူတို့အဖို့ အထူးပင် စန်းပွင့်နေပါလိမ့်မည်။ ထီထိုးလိုပါက (၂၊ ၅၊ ၇၊ ၉)ဂဏန်းများကို ရွေးချယ်ထိုးပါ။ တန်ဖိုးမရှိသော ကျောက်များဝင်လာပါက လာဘ်တိတ်တတ်ပါသည်။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား တစ်နှစ်ပတ်လုံး ထန်းလျက်ဆွမ်းကပ်လှူပါ။ ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ လပြည့်နေ့ရောက်ပါက ပန်းပေါင်းစုံ (၉)မျိုး၊ သစ်သီး (၉)မျိုးကို ဆက်ကပ်ပါ။

**အသက် ၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၆၊ ၃၇၊ ၄၄၊ ၄၅၊ ၅၂၊ ၅၃၊ ၆၀၊ ၆၁၊ ၆၈၊ ၆၉၊ ၇၆၊ ၇၇၊ ၈၄၊ ၈၅ ရှိသူများအဖို့**

အလုပ်၌ အခက်အခဲရှိပါက ကြာသပတေးသားသမီးနှင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်ပါ။ (၃)နှင့် (၆)ဂဏန်းများကို ရှောင်ကြဉ်လုပ်ကိုင်ပါ။ ရတနာ(၃)ပါး၏ ဂုဏ်ကျေးဇူးတို့ကို အစဉ်အောက်မေ့ပါ။ ငွေကြေးလှည့်လည်ခြင်းတို့ မလုပ်ပါနှင့်။ ပြဿနာဖြစ်တတ်ပါသည်။ ဥပဒေနှင့်ဆန့်ကျင်သောလုပ်ရပ်များကို ရှောင်ပါ။ သူတစ်ပါးကို အာမမခံပါနှင့်။ အပျော်အပါး လွန်ကျူးသူအား ခပ်ဝေးဝေးက ရှောင်ကြဉ်ပါ။ အစာအိမ်ဝေဒနာရှင်၊ မျက်စိဝေဒနာရှင်၊ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူတို့အား တတ်အားသရွေ့ ထောက်ပံ့ပါ။ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များအတွက် အကြံအစည်ပြုတော့မည်ဆိုပါက ဘုရားစေတီတစ်



www.burmeseclassic.com

www.burmeseclassic.com

ဆူဆူထံသွား၍ ဆီမီး(၇)တိုင် ထွန်းညှိပူဇော်ပြီးမှ သွားပါ။

လုပ်ငန်းသစ်အတွက် ကြာသပတေးနေ့နံနက် (၇။ ) နာရီတွင် စတင်လုပ်ဆောင်ပါ။ ထီထိုးလိုပါက (၁၊ ၅၊ ၇)ဂဏန်းများကို ရွေးချယ်ထိုးပါ။ ဤနှစ်အတွက် အကြံအစည်ပြုတိုင်း အနီရောင်၊ အင်္ကျီကို မဝတ်ပါနှင့်။ ပညာရေးကံကောင်းနေပါသည်။ ဆက်၍ဆက်ကာ အောင်ပွဲဆင်နေရပါလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရလိမ့်မည်။ ရာထူးဝင်ကအမေးပွဲ အောင်မြင်မည်။ အလုပ်ရလိုသူအဖို့ ပဌာန်းကို အမိဌာန်ပြုကာ ရွတ်ဖတ်ပါ။ မိသားစုချမ်းမြေ့စေရေးအတွက် လိုက်လျောမှုရှိပါစေ။ ပျိုရွယ်သူများ ချစ်သူအပေါ်တွင် မာနမထားလွန်းပါနှင့်။ တစ်နှစ်တာ ယတြာပြုလိုပါက ဘုရားရှင်ထံ ထန်းလျက်ဆွမ်းဆက်ကပ်ပါ။ နို့ဆွမ်းဆက်ကပ်ပါ။ မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ပါ။

## အသက် ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆ ရှိသူများအဖို့

အလုပ်အကိုင်အခက်အခဲရှိပါက သောကြာသားသမီးနှင့် တိုင်ပင်ဆွေးနွေးလုပ်ဆောင်ပါ။ (၅)ဂဏန်းကို ရှောင်ကြဉ်ပါ။ အရှုပ်အရှင်းဖြစ်နေသော မြေ၊ အမွေဆိုင်မြေတို့ကို မဝယ်မိပါစေနှင့်။ ရပ်ဝေးတွင်ရှိနေသော ကားကို မဝယ်ပါနှင့်။ ကဏန်းအရှင်ကလေးများကို ဗိုလ်တဒါန လွှတ်ပေးပါ။ ကျီး၊ ခို၊ ခွေး၊ ငါးကလေးများကို အစာကျွေးပါ။ သံဃာတော်အရှင်သူမြတ်များ လိုအပ်သည့် ပစ္စည်းလေးပါးကို တတ်အားသရွေ့ ထောက်ပံ့လှူဒါန်းပါ။ ကျန်းမာရေး၊ စီးပွားရေးကိစ္စ၊ အရေးတကြီးကိစ္စများအတွက် ဘုရားစေတီတစ်ဆူဆူသို့ သွား၍ ဆီမီး(၆)တိုင် ကပ်လှူပူဇော်ပါ။

လုပ်ငန်းသစ်အတွက် တနင်္ဂနွေနေ့နံနက် (၁၀း၃၀)မှ (၁၂း၀၀)နာရီအကြားတွင် လုပ်ဆောင်ပါ။ ထီထိုးလိုပါက (၀၊ ၁၊ ၄၊ ၆၊ ၇၊ ၈)ဂဏန်းများကို ရွေးချယ်ထိုးပါ။ ပညာရေးကံကောင်းစေရန် ကျန်းမာရေးဂရုစိုက်ပါ။ အိမ်ထောင်ရေးအဆင်ပြေစေရန် မေတ္တာသုတ်ကို နေ့တိုင်းရွတ်ဖတ်သရဇ္ဈာယ်ပါ။ အိမ်တွင် မီးချောင်းအကျွမ်းများရှိနေပါက စွန့်ပစ်ပါ။ ချစ်သူချင်းအဆင်ပြေစေရန် ငါးကလေး၊ ငှက်ကလေးများကို အစာကျွေးပါ။ တစ်နှစ်တာ ယတြာပြုလုပ်လိုပါက ဘုရားရှင်ကို ဈာစ်နှစ်ပတ်လုံး သစ်သီးဆွမ်း၊ သကြားဆွမ်းများ မပြတ်တမ်း ဆက်ကပ်ပြီး သမ္ဗုဒ္ဓေဂါထာကို မနေ့စဉ်(၁၀၈)ခေါက်ရွတ်ပါ။

## အသက် ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇ ရှိသူများအဖို့

အလုပ်အကိုင်အခက်အခဲရှိပါက တနင်္ဂနွေသားသမီးနှင့် ဆွေးနွေးတိုင်ပင်လုပ်ဆောင်ပါ။ (၅)ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ ပြဿနာရှိသောမြေကို မဝယ်ပါနှင့်။ ကားဆိုလျှင်လည်း ထိုနည်းလည်းကောင်းပင်။ သူများထံမှ ငွေယူပြီး အရှုံးအံ့ငှား မလုပ်သင့်ပါ။ မိမိမကျွမ်းကျင်သော အလုပ်အတွက် အစုရှယ်ယာမဟည့်ပါနှင့်။ လက်ဝတ်ရတနာကျောက်ပစ္စည်းတို့အား တခြားသူနှင့် တစ်ဆင့်မရောင်းခိုင်းပါနှင့်။ ခြေထောက်မကောင်းသူ၊ ခါးမကောင်းသူ၊ မျက်မမြင် စသူတို့အား တတ်အားသရွေ့ ကောင်းမှုကုသိုလ်ပြုပေးပါ။ စိတ်ညစ်ညူးနေပါက ငှက်ကလေးများကို ဘေးမဲ့လွှတ်ပေးပါ။ ကိုယ်ဝန်ဆောင်နွမ်းပါးသူတို့ကို တွေ့လျှင် ဒါနပြုပေးပါ။

လုပ်ငန်းသစ်ကို တနင်္ဂနွေနေ့နံနက် (၁၀း၃၀)မှ (၁၂း၀၀)နာရီကြားတွင် စတင်လုပ်ဆောင်ပါ။ ရာထူးတိုးဖြေဆိုထားသူများ အခြေအနေကောင်းမွန်ပါသည်။ ပညာရေးကံကောင်းသော်လည်း အားလုတ်ကြိုးပမ်းမှု မပြုပါက တိုးတက်မလာနိုင်ပါ။ အလုပ်လျှောက်ထားသူများ အလုပ်ရကြိုပါလိမ့်မည်။ ပျိုရွယ်သူများ အချစ်ရေးကိစ္စ၌ ဆန္ဒအလိုကို မလိုက်ပါနှင့်။ တစ်နှစ်တာယတြာပြုလိုသူများ ဘုရားရှင်အား ဆွမ်းတော်(၃)ပွဲ အမြဲဆက်ကပ်ပါ။ စံပယ်ပန်းကပ်လှူပါ။ ကျီး၊ ခို၊ ခွေး၊ မျောက်ကလေးများကို အစာကျွေးပါ။ သရဏဂုံ (၃၀)ကို နေ့စဉ်မပျက် အဓိဌာန်ထားပြီး ပုတီးစိပ်ပါ။ ထီထိုးလိုပါက (၁၊ ၃၊ ၄၊ ၇၊ ၈) ဂဏန်းများကို ရွေးချယ်ပါ။

## အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈ ရှိသူများအဖို့

အလုပ်အကိုင်၌ အခက်အခဲရှိပါက တနင်္လာသားသမီးနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ပါ။ (၇)ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ပါ။ အိမ်ဟောင်းကိုဖျက်ပြီး လာရောင်းပါက မဝယ်မိပါစေနှင့်။ အင်းများ၊ အဆောင်များကို ရှောင်ပါ။ လူမျိုးကွဲတစ်ယောက်က ရှယ်ယာထည့်ခိုင်းလျှင် လုံးဝမထည့်ပါနှင့်။ လာဘ်လာဘနှင့်ဆိုင်ပါက ဘုရားရှင်ကို သောက်တော်ရေကပ်ပြီး ဒိဝါတပတိဂါထာကို အဓိဌာန်နှင့်စိပ်ပါ။ ကျန်းမာရေးတွက် ဖုဿဂါထာကို အဓိဌာန်ပုတီးစိပ်၍ လမ်းများများလျှောက်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းသစ် စတင်လိုပါက တနင်္လာနေ့နံနက် (၆း၀၀)မှ (၇း၃၀)နာရီကြားတွင် ဆောင်ရွက်ပါ။ ပညာရေးကံကောင်းပါသည်။ ပို၍ ကြိုးစားဖို့လိုပါသည်။ အချစ်ရေးအတွက် ဘုရားစေတီသို့သွား၍ ဂြိုဟ်(၈)ခွင်လုံး၌ ရေသပ္ပာယ်ပါ။ မင်္ဂလာကျက်သရေကင်းမဲ့သော ရုပ်ပုံကားချပ်များ မချိတ်ဆွဲပါနှင့်။ အဝတ်အစားများကိုလည်း မဝတ်ပါနှင့်။ ထီထိုးလိုပါက (၂၊ ၃၊ ၄၊ ၅၊ ၉)ဂဏန်းများကို ရွေးချယ်ထိုးပါ။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား တနင်္လာနံ အသီး၊ အညွန့်ပန်းများ၊ ဆွမ်းများကို ကပ်လှူပါ။ သောက်တော်ရေကို နံနက်တစ်ခါ၊ ညတစ်ခါကပ်ပါ။ ယပ်တော်သွင်းပြီး ပူဇော်ပါ။

## အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉ ရှိသူများအဖို့

အလုပ်အကိုင်၌ အခက်အခဲရှိပါက ကြာသပတေးသားသမီးနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ပါ။ (၆)ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ ပြဿနာရှိ၍ သူတစ်ပါး ခဏလာအပ်သော ကျောက်၊ ကားတို့ကို အဝင်မခံပါနှင့်။ သစ်စက်အဟောင်းကို လက်မခံပါနှင့်။ တစ်ပါးသူအား ငွေမချေးရ။ ယာဉ်မောင်းရာ၌ အထူးသတိထားပါ။ ကျန်းမာရေးကိစ္စအတွက် ပရိမိတ္တဇာလသုတ်၊ လာဘ်လာဘကိစ္စအတွက် မဟာဝေဒဗ္ဗမန္တန်တော်၊ အတိုက်အခံကိစ္စအတွက် မေတ္တသုတ်တို့ကို အဓိဋ္ဌာန်ပြုကာ ရွတ်ဖတ်ပွားများပါ။ အရေးတကြီးကိစ္စရှိပါက ဘုရားစေတီတစ်ဆူဆူထံသွားကာ ဆီမီး(၅)ကိုင် ထွန်းညှိပူဇော်ပါ။ ဆေးလှူပါ။ ငါးအရှင်ကလေးများအား ဖိုဝိတဒါနလွှတ်ပေးပါ။ ခွေးကို အစာကျွေးပါ။

လုပ်ငန်းသစ်အတွက် ကြာသပတေးနေ့နံနက် (၇း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးကံများ ကောင်းမွန်ပြီး ပညာတော်သင်အဖြစ်ပင် စေလွှတ်ခံရမှုမျိုး ကြုံပါလိမ့်မည်။ ရာထူးတိုး စာမေးပွဲအောင်မြင်မည်။ မိသားစုအတွင်းသို့ ကြားစကားများ သယ်ဆောင်မလာပါနှင့်။ စိတ်ဝမ်းကွဲတတ်ပါသည်။ ပျိုရွယ်သူများ အချစ်ရေးခိုင်မြဲစေရန်အတွက် ခိုကလေးများကို အစာကျွေးပါ။ ထီထိုးလိုပါက (၃၊ ၅)ဂဏန်းများပါအောင် ရွေးချယ်ထိုးပါ။ တစ်နှစ်တာယတြာ ပြုလုပ်လိုပါက ဘုရားရှင်အား ပေါက်ပေါက်ဆွမ်းများ၊ ပန်းပေါင်းစုံများနှင့် ပူဇော်ပါ။ လပြည့်နေ့ရောက်တိုင်း မုန့်လုံးရေပေါ် ဆွမ်းကပ်လှူပါ။ ပတ်ဝန်းကျင်ကို ဝေငှပေးပါ။

# ဝနေ္တသားသမီး

ဤတစ်နှစ်တာကာလသည် အထွတ်အထိပ်သို့ ပို့ဆောင်ပေးသော ဖြစ်ရပ်များ ကြုံရသာမက လက်တွေ့ကျကျ အကျိုးပေးမှုများနှင့်လည်း ရင်ဆိုင်ရပါလိမ့်မည်။ ရိုးသားမှု၊ ကြိုးစားမှုတို့နှင့် ပေါင်းစပ်၍ အခွင့်အလမ်းတို့ ပွင့်လန်းလာကာ အောင်မြင်မှုများ ရရှိပါလိမ့်မည်။ မျှော်လင့်မထားသော ဘဝ၊ စည်းစိမ်ဥစ္စာများ ရရှိလာမည်။ အပြောင်းအလဲများစွာ၏ ဦးတည်ချက်သည် အောင်မြင်မှုရှိရာသို့သာ ဖြစ်နေပါလိမ့်မည်။ အခက်အခဲအလုံးစုံကို ကျော်လွှားနိုင်လိမ့်မည်။ စိတ်ကူးထားသမျှ အကောင်အထည်ဖော်ခွင့်ရလာလိမ့်မည်။ ငွေကြေးဥစ္စာတို့ တိုးပွားကာ ဂုဏ်သတင်းကျော်စောပါလိမ့်မည်။

## အသက် ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅ ရှိသူများအဖို့

အလုပ်အကိုင် အခက်အခဲကြုံရပါက ဗုဒ္ဓဟူးသားသမီးနှင့် တိုင်ပင်ဆွေးနွေး လုပ်ဆောင်ပါ။ (၂)ဂဏန်းကို ရှောင်၍ အလုပ်လုပ်ပါ။ အရှုပ်အရှင်းမကင်းသော စက်ပစ္စည်းအဟောင်း၊ ယာဉ်ဟောင်း၊ စက်ရုံဟောင်းတို့နှင့် လုံးဝမပတ်သက်သင့်ပါ။ အမှုအခင်းဖြစ်နေသူကို ညအိပ်လက်မခံရ။ ကျန်းမာရေးအတွက် ဆေးကို ကိုယ့်သဘောနှင့်ကိုယ် မသောက်ပါနှင့်။ တတ်ကျွမ်းနားလည်သူတို့နှင့် တိုင်ပင်ပြီးမှ သောက်ပါ။ အကြောင်းကြီးငယ်ရှိပါက 'ရွှေ'နာမတော်ပါရှိသော ဘုရားစေတီထံသွားရောက်၍ ဂြိုဟ်(၈)ခွင်လုံးအား ရေသပ္ပာယ်ပေးပါ။ စာကလေးများကို ဖိုဝိတဒါနလွှတ်ပေးပါ။

လုပ်ငန်းသစ်အတွက် သောကြာနေ့နံနက် (၇း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးနှင့် ပတ်သက်၍ အများ၏ အတုယူစရာတောင် ဖြစ်လာရပါလိမ့်မည်။ ရာထူးတိုး စာမေးပွဲကောင်းစွာ အောင်မြင်မည်။ အိမ်ထောင်ရှင်များအဖို့ တစ်ဦးအပေါ် တစ်ဦး သံသယစိတ်များ မမွေးဖွားဖို့လိုသည်။ ပျိုရွယ်သူများ အချစ်ရေးကိစ္စ အဆင်ပြေစေရန် ငှက်ကလေးများ၊ ငါးကလေးများကို ဖိုဝိတဒါနလွှတ်ပေးပါ။ ထီထိုးလိုပါက (၄၊ ၅၊ ၆၊ ၈) ဂဏန်းများကို ရွေးချယ်ထိုးပေးပါ။ တစ်နှစ်တာယတြာပြုလိုပါက



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်အား နံနက်တိုင်း သောက်တော်ရေနှင့် သကြားဆွမ်းကို ကပ်လှူပါ။ ပဋ္ဌာန်းဥပဒ္ဒေသ နိဒ္ဒေသတော်ကို နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်ပါ။ လပြည့်နေ့ရောက်တိုင်း သစ်သီးပေါင်းစုံ၊ ပန်းပေါင်းစုံ၊ မုန့်လုံးရေပေါ်ဆွမ်းများ ကပ်လှူပေးပါ။

**အသက် ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆ ရှိသူများအဖို့**

အလုပ်အကိုင် အခက်အခဲဖြစ်နေပါက စနေသားသမီးနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ပါ။ (၁)ဂဏန်းကို ရှောင်၍ အလုပ်လုပ်ပါ။ သူတစ်ပါးအိမ်က သစ်ဟောင်းတို့ကို ကိုယ့်အိမ်သို့ ယူမဆောက်ပါနှင့်။ အမွေဆိုင်မြေကို မဝယ်ယူမိပါစေနှင့်။ အိမ်ထောင်ပျက်၊ အိမ်ထောင်ကွဲများကို ညအိပ်လက်မခံပါနှင့်။ အကြံအစည်နှင့် အပြင်ထွက်ရလျှင် အကျီနီကို ဝတ်မသွားပါနှင့်။ ဘုရားစေတီများ၌ အဆင်ပြေသလို ထီးလှူပါ။ ထီးတော်၊ စိန်ဖူးတော်အတွက် လျှပ်စစ်မီးများကိုလည်း မကြာခဏလှူဒါန်းပေးသင့်ပါသည်။

လုပ်ငန်းသစ်အတွက် စနေနေ့နံနက် (၉း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးကံကောင်းပါသည်။ အလွန်စိမ့်သော အစားအသောက်များကို ရှောင်ပါ။ တက်စာများကို ဆင်ခြင်ပါ။ လုပ်ငန်းခွင်စာမေးပွဲ အောင်မြင်ပါလိမ့်မည်။ အချစ်ရေးအဆင်ပြေမည်။ ထီထိုးလိုပါက (၂၊ ၃၊ ၇၊ ၉)ဂဏန်းများကို ရွေးချယ်ထိုးပါ။ ကျန်းမာရေးအတွက် ဓာရဏပရိတ်၊ အတိုက်အခံကိစ္စအတွက် သရဏဂုံ(၃၀)တို့အား အဓိဋ္ဌာန်ထား ရွတ်ဖတ်ပူဇော်ပါ။ တစ်နှစ်တာ ယတြာပြုလိုပါက ဘုရားရှင်အား ထန်းလျက်ဆွမ်းဆက်ကပ်လှူဒါန်းပါ။ စနေနံဆွမ်း၊ အသီး၊ အပွင့်၊ အညွန့်တို့အား မပြတ်တမ်းလှူပါ။ ဂုဏ်တော်(၉)ပါး ပုတီးစိပ်ပါ။ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။

**အသက် ၁၅၊ ၁၆၊ ၂၃၊ ၂၄၊ ၃၁၊ ၃၂၊ ၃၉၊ ၄၀၊ ၄၇၊ ၄၈၊ ၅၅၊ ၅၆၊ ၆၃၊ ၆၄၊ ၇၁၊ ၇၂၊ ၇၉၊ ၈၀၊ ၈၆၊ ၈၇ ရှိသူများအဖို့**

အလုပ်အကိုင် အခက်အခဲရှိပါက စနေသားသမီးများနှင့် တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ပါ။ (၄)ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ ရွှေဟောင်း၊ ရွှေပျက်များ လုံးဝအဝင်မခံပါနှင့်။ အဆောင်၊ အင်း၊ လက်ဖွဲ့များလည်း အဝင်မခံပါနှင့်။ ငွေကြေးပြဿနာဖြစ်နေသူကို ချေးငှားခြင်းမပြုပါနှင့်။ အမှုဖြစ်နေသူအား ညအိပ်လက်မခံရ။ သူတစ်ပါးစကားကို ကိုယ့်စကားအဖြစ်မခံပါနှင့်

လုပ်ငန်းသစ်အတွက် စနေနေ့နံနက် (၉း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးကံကောင်းပါသည်။ အများတကာထက် ထူးချွန်မည်။ လုပ်ငန်းခွင်သင်တန်းများ တက်ရောက်ရတတ်သည်။ အိမ်တွင်းရေး အေးချမ်းနေစေရန် ကျက်သရေကင်းမဲ့သော နိမိတ်မကောင်းသော ပုံများအား အိမ်တွင်း၌ မချိတ်ဆွဲပါနှင့်။ ပန်းအလှအိုးအတွင်း အနီရောင်ပန်းများ မထိုးမိပါစေနှင့်။ ပျိုရွယ်သူများ တစ်ဦးနှင့်တစ်ဦး စိတ်ဆိုးစိတ်ကောက် ဖြစ်တတ်သည်။ ထီထိုးလိုပါက (၀၊ ၃၊ ၅၊ ၆၊ ၇)ဂဏန်းများကို ရွေးချယ်၍ထိုးပါ။ မိမိကိုယ်ကို နှိမ့်ချပါ။ မာနမထောင်လွှားပါနှင့်။ တစ်နှစ်တာ ယတြာပြုလိုပါက ဘုရားရှင်အား ထန်းလျက်ဆွမ်းကပ်လှူဒါန်းပါ။ စနေနံ အသီး၊ အပွင့်၊ အညွန့်၊ ပန်းများ၊ အာဟာရများကို ဆက်ကပ်လှူဒါန်းပါ။ ဘုန်းကြီးကျောင်းသို့သွား၍ ကုဋီကိုဆေးပါ။

**အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉ ရှိသူများအဖို့**

အလုပ်အကိုင် အခက်အခဲရှိပါက တနင်္ဂနွေသားသမီးနှင့် တိုင်ပင်ညှိနှိုင်းဆောင်ရွက်ပါ။ (၃)ဂဏန်းကို ရှောင်၍ အလုပ်လုပ်ပါ။ သူတစ်ပါးအမှုကိစ္စ၌ အာမမခံပါနှင့်။ အသွားအလာဆင်ခြင်ပါ။ မဆိုင်သောစကားတို့ မပြောရ။ လျှပ်စစ်ကြိုးများကို အကာအကွယ်မရှိဘဲ မကိုင်တွယ်ရ။ ယာဉ်မောင်းလျှင် သတိထားပါ။ စာကလေးများ လွှတ်ပေးပါ။ ဝေဒနာရှင်များအား ဆေးဝါး၊ အာဟာရလှူဒါန်းပါ။ အရေးကိစ္စကြုံပါက စေတီတစ်ဆူဆူသို့ သွား၍ ဆီမီး(၁၀)တိုင် ထွန်းညှိပူဇော်ပါ။

လုပ်ငန်းသစ်အတွက် သောကြာနေ့နံနက် (၇း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးကံကောင်းသော်လည်း အဖျားမရှူးရန် သတိထားပါ။ အလုပ်လျှောက်ထားသူများ အခြေအနေကောင်းပါသည်။ မိသားစုအတွင်း ဘေးစကားများ အဝင်မခံပါနှင့်။ ပျိုရွယ်သူများ စိတ်အလိုဆန္ဒကို မလိုက်ပါနှင့်။ ထီထိုးလိုပါက (၁၊ ၂၊ ၆၊ ၉)ဂဏန်းများကို ရွေးချယ်ထိုးပါ။ တစ်နှစ်တာ ယတြာပြုလိုပါလျှင် ဘုရားရှင်အား တစ်နှစ်ပတ်လုံး တနင်္ဂနွေနံ အသီး၊ အပွင့်၊ အညွန့်၊ အာဟာရများ ဆက်ကပ်လှူဒါန်းပါ။ လပြည့်နေ့ရောက်တိုင်း 'အောင်' နာမတော်ရှိသည့် ဘုရားစေတီထံသွားကာ ပူဇော်ပါ။ ကုသိုလ်ပြုပါ။ အဓိဋ္ဌာန်ပုတီးစိပ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀ ရှိသူများအဖို့

အလုပ်အကိုင် အခက်အခဲရှိပါက တနင်္ဂနွေသားသမီးနှင့် တိုင်ပင်လုပ်ဆောင်ပါ။ (၇)ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ ငွေကြေးပြဿနာပေါင်းစုံတွင် ကြားညပ်မခံပါနှင့်၊ အာမခံခြင်း မရဲပါနှင့်၊ စာကလေးများ လွှတ်ပေးပါ။ ချို့တဲ့သော ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ဆေးဝါး၊ အာဟာရလှူဒါန်းပါ။

လုပ်ငန်းသစ်အတွက် အင်္ဂါနေ့နံနက် (၇း၀၀)နာရီတွင် စတင်လုပ်ဆောင်ပါ။ ပညာရေးက အထူးကောင်းမွန်ပါသည်။ အိမ်ထောင်ရေး၌ တကျက်ကျက်အဖြစ်မခံပါနှင့်။ အထူးပင် လာဘ်ပိတ်တတ်ပါသည်။ အလုပ်လျှောက်ထားသူများ အဆင်ပြေပါလိမ့်မည်။ ချစ်မှုရေးရာကိစ္စများ အဆင်ပြေပါလိမ့်မည်။ ထီထိုးလိုပါက (၁၊ ၂၊ ၃၊ ၆၊ ၉)ဂဏန်းများကို ရွေးချယ်ထိုးပါ။ တစ်နှစ်တာ ယတြာပြုလိုပါက တနင်္ဂနွေနှင့်ဆိုင်သော ပန်း၊ သစ်သီး၊ အာဟာရဆွမ်းများကို ဘုရားရှင်အား ကပ်လှူပူဇော်ပါ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို နေ့စဉ်အဓိဋ္ဌာန်ပြု ရွတ်ဆိုပါ။ ဘုရားကျောင်းကန်သို့သွား၍ သန့်ရှင်းရေးဆောင်ရွက်ပါ။ လမ်းများပျက်နေက သဲခင်းပေး...

## အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁ ရှိသူများအဖို့

အလုပ်အကိုင် အခက်အခဲရှိပါက ဗုဒ္ဓဟူးသားသမီးနှင့် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ပါ။ (၅)ဂဏန်းကို ရှောင်၍ အလုပ်လုပ်ပါ။ မဝယ်တော့ဟု ဆုံးဖြတ်ထားသည့်မြေအား လာရောင်းပါက မဝယ်ပါနှင့်။ အိမ်ထောင်ရေးပြိုကွဲသူအား မြှောက်ပင့်မပေးပါနှင့်။ စကားကို ဆင်ခြင်ပြောပါ။ စကားများသွားလျှင် ရှင်းရခက်တတ်ပါသည်။ ငှက်များကို ဗီဇိတဒါလွှတ်ပေးပါ။

လုပ်ငန်းသစ်ကို စတင်မည်ဆိုပါက တနင်္လာနေ့နံနက် (၆း၀၀)မှ (၇း၀၀)နာရီကြားတွင် ဆောင်ရွက်ပါ။ ပညာရေးနှင့်ပတ်သက်လျှင် ကြိုးစားမှု၊ အားထုတ်မှုရှိဖို့ လိုပါသည်။ ပျိုရွယ်သူများ ချစ်မှုရေးရာ၌ အထူးပင်ပွင့်လန်းနေပါလိမ့်မည်။ ဥစ္စာတရားကို စောင့်ထိန်းဖို့လိုသည်။ ထီထိုးလိုပါက (၂၊ ၄၊ ၇၊ ၈)ဂဏန်းများကို ရွေးချယ်ထိုးပါ။ ရာထူးကိစ္စအတွက် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်၊ အတိုက်အခံကိစ္စအတွက် သမ္ဗုဒ္ဓေဂါထာတော်၊ ကျန်းမာရေးအတွက် ဓာတ်ကြီးလေးပါးဆွမ်းတော် ထည့်တို့ကို လုပ်ဆောင်ပေးပါ။ တစ်နှစ်တာ ယတြာပြုလိုပါက ဘုရားရှင်အား ဗုဒ္ဓဟူးနံ အသီး၊ အပွင့်၊ အညွန့်၊ အာဟာရဆွမ်းများကို မပြတ်တမ်းကပ်လှူပူဇော်ပါ။ ဂုဏ်တော်ကိုးပါးကို အဓိဋ္ဌာန်ပုတီး နေ့စဉ်စိပ်ပေးပါ။ ငှက်ကလေးများကို အစာကျွေးပါ။ စိတ်ဝေဒနာရှင်၊ မျက်စိဝေဒနာရှင်များအား တတ်အားသရွေ့ ထောက်ပံ့ကူညီပါ။

## အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄ ရှိသူများအဖို့

အလုပ်အကိုင် အခက်အခဲရှိပါက အင်္ဂါသားသမီးနှင့် တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ပါ။ (၇)ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲက ၎င်း၏အလုပ်၌ ရှယ်ယာဝင်ခိုင်းလျှင် လုံးဝမဝင်ပါနှင့်။ သူတစ်ပါးရောင်းချသည့် အလုပ်ဟောင်းကို ဝယ်ယူလုပ်ကိုင်ခြင်းကိုလည်း ရှောင်ကြဉ်ပါ။ တစ်ဖက်သားအပေါ် မိုချိုး၊ မှျစ်ချိုး ပြောတတ်သည့် လူစားတို့ကိုလည်း ရှောင်ပါ။ လေရောဂါဝေဒနာရှင်တို့ကို ဆေးဝါးဒါနပြုပါ။ ရေသတ္တဝါကလေးများအား မကြာခဏဘေးမဲ့လွှတ်ပေးပါ။

လုပ်ငန်းသစ်အတွက် အင်္ဂါနေ့နံနက် (၇း၀၀)တွင် စတင်လုပ်ဆောင်ပါ။ ပညာရေးမှာ အရှိန်အဟုန်ကောင်းနေပါသည်။ ကြိုးစားလေ အောင်မြင်မှုရလေဖြစ်မည်။ ပျိုရွယ်သူများ၊ ချစ်မှုရေးရာအတွက် စိတ်မသက်သာစရာ အဖြစ်မျိုးကြုံမည်။ ဗရုဏ်အစားများဝတ်ပြီး ချစ်သူထံမသွားမိပါစေနှင့်။ ထီထိုးလိုပါက (၁၊ ၃၊ ၅၊ ၆)ဂဏန်းများကို ရွေးချယ်ထိုးပေးပါ။ တစ်နှစ်တာယတြာပြုလိုပါက ဘုရားရှင်အား ပန်းပေါင်းစုံဖြင့် ပူဇော်ပါ။ ပေါက်ပေါက်ဆွမ်း၊ မုန့်လုံးရေပေါ်ဆွမ်းများ ကပ်လှူပါ။ လပြည့်နေ့ရောက်တိုင်း ဘုရားရှင်အား ပန်းမေါင်း (၅)မျိုးနှင့် ပူဇော်ပါ။ အရေးတကြီးကိစ္စ ဆောင်ရွက်စရာရှိပါက အနောက်ဘက်အရပ်သို့လှည့်၍ သရဏဂုံ ရွတ်ပြီးမှသွားပါ။

လိုရာဆန္ဒ၊ အမှန်ပ၊ ပြည့်ဝကြပါစေ ...

မင်္ဂလာဦးရွှေ...

www.burmeseclassic.com

www.burmeseclassic.com




# ရွှေလက်ထူးတွေ တစ်ပွေ့ကြီး ယူရအောင်

## ၂၀၁၃-ခုနှစ်(၁၀ တန်းစာမေးပွဲ ဖြေသူများအတွက် အစီအရင်)

### ▶▶ ဒေါက်တာစောယုနွယ် ◀◀

ကျွန်မတို့ တူသားနာမည်တွေ သားတွေ သမီးတွေ ဘဝအတွက် အရေးကြီးသော မိမိတို့၏ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ဖို့အတွက် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်သော အခြေခံပညာရေး အထက်တန်းစာမေးပွဲကြီး တစ်ပတ်ကျော့ပြီး ရောက်ရှိလာပြီ။

၂၀၁၃-ခုနှစ် စာမေးပွဲကြီးကတော့ ကျောင်းသားကျောင်းသူလေးတွေရဲ့ နှလုံးလေးကို ဆွနေပါပြီ။

ယခင်ခေတ်ကာလက ပညာရေးဟာလည်း ခေတ်မကောင်းခဲ့လို့ ပညာရေးအဆင့်အတန်းတွေ နိမ့်ကျခဲ့တယ်လို့ ယူဆပြီး အခုခေတ်ကာလမှာ ပိုမိုမြင့်မားသော ပညာရပ်တွေဖြင့် ကျောင်းသားကျောင်းသူလေးတွေရဲ့ ပညာရေးကို မြှင့်တင်ပြီး အဆင့်မြင့် ပညာရေးတွေ ပြုလုပ်မယ်၊ နိုင်ငံတကာ ပညာရေးကိုမီအောင် မြှင့်တင်မယ်လို့ ကြွေးကြော်နေတဲ့ အချိန်ကာလ ဖြစ်ပါတယ်။

ဘယ်ခေတ်ဘယ်ကာလမှာဖြစ်ဖြစ် သူ့အတန်း၊ သူ့အသက်၊ သူ့အရွယ်မှာ သင်ကြားရတဲ့ ပညာရပ်တွေဟာ သူတို့အရွယ်နှင့် သူတို့တော့ အမြဲတမ်း ခက်ခဲနေတယ်၊ မြင့်မားနေတယ်လို့ ကျွန်မတို့ တူသားမောင်မယ်တွေ ယူဆနေကြပါတယ်။ ဟုတ်လည်း ဟုတ်ခဲ့ပါတယ်။

အခြေခံမကောင်းတဲ့ ပညာရေး၊ အဆင့်မမြင့် ပညာရေးလို့ ကြွေးကြော်ခဲ့ပေမယ့်လည်း အဲဒီပညာရပ် လိုက်မီအောင် ကြိုးစားနိုင်ဖို့ ကြိုးစားနိုင်တဲ့ ကျောင်းသား ကျောင်းသူဟာ အနည်းစုပါ။ သိပ်ပြီး IQ မြင့်မားတယ်ဆို ကျောင်းသားကျောင်းသူ၊ ပညာပါရမီရှိတဲ့ ကျောင်းသား ကျောင်းသူ အနည်းစုသာ ပါခဲ့တာပါ။

အဲဒီအနည်းစုဟာလည်း မိမိတို့ရဲ့ ပညာသင်ခဲ့ နိုင်ငံတော်အစိုးရရဲ့ အခြေခံပညာအထက်တန်းကျောင်း တွေမှာ ပညာသင်ကြားမှုအပြင် အဖက်ဖက်က ကူ ထောက်ပံ့အားပေးမှုတွေ ငွေကြေးအထောက်အပံ့တွေ တိုးတက်အောင်မြင်မှု ရရှိခဲ့တဲ့လူတွေပါ။

ကျောင်းသားကျောင်းသူ အများစုကတော့ မိ ကျောင်းတော်ကြီးရဲ့ အရိပ်အာဝါသကိုခိုပြီး မိမိတို့ရဲ့ အ ပိုင် ဆရာ၊ ဆရာမတွေရဲ့ သင်ကြားမှုနဲ့ အောင်မြင်ကြီး လာရတဲ့ ကလေးတွေပါ။ အဲဒီတော့ အနည်းငယ် ကွာခြား လည်း ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်ကြိုးစားတဲ့ သူတိုင်းကတော့ ကြိုးစားသလောက် အောင်မြင်မှု ရမှာပါ။

နောက်ပြီး ကျွန်မတို့ပညာရှင်တွေကလည်း ကလေးတွေ စိတ်ဓာတ်တက်ကြွအောင် ကျန်းမာရေး အနှောင့်အယှက်တွေ မဖြစ်အောင် စာမေးပွဲ မဖြေခင်ကာလ၊ ဖြေဆဲကာလတွေမှာ လူမှုရေးအညှဲ့တွေ မဖြစ်အောင် ကူညီအားဖြည့်ပေးကြတာပါ။

ဗေဒင်ဆရာဆီ ဗေဒင်မေးမှ စာမေးပွဲအောင်မယ်၊ ဂုဏ်ထူးထွက်မယ်လို့ ကျွန်မတို့က မဆိုလိုပါဘူး။ သူတို့ကြိုးစားမှု၊ သူတို့ စာကျက်မှု၊ သူတို့ တတ်မှ အောင်မှာပါ။ သူတို့ရဲ့ ဉာဏ်နဲ့ ဇွဲနဲ့ ကြိုးစားသင်ယူလေ့ကျင့်ပြီးမှ စာမေးပွဲဆိုတာ အောင်မြင်မှုရမယ့် အရာတွေ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျောင်းသားကျောင်းသူလေးတွေရဲ့ ကုသိုလ်ကံကို မြှင့်ဖို့ လိုအပ်တာလေးတွေလည်း လုပ်သင့်ပါတယ်။

ကျွန်မတို့ ပြုလုပ်ပေးလိုက်တဲ့ အဆောင်တို့၊ ဗုဒ္ဓယတြာတို့ဆိုတာ ကလေးတွေကို၊ ကျောင်းသားကျောင်းသူတွေကို ဆိုးကျိုးလုံးဝမဖြစ်စေချင်ပါဘူး။

လူမျိုးအသီးသီး၊ ဘာသာအသီးသီးမှာလည်း သူ့ဓလေ့နှင့်သူ၊ သူ့ဘာသာတရားနှင့်သူ၊ သူတို့ ယုံကြည်သက်ဝင်ရာ အဆောင်တွေကို လေးလေးနက်နက် မြတ်မြတ်နိုးနိုး ဆောင်လေ့ရှိကြပါတယ်။ အားကိုးယုံကြည်စွာ ထွတ်ထွတ်မြတ်မြတ်လေးကို ယုံကြည်စွာ ဆောင်လေ့ရှိကြပါတယ်။ လှူဒါန်းစရာ လှူဒါန်းဖွယ်ပစ္စည်းတွေကိုလည်း လေးလေးနက်နက် ယုံကြည်စွာ လှူလေ့ရှိကြပါတယ်။

ရှေးတုန်းကလည်း သာဓကတွေ ရှိခဲ့ပါတယ်။ ရှေးတုန်းက ဘုရင်မင်းမြတ်တွေရဲ့ သားတော် သမီးတော်တွေ ပညာသင်ကြားတဲ့အခါမှာ ပညာတွေ မတတ်ခဲ့လျှင် မအောင်မြင်ခဲ့လျှင် ဆရာသမား ဒိသာပါမောက္ခကြီးတွေ ဘုရင်မင်းမြတ်ရဲ့ ရာဇသံကို မျက်မှာန်ရခြင်းကို ခံရပါတယ်၊ ဒါကြောင့်လည်း ပါမောက္ခကြီးတွေဟာ သူတို့ပညာသင်တဲ့ တပည့် ဘုရင်လောင်းလျာလေးတွေရဲ့ မွေးနံတွေကိုချိန်ပြီး သူတို့ဘုန်းတန်ခိုးတက်စေမယ့် အရပ်မျက်နှာတွေကိုလှည့်ပြီး ပညာရပ်ကို သင်ကြားစေပါတယ်။ ဆိုလိုတာက သူတို့ရဲ့ တေဇအရပ်ကိုလှည့်ပြီး စာကျက်စေပါတယ်။ သူတို့ရဲ့ ဘုန်းတန်ခိုးတက်စေမယ့်အရပ်ကိုလှည့်ပြီး ပညာရပ်ကို သင်ကြားစေတာကြောင့် သူတို့ ပညာရပ်ကို သင်ကြားတဲ့အခါ လွယ်ကူစေပါတယ်၊ တတ်မြောက်စေပါတယ်။ နောက်ပြီး သူတို့ရဲ့ ဆဖွတ်နံလို့ခေါ်တဲ့ ခြောက်ခုမြောက် မွေးနံလေးတွေကို ဖင်ခုထိုင်ပြီး စာကျက်ရင်လည်း သူတို့ စာကျက်ချင်တဲ့စိတ် ပေါ်လာတတ်ပါတယ်။ ကျက်သမျှ စာတွေကိုလည်း မှတ်မိစေပါတယ်။

သူတို့ရဲ့ အကျိုးပေးရာ ဘာသာရပ်တွေကိုလည်း လမ်းပြညွှန်ပြနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဘုရင့်သားတော်တွေမှာ ဧထုံထိုင်းတွေ ပါခဲ့ပေမယ့် ညံ့တဲ့လူ နည်းခဲ့ပါတယ်။ ဒါလည်း ဆရာသမားတွေရဲ့ သင်ကြားမှုအထောက်ကူ တစ်ခုလို့ ပြောလို့ရပါတယ်။ အဲဒီတော့ ဒါဟာလည်း မလိုအပ်ဘူးလို့ ပြောခွင့်မရှိတဲ့ အကြောင်းအရာတစ်ရပ်ပါ။

စာမေးပွဲဆိုတာ ကျောင်းသားကျောင်းသူတိုင်းအတွက် အရေးကြီးသော မှတ်တိုင်တစ်ခုပါ။ တစ်ချို့ကလည်း ဓာတ်ရိုက် ဓာတ်ဆင် ယတြာနည်းတွေက ဟိုဘုရား ဒီဘုရားတွေ သွားရတာ အညွှန့်၊ အခက်တွေ ရှာရတာ ဆီမီးတွေ ထွန်းရတာ ကျောင်းသားကျောင်းသူတွေအတွက် အနည်းငယ် ပင်ပန်းစေတယ်လို့ အယူရှိကြပါတယ်။

ဒါတွေကလည်း ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်။ စာမေးပွဲရာသီမှာဆို ရာသီဥတုကြောင့်သော်လည်းကောင်း၊ စိတ်ပူပင်သောကြောင့် စိတ်လှုပ်ရှားမှုတွေဖြစ်ပြီး မှတ်ဉာဏ်တွေထုံပြီး ကျက်ပြီးသားစာတွေ မမေ့သလို၊ မေ့သလို ဖြစ်နေတတ်ပါတယ်။

ဒါကြောင့်လည်း စာမေးပွဲဖြေဆိုမယ့် ကျွန်မရဲ့ တူသားမောင်မယ်တွေ၊ သားငယ် သမီးငယ်တွေအတွက် ကျန်းမာပျော်ရွှင် စိတ်လက်ပေါ့ပါးပြီး စာမေးပွဲကို အခက်အခဲမရှိဘဲ ကြိုးစားလျှင် ကြိုးစားသလောက် ဘာသာစုံ အောင်မြင်ပြီး ဘာသာစုံဂုဏ်ထူးတွေရအောင် ကျွန်မ အားပေးကူညီပါရစေ။

အခုကယတြာပြုလုပ်တဲ့ နည်းလေးကတော့ ကျောင်းသားကျောင်းသူတွေရဲ့ မွေးနံနဲ့ ပညာရေးအတွက် အရေးကြီးဆုံးဖြစ်တဲ့ ကြာသပတေးနံတို့ကို ပူးတွဲပြီး အင်္ဂါ ပညာအရ အစီအရင်လေး ပြုလုပ်ရမှာ ဖြစ်ပါတယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ထက်မြက်လှတဲ့ ဗုဒ္ဓအစီအစဉ်ကြီးကတော့ စာမေးပွဲမဖြေခင် အလျဉ်းသင့်သော မိမိမွေးနံ၊ မွေးရက် နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း တန်ခိုးကြီး ဘုရားတစ်ဆူ၌ ပြုလုပ်ရမည့် အစီအစဉ်ဖြစ်သည်။ ကာယကံရှင် ကျောင်းသား ကျောင်းသူကိုယ်တိုင် မပြုလုပ်နိုင်ခဲ့သော် ကျောင်းသား ကျောင်းသူလေး၏ သွေးသားတော်စပ်သူ အမိအဖ အစ်ကို အစ်မ မောင်နှမများမှ ဖြေဆိုမည့် ကျောင်းသား၏အကျီ (သို့မဟုတ်)ဓာတ်ပုံ တစ်ခုခုကို ကိုင်ဆောင်ပြီး ယကြာအစီအရင် ပြုလုပ်ပေးပါ။

## *တနင်္ဂနွေသားသမီးများအတွက်*

တနင်္ဂနွေနေ့ နံနက် ၉း၄၅ နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ ကြာသပတေးထောင့်၌ အုန်းပန်း ၆ ခက်ကို လှူဒါန်းပါ။ ဘာသာစုံဂုဏ်ထူး ထွက်ပါစေဟု ရည်စူး ဆုတောင်းပါ။

## *တနင်္လာသားသမီးများအတွက်*

တနင်္လာနေ့ နံနက် ၉း၄၅ နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ ရာဟုထောင့်၌ ကြာပန်း ၁၅ ပွင့်ကို လှူဒါန်းပြီး ဆုတောင်းပါ။

## *အင်္ဂါသားသမီးများအတွက်*

အင်္ဂါနေ့ နံနက် ၉း၄၅ နာရီတွင် သောကြာဂြိုဟ်တိုင်၌ စံပယ် ၈ ကုံး (သို့မဟုတ်) ၈ ပွင့် လှူဒါန်းပြီး ဆုတောင်းပါ။

## *ဗုဒ္ဓဟူးသားသမီးများအတွက်*

ဗုဒ္ဓဟူးနေ့ နံနက် ၉း၄၅ နာရီတွင် တနင်္ဂနွေဂြိုဟ်တိုင်၌ လိမ္မော်သီး ၁၇ မှာ လှူဒါန်းပြီး ဆုတောင်းပါ။

## *ကြာသပတေးသားသမီးများအတွက်*

ကြာသပတေးနေ့ နံနက် ၉း၄၅ နာရီတွင် အင်္ဂါထောင့်၌ မေမြို့ပန်း ၁၉ ပွင့် လှူဒါန်းပြီး ဆုတောင်းပါ။

## *သောကြာသားသမီးများအတွက်*

သောကြာနေ့ နံနက် ၉း၄၅ နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ စနေဂြိုဟ်တိုင်၌ သပြေပန်း ၂၁ ညွန့် လှူဒါန်းပြီး ဆုတောင်းပါ။

## *စနေသားသမီးများအတွက်*

စနေနေ့ နံနက် ၉း၄၅ နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ တနင်္လာထောင့်တွင် ပိတောက်ညွန့် ၁၀ ခိုင် လှူဒါန်းပြီး ဆုတောင်းပါ။

## *ရာဟုသားသမီး(ဗုဒ္ဓဟူးညနေဖွား)များအတွက်*

ဗုဒ္ဓဟူးနေ့ နံနက် ၉း၄၅ နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ ဗုဒ္ဓဟူးထောင့်၌ ရွှေပန်း ၁၂ ပွင့် လှူပြီး ဘာသာစုံဂုဏ်ထူး ထွက်ပါစေဟု ဆုတောင်းပါ။

အထက်ပါယကြာကို စာမေးပွဲဖြေပြီး တစ်ခါ ထပ်လုပ်ပါ။ မကြာခဏ လုပ်ပေးလျှင် ပိုကောင်းပါတယ်၊ ပိုပိုပြီး အောင်မြင်သည်ထက် အောင်မြင်အောင် စာမေးပွဲ ဖြေဆိုမည့် သားသမီးတွေအားလုံး ဒီအစီအစဉ်လေးကို ထပ်လုပ်လိုက်ပါဦး။

မည်သည့်နေ့သားသမီးမဆို စာမေးပွဲဖြေဆိုရမည့် နေ့ရက်များ၌ အောက်ပါအစီအရင်လေးကို ပြုလုပ်သွားပါ။

## ၁၃-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့)

မနက်စောစောတွင် အောင်သပြေညွန့် ၉ ညွန့်ကို ၉ စီး စည်းပြီး အောင်အိုးတွင်ထည့်ပြီး အိုးအပြင်ဘက်တွင် ညာလက်မဖြင့် ထုံးတို့၍ '၁၈' ဂဏန်းရေးပြီး လှူဒါန်းပါ။ အောင်မြင်မှုတွေ ရပါစေဟု ဆုတောင်းပါ။ အနီရောင် ဆောင်သွားပါ။ လျှာတွင် ကွမ်းရိုးဖြင့် 'ရ' အက္ခရာရေးပြီး ထွက်ပါ။ ထွက်ခါနီး ရေမှာပေါ်သော အရိပ်ကိုကြည့်၍ ဒီနေ့ဖြေသော ဘာသာ 'အောင်ပြီ' ဟု ၃ ကြိမ် ပြောပြီး အိမ်မှထွက်ပါ။

## ၁၄-၃-၂၀၁၃(ကြာသပတေးနေ့)

အဖြူရောင်လေး ဆောင်သွားပါ။ မေးရိုးတွင် 'ပ' အက္ခရာ ရေးပါ။ အိမ်မှအထွက်တွင် အိမ်ပြင်ထွက်ပြီးမှ ပြန်ဝင်ပြီး ပြန်ထွက်ပါ။

## ၁၅-၃-၂၀၁၃(သောကြာနေ့)

နီညိုရောင် ဆောင်သွားပါ။ ရင်ညွန့်တွင် 'သ' အက္ခရာ ရေးပါ။ အိမ်ပေါက်ဝမှနေ၍ လမ်းမကိုကြည့်ပြီး ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်ဖြင့် သစ်သီးစားပြီး ထွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**၁၈-၃-၂၀၁၃(တနင်္လာနေ့)**

အပြာရောင်လေး ဆောင်သွားပါ။ နဖူးတွင် 'က' အက္ခရာ ရေးပါ။ အိမ်ကထွက်ခါနီးတွင် ငါးမိနစ်လောက် အိပ်ပြီးမှ ထွက်ပါ။

**၁၉-၃-၂၀၁၃(အင်္ဂါနေ့)**

အနက်ရောင်လေး ဆောင်သွားပါ။ နှာခေါင်းတွင် 'စ' လုံးအက္ခရာ ရေးပါ။ လက်ကို မီးကင်ပြီးမှ ထွက်ပါ။

BURMESE CLASSIC .com

**၂၀-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့)**

အနီရောင်လေး ဆောင်သွားပါ။ လျှာတွင် 'ရ' အက္ခရာ ရေးပါ။ ရေမှာပေါ်သောအရိပ်ကိုကြည့်ပြီး ဂုဏ်ထူးထွက်ရမယ်ပြောပြီး ထွက်ပါ။ အဖြူရောင်ကတ်ပြားတစ်ခု ဆောင်သွားလိုက်ပါ။

**၂၂-၃-၂၀၁၃(သောကြာနေ့)**

နီညိုရောင် ဆောင်ပါ။ ရင်ညွန့်မှာ 'သ' အက္ခရာ ရေးပါ။ အိမ်ပေါက်ဝတွင် ရယ်ရယ်မောမော သစ်သီးစားပြီးမှ ထွက်ပါ။

နေ့အလိုက် ရေးရမည့် အက္ခရာများကို ကွမ်းရိုးဖြင့် ရေးရမည်။ ရေးပေးရမည့်သူသည် မိမိမွေးနေ့၏ ၆ ခုမြောက်နေ့နံသား ဖြစ်ရမည်။

*တနင်္ဂနွေသားသမီးများအတွက် - သောကြာသားသမီး*
*တနင်္လာသားသမီးများအတွက် - စနေသားသမီး*
*အင်္ဂါသားသမီးများအတွက် - တနင်္ဂနွေသားသမီး*
*ဗုဒ္ဓဟူးသားသမီးများအတွက် - တနင်္လာသားသမီး*
*ကြာသပတေးသားသမီးများအတွက် - အင်္ဂါသားသမီး*
*သောကြာသားသမီးများအတွက် - ဗုဒ္ဓဟူးသားသမီး*
*စနေသားသမီးများအတွက် - ကြာသပတေးသားသမီး*
*များက ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။*

စာမေးပွဲနောက်ဆုံးနေ့(သို့မဟုတ်)နောက်တစ်နေ့တွင် တိရစ္ဆာန်ရုံသွားပြီး မျောက်ကို ငှက်ပျောသီး ၇ လုံး ပစ်ကျွေးလိုက်ပါ။

အဆင့်မြင့် အခြေခံပညာအထက်တန်း စာမေးပွဲကြီးကို ပျော်ရွှင်ကျန်းမာ ချမ်းသာစွာဖြင့် ဖြေဆိုနိုင်ကြပြီး ဘာသာစုံဂုဏ်ထူးထွက်ပြီး အဆင့်မြင့်ပညာရပ်များ ထပ်မံသင်ကြားနိုင်ကြပါစေ။

ချမ်းသာကိုယ်စိတ် မြဲပါစေ။

ဒေါက်တာစောယုနွယ်



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



BURMESE CLASSIC .com

သင်သည် ယခုကာလတွင် စိတ်ပင်ပန်းတာလေးတွေ သက်သာပြီး ပျော်ရွှင်စရာလေးတွေ ကြုံတွေ့လာနိုင်ပါတယ်။ ဆွေမျိုးသားချင်းထဲက မင်္ဂလာပွဲတစ်ခု ကြုံရတတ်တယ်။ စေ့စပ်မင်္ဂလာ ပြုလုပ်ရတတ်တယ်၊ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်ပါတယ်။ စီးပွားသိသိသာသာ တက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက်အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ အမှုအခင်းများနှင့် ကြုံရတတ်သော်လည်း စိုးရိမ်စရာမရှိပါ။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်ရတတ်တယ်။ နှလုံးနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ လေနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း ကျန်းမာရေးညံ့ခြင်း။ နှာနား၊ ဒုက္ခပေးခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆွမ်း(၁)ညွန့်၊ ကုံကော်(၁၅)ညွန့်၊ တံခွန်ဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ အင်္ဂါ

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၃၊ ၃၅၊ ၅၄၊ ၃၂

### အထူးသတိပြုရန်

ယခုလအတွင်း ထောင်ဝင်စာ မတွေ့ရ၊ လူနာမေးခြင်း၊ အသုဘပို့ခြင်းများ မပြုလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားထွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း ဆီထမင်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ငွေအစုလိုက် အပုံလိုက် ရလိမ့်မယ်။ အလုပ်မှသော်လည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ဝင်လာတတ်တယ်။ ယခုကာလတွင် အိမ်နေရာ၊ အလုပ်နေရာ ပြောင်းရတတ်တယ်။ ငွေကြေးအခက်အခဲလည်း ဖြစ်တတ်တယ်။ ဘာပဲလုပ်လုပ် နှစ်ခါပြန်လုပ်ရခြင်း၊ အခက်အခဲတွေ့ပြီးမှ အောင်မြင်တတ်တယ်။ အိမ်သုံးပစ္စည်းများ ဝင်တတ်တယ်။ ဘုရားဆင်းတုတော်၊ မြတ်စွာဘုရား၏ ဆံတော်ဓာတ်၊ ရဟန္တာဓာတ်တွေ ကြွလာတတ်တယ်။ မိမိအိမ်မှာ ရှိနေတဲ့ စက်ပစ္စည်းတွေ လဲလှယ်ခြင်း၊ ထွက်နေတဲ့ စက်ပစ္စည်းတွေ ပြန်ဝင်တတ်တယ်။ ယော်ရွယ်သူများ အချစ်ရေးမှာ ပြဿနာ ဖြေရှင်းရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့လည်း အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေလက်မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ကားပွတ်တိုက်မိတတ်တယ်။ ယာဉ်အန္တရာယ် သတိထားပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တနင်္ဂနွေကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ ကုံကော်(၁)ညွန့်၊ ဆီးညွန့်(၃)ညွန့်(ဆူးဖြတ်)၊ ငြိမ်းရုပ်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ဗုဒ္ဓဟူး၊ သောကြာ

**ညံ့သောရက်**

တနင်္ဂနွေ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၆၄၊ ၄၂၊ ၄၆

**အထူးသတိပြုရန်**

ယခုကာလအတွင်း အိမ်သစ်ဝယ်၍ ရသော်လည်း အိမ်မပြောင်းပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် သရက်သီးနှင့် ပြုလုပ်ထားသောမုန့်ကို လှူပေးပါ။
လူစည်ကားသောနေရာတွင် သောက်ရေသန့်များ လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မရသေးတာတွေ ရလာလိမ့်မယ်။ ရပြီးသားပစ္စည်းတွေလည်း တိုးပွားလာလိမ့်မယ်။ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိ၏အလုပ်မှလည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ဝင်လာတတ်ပါတယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုရင်တော့ လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက် အဲပဟောင်း မဝယ်သင့်ပါ။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညံ့တဲ့သတင်းတွေလည်း ကြားရတတ်ပါတယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အမည်ပါတဲ့လူတွေရှိရင် တခြားကို ခဏရွှေ့ထားလိုက်ပါ။ လက်အောက်ငယ်သား တပည့်သားသမီးနဲ့ ပတ်သက်ပြီး စိတ်ပူပင်ရတတ်တယ်။ ဒီကာလမှာ မိမိလုပ်ငန်းတွေကို အင်နဲ့အားနဲ့ တိုးချဲ့ပြီး လာသမျှစီးပွားရေးတွေကို ငြင်းမလွှတ်ဘဲ တိုးချဲ့လုပ်ကိုင်သင့်ပေမယ့် ဖြတ်လမ်းနည်းတော့ မလိုက်ပါနှင့်။ ဆုံးရှုံးမှုတွေ တွေ့ရတတ်ပါတယ်။ လက်ရှိလုပ်နေတဲ့ အလုပ်က ကောင်းနေပေမယ့် ထပ်ပြီးတိုးချဲ့လုပ်ပါ။ ဒါပေမဲ့ တခြားအလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီးသွားရကိန်းရှိတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ လာဘ်ရွှင်နေပေမယ့် ကျန်းမာရေး ဂရုစိုက်ပါ။ ဝမ်းဗိုက်နဲ့ ဦးခေါင်းပိုင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါ့ကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကနဏ္ဏဒန်ထီးဖြူ(၁)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| တနင်္လာ၊ စနေ |

| ညံ့သောရက် |
|---|
| တနင်္ဂနွေ၊ ဗုဒ္ဓဟူး |

| ကံကောင်းသောနံပါတ် |
|---|
| ၂၁၊ ၂၇၊ ၇၂၊ ၇၆ |

| အထူးသတိပြုရန် |
|---|
| မိမိအိမ်အနီးတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်တွေ့ပါကလည်းကောင်း၊ အရူးတစ်ယောက် ကခုန်သောနိမိတ်တွေ့ပါကလည်းကောင်း သင့်ထံ ဝင်လာစရာရှိသော လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်သောကြောင့် ကျွန်ပ်နှင့် လာရောက်တွေ့ဆုံလိုက်ပါ။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
|---|
| မိမိနေအိမ်ကဘုရားတွင် ငွေထီး ၉ လက်နှင့် ဆွမ်းကို ငွေပန်းကန်နှင့်ထည့်ပြီး လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် စိတ်ပူပန်စရာလေးတွေ၊ စိတ်သောကဖြစ်စရာလေးတွေ အနည်းငယ် ဖြစ်တတ်ပါတယ်။ ကိုယ်စိတ်ကူးထားတာကတခြား ဖြစ်လာတာက တခြား ကြုံတွေ့ရတတ်ပါတယ်။ ရှိနေသော ပစ္စည်းများကို ထုခွဲရောင်းချသည်အထိ ငွေကုန်ကြေးကျ များတတ်သည်။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက ဆေးရုံ၌ မွေးပါ။ အိမ်၌မွေးလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ အဖွဲ့အစည်း တစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ပြုလုပ်ရတတ်တယ်။ ယခုကာလတွင် နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွှန်စွာ ပင်ပန်းနေလိမ့်မယ်။ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်တတ်တယ်။ အလှူရက် မင်္ဂလာရက် ရွှေ့ရတတ်တယ်။ လုပ်ငန်းလုပ်ကိုင်မှုများ မိန်းမဒိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေခန်းမျိုးခန်းပြတ် ဖြစ်ကုန်တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်တတ်ကျခြင်း၊ ခြေထောက်၊ ခါးတို့နှင့်ပတ်သက်၍ ဝေဒနာခံစားရတတ်တယ်။ ဆောင်းသော အဝတ်များနှင့်လည်း နောင့်ယှက်ခြင်း ခံရတတ်တယ်။ ထို့ကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဖရုံသီး(၁)လုံးကို(၁၅)လုံး ယပ်တောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညစ်များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| ကြာသပတေး၊ စနေ |

| ညံ့သောရက် |
| --- |
| တနင်္လာ၊ သောကြာ |

| ကံကောင်းသောနံပါတ် |
| --- |
| ၅၊ ၅၊ ၇၊ ၇ |

| အထူးသတိပြုရန် |
| --- |
| မိမိအိမ်သို့ ငှက်၊ အကောင်ပါသော သတ္တဝါများ ဝင်လာသော နိမိတ်တွေ့ပါက ယာဉ်တိုက်မှုဖြစ်ခြင်း၊ ကျန်းမာရေးညံ့ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ယခုကာလအတွင်း အမှုအခင်းနှင့် ကြုံတွေ့ရတတ်တယ်။ အထူးဂရုစိုက်ပါ။ |


| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
| --- |
| မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့၌ ထမင်းပူပူပေါ်တွင် ထောပတ်ဆမ်းပြီး လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဆန္ဒအတိုင်း အောင်မြင်ချင်သော ကိစ္စမှန်သမျှ ဉာဏ်၊ ဝီရိယ၊ လုံ့လ စိုက်ထုတ်ပြီး လက်တွေ့ဆောင်ရွက်လျှင် မိမိလိုချင်သော ကိစ္စအားလုံး အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီကာလဟာ သင့်အတွက် အောင်မြင်မယ့် ကာလဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံခြင်း၊ ပြောင်းရွှေ့ခြင်းများ ပြုလုပ်ရတတ်တယ်။ လူလွတ်တွေအဖို့ အိမ်ထောင်ပြုရန် အကောင်းဆုံး အချိန်ဖြစ်ပါတယ်။ မိမိပတ်ဝန်းကျင်မှာလည်း ဩဇာရှိနေမယ်။ အမွေဆိုင် ပစ္စည်း၊ မြေ ရောင်းဖို့ ကြံရွယ်ထားရင် ခဏစောင့်ပါ။ ငွေစုရတာ လွယ်ကူနေပါလိမ့်မယ်။ အိမ်သစ်ရနိုင်တဲ့ ကာလဖြစ်ပါတယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ ဝန်ထမ်းများအဖို့လည်း ရာထူးတိုးတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းများ တိုးချဲ့ရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်ယတ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများလည်း ဒီအချိန်မှာ သွားရတတ်ပါတယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံရမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ သူခိုး၊ ခိုးခံရတတ်တယ်။ သတိထားပါ။ သွပ်၊ သံ၊ သစ် စသော သောကြာနံ ပစ္စည်းများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်လိမ့်မယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ အထူးသဖြင့် ဖခင် ကျန်းမာရေးညံ့တတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိသားစုနှင့် ခွဲခွာပြီး အလုပ်လုပ်ရသော ကာလဖြစ်ပါတယ်။ စက်ပစ္စည်း ဝယ်ရင်တော့ ဂရုစိုက်ပြီးဝယ်ပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ အမြင့်မှ လိမ့်ကျခြင်း၊ ကိုယ်ခန္ဓာတွင် အဖုအပိမ့်များ ပေါက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိ၏မွေး[illegible] နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်း(၆)ညွန့်၊ အုန်း(၆)ညွန့်၊ ဖြူဟ်ရပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညှာများ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| တနင်္ဂနွေ၊ သောကြာ |

| ညံ့သောရက် |
| --- |
| အင်္ဂါ၊ စနေ |

| ကံကောင်းသောနံပါတ် |
| --- |
| ၄၁၊ ၄၆၊ ၆၁၊ ၆၄ |

| အထူးသတိပြုရန် |
| --- |
| မိမိအိမ်သို့ မုဆိုးဖို၊ မုဆိုးမများ လာရောက်တည်းခိုလျှင် မြေ၊ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်ပါတယ်။ ကိုယ်တိုင် ကားမောင်းခြင်း ဆင်ခြင်ပါ။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
| --- |
| မိမိနေအိမ်ကဘုရားတွင် ရွှေသကန်း ဆက်ကပ်လှူဒါန်းပေးပါ။ လပြည့်နေ့တိုင်း ဓာတ်ကြီးလေးပါးဆွမ်း ကပ်ပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ညံ့ပေမယ့်လည်း လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမူအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေဝင်နည်းပေမယ့်လည်း ငွေအနည်းငယ်တော့ ဝင်တတ်ပါသေးတယ်။ ဒါပေမဲ့လည်း စုလို့ဆောင်းလို့ ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်း ဒီအချိန်မှာ ပြန်ဝင်လာတတ်တယ်။ ခွဲခွာနေတဲ့ ဆွေမျိုးဟောင်း မိတ်ဆွေဟောင်းတွေနဲ့ ပြန်လည်တွေ့ဆုံရတတ်ပါတယ်။ အိမ်မှ သားပျို၊ သမီးပျိုများ ရှိပါကလည်း အိမ်ထောင်ကျခြင်း၊ အိမ်မှခွဲထွက်ခြင်းများ ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေလည်း ဖြစ်ပေါ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အခင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ ကိုယ့်လက်အောက်ငယ်သားတွေက ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့်လည်း အခင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက်များ မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့် ပတ်သက်တဲ့ ဝေဒနာခံစားရတတ်တယ်။ အစာအိမ်နှင့် ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ အစာအိမ်ရောဂါ ဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် | အထူးသတိပြုရန် |
| --- | --- |
| တနင်္လာ၊ ဗုဒ္ဓဟူး | မြောက်အရပ်ရှိ ရေလမ်းခရီး မသွားရ။ |

| ညံ့သောရက် | ကံကောင်းပြီး လာဘ်ရွှင်စေရန် |
| --- | --- |
| အင်္ဂါ သောကြာ | မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။ |

| ကံကောင်းသောနံပါတ် |
| --- |
| ၂၄၊ ၄၂၊ ၄၆၊ ၆၄ |

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

# စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှိတတ်ပါသေးတယ်။ လုပ်သမျှ လုပ်ငန်းတွေမှာ အခက်အခဲ၊ အကြပ်အတည်းနဲ့ တွေ့ရပြီး အလုပ်အကိုင်တွေလည်း အဆင်မပြေမှုလေးတွေ ကြုံရတတ်ပါတယ်။ အထူးသဖြင့် အလုပ်အပြောင်းအလဲတွေကို ဒီကာလအတွင်း ဘာမှမလုပ်ပါနှင့်။ အထက်လူကြီးတွေကလည်း ကိုယ့်ကို ငြိုငြင်တတ်တယ်။ ကိုယ့်ကို မနှာလိုတဲ့သူတွေကလည်း ကိုယ့်ကို အပြစ်တင်ခြင်း၊ သွားမှုလေလွင့် ပြောဆိုခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ အပိုင်းအခြားထဲမှာ တပို့တွဲလ၊ ပြာသိုလများ ပါရင်တော့ ပိုပြီးဂရုစိုက်ပါ။ အလုပ်အကိုင် ငွေကြေးဝင်တာ ညှိပေမယ့် စိတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေး ကံကောင်းခြင်း။ သင်သည် ယောကျာ်းလေးဖြစ်ရင် ဇနီးကောင်း ရတတ်တယ်။ သင်သည် အမျိုးသမီး ဖြစ်နေရင်တော့ သားသမီးကောင်းရတနာများ ထွန်းကားတတ်ပါတယ်။ ပြည်ပနဲ့ အဆက်အသွယ်ကောင်းရရှိပြီး ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ အောင်မြင်ပါလိမ့်မယ်။ မြေတစ်ကွက်လည်း ဝင်တတ်ပါသေးတယ်။ မြေကောင်းမြေသန့် ဖြစ်ပါတယ်။ ထိုမြေကွက်နဲ့ပတ်သက်ပြီးတော့ ငွေဝင်ကိန်း ရှိပါတယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရခြင်း၊ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်း(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှိများ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညှိသောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၁၂၊ ၁၇၊ ၇၇၊ ၇၅

### အထူးသတိပြုရန်

ဒီကာလအတွင်းမှာ ရွှေငွေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံလုပ်ခြင်းများ လုံးဝမပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မာတ်မှုးတွင် မိမိ၏ဓာတ်ပုံကပ်ပြီး ထီးမိုးကာ ဘီဒိုပေါ်တွင် တင်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com



# ရာဟု သားသမီး



သင်သည် ယခုကာလတွင် ဘာလုပ်လုပ် ယောင်လည်လည် ဖြစ်နေတတ်တယ်။ ဘာလုပ်ရမှန်းမသိ စိတ်လေနေတတ်တယ်။ အရှုပ်အထွေး အမှုအခင်း အသေးအမွှားလေးတွေ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ အမွေကိစ္စ၊ခြံမြေ၊ အိမ်ရာ။ မြေရာ။ တရားမှုခင်းများ ကြုံနေရင်တော့ အနည်းငယ် နောက်ဆုတ်နေလိုက်ပါ။ ဒါပေမဲ့ စက်ပစ္စည်းတစ်ခုတော့ ဝင်လိမ့်မယ်။ မမျှော်လင့်ဘဲ စက်ရုံအေတက်ဖို့ကိစ္စ စပ်တူလုပ်ရလိမ့်မယ်။ လုပ်ငန်းသစ်လုပ်ဖို့ အဆက်အသွယ်ကောင်းတွေ ရတတ်တယ်။ အထူးသဖြင့် တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးတွေက အကူအညီ ပေးတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ရေးထိုးဖို့ကိစ္စတွေ ပေါ်ပေါက်လာတတ်တယ်။ မသွားချင်သောခရီး၊ စိတ်ညစ်စရာခရီးတွေလည်း မကြာခဏ သွားနေရတတ်ပါတယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်ပြီး ငွေလိမ်ခံရတတ်ပါတယ်။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့လည်း မမျှော်လင့်ဘဲ လမ်းခွဲရတတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၂)ညွန့်၊ ဆီးညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ၊ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

## ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

## ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၁၊ ၃၂

## အထူးသတိပြုရန်

ကားပွတ်တိုက်မိနိုင်သောကြောင့် တနင်္လာသားသမီး၊ ကြာသပတေးသားသမီးများနှင့် ပူးတွဲ၍ ကားနံပါတ် (၂၊ ၅)ပါသော ကားစီးမိပါက အထူးဂရုပြု စီးစေလိုပါသည်။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေ အိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် တနင်္ဂနွေနေ့တိုင်း ဆွမ်းပေါ်တွင် အုန်းသီးဖြူပြီး ဆွမ်းအုပ်နှင့်ထည့်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

ဒေါက်တာစောယုနွယ်

(၂၀၁၃-ခုနှစ်၊ ဧပြီလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ၊ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက • • •

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

အလုပ်အတွင်း အတိုက်အခံ ရှိသည်မှအပ ငွေရသောနေရာတွင် နေရမည်။ ယခင်လက ပင်ပန်းသမျှ ယခုလတွင် စိတ်မောစရာများ သက်သာလာမည်။ အလုပ်အတွင်းမှ စပ်တူရှယ်ယာလုပ်ရန် ကမ်းလှမ်းမည်။ မမျှော်လင့်သောကိစ္စတစ်ခုကြောင့် ရုံးပြင်ကန္နားတွင် ရှင်းရတတ်သည်။ စိုးရိမ်စရာ မရှိပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အချိုရည် ဝယ်တိုက်လိုက်ပါ။

## တနင်္လာသားသမီးများအတွက်

အလုပ်နှင့် ပတ်သက်သောနေရာမှ ငွေများ ရနိုင်သည်။ အလုပ်နေရာပြောင်းခြင်း၊ အိမ်နေရာပြောင်းခြင်းများ ကြုံရတတ်သည်။ ဘာအလုပ်ပဲလုပ်လုပ် နှစ်ခါပြန် လုပ်ရတတ်သည်။ မိမိအိမ်မှ စက်ပစ္စည်းများ လဲလှယ်ရမည်။ အိမ်ထောင်သည်အဖို့ အး ာင်မပြေမှုများ ဖြစ်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သရက်သီးသနပ် လက်ဆောင်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

လူမျိုးခြားများနှင့် အကျိုးပေးမည်။ ဝန်ထမ်းများ ရာထူးတက်နိုင်သည်။ ရွှေထွက်တတ်သည်။ ဆွေမျိုးအကြီးအကဲထံမှ ကျန်းမာရေးညံ့မည်။ စီးပွားရေး ကောင်းသည်။ အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား ရမည်။ ထီပေါက်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဓာတ်ခဲများ လက်ဆောင်ပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

သင်တန်းတစ်ခု တက်ရတတ်သည်။ လူမှုရေးလုပ်ငန်း အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ရတတ်သည်။ မိမိအတွက် မဟုတ်ဘဲ အဖွဲ့အစည်းအတွက် အလုပ်များစွာ လုပ်ရတတ်သည်။ မင်္ဂလာရက်များ ရွှေ့ရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

---

## ကြာသပတေးသားသမီးများအတွက်

လုပ်ငန်းအသစ် ပေါ်မည်။ အိမ်အသစ်ပြောင်းခြင်း၊ ဝယ်ခြင်းအတွက် အခွင့်အရေး ပေါ်မည်။ ပြည်ပခရီး သွားရတတ်သည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို လက်သုတ်ပဝါ လက်ဆောင်ပေးလိုက်ပါ။

---

## သောကြာသားသမီးများအတွက်

ငွေဝင်နည်းနေပါသည်။ သို့သော် အထိုက်အလျောက်တော့ ဝင်နေပါမည်။ အရွယ်ရောက်သော သားသမီးရှိပါက မင်္ဂလာကိစ္စ သတင်းကြားရမည်။ လက်အောက်ငယ်သားတွေက ဒုက္ခပေးတတ်သည်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကော်ရည်ခေါက်ဆွဲ ဝယ်ကျွေးပါ။

---

## စနေသားသမီးများအတွက်

အလုပ်တွင် အကြပ်အတည်းနှင့် ရင်ဆိုင်နေရတတ်သည်။ အထက်လူကြီးနိုင်းသမျှ လုပ်နေရမည်။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဆောင်ရွက်သမျှ မအောင်မြင်ဘဲ ဖြစ်နေမည်။ မနာလိုသူများ များနေမည်။ သင်တန်းတစ်ခု တက်ရောက်ရတတ်သည်။ မြေတစ်ကွက်နှင့် ပတ်သက်ပြီး ငွေဝင်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်နှင့် ပြုလုပ်ထားသောမုန့်များ လက်ဆောင်ပေးပါ။

---

## ရာဟုသားသမီးများအတွက်

စက်ရုံဆောက်ခြင်း၊ စက်ပစ္စည်းအသစ် တပ်ဆင်ခြင်းများ ပြုလုပ်ရတတ်သည်။ မပွားချင်သောခရီးတစ်ခု သွားရတတ်သည်။ တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးတို့က အကူအညီ ပေးတတ်သည်။ စာချုပ်စာတမ်း လက်မှတ်ထိုးရန် ကိစ္စများ ပေါ်ပေါက်လာတတ်သည်။ အမှုအခင်းများ ဖြေရှင်းရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဘာသာရေးနှင့် ဆိုင်သော စာအုပ်တစ်အုပ် လက်ဆောင်ပေးလိုက်ပါ။